
www.burmeseclassic.com

ဇင်မွန်း
စာအုပ်တိုက်



BURMESE CLASSIC .com

**Cynthia Freeman**

# THE DAYS OF WINTER

ချစ်ဆိပ်ရည်

# ဟောင်းပေါ်တွန်း

ဒုတိယအကြိမ် (ပ + ဒု)

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာ အာဏာ တည်တံ့ ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

* ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်နှင့်အညီခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

---


## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ်
၁၃၉၅/၂၀၀၂ (၁၂)

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၃၃/၂၀၀၃ (၁)

ထုတ်ဝေသူ
ဒေါ်ဝင်းမာတင် (ယာယီ – ၇၅၁)၊ ဇွန်ပွင့်စာအုပ်တိုက်
၃၃၀–ဘီ၊ ၁၆/၃ ရပ်ကွက်၊ ပြည်သာယာလမ်း၊
သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်။

အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်
ဦးဝင်းလွင် (ရွှေဟသာ်ာစက်)
အမှတ် (၇)၊ ဈေးလမ်း၊ ပုဇွန်တောင်

အုပ်ရေ
၅၀၀၊ (ဇွန်လ၊ ၂၀၀၃)

တန်ဘိုး
5000

အတွင်းဖလင်
ကိုဦးနှင့်ညီများ

ဖြန့်ချိရေး
ဇွန်ပွင့်စာအုပ်တိုက်၊ 77-D၊ ဓမ္မပါလလမ်း၊
ဆရာစံမြောက်/အနောက်ရပ်ကွက်၊
ဗဟန်းမြို့နယ်၊ ရန်ကုန်၊ ဖုန်း – ၅၄၃၁၃၆


BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

**Cynthia Freeman**

# THE DAYS OF WINTER

BURMESE CLASSIC .com

# ချစ်ဆိပ်ရည်

**မောင်ပေါ်ထွန်း**

www.burmeseclassic.com

www.burmeseclassic.com

# ဘာသာပြန်သူ၏အမှာ

[ ၁ ]

"ချစ်ဆိပ်ရည်"ဝတ္ထုမူရင်းကို ရေးသားသူမှာ အမေရိကန်အမျိုးသမီး စာရေးဆရာမကြီး "စင်သီယာ ဖရီးမင်း" (Cynthia Freeman) ဖြစ်ပါသည်။

ဆရာမကြီးသည် ဤဝတ္ထုနှင့်ပါမှ စုစုပေါင်းဝတ္ထု ငါးပုဒ်မျှသာ ရေးဖူးပါသေးသည်။ သို့သော်လည်း သူသည် ယခုအခါ အနောက်တိုင်း စာပေလောကတွင် "ရိုက်တိုင်းစွံ၊ ရောင်းမလောက်" စာရေးဆရာမကြီးတစ်ဦးအဖြစ် ကမ္ဘာကျော်နေပါပြီ။

သူ့ဝတ္ထုများကို ယခင်က မြန်မာဘာသာသို့ တစ်အုပ်မျှ မပြန်ဆိုခဲ့ဖူးသေးပါ။

ယခု ဤဝတ္ထုမှာ ပထမဦးဆုံး မြန်မာပြန်ဝတ္ထုဖြစ်၍ မြန်မာစာဖတ်ပရိသတ်နှင့် မိတ်ဆက်ပေးလိုပါသည်။

BURMESE CLASSIC .com

[ ၂ ]

စင်သီယာ ဖရီးမင်းသည် နယူးယောက်မြို့တွင် မွေးဖွား၍ ကာလီဖိုးနီးယားပြည်နယ်၊ ဆန်ဖရန်စစ္စကိုမြို့တွင် ကြီးပြင်းခဲ့ပါသည်။

သူ၏ ခင်ပွန်းမှာ နာမည်ကျော် သမားတော်ကြီး တစ်ဦးဖြစ်သည်ဟု ဆိုပါသည်။ သူတို့ လင်မယားတွင် သားတစ်ယောက်၊ သမီးတစ်ယောက်နှင့် မြေးသုံးယောက်ရှိသည်ဟု သိရပါသည်။

ဆရာမကြီးသည် "ကိုယ့်ထူးကိုယ်ချွန် ပညာရေးဝါဒီ" ဖြစ်သည်။ "ပညာဆည်းပူးရာတွင် အောင်လက်မှတ် ရရေးသည် အဓိကမဟုတ်၊ ပညာတတ်ဖို့သာ ပဓာန"ဟူသော အချက်ကို ငယ်စဉ်ကပင် အလေးအနက် ခံယူခဲ့သည်။

သူသည် အတန်းပညာကို ဆဋ္ဌမတန်းအထိသာ သင်ကြားခဲ့ရသည်။

၁၅ နှစ်သမီးအရွယ်သို့ ရောက်သောအခါ တက္ကသိုလ်ပညာကို ဆက်လက်ဆည်းပူးရန် အခြေခံပြည့်စုံပြီဟု သူ့ကိုယ်သူ ယုံကြည်၍ ကာလီဖိုးနီးယား တက္ကသိုလ်သို့ တက်ရောက် သင်ကြားခဲ့သည်။ သို့သော် ယင်းသို့ တက္ကသိုလ်သို့ တက်ရောက်ခြင်းမှာ ဘွဲ့လက်မှတ်ယူရန်ကား မဟုတ်၊ တက္ကသိုလ် ပညာကိုတမင်တကာရယူလိုသဖြင့် အတန်းတက် "လက်ချာ" နားထောင်သော သာမန်ပြင်ပ ကျောင်းသူအဖြစ် တက်ရောက် သင်ကြားခဲ့ခြင်းသာဖြစ်သည်။

သူသည် ဝတ္ထု စ,မရေးခင်က အိမ်ခန်း အလှဆင်သူ (Interior Designer) အဖြစ် ၂၅ နှစ်တိုင်တိုင် လုပ်ကိုင်ခဲ့ပါသည်။ အောင်လည်း တကယ် အောင်မြင်ခဲ့သည်ဟုဆိုပါသည်။

အိမ်ခန်းအလှဆင်သူ အလုပ်ကိုစွန့်ကာ အသက် (၅၅) နှစ် အရွယ်ရောက်မှ ဝတ္ထုရေး

www.burmeseclassic.com

www.burmeseclassic.com

ဆရာမလုပ်ပြန်သောအခါတွင်လည်း ပွဲဦးထွက် တစ်အုပ်တည်းဖြင့်ပင် အောင်မြင်မှု ရရှိခဲ့ပါသည်။

အောင်မြင်နေသော လက်ရှိအလုပ်ကို စွန့်ပြီး အသက်ကြီးမှ စာရေးဆရာအလုပ်ကို ပြောင်းလဲ လုပ်ကိုင်ခဲ့ခြင်းနှင့်ပတ်သက်၍ "အခုလို. . . ကျွန်မ အလုပ်ပြောင်းလိုက်တော့ လူတွေက တော်တော့်ကို အံ့သြသွားကြတယ်၊ တကယ်တော့ ဒီလုပ်ရပ်ဟာ မဆန်းပါဘူး။ လူတစ်ယောက်ဟာ အခုဒီအလုပ်ကို လုပ်တယ်၊ ပြီးတော့ . . . နောက်အလုပ်တစ်ခုကို ပြောင်းလုပ်တယ်၊ ကိုယ်ကြိုက်တာ ကိုယ်လုပ်တယ်၊ ဒါဟာ လူ့သဘာဝပါ၊ ဘာမှမဆန်းပါဘူး . . .။

"ကျွန်မဟာ . . . အိမ်ခန်း အလှဆင်သူအဖြစ် နှစ်ပေါင်းများစွာ လုပ်ကိုင်ခဲ့ပေမယ့် အားတဲ့အချိန်တွေမှာ စာရေးနေခဲ့တယ်၊ ဝတ္ထုတိုကလေးတွေလဲ ရေးတယ်၊ ပြဇာတ်တွေလဲရေးခဲ့တယ်၊ ဒါပေမယ့် ကျွန်မကိုယ် ကျွန်မ စာရေးဆရာ တစ်ယောက်လို့ ဘယ်တော့မှ မထင်ခဲ့ပါဘူး၊ ကိုယ့်ဝါသနာအလျောက် ဇာတ်လမ်းကလေးတွေ စိတ်ကူးထဲပေါ်လာတဲ့အခါ လက်နှိပ်စက် စားပွဲမှာ ဝင်ထိုင်ပြီး စက္ကူပေါ် အက္ခရာတင်လိုက်တာပါပဲ" ဟူ၍ ဆရာမကြီးက ပြောခဲ့ဖူးသည်။

ဤသို့ဖြင့် သူ၏ လက်နှိပ်စက်ပေါ်မှ အောင်မြင်ကျော်ကြားသော ဝတ္ထုကြီး ငါးပုဒ် ထွက်လာခဲ့ရခြင်း ဖြစ်သည်။

သူ၏ ပထမဆုံးဝတ္ထုက ၁၉၇၅ – ခုနှစ်ထုတ် A World Full of Strangers။ ဒုတိယ ဝတ္ထုက Fairytales ၁၉၇၇–ခုနှစ်တွင် ထုတ်ဝေခဲ့သည်။ ၁၉၇၈ – ခုနှစ်ထုတ် The Days of Winter က တတိယဝတ္ထု။ (ယင်းဝတ္ထုကို ကျွန်တော်က "ချစ်ဆိပ်ရှည်"အမည်ဖြင့် မြန်မာပြန်ဆိုခြင်းဖြစ်ပါသည်။)

စတုတ္ထဝတ္ထုမှာ ၁၉၇၉–ခုနှစ်ထုတ် Portraits ဖြစ်သည်။ နောက်ဆုံးထုတ် ဝတ္ထုကတော့ ၁၉၈၀ ခုနှစ်က ထုတ်ဝေခဲ့သော Come Pour the Wine။

ဆိုခဲ့သော ဝတ္ထုငါးပုဒ်စလုံးပင် လူကြိုက်များ၍ ကမ္ဘာကျော်ကြပါသည်။

[ ၃ ]

စာရေးဆရာမကြီး စင်သီယာဖရီးမင်းသည် အသက် ၅၀ ကျော်မှ ဝတ္ထုစ,ရေးသော်လည်း ဝါရင့်စာရေးဆရာကြီးများကဲ့သို့လက်သားကျ၍ အရေးအသား ညက်လှပါသည်။ ကလောင်ပျို တစ်ချောင်းကဲ့သို့ ဆွတ်ပျံ့ဖွယ် ရင်ဝယ်ခံစားမှုအပြည့်ဖြင့် ရေးဖွဲ့ခြယ်မှုန်းနိုင်သူလည်း ဖြစ်ပါသည်။

ဤဝတ္ထုသည် ဘဝသရုပ်ဖော် အချစ်နှင့်စစ် ဝတ္ထုဖြစ်ပါသည်။

ဇာတ်လမ်းဖွဲ့စည်းမှုနှင့် ဇာတ်ကောင်စရိုက်ဖော်ရာတွင် ပိုင်နိုင်ကျွမ်းကျင်လှသဖြင့် ဆရာမကြီး၏ အနုပညာစွမ်းမှာ "လက်ဖျားခါလောက်"ပါပေသည်။

ပေမတဏှာ ချစ်မေတ္တာကြောင့် ပျော်ရွှင်ကြည်နူးရသော သုခ၊ ကြေကွဲပူဆွေးရသော ဒုက္ခကို ဖော်ကျူးရာတွင် လူ့စရိုက် လူ့သဘာဝကို အပီပြင်ဆုံး ခြယ်မှုန်းနိုင်စွမ်းလည်း ရှိပါပေသည်။

ဆရာတက်တိုး၏ စကားဖြင့် ပြောရလျှင် . . . ဆရာမကြီးသည် ဤဝတ္ထုကို ရေးသားရာ၌ "ဇာတ်ကောင်များအား သနားသောစိတ် (Sympathy) ဖြင့် မရေး၊ ဇာတ်ကောင်တို့၏

www.burmeseclassic.com

www.burmeseclassic.com

ခန္ဓာကိုယ်ထဲသို့ဝင်ကာ ၎င်းတို့၏ စေတနာ၊ ဝေဒနာကို စာနာစိတ်၊ မျှဝေခံစားစိတ် (Empathy) ဖြင့်'' ရေးသားထားသည်ဟု ဆိုချင်ပါသည်။

[ ၄ ]

ဤဝတ္ထုကို ဘာသာပြန်ဆိုနေစဉ် ကျွန်တော့်အားလိုလေသေးမရှိ ပြုစုညှော်ခံခဲ့သော မော်လမြိုင်မြို့၊ မုပွန်ရပ်၊ သစ်မာ စက်ဝင်းမှ ဒု–မန်နေဂျာ (အင်ဂျင်နီယာ) ဦးလှရှိန် (ယခု မုံရွာ သစ်လုပ်ငန်းကော်ပိုရေးရှင်း)နှင့် ဇနီး သားသမီးတို့၏ စေတနာကိုလည်းကောင်း၊ ကျွန်တော် က. နှုတ်ဖြင့် ပြောဆိုပေးသည်ကို လက်ဖြင့် စိတ်ရှည်စွာ လိုက်ရေးပေးသော သစ်မာရုံးမှ စက်ပြင်ဆရာ ဦးခင်မောင်ဌေးနှင့် ဇနီးဒေါ်ခင်စိန်တို့၏ ကျေးဇူးတရားကိုလည်းကောင်း လေးစားစွာ မှတ်တမ်းတင်လိုပါသည်။

BURMESE CLASSIC .com

၁၄၊ ၈၊ ၁၉၈၃။ မောင်ပေါ်ထွန်း

ခေတ္တ– ဗိုလ်တဲ (၂)

လှိုင်ကော်မြို့၊

ကယားပြည်နယ်။

www.burmeseclassic.com

www.burmeseclassic.com

# မာဂဒါအကြောင်း

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# [ ၁ ]

၁၉၁၄ ခုနှစ်၊ နွေဦးပေါက်ရာသီ။

ပါရီမြို့တော်သည် ယစ်မူး စွဲမက်စရာ အလှပေါင်းစုံကို အစွမ်းကုန် လှစ်ပြနေဘိသကဲ့သို့ ရှိလေသည်။

ဘယ်နေရာကိုပင် ကြည့်လိုက် ကြည့်လိုက် သစ်ပင်ပန်းမန်ဟူသမျှ ဖူးပွင့်ဝေဆာလျက်ရှိသည်။ စိမ်းစိုလန်းဆန်းသော သစ်ပင်တွေ စီတန်းနေသည့် လမ်းမကျယ်ကြီးများပေါ်တွင် လမ်းသွားလမ်းလာများဖြင့် စည်ကားလျက်ရှိသည်။ စိန်းမြစ်၏ ငြိမ်သက်သော ရေပြင်ပေါ်တွင် ရေယာဉ်မျိုးစုံတို့သည် တအိအိ တအိမ့် အိမ့်ဖြင့် ရွေ့လျားနေကြသည်။ လမ်းဘေးကဖေးဆိုင်များတွင် အေးအေးလူလူထိုင်ကာ အဖျော်ယမကာ သောက်သုံးနေကြသော လူတွေကို မြင်ရသည်မှာ ပန်းချီကျော် မိုးနေး၏ လက်ရာမြောက်သော ပန်းချီကား တစ်ချပ်ကို ရှုမြင်ရသည်နှင့်ပင် တူလှတော့သည်။

ရှုဘင်ဟက်သည် ရှုမဝနိုင်စရာ ရှုခင်းသာကို တစိမ့်စိမ့်အာရုံခံစားရင်း တသိမ့်သိမ့် ကြည်နူးစွာဖြင့် စိတ်ကူးယဉ်အတွေးများပင် ဝင်လာမိသည်။

အကယ်၍သာ လူတစ်ယောက်အား မိမိအကြိုက်ဆုံး ဆန္ဒတစ်ခုတည်းကိုသာ ရွေးရမည်ဆိုလာလျှင် သူ့အနေဖြင့် ပန်းချီရေးဆွဲခြင်းအလုပ်ကိုသာ ဦးစားပေး၍ ရွေးချယ်မည်မှာ သေချာပေသည်။ သို့သော် . . . ဤသည်မှာ သူ၏ စိတ်ကူးယဉ်အတွေးမျှသာဖြစ်သည်။ အကယ် လက်တွေ့ ဖြစ်ပေါ်လာနိုင်သော အတွေး မဟုတ်။ စိတ်ကူးယဉ်ဆန္ဒနှင့် အကယ့် ဖြစ်ရပ်သည်



www.burmeseclassic.com

www.burmeseclassic.com



တစ်လမ်းစီ ခြားနားကြသည်သာဖြစ်သည်။ ဆန္ဒက တောင်းဆိုသော်လည်း ဘဝကမပေး။

တကယ်တော့လည်း ရှုဘင်ဟက်အနေဖြင့် မီမိ၏ အနာဂတ်ခရီးအတွက် စိတ်ကူးယဉ်နေစရာ မလိုကော့ပါ။ သူ့ဘဝသည် အစစအရာရာ ပြီးပြည့်စုံနေပြီးသော ဘဝမဟုတ်ပါလား။ သူ့အပါအဝင် "ဟက်" မိသားစုမျိုးဆက်တွင် ညီအစ်ကိုလေးယောက်ရှိသည့်အနက် လေးယောက်စလုံးအတွက် ဘဝအာမခံချက်သည် ပုခက်တွင်းအရွယ်မှသည် သက်ဆုံးတိုင်အာလအထိ အခိုင်အမာပန္နက်ရိုက်ပြီးသား ရှိနေပြီ မဟုတ်ပါလား. . .။

ရှုဘင်ဟက်၏ အဘိုး "အိုင်ဆက်ဟက်"လက်ထက်မှစ၍ ရှုဘင်ဟက်၏ ဖခင် "နာသန်ဟက်" လက်ထက်အထိ နှစ်ပေါင်း နှစ်ရာခန့် ကာလတိုင်အောင် ဟက် မိသားစုဝင် အမျိုးသားများသည် နာမည် ကျော် ရှေ့နေများ ဖြစ်ခဲ့ကြသည်။ ရှုဘင်၏ ဖခင် နာသန်ဟက်မှာ တစ်ချိန်တည်းတွင် အောက်လွှတ်တော် အမတ်တစ်ယောက်လည်း ဖြစ်ပေသေးသည်။

ဟက်မိသားစု၏ ရှေ့နေလုပ်ငန်းဌာနသည် တိုင်းပြည်တစ်ခွင်တွင် ထင်ပေါ်ကျော်ကြားလူသိများ သည်။ တံခါးဝမှ ကြေးဆိုင်းဘုတ်ပေါ်တွင် ဟက်မိသားစုဝင် ရှေ့နေ ငါးဦးတို့၏ နာမည်များကို ထည်ဝါ ခမ်းနားစွာ ရေးထွင်းထားသည်။

သူ့မိသားစု၏ ဘဝပေးကောင်းပုံကိုတွေးပြီး မစ္စတာနာသန်အနေဖြင့် အထူးတလည် ကျေနပ်ဝမ်း မြောက်ခြင်း ဖြစ်နေသည်ကို သားဖြစ်သူ ရှုဘင်ဟက်က ကောင်းစွာ အကဲခတ်မိခဲ့သည်။

ရှုဘင်၏ မိခင်ဖြစ်သူ ဆာရာဟက်သည် နှစ်နှစ်လျှင်တစ်ကြိမ် သားယောက်ျား တလေးတစ်ယောက်စီ မွေးဖွားခဲ့ပြီး လေးယောက်မြောက်သောအခါတွင်မှ ရပ်တန့်သွားခဲ့သည်။ သူ့သားများသည် ဟက်မိသားစုကြီး၏ မျိုးဆက်တာဝန်ကို ဆက်လက်ထမ်းဆောင်ကြမည့် မိသားစုမျိုးညွှန့်များ ဖြစ်သည်ဟု နာသန်ဟက်က ကောင်း စွာယုံကြည်သည်။ နန်းရင်းဝန်ချုပ်ဘင်ဂျာမင်ဒစ္စရေလီလက်ထက်ကလည်း ဟက်မိသားစုဝင်တစ်ယောက် သည် လွှတ်တော်အမတ်ဖြစ်ခဲ့ဖူးလေသည်။

ထို့ကြောင့်လည်း နာသန်ဟက်မှာ ဂုဏ်ယူမဆုံး၊ ဝမ်းသာမဆုံးဖြစ်ခဲ့ရသည်။ ကုသိုလ်ကံသည် သူ့အတွက် ကောင်းအောင်ဖန်ခဲ့သည် မဟုတ်ပါလား။

သားလေးယောက်အနက် သုံးယောက်မှာ အိမ်ထောင်သည်များ ဖြစ်နေကြပြီ။ သုံးယောက်စလုံးပင် မျိုးကြီးဆွေကြီး အမျိုးသမီးများနှင့် လက်ဆက်ခဲ့ကြသည်။ အကြီးဆုံးသား မောရစ်က ဆိုင်လ်ဗီယာ ရော့သ် ချိုင်းလ်နှင့် လက်ထပ်ခဲ့သည်။ ဖိလစ်က မာတီလဒါ လီလီယံသာလ်နှင့် အကြောင်းပါသည်။ လီယွန်က ဒီဘိုရာမေယာနှင့်ညားသည်။ သားသုံးယောက်စလုံး၏ ဇနီးများသည် အင်္ဂလန်နိုင်ငံတစ်ဝန်းတွင် လူသိများသော မျက်နှာကြီး သူဌေးသမီးများချည်း ဖြစ်ကြသည်။

အငယ်ဆုံးသားက ရှုဘင် . . .။ ရှုဘင်တစ်ယောက်သာ အိမ်ထောင်ပြုရန် ကျန်တော့သည်။ သူလည်း မကြာမီ လပိုင်းအတွင်း ဂျိုစလင်ဆက်ဆွန်ဆိုသည့် မိန်းမချောကလေးနှင့် လက်ထပ်ရန် စေ့စပ်ကြောင်းလမ်းထားပြီးဖြစ်သည်။ ဂျိုစလင်ကလည်း မျိုးကြီးဆွေကြီး သူဌေးသမီး ဥစ္စာပေါ့။ ရပ်ချော သူဌေးသမီးကို ရွေးချယ်တတ်သော သားထွေးအတွက် မစ္စတာနာသန်က ဂုဏ်ယူမဆုံး၊ ဝမ်းသာမဆုံးဖြစ်နေသည်။ သူ့အတွက် လူ့ဘဝတွင် တခြားဘာများ လိုပါသေးသလဲ။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



သို့သော် . . . ယနေ့ နွေဦးပေါက်ရာသီ ညချမ်းကာလတွင် ပါရီမြို့လယ်သို့ ရောက်နေသော သားထွေးရှူဘင်၏ စိတ်ကူးများကတော့ ဖခင်ဖြစ်သူ၏ စိတ်ကူးနှင့်တခြားစီဖြစ်သည်။ သူ့ဖခင်က အကြောင်းတစ်မျိုးဖြင့် ပျော်မဆုံးမော်မဆုံး ဖြစ်နေသလို သူကလည်း သူ့အကြောင်းနှင့်သူ တစ်မျိုး ပျော်နေမိသည်။

သူသည် မွန်မတ်နယ်မြေမှ ကျောက်စရစ်ခင်း လမ်းမများပေါ်တွင် စိတ်ကူးယဉ်ယဉ်ဖြင့် လျှောက်နေမိသည်။ စိတ်ထဲတွင်လည်း အလွန်ပျော်နေသည်။ ပါရီမြို့တော်၏ သမိုင်းဝင်အလှနှင့် ခေတ်အလှနှစ် မျိုးစလုံး ရောယှက်နေသော ရှုခင်းသာများကို တစိမ့်စိမ့်ကြည့်မောရင်း တသိမ့်သိမ့် ကြည်နူးနေမိလေသည်။

ရှူဘင်သည် လန်ဒန်မြို့မှပါရီမြို့သို့ အပန်းဖြေခရီး ထွက်လာခဲ့ခြင်းဖြစ်သည်။ ပါရီရောက်တော့ လက်ဖ်တ်ဘင့်ခ်ရပ်ကွက်တွင် တိုက်ခန်းတစ်ခန်းရသည်။ ယင်းအခန်းတွင် သူတည်းခိုနေကြောင်း သူ့မိဘများလုံးဝမသိ။ ယင်းအခန်းကို သူ့မိတ်ဆွေ အီမီးလ်ဂျိနေးက သူ့အား ခေတ္တပေးထားခြင်းဖြစ်သည်။

ပါရီမြို့တော်သည် ရှူဘင်အဖို့ လောကနိဗ္ဗာန်ကလေးဖြစ်နေသည်။ သူသည် ပါရီအလှတွင် တရှိုက်မက်မက် တမေ့မောမော ခံစားရသည်။ တက်ကြွလန်းဆန်သော ဘဝရသကို ခံစားရသည်။ မိမိဌာနေတွင် မရနိုင်သောလွတ်လပ်ခြင်းကို အပြည့်အဝရရှိသည်။ အိမ်တွင်ရှိခဲ့စဉ်က သူ့စိတ်သည် ပိတ်လှောင် မွမ်းကျပ်နေသလို ခံစားနေခဲ့ရသည်။ ယခုပါရီ ရောက်လာတော့ စိတ်လန်းကိုယ်လန်းဖြစ်လာပြီး လှောင်အိမ်မှ လွတ်လာသော ငှက်ငယ်ပမာ မြူးကြွနေလေသည်။

သူသည် လာအိုဒီယံ လမ်းမကြီးအတိုင်း လျှောက်လာခဲ့ရာမှ လက်ယာဘက်သို့ ကွေ့ကာ ဆက်လက်လျှောက်လာခဲ့သည်။ ဆိုင်လ်ဗီယာဘိချ် စာအုပ်ဆိုင်ရှေ့သို့ ရောက်သောအခါ သူ့ခြေလှမ်းများ တုံ့ကနဲရပ်သွားကြသည်။

သူ့စိတ်ကူးသည် အတိတ်ကာလနှင့် ပစ္စုပ္ပန်ကာလစပ်ကြားတွင် လူးလာပြေးလွှားနေမိသည်။

ကဗျာဆရာကြီး အီဇရာပေါင်း၊ စာရေးဆရာကြီး ဂျိမ်းဂျွိုက်စသော ကမ္ဘာကျော်ပုဂ္ဂိုလ်ကြီးများကို မြင်ယောင်လာမိသည်။ ထိုပုဂ္ဂိုလ်များသည် အပြင်ပန်းအားဖြင့် ဘယ်လိုမှ အမြင်မလှသော ဤစာအုပ်ဆိုင် ကလေးထဲသို့ အကြိမ်ပေါင်းများစွာ ဝင်ထွက်သွားလာခဲ့ကြသည်။

ယင်းသို့တွေးရင်း လျှောက်လာခဲ့ရာမှ ဖလူးရားလမ်း၊ အိမ်နံပါတ် (၂၇)ရှေ့သို့ ရောက်လာခဲ့သည်။ ဤအိမ်တွင် လွန်ခဲ့သော ၁၀ နှစ်ကျော်ခန့်က အမေရိကန် စာရေးဆရာမကြီး ဂါတရုစ္စတင်း နေထိုင်သွားခဲ့သည်။ ဆရာမကြီးသည် ကိုယ်ပိုင်အနုပညာသည်များ ရိပ်သာဖွင့်ကာ စာပေ၊ ဂီတ၊ ပန်းချီ၊ ပန်းပု အစရှိသည့် အနုပညာ အရပ်ရပ် တိုးတက်ထွန်းကားရေးအတွက် ရက်ရက်ရောရော အားပေးကူညီခဲ့သည်။ သူကိုယ်တိုင် လည်း ကဗျာများ၊ ဝတ္ထုတိုရှည်များနှင့် အနုပညာ ဝေဖန်ရေးစာပေ အမြောက်အမြား ရေးသားခဲ့သည်။

ရှူဘင့်သည် လမ်းပေါ်တွင် ရပ်နေရာမှ လမ်းတစ်ဘက်ရှိ အိမ်ခန်းဆီသို့ လှမ်းမျှော်ကြည့်နေမိသည်။ ဆရာမကြီးသည် ဤအိမ်ထဲမှ စာကြည့်ခန်းတွင် ကမ္ဘာကျော် အနုပညာ



www.burmeseclassic.com

www.burmeseclassic.com



လက်ရာများ ပတ်ပတ်လည်၌ ထိုင်ကာ ကမ္ဘာကျော် အနုစာပေများကို ရေးသားနေခဲ့လိမ့်မည်ဟု ရှုဘင်က စိတ်ကူးဖြင့်မှန်းဆကြည့်မိသည်။ ကြီးကျယ်ကျော်ကြားသော ကမ္ဘာကျော်အနုပညာရှင်များ အကြောင်းကို တွေးမိသောအခါ မိမိကိုယ်မိမိ အားငယ်စိတ်ပင် ဖြစ်ပေါ်လာမိသည်။ သူသည် ဗီဇအားဖြင့် ပန်းချီပညာကို ဝါသနာပါသော်လည်း၊ အခြေအနေ မပေးသောကြောင့် လက်ရှိဘဝတွင် ဥပဒေပညာရှင် တစ်ယောက် ဖြစ်လာခဲ့ရသည်။ မိမိအနေဖြင့် ကြီးကျယ် ခမ်းနားသော အနုပညာဗိမာန်၏ တံခါးဝသို့ပင် ချဉ်းကပ်နိုင်စရာ အကြောင်းမရှိတော့ပါတကားဟူသော အတွေးကြောင့် အတော်ကလေး စိတ်မကောင်း ဖြစ်သွားမိသည်။

သူသည် ယင်းအတွေးကို ခေါင်းထဲမှ ချက်ချင်း ထုတ်ပစ်လိုက်သည်။ ကိုယ်တိုင် ကြီးကျယ်ကျော် ကြားသော အနုပညာရှင်တစ်ဦး ဖြစ်မလာသည့်တိုင် ယခုကဲ့သို့ ကြီးကျယ်ကျော်ကြားသည့် အနုပညာရှင်များနှင့် တစ်နည်းတစ်လမ်းအားဖြင့် နီးစပ်မှုရှိသော ဤလမ်းမပေါ်တွင် ရပ်နေခွင့် ရသည်ကိုပင် ဝမ်းသာစရာဟူ၍ တွေးလိုက်မိသည်။

ထို့နောက် စီးကရက်တစ်လိပ်ထုတ်ကာ မီးညှိပြီး လမ်းဘေးဓာတ်မီးတိုင်တွင် မှီရင်း ကျေနပ်စွာဖြင့် အားရပါးရဖွာရှိုက်နေမိသည်။

သူသည် သူ့အဝတ်အစားကို ကြည့်ပြီး ရုတ်တရက်ရယ်လိုက်သည်။ ဖိနပ်က ညစ်ပတ်ပေရေနေသော ကင်းပတ်ရှူး၊ ဘောင်းဘီက ဖျင်ကြမ်းဘောင်းဘီပွ။ အကျီက အညိုရောင် လည်ပင်း ကျယ် ဆွယ်တာလက်ရှည်။

ပါရီလို ကြီးကျယ်ခမ်းနားသော ဥရောပမြို့ကြီး အလယ်တွင် ယခုလို ပုံပန်းမျိုးဖြင့် လမ်းသလားနေသော သူ့အဖြစ်ကိုမြင်လိုက်ရလျှင် သူ့ဖခင်ကြီးက ဘယ်လောက်များ ဆူလိမ့် မည်နည်း။ သူ့ဖခင်ကြီးက အလွန်စည်းကမ်းကြီးသူ၊ "တောင်းမှာအကွပ် လူမှာအဝတ်"ဟူသော ဆိုရိုးစကားကို အလေးအနက် ဦးထိပ်ပန်ဆင်သူ။

သူ့ဖခင်ကြီးသည် ယခုလို "ယွမ်ကပူး"အခါတော်နေ့မျိုးတွင် အနက်ရောင် အကောင်းစား ဝတ်စုံကိုဝတ်ကာ လန်ဒန်မြို့တော်မှ ရဟူဒီ ဝတ်ကျောင်းအတွင်း၌ ဘုရားသခင်အား ဝတ်ပြုရှိခိုး နေလိမ့်မည်ဟု ရှုဘင်က တွေးမိသည်။ သို့သော် ရှုဘင်နှင့် သူ့ဖခင်တို့က ဝါသနာစရိုက်ချင်းမတူကြ။ သူ့ဖခင်ကြီးက ထာဝရဘုရားသခင်ကို အသည်းစွဲ ကြည်ညိုသည်။ ရှုဘင်က ပါရီမြို့ကို နှစ်နှစ် ကာကာ ချစ်မြတ်နိုးသည်။ ဖခင်ကြီးက လူကြီးလူကောင်းပီပီ အချိုးကျကျ ဝတ်စားပြီး ဘုရား သခင်၏ ရှေ့တော်မှောက်တွင် ဒူးထောက် ဝပ်တွားသည်။ ရှုဘင်က တေလေကြမ်းပိုးဆန့်ဆန် ဖြစ်ကတတ်ဆန်းဝတ်စားပြီး ပါရီတည်းဟူသော နတ်မိမယ်ကို ကိုးကွယ်သည်။

ရှုဘင်သည် ယင်းသို့စိတ်ကူးရင်းဖြင့် ကမ်းနားလမ်းအတိုင်း လျှောက်သွားနေသည်။ ကျောက်လှေကားများကို ကျော်ကာ ကမ္ဘာကျော်နော်တာဒိန်း ဘုရားရှိခိုးကျောင်းကြီးရှေ့မှ ဖြတ်လျှောက်လာခဲ့သည်။ လုပ်စရာနှစ်ခုကို ရုတ်တရက် သတိရမိသည်။

ပထမအချက်က သူ ပါရီသို့ရောက်နေသည်မှာ သုံးရက်တိတိရှိပြီ။ သို့သော်. . . သူ့ဇနီးလောင်းကလေး ဂျီစလင်ထံသို့ လုံးဝစာမရေးရသေး။ နောက်တစ်ချက်က သူသည် မနက်ကတည်းက ဟုတ္တိပတ္တိ ဘာမျှမစားရသေး။ ထို့ကြောင့် ယင်းနှစ်ချက်စလုံးကို တစ်ပြိုင်တည်း



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



လုပ်ရန် ဆုံးဖြတ်လိုက်ပြီးနောက် ပထမဦးစွာ နီးရာဆိုင်တစ်ဆိုင်တွင် ပို့စကတ်တစ်ခုနှင့် တံဆိပ်ခေါင်းဝယ်သည်။ ဆိုင်ထဲမှ ပြန်ထွက်လာခဲ့ပြီးနောက် စားသောက်ဆိုင် တွေ့လိုတွေ့ငြား ဆက်လျှောက်လာရင်းမှ ပို့စကတ်တွင် ရေးမည့်စာသားကို စိတ်ကူးဖြင့် ရေးလာခဲ့သည်။

*"ချစ်မဝနိုင်တဲ့ ဂျိုစလင်ကလေးရေ . . . ရောက် ရောက်ချင်း စာမရေးနိုင်တဲ့အတွက် ကိုယ့်ကို ခွင့်လွှတ်ပါ အချစ်ရယ်၊ ကိုယ် ပါရီရောက်တဲ့နေ့ကစပြီး စိတ်မအား ကိုယ်မအားနိုင်အောင် ပါပဲကွယ်၊ ကြည့်စရာ . . . ရှုစရာတွေလည်း များလှပါဘိ၊ ဆေဇန်း . . . ပီကာဆို စတဲ့ ပုဂ္ဂိုလ်ကျော် တွေရဲ့ပန်းချီလက်ရာတွေကလည်း အံ့မခန်းပါပဲ၊ အဲဒါတွေ လျှောက်ကြည့်ရင်းနဲ့ပဲ အချိန်တွေကုန်သွားခဲ့ရပါတယ် . . . အချစ်ရယ်၊ ပြီးတော့ . . . ခေတ်သစ် အနုပညာပြတိုက်ကလည်း ကိုယ့်အတွက် ကြည့်မဝနိုင်တဲ့ အံ့တစ်ပါး ဖြစ်နေတယ်လေ. . . "*

ဟင် . . . ငါရေးနေတာက ခရီးသွား မှတ်တမ်းဆောင်းပါးဖြစ်နေပြီ . . . ၊ ရည်းစားစာမှ မဟုတ်ဘဲ ကလား၊ မဖြစ်ဘူး ပြန်ရေးဦးမှ။

BURMESE CLASSIC .com

*"ချစ်မဝနိုင်တဲ့ ဂျိုစလင်ရေ . . . ၊ ကိုယ် . . . ပါရီရောက်တဲ့ နေ့ကစပြီး မင်းကို တစ်နေ့မှ မမေ့ပါဘူးကွယ်၊ ချက်ချင်း စာမရေးနိုင်တာကို ခွင့်လွှတ်ဖို့ တောင်းပန်ပါတယ် . . . အချစ်ရယ်၊ ဒီနှစ်ပါရီမှာ နေရာထိုင်ခင်း ရှာရတာ အတော်ကလေး မလွယ်မကူ ဖြစ်နေလို့ အခုလို ကြန့်ကြာသွားရတာပါကွယ်၊ ကိုယ် မကြာခင် ပြန်လာနိုင်မယ့် ရက်ကို အမြဲတမ်း လက်ချိုးရေ တွက်နေပါတယ် အချစ်ရယ်၊ ချစ်သော ရှဘင် . . . "*

ကဖေးဆိုင် တစ်ဆိုင်တွင်းသို့ ဝင်လာခဲ့ပြီး မီးရောင်မှိန်မှိန် အခန်းထဲမှ စားပွဲလွတ်တစ်လုံးတွင် ဝင်ထိုင်လိုက်သည်။ ဆိုင်ထဲတွင် ပရိသတ်တွေ ပြည့်ကျပ်နေကြသည်။ ပန်းချီဆရာများ၊ စာရေးဆရာများ၊ နိုင်ငံရပ်ခြားမှ အလည်အပတ် လာရောက်သူများ။ အိမ်ခြေရာခြေ အတည်တကျမရှိသူများ စသည် . . . စသည်ဖြင့် လူပေါင်းစုံလှသည်။ သို့သော်လည်း ၎င်းတို့အားလုံးပင် သည်နေရာသို့ လာရောက်ရာတွင် ရည်ရွယ်ချက်ချင်း တူညီကြသည်။ မရှောင်မလွှဲသာ ခံစားနေရသော ဘဝပြဿနာများမှ ဝိုင်အရက် အကူအညီ ဖြင့် တဒင်္ဂ တစ်ခဏမျှ တိမ်းရှောင်ထွက်ပြေးရန်၊ ပိုက်ဆံနည်းနည်းဖြင့် ညစာ အဝစားသောက်ရန်၊ ပြီးတော့ တစ်ယောက်နှင့် တစ်ယောက် မိတ်ဖွဲ့ကာ ခံစားချက်ချင်း မျှဝေခံစားကြရန်၊ အခက်အခဲတစ်ခုခု တွေ့ကြုံ နေရချိန်တွင် ဘဝတူတစ်ယောက်ယောက်အား ရင်ဖွင့်လိုက်ရလျှင် အခံရသက်သာတတ်သည်မှာ ဓမ္မတာပင် မဟုတ်ပါလား။

ရှဘင်သည် စားပွဲတွင် တစ်ယောက်တည်းထိုင်ရင်း အနီးအနား စားပွဲများမှ အချင်းချင်း စကားပြောသံများကို မကြားတစ်ချက် ကြားတစ်ချက် ဖြစ်နေသည်။ သူသည် မကြာမီမှာပင်



www.burmeseclassic.com

www.burmeseclassic.com



ပတ်ဝန်းကျင် အခြေအနေနှင့် တသားတည်း ဖြစ်သွားကာ စိတ်ထဲတွင်လည်း ပျော်ရွှင်နှစ်သိမ့်ခြင်း ဖြစ်လာမိသည်။ သူချစ်သူ ဂျိုစလင်ထံသို့ စာရေးရန် စိတ်ကူးသည် ကြက်ပျောက် ငှက်ပျောက် ပျောက်သွားလေပြီ။

"ဘာများ သုံးဆောင်ပါမလဲ ခင်ဗျား"

ရှပ်အင်္ကျီလက်ရှည်ဝတ် စားပွဲထိုးက သူ့စားပွဲသို့ ရောက်လာပြီးမေးသည်။

ရှူဘင်က နံရံပေါ်တွင် ကပ်ထားသော အစားအသောက် ဈေးနှုန်းစာရင်း သင်ပုန်းကြီးကို လှမ်းကြည့်လိုက်သည်။

ခရုကြော် . . . ဆလတ် . . . ကြက်သွန်စွပ်ပြုတ် . . . ပေါင်မုန့် . . . ဒိန်ခဲနှင့် ဝိုင်အရက်ရိုးရိုး၊ ဝိုင်အရက် အကောင်းစား၊ အဖြူ အနီ . . . အစုံရနိုင်သည်။ ဈေးတွေကလည်း သိပ်မကြီး၊ ခါတိုင်းနေ့များ အတိုင်းပင်ဖြစ်သည်။

သူက ကြက်သွန်စွပ်ပြုတ်၊ ပေါင်မုန့်၊ ဒိန်ခဲနှင့် ဝိုင်အနီမှာလိုက်သည်။ BURMESE CLASSIC .com

အီဖယ်မျှော်စင် ဓာတ်ပုံပါသော ပို့စကတ်ကိုသွား၍သတိရမိသည်။ ပို့စကတ်ကို အိတ်ထဲမှ ထုတ် ပြီး "ချစ်မဝနိုင်တဲ့ ဂျိုစလင်ရေ . ." ဟူ၍ စတင်ရေးလိုက်သည်။

ထိုအခိုက် တစ်ခန်းလုံး ရုတ်ရုတ်သဲသဲ ဖြစ်ကာ ဆူညံသွားသဖြင့် စာရေးနေသော လက်သည် တုံ့ကနဲရပ်သွားသည်။ တပြောင်းပြောင်း ဆူညံနေသော ဂျစ်ပဆီ တယောသံနှင့်အတူ အေးမြကြည်လင်သော သီချင်းသံပေါ်ထွက်လာသည်။ သီချင်းသံမှာ ထူးခြားလှသည်။ စမ်းရေစီးသံပမာ ကြည်လင်အေးမြသည်နှင့်အမျှ ကြားရသူ၏ စိတ်ခံစားမှုတို့ကို ညို့ယူဖမ်းစားနိုင်အားလည်း ကောင်းလှသည်။

ရှူဘင်သည် ဖောင်တိန်ကို လက်ကကိုင်ထားရင်း တန်းလန်းဖြင့် အသံလာရာဘက်သို့ လှမ်းကြည့်လိုက်သည်။ သီချင်းသံသာလျှင် သူ့အား ညို့ယူဖမ်းစားနိုင်သည်မဟုတ်၊ အသံရှင် ကလေး၏ ရုပ်ရည်ကလည်း သူ့အား ညို့အားအပြည့်ဖြင့် ဖမ်းစားထားပြီဖြစ်သည်။ သူ့တစ်သက်တွင် သည်လောက်စွဲမက်စရာ ကောင်းသော အလှပိုင်ရှင် မိန်းကလေးမျိုးကို သည်တစ်ကြိမ်သာ မြင်ဖူးသေးသည်။ ပယင်းရောင် ရွှန်းလဲ့နေသော မျက်လုံးအစုံသည် အခန်းထဲမှ ဆန့်ကျင်ဘက်လိင်ပိုင်ရှင် ယောက်ျားတိုင်း၏ မျက်နှာကို တစ်ယောက်စီ တစ်ယောက်စီ တမင်စိုက်ကြည့်နေသလားဟု ထင်မှတ်ရသည်။ ကျွန်မဟာ မောင့်ချစ်သူပါဟူ၍ မပြောသော်လည်း ပြောနေဘိသကဲ့သို့ ထင်မှတ်စရာပင်။ ဆံပင်ကိုအလယ်မှခွဲကာ ပခုံးနှစ်ဘက်ပေါ်သို့ ကပိုကရို ဖြန့် ချထားသည်။ အသား အရောင်က ပိုးသားလို မွတ်စင် ညက်ညောနေသည်။ အဖြူရောင် အပျော့စား ဘလောက်အင်္ကျီကို ခပ်ကျပ်ကျပ်ဝတ်ထားသောကြောင့် သူမ၏ ရှိုက်ဖိုကြီးငယ်အသွယ်သွယ်ကို အံ့မူးမိန်းမောဖွယ် မြင်နေရသည်။ အိစက် ညက်ညောသော အနက်ရောင် ပိုးသားဝါဝန်အောက်မှ သေးသွယ်သော ခါးနှင့် စွင့်ကားသောတင်သားတို့မှာ အတိုင်းသားပေါ်လွင်နေကြသည်။ ညာဘက်တစ်ခြမ်းခွဲ ဂါဝန်ကြားမှ လှပသွယ်တန်းပျော့ပျောင်းသော ပေါင်တံနှင့်သံလုံးသားကိုလှစ်ပြထားသည်။ သီချင်းဆိုနေစဉ် သူမ၏ တစ်ကိုယ် လုံးသည် တစ်သိမ့်သိမ့်နှင့် လှပစွာ မြူးကြွလှုပ်ရှားနေသည်။

သီချင်းဆုံးသွားပြီ။ တစ်ခန်းလုံး လက်ခုပ်သံများ ဆူညံသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမသည် အုပ်ကောင်းလှသော ပွရောင်းရောင်း ဆံပင်များကို နောက်သို့ သိမ်းချလိုက်ပြီးနောက် နိတျာတျာနှုတ်ခမ်းနှစ်လွှာကို မပွင့်တပွင့်ဟရင်း ရယ်မောလိုက်သည်။

ပရိသတ်ထဲမှ အော်ဟစ်ပြီး ထပ်မံပွဲတောင်းသံများ အဆက်မပြတ် ပေါ်ထွက်လာကြသည်။

ရှုဘင်သည် တစ်ခါမျှ မကြားဖူးသော သီချင်းများကို ကြားရသည်။

သူမသည် အီတာလျံ သီချင်းဆိုသောအခါ ခပ်မြူးမြူး၊ ခပ်ကြွမ်းကြွမ်းနှင့် ဆိုသွားသည်။ သီချင်းစာသားကို နားမလည်သော်လည်း သူမ၏အမူအရာကိုကြည့်၍ ရသကိုခံစားရသည်။ ရုရှလိုဆို သောအခါ သူမ၏အမူအရာသည် ကြေကွဲရိပ်ပေါ်လွင်နေသည်။ သီချင်းဆုံးသောအခါ သူမ၏ မျက်လုံးအိမ်တွင် မျက်ရည်တွေ ရွှန်းလဲ့နေသည်။ ပြင်သစ် သီချင်းကို ဆိုသောအခါတွင်တော့ ရှုဘင်၏မျက်လုံးများတွင် မျက်ရည်တွေ စို့လာကြသည်။

နောက်ဆုံးတွင် သူမသည် ဝိုင်အရက်ခွက်ကို မြှောက်ကာ တစ်ကျိုက်သောက်လိုက်ပြီးနောက် ဂျစ်ပဆီသီချင်းတစ်ပုဒ်ကို ခပ်ကြွမ်းကြွမ်း၊ ခပ်ရမ်းရမ်းဆိုပြသည်။ ပရိသတ်အားလုံးသည် သီချင်းသံစဉ်အလိုက် တရွရွတကြွကြွ ခံစားနေကြရသည်။

သီချင်းသံဆုံးတော့ နောက်ထပ် အရက်တစ်ခွက် မော့သောက်လိုက်ပြန်သည်။

ပြီးတော့ စမ်းရေစီးသံပမာ လေသံအေးအေးဖြင့် "သောတရှင်အားလုံးကို လေးစားပါတယ်ရှင်၊ မင်္ဂလာအပေါင်းခညောင်းတဲ့ ညပါရှင်"ဟု နှုတ်ဆက်စကားဆိုလိုက်သည်။

ထို့နောက် နဖူးတွင် စို့နေသော ချွေးများကို လက်ဖြင့် ကဗျာဆန်ဆန် သုတ်လိုက်ပြီးတော့ ခပ်နိမ့်နိမ့် စင်မြင့်ကလေးပေါ်မှဆင်းကာ သူမ၏ အဖော်များရှိရာ စားပွဲဆီသို့ ပြန်လာပြီး ထိုင်ချလိုက်သည်။

ရှုဘင်မှာ မျက်စိ နှစ်လုံးကို သူမဆီမှ လုံးဝမခွာတော့။ သူသည် အလင်းရောင် မှုန်မှုန်တွင် ထိုင်ရင်း သူမကိုသာစိုက်ကြည့်နေမိသည်။ လိုအပ်လျှင် သူမ တစ်ယောက်တည်း ကျန်နေသည်အထိ တစ်ညလုံး ထိုင်ကြည့်နေတော့မည်။

နံနက်သုံးနာရီတိတိတွင် အခမ်းအနားပြီးဆုံးသွားသည်။ စားပွဲထိုးပီယာသည် ထုံးစံအတိုင်း ကုလားထိုင်များကိုစတင်သိမ်းပြီ။ နံရံကပ် မီးလုံးတစ်လုံးကိုသာချန်ထားပြီး ကျန်မီးလုံးများကို မှိတ်လိုက်သည်။ တစ်ခန်းလုံး ခပ်ဝါးဝါးသာ အလင်းရောင်ကျန်နေတော့သည်။ ဝိုးတဝါး အလင်းရောင်သည် ပို၍ပင်ဆွဲဆောင်မှုရှိလှသည်။

ရှုဘင်သည် အခန်းထောင့်စားပွဲတွင် တစ်ယောက်တည်း ထိုင်မြဲထိုင်နေသည်။ စားပွဲပေါ်မှ အရက်ပုလင်းတွင် လက်ကျန်အရက် ဖင်းကပ်မျှသာကျန်တော့သည်။

"ဒီမှာ . . . မက်ရှာ . . . ဆိုင်ပိတ်ပြီ မက်ရှာ"

စားပွဲထိုး ပီယာက ရှုဘင်အနားသို့ လာပြီးပြောသည်။

ရှုဘင်သည် အရက်ရှိန် ဝှငွေ့ငွေ့နှင့် စိတ်ကူးယဉ်နေရာမှ ရုတ်တရက်လန့်သွားသည်။

"အို . . . ဟုတ်ကဲ့၊ ခွင့်လွှတ်ပါဗျာ။ ကျွန်တော် စိတ်ကူးနဲ့ မှိန်းပါသွားလို့ပါ။ အရက်ရှိန်ကလေးနဲ့ အခုလိုငြိမ်ငြိမ်ဆိတ်ဆိတ် ထိုင်နေရတာ သိပ်ပြီးဇိမ်ရှိတာပဲဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ ခင်ဗျား ဒီညဘယ်မှာအိပ်မှာလဲ၊ အိပ်မယ့်နေရာ ရှိရဲ့လား . . ."

ရှုဘင်က ခပ်လှမ်းလှမ်းမှ စားပွဲတွင်ထိုင်နေသော မိန်းမပျိုကလေးဆီသို့သာ ဇောကပ်နေသဖြင့် စားပွဲထိုး ပြောသော စကားကို ကွဲကွဲပြားပြားမကြားလိုက်။

"ဒီမှာ . . . မက်ရှာ"

စားပွဲထိုးက ထပ်ပြောသည်။

ရှုဘင်က စားပွဲထိုးကိုမော့ကြည့်ပြီး . . .

"အို . . . အင်း . . . ဟုတ်ကဲ့"

"ခင်ဗျားကို ကျွန်တော် မေးနေတယ်၊ ဒီည ဘယ်မှာ အိပ်မှာလဲ"

"အို . . . အင်း၊ ဟုတ် . . . ဟုတ်ကဲ့၊ ကျွန်တော် ပိုက်ဆံ ဘယ်လောက်ပေးရမှာလဲဗျ"

"လေးဖရန့်ပါ"

ရှုဘင်က အိတ်ထဲမှ ပိုက်ဆံနှိုက်ပြီး ရှင်းပေးလိုက်သည်။ ပြီးတော့ စားပွဲမှ ဒယီးဒယိုင်ထကာ ခပ်လှမ်းလှမ်းမှ စားပွဲဆီသို့လျှောက်လာခဲ့သည်။ စားပွဲနားရောက်တော့ ရပ်လိုက်ပြီး စားပွဲပေါ်တွင် အုပ်လိုက်ပုံကျနေသော ရွှေညိုရောင် ဆံပင်ပုံကြီးကို တရှိုက်မက်မက် စိုက်ကြည့်နေမိသည်။

စားပွဲပေါ်တွင် မျက်နှာအပ်နေသော ဦးခေါင်းသည် ရုတ်တရက် လှုပ်ရှားလာပြီး ရှုဘင်အား မျက်နှာမော်ကြည့်သည်။ အစိမ်းရောင်နှင့် ရွှေဝါရောင်နှောသော မျက်လုံးအစုံသည် ရှုဘင်၏ မျက်လုံးအစုံနှင့် ပက်ပင်းဆုံတွေ့ကြသည်။

သူကလေးသည် အနီးကပ်ကြည့်တော့မှ ထူးထူးခြားခြား ပို၍ လှနေသည်ကို မျက်ဝါးထင်ထင်တွေ့ရလေသည်။

သူမက စကားမပြောဘဲ အရက်ခွက်ကိုယူကာ တစ်ကျိုက်ထပ်မော့လိုက်သည်။ ပြီးတော့ ရှုဘင်အား ရဲတင်းစွာပင် ခြေဆုံးခေါင်းဆုံး အကဲခတ်သလို စူးစူးဝါးဝါး စိုက်ကြည့်နေသည်။

သူမ၏ စူးရှသော မျက်လုံးဒဏ်ကြောင့် ရှုဘင်သည် တစ်ကိုယ်လုံး ရှိန်းဖိန်းသွားသလိုပင် ခံစားလိုက် ရသည်။

"ရှင်က . . . ကျွန်မကို ဘာဖြစ်လို့ ဒီလောက် ကြည့်နေရတာလဲ၊ ကျွန်မ အခြေအနေက သိပ်ပြီး ပုံပျက်ပန်းပျက် ဖြစ်နေတယ် ထင်လို့လား"

သူမက မျက်လုံးကို မှေးကြည့်ရင်း ပြောင်ပြောင်ပင် မေးလိုက်သည်။ ပြီးတော့ ရှေ့သို့ ပုံကျနေသော ဆံပင်များကို နောက်သို့ ပြန်သိမ်းချလိုက်သည်။

သူက ပြန်ဖြေစရာ စကားလုံး ရုတ်တရက် ရှာမရ။ သူမက ဗယ်ဘက်လက်ကို ကုလားထိုင်နောက် မှီပေါ်တွင် လှမ်းတင်လိုက်ပြီး ကိုယ်ကို ခပ်လျော့လျော့ ပြင်ထိုင်လိုက်သည်။ ရှုဘင်၏ မျက်လုံးများက သူမ၏ လည်ပင်းကျယ် ဇာလောက်စ်အင်္ကျီအပေါ်ပိုင်းကို စိုက်ကြည့်နေသည်။

နောက်ဆုံး သူက ပြောသည်။

"မင်းက . . . သိပ်လှလို့ ကြည့်နေတာပါ"

သူမက သိမ့်သိမ့်ကလေး ရယ်လိုက်သည်။ သည်လိုအပြောမျိုးကို ကြားခဲ့ရပေါင်း



www.burmeseclassic.com

www.burmeseclassic.com



များလှပြီ။ သူမက ခေါင်းကို ငြိမ့်ငြိမ့်ကလေး ခါရင်း . . .

"သိပ်လှလို့ . . . ဟုတ်လား၊ လှတာသက်သက်ပဲလား မက်ရှာ၊ တခြား ရှင်ကြိုက်တာ ဘာမှ မရှိ တော့ဘူးလား . . . ဟင်"

သူမစကားတွင် နာကျည်းရိပ်ပါမှန်း ရှာဘင် သတိထားမိသည်။ သူက ထပ်ပြောလိုက်သည်။

"ဟုတ်ပါတယ်၊ မင်းဟာ . . . ငါတွေ့ဖူးတဲ့ မိန်းကလေးတွေထဲမှာ အလှဆုံးပါပဲ"

သူမက ဟန်ပါပါဖြင့် နှုတ်ခမ်းကို စူထားလိုက်သည်။

ပြီးတော့မှ . . .

"တကယ်တော့ ရှင်က ကျွန်မကို အပြင်မှာထက် အိပ်ရာထဲမှာ ပိုလှမယ်လို့ ထင်နေတာ မဟုတ်လား"

ရှာဘင်က ခြောက်နေသော နှုတ်ခမ်းကို လျှာဖြင့် လျက်လိုက်သည်။

"မင်းကို မြင်ရတဲ့ အချိန်ကစပြီး ငါ့စိတ်ထဲမှာ . . . အမျိုးစုံ လျှောက်တွေးနေခဲ့တာ အမှန်ပါ"

"ဒါဖြင့် ရှင်က ကျွန်မကိုပဲ တစ်ချိန်လုံး ထိုင်ကြည့်နေခဲ့တယ်ပေါ့ . . ."

"ဟုတ်ပါတယ် . . ."

သူမက ရယ်ပြန်သည်။

"အင်း . . . လက်စသတ်တော့ ကျွန်မ ထင်တဲ့အတိုင်း မှန်နေပါပြီ၊ ရှင်က အရက်ကလေး ထွေထွေ၊ သီချင်းသံကလေး ငြိမ့်ငြိမ့်နဲ့ ကျွန်မကို ကြည့်ပြီး အာရုံခံနေတာကိုး၊ နောက်ဆုံးတော့ ရှင်လည်းပဲ တခြားနာမည်ကျော် အနုပညာရှင်ကြီးတွေလိုပဲ ကျွန်မရင်ခွင်မှာ ထွေးပိုက်ခံချင်တာနဲ့ အခုလို အချိန်ကုန်ခံပြီး စောင့်နေတယ်ဆိုပါတော့"

"ဟုတ်ပါတယ်"

"အို . . . ဟုတ်ပါတယ်၊ ဟုတ်လား" သူမက ခနဲ့သံဖြင့် ပြောသည်။ "ဒါပေမယ့် . . . ရှင့်မှာ . . . အိပ်စရာ နေစရာမှမရှိတာပဲ၊ ရှင်ကခြေသလုံးအိမ်တိုင်ပဲ၊ ဒါနဲ့ . . . နေစမ်းပါဦး၊ ရှင်က ပန်းချီကား တစ်ကားမှ မရောင်းရသေးတဲ့ ပန်းချီဆရာလား၊ ဒါမှမဟုတ် စာမူကို ထုတ်ဝေမယ့် သူမရှိသေးတဲ့ စာရေးဆရာလား၊ အဲဒါကြောင့်မို့ တစ်ညတာ သာယာမှုအတွက် ကျွန်မဆီမှာ အခမဲ့ အကူအညီပေးဖို့ လာတောင်း နေတာလား"

"မဟုတ်ပါဘူး၊ အဲဒီလို လုံးဝမဟုတ်ပါဘူး။ ငါ့နာမည်က ရှာဘင်ဟက်ပါ၊ ငါနေတာက လန်ဒန်မှာ၊ အခု ဒီကို အပန်းဖြေ ခရီးထွက်လာတာ၊ ငါ့မှာ အိမ်ခန်းအဆင်သင့် ရှိပါတယ်"

"ဩော် . . . ဟုတ်လား" သူမက ပခုံးနှစ်ဖက်ကို တွန့်လိုက်ရင်း "ရှင့်မှာ အိမ်ခန်းရှိတယ်၊ ရှင်က အင်္ဂလိပ်လူမျိုး၊ ပြင်သစ် စကားကျတော့ ကျွန်မထက်တောင် ပီသေးတယ်၊ ဒီလိုဆို ကျွန်မထင်တာနဲ့ တခြားစီပါလား၊ ဒီလိုပဲ မှားခဲ့ပေါင်း မနည်းတော့ပါဘူး၊ အင်း . . . လူ့ဘဝမှာ မမျှော်လင့်တဲ့ အံ့သြစရာကလေးတွေ အများကြီးပါပဲနော်"

"ဟုတ်ပါတယ်၊ မင်းပြောတာမှန်ပါတယ်၊ ငါ . . . ဒီနေရာကို အမှတ်မထင် ရောက်လာတာပဲ၊ တကယ်လို့ ငါမလာခဲ့ရင် . . . မင်းရဲ့အလှနဲ့ ဂီတကို လုံးဝ ခံစားရမှာမဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် ရှင်က ကျွန်မကို ဂုဏ်ပြုဖို့အတွက် အခုလို တမင်စောင့်နေတာမှ မဟုတ်ဘဲ၊ ကျွန်မကို အသုံးချချင်လို့ စောင့်နေတာမဟုတ်လား၊ ရှင် . . . မလိမ်စမ်းပါနဲ့၊ ကျွန်မက ယောကျ်ားတွေအကြောင်း ဆယ့်နှစ်နှစ်သမီးအရွယ်ကတည်းကသိလာခဲ့တာ၊ ဒါကြောင့် . . . အို . . . ရှင်တို့ယောကျ်ားတွေ ဘာပဲ ပြောပြော ကျွန်မ လုံးဝမယုံဘူး၊ ချစ်လည်းမချစ်ဘူး၊ ဒါပေမယ့် ကျွန်မဆန္ဒရှိရင် သဘောကျတဲ့လူပဲ ရွေးလိုက်တာပဲ၊ အဲဒါလောက်ပါပဲ၊ အဲဒီထက် ကျွန်မ ပိုမတွက်ဘူး။ ပိုလည်းမပိုချင်ဘူး၊ ဒါပေမယ့် ရှင်သိထားဖို့က ကျွန်မဟာ မိန်းမပျက်တစ်ယောက်တော့ လုံးဝမဟုတ်ဘူး"

ရွှေဘင်က နှုတ်ခမ်းကို ကိုက်ပြီး တွေနေမိသည်။ သူမ၏ မျက်နှာတွင် ဒေါသရိပ်တွေ ပေါ်လွင်နေသည်။

"ငါ့စကားက မင်းကို စော်ကားသလို ဖြစ်သွားသလား၊ ငါ အဲဒီလို လုံးဝ မရည်ရွယ်ပါဘူး၊ ယုံပါ ငါမှားရင် ခွင့်လွှတ်ပါ၊ တောင်းပန်ပါတယ်"

သူမက သူ့မျက်နှာကို စိုက်ကြည့်နေသည်။ သူမအား ဘယ်ယောကျ်ားကမှ ယခုလို မတောင်းပန်စဖူး။

"ထိုင်ပါ . . . ရွှေဘင်"

ရွှေဘင်က သူမနှင့် မျက်နှာချင်းဆိုင် ဝင်ထိုင်လိုက်သည်။

သူမက သူ့အမူအရာကို အကဲခတ်နေသည်။ ဒီလူက ထူးတော့ ထူးခြားတာပဲ။ သူ့ပုံပန်းက ဖြစ်ကတတ်ဆန်း ဝတ်စားထားပေမယ့် တကယ့်နှလုံးသားနဲ့ ပြောပုံတော့ရတယ်။ တခြားငနာကြီးတွေက သူ့လိုမဟုတ်ကြဘူး။ ငါ့ကိုမြင်ရင် အမဲလိုပဲ သဘောထားကြတယ်။

သူမသည် အရက်ခွက်ကို ကောက်ယူပြီး တစုပ်သောက်လိုက်သည်။

"ပါရီမှာ ကျွန်မလို မိန်းကလေးတွေ ဒုနဲ့ဒေး ရှိပါတယ်။ အသံသာ လှတာမဟုတ်ဘူး၊ ရုပ်ရည်လည်းလှကြတယ်။ ယောကျ်ားတစ်ယောက်က လိုချင်ပါတယ် ဆိုရင် ပိုက်ဆံနဲ့ ဝယ်လို့လည်း ရတယ်၊ ဒါနဲ့များ ရှင်က ကျွန်မကိုမှရွေးပြီး ဘာကြောင့် စွဲနေရတာလဲ ပြောစမ်းပါ။ ရိုးရိုးသားသားပေါ့"

"ငါ ရိုးရိုးသားသား ပြောတော့ကော မင်းက ယုံပါ့မလား"

သူမက ပခုံးတစ်ချက် တွန့်လိုက်ပြီး . . .

"ယုံမှာပါ။ ဘာဖြစ်လို့လဲဆိုတော့ ရှင်က လိမ်ပြောတောင်မှ တခြားသူတွေပြောတာထက် နားထောင်လို့ ကောင်းပါတယ်"

"အမှန်အတိုင်း ပြောရရင် မင်းကို ငါ မြင်မြင်ချင်း စွဲချစ်မိတယ်၊ မင်းအသံကို ကြားရတာ နားထောင်လို့ အားမရနိုင်အောင်ပဲ။ ဒါကြောင့်မို့ မင်းနဲ့စကား မပြောရရင် ပြန်ကို မပြန်ဘူးလို့ဆိုပြီး တမင် ထိုင်စောင့်နေတာ"

"ဩော် . . . ဒီလိုလား" သူမက တစ်ချက် ရယ်လိုက်ပြီး . . . "လက်စသတ်တော့ ရှင်က ကဗျာစာဆိုတစ်ယောက်ပဲ"

"မဟုတ်ပါဘူး၊ ငါက ဥပဒေ ပညာရှင် တစ်ယောက်ပါ။ ငါ့ဘဝမှာ မင်းလို ဆွဲဆောင်မှုရှိတဲ့ အမျိုးသမီး တစ်ယောက်မှမတွေ့ခဲ့ဖူးတာအမှန်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



သူမက နှုတ်ခမ်းစူလိုက်သည်။

"အဲဒီတော့ ရှင် ဆိုလိုတာက . . ."

"ငါဆိုလိုတာက . . . ငါဟာ ပါရီမှာ နှစ်ပတ်နေမလို့ လာခဲ့တာ . . . ခုတော့ နေလို့ မဖြစ်တော့ဘူး၊ လက်မှတ် ရလျှင်ရချင်း အိမ်ကိုပဲ ပြန်ပြေးတော့မယ်"

"တကယ်ပြောတာလား၊ ရှင် အဲဒီလို ဘာဖြစ်လို့ စိတ်ကူးရတာလဲ"

"ဘာဖြစ်လို့လဲဆိုတော့ . . . မင်းနဲ့ နောက်တစ်ကြိမ် ထပ်မတွေ့ရရင် ငါ ရူးရလိမ့်မယ် ထင်လို့ပဲ"

သူတို့နှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက် စိုက်ကြည့်နေကြသည်။ သူမက သူ့စကားကို မယုံချင်။ သူမ ယောကျ်ားတွေအများကြီးတွေ့ခဲ့ဖူးပြီ။ တစ်ယောက်မှ ယုံကြည်နိုင်စရာ မရှိခဲ့။ ယခု သူကတော့ထူးခြားသည်။ တခြားယောက်ကျားတွေနှင့် လားလားမျှမတူ။ သူသည် သူမအတွက်အဆန်းဖြစ်နေသည်။ တစ်ခါမှ မတွေ့ဖူးသော အတွေ့အကြုံသစ်တစ်ရပ်ဖြစ်နေသည်။ သူ့ကို သူမ စိတ်ဝင်စားလာသည်။ သူမ လက်လျှော့လိုက်ရတော့မည်လား။

သူမက လေသံအေးအေးဖြင့် မေးသည်။

"ကျွန်မ ရိုးရိုးသားသား သိချင်လို့ မေးတာပါ။ ရှင်က ကျွန်မကိုမှ ဘာကြောင့် စွဲစွဲလမ်းလမ်း ဖြစ်နေရတာလဲ"

"ငါက မရိုးမသားစွာပဲ ဖြေပါရစေ။ မင်းကို နောက်တစ်ကြိမ် ထပ်တွေ့ရရင် ငါ လန်ဒန်ကို လုံးဝပြန်နိုင်တော့မှာမဟုတ်ဘူး"

"ဒီလောက်တောင်ပဲလားရှင် . . .၊ ရှင့်ကို ဘယ်အရာကများဆွဲထားလို့လဲ။ ဒီလောက် တောင်အဖြစ်သည်းရအောင် ရှင်က ကလေး (၁၀)ယောက်ဖခင် ဖြစ်နေလို့လား"

"မဟုတ်ပါဘူး၊ ငါ့မှာ မိန်းမမရှိသေးပါဘူး၊ ဒါပေမယ့် လက်ထပ်ဖို့စေ့စပ်ထားတဲ့ ချစ်သူ တော့ ရှိပါတယ်"

"အဲဒီတော့ အခုလို ကိုယ့်ရဲ့ဇနီးလောင်းကို သစ္စာဖောက်တဲ့ လုပ်ရပ်မျိုးကို ရှင်က ကျူးလွန်မလို့ လား"

"ငါက အဲဒါကိုပဲ စဉ်းစားနေမိတာ"

"ဒါနဲ့ ရှင့်လို အင်မတန်ကိုယ်ကျင့်တရား ထိန်းသိမ်းတဲ့ အင်္ဂလိပ်လူမျိုးတစ်ယောက်အနေနဲ့ တခြားမိန်းမတစ်ယောက်နဲ့ တစ်ခါမှ မဆက်ဆံဖူးဘူး ဆိုပါတော့"

"အဲဒီလို မဟုတ်ပါဘူး၊ ငါ့ရည်းစားနဲ့ စေ့စပ်ကြောင်းလမ်းပြီးတဲ့ နောက်ပိုင်းမှာတော့ အဲဒါမျိုးတွေ လုံးဝကင်းရှင်းခဲ့တာအမှန်ပဲ၊ ဒါပေမယ့် . . . အခု လောလောဆယ်မှာတော့ ငါ့စိတ်ကို ငါမနိုင်တော့ဘူး၊ မင်းနဲ့ မတွေ့ရရင် ငါရူးရလိမ့်မယ်ထင်တယ်"

"ရှင် . . . တကယ်ပြောတာလား"

"တကယ်ပြောတာပါ၊ ယုံပါ၊ မင်းကို မြင်မြင်ချင်း ငါ အရူးအမူး စွဲလမ်းမိခဲ့တယ်၊ အခြား ယောကျ်ားတွေ မင်းအနားကပ်လာတာတောင် လုံးဝမနာလိုချင်စိတ် ဖြစ်ပေါ်မိတယ်။ ဒါနဲ့ မင်း



www.burmeseclassic.com

www.burmeseclassic.com



နာမည်လေးလည်း သိပါရစေဦး"

"ကျွန်မ နာမည် မာဂဒါ . . . မာဂဒါချာရာကျူပါ။ ဇာတိက ရှမေနီးယား၊ ဘူခါရက်မှာ မွေးတယ်။ ကျွန်မ ဂျူးအမျိုးသမီးပါ၊ ကျွန်မ ပြောမှားဆိုမှားရှိရင် ခွင့်လွှတ်ပါရှင်"

"အို . . . တောင်းပန်စရာ မလိုပါဘူး၊ တောင်းပန်စရာရှိရင် ငါကသာ တောင်းပန်ရမှာပါ။ ဒါနဲ့ မင်း စိတ်မရှိဘူးဆိုရင် ငါ . . . ငါ . . . မင်းနဲ့ အကြာကြီး စကားပြောနေချင်ပါသေးတယ်"

သူက နောက်ဆုံးဝါကျကို အတော်ကြီး ကြိုးစားပြီး ပြောလိုက်ရသည်။

သူမက ဘာမှပြန်မပြော။ သူ့ကိုသာ မျက်တောင်မခတ် အကဲခတ်ကြည့်ရှုနေသည်။

သူပြောတာတွေ ဟုတ်မှ ဟုတ်ပါရဲ့လား၊ ဟုတ်နိုင်စရာရှိတယ်။ ဒါပေမယ့် သူက ငါ့ကို ခုပဲ တွေ့ရသေးတာ၊ သူ ငါ့အကြောင်း ဘာမှမသိရသေးဘူး။ ခုပဲ တွေ့ရတဲ့ မိန်းမတစ်ယောက်ကို အခုလောက် တန်းတန်းစွဲ ဖြစ်ရတာ တကယ်မှဟုတ်ပါရဲ့လား။

မာဂဒါက အတွင်းကျိတ်ပြီး ရယ်ပစ်လိုက်မိသည်။

သူ့လိုလူစားမျိုးတွေကို သူမ ရာနှင့်ချီ၍တွေ့ခဲ့ဖူးပြီ။ ဒါပေမယ့် သူမက ဘယ်သူ့ဆီမှာမှ အကျော့မခံခဲ့။ သူတို့က လူလိမ်လူညာတွေ၊ စားဖားတွေ၊ ကြောင်သူတော်တွေ။ သို့သော် သူကတော့ သူတို့နှင့်မတူ။ အမှန်ပြောရလျှင် သူမကလည်း သူ့ကို မြင်မြင်ချင်းပင်တပ်မက်မိခဲ့သည်။ သူက လူချော လူခန့်တစ်ယောက်၊ အပြောအဆိုကလည်း ရည်မွန်ယဉ်ကျေးသည်။ တခြားယောကျ်ားတွေနှင့် တစ်စက်ကလေးမျှမတူ။

ထို့ကြောင့်လည်း သူမက သူ့ကို စွဲလမ်းမိခဲ့သည်။ သို့သော် သူမမှာ အချစ်မရှိ။ သူမသည် ဘယ်ယောကျ်ားကိုမျှမချစ်၊ ချစ်၍မရ။ သို့သော် . . . ချစ်ခြင်းနှင့် တပ်မက်ခြင်းသည်မတူ။ ချစ်တိုင်းလည်းမတပ်မက်၊ တပ်မက်သော်လည်းမချစ်။ ထို့ကြောင့် သူမသည် အချစ်ကို ဘယ်တော့မှ မရှာခဲ့။ တပ်မက်စိတ်ဖြစ်ပေါ်လာလျှင်လည်း တဒင်္ဂသာယာမှုအတွက် ကြိုက်တဲ့ယောကျ်ား ခေါင်းခေါက်ရွေးပြီး ဆန္ဒပြည့်လျှင် မောင်းချလိုက်ခဲ့သည်သာ။

စားပွဲထိုး ပီယာက သတိပေးသည့်သဘောဖြင့် ချောင်းတစ်ချက် ဟန့်လိုက်သည်။

"သုံးနာရီ ကျော်သွားပြီ မာဂဒါ"

မာဂဒါ ဘာမှ ပြန်မပြောဘဲ ထိုင်ရာမှ ထရပ်လိုက်သည်။ ထို့နောက် အရက်တစ်ကျိုက် သောက်လိုက်ပြီး . . .

"ကဲ . . . လာ ရှဘင်၊ ရှင် . . . ကျွန်မနဲ့ လိုက်ခဲ့၊ ကျေးဇူးပဲပီယာ၊ ဒါနဲ့ မီးတွေ ပိတ်ဖို့လည်း မမေ့နဲ့ဦးနော်"

"မင်းက ငါ့ကို ဒီစကား ညတိုင်းပြောတာပဲ၊ ဘာသဘောလဲ"

ပီယာက မကျေနပ်သလို ပြန်ပြောသည်။

"ဩော် . . . ကျွန်မက ရှင်မေ့နေမှာ စိုးလို့ပါ၊ အာသဘောမှ မဟုတ်ပါဘူး"

သူမသည် ပြုံးပြုံးရယ်ရယ်နှင့် ပြန်ပြောလိုက်ပြီး အခန်းထဲမှ ထွက်လာခဲ့သည်။ ရှဘင်က သူမ နောက်မှ လိုက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်သား စကားတစ်ခွန်းမှ မပြောဘဲ ငြိမ်ငြိမ်ဆိတ်ဆိတ် လျှောက်လာခဲ့ကြသည်။ ခြောက်ပြလောက် ရောက်သောအခါ ကျောက်စရစ်ခင်း လမ်းကျဉ်းကလေး တစ်ခုထဲသို့ ချိုးဝင်လိုက်သည်။

နောက် အနည်းငယ် လျှောက်လာသာအခါ လေးဆင့်ရှိသော ယိုင်နဲ့နဲ့ လှေကားကလေးကို တက်ပြီးနောက် မာဂဒါ၏အခန်းသို့ ရောက်လာကြသည်။ မာဂဒါက အခန်းတံခါးကို ဖွင့်ကာ အိပ်ရာဘေးမှ မှန်အိမ်ကို ထွန်းလိုက်သည်။

တစ်ခန်းလုံး ရှုပ်ပွနေသည်။ အဝတ်အစားများမှာ ကြိုးတန်းပေါ်တွင် တွဲလို့တွဲလောင်း တချို့၊ ကြမ်းပြင်တွင်ပုံလို့ တချို့။

မာဂဒါက ကြိုးတန်းပေါ်မှ အဝတ်အစားများကို သိမ်းယူကာ အခန်းထောင့် တစ်နေရာသို့ ပစ်ပုံထားလိုက်သည်။

အိပ်ရာပေါ်တွင်လည်း အဝတ်အစားတွေကို ဖရိုဖရဲတင်ထားသည်။ အလှပြင်စားပွဲတွင်လည်း ဖုန်တွေအလိမ်းလိမ်းနှင့်။ အပေါစားရေမွှေးနှင့် အလှပြင်ပစ္စည်းများကိုလည်း ဖြစ်သလို ဖြန့်တင်ထားသည်။

သူမက စုတ်ပြတ်နေသော အနီရောင် ကတ္တီပါခင်း ကုလားထိုင်ကို ညွှန်ပြသည်။ ရှုဘင်က ဝင်ထိုင်သည်။

မာဂဒါသည် အပေါစား ပွင့်ရိုက်ပိုးကန့်လန့်ကာနောက်ဝင်ကာ အဝတ်အစားလဲသည်။ မကြာမီတွင် အဖြူရောင်ရှိုးဝတ်စုံကိုဝတ်ပြီး ပြန်ထွက်လာသည်။ ပါးလွှာသော ဝတ်စုံအောက်မှ သူမ၏ သဘာဝအလှသည် အတိုင်းသားပေါ်လွင်နေသည်။

ထို့နောက် နံရံဘေးမှ ကြောင်အိမ် ကလေးကို ဖွင့်ပြီး ဖန်ခွက်နှစ်လုံးယူလိုက်သည်။

"ဘာသောက်မလဲ၊ အရက်ပြင်းရှိတယ်၊ ဝိုင်ရှိတယ်"

"ဝိုင်ပဲသောက်မယ်"

သူမက ဖန်ခွက်တစ်လုံးကို ရှုဘင်ဆီသို့ ကမ်းပေးလိုက်သည်။ ပြီးတော့ သံခုတင်ကလေးပေါ်တွင် ရင်ဘတ်အောက်က ခေါင်းအုံးခံကာ မှောက်အိပ်ရင်း အရက်ခွက်ကို တကျိုက်ချင်း စုပ်သောက်နေသည်။ အတန်ကြာသည်အထိ တစ်ယောက်မျှ စကားမပြောကြ။

နောက်ဆုံး ရှုဘင်က မေးလိုက်သည်။

"ပါရီရောက်တာ ဘယ်လောက်ကြာပြီလဲ"

"ငါးနှစ်ရှိပြီ၊ ကျွန်မ ၁၄နှစ်သမီးကတည်းက ရောက်နေတာ . . ."

ရှုဘင် အံ့သြသွားမိသည်။ ပါရီလိုအန္တရာယ်ရှိစုံသော မြို့ကြီးတွင် သည်အရွယ်နှင့် တစ်ယောက်တည်း လာနေသော မိန်းကလေးတစ်ယောက်သည် ဘယ်လိုများ ရပ်တည်လှုပ်ရှား နေပါလိမ့်။

မာဂဒါက ရှုဘင်၏ အတွေးကို အကဲခတ်မိသည့် အလား . . .

"ကျွန်မဘဝကိုတွေးပြီး မအံ့သြပါနဲ့၊ ပါရီမှာ ကျွန်မလို တစ်ကောင်ကြွက်မိန်းမချော ကမ်းတင်အမျိုးသမီးတွေ အများကြီးရှိပါတယ်။ ဘဝဆိုတာ တကယ်ကြမ်းသောရင်လည်း



www.burmeseclassic.com

www.burmeseclassic.com



ကြမ်းတယ်လို့ မထင်တော့ပါဘူး၊ ဒီလိုနဲ့ပဲ တစ်နေ့ပြီးတစ်နေ့ အချိန်တွေ ကုန်လွန်သွားတာပါပဲ၊ ရှင်က အခုလို ကျွန်မဘဝကို စာနာစိတ် ထားတဲ့အတွက် ကျွန်မကဘာပေးရမှာလဲ"

"မင်းပေးပြီးပါပြီ၊ မင်းမျက်နှာမြင်ရရင် ငါကျေနပ်ပါပြီ၊ ငါတော့ မင်းကို တစ်သက် မေ့လို့ ရတော့မှာမဟုတ်ဘူး"

"ဒါနဲ့ ရှင့်မှာ စီးကရက်များပါသလား"

ရှူဘင်က ခုတင်နား လျှောက်သွားပြီး ခုတင်စွန်းတွင် ဝင်ထိုင်လိုက်သည်။ ပြီးတော့ စီးကရက်ဗူးထုတ်ပေးသည်။ သူမက တစ်လိပ်ယူပြီး ပါးစပ်တွင်တပ်လိုက်သည်။ ရှူဘင်က မီးညှိပေးသည်။ သူ့လက်တွေ တုန်နေသည်။ သူမက ရှူဘင်၏လက်ကို ထိန်းကိုင်ကာ မီးညှိသည်။

စီးကရက်ကို အားရပါးရ ဖွာရှိုက်ပြီး မီးခိုးကို မှုတ်ထုတ်လိုက်သည်။ မီးခိုးလိပ်များက သူမ၏ မျက်နှာ ရှေ့တွင် အုပ်ဖုံးနေသည်။

"ရှင့် ကြည့်ရတာ တော်တော်စိတ်တက်ကြွနေပုံရတယ်၊ မိန်းမရှင်အိမ် တစ်ခါမှ မရောက်ဖူးတဲ့ လူပျိုကလေး ကျနေတာပဲ"

"ဟုတ်တယ်၊ ငါ့ဘဝမှာ မင်းလောက် ဘယ်သူ့ကိုမှ မစွဲမိခဲ့ဖူးဘူး"

သူမက ဆေးလိပ်ပြာခွက် လှမ်းယူပြီး စီးကရက်ကို ပြာခွက်ထဲ ချိုးထည့်လိုက်သည်။

ပြီးတော့ . . . သူမသည် ရှူဘင်အား သိုင်းဖက်ပြီး သူမဘေးသို့ ဆွဲလှဲလိုက်သည်။

မာဂဒါသည် ရှူဘင်၏ မျက်နှာကို လက်နှစ်ဖက်ဖြင့် ညှပ်ကိုင်ထားသည်။ ပြီးတော့ . . . ဆံပင်များကို တယုတယ ပွတ်သပ်ကစားနေသည်။

ရှူဘင်၏ မျက်နှာကို စေ့စေ့ကြည့်ပြီး ပြောသည်။

"ရှင့်ရည်းစားတော့ တော်တော်ကံကောင်းတာပဲ ရှူဘင်၊ ရှင်ဟာ အင်မတန် ထူးခြားတဲ့ ချစ်သူတစ်ယောက်ပါ၊ ကဲ . . . ပြန်ဖို့လုပ်တော့ ကျွန်မအိပ်ချင်လှပြီ"

"မင်းကို ငါ . . . သိပ်ချစ်နေပြီ မာဂဒါ၊ ငါ . . . တကယ် ပြောတာပါ၊ ယုံပါ"

သူမက မျက်နှာကို တစ်ဘက်သို့ လွှဲသွားသည်။

"ဒါကယားနာလိုပါပဲ၊ အယားပြေသွားရင်လည်း ပြီးသွားတာပဲ မဟုတ်လား"

"ငါ တကယ်ပြောနေတာပါ မာဂဒါ၊ နှလုံးသားနဲ့ တကယ်ပြောနေတာပါ"

သူမက မျက်လုံးများကို မပွင့်တပွင့် ဖွင့်ကြည့်ပြီး ပြုံးလိုက်သည်။

"ကဲ . . . ရှင့်အခန်း ရှင် ပြန်ပါတော့၊ ရှင် လိုချင်တာ ရပြီးပြီမဟုတ်လား"

သူမသည် ကိုယ်ကို တစောင်းလှည့်ပြီး အိပ်ရာပေါ်တွင် ဝမ်းလျားမှောက်လိုက်သည်။

မကြာခင်မှာပင် သူမ အိပ်ပျော်သွားတော့သည်။

ရှူဘင်သည် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေသော မာဂဒါကို တော်တော်ကြာကြာ ထိုင်ကြည့်နေမိသည်။

ထို့နောက် အိပ်ရာပေါ်တွင် ထထိုင်ပြီး တစ်ခန်းလုံးကို မျက်လုံးကစားကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အလွန်တရာ ချောမောလှပသော မိန်းကလေးတစ်ယောက်။

အလွန်တရာ စုတ်ချာလှသော အခန်းကျဉ်းကလေးတစ်ခန်း။

လောကကြီးသည် တော်တော်ပင် တစ်ဘက်စောင်းနင်းနိုင်လှသည်။ ထာဝရ ဘုရားသခင်ကလည်း ဘက်လိုက်လွန်းသည်။ ဂျိုစလင်လို မိန်းကလေးကိုတော့ မကြောင့်မကြ၊ မတောင့်မတလိုတရနိုင်သော ရွှေအိမ်စံဘဝမျိုး ဖန်တီးပေးထားသည်။ မာဂဒါလို မိန်းကလေးကျတော့ တစ်ကောင်ကြွက် တစ်မျက်နှာဘဝမှာ အိပ်စရာနေရာပင် ပြည့်ပြည့်စုံစုံမရှိရှာ။

တရားမျှတမှုမရှိသော သဘာဝတရားကို ဒေါသထွက်စရာ ကောင်းလှတော့သည်။

စိတ်ပေါက်ပေါက်ဖြင့် ခုတင်ပေါ်မှ ဆင်းလိုက်သည်။ အခန်းတံခါးကို ဖွင့်သည်။ ပြီးတော့ လမ်းမသို့ ထွက်လာခဲ့သည်။

သူသည် နှင်းမှုန်တွေ . . . လွှမ်းခြုံနေသော အရုဏ်ဦးတွင် တစ်ယောက်တည်း လျှောက်လာခဲ့သည်။

မနေ့ညက မာဂဒါနှင့်တွေ့ခဲ့ရသော ကဖေးဆိုင်ရှေ့မှ ဖြတ်လာခဲ့သည်။ နော်တာဒိန်း ဘုရားရှိခိုးကျောင်းရှေ့သို့ရောက်လာသည်။ ရှေ့သို့ဆက်လျှောက်သည်။ ကျောက်လှေကားလမ်း အတိုင်း အောက်ဘက်သို့ ဆင်းခဲ့သည်။ လက်ယာဘက်သို့ကွေ့လိုက်သည်။

စိန်းမြစ်အတိုင်း ဆက်လက်လျှောက်လာခဲ့သည်။ မြစ်ကမ်းပါး လမ်းဘေးတစ်လျှောက်တွင် အိမ်ခြေ ရာခြေမရှိသူများ တုံးလုံးပက်လက်ဖြင့် ခွေးခေသခွေးမောအိပ်ပျော်နေကြသည်။

မကြာမီတွင် သူ့တိုက်ခန်းတံခါးဝသို့ ရောက်လာခဲ့သည်။ တံခါးကိုဖွင့်ပြီး အထဲသို့ ဝင်သည်။ အခန်းဝတွင်ခဏရပ်နေလိုက်သည်။ အခန်းမျက်နှာကြက်ကို တွေပြီးကြည့်နေမိသည်။

သူ့ရင်သည် မတရားသော လောကကို နာကျည်းစိတ်နှင့် ဒေါသစိတ်များဖြင့် ရှုရင်း ဗလောင်ဆူနေသည်။

နောက်ဆုံး အခန်းထောင့်မှ ရေစင်သို့ လျှောက်လာခဲ့ပြီး ပိုက်ခေါင်းကို ဖွင့်လိုက်သည်။ ရေတွေ ပန်းထွက်လာသည်။ တစ်ခေါင်းလုံးကိုရေစိမ်ထားလိုက်သည်။

အခုမှ စိတ်ရောကိုယ်ရော လန်းဆန်းသွားသည်။ ဒေါသစိတ်လည်း ပြေသွားသည်။

မျက်နှာနှင့် ဆံပင်တွေကို သုတ်ပစ်လိုက်ပြီးနောက် အိပ်ရာပေါ်တွင်လှဲအိပ်လိုက်သည်။ လက်နှစ်ဘက်ကို ယှက်လျက် မျက်နှာပေါ်တင်လိုက်သည်။

စိတ်မျက်စိထဲတွင် မာဂဒါ၏ မျက်နှာပေါ်လာသည်။ ညတုန်းကအတွေ့အကြုံကို ပြန်လည်စဉ်းစားကြည့်သည်။ မာဂဒါ၏ ဘဝကို စာနာစိတ်တွေ တဖွားဖွား ပေါ်လာသည်။ မလှသော ဘဝကြမ်းထဲမှ ရိုးသားလှပသော မိန်းမပျိုကလေးတစ်ယောက် . . . ။

သူမအနားမှ သူ ထွက်ခွာနိုင်ပါဦးမှာလား။ သူမနှင့် နောက်တစ်ကြိမ် ပြန်မတွေ့နိုင်အောင် စိတ်စွမ်းအား သူ့တွင် ရှိမှရှိပါဦးမှာလား။

ခေါင်းအုံးတွင် မျက်နှာအပ်ကာ မှောက်အိပ်လိုက်သည်။ မောမောပန်းပန်းနှင့် ခဏအတွင်း အိပ် ပျော်သွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ရှဘင် အိပ်ရာမှ နိုးလာသောအခါ မိုးချုပ်နေပြီ။ အကြာကြီး အိပ်ခဲ့ရသော်လည်း ခေါင်းထဲတွင် လုံးဝမကြည်သေး။ ထိုင်းမှိုင်းနောက်ကျိနေတုန်းပင်ရှိသေးသည်။

ပထမဆုံးအတွေးဝင်လာတော့ မာဂဒါအကြောင်းကိုပင် စဉ်းစားမိလျက်သား ဖြစ်နေသည်။ သူ့အဖို့ တခြားရွေးစရာလမ်းမရှိတော့။ အိမ်သို့သာ အမြန်ဆုံးပြန်သွားရန် ရှိတော့သည်။ သည်လမ်းသည်သာ သူ့အတွက် တစ်ခုတည်းသော ထွက်မြောက်ရာလမ်းကြောင်းဖြစ်သည်။ သို့မဟုတ်လျှင် ဖြစ်ရပ်က ရှုပ်သည်ထက်ရှုပ်လာမည်။

သူ ပါရီတွင်ဆက်နေလျှင် နောက်ကို ပြန်လှည့်နိုင်စရာ အကြောင်းမရှိတော့။

ရှိသမျှ စိတ်ခွန်အားကို စုစည်းပြီး ခုတင်ပေါ်မှခုန်ဆင်းလိုက်သည်။ ပြီးတော့ မျက်နှာသစ်သည်။ အဝတ်အစားလဲသည်။ အဝတ်အစားတွေကို လက်ဆွဲသေတ္တာထဲ စုထည့်လိုက်သည်။

တံခါးလက်ကိုင်ဘုကိုကိုင်ပြီး ငူငူကြီးရပ်နေမိသည်။ တစ်ခန်းလုံးကို မျက်လုံးကစားကြည့်လိုက်သည်။ လွန်ခဲ့သော နှစ်ရက်သုံးရက်က ဖြစ်ရပ်တွေကို ပြန်လည်စဉ်းစားမိသည်။

သူသည် မိန်းကလေးတစ်ယောက်ကို ချစ်သောစိတ်ဖြင့် ပါရီသို့ရောက်လာခဲ့သည်။ ထိုမိန်းကလေးသည် မိမိ၏ရာသက်ပန်ဘဝကြင်ဖော်ဖြစ်နိုင်သော အရည်အချင်းနှင့် ကုံလုံပြည့်စုံသည်ဟုလည်းယုံကြည်သည်။

သို့သော် ယခုအချိန်တွင်မူ သူသည် တခြားမိန်းကလေးတစ်ယောက်ကို အရှုးအမူး စွဲလန်းမိသောစိတ်ဖြင့် ပါရီမှထွက်ခွာသွားရပေတော့မည်။

တကယ်တော့ သူသည် ကျီစလင်အား ငုံထားမတတ် ချစ်မြတ်နိုးသည်တော့မဟုတ်။ ကျီစလင်သည် ရုပ်ရှည်ချောမော၍ ချစ်စရာကောင်းသည်မှာအမှန်ပင်။ "ဟက်"မိသားစုဝင် ဇနီးကောင်းတစ်ယောက်ဖြစ်လာနိုင်သည်မှာအမှန်ပင်။ သည်အချက်ကို ရှဘင်က စိုးစဉ်းမျှ သံသယ မဖြစ်မိခဲ့။

သို့သော် . . . ချစ်မေတ္တာဆိုတာက တော်တော်ခက်သည်။ ချစ်သူ ရှိပြီးသားမို့ နောက်တစ်ယောက် ကို မချစ်ပါနဲ့ဟူ၍ တားလို့ရသော အရာမျိုးမဟုတ်။

ဘာပဲပြောပြော သူ့အနေဖြင့် တစ်ခုတော့ သေချာသည်။ သူသည် မာဂဒါအား တစ်သက်မေ့ ဖျောက်၍ ရနိုင်တော့မည်မဟုတ်။ မာဂဒါကိုချစ်သော အချစ်မျိုးဖြင့် ဘယ်မိန်းမကိုမှ ချစ်နိုင်တော့မည်မဟုတ်။

လက်ဆွဲသေတ္တာကို ကောက်ယူပြီး တံခါးရွက်ကိုဆွဲဖွင့်လိုက်သည်။ ပြီးတော့ လှေကားထစ်ကို နှစ်ထစ်ကျော်လှမ်းဆင်းလျက် လမ်းမဆီသို့ ခပ်သုတ်သုတ်လျှောက်လာခဲ့သည်။

အငှားကား ဆရာကို ပိုက်ဆံ ရှင်းပေးပြီးနောက် ကားပေါ်မှဆင်းလိုက်သည်။

ဘူတာရုံထဲသို့ ဝင်လာပြီး လက်မှတ်တစ်စောင်ဝယ်လိုက်သည်။

ပြီးတော့ . . . ဘူတာရုံထဲမှ သစ်သားခုံတန်းတွင်ဝင်ထိုင်ရင်း ရထားအလာကို စောင့်နေသည်။ ရထားက ပြင်သစ်နိုင်ငံမြောက်ပိုင်းရှိ ကာလေမြို့သို့ထွက်ခွာမည်။ ထိုမှတစ်ဆင့်



www.burmeseclassic.com

www.burmeseclassic.com



အင်္ဂလန်နိုင်ငံမှ ဒိုဗာဆိပ်ကမ်းသို့ သင်္ဘောစီးရမည်။ ထိုမှတစ်ဖန် လန်ဒန်မြို့သို့ ရထားစီးပြီး ဝိတိုရိယဘူတာရောက်မှ ခရီးဆုံးမည်။ မာဂဒါနှင့်ဝေးရပြီ။ မာဂဒါနှင့် ဘယ်တော့မှ ပြန်မတွေ့နိုင်တော့ . . .။

ရှုဘင်သည် ခုံတန်းပေါ်ထိုင်ရင်း အတွေးနယ်ချဲ့နေသည်။ သို့သော် အတွေးက မကြည်လင်။ စိတ်ရောကိုယ်ရော ထုံထိုင်းမှုန်ထူနေသလိုခံစားနေရသည်။ ခရီးသည်တွေ ဝင်လိုက်ထွက်လိုက်ဖြင့် ရှုပ်ယှက်ခတ်နေသည်။ သူ့မျက်စိများက ဘာကိုမျှကွဲကွဲပြားပြားမမြင်ရ။ လူက တစ်နေရာ စိတ်ကတခြားရောက်နေသည်။

ရုတ်တရက် အတွေးတစ်ခု လက်ကနဲ ဝင်လာသည်။

သူသည် ပါရီရောက်သည့်နေ့ကစပြီး ဂျူစလင်ထံသို့လည်းကောင်း၊ မိဘများဆီသို့လည်းကောင်း စာတစ်စောင်မျှမရေးဖြစ်ခဲ့။ ထို့ကြောင့် သူတို့က နောက်အပတ်အင်္ဂါနေ့မှ သူပြန်လာမည်ဟု ယူဆနေကြလိမ့်မည်။

လက်ပတ်နာရီကို ကြည့်လိုက်သည်။ အချိန်ရှိသေးသည်။ သံကြိုးရိုက်လို့ ရနိုင်သေးသည်။

ခပ်လှမ်းလှမ်းမှ ဝက်ခြံရုံးခန်းကလေးဆီ လျှောက်သွားပြီး၊ စာရေးထံမှ သံကြိုးစာပုံစံတစ်စောင် တောင်းယူလိုက်သည်။

ပြီးတော့ သူ မကြာမီ ပြန်လာတော့မည်ဖြစ်ကြောင်း ကမန်းကတန်း ရေးလိုက်သည်။

သံကြိုးစာရလျှင် အိမ်ကလူတွေက အံ့သြနေကြလိမ့်မည်။ သူသည် ပါရီကို အလွန်စွဲလမ်းကြောင်း သူတို့အားလုံးသိကြသည်။ သူ အခုလိုချက်ချင်းပြန်လာတာ ဘာကြောင့်ပါလိမ့်ဟု သူတို့က သံသယဝင်မိ ကြမည်မှာ သေချာသည်။

သံကြိုးစာကို ပြန်ဖတ်ကြည့်သည်။

ဟင် . . . မထူးပါဘူး။ ဖြစ်ချင်ရာဖြစ်ပါစေတော့ ဟူသောအတွေး ဝင်လာမြီး သံကြိုးစာကို ဆွဲ ဆုတ်လွှင့်ပစ်လိုက်သည်။

ထို့နောက် ဘူတာရုံထဲမှ ကမန်းကတန်းပြန်ထွက်လာခဲ့ပြီး အငှားကားတစ်စီး လှမ်းခေါ်လိုက်သည်။

အငှားကားကလေးသည် မာဂဒါ၏တိုက်ခန်းရှိရာဆီသို့ ဦးတည်ပြေးလွှားနေလေပြီ တကား. . .။

သူသည် ကားပေါ်တွင်လိုက်လာရင်း ဘာကိုမျှမစဉ်းစားမိအောင် စိတ်ကို ထိန်းချုပ်ထားရန် အစွမ်းကုန်ကြိုးစားသည်။ သို့သော် စိတ်ကအလိုလိုတွေးမိလျက်သာ ဖြစ်ဖြစ်သွားသည်။ သူ၏ ဆုံးဖြတ်ချက်သည် နောက်ပိုင်းတွင်သူ့အတွက် စိတ်ဆင်းရဲစရာကြုံရလိမ့်မည်ဆိုသည်ကို သူတွေးမိသည်။ သို့သော် လောလောဆယ်တွင် သူ့ဆင်ခြင်တုံတရားကို မာဂဒါကသာ အလုံးစုံ လွှမ်းမိုးခြုံထားသည်။ သူသည် မာဂဒါမှတစ်ပါး တခြား ဘယ်သူ့မျက်နှာကိုမျှ မထောက်နိုင်တော့ . . .။

စိတ်ထဲမှ ချိတုံချတုံ ဖြစ်ကာ တံခါးဝတွင်ရပ်နေမိသည်။ ခဏကြာတော့မှ တံခါးကို ခေါက်လိုက်သည်။ တံခါးဝတွင် မာဂဒါလာရပ်သည်။ သူမသည် ရှုံသားဝတ်စုံကိုပင် ဝတ်ထားဆဲ ဖြစ်သည်။ သူမ၏ မျက်နှာတွင် ပျော်ရိပ်လည်းမမြင်၊ ဆွေးရိပ်လည်းမထင်။



www.burmeseclassic.com

www.burmeseclassic.com



သူမက ရှဘင် ဝင်သာအောင် တံခါးရွက်ကို ကျယ်ကျယ်ဖွင့်ပေးသည်။ ရှဘင်က အခန်းထဲဝင်လာပြီး လက်ဆွဲသေတ္တာကိုချထားလိုက်သည်။ ပြီးတော့ . . . သံပြတ်ဖြင့် တုံးတိတိပင် ပြောလိုက်သည်။

"ငါ မပြန်နိုင်တော့ဘူး"

မာဂဒါက ခုတင်ပေါ်တွင် ပြန်လှဲအိပ်လိုက်ပြီး ရှဘင်၏ မျက်နှာကို စိုက်ကြည့်နေသည်။ ပြီးတော့မှ . . .

"ဘာဖြစ်လို့ အဲဒီလို မိုးတိုးမတ်တပ်ကြီး ရပ်နေတာလဲ၊ ထိုင်ပါလား" ရှဘင်က ဆိုဖာကုလားထိုင်စုတ်တွင် ဝင်ထိုင်သည်။

မာဂဒါ၏ နှုတ်ခမ်းအစုံတွင် သရော်ပြုံးတစ်ချက် ပွင့်သွားသည်။

"ရှင် ပြန်လာတယ်ပေါ့ဟုတ်လား၊ ဘာလဲ . . . ကျွန်မက ရှင့်ကို အိမ်ပြန်လက်ဆောင် လုံလုံလောက်လောက် မပေးလိုက်သေးဘူးလို့ ထင်လို့လား"

"မင်းကို ငါ သိပ်ချစ်နေပြီမာဂဒါ၊ ငါ မင်းအနားက ခွဲမသွားနိုင်တော့ဘူး"

"ဒီစကားမျိုးတွေကို ကျွန်မက ကြားရပေါင်းများလှပါပြီရှင်၊ အချစ်ဆိုတာကိုလည်း ကျွန်မ လုံးဝ မယုံတော့ပါဘူး"

"အဲဒါက မင်းက အချစ်စစ် အချစ်မှန်ကို မခံစားရသေးလို့ပါ"

"ရှင်က ကျွန်မကို တကယ်အချစ်စစ်အချစ်မှန်နဲ့ ချစ်တယ်ပေါ့ဟုတ်လား၊ ရှင်က ကျွန်မကို မနေ့ကမှ စတွေ့သေးတာ၊ ဒီနေ့မခွဲနိုင်အောင်ဖြစ်နေပြီဆိုတဲ့စကားကို တကယ်ယုံရပါ့မလား၊ ကျွန်မတော့ လုံးဝမယုံပါဘူး၊ ရယ်ပဲ ရယ်လိုက်ချင်တော့တယ်"

"မရယ်လိုက်ပါနဲ့ မာဂဒါ၊ ငါ ကာလေကို ရထားလက်မှတ်တောင် ဝယ်ပြီးပါပြီ၊ ဒါပေမယ့် ရထားလာခါနီးမှာ ငါစိတ်ပြောင်းသွားပြီး မင်းဆီတန်းပြန်လာခဲ့တာပဲ"

"ရှင့်အဖြစ်က စိတ်ဝင်စားစရာသိပ်ကောင်းတာပဲ၊ ရှင်က ကျွန်မကို ဒီနေရာက ဆွဲထုတ်ချင်လို့ ပြန်လာတာလား၊ သေရတာထက် ဆိုးရွားတဲ့ဘဝက ကယ်တင်ချင်လို့လား၊ စိတ်ကူး မယဉ်စမ်းပါနဲ့ ရှင်ရယ်၊ ကိုယ့်လမ်းကိုယ်သာ ဖြောင့်ဖြောင့်တန်းတန်း ပြန်သွားစမ်းပါ၊ ကျွန်မ ဘဝနဲ့ ကျွန်မ အေးအေးဆေးဆေးနေပါရစေ၊ ရှင်ကကျွန်မကို ဘာမှမပေးနိုင်ပါဘူး။ ကျွန်မဆီကသာ ရှင်လိုချင်သမျှ ကျေနပ်အောင်ယူသွားပါ။ ကျွန်မမိဖတွေ ဘယ်လိုနေထိုင် စားသောက်နေရတယ် ဆိုတာ ရှင်သိရဲ့လား၊ သူတို့ဘာကြောင့် အသက်ရှင်နေရတယ်ဆိုတာ ရှင်သိရဲ့လား၊ ရှင်သိအောင် ကျွန်မပြောပြပါ့မယ်၊ သူတို့က ဒီသမီးတစ်ယောက်ရှိလို့ အသက်ရှင်နေခဲ့ကြရတာ၊ ဒီသမီးမှာ သဘာဝကပေးထားတဲ့ ရောင်းစရာ ကုန်ပစ္စည်းပါလာလို့ သူတို့ အသက်ရှင်နေခဲ့ကြရတာ၊ ရှင်က ထမင်းမငတ်ဖူးတော့ ထမင်းငတ်နေတဲ့လူတွေရဲ့ဒုက္ခကို ခံစားတတ်မှာမဟုတ်ပါဘူး၊ ငတ်မွတ်ခြင်းရဲ့ ဒုက္ခကို မခံမရပ်နိုင်အောင်ခံစားလာရတဲ့အခါ သဘာဝကပေးထားတဲ့ ရောင်းစရာပစ္စည်း ပါလာတာ ကိုပဲ တွေးပြီး ကျေးဇူးတင်လို့မဆုံးပါဘူး။ မှားတယ် မှန်တယ် ဆိုတာလည်း မစဉ်းစားနိုင်တော့ဘူး၊ ကောင်းမှု မကောင်းမှု ဆိုတာလည်း ထည့်မတွက်နိုင်တော့ဘူး၊ အသက်တစ်ချောင်းအတွက် ကိုယ်နဲ့ခင်းပြီး ပိုက်ဆံရှာရတာပေါ့၊ သူတို့ စားပွဲပေါ်ကို စားစရာတွေ ဘယ်လို ရောက်လာတယ်ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ မိဖတွေသာ သိသွားမယ်ဆိုရင် မျိုးကျမှာတောင် မဟုတ်ပါဘူး၊ အဲဒီလို ဘဝမျိုး ရောက်နေတဲ့ ကျွန်မလို မိန်းမတစ်ယောက်ကို ရှင်က အချစ်စစ်အချစ်မှန်အကြောင်း လာပြောနေတော့ ရယ်စရာလို ဖြစ်မနေဘူးလားဟင်"

ရှုဘင်က ဘာစကားမှမပြောဘဲ ခုတင်စွန်းတွင်သွားထိုင်သည်။ မာဂဒါ၏ လက်နှစ်ဖက်ကို ဆုပ်ကိုင်သည်။ ပြီးတော့ ဆံပင်ကို ပွတ်သပ်ရင်း ပြောသည်။

"မင်းနဲ့ ငါနဲ့က ဘဝချင်း သိပ်ကြီးမကွာခြားပါဘူးမာဂဒါ၊ မင်းလည်း ဘဝကို ပေးဆပ်နေရသူပါ၊ ငါလည်း ဘဝကို ပေးဆပ်နေရသူပါ၊ တို့နှစ်ယောက်စလုံးက ဘဝတူတွေပါပဲ၊ ဒါပေမယ့် . . . ခုအချိန်မှာ မင်းနဲ့ ငါနဲ့သာ အဓိကပါ"

မာဂဒါက ခေါင်းကို ခါယမ်းလိုက်သည်။

"ဒါပေမယ့် ရှင့်အတွက် ရှင်ရွေးရမှာပါ၊ ရှင် ကျွန်မဘဝထဲ ဝင်မလာပါနဲ့၊ ရှင့်လမ်းရှင် သွားပါ၊ ကျွန်မလမ်း ကျွန်မလျှောက်ပါရစေ၊ ရှင့်အချစ်ကို ကျွန်မ မလိုချင်ဘူး၊ အဲဒီလို လုပ်ရင် ကျွန်မရော ရှင်ရော ဒုက္ခရောက်လိမ့်မယ်၊ အဲဒီတော့ ရှင် . . . ဘူတာရုံကို ပြန်သွားပြီး ရှင့်အိမ်ကို ရှင်ရောက်အောင်သွားပါ၊ ကျွန်မဘဝနဲ့ကျွန်မ နေပါရစေ၊ ကျွန်မ တောင်းပန်ပါတယ်၊ ရှုဘင်"

"ငါ စကားတစ်ခွန်း ပြောပါရစေဦး မာဂဒါ"

"ရှင်မပြောပါနဲ့၊ ပြောစရာလည်းမလိုတော့ပါဘူး၊ ရှင် ပြောတာကိုလည်း ကျွန်မ နားမထောင်ချင်တော့ပါဘူး၊ ကျွန်မ ဘဝကိုလည်း ကျွန်မ မရောင်းစားချင်တော့ပါဘူး၊ တကယ်တော့ ကျွန်မဟာ ကျွန်မဘဝရပ်တည်မှုအတွက် ကျွန်မနည်းနဲ့ကျွန်မ စခန်းသွားနေရတဲ့ လူတစ်ယောက်ပါ"

"အဲဒီလို မပြောပါနဲ့မာဂဒါ၊ မင်းကိုငါချစ်တာ ရုပ်ကိုသက်သက်မဟုတ်ပါဘူး၊ မင်းနှလုံးသားကို ချစ်လို့ ငါဒီလို လုပ်ရတာပါ၊ မင်းက မင်းထင်တာထက် တန်ဖိုးရှိတဲ့ မိန်းကလေး တစ်ယောက်ပါ"

မာဂဒါက အသံထွက်အောင် ရယ်ပစ်လိုက်သည်။

"ရှင်တော်တော် အ,သေးတာပဲ၊ တော်တော် အမြင်ကျဉ်းသေးတာပဲ၊ ကျွန်မဟာ လက်ရှိ ဘဝထက် ပိုပြီး တန်ဖိုးရှိသေးတယ်ဟုတ်လား၊ အင်း . . . တော်တော် ရယ်စရာကောင်းတဲ့ စကားပဲ၊ တကယ်တော့ ကျွန်မဟာ ကျွန်မနဲ့ထိုက်တန်တဲ့ တန်ဖိုးကို ရနေတာပါ၊ ဒီထက်ပိုပြီး ရစရာလည်း မရှိတော့ပါဘူး၊ ဖေဖေဟာ ခြောက်နှစ်သားကစပြီးအလုပ်လုပ်ခဲ့ရတယ်၊ အသက် ၃၀မှာ ဖွတ်ကျော ပြာစုဘဝနဲ့သေသွားတယ်၊ အဲဒီထက်ပိုပြီး ဘာများ ရသင့်သေးသလဲ၊ မေမေလည်း ဖေ့ဖေ့ သောကနဲ့ပဲ သချိုင်းလိုက်သွားခဲ့တယ်၊ သူကော အဲဒီ ထက်ပိုပြီး ဘာများ ရသင့်သေးသလဲ၊ ပြီးတော့ ကျွန်မအစ်ကို နီကို၊ ၁၈နှစ်သားမှာ စစ်ထဲလိုက်သွားပြီး စစ်မြေပြင်မှာပဲ အသက်ပေးသွားခဲ့ရတယ်၊ သူလည်း သူနဲ့ ထိုက်တန်တဲ့ တန်ဖိုးကို ရသွားတာပါပဲ၊ ဒါနဲ့များ ရှင်က ကျွန်မကို ပိုပြီး တန်ဖိုးရှိပါသေးတယ်လို့ လာပြောနေရသေးသလား ရှေ့နေကြီးရယ်"

ရှုဘင်၏ မျက်လုံးအစုံတွင် မျက်ရည်တွေဝေ့လာသည်။ မာဂဒါ စိတ်ထိခိုက်မည်စိုး၍ သူက မျက်နှာကို တစ်ဘက်လှဲ့ပစ်လိုက်သည်။ မာဂဒါက ရှုဘင်၏ပါးနှစ်ဘက်ကို သူမ၏ လက်နှစ်ဘက်ဖြင့် ညှပ်ကိုင်လိုက်သည်။ ပြီးတော့ ရှုဘင်၏ အကျႌအိတ်ထဲမှ လက်သုတ်ပဝါကိုယူပြီး



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ခမ်းတွေကို သုတ်ပေးသည်။

သူမက လေညင်းသံကလေးဖြင့် တိုးတိုးပြောသည်။

"တကယ်တော့ ရှင်က လူ့ဘဝအကြောင်း ကောင်းကောင်းမသိသေးပါဘူး ရှဘင်၊ ဒါပေမယ့် ရှင် ငိုတာကိုတော့ ကျွန်မ သဘောကျပါတယ်၊ ရှင်နဲ့ ကျွန်မနဲ့က ဘဝချင်း မတူကြပါဘူး"

"ဘဝချင်းမတူပေမယ့် ခံစားချက်ချင်း တူညီနိုင်ပါတယ် မာဂဒါ"

"ရှင်ခံစားရတာက ရှင့်အပြစ်ကိုရှင်ရှက်မိလို့ပါ၊ ရှင်က အလွန့်အလွန် ချမ်းသာတဲ့ သူဌေးသားမဟုတ်လား၊ ရှင်မပြောဘဲနဲ့ ရှင့်ခံစားချက်ကို ကျွန်မသိပါတယ်၊ ရှင် ခံစားရတာက ရှင့်အပြစ်နဲ့ ရှင်ရှက်နေလို့ပါ"

သူက သူမ၏ လက်ကို တင်းတင်းကလေး ဆုပ်ကိုင်လိုက်သည်။

"ဟုတ်ပါတယ် ငါ့ကိုယ်ငါ ရှက်မိတာအမှန်ပါပဲ၊ ဘဝဟာ မတရားဘူး၊ ငါ့ကိုကျတော့ အများကြီးပေးတယ်၊ မင်းကိုကျတော့ ဘာမှမပေးဘူး၊ အဲဒါကို ငါ လုံးဝမကျေနပ်ဘူး၊ ငါ ပြောင်းလဲပစ်မယ်၊ မင်းကို ငါ စောင့်ရှောက်ပါရစေ မာဂဒါ"

သူမက အသံထွက်အောင် ရယ်လိုက်ပြန်သည်။

"အဲဒီတော့ ရှင်ဆိုလိုတာက ကျွန်မဟာ ရှင့်မယားငယ် ဖြစ်ရမယ်ဆိုပါတော့ ဟုတ်လား၊ ရှင် ဒီလို ဘာကြောင့်တွေးရတာလဲ၊ ကျွန်မက ရှင့်ကို ပြန်ချစ်လိမ့်မယ်လို့ ထင်နေလို့လား၊ ရှင်တို့ယောကျ်ားတွေဟာ အမြင်ရခက်တဲ့ ရောဂါပိုးတွေနဲ့ အတူတူပဲ၊ ရှင်က ကျွန်မကို စောင့်ရှောက်ပါရစေလို့ ပြောတယ်၊ ကျွန်မက ရှင့်ရင်ခွင်ထဲ ပြေးဝင်လာလိမ့်မယ်လို့ ထင်သလား၊ ရှင်က တော်တော်အ,သေးတာပဲ၊ ဟုတ်ပါတယ်၊ ရှင်တော် တော် အ,ပါသေးတယ်၊ တကယ်တော့ ရှင်ဟာ ကျွန်မအကြောင်းဘာမှ မသိပေးပါဘူး၊ ဘူခါရက်မြို့က ရောက်လာတဲ့ တစ်ကောင်ကြွက် တစ်မျက်နှာ ဂျူးမကလေးမာဂဒါအကြောင်း ဘာမှနားမလည်သေးပါဘူး၊ ရှင်က မယားငယ် လိုချင်တယ်၊ ရတယ်၊ ရှင့်အဖို့ ဘာပြဿနာမှမရှိဘူး၊ မရှိနိုင်ပါဘူး၊ ရှင်က သူဌေးသား၊ ပိုက်ဆံ ချမ်းသာတာကိုး"

"တော်ပါတော့ မာဂဒါရယ်၊ ငါ့ကို စကားနာထိုးပြီး မနှိပ်စက်ချင်ပါနဲ့တော့ကွယ်၊ မင်းကိုငါ မယားငယ်သဘောနဲ့ ဆက်ဆံဖို့ လုံးဝမရည်ရွယ်ပါဘူး၊ ငါ့နှလုံးသားထဲက ပေါက်ဖွားလာတဲ့ မေတ္တာစစ်နဲ့ တကယ်ချစ်မိလို့ ပြောတာပါ မာဂဒါ၊ ယုံပါ . . . မာဂဒါ"

သူမက ရှဘင်ဆုပ်ကိုင်ထားသော သူမ၏လက်ကို ပြန်ရုပ်လိုက်သည်။ ပြီးတော့ ခေါင်းအုံးပေါ် မှီအိပ်လိုက်ပြီး အောက်နှုတ်ခမ်းကို ခပ်တင်းတင်းကလေးကိုက်ရင်း ရှဘင်၏မျက်နှာကို စိုက်ကြည့်နေသည်။

"ကျွန်မကို ဆေးလိပ်တစ်လိပ် ညှိပေးပါ၊ ဒါနဲ့ ရှင် ကျွန်မဆီက ဘာလိုချင်လို့လဲ"

"မင်း စိတ်ချမ်းသာအောင် ငါ ကူညီချင်တယ်"

"ကျွန်မ စိတ်ချမ်းသာအောင် ဟုတ်လား၊ မဖြစ်နိုင်တဲ့အလုပ် မလုပ်ချင်ပါနဲ့ ရှဘင်ရယ်၊ ရှင်နဲ့ သက်ဆိုင်ကဲ့ လောကကိုပဲ ပြန်သွားပါ၊ ကျွန်မလည်း ကျွန်မနဲ့ သက်ဆိုင်တဲ့ လောကမှာပဲ နေပါရစေ"



www.burmeseclassic.com

www.burmeseclassic.com



"ငါ . . . တကယ်ပြောတာပါ မာဂဒါ၊ မင်းကိုငါ ကူညီပါရစေ"

သူမသည် ရုတ်တရက် အိပ်ရာပေါ်က ထထိုင်ပြီး အော်ပြောလိုက်သည်။

"ရှင် . . . ရူးနေပြီထင်တယ်"

သူက သူမကို ဖက်လိုက်သည်။ "ငါ . . . မရူးပါဘူး၊ ငါက အခုမင်းလုပ်နေတဲ့ အလုပ်မျိုးကို မလုပ်စေချင်ဘူး၊ မင်းကို လောကမှာသိက္ခာရှိရှိနဲ့ နေစေချင်တယ်"

သူမက ရှုဘင်၏ ရင်ခွင်ထဲမှ ရုန်းထွက်လိုက်သည်။ ပြီးတော့ အံ့ဩသော အမူအရာဖြင့် ရှုဘင်၏ မျက်နှာကို အကြာကြီး စိုက်ကြည့်နေသည်။ ထို့နောက် ခေါင်းကို ခါယမ်းလိုက်ပြီး . . .

"ရှင်က အဲဒီလို ဘာကြောင့်လုပ်ချင်တာလဲ၊ ရှင့်အတွက် ဘာအကျိုးရှိမှာမို့လဲ၊ လူတစ်ယောက်ဟာ အလုပ်တစ်ခုကို လုပ်တယ်ဆိုတာ ရည်ရွယ်ချက်တစ်ခု ရှိလို့ပဲ"

"အဲဒီလို လုပ်ရင် ငါ စိတ်ချမ်းသာမယ်လို့ ယုံကြည်တယ်၊ မင်းကို ဂုဏ်သိက္ခာရှိတဲ့ အိမ်ထောင်ရှင်မတစ်ယောက် အနေနဲ့ မြင်ချင်တယ်"

သူမက မယုံကြည်နိုင်စွာဖြင့် မျက်လုံးကိုမှေး၍ စိုက်ကြည့်နေသည်။

"ဒီလိုဆို ရှင်က ကျွန်မဘဝကို ကယ်တင်ချင်တယ်ပေါ့ ဟုတ်လား"

"ဟုတ်တယ်၊ အဲဒါ ငါ့ရဲ့ ပြင်းပြတဲ့ဆန္ဒပဲ"

သူမက ယခုတိုင် မယုံနိုင်သေး။

"ရှင့်ကို ကျွန်မနားမလည်နိုင်တော့ဘူး ရှုဘင်၊ ရှင် . . . ဒီလို ဘာကြောင့် လုပ်ချင်ရတာလဲ၊ ရှင်အရူးပဲ"

"ဟင့်အင်း၊ ငါ မရူးပါဘူး၊ မင်းကို ငါ တကယ် လက်ထပ်ပြီး ယူချင်ပါတယ်၊ ငါ တကယ် ပြောနေတာပါ"

"ကျွန်မကမှ ရှင့်ကို မချစ်နိုင်တာပဲ၊ အဲဒါကို ရှင်မတွေးမိဘူးလား၊ ရှင့်ကို ကျွန်မ မချစ်နိုင်ဘူး၊ ကျွန်မ ဘယ်သူ့ကိုမှ မချစ်နိုင်ဘူး၊ ကျွန်မမှာ အချစ်ဆိုတာ မရှိတော့ပါဘူး၊ ကဲ ရှင် ဘယ်လိုလုပ်မှာလဲ၊ ကျွန်မကို ရှင်ချစ်တဲ့ စိတ်မွေးနိုင်သေးရဲ့လား"

"မွေးနိုင်ပါတယ်၊ တစ်သက်လုံး မွေးနိုင်တယ်"

သူမက ခေါင်းကို ခါယမ်းလိုက်ပြန်သည်။

"ကျွန်မဟာ ယောကျ်ားတွေအကြောင်း အကုန်လုံး သိတယ်လို့ ကျွန်မကိုယ်ကျွန်မ ထင်ခဲ့တယ်၊ ဒါပေမယ့် ရှင့်အကြောင်းကိုတော့ ကျွန်မဘယ်လိုမှ နားလည်လို့ မရဘူး၊ ရှင့်ကိုတော့ ကျွန်မ လက်မြှောက်ပါပြီ။ ရှင့်ကိုကျွန်မ ကြောက်တောင်ကြောက်လာပြီ ရှုဘင်"

သူက သူမတစ်ကိုယ်လုံး ပွေ့ချီပြီး ခုတင်ပေါ်မှာသိပ်လိုက်သည်။ သူကလည်း သူမဘေးတွင် ဝင်လှဲလိုက်သည်။

"ငါ့ကို ကြောက်လည်းမကြောက်ပါနဲ့၊ နားလည်အောင်လည်း မကြိုးစားပါနဲ့ မာဂဒါ၊ ကျေးဇူးပြုပြီး ငါပေးတဲ့အရာကိုသာ ကြည်ကြည်ဖြူဖြူ လက်ခံစေချင်တယ် မာဂဒါ၊ မင်းကိုငါ သိပ်ပြီး ချစ်တယ်ဆိုတာ ယုံကြည်ပါ၊ အဲဒါဆိုရင် လုံလောက်ပါပြီ"

သူမက သူ့ကို စိုက်ကြည့်နေသည်၊ သူမ၏ မျက်လုံးအစုံတွင် မျက်ရည်တွေ ဝေ့ဝဲလာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင့်ကို ကျွန်မ အခုထိအောင်နားမလည်နိုင်သေးဘူး ရှုဘင်"

"မင်းဆီမှာ ထူးခြားတဲ့ အချက်တစ်ခု ငါ တွေ့ရတယ် မာဂဒါ၊ အဲဒါကို ဘာရယ်လို့ ငါ ပြောတတ်ဘူး၊ ပြောလို့လည်းမရဘူး၊ ငါပြောနိုင်တာ တစ်ခုကတော့ မင်းဟာ ငါ့ရဲ့ အစိတ်အပိုင်းတစ်ခု ဖြစ်သွားပြီဆိုတဲ့ အချက်ပဲ၊ ဒီအချက်ဟာ လုံးဝမပြောင်းလဲဘူး၊ ဘယ်တော့မှလည်း ပြောင်းလဲနိုင်ဘူး။ ငါပြောတာကို ယုံစမ်းပါ၊ တကယ်ယုံပါ မာဂဒါရယ်"

ထို့နောက် သူက မာဂဒါ၏ ကိုယ်ခန္ဓာကို သူ့ဘက်သို့ အသာကလေး ဆွဲလှည့်လိုက်သည်။

ရှုဘင်သည် အရုဏ်တက်တွင် အိပ်ရာမှ နိုးလာခဲ့သည်။ မာဂဒါသည် သူ့ဘေးတွင် မျှင်းမျှင်းကလေး အသက်ရှူရင်း အိပ်ပျော်နေဆဲဖြစ်သည်။ သူမသည် ကလေးငယ်တစ်ယောက်ပမာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေသည်။ အလွန်ချစ်စရာကောင်းသော မျက်နှာကလေး။ အပူအပင်မရှိသော မျက်နှာကလေး။ သောကရိပ် လုံးဝကင်းစင်သောမျက်နှာကလေး။

သူက အိပ်ရာမှအသာအယာထကာ အဝတ်သေတ္တာကိုဖွင့်ပြီး ဝတ်ရုံပွကြီးကို ဝတ်လိုက်သည်။ ထို့နောက် သေတ္တာထဲမှစာရေးစက္ကူကတ်ကိုယူ၍ ဂျူလင်ထံ စာရေးရန်စားပွဲတွင် ထိုင်သည်။ စာတစ်လုံးမှ မရေးဖြစ်ဘဲ စာရွက်လွတ်ကိုသာ အကြာကြီး စိုက်ကြည့်နေမိသည်။

တစ်ကိုယ်လုံး အေးစိမ့်သလိုခံစားမိသည်။ သို့သော် သူ့နဖူးတွင် ချွေးပြန်လာသည်။ ဖောင်တိန်ကို ကိုင်ထားသော လက်ကလည်း ချွေးစို့လာသည်။

စာကို စတင်ရေးသားသည်။ ထို့နောက် စာရွက်ကိုလုံးခြေပစ်လိုက်သည်။ နောက်တစ်ရွက်တွင် ပြန်ရေးပြန်သည်။ ငါးကြိမ်တိတိစာရွက်ကိုဆွဲဆုတ်လုံးခြေပစ်လိုက်သည်။ "အချစ်ရေ"ဟူသော စာတစ်ကြောင်း က ရှေ့သို့ ဆက်မရေးနိုင် ဖြစ်နေသည်။ နောက်ဆုံး အားတင်းလိုက်ပြီး ဆက်တိုက် ရေးချနေတော့သည်။

"ချစ်သော ဂျူလင် . . .

*ချက်ချင်း စာမရေးနိုင်တာကို ခွင့်လွှတ်ပါကွယ်။ အခုလို စာရေး နောက်ကျတာဟာ တကယ်တော့ခွင့်မလွှတ်နိုင်စရာပါပဲ။ ဒါပေမယ့် ပါရီက လူတစ်ယောက်ကို ညှို့အားကောင်းကောင်းနဲ့ ဖမ်းစားထားသလိုပါပဲကွယ်။ တစ်နေ့ပြီး တစ်နေ့ အချိန်တွေကုန်မှန်းမသိ ကုန်သွားတာနဲ့ အခုလို တာဝန်ပျက်ကွက်ရတာကို ခွင့်လွှတ်ပါလို့ ကိုယ်တောင်းပန်ပါတယ် အချစ်ရေ . . . ၊ ကိုယ့်ကို မင်းနားလည် လိမ့်မယ်လို့လည်းယုံကြည်ပါတယ်ကွယ်၊ ကိုယ်ပြန်ရောက်တဲ့အခါ မင်းကျေနပ် အောင်အကြွေးပြန်ဆပ်ပါ့မယ်နော်၊ ဒီစာကို ဖတ်ရတော့ မင်းအနေနဲ့ အရင်လို ပဲပျော်ရွှင်ချမ်းမြေ့လိမ့်မယ်လို့ ကိုယ် ယုံကြည် လျက်ပါ။ မင်းရဲ့ မိသားစုအားလုံး ကျန်းမာ ရွှင်လန်းပါစေကြောင်း ဆုမွန်တောင်းလိုက် ပါတယ်ကွယ်။*

ချစ်သော

ရှုဘင်"

www.burmeseclassic.com



သူသည် မသိမသာ သက်မတစ်ချက် ချလိုက်ပြီးနောက် ခြောက်နေသော နှုတ်ခမ်းများကို လျှာနှင့် လျက်လိုက်သည်။ မိမိ၏ ပျော့ညံ့ချက်ကို မကျေနပ်ခြင်းဖြစ်မိရင်း စာအိတ်ကို ပိတ်ပြီး အပေါ်ထောင့်နားတွင် တံဆိပ်ခေါင်းကပ်လိုက်သည်။

ပြီးတော့ ကပျာကယာ အဝတ်အစားလဲသည်။

သူ နေ့ခင်းပိုင်းတွင် ပြန်လာမည့်အကြောင်း မာဂဒါ သိနိုင်ရန် စာတိုကလေးတစ်စောင် ရေးကာ မှန်ကြားတွင် ညှပ်ထားလိုက်သည်။

ထို့နောက်အိပ်ပျော်နေသော အလှမင်းသမီးကလေးအား တစ်ချက် ပြန်ကြည့်လိုက်ပြီးတော့ အခန်း ထဲမှ ထွက်လာခဲ့တော့သည်။

ရှူဘင် ပြန်ရောက်လာသောအခါ မာဂဒါအား ခေါင်းအုံးကို နောက်မှီရင်း ခုတင်ပေါ်တွင် ထိုင်နေသည်ကိုတွေ့ရသည်။

မာဂဒါက ကော်ဖီခွက်ပေါ်မှ မျက်လွှာပင့်၍ ရှူဘင်ကို ကြည့်နေသည်။

"အဝတ်လဲပါတော့ ဒါလင်"

"ဘာလုပ်မလို့လဲ"

"ဒါလင့်ကို ပြစရာတစ်ခုရှိလို့"

"ဘာလဲ၊ ကျွန်မကို ပါရီမြို့ထဲ လျှောက်လှည့်ပြမလို့လား၊ ကျွန်မရဲ့ အနက်ရောင် ဖဲသားစကတ်ဝတ်ပြီး မက်ဇင်ဟိုတယ်မှာနေ့လည်စာစား၊ ပြီးတော့ . . . လုဗ် နန်းတော် အနုပညာပြတိုက်သွား၊ အဲဒီလိုမဟုတ်လား"

"အဲဒီလို မဟုတ်ဘူး၊ အဲဒီထက် အရေးကြီးသေးတယ်"

"ဘုရားရေ . . . ၊ လုဗ်နန်းတော်ထက်တောင် အရေးကြီးသေးတယ်ဆိုတော့ ဘယ်လိုဟာ များပါလိမ့်၊ ဩ . . . ဟုတ်ပြီ၊ ကျွန်မသိပြီ၊ ပါရီမြို့ထဲက လှိုင်ဘုံနတ်နန်းတစ်ခု ဖြစ်ရမယ်၊ မဟုတ်ဘူးလားဟင်၊ ကျွန်မ ပြောတာ"

"စကားပျက် မပြောစမ်းပါနဲ့ အချစ်ရယ်၊ အထူးသဖြင့် ဒီနေ့မှာ မပြောပါနဲ့"

"ဒီနေ့ဟာ ဘာနေ့မို့လဲ၊ အပန်းဖြေနေ့အားမို့လား၊ ဒါမှမဟုတ် အင်မတန် မျှော်လင့်ချက် ရှိတဲ့နေ့မို့လား"

"ဟုတ်တယ်၊ အရမ်းပျော်ရမယ့် နေ့မို့လို့ပဲ"

သူက သူမအား ညင်ညင်သာသာ နမ်းလိုက်သည်။

သူမက တုံ့ပြန်မှုမပေး၊ နှုတ်ခမ်းအစုံကို စေ့မြဲစေ့ထားသည်။

"ရှင့်ရုပ်ရှင် ပြန်ကြည့်ပြီးပြီလားဟင်၊ လန်ဒန်ချုပ် အပ်ျစား ဝတ်စုံနဲ့ဆိုတော့ ညီလာခံ သွားမယ့်ဆဲဆဲ ပါလီမန်အမတ်နဲ့ သိပ်တူတာပဲ၊ အင်း . . . ရှင်နဲ့ ကျွန်မတို့နှစ်ယောက် ပါရီထဲ ဒီအတိုင်း လျှောက်လည်ကြရင်တော့ လူတွေက ဝိုင်းကြည့်တော့မှာ အမှန်ပဲ၊ ကျွန်မအတွက် အခုတောင် မှန်းကြည့်ပြီး သိပ်ရယ်ချင်နေပြီ"



www.burmeseclassic.com

www.burmeseclassic.com



သူမ၏ မျက်လုံးအစုံတွင် မျက်ရည်တွေ ဝိုင်းလာသည်။

"ဒီမှာ မာဂဒါ၊ ကိုယ့်ဘဝကိုယ် ဒီလောက်ထိလည်း ခံပြင်းမနေစမ်းပါနဲ့ကွယ်၊ မင်း အဲဒီလို ပြောတာကြားရရင် ငါ စိတ်မချမ်းသာလွန်းလို့ပါ" သူက သူမ၏ ဆံပင်များကို ညင်သာစွာ ပွတ်သပ်ရင်း "ကဲ . . . လုပ်ပါ၊ အဝတ်အစား လဲပါတော့ အချိန်ရယ်"

မာဂဒါက နောက်ဆံတင်းသလို အင်တင်တင် လုပ်နေသည်။ ပြီးတော့မှ ခုတင်ပေါ်မှ ဆင်းပြီး နံရံကပ်အဝတ်ဗီရိုဆီသို့ လျှောက်သွားသည်။ ဗီရိုကိုဖွင့်ပြီး အနက်ရောင် အမွေးနုစကတ်နှင့် ဆွယ်တာအင်္ကျီတို့ကိုထုတ်ယူကာ ခုတင်ပေါ်သို့ ပစ်တင်လိုက်သည်။

ပြီးတော့ နှုတ်ခမ်းများကို ခပ်ထူထူ အရောင် ခြယ်သည်။ မျက်ခုံး မျက်လုံးများကို ခဲဆွဲ၍ ရှိုဒိုးလိုက်သည်။ ဆံပင်ကို ဖီးသင်သည်။ ထို့နောက် ခုတင်စွန်းတွင် ဝင်ထိုင်ရင်း သူမ၏ သွယ်လျရှည်လျားသော ခြေထောက်အစုံတွင် အနက်ရောင်ပိုးသား ခြေအိတ်များကို ဆွဲစွပ်နေသည်။ ပြီးနောက် ရှုံသားအတွင်းခံ ဘောင်းဘီကို ဝတ်သည်။ စကတ်နှင့် ဆွယ်တာအင်္ကျီကို ဝတ်သည်။ အနက်ရောင် အနားကျယ် ဦးထုပ်ပျော့ကို ဆောင်းလိုက်သည်။

"တွေ့လား၊ ဘယ်လောက် ပြောင်းလဲသွားသလဲလို့၊ အဲဒါကြောင့် ပြောတာပေါ့၊ လူမှာအဝတ်ဆို မဟုတ်လား၊ အဝတ်အစား လှလှဝတ်ရင် လူလည်း လှသွားတာပဲပေါ့၊ ကဲ . . . လာ ဆရာ၊ အားလုံးရယ်ဒီ ဖြစ်ပါပြီ၊ ကျွန်မရဲ့ ပျော်စရာ အကောင်းဆုံးနေ့မှာ တဝကြီး ပျော်ရအောင် သွားကြစို့"

အငှားကားသည် ရှယ်နယ်ဖက်ရှင်တိုက်ရှေ့တွင် ထိုးရပ်လိုက်သည်။ မာဂဒါကားထဲမှ အထွက်တွင် ရှုဘင်က ဖေးမပေးသည်။

ရှုဘင်က ကားခရှင်းနေစဉ် မာဂဒါက မှန်ပြတင်းအနီး လျှောက်လာပြီး ကုန်တိုက်ထဲမှ ချိုပြထားသောအဝတ်အစားနမူနာပြ စံပြမယ်အရုပ်များကို တအံ့တသြရပ်ကြည့်နေသည်။ သူမ ကိုယ်ပေါ်မှ အနက်ရောင် အညံ့စားစကတ်နှင့် ကျပ်စည်းနေသောဆွယ်တာတို့ကို ပြန်ကြည့်ပြီး တော်တော် စိတ်ဓာတ်ကျသွားသည်။ မုန်းတီးစိတ်၊ အားငယ်စိတ်၊ ဒေါသစိတ်များလည်း တဖွားဖွား ဖြစ်ပေါ်လာမိသည်။ သူမ၏ စိတ်အာရုံသည် ဘူခါရက်မြို့သို့ ပြန်ရောက်သွားပြီး ဆင်းရဲခြင်း၊ စစ်ဘေးစစ်ဒဏ် ခံရခြင်းနှင့် သေဆုံးခြင်းတို့ကို သတိရလာမိသည်။ ၁၂ နှစ်သမီး အရွယ်တွင် မိဘများ ကွယ်လွန်သွားခဲ့ပြီးနောက် အခြေအနေမဲ့ တစ်ကောင် ကြွက်ဘဝဖြင့် ဘဝကြမ်းကို အရွယ်နှင့်မလိုက်အောင် ရုန်းကန်လှုပ်ရှားခဲ့ရပုံကို ပြန်လည်တွေးတောမိသည်။

သူမဘဝနှင့် လားလားမျှ မဆိုင်သော လောကသစ်တစ်ခုကို ယခုလို ခေါ်ပြသည့်အတွက် ရှုဘင်ကိုလည်း အကြီးအကျယ်ဒေါသဖြစ်မိသည်။ ပတ်ဝန်းကျင်ကို ရှက်ကြောက်စိတ်နှင့် ကိုယ့်ကိုယ်ကို ရွံရှာမိသည့် စိတ်တို့ကြောင့် သူမသည် စိတ်ရော ကိုယ်ရော နွမ်းခွေကျသွားသလို ခံစားရသည်။



www.burmeseclassic.com

www.burmeseclassic.com



ကားဆရာအား ပိုက်ဆံရှင်းပေးနေသော ရှုဘင်၏ ရောင်ပြန်ရုပ်သွင်ကို ပြတင်းမှန်မှ မြင်လိုက်ရသောအခါ သူမ၏ ဒေါသစိတ်သည် ပို၍ကြီးထွားလာသည်။ ရှုဘင်သည် လန်လန်မြို့မှ အကောင်းဆုံးချုပ်လာသော အဖိုးတန်ဝတ်စုံကို အချိုးကျကျဝတ်ဆင်ထားသည်။ အနက်ရောင် ပိုးသား သက္ကလပ်ဦးထုပ်ကိုလည်း စတိုင်ပါပါဆောင်းထားသည်။ မိမိအား ရှယ်နယ်ဖက်ရှင်တိုက်ထွက် ဝတ်စုံအကောင်းစားကို ဝတ်ဆင်စေခြင်းဖြင့် လူကုံထံအမျိုးကောင်းသမီးတစ်ယောက် ဖြစ်လာလိမ့်မည်ဟု သည်သူဌေးသား လူစိမ်းက ထင်မှတ်နေသလား။ တကယ်တော့ သူမသည် ပါရီမြို့တော်၏ ဆင်းရဲသား ရပ်ကွက်မှ အခန်းကျဉ်းကလေး တစ်ခုတွင် ဖြစ်သလို နေနေရသော ပျံကျ မိန်းကလေးတစ်ယောက်။ လူပေါင်းစုံသော ကဖေးဆိုင်ကလေးတွင် သောတရှင်များအကြိုက် သီချင်းတကြော်ကြော်ဟစ်အော်ကာ ကိုယ်နှင့်ရင်း၍ အသက်မွေးနေရသော လမ်းပေါ်မှ မိန်းကလေး တစ်ယောက်။ သည်အချက်ကိုတွေးမိတော့ သူမက လောကကြီးကို နာကျည်းစိတ်ဖြင့် ပေါက်၍သာ ရယ်ပစ်လိုက်ချင်တော့သည်။

သူမနှင့် ထိုက်တန်သော၊ သူမအတွက် လုံခြုံစိတ်ချရသော သူမ၏ ကမ္ဘာဆီသို့သာ ပြန်ပြေးချင်တော့သည်။

အခုလို သူနှင့်တွဲပြီး မြို့ထဲလျှောက်သွားနေလို့ ငါ့ဘဝပိုပြီး တန်ဖိုးရှိမလာနိုင်ပါဘူး။ ငါပိုင်တဲ့ ငါနဲ့သာဆိုင်တဲ့ ငါ့ရဲ့ ပင်ကိုဘဝ ပျက်စီးသွားရုံသာ အဖတ်တင်လိမ့်မယ်။

သူမသည် မှန်ပြတင်းမှ ရုတ်တရက် မျက်နှာလွှဲလိုက်သည်။ ရှုဘင်နှင့် ရင်ဆိုင်လျက်သား ဖြစ်သွားသည်။ သူက သူမဘေးတွင်လာရပ်သည်။ သူမက အေးစက်သော မျက်လုံးများဖြင့် စူးစူးရဲရဲ စိုက်ကြည့်လိုက် သည်။

"ရှင် အရူးပဲ၊ ရှင် ရူးနေပြီ၊ ကျွန်မ ဒီရုပ်မျိုးနဲ့ ဒီတိုက်ထဲကို ဝင်လို့ သင့်တော်ပါ့မလား၊ သေသေ ချာချာလည်း ကြည့်စမ်းပါဦး၊ ဒီအတိုင်းဆိုရင် ရှင်နဲ့ကျွန်မကို လူတွေက ပုံပန်းမကျတဲ့ လူပြက်တွေလို့ ထင်ကြလိမ့်မယ် . . . သိရဲ့လား"

ရှုဘင်က သူမ၏ ခံစားချက်ကို ချက်ချင်းနားလည်လိုက်သည်။ သူမသည် ကိုယ့်ကိုယ်ကိုယ် အထင်သေးကာ အားငယ်နေသော ကလေးငယ်တစ်ယောက်။ သူက လေသံအေးအေးနှင့် ပြောသည်။

"ဘာမှ မပူပါနဲ့ မာဂဒါ။ ငါမြင်တာက မင်းကိုပဲ၊ မင်း အလှကိုပဲ၊ လာစမ်းပါ။ ဘယ်သူ့ကိုမှ ဂရုစိုက်နေစရာ မလိုပါဘူး"

သူမက ရှုဘင်၏ မျက်နှာကိုပြန်ကြည့်သည်။ သူမ၏ စိတ်ထဲတွင် မတင်မကျ ဖြစ်နေသည်။ မှန်ပြတင်းအတွင်းမှ စံပြမယ်အရုပ်များကို ကြည့်လိုက်ပြန်သည်။ သူမ ရုပ်သွင်လည်း သည်လိုပဲ ပြောင်းလဲလာမည်လား။ ငါ့ရုပ်ရည်ဟာ ပိုပြီးလှလာမှာလား။

ရှုဘင်က သူမ၏လက်ကို ဆွဲကိုင်ပြီးမှန်တံခါးကို တွန်းဖွင့်လိုက်သည်။ မာဂဒါက ဘာမျှ ပြန်မပြောဘဲ ရှုဘင်နောက်မှ ရှောရှောရှူရှူ လိုက်ဝင်သွားသည်။ ရင်ကို ကော့လျက်၊ ခေါင်းကို မော့လျက်။

ရှုဘင်က မာဂဒါအား စိတ်ကြိုက်ဝတ်စုံတွေကို ပုံစံပေးပြီး အော်ဒါမှာစေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူသည် မာဂဒါ အလှပြင်ခန်းဝင်နေချိန်တွင် အပြင်မှ စိတ်ရှည်စွာဖြင့် ထိုင်စောင့်နေသည်။ မာဂဒါပြန်ထွက်လာတော့ ပါးစပ်အဟောင်းသားနှင့် အံ့အားသင့်နေမိသည်။ သူမ၏ အလှသည် ယခင်ကထက် ပို၍ ပေါ်လွင်လာသည်။ ဆံပင်ကိုလည်း ပြင်သစ်ပုံစံအတိုင်း ကျစ်ဆံမြီး ထုံးဖွဲ့ထားသည်။ သူမက ရှုဘင့်ရှေ့တွင် နန်းဆန်ဆန်ရပ်နေသည်။ မျက်နှာတွင်လည်း ရှက်ကြောက်အားငယ်ရိပ်များ မမြင်ရတော့။

"ဘယ့်နှယ်လဲ . . .၊ သဘောကျရဲ့လား"

ရှုဘင်က ရွှန်းရွှန်းဝေ ပြုံးလျက်မေးသည်။

"သိပ်လှတာပဲ၊ ရှင်ကော သဘောကျရဲ့လား"

"အပျံစားပဲ၊ တို့ဒါကိုပဲ အော်ဒါ ပေးလိုက်ကြရအောင်"

သူမ၏ အတွင်းခံမာနက တောင်းပန်ရန် လုံးဝမစဉ်းစား။

"ကျွန်မ သိပ်လိုချင်တာပဲ၊ ကမ္ဘာပေါ်မှာ အလှဆုံးဝတ်စုံပဲ"ဟု မပြောမိသည့်အတွက် သူမကိုယ် သူမအပြစ်တင်မိသေးသည်။ ယင်းစကား အစား သိပ်ပြီး အရေးမကြီးဟန်မျိုးဖြင့် "ရှင့်သဘောပေါ့"ဟုသာ ခပ်ပေါ့ပေါ့ ပြန်ပြောလိုက်သည်။

ရှုဘင်က သူမ ဟန်ဆောင်နေသည်ကို အကဲခတ်မိ

သူမ၏ မာနကို ချစ်ခြင်းမေတ္တာဖြင့်သာ ည်း ယုံကြည်မိသည်။ အမိမာန တစ်နေ့ ကျတော့ အရည်ပျော်သွားမှာပါ။

သူက ပြုံးပြီး ပြန်ပြောသည်။

"ကိုယ်တော့ သိပ်ကြိုက်နေပြီ၊ ကဲ . . . နောက်ထပ် ကြိုက်တာတွေ ရွေးပါဦး"

သည်လိုနှင့် အဝတ်အစား ပုံစံတွေရွေးချယ်ရင်း ၅နာရီ ထိုးသွားသည်။ မာဂဒါမှာ မောပန်းနွမ်း နယ်သွားသလိုပင်ခံစားမိရ၏။ ကဖေးဆိုင်တွင် သီချင်းဆိုရတာထက်တောင် ဝင်ပန်းပါသေးတယ်ဟု ထင်မိ၏။

ရှုဘင်၏ဆန္ဒအတိုင်း ဝတ်စုံများကို အရောင်အသွေး၊ အရွယ်အစား စုံလင်စွာ စိတ်ကြိုက် ရွေးချယ်ရာတွင် လေးနာရီတိတိအချိန်ကြာသွားသည်။ အရောင်း စာရေးမကလည်း စိတ်ရှည်လက်ရှည် ပြေစာဖြတ်ပေးသည်။ သူမ၏ စိတ်ထဲကတော့ မိမိအဖြစ်ကိုကြည့်ပြီး သရော်ပြုံး ပြုံးနေလိမ့်မည်ဟု မာဂဒါကထင်မိသည်။

မာဂဒါ၏စိတ်ထဲတွင် ရုတ်တရက် အတွေးတစ်ခု ပေါ်ပေါက်လာသည်။ သူမသည် ရှုဘင်နှင့်တီးသော ဘဝတွင်မနေဘဲ မိမိဘဝကိုပင် ပြန်သွားမည်ဟု ဆုံးဖြတ်လိုက်သည်။ သို့ပေမယ့် ရှုဘင်ဝယ်ပေးသော ဝတ်စုံများကိုတော့ ပေးသမျှအားလုံးယူမည်။ ပေးသူက သဒ္ဓါလို့ပေးလျှင် ယူသူကလည်း ဝမ်းပန်းတသာယူရန်သာ ရှိသည်။ ဘဝဆိုတာ အပေးအယူ ဖြစ်စဉ်ပင် မဟုတ်လား။

သူမသည် မူလက ဝတ်လာခဲ့သော အပေါစား အနက်ရောင် စကတ်နှင့် ဆွယ်တာအင်္ကျီတို့ကို ပြန်ဝတ်သည်။ ယခု အော်ဒါပေးပြီးသား ဝတ်စုံများကို ရက်သတ္တ သုံးပတ်ကြာမှ ရမည်။ သူမ တော်တော် စိတ်ဓာတ်ကျသွားသည်။ ရှုဘင်သည် မိမိအား ရယ်ဒီမိတ် ဈေးချပ် ဝတ်စုံများကို ဘာကြောင့်ဝယ်မပေးရတာလဲ။ လဖေးယက် ကုန်ပဒေသာတိုက်တွင် လိုချင်သလောက် အချိန်မရွေး



www.burmeseclassic.com

www.burmeseclassic.com



ဝယ်လို့ ရနိုင်သားပဲ။

ပြင်သစ် ကျစ်ဆံမြီးများကို ပြန်ဖြေပြီး ဆံပင်များကို ပခုံးနှစ်ဖက်ပေါ် ဖြန့်ချလိုက်သည်။ ပြီးတော့ သူမကိုယ်သူမ မှန်ထဲတွင် ပြန်ကြည့်လိုက်သည်။ အပေါ်စား အဝတ်အစားများကို ဝတ်ထား သည့်အထဲက သူမသည် စိတ်ဓာတ်ဆစ်ဖြင့် လူသစ်တစ်ယောက် ဖြစ်လာခဲ့ပြီဆိုသည်ကို သတိပြုလိုက်မိသည်။

ထို့နောက် ရှုဘင်၏ လက်မောင်းကိုကိုင်ကာ ရှယ်နယ်တိုက်ကြီးထဲမှ ပြန်ထွက်လာခဲ့သည်။ သူမ မျက်နှာတွင် ကိုယ့်ကိုယ်ကိုယ် စိတ်ချယုံကြည်သည့် အရိပ်အရောင်များ ပေါ်လွင်နေသည်။

တက္ကစီအငှားကားသည် ပီယာရှရွှန်လမ်း၊ အမှတ် ၄၇ တိုက်ကြီးရှေ့တွင် ရပ်ပြန်သည်။ ရှုဘင်က ကားခရှင်းပေးလိုက်သည်။

နှစ်ယောက်သား လက်ချင်းယှက်ကာ တိုက်ကြီးထဲ ဝင်လာခဲ့ကြသည်။ ကော်ဇောခင်း ခန်းမကြီးထဲတွင်ရပ်ရင်း ဓာတ်လှေကားကိုစောင့်နေကြသည်။ ဓာတ်လှေကား ဆင်းလာတော့ ရှုဘင်က တံခါးကို ဖွင့်ပေးသည်။ ပြီးတော့ လေးထပ်မှ ခလုတ်ကို နှိပ်လိုက်သည်။ ဓာတ်လှေကား အပေါ်သို့ မြင့်တက်သွားသည်။

ရှုဘင်က သူမအား ဆွဲဖက်ပြီး တစ်ချက်နမ်းလိုက်သည်။

သူမ ရင်ထဲတွင် ပီတိလှိုင်းတွေ ဘောင်ဘင်ခတ်နေသည်။ သည်လို ဘဝမျိုး ရှိနေကြောင်း သူမ လုံးဝ မတွေးမိခဲ့တာအမှန်။ သည်လို ဆန်းကြယ်ခမ်းနားသော ဘဝမျိုးနှင့် သူမနှင့် ဘယ်လိုမှ ဆက်စပ်ပတ်သက်လိမ့်မည်ဟု နည်းနည်းမှလေးမျှ မတွေးမိခဲ့စဖူး။

သူမသည် ရှုဘင်နောက်မှလိုက်ကာ တစ်ခန်းပြီးတစ်ခန်း ဖြတ်ကျော်လာခဲ့သည်။ မှန်ပြတင်းများမှ အောက်သို့လှမ်းကြည့်လိုက်လျှင် သာယာလှပသော ပန်းခြံနှင့် အီဖယ်မျှော်စင်ကြီးကို မြင်နေရသည်။ ပရိဘောဂပစ္စည်းများမှာ အဖိုးတန်ရှေးဟောင်းပြင်သစ် အနုပညာလက်ရာများချည်းဖြစ်သည်။ ခန်းမအလယ်တွင် ပန်းကွက်ဖော် ကော်ဇော်ကြီးခင်းထားသည်။ ဘဲဥပုံ စားသောက်ခန်းနံရံများကိုလည်း ပြင်သစ်ပန်းချီ လက်ရာများဖြင့် ခမ်းနားလှပစွာ သရုပ်ဖော် ခြယ်သထားသည်။ အိပ်ခန်းကို မြင်ရသောအခါ မာဂဒါမှာ ရင်သပ် ရှုမောနေမိသည်။ သူမသည် သူမဘဝနှင့် ဘယ်လိုမှမပတ်သက်သော အိပ်မက်ကမ္ဘာတစ်ခုထဲသို့ ရောက်နေသလားဟု ထင်ရသည်။ သူမအား သည်နေရာသို့ ခေါ်လာသည့်အတွက် ရှုဘင်အား ကျေးဇူးတော့ မတင်မိ။ သို့သော် ဝမ်းသာခြင်း၊ ပျော်ရွှင်ခြင်းကတော့ ဘောင်းလျှံနေမိသည်။

"ပျော်ရဲ့လား၊ သဘောမကျဘူးလား"

ရှုဘင်က သူမ အမူအရာကို အကဲခတ်မိ၍ မေးလိုက်သည်။

"သိပ်သဘောကျတာပေါ့၊ ယုံတောင် မယုံနိုင်စရာပဲ၊ တကယ် ကြုံနေရတာမှ ဟုတ်ပါ့ ရဲ့လား၊ မကြာ ခင်ပျောက်ကွယ်သွားလိမ့်မယ်ထင်တယ် . . ."။ သည်စကားကို သူမက ပါးစပ်နှင့် မပြော၊ သူမ၏ မျက်လုံးများကသာ ပြောပြနေခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါတွေအားလုံး မင်းပစ္စည်းတွေပဲ မာဂဒါ"

ရှုဘင်က သော့တွဲကို ကမ်းပေးသည်။ မာဂဒါက မယူချင်ယူချင်ဟန်ဖြင့် လက်ဝါးကို ဖြန့်၍ သော့တွဲကို ဆုပ်ထားလိုက်သည်။

သူမက နားမလည်နိုင်သည့်အမူအရာဖြင့် ရှုဘင်၏ မျက်နှာကို စိုက်ကြည့်နေရင်းမှ . . .

"ကျွန်မအတွက် ရှင် ဘာတွေလုပ်နေတာလဲ၊ ဘာဖြစ်လို့ လုပ်နေတာလဲဟင်၊ ကျွန်မ တကယ်နားမလည်နိုင်လို့ မေးနေတာပါ"

"ပြောစရာ လိုသေးသလား အချစ်ရယ်၊ ငါ ပြောခဲ့ပြီးပြီပဲ၊ မင်းကို ငါ ချစ်ပါတယ်လို့ ပြောခဲ့ပြီးပြီ မဟုတ်လား"

သူမက ခေါင်းကို ခါယမ်းလိုက်သည်။

"ဒါပေမယ့် ကျွန်မ မယုံနိုင်သေးဘူး။ ရှင် ဘာကြောင့် ဒီလို လုပ်နေတယ်ဆိုတာ လုံးဝ နားမလည်နိုင်သေးဘူး၊ အကြောင်းတစ်ခုခုရှိလို့ ရှင်ဒီလိုလုပ်နေတာ ဖြစ်ရမယ်။ အလကား သက်သက်တော့ ရှင်မလုပ် ပါဘူး။ ဘယ်သူမှ အလကားသက်သက် မလုပ်ပါဘူး။ တစ်ခုခု လိုချင်လို့ လုပ်ကြတာချည်းပါပဲ"

ရှုဘင်က ဘာမှ ပြန်မပြော။ မာဂဒါ၏ လက်ကို ဆွဲကာ ဧည့်ခန်းထဲ ပြန်ခေါ်ယူလာသည်။ နှစ်ယောက်သား ဆိုဖာကုလားထိုင်တွင် ဝင်ထိုင်ကြသည်။

"တကယ်တော့ မင်းက ငါ့အပေါ် သံသယ ဝင်နေသေးတာ မှန်ပါတယ် မာဂဒါ၊ မင်းက ခံမှန်ဖူးတဲ့ စာသူငယ်လို ဖြစ်နေတာကိုး။ ဒါပေမယ့် ·လူတွေက တစ်ယောက်နဲ့ တစ်ယောက် နေရာတိုင်းမှာ မတူကြပါဘူး မာဂဒါ၊ လူသားတွေအကြောင်း အတိအကျ သိနိုင်ဖို့ဆိုတာ မလွယ်တဲ့ အလုပ်တစ်ခုပါ။ လူ့ဘဝမှာအနည်းဆုံး တစ်ကြိမ်တစ်ခါလောက်တော့ အခုလို ပြဿနာမျိုးနဲ့ ရင်ဆိုင်ရတတ်ပါတယ်။ ငါဟာ လွန်ခဲ့တဲ့ သိပ်မကြာသေးတဲ့ အချိန်ပိုင်းကလေးမှာပဲ အတွေ့အကြုံ သစ်တစ်ခုကို ရလာခဲ့တယ်၊ ခံစားချက် အသစ်တစ်ခုကို အသည်းနင့်အောင် ခံစားခဲ့ရတယ်"

ရှုဘင်၏ စကားကြောင့် မဂဒါ၏ ရင်ထဲတွင် အမည်မဖော်နိုင်သော ဝေဒနာတစ်ရပ်ကို လှိုက်လှိုက် လှဲလှဲ ခံစားလိုက်ရသည်။

"ငါဟာ ငါ့ကိုယ်ငါချစ်တာထက် ပိုပြီးချစ်ရတဲ့ လူတစ်ယောက်ကို ပထမဆုံးအကြိမ် တွေ့ခဲ့ရပြီ၊ အဲဒါကို ဘယ်လို ဘာကြောင့်ရယ်လို့တော့ ငါ မရှင်းပြတတ်တော့ဘူး။ ငါ အမှန်အတိုင်း ပြောနေတာပါ၊ ဒါ လောက်ဆိုရင် မင်း ကျေနပ်လောက်ပါပြီ၊ ကျေနပ်စေချင်ပါပြီ"

မာဂဒါသည် ပြတင်းပေါက်နားသို့ တစ်လှမ်းချင်း လျှောက်သွားသည်။ ရှုဘင်အား ကျောခိုင်းပြီး ရပ်နေသည်။ ခန်းမဆောင်သည် မှောင်တစ်ဝက် လင်းတစ်ဝက်၊ အသံဗလံဆို၍လည်း သူတို့နှစ်ယောက်၏ အသက်ရှူသံနှင့် လမ်းမပေါ်မှ ကားသံများကိုသာ ကြားနေရသည်။

သူမအား ယခင်ကဘယ်သူမှ မချစ်ခဲ့စဖူး၊ မကြင်နာခဲ့စဖူး၊ မလေးစားခဲ့စဖူး။

ရှုဘင်ဘက်သို့ ဆတ်ကနဲပြန်လှည့်လိုက်သည်။ သူမ၏ မျက်လုံးများတွင်တော့ မျက်ရည်တွေ ဝဲလျက် . . .။

ရှုဘင်က သူမ၏လက်ကို ဆုပ်ကိုင်ပြီး လေညင်းတိုးသံဖြင့် ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"စောဒက တက်မနေပါနဲ့တော့ အချစ်ရယ်၊ ကိုယ် တောင်းပန်ပါတယ်။ ကိုယ်ပေးတာကိုပဲ ကြည်ကြည်သာသာ လက်ခံပါတော့လားကွယ်"

ကျေးဇူးတင်ပါတယ်လို့ သူမကမပြော။ ပြောလို့လည်းမထွက်။ သို့ပေမယ့် ရှုဘင်၏လက်ကို သူမ၏လက်နှစ်ဘက်ဖြင့် ဆုပ်ကိုင်ရင်း မျက်နှာကိုသာ စေ့စေ့ကြည့်နေမိသည်။ ပြီးတော့ သူ့ကို ကယုတယနမ်းလိုက်သည်။

သည်လောက်ဆိုလျှင်ပင် သူ့အတွက် လုံလောက်ပါပြီ။ ကျေနပ်ပါပြီ။ သူက သူမအား ...တ်ကနဲ ကောက်မလိုက်ပြီး အိပ်ခန်းထဲ ပွေ့ချီယူလာခဲ့သည်။

...န်းလုံး မှောင်နေသည်။

"ဘယ်အချိန် ရှိပြီလဲ . . . ဟင်"

သူမက ... မေးသည်။

သူက ... တင်မီးလုံးကို ဖွင့်လိုက်သည်။ လက်ပတ်နာရီကို လှမ်းယူပြီး ကြည့်သည်။

"ရှစ်နာရီ"

သူမက ခုတ... မှ လူးလဲ ထရပ်လိုက်သည်။

"ဒါဆို အချိန်နီးနေပြီ၊ ကျွန်မ သွားရတော့မယ်"

"ဘယ်ကို သွားမှာလဲ"

သူမက သူ့မျက်နှာကို စိမ်းစိမ်းကြည့်လိုက်သည်။

"ကျွန်မ အလုပ်လုပ်ဖို့သွားရမယ်၊ ကျွန်မ သီချင်းဆိုရဦးမယ်လေ၊ ရှင် သိပါတယ်"

သူမက အဝတ်အစားကောက်ဝတ်သည်။ ရှုဘင်က အိပ်ရာပေါ်မှ ကမန်းကတန်း ထလိုက်သည်။ သူမ၏လက်ထဲမှ ဖိနပ်ကို ဖြတ်ကနဲ လှမ်းဆွဲလိုက်သည်။

"မင်း . . . မသွားရဘူး၊ မင်း အဲဒီနေရာ ပြန်မသွားရတော့ဘူး"

မာဂဒါက ရှုဘင်၏ လက်ထဲမှ ဖိနပ်ကို ပြန်၍ လုယူလိုက်သည်။

"ရှင် ဘာပြောတယ်၊ ကျွန်မ ဘာဖြစ်လို့ မသွားရမှာလဲ"

သူမသည် မနေ့ညကလည်း သီချင်း သွားမဆိုဖြစ်ခဲ့။ ယနေ့ ထပ်မံ ပျက်ကွက်လျှင် အလုပ်ဖြုတ် ခံရတော့မည်။

"ကျွန်မကို ရှင်မပိုင်ပါဘူး ရှုဘင်၊ အခုလည်းမပိုင်ဘူး၊ နောင်လည်း ဘယ်တော့မှ မပိုင်ပါဘူး။ ကျွန်မ အမှန်တရားကို ပြောနေတာပါ၊ ရှင် သဘောပေါက်ပါတယ်။ ရှင်က ကျွန်မကို ဘာလုပ်စေချင်လို့လဲ၊ ဒီနေရာမှာထိုင်ပြီး ကုန်တိုက်ကဝတ်စုံတွေ ရောက်လာအောင် စောင့်နေ စေချင်လို့လား"

"မင်းထင်သလို လုံးဝမဟုတ်ပါဘူး အချစ်ရယ်၊ ငါက မင်းဘဝကို အမိန့်ပေးပြီး မဖြစ်နိုင်တာတွေ ကို လုပ်ခိုင်းနေတာမဟုတ်ပါဘူး၊ ငါက . . . ."



www.burmeseclassic.com

www.burmeseclassic.com



"ရှင်က ကျွန်မရဲ့ကယ်တင်ရှင်ကြီးတစ်ယောက် ဖြစ်လာဖို့ ကြိုးစားနေတာပါ၊ တကယ်တော့ ရှင် ဦးနှောက် ချောင်နေပြီ ရှူဘင်၊ ရှင် . . ."

"ငါ တောင်းပန်ပါတယ် မာဂဒါ၊ ကျေးဇူးပြုပြီး ဒေါသမကြီးပါနဲ့၊ ငါပြောတာကိုလည်း ဆုံးအောင်နားထောင်ပါဦး၊ ငါက မင်းကို အရေးကြီးတဲ့စကားပြောချင်လို့ပါ"

မာဂဒါက လက်ပိုက်ပြီးရပ်နေသည်။ ရှူဘင်၏ မျက်နှာအမူအရာကို မြင်ရတော့ စိတ်ဓာတ်ပျော့ကျသွားသည်။

"ဒါဆို ပြောလေ၊ ဘာပြောချင်လို့လဲ"

"လာပါ၊ အိပ်ရာပေါ် လှဲပါဦး၊ တို့နှစ်ယောက် အေးအေးဆေးဆေး ဆွေးနွေးကြရအောင်"

သူ့ပခုံးတွင် သူမ ခေါင်းကိုမှီပြီး ခုတင်ဆီသို့ ခေါ်လာသည်။

"မင်း ငါ့ကို စိတ်ဆိုးနေသလား ဟင်"

ပြုံးပြီး သူမအား စကြည့်လိုက်သည်။

"ဟုတ်တယ်၊ ရှင့်ကို စိတ်ဆိုးနေတယ်"

အပြုံးတဝက်ဖြင့် ပြန်ဖြေသည်။

"မင်းက ပြုံးလိုက်ရင် သိပ်လှတာပဲ၊ အဲဒါကို ငါ အခုမှ သတိပြုမိတယ်"

"ဟုတ်ချင် ဟုတ်မှာပေါ့၊ ကျွန်မ ခဏခဏ ပြုံးတတ်တဲ့လူမှ မဟုတ်ဘဲ၊ ကိုယ့်ဘဝကလည်း ပြုံးနေရမယ့်ဘဝမှမဟုတ်တာ၊ ဒါထက် ဘာလုပ်ရမှာလဲ ရှူဘင်၊ ရှင်က ကျွန်မကို ဘာလုပ်စေချင်လို့လဲ"

"မင်းကို လုပ်စေချင်တာတွေက အများကြီးပဲ၊ အဲဒါကို မင်း လုပ်ကို လုပ်ရမယ်"

"ဘာကို လုပ်ရမှာလဲ၊ ဘယ်လို လုပ်ရမှာလဲ၊ ရှင့်ကို ကျွန်မ တစ်ခုပြောမယ်၊ ပြောရမှာတော့ မလွယ်လှဘူး၊ ကျွန်မစိတ်ထဲ ကြောက်နေသလိုပဲ၊ ကျွန်မဟာ ရှင်နဲ့တွေ့ရတဲ့ အချိန်ကစပြီး အများကြီး ပြောင်းလဲခဲ့ရတယ်၊ တကယ်တော့ ကျွန်မဟာ ကိုယ့်ဘဝနဲ့ကိုယ် အခြေတကျ ရှိနေပြီးသားပါ၊ အခုတော့ ရှေ့ကို ဘာဖြစ်လာမယ်ဆိုတာတွေးပြီး ကျွန်မကြောက်နေမိပြီ။ ကျွန်မကိုယ် ကျွန်မတောင် မသိတော့သလို ဖြစ်နေပြီ၊ ကျွန်မကို ရှင် ဘယ်လိုဖြစ်စေချင်တာလဲ၊ အဲဒါကို လုံးဝ စဉ်းစားလို့ မရဘူး"

"ငါက မင်းကို စိတ်ချမ်းသာစေချင်တယ်၊ မင်းကို မင်းဖြစ်သင့်တဲ့အတိုင်း တင့်တင့်တယ်တယ်နေနိုင်တဲ့ အမျိုးကောင်းသမီးတစ်ယောက် ဖြစ်စေချင်တယ်"

သူမ ရယ်ပစ်လိုက်သည်။

"ဩော် . . . အမျိုးကောင်းသမီးဟုတ်လား၊ ကျွန်မကို အမျိုးကောင်းသမီးတစ်ယောက် ဖြစ်စေချင်တယ်ဟုတ်လား၊ ရှင်အရူးပဲ၊ တကယ်တော့ လူတွေဟာ သူ့ဘဝနဲ့သူ ဖြစ်နေကြတာပါ ရှူဘင်၊ ရှင်က ကျွန်မလို မိန်းကလေး တစ်ယောက်ကို အမျိုးကောင်းသမီး ဖြစ်စေသတည်းဆိုပြီး ပြောင်းလဲလို့မရပါဘူး၊ လူတွေဟာ မွေးလာပြီးကတည်းက ဘာဖြစ်မယ်ဆိုတဲ့ ကံဇာတာ ပါလာပြီးသားပါရှင်"

"မင်းပြောတာ ငါ လက်မခံဘူး၊ အမှန်က လူလူချင်း အတူတူချည်းပါ၊ မိန်းမတိုင်း



www.burmeseclassic.com

www.burmeseclassic.com



ညီအစ်မတွေ ချည်းပါပဲဆိုတဲ့ စကားတောင် ရှိသေးတာပဲ"

သူမက မျက်လုံးမှေးပြီး ပြန်မေးသည်။

"အဲဒါက ဘာကို ဆိုလိုတာလဲ"

"ဆိုလိုတာက အခြေခံအားဖြင့် လူတိုင်း တူညီကြတယ်လို့ ဆိုလိုတာပေါ့၊ အဆင့်အတန်းချင်းမတူနိုင်ပေမယ့် တို့အားလုံးဟာ အကောင်းအဆိုး တူကြတယ်။ ရွှေငွေနန်းကိုက်ပြီး မွေးလာတာနဲ့ မိန်းမတစ်ယောက်ဟာ အမျိုးကောင်းသမီး ဖြစ်မလာနိုင်ပါဘူး"

"အဲဒါတော့ ဟုတ်ပါတယ်၊ ဒါပေမယ့် . . ."

"ပြီးတော့ ဘဝဆိုတာ မျက်လှည့်ပြထားတဲ့အရာပါဆိုတဲ့ စကားလည်း ရှိတယ်၊ ခုတစ်မျိုး ခုတစ်မျိုး ပြောင်းလဲတတ်တယ်"

"ရှင် ပြောတာလည်း ဟုတ်ပါတယ်၊ ဒါပေမယ့် အဲဒီအပြောင်းအလဲကို ကျွန်မ မမြင်နိုင်ဘူး"

"မင်းဘဝက အစမကောင်းခဲ့လို့ပါ၊ ဘဝကြမ်းကို ရုန်းကန်လာခဲ့ရလို့ပါ"

မာဂဒါ၏ အတွေးသည် ဘူခါရက်မြို့သို့ ပြန်ရောက်သွားသည်။ သူမ ၁၂-နှစ်သမီး အရွယ်မှ စ၍ ကြုံခဲ့ရသော ဖြစ်ရပ်များကို ပြန်လည်သတိရမိသည်။ ရှုဘင်ပြောတာ မှန်ပါသည်။ လောကဓံတရားသည် သူမအား ရက်ရက်စက်စက် နှိပ်စက်ခဲ့သည်။ ယခုတော့ သူမ ကံဇာတာ ကောင်းချင်လာပြီထင်ပါရဲ့။

ခဏတွေနေပြီးမှ ပြန်မေးလိုက်သည်။

"ဒါဆို . . . ကျွန်မဘဝ ဘယ်နေရာကနေပြီး ဘယ်လို ပြန်စရမှာလဲ ရှေ့နေကြီးရယ်"

ရှုဘင် ကျေနပ်သွားသည်။

"ပြင်သစ် အမျိုးသမီးကြီးတစ်ယောက် ရှိတယ်။ မှူးမျိုး မတ်နွယ်ထဲက၊ မြို့စားကတော်ကြီး ဆိုပါတော့၊ သူက ဆင်းရဲတော့ ဆင်းရဲရှာတယ်၊ ဒါပေမယ့် စိတ်ကောင်း စေတနာကောင်းရှိတယ်၊ အယက်တန်းလွှာမှာဝင်ဆံ့တယ်။ ငါနဲ့ ရင်းနှီးခင်မင်နေတာကြာပါပြီ၊ သူက . . . မင်းကို စောင့်ရှောက်လိမ့်မယ်"

"သူနဲ့ ဘယ်တုန်းက တွေ့လို့လဲ"

"ဒီနေ့မနက်ပဲ ဖုန်းနဲ့စကားပြောကြတာ၊ သူ မင်းနဲ့ လာနေလိမ့်မယ်၊ မင်းကို အင်္ဂလိပ်စကား သင်ပေးမယ်၊ မင်း အင်္ဂလိပ်စကားတတ်လာတဲ့အခါ မင်းက သူ့ရဲ့တူမ ဖြစ်လာလိမ့်မယ်၊ အဲဒီတော့ ဒီ အချိန်ကစပြီး မင်းကို ငါဖြစ်စေချင်တဲ့အတိုင်း ဖြစ်လာရတော့မယ်"

"ရှင် ဖြစ်ချင်သလို ကျွန်မ ဖြစ်မလာရင် ဘယ့်နှယ်လုပ်မလဲ၊ အဲဒါဆိုရင် ရှင့်ကြိုးပမ်းမှုတွေ သဲထဲရေသွန် ဖြစ်ကုန်တော့မှာပေါ့"

"မင်း ဖြစ်ကို ဖြစ်လာရမှာပါ"

"ရှင်က ဘာကြောင့် သေချာပေါက် ပြောနိုင်ရတာလဲ"

"မင်းက တစ်ခြားလူမှ မဟုတ်ဘဲ၊ မာဂဒါဆိုတဲ့ မိန်းကလေးပဲ"

မာဂဒါဆိုတာ ဘယ်သူလဲ၊ သူမ ငိုသာပစ်လိုက်ချင်တော့သည်။ တကယ်လည်း သူမ



www.burmeseclassic.com

www.burmeseclassic.com



ချက်လုံးများတွင် မျက်ရည်တွေ ဝေ့လာသည်။

"မငိုပါနဲ့ မာဂဒါ၊ ငါ့ကို ယုံစမ်းပါ၊ မင်းဘဝကို ငါ ပြောင်းလဲပစ်ဖို့ မကြိုးစားပါဘူး၊ ငါက မင်းကို မင်းဖြစ်သင့်တဲ့ ဘဝမျိုးဖြစ်လာအောင်သာ ကြိုးစားမှာပါ"

"ဒါပေမယ့် အဲဒီဘဝဟာ ကြာရှည်ခံမယ်လို့ ကျွန်မ ဘယ်လိုလုပ်ပြီး ယုံကြည်နိုင်ပါ့မလဲ၊ ရှင်ပြန်သွားတော့ ကျွန်မကို မေ့သွားမှာပေါ့"

"ဟင့်အင်း ငါ မမေ့ပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ငါက တစ်ခြားလူမှ မဟုတ်ဘဲ၊ ရှုဘင်ပဲ၊ မင်းကို အသည်းစွဲအောင်ချစ်တဲ့ ရှုဘင်ပဲ"

သူက မျက်ရည်သုတ်ပေးပြီး တင်းတင်း ဖက်ထားလိုက်သည်။

"ကျွန်မကို စီးကရက်တစ်လိပ် ညှိပေးပါလား၊ ရှင်က ကျွန်မကို မကြာခင် ငြီးငွေ့သွားမှာပါ ရှုဘင်"

စီးကရက်ကို မီးညှိပေးလိုက်သည်။

"ဘယ်တော့မှ မငြီးငွေ့ပါဘူးအချစ်ရယ်၊ ယုံပါကွယ်"

"ဒါနဲ့ ဒီအခန်းကို ရှင် ဘယ်လိုရတာလဲ၊ ရှင့်ကိုယ်ပိုင်အခန်းလား . . . ဟင်"

"ငါ့ကိုယ်ပိုင် မဟုတ်ပါဘူး၊ ငါ့မိတ်ဆွေ တစ်ယောက်က ခဏပေးထားတာပါ"

"အဲဒီမိတ်ဆွေက ယောကျ်ားလား၊ မိန်းမလား . . . ဟင်"

"မိန်းမဆိုရင် မင်းက မနာလိုဖြစ်မှာလား"

"မဖြစ်ပါဘူး၊ ကျွန်မက သိချင်လို့ မေးကြည့်တာပါ၊ ကဲ . . . သူ့အကြောင်း ကျွန်မကို ပြောပြပါဦး"

ရှုဘင်က ရယ်လိုက်ပြီး . . .

"ဟော . . . ခုပဲ မင်းက မနာလို ဖြစ်နေပြီ မဟုတ်လား၊ မင်းမျက်နှာ အမူအရာက သက်သေခံနေတာပဲ"

"ကျွန်မက ဘာလို့ မနာလို ဖြစ်ရမှာလဲ"

"ငါ့ကို ချစ်လို့ပေါ့"

"အဲဒါကြောင့် ရှင်အရူးပါလို့ ကျွန်မပြောခဲ့တာပေါ့၊ ရှင့်ကို ကျွန်မ မချစ်ပါဘူး၊ ချစ်ဖို့ထားဦး၊ ရှင့်ကို ကျွန်မ သဘောကျမိပါရဲ့လား ဆိုတာတောင် မသေချာသေးဘူး၊ ကဲပါ . . . ဒါ ထားလိုက်ပါ၊ ရှင့်မိတ်ဆွေအကြောင်းပဲ ပြောပြပါဦး"

ရှုဘင့်မိတ်ဆွေ ဆိုသူသည် ယောကျ်ားဖြစ်ဖြစ်၊ မိန်းမဖြစ်ဖြစ် သူမအတွက်အရေးမဟုတ်။ ဘာကြောင့်လဲ ဆိုတော့ . . . သူမက မနာလိုစိတ်မှ မဖြစ်မိပဲကိုး။ မနာလိုစိတ် မဖြစ်မိတာကလည်း ရှုဘင်ကို သူမမချစ်သေးလို့။ ရှုဘင်က အစာဝရင် ဥာနပြန်မယ့် ရွှေကျေးပဲ။

"သူ့ နာမည်က အီမီလ်ဂျိုးနေးတဲ့" ရှုဘင်က မာဂဒါအနားသို့ ရွှေ့ကပ်ရင်း ပြောသည်။ "သူနဲ့ ငါနဲ့က ကလေးဘဝကတည်းက ခင်မင်ခဲ့ကြတာ၊ သူ့မိဘတွေက ဘရာဇီးလ်မှာ ကော်ဖီခြံကြီးပိုင်တယ်၊ ဂျိုးနေးဟာ ငယ်ငယ်တုန်းက အဲဒီမှာပဲ အနေများခဲ့တယ်၊ ဒါပေမယ့် သူ အင်္ဂလန်မှာ ကျောင်းလာတက်တော့ ငါနဲ့တွေ့ပြီး မိတ်ဆွေဖြစ်သွားကြတယ်၊ မနှစ်က သူ့အဖေ



www.burmeseclassic.com

www.burmeseclassic.com



သေဆွတ်သွားလို့ သူ ဘရာဇီးလ်ကို ပြန်ပြီး မိဘလက်ငုတ်လုပ်ငန်းကြီးကို ကြီးကြပ် အုပ်ချုပ်ရတယ်၊ သူ ဒါကိုကို ပြန်လာဖို့စိတ်ကူးလုံးဝမရှိဘူး၊ ဒီတိုက်ခန်းမှာ ငါ နေချင်သလောက် နေလို့ရတယ်၊ ဒါပေမယ့် ငါ မနေပါဘူး၊ ငါက လက်ဖ်ထ်ဘင့်ခ် ရပ်ကွက်မှာပဲ နေချင်တယ်”

ရှာဘင်ကို အသာတွန်းဖယ်ပြီး အိပ်ရာပေါ်တွင် ထထိုင်လိုက်သည်။

“ဒါနဲ့ ရှင် အင်္ဂလန်ကို ဘယ်တော့ပြန်မှာလဲဟင်”

“ဘာသဘောနဲ့ မေးတာလဲ”

“ရှင်သိပါတယ်၊ ဒီတိုက်ခန်းကို ကျွန်မမှုမပိုင်ဘဲ”

“မင်းပိုင်ပါတယ်၊ အီမီလ်ပြန်မလာသမျှ မင်းပိုင်ပါတယ်”

“ရှင် . . . အင်္ဂလန်ပြန်မယ်ဆိုတော့”

“ကိစ္စမရှိပါဘူး၊ ငါ မြို့စားကတော်ကြီး ဘိုလတ်ကို အနေတော်အိမ်သေးသေးတစ်လုံး ရှာပေးဖို့ ပြောလိုက်ပါ့မယ်၊ ဒီအတွက် ဘာမှ မပူပါနဲ့”

“မပူပါနဲ့ဟုတ်လား၊ ရှင်က ကျွန်မအတွက် အားလုံး တာဝန်ယူမလို့လား၊ ကျွန်မ တစ်ဘဝလုံးကို ရှင့်လက်ထဲ ပုံအပ်ရတော့မှာလား၊ မဖြစ်နိုင်ပါဘူး ရှာဘင်၊ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး”

သူမ ခုတင်ပေါ်မှ ခုန်ဆင်းလိုက်ပြီး အဝတ်အစားလဲရန် ပြင်သည်။ ရှာဘင်က တအံ့တသြ အမူအရာဖြင့် စိုက်ကြည့်နေသည်။ ခဏကြာတော့မှ . .

“ဒါက ဘာလုပ်မလို့လဲ”

“ကျွန်မ ဒီနေရာကထွက်သွားမလို့ပေါ့၊ ကျွန်မ စိတ်ပြောင်းသွားပြီ၊ ကျွန်မရှင့်ဆီက ဘာကိုမှ မလိုချင်တော့ဘူး”

ရှာဘင် ခုတင်ပေါ်ကဆင်းပြီး သူမကို ဖက်ထားလိုက်သည်။ သူမက သူ့ရင်ဘတ်ကို လက်သီးဆုပ်ဖြင့်ထုရင်း . . .

“ဖယ်စမ်းပါ၊ ကျွန်မဘဝကို မနှောင့်ယှက်ပါနဲ့၊ ရှင့်ကို ကျွန်မ မချစ်ဘူး၊ ရှင့်ကို မုန်းတယ်၊ မုန်းတယ်”

သူမ၏ မျက်နှာတွင် မျက်ရည်တွေ စီးကျလာသည်။ ခေါင်းကို ရှာဘင်၏ ပခုံးတွင် မှီထားလိုက်သည်။ ရှာဘင်က ဆံပင်များကို အသာအယာပွတ်ပေးရင်း . . .

“မငိုပါနဲ့ အချစ်ရယ်၊ တိတ်ပါကွယ်၊ တိတ်ပါ၊ အားလုံး အဆင်ပြေစေရပါ့မယ်၊ စိတ်ချပါ၊ ကိုယ့်ကို ယုံပါကွယ်”

သူမက ဆတ်ကနဲ မျက်နှာမော့၍ ကြည့်လိုက်သည်။ ပြီးတော့ နှုတ်ခမ်းလှုပ်ရုံ အသံတိုးတိုးလေးဖြင့်

“တကယ် . . . တကယ် ပြောတာလားဟင်”

“တကယ်ပါ၊ တကယ်ပြောတာပါ၊ ဖူးစာဆုံလို့ ဖြစ်လာကြပြီပဲကွယ်၊ ဒါကို ငို့နှစ်ယောက်စလုံး လက်ခံကြရမှာပေါ့၊ တို့နှစ်ယောက် တကယ် စိတ်ချမ်းသာကြရမှာပါ အချစ်ရယ်”

နှစ်ယောက်သား ပါးချင်းအပ်ကာ တင်းတင်းပါအောင် ဖက်လိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



စိတ်နှလုံးပျော်ရွှင်ချမ်းမြေ့စွာဖြင့် ရှူဘင် အိပ်ရာမှနိုးလာသည်။ မာဂဒါကတော့ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေဆဲ။ သူမ၏ တငွေ့ငွေ့ အသက်ရှူသံကို ကြားနေရသည်။ အရုဏ်ဦး ဝိုးတဝါး အလင်းရောင်အောက်မှ သူမ၏မျက်နှာကို စိုက်ကြည့်နေမိသည်။ နိုးနေစဉ်ထက်ပင် ပို၍ လှသယောင်ထင်ရသည်။

ခုတင်ပေါ်မှ မဆင်းချင် ဆင်းချင်ဆင်းကာ ရေချိုးခန်းထဲ ဝင်လာခဲ့သည်။ မှန်ထဲမှ သူ့ရုပ်ကို ရုတ်တရက် မြင်လိုက်ရ၍ လန့်သွားမိ၏။ နှစ်ရက်တိုင်တိုင် မရိတ်ဘဲ ထားခဲ့သောကြောင့် မုတ်ဆိတ်ကျင်စွယ်များပင် တော်တော်ရှည်နေပါပကော။

မျက်နှာတစ်ပြင်လုံးကို ဆပ်ပြာမွှေးရည်သုတ်လိမ်းလိုက်သည်။ ပြီးတော့ ပထမညက မာဂဒါဆိုခဲ့သော ပြင်သစ်တေးသွားတစ်ပုဒ်ကို တအေးအေးညည်းရင်း ဖြည်းဖြည်းချင်း မုတ်ဆိတ် ရိတ်နေသည်။

ထိုညကို တစ်သက်လုံးမမေ့နိုင်တော့ . . .။ မာဂဒါသည် သူ့အနားတွင် တစ်သက်လုံး ရှိနေတော့မည်။

သူ့အတွေးသည် ဂျိုစလင်ဆီသို့ ရုတ်ချည်း ခုန်ကူးသွားသည်။ ဂျိုစလင်၏ မျက်နှာကို ပီပီပြင်ပြင် မှန်းကြည့်၍မမြင်ရတော့။ မယုံနိုင်စရာပါလား။ ယင်းအတွေးကို ဦးနှောက်ထဲမှ မောင်းထုတ်ပစ်လိုက်သည်။ မာဂဒါဆီသို့ ပြန်ရောက်လာသည်။ ထူးဆန်းသော ဘဝအတွေ့အကြုံ၊ မြတ်နိုးစရာကောင်းသော ဘဝလက်ဆောင်။ သည်လက်ဆောင်ကို သူပိုင်သည်။ ဘယ်သူမှ လုယူ၍ မရ။

အနာဂတ်တွင် ဘယ်လိုပဲ ဖန်လာဖန်လာ ရဲရဲရင့်ရင့်ရင်ဆိုင်ရတော့မည်။ သူ့ဘဝ၊ သူ့ကမ္ဘာလေးကို ဘယ်သူမှ ဖျက်ဆီး၍မရနိုင်တော့။

မုတ်ဆိတ်ရိတ်၊ မျက်နှာသစ်ပြီးတော့ အိပ်ခန်းထဲ ပြန်ဝင်လာခဲ့သည်။ အဝတ်အစားလဲ သည်။ မာဂဒါက အိပ်ပျော်နေဆဲ။ သူမ၏ မျက်နှာကို ရွှန်းရွှန်းစားစား စိုက်ကြည့်နေမိသည်။ စောစောက ဖြစ်ပေါ်ခဲ့သော ချမ်းမြေ့ပျော်ရွှင်မှုကို ထပ်တူထပ်မျှ ခံစားနေရသည်။

အိပ်ခန်းတံခါးကို အသာကလေး ပြန်ပိတ်ပြီး မီးဖိုခန်းထဲသို့ ဝင်ခဲ့သည်။ ကြောင်အိမ်ကို ဖွင့်ကြည့်သည်။ အိမ်ဖော်အမျိုးသမီးသည် နေ့စဉ်အချိန်မှန် လာရောက်ကာ မီးဖိုချောင်သုံး ပစ္စည်းများကို လုံလုံလောက်လောက် ဝယ်ယူသိမ်းဆည်းထားပေးသည်။

ကော်ဖီအိုးကို လျှပ်စစ်မီးဖိုပေါ် တင်လိုက်သည်။ ရေထည့်သည်။ ကော်ဖီမှုန့် ထည့်သည်။ မီးခလုတ်ကို ဖွင့်လိုက်သည်။ ပြီးတော့ မြို့ထဲ ထွက်လာခဲ့သည်။

မုန့်တိုက်တွင်-လူရှင်းနေသည်။

"မင်္ဂလာ နံနက်ခင်းပါ မက်ရှာ"

ကောင်တာ နောက်ဘက်မှ အရောင်းစာရေးမလေး၏ နားဝင်ပီယံ ဆီးကြိုနှုတ်ဆက်သံ။

"မင်္ဂလာ နံနက်ခင်းပါ မာ့ဒ်မွာဆယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမုန့်တွေများ အလိုရှိပါသလဲရှင်"

"အသားညှပ်ပေါင်မုန့် တစ်ဒါဇင်၊ ပြီးတော့ အဆော့တက်ကိတ်နှစ်ဒါဇင်၊ ပလိန်းကိတ်နှစ်ပေါင်၊ ကိတ်ခြောက် တစ်ဒါဇင်၊ နှင်းဆီဖြူနဲ့ ကိတ်ဖြူတစ်လုံး"

"ဟုတ်ကဲ့ . . . ရပါတယ် မက်ရှာ"

စာရေးမလေးက မှန်ဘီရိုထဲမှ မုန့်များကို ကျွမ်းကျင်ဖျတ်လတ်စွာ ရွေးပေးသည်။ ပြီးတော့ လှိုက်လှဲစွာ ပြုံးလိုက်ပြီး . . .

"မက်ရှာကြည့်ရတာ သိပ်ပြီးပျော်နေသလိုပဲ"

"ခင်ဗျား ဘယ်လိုသိသလဲ"

"ဒါဟာ မခက်ပါဘူးမက်ရှာ၊ လူတစ်ယောက်မှာ ချစ်ရမယ့်သူ ရှိနေတဲ့အခါ သိပ်ပြီးသိသာပါတယ်"

"တကယ်သိသာတယ် ဟုတ်လား"

"တကယ်ပါ မက်ရှာ၊ အခုမက်ရှာရဲ့ မျက်နှာ ကြည့်ရတာပျားရည်လူးထားသလိုပဲ"

"မဆိုးဘူး၊ ခင်ဗျားတော်တော် လူကဲခတ်ကောင်းတာပဲ"

"ကျေးဇူးတင်ပါတယ်ရှင်၊ ဒါနဲ့ မက်ရှာက ပူပူနွေးနွေး လက်ထပ်လာတဲ့ သတို့သား တူပါတယ်"

"ဟုတ်ပါတယ်"

"ဝမ်းသာပါတယ်ရှင်၊ ရာသက်ပန် ပျော်ရွှင်ချမ်းမြေ့ပါစေလို့ ဆုတောင်းပါတယ် မက်ရှာ"

"ကျေးဇူးတင်ပါတယ် မာ့ဒ်မွာဆယ်၊ ဒါနဲ့ အားလုံးဘယ်လောက်ကျသလဲ"

စာရေးမလေးက ပြေစာထုတ်ပေးသည်။ ရှုဘင်က ပိုက်ဆံရှင်းပေးလိုက်သည်။ စာရေးမလေးအား "တစ်"လည်း ခပ်များများ ပေးလိုက်သည်။ သူမက ငြင်းမည်လုပ်တော့ ရှုဘင်က တံခါးဝသို့ ရောက်သွားပြီ။

"ကျေးဇူးတင်ပါတယ် မက်ရှာ၊ သားသမီးရတနာတွေ အများကြီးထွန်းကားပါစေရှင်"

စာရေးမလေးက လှမ်း၍ ဆုတောင်းလိုက်သည်။

ရှုဘင်က တစ်မျက်နှာလုံး အပြုံးပန်းဝေဝေဖြင့် လမ်းဘေးဈေးတန်းသို့ ခြေလှမ်းခပ်သွက်သွက်ဖြင့် လျှောက်လာခဲ့သည်။

စတော်ဘယ်ရီ တစ်ခြင်းနှင့် နှင်းဆီနီ ကြီးကြီးတစ်ပွင့် ဝယ်ယူပြီးနောက် တိုက်ခန်းသို့ ပြန်ခဲ့သည်။

တိုက်ခန်းရောက်တော့ အထုပ်အပိုးတွေ ကစ်ပွေ့တစ်ပိုက်ကြီးနှင့် ဓာတ်လှေကားခလုတ်ကို မမှီ မကမ်းနှိပ်နေသဖြင့် ဒရဝမ်က ပြေးလာပြီး အကူအညီ ပေးရသေးသည်။

ပစ္စည်းတွေ ပိုက်ပြီး မီးဖိုခန်းထဲ တန်းဝင်လာခဲ့သည်။ ပစ္စည်းတွေကို ရေခဲသေတ္တာထဲ ထည့်ထားလိုက် သည်။

သူ တော်တော် ကျေနပ်သွားသည်။

အိပ်ခန်းဆီသို့ လျှောက်လာခဲ့သည်။ တံခါးကို အသာဖွင့်ပြီး အထဲသို့ချောင်းကြ



www.burmeseclassic.com

www.burmeseclassic.com



သိုက်သည်။ မာဂဒါ အိပ်ရာက မထသေး။

ရုတ်တရက် အတွေးတစ်ခု ပေါ်လာသဖြင့် ဧည့်ခန်းထဲသို့ လာခဲ့သည်။ စာရေးစားပွဲတွင် ဝင်ထိုင်သည်။ အံဆွဲကို ဖွင့်၍ စာရေးစက္ကူကတ်ထုတ်လိုက်သည်။

ထို့နောက် ဂျိုစလင်ထံသို့ ပို့ရန် စာတစ်စောင် ရေးသည်။ စာက ဖွဲ့ဖွဲ့နွဲ့နွဲ့ မရှိလှ။ သို့သော် အေး စက်စက်နှင့် ခံစားချက်မပါသောစာမျိုးတော့မဟုတ်။ ဂျိုစလင်အနေဖြင့် ကိုယ့်ခံစားချက်နှင့်ကိုယ် ကြိုက်သလို အဓိပ္ပာယ်ကောက်နိုင်သော အရေးအသားမျိုး။

စာအိတ်ကိုပိတ်ပြီး လိပ်စာတပ်လိုက်သည်။

ပြီးတော့ ဖခင်ဖြစ်သူထံ စာတစ်စောင်ရေးသည်။ ဘဝနောက်ဆုံးနေ့ရက်များကို ပါရီမြို့၌ ရက်အတန်ကြာ ကုန်လွန်စေလိုသော ဆန္ဒရှိပါကြောင်း၊ သည်အချက်ကို ဖခင်ကြီးအနေဖြင့် နားလည်ခွင့်လွှတ်လိမ့်မည်ဟု ယုံကြည်ပါကြောင်း၊ ယခုလို ကြာကြာနေလိုသည်မှာ ဂျိုစလင်အပေါ်၌ ချစ်မြတ်နိုးစိတ် ပေါ်၍ မဟုတ်ပါကြောင်း ရေးသားပြီးနောက် သူ ပြန်လာမည့် ရက်ကို ကြိုတင်၍ သံကြိုးရိုက်မည်ဖြစ်ကြောင်းဖြင့် စာကိုအဆုံးသတ်လိုက်သည်။

စာအိတ်တွင် တံဆိပ်ခေါင်းကပ်ရင်း ဖခင်ကြီး၏ မျက်နှာကို မြင်ယောင်လာမိသည်။ ဖခင်ကြီးက သူ့စာကို ဖတ်ပြီး ပြုံးနေလိမ့်မည်။ ပြီးတော့ "ဟေး ဆာရာ၊ မင်းသားက မဆိုးဘူးကွဲ့၊ တော်တော် စိတ်ကူးကောင်းတဲ့ကလေးပဲ၊ ဘာမှမပူပါနဲ့၊ သူပျော်သလောက် နေပြီးမှ ပြန်လာပါစေ"ဟု မိခင်ကြီးအား လှမ်းပြောသည်ကိုလည်း မှန်းဆကြည့်မိသည်။

ရှာဘင်က ဖခင်ကြီးအား ချစ်လည်းချစ်၏။ လေးလည်း လေးစား၏။ ဖခင်ကြီးသည် နိုးသားပြီး ဂုဏ်သိက္ခာရှိသော ပုဂ္ဂိုလ်ကြီးတစ်ယောက်ဖြစ်သည်။ ကတိလည်းတည်သည်။ တြင်နာမှုလည်းရှိသည်။ မမှန်တာကိုလည်း ဘယ်တော့မှ မလုပ်။ ဖခင်ကြီးကလည်း သူ့သားများအား သူ့လိုပင် ကျင့်ကြံပြုမူစေလိုသည်။

သို့ပေမယ့် ရှာဘင်က သူ၏ လိမ်ညာသော လုပ်ရပ်အတွက် လိပ်ပြာမသန့် မဖြစ်မိ သည့်အပြင် ပျော်သလိုလိုပင် ခံစားမိသည်မှာ အံ့သြစရာ။

စာအိတ်နှစ်အိတ်စလုံးကို (နောက်မှပို့ရန်) အပေါ်အင်္ကျီအတွင်းအိတ်ထဲတွင် ထည့်လိုက်ပြီးနောက် မီးဖိုခန်းထဲသို့ ပြန်လာခဲ့သည်။ ကော်ဖီပွဲ လင်ပန်းကို ယူရန် ကြောင်အိမ်ကို ဖွင့်နေစဉ် နောက်ဘက်မှ တံခါးဖွင့်သံ ကြားလိုက်ရသည်။ အိမ်ဖော် မစ်ဂဒွန်ဖြစ်ကြောင်း သိလိုက်သည်။

မီးဖိုခန်းထဲမှ ကော်ဖီနံ့ရတော့ မစ်ဂဒွန်က အံ့အားသင့်သွားသည်။ မက်ရှာဂျိုနေး ရောက်နေတာ ဖြစ်ရမည်ဟု တွက်လိုက်သည်။ မီးဖိုခန်းဘက်သို့ ခပ်သွက်သွက် လျှောက်လာသည်။ ကော်ဖီဗန်းကြီး ကိုင်ထား သော ရှာဘင်အား ရုတ်တရက် မြင်လိုက်ရသည်။ သူမ အံ့သြဝမ်းသာဖြင့်

"မင်္ဂလာ နံနက်ပါမက်ရှာဟက်၊ ကျွန်မက မက်ရှာဂျိုနေး ရောက်နေတာ ဖြစ်ရမယ်လို့ အောက်မေ့နေတာ၊ တွေ့ရတာဝမ်းသာပါတယ်မက်ရှာဟက်၊ မလာတာကြာပြီနော်"

"ကျေးဇူးတင်ပါတယ် မစ်ဂဒွန်၊ ဟုတ်ပါတယ်၊ မလာတာ တော်တော် ကြာသွားပါပြီ၊ အခုလို ပြန်တွေ့ရတာ ကျွန်တော်လည်းဝမ်းသာပါတယ်ဗျာ၊ ကျွန်တော် ဒီမှာဆက်နေဦးမယ်၊



www.burmeseclassic.com

www.burmeseclassic.com



မနေ့ကမှ ဆုံးဖြတ်လိုက်တာပါ"

"ဒီတစ်ခါတော့ ခပ်ကြာကြာနေမယ်မဟုတ်လား"

"သိပ်ကြာကြာတော့ နေနိုင်မယ် မထင်ပါဘူး၊ အလွန်ဆုံးကြာ သုံးလေးပတ်ပါပဲ"

သူက လင်ဗန်းကို စားပွဲပေါ် ချထားလိုက်ရင်း စီးကရက် တစ်လိပ် ထုတ်ညှိလိုက်သည်။ ဆေးလိပ်ဖွာရင်း ခေတ္တ စဉ်းစားနေသည်။

မာဂဒါအကြောင်း ဖွင့်ပြောလိုက်ရရင် ကောင်းမလား။ ဘာမျှတော့ စိုးရိမ်စရာ မရှိသော်လည်း မိန်းမချင်းမို့ မနာလိုဖြစ်ချင်ဖြစ်နိုင်သည်မဟုတ်လား။ သို့သော် ဒါမျိုးတွေက မစ်ဂဒ္ဒန်အတွက်မဆန်းတော့။ သူမ၏ အိမ်ရှင် အီမီလ်ဂျိနေးကိုယ်တိုင် အပျော်မယားများကို မကြာခဏခေါ်လာတတ်သည်မို့ မစ်ဂဒ္ဒန်အနေဖြင့် မာဂဒါကိုလည်း အထူးအဆန်းလို့ ထင်စရာမရှိတော့။ သို့ဖြင့် သူက ပြောင်ပြောင်ပင် ဖွင့်ပြော လိုက်တော့သည်။

"ဒါနဲ့ မစ်ဂဒ္ဒန်၊ ကျွန်တော် ဒီအိမ်မှာ ရှိနေတုန်း မိန်းကလေးတစ်ယောက်လည်း ခဏ လာနေလိမ့်မယ်"

မစ်ဂဒ္ဒန်က ဘာမျှ ပြန်မပြောဘဲ ပြုံးစေ့စေ့ မျက်နှာပေးဖြင့် ပြန်လှည့်ထွက်သွားသည်။

လက်ပတ်နာရီကို ကြည့်လိုက်သည်။ ၁၀နာရီ ထိုးပြီ။ အိပ်ခန်းတံခါးကို ဖွင့်ပြီး အထဲသို့ လှမ်းကြည့် လိုက်သည်။

မာဂဒါက လက်နှစ်ဘက်ကို အပျင်းဆန့်ရင်း အိပ်ရာမှ နိုးလာသည်။

ရှုဘင် အခန်းထဲ ဝင်လာပြီး ခုတင်စွန်းတွင် တစ်စောင်း ဝင်ထိုင်လိုက်သည်။ မာဂဒါအား ဆွဲဖက်ကာ တစ်ချက်နမ်းလိုက်သည်။ မာဂဒါက ငြိမ်ခံနေသည်။ ပြီးတော့မှ အသာ တွန်းဖယ် လိုက်ပြီး . . .

"နေစမ်းပါဦး၊ သိပ်ကဲတာပဲ၊ ကျွန်မ မျက်နှာ မသစ်ရသေးဘူး"

ရှုဘင်က သဘောကျစွာ တဟဲဟဲ ရယ်နေသည်။

မာဂဒါ ခုတင်ပေါ်မှ လူးလဲထပြီး ရေချိုးခန်းထဲသို့ ဝင်သွားသည်။

အတန်ကြာတော့ ကိုယ်သုတ်ပဝါကြီး ခါးလယ်မှ ပတ်ကာ အခန်းထဲ ပြန်ဝင်လာသည်။

ရှုဘင်က မီးဖိုခန်းထဲသွားပြီး ကော်ဖီဗန်းကို ယူလာသည်။

သူက ကရားထဲမှကော်ဖီကို ပန်းကန်ထဲ လောင်းထည့်ရင်း . . .

"ကဲ . . . နွေးသွားအောင် ပူပူလေး မှုတ်သောက်လိုက်ပါဦး"

"ကော်ဖီနံ့ကလေးက သင်းနေတာပဲ၊ သောက်ချင်စရာပဲ"

ရှုဘင် စတော်ဘယ်ရီသီးတစ်ခိုင် ကောက်ယူပြီး မာဂဒါ၏ ပါးစပ်ထဲသို့ ထည့်ပေးသည်။ မာဂဒါက ပါးစပ်ကို ဟနိုင်သမျှ ဟပြီး ပလုတ်ပလောင်းကိုက်စားလိုက်သည်။

ပြီးတော့ ရှုဘင်အတွက် ကော်ဖီတစ်ဝက်၊ မလိုင်တစ်ဝက် ရောစပ်လျက် ပန်းကန်ကို ရှုဘင်အား ကမ်းပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရော့ . . . သူများချည်း ကျွေးမနေနဲ့ဦး၊ ကိုယ်လဲ သောက်လိုက်ပါဦး၊ ကိုယ် အားရှိဖို့က ဦးအရေးကြီးတယ်"

နှစ်ယောက်စလုံး သဘောကျစွာ ရယ်လိုက်ကြသည်

စားသောက်ပြီးတော့ နှစ်ယောက်သား ခုတင်ပေါ်တွင် လှဲအိပ်ကြပြန်သည်။ ရှုဘင်က ဓာဝဒါ၏ပခုံးကို လက်နှင့်ဖက်ထားသည်။

"ဩော် . . .၊ ဒါနဲ့ ကိုယ်မေ့နေလိုက်တာ၊ အချစ်ကို တစ်ခု ပြောရဦးမယ်၊ အခု ဒီအိမ်မှာ အိမ်ဖော် အမျိုးသမီးတစ်ယောက် ရောက်နေတယ်၊ ကိုယ့်မိတ်ဆွေ အီမီလ် ငှားထားတဲ့ အိမ်ဖော်ပါ၊ သူ့နာမည်က မစ်ဂဒ္ဒန်တဲ့"

"ကျွန်မရှိနေတာ သူ သိသွားပြီလား"

"သိသွားပါပြီ၊ ဒါပေမယ့် ကိစ္စမရှိပါဘူး၊ အိမ်ရှင်မတစ်ယောက် တိုးလာလို့ ပိုပြီးတောင် ဝမ်းသာနေဦးမှာပါ"

မာဂဒါက သက်မတစ်ချက် ချလိုက်ပြီးနောက် . . .

"အင်း . . . ကဖေးဆိုင်က လူတွေကတော့ ကျွန်မ ပျောက်နေလို့ ဒေါင်းတောက်နေကြမှာပဲ"

"အဲဒီအတွက် မပူပါနဲ့၊ တို့အကြောင်းကြားလိုက်ရင် ဖြစ်ပါတယ်၊ ဒါက အရေးကြီးတဲ့ ကိစ္စမဟုတ် ပါဘူး"

"ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမယ့် ကျွန်မ ဒီနေ့ ခဏဖြစ်ဖြစ် ပြန်ရဦးမယ်"

"ဘာလုပ်ဖို့လဲ"

"ကျွန်မ အခန်းထဲမှာ ယူစရာလေးတွေ ကျန်နေသေးလို့ပါ"

"မလိုပါဘူးကွယ်၊ ရှယ်နယ်တိုက်က အဝတ်အစားတွေ ရောက်လာပြီးတဲ့နောက် တို့နှစ်ယောက် ဈေးထဲထွက်ပြီး လိုအပ်တာတွေအားလုံး ဝယ်လိုက်ကြတာပေါ့"

"မဖြစ်ဘူး ရှုဘင်၊ ကျွန်မ မသွားလို့ မဖြစ်ဘူး"

"ဘာဖြစ်လို့ မဖြစ်ရမှာလဲ၊ မင်း မသွားရဘူး၊ လုံးဝ မသွားရဘူး"

"မသွားလို့ မဖြစ်လို့ပါ ရှုဘင်၊ ပြန်ယူစရာကားချပ်တွေ ရှိနေလို့ပါ၊ အဲဒါတွေဟာ ကျွန်မအတွက် သိပ်ပြီး တန်ဖိုးရှိပါတယ်။ ကျွန်မပိုင်ဆိုင်သမျှ အဖိုးတန်ပစ္စည်းတွေဆိုလည်း မများပါဘူး"

"ဘာတွေလဲ၊ ပန်းချီကားချပ်တွေလား"

"မဟုတ်ပါဘူး၊ ကျွန်မဖေဖေ၊ မေမေနဲ့ ကျွန်မ အစ်ကိုတို့ရဲ့ ဓာတ်ပုံတွေပါ၊ ဟောင်းတော့ ဟောင်းနေပါပြီ၊ ဒါပေမယ့် အဲဒါတွေမရှိရင် ကျွန်မမှာ တစ်ယောက်တည်း အထီးကျန်ဘဝ ရောက်နေရသလို ခံစားရလို့ပါ"

"ဒါဖြင့် မင်းမသွားပါနဲ့၊ ကိုယ်သွားယူလိုက်မယ်"

"ဘယ်ဖြစ်မလဲ၊ ကျွန်မအခန်း ကျွန်မပဲ သွားရမှာပေါ့"

"ဒါဆို တို့နှစ်ယောက် အတူသွားကြမယ် ဟုတ်လား"

"ဩော် . . .၊ တယ်လဲ အပြောရကျပ်ပါလား နော်၊ ကဲ ဒီလောက်တောင်ဆိုရင်လည်း



www.burmeseclassic.com

www.burmeseclassic.com



မောင့်သဘော၊ မောင့်သဘော"

"အေး . . . ဒါမှ မောင့် အချစ်ကလေးကွ၊ မောင့် အချစ်ကလေး"

ရှူဘင်က မဂဒါ၏ ပါးပြင်နုနုကို ထပ်ဆင့်နမ်းရှုပ်ပစ်လိုက်သည်။

မာဂဒါက ရုတ်တရက် သတိရမိသည့်ဟန်ဖြင့် . . .

"ဒါနဲ့ မောင် ကျွန်မကို မြို့စားကတော်ကြီး အကြောင်းပြောပြပါဦးလား . . . ဟင်"

"ရပါတယ် အချစ်ရယ် ရပါတယ်၊ သူက အင်မတန်ထူးခြားတဲ့ အမျိုးသမီးကြီး တစ်ယောက်ပါ။ အရွယ်ကောင်းတုန်းကဆိုရင် ပါရီမှာ စာစီကုံးရတဲ့ ကြော့ဆုံးအလှ ဘုရင်မ တစ်ယောက် ဆိုပါတော့"

"ဒါနဲ့များ သူက ကျွန်မအတွက် ဘာလို့ဒုက္ခခံပြီး တာဝန်ယူရတာတဲ့လဲ၊ သူက ဒီအလုပ်မျိုး လုပ်စားနေလို့လားဟင်"

"ဒီလိုတော့ မဟုတ်ပါဘူး၊ အခြေအနေအရ ဆိုပါတော့"

"သူက မြို့စားကတော်ကြီးဆိုတော့ ပိုက်ဆံချမ်းသာမှာပေါ့"

"မချမ်းသာပါဘူး၊ အခု မချမ်းသာတော့ပါဘူး"

"ဘာဖြစ်လို့"

"ဒီအကြောင်း ပြောရမှာအရှည်ကြီး၊ သူက အတိတ်ကို ပြန်ပြီး မဖော်စေချင်ဘူး။ သူ့အနေနဲ့ ရင် နင့်အောင် ခံစားခဲ့ရတဲ့ ဖြစ်ရပ်မို့လို့ပါ"

"ဒါနဲ့ သူဟာ အထက်တန်းလွှာ အသိုင်းအဝိုင်းမှာ သိပ်ပြီး ရေပန်းစားတဲ့ အမျိုးသမီး ကြီးဆို"

"ဟုတ်ပါတယ်၊ တကယ်လည်း ရေပန်းစားပါတယ်၊ ဒါပေမယ့် သူက အခြေအနေအရ လူတောထဲ လုံးဝမတိုးဘဲ သူ့ဟာသူပဲ အေးအေးဆေးဆေးနေတယ်၊ တစ်ချိန်ကဆိုရင် သူ့မိဘတွေဟာ ဩဇာတိက္ကမ အလွန်ကြီးမားသလောက် ကျိကျိတက်ချမ်းသာခဲ့ကြတာပေါ့။ မိဘတွေ ဆုံးသွားတော့ အမွေတွေ တင်းနဲ့ ခြင်ပြီး ရလိုက်တယ်၊ အဲဒီနောက် မြို့စားကြီး ဘိုလတ်နဲ့ လက်ထပ်လိုက်တယ်၊ မြို့စားကြီး ဘိုလတ်က သူ့ထက် အသက်လည်း (၃၀)လောက်ကြီးတယ်၊ ပိုက်ဆံလည်း တစ်ပြားမှမရှိဘူး၊ ဘိုလတ်ကအဲဒီပိုက်ဆံတွေအားလုံး ပြောင်တလင်းခါအောင် သုံးဖြုန်းပစ်ခဲ့လို့ အခုလိုဘဝမျိုး ရောက်ခဲ့ရတာပါ၊ ဒါပေမယ့် မြို့စားကတော်ကြီးက သူ့သိက္ခာ သူထိန်းပြီး ဘဝမပျက်အောင်နေတတ်လို့ သူ့ကို အခုအထိ အထက်တန်းလွှာ အသိုင်းအဝိုင်းက လက်ခံနေကြတုန်းပါပဲ"

"အဲဒီလို သိုက်တူးတဲ့ ဇရာအိုလင်ကြီးနဲ့ သူက ဘာဖြစ်လို့ ပေါင်းနေရတာလဲဟင်"

"ဒါက ပြင်သစ်တရားဥပဒေအရ ဖြစ်ရတာပေါ့၊ ပြင်သစ်တရားဥပဒေက သားကိုသခင် လင်ကို ဘုရား မှတ်ယူရမယ်လို့ ဆိုထားတယ်၊ ဒီတော့ လင်ပြုသမျှ မယားဖြစ်သူက နုရတော့တာပေါ့၊ အဲဒီလူကြီးက သေသွားတာ သုံးလေးနှစ်လောက်ပဲရှိသေးတယ်၊ စိန်ရွှေရတနာ ပစ္စည်းကလေး အထိုက်အလျောက် ကျန်နေ်ရစ်လို့ မြို့စားကတော်ကြီးအနေနဲ့ ဘိုးဘွားရိပ်သာ သွားမနေရတာ ကံကောင်းပါသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အင်း . . . ပိုက်ဆံ၊ ပိုက်ဆံ၊ သိပ်ပြီး အရေးကြီးတာပဲနော်"

"ဟုတ်ပါတယ်၊ အရေးကြီးပါတယ်၊ ဒါပေမယ့် မှန်ကန်တဲ့ နည်းနဲ့ သုံးစွဲတတ်ဖို့ လိုပါတယ်"

"ဘယ်လို မှန်ကန်တဲ့ နည်းနဲ့လဲ"

"ပိုက်ဆံသာပဓာန၊ ပိုက်ဆံသာ အဓိကဆိုတဲ့ စိတ်ထားမျိုး မရှိသင့်ဘူး"

"ပိုက်ဆံရှိရင် အားလုံးဖြစ်နိုင်ပါတယ်"

"ပိုက်ဆံကြောင့် အားလုံး ပျက်လည်း ပျက်စီးသွားနိုင်တယ်"

"ပိုက်ဆံနဲ့ ဂုဏ်သိက္ခာကိုလည်း ဝယ်ယူနိုင်တယ်၊ ပိုက်ဆံဟာ အဲဒီအထိ တန်ခိုးအာဏာရှိတဲ့ ပစ္စည်းတစ်ခုပဲ"

"မင်းပြောတာ မမှားပါဘူး၊ မှန်ကန်တဲ့ နည်းနဲ့ သုံးစွဲတတ်ရင် လူတစ်ယောက်အတွက် အဘက်ဘက်က အကျိုးရှိနိုင်ပါတယ်"

မာဂဒါသည် ရုပ်စုံမှန်ပြောင်းနှင့် ကြည့်လိုက်ရသလို စိတ်မျက်စိထဲတွင် လှပသော မှန်ပြတင်းတွေ၊ ခမ်းနားသော အိမ်ထောင်ပရိဘောဂ ပစ္စည်းတွေကို မြင်ယောင်လာသည်။ ထို့နောက် မြို့စားကတော်ကြီးကို ရုတ်တရက်သွား၍ သတိရမိသည်။ သူမက လေသံဖြင့် တိုးညင်းသာယာစွာ မေးလိုက်သည်။

"ပိုက်ဆံဟာ အထီးကျန်ဘဝကိုလည်း ဖန်တီးပေးနိုင်သေးတယ်၊ မဟုတ်ဘူးလားဟင်"

"ဟုတ်တာပေါ့၊ အဆုံးမရှိတဲ့ အထီးကျန်ဘဝကိုလည်း ဖန်တီးပေးနိုင်တာပေါ့ မာဂဒါ"

သူမက ရှုဘင်၏ လက်ကို လှမ်းကိုင်ပြီး တင်းတင်းဆုပ်လိုက်၏။

"အဲဒီတော့ မြို့စားကတော်ကြီးကို ဘယ်တော့တွေ့ရမလဲဟင်"

"သူ . . . ဒီနေ့ညနေ ခြောက်နာရီမှာ ဒီကိုရောက်လာလိမ့်မယ်"

"သူ ရောက်လာရင် ကျွန်မဘာလုပ်ရမလဲ၊ ကျွန်မ ဆိုလိုတာက ကျွန်မဘယ်လို နေရမလဲလို့ မေးတာပါ"

"ဘယ်လိုမှ နေစရာမလိုပါဘူး၊ မင်း နေတတ်သလိုနေပါ၊ မင်းနေနေကျ ပုံစံအတိုင်းပဲ နေပါ"

"အဲဒီလိုနေလို့ သူက ကျွန်မကို သဘောမကျဘူးဆိုရင် ဘယ်လိုလုပ်မလဲဟင်"

"သူက မင်းကို မြင်မြင်ချင်း သဘောကျမှာပါ၊ မင်းအနေနဲ့ ဘာမှ ဟန်ဆောင်နေစရာ မလိုပါဘူး။ ကိုယ်နေတတ်သလို မူမပျက် နေရုံပါပဲ"

"ဒါပေမယ့် ရှုဘင်၊ ကျွန်မက သိပ်ပြီး . . . သိပ်ပြီး"

"သိပ်ပြီး လှနေတယ်ဆိုပါတော့ . . . ဟုတ်လား"

ရှုဘင်က မာဂဒါ၏ စကားကို ဖြတ်ပြောလိုက်သည်။

"ရှင့်အနေနဲ့တော့ ဟုတ်ကောင်း ဟုတ်ပါလိမ့်မယ်၊ ဒါပေမယ့် သူများတွေအဖို့တော့ ကျွန်မဟာ သိပ်ပြီးအောက်တန်းကျတဲ့ မိန်းမတစ်ယောက်၊ သိပ်ပြီး အဆင့်အတန်း နိမ့်ကျတဲ့ လူတစ်ယောက် ဖြစ်နေမှာပေါ့၊ ကျွန်မက ဘာမှမဟုတ်တဲ့ လမ်းပေါ်က ကြေးစားသီချင်းသည်မ"

"အဲဒါဆိုရင် လုံလောက်နေပြီပေါ့၊ တခြား ဘာများလိုသေးသလဲ မာဂဒါ၊ လူတိုင်း



www.burmeseclassic.com

www.burmeseclassic.com



လူတိုင်းဟာ ကိုယ့်အလှ၊ ကိုယ့်ဘဝနဲ့ကိုယ် ပြည့်စုံနေကြတာပါ။ မင်းကိုယ်မင်း ဂုဏ်ယူစမ်းပါ၊ ငါ ရုပ်ချောတယ်၊ ငါဟာ တန်ဖိုးရှိတဲ့ မိန်းကလေးတစ်ယောက်လို့ အမြဲတမ်း သဘောပိုက်ထားစမ်းပါ။ ကိုယ့်ကိုယ်ကိုယ် သိပ်ပြီး အထင်သေးတာ မကောင်းပါဘူး။ မင်းက ပညာမတတ်လို့ မင်းကိုယ်မင်း အားငယ်နေတာလား၊ မလိုပါဘူး၊ တကယ်တော့ ပညာမတတ်တဲ့လူဆိုတာလည်း မသင်ရသေး တဲ့လူပါ၊ သင်ယူရင် ဘယ်ပညာမဆိုတတ်နိုင်ပါတယ်၊ လူ့ဘဝဟာ အကောင်းဆုံး တက္ကသိုလ် ကျောင်းကြီးပါပဲ၊ "ဘဝတက္ကသိုလ်"မှာ မင်း ဘာပညာမဆိုသင်ယူလို့ ရနိုင်ပါတယ်၊ ငါကတော့ မင်းကိုအထင်ကြီးတယ်၊ တန်ဖိုးထားတယ်၊ မင်းဟာ တန်ဖိုးရှိတဲ့ မိန်းကလေးတစ်ယောက်ပါ၊ အဲဒါ အဓိကအချက်ပါပဲ၊ တစ်နေ့မှာ မင်းဟာ ဂုဏ်သရေရှိ အမျိုးကောင်းသမီးတစ်ယောက် ဖြစ်လာမှာပါ"

"ဒီလိုစိတ်ဓာတ်မျိုးနဲ့တောင် ဂုဏ်သရေရှိ အမျိုးကောင်းသမီးတစ်ယောက် ဖြစ်လာနိုင် မှာတဲ့လား"

"ဒါပေါ့၊ ဖြစ်လာရမှာပေါ့၊ ကိုယ်ပိုင်သဘာဝနဲ့ ကိုယ်ပိုင်စိတ်ဓာတ် ရှိတာဟာ မင်းရဲ့ အလှပဲပေါ့၊ ကဲပါ ဒါတွေ ထားလိုက်ပါတော့၊ အဝတ်အစား ဝတ်ထားတော့၊ ခြောက်နာရီ မထိုးခင် အဆင်သင့် ဖြစ်နေ အောင် လုပ်ထားတော့ ဟုတ်လား"

မာဂဒါက ရှူဘင်အား ရွှန်းရွှန်းစားစားကြီး ကြည့်နေရာမှ လှိုက်လှဲဝမ်းသာ လှမ်းဖက် လိုက်သည်။

အိမ်ရှေ့တံခါးမှ လူခေါ်ခေါင်းလောင်းသံ ကြားရသည်။ အိမ်ဖော်အမျိုးသမီး မစ်ဂဒွန်က တံခါးဆီ သွားဖွင့်ပေးပြီး လေးစားစွာ ကြိုဆိုနှုတ်ဆက်သည်။

"မင်္ဂလာရှိသော ညနေခင်းပါ မြို့စားကတော်ကြီး"

မြို့စားကတော်ကြီးက ခေါင်းညိတ်ကာ တုံ့ပြန်ပြီးနောက် စကျင်ကျောက်အတိပြီးသော ဆင်ဝင် ဆောင်ကိုဖြတ်ကာ ဧည့်ခန်းမသို့ ဝင်လာခဲ့သည်။ ဧည့်ခန်းထဲတွင် ရှူဘင်နှင့် မာဂဒါတို့က မြို့စားကတော်ကြီး အား အသင့်စောင့်ကြိုနေကြသည်။ မာဂဒါမှာ ဂုဏ်ကြီးရှင် မြို့စားကတော်နှင့် တွေ့ဆုံရမည်ကို စိတ်မလုံဟန်ဖြင့် အတော်ကလေး စိတ်လှုပ်ရှားလျက် ရှိသည်။

ရှူဘင်ကတော့ မြို့စားကတော်ကြီးအား ပြေးဖက်လျက် ပါးပြင်နှစ်ဘက်ကို ယဉ်ကျေးစွာ နမ်းရှုပ်ကာ

"အန်တီ့ကို မြင်ရတာ အလျင်ထက်ပိုပြီး ကျက်သရေ ရှိလာသလိုပဲ" ဟု ပြောလိုက်သည်။

မြို့စားကတော်ကြီးက သဘောကျစွာ ပြုံးလိုက်ပြီး . . .

"မောင်ကလည်း ခန့်ချော ချောပါပေတယ်ကွယ်၊ မိန်းမတိုင်း စွဲလောက်တဲ့ ရုပ်ရည်ပါပဲ"

သူတို့နှစ်ယောက် တရင်းတနှီး ပြောဆိုနေကြသည်ကို မာဂဒါ စိတ်ဝင်တစား စောင့်ကြည့် နေသည်။

မြို့စားကတော်ကြီး၏ အမူအရာမှာ တကယ်လည်း နန်းဆန်လှသည်။ အသက်အရွယ်မှာ ၄၅ နှစ်ခန့် ထင်ရသော်လည်း ရုပ်ရည်က အသက်ထက် နုပျိုနေသည်။ သူမ၏ မျက်နှာမှာ ဇရာ



www.burmeseclassic.com

www.burmeseclassic.com



ထုံးဝမထင်သေးဘဲ ကြွေသားပမာ ကြည်လင်မွတ်စင်နေသည်။ နှုတ်ခမ်းနှစ်လွှာမှာ ပတ္တမြား သွေးရောင်တောက်နေပြီး ပါးပြင်နှစ်ဘက်က နှင်းဆီသွေးရောင် လွှမ်းလျက်ရှိသည်။ ဝိုင်းစက်သော မျက်လုံးနှင့် မည်းနက်သော မျက်တောင်များကလည်း ဖိုသတ္တဝါများ စွဲမက်ချင်စရာ ညှို့အားတွေ အပြည့် ရှိနေသည်။ အနီရောင်ခြယ်ထားသော ဆံပင်ပေါ်တွင် ဝေဿလီဗျိုင်းတောင်များ စိုက်ထားသည့် အနက်ရောင်ပိုးသားဦးထုပ်ပျော့ကလေးကို ခပ်ရွရွတင်ထားပုံကလည်း ပနံသင့် သည်။ အနက်ရောင် ပဝါနုနု ပျော့ပျော့ကလေးကို ဝင်းပမွတ်စင်သော ရွှေ လည်တိုင်တဝိုက်တွင် မှိုတရို့ သိုင်းပတ်ထားသည်။ အပေါ်ရုံအင်္ကျီကတော့ အနက်ရောင် ကတ္တီပါသား ဝတ်စုံ။ မြို့စားကတော်ကြီးသည် လက်ဝတ်ရတနာဆို၍ ရင်ဘတ်ပေါ်တွင် စိန်ရင်ထိုးကြီးတစ်ခုကိုသာ တပ်ဆင်ထားသည်။

သူမသည် အဖြူရောင် ဆိတ်သားရေ လက်အိတ်များကို ဖြည်းဖြည်းချွတ်ရင်း မာဂဒါအား မျက်ခြည်မပြတ် စိတ်ဝင်စားစွာ အကဲခတ်ကြည့်ရှုနေသည်။ ရှုဘင်က မိတ်ဆက်မပေးမီမှာပင် သူမက စတင်စကားဆိုသည်။

"အင်း . . . မောင်ပြောတာ တကယ်လည်း မှန်ပါပေတယ်၊ ငါ့ တူမကြီးက တကယ့်ကို ချောပါပေတယ်"

ဤတွင် ရှုဘင်က ကြားဖြတ်ကာ . . .

"ဒီမှာ ဒါလင်၊ ဟောဒါ မောင်ပြောပြောနေတဲ့ ဘိုလတ်မြို့စားကတော်ကြီးပါပဲ"

"တွေ့ရတာ ဝမ်းသာပါတယ် အန်တီ"

မာဂဒါက လေသံပျော့ပျော့ဖြင့် ပြန်ပြောသည်။ မကောင်းတတ်၍ လောကဝတ်စကား ပြောလိုက် ရပေမယ့် သူမရင်ထဲမှာတော့ ခဲဆွဲထားသလို လေးလံ တင်းကျပ်နေသည်။

"အိုး . . . လက်စသတ်တော့ မာဂဒါဆိုတာ တူမကြီးပဲကိုး"

ယမန်နေ့က သူတို့နှစ်ယောက် တယ်လီဖုန်းဖြင့် ဆွေးနွေးခဲ့ကြစဉ်က ရှုဘင်က မာဂဒါ၏ နာမည်ကို ထပ်တလဲလဲပြောပြခဲ့၍ မြို့စားကတော်ကြီးက မာဂဒါကို မြင်မြင်ချင်း ခန့်မှန်းနိုင်ခဲ့ ခြင်းဖြစ်သည်။

ကလေးမက တကယ်လည်းချောသည်။ မြို့စားကတော်ကြီးထင်တာထက် အများကြီး ချောနေသည်။ ဥပမိရုပ်ကလည်း တော်တော်ထူးခြားပေါ်လွင်နေသည်။ တစ်နေ့တွင် ထင်ရှားသော အမျိုးကောင်းသမီးတစ်ယောက် ဖြစ်လာနိုင်သည့် ရုပ်ရည်မျိုး။

မြို့စားကတော်ကြီးသည် မာဂဒါနှင့် မျက်နှာချင်းဆိုင် ဆိုဖာပေါ်တွင် ဝင်ထိုင်လိုက်သည်။ ရှုဘင်က ၎င်းတို့နှစ်ယောက်ဘေးနားမှ ကုလားထိုင်လွတ်တွင် ဝင်ထိုင်သည်။

"သမီးက ဘူခါရက်မြို့က . . . နော်"

"ဟုတ်ကဲ့ပါ"

မာဂဒါက မြို့စားကတော်ကြီး၏ မျက်နှာကို စေ့စေ့ကြည့်ကာ ပြန်ဖြေသည်။

"ဘူခါရက်ဆိုတာ အလွန်လှတဲ့ မြို့တော်ကြီးပဲ"

"ဒါပေမယ့် ကျွန်မကတော့ အဲဒီလို မမြင်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



ရှုဘင်က သူမအား ပင်ကိုစရိုက်အတိုင်း မူမပျက် ပြောဆိုပြုမူရန် ပြောထားသည်ကို သတိရ၍ မာဂဒါက ပြောင်ပြောင်ပင် ပြန်ပြောလိုက်ခြင်းဖြစ်သည်။

မြို့စားကတော်ကြီးက နှုတ်ခမ်းများကို လျှာဖြင့် တစ်ချက်လျက်လိုက်၏။

အင်း . . . သည်ကလေးမ မဆိုးဘူး။ သတ္တိတော့ ရှိသားပဲ၊ သည်အချက်ကို သူမ သဘောကျသွားမိသည်။

"ဟုတ်ပါတယ်၊ ဟုတ်ပါတယ်၊ တူမကြီးပြောတာ မမှားပါဘူး၊ တကယ်တော့ မြို့တစ်မြို့ရဲ့ အခြေအနေဆိုတာက အလွန်တိုးတောင်းတဲ့ အချိန်ပိုင်းအတွင်းမှာ တစ်မျိုးတစ်မည် ပြောင်းလဲသွားနိုင်တာကလား၊ ကမ္ဘာပေါ်မှာ အလှဆုံးဆိုတဲ့ ပါရီလို မြို့တော်ကြီးတောင်မှ တစ်နေ့မှာ အရုပ်ဆိုးသွားနိုင်သေးတာပဲ။ အဲဒါကတော့ တူမကြီး ကြည့်မြင်တဲ့ ပြတင်းပေါက်အခြေအနေလိုက်ပြီး မြင်ကွင်းလည်း ပြောင်းလဲသွားတဲ့သဘောပေါ့"

ရှုဘင်က လူခေါ်ခေါင်းလောင်းကြိုးကို လှမ်းဆွဲလိုက်သည်။

"အန်တီ တစ်ခုခု သုံးဆောင်ပါလား၊ ရှယ်ရီဝိုင်ဆိုရင် ဘယ့်နှယ်လဲဟင်"

"ကောင်းပါတယ်၊ ကျေးဇူးတင်ပ ဘယ်"

"ဒါနဲ့ ဒါလင်က ဘာသောက်မလဲ . . . ဟင်"

"ပြည်တွင်းအရက်"

ရှုဘင် မျက်မှောင်ကြုတ်သွားသည်။ မာဂဒါကတော့ တကယ် လုပ်နေပြီ။

"ဆောရီးပဲ ဒါလင်၊ ဒီမှာ ပြည်တွင်းအရက် လုံးဝ မရှိဘူး"

"ဒါဖြင့် ကော်ဖီပဲပေးပါ။ ရှယ်ရီက ပျော့လွန်းလို့"

မြို့စားကတော်ကြီး၏ နှုတ်ခမ်းပေါ်တွင် ပြုံးရိပ်သမ်းသွားသည်။ သူမက မာဂဒါ၏အထာကို ချက်ချင်းသဘောပေါက်သွားသည်။ သူကလေးက သူတစ်ပါး ဩဇာပေးတာကို ခံလိုစိတ်မရှိ။ လုံခြုံမှုမရှိသော သူမ၏ ဘဝမှ ပေါက်ဖွားလာသော လက္ခဏာတစ်ရပ်ပင်ဖြစ်သည်။ တကယ်တော့ မာဂဒါက မြို့စားကတော် ကြီးကို ရန်သူတစ်ယောက်လို ထင်နေသည်။

မြို့စားကတော်ကြီးက ရှုဘင်အား မသိမသာ မျက်စပစ်ပြလိုက်သည်။ သည်းခံပါ လူကလေး။ ဘယ်လို အလုပ်မျိုးမဆို အချိန်အခါကိုတော့ စောင့်ရတာပဲ။

မြို့စားကတော်ကြီးသည် ရှယ်ရီဝိုင်ခွက်ကို ကောက်ယူပြီး တစ်စုပ် စုပ်လိုက်သည်။ ပြီးတော့ မဂဒါ ဘက်သို့ လှည့်ရင်း

"ငါ့တူမ အသံက သိပ်ပြီးကောင်းတယ်ဆို၊ ရှုဘင်က အန်တီ့ကို အဲဒီလို ပြောတယ်"

"သူပြောတာ မမှားပါဘူး"

မာဂဒါက မြို့စားကတော်ကြီး၏ မျက်နှာကို စေ့စေ့ကြည့်ကာ ပြန်ပြောလိုက်သည်။

မြို့စားကတော်ကြီးက အတွင်းကျိတ်ပြီး တော်တော်ပင် ကျေနပ်သွားမိသည်။ သူမက မာဂဒါ၏ နှုတ်လုံ့စကားကို ဘွေမယူဘဲ ပြောလိုက်သည်။

"ရှုဘင်ကတော့ အရာရာကို သဘောကျနေတာပဲ"

ဒါသက်သက် စော်ကားတာပဲဟု မာဂဒါ ယူဆလိုက်သည်။ သူမသည် မြို့စား



www.burmeseclassic.com

www.burmeseclassic.com



…တော်ကြီးကို လုံးဝ သဘောမကျ။ သည်အကြောင်း နောက်တော့မှ ရှုဘင်ကို ပြောပြရမည်။ သူမအား ယနေ့မှ မြို့တက်လာသောတောသူမတစ်ယောက်လို ဆက်ဆံတာကို လုံးဝမကြိုက်။

"ဒါနဲ့ ဘူခါရက်တုန်းက အော်ပရာမှာ ကျွန်မ ခေါင်းဆောင်ခန်းက ပါဝင်ခဲ့တာကိုရော သူ့ကို ပြောပြသေးသလား၊ ကျွန်မက ဘုရင်မ အခန်းက ပါဝင်ခဲ့တာ"

"ဘုရားရေ၊ ဒီကလေးမ ဘာတွေလျှောက်ပြောနေပါလိမ့်၊ မြို့စားကတော်ကြီးက စေတနာ ကောင်းကောင်းနဲ့ မေးနေတာ။ သူက ဘာကြောင့်များ ပြန်ပက်နေတာပါလိမ့်"ဟု ရှုဘင်က ကြားမှ ညည်းနေမိသည်။

အိမ်ဖော် မစ်ဂဒ္ဒနက လက်ဖက်ရည်ပွဲကို လက်တွန်းလှည်းဖြင့် တွန်းယူလာသည်။ မာဂဒါကို မြင် လိုက်တော့ သူမပါးစပ်ဟောင်းလောင်း ဖြစ်သွားရသည်။ ဘုရား . . . ဘုရား၊ ယုံနိုင်စရာပါပဲလား၊ ရှုဘင်က ဒီသူငယ်မကိုမှ အိမ်ပေါ် ခေါ်လာရသတဲ့လား။ ဒီလို လမ်းပေါ်က အပေါစား မိန်းကလေးတစ်ယောက်ကိုမှ အရှုးအမူးဖြစ်မိရတာ အံ့ပါရဲ့ . . .။ မစ်ဂဒ္ဒနက ပြုံးမဆုံးနိုင်စွာဖြင့် အခန်းထဲမှ ပြန်ထွက်သွားသည်။ အပြောင်းအလဲကလည်း မြန်ဆန် လွန်းလှပါဘိတော်။

မှန်သည်။ မာဂဒါသည် ယခင်ကနှင့် လုံးဝမတူတော့။ ရက်ပိုင်းအတွင်း အပြောင်းအလဲကြီး ပြောင်း လဲသွားခဲ့သည်။ ယင်းသို့ ပြောင်းလဲသွားခြင်းကို သူမကိုယ်သူမလည်း သတိပြုမိသည်။

သူမသည် ရှုဘင်နှင့် မတွေ့ခင်က ကိုယ့်ဘဝကို ကျေနပ်ရောင့်ရဲနေခဲ့သည်။ ပျော်ပွဲစားရုံ အသိုင်းအဝိုင်းတွင် ကျင်လည်နေရသည်ကိုပင် ပျော်နေခဲ့သည်။ ယင်းဘဝကို သူမက အလေး အမြတ်ထားသည်။ ယင်းဘဝမှ လူတွေကလည်း သူမကို အလေးအနက် လက်ခံကြသည်။

သို့သော် ယခုတော့ သူမဘဝသည် နေ့ချင်းညချင်း အပြောင်းလဲကြီး ပြောင်းလဲသွားခဲ့ပြီ။ သူမသည် မူလဘဝနှင့် လုံးဝခြားနားသော ဘဝသစ်တွင် လူစိမ်းသက်သက် ဖြစ်နေသည်။ သည်လောက သည် သူမနှင့် ရင်းနှီးကျွမ်းဝင်သော လောကမဟုတ်။ အထူးသဖြင့် မြို့စားကတော်ကြီးကို သူမ ဘယ်လိုမှ ကြည့်လို့မရ။ မြို့စားကတော်ကြီးရှေ့တွင် သူမသည် သားအုပ်ထဲ ရောက်နေသော ကျီးလို ထင်မှတ်မိသည်။ သို့သော် ကိစ္စမရှိ။ ဘူခါရက်မြို့က ညတရ တစ်ကောင်ကြွက်မကလေး မာဂဒါဟာ သူတို့ထင်သလို နလပိန်းတုံး တစ်ယောက် မဟုတ်ပါဘူးဆိုတာတော့ ပြရဦးမှာပဲ။ မာဂဒါ ဘယ်ဘဝမျိုးမှာ မဆို အဆင်ပြေပြေ စခန်းသွားလို့ ရပါတယ်။ ဘာကိုမဆို လွယ်လွယ်နှင့် သင်ယူလို့ တတ်လွယ်တဲ့ မိန်းကလေးတစ်ယောက်ပါ။

"လက်ဖက်ရည်လား၊ ကော်ဖီလား . . . အန်တီ" မာဂဒါက ဟန်မပျက် မေးလိုက်သည်။

"ကော်ဖီပဲလုပ်ပါ သမီး"

နယ်စား ကတော်ကြီးက အတွင်းကျိတ် ပြုံးမိသည်။ သည်ကလေးမသည် အကင်းပါးသော မိန်း ကလေးပါလား။

"မလိုင်ထည့်မယ် . . ..နော်"

"ထည့်ပါ . . . ထည့်ပါ၊ သကြားလည်း နှစ်ဇွန်းလောက်"

မာဂဒါက ကော်ဖီပန်းကန်ကို မြို့စားကတော်ကြီးအား ကမ်းပေးလိုက်သည်။ ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



ရှူဘင်ဘက် လှည့်ကာ . . .

"လက်ဖက်ရည်နော်"

"ဟုတ်ကဲ့ . . . လုပ်ပါ"

ရှူဘင်က ခပ်ဆတ်ဆတ် ပြန်ပြောလိုက်သည်။ သို့သော် မာဂဒါက မသိဟန် ဆောင်နေသည်။ မြို့စားကတော်ကြီးကလည်း အခြေအနေကို မျက်ခြည်မပြတ် အကဲခတ်မိသည်။ မာဂဒါသည် လိမ္မာပါးနပ်စွာဖြင့် မီးစင်ကြည့်၍ စခန်းသွားနေခြင်းဖြစ်သည်။ မြို့စားကတော်ကြီးက မာဂဒါ၏ လှုပ်ရှားမှုအဝဝကို သဘောကျနေမိသည်။

ထို့နောက်တွင် မြို့စားကတော်ကြီးနှင့် ရှူဘင်တို့နှစ်ယောက် စကားလက်ဆုံ ကျနေကြသည်။ အိမ်ရှင် အီမီလ်ဂျီနေးအကြောင်းကိုလည်း ပြောကြသည်။ အတိတ်က ဖြစ်ရပ်များကိုလည်း စမြုံ့ပြန်ကြသည်။ ရယ်စရာတွေပြော၍လည်း အားရပါးရ ရယ်မောကြသည်။ မာဂဒါကတော့ ကော်ဖီသောက်ရင်း မကြားဟန်ဆောင်နေသည်။ သူမခေါင်းထဲက မူးနောက်နောက် ဖြစ်လာသလိုခံစားရသည်။

ခဏကြာတော့ မာဂဒါက ထိုင်ရာမှထကာ ခွင့်တောင်းပြီး အိပ်ခန်းထဲသို့ ဝင်လာခဲ့သည်။ တံခါးကို ပြန်ပိတ်ပြီး ခုတင်ပေါ်တွင် ထိုင်သည်။

ဒီလောကနဲ့ ငါနဲ့ ဘာဆိုင်လို့တုန်း၊ ဘာမှမဆိုင်ဘူး၊ တစ်ခြားစီ . . . တစ်ခြားစီ။

ရင်ထဲက ရုတ်တရက် ပျို့တက်လာသဖြင့် ရေချိုးခန်းထဲသို့ ကမန်းကတန်း ပြေးဝင်လာခဲ့ပြီး အန်ပစ်လိုက်သည်။

ပြီးတော့ ဆေးဘီရိုရှိရာသို့ လာခဲ့ပြီး ဆေးပုလင်းကိုယူကာ အက်စပရင် ဆေးပြားနှစ်ပြားကို ရေနှင့် မျှောချလိုက်သည်။ ဘုရားရေ ခေါင်းများ ကွဲထွက်သွားတော့မလားပဲ။

"သူ့ကို စိတ်မဆိုးပါနဲ့ ရှူဘင်၊ သူ့အခြေအနေက သမုဒ္ဒရာထဲမှာ လက်ပစ်ကူးနေရသလို ဖြစ်နေတယ်၊ သူကိုယ်သူ စိတ်မချဘူး၊ ခြေကုန်လက်ပန်းကျပြီး ရေထဲများ နစ်သွားမလားလို့ ထင် နေတယ်"

မာဂဒါ ပြန်ထွက်သွားတော့ မြို့စားကတော်ကြီးက ရှူဘင်အား နှစ်သိမ့်စကား ပြောနေခြင်းဖြစ်သည်။

"ကျွန်တော် သဘောပေါက်တယ် . . . အန်တီ၊ အမှန်ကတော့ သူ့အခု ရောက်လာတဲ့ ဘဝကို သူကျေနပ်ပါတယ်၊ ဒါပေမယ့် သူက အမြင်မရှင်းသေးလို့ အခုလို ဖြစ်နေတာပါ"

"အို . . . ကလေးရယ်၊ ယောကျာ်းတွေဟာ တော်တော်လည်း မိုက်မဲကြသေးပါကလား . . . နော်"

"မိန်းမတွေကတော့ လိမ္မာကြတာပေါ့ ဟုတ်လား"

မြို့စားကတော်ကြီးက ပြုံးလိုက်ပြီး . . .

"မာဂဒါက တော်ပါတယ်ကွယ်၊ မကြာခင်မှာ သူ ရင့်ကျက်လာမှာပါ၊ အန်တီနဲ့လည်း ခင်မင်လာမှာသေချာပါတယ်၊ ဒီအတွက် ငါ့တူ ဘာမှ ပူမနေပါနဲ့ကွယ်၊ လောလောဆယ်မှာ သူက



www.burmeseclassic.com

www.burmeseclassic.com



သူ့အခြေအနေကို သူ မကျေမနပ်ဖြစ်ပြီး ရုန်းကန်တော်လှန်နေတာပါ၊ မင်းကို ဆန့်ကျင်နေတာ မဟုတ်ပါဘူး၊ တကယ်တော့ မိန်းမတိုင်းဟာ ကိုယ်ချစ်တဲ့ ယောကျာ်းတစ်ယောက်ကိုတော့ အကြွင်းမဲ့ စိတ်ချယုံကြည်ချင်ကြတာချည်းပဲ၊ သူဟာ မင်းကို သိပ်ပြီးချစ်တယ်ဆိုတာ အန်တီယုံကြည်ပါတယ်၊ ဒါပေမယ့် သူက မင်းကို စိတ်မချနိုင်သေးဘူး။ သူ့အခြေအနေကို သူတွေးပြီး ကြောက်နေတုန်းပဲ။ ဒါကြောင့်မို့ သူ့ကိုယ်သူ ဒေါသ ထွက်ပြီး ရုန်းကန်နေတာပါ"

"အန်တီပြောတာဟုတ်နိုင်ပါတယ်၊ ဒါပေမယ့် ကျွန်တော်က ဒီထက်ပိုပြီး ဘာများ လုပ်ပေးနိုင်ဦးမှာလဲ၊ ကျွန်တော့်မှာ အဟန့်အတားတွေ ရှိနေသေးတယ်၊ အန်တီသိတဲ့အတိုင်းပါပဲ၊ ကျွန်တော်က လောလောဆယ်မှာ မိသားစုကို မျက်စိစုံမှိတ်ပြီး မစွန့်လွှတ်နိုင်သေးဘူး"

"ဒါဆိုရင် သူ့ကို သူ့ဘဝမှာပဲပြန်ထားခဲ့ပါလား၊ အဲဒါဆိုရင် သူ့အနေနဲ့ ပိုပြီး အဆင် ပြေနိုင်လိမ့်မယ် ထင်တာပဲ၊ မင်းအတွက်လည်း ပိုနေမြဲ ကျားနေမြဲ ဘဝမျိုး ပြန်ရောက်သွား နိုင်တာပေါ့"

"အဲဒီလိုတော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး အန်တီ၊ အဆုံးစွန်ပြောရရင် သူ့ကို ကျွန်တော် လက်ထပ်မယူနိုင်တောင်မှ သူ့ဘဝကို ကျွန်တော်တာဝန်ယူပြီး တစ်သက်လုံး စောင့်ရှောက်သွား ချင်ပါတယ်"

"ဒီလိုဆိုရင်လည်း ဘာလို့ လက်မထပ်နိုင်ရမှာလဲ၊ သူကလည်း မင်းကိုချစ်တယ်၊ မင်းကလည်း သူ့ကို ချစ်တယ်၊ ဒီ့ပြင် ဘာများလိုသေးလို့လဲ"

"အဲဒီအတိုင်းလုပ်ဖို့ ကျွန်တော်လုံးဝမစဉ်းစားခဲ့ဖူးလို့ အန်တီကထင်သလား၊ ကျွန်တော် အများကြီးစဉ်းစားခဲ့ပါတယ် အန်တီ၊ တကယ်တော့ ကျွန်တော်ဟာ သူရဲဘောကြောင်တဲ့ လူတစ်ယောက်ဖြစ်ချင်ဖြစ်ပါလိမ့်မယ်၊ ဒါပေမယ့် ကျွန်တော် အဲဒီအထိ သတ္တိမရှိသေးတာ တော့အမှန်ပဲ။ ကျွန်တော့် မိဘတွေကို စိတ်ညစ်အောင် ကျွန်တော် မလုပ်ရဲဘူး၊ အထူးသဖြင့် ကျွန်တော် လက်ထပ်ယူမယ်လို့ ကတိပေးထားတဲ့ ချစ်သူအပေါ်မှာ ကျွန်တော် ရက်ရက်စက်စက် မလုပ်ရဲဘူး"

"ဒါပေမယ့် မင်းက အဲဒီမိန်းကလေးကို ချစ်မှမချစ်တာပဲ"

ရှုဘင်က ဘာမှ ပြန်မပြောဘဲ ခေတ္တမျှ တွေဝေနေမိသည်။

"မာဂဒါကိုချစ်မိတဲ့ အချစ်မျိုးနဲ့ မချစ်တာတော့ အမှန်ပဲ၊ ဒါပေမယ့် သူ့ကိုလည်း ကျွန်တော် မြတ်နိုးလျက်ပါ။ သူက အင်မတန် အပြစ်ကင်းစင် တဲ့ မိန်းကလေးပါ"

"ငါက ချစ်ခြင်းမေတ္တာအကြောင်းကို ပြောနေတာပါ ရှုဘင်"

"ဟုတ်ပါတယ်၊ ဂျိုစလင်ကိုလည်း ကျွန်တော် ချစ်ပါတယ်၊ ဒါပေမယ့် မာဂဒါကို ချစ်တဲ့အချစ်မျိုး နဲ့တော့မဟုတ်ဘူး၊ ဒါလောက်ပဲ ကျွန်တော် ပြောတတ်ပါတယ် အန်တီ၊ ဒီထက် ပိုပြီး ဘယ်လိုပြောရမယ်ဆိုတာ ကျွန်တော် လုံးဝ မသိတော့ပါဘူး"

"ဒါပေမယ့် မင်းကိုယ်မင်း ရိုးသားဖို့တော့ လိုတယ် တူမောင်၊ မင်းက မိန်းကလေးကို ချစ်တယ်ဆိုတာ အမှန်တကယ် ချစ်တာကော ဟုတ်ရဲ့လား"

"ဟုတ်ပါတယ် အန်တီ၊ အမှန်တကယ် ချစ်တာပါ၊ ဒါပေမယ့် ကျွန်တော့်ဘဝထဲကို မာဂဒါ



www.burmeseclassic.com

www.burmeseclassic.com



ဝင်ရောက် လာတဲ့အတွက် အခြေအနေက တစ်မျိုး ဖြစ်သွားပါတယ်၊ ကျွန်တော်ဟာ ဂျီစလင်ကို တကယ်ချစ်နေတုန်း ပါ၊ ဒါပေမယ့်"

"ဒီမယ် ရှုဘင်၊ အန်တီ့အနေနဲ့ မင်းကို အကျပ်ကိုင်နိုင်တဲ့ အခွင့်အရေး မရှိပါဘူး၊ ရှည်ရှည်ဝေးဝေး ထွေထွေထူးထူးလည်း ပြောနေစရာ မရှိတော့ပါဘူး၊ မင်းဘာပဲလုပ်လုပ်၊ မင်းဘာပဲ ဖြစ်နေ ဖြစ်နေ၊ အန်တီဟာ မင်းရဲ့ မိတ်ဆွေကောင်းတစ်ယောက်ပဲ ဖြစ်နေမှာပဲ၊ မင်းရဲ့ အကျိုးရှိရာ ရှိကြောင်းကိုပဲ အမြဲတမ်း လိုလားနေ မှာပဲ၊ အဲဒီတော့ အန်တီ့အနေနဲ့ မင်းရဲ့မိတ်ဆွေဖြစ်သလို မာဂဒါရဲ့ မိတ်ဆွေလည်း ဖြစ်ချင်တယ်၊ မင်း ခွင့် ပြုမယ်ဆိုရင် မာဂဒါနဲ့ အန်တီ စကားပြော ကြည့်ချင်တယ်"

ရှုဘင်က ခေါင်းညိတ်သဘောတူလေသည်။

မြို့စားကတော်ကြီးသည် အခန်းထဲမှ ထွက်လာခဲ့ပြီး ဧည့်ခန်းမကိုဖြတ်၍ အိပ်ခန်းတံခါး ဆီသို့ လျှောက်လာခဲ့သည်။

တံခါးကို အသာခေါက်လိုက်သည်။

"ဝင်ခဲ့ပါ"

မာဂဒါသည် အခန်းမျက်နှာကြက်ကို စိုက်ကြည့်ရင်း ခုတင်ပေါ်တွင် လှဲနေသည်။

"အန်တီ ထိုင်ပါရစေ . . . နော်"

မြို့စားကတော်ကြီးက ချိုသာနူးညံ့စွာ ခွင့်တောင်းသည်။

"သဘောအတိုင်း"

မာဂဒါက ခပ်ဆတ်ဆတ် ပြန်ပြောသည်။

"မာဂဒါ လူနှစ်ယောက်ဟာ မိတ်ဆွေဖြစ်ကြတော့မယ် ဆိုရင် တစ်ယောက်အပေါ် တစ်ယောက် ရိုးသားပွင့်လင်းမှုရှိဖို့ လိုအပ်ပါတယ်၊ တူမကြီးက အန်တီ့ကို သဘောမကျဘူးဆိုတာ အန်တီသိပါတယ်၊ တကယ်တော့တူမကြီးက အန်တီ့အပေါ်မှာ အကြောင်းတစ်ခုခုကြောင့် နာကျည်း နေတာပါ၊ အန်တီ ပြောတာမဟုတ်ဘူးလား . . . ဟင်"

"ဟုတ်တယ်"

"အခုလို ပွင့်ပွင့်လင်းလင်း ပြောတာကို အန်တီ သဘောကျတယ်၊ အဲဒီတော့ အန်တီ့ကို ဘာကြောင့် မကျေမနပ်ဖြစ်ရတယ်ဆိုတာ တူမကြီးကိုယ် တူမကြီး အဖြေထုတ်ကြည့်ပြီးပြီလား"

"ထုတ်ကြည့်ပြီးပြီ"

"ဒါဖြင့် အန်တီ့ကို ပြောပြပါလား၊ အန်တီက စိတ်မဆိုးတတ်ပါဘူး"

"အန်တီကြောင့် ကျွန်မကိုယ်ကျွန်မ အထင်သေးမိတယ်၊ အောက်ကျနောက်ကျ စိတ်တွေ ပေါ်လာရ တယ်"

"အဲဒီလို မတွေးပါနဲ့ကွယ်၊ တကယ်တော့ တူမကိုယ်တူမ ဘာမှ အားငယ်စရာ မရှိပါဘူး၊ တူမဟာ အရာရာမှာတခြားလူတွေထက် သာတာတွေ အများကြီးပါ၊ တူမက ထူးထူးခြားခြားလှတယ် ချစ်စရာကောင်း တယ်၊ အန်တီ့အနေနဲ့ တူမနဲ့ မိတ်ဆွေဖြစ်ချင်တယ်၊ မယုံရင် အန်တီနဲ့ ရင်းရင်းနှီးနှီး ပေါင်းကြည့်စမ်းပါ၊ တူမအတွက် အလွန်အကျိုးရှိတဲ့ မိတ်ဆွေကောင်း တစ်ယောက်ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



သိရပါလိမ့်မယ်၊ အန်တီ တစ်ခုတော့ပြောချင်တယ် တူမရယ်၊ အန်တီ့ကို မကြောက်ပါနဲ့၊ တူမကိုယ်တူမလည်း မကြောက်ပါနဲ့" မာဂဒါ၏ လက်ကို လှမ်းဆုပ်ရင်း "ကဲ . . . ရှုဘင့်ဆီ အန်တီ ပြန်သွားလိုက်ဦးမယ်၊ အန်တီပြောတဲ့ စကားကို ယုံကြည်စေချင် ပါတယ် သမီး"

မြို့စားကတော်ကြီး ပြန်ထွက်သွားသည်။

တစ်ခန်းလုံး တိတ်ဆိတ်ကျန်ရစ်သည်။ မာဂဒါက တစ်ခန်းလုံးကို မျက်လုံးကစား ကြည့်လိုက်သည်။ ပြီးတော့ ဖြစ်ကြောင်းကုန်စင်ကို ပြန်လည် စဉ်းစားရင်း မိမိကိုယ်မိမိ အပြစ်တင် နေမိသည်။

နင်ဟာ တော်တော်မိုက်သေးတယ် မာဂဒါ၊ နင်ဟာ တော်တော့်ကို အသုံးမကျတဲ့ကောင်မ၊ ကိုယ့်ကို အရူးအမူးချစ်ပြီး တဖူးဖူးမှုတ်နေတဲ့ လူတစ်ယောက်ကိုတောင်မှ ကလန်ကဆန် လုပ်ချင်တဲ့ ကောင်မ၊ ပြီးတော့မြို့စားကတော်ကြီးကိုလည်း နင်ကမကြည်ဘူး။ အဲဒီလို ဘာဖြစ်လို့ မကြည်ရ တာလဲ၊ အဖြေကို နင်သိပါတယ်။ သူက အထက်တန်းလွှာ အမျိုးသမီးကြီးတစ်ယောက်၊ နင်က အောက်တန်းစား အညတရမိန်းကလေး၊ အဲဒါကြောင့် နင်က သူ့ကို မနာလိုဝန်တို ဖြစ်နေတာ။ တကယ်တော့ သူက နင့်အပေါ်မှာ ကြင်နာစိတ် ရှိပါတယ်။ ချစ်လည်းချစ်ပါတယ်။ နင်ကသာ သူ့အပေါ်မှာ အသားလွတ်ကြီးမုန်းနေတာ။ နင်က သူ့ဆီက ပညာယူရမယ့်အစား သူ့ကို ဆန့်ထုတ်သလိုဖြစ်နေပြီ။ အဲဒါ နင့်အမှား နင့်အမှား။ တကယ်လို့ နင်က သူ့အပေါ်မှာ မကြည် တောင်မှ လောကဝတ်အရ ပျူပျူငှာငှာ ပြောဆိုဆက်ဆံဖို့သင့်ပါတယ်။

သူမကိုယ် သူမ အားတင်းကာ ဧည့်ခန်းထဲသို့ ပြန်ဝင်လာခဲ့သည်။ မြို့စားကတော်ကြီးနှင့် ရှုဘင်တို့ရှေ့တွင် သွားရပ်ပြီးတောင်းပန်စကားဆိုသည်။

"ကျွန်မကို ခွင့်လွှတ်ပါအန်တီရယ်၊ ကျွန်မ ဆက်ဆံတာ သိပ်ပြီးရိုင်းသွားပါတယ်၊ ကျွန်မအမှားကို ကျွန်မ နောင်တရမိပါပြီ၊ ကျေးဇူးပြုပြီး ခွင့်လွှတ်စေလိုပါတယ် အန်တီ"

မြို့စားကတော်ကြီးက နှုတ်ခမ်းကို လက်ဖြင့် ရှုရှုကလေး ဖိလိုက်ရင်း အံ့သြသွား ဟန်ပြကာ. .

"အို . . . အန်တီဖြင့် သတိတောင် မပြုမိပါဘူး တူမရယ်"

သူမက ပခုံးပေါ်မှ ခြုံလွှာကို နေသားတကျ ပြန်ခြုံကာ ထိုင်ရာမှ ထရင်း မာဂဒါ၏ ပခုံးပေါ်သို့ လက်တင်လိုက်သည်။

"တူမ ဘာမှ မမှားပါဘူးကွယ်၊ တူမက မှားမိတယ် ထင်ရင်လည်း အန်တီကဘွေမယူပါဘူး၊ ခွင့်လွှတ် ပြီးသားပါ၊ ကဲ . . အချိန်လည်း နှောင်းသွားပြီ၊ အန်တီ ပြန်လိုက်ဦးမယ်နော်၊ တို့အချင်းချင်း မကြာမကြာ တွေ့နေကြမှာပါ၊ အန်တီ့အပေါ်မှာ အခုလို ရင်းရင်းနှီးနှီးနဲ့ ဆက်ဆံပြုစုကြတာကို ကျေးဇူးတင်ပါတယ်ကွယ်၊ တူမကြီးက သိပ်ပြီးလှတဲ့ မိန်းကလေးတစ်ယောက်ပါ" သူမက ပြောရင်း မာဂဒါ၏ ပါးနှစ်ဘက်ကို လက်ဝါး နှင့် ဖိလိုက်ပြီး "ဘူခါရက်မြို့ကဲ အန်တီ့ တူမချောကြီးကို တွေ့ရတာ အန်တီ ဂုဏ်ယူလို့ မဆုံးပါဘူးကွယ်၊ ကဲ . . . အန်တီ့ကို ခွင့်ပြုကြဦးနော်၊ အားလုံး စိတ်ချမ်းသာ ကြပါစေလို့ အန်တီ ဆုတောင်းခဲ့ပါတယ်ကွယ်"

ရှုဘင်အား ဖွဖွကလေး နမ်းကာ နှုတ်ဆက်ပြီးနောက် မြို့စားကတော်ကြီးသည် အခန်းထဲမှ



www.burmeseclassic.com

www.burmeseclassic.com



ပြန်ထွက် သွားသည်။ ရှုဘင်က တံခါးဝအထိ လိုက်ပို့ပြီး တံခါးရွက်ကို ပြန်ပိတ်လိုက်သည်။

မြို့စားကတော်ကြီးနှင့် ခဏတာ တွေ့ဆုံလိုက်ရခြင်းသည် မာဂဒါအဖို့ အကြီးအကျယ် အားတက်စရာ ဖြစ်ခဲ့ရသည်။ သူမသည် မြို့စားကတော်ကြီးလို ဂုဏ်သရေရှိ အမျိုးသမီးတစ်ဦး ဖြစ်လာရန် အဘက်ဘက်မှ ကြိုးစားလိုစိတ်များ တဖွားဖွား ဖြစ်ပေါ်လာမိသည်။ ရှုဘင် ကြိုတင်နိမိတ်ဖတ်ထားသည့်အတိုင်း သူမကိုယ် သူမ သတိနှင့် ပြုပြင်နေထိုင်သွားလျှင် မကြာမီ ကာလအတွင်း တစ်ဘဝ ပြောင်းပြီး လူကုံထံ လောကတွင် ဝင်ဆံ့သော အဆင့်အတန်းမြင့် အမျိုးသမီးတစ်ယောက် ဖြစ်ကို ဖြစ်လာရမည်ဟု ယုံကြည်လာမိသည်။

ထို့ကြောင့် ထိုနေ့မှစ၍ သူမသည် အစစအရာရာတွင် အမှုမဲ့အမှတ်မဲ့ ပြောဆိုပြုမူခြင်း မပြုတော့ဘဲ သတိကြီးစွာဖြင့် ကိုယ့်ကိုယ်ကိုယ် ပြုပြင်လာတော့သည်။

သူမသည် အိမ်ဖော်မစ်ဂဒ္ဒန်ကိုလည်း ထိုက်ထိုက်တန်တန် ဆက်ဆံလာသည်။ မစ်ဂဒ္ဒန်က ဂျစ်ကန်ကန် လုပ်သည့်တိုင်အောင် သူမသည် တုံ့ပြန်ခြင်း မပြုတော့ဘဲ မသိချင်ယောင်ဆောင်ကာ သည်းခံ၍သာနေလိုက်သည်။ တာဝန်ပြီးဆုံး၍ မစ်ဂဒ္ဒန် အိမ်ပြန်သွားသောအခါ မီးဖိုခန်းထဲဝင်ပြီး ကြောင်အိမ်များကို တစ်ခုပြီးတစ်ခု ဖွင့်ကာ ထမင်းစားခန်းသုံး ပန်းကန်ခွက်ယောက် အသုံးအဆောင် ပစ္စည်းတွေကို တစ်ခုမကျန်လေ့လာမှတ်သားသည်။ ကုမ္ပဏီတံဆိပ် အမှတ်အသားများနှင့်တကွ ထုတ်လုပ်ရာ မြို့အမည်များကိုပါ အသေးစိတ်မှတ်သည်။

မီးဖိုခန်းထဲတွင် ဟင်းလျာမှတ်တမ်းစာအုပ် တစ်အုပ်ကိုလည်း တွေ့ရသည်။ ထိုစာအုပ်ထဲတွင် လွန်ခဲ့သော နှစ်ပေါင်းအတော်ကြာကြာမှစ၍ အိမ်ရှင် အီမီလ်ဂျိုနေး ဧည့်ခံကျွေးမွေးခဲ့သော အထူးဧည့်သည် များစာရင်းကို နေ့စွဲနှင့်တကွ မှတ်သားထားသည်။ ဘယ်ပုဂ္ဂိုလ်က ဘယ်ဟင်းလျာကို အထူးနှစ်သက်သည်။ ဘယ်ဟင်းလျာကိုတော့ လုံးဝမစား . . . စသည်တို့ပါ ဖော်ပြထားသည်။

**အင်း . . . သူတို့လောကမှာ ဒီလိုဒီလို ရှိကြတာကိုး။ မဆိုးပါဘူး။ တော်တော်သဘောကျစရာကောင်းတဲ့ ဓလေ့ထုံးစံတွေပဲ။ တကယ်တော့ ကိုယ့်အိမ်ကို လာရောက်စားသောက်တဲ့ ဧည့်သည်အပေါ်မှာ တာဝန်ကျေတဲ့ အိမ်ရှင်ကောင်းတစ်ယောက် ဖြစ်ဖို့ဆိုတာ ထင်သလောက် မလွယ်ပါကလား။**

**ဒါပေမယ့် ဝါသနာပါရင် ဘယ်အလုပ်မှ မခက်ပါဘူး။ အနေးနှင့်အမြန် ကျွမ်းကျင်သွားမှာပါ။ ဘယ် အလုပ်မျိုးမဆို ကြိုးစားမှုနှင့် အချိန်က စကားပြောသွားတာပါပဲ။**

အဆုံးစွန် ပြောရလျှင် အခုလို မီးဖိုချောင် ထိန်းသိမ်းစီမံမှုနှင့် လူကုံထံ ဧည့်သည်များအား ဧည့်ခံ ကျွေးမွေးမှု လောက်တွင်ပင် သူမအနေဖြင့် ကျွမ်းကျွမ်းကျင်ကျင် စခန်းသွားနိုင်မည်ဆိုပါက သူမအား ရှုဘင်က သူ၏ မိသားစုနှင့် ဂုဏ်ယူဝင့်ကြွားစွာ မိဆက်ပေးမည်မှာ သေချာပါသည်။ တခြား သူမ၏အရည်အချင်းတွေနှင့် ဖြည့်စွက်လိုက်လျှင် သူတို့ကသူမအား ဝမ်းပန်းတသာ လက်ခံကြမည်သာဖြစ်ပါသည်။ သည်အတိုင်းသာ ဆိုလျှင် သူမသည် လန်ဒန်မြို့တော်၏ အဆက် တန်းလွှာ လူကုံထံအသိုင်းအဝိုင်းတွင် ရေပန်းစားသော အိမ်ရှင်မကောင်း တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လာမည်မှာ မြေကြီးလက်ခတ်မလွဲတော့ပါ။ ဘာလို့ မဖြစ်နိုင်ရမှာလဲ။ ဖြစ်ကိုဖြစ်ရမည်။ ကျိန်းသေပေါက် ဖြစ်ရမည်။ သူမ လမ်းပေါ်မှ သာမန်မိန်းကလေးတစ်ယောက်မှ မဟုတ်တော့ဘဲ။ ဘူခါရက်မှလာသော မြို့စားကတော်ကြီး၏တူမတစ်ယောက် ဖြစ်လာပြီမဟုတ်လား။ ရှဘင်၏ ဆွေမျိုးအသိုင်း အဝိုင်းတစ်ခုလုံးက ဂုဏ်ယူစွာဖြင့် ကြိုဆိုလက်ခံကြမည်ကို မြင်ယောင်မိပါသေးသည်။

သူမ တော်တော်ကံကောင်းပါသည်။ မမျှော်လင့်ဘဲ စော်ကဲမင်းဖြစ် ဆိုသလို မြို့စားကတော်ကြီး၏ တူမတော်ဘဝသို့ပင်ရောက်လာခဲ့ရပါပြီ။

ဒါပေမယ့် ပြဿနာကြီးတစ်ရပ်က မဟာတံတိုင်းကြီး ကာဆီးထားသလို ကျန်နေသေးသည်။ ရှဘင်မှာ စေ့စပ်ကြောင်းလမ်းထားပြီးသား၊ ပုဆိုးတန်းဖာင် အကြင်လင်မယားအဖြစ် ဆက်ထပ်ရန် ချစ်သူရှိပြီးသား။ အဲဒါမှ ဒုက္ခ။ ဘယ်လို လုပ်ကြမလဲ။ ဘယ်လို ဖြေရှင်းကြမလဲ။ အို . . . တကယ်ကျတော့ ဒါလည်း မခက် လှပါဘူး၊ စေ့စပ်ကြောင်းလမ်း ပြီးတာလောက်တော့ ဘာအရေးလဲ၊ နှစ်ပေါင်းများစွာ ပေါင်းသင်းလာပြီးတဲ့ လင်မယားတွေတောင်မှ ကွာရှင်းပြတ်စဲသွားကြသေးတာပဲ။ အဲဒီတော့ ဒီပြဿနာအတွက် ဘာမှ ပူစရာ မရှိတော့ပါဘူး။ မြို့စားကတော်ကြီးတစ်ယောက်လုံးလည်း ကျောထောက်နောက်ခံ ရှိနေပြီးသားပဲ။ အထက် တန်းလွှာ အသိုင်းအဝိုင်းရဲ့ ဆုံးထုံးကျင့်စဉ်အထွေထွေကို သူကသင်ပြပေးမှာပေါ့၊ ဒါဆိုရင် ဘာမှ အခက်အခဲ မရှိနိုင်တော့ပါဘူး။ အားလုံး အဆင်ချောပြီး ပြေလည်သွားမှာပါ။

မာဂဒါသည် ကိုယ့်အတွေးနှင့်ကိုယ် အကြီးအကျယ် ဝမ်းသာကြည်နူးသွားမိသည်။ ကိုယ့်ကိုယ်ကိုယ်လည်း ယုံကြည်စိတ်ချလာသည်။ သူမ၏ ယုံကြည်မှုကို ရှဘင်ကလည်း နေ့စဉ်နေ့တိုင်း ဖြည့်စွက်ပေးသည်။ သူမ၏ အပြောအဆို၊ အနေအထိုင်၊ အချက်အပြုတ်မှစ၍ ဝတ်စားဆင်ယင်မှုပါမကျန် သူက လှိုက်လှိုက်လှဲလှဲ ထောက်ခံချီးကျူးသည်။

သူသည် မာဂဒါ၏အသိဉာဏ်တိုးတက်ရေး၊ နေထိုင်ဆက်ဆံမှု အဆင့်အတန်းမြင့်ရေးအတွက် စီမံကိန်းချ၍ပံ့ပိုးပေးသည်။ ဖတ်သင့်သော စာအုပ်များကို ဖတ်ခိုင်းသည်။ ဘဲလေးအကသင်တန်းတက်ခိုင်းသည်။ ကိုယ်ခံပညာကိုလည်း သင်ယူစေသည်။ အသံကျင့်သင်တန်းကိုလည်း ဆက်မလွတ်စေရ။

ယခုတော့ မြို့စားကတော်ကြီး ပြောခဲ့တဲ့စကား တကယ် မှန်နေပြီ။ မာဂဒါအဖို့ သူမ၏ အတိချက်ကြွေ ဘူခါရက်မြို့သည် ယခင်ကလိုအရုပ်မဆိုးတော့၊ တစ်နေ့ထက်တစ်နေ့ လှ၍ လှ၍လာတော့သည်။

ကြည်နူးစရာ ကောင်းသောနေ့တွေ၊ ညတွေ တစ်နေ့ပြီးတစ်နေ့၊ တစ်ညပြီးတစ်ည ကုန်လွန်လာခဲ့သည်။ ချစ်သူနှစ်ဦးမှာတော့ အချိန်ကာလကိုပင် သတိမရနိုင်ကြတော့။

ရှဘင်သည် မာဂဒါအား ပါရီမြို့တော်အတွင်း မရောက်ဖူးသေးသော နေရာများသို့ အနှံ့လိုက်ပြသည်။ လူဗ်အနုပညာပြတိုက်၊ မက်ဇင် ကုန်ပဒေသာတိုက်နှင့် ရှေးဟောင်းပစ္စည်းပြတိုက်များ၊ ပြဇာတ်ရုံများသို့လည်းရောက်ကြသည်။ ဖွန်တင်ဘလူး၊ ဗာဆေးစသော သမိုင်းဝင်မြို့ဟောင်းများသို့လည်း သွားရောက်လည် ပတ်ကြသည်။ ပြီးတော့ . . . နှစ်ယောက်သား ကားနှင့်



www.burmeseclassic.com

www.burmeseclassic.com



ထွက်ပြီး မြို့ပြင်စားသောက်ဆိုင်များတွင်လည်း နံနက်စာသွားစားကြသည်။

သည်လိုနှင့် မာဂဒါသည် ကမ္ဘာဟောင်းမှ ကမ္ဘာသစ်သို့ ရောက်လာခဲ့ရသည်။ သူမသည် ကမ္ဘာသစ် ကို ပြတင်းပေါက်သစ်၊ တံခါးသစ်မှရပ်ကာ အမြင်သစ်ဖြင့် ကြည့်ရှုလာသည်။

ရှူဘင်သည် မိမိအား သည်တစ်သက် ဘယ်တော့မှ ခွဲခွာသွားတော့မည် မဟုတ်ဟုလည် ယုံကြည်လာသည်။ သူက သူမအား တကယ့်ကိုအသည်းစွဲချစ်နေပြီ။ သူ့ချစ်ပုံက ဘယ်သူနှင့်မှလည် မတူ။ အချစ်ခံ ရသူအဖို့ တစ်သက်မမေ့နိုင်တော့အောင် စွဲလမ်းနေရမည့် ချစ်ပုံချစ်နည်းမျိုး။

သို့ပေမယ့် ရှူဘင်အတွက်တော့ အချိန်ကာလသည် လျင်မြန်စွာကုန်ဆုံးသွားသလိုပင် ထင်မှတ် သည်။ မနက်ဖြန် အင်္ဂလန်သို့ပြန်ရတော့မည်ဟူသောအသိ ဝင်လာသောအခါ ရင်ထဲတွ မခံမရပ်နိုင်အောင် ဖြစ်မိရလေသည်။ မာဂဒါနှင့်အတူ ရွှေလည်တွဲ၍ ပျော်ပွဲဆင်ခဲ့ရသေ နေ့ရက်များမှာ အိပ်မက်ပမာ အတိတ်ကာလတွင် ကျန်ရစ်ခဲ့ကြပြီ။

ထိုနေ့ညက သူတစ်မှေးကလေးမှအိပ်မပျော်ခဲ့။ အရုဏ်တက်ချိန်တွင် အိပ်ရာမှ လူ ထပြီး ရေချိုးဝတ်ရုံကြီးကို ဝတ်ကာ မီးဖိုခန်းထဲ ဝင်လာခဲ့သည်။

ကော်ဖီအိုးကို မီးဖိုပေါ်တင်ရင်း ပြတင်းပေါက်မှ အပြင်သို့ လှမ်းကြည့်လိုက်သည် အပြင်တွင် မိုးပွင့်ကလေးများ တဖွဲဖွဲ ကျနေကြသည်။

ကော်ဖီအိုးကို ယူပြီး ထမင်းစားခန်းသို့ လာခဲ့သည်။ ပြတင်းပေါက်နားမှ ကုလားထိုင်တွ ဝင်ထိုင်လိုက်သည်။

မာဂဒါ၏ အသက်ရှူသံကို သဲ့သဲ့ကြားနေရသည်။ မောင့်ကို ကျွန်မသိပ်ချစ်ပါတ . . . မောင် ရယ်ဟု တိုးတိုးကလေး ရေရွတ်နေသလိုထင်မှတ်ရသည်။

သို့ပေမယ့် သူမက မောင်မရှိရင် ကျွန်မတော့ ဘယ်လိုမှ နေတတ်တော့မှာ မဟုတ်ပါ မောင်ရယ်ဟု တစ်ကြိမ်တစ်ခါမှ မပြောခဲ့စဖူး။ သူမစိတ်ထဲကတော့ ယင်းစကားကို တကယ် ပြောချင်မှန်း ရှူဘင်တွက်ဆမိသည်။ သို့ပေမယ့် ယင်းစကားကြောင့် ရှူဘင် စိတ်မချမ်းမ ဖြစ်သွားမည်ကို သူမက စိုးရိမ်ပြီး မပြောတာဖြစ်နိုင်သည်။

မြို့စားကတော်ကြီး ပြောခဲ့သောစကားကို သတိရမိသည်။ တကယ်တော့ . . . "မာဂဒါ **အပြောကျယ်လှတဲ့ သမုဒ္ဒရာကြီးထဲ ကူးခတ်နေတဲ့ မိန်းကလေးတစ်ယောက်ပါကွယ်။"**

သူ ပါရီက ထွက်သွားတဲ့အခါ မာဂဒါအတွက် ဘာတွေ ပေးထားခဲ့နိုင်ပါမည်နည်း။ နေ အိမ်ခန်းနှင့် အိမ်ထောင်ပရိဘောဂအသုံးအဆောင်တွေကိုသာ ပေးထားခဲ့နိုင်မည်။ ရုပ်ဝတ္ထု ကိုသာပေးထားခဲ့နိုင်မည်။ ဒါတွေဟာ သူ့ဆိုက သူမလိုချင်သောအရာတွေပဲလား။ မဟု လုံးဝမဟုတ်။ သည်အတိုင်းဆို လျှင် သူမအတွက် သူ့အနေနှင့် ဘာများ ဆောင်ရွက်နိုင်ခဲ့ပါသ ဘာမှ မဆောင်ရွက်နိုင်ခဲ့။ သူမအား ငရဲဘုံတစ်ခုမှ တခြားငရဲဘုံတစ်ခုသို့ ပို့ပေးခဲ့သလို ဖြစ်ပေလိမ့်မည်။

သို့သော် ဘာပဲဆိုဆို သူမအနေဖြင့် ယခင်ထက် အဆပေါင်းများစွာ ကောင်းမွန်



www.burmeseclassic.com

www.burmeseclassic.com



ဘဝသစ် တစ်ခုကိုတော့ ရရှိနိုင်ခဲ့ပြီ။ ဘဝ လုံခြုံမှုကိုတော့ ရရှိခဲ့ပြီ။ အခြေမဲ့ အနေမဲ့ မိန်းကလေးတစ်ယောက်အတွက် သည်အချက်သည် ကြီးစွာသော တိုးတက်မှုပင် မဟုတ်ပါလား။ ဘဝပြောင်းပြော သူ့အနေဖြင့် မာဂဒါအား တစ်စုံတစ်ခုသော အတိုင်းအတာအထိ ကူညီနိုင်ခဲ့ပြီ။ မာဂဒါအား လူသစ် စိတ်သစ်ဖြင့် ဘဝသစ်တစ်ခုတွင် အဆင့်အတန်းမီမီ နေထိုင်နိုင်အောင် ဖန်တီးပေးနိုင်ခဲ့ပြီ။

အဲဒီတော့ သူ့အနေဖြင့် မာဂဒါကို တကယ်လက်ထပ်ယူနိုင်မှာတဲ့လား။ ဒါက အကြီးကျယ်ဆုံး ပြဿနာဖြစ်သည်။ စဉ်းစားရ အကျပ်ဆုံး ပြဿနာဖြစ်သည်။

သူက လက်မထပ်နိုင်လျှင် မာဂဒါအနေဖြင့် တစ်နေ့နေ့တွင် တစ်ယောက်ယောက်ကို လက်ထပ်ယူ မည်မှာ သေချာသည်။

သည်အတွေးကြောင့် ရှုဘင့် ရင်ထဲတွင် နာကျင်သွားမိသည်။

**စဉ်းစားပါ ရှုဘင်၊ စဉ်းစားပါ။ မင်းဟာ . . . မိရိုးဖလာ ထုံးတမ်းစဉ်လာကို လေးစားတဲ့ အစ်လိပ်လူ မျိုးတစ်ယောက်ပါ။ အဓိကအချက်က မင်းဟာ မိဘစကားကို တသဝေမတိမ်း လိုက်နာတတ်တဲ့ ဂျူးအနွယ် ဝင်တစ်ယောက်ပါ။ ဒီအချက်ကို ကြပ်ကြပ်သတိရပါ။ ဒီအချက်ဟာ ဘယ်နည်းနဲ့မှ မင်းအနေနဲ့ ရှောင်လွှဲ မရနိုင်တဲ့ အချက်ဆိုတာ သတိရစမ်းပါ။**

**ဩော် . . . ဂျီစလင်၊ ဂျီစလင်၊ မင်းကို ငါ ဘယ်လို လုပ်ပြီး စွန့်လွှတ်နိုင်ပါ့မလဲ ချစ်ရယ်။**

**တခြားလူတစ်ယောက်ရဲ့ ဝမ်းနည်းပူဆွေးရခြင်းအတွက် ကိုယ့်အပေါ်မှာ ထုံးဝတာဝန်ရှိနေသူတစ် ယောက်ဟာ လောကမှာ ပျော်ရွှင်မှုဆိုတာကို ဘယ်လိုလုပ်ပြီး ရနိုင်တော့မှာလဲ၊ ဘယ်လိုလုပ်ပြီး စိတ်ချမ်းသာ နိုင်ပါတော့မှာလဲ . . . ။**

ရင်ထဲတွင် လှိုက်တက်လာသဖြင့် မျက်နှာကို လက်ဝါးဖြင့် အုပ်ကာသာ အားရပါးရ ငိုလိုက်မိလေ တော့သည်။

သူတာရုံ စကြီပေါ်တွင် နှစ်ယောက်သား တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ မလှုပ်မယှက် ရပ်နေကြ သည်။ မကြာမီ စက္ကန့်ပိုင်းအတွင်းမှာပင် ရှုဘင်သည် ရထားပေါ်သို့ တက်သွားရ ပေတော့မည်။

သူက မာဂဒါ၏ တစ်ကိုယ်လုံးကို ကျစ်ကျစ်ပါအောင် ပွေ့ဖက်ထားသည်။

ရထားဥသြမှုတ်သံ ပေါ်ထွက်လာသည်။ ရထားထွက်တော့မည်။

သူသည် မာဂဒါအား ဖက်ထားသော လက်ကို ဖြေကာ ရုတ်တရက် ရုန်းထွက်ပြီး ရထားတံခါးပေါက် ဆီသို့ ခပ်သုတ်သုတ် လျှောက်ထွက်သွားသည်။ နောက်သို့ တစ်ချက်ကလေးမျှ မကြည့်။ သူ ရထားပေါ် တက်သွားပြီ။ ရထား စတင် ထွက်ခွာပြီ။

မကြာမီပင် မီးခိုးငွေ့တွေအကြားတွင် ရထားကြီး နစ်မြုပ်ပျောက်ကွယ်သွားတော့သည်။ မာဂဒါက စကြီပေါ်တွင် ရပ်ကာ ငေးမောကြည့် ကျန်ရစ်သည်။ သူမရင်ထဲတွင် နင့်ကနဲ



www.burmeseclassic.com

www.burmeseclassic.com



ခံစားလိုက် ရသည်။

သို့ပေမယ့် သူ ပြန်လာမှာပါဟူသော အသိဖြင့် သူမ ဖြေဆည်နိုင်ပါသည်။ သူမ သေသေ
ချာချာ ယုံကြည်ပါသည်။ တစ်နေ့တွင် သူ ဆိုက်ဆိုက်မြိုက်မြိုက် ပြန်ရောက်လာပါလိမ့်မည်။

ဘူတာရုံမှ ပြန်ထွက်လာချိန်တွင် သူမ၏ မျက်နှာသည် အပြုံးပန်းဖြင့် ဝေဆာ လန်းဆ
လျက်ရှိလေသည်။

◆◆◆

www.burmeseclassic.com

www.burmeseclassic.com

# [ ၂ ]

ဝက်သစ်ချသားကာ ညစာစားခန်းထဲမှ စားပွဲကြီးတွင် "ဟက်"မိသားစုအားလုံး ဝိုင်းထိုင်နေကြသည်။ ဘာတစ်ခုမှ ပြောင်းလဲမှုမရှိ။ အရာရာတိုင်းသည် မူလအတိုင်းပင်ဖြစ်သည်။

အချင်းချင်းစကားပြောကြတာလည်း ဘာမှမပြောင်းလဲ။ အစားအသောက် ဟင်းလျာများကလည်းဘာမှမပြောင်းလဲ။ ထုံးစံအတိုင်းပင်။ ဟင်းလျာတွေကလည်း အမည်စုံလှသည်။ စားရင်းသောက်ရင်း တစ်ယောက်တစ်ပေါက် ရောက်တတ်ရာရာ ပြောနေတာတွေကလည်း ပျော်ရွှင်ချမ်းမြေ့စရာကောင်းလှ၏။

သို့သော် . . . သို့သော် . . . တစ်ဝိုင်းလုံးတွင် တစ်ယောက်တည်း သူစိမ်းဖြစ်ကာ မပျော်နိုင် မရွှင်နိုင်သူကတော့ ရွှာဘင်ပါ။

မနက်တုန်းက ဝိတိုရိယ ဘူတာတွင် ရထားဆိုက်တော့ ဂျိစလင်က အားရဝမ်းသာဖြင့် သူ့အားပြေးဖက်ကာ အူလှိုက်သဲလှိုက်ဆီးကြိုခဲ့သည်။ သူမက သူ၏ပါးပြင်နှစ်ဘက်ကို လက်နှစ်ဘက်ဖြင့် ဖော့ဖော့ကလေးဖိကာ ရွှရွှကလေး နမ်းရှုပ်နှုတ်ဆက်သည်။ သူကလည်း အလားတူ ပျော်ရွှင်မှုဖြင့် မဟုတ်သည့်တိုင်အောင် စိတ်လှုပ်ရှားစွာဖြင့် တုံ့ပြန်နမ်းရှုပ်ခဲ့သည်။ သူ့ ဖေဖေနှင့် မေမေတို့ကတော့ ပြုံးပြုံးကြီး ရပ်ကြည့်ရင်း အကျေနပ်ကြီး ကျေနပ်နေကြသည်။

"သားကို ကြည့်ရတာ နည်းနည်း ပိန်သွားသလိုပဲကွယ်"ဟု မေမေက စိုးရိမ်မျက်နှာဖြင့် ပြောသည်။

"အို . . . ဒီအမေကြီးကလည်း ပူစရာမရှိဘဲ ပူနေပြန်ပြီ"ဟု ဖေဖေက ပြုံးပြုံးရယ်ရယ်နှင့် ပြန်ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မိုးစက် ဖွဲဖွဲကလေး ကျနေစဉ်တွင် လေးယောကသား ဘုတာရုံထဲမှ ထွက်လာခဲ့ကြသည်။ ရှုဘင်က ဂျိုစလင်၏ လက်ဖဝါးနုနုကို ရွရွကလေး ဆုပ်ကိုင်လာသည်။

အသင့်စောင့်နေသော အဖြူရောင် "ရိုးလ်စ်ရွိုက်စ်"ဇိမ်ခံကားကြီးကို စီးကာမြင်နေကျ လမ်းများအတိုင်း ဖြတ်ကျော်လာခဲ့သည်။ ဟိုက်ပတ်(ခ်)ပန်းခြံနှင့် ကျောက်သလင်း မှဒ်ဝတို့ကို လွန်လာခဲ့ပြီ။ သို့သော် ရှုဘင်ကတော့ ယင်းတို့ကို လုံးဝသတိမထားမိ။ သူ့စိတ်သည် တခြားသို့ ရောက်နေသည်။

ပါရီက ငါထွက်လာခါစတုန်းကလည်း အခုလိုပဲ မိုးရွာနေတယ်။ ဒါဟာ အတိတ်နိမိတ်များ ဖြစ်နေမလား။ ငါ့ဘဝရဲ့ အနာဂတ်ကာလကို ကြိုတင်နိမိတ်ပြနေတာများလားဟု သူက တွေးမိလေသည်။

ရှုဘင်သည် လက်သုတ်ပဝါကို ပေါင်ပေါ်မှ ခွာလိုက်သည်။ ဂျိုစလင်က သူမ၏ လက်ကို ရှုဘင်၏လက်ပေါ်သို့ ရွရွကလေးတင်လိုက်သည်။ ရှုဘင်သည် အပြစ်ရှိသူတစ်ယောက်လို ကြက်သီးဖွဖွ ထသွား မိသည်။ ဂျိုစလင်လို ရိုးသားဖြူစင်သော ချစ်သူတစ်ယောက်အပေါ် မိမိက ဘာကြောင့်များ သစ္စာဖောက်မိရတာပါလိမ့်။

ညစာစားပွဲတွင် ဂျိုစလင်က သူ့ကို ဂရုတစိုက်ရှိလှပေမယ့် ရှုဘင်ကတော့ စိတ်မဝင်စားသလို မသိကျိုးကျွန်နိုင်လှသည်။ သို့သော် ရှုဘင်သည် ပင်ကိုသဘာဝအားဖြင့် ခပ်တည်တည်နေတတ်သူဖြစ်၍ ရှုဘင်၏အပြုအမူကို ဂျိုစလင်ကအပြစ်မမြင်ပေ။

ဂျိုစလင်အနေဖြင့် နည်းနည်းတော့ စိတ်ထဲတွင် ခိုးလိုးခုလုဖြစ်ခဲ့မိသည်။ ရှုဘင်ရထားပေါ်ကဆင်းလာတော့ သူမက မျှော်မျှော်လင့်လင့် အားရဝမ်းသာဆီးကြိုခဲ့သည်။ သူမသည် ခင်ပွန်းလောင်းနှင့် တစ်လတိုင်တိုင် ခွဲခွာနေခဲ့ရသည် မဟုတ်လား။ ထိုကာလအတွင်း ရှုဘင်ထံမှ စာတိုကလေး နှစ်စောင်သာရခဲ့သည်။ သည်အတွက် သူမ စိတ်မကောင်းဖြစ်ခဲ့ရသည်။

ဂျိုစလင်သည် စိတ်မချမ်းသာစရာအတွေးကို ခေါင်းထဲမှ အတင်းဖယ်ထုတ်ပစ်လိုက်သည်။ တကယ်တော့ သူမ၏ အသက်မကချစ်လှသော ခင်ပွန်းလောင်းသည် ယခုအခါ သူမအနီးတွင် ရောက်ရှိနေပြီ မဟုတ်ပါလား။

ညစာစားပြီးသောအခါ အမျိုးသားများက စာကြည့်ခန်းသို့ နေရာပြောင်းကာ ဘရန်ဒီ စုပ်ရင်း ဆေးလိပ်သောက်ကြသည်။ အမျိုးသမီးများကတော့ လသာဆောင်တွင် ထိုင်ကာ နောက်ဆုံးပေါ် ဖက်ရှင် အဝတ်အစားသစ်တွေအကြောင်း ပြောဆိုနေကြသည်။

ရှုဘင်မှာ မလွှဲသာ၍ သည်းခံပြီး ထိုင်နေရသော်လည်း စိတ်အာရုံကတော့ တခြားရောက်နေသည်။ ဂျိုစလင်အကြောင်းကိုပဲ စဉ်းစားနေမိသည်။ မကြာမီတွင် သူနှင့် ဂျိုစလင်တို့ လက်ထပ်ကြတော့မည်။ မင်္ဂလာပွဲအတွက် အားလုံး စီစဉ်ထားပြီးကြပြီ။ သတို့သားနှင့် သတို့သမီးတို့အတွက် ဝတ်စုံသစ်များလည်းချုပ်ပြီးပြီ။

ရှုဘင်က လက်ပတ်နာရီကိုသာ ခဏခဏစောင်းကြည့်နေမိသည်။ ယနေ့ညစာစားပွဲမှာ ပူနွေးနွေး ပြန်ရောက်ခါစသူ့အတွက် အထူးဂုဏ်ပြုပွဲ ဖြစ်သည်။ သို့ပေမယ့် သူက ဒါတွေကို လုံးဝ စိတ်မဝင်စားနိုင်အောင် ဖြစ်နေသည်။ ဖခင်ကြီးနှင့် အစ်ကိုတွေရှေ့မှာ စကားတစ်လုံးမှ မပြောဘဲ



www.burmeseclassic.com

www.burmeseclassic.com



ငူငူကြီးထိုင်နေရသည်ကိုငြီးငွေ့နေမိသည်။ မကောင်းတတ်၍ အောင့်အည်းပြီး ထိုင်နေရသော်လည်း စိတ်ထဲကတော့ အခန်းထဲက ချက်ချင်းထွက်ပြေးချင်လှပြီ။ တစ်နေရာမှာ တစ်ယောက်တည်း သွားနေပြီးတော့ မာဂဒါအကြောင်းကိုသာ တွေးနေလိုက်ချင်သည်။ အပေါ်ထပ်မှ နှစ်ယောက်အိပ် ခုတင်ကြီးတွင် တစ်ယောက်တည်းအိပ်ရမည့်အရေး တွေးမိသောအခါ ကြောက်ချင်သလိုလို၊ မုန်းချင်သလိုလိုဖြင့် အမည်မဖော်တတ်သော ဝေဒနာတစ်ရပ် မြိုးမြိုး မြက်မြက် ခံစားလိုက်ရသည်။ အမှန်ကတော့ သူသည် မာဂဒါကိုသာ တတမ်းတတ လွမ်းဆွတ်အောက်မေ့ နေမိခြင်း ဖြစ်သည်။

သည်းမခံနိုင်တော့သည့် အဆုံးတွင် သူက ဖခင်ကြီးကို မဝံ့မရဲဟန်ဖြင့် တောင်းပန်စကား ဆိုလေတော့သည်။

"ဖေဖေ ကျွန်တော့်ကို ခွင့်ပြုပါဦး၊ ကျွန်တော် တော်တော်လေး ခရီးပန်းလာလို့ပါ"

"အေး ဟုတ်သားပဲ၊ သားက ရေလက်ကြားဖြတ်ပြီး တနေကုန် သင်္ဘောစီးလာရတာကို၊ လှိုင်းလေကလည်းပြင်းတော့ ပင်ပန်းမှာပေါ့၊ ကဲ. . . ကဲ အေးအေးဆေးဆေး သွားပြီး အနားယူ ချေတော့"

ရှာဘင်က ထိုင်ရာမှထကာ အစ်ကိုများအား နှုတ်ဆက်ပြီးနောက် ဂျိုစလင်နှင့် အခြားပုဂ္ဂိုလ် များအား နှုတ်ဆက်ရန် လသာဆောင်သို့ လျှောက်လာခဲ့သည်။

ဂျိုစလင်မှာ ညစာစားပြီးကတည်းက စာကြည့်ခန်းထဲမှ ရှာဘင် ထွက်အလာကိုသာ တမျှော်မျှော်နှင့် စောင့်နေမိသည်။ နှစ်ယောက်သား ပန်းခြံထဲဆင်းကာ ခုံတန်းလျားပေါ်တွင် ထိုင်ရင်း၊ ဆည်းဆာလေနုအေးကို ရှူရှိုက်ရင်း စကားတွေ ဖောင်ဖွဲ့အောင် ပြောနိုင်မည့် အရေးကိုသာ မျှော်ကိုးနေခဲ့မိသည်။ သို့ပေမယ့် အခြေအနေက သူမမျှော်လင့်ထားသလို ဖြစ်မလာခဲ့။ ရှာဘင်က သူမ၏ ပါးပြင်နုနုကိုတစ်ချက်နမ်းပြီးနောက် အိမ်ပေါ်ထပ်သို့သာ တခြိုးတည်း တန်း၍ တက်သွား တော့သည်။

အပေါ်ထပ်ရောက်တော့ အိပ်ခန်းတံခါးကြီးကို ပြန်ပိတ်ပြီး စာရေးစားပွဲတွင် ဝင်ထိုင်သည်။

သူ့အမြဲတမ်း မြတ်နိုးတွယ်တာခဲ့ရသော သည်အိမ်၊ သည်အခန်း၊ မီးတရှဲရှဲတောက်နေသော မီးလင်းဖို၊ ပုံတူပန်းချီကားများ၊ အမဲလိုက်ရှူခင်းများ. . . ပြီးတော့ သူ အီတန်ကောလိပ်နှင့် အောက်စဖို့ တက္ကသိုလ် ကျောင်းသားဘဝတုန်းကရိုက်ကူးထားသောဓာတ်ပုံများ. . .။ ယင်းတို့အားလုံးကို ငွေရောင် မှန်ဘောင်ကြီးများသွင်းကာ နံရံပတ်ပတ်လည်တွင် တခမ်းတနားချိတ်ဆွဲထားသည်။

သို့သော် ယခုလောလောဆယ်အချိန်တွင် ယင်းတို့ကို သူက လုံးဝ စိတ်မဝင်စားတော့။ သူ၏စိတ်နှင့်ကိုယ်သည် အဝေးသို့ရောက်နေသည်။ မာဂဒါဆီသို့သာ ရောက်နေသည်။

ထိုအချိန်တွင် အောက်ထပ်စာကြည့်ခန်းထဲမှာတော့ ဖခင်ကြီးနှင့် အစ်ကိုများက ရှာဘင်အကြောင်းကို စကားကောင်းနေကြဆဲ။

ဖိုလစ်က ဆေးပြင်းလိပ်ကိုတဖွာ ဖွာလိုက်ပြီးနောက် ထင်မြင်ချက်ပေးသည်။

"ကျွန်တော်က ရှာဘင် ခရီးပန်းလာတာ ရေလက်ကြားဖြတ်လာရလို့လို့မထင်ဘူး။ မဟုတ်မှ လွဲရော၊ ဒီကောင် သူ့ရဲ့လူပျိုဘဝနောက်ဆုံးအခွင့်အရေးကို ပါရီမှာ အတော်ကလေး အသုံးချလာ ခဲ့တာပဲ ဖြစ်ရမယ်"



www.burmeseclassic.com

www.burmeseclassic.com



ဖခင်ကြီးက ခေါင်းတညိတ်ညိတ်လုပ်နေသည်။ လီယွန်မှတပါး တခြားအစ်ကိုတွေကတော့ ပြုံးနေကြသည်။ လီယွန်က တခြားအစ်ကိုများလိုမဟုတ်။ သူက ရှဘင်ကိုအထင်ကြီးသည်။ ရှဘင်အကြောင်းကိုလည်း သူသာအသိဆုံး။ သူတို့ညီအစ်ကိုနှစ်ယောက်က ကလေးဘဝကတည်းက တပူးတွဲတွဲ ပူးတွဲနေလာခဲ့ကြသည်။ အသက်ကလည်း နှစ်နှစ်သာကွာသည်။ လီယွန်က သူ့ညီငယ်၏ စိတ်ဓာတ်ကို နားလည်သဘော ပေါက်သည်။

ရှဘင်သည် ပန်းချီပညာကို အသည်းစွဲမြတ်နိုးကြောင်း လီယွန် အသိဆုံးဖြစ်သည်။ ပြီးတော့ ရှဘင်က ဂျိုစလင်အား တကယ်နှစ်နှစ်ကာကာ ချစ်မြတ်နိုးခြင်း မရှိကြောင်းကိုလည်း လီယွန် တစ်ယောက်တည်းသာသိသည်။

**အင်း တကယ်တော့ သူ့အဖြစ်က သနားစရာပါပဲ၊ ဒီအကြောင်းကို သူနဲ့ နှစ်ယောက်ချင်း ဆွေးနွေးကြည့်ရဦးမယ်၊ ဒါပေမယ့် အခုချက်ချင်း ဆွေးနွေးလို့တော့ မကောင်းသေးဘူး၊ သူ့အနေနဲ့ ပိုပြီး စိတ်ထိခိုက်သွားမှာစိုးရတယ်၊ ဒီပြဿနာကို သူတစ်ယောက်တည်း ဖြေရှင်းလို့တော့ ရနိုင်မှာ မဟုတ်ဘူး၊ ထုံးစံအတိုင်း နောက်ဆုံးကျတော့ ငါပဲဝင်ပြီး ဖြေရှင်းပေးရဦးမှာပဲဟု လီယွန်က တွေးနေမိသည်။**

တဖြည်းဖြည်းနှင့် နေ့ရက်တွေ ကုန်လွန်လာခဲ့သည်။

ယင်းကာလအတွင်း ရှဘင်၏ အခြေအနေမှာလည်း အကြီးအကျယ် ပြောင်းလဲလာခဲ့သည်။ သူသည် တချိန်လုံးအခန်းထဲတွင်သာကုပ်နေတော့သည်။ မျက်နှာကလည်း မကြည်မလင်၊ အစားအစာကိုလည်း ဟက်ဟက်ပက်ပက်မစား။

သူ့အဖြစ်ကို မြင်ရတော့ အိမ်သားတွေက စိုးရိမ်လာကြသည်။ ကျန်းမာရေးကို ထိခိုက်မှာ တွေးကြောက်လာကြသည်။ ပထမတော့. . . သူ့ခမျာ လွတ်လပ်တဲ့ လူပျိုဘဝ ဆုံးရှုံးရတော့ မယ်ဆိုတာတွေးပြီး အိမ်ထောင်ပြုခါနီး လူပျိုတွေရဲ့ ဖြစ်ရိုးဖြစ်စဉ် သဘာဝအတိုင်း ဖြစ်နေတာ ထင်ပါရဲ့ဆိုပြီး အိမ်သားများက ၎င်းတို့၏ စိုးရိမ်မှုကို ဖြေသိမ့်ကြသည်။

သို့သော် ရှဘင်၏အခြေအနေမှာ တစ်နေ့ထက်တစ်နေ့ ကောင်းမလာဘဲ ပို၍သာ ဆိုးရွားလာတော့သည်။ သူသည် ဂျိုစလင်ထံ သွားရောက်လည်ပတ်ခြင်းမရှိရုံသာမက သူ့ဆီကို ဂျိုစလင် လာရောက်သည်ကိုပင် ဝမ်းသာပျော်ရွှင်ခြင်း အမူအရာပင် လုံးဝမပြသလောက် ဖြစ်လာသည်။

ဂျိုစလင်ကတော့ ဘာမှ ပြောဆိုဝေဖန်ခြင်းမပြု။ သူ့မရင်ထဲမှ ဝေဒနာကို ကျိတ်မှိတ်၍ သာခံနေရှာသည်။

သည်အတောအတွင်း ရှဘင်မှာ ဆောက်တည်ရာမရဖြစ်လာသည်။ စားလို့မဝင် အိပ်လို့မပျော်နှင့် စိတ်ရောကိုယ်ရောဂနာမငြိမ်ဖြစ်လာသည်။

မာဂဒါထံမှ စာတစ်စောင်မျှရောက်မလာခြင်းက သူ့အတွက် ပို၍အခံရခက်သည်။ စာကလေးတစ်စောင်တစ်လေများ တွေ့ရလိမ့်နိုးဖြင့် အိမ်ရှေ့ခြံဝမှ စာတိုက်သေတ္တာပုံးကို ညှိနေတို



www.burmeseclassic.com

www.burmeseclassic.com



ခွင့်ကြည့်ရသည်မှာအမော။

မာဝဒါဆိတ ဘာကြောင့်များ စာမလာပါလိမ့်။ နေမကောင်းများဖြစ်နေသလား။ ယ်လို့ နေမကောင်းဖြစ်နေရင်လဲ ဖြိုးစားတတော်ကြီးဆိတ အကျိုးအကြောင်း စာရေးမှာ ရာတယ်။

ဒါမှမဟုတ် မာဝဒါမှာ နောက်ထပ် ချစ်သူအသစ်တစ်ယောက်များ တွေ့နေပြီလား။

သည်အတွေးကြောင့် ရှဘင် သွေးရူးသွေးတန်း ဖြစ်သွားမိသည်။

နောက်ပိတ်ဆုံး ကြံရာမရတော့ အနီးဆုံး တယ်လီဖုန်း စခန်းသို့ လာခဲ့ပြီး ပါရီမှ ယ်ဂျိုနေး၏ တိုက်ခန်းသို့ တယ်လီဖုန်း လှမ်းဆက်သည်။

တဘက်မှ တယ်လီဖုန်း လာကိုင်သည်။ အသံကဝါးသော်လည်း အိမ်ဖော် မစ်ဂဒွန်၏ မှန်းသူသိသည်။

"သူဘယ်သွားနေတာလဲ၊ အခု ပါရီမှာမရှိဘူးလား. .၊ ဘယ်ကိုသွားတာလဲ ဟင်၊ ယ်ကျယ်ပြောပါ၊ ကျယ်ကျယ်ပြောစမ်းပါ၊ သိပ်မကြားရလို့. . ."

သူက သံကုန်အော်ပြီးမေးနေသည်။

"သူ ကိန်းမြို့ကိုသွားနေတယ်. .၊ ကိန်းမြို့မှာ ရှိနေတယ် "

မစ်ဂဒွန်၏ ပြန်ပြောသံကို သည်မျှသာ ကြားလိုက်ရပြီး ဖုန်းအဆက်အသွယ် ပြတ် သည်။

တယ်လီဖုန်းကို ချက်ချင်း ပြန်မချဘဲ လက်ထဲတွင် တော်တော်ကြာကြာ ကိုင်ထားမိသည်။ တ်တော့မှ သတိပြန်ဝင်လာပြီး တယ်လီဖုန်းကို ပြန်ချလိုက်သည်။

တယ်လီဖုန်းရုံမှ ပြန်လာပြီးနောက် အိမ်သို့ ချက်ချင်း မပြန်သေးဘဲ စိတ်ညစ်ညစ်ဖြင့် တည့်ရာ လျှောက်သွားနေလိုက်သေးသည်။ အိမ်သို့ ပြန်ရောက်တော့ အတော်တလေး မှောင်

အပေါ်ထပ်သို့ သွားရန် လှေကားထစ်ကို လှမ်းတက်လိုက်စဉ်တွင် အိမ်ဖော်မှူး မာတင်၏ ခေါ်သံကြောင့် ခြေလှမ်းတုံ့သွားသည်။

"ရှဘင်. . ."

သူက နောက်သို့ လှည့်ကြည့်လိုက်သည်။

"မင်း ဖေဖေကတွေ့ချင်လို့တဲ့၊ စာကြည့်ခန်းထဲမှာ စောင့်နေတယ်။"

"ကျေးဇူးပဲ မာတင်"

အဖိုးကြီးသည် မီးလင်းဖိုဘေးမှ သားရေဖုံးကုလားထိုင်ကြီးပေါ်တွင် ထိုင်စောင့်နေသည်။ စ်သူ၏ မျက်နှာညှိုးညှိုးငယ်ငယ်နှင့် ဆံပင်ဖွရောင်းရောင်း ရုပ်သွင်ကို မြင်လိုက်ရတော့ သူမှာ တော်တော့်ကို စိတ်မချမ်းမသာဖြစ်သွားမိသည်။

"ထိုင်ပါ. . . သား"

ရှဘင်က ဖခင်ကြီးနှင့် မျက်နှာချင်းဆိုင်တွင်ဝင်ထိုင်သည်။ ဖခင် မျက်နှာကိုမူ လုံးဝ ။ မီးဖိုကိုသာ စိုက်ကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖခင်က ဘာရန်ဒီနှက်ခွက်ထည့်ပြီး သားဖြစ်သူအား တစ်ခွက်း ကမ်းပေးလိုက်သည် ကျန်တစ်ခွက်ကို သူကလှမ်းယူပြီး တမော့ မော့လိုက်သည်။

"သားနဲ့ ဖေဖေနဲ့ နှစ်ယောက်ချင်းဆုံပြီး ဆွေးနွေးရမယ့်အချိန် ရောက်လာပြီ ဖေဖေယူဆထားတာကြောင့် အခုလို သားကို ခေါ်လိုက်ရတာပဲ၊ သားကို ကြည့်ရတာ တခုခုကြော စိတ်အနှောက်အယှက်ဖြစ်နေသလိုပဲ၊ ဖေဖေ့ကို ပြောပြပါလား သားရယ်၊ ဒီနေရာမှာ အခု ဖေ သားနဲ့ နှစ်ယောက်တည်းပဲရှိပါတယ်၊ သားခံစားနေရတဲ့အကြောင်းရင်းကို ရင်းရင်းနှီးနှီး ပွင့်ပွ လင်းလင်း ပြောပြစေချင်တယ် သားရယ်"

ရှုဘင်က ဘာစကားမှ မတုံ့ပြန်။ အဲမလုပ် အင်းမလုပ်ဘဲ ငြိမ်မြငြိမ်နေသည်။

"စိတ်ကို အေးအေး သက်သာထားပြီး ဖြည်းဖြည်းပြောပြပါ သား"

သားဖြစ်သူက ဖခင်မျက်နှာကို မော့ကြည့်ပြီး စကားပြောတော့မလို အားယူလိုက်သည် သို့သော် ပွင့်လာသော နှုတ်ခမ်းများပြန်ပိတ်သွားကြသည်။ ဘာစကားမှ ထွက်မလာ။

ဖခင်ဖြစ်သူကပင် ဆက်ပြော...ည်။

"သား ပါရီက ပြန်ရောက်တဲ့နေ့ကစပြီး ပုံစံလုံးဝပြောင်းလဲသွားတယ်၊ အဲဒါကို တအိ သားလုံး သတိထားမိကြတယ်။ သားအဖြစ်ကို ဖေဖေတို့အားလုံး ဘယ်လိုမှ နားလည်လို့ မရအော ဖြစ်နေကြပြီ၊ သားအခုလို ဖြစ်နေရတာကို အခံစားရဆုံးကတော့ သားသိတဲ့အတိုင်း သာ မေမေပဲပေါ့၊ ဒါပေမယ့် ဂျီ စလင်ရဲ့ ဒုက္ခကိုလဲ ဖေဖေ လျှော့မတွက်ပါဘူး၊ သူ့ခမျာ ဘာအပြ မရှိဘဲနဲ့ သားအတွက် မချိအောင် ခံစားနေရရှာတယ်၊ မကြာခင်မှာ သားရဲ့ အိမ်သူသက်ထ ဖြစ်လာတော့မယ့် ဒီသူငယ်မလေးအပေါ်မှာ သားအနေနဲ့ ဒီလောက် မရက်စက်သင့်ဘူးလို့ ဖေ ထင်ပါတယ်. . . သားရယ်"

ရှုဘင် မျက်လုံးအစုံ ပိတ်ထားလိုက်သည်။

"ဘာလဲ သားက အိမ်ထောင်ပြုရမှာကို တွေးပြီးကြောက်နေလို့လား"

"မ. . မဟုတ်ပါဘူး၊ မကြောက်ပါဘူး"

"ဒါဖြင့် ဂျီစလင်ကြောင့်လား၊ သူ့ကို မချစ်နိုင်တော့လို့လား"

"ကျွန်တော် ဝမ်းနည်းပါတယ် ဖေဖေ၊ ဒါပေမယ့် အချစ်ဆိုတာ ကြားလူက စေ့စပ်ပေး ရတဲ့ ကိစ္စမျိုး မဟုတ်ဘူးလို့ ကျွန်တော် ယုံကြည်ပါတယ် ဖေဖေ".

ဖခင်ကြီးက ထိုင်ရာမှ ထရပ်လိုက်သည်။ ပြီးတော့ လက်ကို နောက်ပစ်ပြီး ခေါက် ခေါက်ပြန် လျှောက်နေသည်။

"အင်း ကြားလူက စေ့စပ်ပေးလို့ မရဘူး ဟုတ်လား၊ ဒီစကား တော်တော် ဆန်းတယ်သ အဲဒီတော့ သားနဲ့ ဂျီစလင်တို့ လက်ထပ်တာဟာ ဆက်ဆွန်မိသားစုနဲ့ ဟက်မိသားစု စီးပွား သဘောအရ ပူးပေါင်းခြင်း သက်သက်လို့ သားကဆိုလိုတာလား"

ဒါပေါ့ အဖြစ်ကလဲ ဒီလိုအဖြစ်မျိုးပဲမဟုတ်ဘူးလား. . . ဖေဖေရဲ့ဟု ပြန်မေးလိုက် သည်။ သို့သော် ပါးစပ်ကတော့ ဘာစကားမှ ထွက်မလာ။ ဖခင်ဖြစ်သူ၏ ညှိုးငယ်နေသော မျက်နှာကိုကြည့်ပြီး သူက ဘာစကားမှ ပြန်မပြောရက်ခြင်းပင် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေတို့ သားကို အတင်းအဓမ္မ အကျပ်ကိုင်ပြီး အခုလိုစီစဉ်တာလို့ သားက ယူဆနေသလား"

"ဒီမေးခွန်းက မလိုအပ်ပါဘူး ဖေဖေ၊ ကျွန်တော်တို့ နှစ်ယောက်က တစ်ယောက် အကြောင်း တစ်ယောက်နားလည်ပြီးသားပါ။ ဒါပေမယ့် လက်ထပ်ဖို့ဆိုတာက တခြားပါ။ တချိန် တုန်းကတော့ ဖြစ်နိုင်ကောင်း ဖြစ်နိုင်စရာရှိခဲ့ပါတယ်၊ ဒါပေမယ့် . . ."

"ဒါပေမယ့် ဂျိုစလင်အပေါ်မှာ သားဘယ်လောက် မေတ္တာရှိတယ်ဆိုတာ လူတိုင်းသိ ပါတယ်၊ သားအခုနေနဲ့ ဂျိုစလင်ကလွဲပြီး တခြားတစ်ယောက်အပေါ်မှာ ဘယ်တော့မှ စိတ်ဝင်စားမှု မရှိနိုင်ဘူးဆိုတာလူတိုင်းသိပါတယ်၊ အခုတော့ သားအဖြစ်ကို ဖေဖေကိုယ်တိုင်တောင် လုံးဝ နားလည် နိုင်တော့ဘူး"

"ဟုတ်ပါတယ် ဖေဖေ၊ ကျွန်တော်ဟာ တချိန်တုန်းကတော့ ဂျိုစလင်အပေါ်မှာ တကယ်မေတ္တာရှိခဲ့တာအမှန်ပါ၊ ဂျိုစလင်ကလည်း တကယ်ချစ်ခင်မြတ်နိုးစရာ ကောင်းတဲ့ မိန်းကလေးတစ်ယောက်ပါ. ."

"ဒါပေမယ့် သားလုပ်ပုံက မယုံနိုင်စရာပဲ၊ အဲဒီလောက် ချစ်မြတ်နိုးလာခဲ့တဲ့ မိန်းကလေး တစ်ယောက်ကို အခုလို ရုတ်တရက် ပစ်ပစ်ခါခါကြီး မုန်းပစ်လိုက်တာ သဘာဝကျရဲ့လား၊ 'ချစ်တော့ လုံးလုံး- မုန်းတော့ လျားလျား' သဘောမျိုး မဆန်လွန်းဘူးလား"

ရှုဘင်က ဘာမှ ပြန်မပြော။

"ပြောပါဦး သားရဲ့၊ သားက ပါရီမှာ ဒီလောက်တောင် ဘာလို့ အကြာကြီး နေခဲ့ရတာလဲ"

ရှုဘင်က ခေါင်းကို လက်နှစ်ဘက်ဖြင့်အုပ်ရင်း ပြန်ပြောမည့် စကားလုံးများကို ကမန်း ကတန်းရွေးချယ်နေမိသည်။ ဖခင်ကြီးက မျှော်လင့်တကြီးနှင့် စောင့်ဆိုင်းနေသည်။ အတန်ကြာ သော့မှ ရှုဘင်အားတင်း ပြီး ပြန်ပြောသည်။

"ဘာဖြစ်လို့ . . . ဘာဖြစ်လို့လဲဆိုတော့ အမှန်အတိုင်း ကျွန်တော် ဝန်ခံရရင် ပါရီမှာ မိန်းကလေး တစ်ယောက်နဲ့ ချစ်ခဲ့လို့ပဲ ဖေဖေ"

ဖခင်ကြီးက ဟင်းကနဲ သက်မချလိုက်သည်။ ပြီးတော့ အရက်ခွက်များကို ထပ်ဖြည့်သည်။ သားဖြစ် သူအား ဖန်ခွက်တစ်လုံး ကမ်းပေးပြီးတော့ နေရာတွင် ပြန်ထိုင်သည်။

"ဒီတော့ သူက ကလေးမွေးတော့မယ့် အခြေအနေမျိုး ရောက်နေပြီမို့လား၊ ပြဿနာက အဲဒီလိုလား"

"အဲဒီလိုဖြစ်နေရင် သိပ်ကောင်းတာပေါ့ ဖေဖေ၊ အဲဒီလိုများ ဖြစ်လာမယ်ဆိုရင် ပြဿနာက သိပ်လွယ်နေပြီပေါ့"

"ဒါနဲ့ သူက သားကိုကော တကယ်ချစ်ရဲ့လား"

"တကယ် ချစ်ပါတယ် ဖေဖေ"

"ဒါပေမယ့် သားတို့ တွေ့ကြတဲ့ အချိန်က တိုတောင်းလှလွန်းပါတယ် သား"

"အချိန်ကာလဟာ အမှန်ကန်ဆုံး တိုင်းတာရေးကိရိယာမဟုတ်ပါဘူး ဖေဖေ၊ ကျွန်တော်ဟာ ဂျိုစလင်ကို ကလေးဘဝ ကတည်းကစပြီး ရင်းနှီးခဲ့ပါတယ်၊ ဒါပေမယ့် . . ."



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေ့ကို ခွင့်လွှတ်ပါ သား၊ ဖေဖေကတော့ ချစ်ခြင်းမေတ္တာဆိုတာ အချိန်ကြာညော
လာလေ တိုးပွားကြီးထွားလာလေလို့ အမြဲတမ်း လက်ခံထားတယ်၊ ဒါပေမယ့် ဖေဖေ့ ခံယူချက်
သားက လက်ခံနိုင်မှလက်ခံနိုင်မယ်၊ ဘာဖြစ်လို့လဲဆိုတော့ သားနဲ့ဖေဖေနဲ့က မွေးဖွားကြီးပြ
လာကြတဲ့ ခေတ်ကာလချင်းမှ မတူကြတာကလား"

"ကျွန်တော့်ကိုလည်း ခွင့်လွှတ်စေချင်ပါတယ် ဖေဖေ၊ စစ်မှန်တဲ့ ချစ်ခြင်း မေတ္တာဆို
အချိန်ဘယ်လောက်ပဲကြာကြာ မပြောင်းလဲဘူးလို့ ကျွန်တော် လက်ခံချင်ပါတယ် ဖေဖေ"

"သား ခံယူချက် မှန်ကောင်းမှန်နိုင်ပါတယ်၊ ဒါပေမယ့် ဖေဖေ မေးချင်တဲ့ လိုရင်းအချက်
တခြားမဟုတ်ပါဘူး။ သားက အဲဒီမိန်းကလေးကို ချစ်နေတာတော့ဟုတ်ပါပြီ၊ အဲဒီတော့ ရှေ့ဆက်
ဘယ်လိုစခန်းသွားမယ်လို့ စိတ်ကူးထားသလဲ"

"ဘယ်လိုမှ မကူးသေးပါဘူး"

ဖခင်လုပ်သူက ခေါင်းတညိတ်ညိတ်နှင့် ပထမဆုံးအကြိမ် ပြုံးလိုက်မိသည်။

"ဟုတ်ပါတယ်၊ သားပြောတာ မမှားပါဘူး၊ ဖေဖေတို့ ခေတ်ကစပြီး သားတို့ ခေတ်အ
ချစ်ခြင်းမေတ္တာရဲ့ သဘာဝဟာ သိပ်ပြီး ပြောင်းလဲမှုမရှိပါဘူး၊ စကားစပ်လို့ ပြောရဦးမယ်၊ ဖေ
သားအရွယ်တုန်းက သားထက်တောင်နည်းနည်းငယ်ဦးမယ်၊ အဲဒီအရွယ်တုန်းက ဖေဖေလ
အင်မတန်ချစ်စရာကောင်းတဲ့ ဘဲလေးကချေသည်မကလေးတစ်ယောက်ကို အရူးအမူး ချစ်ခဲ့ဖူးတ
အဲဒီအဖြစ်ကို အခုပြန်တွေးကြည့်ရင် တော်တော်ရယ်စရာကောင်းနေတယ်၊ ဒါပေမယ့် အဲဒီအ
တုန်းကတော့ ဖေဖေဟာ အဲဒီမိန်းကလေးမှ မရရင်တော့ ရင်ကွဲရချည့်ရဲ့လို့တောင် ထင်ခဲ့တ
သား၊ တကယ်တော့ ဖေဖေ့အနေနဲ့ အဲဒီမိန်းကလေးကို လက်ထပ်ယူဖို့ဆိုတာ လုံးဝမဖြစ်နိုင်
ဘာဖြစ်လို့လဲဆိုတော့ သူ့ကို ဖေဖေ့မိဘ ဆွေမျိုးအသိုင်းအဝိုင်းက လုံးဝလက်ခံနိုင်မှာ မဟုတ်လို့
လောကမှာ လူတစ်ယောက်အနေနဲ့ လိုချင်တာ၊ ဖြစ်ချင်တာတွေက အများကြီး၊ ဒါပေမ
လိုချင်သလောက်မရနိုင်၊ ဖြစ်ချင်သလောက် မဖြစ်နိုင်တာ ဓမ္မတာပဲ၊ အခု ဖေဖေ ပြန်ပြီး တွေ
ကြည့်မိတယ်၊ တကယ်လို့သာ ဖေဖေ့အနေနဲ့ သူ့ကို ယူလိုက်ရင် ဖေဖေ့ဘဝဟာ ဒီအခြေအနေမျိုး
ရောက်လာနိုင်မှာမဟုတ်ဘူး၊ အကြီးအကျယ် ပြောင်းလဲသွားမှာ သေချာတယ်"

ရှုဘင်ကဘာမျှပြန်မပြောဘဲ နားထောင်မြဲ နားထောင်နေသည်။

"ဖေဖေ့ကို လမ်းမှန်ရောက်အောင် လုပ်ပေးသူကတော့ ဖေဖေ့ရဲ့ ဖေဖေ၊ သားရဲ့ ဘိုးဘိုး
ဖေဖေ့ကျေးဇူးကြောင့် အဲဒီ ဘဲလေးကချေသည်မကလေးရဲ့စက်ကွင်းက ဖေဖေ လွတ်မြော
ရတယ်၊ သူနဲ့ပြတ်သွားပြီး မကြာခင်မှာပဲ သားရဲ့မေမေနဲ့ တွေ့ရတာပဲ၊ အဲဒီအချိန်ကစပြီး ဖေဖေ
ကချေသည်မကလေးရဲ့ မျက်နှာကိုတောင် မှန်းကြည့်လို့ မရတော့ဘူး၊ လွန်ခဲ့တဲ့ နှစ်နှစ်လော
အဲဒီအမျိုးသမီးနဲ့ လမ်းပေါ်မှာအမှတ်မထင်ပြန်တွေ့ရတော့ ဖေဖေ တော်တော် အံ့အားသင့်
မိတယ်၊ တကယ်လို့ သူကသာ - စတင်ပြီး နှုတ်မဆက်ရင် ဖေဖေက သူ့ကို လုံးဝမှတ်မိမှာ မဟုတ်
ဒါနဲ့ ဖေဖေတို့နှစ်ယောက် ခပ်တိုတိုပဲ စကားစမြည်ပြောကြတယ်၊ ဒါပေမယ့် တစ်ယော
တစ်ယောက် သူစိမ်းပြင်ပြင်တွေဖြစ်နေကြပြီ၊ သူ့ရုပ်ရည်ကလည်း ဟိုတုန်းကနဲ့ လုံးဝမတူတော့
ပါးရေနားရေတွေ တွန့်ပြီး အဘွားကြီး ရုပ်ပေါက်နေပြီ၊ အဲဒီ မိန်းမကို အရူးအမူး ချစ်ခဲ့မိတာကြေ



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေဟာ မိဘအမွေကိုတောင်အဖြတ်ခံရပြီး ကိုယ့်ဘဝကို ကိုယ်ဖြစ်ချင်တာဖြစ် မျှောလိုက်တော့မယ်ဆိုတဲ့ အခြေအနေအထိ ရောက်ခဲ့ရတယ်၊ တကယ်တော့ ဒါဟာ အတွေ့အကြုံမရှိ သေးတဲ့ လူငယ်တွေရဲ့ ဖြစ်လေ့ဖြစ်ထရှိတဲ့ သဘာဝပါပဲ။

"လောလောဆယ်မှာ သားလဲပဲ ဖေဖေ့အဖြစ်မျိုးနဲ့ ရင်ဆိုင်တိုးပြီး စိတ်ညစ်နေရပြီ၊ ဒါပေမယ့် ဒါကတဒင်္ဂပါ၊ ယာယီသဘောပါ၊ မကြာခင်မှာ အမြင်ကြည်လင်လာပြီး အားလုံး ငြိမ်းအေးသွားပါလိမ့်မယ်၊ စိတ်ကူးမလွဲပါနဲ့ သား၊ ဂျိုစလင်က သားအတွက် ရာသက်ပန် ကြင်ဖော်ကောင်းတစ်ယောက်ပါ။ သူနဲ့ လက်ထပ်ပြီးတဲ့အခါကျတော့ သားအနေနဲ့ သူ့အပေါ်မှာ ချစ်မြတ်နိုးတဲ့ စိတ်တွေ တစ်နေ့ထက်တစ်နေ့ တိုးပွားလာပါလိမ့်မယ်၊ ဖေဖေကိုယ်တိုင်လည်း သားမေမေအပေါ်မှာ ဒီလိုပဲချစ်ခင်မြတ်နိုးလာတာပဲ၊ နောက်တော့ သားသမီးကလေးတွေ မွေးလာဦးမယ်၊ အဲဒီအခါကျတော့ မေတ္တာနှောင်ကြိုးကပိုလို့တောင်ခိုင်မြဲလာလေဦးမယ်၊ အဲဒါဆိုရင် သားချစ်လှပါတယ်ဆိုတဲ့ အဲဒီ ပါရီက မိန်းကလေးကို သားက သတိတောင်ရတော့မှာမဟုတ်တော့ ပါဘူး၊ ဒါဟာ ချစ်ခြင်း မေတ္တာရဲ့သဘာဝ၊ လူတွေရဲ့ သဘာဝပါပဲ သား"

ဖေဖေပြောတာမဟုတ်သေးပါဘူးဖေဖေ၊ တကယ်တော့ ဖေဖေ့အဖြစ်နဲ့ ကျွန်တော့်အဖြစ်က လုံးဝမတူပါဘူး၊ ကျွန်တော်ဟာ မာဂဒါရဲ့ မျက်နှာကို ဒီတစ်သက် မေ့လို့မရနိုင်တော့ပါဘူး။ သူ့အပေါ်မှာ ချစ်မိတဲ့ စိတ်ကိုလည်း ဘယ်တော့မှ ဖြေဖျောက်လို့ မရနိုင်တော့ပါဘူး၊ ဒါပေမယ့် ကျွန်တော်ဟာ ဖေဖေအားကိုးတဲ့သား၊ ဖေဖေ့စကားကို နားထောင်တဲ့သား၊ ဖေဖေချစ်တဲ့ သားတစ်ယောက် ဖြစ်အောင်တော့ တတ်နိုင်သမျှ ကြိုးစားပါမယ် ဖေဖေ။

သည်စကားတွေကို ရှုဘင်က ပါးစပ်မှ မပြော၊ ရင်ထဲတွင် ကျိတ်ပြီး တစ်ကိုယ်ကြားသာ ပြောနေမိလေသည်။

ဖခင်ကြီးအား အဖြစ်မှန်ကို ဖွင့်ပြောလိုက်ရသဖြင့် ရင်ထဲတွင် ရှင်းပြီး တစ်ကိုယ်လုံး ပေါ့ပါးသွားသလို ခံစားလိုက်ရသည်။

ဖခင်ကြီးက ထိုင်ရာမှ ထရပ်လိုက်ပြီး သားဖြစ်သူ၏ ပခုံးနှစ်ဘက်ကို ဝမ်းသာလှိုက်လှဲစွာ သိုင်းဖက် လိုက်လေသည်။

ထိုနေ့မှစ၍ ရှုဘင်၏ အခြေအနေသည် တစ်မျိုးတစ်မည် ပြောင်းလဲသွားခဲ့သည်။ ပြောသင့်သော စကားကိုပြောပြီး လုပ်သင့်သောအလုပ်ကို လုပ်လာသည်။ သို့သော် သူ၏လှုပ်ရှားမှုများကို ကြည့်ရသည်မှာ သက်ရှိလူသားတစ်ယောက်နှင့် လုံးဝမတူတော့။ သက်မဲ့ စက်ရုပ်တစ်ခုနှင့်သာ တူနေတော့သည်။

သူသည် ဂျိုစလင်နှင့်လည်း မပြတ်လိုလိုတွဲလာသည်။ ပြောင်းလဲလာသော သူ့အခြေအနေကို ကြည့်ပြီး ဂျိုစလင်နှင့်တကွ တစ်အိမ်သားလုံးက ဝမ်းသာမဆုံး ဖြစ်ကြရသည်။ သို့သော် ရှုဘင်အဖို့တော့ သူ ကိုယ်သူ သက်ရှိလူသားတစ်ယောက်မှ ဟုတ်ပါသေးရဲ့လားဟုပင် သံသယ ဝင်လာမိသည်။



www.burmeseclassic.com

www.burmeseclassic.com



လက်ထပ်ပွဲ မကျင်းပမီ ရက်သတ္တနှစ်ပတ်ခန့်တွင် ဂျိုစလင်က သူတို့နေထိုင်မည့် အိမ်သစ်ကြီးကို ရှုဘင်အားခေါ်ပြသည်။ ဤအိမ်ကြီးကို ဂျိုစလင်၏မိဘများက မင်္ဂလာလက်ဆောင်အဖြစ် အထူးစပါယ်ရှယ် ဝယ်ပေးခြင်းဖြစ်သည်။

နှစ်ယောက်သား လက်ချင်းယှက်ကာ တစ်ခန်းပြီးတစ်ခန်း ဝင်ကြည့်ကြသည်။ အခန်းတိုင်းတွင် အိမ်သုံးပရိဘောဂပစ္စည်းတွေ လိုလေသေးမရှိ ပြည့်စုံနေသည်။

အိပ်ခန်းထဲဝင်သွားတော့ လှပခမ်းနားစွာ ပြင်ဆင်ထားသော နှစ်ယောက်အိပ်ခုတင်ကြီးကို မြင်ကြရသည်။ ရှုဘင်အဖို့တော့ ခုတင်ကြီးကို ကြည့်ပြီး ဘယ်လိုမှ ထူးထူးခြားခြား ခံစားရခြင်းမရှိ။ သူသည် ခုတင်ကြီးကို မျက်နှာလွှဲကာ ပြတင်းပေါက်သို့လျှောက်လာခဲ့သည်။ ခုတင်ပေါ်တွင် သူမြင်နေရသည်က ဂျိုစလင်မဟုတ်။ မာဂဒါ. . . မာဂဒါ. . ။

"ဘယ့်နှယ်လဲမောင်၊ ဒီအိမ်ကြီးကို သဘောမကျဘူးလား ဟင်"

သူက ဂျိုစလင်မျက်နှာကို ဖြတ်ကနဲ လှည့်ကြည့်လိုက်ပြီး. . .

"ဩော် အင်း၊ ဟုတ်တယ်၊ သိပ်ပြီး နေချင်စရာကောင်းတဲ့ အိမ်ကြီးပဲ ဒါလင်"

ဂျိုစလင်က သူမ၏ ပါးပြင်ကို ရှုဘင်၏ ပခုံးတွင် တင်လိုက်သည်။

"ကျွန်မတို့ လက်ထပ်ပြီးရင် ဒီအိမ်ကြီးကိုပြောင်းနေကြရတော့မယ်မောင်၊ သိပ်ပြီး ပျော်စရာကောင်းမှာပဲနော်၊ ကျွန်မတော့ မောင့်ကို သိပ်ပြီးချစ်တာပဲ မောင်ရယ်"

သူက ဂျိုစလင်၏ဆံပင်ကို လက်ဖြင့် တယုတယပွတ်သပ်ပေးနေသည်။ သူလဲပဲ ဂျိုစလင် ခံစားရသလို ခံစားချင်စိတ်ဖြစ်ပေါ်မိသည်။ သို့ပေမယ့် ဘယ်လိုမှ ခံစား၍မရသောအခါ သူ့ကိုယ်ကိုသာ အပြစ်တင်မိတော့သည်။

မင်္ဂလာလက်ထပ်ပွဲ ကျင်းပမည့်နေ့. . . ။

ယနေ့မနက် အိပ်ရာမှ ထလျှင်ထချင်း ရှုဘင်သည် မာဂဒါထံမှ နောက်ဆုံးရေးလိုက်သော စာကို အမှတ်ထင်ထင် ပြန်ဖတ်နေမိသည်။

သူ့ မျက်လုံးများကို နောက်ဆုံးစာကြောင်းလေးပေါ်မှ မခွာရက်နိုင်အောင် ဖြစ်နေသည်။

"ဂျိုစလင် အချစ်ကလေးနဲ့ ရွှေလက်တွဲပြီး အပျော်ကြီး ပျော်နိုင်ပါစေလို့ပဲ ကျွန်မအနေနဲ့ နောက်ဆုံး ဆန္ဒပြုလိုက်ပါတယ် မောင်၊ မောင့်ကို တစ်သက်လုံး ချစ်နေမယ့် မာဂဒါ"

ဩော် မာဂဒါရယ်၊ ဘယ်လိုပြောလိုက်တာလဲ အချစ်ရယ်၊မင်းကိုလဲ ငါ အမြဲထာဝရ ချစ်လျက်ပါပဲ ကွယ်. . . . ။

ရှုဘင်က လန်ဒန်မြို့တော်မှ သူတို့အိမ်တွင် ထိုင်ကာ မာဂဒါ၏ စာကိုဖတ်နေချိန်တွင် မာဂဒါကတော့ ပါရီမြို့ရှိ အီမီလ်၏ တိုက်ခန်းပေါ်မှ အိပ်ရာထဲတွင် လူးလိမ့်ရင်း မျည်ရည်မိုးတွေ ဖြိုင်ဖြိုင်သွန်ချနေလေသည်။

နှစ်ပွင့်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



မြို့စားကတော်ကြီးက သူမအား အမျိုးမျိုး ဖျောင်းဖျနှစ်သိမ့်သည်။ သို့ပေမယ့် မာဂဒါ အဖို့တော့ "ဖြေမနိုင်၊ ရေစိုင်ဝဲသို့၊ မှိုင်ပွဲတဲ့သစ်စေ" ကိန်းမျိုးသာ ဆိုက်နေတော့သည်။

"ငါ့တူမ တွက်တာ မှားနေပြီကွယ်၊ ငါ့တူမကြီးရဲ့ မဟာဗျူဟာက သူ့အသည်းကို ထိမှာ သေချာပါ တယ်။ သူ့ဆီ စာလုံးဝမရေးဘဲ အကြာကြီးနေပြီးမှ နောက်ဆုံးစာတစ်စောင်ပေးလိုက်တာ သိပ်ကောင်းတယ်သိရဲ့လား၊ အဲဒီစာဖတ်ပြီး သူက တူမကိုတသသနဲ့ သတိရနေလိမ့်မယ်၊ အန်တီတွက်တာ ဘယ်တော့မှမမှားနိုင်ပါဘူး။ လောကမှာအချစ်တစ်ခုတည်းသာ အဓိက မဟုတ်ပါဘူး တူမရယ်၊ အချစ်ထက် အရေးကြီးတာတွေလဲ အများကြီး ရှိပါသေးတယ်၊ ဒါပေမယ့် ဘယ်လိုပဲပြောပြော ဒီကိစ္စမှာ တကယ့်ကိုအချစ်အတွက် အနစ်နာခံခဲ့တဲ့သူက ငါ့တူမကြီး မဟုတ်ပါဘူး၊ ရှဘင်ကသာ အနစ်နာခံတာပါ"

"ဒါပေမယ့် ကျွန်မအနေနဲ့ သူ့ဆီက အချစ်အပြင် ဘာကိုမှမလိုချင်ဘူး အန်တီ"

"အဲဒီလိုလဲ မပြောပါနဲ့တူမရယ်၊ ကြည့်စမ်းပါဦး၊ တူမကြီးအတွက် အစစအရာရာ ပြည့်စုံအောင် သူ့ခများပေးထားလိုက်တာတွေ သာမာန်လူတစ်ယောက်အနေနဲ့ မစွန့်လွှတ်နိုင်တဲ့ အရာတွေ"

"တကယ်တော့ ကျွန်မ ဘဝက "ပေးကားပေး၏မရ" ဆိုသလို ဖြစ်နေပြီ အန်တီ၊ သူက ဘာတွေပဲ ပေးထားပေးထား ကျွန်မအနေနဲ့ ဘာမှမရသလိုပဲ ခံစားနေရတာ အမှန်ပါပဲ၊ ဒီအိမ်ခန်းနဲ့ ဒီပစ္စည်းတွေ၊ တကယ်တော့ အချစ်မရှိတဲ့ဘဝမှာ ဒါတွေဟာ အလကားအရာတွေပါပဲ အန်တီ၊ ဘာမှအသုံးမကျတဲ့ ရုပ်ဝတ္ထုတွေပါပဲ"

မြို့စားကတော်ကြီးက မာဂဒါ၏ ပခုံးနှစ်ဘက်ကိုဆုပ်ကိုင်ပြီး သူမအနီးသို့ ဆွဲကပ်လိုက် သည်။ ပြီးတော့ မာဂဒါ၏မျက်နှာမှ မျက်ရည်များကို အသာအယာ သုတ်ပေးရင်း. . .

"ဟုတ်ပါတယ်. . . တူမကြီးပြောတဲ့ ဒီပစ္စည်းတွေဟာ တူမကို ဘုရင့်သမီးတော်တစ်ပါးလို စံမြန်းနေနိုင်အောင် သူလုပ်ပေးထားတဲ့ပစ္စည်းတွေပါပဲကွယ်၊ တူမကြီးအပေါ်မှာ သူ့ကျေးဇူးကြီး လှပါတယ်ကွယ်၊ အဲဒီတော့ တူမကြီးအနေနဲ့ ကျေးဇူးရှင်ကိုမမေ့သင့်ပါဘူး၊ ဒီနေရာက ဒူးထောက် ဝပ်တွားပြီး အဲဒီပုဂ္ဂိုလ် စိတ်ချမ်းသာနိုင်ပါစေလို့တောင် ဆုတောင်းမေတ္တာ ပို့သင့်ပါတယ်ကွယ်၊ တကယ်တော့ သူ့ဘဝဟာသနားစရာကောင်းတဲ့ဘဝပါတူမရယ်၊ တစ်သက်လုံး ငရဲဘုံရောက်နေသလို ခံစားသွားရမယ့်ဘဝမျိုးပါ၊ ကိုယ်မချစ်မနှစ်သက်တဲ့ လူတစ်ယောက်နဲ့ တစ်သက်လုံး ပေါင်းသင်း သွားရမယ့် သူ့ရဲ့ဘဝဟာ တွေးကြည့်ရင် သနားစရာ၊ အသည်းနင့်စရာ ကောင်းလှ ပါတယ်. . . မာဂဒါရယ်"

မာဂဒါက မြို့စားကတော်ကြီးအနီးမှ နောက်ပြန်လှည့်ကာ ခုတင်ပေါ်တွင် ဝမ်းလျားမှောက်၍ အိပ်ချလိုက်သည်။ ပြီးတော့ မျက်နှာကို ခေါင်းအုံးပေါ်တွင်မြှုပ်ကာ ရှိုက်ကြီးတငင် ငိုချလိုက်လေတော့သည်။

ဗိုစလင်နှင့် အပ်ပျိုရံများသည် သတို့သမီးအတွက် သီးသန့်ပြင်ဆင်ထားသောအခန်းထဲတွင် ရောက်ရှိ



www.burmeseclassic.com

www.burmeseclassic.com



နေကြပြီ။ ဘုရားကျောင်းထဲတွင် ပန်းမျိုးစုံဖြင့် ဝေဆာနေသည်။ စန္ဒရားသံက ငြိမ့်ညောင်းသာယာစွာ ထွက်ပေါ်လျက်ရှိသည်။ ဧည့်ပရိသတ်များက အသင့်ပြင်ဆင်ထားသော ကုလားထိုင်များတွင် အသီးသီးနေရာယူကြသည်။

သတို့သမီး၏မိခင်အား ခန်းမအလယ်လမ်းကြားအတိုင်းခေါ်လာကြပြီး သီးသန့်ကုလားထိုင်တွင် နေရာချပေးကြသည်။ သူမ၏ဘေးမှကုလားထိုင်မှာ လပ်လျက်ပင်ရှိသေးသည်။ မကြာမီတွင် ထိုနေရာသို့ သတို့သမီး၏ဖခင် ရောက်လာသည်။ ရှေ့ဆင့်နောက်ဆင့် ဆိုသလိုပင် သတို့သား၏မိဘများဖြစ်ကြသော နာသန်ဟက်နှင့် ဆာရာဟက်တို့ ရောက်ရှိလာကြပြီး သတို့သမီး၏ မိဘများဘေးတွင် ဝင်ထိုင်ကြသည်။ သူတို့ ဇနီးမောင်နှံမှာ အလွန်လိုက်ဖက်သော စုံတွဲ ဖြစ်သည်။ မစ္စက်ဆာရာဟက်က နှင်းဆီသွေးရောင် ဇာဝတ်စုံကို ဝတ်ဆင်ထားပြီး တည်ငြိမ်အေးဆေးသော အသွင်ကို ဆောင်နေသည်။ မစ္စတာနာသန်ဟက်ကလည်း မီးခိုးရောင် အကောင်းစားဝတ်စုံသစ်ဖြင့် ခန့်ညားလှသည်။

မစ္စက်ဟက်က သတို့သမီး၏ မိခင်ဘက်သို့ မသိမသာ စောင်းကြည့်လိုက်သည်။ သူမ၏ မျက်နှာတစ်ပြင်လုံးတွင် အပြုံးပန်းတွေ ဝေဆာပွင့်လန်းနေသည်။

မင်္ဂလာဆောင်အခမ်းအနားကလည်း မြင်ရသူတိုင်းကြည်နူးရှုမောစရာပင်။ အဖြူရောင် ဖဲသား မျက်နှာကြက်တွင် နှင်းဆီဖြူများ၊ ကြာပန်းများ၊ ဖဲသားတံခွန်ကုက္ကာများနှင့် အစိမ်းရောင် ဥရင်ကောက်ပန်းများဖြင့် အလှဆင်ထားသည်။ ဖယောင်းတိုင်ပန်းဆိုင်းများတွင် ထွန်းညှိထားသော မီးရောင်ကြောင့် တစ်ခန်းလုံး ထိန်လင်းတောက်ပနေသည်။

သည်မင်္ဂလာပွဲသည် သည်နှစ်အတွင်းတွင် အကြီးအကျယ်ဆုံးပွဲ၊ အခမ်းနားဆုံးပွဲကြီး တစ်ပွဲပင်ဖြစ်သည်။

မစ္စက်ဟက်သည် ခင်ပွန်းဖြစ်သူ၏ လက်ကို မသိမသာ ဆုပ်ကိုင်ထားရင်းမှ အတွေးနက် နေမိသည်။ အချိန်တွေကလည်း အကုန်မြန်လွန်းလှသည်။ ကုန်သွားမှန်းပင် မသိလိုက်ရ၊ ရှဘင် သည် မနေ့တစ်နေ့ကပင် ဂါဝန်စကိုဆွဲကာ တဒေါက်ဒေါက်နှင့်လမ်းလျှောက်နေခဲ့သေးသည်။ ယခုတော့ သူအရွယ်ရောက်၍လူ လားမြောက်ခဲ့ပြီ။ မကြာမီတွင် ကလေးအဖေ ဖြစ်လာတော့မည်။

သူမက ခင်ပွန်းသည် မျက်နှာကို ကြည့်လိုက်သည်။

သူတို့ဘဝသည် အကျိုးပေးကောင်းခဲ့သည်။ လော်က်လောက်လားလား သားလေး ယောက်ကို မွေးထုတ်ခဲ့ပြီးပြီ။ သားလေးယောက်ကို အကြောင်းပြု၍ ချွေးမလေးယောက်လည်းရခဲ့ပြီ။ တကယ်တော့ သမီးမိန်းမ မထွန်းကားသောမိသားစုတွင် ချွေးမဆိုသည်မှာလည်း သမီးအရင်းပင် မဟုတ်ပါလား။ လောလောဆယ်တွင် မြေးကလေးခြောက်ယောက်လည်းရနေပြီ။ နောက်များ အများကြီးရလာပေဦးမည်။ သူတို့ဘဝသည် အမှန်ပင် စိတ်ချမ်းသာစရာကောင်းလှတော့သည်။

ရွှေဝါရောင်နှင့် နှင်းဆီသွေးရောင် ဝတ်စုံအိအိကလေးများ ဝတ်ဆင်ထားကြသော အပျိုရံမိန်းကလေးများသည် နှင်းဆီးပန်းကုံးများကိုယ်စီကိုင်ကာ ခန်းမအလယ်လမ်းကြားအတိုင်း လျှောက်လာကြသည်။ အသင့်ကြိုဆိုနေကြသူများက ၎င်းတို့အား နေရာထိုင်ခင်း စီစဉ်ပေးကြသည်။

ရှဘင်နှင့်လီယွန်တို့ ညီအစ်ကိုသည် ခန်းမဘေးတံခါးကို ဖွင့်၍ဝင်လာကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ရှုဘောင်သည် သီးသန့်စီစဉ်ထားသော ကုလားထိုင်တွင်ဝင်ထိုင်ကာ သတို့သမီးကို စောင့်နေသည်။ သူ့ကိုကြည့်ရသည်မှာ စက်ရုပ်ကြီးလို ထင်ရသည်။ သူဘယ်နေရာရောက်၍ ဘာလုပ်နေသည်ကို သူသတိပြုမိပုံမရသော အမူအရာမျိုး။ လီယွန်က ညီဖြစ်သူ၏ ခံစားချက်ကို သတိပြုမိသည်။ သို့သော်လည်း အမူအရာလုံးဝပြောင်းလဲခြင်း မရှိဘဲ ဣန္ဒြေမပျက်ပင် ထိုင်နေသည်။

ဘုရားကျောင်းတစ်ခုလုံး တိတ်ဆိတ် ငြိမ်သက်လျက် ရှိသည်။

ဂျိုစလင်က ဖခင်ဖြစ်သူ၏ လက်မောင်းကို ဆုပ်ကိုင်ရင်း ခန်းမအလယ်သို့ တစ်လှမ်းချင်း လျှောက်လာသည်။ ဦးခေါင်းကို ကျော်ကာ နောက်လှန်ချထားသော မျက်နှာဖုံး ဇာပဝါမှာ သူမ၏ နောက်မှရှည်လျားစွာ တရွတ်ဆွဲ၍ တန်းလန်းကြီးပါလာသည်။

သူမသည် ရှုဘောင်၏ လက်ဝဲဘက်ရှိ ကုလားထိုင်လွတ်တွင်ဝင်ထိုင်သည်။ ဖခင်ကြီးက ဂျိုစလင်၏ ပါးပြင်ကို ရွရွကလေး နမ်းရှုပ်ပြီးနောက် ဇနီးဖြစ်သူ၏ ဘေးမှ ကုလားထိုင်တွင် သွား၍ ထိုင်သည်။

ဤတွင် လက်ထပ် မင်္ဂလာပွဲ အခမ်းအနားကို စတင် ဖွင့်လှစ်တော့သည်။

ရဟူဒီဓမ္မဆရာသည် သတို့သားနှင့် သတို့သမီးရှေ့တွင်ရပ်ကာ ကတိသစ္စာဆိုစေသည်။ ဓမ္မဆရာ ရွတ်ဆိုနေသောအသံကို ရှုဘောင် ကြားပင်မကြားမိ။

"အို သတို့သမီး ဂျိုစလင်၊ သင်သည် သတို့သားရှုဘောင်အား ခင်ပွန်းလင်အဖြစ် လက်ထပ်ပါမည်လော၊ ယနေ့မှစ၍ ရာသက်ပန်ကာလတိုင်အောင် တစ်ခြားတစ်ပါးသော ယောကျ်ားများအား ခုံမင်နှစ်သက်ခြင်းအလျှင်းမရှိမူ၍ သတို့သား ရှုဘောင်အားသာလျှင် ချစ်ခင်မြတ်နိုးလျက် သူ့အား ကျိုးနွံရိုသေစွာ အလုပ်အကျွေး ပြုပါမည်လော. . ."

ဂျိုစလင်က ပါးလွှာသော မျက်နှာဖုံးပုဝါကြားမှ ရှုဘောင်၏ မျက်နှာကို မသိမသာ ခိုးကြည့်လိုက်ပြီး နောက်. . .

"အလုပ်အကျွေးပြုပါမည် ဘုရား" ဟူ၍ အာမဘန္တေ ခံလိုက်လေသည်။

ထို့နောက် ဓမ္မဆရာက ရှုဘောင်ဘက်သို့ လှည့်လာသည်။

"အို သတို့သား ရှုဘောင်၊ သင်သည်. . ."

ဓမ္မဆရာ၏ အသံတိတ်သွားသော်လည်း ရှုဘောင်က ဘာမှပြန်မပြော။ ဓမ္မဆရာကရှုဘောင်၏ မျက်နှာကို စိုက်ကြည့်ရင်း အဖြေကိုစောင့်နေသည်။ ရှုဘောင်က ဘာမှမကြားလိုက်ရသည့်အလား ဓမ္မဆရာ၏ မျက်နှာကို ကြောင်ကြောင်ကြီး ပြန်ကြည့်နေသည်။ ဓမ္မဆရာက ထပ်မေးသည်။

"သင်သည် သတို့သမီးဂျိုစလင်အား ဇနီးမယားအဖြစ် သစ္စာရှိစွာဖြင့် သက်ဆုံးတိုင် ပေါင်းသင်းပါ မည်လော"

ရှုဘောင်က မည်သို့မျှ ပြန်မဖြေ။ ငြိမ်မြငြိမ်လျက်ပင်။

ဤတွင် ငါးနှစ်သားအရွယ် ကလေးတစ်ယောက်က ကတ္တီပါ ခေါင်းအုံးလေးတစ်လုံးကို လီယွန်လက် သို့ ကမ်းပေးသည်။ လီယွန်မှတဆင့် ရှုဘောင်သို့ လက်ဆင့်ကမ်းပေးလိုက်သည်။ ကတ္တီပါ ခေါင်းအုံးကလေးပေါ် တွင် ရွှေလက်စွပ်နှစ်ကွင်း တင်ထားသည်။ ရှုဘောင်သည် ယင်းလက်စွပ်ကလေး နှစ်ကွင်းကို စိုက်ကြည့်နေမိသည်။ သည်လက်စွပ်ကလေး နှစ်ကွင်းမှာ သူနှင့် ဂျိုစလင်တို့အား



www.burmeseclassic.com

www.burmeseclassic.com



တစ်သက်လုံး နှောင်ဖွဲ့ထားမည့် အရာပင် ဖြစ်သည်။

ရှုဘင်သည် ခေါင်းထဲတွင် မူးနောက်နောက် ဖြစ်လာသလို ခံစားရသည်။ တစ်ကိုယ်လုံး အေးစက်လာသည်။ ကျောကုန်းတွင် ချွေးပြန်လာသည်။ သူက ဂျိုစလင်၏ လက်ကို လှမ်းကိုင်ရန် လက်လှမ်းလိုက်သည်။ သူ့ လက်တွေတုန်တုန်ယင်ယင်ဖြစ်နေသည်။ ရုတ်တရက် လက်ကို ပြန်ရုတ်လိုက်သည်။ ဘာကြောင့်ရယ်လို့တော့ ခွဲခြားမသိတော့။ တစ်စုံတစ်ရာက သူ့လက်ကို ဆွဲချုပ်ထားသလို ထင်လိုက်မိသည်။ သူက ဂျိုစလင်၏ မျက်နှာကို ကြည့်လိုက်သည်။

ထို့နောက် ဦးခေါင်းကို ခါယမ်းရင်း. . .

"ဟင့်အင်း. . . ဟင့်အင်း မဖြစ်ဘူး၊ မဖြစ်တော့ဘူး၊ ငါ့ကို ခွင့်လွှတ်လိုက်ပါတော့၊ ငါဘယ်လိုမှ မတတ်နိုင်. . . ."

သူက စကားကိုပင် အဆုံးမသတ်တော့ဘဲ ထိုင်ရာမှ ဆတ်ကနဲထကာ ပထမဝင်လာခဲ့သော ဘေးတံခါးမှပင် ပြန်ထွက်ပြီး လမ်းပေါ်သို့ ကမန်းကတန်း ထွက်လာခဲ့တော့သည်။

အဖြစ်အပျက်က မြန်ဆန်လွန်းလှသည်။ ပရိသတ်များမှာ ရုတ်တရက်အားဖြင့် ဘာကိုမှ နားမလည် နိုင်လောက်အောင် အံ့အားအ...င့်ကြီးသင့်ပြီး ကြက်သေ သေသွားကြသည်။

ဖခင်ကြီးဘေးတွင် ဂျိုစလင် ခွေယိုင်လဲကျသွားသောအခါမှသာ ပရိသတ်များ ရုတ်ရုတ်သဲသဲနှင့် လှုပ်လှုပ်ရှားရှားဖြစ်လာကြသည်။ ဂျိုစလင်မှာ ကိုယ့်ကိုယ်ကိုယ် မယုံနိုင်လောက်အောင်ပင်ဖြစ်မိသည်။ သို့သော် ငိုလို့လည်း မရ၊ သူမသည် သတိရနေသော်လည်း ကျောက်ရုပ်ကြီးလို မလှုပ်မယှက် ဖြစ်နေသည်။

သို့ဖြင့် သူမအား အပြင်တွင် ရပ်ထားသော ကားပေါ်သို့ ချီမ ယူလာကြသည်။ မိခင်ကြီးမှာ မျက်ကလဲဆန်ပျာ အမူအရာဖြင့် သမီးအနောက်မှ ပြေးလိုက်လာသည်။

ချက်ချင်းပင် ကားကို အရှိန်ပြင်းစွာဖြင့် မောင်းထွက်သွားကြသည်။

ဟက်မိသားစုများသည် မင်္ဂလာခန်းမထဲတွင် မလှုပ်မယှက် ထိုင်နေတုန်းပင် ရှိသေးသည်။ ဘာဖြစ်မှန်းလည်း မသိကြ။ ဘယ်လိုလုပ်ရမှန်းလည်း လုံးဝ မတွေးတတ်ကြတော့။ အံ့ဩခြင်း ရှက်ခြင်းတို့ဖြင့်သာ မျက်နှာမဖော်နိုင်အောင်ဖြစ်နေမိကြတော့သည်။

ဧည့်ပရိသတ်များတစ်ယောက်ပြီးတစ်ယောက် ငြိမ်သက်စွာဖြင့် ထွက်ခွာသွားကြသည်။ ဘယ်သူကမျှလည်း ဘာစကားမျှ မပြောရဲကြ၊ ဘယ်သူကကော ပြောရဲပါဦးမည်နည်း။

ရှုဘင်သည် တက္ကစီကားဖြင့် အိမ်သို့တန်းပြန်လာခဲ့သည်။ အိမ်ရှေ့တွင် သူ့ကားကလေးကို အဆင်သင့်တွေ့ရသည်။ ကားနောက်ပိုင်းတွင် သူ့အဝတ်အစားသေတ္တာများ တင်ထားသည်။ မင်္ဂလာဆောင်ပွဲမှပြန်လျှင် ဂျိုစလင်နှင့်အတူ ပျားရည်းဆမ်းခရီးထွက်ရန် အဆင်သင့်စီစဉ်ထားခြင်း ဖြစ်သည်။

ကားပေါ်ကို ကမန်းကတန်းတတ်ပြီး စက်ကုန်ဖွင့်ကာမောင်းထွက်လာခဲ့သည်။ အိမ်ကလူတွေပြန်မရောက်ခင် အဝေးတစ်နေရာသို့ရောက်နေမှဖြစ်မည်။ သူလုပ်ခဲ့သော



www.burmeseclassic.com

www.burmeseclassic.com



…သနာကြီးကိုတော့ နောက်မှပဲ မီးစင်ကြည့်ပြီး ဖြေရှင်းရတော့မည်။

'ဘရောင်းဟိုတယ်' ရှေ့တွင် ကားကိုထိုးရပ်လိုက်သည်။ ဟိုတယ်က ခပ်သေးသေး …လေးပင်၊ သို့သော်လူရှင်းသည်။ တိတ်ဆိတ်သည်။ သူကမျက်နှာသိတစ်ယောက်နှင့် ရင်ဆိုင်မိ …ည်ကို စိုးရိမ်သည်။

ဟိုတယ်ခန်းထဲရောက်တော့ မာဂဒါထံသို့ ချက်ချင်းဖုန်းကောက်ဆက်သည်။ ဆက်လို့မရ။ …ခြားလိုင်းဝင်နေသည်။ သူက စိတ်ပေါက်ပေါက်ဖြင့် ကျိန်ဆဲလိုက်သည်။

တယ်လီဖုန်းစောင့်ရင်း စိတ်တိုလာသည်။ အချိန်အလဟဿမဖြစ်စေရန် အခန်းထဲသို့ …စားအသောက် လှမ်းမှာလိုက်သည်။

မကြာမီပင် စားစရာများရောက်လာသည်။ ဝီစကီ တစ်ပုလင်းလည်း ပါလာသည်။

စားပွဲထိုးပြန်ထွက်သွားသည်။

ဝီစကီပုလင်းကိုဖွင့်သည်။ ဖန်ခွက်တစ်ဝက်ခန့်လောင်းထည့်သည်။ ဖန်ခွက်ကို အာဖောက် …ချလိုက်သည်။ နောက်တစ်ခွက်ထပ်ထည့်သည်။ တစ်ကျိုက်ချင်း ဖြည်းဖြည်း စုပ်သောက် …သည်။

တကယ်တော့ ယနေ့ သူလုပ်ခဲ့သော အလုပ်သည် အလွန်မှားသည်။ သူ့ရဲ့ဘောကြောင် …သာအလုပ်ဖြစ်သည်။ အမှန်ဆိုလျှင် ပါရီမှ ပြန်ရောက်ကတည်းကပင် ဂျူစလင်နှင့် ပြတ်ပြတ် …သားသား လမ်းခွဲထွက်ခဲ့ဖို့ သင့်သည်။

တယ်လီဖုန်းမြည်သံ ပေါ်ထွက်လာသည်။ ရုတ်တရက်မို့ သူလန့်သွားမိသည်။ ဖုန်းကို …ကောက်ကိုင်လိုက် သည်။

'ဘယ်သူလဲ၊ ရှူဘင်လား'

'ဘုရားရေ. . .၊ ဟုတ်တယ်၊ ကိုယ်ပဲ ဒါလင်'

'အခု ဘယ်ကဆက်နေတာလဲ'

'လန်ဒန်က'

'ဒါဆို ရှင့်သတို့သမီးရော. . .'

'ကိုယ်. . . ကိုယ်သည်းမခံနိုင်တော့ဘူး. . . မာဂဒါ၊ ကိုယ်အပြတ်. . . ရှင်းပစ်ခဲ့ပြီ'

မာဂဒါ၏ သံသယမျက်နှာကို စိတ်မှန်းဖြင့် မြင်ယောင်မိလိုက်သည်။

မာဂဒါ ပြန်ပြောသည်။

'ကျွန်မတော့ ဘာမှနားမလည်းတော့ဘူး. . . မောင်၊ ဒါနဲ့ ဘယ်လိုဖြစ်ကြတာလဲဟင်၊ …ယ်လိုဖြစ်တာလဲ ပြောစမ်းပါဦး'

'လောလောဆယ် အဲဒီအကြောင်းဘေးချိတ်ထားလိုက်စမ်းပါ၊ ဒီမယ်. . . ကိုယ်ပြောတာ …သေချာချာ နားထောင်၊ ဒီနေ့ ညနေရထားနဲ့ "ကာလေ" ကို လိုက်လာခဲ့ပါ။ အဝတ်အစားတွေ …ပုံကြီး ယူလာဖို့မလိုဘူး၊ လိုအပ်သလောက်ပဲယူခဲ့၊ ကျန်တာကို အန်တီပို့ပေးရင်ဖြစ်တယ်၊ …ီးနာရီမှာ မင်းဒီကိုရောက်ရမယ်၊ ဟင်. . . ဟယ်လို. . ဟယ်လို. . . မာဂဒါ. . . …းထောင်နေတယ် . . . နော်'



www.burmeseclassic.com

www.burmeseclassic.com



'ဟ. . . . ဟဲ. . . . နားထောင်နေတယ်ပါတယ် မောင်ရဲ့။ ကျွန်မဘယ်မှ ထွက်မပြေးပါဘူး၊ ဒါနဲ့ အခုမောင်ပြောတာတွေ အမှန်ပဲလားဟင်၊ ကျွန်မအိပ်မက်မက်နေတာ မဟုတ်ပါဘူးနော်၊ ပြောစမ်းပါဦးမောင် . . . ပြောစမ်းပါဦး ကျွန်မတကယ်ယုံရမှာလားဟင်၊ ဩော်. . . မောင်ရယ် မောင့်ကို ကျွန်မဘယ်လောက် တောင်လွမ်းနေရတယ်ဆိုတာ မောင်သိပါတယ်. . . ကွယ် ဩော်. . . မောင်ရယ်. . . မောင်ကို ကျွန်မ. . . ကျွန်မ အများကြီး အများကြီး ချစ်. . . ချစ်ပါတယ် မောင်ရယ်'

**မစ္စတာ နာသန်ဟက်**သည် ဧည့်ခန်းအလယ်တွင် မတုန်မလှုပ်ရပ်နေသည်။ သူ့မျက်နှာက တည်ငြိမ်သောအသွင်ကို ဆောင်နေသည်။ သို့သော် ဇနီးဖြစ်သူ မစ္စက်ဆာရာဟက်ကတော့ သူမခင်ပွန်းသည် ခံစားနေရသော ဝေဒနာအတိမ်အနက်ကို ခန့်မှန်းခံစားမိသည်။

တစ်ခန်းလုံးတိတ်ဆိတ်နေရာမှ ဖိလစ်၏အသံ ပထမဆုံးထွက်ပေါ်လာသည်။

'ဒါဆိုရင် ကျွန်တော်တို့ ဘယ်လိုလုပ်ကြမလဲ. . . ဖေဖေ၊ ကျွန်တော်တော့ တံခါးဆိုင်းဘုတ် ပေါ်က ရှုဘင့်နာမည်ကို ဖြုတ်ပစ်လိုက်ချင်တယ်. . . ဖေဖေ'

'ဘယ်တော့မှ မဖြုတ်နိုင်ဘူး'

ဖခင်ကြီး၏ အသံတွင် ဒေါသလွှမ်းနေသည်။

မောရစ်ကဝင်ပြောသည်။

'ဖေဖေက. . . ဘာလုပ်ချင်လို့လဲ ဖေဖေ၊ တကယ်တော့ ရှုဘင်ဟာ ကျွန်တော်တို့လုပ်ငန်းကို ဘယ်လိုမှ မပတ်သက်နိုင် တော့ဘူးဆိုတာရှင်းနေပါတယ် ဖေဖေ၊ သူကိုတော့ ဘယ်လိုမှ ထည့်တွက်လို့မရတော့ပါဘူး'

'ဟုတ်တယ်၊ လုံးဝထည့်တွက်လို့ မရနိုင်တော့ပါဘူး ' ဆေလ်ဗီယာက ခင်ပွန်းသည်၏ စကားကို ထောက်ခံလိုက်သည်။

သို့ပေမယ့် ဖခင်ကြီးကတော့ ခေါင်းမာနေတုန်းပင်။

'မဖြစ်ဘူး. . . မဖြစ်ဘူး. . . သူ့နာမည်ကို ဘယ်တော့မှ မဖြုတ်နိုင်ဘူး၊ ဒီအတိုင်း ဆက်ထားမယ်'

'ကျွန်တော်တော့ ဖေဖေ့ စကားကို လုံးဝ နားမလည်နိုင်တော့ဘူးဖေဖေ' ဖိလစ်က ပြောသည်။ 'ရှုဘင် ဟာ ကျွန်တော်တို့ မိသားစုအားလုံး မျက်နှာကို အရှက်တကွဲ အကျိုးနည်း ဖြစ်အောင်လုပ်သွားတာ . . . တစ်သက် ပြန်ချေလို့ ကျေနိုင်ပါဦးမှာလား. . . ဖေဖေ'

မစ္စတာဟက်က ဦးခေါင်းကို တဆတ်ဆတ်ခါယမ်းလိုက်ပြီး လက်နှစ်ဖက်ကိုနောက်ပစ် ထားသည်။

သူကအခန်းထဲတွင်ထိုင်နေသူများ၏ မျက်နှာကို တစ်ယောက်စီ တစ်ယောက်စီ အကဲခတ်ကြည့်လိုက် သည်။ အားလုံးပင်မျက်နှာညှိုးငယ်နေကြသည်။ ရှုဘင်ကြောင့် သူတို့အားလုံး ဘယ်လောက်ထိ စိတ်ဆင်းရဲနေ ကြသည်ကို မပြောဘဲနှင့် သိသာလှသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဖေဖေပြောမယ် . . . ဖိလစ်၊ တကယ်တော့ . . . ဒီကိစ္စကိုသဘောမပေါက်တာက မင်းပါ၊ အခြစ်က ရှင်းနေတာပဲ၊ ရှုဘင်ဘာလုပ်သွားသလဲ၊ မင်းသိပါတယ်၊ အားလုံးသိပါတယ်၊ ရှုဘင်ဟာ သူကျူးလွန်တဲ့ပြစ်မှုအတွက် ထိုက်သင့်တဲ့ပြစ်ဒဏ်ကို ခံကိုခံစားရမှာပါ။ ခံဆို တစ်သက်လုံး ခံနိုင်အောင် ခံသွားရမှာပဲ'

အဘိုးကြီး၏စကားကို ဖိလစ်၏ ဇနီးမာတီလ်ဒါက များစွာသဘောမကျချင်။

'ဒါပေမယ့် သူကျူးလွန်းခဲ့တဲ့ ပြစ်မှုအတွက် ဘာမှမဆိုင်တဲ့ ကျွန်မတို့ကိုပါ တန်ပြန် ထက်ရိုက်ခံရတာကတော့ လုံ့ဝသဘာဝမကျပါဘူး . . . ဖေဖေ' သူမက ပြောရင်းမျက်ရည်ကျ လာသည်။ ဇာနားကွပ် လက်ကိုင်ပုဝါကို ထုတ်ပြီးမျက်ရည်သုပ်ပစ်လိုက်သည်။ 'ကျွန်မတော့ ဒီကိုယ်စား ရှက်လွန်းလို့ လမ်းတောင်မထွက်ချင်တော့ဘူး၊' ဒီအတိုင်းဆို "ဉယျာဉ်ပွဲလာဘက်ရည် သောက်ပွဲ" ဉက္ကဋ္ဌရာထူးက ကျွန်မ နှုတ်ထွက်လိုက်ရ တော့မှာသေချာနေပြီ'

'ဘုရားရေ . . . မမက မဆီမဆိုင် ထပ်ရာစွတ်လုပ်ဖို့ ကြိုးစားနေပြန်ပါပြီ' လီယွန်၏ဇနီး ဒီဘိုရာကကန့်ကွက်လိုက်သည်။ 'တကယ်တော့ ဖေဖေပြောတာ အမှန်ဆုံးပါပဲ၊ ဘယ်သူမပြု မိမိမှုပဲ မဟုတ်လား၊ ကိုယ်ကျူးလွန်တဲ့အပြစ် ကိုယ်ခံပေါ့၊ ကျွန်မတို့နဲ့ ဘာမှမဆိုင်ပါဘူး၊ အနေသာကြီးပါ'

လီယွန်ကသူ့ဇနီးသည်၏တုန်ယင်နေသောလက်ကို အသာဖမ်းဆုပ်ပြီး ထိန်းထား လိုက်သည်။

'ဟုတ်တယ် . . . ဒီဘိုရာ ပြောတာမှန်တယ်၊ ကျွန်မတို့က ဘာလို့ကြားဝင်ပြီး ခံရမှာလဲ'

ဆောလ်ဗီယာက ဒီဘိုရာဘက်မှ ထောက်ခံလိုက်သည်။ မာတီလ်ဒါက ပြန်ပြီး ကန့်ကွက် သည်။ 'ကျွန်မတို့တော့ ဘယ်တော့မှခေါင်းဖော်လို့ရတော့မှာမဟုတ်ဘူး၊ လူမှုရေး အဝယ်ခံ မိသားစုဘဝနဲ့ တစ်သက်လုံးစခန်းသွားရမှာတော့ သေချာတယ်၊ ဆက်ဆွန် မိသားစုတွေကလည်း တစ်သက်ကျေနိုင်တော့မှာမဟုတ်ဘူး'

ဖခင်ကြီးက ဘာမျှပြန်မပြော။ အတွေးနက်နေပုံရသည်။ မောရစ်က ဖခင်ဖြစ်သူ၏ မျက်နှာကို စေ့စေ့ကြည့်ပြီး ဖိထောင်းပြန်သည်။

'ဆိုင်းဘုတ်က သူ့နာမည်ကို ဖြုတ်မပစ်ဘူးဆိုရင် ရှုဘင်လုပ်တာကို ဖေဖေက သဘောတူရာရောက်မှာပဲ၊ ကျွန်တော့်ကို ခွင့်လွှတ်ပါဖေဖေ၊ ကျွန်တော့်အနေနဲ့တော့ အဲဒါကို ဘယ်နည်းနဲ့မှသဘောမတူနိုင်ဘူး၊ သူက ကျွန်တော်တို့ မိသားစုတစ်စုလုံးရဲ့ ဂုဏ်သိက္ခာကို အိုးမဲသုတ်သွားတာကို ကျွန်တော်တို့က လုံးဝခွင့်လွှတ်နိုင်စရာမရှိဘူး၊ ခွင့်လွှတ်လို့လည်း ရကိုမရပါဘူး'

မစ္စတာဟက်က စိတ်ပျက် လက်ပျက် အမူအရာဖြင့် သက်မတစ်ချက် ဟင်းကနဲချ လိုက်သည်။ ပြီးတော့မှ တည်ငြိမ်စွာဖြင့်ပြောသည်။

'ငါဘယ်သူနဲ့မှ စကားနိုင်လုပြီးမပြောချင်တော့ဘူး၊ ဒီကိစ္စ ဒီတွင်ပဲပြီးဆုံးသွားပြီ၊ မင်းတို့ခံယူချက်နှင့် မင်းတို့ ထင်ချင်သလိုထင်နိုင်တယ်၊ ဒါပေမယ့် ငါ့အနေနဲ့တော့ ငါမသေသေးသမျှ ကာလပတ်လုံး ရှုဘင့်နာမည်ကို ဘယ်တော့မှ မဖြုတ်နိုင်ဘူး'

'ဖေဖေ . . . ဘယ်လိုပြောလိုက်တာလဲ ဖေဖေ' ဖိလစ်က စိုးရိမ်ဟန်ကြီး အမူအရာဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ကမန်းကတန်း ပြန်မေးလိုက်သည်။ 'လူတစ်ယောက်အနေနဲ့ ဂုဏ်သိက္ခာကို အစွမ်းကုန် ထိန်းရမယ်ဆိုတာ ဖေဖေပဲ ကျွန်တော်တို့ကို ဆုံးမသွန်သင်ပြနေတယ်မဟုတ်လား'

မစ္စတာဟက်က ဆတ်ကနဲ နောက်သို့ပြန်လှည့်လိုက်ပြီး . . .

'ဟော့ . . . ဖိလစ်၊ လူတစ်ယောက်က လူတစ်ယောက်ကို ဂုဏ်သိက္ခာအကြောင်း ဆုံးမသင်ပြလို့ ဘယ် တော့မှမရနိုင်ဘူးကွ၊ အဲ . . . ကိုယ့်အသိနဲ့ကိုယ် သိက္ခာရှိအောင်နေလို့တော့ ရနိုင်တယ်၊ ရှုဘင်ဟာ ငါ့သား၊ ငါ့သွေး၊ ဒါကြောင့်မို့ သူ့နာမည်ကို ငါမဖြုတ်နိုင်ဘူး၊ ရှုဘင် ဘာပဲလုပ်လုပ်၊ ဘာပြစ်မှုပဲ ကျူးလွန် ကျူးလွန် ငါ့သားဟာ ငါ့သားပဲ၊ နာမည်ကို ဖြုတ်ရင် ငါ့လက်မှာ အသုဘလက်ပတ်မည်းကြီး ပတ်ထားရလိမ့်မယ်၊ ရှုဘင်ဟာ သူ့အပြစ်နဲ့သူ အသည်းနင့်အောင် ခံစားနေရပြီ၊ အဲဒါကို ငါကဖိမထောင်းချင်ဘူး၊ သူ့ကိုယ်သူဒဏ်ခတ်တာ ထက်ပိုပြီး တို့ကသူ့ကို ဒဏ်ခတ်စရာမလိုတော့ဘူး၊ ငါပြောတာကို မင်းတို့က သဘောတူချင်မှ တူကြလိမ့်မယ်၊ ဒါပေမယ့်ဘာမှ မတတ်နိုင်ဘူး၊ ဒါငါ့ဆုံးဖြတ်ချက်ပဲ'

တစ်ချိန်လုံး ပါးစပ်ပိတ်နေခဲ့သော လီယွန်က ဝင်ပြောသည်။ 'ရှုဘင် အခုလို လုပ်သွားတာ ကျွန်တော် တော့ လုံးဝနားမလည်နိုင်အောင် ဖြစ်နေပြီ ဖေဖေ၊ ဒါနဲ့သူက ဒီအပြုအမူမျိုး ဘာ့ကြောင့် လုပ်သွားရတာပါ လိမ့်၊ ကျွန်တော်တို့ ညီအစ်ကို လေးယောက်ထဲမှာ သူဟာ ဆင်ခြင်တုံတရား အရှိဆုံးပါ၊ ဘယ့်သူ့ကိုမှလဲ ဘယ်တော့မှ သူနစ်နာအောင် မလုပ်ဖူးခဲ့ပါဘူး'

မစ္စတာဟတ်ကသူနှင့် ရှုဘင်တို့နှစ်ယောက်ချင်း ဆွေးနွေးခဲ့သည့် စကားကို ပြန်လည်ပြော ပြသည်။ ပြီးတော့ . . .

'တကယ်တော့ ငါမှားခဲ့တာပဲ၊ ငါလည်းအပြစ်မကင်းဘူး၊ အဲဒီမိန်းခလေးအပေါ်မှာ သူဘယ်အတိုင်းအတာထိ စွဲလမ်းနေတယ်ဆိုတာ အစကတည်းက အတိအကျသိခဲ့ရင် အခုလို ရုပ်ပျက်ဆင်းပျက် ဖြစ်လာမှာမဟုတ်ဘူး၊ အားလုံးအဆင်ပြေအောင် တစ်မျိုးတစ်မည် ကြံဖန် နိုင်ခဲ့ကြမှာပဲ'

'အဲဒီကောင်မက ပြင့်သစ်မ မဟုတ်လား၊ ဘုရားရေ . . . တစ်ခါမှ မမြင်ဘူးတဲ့ ပြင်သစ်မ တစ်ယောက်ကို တမ်းတမ်းစွဲကြိုက်မိလို့ တစ်သက်လုံးဆက်ဆံလာတဲ့ ကိုယ့်ရည်းစားကို ရက်ရက် စက်စက် စွန့်ပစ်သွားရသတဲ့၊ အံ့ပါရဲ့တော်၊ အဲဒီပြင်သစ်မက ဘာတွေများပိုထူးနေလို့လဲ မသိဘူး၊ ဒါနဲ့ အဲဒီကောင်မကဘယ်ကလဲ၊ မိသားစုအခြေအနေက ဘယ်လိုလဲ၊ အဲဒီအကြောင်းတွေကို ရှုဘင့်ကို ဖေဖေမေးမြန်းကြည့်သေးသလား' ဆေလ်ဗီယာက ဒေါမာန်ပါပါနှင့် ပြောရင်း မေးလိုက်သည်။

"ဟင့်အင်း . . . ငါမမေးမိလိုက်ဘူး၊ ဒီအတွက်တော့ အပြစ်တင်ချင်ရင်လဲ ခံရမှာပဲကွယ်"

"ရှုဘင်ကရော တစ်စွန်းတစ်စလောက်တောင် ပြောမပြဘူးလား . . ."

မောရစ်က ခပ်ပြတ်ပြတ်မေးလိုက်သည်။

"ဟင့်အင်း . . . ဘာတစ်ခုမှ ပြောမပြဘူး"

"အင်း . . . ဟုတ်ပါပြီ၊ ဒါဆိုရင်တော့ ကျွန်မထင်တဲ့ အတိုင်းဖြစ်နေပါပြီ" ဆေလ်ဗီယာက မဲ့ကာရွဲ့ကာဖြင့်ပြောသည်။ "ဧကန္တတော့ အဲဒီကောင်မဟာ လမ်းပေါ်က



www.burmeseclassic.com

www.burmeseclassic.com



. . လမ်းပေါ်က” သည်မျှနှင့် စကားရပ်သွားသည်။ သို့သော်လည်း လေသကိုထောက်ပြီး ဆေလ်ဗီယာက “မိန်းမပျက်”ဟု စကားဆက်လိုမှန်း အားလုံးပင် ခန့်မှန်းမိကြသည်။

“တစ်ခါမှတောင်မမြင်ဖူးသေးတဲ့ လူတစ်ယောက်ကို ဒီလောက်ထိတော့ ချိုးချိုးနှိမ်နှိမ် မပြောသင့်ပါဘူး မမဆေလ်ဗီယာရယ်”ဟု ဒီဘိုရာက ကန့်ကွက်သည်။

“ဘုရားရေ . . . မမြင်ဘူးသေးတဲ့ လူတစ်ယောက်တဲ့လား၊ ညည်းက ဒီလောက်တော့ အသိဉာဏ် ရှိပါသေးတယ် ဒီဘိုရာ၊ လူကို မမြင်ဖူးပေမယ့် ဘယ်လိုအစားထဲက ဖြစ်မယ်ဆိုတာ ကြည့်ရင် ပြေးကြည့်သလို သိဖို့ကောင်းပါတယ်”

“ကျွန်မကတော့ မြင်ရမှ ဆုံးဖြတ်ချက် ချနိုင်မှာပဲ”

“ကဲ ဒါဆိုလည်း ညည်းသဘောပါပဲ၊ ဒါပေမယ့် တို့မောင်ရှဘင်က ဂျိုစလင်ကို အရှာဖောက်ပြီး စွန့်ပစ်သွားတာကိုတော့ မေ့ပစ်လို့မရဘူးနော်၊ ဒီအချက်ကိုတော့ ဘယ်နည်းနဲ့ ဖြစ်ဖြစ် ဘယ့်တော့မှ ခွင့်မလွှတ်နိုင်ဘူးပဲ” မာတီလ်ဒါက ဒေါသသံပါပါဖြင့် ပြန်ပြောလိုက်သည်။

ဆေလ်ဗီယာက ကြားဝင်ပြီး . . .

“အဲဒါ အကောင်ဆုံးစကားပဲ” ဟု ထောက်ခံလိုက်သည်။

“ဒါနဲ့ မေမေကလည်း တစ်ခွန်းမျှ ဝင်မပြောပါလား မေမေ” ဟုဖိလစ်က မိခင်ဖြစ်သူအား မေးလိုက် သည်။

“နားထောင်တာပဲ ကောင်းပါတယ်သားရယ်၊ သူများပြောတာနားထောင်တော့ ပညာရ တာပေါ့ ”

“ဒါပေမယ့် ကိုယ့် ထင်မြင်ချက်ကိုတော့ တင်ပြသင့်တာပေါ့မေမေ ”

မစ္စက်ဆာရာဟက်သည် ထိုင်ရာမှ ထကာ ခင်ပွန်းဖြစ်သူအနီးသို့ လျှောက်သွားရင်း. . .

“မေမေ့ထင်မြင်ချက် ပြောရရင်တော့ သားတို့ ဖေဖေနဲ့ တစ်သဘောတည်းပဲကွဲ့၊ ကဲ. . . ကဲ ညနေစာအဆင်သင့်ဖြစ်နေပြီ၊ အားလုံးသွားစားလိုက်ကြရအောင်”

ဝ

ဆင်သမီး၏ အိမ်တွင်လည်း ဖခင်ဖြစ်သူ မစ္စတာဟယ်ရီဆက်ဆွန်မှာ ယမ်းပုံမီးကျသလို အကြီး အကျယ် ဒေါမာန်ထလျှက်ရှိလေသည်။

သူက ရှဘင်ဟက်အားပက်ပင်းတွေ့လျှင်နေရာတွင် ပွဲချင်းပြီးသတ်ပစ်မည်ဟု ကြိမ်းတည်းကြိမ်းနေသည်။ ရှဘင်လို သစ္စာဖောက် လူယုတ်တစ်ယောက်ကို ပစ်သတ်၍ သူ့အား ဘယ်တရားရုံးကမှ ပြစ်ဒဏ်ပေးမည်မဟုတ်ဟု သူကဆိုသည်။ အကယ်၍ ရှဘင်ကို မသတ်ရလျှင်လည်း ဟက်မိသားစုအားလုံး လူတောသူတောထဲ မဝင်နိုင်အောင် သိက္ခာချရမည်။ အခန်လူမှုရေးအသိုင်းအဝိုင်းထဲမှ ဝိုင်းပယ်ပစ်ရမည်။ မိမိတို့ မိသားစုတစ်ခုလုံး အရှက်တကွဲ အကျိုးနည်းဖြစ်ရသလို ဟက်မိသားစုလည်း တစ်သက်လုံး မျက်နှာမဖော်နိုင်အောင် တန်ပြန် အရှက်ခွဲစားချေရမည်။ လူမှုကျင့်ဝတ် ဖောက်ဖျက်မှုဖြင့် တရားစွဲရမည်။

မစ္စက်အယ်နီဆက်ဆွန်မှာလည်း သမီးဖြစ်သူအတွက် ရင်နင့်အောင် ခံစားနေရသည်ပင်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ သို့ပေမယ့် ဒေါသစိတ်ကြောင့် သူမ၏ ခင်ပွန်းသည် နှလုံးရောဂါ ပြန်ပေါ်လာမည်ကို အလွန်စိုးရိမ်ရသောကြောင့် ခင်ပွန်းသည်အား ထိန်းထိန်းသိမ်းသိမ်းလုပ်ရန် တောင်းပန်နေရသည်။ မစ္စတာဆက်ဆွန်သည် လွန်ခဲ့ သော နှစ်နှစ်ခန့်ကလည်း တစ်ကြိမ် နှလုံးရောဂါ ဖြစ်ခဲ့ဖူးသည်။

"အေးအေးသက်သာ ထိုင်ပါဦး အဖေကြီးရယ်၊ ကျွန်မ တောင်းပန်ပါတယ်။ ဒီကိစ္စမျိုးမှာ ဒီလိုဒေါသတကြီး လုပ်လို့ အကျိုးမရှိပါဘူး"

"မင်းပဲတွေးကြည့်စမ်းပါလားကွ၊ ဘာအပြစ်မှ မရှိတဲ့ ငါ့သမီးကို ဂျူဇလင်က လူတောထဲ မတိုးဝံ့တော့တာနဲ့ နိုင်ငံခြားထွက်သွားရမယ်ဆိုတာ တရားသတဲ့လား၊ ဟင်း. . . ငါဖြင့် တွေးမိတိုင်း လုံးဝမကျေနိုင်ဘူးကွ၊ ဒီခွေးမသား လူယုတ်မာ"

အဘိုးကြီးသည် ပြောရင်း ရင်ဘတ်ကို လက်ဝါးနှင့်အုပ်ကာ စကားရပ်သွားသည်။ မစ္စက်ဆက်ဆွန်က ပျာပျာသလဲဖြင့် ဖန်ခွက်တွင်ဘရန်ဒီလောင်းထည့်ကာ ဖန်ခွက်ကို ခင်ပွန်းသည်၏ ပါးစပ်ဝသို့ တေ့ပေးလိုက် သည်။

"ကဲ. . . ဒါကလေး သောက်ချလိုက်ပါဦး အဖေကြီးရယ်. . ." အဘိုးကြီးက အရက်တစ်ကျိုက်သောက်ချလိုက်သည်။ သူ့မျက်နှာတွင်ဒေါသရိပ်များ ပြေပျောက်သွားသည်။ ဇနီးသည်ကဆက်ပြောသည်။ "အဖေကြီးဆိုဖာပေါ် ခဏထိုင်နေလိုက်ပါဦးနော်" သူမကခင်ပွန်းသည်အားဖေးမပြီး ဆိုဖာပေါ်ထိုင်ခိုင်းသည်။ "ပြီးပြီးသားတွေ ပြန်တွေးမနေပါနဲ့တော့ အဖေကြီးရယ်၊ သမီးကို နိုင်ငံခြားသုံးလေးလလောက် ခေါ်သွားလိုက်ရင် အားလုံးအဆင်ပြေသွားမှာပါ၊ သမီးက ငယ်ရွယ်သူဖြစ်ပေမယ့်စိတ်ဓာတ်ပြင်းတဲ့ကလေးပါ၊ ဒီလောက်တော့ ကောင်းကောင်းခံနိုင်ရည် ရှိပါတယ်။ ဘာမှပူစရာမလိုပါဘူး"

"မင်းပြောသလို မဟုတ်ပါဘူးအယ်နီ၊ ဒီအဖြစ်က တစ်သက်နာလန် မထူနိုင်တဲ့ အဖြစ်မျိုးပါ၊ သမီးအနေနဲ့ တစ်သက်လုံး ဖြေဖျောက်လို့မရနိုင်တဲ့ အဖြစ်မျိုးပါ"

"ဒါတော့ ကျွန်မလက်မခံဘူး အဖေကြီး၊ အချိန်သာအဓိကပါ၊ အချိန်ကြာလာတာနဲ့အမျှ သမီးအဖို့လည်း တဖြည်းဖြည်း ဖြေသာသွားမှာ သေချာပါတယ်။ သမီးက တည်ငြိမ်ပါတယ်၊ အားရှိပါတယ်၊ ကျွန်မက သမီးအတွက်ထက် အဖေကြီးအတွက်ပဲ ပိုအရေးကြီးတယ်၊ ပိုပြီး စိုးရိမ်မိတယ်၊ အဖေကြီးက သိပ်ပြီးနေကောင်း တာမဟုတ်ဘူး၊ ကိုယ့်ကိုယ်ကိုယ် ကျန်းမာအောင်နေပါ အဖေကြီးရယ်၊ ကျွန်မတို့ သားအမိ နှစ်ယောက်အတွက် အဖေကြီးဟာ အချိန်မရွေးလိုအပ်ပါတယ်၊ ကျွန်မစကားကို နားထောင်ပါနော် . . . အဖေကြီး၊ နားထောင်ပါ နော်"

"ကောင်းပြီလေ. . . အခုတော့ မင်းစကား ငါနားထောင်ပါမယ်၊ ဒါပေမယ့် ကလဲ့စားတော့ ပြန်မချေလို့ လုံးဝမဖြစ်ဘူး။ ဖြစ်တဲ့နည်းနဲ့ ချေကိုချေရမယ်၊ ချေရမယ်ကွ"

"ကဲ. . . ဟုတ်ပြီလေ၊ ဒီကိစ္စက ဖြည်းဖြည်းစဉ်းစားရမယ့် ကိစ္စပါ။ ကျွန်မတို့ နိုင်ငံခြားက ပြန်ရောက်တော့မှ အေးအေးဆေးဆေး နည်းလမ်းရှာပြီး လုပ်ကြတာပေါ့ ဟုတ်လား၊ ကဲ. . . ဒီတော့ ကျွန်မ အပေါ်တက်ပြီး ပစ္စည်းတွေအဆင်သင့်ဖြစ်မဖြစ်ကြည့်လိုက်ဦးမယ်၊ အချိန်ကသိပ်မရှိ တော့ဘူး၊ ၉ နာရီရထားနဲ့ ဒိုဗာဆိပ်ကမ်းကို အမီလိုက်ရမှာ"



www.burmeseclassic.com

www.burmeseclassic.com

# [ ၇ ]

၄ ခုနှစ် ဇွန်လ ၂၇ -ရက်။

ရှူဘင်သည် ဝိတိုရိယဘူတာအတွင်းမှ စကြံပေါ်တွင် ခေါက်တုံ့ခေါက်ပြန်လျှောက်ရင်း န်တွေ မြန်မြန်ကုန်ပါစေဟုဆုတောင်းနေမိသည်။

ရထားအလာကို စောင့်နေရသည်မှာ ရင်မောလှသဖြင့် အာရုံအပြောင်းအလဲ သဘောဖြင့် ရီလက်တံကိုကြည့်ကာ စိတ်ထဲမှရေတွက်နေမိသည်။ ဆယ်စက္ကန့်၊ ကိုးစက္ကန့်၊ ရှစ်စက္ကန့် တ်ဆုံးတော့ ရထားဝင် လာသံ ကြားလိုက်ရသည်။

သူ့ရင်သည် တဖျပ်ဖျပ်ခုန်နေသည်။

စက်ရှိန်သတ်၍ ရထားရပ်သွားပြီ။

မာဂဒါ၏ မျက်နှာကို လှမ်းမြင်လိုက်ရသည်။

နှစ်ယောက်သား လက်နှစ်ဘက်ကိုဖြန့်ကာ တူရူပြေးလာကြပြီး တစ်ယောက်ကို ယောက် တင်းကျပ်စွာပွေ့ဖက်လိုက်ကြသည်။

သူက သူမ၏မေးစေ့ကို လက်နှစ်ဘက်ဖြင့်မကာ မျက်နှာကိုရှုန်းရှုန်းစားစား မော်ကြည့် သည်။

မာဂဒါမှ မာဂဒါအစစ်။ သူ့ဘဝကို အပြောင်းလဲကြီးပြောင်းလဲစေခဲ့သောမာဂဒါ။ တ်ပိုင်းတွင် ဘာပဲဖြစ်လာဖြစ်လာ လောလောဆယ်တွင် သူမနှင့်အတူ ရှေ့လည်တွဲ၍ ဝင်ရလျှင် သေပျော်ပါပြီဟု ဆုံးဖြတ်ချက်ချလိုက်ရအောင် သူ့ဘဝကို ဖမ်းစားခဲ့သော . . .။



www.burmeseclassic.com

www.burmeseclassic.com



ချစ်သူနှစ်ဦးတို့က တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ကာမခွဲနိုင်မခွာရက်နှင့် အကြည်ဆိုက်နေ ကြချိန်တွင်. . .

ဂျိုစလင်တို့ သားမိသားဖ သုံးယောက်ကလည်း ဒိုဗာသို့ထွက်ခွာမည့် ရထားပေါ်တွင် ရောက်ရှိနေကြသည်။

ရထားတွဲထဲတွင် ပူအိုက်သလိုရှိသဖြင့် မစ္စတာဆက်ဆွန်သည် ပြတင်းပေါက်ကို ဖွင့်ကာ အသက်ပြင်းပြင်း ရှူရှိုက်လိုက်သည်။

စကြံတစ်နေရာသို့ လှမ်းကြည့်မိသောအခါတွင်ကား. . .

**အလို. . . ဘုရား. . . ဘုရား. . . ဟောဟိုမှာကောင်မတစ်ကောင်နဲ့ ပွေ့ဖက်ပြီး ရပ်နေတာ. . . ခွေးမသား ရှုဘင်မဟုတ်လား. . .။**

**ခုနေအခါ သေနတ်သာပါလာရင် ဘယ်လောက်ကောင်းလိုက်မလဲ၊ ခွေးတိရစ္ဆာန်ကောင် တစ်ခါတည်းပွဲချင်းပြီးသေပေရော့ပဲ. . .** ဟုတွေးရင်း သူကအကြံဳအိတ်ထဲမှ မျက်မှန်ကို စမ်းလိုက်သည်။

သို့ပေမယ့် မျက်မှန်တပ်ပြီး အပြင်သို့လှမ်းကြည့်လိုက်သော အချိန်တွင်ကား ရှုဘင်နှင့် မာဂဒါတို့မှာ ထိုနေရာမှထွက်ခွာသွားကြပြီး ဖြစ်လေသည်။ သူတို့ရပ်နေခဲ့ကြသောနေရာ တွင်တစ်ခြားချစ်သူ စုံတွဲတစ်စုံကိုသာ ရပ်လျှက်တွေ့ရတော့သည်။

မစ္စတာဆက်ဆွန်သည် စိတ်ပျက်လက်ပျက်ဖြင့် ကုလားထိုင်တွင် ခြေပစ်လက်ပစ် ထိုင်ချ လိုက်သည်။ သူ့လက်နှစ်ဖက်ကိုလည်း ရင်ဘတ်ပေါ်တွင် ဖိထားသည်။

သူ စိတ်မှ မှန်ပါသေးရဲ့လား။ လူငယ်လူရွယ်မြင်တိုင်း သူ့စိတ်ထဲတွင် ရှုဘင်ဟုထင် ထင်မှတ် နေတော့သည်တကား။

ဟိုတယ်အခန်းစောင့်လူငယ် ပြန်ထွက်သွားသောအခါ ရှုဘင်က မေးလိုက်သည်။

"ဆုံးစမထင်တဲ့ အချိန်ကာလဆိုတာ ဘာလဲ. . . ဟင်"

"မောင်နဲ့ ခွဲခွာနေရတဲ့အချိန်ကာလပေါ့ . . . မောင်ရယ်"

မာဂဒါက နွဲ့နွဲ့ကလေး ပြန်ပြောလိုက်သည်။

ရှုဘင်က ရှမ်ပိန်အရက်ပုလင်းကိုဖွင့်ပြီး ဖန်ခွက်နှစ်ခွက်ထဲသို့ လောင်းထည့်သည်။ ပြီးတော့ ဖန်ခွက်ကို အပေါ်သို့ ကိုင်မြှောက်လျှက် . . .

"ကဲ. . . မောင့်အချစ်ကလေးအတွက် ရာသက်ပန်ရိုးမြေကျ ပေါင်းသင်းကြရပါ စေသားလို့. . . အို. . . အချစ်ရယ်၊ ကိုယ့်ကို တကယ်ချစ်ရဲ့လားကွယ်"

"သြော် မောင်ရယ်၊ မောင့်ကို အသည်းထဲ အူထဲက တကယ်ပဲ ချစ်ပါတယ်ကွယ်" မာဂါဒါက ဖန်ခွက်ကို မြှောက်လိုက်သည်။

"ကဲ. . . မောင်နဲ့ကျွန်မတို့အတွက် အနာဂတ်မှာ ပန်းခင်းတဲ့လမ်းကို လျှောက်ရ ပါစေသားလို့"



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် အရက်တစ်ကျိုက်စီ သောက်လိုက်ကြပြီး တစ်ယောက်ကို တစ်ယောက် ...ကျစ်ပါအောင် ဖက်ထားလိုက်ကြသည်။

မာဂဒ္ဒါက ရှာဘင်၏ နားရွက်ကို နမ်းရှုပ်ရင်း. . .

"ဒါနဲ့. . . မောင်ရယ်၊ ကျွန်မ မသိလို့ မေးပါရစေ၊ မောင်က လန်ဒန်မှာပဲ ဘာဖြစ်လို့ ...နေခဲ့ရတာလဲဟင်၊ ပါရီမှာဆိုရင် ကျွန်မတို့ဘဝ ပိုပြီးမလွတ်လပ်ဘူးလား မောင်ရယ်"

"ဟုတ်တော့ဟုတ်ပါတယ်ကွယ်. . . ဒါပေမယ့် ကိုယ်တော့ဘာမျှ ပြန်မပြောတတ်တော့ဘူး ...ဒါ ကိုယ့်စိတ်ထဲမှာ ဘာကိုမျှ ရေရေရာရာမခွဲခြားတတ်သလိုပဲ၊ ကိုယ်ဟာ အကြောင်းကြောင်း ...တွေ့ပြီး ကြောက်နေမိသလိုပဲကွယ်"

"ကျွန်မကြောင့်လား. . . ဟင်"

"အို. . . မဟုတ်ပါဘူး၊ မဟုတ်ပါဘူး၊ မင်းကြောင့်မဟုတ်ပါဘူး"

"ဒါဖြင့်မောင်က မောင်တို့ အင်္ဂလိပ်လူမျိုးတွေရဲ့ ရိုးရာအစဉ်အလာကို ဆန့်ကျင်မိလို့ ...ကြောက် နေတာဖြစ်မှာပေါ့"

"ဟုတ်တယ်၊ အဲဒါဖြစ်နိုင်တယ်၊ ဒါပေမယ့် ဒါထက်လဲ ပိုပါတယ်. . . မာဂဒါ၊ ...ယ်တော့ အဖြစ်ကရှင်းရှင်းကလေးပါလေ၊ ကိုယ်ဟာ ကနေ့ကစပြီး မိဘအိမ်က ထွက်ပြေး ...ပြီး ကိုယ်တစ်သက်လုံး ဒီလိုပဲ တစ်ပြေးတည်းပြေးနေရတော့မှာပဲထင်ပါရဲ့"

"ဒါပေမယ့် ဆိုးရွားတဲ့အခြေအနေက လွတ်မြောက်ဖို့အတွက် ထွက်ပြေးလာခဲ့တာပဲ ...လားမောင်၊ အနာဂတ်ခရီးမှာလည်း ဆိုးရွားတဲ့အခြေအနေနဲ့ ရင်ဆိုင်ရဦးမယ်လို့. . . ...ထင်သလားဟင်"

"ရင်ဆိုင်ရပေမယ့် မောင်မကြောက်ပါဘူး အချစ်ရယ်"

"တကယ်တော့ မောင်ဟာ ကိုယ့်ကိုယ်ကို ဒဏ်ခတ်ဖို့ကြိုးစားနေတဲ့ လူတစ်ယောက်လို ...နေပြီ မောင်ရယ်၊ အပြစ်ကင်းစင်တဲ့၊ ဂုဏ်သိက္ခာကြီးမားတဲ့မောင့် မိသားစုကို . . ."

ရှာဘင်က နောက်ထပ် ဆက်လက်မကြားချင်တော့သဖြင့် မာဂဒါ၏ ပါးစပ်ကို သူ့ပါးစပ်ဖြင့် ...လိုက် သည်။

ထိုနောက်တွင်တော့ ချစ်သူနှစ်ယောက်တို့သည် အိမ်မက်ကမ္ဘာထဲသို့ လွင့်မျောပါသွားကြ ...သည်။

...စာ အများကြိုက်သတင်းကြီးသည် နောက်တစ်နေ့မနက်ထုတ်သတင်းစာများတွင် ဝေဝေ ...ဆာ ပါရှိလာသည်။

*'ဆက်ဆွန်မိသားစုမှ အမွေစားအမွေခံ သတို့သမီကလေးအား ခင်ပွန်းလောင်းက ...ဆောင် အခမ်းအနားတွင် စွန့်ပစ်သွားခြင်း. . .'*

ဤသတင်းခေါင်းစဉ်နှင့်အတူ ဂျိုစလင်နှင့် ရှာဘင်တို့၏ ဓာတ်ပုံများကိုလည်း အသားပေး၍ ... ...နားဖော်ပြထားသည်။



www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာဆောင်ခန်းမထဲသို့ ဂျိုစလင်ဝင်လာပုံ၊ သူမမူးလဲသွား၍ ကားနှင့်အတင်းခေါ်သွား ထို့ပြင် မေဖဲယားကလပ်တွင် ဝေလမင်းသားနှင့် ဂျိုစလင်တို့ တွဲကနေပုံ၊ ပြီးတော့ အောက် တက္ကသိုလ်ကျောင်းသားဘဝတုန်းက ရှုဘင်၏ ဓာတ်ပုံများ၊ ဘွဲ့နှင်းသဘင်တွင် ဘွဲ့ယူနေပုံ၊ ရပ်(ဂ်) ဘောလုံးအသင်းတွင် ဂိုးဖမ်းနေပုံ၊ တက္ကသိုလ်လှေလှော်ရွက်တိုက်အသင်းတွင် ခေါင်းဆောင်အဖြ နှင့် ပြိုင်ပွဲဝင်နေပုံများ။

လန်ဒန်သူ လန်ဒန်သားတွေက ဒီလိုသတင်းမျိုးဆိုလျှင် အသည်းစွဲကြိုက်ကြသည်။

သို့သော်လည်း တစ်နေ့တည်းတွင် ဩစတြီယ အိမ်ရှေ့မင်းသား ဖရန်စစ်ဖာဒီနန် ကြင်ယာတော်တို့အား ဆားဗီးယားအမျိုးသားတစ်ဦးက လုပ်ကြံသတ်ဖြတ်သော သတင်းလည်းပါ သောကြောင့် ရှုဘင်နှင့် ဂျိုစလင်တို့၏သတင်းမှာ ပေါ်လွင်သင့်သလောက် မပေါ်လွင်ဘဲရှိသည်

မာဂဒါသည် အိပ်ရာထဲတွင် ကော်ဖီသောက်နေရင်းမှ သတင်းစာ စာမျက်နှာ နှစ် အမှတ်မထင်လှန်ကြည့်လိုက်ရာ မမျှော်လင့်ဘဲတွေ့လိုက်ရသော သတင်းခေါင်းစဉ်ကြော မျက်လုံးပြူးသွားမိသည်။

အပယ်ခံ သတို့သမီးနှင့် မိဘများသည် စိတ်ပြေလက်ပျောက်သဘောဖြင့် ဥရောပ ခရီးထွက်သွားကြပြီးဖြစ်ကြောင်း ဖတ်ရှုရသောအခါ မာဂဒါမှာ သူမ၏ အောင်ပွဲအတွ အတိုင်းမသိ ဝမ်းသာခြင်းဖြစ်မိ သည်။

အပြင်ဘက်မှ တံခါးခေါက်သံ ရုတ်တရက် ပေါ်ထွက်လာသည်။ မာဂဒါက ဖတ်လ သတင်းစာကို ကမန်းကတန်းပြန်ပိတ်လိုက်သည်။ ရှုဘင် အခန်းထဲသို့ဝင်လာသည်။ မာဂဒါ ဘေးတွင်ဝင်ထိုင်သည်။ သူကရတနာကြုတ်ကလေးတစ်ခုကမ်းပေးသည်။ ရွှေလက်စွပ်ကလေ နှစ်ကွင်း . . . ။ ယနေ့မနက်တွင်ပင် ရှုဘင် မြို့ထဲထွက်၍ ဝယ်လာခဲ့ခြင်းဖြစ်သည်။

"ကိုယ် ရဟူဒီဓမ္မဆရာနဲ့ တွေ့ခဲ့ပြီးပြီ၊ သူဒီနေ့ပဲ ကိုယ်တို့ကို လက်ထပ်ပေးလိမ့်မယ်"

"အိုမောင်ရယ် . . . ကျွန်မတော့ လုံးဝမယုံနိုင်လောက်အောင်ပါပဲကွယ်၊ ကျွန်မတော့ ဒီတစ်သက် ဘယ်သူ့ကိုမှ မချစ်နိုင်တော့ဘူးလို့ တစ်ခါတုန်းက ကျွန်မပြောခဲ့ဖူးတယ်။ အဲဒီတုန်း မောင်ပြန်ပြောခဲ့တဲ့ စကား မှတ်မိသေးလားဟင်"

"ကောင်းကောင်းမှတ်မိတာပေါ့၊ "မင်းကအချစ်စစ်အချစ်မှန်နဲ့ အချစ်မခံရသေးလို့" . . . လို့ ကိုယ်က ပြန်ပြောခဲ့တယ်မဟုတ်လား"

"ဟုတ်ပါတယ်၊ အဲဒီတုန်းက မောင့်စကားကို ကျွန်မ မယုံခဲ့ဘူး၊ အခုတော့ အသည်း အောင်ယုံပါပြီ မောင်ရယ်၊ မောင့်ကို သိပ်ချစ်တယ်ကွယ်။ မောင် တစ်သက်လုံး စိတ်ချမ်းသာအော ကျွန်မအစွမ်းကုန် ကြိုးစားပါ့မယ် မောင်ရယ်"

"လောလောဆယ်ပဲ လုံလောက်နေပါပြီ အချစ်ရယ်"

မာဂဒါ၏မျက်နှာ မသိမသာညှိုးသွားသည်။ သည်တစ်ကြိမ်တွင်တော့ သူမအတွက်ကြော မဟုတ်၊ ရှုဘင့်အတွက်ကြောင့်သာဖြစ်သည်။

စိတ်ထဲက ကျိတ်ပြီး သန္နိဋ္ဌာန်တစ်ခုကို အလေးအနက်ချမှတ်လိုက်သည်။

ဘာမှမပူပါနဲ့ မောင်ရယ်၊ မောင့်ကို မောင့်မိဘဆွေမျိုးတွေ ခွင့်လွှတ်လာအောင် ကျွ



www.burmeseclassic.com

www.burmeseclassic.com





လန်ဒန်မြို့တော် အရှေ့စွန်းမှ ဟောင်းနွမ်းပျက်စီးနေသော ရဟူဒီဓမ္မရိပ်သာကလေး။

မာဂဒါအဖို့ စိတ်ထဲတွင် ဘယ်လိုမှ ခံစားရခြင်း မဖြစ်မိ။ ထူးထူးခြားခြားရှိလှသည်ဟုလည်း လုံးဝ မထင်မိ။

ယနေ့သည် အနှစ်နှစ်အလလကပင် သူမရင်ထဲတွင် ကျိတ်ကာ ပြင်းပြင်းပြပြ တောင်းတနေခဲ့ရ သော မင်္ဂလာနေ့ထူးနေ့မြတ်။ သို့ပေမယ့် စိတ်ကူးနှင့် လက်တွေ့ဘဝကတော့ တစ်ခြားစီပင်။ ဘယ်လိုမှ ခန်းနားမြိုင်ဆိုင်ခြင်းမရှိ။

သူမမျှော်လင့်ထားခဲ့သလို မင်္ဂလာခန်းမဆောင်ထဲတွင် ပန်းမျိုးစုံ ဝေဆာဖုံးလွှမ်း၍မနေ။ ခုံတန်းလျား များတွင် ဧည့်ပရိသတ်တွေ အစီအရီ ထိုင်နေခြင်းလည်းမရှိ။

မုတ်ဆိတ်ကျင်စွယ် ထူလပျစ်နှင့် ရဟူဒီဓမ္မဆရာ၏ စိတ်ဝင်စားစရာမကောင်းသော မင်္ဂလာဩဘာစာ ရွတ်ဆိုသံကိုသာ နားမထောင်ချင်ဘဲလျက် ငြိမ်သက်စွာနားထောင်နေရသည်။ သူမသည် ဓမ္မဆရာ၏ ရွတ်ဆိုသံ ကိုလည်း တစ်လုံးတစ်ပါဒမျှ နားလည်သည်ဟု မထင်မိ။

သို့ပေမယ့် မင်္ဂလာ အခမ်းအနားအတွက် အကောင်းဆုံး အဝတ်အစားများဖြင့် အစွမ်းကုန် အလှပြင် လာရသည့်အတွက်တော့ သူမကိုသူမ ကျေနပ်အားရခြင်း ဖြစ်မိလေသည်။ ငါဟာဒီနေ့ ဒီအချိန်ကစပြီး လူကုံထံ ပုဂ္ဂိုလ်လေးတစ်ယောက်နှင့် လက်ထပ်လိုက်ပြီ။ ငါကိုယ်တိုင်လည်း ဒီနေ့ ဒီအချိန်ကစပြီး ဂုဏ်သရေရှိ အမျိုးသမီးတစ်ယောက် ဖြစ်လာခဲ့ပြီ ဟူ၍လည်း မိမိကိုယ်မိမိ ဂုဏ်တင်အားတက်မိလေသည်။

သူမသည်ရှယ်နယ် ဖက်ရှင်တိုက်ထွက် အပြာရောင်ကတ္တီပါဖျော့ဝတ်စုံကို ကြော့ကြော့ မော့မော့ ဝတ်ဆင်ထားသည်။ အလှပြင်မွမ်းမံမထားသော ဆံပင်ပေါ်တွင်မူ သတို့သမီးဆောင်း အရုဖူဦးထုပ်ကို ရွှရွှကလေးတင်ထားသည်။ သူမ၏ ရွှန်းလဲ့လဲ့မျက်လုံး ဝိုင်းကြီးများမှာ အသားနုမျက်နှာဖုံးပါးပါးလေးကို ထိုးဖောက်လျှက် တလက်လက်တောက်ပနေကြသည်။ လက်ထဲတွင်တော့ ရှုဘင်ပေးသော ဝိုင်အိုလက်ပန်းစည်းနှင့် အနက်ရောင် သိုးမွေးလက်အိတ်ကို ကိုင်ထားသည်။

သတို့သားနှင့် သတို့သမီးတို့သည် အကြင်လင်မယားအဖြစ် ရာသက်ပန် ရိုးမြေကျ ပေါင်းသင်းသွား ကြပါမည်ဟု သစ္စာပြုကြပြီးနောက် မင်္ဂလာလက်စွပ်ချင်းလဲကြသည်။ ထို့နောက် ဓမ္မဆရာက ဆုတောင်းမေတ္တာ ပို့သပြီးသောအခါ မင်္ဂလာအခမ်းအနား ပြီးဆုံးသွားတော့သည်။

ဟိုတယ်အိပ်ခန်းထဲ၌ ဖန်ပန်းအိုးများတွင် ပန်းမျိုးစုံဖြင့် ဝေဆာလျက်ရှိသည်။ တစ်ခန်းလုံး ပန်းရနံ့များဖြင့် သင်းကြိုင်ထုံမွှေးနေသည်။ ဖရောင်းတိုင် မီးရောင်များက ဖန်သားမှန်သားများ ပေါ်တွင် ရောင်ပြန်ဟပ်ကာ မျက်စိပသာဒ ရှုမဝနိုင်အောင် အလှတိုးစေသည်။

သည်ဘဝ၊ သည်အခြေအနေကို မာဂဒါက များစွာပင် ကျေနပ်နှစ်သိမ့်မိလေသည်။

သူမသည် ရှုဘင်နှင့် မျက်နှာချင်းဆိုင်ထိုင်ကာ ပျော်တပြုံးပြုံးနှင့် မော်မဆုံးဖြစ်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘာပြောပြော သူမသည် ယနေ့မှစ၍ မစ္စက်ရှုဘင်ဟက်အဖြစ်ဖြင့် အိမ်ထောင်ရှင်မ ဘဝသို့ ရောက်လာခဲ့ပြီး မဟုတ်ပါလား။

စာပွဲထိုးဝင်လာပြီး ငါးဥကြော်နှင့် ရှမ်ပိန်အရက်ပုလင်းကို စာပွဲတွင် လာချပေးသည်။ ငါးဥကြော်က မာဂဒါအကြိုက်ဆုံးဟင်းလျာ၊ ရှမ်းပိန်အရက်ကလည်း အကောင်းစား။

ဒီနေ့ညစာစားပွဲသည်သာ သူမအဖို့ တစ်သက်တာတွင်စား၍ အမြိန်ဆုံး။

စာပွဲထိုးက သုံးထပ်ဆင့် မင်္ဂလာကိတ်မုန့်ပွဲကို ယူလာသည်။ ကိတ်မုန့်မျက်နှာပြင်တွင် နှင်းဆီပန်းပုံများ ဖော်ထားသည်။ အပေါ်တွင်ဖန်သားတိုင်စိုက်၍ တပ်ဆင်ထားသော ငွေဆည်းလည်း ကလေးနှစ်လုံးလည်းပါရှိသည်။ ကိတ်မုန့်နှင့် ဆက်သွယ်ထားသော အဖြူရောင်ဖဲပြားလေးကို မာဂဒါက ဆွဲလှုပ်လိုက်သည်။ ဆည်းလည်းသံသည် သာယာတိုးညင်းစွာထွက်ပေါ်လာသည်။

ရှုဘင်က မုန့်လှီးဓားကို မာဂဒါ၏လက်ထဲသို့ ထည့်ပေးလိုက်သည်။ ထိုနောက် အပေါ်က သူ့လက်ကို အုပ်လျက် ကိတ်မုန့်ကြီး၏ ပထမအလွှာကို နှစ်ယောက်သား တစ်ပြိုင်တည်း လှီးဖြတ်လိုက်ကြသည်။

ဤသို့ဖြင့် သူတို့နှစ်ယောက်၏ ဘဝသစ်သည် စတင်ခဲ့လေသည်။

နံနက်လေးနာရီတွင် ရှုဘင်အိပ်ရာမှ နိုးလာသည်။

ပွင့်နေသောပြတင်းပေါက်မှ အပြင်ဘက်သို့ လှမ်းကြည့်လိုက်သည်။ အပြင်ဘက်တွင် သဲကြီးမဲကြီး မိုးရွာနေသည်။ အရာခပ်သိမ်းတို့သည် မိုးရေဖြင့် ရွှဲရွှဲစိုနေကြသည်။

ခုတင်ပေါ်မှ ဆင်းကာ ပြတင်းပေါက်ကို သွားပိတ်လိုက်သည်။ ခုတင်ပေါ်ပြန်တက်ကာ ပက်လက်လှဲ ရင်း အတွေးနယ်ချဲ့နေမိသည်။

ငါ့ဘဝမှာလည်း မိုးနဲ့လေနဲ့ချည်း အမြဲတမ်းရင်ဆိုင်နေရတာပါကလား။ ပါရီက ထွက်လာတဲ့နေ့ကလည်း မိုးတွေရွာနေတယ်။ အိမ်ရောက်တော့လည်း မိုးတွေရွာလို့။ လက်ထပ်တဲ့နေ့ မှာလည်း မိုးကတစ်ဖွဲဖွဲ ကဲ . . . ဒီနေ့ဟန်းနီးမွန်းထွက်မယ့်နေကျတော့လဲ မိုးကသဲသဲမဲမဲ၊ ဒါဟာ အနာဂတ်မှာ ဖြစ်လာမယ့် အတိတ် နိမိတ်များလား. . . ။

အဲဒီလိုတွေးနေရာမှ မိဘများကို သွား၍သတိရမိပြန်သည်။

ဖေဖေ. . . မေမေ။ သားကြောင့် ဖေဖေ၊ မေမေတို့ အများကြီး စိတ်မချမ်းသာ ဖြစ်နေရတယ်ဆိုတာ သားသိပါတယ်။ သားကို ခွင့်လွှတ်ပါ. . . ဖေဖေ။ သားတောင်းပန်ပါတယ် . . . မေမေ သားကြောင့် တစ်အိမ်လုံး စိတ်ညစ်နေကြပြီ။ အထူးသဖြင့် သားကို အချစ်ဆုံးဖြစ်တဲ့ လီယွန်. . . ။ လီယွန်လည်း သားကြောင့်စိတ်ညစ်နေရပြီ၊ ညီလေးကို မုန်းမသွားပါနဲ့ . . . အစ်ကိုရယ်။ အလျှင်လိုပဲ ညီလေးအပေါ်မှာ နားလည်စွာနဲ့ ခွင့်လွှတ်ပါ. . . အစ်ကို၊ သနားစရာအကောင်းဆုံးကတော့ ဂျိုစလင်ပါပဲ. . . ။ ဂျိုစလင်ရေ. . ဖြစ်သမျှအကြောင်း အကောင်းချည်းလို့သာ မှတ်ပါတော့ကွယ်။ ဪ. . . မာဂဒါ. . . မာဂဒါ မင်းကလေးကြောင့် ငါ့ဘဝပြောင်းလဲခဲ့ရပြီကွယ်။ ငါ့ကို အမြဲတမ်း ချစ်ပါ အချစ်ရယ်။ အခုဆိုရင် ဒီဘဝမှာ မင်းနဲ့ ငါနဲ့ နှစ်ယောက်ပဲ ကျန်ပါတော့တယ်ကွယ်။



www.burmeseclassic.com

www.burmeseclassic.com



နောက်ထပ်ငါးရက်တိုင်တိုင် မိုးကြီးရွာသည်။ လေပြင်းတိုက်သည်။ မာဂဒါမှာ အပြင်မထွက်ရ၍ စိတ်ညစ်ညစ်ဖြင့် အားအားရှိတိုင်း အဝတ်အစားချည်း လဲနေတော့သည်။ ဟိုတယ်စားသောက်ခန်းသို့ဆင်းပြီး မနက်စာစားလိုက်၊ နေလည်စာစားလိုက်၊ ညစာစားလိုက်နှင့်သာ အချိန်ကို မကုန်ကုန်အောင် တမင်ဖြုန်းနေရသည်။

ကြာတော့လည်း ငြီးငွေ့လာမိသည်။ အိပ်လိုက်စားလိုက်နှင့် တစ်နေ့တာဘဝသည် ဘာမှ ထူးခြားပြောင်းလဲမှုမရှိဖြစ်နေသည်။ တစ်နေ့တာအချိန်ကာလသည်လည်း ကုန်ပဲကုန်လွန်းလှပေသည်။

ပိုဆိုးသည်ကား သူတို့လင်မယားက ဘယ်သူနှင့်မျှလည်း အသိအကျွမ်းမလုပ်။ သူတို့ကိုလည်း ဘယ်သူကမျှ လာ၍မိတ်မဖွဲ့ကြ။

သို့သော် ဟိုတယ်တွင် လာရောက်စားသောက်ကြသူ တော်တော်များများကတော့ သူတို့ကို သိနေကြပုံရသည်။

မနေ့ညက စားသောက်ခန်းထဲတွင် လော့ဒ်ပင်ဘရွတ်တို့ လင်မယားနှင့် သွားတိုးရာမှ စိတ်မချမ်းသာစရာ ဖြစ်ရပ်တစ်ခု ပေါ်ပေါက်ခဲ့သေးသည်။ ထို့ကြောင့်လည်း ဒီနေ့ညတွင် စားသောက်ခန်း မဆင်းတော့ဟု ဆုံးဖြတ်ထားသည်။

စားသောက်ခန်းထဲတွင် သူတို့လင်မယား ညစာစားနေကြတုန်း လော့ဒ်ပင်ဘရွတ်နှင့် လေဒီပါမယ်လာပင်ဘရွတ်တို့ သူတို့စားပွဲအနီးက ဖြတ်လျှောက်လာစဉ် ရှဘင်က ထိုင်ရာမှထရပ်၍ နှုတ်ဆက်သည်။ လော့ဒ်ပင်ဘရွတ်က နှုတ်ဆက်မည်လုပ်တော့ သူ့ဇနီးက လင်တော်မောင်ကြီး၏ လက်မောင်းကို လက်နှင့်အသာပုတ်ပြီး "ကဲပါ လာစမ်းပါ . . . ချားလ်ရဲ့၊ ဟိုမှာ ကျွန်မတို့အဖွဲ့က အမျှော်မျှော်နဲ့ ဖြစ်နေကြရော့မယ်" ဟုပြောကာ ဆက်လျှောက်သွားကြသည်။ လေဒီပါမယ်လာ ဆိုလျှင် သူတို့လင်မယားအား အထင်သေးသည့် အမူအရာဖြင့် မျက်စောင်းပင် ထိုးကြည့်သွားသေးသည်။

အဖြစ်က သည်တွင်မကသေး၊ လော့ဒ်ပင်ဘရွတ်တို့ လင်မယား သူတို့အနားက ဖြတ်လျှောက်သွားပြီး မကြာမီမှာပင် စားပွဲတိုင်းမှ လူတွေက သူတို့လင်မယားဘက်သို့ မကြာခဏစောင်းစောင်း ကြည့်ပြီး တိုးတိုး တိုးတိုးဖြင့် အတင်းပြောနေကြတော့သည်။ စားသောက်ခန်းမှ သူတို့လင်မယား ပြန်ထွက်လာသော အချိန်တွင်ကား လူတိုင်းလိုလိုပင် သူတို့အား စားတော့မလိုတော့မလို မျက်နှာပေးဖြင့် စူးစူးဝါးဝါး လိုက်ကြည့်ကြသည်။

သည်အဖြစ်ကို ပြန်တွေးမိတော့ မာဂဒါက ဒေါသလည်း တော်တော် ထွက်မိသည်။ ရှက်လည်း တော်တော်ရှက်မိသည်။

မာဂဒါသည် ပြတင်းပေါက်တွင် ရပ်နေရာမှ ခုတင်ဆီသို့ ပြန်လျှောက်လာခဲ့သည်။

ကိုယ့်ကို လူရာမသွင်းတဲ့ အဲဒီ ပင်ဘရွတ်လင်မယားကိုများ ပါးလျှက် နားလျှက် သွားလုပ်ပစ်ချင် အဲ့ပါရဲ့။ ရှက်စရာကောင်းလိုက်တာ။ ကိုယ့်ပါးစပ်ကိုယ် ဓားနဲ့လှီးပစ်လိုက်ဖို့တောင်



www.burmeseclassic.com

www.burmeseclassic.com



ကောင်းတယ်။

ရှုဘင်က ဘာမှမဖြစ်သလို ဧည့်ခန်းမှာ ထိုင်ကာ အေးအေးလူလူ စာဖတ်နေတာ မြင်လိုက်ရတော့ မာဂဒါက ပိုပြီးဒေါသထွက်မိရပြန်သည်။ သို့ပေမယ့် သူမတွင် ဓမ္မတာလာချိန်မို့ ခါတိုင်းလို စိတ်ကို ဇက်လွှတ် မပေးဘဲ သတိဖြင့်ပြန်ထိန်းထားလိုက်ရသည်။

ခဏကြာတော့ ရှုဘင် အိပ်ခန်းထဲပြန်ဝင်လာသည်။

"ဟင်. . . မျက်နှာလည်းမကောင်းပါလား ဒါလင်၊ ဘာဖြစ်လို့လဲဟင်၊ နေကောင်းရဲ့လားဟင်"

ရှုဘင်က ပျာပျာသလဲ မေးသည်။

မာဂဒါက ဒေါသပေါက်ကွဲလုမတတ် ဖြစ်သွားပြီးမှ သံမှန်ဖြင့် ခပ်မာမာ ပြန်ပြောလိုက်သည်။

"ဘာမှမဖြစ်ပါဘူး၊ သွားစမ်းပါ။ ကျွန်မအနားမလာပါနဲ့၊ ကိုယ့်ဘာသာကိုယ် အေးအေးဆေးဆေးနေပါရစေ"

ရှုဘင်က သူမ၏လက်ကို အသာအယာ လှမ်းကိုင်လိုက်သည်။ မာဂဒါက အကိုင်မခံဘဲ အသာပုတ် ထုတ်လိုက်ပြီး မျက်နှာတစ်ဘက် လှည့်သွားသည်။

ရှုဘင်တော်တော် စိတ်မကောင်း ဖြစ်သွားသည်။ သူက လေသံအေးအေးဖြင့် တောင်းပန်စကားဆိုသည်။

"မာဂဒါ. . . ကိုယ်စိတ်မကောင်းပါဘူး၊ ရာသီဥတုကလည်း မင်းသိတဲ့အတိုင်းပဲ မဟုတ်လား၊ မိုးက ဆက်တိုက်ရွာနေတော့ ကိုယ်လည်း ဘာလုပ်တတ်တော့မှာလဲ၊ အခုလို အခန်းထဲမှာ ကုပ်နေရတာကို မင်းတော်တော် စိတ်ညစ်နေမှန်း ကိုယ်သိပါတယ်"

သူမက ရှုဘင့်မျက်နှာကို ဆက်ကနဲ ပြန်လှည့်ကြည့်လိုက်ပြီး. . . .

"ကျွန်မလိုချင်တာ တစ်ခုပဲရှိတယ်၊ အဲဒါက တခြားမဟုတ်ဘူး၊ ဒီအခန်းထဲမှာ ဆက်မနေချင်တော့ဘူး၊ လုံးဝမနေချင်တော့ဘူး"

"ငါ့ကို ဒီစကားမျိုး မပြောစမ်းပါနဲ့ကွ၊ ရာသီဥတုကို ငါ ဖန်တီးလို့ရတာမဟုတ်ဘူး"

"ဒါနဲ့ ရှင်ပြောတော့ ဇွန်လမှာ ဘရိုက်တန်မှာ အခုလိုဘယ်တော့မှ မိုးမရွာဘူးဆို"

"အို. . . တယ်ခက်ပါလား၊ မာဂဒါ၊ တော်တော်အပြောရကျပ်တဲ့ မိန်းမပဲ၊ ကလေး မဆန်စမ်းပါနဲ့ကွာ၊ မင်းလိုချင်တာ မှန်သမျှ ငါရအောင် လုပ်ပေးခဲ့တာ မင်းအသိပဲ မဟုတ်လား နောက်ထပ် ငါဘာလုပ်ပေးရဦး မှာလဲကွ၊ ပြောစမ်းပါဦး၊ ကဲ. . . ကွာ၊ ရှည်ပါတယ်၊ မင်းဘာသာမင်းကြိုက်သလိုသာနေပါ။ ငါလဲ အောက်မှာပဲ သွားနေတော့မယ်"

ရှုဘင် ရှုံ့ရှုံ့ရှဲ့ရှဲ့နှင့် ပြန်ထွက်သွားသည်။ မာဂဒါက ကမန်းအတန်း လိုက်ခေါ်သည်။

"မောင်. . . နေပါဦး. . . မောင်ရဲ့. . . မောင်. . . "

ရှုဘင်ကလှည့်၍ပင် မကြည့်ခဲ့တော့။

ယခုတော့. . . ဒေါသစိတ်နေရာတွင် နောင်တစိတ်ဝင်လာခဲ့ပြီ။

တကယ်တော့ ငါဟာ ဇာတိစိတ် မပျောက်သေးဘူး။ အရာရာမှာ စိတ်တိုဖို့ခဲ



www.burmeseclassic.com

www.burmeseclassic.com



စဉ်းစားနေတယ်၊ ဒီစိတ် ကိုထိန်းရမယ်၊ ဂုဏ်သရေရှိ အမျိုးသမီးတစ်ယောက် ဖြစ်လာဖို့ဆိုတာ အဖိုးတန်ဝတ်ကောင်းစားလှ ဝတ်ထား ရုံနဲ့ မပြီးသေးဘူး၊ စိတ်ဓာတ်ရင့်ကျက်ဖို့ကအဓိက၊ ရှုဘင်တော့ ငါ့ကိုမုန်းသွားပြီးထင်ပါရဲ့၊ ငါကလည်း ကလေးဆိုးကြီးလို ဆိုးကိုဆိုးလွန်းပါတယ်၊ ရှုဘင်ရယ် ကျွန်မကို မမုန်းပါနဲ့ကွယ်၊ သည်းခံပါမောင်ရယ်၊ အရာရာမှာ မောင့်အကြိုက် ဖြစ်လာအောင် ကျွန်မအစွမ်းကုန် ကြိုးစားပါမယ့် မောင်ရယ်၊

ထိုအချိန်တွင် ရှုဘင်မှာလည်း အရက်ခန်းထဲတွင် ဝီစကီခွက်ကို တမျှင်းမျှင်းဆွဲသောက်ရင်း စဉ်းစားခန်းဝင်နေသည်။

ငါတော်တော်ဒေါသကြီးသွားတယ်၊ မာဂဒါခများတော့ တော်တော် စိတ်မကောင်း ဖြစ်နေရှာတော့မှာပဲ၊ တကယ်တော့ သူ့အမှားမဟုတ်ပါဘူး၊ သူကငယ်သေးတော့ ကလေးစိတ်မှ မပျောက်သေးတာ၊ ဒီလိုပဲနဲ့ဆိုး ဆိုးတာ ကလေးသဘာဝပဲ မဟုတ်လား၊ အမှန်က ငါ့အနေနဲ့ သည်းခံရမယ်၊ ခွင့်လွှတ်ရမယ်၊ သူ့ဘဝကို မြှင့်တင်ရမယ်၊ သူ့ကို ချစ်ရမယ်၊ သူကတစ်ခါ တစ်ခါ ဒေါသကြီးပြီး စိတ်တောက်တတ်တယ်၊ အဲဒါသူ့စရိုက်ပဲ၊ ငါကလည်း သူနဲ့တွေ့စက ဒီစရိုက်လေးချစ်မိလို့ပဲ အခုလို လင်မယားဘဝတောင် ရောက်လာခဲ့ပြီ မဟုတ် လား၊

ထိုင်ရာမှ ဆက်ကနဲထလျှက် အိပ်ခန်းသို့ပြန်တက်လာခဲ့သည်။ အခန်းတံခါးဖွင့်လိုက်တော့ မာဂဒါက သူ့ရင်ခွင်ထဲ ပြေးဝင်ဖက်ထားလိုက်သည်။ သူ့တစ်ကိုယ်လုံးအနှံ့ ထပ်တလဲလဲ နမ်းရှုပ်နေသည်။ ပါးပြင်နှစ်ဖက် တွင်လည်း မျက်ရည်တွေ ရွှဲရွှဲစိုလို့ ။

"ကျွန်မကို ခွင့်လွှတ်ပါမောင်၊ ကျွန်မတောင်းပန်ပါတယ်။ ကျွန်မကလေး ဆန်ဆန် စိတ်ကောက်မိတာ ကျွန်မသတိရပါပြီ၊ ကျွန်မကို . . ."

ရှုဘင်က သူမ၏ ပါးစပ်ကို လက်ဝါးဖြင့် အုပ်ထားလိုက်သည်။ ပြီးတော့ဆံပင်ကို အသာအယာ ပွတ်သပ်ရင်း. . . ."

"ဒီစကားတွေမပြောပါနဲ့တော့ကွယ်၊ ပြောစရာလည်း မလိုအပ်ပါဘူး၊ မင်းစိတ်ချမ်းသာရုံပဲရှိမှာပဲ၊ အမှန်က မင်းအပြစ်မဟုတ်ပါဘူး၊ ကိုယ့်အပြစ်ပါ၊ ကိုယ်စိတ်တိုသွားတာ ကိုယ့်အမှားပဲ၊ ကဲ. . ကဲ. . ဝမ်းနည်းမနေနဲ့တော့၊ ဒီမျက်ရည်တွေ သုတ်ပစ်လိုက်ပါဦး၊ မနက်ဖြန်ဆိုရင် ကိုယ်တို့ဒီမှာ မနေတော့ဘူးမာဂဒါ၊ မနက်ဖြန် ဒီနေရာက ပြောင်းကြတော့မယ်။"

"ဒါဆိုရင် မောင်က ကျွန်မကို စိတ်မဆိုးဘူးပေါ့နော်"

"ကပ်သီးကပ်သတ်၊ ဟောဒီ ကိုယ့်ဇနီး အသစ်စက်စက်ကလေးကို ဘယ့်နှယ်လုပ်ပြီး စိတ်ဆိုးနိုင်ပါ့ မလဲကွယ်. . ."

"ကျေးဇူးတင်ပါတယ် မောင်ရယ်၊ မောင့်မေတ္တာကို ယုံပါပြီကွယ်၊ ကျွန်မကလည်း မောင့်ကို ဘယ်တော့မှ ချစ်မြတ်နိုးပါတယ်မောင်ရယ်. . . ."

သူမက လင်တော်မောင်၏ ရင်ခွင်ထဲ ခေါင်းဝင်ခွေလိုက်သည်။ ရှုဘင်က သူမ ကိုယ်လုံးကို သိမ်းကြုံးပွေ့ယူလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့ နံနက်ကျတော့ နှစ်ယောက်သား နံနက်စာစားပွဲတွင် ထိုင်ကာ "ကြည်" နေကြသည်။ မာဂဒါက တာဝန်ကျေသော အိမ်ထောင်ရှင်မကောင်း ပီသစွာဖြင့် လင်တော်မောင်အား တယုတယ ပြုစုသည်။

ရှာဘင်၏ ပန်ကန်းထဲသို့ ကြက်ဥခွဲ၍ ထည့်ပေးသည်။ မီးကင်ပေါင်မုန့်ကို ထောပတ် သုတ်ပေးသည်။ ငါးဟင်းကို အရိုးထွင်ပေးသည်။ ဒီနေ့ မာဂဒါက တော်တော်ပဲ စိတ်ရွှင်လန်း နေသည်။

"ဩော်. . . ဒါနဲ့. . . မောင်. . .၊ ကျွန်မတို့ ဒီကပြောင်းသွားပြီးတဲ့နောက် ဘယ်မှာသွားနေမလဲဟင်"

"လန်ဒန်မြို့ထဲ လိုက်ကြည့်ကြဦးမယ်၊ ပြီးတော့မှ ဆုံးဖြတ်ကြတာပေါ့"

"ကျွန်မကတော့ ဘယ်နေရာကောင်းမယ်ဆိုတာ မရွေးတတ်ဘူး. . . မောင်. . ."

"နောက်မြင်ရတော့ ရွေးတတ်ပါလိမ့်မယ်"

"ဒါပေမယ့် . . . မောင်၊ . . . ကျွန်မတော့ ဒုက္ခပဲ၊ မောင်တို့ အင်္ဂလိပ်စကား ပြောရတာ သိပ်ပြီး ခက်တာပဲ၊ ကြိုးစားပြောပေမယ့် ဘယ်လိုမှ မပြောတတ်အောင်ပဲ "

"ထင်သလောက်မခက်ပါဘူးကွာ၊ မင်းကမပြောတတ်ယောင်ဆောင်နေလို့ မပြော တတ်တာပါ။"

မာဂဒါက ပြုံးလိုက်သည်။

"အိုး . . . မောင်ကကျွန်မ ဟန်ဆောင်နေတယ်လို့ ထင်တယ်ပေါ့လေ . . ."

"ဟုတ်တယ်"

"အံမယ်. . . မောင်က ကျွန်မအကြောင်း သိပ်ကို သိနေပါရောလား"

"သိပ်မသိသေးပါဘူး"

"ဘာလို့ မသိရမှာလဲ၊ သိလို့ပဲ အခုပြောနေပြီပဲ. . . မဟုတ်လား"

"မဟုတ်ပါဘူး၊ တကယ်မသိသေးပါဘူး၊ မင်းက တော်တော်အသိရခက်တဲ့ မိန်းမတစ်ယောက်ပါ။ မင်းအကြောင်း ငါသိစရာတွေ အများကြီး ကျန်နေပါသေးတယ်"

"မောင် ပြောသလို မဟုတ်ပါဘူး၊ ကျွန်မက သိရခက်တဲ့ မိန်းမတစ်ယောက် မဟုတ်ပါဘူး ကျွန်မက ဖြောင့်သမားပါ။ စိတ်ဆိုးရင်လည်း ဒီအတိုင်းပဲ၊ ပျော်နေရင်လည်း ဒီအတိုင်းပဲ။ အဲဒါ ကျွန်မသဘာဝပဲ။ ဒါပေမယ့် . . . မစိုးရိမ်ပါနဲ့။ ကျွန်မချို့ယွင်းချက်တွေကို တဖြည်းဖြည်း ပြုပြင်သွားပါမယ်၊ ကျွန်မကတိပေးပါ တယ်၊ ဒါထက်ကျွန်မတို့ အိမ်ပြောင်းပြီးရင် မောင်ဘာအလုပ် လုပ်မလဲ. . . ဟင်"

"ငါပန်းချီဆွဲဖို့ ကြိုးစားကြည့်မယ်လို့ စိတ်ကူးထားထယ်။ ဒါပေမယ့် . . . လန်ဒန်မှာငါ့ အလုပ်မဖြစ်ဘူး၊ ငါဆွဲတဲ့ကားတွေ ဘယ်သူမှဝယ်မှာမဟုတ်ဘူး၊ ဒါပေမယ့်. . . ကိစ္စမရှိပါဘူး တခြားနေရာတွေ အများကြီး ရှိပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"လန်ဒန်မှာ ဘာဖြစ်လို့လဲ"

"ဘာဖြစ်လို့လဲ ဆိုတော့ . . . ကိုယ်က နာမည်ကျော်သူဌေးသမီးတစ်ယောက်ကို စွန့်ပစ်ပြီး အညတရ ကချည်သည်မလေးကို ယူထားတဲ့ အကောင်ပဲ၊ လန်ဒန်အသိုင်းအဝိုင်းက ကိုယ့်ကိုဘယ့်တော့မှ ခွင့်လွှတ်နိုင်ကြ မှာမဟုတ်ဘူး"

မာဂဒါက သက်ပြင်းတစ်ချက်ရှိုက်လိုက်ပြီး လေအေးအေးနှင့် ပြန်ပြောသည်။

"ကျွန်မစိတ်မကောင်းပါဘူး . . . မောင်"

"စိတ်မကောင်းမဖြစ်ပါနဲ့ . . . ကိစ္စမရှိပါဘူး. . . ငါ့ကိုယ်ငါ ယုံကြည်မှုရှိပါတယ်"

"ဒါနဲ့ မောင့်မိဘဆွေမျိုးတွေ ကိစ္စရော ဘယ်လိုဖြေရှင်းမလဲ. . . ဟင်၊ မောင် အသက်လုံး စိတ် မကောင်း ဖြစ်နေတော့မှာပေါ့"

"မဖြစ်ပါဘူး၊ မင်းကို လက်ထပ်ယူလိုက်တဲ့အတွက် ငါအနေနဲ့ လုံးဝနောင်တမရပါဘူး"

"သူတို့က မောင့်အပေါ်မှာ ခွင့်လွှတ်နိုင်ကြလိမ့်မယ်လို့ ထင်သလား"

"အဲဒါတော့ မပြောတတ်ဘူး၊ ဒါပေမယ့် ကိုယ့်အနေနဲ့ သိုးဖြူတွေအထဲက သိုးမည်းလေး တစ်ကောင်ဘဝကို အမြဲတမ်းရောက်သွားတော့မှာ သေချာတယ်"

"ကျွန်မ အတွက်ကြောင့်လား"

"ကိုယ့်အတွက်ကြောင့်ပါ။ အင်္ဂလိပ်လူမျိုးတွေက လင်မယားသစ္စာဖောက်တာကို သိပ်ပြီး ...ထားကြဘူး၊ သမိုင်းကို ပြန်ကြည့်ရင် အဲဒီဇာတ်လမ်းမျိုးတွေ တစ်ပုံကြီးတွေ့နိုင်တယ်၊ ...ကတော့. . . ဘာပြစ်မှုပဲ ကျူးလွန်ကျူးလွန် လူမသိအောင် လျှို့ဝှက်ထားနိုင်ရင် ဘာမှ ...ဘူး၊ အဲ . . . ဒါပေမယ့် လူသိရှင်ကြား ပေါက်ကြားသွားရင်တော့လား. . . တံတွေးခွက် ...ပြောပြီသာမှတ်တော့၊ အားလုံးက ဝိုင်းပြီးဒဏ်ခတ်ကြတော့တာပဲ၊ အဲဒါဟာ အင်္ဂလိပ် ...တွေရဲ့ စရိုက်၊ ဒါပေမယ့် . . . ဘယ်လိုပဲဖြစ်ဖြစ် ဘာမျှပူစရာမရှိပါဘူးကွာ၊ ငါ့ဘဝကို ငါ ...ကြည်နဲ့ ကောင်းကောင်းရပ်တည်နိုင်ပါတယ်။ တို့လင်မယား ငတ်လည်းမငတ်နိုင်ဘူး။ ငါ့မှာ ...လိုက်တုန်းက စုထားတဲ့ ပိုက်ဆံ နည်းနည်းပါးပါး ကျန်ပါသေးတယ်၊ ပြီးတော့ . . . ...အဘွားတွေက တို့ညီအစ်ကိုလေးယောက်ကို ခွဲပေးတဲ့ အမွေတွေလည်းရှိသေးတာပဲ. . . "

"ရှင်အခုလို ရေသုံးသလို သုံးနေတာတောင် အဲဒီပိုက်ဆံတွေ မကုန်သေးဘူးလား၊ ...လောက်များ ကျန်သေးလို့လဲ"

"အင်္ဂလိပ်ပေါင်စတာလင်ငွေ ငါးသောင်းလောက်တော့ ကျန်ပါသေးတယ်"

"အဲဒါပြင်သစ်ဖရန့်ငွေနဲ့ ဆိုရင်ဘယ်လောက်ရှိမလဲဟင်"

"တစ်သန်းနဲ့ နှစ်သိန်းခွဲလောက် ရှိတယ်"

"အမယ်လေး . . . နည်းတဲ့ပိုက်ဆံတွေ မဟုတ်ပါလား၊ . . . မောင်၊ အများကြီးပဲနော်"

"လောကမှာ ပိုက်ဆံများဖို့ မလိုပါဘူး မာဂဒါ။ အချစ်များဖို့သာ အရေးကြီးပါတယ်။ ...ငါ အများကြီးချစ်သလို မင်းကလည်း ငါ့ကို အများကြီး ချစ်ဖို့ပဲ အရေးကြီးပါတယ်"

"စိတ်ချပါမောင်ရယ်၊ မောင့်ကို ကျွန်မ ဟောဒီလောက် ဟောဒီလောက် ...ကြီး. . . အများကြီး . . . အို. . . အဟင့်. . . အဟင့် ကြည့်စမ်းပါဦး၊ ဒီလူကြီးက



www.burmeseclassic.com

www.burmeseclassic.com



ကဲကိုကဲ. . . သိပ်ကဲ. . . သိပ်ကဲ"

ရှဘင်က ကောင်တာတွင် ပိုက်ဆံရှင်းနေစဉ် မာဂဒါက ရပ်စောင့်နေသည်။ ထို့နောက် ရှဘင်အပြင်ထွက်ပြီး ကားသွားကြည့်သည်။ မာဂဒါက ဧည့်ခန်းမထဲလျှောက်ပြီး နောက်မှ လိုက်သွားသည်။

သူမဆီသို့တန်းတန်းမတ်မတ် လေဒီပါမယ်လာပင်ဘရွတ် လျှောက်လာသည်ကို ရုတ်တရက် တွေ့လိုက်ရသည်။ မာဂဒါက မျက်လုံးမှေးပြီး ဂရုမစိုက်သည့် အမူအရာဖြင့်ကြည့်နေသည်။ **ဒီမိန်းမကြီးကို ပြန်ပြီးကလဲ့စား ချေလိုက်ဦးမှပဲ ။ အိုမကောင်းပါဘူးလေ၊ သိပ်ပြီးရိုင်းစိုင်းရာကျနေဦးမယ်၊ ဂုဏ်သိက္ခာရှိတဲ့ အမျိုးသမီးဆိုတာ ယဉ်ကျေးရမယ်၊**

သို့ဖြင့် သူမက ယဉ်ကျေးစွာပင် ပြုံးပြလိုက်သည်။ စိတ်ထဲကတော့ ကျိတ်ပြီး တွေးနေမိသည်။

**ငါက သာမန်မိန်းမမှ မဟုတ်တော့တာပဲ၊ မစ္စက်ရှဘင်ဟတ်ဖြစ်နေပြီပဲ၊ ကျုပ်ကို အထင်မသေးပါနဲ့ နယ်စားကတော်ကြီးရယ်၊ တစ်နေ့ကျတော့ ကျုပ်အကြောင်း လန်ဒန်တစ်မြို့လုံးက နားစွင့်ရတဲ့အချိန် ရောက်လာပါလိမ့်မယ်၊ စောင့်သာကြည့်နေပါ။**

မာဂဒါက ရင်ကိုကော့ပြီး မျက်နှာကိုမော့ရင်း ရပ်ထားသောကားဆီသို့ ခပ်တည်တည်ဖြင့်လျှောက်လာခဲ့သည်။

ကားထဲတွင် နေသားတကျထိုင်ချလိုက်ပြီးတော့ အပြာရောင် လည်စည်းပုဝါလေးကို စတိုင်ကျကျ ပြန်၍စည်းလိုက်သည်။

"ကဲ. . . မောင် အဆင်သင့် ဖြစ်ပြီလား ၊ ဖြစ်ရင်အိမ်ကိုပဲ တန်းပြန်မယ်၊ ထွက်တော့"

နှစ်ယောက်သား တစ်မြို့လုံးအနှံ့ လျှောက်ကြည့်ပြီး အိမ်ခန်းလိုက်ရှာသည်။ နောက်ဆုံးတွင် ဝင်ပိုလ်လမ်းထဲ၌ တိုက်ခန်းတစ်ခန်းရသည်။ အခန်းက သပ်သပ်ရပ်ရပ်နှင့် ကျယ်လည်း တော်တော်ကျယ်သည်၊ သူတို့လင်မယား နှစ်ယောက်အတွက်ဆိုလျှင် ကျယ်ပင်ကျယ်လွန်းနေသည်။

အိမ်ခန်းရပြီးနောက် အိမ်ထောင်ပရိဘောဂနှင့် အခြားလိုအပ်သော အိမ်သုံးပစ္စည်းတွေ တနင့်တပိုး ကြီး လိုက်ဝယ်ကြသည်။

ဟိုတယ်ပြန်ရောက်တော့ မာဂဒါမှာ ခြေကုန်လက်ပန်းကျနေသည်။

သို့ဖြင့် ကမန်းကတန်းအဝတ်အစားလဲပြီး ရေနွေးရေချိုးဇလားကြီးထဲ စိမ်ပြေနပြေ ဆင်းစိမ်လိုက် သည်။ ရေချိုးပြီးသောအခါ ညနေစာကို အခန်းထဲမှာပင် မှာစားကြသည်။

ညစာစားပြီးနောက် မာဂဒါက ခုတင်ပေါ်၌ လှဲရင်း အိမ်အလှပြင် မဂ္ဂဇင်းတစ်စောင်ကို လှန်ဖတ် နေသည်။

ရှဘင်က ဧည့်ခန်းတွင်ထိုင်ကာ ညနေထုတ်သတင်းစာတွေကို တစ်စောင်ပြီးတစ်စောင် စိတ်ဝင်စားစွာဖြင့် ဖတ်ရှုနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဥရောပနိုင်ငံရေးအခြေအနေမှာ တစ်နေ့ထက်တစ်နေ့ ဆိုးရွားလာနေပြီ။ ရှုဘင်က ဒီနေ့ရက်စွဲကို မှတ်မှတ်ရရ သတိထားလိုက်မိသည်။ တော်တော်ထူးဆန်းသည်။ တိုက်ပဲ တိုက်ဆိုင်လွန်းတော့သည်။

သည်နေ့မှစ၍ နောက်ပြန်ရေတွက်လျှင် လွန်ခဲ့သော တစ်လပြည့်မြောက်သည့်နေ့က သူတို့ နှစ်ယောက် လက်ထပ်ခဲ့ကြသည်။ ထိုနေ့တွင်ပင်လျှင် ဆားဗီးယားနိုင်ငံ ဆာရာဂျီဗိုမြို့တွင် ဩစတြီးယားအိမ်ရှေ့စံမင်းသား ဖရန်စစ်ဖာဒီနန်နှင့် ၎င်း၏ကြင်ယာတော်တို့ လုပ်ကြံသတ်ဖြတ်ခြင်းခံခဲ့ရသည်။ ယင်းဖြစ်ရပ်နှစ်ခု တစ်နေ့တည်းတွင် တိုက်တိုက်ဆိုင်ဆိုင် ပေါ်ပေါက်ခဲ့ခြင်းကို တွေးမိပြီး ရှုဘင်၏ စိတ်ထဲတွင် အမည်မဖော်တတ်သော ခံစားမှုတစ်မျိုးကို ခံစားလိုက်ရသည်။

ယနေ့နံနက်တွင်မူ ဩစတြီးယနိုင်ငံက ဆားဗီးယားနိုင်ငံအား စစ်ကြေငြာလိုက်ပြီဖြစ်သည်။ ဖာဒီနန်မင်းသားမှာ ဩစတြီးယ-ဟန်ဂေရီ အင်ပိုင်ယာ၏ ထီးမွေနန်းမွေခံ ဘုရင်လောင်းလျာ ဖြစ်သည်။ သို့သော် . . . ဤလုပ်ကြံမှုကို ထိပ်သီးနိုင်ငံကြီးများက ရေးကြီးခွင်ကျယ်မလုပ်ဘဲ အေးဆိုင်းဆိုင်းပင် အကဲခတ်စောင့်ကြည့်နေကြသည်။ ၎င်းတို့က ဤပြဿနာကို ပြည်တွင်းရေး ကိစ္စမျှသာဖြစ်သည်ဟု သဘောထားသည်။ သည်ပြဿနာကြောင့် အမှိုက်ကစ ပြာသာဒ် မီးလောင်ကိန်း ဆိုက်လာလိမ့်မည်ဟု လုံးဝ မယူဆခဲ့ကြ။

စင်စစ် သည်အရေးအခင်းမှာ သာမန်ပြည်တွင်းရေးပြဿနာတစ်ရပ်မျှသာ မဟုတ်တော့ဘဲ နိုင်ငံတကာ အရေးခင်းကြီး တစ်ရပ်ပင်ဖြစ်သည်။

ထို့ကြောင့်လည်း အင်္ဂလန်ပြည်ရှင် ပဉ္စမမြောက် ဂျော့ဘုရင်က ဝမ်းနည်းခြင်း အထိမ်းအမှတ်အဖြစ် ရက်သတ္တတစ်ပတ်တိတိ သတ်မှတ်ရန် အမိန့်ထုတ်ပြန်လိုက်ခြင်းဖြစ်သည်။ ရုရှားသို့ရှင် ဒုတိယမြောက်နီကိုလပ်ဇာဘုရင်ကမူ ၁၂-ရက်တိတိသတ်မှတ်လိုက်သည်။ အမေရိကန် သမ္မတဝုဒရောဝီလဆင်ကတော့ ဝမ်းနည်းကြောင်းသဝဏ်လွှာကို သံကြိုးဖြင့် ချက်ချင်းပေးပို့ လိုက်သည်။

ဆားဗီးယားအစိုးရက လုပ်ကြံသတ်ဖြတ်မှုတွင် ပါဝင်ပတ်သက်နေသူများအား ဖမ်းဆီး အရေးယူရန် အမြန်ဆုံး စုံစမ်းထောက်လှမ်းမှုပြုလုပ်သည်။ သို့သော်မည်သူမည်ဝါတွေ ပါဝင်နေကြောင်း အတိအကျမသိရှိရဘဲ ဆားဗီးယားနိုင်ငံတွင် “ လက်မဲကြိုး” အမည်ဖြင့် အကြမ်းဖက် အုပ်စုကြီး တစ်ခု ရှိနေကြောင်းကိုသာ ထောက်လှမ်းသိရှိကြရသည်။

ဩစတြီးယနိုင်ငံက အထူးသံတမန် ဖရက်ဒရစ်ဗွန်ဝိုက်စနာအား ဆာရာဂျီဗိုမြို့သို့ စေလွှတ်၍ အခြေအနေကို စုံစမ်းစေသည်။ သူစုံစမ်းသိရှိရသည်မှာ (မှန်သလား-မှားသလား ကိုတော့ မည်သည်ကိုကား အတိအကျမပြောနိုင်) လုပ်ကြံမှုတွင် ဆားဗီးယားအစိုးရကိုယ်တိုင် ပါဝင်နေ သည်ဟုဆိုသည်။

ဤအရေးအခင်းသည် ဘော်လကန်နိုင်ငံများ၏ နောက်ထပ်ပြဿနာတစ်ရပ် ဖြစ်သည်။ ယင်းပြဿနာတွင် ဥရောပနိုင်ငံအများစုက သိသိသာသာပါဝင်လာခြင်းမရှိဘဲ ခပ်မဆိတ်ပင် နေကြသည်။ ယခုကဲ့သို့ မီးခဲပြာဖုံးအခြေအနေသည် ၁၉၁၂ ခုနှစ်မှစ၍ ပေါ်ပေါက်နေခဲ့သည်။ ... တစ်စုံတရာမရှိဘဲ တည်ငြိမ်လျက်ပင် ရှိနေခဲ့သည်။ သို့သော် ဩစတြီးယနှင့် ဆားဗီးယား



www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံတို့ အကြားတွင်ကား အခြေအနေသည် တစ်နေ့ထက်တစ်နေ့ တင်းမာလာ လျက်ရှိသည်။

သို့သော် ဤပြဿနာသည် တစ်နေ့နေ့တွင် ပေါက်ကွဲလာမည့် အဖြစ်ကို ခန့်မှန်းမိသဖြင့် ဆားဗီးယားနိုင်ငံက ဩစတြီယနိုင်ငံအား နှစ်သိမ့်သောသဘောဖြင့် နိုင်ငံတွင်း၌ လူစုလူဝေးနှင့် ရုပ်ရှင်၊ ပြဇာတ်၊ ကပွဲ စသော ပွဲလမ်းသဘင်များ မပြုလုပ်ရန်ပိတ်ပင်လိုက်သည်။ သို့ရာတွင် ဩစတြီယနိုင်ငံအား ဆန့်ကျင်တိုက်ခိုက် ရေးသားနေသော သတင်းစာများကိုမူ မည်သို့မျှ အရေးယူ တားမြစ်ခြင်း မပြုဘဲ လွှတ်ပေးထားသည်။ ဩစတြီယသတင်းစာများကလည်း ဆားဗီးယားနိုင်ငံအား အပြင်းအထန် တိုက်ခိုက်ရေးသားကြသည်။

ဇူလိုင်လ ၁၉ ရက်နေ့တွင် ဩစတြီယ အစိုးရအဖွဲ့က လျှို့ဝှက်စွာ အစည်းအဝေး ပြုလုပ်ပြီးနောက် ဆားဗီးယားနိုင်ငံအား အကျပ်ကိုင်ရန် ဆုံးဖြတ်လိုက်သည်။ ယင်းဆုံးဖြတ်ချက်အရ ဩစတြီယနိုင်ငံကို ဆန့် ကျင်တိုက်ခိုက်နေသော အင်အားစုများအား ဆားဗီးယားအစိုးရက တရားဝင် လူသိရှင်ကြားရှုတ်ချရန်၊ ယင်းအင်အားစုများကို အားပေးအားမြှောက်ပြုလုပ်နေသူများအား ထိရောက်စွာ အရေးယူရန်နှင့် ယင်းအင်အားစုများ အား နှိမ်နင်းနိုင်ရေးအတွက် ဆားဗီးယားနိုင်ငံသို့ လာရောက်၍ စုံစမ်းထောက်လှမ်းမှု ပြုလုပ်ကြမည့်ဩစတြီယ စုံထောက်များအား အကူအညီ ပြည့်ပြည့်ဝဝပေးရန် တောင်းဆိုလိုက်သည်။ ဤတောင်းဆိုချက်ကို (၄၈)နာရီ အတွင်း ပြန်ကြားရန် လည်း အချိန်ကန့်သတ်ချက်ပေးလိုက်သည်။

ဤတွင် ဆားဗီးယားအစိုးရသည် သွေးရူးသွေးတန်းဖြစ်ကာ ရုရှနိုင်ငံ ဇာဘုရင်ထံတွင် အကူအညီတောင်းခံရာ ဩစတြီယနိုင်ငံက ဆားဗီးယားနိုင်ငံကို တိုက်ခိုက်လာလျှင် ဆားဗီးယားအား ရုရှနိုင်ငံက ချက်ချင်း အကူအညီပေးမည်ဟု ဇာဘုရင်ထံမှ ကတိစကားရရှိခဲ့သည်။

တစ်ချိန်တည်းတွင် ဩစတြီယနိုင်ငံကလည်း ဂျာမနီနိုင်ငံ ကိုင်ဇာဘုရင်ထံသို့ လျှို့ဝှက် သဝဏ်လွှာ တစ်စောင်ပို့လိုက်သည်။ ထိုစာတွင် အကယ်၍ ဩစတြီယနိုင်ငံ၏ တောင်းဆိုချက်ကို ဆားဗီးယားနိုင်ငံက မလိုက်လျောခဲ့လျှင် ဩစတြီယနိုင်ငံ အနေဖြင့် ဂျာမနီနိုင်ငံအား မဟာမိတ် နိုင်ငံအဖြစ် အားကိုးရပါမည်လော ဟုမေးလိုက်သည်။ ဂျာမနီနိုင်ငံက အားကိုးနိုင်ပါသည်ဟု ပြန်ကြားလိုက်သည်။

အခြေအနေ ယင်းသို့ရှိနေချိန်တွင် ရုရှနှင့် ဂျာမနီနိုင်ငံတို့၏ စစ်တပ်များမှာ အရေးပေါ်အခြေအနေအတွက် တိုက်ပွဲဝင်ရန် အဆင်သင့် ရှိနေကြလေပြီ။ သို့ဖြင့် ဥရောပ နိုင်ငံအားလုံးသည် မမျှော်လင့်သော စစ်ပွဲကြီးတစ်ပွဲအတွက် ရင်တမမဖြင့် စောင့်ကြည့်နေ ကြရလေသည်။

ရှုဘင်သည် ကမ္ဘာ့နိုင်ငံရေး နောက်ဆုံးအခြေအနေများကို စိတ်ဝင်စားစွာဖြင့် ဖတ်ရှုသည်။ အကယ်၍ စစ်ဖြစ်လာလျှင် ပြင်သစ်နိုင်ငံကလည်း စစ်ထဲဝင်လာလေမည်လား။ ပြင်သစ်နှင့် ရုရှတို့သည် မဟာမိတ်စာချုပ် ချုပ်ဆိုထားကြသည်။ ဂျာမနီနိုင်ငံကလည်း နယ်မြေသစ် ချဲ့ထွင်ရန်အလွန်အားသန်နေသည်။ ဂျာမနီရေတပ်မှာ ဗြိတိသျှရေတပ်ထက်ပင် အင်အားကောင်း နေသည်။ ဂျာမနီက နယ်စပ်ဖြတ်ကျော်ပြီး ပြင်သစ်နိုင်ငံထဲသို့ဝင်လာမည်လား။ ဗြိတိန်က ပြင်သစ် ဘက်မှ ဝင်ကူမည်လား။



www.burmeseclassic.com

www.burmeseclassic.com



ရှုဘင်သည် သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်ပြီးနောက် ထိုင်ရာမှထရပ်လိုက်သည်။ ထို့နောက် စာပွဲပေါ်မှ ဘရန်ဒီအရက်ခွက်ကို မော့သောက်လိုက်သည်။

နိုင်ငံတကာ အရေးအခင်းနှင့် ယှဉ်လျှင် သူ့ပြဿနာမှာ အသေးအဖွဲ့မျှသာဖြစ်သည်။

သို့သော်. . . . အကယ်၍ အင်္ဂလန်နိုင်ငံက စစ်ထဲဝင်လာလျှင် သူ့အနေဖြင့် စစ်ထဲသို့ မသွေ့ လိုက်ပါရတော့မည်မှာ သေချာနေသည်။ သို့ဆိုလျှင် မာဂဒါအတွက် ဘယ်လိုလုပ်ရပ့်။ ပြည်တစ်နိုင်ငံတွင် စစ်ကြီးအတွင်း၌ မိန်းမသားတစ်ယောက်တည်း နေထိုင်ရန် ဘယ်နည်းနှင့် ဖြစ်နိုင်။

သူသည်ကြံရာမရဖြစ်ကာ ဟိုတွေးဒီတွေး လျှောက်တွေးရင်းမှ မြို့စားကတော်ကြီးကို ၍ သတိရမိ သည်။ ဟုတ်ပြီ၊ ဟန်ကျပြီ။ စစ်ဖြစ်လာလျှင် မာဂဒါနဲ့ မြို့စားကတော်ကြီးတို့ ရှိနေပါက သူ့အနေဖြင့် ဘာမျှပူစရာမရှိတော့၊ မာဂဒါအတွက် အစစအရာရာ စိတ်ချရပြီ။

သူသည် စိတ်လက် ပေါ့ပါးသွားသဖြင့် မာဂဒါထံသို့ လျှောက်လာခဲ့သည်။ မာဂဒါသည် ရာပေါ် တွင်လှဲရင်း အိမ်အလှ ပြုပြင်ရေး မဂ္ဂဇင်းကို ဖတ်လျှက်ရှိသည်။

"မာဂဒါ . . . ကိုယ်တစ်ခု စဉ်းစားမိတယ်" သူကပြောလိုက်သည်။

"ဘာလဲ. . . မောင်၊ ပြောပါဦး"

"မြို့စားကတော်ကြီးကို ဒီကိုခေါ်လိုက်ရင် ကောင်းမယ်ထင်တယ်၊ မင်းအတွက်လည်း ပင်ဖော် တိုင်ပင်ဖက် ရတာပေါ့"

"မြို့စားကတော်ကြီးက အရေးမဟုတ်ပါဘူး မောင်၊ မနက်ဖြန်ဆိုရင် ကျွန်မတို့မှာထားတဲ့ ထောင် ပရိဘောဂတွေ အားလုံးရတော့မယ်၊ အဲဒီတော့ ဩဂုတ်လတစ်ရက်နေ့မှာ ကျွန်မတို့ ခန်းသစ်ကို စပြီး ပြောင်းကြမယ်၊ အဲဒီနောက်ပိုင်းမှာ မြို့စားကတော်ကို အေးအေး ဆေးဆေး လိုက်ရင်မဖြစ်ဘူးလား"

"အေးလေ. . . အဲဒီလိုဆိုရင်လည်း ပြီးတာပါပဲ"

အမှန်က မာဂဒါ၏ စိတ်ရင်းအတိုင်းဆိုလျှင် မြို့စားကတော်ကြီးကို လုံးဝမခေါ်ချင်။ လို အိမ်ထောင်ရှင်မအဖြစ် ကိုယ့်အိုး ကိုယ့်အိမ် ထူထောင်နိုင်ပြီးတဲ့အချိန်ကျမှ ကိုယ့်အပေါ် လုပ်မယ့် တခြား မိန်းမတစ်ယောက်ကို ဘာဖြစ်လို့ခေါ်ရမှာလဲ။ ငါ့ဘာသာ ငါဘာမဆို သွားနိုင်ပြီပဲ။ တစ်ခြားလူ အကူအညီ လိုသေးသလား၊

မာဂဒါက သည်အတိုင်းပဲ သဘောထားသည်။ သို့သော်လည်း ရှုဘင် စိတ်မကောင်း ည်စိုး၍ သူမက စိတ်မပါစွာဖြင့်ပင် သဘောတူလိုက်ရခြင်းဖြစ်သည်။

တစ်ဖက်ကတွေးကြည့်ပြန်လျှင်လည်း မြို့စားကတော်ကြီးရှိနေခြင်းဖြင့် အများကြီး ရှိနိုင်သည်။ သူမကိုယ်သူမ မြို့စားကတော်ကြီး၏ တူမတစ်ယောက်အဖြစ် ဂုဏ်ယူ ဝင့်ကြွား နေထိုင်နိုင်သည်။ အင်္ဂလိပ်လူမျိုးတွေ ဆိုတာကလည်း ဂုဏ်ကို အလွန်မက်မောကြသည် တ်လား။

မာဂဒါသည် ရုတ်တရက် စိတ်ပြောင်းသွားသည်။

"ဒါမှမဟုတ်လည်း သူ့ကို အမြန်ဆုံးခေါ်လိုက်ပါလားမောင်၊ နောက်တော့လည်း



www.burmeseclassic.com

www.burmeseclassic.com



ခေါ်ရမှာပဲဥစ္စာ။ မြန်မြန်ရောက်တော့ မြန်မြန် ကိစ္စအေးတာပေါ့ မဟုတ်ဘူးလား"

"ဟုတ်တာပေါ့၊ မင်းအကြံသိပ်ကောင်းပါတယ်"

"ဒါဖြင့် သူ့ကို ဘယ်တော့ခေါ်မလဲ"

"မနက်ဖြန် ဖုန်းဆက်ပြီးခေါ်လိုက်မယ်လေ၊ ကဲပါ အဲဒီ မဂ္ဂဇင်းစာအုပ် ထားလိုက်ပါတော့"

ရှုဘင်က ကုတင်ပေါ်တက်ထိုင်ပြီး မာဂဒါအား သိုင်းဖက်လိုက်သည်။

"ကြည့်ပါဦး၊ သူသိပ်ကဲတာပဲ၊ သူများဖြင့် ဖွတ်ဖွတ်ကျေတော့မယ်"

"ချစ်မဝ နိုင်လွန်းလို့ပါ အချစ်ရယ်"

◆◆◆

www.burmeseclassic.com

www.burmeseclassic.com

# [ ၄ ]

တ်လ တစ်ရက်နေ့။

ကောင်းကင်တွင် မိုးတိမ်မိုးရိပ် ကင်းစင်ပြီး ရာသီဥတု ကောင်းမွန်သာယာသောနေ့။ ည်နေ့တွင် "ဝင်ပိုလ်"လမ်းတိုက်ခန်းသို့ ပြောင်းခဲ့ကြသည်။

ရှဘင်က မာဂဒါအား တံခါးပေါက်ဝတွင် ကောက်ချီပြီးနမ်းလိုက်သည်။ မာဂဒါသည် ဧည့်ခန်းအလယ် တွင်ရပ်ကာ တစ်ခန်းလုံးကို ဝေ့ကြည့်လိုက်သည်။

**တကယ်ပါပဲ . . . လှလိုက်တာကွယ်. . . မယုံနိုင်စရာပါပဲလား . . .။ ဒါ သူမ ပိုင်တဲ့အိမ် တစ်သက် တာမှာ ပထမဆုံးပိုင်ရတဲ့အိမ်. . .။**

မြင်ရသမျှကို အကျေနပ်ကြီးကျေနပ်တာ ပီတိတွေဖြာဝေနေမိသည်။

သူမက ရှဘင်၏ လက်ကို အသာလေးဆုပ်ကိုင်လိုက်သည်။ ပြီးတော့ နှစ်ယောက်သား တွဲကာ တစ်ခန်းပြီးတစ်ခန်း လျှောက်ကြည့်ကြသည်။

**ဖေဖေ . . . မေမေတို့ရေ . . .၊ နီကိုရေ့ သမီးအိမ်ကို ပြန်လာပြီလေ. . . သမီးတို့အားလုံး အိမ်မှာ ပြန်ဆုံကြပြီလေ။**

သူမမျက်နှာတွင် မျက်ရည်တွေ စီဆင်းလာကြသည်။

"မောင်. . . ဒီလောကမှာ ကျွန်မလောက် ကံကောင်းတဲ့ မိန်းမ ရှိပါအုံးမလားဟင်. . .၊ ဒီလို ပြော လိုက်တာ မှားများ မှားသွားလားဟင်"

"မမှားပါဘူးကွယ်. .. လုံးဝမမှားပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မောင်. . . ကျွန်မတို့ လက်ထပ်ခဲ့တဲ့ ဘုရားကျောင်းကို သွားကြရအောင်လား. . . ဟင် . . . ကျွန်မ ဖေဖေ . . . မေမေတို့အတွက် ဆုမွန်ကောင်းတောင်းချင်တယ်. . . မောင်ရယ်၊ ကျွန်မတို့ သေသွားသူတွေရဲ့ ဝိညာဉ်တွေက လာပြီးနှိုးဆော်နေတယ်လို့ ကျွန်မယုံကြည်နေတယ် သူတို့ကျေးဇူးကြောင့် ကျွန်မ ဒီနေရာကို ရောက်လာရတာ၊ အဲဒါကြောင့် သူတို့ကိုလည်း အမျှအတန်းဝေရမယ်၊ ကျွန်မပြောတာ မောင်သဘောပေါက်ပါတယ်နော်"

ထိုညတွင် ရှာင်တစ်မှေးကလေးမျှ အိပ်မပျော်၊ နဖူးပေါ် လက်တင်ပြီး အခန်းမျက်နှာကြက်ကိုသာ အမှောင် ထဲတွင် စိုက်ကြည့်နေမိသည်။

ကိုယ်ပိုင်အိမ်တွင် ကိုယ့်ဇနီးကလေးနှင့် ပထမဆုံး အိပ်စက်ရသောည. . .။ အမှန်အတိုင်း ဆိုရလျှင် ဘဝတွင် ပျော်စရာ အကောင်းဆုံးဖြစ်ရမည့်ည . . .။ သို့သော် သူမှာ မပျော်နိုင်။ သူ့စိတ်သည် ငြိမ်းချမ်းမှုကို မရ နိုင်။ အိပ်မပျော်တိုင်း တောင်စဉ် ရေမရ တွေးချင်ရာတွေးနေမိသည်။ သောကထို အခြေခံသော အတွေးများ. . .။ ထို့ကြောင့် သူ့စိတ်သည် ငြိမ်းချမ်းမှုကို မရနိုင်. . .။

အထူးသဖြင့် မိဘများအကြောင်းပို၍ တွေးမိသည်။ တွေးမိတိုင်းလည်း အလွန်ပင်အောက်မေ့မိသည်။

ခုတင်ပေါ် မှဆင်းကာ ဧည့်ခန်းထဲသို့ လျှောက်လာခဲ့သည်။ ပြတင်းဝတွင်ရပ်လျှက် အပြင်ဘက်သို့ကြည့် လိုက်သည်။

လမ်းတစ်ဖက်တွင် ပန်းခြံ ၊ ညီညာပြန့်ပြူးသော မြက်ခင်း၊ ဖူးပွင့်ဝေဆာနေသော ရောင်မျိုးစုံပန်းများ။ ရွှန်းပသောလရောင်အောက်တွင် ကြည်နူးစရာ အကောင်းဆုံးသောညတစ်ည အရာခပ်သိမ်းသည် တိတ်ဆိတ်တည်ငြိမ်နေကြသည်။ ငြိမ်းချမ်းခြင်း . . . . ငြိမ်းချမ်းခြင်း . . . လောကတွင် အားလုံးသောအရာတို့ထက် တန်းဖိုးရှိသော ငြိမ်းချမ်းခြင်း။

ညနေပိုင်းတုန်းက လန်ဒန်မြို့အရှေ့ပိုင်းမှ ရဟူဒီဓမ္မရိပ်သာသို့ သူတို့ လင်မယားနှစ်ယောက် သွားခဲ့ကြ သည်။ ရိပ်သာတွင် ဆုတောင်းမေတ္တာပို့ကြသည်။ သူတော်တော်စိတ်လှုပ်ရှားခဲ့ရသည်။

သူ့ကြောင့် မိသားစုအားလုံး စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်ခဲ့ကြရသည်။ ယင်းအတွက် သူ့အပေါ် တွင် ခွင့်လွှတ်ကြပါရန် သူကဆုတောင်းသည်။ တစ်နေ့သောအခါ မိသားစုအားလုံး နားလည်မှု ရရှိကြပြီး ပြန်လည်ပေါင်းဆုံ မိကြပါစေသားဟု ဘုရားသခင်ထံတော်မှာ ဆုတောင်းပတ္ထနာပြုသည်။ မိဘနှစ်ပါးနှင့် အစ်ကိုများကို မတွေ့ရသည်မှာ အတော်ကြာခဲ့ပြီ။ တွေ့ချင်စိတ်များ တလှိုက်လှိုက် ဖြစ်ပေါ်မိသည်။ အထူးသဖြင့် သူက အချစ်ဆုံး ဖြစ်သည့်အစ်ကိုလေး လီယွန်နှင့် တွေ့ချင်လှသည်။ ညီအစ်ကိုနှစ်ယောက် မျက်နှာချင်းဆိုင်ကာပြောစရာရှိတာတွေ၊ ရင်ထဲကျပ်ခဲနေတာတွေကို ပွင့်ပွင့်လင်းလင်းကြီး ပြောပစ်လိုက်ချင်သည်။

ဓမ္မရိပ်သာမှ ပြန်ထွက်လာသောအခါ သူ့စိတ်သည် တော်တော်ပင် ကြည်လင်သွားသည်။ ငြိမ်းချမ်းခြင်း သုခကို အမှတ်ထင်ထင် ခံစားမိရသည်။

ပြတင်းပေါက်မှ မျက်နှာလွှဲကာ အိမ်ခန်းထဲသို့ ပြန်ဝင်လာခဲ့သည်။ ခုတင်ပေါ် လှဲပြီး



www.burmeseclassic.com

www.burmeseclassic.com



လုံးများကို မှိတ်လိုက် သည်။ မကြာမီတွင် အေးချမ်းစွာ အိပ်ပျော်သွားလေသည်။

ရောင်ထွန်း၍ လန်းဆန်းကြည်စင်သော နေ့သစ်ဦးတွင် ရှုဘင်သည် ထူးထူးဆန်းဆန်း ပျော်ရွှင်ကြည်နူး သည်။ အရာရာတိုင်းသည် လန်းဆန်းတက်ကြွနေကြသည်။ သူ့ရင်ထဲတွင် မျှော်လင့်ချက် ယက်တွေ တဖျက်ဖျပ် ရိုက်ခတ်နေကြသည်။ တကယ်တော့. . . မမြဲခြင်း တရားသည်သာလျှင် ဝရမဟုတ်ပါလား။ သက်ရှိ သက်မဲ့ အရာခပ်သိမ်းတို့သည် အခြေအနေ အချိန်ကာလအလိုက် ဝရပြောင်းလဲနေကြသည်။ သည်သဘောကို ရင်ဝယ်ပိုက်၍ နှစ်ခြိုက်ယုံကြည်စွာ ခံခြင်းသည်သာလျှင် အကြင်သူတစ်ယောက်အား ငြိမ်းချမ်းမှု သုခကို ပေးနိုင်မည် မဟုတ်ပါလား။

မာဂဒါသည် မနက်ခြောက်နာရီကတည်းက အိပ်ရာမှ နိုးနေခဲ့ပြီ။ ယနေ့မနက်တွင် သူမ၏ သွင်မှာ ခါတိုင်းနှင့် လုံးဝမတူ။ တမူထူးခြားစွာ ပြောင်းလဲနေသည်ကို တွေ့ရသည်။

ကြည်လင်သောမျက်နှာ၊ တက်ကြွသော အပြုံးတို့ဖြင့် အနာဂတ်ကို ရဲရဲတင်းတင်း ရင်ဆိုင်တော့မည်ဟု တ်ချက် အခိုင်အမာချထားသော ရုပ်သွင်မျိုး. . .။

"ဂွတ်မောနင်း. . . မောင်"

သူမကအပြုံးဖြင့် နှုတ်ဆက်ကာ အနမ်းလက်ဆောင်ပေးလိုက်သည်။ စားသောက်ခန်းစားပွဲကို စွာပြင် ဆင်ထားသည်။ ဖြူဖွေးနေသော စာပွဲခင်းပေါ်တွင် နံနက်စာအတွက် ကြွေခရားနှင့် ပန်းကန်များကို နေသားတကျ ချထားသည်။

"ဂွတ်မောနင်း. . . ဒါလင်"

ရှုဘင်က စားပွဲတွင် ဝင်ထိုင်ရင်း ပြန်၍နှုတ်ဆက်သည်။ မနေ့ညက တွေးနေခဲ့သော ချမ်းသာစရာ အတွေးများသည် သူ့ခေါင်းထဲတွင် လုံးဝမရှိကြတော့။

"ကျွန်မလက်ရာ မြည်းကြည့်စမ်းပါ. . . မောင်၊ မောင့်အတွက် ကျွန်မ စပယ်ရှယ်စီစဉ်ထားတဲ့ စာ လေ"

သူမက ပြောပြောဆိုဆိုဖြင့် မီးဖိုခန်းထဲဝင်သွားသည်။ မကြာမီတွင် စားစရာများကို တွန်းလှည်းကလေး ပေါ်တင်ကာ တွန်းဝင်လာသည်။

စားစရာတွေက အမည်စုံလှသည်။

လတ်ဆက်သော ဖျော်ရည်. . .၊ ရက်(စ်) ဘယ်ရီသီး. . . ငါးကြော် . . . ကြက်ဥပေါင်း. . .၊ မုန့်မီးကင် . . . ထောပတ်. . . လိမ္မော်ခွံယို. . . မလိုင် . . . သကြားနှင့် ကော်ဖီ။

"အင့်. . . စားကြည့်ပါဦး . . . မောင်"

မာဂဒါက ရှုဘင်အတွက် တစ်ပွဲစာပြင်ပေးသည်။

"ဒါနဲ့ . . . ဒီလောက် အစောကြီး ဘာလို့ ထရတာလဲကွယ်"

"အို. . . မောင်ကလည်း . . . မထလို့ ဖြစ်ပါမလား. . . မောင်ရဲ့ ဒီနေ့ အန်တီဘိုလတ် မယ်လေ၊ ဒါကြောင့် . . . သူ့အတွက် အခန်းတွေဘာတွေ ကြိုကြိုတင်တင် ပြင်ဆင်ထားရမယ် လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါရဲ့ . . . ကိုယ်က မေ့တောင် မေ့နေမိတယ်ကွယ်၊ အန်တီ့ကို ဇိုယ်တို့ သွားကြိုကြရဦးမှာပေါ့"

မြို့စားကတော်ကြီးသည် ခိုပြာရောင် ဖဲသားဝတ်စုံကို ဝတ်ကာ ရထားပေါ်မှ ဣန္ဒြေအပြည့်ဖြင့် ဆင်းလာသည်။

ရှာဘင်နှင့် မာဂဒါတို့က မြို့စားကတော်ကြီးအား လှိုက်လှိုက်လှဲလှဲ ဝမ်းသာအားရ ဆီးကြိုကြသည်။ မြို့စား ကတော်ကြီးက မာဂါဒအား ပွေ့ဖက် နှုတ်ဆက်သည်။ ထို့နောက် ရှာဘင်၏ ပါးပြင်နှစ်ဖက်ကို နမ်းလိုက်သည်။

ပြန်လည်ဆုံတွေ့ကြရသည့်အတွက် သုံးယောက်စလုံး အလွန်ဝမ်းသာကြသည်။

အိပ်ခန်းသို့ရောက်တော့ မာဂဒါက ဝမ်းသာအားရ ပြောသည်။

"တကယ်ပါပဲ အန်တီရယ်၊ ခုလို အန်တီရောက်လာတာ ကျွန်မဖြင့် သိပ်ပြီးဝမ်းသာတာပဲ"

မာဂဒါက မြို့စားကတော်ကြီးအတွက် ပြင်ပေးထားသော ခုတင်ပေါ်တွင် ဝမ်းလျား မှောက်ရင်း မေးစေ့ ကို လက်နှစ်ဖက်ဖြင့် ထောက်ထားသည်။

"တကယ်ပြောတာလား . . . တူမရယ်၊ အိမ်တစ်အိမ်တည်းမှာ ယောက်ျားတစ်ယောက်နှင့် မိန်းမနှစ်ယောက် ဆိုတော့ . . ."

"အို . . အန်တီကလဲ . . မိန်းမနှစ်ယောက်က တစိမ်းတွေမှမဟုတ်တာပဲ၊ အန်တီနဲ့ တူမပဲဟာ ဘာလို့ မသင့်တော်ရမှာလဲ"

"တူမကြီး စိတ်ချမ်းသာရင် အန်တီလည်း ဝမ်းသာပါတယ်ကွယ်၊ ဒါနဲ့ . . . . ဒီမှာနေရတာ ဘယ်လိုလဲ၊ အခြေအနေကောင်းရဲ့လား"

"အများကြီးကောင်းပါတယ် . . . အန်တီ"

"မောင်တော်ကရော ပျော်ရဲ့လား"

ဒီမေးခွန်းကြောင့် မာဂဒါ၏ ရင်ထဲတွင် နင့်ကနဲ ဖြစ်သွားမိသည်။

"အို . . . ဘာမပျော်စရာ ရှိသလဲ၊ သူလဲ သိပ်ပျော်နေပါတယ် အန်တီရဲ့"

"အတိတ်ကို တော်တော်နဲ့ မေပျောက်ဖို့ မလွယ်ဘူး . . . မာဂဒါ"

"ဟုတ်တယ် . . . အန်တီ . . . ၊ ဒါနဲ့ ကျွန်မက ပါရီပြောင်းနေကြမယ်ပြောတော့ သူက သဘောမတူဘူး။ သူမှာ ဒီမှာ အခြေအမြစ် ရနေလို့ပါဆိုပြီး ပြောတယ် အန်တီ"

"ဒါပေါ့ . . အဲဒါ သဘာဝပဲပေါ့၊ မိသားစု အခြေအမြစ်ဆိုတာ သိပ်ပြီးအရေးကြီးတာပေါ့ကွယ်။ တော်တော်နှင့် မေ့ပျောက်လို့ ရနိုင်တာမျိုး မဟုတ်ဘူး"

"ဒါပေမယ့် . . . သူက သူ့မိသားစုအကြောင်း လုံးဝသတိမရသလောက်ပါပဲ"

"တကယ်လား၊ ဒါပေမယ့် . . . ဒီမှာနေရင် အသိမိတ်ဆွေတွေနဲ့တော့ တစ်နေ့မဟုတ် တစ်နေ့ တွေ့ရမှာပဲ၊ သူ့အနေနဲ့ ဘယ်လိုမှ ရှောင်လို့ မရနိုင်ပါဘူး"

"ဒါတွေကို သူက လုံးဝ ဂရုမစိုက်ပါဘူး၊ အဲဒီလူတွေအကြောင်း ထည့်တွက်နေစရာ



www.burmeseclassic.com

www.burmeseclassic.com



လို့ဘူးလို့တောင် ပြောလိုက်ပါသေးတယ်"

"အစဉ်လာကို ဆန့်ကျင့်ရတာ လွယ်တဲ့ အလုပ်မဟုတ်ပါဘူး၊ တွေ့သင့်တဲ့ လူတွေနဲ့ တွေ့ရအောင် ရှောင်ပြီးအိမ်ထဲမှာ ကုပ်နေရတာ အင်မတန် ပင်ပန်းတဲ့အလုပ်ပါ၊ ဒီအကြောင်း အန်တီ သိဆုံးပါပဲ. . . မာဂဒါ"

"ဒါပေမယ့် . . . သူကတော့ ဒီကိစ္စအတွက် လုံးဝမပူပါဘူး၊ ဘာပဲဖြစ်ဖြစ် ကျွန်မကတော့ အတွက် စီမံကိန်းတစ်ခု ဆွဲထားတယ်. . . အန်တီ"

"ဘယ်လိုစီမံကိန်းမျိုးပါလိမ့် "

"ဩော် . . . အခြားမဟုတ်ပါဘူး၊ သူနဲ့ သူ့မိသားစုနဲ့ တစ်နေ့မှာ ပြန်လည်ဆုံဆည်းစေရမယ်ဆိုတဲ့ ကိန်း ပါ။ ဒါကိုတော့ ကျွန်မအနေနဲ့ မဖြစ်ဖြစ်အောင် ကြိုးစားရမယ် အန်တီ၊ နို့မဟုတ်ရင် ကျွန်မဘဝမှာ သက်လုံး စိတ်ချမ်းသာတော့မှာ မဟုတ်ဘူး"

"အလွန်ကောင်းတဲ့ စိတ်ကူးပါပဲ၊ ဒါပေမယ့် တူမကြီးအနေနဲ့ အများကြီးပင်ပန်းဦးမှာပဲ၊ အောင်လုပ်ဖို့ ဆိုတာက . . . . ."

"ပင်ပန်းချင် ပင်ပန်းပါစေ၊ ကျွန်မကတော့ အစွမ်းကုန် ကြိုးစားရမှာပဲ အန်တီ၊ ဒါနဲ့ အန်တီက မကို မယုံလို့လား၊ တစ်လျှောက်လုံး ဆန့်ကျင်ဘက် စကားတွေပဲ ပြောနေတာပဲ"

"အမှန်အတိုင်းပြောရရင် တူမကြီး ပြုမူလှုပ်ရှားနေပုံတွေကို အန်တီ သဘောမကျဘူး"

"ဘာဖြစ်လို့"

နယ်စားကတော်ကြီးက ကုလားထိုင်တွင် ပြောင်းထိုင်လိုက်ပြီးတော့မှ. . .

"တူမကြီးက အန်တီကို တစ်အိမ်လုံးလျှောက်ပြီး တစ်ခန်းဝင် တစ်ခန်းထွက် လိုက်ပြတယ်၊ စ်က ဘာနဲ့တူသလဲဆိုတော့ ရှုမခန်းတဲ့ ရွှေနန်းတော်ကြီးကို ရှုမေးနီယား ဘုရင်မကြီးက သူမတစ်ယောက်ကို လိုက်ပြနေ သလိုဖြစ်နေတယ်၊ တူမကြီးက ခုလို အိမ်တစ်ဆောင် မီးတစ်ပြောင်နဲ့ နားနားနေရတာကို သိပ်ပြီးဂုဏ်ယူတယ်၊ ဝမ်းသာနေတယ်။ တူမကြီး ခုလိုကြီးပွားနေတာမြင်ရတာ အနေနဲ့လည်း အများကြီးပဲ ဝမ်းသာမိပါတယ်။ ဒါပေမယ့် အန်တီစိုးရိမ်မိတာတစ်ခုရှိတယ်ကွယ်၊ က တူမကြီးကို သိပ်ပြီးချစ်တယ်။ အဲဒါဟာ အန္တရယ်ပဲ။ အချစ်ကြီးလာရင် စိုးရိမ်ရတယ်၊ ကြီးစိတ်ချမ်းသာမယ်ဆိုရင် သူက ဘာမဆိုဖြစ်အောင်လုပ်ပေးမှာပဲ၊ အဲဒီတော့ တူမကြီးတို့ ဆောင်ရေးက သိပ်ပြီးတန်းဖိုးကြီးနေတယ်၊ စွန့်လွှတ်မှုတွေ များနေတယ်"

"ဒါတော့ သူကတတ်နိုင်လို့ လုပ်တာပဲဟာ "

နယ်စားကတော်ကြီးက သက်မတစ်ချက်ချကာ အောက်နှုတ်ခမ်းကို ကိုက်လိုက်သည်။

"တစ်ချိန်က အန်တီပြောခဲ့တဲ့ စကားတစ်ခွန်းကို တူမကြီးကြားလိုက်ပုံမရဘူး၊ အန်တီ အကြောင်းပြောနေတာ မဟုတ်ဘူးမာဂဒါ၊ တူမကြီးက သူ့ကို လက်ထပ်တာ ပိုက်ဆံကြောင့်လား"

"အို . . . မဟုတ်ပါဘူး၊ လုံးဝမဟုတ်ပါဘူး။ ကျွန်မသူ့ကို တကယ်ပဲ ချစ်မြတ်နိုးပါတယ်၊ ဒါနဲ့ ကြောင့်ရော၊ ချစ်လို့ရော လက်ထပ်တယ်ဆိုရင် ပိုမကောင်းဘူးလား၊ အဲဒါဆိုရင် အပြစ်ရှိမယ်တဲ့လား"

"အပြစ်မရှိပါဘူး၊ ဒါပေမယ့် သူစိတ်မညစ်အောင်တော့ သတိထားရလိမ့်မယ်၊ အဲဒါ ဆုံးပဲ"



www.burmeseclassic.com

www.burmeseclassic.com



မာဂဒါ ငိုချင်လာသည်။

"အို . . . ဒုက္ခပါပဲ၊ ကျွန်မက အန်တီလာရင် စိတ်ချမ်းသာမယ် အောက်မေ့မိတာ၊ အခုတော့ ဖိထောင်းနေသလို ဖြစ်နေပါရောလား "

"အန်တီက ဖိထောင်းနေတာ မဟုတ်ပါဘူး မာဂဒါ၊ အမှန်တရားကို ပြောနေတာပါ၊ တူမကြီးအကျိုးအတွက် ပြောနေတာပါ။ အမှန်အတိုင်းပြောရရင် ရှာဘင်ဟာ ကျိတ်ပြီး စိတ်ညစ်နေတဲ့ လူတစ်ယောက်ပါ"

"အန်တီက ဘယ်လိုလုပ်သိတာလဲ"

"သူ့မျက်လုံးတွေ ကြည့်ပြီး သိတယ်၊ အဲဒါကြောင့် သူစိတ်ချမ်းသာစေချင်ရင် တူမကြီးအနေနဲ့ သူ့အပေါ်မှာ အစွမ်းကုန် ချစ်ကြောင်း သိသိသာသာပြရလိမ့်မယ်"

"ကျွန်မအများကြီး ပြပါတယ်၊ ကျွန်မကြောင့် သူဘယ်လောက် စိတ်ချမ်းသာရတယ်ဆိုတာ အန်တီ မသိပါဘူး"

"အန်တီက အိပ်ရာထဲမှာ အိပ်ကြတာကို ပြောနေတာ မဟုတ်ဘူး၊ တခြားကိစ္စကို အဓိကထားပြီး ပြောနေ တာပါ"

မာဂဒါ တော်တော်စိတ်ညစ်သွားသည်။ သူမအနေဖြင့် ရှာဘင့်အပေါ်တွင် ထူးထူးခြားခြား ပြောင်းလဲမှုဟူ၍ ဘာတစ်ခုမျှ မမြင်တွေ့ရ၊ မျက်နှာပေါ်သို့ မျက်ရည်တွေစီးကျလာကြသည်။

"သူ့အဲဒီလို ကျိတ်ပြီး စိတ်ညစ်နေတာကို ကျွန်မဘာဖြစ်လို့မသိရတာလဲ အန်တီ၊ ကျွန်မဘာဖြစ်လို့ မမြင်ရတာလဲ ဟင် . . . "

"ဘယ်မြင်ရမလဲ . . . တူမကြီးက ဒါတွေ ဒါတွေထဲမှာ နစ်မြုပ်နေတာကိုး" မြို့စားကတော်က တစ်ခန်းလုံးကို လက်နှင့် ဝှေ့ရမ်းပြလိုက်သည်။ "ဒါကြောင့် ရှာဘင်ကို မြင်အောင်ကြည့်ဖို့ အချိန်မရနိုင်အောင် ဖြစ်နေရတာပေါ့"

မာဂဒါက ငြိမ်၍ စဉ်းစားနေသည်။ မြို့စားကတော်ကြီးစကား မှန်ပါသည်။ သူမသည် ရှာဘင်၏ နှလုံးသားကို ထိုးဖောက်၍ မမြင်နိုင်ခဲ့ပါ ။

မြို့စားကတော်ကြီးရှေ့သို့ ပြေးသွားပြီး ကြမ်းပြင်တွင် ဒူးထောက်ထိုင်ချကာ မြို့စားကတော်ကြီး၏ ပေါင်ပေါ် တွင် မျက်နှာကို အပ်လိုက်သည်။

"အန်တီ . . . အန်တီပြောတာ သိပ်မှန်နေပြီ၊ ကျွန်မအမှားကို ကျွန်မသိရပါပြီ အန်တီရယ်"

မြို့စားကတော်ကြီးက မာဂဒါ၏ မျက်နှာကို အသာအယာမ၍ မျက်ရည်တွေကို သုတ်ပေးသည်။

"တူမကြီးက အတ္တဆန်လွန်းတာကိုး၊ ဒါပေမယ့် . . . ရိုးသားမှုတော့ ရှိပါတယ်၊ အဲဒါကြောင့်လည်း တူမ ကြီးကို အန်တီက ချစ်ခင်မိတာပဲ၊ အန်တီ့အနေနဲ့ ပါရီကို ပြန်သွားတာပဲ ပိုကောင်းလိမ့်မယ် ထင်ပါတယ်ကွယ်။ အန်တီ ဒီကိုလာမိတာ တူမကြီးကို တမင်သက်သက် စိတ်မချမ်းသာအောင် လုပ်ဖို့ လာသလို ဖြစ်နေပြီ"

"အို . . . မဟုတ်တာ . . . အန်တီရယ်၊ အန်တီမပြန်ရဘူး၊ မပြန်ရဘူး၊ ဒီမှာ အန်တီနေမှ ဖြစ်မယ် "



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့"

"ကျွန်မ တစ်ယောက်တည်းဖြစ်နေလို့ "

"ဒီပြင်ကော . . . ဘာအကြောင်းရှိသေးလဲ"

မာဂဒါက တုံ့ဆိုင်းဆိုင်းဖြစ်နေသည်။ ပြီးတော့မှ . . .

"ဟုတ်ကဲ့ တခြားအကြောင်းတစ်ခုလည်း ရှိပါသေးတယ်၊ ရှုဘင်က သူလုပ်ခဲ့တဲ့ လုပ်ရပ်အတွက်ကျိတ်ပြီး ခံစားနေရတယ် . . . အန်တီ၊ ဒီကိစ္စနဲ့ပတ်သက်ပြီး ကျွန်မမှာ စီမံကိန်းတစ်ခုရှိတယ်လို့ အန်တီကို ကျွန်မပြောပြခဲ့ပြီးပါ ပြီ၊ ကျွန်မက သူ့ကို သူ့မိသားစုနဲ့ ပြန်ပြီး ပြေပြေလည်လည်ဖြစ်စေချင်တယ်၊ ဒါကို ဖြစ်တဲ့နည်းနဲ့ ကျွန်မ ကြိုးစား မယ်။ ဒါပေမယ့် ကျွန်မတစ်ယောက်တည်းတော့ မတတ်နိုင်ဘူး။ ဒါကြောင့် အန်တီ့ အကူအညီလိုအပ်တယ်၊ အန်တီ ရှိမှဖြစ်မယ်"

"ဒါက ဘယ်သူ့ စိတ်ကူးလဲ၊ ရှုဘင့် စိတ်ကူးလား၊ တူမကြီး စိတ်ကူးလား"

"ရှုဘင့် စိတ်ကူးပါ"

"ဒီကိစ္စမှာ အန်တီ ကူညီနိုင်မယ်လို့ တကယ် ယုံကြည်သလား"

"တကယ်ယုံကြည်တယ် . . . အန်တီ"

"ကောင်းပါပြီ၊ အခုလို ရိုးသားပွင့်လင်းမှု ရှိတာကို အန်တီသဘောကျတယ်"

"ကျွန်မကို ခွင့်လွှတ်ပါ . . . အန်တီ၊ ကျွန်မ တစ်ကိုယ်ကောင်းဆန်ခဲ့တာ အမှန်ပါ၊ ဒါပေမယ့် အန်တီဒီမှာ ရှိနေရင် ကျွန်မ တကယ်ဝမ်းသာရမှာပါ ကျွန်မအမှန်အတိုင်းပြောတာပါ အန်တီရယ်၊ ကျွန်မကို . . . အန်တီရယ်၊ ကျွန်မကို ယုံပါနော် . . . နော် . . . အန်တီ"

"ယုံပါတယ်ကွယ် . . . ယုံပါတယ် . . . စိတ်ချပါ"

"ဒါနဲ့ သူ့ကိုမိသားစုနဲ့ ပြန်ပြီး အဆင်ပြေအောင် လုပ်ပေးလိုက်ရင် ကျွန်မအနေနဲ့ ဘယ်လိုနေပါ့မလဲ . . . အန်တီ၊ ကျွန်မအတွက် အခြေအနေများ ဆိုးသွားမလားဟင် . . . ကျွန်မတို့ အိမ်ထောင်ရေး ဘယ်လိုများဖြစ်လာ မှာလဲ . . . ဟင်"

မြို့စားကန်တော်ကြီးက သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်သည်။

"အန်တီ တစ်ခုတော့ ကြိုတင်သတိပေးချင်တယ် . . . မာဂဒါ၊ တူမကြီး စိတ်ကူးထားတဲ့ စီမံကိန်းဟာ လက်တွေ့အကောင်အထည်ဖော်လို့တော့ သိပ်လွယ်လိမ့်မယ် မထင်ဘူး"

"တစ်ခါတုန်းကလည်း ရှုဘင်ဟာ ကျွန်မကို ဘယ်တော့မှ လက်ထပ်လိမ့်မှာ မဟုတ်ဘူးလို့ အန်တီပြောခဲ့ ဖူးတယ် . . . နော်"

"အဲဒါက တခြားပါ၊ အခုကိစ္စက . . . ချစ်သူအပေါ် စေတနာမိုးရွာနေတဲ့ လူတစ်ယောက် ရဲ့ကိစ္စမဟုတ်ဘူး။ လူမှုရေးအစဉ်အလာတွေ၊ စည်းကမ်းတွေအားလုံးနဲ့ သက်ဆိုင်နေတဲ့ကိစ္စ၊ လွယ်လွယ်ကူကူနဲ့ ဖြေရှင်းလို့ မရနိုင်တဲ့ ကိစ္စ၊ ဒီကိစ္စအတွက် တူမကြီး တကယ်ထိထိရောက်ရောက် ဆောင်ရွက်နိုင်လိမ့်မယ်လို့ တကယ်ယုံကြည်ရဲ့လား၊ အဲဒီရဲ့ တန်ပြန်ဒဏ်တွေကို ခံနိုင်ဖို့ ကိုယ့်ကိုယ်ကို ပြင်ဆင်ထားပြီးပြီလား"

"ကျွန်မရဲ့ အကြံပေးအတိုင်ပင်ခံ ပုဂ္ဂိုလ်အနေနဲ့ အန်တီသာ ရှိနေမယ်ဆိုရင် ဖြစ်ပါတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဘယ်အခြေအနေမျိုးနဲ့ပဲ ရင်ဆိုင်ရ ရင်ဆိုင်ရ ရင်စည်းခံဖို့ ကျွန်မအဆင်သင့် ရှိပါတယ် "

"အံမယ်လေး. . . ဒီလောက်လည်း အားကိုးမနေပါနဲ့ဦး မာဂဒါရယ်၊ အန်တီက တူမ ထင်သလောက် မစွမ်းသေးပါဘူး "

"ကျွန်မဟာ အန်တီ့တူမဆိုတာနဲ့ပဲ လုံလောက်ပါပြီ အန်တီ ၊ ဒါမှ သူတို့က လူရာ သွင်း မယ်မဟုတ်လား"

"ကောင်းပြီလေ . . . . သူ့အကျိုးအတွက် တို့ကြိုးစားကြည့်ကြသေးတာပေါ့၊ ကြိုးစားရ နပ်ပါတယ်"

"ကျေးဇူးကြီးလှပါတယ်. . . အန်တီရယ်"

နောက်တစ်နေ့ နံနက်ထုတ် သတင်းစာများ၏ သတင်းခေါင်းစဉ်များကား ကြောက်စရာပင် ဖြစ်တော့သည်။

"ဘယ်လ်ဂျီယံနိုင်ငံ၏ ဘက်မလိုက်ဝါဒ ဖောက်ဖျက်ခံရခြင်း . . . ဂျာမနီက ပြင်သစ်ကို စစ်ကြေငြာပြီ. . "

သတင်းစာကို ကောက်ကိုင်လိုက်စဉ် ရှုဘင်၏ လက်များသည် တဆတ်ဆတ်တုန်နေသည်။

ကော်ဖီခွက် ငှဲ့ထည့်ပြီး စားသောက်ခန်းသို့ဝင်လာခဲ့သည်။ စားပွဲတွင်ထိုင်ကာ နောက်ဆုံးသတင်း များကို စေ့စေ့စပ်စပ် ဖတ်သည်။

"ဂျာမနီနိုင်ငံက ပြင်သစ်နိုင်ငံအား ယနေ့ပင် စစ်ကြေငြာလိုက်ပြီ ဖြစ်သည်၊ ဂျာမန်တပ်များသည် ဘယ်လဂျီယံနိုင်ငံ နယ်နိမိတ်ကို ဖြတ်ကျော်ကာ ဘယ်လ်ဂျီယံနိုင်ငံ၏ ဘက်မလိုက်ဝါဒကို ဖောက်ဖျက် စော်ကားသည့်ပြင် ဘယ်လဂျီယံနိုင်ငံအား ပြောင်ပြောင်တင်းတင်းပင် ကျူးကျော်လိုက်လေပြီ။ ဘယ်လဂျီယံ ဘုရင်မင်းမြတ်၏ အစိုးရအဖွဲ့က ခေ့စပ်ဖြေရှင်းရန် ကြိုးပမ်းလျက်ရှိသော်လည်း ယခုအချိန်ထိ မည်သို့ အကျိုးသက်ရောက်မှု မရှိသေးချေ။ ဂျာမနီတပ်များ ဘယ်လဂျီယံ နိုင်ငံတွင်းမှ ထွက်သွားကြရန် ယနေ့နံနက်က ပြင်းထန်သော ရာဇသံတစ်စောင်ကို ဂျာမန်စစ်ဦးစီးချုပ်ရုံးသို့ ပေးပို့လိုက်ပြီးဖြစ်သည်။ ဂျာမနီနိုင်ငံ၏ တုန့်ပြန်ချက်ကို ဗြိတိန်နိုင်ငံက စိတ်ဝင်စားစွာ စောင့်ဆိုင်းလျက်ရှိ၏၊ ဂျာမနီနိုင်ငံ၏ တုန့်ပြန်ချက်အပေါ်တွင် အခြေခံကာ ဗြိတိန်နိုင်ငံအနေဖြင့် မည်သည့်အနေ အထားတွင် ရပ်တည်ရမည်ဟူသော အချက်ကို ဆုံးဖြတ်ရမည် ဖြစ်၏၊ မတရားအကျူးကျော်ခံရသော နိုင်ငံငယ် အား ကူညီရန်မှာ မလွဲမရှောင်သာသော တာဝန်တရပ်ဖြစ်ကြောင်း ဗြိတိန်နိုင်ငံက အလေးအနက် ယုံကြည်၏၊ ဂျာမနီ၏ ရန်စကျူးကျော်ခြင်းကို ဗြိတိန်က သည်းခံနိုင်ပါမည်လော၊ အခြားသော ဘက်မလိုက်နိုင်ငံများအနေဖြင့် ဂျာမနီကျူးကျော်ခြင်းမှ လွတ်ကင်းနိုင်ပါမည်လော"

စားသောက်ခန်းထဲ မာဂဒါဝင်လာသည်။ ပန်းရောင်ဝတ်စုံဖြင့် ထူးထူးခြားခြား လှနေသည်။

"ဂွတ်မောနင်း. . . မောင်၊ ဒီနေ့ပဲ အိမ်ဖော်ရောက်လာပြီ၊ ဟန်ကျတာပဲ၊ အိမ်ခန်းတွေ သန့်ရှင်းရေးအတော် ကလေးလုပ်ရလိမ့်မယ်၊ ကျွန်မတော့ ဒီအလုပ်မျိုး သိပ်မုန်းတာပဲ"

သူမက ရှုဘင်၏ မျက်နှာကို ကြည့်လိုက်သည်။ ရှုဘင်မျက်နှာပျက်နေသည်။

"ဘာဖြစ်လို့လဲ. . . မောင်၊ မျက်နှာလည်း မကောင်းပါလား"



www.burmeseclassic.com

www.burmeseclassic.com



"ဂျာမနီက ပြင်သစ်ကို စစ်ကြေငြာလိုက်ပြီ"

သူမက ကုလားထိုင်တွင် ဝင်ထိုင်လိုက်သည်။ ရှာဘင့်စကားကို လုံး၀ မယုံနိုင်သေး။

"ဒါနဲ့ . . . အန်တီကလည်း ဒီကိစ္စဘာမှ မပြောပါလား၊ ပါရီမှာဘာတွေဖြစ်နေတယ်ဆိုတာ ... ဘာမှ မပြောဘူး"

"ဒီပြဿနာက ဥရောပနိုင်ငံအားလုံး ကူးစက်သွားလိမ့်မယ် မာဂဒါ၊ မကြာခင်မှာ ...နိုင်ငံလည်း ပါဝင်လာမှာ ကျိန်းသေပဲ"

မာဂဒါ တွေသွားသည်။ မျက်လုံးအစုံတွင် မျက်ရည်တွေ ဝဲလာကြသည်။

**ဒီနိုင်ငံတွေ ဘာကြောင့်များ စစ်တိုက်နေကြပါလိမ့် ။ အခုလိုငါ့ဘ၀ . . . အစစအရာရာ ...ပြေနေတဲ့ အချိန်မှာ ဘာကြောင့်များ ဒီမကောင်းဆိုးဝါးစစ်ပွဲတွေ ပေါ်ပေါက်လာရပါလိမ့်။**

"၁၉၁၂ ခုနှစ်တုန်းက ကျွန်မအစ်ကို နီကိုလည်းစစ်တိုက်ရင်း ကျဆုံးသွားခဲ့ရတယ် " သူမက ...ညှိုး ငယ်သံဖြင့်ပြောသည်။ "အခုလည်း စစ်ဖြစ်လာပြန်ပြီ စစ်ပွဲတွေ အမြဲတမ်းဖြစ်နေတော့တာပဲ။ ...ကြီးဘယ်တော့ ပြီးဆုံးပါ့မလဲ . . . ဟင် . . . မောင်"

ရှာဘင်က ဩစတြီယနန်းမွေခံ အိမ်ရှေ့စံမင်းသား လုပ်ကြံခံရ၍ ပေါ်ပေါက်လာသော ...များကို အသေးစိတ်ရှင်းပြသည်။ မာဂဒါ စိတ်မချမ်းသာဖြစ်သွားသည်ကို မြင်ရ၍သူတော်တော် ...ကောင်းဖြစ်မိသည်။

"အိမ်ရှေ့မင်းသားရဲ့သွေးက နီကိုရဲ့သွေးထက်တန်ဖိုးရှိပါတယ်" မာဂဒါက လေးလေး ...ပြောသည်။ "နီကိုက အမိပ္ပာယ်မရှိသေဆုံးသွားရတာ၊ သူ့ခန္ဓာလည်း မြေကြီးစာလောက်ပဲ ...ရတယ်။ ကျွန်မတို့တောင် မသင်္ဂြိုဟ်လိုက်ရဘူး၊ သူ့အလောင်းကိုလည်း တွေ့မှ မတွေ့ကြရတာပဲ"

"နီကိုအတွက် ကိုယ်လည်းစိတ်မကောင်းပါဘူး မာဂဒါ"

"စစ်ဖြစ်လာရင် အန်တီက ပါရီပြန်သွားမလားဟင်"

"ဟင့်အင်း မပြန်ပါဘူး၊ သူဒီမှာပဲနေမယ်၊ ကိုယ်ကမပြန်ပါနဲ့လို့ တောင်းပန်ထားတယ်"

"မောင်က ဒီလို အခြေအနေဆိုးကြီးထဲမှာမှ သူ့ကို ဒီကိုခေါ်ရတာက ဘာကြောင့်လဲဟင်"

"အဲဒါကတော့ ကိုယ့်ရဲ့ ကြိုတင်တွေးခေါ် မြော်မြင်မှုပဲ ဆိုရမလားမသိဘူး၊ အကယ်၍ ...နိုင်ငံပါ စစ်ထဲဝင်လာခဲ့လို့ ရှိရင် " သူကစကားရပ်ပြီး လည်ချောင်းတစ်ချက် ရှင်းလိုက်ပြီးတော့မှ ... တစ်ယောက်တည်း မထားခဲ့ချင်ဘူး "

"ဟင် . . . ဘယ်လို . . . ဘယ်လို၊ ကျွန်မကို တစ်ယောက်တည်းမထားခဲ့ချင်ဘူး ဟုတ်လား . . . ဘာတွေပြောနေတာလဲဟင်"

"ဟုတ်ပါတယ်၊ ကိုယ်တကယ်ပြောနေတာပါ၊ ကိုယ်စစ်တပ်ထဲ ဝင်ရလိမ့်မယ် မာဂဒါ"

မာဂဒါ အံ့အားကြီးသင့်သွားသည်။ ထိုင်ရာမှ ထရပ်လိုက်ပြီး အခန်းထဲ ခေါက်တုံ့ခေါက်ပြန် ...လျှောက် နေသည်။

သူတို့ဇနီးမောင်နှံ သည်အိမ်သို့ ပြောင်းလာခဲ့သည်မှာ နှစ်ရက်မျှသာ ရှိသေးသည်၊ အနာဂတ် ...တွက် သူမမှာ စိတ်ကူးစိတ်သန်းတွေ အများကြီးရှိသည်။ သူမအနေဖြင့် အင်္ဂလန်နိုင်ငံတွင် ...အတန်းမြင့်မြင့်နှင့် ဂုဏ်သရေရှိရှိနေနိုင်အောင် ကူညီဖို့ မြို့စားကတော်ကြီးအား မနေ့ကပင်



www.burmeseclassic.com

www.burmeseclassic.com



တောင်းပန်ခဲ့သေးသည်။ သို့သော်ယင်းတို့မှာ မနေ့က အခြေအနေမျှသာဖြစ်သည်။ ယနေ့တွင်ကာ
အခြေအနေအားလုံး ပြောင်းပြန်ဖြစ်သွားခဲ့လေပြီ။ သူမ ရည်မှန်းချက်တွေ ခဲလေသမျှ သဲရေကျဖြစ်ခဲ့ရပြီ

**ရှာဘင်က ညားကာစ ပူပူနွေးနွေး ဇနီးသစ်ကလေးကို စွန့်ခွာပြီး စစ်ထဲလိုက်သွားတော့မယ်**
**. . . ဘုရားရေ . . . နီကိုလို စစ်ပွဲမှာများ ကျဆုံးသွားခဲ့ရင်တော့ . . . ဘုရား. . . ဘုရား။**

"မောင့်အနေနဲ့ စစ်ထဲမလိုက်ဘဲ နေလို့ မဖြစ်ဘူးလား. . . ဟင်"

မာဂဒါက မမေးချင်သောမေးခွန်းကို အရဲစွန့်ပြီး မေးလိုက်မိသည်။

"မဖြစ်ဘူး မာဂဒါ၊ လိုက်ကိုလိုက်ရမယ်"

ညစာစားပွဲတွင် မြို့စားကတော်ကြီးသည် စားစရာများကို ငေးကြည့်ရင်း အတွေးနက်နေသည်။ စားချင်စိတ်
လည်း မရှိတော့ ။

သူမ၏ အမိနိုင်ငံ၊ ပြင်သစ်နိုင်ငံမှ အမျိုးသားများသည် ကျန်းမာသော အရွယ်ရောက်သူတိုင်း
စစ်ထဲမဝင် မနေရ ရှေ့တန်းသို့ ထွက်ခွာသွားကြရတော့မည်။ အချို့က စစ်မြေပြင်တွင်ပင်
သေပွဲဝင်ကြရလိမ့်မည်။ အချို့က ခြေပြတ် လက်ပြတ်ဖြင့် ပြန်လာကြလိမ့်မည်။

အီမီလ်ကိုနေးကို သွား၍သတိရမိသည်။

သူမမျက်နှာတွင် မျက်ရည်တွေ စီဆင်းလာသည်။

"အီမီလ်ခမျာတော့ သနားစရာပဲကွယ်. . . သူ့ခမျာ ပြင်သစ်ကိုမှ ပြန်နိုင်ပါတော့မလား"

"လာလို့ ရနိုင်ရင်တော့ သူ့အနေနဲ့ အမြန်ဆုံး ပြန်လာမှာသေချာပါတယ် အန်တီ" ရှာဘင်က
ပြောသည်။

"အန်တီတော့ မပြန်တော့ဘူး ရှာဘင်၊ ဒီမှာပဲ နေတော့မယ်၊ ကုသိုလ်ကံအတိုင်းပဲပေါ့"

"အန်တီ ဒီမှာနေမယ်ဆိုရင် ကျွန်တော်တို့အနေနဲ့ ဝမ်းသာလို့ မဆုံးပါဘူးအန်တီ"

တစ်ချိန်လုံးငြိမ်နေသော မာဂဒါက ဝင်ပြောလိုက်သည်။

"ကျွန်မတော့ ကုသိုလ်ကံ တော်တော်ဆိုးတာပဲ၊ တစ်သက်လုံးစစ်ပွဲတွေနဲ့ကြုံနေရတယ်
ကျွန်မတို့သုံးယောက် ဒီကပ်ဆိုးကြီးက ကျော်နိုင်ကြပါစေလို့ ဆုတောင်းရတော့မှာပဲ. . . အန်တီရယ်"

နောက်တစ်နေ့တွင် လန်ဒန်တစ်မြို့လုံး စစ်သတင်းကိုသာ နားစွင့်စောင့်ဆိုင်းနေကြရသည်။ အချိန်က
သတ်ချက်ကုန်လွန်သွားခဲ့ချေပြီ။ သို့သော်ဂျာမနီက မည်သို့မျှ အကြောင်းပြန်ကြားခြင်း မပြု။

နံနက် ၁၁ နာရီ ရှိသွားပြီ။

သည်အချိန်ထိ ဘာပြန်ကြားချက်မှ မရောက်သေး။

ဒေါင်းနင်းလမ်း အမှတ်(၁၀)ရှိ နန်းရင်းဝန်ကြီးအိမ်တော်ရှေ့တွင် လူထုပရိသတ်ကြီး
ကြိတ်ကြိတ်တိုး စုဝေးရောက်ရှိနေကြပြီ။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတွင် ဘယ်လ်ဂျီယံနိုင်ငံ၏ တောင်းဆိုချက်ကို ဂျာမနီနိုင်ငံက အပြတ်အသတ် ငြင်းပယ်လိုက် ကြောင်း ထင်ရှားနေလေပြီ။

ဗြိတိသျှအစိုးရ ဝန်းကြီးအဖွဲ့သည် ယနေ့နံနက်စောစောပိုင်းကတည်းကပင် အရေးပေါ်အစည်းဝေး ခေါ်ယူကျင်းပခဲ့သည်။ ၁၉၁၄ ခုနှစ် ဩဂုတ်လ ၄ ရက်နေ့ည ၁၂ နာရီ ထိုးသည့်အချိန်တွင်ကား ဗြိတိန်နိုင်ငံနှင့်တကွ ၎င်း၏ လက်အောက်ခံ နိုင်ငံအားလုံးတို့က ဂျာမနီနိုင်ငံအား စစ်ကြေငြာလိုက်တော့သည်။

တစ်သောင်းကျော်ခန့်ရှိသော အင်္ဂလန်ပြည်သူလူထု ပရိသတ်ကြီးသည် ဘတ်ကင်ဟန် နန်းတော်ရှေ့တွင် စုရုံးကာ ၎င်းတို့၏ ဘုရင်မင်းမြတ်ကို စောင့်မျှော်လျှက်ရှိနေကြသည်။

မကြာမီတွင်ပင် ဘုရင်မင်းမြတ်နှင့် မိဖုရားတို့သည် ဝေလမင်းသားနှင့် မေရီမင်းသမီးတို့ခြံရံလျှက် နန်းတော် လေသာဆောင်သို့ ထွက်တော်မူလာပြီးလျှင် လူထုပရိသတ်အား လက်ကို ဝှေ့ရမ်း၍ နှုတ်ဆက်လိုက်သည်။ လူထုပရိသတ်ကြီး၏ တစ်ခဲနက် ဩဘာသံသည် မိုးယံသို့တိုင် ထိုးဖောက် သွားလေသည်။

သည်အချိန် သည်ခဏသည်ကား အင်္ဂလန်နိုင်ငံအတွက် သမိုင်းဝင် အချိန်းကာလကြီး ဖြစ်တော့သည်။

အင်္ဂလန်ပြည်သူတို့သည် အချင်းချင်း လက်တွဲကာ နိုင်ငံတော်ကာကွယ်ရေးအတွက် ဘုရင်မင်းမြတ်နှင့် အတူ တိုက်ပွဲဝင်ရန် သန္နိဋ္ဌာန် ပြုလိုက်သော အချိန်ကာလပင်ဖြစ်သည်။ ကျွန်းမာ သန်စွမ်းသော ပြည်သူတိုင်း ဘုရင့်တပ်မတော်သို့ဝင်ရောက်ကာ အမိနိုင်ငံတော်အား ကာကွယ်တိုက်ခိုက်ရန် အလေးအနက် သစ္စာဓိဋ္ဌာန် ပြုလိုက်သောအချိန်ကာလပင်ဖြစ်သည်။

မာဂဒါသည် အိပ်ရာမှ လန့်နိုးလာသည်။ ရှူဘင်အိပ်သောဘက်သို့ စမ်းကြည့်လိုက်သည်။ သူအိပ်ရာတွင်မရှိ တော့။

ခုတင်ပေါ်မှ ကမန်းကတန်း ဆင်းလိုက်သည်။ ရှူဘင်အားလှမ်းခေါ်ကြည့်သည်။ ရေချိုး ခန်းထဲတွင် ရှိမည်ထင်သောကြောင့် ဖြစ်သည်။

သို့သော် ရေချိုးခန်းထဲတွင်လည်း ရှူဘင်မရှိ ။

ဝတ်ရုံကြီးကို ကပျာကယာကောက်ဝတ်ပြီး ခါးကြိုးကို တင်းတင်းဆွဲချည်လိုက်သည်။ ပြီးတော့ ဧည့်ခန်းထဲလျှောက်လာခဲ့သည်။ ဧည့်ခန်းထဲတွင်လည်း ရှူဘင်မရှိ ။

တစ်ခန်းဝင် တစ်ခန်းထွက် လိုက်ရှာကြည့်သည်။ နောက်ဆုံး မီးဖိုခန်းထဲဝင်လာခဲ့သည်။

"မစ္စတာဟက် နံနက်စာ စားသွားပြီလား"

"စားမသွားဘူးမဒမ်၊ ကော်ဖီသောက်ပဲသောက်သွားတယ်၊ သူစာတစ်စောင် ရေးပေးခဲ့ပြီး ထွက်သွားတယ် မဒမ်"

စာကိုလှမ်းယူတော့ မာဂဒါ၏ လက်တွေတုန်နေသည်။ ဧည့်ခန်းသို့ပြန်လာခဲ့ပြီး စာကို ဖောက်ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါလင်. . . ကိုယ်ဒီမနက် အပြင်မှာ အလုပ်ကိစ္စကလေးတွေရှိလို့ ခပ်စောစောပဲ ထွက်သွ တယ်။ နည်းနည်းတော့ကြာလိမ့်မယ်၊ ကိုယ်မရောက်ပေမယ့် တစ်ယောက်တည်းပဲ နေ့လည်စာ စားလိုက် ချစ်သောရှုဘင်"

မြို့စားကတော်ကြီး၏ အခန်းသို့ သုတ်သုတ်ကလေး လျှောက်လာခဲ့သည်။

"သူဘယ်များသွားတာပါလိမ့် အန်တီ၊ ဒီလောက်တောင် အရေးကြီးရလောက်အော ဘယ်လိုကိစ္စများမို့လဲ၊ ကျွန်မတော့ စဉ်းစားလို့မရတော့ဘူး"ဟု ကမန်းကတန်းပြောလိုက်သည်။

"စစ်ကြီးဖြစ်လာပြီဆိုတော့ သူ့မှာ အစီအစဉ်တွေ လုပ်စရာရှိလို့ ဖြစ်မှာပေါ့ကွယ်၊ သူ တူမကြီးအတွက် သိပ်ပြီးပူနေတယ်၊ အန်တီပြောတာ ဘယ်လိုမှတော့ မအောက်မေ့ပါနဲ့။ ဒါပေမ သူ့အနေနဲ့ လိုရမည်ရဆိုပြီး ရှေ့နေနဲ့သွားတွေ့တာဖြစ်ပါလိမ့်မယ်"

မြို့စားကတော်ကြီးစကား မှန်ပါသည်။ ရှုဘင်သည် မာဂဒါ၏ နောင်ရေးအတွ စိတ်အေးရအောင် အစီအစဉ်များ သွားလုပ်နေခြင်းဖြစ်သည်။ သူ့တွင်ရှိသမျှ ပိုက်ဆံအားလုံးကို မာဂ နာမည်ဖြင့် လွှဲပြောင်းသည်။ ထို့ပြင် သူပိုင် အိမ်ရာခြံမြေကို အကျိုးရှိရှိ ရင်းနှီးမြှုပ်နှံပေးနိုင်မ ကုမ္ပဏီတစ်ခုကို ရှာဖွေရန်လည်း သူ၏ ရှေ့နေအား ညွှန်ကြားသည်။

သူသည် ကိစ္စဝိစ္စအားလုံး ပြီးစီးသောအခါ ရှေ့နေရုံးခန်းမှ ခပ်သုတ်သုတ် ပြန်ထွက်လာခဲ့သည်

လမ်းမပေါ်တွင် စက်ရုံလုပ်သားတွေနှင့် ပြည့်နှက်နေသည်။ အရပ်လေးမျက်နှာသို့ ဦးတ လျှောက်သွား နေကြသည်။ သို့သော်သူတို့၏ အမူအရာတွင် သွေးရူးသွေးတန်း ဖြစ်နေပုံမျိုးကိုတ လုံးဝမမြင်ရ။ ယနေ့နံနက်တွင် လန်ဒန်မြို့တော်သည် အေးဆေးတည်ငြိမ်လျက် ရှိလေသည်။

လမ်းတွင် တယ်လီဖုန်းရုံး တစ်ရုံးသို့ ဝင်သည်။ အော်ပရေတာအား ဖုန်းနံပါတ် ပြောလိုက်သည်။

"ဂွတ်မောနင်း. . .၊ ဟက်ရှေ့နေ လုပ်ငန်းဌာနကပါ"

ရှုဘင်က လည်ချောင်းတစ်ချက်ရှင်းလိုက်ပြီးတော့မှ. . .

"မစ္စတာလီယွန်ဟက်နဲ့ ကျေးဇူးပြုပြီး ပြောပါရစေ"

"ခုပြောနေတာ ဘယ်သူလဲ"

"ဟုတ် . . . ဟုတ်ကဲ့ . . . . မစ္စတာ အီမီလ်ကျိနေးလို့ပြောပါခင်ဗျား"

"တယ်လီဖုန်း ကိုင်ထားပါ "

"ဟုတ်ကဲ့ . . . ကျေးဇူးပါပဲ"

ရှုဘင် ရင်ခုန်နှုန်း မြန်လာသည်။ လီယွန်ရှိမှ ရှိပါ့မလား။

"အီမီလ်လား၊ နေကောင်းတယ်နော်"

"အီမီလ်မဟုတ်ဘူး အစ်ကိုလေး၊ ကျွန်တော် ရှုဘင်ပါ"

"ဟင်. . . ရှုဘင်ဟုတ်လား"လီယွန်၏ အသံတွင် ဝမ်းသာအံ့ဩမှု ပေါ်လွင်နေသည်

"ဟော့ . . . ညီလေး အခု မင်းဘယ်က ပြောနေတာလဲဟင်"

"ဘရစ္စတိုက လှမ်းပြောတာ အစ်ကိုလေး၊ ကျွန်တော် အစ်ကိုလေးနဲ့ တွေ့ချင်လို့"

"ကောင်းတယ်. . . တွေ့ကြမယ်၊ ဘယ်မှာတွေ့မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဂျွန်အရက်ဆိုင်မှာ တွေ့ကြရအောင်"

"ဟာ. . . ဂျွန်ဆိုင်မှာဆို သိပ်ကောင်းပေါ့"

"၁၂ နာရီဆို ဖြစ်မလား"

"၁၂ နာရီ၊ ဖြစ်တယ်"

ရှုဘင်က အလျင်ရောက်လာပြီး အခန်းထောင့်စားပွဲတွင် ထိုင်စောင့်နေသည်။ ထောင့်စားပွဲကို သူကကြိုက် သည်။ လူရှင်းသည်။ အေးအေးဆေးဆေးရှိသည်။ သည်နေရာတွင် သူတို့ ညီအစ်ကိုနှစ်ယောက် ထိုင်ပြီး အေးအေးလူလူ စကားတပြောပြောနှင့် စားသောက်ခဲ့သည့် အကြိမ်ပေါင်း မနည်းတော့။

လီယွန်ဝင်လာတာမြင်တော့ သူက ထိုင်ရာမှထလိုက်သည်။ အစ်ကိုလေး လီယွန်နဲ့ မတွေ့ရတာ နှစ်ပေါင်းတစ်ရာလောက် ရှိသွားပြီဟု ထင်မိသည်။ လီယွန်ကို မြင်လိုက်ရတော့ သူ့စိတ်ထဲက တွေးကြောက်နေ တာတွေ အားလုံးပျောက်သွားသည်။

ညီအစ်ကိုနှစ်ယောက် လက်ဆွဲနှုတ်ဆက်ကြသည်။ လီယွန်က သူ့ညီလေးကို သူ့အနီးသို့ ဆွဲယူပြီး ပခုံးကို ဖက်လိုက်သည်။

"တွေ့ရတာ သိပ်ဝမ်းသာတယ် ညီလေးရာ"

"ကျွန်တော်လည်း အစ်ကိုလေးကို သိပ်အောက်မေ့မိတာပဲ"

လီယွန်က စကော့ချ်ဝီစကီတစ်လုံး မှာလိုက်သည်။

"ဒီဘိုရာကော နေကောင်းရဲ့လား"

ရှုဘင်က သူ့မရီး အခြေအနေကို မေးသည်။

"သိပ်မကောင်းဘူး ညီလေး၊ သူ့အတွက်ပဲ အားလုံးစိုးရိမ်နေကြရတာပဲ"

"ဘာရောဂါများလဲ အစ်ကိုလေး"

"ဆရာဝန်တွေကလည်း အတိအကျ မပြောနိုင်ဘူးကွ၊ စမ်းသပ်စစ်ဆေးတာကလဲ မပြီးသေးတော့ ဆုံးဖြတ်နိုင် တော့ဘူး၊ ထင်ရတာကတော့ ကြွက်သားအားနည်းတဲ့ရောဂါနဲ့ တူတာပဲ၊ ဒါပေမယ့်အတိအကျတော့ မသိရသေး ဘူး"

"ဒီရောဂါက အမြဲတမ်းဖြစ်နေသလား"

"အမြဲတမ်းမဟုတ်ပါဘူး ငါတောင် မကြာခင်ကမှသိရတာ၊ မင်းသိတဲ့အတိုင်း ဒီဘိုရာက သိပ်ပျော့ တာ။ အမြဲတမ်း အားနည်းနေတာပဲ"

"စိတ်မကောင်းပါဘူး အစ်ကိုလေး၊ ဒါနဲ့ သူ့ရောဂါဟာ နာကျင်တာတွေ ဘာတွေရှိသလား"

"နာကျင်တာတွေ ဘာတွေ့တော့ တစ်ခါမှ မပြောဖူးဘူး။ ဒါပေမယ့် လွန်ခဲ့တဲ့ နှစ်ပတ် သုံးပတ် လောက်ကစပြီး လမ်းတောင် ကောင်းကောင်းမလျှောက်နိုင်တော့ဘူး။ ဆရာဝန်တွေ ပြောကတော့ နောက်ပိုင်းတစ်ဖြည်းဖြည်းနဲ့ အိပ်ရာထဲမှာပဲ လှဲနေရတော့မယ်ဆိုတာပဲ"

"ဒီလိုပဲ တစ်သက်လုံး လှဲနေရတော့မှာလား"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုပဲ နေသွားရတော့မယ် ထင်တာပဲ"

"အဲဒါ သူသိသလား"

"သိတယ်"

"အစ်ကိုလေးက အဖြစ်မှန်ကို ဘာလို့ သွားပြောရတာလဲ"

"မပြောလို့မှ မဖြစ်တာကိုး. . . သူက သိပ်သိချင်နေတယ်၊ ဒါနဲ့ ပြောပြလိုက်ရ တော့တာပေါ့၊ သူကတော့ တို့စိတ်မချမ်းသာမှာစိုးလို့ သိပ်ပြီးမခံစားရသလို ဟန်ဆောင်နေတယ် ဒါပေမယ့် သူဘယ်လောက် ခံစားနေရတယ်ဆိုတာ တို့ကသိတာပေါ့၊ ဒါနဲ့မင်းအခြေအနေလည်း ပြောစမ်းပါဦး၊မင်းတို့လက်ထပ်လိုက်ပြီလား"

"ဟုတ်ကဲ့"

"အဲဒီတော့ မင်းမိန်းမအကြောင်းပြောပြပါဦး "

"ဟုတ်ကဲ့. . .၊ သူ့ကို ကျွန်တော်သိပ်ပြီးချစ်တယ့် အစ်ကိုလေး၊ သူ့မှာ ကျွန်တော်လိုချင်တာတွေ အကုန်ရှိတယ်၊ ဒါပေမယ့် ကျွန်တော်က အိမ်ကိုလည်း သိပ်ပြီး အောက်မေ့ပါတယ်"

လီယွန်က ညီဖြစ်သူ၏မျက်နှာကို စေ့စေ့ကြည့်လိုက်သည်။

"ငါအမှန်အတိုင်းပဲ ပြောချင်တယ် ညီလေး "

"ပြောပါ အစ်ကိုလေး"

"အဖြစ်ကတော့ ဝမ်းနည်းစရာပဲ၊ မိသားစုတစ်ခုဟာ တစ်ယောက်အပေါ်တစ်ယောက် ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာနဲ့ ဥမကွဲသိုက်မပျက် နေလာခဲ့ကြတယ်။ နောက်ပိုင်းပြဿနာ ပေါ်လာတော့အခြေအနေက သိပ်ပြီး ဆိုးရွားသွားတော့တာပဲ"

"ဘယ်လိုများ ဆိုးရွားသွားလို့လဲ . . . အစ်ကိုလေး. . . ပြောပါဦး "

"ပြောဆို အခုလောလောဆယ် တို့မိသားစု အားလုံးကွဲကုန်ပြီကွ၊ မောရစ်နဲ့ ဖိလစ်တို့က တစ်ဘက်၊ သူတို့က ဖေဖေနဲ့ မေမေတို့ကို ဆန့်ကျင်တယ်၊ သူတို့မယားတွေကလည်း လင်တွေကို မြှောက်ထိုးပင့်ကော် လုပ်ပေးကြတယ်၊ တကယ်တော့ သူတို့က တစ်စောက်ကန်းသမားတွေပဲ တစ်ဘက်ပဲ ကြည့်ကြတယ်။ မင်းလုပ် သွားတာကို ငါ့အနေနဲ့ မှားတယ်လို့ မယူဆပါဘူး၊ ဒီဘိုရာကလည်း ငါ့လိုပဲ ခံယူတယ်၊ ကိုယ်မချစ်တဲ့ မိန်း ကလေးတစ်ယောက်ကို လက်မထပ်တာဟာ မင်းဘက်ကမှန်တယ်လို့ တို့ယူဆတယ်။ ဒါပေမယ့် မင်းလုပ်သွားပုံ လုပ်သွားနည်းကတော့ မမှန်ဘူး၊ ငါသာဆိုရင် အားလုံးပြေပြေလည်လည်ဖြစ်အောင် သိက္ခာရှိတဲ့နည်းနဲ့ လုပ်သွားမှာ ပဲ။ ဒါပေမယ့် ငါ့အနေနဲ့ မင်းဘက်က အမြဲတမ်းရပ်တည်နေတယ်ဆိုတာတော့ ယုံပါ"

"ကျွန်တော်ယုံပါတယ် . . . အစ်ကိုလေး၊ ဒါနဲ့ ဖေဖေတော့ ကျွန်တော့်ကို သိပ်ပြီး မုန်းနေမှာပဲနော်"

"မင်းကို ဖေဖေမမုန်းပါဘူး။ မင်းကို မမုန်းဘဲ သူကိုယ့်သူ မုန်းနေတာ အံ့သြစရာပဲ၊ မင်းအခုလို ဖြစ်ရတာ သူ့အပြစ်မကင်းဘူးလို့ သူကထင်နေတာ၊ မင်းအကြောင်း သူအစောကြီးက သိရင် ဒီလောက် ဆိုးဆိုး ရွားရွား မဖြစ်ရဘူးလို့ သူကယုံကြည်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ . . . ဖေဖေနဲ့ မေမေတို့က ကျွန်တော့်ကို တွေ့ချင်ပါ့မလား"

"တွေ့ချင်ကြမယ်ထင်တာပဲ"

"မာဂဒါကိုရော တွေ့ချင်ကြပါ့မလား"

လီယွန်က မျက်မှောင်ကြုတ်လိုက်ပြီး. . .

"အဲဒါတော့ ငါမပြောတတ်ဘူး ညီလေး၊ ဖေဖေက ဒီကိစ္စလုံးဝ မဆွေးနွေးရဘူးလို့ ...တ်ထားတာ၊ ဒါပေမယ့်မင်းကိုတော့ တွေ့ချင်ကြတယ်ဆိုတာ ငါအသေအချာပြောရဲပါတယ်"

"ကျွန်တော့်ကိုပဲ တွေ့မယ်၊ မာဂဒါကို မတွေ့ချင်ဘူး ဟုတ်လား၊ အေးလေ. . . ဒါက ...သူတို့အပြစ်မှ မဟုတ်တာ၊ သူတို့ကို ဘာမှပြောစရာမရှိပါဘူး"

ထို့နောက် လီယွန်က စကားလမ်းကြောင်းပြောင်းလိုက်သည်။

"မင်းကို စိတ်ချမ်းသာစရာ စကားပြောရဦးမယ်၊ ဂျူလင်ကတော့ လုံးဝအခြေအနေ ...ကျတ်ဘူးကွ၊ အလျင်အတိုင်းပဲ၊ ဘာမှမဖြစ်သလိုနေနေတယ်၊ ညပွဲတွေမှန်မှန်တက်ပြီး တွဲကချင်တဲ့ ...ကျားတွေနဲ့ တွဲနေတာပဲ"

"ပြောပါဦး အစ်ကိုလေး၊ သူ့အကြောင်း. . . ပြီးတော့ ဘာတွေထူးသလဲ"

"မင်းကသူ့ကို တွေ့တောင် မှတ်မိမှာမဟုတ်ဘူး၊ သူကသိပ်ပြီးပြောင်းလဲနေပြီ၊ သူ့ကိုယ်သူ ...ယ်ခံ သတို့သမီးတစ်ယောက်လို လုံးဝမနေဘူး၊ ပြဿနာပေါ်ပြီးတော့ သူတို့နိုင်ငံခြား ခဏ ...သွားလိုက်ကြသေးတယ်။ ကြာကြာတော့ မနေခဲ့ပါဘူး ၊ တစ်ပတ် အတွင်းပြန်လာကြတယ်"

"သူကတော့ ကျွန်တော့်ကို သတ်ပစ်ချင်လောက်အောင် မုန်းသွားမှာပဲ အစ်ကိုလေး"

"သူက ဒီလောက်မဟုတ်ပါဘူး၊ သူ့အဖေက ပိုဆိုးနေတယ်၊ တို့မိသားစု တစ်ခုလုံးကို ...တဲ့နည်းနဲ့ ချေမှုန်းပစ်ဖို့ အသေအလဲ ကြိုးစားနေတယ်"

"ကျွန်တော်အများကြီးစိတ်မကောင်းပါဘူး. . . အစ်ကိုလေး၊ တကယ်တော့ ကျွန်တော့် ...ပြစ်ကြောင့် မိသားစုတစ်ခုလုံးကိုတော့ ဒုက္ခပေးဖို့မကောင်းပါဘူး"

"ကဲ. . . ဒါတွေထားလိုက်ပါတော့၊ မင်းမိန်းမအကြောင်းပဲ ပြောစမ်းပါဦး၊ ...တဲ့. . . သူ့နာမည်က မာဂဒါ . . . ဟုတ်လား၊ နာမည်ကလေးက ချစ်စရာပဲ၊ သူက ...သစ်သူလား"

"မဟုတ်ပါဘူး၊ ရှမေးနီးယားသူပါ၊ ဒါပေမယ့် ပါရီမှာ အနေများပါတယ်"

"သူ့ရုပ်က တော်တော်ချောသလား၊ စိတ်ထားကဘယ်လိုလဲ. . ."

"တော်တော်ချောတယ်၊ သွက်လက်တယ်၊ ကျွန်တော်တော့ အတိအကျ မပြောတတ် ...ဘူး။ ဒါပေ မယ့် သူဟာ ကျွန်တော်လိုချင်နေတဲ့ မိန်းမမျိုးပဲ။ မယားလိုလည်းဆက်ဆံတယ်၊ ...စားလိုလည်းဆက်ဆံတယ်၊ စိတ်အပြောင်းလဲတော့ မြန်တယ်၊ ဒါပေမယ့် အဲဒါကိုပဲ ...တော်သဘောကျတယ်။ သူ့ကို အတိအကျတော့ ကျွန်တော် နားလည်လို့ မရသေးပါဘူး။ ...သာ နေသွားရင် ဘဝဟာ ပျော်စရာကောင်းမှာတော့ အမှန်ပဲ"

"မင်းလုပ်ရပ်အတွက် မင်း လုံးဝ နောင်တမရဘူးဆိုပါတော့"

"ဆိုပါတော့"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းတယ်၊ မင်းအတွက် ငါဝမ်းသာပါတယ်၊ ဒါနဲ့ဆိုင်းဘုတ်ပေါ်က မင်းနာမည် ဖြုတ်ပစ်ဖို့ကိစ္စ ဖေဖေက သဘောမတူဘူး"

"အဲဒီတော့ . . . ကျွန်တော့်နာမည် အခုထိရှိနေသေးတယ် ဆိုပါတော့ "

"ဒါပေါ့"

ရှာဘင်ကခေါင်းကို ခါရမ်းလိုက်ပြီး . . .

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်လို့လဲဆို. . . ဖေဖေက မဖြုတ်သင့်ဘူးထင်လို့ပေါ့"

"ဖေဖေကတော့ စံပြုလောက်ပါတယ်ဗျာ"

"ဟုတ်တယ်၊ စံပြုလောက်ပါတယ် ဒါပေမယ့် . . . ဒီစစ်ပွဲကြောင့် ဖေဖေ တော်တော် ဦးနှောက် ခြောက်နေတယ်"

"ဘယ်လိုကြောင့်လဲ"

"သူသိပ်ပြီးအလုပ်များနေတယ်၊ မနေ့ညကလည်း တစ်ညလုံး ဝန်ကြီးအဖွဲ့အစည်းအဝေး တက်ခဲ့ရ တယ်။ သူတော်တော် စိတ်ညစ်နေတယ်"

"ဟုတ်မှာပဲ၊ သားလေးယောက်ဖခင်ဆိုတော့လည်း. . . ဒါနဲ့ ကျွန်တော် ကြည်းတပ်ထဲ လိုက်ဖို့ ဆုံးဖြတ်လိုက်ပြီ အစ်ကိုလေး "

လီယွန် အံ့သြသွားသည်။

"ဘာလို့ကြည်းတပ် လိုက်ရမလဲ၊ ရေတပ်ထဲဝင်ရင် အရာရှိအဆင့်ရနိုင်တာပဲ"

"နေပါစေ၊ အစ်ကိုလေးတို့ သုံးယောက်ပဲ ရေတပ်ထဲဝင်ကြပါ၊ ကျွန်တော်က ကုန်းတပ်ထဲ ကြိုက်တယ်၊ ဒီနေ့ပဲ သွားဝင်လိုက်တော့မယ်"

"ဒါဆို မင်းသာမန်တပ်သားအဆင့်ပဲ ရမှာပေါ့"

"ဟုတ်ပါတယ်"

"ဘာဖြစ်လို့လဲ"

"သာမန်စစ်သားအဆင့်နဲ့ပဲ ကျွန်တော် တိုက်ချင်လို့"

"ဘာလဲ . . . မင်းက မင်းကိုယ်မင်း ပြစ်ဒဏ်ခတ်တဲ့ သဘောလား"

ရှာဘင်က မဖြေ။

"အဲဒီလိုဆို မင်းကရှေ့တန်းထွက်ပြီး အသေအလဲ တိုက်ရလိမ့်မယ်"

"ဟုတ်ပါတယ်၊ ကျွန်တော့်လိုလူတွေ အများကြီးရှိမှာပါ"

"ဒါပေမယ့်. . . ရှာဘင်၊ ငါ့ညီလေးတော့ မပါဝင်စေချင်ဘူး၊ အခုလို အန္တရာယ်တောထဲ ဝင်တိုးဖို့ မသင့်ဘူး"

"မဝင်မနေရလို့ ဝင်နေကြရတဲ့လူတွေအတွက် ဘယ်လိုစဉ်းစားမလဲ. . . အစ်ကိုလေး သူတို့မှာ ဘာမျှ ရွေးစရာမရှိကြရှာဘူး"

"သူတို့အတွက် ငါစိတ်မကောင်းဘူး၊ ဒါပေမယ့် . . . မင်းကသူတို့နဲ့ မတူဘူး၊ မင်းမှာ အရည်အချင်း ရှိတယ်၊ ရွေးချင်တာရွေးနိုင်ခွင့် ရှိတယ်၊ စစ်ပွဲဆိုတာ အများဆုံးသေကြတာပဲ



www.burmeseclassic.com

www.burmeseclassic.com



...သအောင်ကြိုးစားတာဟာ အောင်ပွဲခံတာပဲ"

"ကျွန်တော်မသေအောင် ကြိုးစားမှာပါ"

"မင်းဇော်တော်ခေါင်းမာတဲ့ ကောင်ပဲ"

ရှုဘင်က ပြုံးလိုက်သည်။ ပြီးတော့ အစ်ကိုဖြစ်သူ ရှေ့သို့ ကိုယ်ကိုကိုင်းရင်း. . .

"အဲဒီတော့ . . . ကျွန်တော့်ကို အကူအညီတစ်ခုတော့ ပေးစေချင်တယ် အစ်ကိုလေး၊ ...တော်မရှိတဲ့ အချိန်မှာ အစ်ကိုလေးအနေနဲ့ မာဂဒါဆီ မကြာခဏ သွားလည်စေချင်တယ်၊ ...ဆိုရင် အစ်ကိုလေးအနေနဲ့ ကျွန်တော့်ကို အများကြီး ကူညီရာရောက်ပါလိမ့်မယ်"

"ငါလန်ဒန်မှာ ရှိနေသမျှတော့ သူ့ဆီသွားတွေ့ပါ့မယ်၊ စိတ်ချပါ"

"အများကြီးကျေးဇူးတင်ပါတယ် အစ်ကိုလေး၊ အစ်ကိုလေးကို ဘုရားသခင် စောင့်ရှောက် ...။ . . . အစ်ကိုလေးဟာ ကျွန်တော်ရဲ့ အချစ်ဆုံးအစ်ကို၊ အရင်းနှီးဆုံး မိတ်ဆွေပါပဲ"

သည်စကားတွေပြောပြီးတော့ . . . . ညီအစ်ကို နှစ်ယောက် နောက်ထပ်တွေ့မှ တွေ့ကြ ...တော့မလား. . . ဟု ရှုဘင်က တွေးလိုက်မိလေသည်။

...မိသားစု အိမ်ကြီး၏ တံခါးကို အိမ်ဖော်မှူး မာတင်က ဖွင့်ပေးချိန်တွင် ညနေ ခြောက်နာရီထိုး ...ပြီ၊

"ဟာ. . . ခင်ဗျားအိမ်မှားလာပြီ ထင်တယ်"ဟု သူ့ပါးစပ်မှ ထွက်တော့မည့်ဆဲဆဲတွင်မှ ... ညှို့ သည်ကို မှတ်မိသွားပြီးကမန်းကတန်း နှုတ်ဆက်လိုက်သည်။

"ဟင်. . . ရှုဘင်၊ ဝွတ်အီးဗင်နင်း၊ အခုလိုတွေ့ရတာ အများကြီးဝမ်းသာပါတယ် ရှုဘင်"

"ကျွန်တော်လည်း အများကြီးဝမ်းသာပါတယ်. . . မာတင်" ရှုဘင်သည် ကာကီရောင် ...ဝတ်စုံကို ကပိုကရိုဝတ်ထားသည်။ သူ့မျက်နှာက ဖြူရော်နေသည်။ အများကြီး အိုစာသွားသည်ဟု ...တင်က ထင်လိုက် သည်။

"ဖေဖေ ရှိသလား. . . မာတင်"

မာတင်က စိတ်လှုပ်ရှားစွာဖြင့် တဟွတ်ဟွတ်နှင့် ချောင်းဆိုးနေသည်။ ပြီးတော့မှ. . .

"ဟုတ်. . . ဟုတ်ကဲ့. . . ရှိပါတယ်၊ သူ့အခန်းထဲမှာ ရှိနေတယ်၊ ငါ သွားပြောလိုက် ...လား"

"ဟုတ်ကဲ့ ပြောပေးပါခင်ဗျာ"

"ခဏနေဦးနော်. . . "

"ဟုတ်ကဲ့ . . . ရပါတယ်"

မာတင်ပြန်ဝင်သွားသည်။ ရှုဘင်က ဆင်ဝင်ဆောင်တွင် ရပ်စောင့် ကျန်ခဲ့သည်။ ...ရင်ထဲတွင် ဝမ်းနည်းခြင်းနှင့် ဝမ်းသာခြင်း နှစ်မျိုးကို ရောရှ၍ ခံစားနေရသည်။ သူ့ကြောင့် ...းစုအားလုံး စိတ်မချမ်းမသာ ဖြစ်ရ၍ ဝမ်းနည်းမိသည်။ ယခုလို ကိုယ့်အိမ်ကိုယ်ရာသို့ ...ရောက်လာ၍ ဝမ်းသာမိသည်။



www.burmeseclassic.com

www.burmeseclassic.com



မာတင် ပြန်ရောက်လာသည်။

"မင်းဖေဖေ စောင့်နေတယ်၊ အခန်းထဲကို လာခဲ့ပါတဲ့"

မာတင်နောက်မှ လိုက်ဝင်လာခဲ့သည်။

မစ္စတာနာသန်ဟက်သည် တံခါးပေါက်ကို မျက်နှာမူကာ ကုလားထိုင်ကြီးပေါ်တွင် ထိုင်နေသည်။

ရှဘင် အနီးကပ်လာစဉ် သူက ကြင်နာသော မျက်လုံးများဖြင့် စိုက်ကြည့်နေသည်။ သူ့ရုပ်သွင်မှာ ညှိုးရော် ပင်ပန်းနေဟန်ရှိသည်။

သူ့အနီးသို့ ရှဘင်ရောက်လာတော့ အဘိုးကြီး ကုလားထိုင်မှထကာ သားဖြစ်သူ၏ လက်ကို ဆွဲဆုပ် လိုက်သည်။ အချစ်ဆုံးနှင့် အငယ်ဆုံးသားအား စစ်ဝတ်စစ်စားနှင့် မြင်လိုက်ရသောအခါ ရုပ်တရက် အံ့အား ကြီး သင့်သွားမိသည်။

သည်တော့မှ စစ်ကြီးဖြစ်နေပါရောလား ဟူသော အသိဝင်လာသည်။ ယင်းအသိနှင့်အတူ စစ်ဘေးစစ်ဒဏ်ကို ကြောက်လန့်သော စိတ်လည်း ဝင်လာမိသည်။ အင်္ဂလန်နိုင်ငံစစ်ထဲ ဝင်ရောက် တိုက်ခိုက်ရန် ဆုံးဖြတ်ချက်ချရာတွင် သူလည်းပါဝင်ခဲ့သည်။ တကယ်တော့ သူသည် အင်္ဂလန် နိုင်ငံတည်း ဟူသော ယန္တရားကြီးထဲက ခွေးသွားစိတ်တစ်ခုမျှသာ ဖြစ်သည်။ သို့သော် ဤစစ်ပွဲတွင် အင်္ဂလန်နိုင်ငံလည်း ပါဝင်တိုက်ခိုက်စေ၊ မည်သူတွေကသေ၍ မည်သူတွေကရှင်ကြစေဟူ၍ ဆုံးဖြတ်ရန် သူလည်းမဲတစ်မဲပေးခဲ့သည်။ တကယ်တော့ သူ. . . သူ. . . မစ္စတာနာသန်ဟက်. . . ရှဘင်၏ ဖခင်သည်လည်း စစ်ကို ဖန်တီးသူပင် ဖြစ်တော့သည်။

ထိုစစ်ထဲတွင်၊ သူဖန်တီးသော ထိုစစ်ပွဲတွင် သူ့သားတွေလည်း ပါဝင် တိုက်ခိုက်ကြ ပေတော့မည်။ ဘယ်သူက သေ၍ ဘယ်သူက ကျန်နေပါလိမ့်မည်နည်း။

သားအဖနှစ်ယောက် စကားမပြောနိုင်ဘဲ အတန်ကြာမျှ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်နေကြသည်။ နောက်ဆုံးတော့ မစ္စတာနာသန်က သားဖြစ်သူ၏ လက်ကို လွှတ်လိုက်ပြီးနေရာတွင် ပြန်ထိုင်လိုက်သည်။

"တစ်နေ့တော့ သားလာလိမ့်မယ်ဆိုတာ ဖေဖေသိပါတယ်"

"ကျွန်တော်လည်း လာချင်နေတာ ကြာပါပြီ. . . ဖေဖေ"

"တို့မိသားစုတွေ ဆုံးရှုံးခဲ့တာတွေ တွေးကြည့်ရင်တော့ စိတ်မကောင်းစရာပဲ၊ ဒါပေမယ့် မာနတရား ဆိုတာ ကောင်းကျိုးမပေးပါဘူး. . . သားရယ်"

"လူ့အသိုင်းအဝိုင်းထဲက အပယ်ခံရမှာ ကြောက်တဲ့စိတ်ကို ပြောတာလားဖေဖေ"

ဖခင်ဖြစ်သူက ခေါင်းညိတ်သည်။

"မင်းမေမေနဲ့ ဖေဖေတို့ဟာ သားလေးယောက်ကို ထွန်းထွန်းပေါက်ပေါက် မွေးမြူ ပြုပြင်ပေးခဲ့ကြတယ်။ သားတွေရဲ့ဘဝ သူတို့ရဲ့ ခံစားချက်ကို ဖေဖေသိတယ်၊ နားလည်တယ်လို့ လည်း ထင်ခဲ့ကြတယ်။ ဒါပေမယ့် လက်တွေ့ကျတော့ အဲဒီလိုမဟုတ်ဘူး၊ ထင်တာတွေနဲ့ တခြား တကယ်တော့ တို့တတွေဟာ ဘယ်လောက်ပဲ ကြာကြာပေါင်းပေါင်း တစ်ယောက်အကြောင်း တစ်ယောက်သိဖို့ မလွယ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေဟာ အရာရာမှာ နိုင်းနိုင်းချိန်ချိန် စိတ်ဓာတ်ပြည့်ဝတဲ့ ပုဂ္ဂိုလ်ပါပဲ. . . ဖေဖေ၊ ...ဖေ စိတ်မကောင်းအောင် သားလုပ်မိတာ သားတောင်းပန်ပါတယ်. . . ဖေဖေ"

"ဖေဖေဟာ သားရဲ့ဖေဖေပါ. . . သား"

"ကျွန်တော်အခုလို အမှားလုပ်မိပြီးတဲ့နောက်လည်း ဖေဖေက ကျွန်တော့်ကို ...ချေ့သားလို့ပဲ အောက် မေ့နေသေးသလား. . . ဖေဖေ"

"သား. . . လူဆိုတာ အမှားနဲ့ မကင်းကြပါဘူး၊ ဖေဖေလည်း မှားတဲ့အခါမှားမှာပဲ၊ သားကို ...ဖေ သဘောကျတဲ့ ပုံစံအတိုင်းဖြစ်အောင် အတင်းကြိုးစားခဲ့တာ ဖေဖေ့ အမှားပဲပေါ့၊ ...ဖေကသားကို ဖေဖေ့ သားပဲ သဘောထားခဲ့မိတာကိုး၊ ငါ့သားဟာ ငါ့စိတ်လိုပဲ ရှိလိမ့်မယ်လို့ ...ဖေကယူဆမိတယ်၊ အဲဒါ ဖေဖေ့ အမှားပဲပေါ့"

"သားကျူးလွန်ခဲ့တဲ့ ပြစ်မှုအတွက် သားကို ဖေဖေ မုန်းသင့်ပါတယ် ဖေဖေ၊ ဖေဖေမုန်းတာ ...ရား လည်း တရားပါတယ်"

"ဖေဖေ သားကို မမုန်းပါဘူး . . . သား၊ ဘယ်တော့မှလည်း မုန်းမှာမဟုတ်ဘူး၊ အဲ. . . ...ပေမယ့်. . . ဖေဖေ စိတ်မကောင်းဖြစ်မိတာကတော့ အမှန်ပါပဲ၊ ဒါပေမယ့် အရေးတော့ ...ကြီးပါဘူး၊ ဖေဖေဟာ ဘုရားတရား ကြည်ညိုတဲ့ လူတစ်ယောက်ဆိုတာ သားသိပါတယ်၊ ဒါပေမယ့် ...ရားကျောင်းမှန်မှန်သွားတိုင်း ဘုရား တရားကြည်ညိုတဲ့လူလို့ ဆိုနိုင်ပါဘူး၊ လောကမှာ ပြောသလို ...တဲ့လူက ရှားသားကလား၊ မိဘစကား ကို နားမထောင်တဲ့ သားကိုမှ ပိုပြီးချစ်တတ်ကြတာ ...တာပဲ. . . သား"

"ဒါပေမယ့် . . . အစ်ကိုကြီး မောရစ်နဲ့ ဖိလစ်တို့ကတော့ ဖေဖေ့လို သဘောမထား ...ကြပါဘူး"

"အဲဒါဟုတ်ပါတယ်၊ သူတို့က သူတို့မိန်းမတွေရဲ့ စကားနားထောင်ကြတာကိုး၊ ...ဖေကတော့ . . . အရေးကြုံရင် ငါ့သားတွေအားလုံးရော၊ သူတို့မိန်းမတွေ အားလုံးကိုပါ ...စ်ပေါင်းတစ်စည်းတည်းနဲ့ တစ်သံတည်း ထွက်စေချင်တယ်"

"ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော့်ကို ဖေဖေ နားလည်သဘောပေါက်တာကိုပဲ ကျေးဇူးတင်လို့ ...ဆုံး ပါဘူး"

"ဖေဖေ့မှာလည်း ခံစားချက်ရှိပါတယ် သား၊ ကဲ. . . ဒါတွေက ပြီးခဲ့ကြပါပြီ၊ အနာဂတ် ...တွက်ပဲ ဆွေးနွေးကြရအောင်၊ ဒီစစ်ကြီးပြီးသွားရင် သားတို့လင်မယား ဒီမှာမနေတော့ဘဲ နိုင်ငံခြား ...တွက်သွားတာ ပိုပြီးကောင်းလိမ့်မယ်လို့ ဖေဖေယူဆတယ်"

"ကျွန်တော်လည်း ဒီလိုပဲ စိတ်ကူးမိပါတယ်ဖေဖေ၊ ဒါပေမယ့် ကျွန်တော့် ကလေးတွေ ...တော့ နိုင်ငံခြားသားမဖြစ်စေချင်ဘူး၊ အင်္ဂလိပ်ကလေးတွေပဲဖြစ်စေချင်တယ်ဖေဖေ၊ ဒါနဲ့ ...ဖေ. . . ကျွန်တော့်မိန်းမကို တွေ့ချင်တဲ့စိတ်ရှိရဲ့လားဟင်"

အဘိုးကြီးက ခြောက်နေသော ပါးစပ်ကို ရှယ်ရီတစ်ငုံ ငုံ၍ ဆွတ်လိုက်သည်။ ထို့နောက် ...းနက်စွာ ပြောသည်။

"အချိန်တန်လို့ တွေ့သင့်တဲ့အခါ တွေ့တာပေါ့သား "



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် ကျွန်တော်က မကြာခင် စစ်ထဲလိုက်သွားရတော့မယ် ဖေဖေ၊ အဲဒါကြောင့် သူ့ကို ဖေဖေတွေ့ဆုံပြီး အားပေးစကား ပြောစေချင်ပါတယ်၊ အဲဒါဆိုရင် သူသိပ်ဝမ်းသာဂုဏ်ယူမှာ ဖေဖေ၊ ကျွန်တော်မရှိရင် သူတစ်ယောက်တည်း တော်တော် ဒုက္ခရောက်မှာပဲ၊ သူ့မှာ မိဘဆွေ မရှိကြတော့ဘူး၊ အားကိုးမယ့်လူဆိုရင် ကျွန်တော်တစ်ယောက်တည်းပဲ ရှိတယ်ဖေဖေ၊ ဖေဖေ့ထံ ကျွန်တော်တစ်ခု အနူးအညွတ် တောင်းပန်ချင်တာကတော့ ကျွန်တော့်အပြစ်ကြောင့် မာတင် အပေါ်မှာ ဘယ်လိုမှ ဒွေမယူဖို့ပါပဲ. . . ဖေဖေ"

မာတင် လက်ဖက်ရည်ပွဲယူပြီး ဝင်လာသည်။ လက်ဖက်ရည်ပွဲကို သားအဖ နှစ်ယောက် ရှေ့မှ စားပွဲပေါ်တွင်တင်လိုက်သည်။

"ထားခဲ့ပါ မာတင်၊ ငါကြည့်လုပ်လိုက်ပါမယ့်" အဘိုးကြီးက လက်ဖက်ရည်ပန်းကန်ထဲ လက်ဖက်ရည်ငှဲ့ထည့်နေသည်။

ရှုဘင်က သူ့ဖခင်ကြီးကို ကြည့်ပြီး သက်မတစ်ချက် ချလိုက်သည်။

နောက်ဆုံးမှ အဘိုးကြီးက စကားဆက်၍. . .

"ကောင်းပြီလေ. . . စိတ်ချပါသား၊ သားမိန်းမကို ဖေဖေနဲ့ မေမေတွေ့ပါမယ်၊ ဒါပေမယ့် ဒီအိမ်မှာ တွေ့လို့တော့ မဖြစ်ဘူး"

"ဘာဖြစ်လို့လဲ ဖေဖေ"

"ဒီမှာတွေ့ရင် သူ့အနေနဲ့ တစ်မျိုးကြီးဖြစ်နေမှာပေါ့။ ပြီးတော့လည်း တခြားအိမ်သား တွေလည်း ကျန်သေးတာကိုး" ရှုဘင်အတော်ကလေး စိတ်ပျက်သွားသည်။ သို့သော် အခြေအနေ ကိုတော့ နားလည် လက်ခံပါသည်။

"တို့အိမ်သားတွေထဲမှာ ဖေဖေတို့နဲ့ သဘောမတူတဲ့ လူတွေရှိသေးတယ်" အဘိုးကြီးက ဆက်ပြော သည်။ "ဒါပေမယ့် မိသားစုဟာ မိသားစုပဲ၊ ဒါကြောင့် သားရဲ့မိန်းမ ဒီကို ရောက်လာရင် သူတို့ရှေ့မှာ မနေတတ်မထိုင်တတ်ဖြစ်နေလိမ့်မယ်. . . အဲဒါဆိုရင် သူ့ကို တမင်ခေါ်ပြီး နှိပ်စက် သလို ဖြစ်နေမှာပေါ့"

ရှုဘင်ထိုင်နေရာမှ ထရပ်လိုက်သည်။ ပြီးတော့ ဖခင်ကြီး အနားကပ်သွားပြီး ဖခင်ကြီးကို အားရပါးရ ပွေ့ဖက်လိုက်သည်။

"ကျွန်တော် ဖေဖေ့ကို ဘယ်လိုကျေးဇူးတင်ရမှန်းတောင် မသိတော့ပါဘူး. . . ဖေဖေ ကျွန်တော့် အပေါ်မှာ အခုလို ခွင့်လွှတ်တာကို ကျွန်တော်ဘယ်လိုလုပ်ပြီး ကျေးဇူးပြန်ဆပ် ရပါ့မလဲ. . . ဖေဖေ"

"အို. . . သားရယ်၊ ရပါတယ်ကွယ် ရပါတယ်၊ တို့အနေနဲ့ အချင်းချင်း ခွင့်လွှတ်တတ်မှ သာလျှင် တို့က ဘုရားသခင်ဆီမှာ ခွင့်လွှတ်ဖို့ တောင်းပန်နိုင်ခွင့်ရှိပါတယ်. . . သား၊ ဒါဟာ တို့ယုံကြည်တဲ့ ဘာသာတရားရဲ့ အနှစ်သာရပါပဲ၊ ကဲ ကဲ. . . အချိန်ရှိတုန်း သားမေမေနဲ့ လည်း သွားတွေ့လိုက်ကြရအောင်"



www.burmeseclassic.com

www.burmeseclassic.com



...သားဝတ်စုံဝတ်၍ အိမ်ထဲဝင်လာသော သူ့ယောကျ်ားကို ရုတ်တရက်မြင်လိုက်ရတော့ မာဂဒါမှာ ...ချုပ်သွားသည်။ သူမ မူးမေ့၍များ လဲသွားမလား။ ဒါမှမဟုတ်. . . အော်ပဲ အော်လိုက် ...တော့မလား။ ဒါမှမဟုတ်. . . ဒေါသပေါက်ကွဲပြီး တစ်ခုခုကို ရိုက်ခွဲပစ်ရမလား။ ဘာလုပ်ရမှန်းမသိ ...နေမိသည်။

သူဒီလိုတော့ မလုပ်သင့်ဘူး။ ငါ့ကို အသိပေးဖို့တော့ ကောင်းတယ်၊ ဒါဟာ ငါ့ကို ...ဝရမစိုက်တဲ့ သဘောပဲ၊ ငါက သူ့လိုအင်္ဂလိပ်လူမျိုးမဟုတ်ဘူး၊ ဒီလိုလုပ်တာကို ...တွာမပြုနိုင်ဘူး။

ယင်းသို့တွေးပြီး သူမ တော်တော်ဒေါသထွက်မိသည်။ "ဒါက ဘာလုပ်တာလဲ၊ ...ဘာဖြစ်လို့ ဒီလိုလုပ်တာလဲ" သူကပြင်သစ်စကားနဲ့ အော်ပြောပြီး အိမ်ခန်းထဲ ဝင်ပြေးသွားသည်။ ...ခန်းတံခါးကို ဂျိန်းခနဲ ဆောင့်ပိတ်လိုက်သည်။

"မင်းလုပ်ပုံမကောင်းဘူး. . . ရှဘင်၊ မင်းဒီနေ့ပဲ စစ်ထဲဝင်မယ်ဆိုတာ မင်းမိန်းမကို ...ပြောခဲ့ဖို့ ကောင်းပါတယ်"

မြို့စားကတော်ကြီးက ရှဘင်အား အပြစ်တင်နေသည်။ ရှဘင်က ဒေါသမျက်လုံးနှင့် ...ကြည့်သည်။ မြို့စားကတော်ကြီးက ဆက်မပြောတော့ဘဲ အသာငြိမ်နေလိုက်သည်။

ရှဘင်အိမ်ခန်းထဲဝင်လာခဲ့သည်။ သူက မာဂဒါအား အကျိုးအကြောင်းရှင်းပြရန် ...စ်ဟလိုက် သည်။

မာဂဒါက ရှဘင့်ပါးကို ဖြန်းကနဲ တစ်ချက်ရိုက်လိုက်သည်။

"သွား. . . ရှင် ကျွန်မနားမလာနဲ့၊ ရှင်လုပ်ချင်တာသွားလုပ်၊ သူများကို ဖုတ်လေတဲ့ငါးပိ ...ယ်လို့ တောင် အောက်မေ့ရဲ့လား၊ ရှင်ဒီလိုလုပ်တာ ကျွန်မသိပ်ပြီးဝမ်းနည်းတယ်"

ရှဘင်က မာဂဒါအား ဆွဲဖက်လိုက်သည်။

"ကိုယ့်မိန်းမကလည်း ဒေါသကြီးလိုက်တာကွယ်၊ အေးအေးဆေးဆေး နားထောင်စမ်းပါဦး၊ ...ယ် ရှင်းပြပါရစေဦး၊ တကယ်တော့ ကိုယ်ဒီလိုလုပ်တာ ကိုယ်မှားပါတယ်၊ ကိုယ်ဝန်ခံပါတယ်၊ ...ကို တိုင်ပင်ပြီးမှ လုပ်ဖို့ကောင်းတာအမှန်ပါ၊ ဒါပေမယ့်. . ."

"တော်စမ်းပါ. . . ရှင်က ကျွန်မကို လုံးဝ ထည့်တွက်တာမှမဟုတ်ဘဲ၊ ကျွန်မကို ...တစ်ယောက်လို့မှ အောက်မေ့သေးရဲ့လား. . . ဟင်၊ ရှင်ဒီလိုလုပ်တာ ကျွန်မအနေနဲ့ ...ယ်လောက်အထိခံစားနေရမယ်ဆိုတာ စဉ်းစားမိရဲ့လား၊ သူတို့ခေါ်တဲ့အထိ မစောင့်ရဘဲ ...သွားဝင်တာ ဘာသဘောလဲ၊ ရှင်ကသေမင်းကို သူငယ် ချင်းများမှတ်နေလား၊ မြန်မြန် ...ချင်လို့ ဒီလိုလုပ်တာလား၊ ရှင်တို့အင်္ဂလိပ်တွေက တော်တော်တုံးတာပဲ. . ."

သူမက ဒေါသတကြီးပြောပြီး ရှိုက်ငိုနေသည်။

ရှဘင်က သူမအား ရင်ခွင်ထဲ ဆွဲသွင်းလိုက်သည်။

"ကိုယ်ပြောတာ နားထောင်ပါဦး. . . မာဂဒါ၊ ကိုယ်က အကြောင်းမဲ့ သက်သက်မဟုတ်ဘူး၊ ...သင့် တဲ့၊ လုပ်ရမယ့်အလုပ်မို့ လုပ်တာပါ"

"ဒါပေမယ့် ရှင် ဒီလောက်ထိ မလောသင့်ဘူး။ ပြီးတော့ ကျွန်မကိုလည်း ပြောသင့်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



သူမက တသိမ့်သိမ့် ငိုနေသည်။

"မင်းကို ပြောရင် မင်းက ငါ့ကို တားမှာပေါ့"

"ကျွန်မဆိုလိုတာက စစ်ထဲ ရှင်မဝင်ဘဲ နေရင်လဲ ရပါတယ်။ ရှင့်အဖေက ဩဇာရှိ ပုဂ္ဂိုလ်ပဲ မဟုတ်လား"

"ဒါက တစ်ပိုင်းပဲ . . . မာဂဒါ၊ အင်္ဂလန်ဟာ ကိုယ့်ရဲ့မိခင်နိုင်ငံ၊ ကိုယ့်နိုင်ငံ ကိုယ်ကာကွယ်ရ မယ်၊ ဒါဟာ ကိုယ့်ရဲ့သမိုင်းပေးတာဝန်ပဲ"

"ရှင်အဲဒီလို လုပ်ရင် ကျွန်မကို စွန့်သွားရာ မရောက်ဘူးလား"

"ဒါက. . . ဒီလိုရှိတယ်. . . မာဂဒါ၊ အခုအချိန်မှာ ကမ္ဘာစစ်ကြီးဖြစ်နေပြီ။ တို့ ဘာမှလုပ်တာ မဟုတ်ဘူး၊ ဒါပေမယ့် တို့လည်း စစ်ကြီးထဲ ပါဝင်နေကြပြီ၊ တခြားသန်းပေါင်း များစွာသော ပြည်သူတွေလည်း စစ်ကြီးထဲပါဝင်နေကြပြီ၊ သူတို့က စစ်ကိုလုံးဝမလိုလားကြပေမယ့် စစ်ကြီးထဲ ပါဝင်နေကြရပြီ၊ ဒါ. . . ရှောင်လို့ မရတဲ့ တိုင်းရေးပြည်ရေး ကိစ္စကြီးပဲ"

မာဂဒါက ရှုဘင့်မျက်နှာကို စိုက်ကြည့်နေသည်။ ပြီးတော့ . . . စိတ်လိုက်မန်ပါ နမ်းရှုပ်သည်။

"မောင်ကရှေ့နေကြီးဆိုတော့ သိပ်ပြီးစကားတတ်တာပဲ၊ မောင်ပဲ အမြတ်မ်းအနိုင်ယူတာ မောင့်ကို ပါးရိုက်မိတာခွင့်လွှတ်ပါ. . . မောင်ရယ်၊ ကျွန်မတို့ ရှုမေးနီးယားမှာဆိုရင် ဒီလိုလုပ်တဲ့မိန်းမ ယောကျ်ားက သေ အောင် ရိုက်ပစ်လိုက်မှာ သေချာတယ်"

"ဒါက ရှုမေးနီးယားမှ မဟုတ်တာပဲ၊ အင်္ဂလန်ပဲ . . . ပြီးတော့ မင်းရိုက်တာကလည်း နာ မနာပဲ"

ရှုဘင်က ပြုံးပြီးပြောသည်။

နောက်တစ်နေ့ နံနက်တွင် မြို့စားကတော်ကြီး အခန်းထဲသို့ မာဂဒါပြေးဝင်လာသည်။ မြို့စားကတော် ကြီးက အံ့ဩနေသည်။

"ဘယ်လို ဖြစ်လာတာလဲ. . . မာဂဒါ၊ မနေ့ကကျတော့ ငိုချင်းကြီးချလို့ . . . ၊ က ကတော့ အပျော် လုံး ဆို့လို့ပါလား"

"အို. . . မနေ့ကတော့ မနေ့ကပဲ. . . အန်တီ၊ ဒီနေ့က ဒီနေ့ပဲဟာ၊ ဒါနဲ့ ကျွန်မသိ ဝမ်းသာတာပဲ အန်တီ၊ အန်တီ့ကို ပြောချင်လွန်းလို့ အခုလို ပြေးလာခဲ့တာ သိလား၊ ကျွန် ဘာကြောင့် ဝမ်းသာနေတယ်ဆိုတာ အန်တီမှန်းမိရဲ့လားဟင်"

"သားသားလေး ရတော့မှာ မို့လားကွယ်"

"ဟင့်အင်း. . . ဟင့်အင်း. . . အဲဒါလုံးဝမဟုတ်ဘူး၊ ကလေးရတော့မှမို့ မဟုတ်ပါဘူး အန်တီရဲ့၊ အခုကိစ္စက ဒါ့ထက်အရေးကြီးတာ. . . ဘာလဲ. . . သိလား၊ မောင့်မိဘတွေ ဒီ ကျွန်မတို့အိမ်ကို လာလည် ကြမယ်တဲ့ အန်တီရဲ့၊ သူတို့လာလည်ကြတော့မယ်သိရလို့ ကျွန်မတော့ ဘယ်လိုပျော်မှန်းမသိဘူး အန်တီ"



www.burmeseclassic.com

www.burmeseclassic.com



"တကယ်ပြောတာလားဟင်၊ အန်တီတော့ နားရှိလို့သာ ကြားရပါတယ်ကွယ်၊ လုံးဝ ယုံနိုင်အောင် ပါပဲ"

"တကယ်ပါ အန်တီရဲ့၊ ကျွန်မက အန်တီ့ကို အလကား လိမ်ပြောပါ့မလား"

"အဲဒီတော့ ဘယ်သူတွေပါဦးမှာလဲ၊ သူ့မိဘတွေပဲလား"

"မဟုတ်ဘူး၊ သူ့အစ်ကိုလေး လီယွန်နဲ့ သူ့မရီး ဒီဘိုရာတို့လည်း ပါမယ်တဲ့"

"ငါ့တူမကြီးကတော့ ကံကောင်းတာပဲကွယ်၊ ဒါနဲ့ ဒီလိုဖြစ်လာတာက ဘယ်လို ဖြစ်လာတာလဲ၊ ဘယ်တုန်းကလဲ"

"မနေ့ကပဲ . . . အန်တီရဲ့"

"ကဲ. . . ပြောစမ်းဦး၊ ဘယ်သူကလုပ်လိုက်တာလဲ"

"မောင်က သူ့အစ်ကိုလေး လီယွန်နဲ့ မနေ့က သွားတွေ့တယ်၊ အားလုံးအဆင်ပြေတယ်၊ ပြီးတော့ သူ့မိဘတွေနဲ့လည်း သွားတွေ့သေးတယ်"

"ဟင်. . . သူ. . . မိဘတွေနဲ့ သွားတွေ့တယ်. . . ဟုတ်လား"

"ဟုတ်တယ်၊ တကယ်သွားတွေ့တယ်၊ သူ့မိဘတွေက သူ့ကို လုံးဝ စိတ်မဆိုးဘူးတဲ့၊ စိတ်ဆိုးလို့ပဲ ကျွန်မနဲ့တောင် လာတွေ့ဦးမယ်လေ၊ ဒါနဲ့ . . . ကျွန်မဘယ်အဝတ်အစား ဝတ်ရမလဲ. . . ဟင် . . . အန်တီ"

မြို့စားကတော်ကြီးကရယ်သည်။

"အံမယ်လေးဟယ်. . . . ယောက္ခမနဲ့ တွေ့မယ့်ဥစ္စာ. . . ဒါကိုပဲ စဉ်းစားနေရသတဲ့လား"

"ဒါဖြင့် ကျွန်မဘာကို စဉ်းစားရမှာလဲ အန်တီရဲ့. . .၊ အဝတ်အစား ကောင်းကောင်း ဝတ်ပြီးတွေ့မှ သူတို့က သဘောကျမယ် မဟုတ်လား"

"နေစမ်းပါဦး . . . မာဂဒါရယ်၊ အန်တီမေးတာ ဖြေစမ်းပါဦး၊ သူတို့က ဒီကို ဘာလာလုပ်ကြမယ် တဲ့လဲ"

"ဘာလာလုပ်ရမှာလဲ. . . အန်တီရဲ့၊ သူတို့ချွေးမချောလေးကိုလာကြည့်ကြမှာပေါ့၊ အန်တီကလည်း သိပ်ရှော်တာပဲ၊ ဒါလောက်မှ မစဉ်းစားမိဘူးလား၊ သူတို့က ကျွန်မကို ကြည်ကြည် ဖြူဖြူ သဘောတူကြလို့ အခုလို လာကြည့်ကြမှာပေါ့"

"အန်တီတော့ . . . အဲဒီလို လုံးဝ မစဉ်းစားမိပါဘူးကွယ်"

"ဟင်. . . အန်တီကလည်း၊ ကျွန်မကိုပဲ အမြဲတမ်းစိတ်ညစ်အောင် လုပ်နေတာပဲ၊ ကောင်းသာစရာ စကားတစ်ခွန်းမှ မပြောဘူး၊ ဒါကြောင့်မို့ . . . တစ်ခါတစ်လေ အန်တီ့ကို ကျွန်မ မုန်းမိတယ်. . . သိလား"

"အန်တီလည်း သိပါတယ်ကွယ်၊ ဒါပေမယ့် . . . အန်တီကတော့ ငါ့တူမအပေါ်မှာ ဘယ်လိုမှ သဘောမထားပါဘူး၊ အမြဲတမ်းခွင့်လွှတ်ပြီးသားပါ"

"ဒါနဲ့ . . . အန်တီက ဘာကြောင့်များ အခုလို မကောင်းတဲ့ဘက်ကချည်း ရပ်ပြီး ပြောနေရတာလဲ . . . ဟင်"

"ဘာဖြစ်လို့လဲဆိုတော့ သူတို့က တူမကို လက်ခံရင် သူတို့အိမ်ကို ဖိတ်မှာပေါ့၊ ခုတော့



www.burmeseclassic.com

www.burmeseclassic.com



. . ."

မာဂဒါက ဒေါသအိုးပေါက်ကွဲသွားကာ မြို့စားကတော်ကြီးအား ခေါင်းအုံး ပစ်ပေါက်လိုက်သည်။

"ဟင် . . . အန်တီမကောင်းဘူး၊ သူများကို မနာလိုဖြစ်နေတယ်၊ အန်တီက သူ စိတ်ချမ်းသာတာ မမြင်ချင်ဘူး . . . . မဟုတ်လား"

"ထိုင်စမ်းပါဦး မာဂဒါရယ်၊ စိတ်လိုက်မန်ပါလုပ်တာကို အန်တီမကြိုက်ဘူး၊ ရှုဘင်က ကြိုက်ချင် ကြိုက်လိမ့်မယ်"

မာဂဒါက ပြန်ထိုင်ပြီး . . .

"ကဲထိုင်ဆိုလည်း ထိုင်ပါမယ်၊ အန်တီက ဘာပြောချင်လို့လဲ၊ ပြောစမ်းပါဦး"

"အန်တီပြောချင်တာက . . . ဒီလိုပါ၊ ရှုဘင့်မိဘတွေက တူမကြီးကို လက်ခံကြပြီ မဆိုနိုင်သေးဘူး၊ ဘာဖြစ်လို့လဲဆိုရင် သူတို့က လက်ခံရင်သူတို့အိမ်ကို ဖိတ်ခေါ်ရမှာမို့လို့ပါ"

"ဘာထူးလို့လဲ . . . သူတို့လာလည်း အတူတူပဲပေါ့"

"မတူဘူး . . . မာဂဒါ၊ မတူဘူး၊ အခု သူတို့က သူတို့သဘောနဲ့ သူတို့လာမှာမဟုတ် ရှုဘင်က အတင်းမရမက တောင်းပန်လို့ လာကြမှာ၊ အန်တီက အဲဒီလိုပဲ ယုံကြည်တ ယုံကြည်တဲ့အတိုင်းပဲ ဟုတ်ကို ဟုတ်မှာပဲ"

မာဂဒါသည် မြို့စားကတော်ကြီး၏ စကားကို ဆက်နားမထောင်တော့ အိမ်ခန်းထဲသို့ဝင်လာခဲ့ပြီး တံခါးကို ဂျိန်းကနဲ ပြန်ပိတ်လိုက်သည်။

နေ့လယ်စာစားချိန်ကျတော့ မာဂဒါစိတ်ကောက်ပြေသွားပြီ။ မြို့စားတော်ကြီးအပေါ်တွင်လည် မနက်တုန်းကလို ဒေါသထွက်ခြင်း လုံးဝ မရှိတော့။ သူမ၏မျက်နှာသည် ပကတိအတိုင်း ကြည်လ ပြုံးရွှင်လျက် ရှိနေပြီ။

"ဒါနဲ့ . . . အန်တီ၊ အရေးကြီးတာက အန်တီ့ကို မေးရဦးမယ်၊ မောင့်မိဘ လာမယ်ဆိုတော့ ကျွန်မ ဘာအဝတ်အစားဝတ်ရင် ကောင်းမလဲ . . . ဟင်"

"ဘာအဝတ်အစား ဝတ်ရင်ကောင်းမလဲ . . . ဟုတ်လား။ သာမန် ဝတ်ရိုးဝတ် အတိုင်းဝတ်ပါ။ ကိုယ့်ကိုယ်ကို မြို့စားကတော်တစ်ယောက်ပုံမျိုးမဝတ်နဲ့၊ ဒါပေမယ့် ကိုယ်ဝ ထားတဲ့တွေဟာ ကိုယ်နဲ့လိုက်ဖက်ပါစေ၊ ဣန္ဒြေရပါစေ၊ ကျက်သရေရှိပါစေ၊ သပ်သပ်ရပ် ကြော့ကြော့ရှင်းရှင်းရှိပါစေ၊ ကြွားကြွားဝါဝါ သဘောမဖြစ်ပါစေနဲ့၊ ပြီးတော့ . . . စကားပြော အခါမှာလည်း ပြင်သစ်သံမပါအောင်ဆိုပြီး အတင်းကြိုးစား မပြောပါနဲ့၊ ဝဲချင်သလောက်ဝဲပါ ကိုယ်တတ်ထားတဲ့ အင်္ဂလိပ်စကားနဲ့ပဲ တတ်သလောက်ကို ရိုးရိုးသားသား ပြောပါ။ သူတို့က တူမ အထင်မသေးပါဘူး၊ ကိုယ်က အင်္ဂလိပ်လူမျိုးမှမဟုတ်တာပဲ၊ သူတို့လောက် ဘယ်ပီသ နိုင်ပါ့ ဒါကိုသူတို့က သဘောပေါက်ပြီးသားပါ"

သို့ဖြင့် . . . မြို့စားကတော်ကြီး၏ အကြံပေးချက်အတိုင်းပင် မာဂဒါသည် စောကြီး



www.burmeseclassic.com

www.burmeseclassic.com



ကြတင်၍ ဝတ်စားပြင်ဆင်ထားသည်။ အဝတ်အစားဝတ်ဆင်ပြီးတော့ သူမတော်တော် လှုပ်ရှားနေသည်။ ဂနာမငြိမ်ဖြစ်နေသည်။ အခန်းထဲတွင်လမ်းလျှောက်လိုက်၊ မီးဖိုခန်းထဲဝင်လိုက်၊ ဧည့်ခန်းထဲ ပြန်လာလိုက်နှင့် မနေတတ် မထိုင်တတ် ဖြစ်နေသည်။

လက်ဖက်ရည်ပွဲပြင်ထားသော ပန်ကန်များကို ထပ်တလဲလဲစစ်ဆေးပြင်ဆင်သည်။ ဓာတ်ပုံ ပုံကားချပ်များကို နေသားတကျ ပြန်ချိတ်သည်။ ပန်းအိုးတွေကို မျက်စိပသာဒလှအောင် ၍စီစဉ်သည်။

သူ့ကိုယ်သူလည်း မှန်ရှေ့တွင် ခဏခဏသွားရပ်ပြီး ဝတ်စားထားတာ အဆင်ပြေမပြေ ကြည့်သည်။ သူရွေးထားသောဝတ်စုံကို သူတော်တော်သဘောကျသည်။ မြို့စားကတော်ကြီးနှင့် မဆုံးတွေ့ဆုံသော နေ့က ဝတ်ခဲ့သော ဝတ်စုံကိုပင် ဝတ်ထားခြင်းဖြစ်သည်။ ထိုနေ့တုန်းကတော့ မဝတ်စားထားတာ တော်တော် အောက်တန်းကျသည်ဟု ထင်ခဲ့သည်။

ယနေ့တော့ . . . ယင်းသို့ မထင်မှတ်တော့ ။ အသင့်တော်ဆုံးအဝတ်စားများကို ရွေးချယ် ဆင်ထားသည်ဟု ထင်သည်။

သူမက ရှုဘင်ကို ကြည့်လိုက်သည်။ ရှုဘင်က သူ့ဇနီးချောလေးအား တစ်စိမ့်စိမ့်ကြည့်ကာ ပြုံးနေ သည်။

"မောင့်မိဘတွေက ကျွန်မကို သဘောကျမယ်လို့ထင်လား. . . မောင်"

"သဘောကျရုံတွင်မကဘူး သူတို့ မင်းကို ချစ်ကြလိမ့်မယ် "

မာဂဒါက ပြုံးလိုက်သည်။

"ချစ်ဖို့ဆိုတာကတော့ သိပ်ပြီးမျှော်လင့်ရာရောက်ပါလိမ့်မယ် . . . မောင်၊ ကျွန်မတော့ ချစ်ရင် လည်းနေပါ၊ မောင့်ဇနီးအဖြစ် သူတို့က အသိအမှတ်ပြု လက်ခံမယ်ဆိုရင်ပဲ ဝမ်းသာပါပြီ"

ထိုအခိုက် တံခါးဝမှ လူခေါ်ခေါင်းလောင်းသံ ပေါ်ထွက်လာသည်။ မာဂဒါသည် ပင့်သက် ချက် ရှိုက်လိုက်ပြီးတော့ ရှုဘင့်နောက်မှလိုက်ကာ အိမ်ရှေ့ခန်းသို့ ထွက်လာခဲ့သည်။

အိမ်ဖော်အယ်နီက ဧည့်သည်များအား တံခါးဖွင့်ပေးသည်။

မစ္စတာနာသန်ဟက်နှင့် မစ္စက်ဆာရာဟက်တို့ ဝင်လာကြသည်။ သူတို့နောက်မှ ဟွန်နှင့် ဒိဘိုရာတို့လည်း ဝင်လာကြသည်။

"မေမေ. . . ဖေဖေ. . . ခရီးရောက်မဆိုက်ပဲ ကျွန်တော်မိတ်ဆက်ပေးပါရစေ၊ . . . ကျွန်တော့် ဇနီး မာဂဒါ"

မာဂဒါက ပြုံးလိုက်ပြီး မစ္စက်ဆာရာဟက်ဆီသို့ လက်ကမ်းပေးကာ. . .

"ကျွန်မ ဒီနေ့ကို မျှော်နေတာကြာပါပြီ မေမေ" ဟုပြောလိုက်သည်။ ပြီးတော့ မစ္စတာ နာသန်ဟက် ဘက်သို့ လှည့်လျှက်. . . "ကျွန်မတို့နှစ်ယောက်ကို စိတ်ချမ်းသာမှုရှိအောင် ဆောင်ခဲ့တဲ့အတွက် ဖေဖေ့ကို အများကြီး ကျေးဇူးတင်ပါတယ်"ဟုပြောလိုက်ပြီးတဲ့နောက် ဘိုရာကိုတော့ "မမကို အခုလိုတွေ့ရတာ ညီမ အများကြီးဝမ်းသာမိပါတယ်၊ မမအကြောင်းကို မောင်ကပြောပြလို့ လူချင်းမဆုံခင်ကပင် ခင်မင်ရင်းနှီးနေမိပါတယ် မမ"ဟု ပြောလိုက်သည်။ ကလေးကို လမ်းမှာတွေ့ရင်လည်း ကျွန်မကောင်းကောင်းမှတ်မိမှာပဲ၊ မောင်နဲ့ အစ်ကိုလေးတို့



www.burmeseclassic.com

www.burmeseclassic.com



ညီအစ်ကိုနှစ်ယောက်က သိပ်ပြီးရုပ်ချင်းဆင်တာပဲ"

မာဂဒါ၏ အမူအရာသည်လည်းကောင်း၊ စကားအပြောအဆိုသည်လည်းကော အားလုံးအဆင်ပြေနေသည်။ ရှာဘင်က သူ့ဇနီးလေးအား ပြုံးပြီး အကဲခတ်နေသည်။ သူမသ ဇာတ်တိုက်ထားသလို အကွက်မိမိဖြင့် ဆောင်ရွက်သွားသည်။

သူမက ပြောလိုက်သည်။

"ကဲ. . . အားလုံး ဧည့်ခန်းထဲသွားကြရအောင်လား"

ဧည့်သည်များကိုမြင်တော့ မြို့စားကတော်ကြီးက ထိုင်ရာမှ ထရပ်လိုက်သည်။

"ဖေဖေ. . . မေမေ. . . ဒါကတော့ မာဂဒါရဲ့ အန်တီ၊ ဘိုလတ် မြို့စားကတော် ဟုရှာဘင်က မိတ်ဆက်ပေးလိုက်သည်။ မြို့စားကတော်ကြီးကလည်း ဧည့်သည်များအား ယဉ် ရည်မွန်စွာဖြင့် တစ်ဦးချင်း ပြန်လည်၍ နှုတ်ဆက်သည်။

အားလုံးနှုတ်ဆက်ပြီးတော့မှ စားပွဲတွင် ဝင်ထိုင်ကြသည်။

ထို့နောက်တွင် ရှယ်ရီ ဖျော်ရည်ဖန်ခွက်ကို ကိုယ်စီကိုင်မြှောက်လျှက် "စစ်ကြီးမြန် ပြီးဆုံးပါစေ"ဟု ဆုတောင်းကြသည်။

အဖျော်ယမကာ သောက်ရင်းဖြင့် လန်ဒန်မြို့တွင် ဖြစ်ပေါ်နေသော နိုင်ငံရေး အ အနေများ၊ ပြင်သစ်နိုင်ငံမှလာသော ကောလာဟလသတင်းများအကြောင်း ပြောဆို ဆွေး ကြသည်။ ပြီးတော့ မြို့စားကတော်ကြီး အနေဖြင့် အင်္ဂလန်တွင် နေထိုင်ရတာ ပျော်ပါရဲ့လာ ဟုတ်ကဲ့. . . ပျော်ပါတယ်၊ ကြည့်စရာရှုစရာတွေက လည်း အများကြီးပဲ၊ ပြဇာတ် ကုန်တိုက်ကြီးတွေ၊ ပြတိုက်ကြီးတွေစုံလို့ပါပဲ။ မာဂဒါကရော လန်ဒန်မှာ နေရတာ ဘယ်လို ဟုတ်ကဲ့. . . ပျော်ပါတယ်ရှင်။ အလျှင်ကရော လန်ဒန်ကို ရောက်ဖူးသလား။ မရောက်ဖူးပါ ရှုမေးရီးယားမှာပဲ မွေးဖွားကြီးပြင်းခဲ့ပါတယ်။ နောက်တော့ မိဘတွေဆုံးသွားပြီးတဲ့နော အဒေါ်ဖြစ်သူ မြို့စားကတော်ကြီးနဲ့ပဲ နေလာခဲ့ပါတယ်. . . စသည့်ဖြင့် မေးမြန်းစုံစမ်းကြသည်

မြို့စားကတော်ကြီးက ဇာလက်ကိုင်ပုဝါထုတ်ပြီး နဖူးကို ချွေးသုတ်သည်။ လက် ရည်ပွဲပြင်ရန် အချိန်ကျပြီဟု မာဂဒါအား အရိပ်ပြလိုက်ခြင်းပင်ဖြစ်သည်။

မာဂဒါက အလိုက်သိစွာဖြင့် စားပွဲပေါ်မှ ခေါင်းလောင်းကို တီးလိုက်သည်။ မကြာမီ လက်ဖက် ရည်ပွဲကို တွန်းလှည်းနှင့် တွန်း၍ အိမ်ဖော်အယ်နီ ဝင်လာသည်။

မာဂဒါသည် ဧည့်သည်များအတွက် လက်ဖက်ရည်ငှဲ့ပေးသည်။ ဒီဘိုရာက မာဂ လှုပ်ရှားမှု မှန်သမျှကို စေ့စေ့စပ်စပ် အကဲခတ်နေသည်။ ရှာဘင် မိန်းမရွေးတာ မမှားဟု ကို မှတ်ချက်ချမိသည်။ လီယွန်က ညီဖြစ်သူ၏ ပြုံးနေသော မျက်နှာကိုကြည့်ကာ သဘောကျနေသ ညီတော်မောင်၏ ဆုံးဖြတ်ချက် မှန်သည်ဟုလည်း သဘောရသည်။

နောက်ဆုံး ဧည့်သည်များပြန်ရန် ထိုင်ရာမှထသည်။

ဒီဘိုရာက မာဂဒါအား ပြောလိုက်သည်။

"ညီမတို့သုံးယောက်ကို လည်း ညစာကောင်းကောင်း ဖိတ်ကျွေးချင်ပေ သိပ်မကြာခင်မှာဆိုပါတော့"



www.burmeseclassic.com

www.burmeseclassic.com



သူမက မာဂဒါ၏ ပါးပြင်နှစ်ဖက်ကို နမ်း၍ နှုတ်ဆက်လိုက်ပြီး "ခုလိုဆုံရတာ မမတို့ ကြီး ဝမ်းသာပါတယ်. . . ညီမရယ်. . ."

"ကျုပ်ကလည်း ညစာစားပွဲအတွက် ကြိုဆိုပါတယ်ဗျား"

လီယွန်က ပြောလိုက်သည်။

"ကဲ. . . ဂွတ်နိုက်. . . ဖေဖေတို့ပြန်လိုက်ဦးမယ်၊ သမီး ခုလိုလက်ဖက်ရည်ပွဲနဲ့ ညှော်ခံတာ ကျေးဇူးတင်ပါ့ဗျာ"

မစ္စတာနာသန်က ပြောသည်။

နောက်ဆုံး. . . မစ္စက် ဆာရာဟက်က. . .

"သမီးက အလွန်ကျက်သရေရှိတဲ့ မိန်းကလေးပဲ၊ အမေ့သားကို စိတ်ချမ်းသာအောင် တာ ကျေးဇူးပါပဲကွယ်"

အိမ်ရှေ့တံခါးပြန်ပိတ်လိုက်ပြီးနောက် ရှုဘင်က မာဂဒါအား ပွေ့ချီကာ အခန်းထဲတွင် ပတ် လည် ကခုန်နေသည်။

"အင်း. . . တို့မြို့စားကတော် တူမကလေးကတော့. . . စံတင်လောက်ပါပေတယ်ကွယ်"

"အံမယ်လေး. . . ဒါတော့ တောင်းပန်ပါတယ် အန်တီရယ်၊ ကျွန်မကို ကျေးဇူးပြုပြီး သိုတော့ မခေါ်လိုက်ပါနဲ့၊ ကျွန်မက အင်္ဂလန်နိုင်ငံ၊ လန်ဒန်မြို့က မာဂဒါဟက်ပါ၊ မိန်းကလေးတစ်ယောက်ပါ"

"ကောင်းပါပြီ. . . ကောင်းပါပြီ၊ လန်ဒန်မြို့က မာဂဒါရယ်၊ ညည်းအတွက် တို့က ယူပါတယ်။ ဒီနေ့ ညည်းလုပ်လိုက်တာ အလွန်တော်ပါပေတယ်ကွယ်. . . ."

တော်ကြီးက ဝမ်းမြောက် ဝမ်းသာ ရယ်ရယ်မောမော ပြန်ပြောလိုက်သည်။

"ဒါနဲ့ သူတို့က ကျွန်မကို တကယ်သဘောကျသွားကြသလားဟင်"မာဂဒါက ကလေး မေး လိုက်တော့. . . ရှုဘင်က. . .

"သဘောကျရုံတွင်မကဘူး အမိရယ်၊ ကျုပ်ပြောခဲ့တဲ့အတိုင်း သူတို့က . . . ဟောဒီ. . . ဒီ ကျုပ်မယားချောလေးကို တကယ်ကို ချစ်သွားကြပါပြီတဲ့ခင်ဗျား"

ရက်သတ္တနှစ်ပတ်ကြာတော့ ရှုဘင့်အတွက် စစ်တပ်မှ အမိန့်စာ ရောက်ရှိလာသည်။

မနက်ဖြန်တွင် သူစစ်ရုံးသို့ သတင်းပို့ရတော့မည်။

ထိုနေ့ညတွင် အိပ်ရာဝင်တော့ ရှုဘင်က သူ့ပါးစပ်ကို မာဂဒါ၏ နားဝကပ်ပြီး လေးပြောသည်။

"မာဂဒါ . . . ကိုယ်. . . ကလေးလိုချင်ပြီကွယ်. . . ကိုယ်တို့နှစ်ယောက်ရဲ့ သွေးကလေးကို လိုချင်ပြီ. . . အချစ်ရယ်"

မာဂဒါက ငြိမ်နေသည်။ သည်ကိစ္စကို သူတို့ နှစ်ယောက် တစ်ခါဖူးမျှ မပြောခဲ့ကြစဖူး မှ ရှုဘင်က ထူးထူးခြားခြား ပြောလာသည်။ မာဂဒါကတော့ . . . ကလေးမလိုချင်သေး



www.burmeseclassic.com

www.burmeseclassic.com



အထူးသဖြင့် . . . အခုလို လူတိုင်း စိတ်ဆင်းရဲနေရသော စစ်ကာလမျိုးတွင် ကလေးမယူချ သို့ပေမယ့် . . . ရှုဘင်၏ ပြင်းပြသော ဆန္ဒကိုလည်း သူမ မပိတ်ပင်ချင်။ သို့နှင့် . . . သူမ မယုတ်မလွန် ပြန်ပြောသည်။

"မောင်ပြန်လာတဲ့အခါ ရမှာပေါ့ . . . မောင်ရယ်"

"အို . . . အဲဒီလို မလုပ်ပါနဲ့ကွယ် . . . မောင်အခုပဲလိုချင်လို့ပါ . . . အချစ်ရယ်"

ကံမကောင်းလျှင်သူက ပြန်ရောက်ချင်မှ ရောက်တော့မည်။ သို့ဖြစ်လျှင် အမွေခံ သားသ တစ်ယောက်တလေမျှ မကျန်ရစ်ဘဲ ဖြစ်တော့မည်။ သားသမီးတစ်ယောက်ယောက် ကျန်ရစ်ခဲ့ပါ သူမရှိတော့တောင်မှ မာဂဒါအတွက် ပူစရာမလိုတော့။ သူ့ကိုယ်စား မျိုးဆက်အ တစ်ယောက်ယောက်ကျန်ရစ်ခဲ့ပေမည်။ "ဘယ့်နှယ်လဲ . . . ဟင်၊ ကိုယ်ပြော သဘောတူတယ်မဟုတ်လား . . . အချစ်ရယ် . . .၊ သဘောတူပါ ကွယ်၊ အဲဒါဆိုရင် ကိုယ့်အ ပျော်မဆုံးတော့ပါဘူး . . . အချစ်ရယ် "

"အို . . . မောင်ရယ်၊ ကျွန်မ ပြောတာက ဒီအချိန်ဟာ ကလေးမွေးသင့် အချိန်မဟုတ်ဘူးဆိုတာ ပြောတာပါ . . . မောင် "

"အမှန်က ဒီအချိန်ဟာ တကယ်ကလေးမွေးသင့်တဲ့ အချိန်ပါပဲကွယ်၊ ဒါနဲ့ . . . အချစ် ကလေး မလိုချင်လို့လား . . . ဟင်"

"လိုချင်ပါတယ် . . . မောင်ရယ်၊ ဒါပေမယ့် မောင်က စစ်ထဲလိုက်ရတော့မယ်ဆို . . . ."

"အဲဒါကြောင့် မောင်က ပိုပြီး လိုချင်တာပေါ့ကွယ်"

မာဂဒါက ဘာမျှပြန်မပြောတော့။ ရှုဘင် ပြောသမျှကို "တုံဏှိဘာဝေ" သ နားထောင်နေလိုက်တော့ သည်။ သဘောကတော့ ရှုဘင်၏ဆန္ဒအတိုင်း လိုက်လျှောခြင်းပင် . .

အခုလို အလျှော့ပေးလိုက်ရသည့်အတွက် သူမကိုယ်သူမ မကျေမနပ် ဖြစ်မိသ တကယ်တော့ သူ့ဘဝသည် ယခုမှ စကာစရှိသေးသည်။ ဘဝအစတွင်ပင် ရှုဘင်က စစ်မြေပြင် ထွက်သွားတော့မည်။ အကယ်၍များ သူပြန်ရောက်မလာလျှင် တစ်ပြည် တစ်နိုင်ငံတွင် လူမ ကလေးတွဲလောင်းနှင့် သူမ ဘယ့်နှယ်စခန်းသွားရပါ့။

နောက်ဆုံးတော့ . . . ဩော် . . . နောင်ခါလာ နောင်ခါစျေး၊ . . . ကံတ အတိုင်းပါပဲလေ . . . ဟုပင် ကိုယ့်ကိုယ်ကိုယ် ဖြေသိမ့်ရတော့မည်။

နောက်တစ်နေ့တွင် . . . ရှုဘင်အား မာဂဒါ၊ မစ္စတာနာသန်နှင့် လီယွန်တို့ ဘူတာသို့လိုက်ပို့ကြ သည်။ သူတို့လိုပင် တစ်ခြားလူတွေလည်း အများကြီး . . .။

လင်မယားတွေ ဖက်ရမ်းနမ်းရှုပ်ကြသည်။ မှာစရာရှိတာတွေ တတွတ်တွတ် မှာကြားကြသည်။ ဖခင်တွေက ကလေးတွေကို ပွေ့ဖက်ရင်းရထားပေါ်တက်ရန် နောက် တငင်ငင်ဖြစ်နေကြသည်။ ရထား စထွက်တော့ အမေတွေ၊ အစ်မတွေ၊ ညီမတွေ၊ ဇနီးမယားတွေ စကြီးပေါ်တွင်ရပ်နေရာမှ မျက်ရည်စက်လက် နှင့် လက်ပြနှုတ်ဆက်ကြသည်။

မစ္စတာနာသန်က စကြီတွင်ရပ်ကာ ရှုဘင့်ကို စိုက်ကြည့်နေရာမှ လီယွန်ဆီသို့မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



တိုက်သည်။လီယွန်မှာလည်း အရပ်သားတစ်ယောက်မဟုတ်တော့၊ ဘုရင့်ရေတပ်မတော် ဝတ်စုံဖြင့် ရေတပ်ဗိုလ်လေးတစ်ဦး ဖြစ်နေလေပြီ။ သို့သော်ဖခင်ကြီးက သားဖြစ်သူအား ရေတပ်ဗိုလ်အဖြစ်မမြင်။ သာမန်လူသား တစ်ယောက်အနေဖြင့်သာမြင်နေသည်။ သူ၏ ရင်သွေး တစ်ယောက်အဖြစ်သာမြင်နေသည်။ သူ့သားများသည် စစ်မြေပြင်သို့ ထွက်သွားကြတော့မည်။သူလည်း သူ့ငယ်ဘဝတုန်းက ဘိုးဝါးစစ်ပွဲသို့လိုက်ခဲ့ရသည်။ သို့သော် ယခုစစ်ပွဲမှာ ဘိုဝါးစစ်ပွဲနှင့်မတူ။ ဘိုဝါးစစ်ပွဲက လူကြီးလူကောင်းတို့၏စစ်ပွဲ။ လူယဉ်ကျေးတို့၏စစ်ပွဲ။ ယခုစစ်ပွဲက လူမိုက်တို့ ၏စစ်ပွဲ၊ သူခိုးတို့၏စစ်ပွဲ၊ ရက်စက်ကြမ်းကြုပ်သောစစ်ပွဲ။ သူ့သားများသည် ဘိုးဝါးစစ်ပွဲတုန်းက သူခံစားခဲ့ရသော ဒုက္ခဆင်းရဲထက် အဆပေါင်းများစွာကြီးကျယ်သော ဒုက္ခဆင်းရဲပေါင်းစုံနှင့် တွေ့ကြုံကြရတော့မှာပါကလား။ သည်အတွေးများကြောင့် သူ့မျက်နှာသည် ရုတ်ချည်း ညှိုးကျသွားသည်။ သူ့ရုပ်သွင်လည်း ပို၍ အိုစာ သွားသည်။

ရှုဘင်သည် တဖြည်းဖြည်း ခုတ်မောင်းထွက်ခွာနေသော ရထားပြတင်းပေါက်မှ ခေါင်းပြူကာ လက်ပြ၍ နှုတ်ဆက်နေသည်။

မာဂဒါက သူမ၏ ယောကျ်ားကို မျက်လုံးကွျတ်ထွက်မတတ် လှမ်းကြည့်နေသည်။ သူမသည် ရှုဘင်၏ရုပ်သွင်ကို စိတ်အာရုံတွင် ပီပီပြင်ပြင်မှတ်သားနေသည်။ ဆံပင်အရောင်၊ မျက်လုံးအရောင်မှ စ၍ သူ့နှုတ်ခမ်း များအပေါ်မှ နွမ်းလျသော အပြုံး၊ ညိုးရော်သော ရုပ်သွင်တို့ကို အတိအကျ စူးစိုက်မှတ်သားနေသည်။ သူမ ယောကျ်ား၏ ရုပ်ပုံလွှာသည် သူမ၏ အသည်းနှလုံးထဲမှ ဘယ်တော့မှ ပျောက်ပြယ်မသွားနိုင်အောင် လေးလေးနက်နက် မှတ်သားနေခြင်းဖြစ်သည်။

သူမ၏ ယောကျ်ားကိုနောက်ထပ် ဘယ်တော့မှ ပြန်တွေ့ရတော့မည်မဟုတ် ဟူသော အတွေးသည် သူ၏နှလုံးသားထဲတွင် စွဲထင်ခဲ့လေပြီတည်း။

ရထားသည် ကြည့်နေရင်းမှပင် မြင်ကွင်းမှ တဖြည်းဖြည်း တဖြည်းဖြည်းနှင့် ဝေး၍ဝေး၍ သွားသည်။ နောက်ဆုံး ရှုဘင်၏ မျက်နှာသည် မြင်ကွင်းမှ လုံးဝပျောက်ကွယ်သွားသည်။

မာဂဒါက လီယွန်၏ လက်ကို တင်းတင်းဆုပ်ကိုင်ထားလိုက်မိလေသည်။

ယခုဆိုလျှင် ရှုဘင်တို့ညီအစ်ကို လေးယောက်မှာ တစ်ယောက်တစ်ခြား တစ်ကွဲတစ်ပြားစီ ဖြစ်သွားကြပြီ။

အစ်ကိုကြီးမောရစ်က ဗိုလ်မှူးကြီးအဆင့်ဖြင့် ရေတပ်ဌာနချုပ်တွင် တာဝန်ထမ်းဆောင်ရသည်။ အလုပ်ကလည်း နှစ်ဆယ့်လေးနာရီ နားချိန်မရှိသလောက်များသည်။ ဒေးဗစ်ကတော့ ဗိုလ်မှူးအဆင့်ဖြင့် စစ်သင်္ဘောတစ်စင်းကို အုပ်ချုပ်ရပြီး၊ ပြင်သစ်ကမ်းခြေအထိ်နေရာသို့ ရောက်နေသည်။ လီယွန်မှာလည်း ထို့အတူပင် အတ္တလန္တိတ် သမုဒ္ဒရာထဲမှ စစ်သင်္ဘောတစ်စင်းတွင် တာဝန်ထမ်းဆောင်နေသည်။

လီယွန်ရေတပ်ထဲ ဝင်သည့်အတွက် သူ့မိန်းမ ဒီဘိုရာမှာ အကြီးအကျယ် စိတ်ထိခိုက်သည်။ သူမက ဘာမှမဖြစ်သလို ကျိတ်ပြီးဟန်ဆောင်နေခဲ့သော်လည်း သူမ၏ အခြေအနေကို



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လျှင် ဘယ်အထိ ခံစားနေရကြောင်းသိသာလှသည်။

ဒီဘိုရာသာမဟုတ်၊ ဖခင်ဖြစ်သူ မစ္စတာနာသန်မှာလည်း ရင်နင့်အောင် ခံစားနေရသည်ပင်။ အဘိုးကြီးသည် နေ့ချင်း၊ ညချင်းဆိုသလို တော်တော်ပင်ပြောင်းလဲသွားခဲ့သည်။ ခါးလည်းကုန်းသွားသည်။ ပိန်လည်း တော်တော်ပိန်သွားသည်။ စိတ်ကလည်း တွေဝေထိုင်းမှိုင်းသွားပြီ။ စကားပြောနေလျှင် သူ့စိတ်က အတ္တလန္တိတ် သမုဒ္ဒရာထဲမှ ဖျက်သင်္ဘောတစ်စင်းဆီ ရောက်နေသည်။

အမှန်ဆိုလျှင် သူ့သားလေးယောက်မှာ သူ၏ အသက်ပင်မဟုတ်ပါလား။

ဇနီးသည် မစ္စက်ဆာရာဟက်ကတော့ သူ့လောက်မဆိုး။ သောကစိတ်ကို ကြိုးစားပြီး ဖြေသည်။ သောကမဝင်နိုင်အောင်လည်း စိတ်ကို အလုပ်မှာ မြှုပ်ထားသည်။ ဆေးရုံတွင် နေဝင်မိုးချုပ် လုပ်ကိုင်ရင်း ရင်ထဲမှ အပူကို မေ့ပျောက်ထားသည်။ တစ်ခါတစ်ရံ သူမ၏ ကာယစွမ်းအားနှင့်မမျှသော အလုပ်ကြမ်းများကို ပင် ကြိုးကြိုးစားစားလုပ်တတ်သည်။ သက်တောင့်သက်သာအလုပ်ကလေးများကိုသာ နားနားနေနေလုပ်ကိုင် ရန် တားသော်လည်း သူမက လက်မခံ လုပ်ကိုင်မြဲလုပ်နေသည်။

နိုဝင်ဘာလ ကုန်ခါနီးတွင် ရှူဘင်သည် ရှေ့တန်းစစ်မျက်နှာသို့ ထွက်ခွာရန် အမိန့်ရရှိသည်။ တစ်နည်းအားဖြင့်တော့ သူ့အတွက် တမျှော်မျှော်နှင့် အမိန့်စောင့်နေရသော ဒုက္ခကင်းလွတ်သွားပြီဟု ဆိုနိုင်သည်။

မာဂဒါက သူ့စာဖတ်ပြီး တော်တော်ပင် လန့်သွားမိသည်။ သို့သော်လည်း အခြေအနေအရပ်ရပ်ကို သုံးသပ်နားလည်ကာ ကိုယ့်စိတ်ကို ကိုယ်ဖြေသိမ့်ရသည်။

သည်ကြားထဲတွင် ရှူဘင်၏ မိဘများအား သူမ၏ အိမ်သို့ဖိတ်ခေါ်ပြီး ညစာထမင်းစားပွဲနှင့် ဧည့်ခံသည်။ ညစာစားပွဲက တော်တော်မြိုင်သည်။

ကော်ဖီပွဲ သိမ်းပြီးသောအခါ မာဂဒါက ရှမ်ပိန်အရက်ခွက်ကို ကိုင်မြှောက်ရင်း. . .

"ကဲ. . . ရှေ့တန်းရောက် ကျွန်မရဲ့ချစ်သော ခင်ပွန်းနဲ့ မိသားစုအားလုံးအတွက်. . . ဒီအချိန်မှာ ကျွန်မ သတင်းကောင်းတစ်ခုကို ကြေငြာပါ့မယ်. . . " အားလုံးပင် ကိုယ့်ဖန်ခွက် ကိုယ်ကိုင်မြှောက်လိုက်ကြသည်။ မာဂဒါကဆက်လက်ပြီး. . . "ကျွန်မမှာ ကျွန်မတို့အားလုံးနဲ့ သက်ဆိုင်တဲ့ အရာတစ်ခုရထားပါပြီ. . . တစ်ခြားမဟုတ်ပါဘူး၊ ကျွန်မမှာ ကိုယ်ဝန်ရှိနေပြီ ဆိုတာပါပဲ. . . "

ပထမတွင် အားလုံး မလှုပ်မယှက် ငြိမ်သက်နေကြသည်။

ပြီးတော့မှ သူမအနီးသို့ အားလုံးဝိုင်းလာကြပြီး ဝမ်းသာဂုဏ်ယူစကား ပြောကြသည်။ မြို့စားကတော်ကြီးတစ်ယောက်သာ အဲမလုပ် အင်းမလုပ်ဘဲ ခပ်ကြောင်ကြောင်ဖြစ်နေသည်။ သို့သော် မာဂဒါကတော့ ဘာမှ မပြော။

မစ္စတာနာသန်က သူ့ဇနီးလက်ကို ဆုပ်ကိုင်ကာ ဖိုင်နေသည်။ သူ့အနီးသို့သေသေချာချာ ကပ်ပြီး ကြည့်လျှင် သူ့မျက်လုံးတစ်ဘက်တွင် မျက်ရည်စို့နေသည်ကို မြင်ရပေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



...သည်တွေ ပြန်သွားပြီးနောက် မာဂဒါသည် ရှုဘင်ထံသို့ ပြန်စာရေးလိုက်သည်။

"ဒါနဲ့ မောင့်ကို သတင်းကောင်းပါးလိုက်ရဦးမယ်၊ ဒီသတင်းကြားရရင် မောင်သိပ်ပြီး ...သာမယ်ဆိုတာ ကျွန်မသိပါတယ်၊ ကျွန်မလည်း သိပ်ပြီး ဝမ်းသာရပါတယ်၊ ဘာသတင်းလဲဆိုတာ ...င်မှန်းကြည့်စမ်းပါ၊ မှန်းလို့ရရဲ့လား. . . ဟင်၊ ကဲ. . . မရရင်လည်း ကျွန်မပဲ ဖွင့်ပြော ...တော့မယ်၊ တခြားမဟုတ်ဘူး . . . . မောင်ရဲ့ ကျွန်မမှာလေ. . . မောင့်ရဲ့ရင်သွေး ...လေးရှိနေပြီ. . . မောင်ရဲ့. . ."

...တာနာသန်တို့ လင်မယား အိမ်ပြန်ရောက်သွားတော့ အိမ်ဖော်မှူး မာတင်ထိုင်စောင့်နေသည်ကို ...ရသည်။ သူ့မျက်နှာကလည်း သွေးမရှိသလို ဖြူဖပ် ဖြူရော်ဖြစ်နေသည်။

"မစ္စက်ဒီဘိုရာဆီက ခုနကပဲ ဖုန်းဆက်တယ် ခင်ဗျ"

မာတင်က ခရီးရောက်မဆိုက် ဆီးပြောလိုက်တော့ မစ္စတာနာသန်ကြောင်သွားသည်။ ...ခဲ့သော ၁၅ မိနစ်လောက်ကပဲ ဒီဘိုရာကို သူတို့ကားပေါ်မှချပေးခဲ့သေးသည်။

"ကဲ. . . အဲဒီတော့ . . . ပြောပါဦး၊ သူက ဘာတဲ့လဲ . . . မာတင်"

"သူက ဆရာနဲ့ ဆရာ့ကတော်တို့ကို ခုချက်ချင်းလာခဲ့ကြပါလို့ ပြောပါတယ်"

မစ္စက်ဆာရာဟက်သည် အရှိန်နှင့် မောင်းနေသောကားထဲတွင် ထိုင်၍ ပါလာရင်းမှ ...တောင်းနေမိ သည်။

အို. . . . မြင့်မြတ်သော ဘုရားရှင် . . . တပည့်တော်မသည် အရှင်ဘုရား၏ ...ဆုံးမတော်ကို လေးစားစွာ လိုက်နာကျင့်သုံးသူဖြစ်ပါသည်ဘုရား။ တပည့်တော်မအား ...ရှင်ဘုရား၏ အဆုံးအဖြတ်ကို လက်ခံနိုင်သော ခွန်အားကို ပေးသနားတော်မူပါဘုရား။

သူမသည် မျက်ရည်မကျမိရန် စိတ်ကိုတင်းသည်။

အိမ်ရှေ့တံခါးကို ဘဏ္ဍာစိုးလာ၍ ဖွင့်ပေးသည်။ အပေါ်ထပ်ရှိ ဒီဘိုရာ၏ အခန်းသို့ ...တ်တိတ်ဆိတ်ဆိတ် တက်လာခဲ့ကြသည်။

ဒီဘိုရာသည် အိပ်ရာပေါ်လှဲနေရာမှ လူးလဲထလိုက်သည်။ စကားတော့ လုံးဝမပြော။

မစ္စက်ဆာရာဟတ်က ချွေးမဖြစ်သူ၏ ပျော့ပျော့အိအိ လက်ချောင်းကလေးများကို ...ြင်နာစွာ ဆုပ်ကိုင်လိုက်သည်။ မစ္စတာနာသန်ကတော့ ချွေးမဖြစ်သူ၏ မျက်လုံးများကိုသာ ...တ်ကြည့်နေမိသည်။ ဝေဒနာ ခံစားနေရသော မျက်လုံးများ။

"ခုလိုဖေဖေတို့ မေမေတို့ကို လှမ်းခေါ်လိုက်ရတာ ကျွန်မစိတ်မကောင်းပါဘူး၊ ဒါပေမယ့် . . . အဖြစ်က မခေါ်မဖြစ်ဆိုတော့ . . .၊ ကျွန်မအိမ်ရောက်တော့ စစ်ရုံးက သံကြိုးတစ်စောင် ...ောက်နေတာ တွေ့ရတယ်၊ ကျွန်မတို့ မာဂဒါဆီထွက်သွားပြီး မကြာခင်ကလေးမှာ လာပို့သွား ...တဲ့"

သူမက မျက်ရည်စမ်းစမ်းဖြင့် သံကြိုးစာကို မစ္စက်ဆာရာဟတ်ဆီသို့ ကမ်းပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဗိုလ်မှူးကြီး လီယွန်ဟက်သည် တိုက်ပွဲတွင် ပျောက်ဆုံးနေကြောင်း ဝမ်းနည်းစွာဖြ အကြောင်းကြားပါသည်။ သို့ရာတွင် ကျွန်ုပ်တို့ ရေတပ်ဌာနချုပ်မှ ဆက်လက်စုံစမ်း. . ."

စာကို ဆက်၍ ဖတ်မရတော့ ။ မျက်လုံးအစုံတွင် မျက်ရည်တွေဖုံးသွားကြပြီ။

"ဘုရား. . . ဘုရား. . . ဘုရားသခင် ကယ်တော်မူပါဘုရား၊ ဒါနဲ့ အဖေကြီး. . . သတင်းပြည့်ပြည့် စုံစုံသိရအောင် မောရစ်ဆီလှမ်းပြီး စာရေးစုံစမ်းရင် မကောင်ဘူးလား" သူမ စိတ်ကို ထိန်းပြီးပြောလိုက်သော်လည်း အသံက တုန်နေသည်။ သူမ၏ လက်ထဲမှ သံကြိုး လည်းတုန်နေသည်။

မစ္စတာနာသန်က ဇနီးသည်အား ကြင်နာစွာဖြင့် ဖက်လိုက်သည်။

"ဘာမှမပူပါနဲ့ . . . ဆာရာ၊ သူဘာမှ မဖြစ်နိုင်ဘူး၊ သူတို့ရှာမတွေ့သေးလို့ ဖြစ်မှာ တို့အားလုံး ဘုရားသခင်ကို ယုံကြည်ကြရလိမ့်မယ်၊ မယုံကြည်ရင် တို့ဘာမှမလုပ်နိုင်တော့ဘူ . . ." သူကဇနီးသည်မျက်နှာ တစ်လှည့်၊ ချွေးမမျက်နှာ တစ်လှည့် ကြည့်လိုက်သည်။ ပြီးတော့ "ဒီအကြောင်း. . . ရှာဘင့်ဆီ စာရေးရင် ပိုကောင်းမယ်၊ လောလောဆယ်မှာတော့ . . . မောရစ် လှမ်းပြီးငါစုံစမ်းလိုက်ပါ့မယ်၊ မဟုတ်ဘူးလားသမီး၊ ဒါအကောင်းဆုံးလုပ်ရပ်ပဲ၊ ဘာမှအတိအ မသိရသေးခင် ဘာမှပူစရာမရှိပါဘူး၊ ဘုရားသခင်ဆီမှာသာ ဆုတောင်းပါ . . . သမီး"

ဒီဘိုရာက စကားပြောမထွက်၍ ခေါင်းကိုသာ ညိတ်လိုက်မိသည်။

◆◆◆

www.burmeseclassic.com

www.burmeseclassic.com

[ ၅ ]

မာဂဒါနှင့် မြို့စားကတော်ကြီးတို့ နှစ်ယောက်စည့်ခန်းတွင် ထိုင်နေကြသည်။ အချိန်က ဆည်းဆာအချိန်၊ ဒီအချိန်ကို မာဂဒါ အလွန်သဘောကျသည်။ နေရောင်နှင့် ဆည်းဆာရောင် ပေါင်းစပ်ပြီး ကောင်းကင် တွင် တိမ်တောင်တိမ်လိပ်တွေ ပုံစံအမျိုးမျိုး၊ အရောင်အမျိုးမျိုးဖြင့် အလွန်ကြည့်၍ ကောင်းသောအချိန်. . .။

မြို့စားကတော်ကြီးက မာဂဒါ၏ ဖြူရော်နွမ်းလျှသော မျက်နှာကို ကြည့်လိုက်သည်။ သူသည် ရင်ထဲမှ ခံစားချက်များကို ကြိတ်မှိတ်မျိုသိပ်ထားရဟန်တူသည်။

"ဘာပဲပြောပြော. . . မာဂဒါ. . . အန်တီတော့ ငါ့တူမကြီး ပြုံးနေထိုင်ပုံကို ကြည့်ပြီး တော်တော် အားရမိတယ်၊ ဒါဟာ တူမကြီးရဲ့. . ."

". . . သိက္ခာပဲပေါ့"

"ဒါပေါ့. . ."

"တကယ်တော့ အန်တီက အပေါ်ယံကို ကြည့်ပြီး ပြောနေတာပါ၊ အထဲကိုသာမြင်ရရင် ဒီလိုပြောမှာ မဟုတ်ဘူး၊ ကျွန်မမှာတော့ ပူရုပ်ကို မပူရုပ်ဆောင်နေရတာ ပင်ပန်းလှပါပြီ အန်တီရယ်၊ တစ်ကမ္ဘာလုံးစစ်မီးကြီး တောက်လောင်နေချိန်မှာ ကျွန်မက ဘယ်လိုလုပ်ပြီး ပျော်ပွဲဆင်နိုင်ပါ့မလဲ၊ ဒီဂျာမန်လူရိုင်းကြီးက စံအိမ်တော်ထဲမှာ ဇိမ်နဲ့ထိုင်နေပြီး သူများတွေရဲ့အသက်ကို ရက်ရက်စက်စက် သတ်ဖြတ်နေတာအံ့ပါရဲ့၊ ခုဆိုရင် လီယွန် လည်း ဘယ်ရောက်နေမှန်းမသိဘူး၊ ရှာဘင်လည်း တန်းမှာ အလူးအလဲ တိုက်ပွဲဝင်နေရပြီ၊ သူပြန်မှ ပြန်လာနိုင်ပါတော့မလားဆိုတာ ကျွန်မ ။ နဲ့အမျှ တွေးပူနေရပြီ၊ ဒီကြားထဲ ကျွန်မ ကလေးမွေးရဦးမယ်ဆိုတော့ . . . အန်တီပဲ



www.burmeseclassic.com

www.burmeseclassic.com



စဉ်းစားကြည့်ပါတော့၊ သူ့အဖေရှေ့တန်းက ပြန်လာနိုင်၊ မလာနိုင် မသေချာတဲ့ အချိန် ဒီကလေးကိုမွေးရမယ်ဆိုတော့. . . .”

သူမအသံ ဆို့နင့်တိမ်ဝင်သွားသည်။ စကားမဆက်နိုင်တော့၊ ပါးပြင်တွင် မျက်ရည် တွေလည်း စီးကျလာသည်။

“အဲဒီလိုလဲ မတွေးပါနဲ့ဦး. . . . မာဂဒါ”

“ဘယ်လိုမတွေးရမှာလဲ . . . အန်တီ၊ အမှန်တရားကို မတွေးရမှာလားဟင်”သူမ ရှမ်ပိန်အရက်ခွက်ကို တစ်စုပ်စုပ်သောက်လိုက်သည်။ ပြီးတော့မှ . . . “အန်တီသိပါတယ်လေ. . . အဖြစ်မှန်ကို ဘယ်တော့ မှ မေ့ဖျောက်ထားလို့ မရနိုင်ဘူးဆိုတာ . . .၊ တကယ်တော့ ကျွန်မတို့ ဟန်ဆောင်နေကြတာပါ၊ ကိုယ့်ကိုယ်ကို အရူးလုပ်နေကြတာပါ။”

“အန်တီတောင်းပန်ပါတယ် တူမရယ်၊ ဒီလောက်လည်း စိတ်ဓာတ်မကျပါနဲ့ဦး”

“ဘာလို့မကျရမှာလဲ . . . . အန်တီ၊ ကျွန်မတို့အဖြစ်၊ ကျွန်မတို့ဘဝက စိတ်ဓာ ကျစရာပဲ မဟုတ်လား”

“မဟုတ်သေးပါဘူး. . . တူမရယ်”

“ဘာမဟုတ်ရမှာလဲ . . . ဟုတ်တာရဲ့ ဟိုဘက်တောင်ပိုပါသေးတယ်၊ ကျွန်မအဖြစ် ကြည့်ပါလား၊ ခုပဲ ကိုယ်က မလိုချင်ပါဘဲနဲ့ ကလေးတစ်ယောက်ကို မွေးထုတ်ရတော့မယ့် ဘ

“ဒါကတော့ တူမကြီးအနေနဲ့ ရှုဘင့်အပေါ်မှာ တာဝန်ရှိနေတာကိုး”

“ဟင် . . .၊ တာဝန်ရှိတယ်ဟုတ်လား၊ ဒီစကားမျိုးကို မသုံးပါနဲ့ အန်တီ၊ ကျွန် တာဝန်ရှိလို့ ကလေးမွေးပေးရမယ်ဆိုတာမျိုး ကျွန်မလုံးဝ မလိုချင်ဘူး”

“မာဂဒါ ညည်းအကြောင်း အန်တီ အများကြီးသိပါတယ်၊ ညည်းဟာမပြောချင် စကားတွေကို အများကြီးပြောနေတယ်”

“ကျွန်မ ပြောချင်လို့ပြောနေတာပါ၊ စကားလုံးတိုင်းဟာ ကျွန်မနှလုံးသားထဲက ထွက် ကြတာချည်းပဲ”

“အဲဒီလိုမပြောပါနဲ့လေ၊ တကယ်လို့စစ်ကြီး ဖြစ်မလာရင်လဲရှုဘင်က ကလေး လို မှာအမှန်ပါပဲကွယ်”

“ဒါနဲ့ပဲ ကျွန်မက သူ့အတွက် ကလေးတွေမွေးပေးရတော့မှာတဲ့လား”

“တူမကြီးက သိပ်ပြီး ဒေါသကြီးတာကိုး၊ ဒါကြောင့်မို့လည်း ကိုယ့်ဟာကိုယ် ဘာစကား ပြောမိမှန်း မသိ ဖြစ်နေတာပေါ့. . ”

“ဒီမှာ. . . အန်တီ၊ ကျွန်မလည်း အဲဒီလောက် မအသေးပါဘူး၊ ကျွန်မကို စိတ် ယဉ်စကားတွေ ပြောမနေပါနဲ့၊ ကျွန်မတောင်းပန်ပါတယ်။”

“ကလေးမွေးလာတဲ့အခါ ညည်းစိတ်ပြောင်းသွားမှာပါ ”

“အန်တီက ဘယ်လိုလုပ်သိတာလဲ”

“သိတာပေါ့၊ မိန်းမတိုင်း သားသည်မိခင်ဖြစ်ချင်ကြတာမဟုတ်ဘူးလား”

“အန်တီက ကလေးမမွေးဖူးပါဘူး”



www.burmeseclassic.com

www.burmeseclassic.com



မြို့စားကတော်ကြီး၏ လည်ချောင်းတွင် တစ်ဆို့သွားပြီး မငိုမိအောင် မနည်းထိန်းထား လိုက်ရသည်။ သူမသည် အသက်ရှူ၍မရသလို ဖြစ်သွားသည်။ တော်တော်ကြာတော့မှ စကား ပြောနိုင်သည်။

"အန်တီ. . . ကလေးမွေးဖူးပါတယ် တူမရယ်၊ အန်တီ့ ကလေးမွေးပြီးစမှာပဲ ဆုံးသွား ခဲ့တယ်၊ သူ့အသက်ပြန်ရှင်နိုင်မယ်ဆိုရင် အန်တီ့အသက်ကိုတောင် ပေးရဲပါတယ်ကွယ်"

မာဂဒါ အံ့အားသင့်သွားသည်။

"ဒီအကြောင်း အန်တီကကျွန်မကို တစ်ခါမှ မပြောဖူးပါလား"

"အန်တီ မပြောချင်လို့ မပြောခဲ့တာပေါ့ကွယ်၊ သူ့ကို တရားမဝင် မွေးခဲ့ရလို့ မပြော ချင်တာပါ တူမရယ်"

မာဂဒါထိုင်ရာမှ ထသွားပြီး မြို့စားကတော်ကြီး၏ ခြေရင်းတွင် ဒူးထောက် ထိုင်ချ လိုက်သည်။

"ကျွန်မ ပြောမှားဆိုမှားရှိတာတွေခွင့်လွှတ်ပါ အန်တီရယ်၊ တကယ်တော့ ကျွန်မလည်း အန်တီလိုပါပဲ၊ အန်တီနဲ့ ကျွန်မတို့ဟာ ဘဝတူမိန်းမသားတွေပါ၊ ကိုယ့်ရင်သွေးကလေးကို ကိုယ်စိတ်ချ လက်ချ မွေးခွင့်မရတဲ့ လူတွေပါ။ ကျွန်မဟာ စစ်ဘေးဒဏ်ကို ရင်နင့်အောင်ခံစားရလို့ ဒီကပ်ဆိုးကြီး အတွင်းမှာ ကလေးမလိုချင်တာပါ အန်တီရယ်"

မြို့စားကတော်ကြီးက သက်မချလိုက်ပြီး. . .

"ဒါတွေတွေးပြီး စိတ်ပင်ပန်းခံမနေပါနဲ့တော့ တူမရယ်. . .၊ ဒါတွေမေ့ပစ်လိုက်ပါတော့၊ သူမှာ အားကိုးလောက်တဲ့ လင်ယောက်ျားလည်းရှိနေပြီပဲ၊ မကြာခင်မှာ ရင်သွေးကလေးလည်း မွေးဖွားလာတော့မယ်၊ အဲဒီတော့ . . . ရှာဘင်ပြန်လာတဲ့အခါ လောကကြီးဟာ ပိုပြီး သာယာ လာပါ လိမ့်မယ်ကွယ်"

မာဂဒါက မြို့စားကတော်ကြီး၏ ဒူးနှစ်ဖက်ပေါ်တွင် လက်တင်လိုက်ပြီး. . .

"ဪ. . . အန်တီရယ်၊ ကျွန်မအပေါ် ကြင်နာလှတဲ့ အန်တီရယ်၊ အန်တီမရှိရင် ကျွန်မဘယ်လိုနေရပါ့မလဲ အန်တီရယ်. . . ."

မြို့စားကတော်ကြီးသည် မာဂဒါ၏ ဆံပင်ကို လက်နှင့် တယုတယ ပွတ်သပ်ပေးနေသည်။ ပြီးတော့မှ "ဒီကပ်ကြီးကို ကျော်နိုင်အောင်သာ ကြိုးစားပါတူမရယ်၊ ပျော်ပျော်ရွှင်ရွှင် နေနိုင် အောင်သာ ကြိုးစားပါကွယ်"

လေးလတာမျှ အချိန်ကုန်လွန်သွားခဲ့သည်။

မာဂဒါ၏ ကိုယ်ဝန်သည် တစ်နေ့ထက်တစ်နေ့ ကြီး၍ကြီး၍ လာခဲ့ပြီ။ ဗိုက်ထဲမှ ကလေးကို လက်နှင့် စမ်းသပ်ကြည့်လို့ ရနေပြီ။ သူမဗိုက်ထဲတွင် သက်ရှိလူသားကလေးတစ်ယောက် ရောက်နေပြီ။ ခုနေခါမှား ရှာဘင် ရှိလိုက်လျှင် ဘယ်လောက်များ ပျော်စရာကောင်းလိမ့်မလဲ. . .။

သို့သော် ရှာဘင်ကတော့ ထိုအချိန်တွင် မိုးထဲ လေထဲ နွံထဲ ဗွက်ထဲတွင် ဒူးဆစ်မြုပ်မျှ



www.burmeseclassic.com

www.burmeseclassic.com



လေးဘက်ထောက်ကာ ကိုယ့်အသက်ကို ကိုယ်ကာကွယ်နေရသည်။ သည်အဖြစ်ကို သူတို့က "ကတုတ်ကျင်း"တွင် ကာဘာယူသည်ဟုခေါ်ကြသည်။ သို့သော် ရှုဘင်အဖို့တော့ "ကတုတ်ကျင်း" ဟူ၍မထင်။ အပေါ်မှ မြေစာမဖုံး ရသေးသော "အလောင်းကျင်း"ဟူ၍သာ ထင်မှတ်နေတော့သည်။

သူ့အပေါ်မှ အမြှောက်ကျည်ဆန်တွေ ဝီခေါ်ကာ မနားတမ်းဖြတ်သွားနေကြသည်။ ကျည်ဆန်ပေါက် ကွဲသံတွေကလည်း နားကွဲမတတ်ဆူညံနေသည်။ အသက်တစ်ရာဆက်နေရသော်မှ သည်အသံတွေကို ကြားယောင်နေပေလိမ့်ဦးမည်။

အခုပဲ စစ်သားတစ်ယောက် အသက်ရှင်နေဆဲ ရှိသေးသည်။ မိနစ်ပိုင်းအတွင်းမှာပင် သူသည် တစ်ကိုယ်လုံး သွေးသံဖုံးလွှမ်းပြီး နေရာတွင်လဲကျ သေဆုံးသွားတော့သည်။

သူ့အနေဖြင့် အစ်ကိုလေးလီယွန်၏ စကားကို နားထောင်ခဲ့လျှင် သည်လိုအဖြစ်မျိုးနှင့် ကြုံရမည်မဟုတ် ဟု ရှုဘင်က တွေးပြီးနောင်တရမိသည်။ ကတုတ်ကျင်းတွင် သူရဲကောင်းမရှိဟူ၍ ဝါရင့်စစ်သားတွေက ပြောကြသည်။ သူတို့စကား တကယ်ပင် မှန်ပါသည်။

ပထမဆုံးအကြိမ် ရန်သူနှင့် နဖူးတွေ့ ဒူးတွေ့ ရင်ဆိုင်ရသောအခါ ရှုဘင်မှာ တစ်ကိုယ်လုံး ခိုက်ခိုက် တုန်မျှကြောက်သွားမိသည်။ သို့သော် ရန်သူက သူတို့ဆီသို့ တဖွတ်တိုး ဦးတည် ချီတက်လာသောအခါ ကြောက်ကြောက်လန့်လန့်နှင့်ပင် မျက်စိစုံမှိတ်ပြီး သေနတ်မောင်းကို ဖြုတ်လိုက်မိသည်။

မဖွင့်ရဲ ဖွင့်ရဲဖြင့် မျက်စိပြန်ဖွင့်ကြည့်လိုက်တော့ မလှမ်းမကမ်းတွင် တုံးလုံးလဲနေသော ဂျာမန်လူငယ်စစ်သားလေးကိုတွေ့ရသည်။ မျက်စိနှစ်လုံးက ပွင့်လျှက်ပင်။ သံခမောက်က ဘေးနားတွင် လွင့်ကျလျက်၊ တစ်ကိုယ်လုံး သွေးတွေလူးပြီး၊ ရုပ်ပျက်ဆင်းပျက်ဖြစ်နေသည်။ လူသေအလောင်းကို ကြည့်ရင်း ရှုဘင့်ရင်ထဲ ပျို့တက်လာသည်။ အန်ချင်သလိုလို ဖြစ်လာသည်။ ယမ်းနံ့နှင့် လူသေနံ့များ ရောနှောကာ သူ့ရင်ထဲတွင် မသတီသလို ခံစားလိုက်ရသည်။ သည်နေရာမှ ချက်ချင်း ပြန်လှည့်ပြီး ပြေးသွားချင်စိတ်ပင်ပေါ်လာမိသည်။

ထိုအခိုက်"ချီတက်. . . ဆက်လက် ချီတက်. . . ဟေ့ကောင် ဘာငိုင်နေတာလဲ. . . မင်း အူပွင့်သွား ချင်သလား" ဟူ၍နောက်ဖက်မှ လှမ်းအော်သံကြောင့် ရှေ့သို့အတင်းချီတက်ရသည်။

တိုက်ပွဲ ပြီးသွားသောအခါ ကတုတ်ကျင်းသို့ လေးဘက်တွားပြီး ပြန်လာခဲ့သည်။ ကတုတ်ကျင်းနံရံကို မှီကာ အမောဖြေနေလိုက်သည်။ သူ့တစ်ကိုယ်လုံး ရိုက်ထားသလို နာကျင် ကိုက်ခဲနေသည်။ မျက်စိထဲတွင်လည်း အလောင်းကောင်များကိုသာ မြင်ယောင်နေမိသည်။ ရာနှင့်ချီသောအလောင်းကောင်များ။

တချို့က သေနေကြပြီ။ တချို့က ခြေပြတ်လက်ပြတ်၊ ဗိုက်ပွင့် အူပွင့်နှင့် အော်ညည်းနေကြဆဲ. . .။

ငါကော ဘာဖြစ်လို့ မသေသေးတာလဲ။ ဘာဖြစ်လို့မသေသေးတာလဲ။ သည်အတွေးက သူ့ဦးနှောက်ထဲ တဒိန်းဒိန်းလာဆောင့်နေသည်။

ဒီလူတွေ ဒီလိုသေရအောင် ဘယ်သူတွေက ဖန်တီးကြတာလဲ၊ ဘယ်သူတွေက ဆုံးဖြတ်ချက် ချခဲ့ကြတာလဲ။



www.burmeseclassic.com

www.burmeseclassic.com



တစ်ဆောင်းသစ်ခဲ့လေပြီ။

မာဂဒါအဖို့ နှစ်ထပ်ကွမ်း စိတ်ညစ်စရာ ဖြစ်ခဲ့ရပြန်သည်။ မခံမရပ်နိုင်အောင် ဆိုးရွားသော အအေးဒဏ်ကလည်း တစ်ဒုက္ခ။ ရှုဘင်ဆီက စာမလာ သတင်းမကြားရသည်မှာလည်း တစ်ဒုက္ခ။ ယခုဆိုလျှင် လုံးဝ စာမလာတာ ရက်သတ္တ ခြောက်ပတ်ပင် ကျော်ခဲ့ပြီ။

ဒီဘိုရာအဖို့တော့ လီယွန်အကြောင်း သတင်းရ၍ တစ်နည်းအားဖြင့် ဖြေသာပါသေးသည်။

လီယွန်တို့သင်္ဘောကို ဂျာမန်ရေငုတ်သင်္ဘောက တိုပီဒိုဖြင့် ပစ်ခွင်း နှစ်မြှုပ်လိုက်သည်။ လီယွန်ကား မသေခဲ့။ အသက်ကယ်ဇောဖြင့် သုံးရက်တိတိ ရေထဲမျောနေသည်။ နောက်ဆုံးမေ့မျောနေချိန်တွင် ဂျာမန်သင်္ဘောက သူ့ကို သွားတွေ့သည်။ နောက်တစ်နေ့မနက်ကျတော့မှ သူသတိပြန်ရလာခဲ့သည်။ သည်တော့မှ သူသည် ဂျာမန်တို့၏ စစ်သုံးပန်းစခန်းထဲမှ ခုတင်ကလေး တစ်ခုပေါ်တွင် ရောက်ရှိနေကြောင်း သိရတော့သည်။

ဘာပဲဖြစ်ဖြစ် လီယွန် အသက်ရှင်နေဆဲပင် ရှိသေးသည်။ မျှော်လင့်ချက်ရှိသေးသည်။ ရှုဘင်၏ အဖြစ်ထက်သာပါသေးသည်။ ယခုတော့ ရှုဘင်အကြောင်း ဘာမျှမသိရ။ သေပြီလား ရှင်နေသေးလား ဘာမျှ မသိရ။ ဒါက ပို၍ အခံရခက်သည်။

မာဂဒါသည် ကိုယ်ဝန်မရှိခင်ကထက် အတော်ကလေးပိန်သွားသည်။ ရှုဘင့်အတွက် သောကရောက်နေရသည့်အထဲ အအေးဒဏ်ကိုလည်း သေလုမျှောပါး ခံစားနေရသည်။

သူမသည် အားကိုးရာ အားကိုးကြောင်းဖြင့် ရှုဘင့်ဖခင်ထံသို့ တစ်နေ့မပြတ် ဖုန်းဆက်နေမိသည်။

"ရှုဘင် ဘယ်ရောက်နေတယ်ဆိုတာ ဘယ်လိုမှ စုံစမ်းလို့မရနိုင်တော့ဘူးလား ဖေဖေ၊ ဆက်ပြီး စုံစမ်းကြည့်ပါဦး ဖေဖေ၊ ကျွန်မတော့ သူ့အတွက်နဲ့ပဲ သေရတော့မယ်"

"သည်းခံပြီး စောင့်ပါဦး- သမီးရယ်၊ ဖေဖေတို့လဲ အမြဲတမ်း စုံစမ်းနေပါတယ်။ မကြာခင်မှာ အဖြေ တစ်ခုတော့ ရပါလိမ့်မယ်၊ ကိုယ့်စိတ်ကိုဖြေပြီး ခဏစောင့်ကြည့်ပါဦးကွယ်"

အဘိုးကြီးက ချွေးမဖြစ်သူအား အားပေးစကားပြောနေရသော်လည်း သူကိုယ်တိုင်ကလည်း တော်တော် ခံစားနေရပုံပေါ်နေသည်။ သူ့အသံက အားမရှိသလို ပျော့နေသည်။

သို့ဖြင့် မာဂဒါက ဒီဘိုရာဆီ လှမ်းဆက်ပြန်သည်။

"သူ့အကြောင်း ဘာသတင်းမှ မရဘူး. . . မမ၊ ကျွန်မတော့ ဘယ်လိုနေရမှန်း မသိတော့ဘူး၊ ဒီနေရာကနေပြီး ထွက်ပြေးချင်စိတ်တောင်ပေါက်လာပြီ. . . မမရယ်"

"ခဏစောင့်ကြည့်ပါဦး ညီမရယ်၊ မကြာခင် တစ်ခုခုတော့ သိရလိမ့်မယ် ထင်တာပဲ"

"မမကတော့ အစ်ကိုလေးလီယွန်ဆီကစာရောက်လာလို့ ဖြေသာတာပေါ့၊ ကျွန်မမှာတော့. . ."

"သူ့စာက စာလို့တောင် မခေါ်လောက်ပါဘူးကွယ်၊ ဂျာမန်တွေက ဖြတ်တောက်ပြီးမှ ရောက်လာတဲ့ စာပါ၊ သူ့ကို ဘယ်နေရာမှာ ဘယ်လိုထားကြတယ်ဆိုတာ ဘာမှမပါလာဘူး"

"ဒါပေမယ့် အသက်ထင်ရှား ရှိနေသေးတယ် ဆိုတာသိရလို့ တော်သေးတာပေါ့မမရယ်၊ ကျွန်မတော့ . . . ဘယ်လိုဖြေရမှန်းတောင် မသိတော့ပါဘူးမမရယ်"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ကို တင်းထားစမ်းပါ ညီမရယ်၊ ဒါနဲ့ . . . ဒီနေ့ နေ့လယ်စာ မမနဲ့လာစားပါ
ညီအစ်မ နှစ်ယောက် စိတ်ပြေလက်ပျောက် စကားလည်းပြောကြရတာပေါ့. . . မဟုတ်ဘူးလား

"ကောင်းသားပဲ မမ၊ ကျွန်မ ဆက်ဆက်လာခဲ့ပါမယ်"

"မမ ကားလွှတ်လိုက်ရမလား"

"နေပါစေ မလွှတ်ပါနဲ့၊ ကျွန်မ အငှားကားနဲ့ လာခဲ့ပါမယ်"

"ဒါဖြင့်လည်း ကောင်းပြီ"

မာဂဒါသည် ဒီဘိုရာနှင့် မျက်နှာချင်းဆိုင် ကုလားထိုင်တွင်ထိုင်နေသည်။ ဒီဘိုရာကတော့ ဆို
ကုလားထိုင် ရှည်ပေါ်တွင် ခေါင်းအုံးကျောမှီကာ ထိုင်နေသည်။ နှုတ်ခမ်းဆိုးဆေး ခပ်ပြေပြေ
ဆိုးထားခြင်း မှတစ်ပါး သူမ၏ မျက်နှာတွင် သွေးရောင်ကင်းမဲ့ပြီး ဖြူဖပ်ဖြူရော် ဖြစ်နေသည်
တကယ့်မမာသည်ကြီး အတိုင်း မျက်လုံးနှစ်ဖက်ကလည်း ဟောက်ပက်ကြီး ကျနေသည်။ သို့ပေ
တစ်ခြားလူတွေက သူမအား မမာသည်တစ်ယောက်လို ဆက်ဆံတာကိုတော့ လုံးဝလက်မ
သူမသည် စကားကိုလည်း တစ်လုံးချင်း ချိန်ဆ၍ ပြောနေသလို ဖြည်းဖြည်းကလေးနှင့် အေးအေး
သာသာပြောသည်။

သူမက သူနာပြုဆရာမအား အပြင်ဗွင်သွားနေရန် ပြောလိုက်သည်။ ယခုတော့ အခ
ထဲတွင် ဘဝတူ အပူသည် အမျိုးသမီးနှစ်ယောက်သာ ကျန်တော့သည်။

"အင်း. . . ဘာလိုလိုနဲ့ ငါ့ညီမလည်း ကလေးအမေ ဖြစ်တော့မှာ ပါလားနော်" ဒီဘိုရာ
မနာလို ပန်တိုစိတ် ကင်းမဲ့စွာဖြင့် ပြောလိုက်သည်။

"ဟုတ်တယ်မမရဲ့. . . ဗိုက်ကလေးစူစူနဲ့ ကိုယ့်ကိုယ်ကိုယ်ကြည့်ရတာတောင် တစ်မျိုး
လှလာသလို ထင်ရတယ်"

"တကယ်လည်း လှပါတယ် . . . မာဂဒါ၊ ဒါနဲ့ . . . မီးဖွားဖို့ လေးလလောက်ပဲ ကျန်တော့
တယ်နော်၊ အင်း. . . မယုံနိုင်စရာပါပဲလားကွယ်၊ အချိန်တွေကလည်း ကုန်လို့ ကုန်မှန်းတော
မသိလိုက်ရသလိုပါပဲ"

မာဂဒါ အဖို့တော့ တစ်သက်လောက်ကြာသည်ဟု ထင်နေမိသည်။ သို့သော် သူမ
"ဟုတ်တယ် မမရဲ့၊ အချိန်ကလည်း သိပ်ပြီးအကုန်မြန်တာပဲ၊ ကျွန်မမှာ ကိုယ်ဝန်ရှိနေပြီ
ကြေငြာခဲ့တာ လွန်ခဲ့တဲ့ နိဝင်ဘာလ နောက်ဆုံးပတ်ထဲမှာပဲ၊ ဒါပေမယ့် ကျွန်မကတော့ မနေ့တစ်
ကလိုပဲ ထင်နေမိတယ်"

"ဒါနဲ့. . . ဝယ်စရာတွေတော့ အားလုံးပြည့်ပြည့်စုံစုံ ဝယ်ပြီးပါပြီနော်"

"ဘာဝယ်စရာတွေလဲ. . . မမရဲ့"

"ကလေးအတွက် လိုအပ်တဲ့ပစ္စည်းတွေပဲပေါ့"

"ဩော်. . . အဲဒါတွေလား၊ ဘာတစ်ခုမှ မဝယ်ရသေးပါဘူး. . . မမရယ်"

"တကယ်ပြောတာလားဟင်၊ မမက အခုလောက်ဆို အားလုံးဝယ်ထားပြီး



www.burmeseclassic.com

www.burmeseclassic.com



အောက်မေ့နေတာ"

"ကျွန်မက အဲဒါတွေ လုံးဝသတိမရဘူး၊ အချိန်ရှိသရွေ့ ရှုဘင့်ကိုပဲ အောက်မေ့နေတာ"ဟု ပြောလိုက် ချင်သော်လည်း . . . ပါးစပ်ကတော့ . . .

"ခု တစ်ရက် နှစ်ရက်အတွင်းမှာပဲ ဝယ်လိုက်ပါမယ်. . . မမ"ဟုသာ ထွက်သွားသည်။

"ဒါနဲ့ ကိုယ့်ကိုယ်ကိုလည်း သိပ်ပြီး ပင်ပန်းမခံပါနဲ့ ညီမရယ်၊ မြို့စားကတော်ကြီးရဲ့ အတူအညီကို လည်း ယူသင့်တဲ့အခါ ယူပေါ့၊ ပြီးတော့ ရှုဘင့်မေမေလည်း ရှိသေးတာပဲ၊ လိုအပ်ရင် အကူညီတောင်းပါ၊ မမသာ နေကောင်းထိုင်သာရှိမယ်ဆိုရင် ကိုယ်တိုင်ပဲ သမီးလေးအတွက် ထိုက်ဝယ်ပေးလိုက်ချင်ပါရဲ့၊ ညီမတို့ သမီးလေးဟာ မမတို့ သမီးလေးဆိုလည်း အတူတူပါပဲကွယ်၊ ယခုနှန်ကလည်း ဒီအတိုင်းပဲ စာထဲမှာ ထည့်ရေး တယ်ကွယ့်"

မာဂဒါက ပြုံးလိုက်ပြီး. . .

"ဘယ့်နှယ် သမီးလေးဟုတ်လား. . . မမ"

"ဟုတ်တယ်. . . မမက ရှုဘင့်ကို သမီးလေးချီနေတာ ခဏခဏမြင်ယောင်နေသလိုပဲ ညီမရဲ့"

အင်း . . . တော်တော်စိတ်ဝင်စားစရာ ကောင်းတာပဲ။ မြို့စားကတော်ကြီးကတော့ သားကလေးမွေး မယ်တဲ့။ အခု ဒီဘိုရာကတော့ သမီးလေးဆိုပါလား။

မာဂဒါက မတ်တပ်ထရပ်လိုက်ပြီး. . .

"ကဲ ကျွန်မကို ခွင့်ပြုပါဦး မမရယ်၊ ကျွန်မအပေါ်မှာ အခုလို စေတနာထားတာကို အများကြီးကျေးဇူး တင်ပါတယ်၊ မမနဲ့တွေ့ရတာ ကျွန်မတော်တော်ကလေး စိတ်ဓာတ် ပြတ်ကြွလာမိပါတယ်"

"မမ မဖိတ်ပေမယ့်လည်း အချိန်မရွေး လာလည်နိုင်ပါတယ် ညီမရယ်"

"ဟုတ်ကဲ့ လာလည်ပါ့မယ် . . . မမ၊ ရှုဘင့်အကြောင်း နောက်ထပ်သတင်းရရင်လည်း မမဆီ ချက်ချင်းအကြောင်းကြားပါ့မယ်"

ထို့နောက် ဒီဘိုရာ၏ ပါးပြင်ကို ကုန်း၍ တစ်ချက်နမ်းလိုက်ပြီး အခန်းထဲမှ ထွက်လာခဲ့သည်။

လှေကားတစ်ဝက်လောက် ရောက်တော့မှ မာဂဒါ၏ ခြေလှမ်းများ တုံ့ကနဲ ရပ်သွားသည်။ အိမ်ရှေ့တံခါးကို အိမ်ဖော်မလေး လှမ်းဖွင့်နေသည်ကို လှမ်းမြင်လိုက်ရသည်။

မာဂဒါက ဆင်ဝင်ခန်းကို ကျော်ပြီး လှမ်းကြည့်လိုက်သည်။ ပထမတော့ အနားကျယ် သားမွေးဦးထုပ် ကြီးကို လှမ်းမြင်ရသည်။ ဦးထုပ်ဆောင်းလာသူ ဘယ်သူဘယ်ဝါဟူ၍တော့ လုံးဝမသိ။ နောက်တော့မှ အမျိုး သမီးတစ်ယောက် ဆင်ဝင်ခန်းဖြတ်၍ဟန်ပါပါနှင့် လျှောက်ဝင် လာသည်။

လှေကားအတက်ရောက်တော့မှ ထိုအမျိုးသမီက ခေါင်းကို မော့လိုက်သည်။ မာဂဒါကို လှမ်းမြင်လိုက်သောအခါ ထိုအမျိုးသမီသည် ပါးစပ်အဟောင်းသားနှင့် မတ်တပ်ကြီး ရပ်ကြည့် နေသည်။ မာဂဒါက ထိုအမျိုးသမီးကို ချက်ချင်းမှတ်မိလိုက်သည်။ လူကိုမြင်ဖူး၍တော့ မဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



ရှာဘင်က ပြောပြထား၍ မှန်းပြီး သိလိုက်ခြင်းပင်ဖြစ်သည်။

မောရစ်၏ မိန်းမ . . . ဆေလ်ဇီယာဟာက်။

သူမက မာဂဒါအား မတူမတန်သလိုမျိုးဖြင့် မဲ့ကာရွဲကာစောင်းကြည့်နေသည်။ ခဏ ကြာတော့မှ သူမက ရင်ကိုကော့ ခေါင်းကိုမော့ပြီး လှေကားကိုတစ်ထစ်ချင်းနင်းကာ တဖြည်းဖြည်း ကလေးတက်လာသည်။ မာဂဒါက လှေကားလက်ရန်းတန်းပေါ်တွင် လက်တင်ကာလမ်း ပိတ်ဆီးထားလိုက်သည်။ ပြီးတော့ ဆေလ်ဇီ ယာအား မျက်နှာပြောင်တိုက်ကာ စိမ်းစိမ်းဝါးဝါးကြီး စိုက်ကြည့်လိုက်သည်။

ဆေလ်ဇီယာမှာ မခံမရပ်နိုင်အောင် ဒေါသထွက်သွားသည်။ အခြေမဲ့ အနေမဲ့ ဖာသည် မက ငါ့မျက်နှာကို သည်လိုပဲ ကြည့်ရဲသတဲ့လား။ ရာရာစစ . . . အလကားကောင်မ. . . ထွီ

စိတ်ထဲမှ ယင်းသို့တွေးလိုက်ပြီး မာဂဒါအား ကိုက်စားတော့မလို မျက်နှာဖြင့် ခြေဆုံးခေါင်းဆုံး ကြည့်လိုက်သည်။ ပြီးတော့မှ အံတစ်ချက်ကျိတ်လိုက်ပြီး . . .

"ဟေး . . . နင် . . . နင် . . ဖယ်လိုက်စမ်းပါ"

"ကျွန်မနာမည် နင် . . . မဟုတ်ဘူး . . . မမ၊ မစွက်ဟက် . . . ဒါမှမဟုတ် မာဂဒါဟက် . . . ပါ"

"ဟော့ကောင်မ. . . ငါနားမလည်ဘူး၊ ဖယ်ဆိုဖယ်စမ်း"

သူမက လက်ရမ်းတန်းကိုင်ထားသော မာဂဒါ၏ လက်ကို လှမ်းဆွဲလိုက်ပြီးနောက် . . .

"ဘာလဲ . . . ညည်းက . . . ရာရာစစ . . . ၊ ဒီနာမည်နဲ့ တန်သလား တော်သလား ဒီအိမ်မျိုး ညည်းလာတာ ကျက်သရေယုတ်တယ် . . . ၊ ဟေ့ ညည်းက ညည်းနဲ့တန်တဲ့ ဖာသည် အိမ်မှာပဲ အမြဲတမ်း အောင်းနေသင့်တာ သိရဲ့လား"

မာဂဒါက ထွေထွေထူးထူး ဘာမှ ပြန်ပြောမနေတော့ဘဲ ဆေလ်ဇီယာ၏ ဘယ်ဘက် ပါးပြင်ကိုသာ လက်ဝါးနှင့် တအားဖြတ်ရိုက်လိုက်တော့သည်။

ပြီတော့ လှေကားမှ ပြေးဆင်းကာ တံခါးကို အတင်းဆွဲဖွင့်၊ ဂျိမ်းကနဲ့ပိတ်ပြီး လမ်းမပေါ်သို့ သုတ်ခြေတင်ခဲ့တော့သည်။

အိမ်ပြန်ရောက်သောအခါ ဖြစ်ပျက်ခဲ့သမျှကို မြို့စားကတော်ကြီးအား ခရေစေ့တွင်းကျ ပြန်လည် ပြောပြလိုက်သည်။ သူမရင်ထဲတွင် တင်းကျပ်နေတာတွေ ရှင်းသွားသလိုလည်း ခံစားရသည်။

"သူ့ကိုပါးရိုက်ခဲ့တာတော့ မကောင်းပါဘူး မာဂဒါ . . ."

မြို့စားကတော်ကြီးက လေသံအေးအေးဖြင့် ဝေဖန်သည်။

"ဘာလို့မကောင်းရမှာလဲ၊ သူက ကျွန်မကို ဖာသည်မလေး ဘာလေးနှင့် စော်စော်ကားကား ပြောတာ၊ ပြီးတော့ နင်လိုကောင်းမမျိုး ရာရာစစ ဒီလိုအိမ်မျိုးမလာသင့်ဘူး . . . တဲ့၊ သူ ပြောလိုက်သေးတယ်၊ ဒါ တောင်မှ ပါးရိုက်ခဲ့တာ လွန်ရာကျသေးသလား"

"ငါတူမကြီး ပြောတာလည်း မမှားတော့မမှားပါဘူး၊ ဒါပေမယ့် အဲဒီလို လုပ်လိုက်တော့



www.burmeseclassic.com

www.burmeseclassic.com



သည်ထက် ဆိုးသွားတော့တာပေါ့"

"ဘာဆိုးတာလဲ"

"ညည်းက လန်ဒန်အသိုင်းအဝိုင်းမှာ ဝင်ဆံ့ချင်တဲ့လူမဟုတ်လား၊ ဒီလိုပြဿနာ ဖြစ်သွားတော့ . . . . သူတို့အသိုင်းအဝိုင်းတဲဝင်ဖို့ မလွယ်ဖြစ်သွားတော့တာပေါ့"

"မောရစ်မယားကို ပါးရိုက်မိတာနဲ့ လန်ဒန်တစ်မြို့လုံးက အဖက်မလုပ်ချင်ရင်လည်း နေပေါ့၊ ဒီက အရေးမစိုက်ပေါင်"

"ဒီလို ကလေးမဆန်ပါနဲ့ မာဂဒါရယ်၊ တကယ့်တော့ ညည်းက သူသွားမယ့်လမ်း ထားတာကိုက မှားနေပြီ"

"သူက တစ်ဖက်ကပတ်ပြီး တက်သွားပါလား၊ ဒါမှမဟုတ်လည်း ဆီးထားတဲ့ အောက်က ငုံ့ဝင်သွားပေါ့၊ အမှန်ဆိုရင် ကျွန်မက အဲဒီလိုလုပ်ဖို့ မရည်ရွယ်ခဲ့ပါဘူး၊ သူကသာ တော့ ဝါးတော့မလို မျက်နှာကြီးနဲ့ ကျွန်မကို မကြည့်ခဲ့ရင် ကျွန်မကပဲစပြီး ယဉ်ယဉ် ကျေးကျေး ဆက်ဆက်မလို့ပါပဲ၊ ဒါပေမယ့် သူ့လို လူကုံထံ အမျိုးသမီးကပဲ အပေါစားဆန်ဆန် ဆက်ဆံ တော့လည်း . . . ကျွန်မကဘယ်လိုလုပ်ပြီး သည်းခံနိုင်တော့မလဲ၊ ကျောက်ရုပ်မှ မဟုတ်တာပဲ"

မြို့စားကတော်ကြီးက ဘာမှဆက်မပြောတော့ဘဲ ငြိမ်၍သာ နေလိုက်တော့သည်။

ညကျတော့ . . . မာဂဒါကောင်းစွာ အိပ်မပျော်၊ ဆေလ်ဗီယာနှင့် ရင်ဆိုင်ခဲ့ရသော ဖြစ်ရပ်ကိုသာ တလဲလဲ သတိရနေမိသည်။ ဆေလ်ဗီယာသည် သူမ၏ အမှားအတွက် ယခုလောက်ဆိုလျှင် ကောင်းကောင်းကြီး နောင်တရနေပြီ ဖြစ်လိမ့်မည်ဟု မာဂဒါက ထင်မိသည်။

နံနက်မိုလင်းတော့ မြို့စားကတော်ကြီး၏အခန်းသို့ တန်းလာခဲ့သည်။ မြို့စားကတော် ကြီးက သွားတိုက်နေတုန်း ရှိသေးသည်။

"အန်တီ့ကို ကျွန်မပြောစရာတွေအများကြီးရှိတယ်"

မာဂဒါက ဆိုင်းမဆင့် ဘုံမဆင့် ပြောလိုက်သည်။

မြို့စားကတော်ကြီးက မှန်တင်ခုံရှေ့တွင်ထိုင်ကာ မှန်ရိပ်ထဲမှ မာဂဒါ၏ ရုပ်သွင်ကို အကဲ ခတ်ကြည့်ရှုနေသည်။ သည်နေ့ သူမ တော်တော်အူမြူးနေပုံရသည်။ ဘာတွေများ စိတ်ကူးနေ ပြန်ပြီလဲမသိ၊ မြို့စားကတော်ကြီးက နောက်ပြန်လှည့်ကာ မာဂဒါကို ကြည့်လိုက်သည်။

"အန်တီ့ကို ဘာတွေများ ပြောချင်လို့လဲ မာဂဒါ"

"ပြောစရာတွေအများကြီးပဲ အန်တီရဲ့၊ ပထမဆုံးက မြို့ထဲသွားပြီး ကလေးအတွက် ဝယ်စရာတွေ သွားဝယ်ကြမယ်၊ မြို့ထဲက အကောင်းဆုံးနဲ့ ဈေးအကြီးဆုံး ဆိုင်တွေ သွားကြမယ်၊ ကိမိသားစုဝင်တွေ အမြဲတမ်း ဝယ်နေကျဆိုင်ပေါ့"

"ကောင်းတယ် . . . ကောင်းတယ် . . . ဒီစိတ်ကူးမဆိုးဘူး၊ ဒါအချိန်ကောင်းပဲ မာဂဒါ"

"နောက်ပြီးတော့ ရိုးလ်-ရွိုက်စ်ဇိမ်ခံကားသစ်လည်း တစ်စီးဝယ်မယ်"

"ဟင် . . . ဘယ်လို . . . ဘယ်လို . . . ကားလည်းဝယ်မယ် ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com


"ဟုတ်တယ. . . အားလုံးအဆင်သင့် လုပ်ထားပြီးပြီ၊ ၂ နာရီမှာ ကိုယ်စားလှယ် ချိန်းထားတယ်"

"ဒါဆို ဆေလ်ဗီယာရဲ့ ဂယက်က တော်တော် ရိုက်ခတ်နေပါရောလား"

"ဟုတ်တယ်. . . . သူ့ဂယက်ကြောင့်ပဲ၊ သူ့ကိုမခံချင်လို့လုပ်တာ၊ ကျွန်မလည်း သူ့လို ကားကောင်း ကောင်းစီးနိုင်ပါတယ်ဆိုတာ ပြရမယ်၊ ပြီးတော့ . . . . အန်တီ့ သားမွေးခြုံပုဝါကိုလည်း ငှားမခြုံချင်တော့ဘူး၊ ကျွန်မဟာ ကျွန်မကိုယ်ပိုင်ပဲ ဝယ်လိုက်တော့မယ်၊ ညနေငါးနာရီဆိုရင် ကုန်တိုက်က ကိုယ်စားလှယ် ယူလာ လိမ့်မယ်"

မြို့စားကတော်ကြီးက ခေါင်းကိုခါယမ်းရင်း သက်မတစ်ချက်ချလိုက်သည်။

"ညည်းဥစ္စာက ကြောက်စရာ ကောင်းလောက်အောင်ကို အသုံးအစွဲ ကြီးနေပါရောလား မာဂဒါရယ်၊ ရှုဘင်ဟာ ငွေတွင်းကြီးမဟုတ်ဘူးဆိုတာလည်း သတိရဦးမှာပေါ့၊ နည်းနည်းတော့ အသုံးအဖြုန်းလျှော့စမ်းပါဦး တူမရယ်"

"ကျွန်မ သုံးနိုင်လို့ သုံးတာပဲ အန်တီရယ်၊ မသုံးနိုင်တော့လည်း ဘယ်သုံးပါ့မလဲ"

"ဒီလိုဆိုလည်း သဘော . . . သဘော၊ ကြိုက်သလိုသာ လုပ်တော့၊ ကဲ . . . နောက်ထော ကော ဘာအစီစဉ်တွေ ကျန်သေးသလဲ "

"ဘာမှမကျန်တော့ဘူး၊ ဒီနေ့အတွက်တော့ ဒီလောက်ပဲ၊ မနက်ဖြန်မှာတော့ ဆေးသုတ် သမားတွေလာပြီး ကလေးအခန်းကို ဆေးသုတ်ကြလိမ့်မယ်။ ဒီကလေး. . . . ကျွန်မကလေး ဘုရင့်သမီးတော်လေးလို တခမ်းတနား ပြုစုစောင့်ရှောက်ရမယ် အန်တီရဲ့၊ သူ့ရဲ့အဘွားလေးကလည်း မြို့စားကတော်ကြီးဆိုတော့ အဲဒီလိုလုပ်မှ သင့်တော်တော့မှာပေါ့. . . မဟုတ်လား"

မာဂဒါသည် ထိုင်ရာမှ ထကာ သူမကိုယ်သူမ ဘုရင်မတစ်ပါးလို ဟန်မျိုးဖြင့် အခန်းထဲမှ ပြန်ထွက် သွားသည်။

ထိုနေ့မနက်တွင် ရှုဘင့်ထံမှ စာတစ်စောင်ရောက်လာသည်။ မာဂဒါ့တွင် ကိုယ်ဝန်ရှိနေ ဖြစ်ကြောင်း . . . ရေးလိုက်သောစာ နောက်ပိုင်းတွင် နှစ်ကြိမ်မြောက် ပြန်ကြားသောစာ ဖြစ်သည်။

*အချစ်ဆုံးမာဂဒါ. . .*

*မင်းကို အမြဲပဲ သတိရနေပါတယ်။ မင်းရဲ့အလှ၊ မင်းရဲ့အချစ်ကြောင့် ကိုယ့်ဘဝ ရှင်သန်နေဆဲ ဖြစ်ပါတယ်။ စစ်မွဲဟာ တကယ်ပဲ ကြောက်စရာကောင်းလှပါတယ်။ ဒါပေမယ့် . . . သတင်းစာတွေ ကတော့ အရှိထက်ပိုပြီး ပုံကြီးချဲ့ရေးသားနေကြတယ်၊ သတင်းစာတွေကို မယုံပါနဲ့ကွယ်။ ကိုယ့်ကိုယ် ကိုလည်း ကျန်းမာအောင် ဂရုစိုက်ပါ၊ ကိုယ်တောင်းပန်ပါ့ရစေ။ ကိုယ်တို့က လူ့ဘဝမှာ ရှေ့ဆက်ပြီး ခရီးဆက်စရာတွေ အများကြီး ကျန်သေးတယ် မဟုတ်လား။ အစကတော့ ဒီစစ်ကြီးဟာ မကြာခင် ပြီးဆုံးသွားလိမ့်မယ်လို့ ကိုယ်ထင်ခဲ့တယ်။ ဒါပေမယ့် ကိုယ်ထင်သလို မဖြစ်နိုင်ပါဘူး။ ဒီစစ်ကြီး တော်တော်နဲ့*


www.burmeseclassic.com

www.burmeseclassic.com



မပြီးသေးပါဘူး။ မင်း ကလေး မျက်နှာမြင်ချိန်မှာ မင်းအနားမှာ ကိုယ်ရှိနိုင်မှာမဟုတ်ဘူး။ ဒါပေမယ့် ကိုယ်ရှိနိုင်ပါစေလို့ပဲ ကျိတ်ပြီးဆုတောင်းနေမိပါတယ်။

အန်တီ့ကိုလည်း အမြဲသတိရနေကြောင်း ပြောပြပါဦး။ ကိုယ်တို့အပေါ်မှာ ထားရှိတဲ့ သူ့စေတနာ သူ့မေတ္တာတွေကို တစ်သက်လုံးမမေ့သင့်ပါဘူး။ ပြင်သစ်နိုင်ငံဟာ မှန်ကန်တဲ့ဘက်က ရပ်တည်နေ ကြောင်း အန်တီ့ကို ပြောပြပါ။ ပြီးတော့ . . . မေမေ့ကိုလည်း ကိတ်မုန့်တွေ ပို့လိုက်တဲ့အတွက် ကျေးဇူးတင်ပါကြောင်းပြောပြပါ။

အားလုံးကိုချစ်သော
ရှုဘင်

စာကိုဖတ်ပြီးနောက် မာဂဒါက ရှုဘင်၏ မိဘများအိမ်သို့ ချက်ချင်းဖုန်းလှမ်းဆက်သည်။

"ဟယ်လို. . . မစ္စတာ မာတင်လား၊ ကျွန်မ မစ္စက်ဟက်ပါ. . . မစ္စက်ရှုဘင်ဟက် လေ. . . ဩော် . . . ဟုတ်ကဲ့၊ အခုလို့သတိရတာ အများကြီးကျေးဇူးတင်ပါတယ်။ ဒီနေ့ပဲ ကျွန်မစာ ရပါတယ်။ ဒါနဲ့. . . ဖေဖေနဲ့ မေမေ အိမ်မှာရှိပါသလား မစ္စတာမာတင်၊ ဩော်. . . အပြင် ထွက်သွားကြတယ်. . . ဟုတ်လား၊ ဒါဖြင့်လည်း နေပါစေတော့၊ ဒါနဲ့ မောင့်ဆီက စာတွေဘာတွေများ အဲဒီကို မရောက်ဘူးလား၊ သတိများ ထားမိသလားလို့ပါ။ ဩော်. . . ဟုတ်ကဲ့၊ နှစ်စောင်ပဲ ရောက်သေးတယ်. . . ဟုတ်လား၊ ဟုတ်ကဲ့ပါ . . . ဟုတ်ကဲ့ရှင့်၊ ကျေးဇူးတင်ပါတယ်၊ ကျွန်မ နောက်မှ ပြန်ဆက်ပါဦးမယ်၊ ဖေဖေနဲ့ မေမေတို့သာ ပြောဖြစ်အောင် ပြောလိုက်ပါနော်၊ . . . . ဟုတ်ကဲ့၊ ကျေးဇူးအများကြီးတင်ပါတယ်ရှင့်. . . ."

တယ်လီဖုန်းကို ပြန်ချပြီး ဟင်းကနဲ သက်မချလိုက်သည်။ ဘာပဲဖြစ်ဖြစ် ရှုဘင် အသက်ရှင်လျက် ရှိသေးတာကိုပဲ ဝမ်းသာ၍ မဆုံးနိုင်တော့ပြီ။ ယနေ့ထိတော့ သူ. . . သူ. . . အသက်ရှင်. . . အသက် ရှင်နေတုန်း. . . . ။

ဘဝအခြေအနေ ပြောင်းသည်နှင့်အမျှ ခံစားချက်များလည်း ပြောင်းလဲတတ်သည်။

နောက်ပိုင်းရက်များတွင် မာဂဒါနှင့် မြို့စားကတော်ကြီးတို့သည် ကလေးပြုစုခန်းကို ပြုပြင်ခြင်း၊ ကလေးအတွက် ကစားစရာမျိုးစုံနှင့် အဝတ်အစားများ ဝယ်ခြင်းတို့ဖြင့် လက်မလည် အောင် အလုပ်များလျက် ရှိကြသည်။ အိမ်နေသူနာပြုဆရာမတစ်ယောက်ကိုလည်း ငှားရမ်း ထိုက်သည်။ ကလေးမွေးဖွားရာတွင် ဆရာဝန်အား ကူညီရန်နှင့် နောက်ပိုင်းတွင် ကလေးကို ပြုစုစောင့်ရှောက်ရန်အတွက်ဖြစ်သည်။

ယခုအချိန်တွင် မာဂဒါသည် အပြင်သို့ မထွက်သလောက်ဖြစ်လာသည်။ ကိုယ်ဝန်က လည်း ကြီးလှသဖြင့် တစ်နေရာမှ တစ်နေရာ ရွှေ့ဖို့တောင် မနည်းအားစိုက်နေရသည်။ တစ်ခါတစ်လေတော့. . . မြို့စားကတော်ကြီးနှင့်အတူ မီးခိုးရောင် ရိုးလ်-ရွိုက်စ် ကားသစ်



www.burmeseclassic.com

www.burmeseclassic.com



ကြီးကိုစီးကာ အပြင်ထွက်တတ်သည်။ မာဂဒါက ကားသစ်ကြီးကို အလွန်သဘောကျနေမိသည်။ သူမ၏ကားမှာလည်း ယောက္ခမကြီးကားအတိုင်းပင်ဖြစ်သည်။

သူမသည် ညနေစာကိုလည်း မြို့စားကတော်ကြီးနှင့်အတူ အိပ်ခန်းထဲမှာပင်စားသည်။ ညတိုင်း ညတိုင်းတွင်လည်း ရှုဘင့်ထံသို့ စာတစ်စောင်ကျစီရေးသည်။ စာထဲတွင် ကလေးပြု ခန်းအကြောင်း၊ ကလေး အတွက် ဝယ်ထားသော အဝတ်အစားနှင့် ကစားစရာတွေအကြောင်း ပြီးတော့ သူနာပြုဆရာမ ငှားထားသည့် အကြောင်း၊ စသည်တို့ကို အသေးစိတ် ရေးထည့်သည်။

ယနေ့လည်း ညစာစားပြီးနောက် ရှုဘင့်ထံသို့ စာတစ်စောင်ကောက်ရေးနေသည်။

**ဇူလိုင်၁၂ ရက် ၁၉၁၅. . . အချစ်ဆုံးမောင်ရေ. . .** ဟု နိဒါန်းချီလိုက်သည်။ ထို့နောက် ဆက်၍. . . **မောင့်သတ္တိကို ကျွန်မအလွန်ချီးကျူးမိပါတယ်။ တချို့ကိစ္စတွေကို ကျွန်မစိတ်မချမ မသာဖြစ်မှာစိုးလို့ မောင်က စာထဲ ထည့်မရေးတာ ကျွန်မသိပါတယ်။ ဒါပေမယ့် . . . ကျွန်မကတော့ မောင်လုပ်နေသမျှကို မောင်နဲ့အတူ မျှဝေခံစားလိုပါတယ်. . . .** စာကိုရပ်ထားလိုက်ပြီး ဗိုက်ကို လက်ဖြင့် ဖိထားလိုက်သည်။ ဗိုက်ထဲက နာ၍လာသောကြောင့် ဖြစ်သည်။ ရေးလက်စ စာရွက်နှင့် ဖောင်တိန်ကို ချထားခဲ့ပြီး မြို့စားကတော်ကြီး အခန်းသို့ လျှောက်လာခဲ့သည်။

"အန်တီ. . . အန်တီ. . . ကျွန်မ ဗိုက်နာလာပြီ၊ ကလေးမွေးတော့မယ်နဲ့တူတယ်" သူမက ဝမ်းသာ အားရပြောလိုက်သည်။

"ဟေ. . . . ဟုတ်လား၊ ဒါဆို ဆရာဝန်ခေါ်ရတော့မှာပေါ့ "

"ဟုတ်ကဲ့ ". . . သူမက ပြုံးလိုက်ပြီး "မနက်ဖြန်ဆိုရင် ရှုဘင့်မှာ သားကလေးရတော့မယ် အန်တီရဲ့"

ချက်ချင်းပင် သူနာပြုဆရာမက ဆရာဝန်ကို တယ်လီဖုန်းဖြင့် လှမ်းခေါ်လိုက်သည်။

ကလေးမွေးဖွားရာတွင် အခက်အခဲ လုံးဝမရှိ။ အလွန်ပင် လွယ်ကူချောမောသည်။ ငါးနာရီ နီးပါးမျှသာ ဗိုက်နာပြီးနောက် ကလေးငယ်ကို အောင်မြင်စွာ မွေးထုတ်နိုင်သည်။ ဆရာဝန်က ကလေးငယ်ကို ခြေထောက်ကလေး နှစ်ချောင်းစုပြီး ဦးစောက်ဆွဲကိုင်ကာ တင်ပါးကို လက်နှင့် အသာကလေး ပုတ်လိုက်သည်။ ဤတွင် လူ့လောကသို့ လောလောလတ်လတ် ရောက်ရှိလာသော လူသားကလေးတစ်ယောက်၏ ပထမဆုံးငိုသံ ပေါ်ထွက်လာတော့သည်။

မာဂဒါမှာ တစ်ကိုယ်လုံး စိုစွတ်ပြီး အိပ်ရာထဲတွင် ပက်လက်လှဲနေသည်။ မြို့စား ကတော်ကြီးက သူမ၏ လက်ကို ဆုပ်ကိုင်ထားသည်။ မာဂဒါက ပြုံးလိုက်ပြီး. . . .

"ကျွန်မ သားကလေး ကြည့်ချင်လှပြီ အန်တီ"

"ဒီတစ်ခါတော့ အန်တီ နည်းနည်းကလေး အတွက်လွဲသွားတယ် တူမရယ်၊ ကလေးက ယောကျာ်း ကလေးမဟုတ်ဘူး၊ မိန်းကလေးဖြစ်နေတယ်ကွယ်။ သမီးကလေးက သိပ်ကိုချောတာ သိလား"

ဤတွင် မာဂဒါပျော်လွန်း၍ အော်ပြောလိုက်သည်။

"ဟင်. . . သမီးလေး ဟုတ်လား၊ ဝမ်းသာလိုက်တာ အန်တီရယ်၊ ကျွန်မက သမီးကလေး လိုချင်တာ အန်တီရဲ့"



www.burmeseclassic.com

www.burmeseclassic.com



ကလေးငယ်ကို မာဂဒါ၏ ရင်ခွင်ထဲ ထည့်ပေးလိုက်သည်။ မာဂဒါ၏ လက်တွေ တုန်ယင်နေသည်။ ကိုယ်အလေးချိန် ခြောက်ပေါင်ခွဲသာ ရှိသော်လည်း တစ်ကိုယ်လုံး ပန်းနုရောင် သမ်းနေသော ကလေးငယ်မှာ ကိုယ်အင်္ဂါ အစိတ်အပိုင်းအားလုံး အချိုးအစား ပြေပြစ်ပြီး ဝမ်းတွင်းပါ ချောမောလှပသူကလေးဖြစ်သည်။

"အန်တီ. . . ကလေးနဲ့ ပတ်သက်ပြီး ထူးထူးခြားခြား ဘာတွေရသလဲဟင်၊ ကျွန်မကတော့ ဒီသမီးလေးကို မင်းသမီးလေးလို ပြုစုမယ်။ လန်ဒန်တစ်မြို့လုံးက ပြောယူရလောက်အောင်ကို ပြုစုမယ် အန်တီ၊ သူက သာမန်ကလေးမှမဟုတ်တာပဲ. . . . ဟက်မိသားစုဝင် အမျိုးသမီးကလေးပဲ၊ သူ့ဖေဖေက လွန်ခဲ့တဲ့ နှစ်ပေါင်း သုံးရာလောက်ကတည်းက ဆင်းသက်လာတဲ့ နာမည်ကျော် မှူးနေကြီးတွေရဲ့ မျိုးဆက်၊ သူ့ဘိုးဘိုးကျပြန်တော့လည်း ထင်ရှားတဲ့ လွှတ်တော်အမတ်ကြီး တစ်ယောက်၊ အဘွားကျတော့ရော . . . အဘွားကလဲ နာမည်ကြီး ထင်ရှားတဲ့ အမျိုးသမီးကြီး၊ ဒါပေမယ့် သူဟာ မာဂဒါရဲ့ သမီးကလေးကတော့ သမီးကလေးပါပဲ၊ ပြီးတော့ သူ့ရဲ့ အဘွားလေး ဘိုလတ်မြို့စားကတော်ကြီး ကိုယ်တိုင် ကင်ပွန်းတပ်ပေးတဲ့ သမီးလေး၊ ကျွန်မပြောတာတွေ မဟုတ်ဘူးလားဟင် . . . အန်တီ"

မြို့စားကတော်ကြီးက ပြုံးလိုက်သည်။

"သမီးလေးက ကံကောင်းမှာပါကွယ်၊ လူချစ် လူခင်ပေါမယ့် သမီးလေးဖြစ်မှာ သေချာပါတယ်"

"ဒါပေါ့ . . . အန်တီရဲ့၊ သိပ်သေချာတာပေါ့၊ သူ့ကိုယ်ဝန်နဲ့တုန်းက ဗိုက်ထဲက လှုပ်တော့ ကျွန်မမှာ ဗိုက်စူစူကြီးကို လက်နဲ့ပွတ်သပ်ရင်း အိပ်မပျော်နိုင်တဲ့ညတွေ ဘယ်လောက်ရှိခဲ့ တယ်ဆိုတာ အန်တီသိမယ် မဟုတ်ပါဘူး"

"ဒါနဲ့ သူ့ကို ဘယ်လိုနာမည်ပေးမလဲ၊ တစ်ခါမှတောင် ဒီကိစ္စ မပြောမိခဲ့ကြဘူး"

"ဂျဲနက်လို့ နာမည်ပေးမယ်. . . အန်တီ၊ ဒီနာမည်က ကျွန်မမေမေရဲ့ နာမည်ပဲ"

"အင်း . . . ဂျဲနက်. . . ဂျဲနက်. . . သိပ်လှတဲ့ နာမည်ကလေးပဲကွယ်"

"ဟုတ်တယ်. . . အန်တီ၊ နာမည်ကလည်းလှ၊ ရုပ်ကလည်းလှ၊ နာမည်နဲ့ ရုပ်နဲ့သိပ်ပြီး လိုက်ဖက်တာပဲ . . . နော်"

သူနာပြုဆရာမ မစ္စဝီလျံ ဝင်လာပြီး ကလေးကို လာယူသည်။ မာဂဒါက မပေးချင် ပေးချင် ပြန်ပေး လိုက်ရသည်။

"ပြီးတော့မှ ကျွန်မပြန်လာပို့ပေးဦးမယ်. . . . မဒမ်"

"ဪ. . . ဒါနဲ့ . . . မစ္စဝီလျံ. . . . ကလေးကို ကျွန်မကိုယ်တိုင် မထိန်းတော့ ဘူး. . . နော်"

"ဒါနဲ့ ဒေါက်တာ ဘီးမစ်နဲ့ ပြောတုန်းကတော့ . . . ."

"ဟုတ်တယ် . . . အဲဒီတုန်းကတော့ အဲဒီလိုပဲ စီစဉ်မလို့ပဲ၊ ဒါပေမယ့် အခုစိတ်ပြောင်းသွားပြီ"

မြို့စားကတော်ကြီးက မျက်မှောင်ကုပ်လိုက်ပြီး. . .



www.burmeseclassic.com

www.burmeseclassic.com



"မာဂဒါ ညည်းတော်တော်ကလေး ပင်ပန်းနေတာ အန်တီသိပါတယ်၊ ဒါပေမယ့် ကလေးကိုညည်းပဲ ထိန်းသင့်ပါတယ်။"

"မဟုတ်ဘူး အန်တီ၊ ဒီကိစ္စ ကျွန်မစဉ်စားကြည့်ပြီးပြီ၊ ကျွန်မကျန်းမာ လာတဲ့အခါ တိုက်ပွဲဝင်နေတဲ့ စစ်သားတွေအတွက် စေတနာ လုပ်အားပေးချင်လို့ပါ၊ ကလေးထိန်းနေရတာ . . . သိပ်ပြီး စိတ်ကျဉ်းကျပ်တယ်"

"ဒါပေမယ့် . . . ညည်းရဲ့အရေးကြီးဆုံးတာဝန်က ညည်းရင်သွေးကလေးကို ပြုစုဖို့ပဲ . . . မဟုတ် လား"

"ဒီအကြောင်း နောက်ထပ်မပြောပါနဲ့တော့ . . . အန်တီ" မာဂဒါက ဒေါသသံမပါဘဲ ပြောလိုက်သည်။

"ကဲ . . . ကျွန်မပင်ပန်းသွားပြီ၊ နည်းနည်းအနားယူလိုက်ဦးမယ်"

မြို့စားကတော်ကြီးသည် အခန်းထဲမှ ပြန်ထွက်လာခဲ့ပြီး တံခါးရွက်ကို ပြန်ပိတ်လိုက်သည်၊ တံခါးဝတွင်ရပ်လျက် အတန်ကြာတွေးနေမိသည်။ ပြီးတော့မှ . . . ဩော်သူ့ ကလေးပဲ၊ သူ့သဘောအတိုင်း လုပ်ချင်ရာ လုပ်ပါစေတော့။ ငါပြောလည်းရမှာမှ မဟုတ်ဘဲ . . . ဟု ကိုယ့်ကိုယ်ကို နှစ်သိမ့်လိုက်မိသည်။

ဩဂုတ်လ နေပူရှိန်အောက်တွင် တိုက်ခိုက်ရသော "ဗာဒန်" တိုက်ပွဲသည် အသက်ကို ဖက်နှင့် ထုပ်၍ တိုက်ခိုက်ရသော တိုက်ပွဲဖြစ်သည်။

စစ်သားများသည် ကတုတ်ကျင်းထဲတွင် ခြေကုန်လက်ပန်းကျကာ ခွေအိပ်နေကြသည်၊ ရေငတ်၍ အာခေါင်ခြောက်ကာ နှုတ်ခမ်းတွေလည်း ကွဲပြဲနေကြပြီ။

"အရေးကြီးတာက ခံနိုင်ရည်ရှိဖို့ပဲကွ"

တစ်ယောက်က ပြောလိုက်သည်။

"ကျုပ်ကတော့ မခံနိုင်တော့ဘူးဗျ၊ နောက်တစ်ပွဲမှာတော့ ကျိန်းသေပေါက် မာလကီ ရောင်းတော့မယ် ထင်တာပဲ"တစ်ယောက်က စိတ်ပျက်လက်ပျက်ဖြင့် ပြောသည်။

"ကျွန်တော်တော့ မသေချင်သေးဘူးဗျာ၊ အသက်တစ်ရာထိနေသွားချင်သေးတယ်"

"နင့် မေကလွှား . . . တစ်ချီတည်း တစ်ကမ္ဘာလုံး မီးလောင်သွားရင် သိပ်ကောင်းမှာပဲ ဒါမှဒီစစ်ပွဲ ကြီးမြန်မြန် ပြီးသွားမှာ"

"ကျွန်တော်ကတော့ . . . ကိုင်ဇာဘုရင်ဗိုက်ကို လှံစွပ်နဲ့သာ တအားထိုးပစ် လိုက်ချင် တော့တယ်ဗျာ"

"ခင်ဗျားတို့ ဘာတွေပဲ ပြောပြော . . . ကျွန်တော်ကတော့ အိမ်ပြန်ရောက်ရင် ကောင်မလေးတစ်ယောက်ခေါ်ပြီး အိပ်ရာထဲမှာ တစ်နှစ်လုံး မထတမ်း အိပ်နေမှာပဲဗျ၊ ဘယ်သူမရှိနဲ့ တကယ်ပြောတာဗျ"



www.burmeseclassic.com

www.burmeseclassic.com



ရှုဘင်ကတော့ ပင်ပန်းလှသဖြင့် ဘာစကားမှ ဝင်မပြောနိုင်။ ကတုတ်ကျင်းနံရံကို ကျောမှီကာ သက်တောင့်သက်သာ အနားယူနေလေသည်။ တစ်ကိုယ်လုံး ချွေးတွေရွှဲရွှဲစိုနေသဖြင့် ရှပ်အင်္ကျီမှာ အသားနှင့် တစ်သားတည်း ကပ်နေသည်။ သူတို့အဖို့ တစ်နေ့နှင့် တစ်နေ့ ဘာမှ မထူးခြား။ နေ့တိုင်းအတူတူပင်ဖြစ်နေသည်။ သေနတ်သံတွေ၊ အော်ညည်းသံတွေသာ အမြဲတမ်းကြား နေရသည်။ အလောင်းကောင်တွေ၊ အသက်ထွက်ခါနီး စစ်သားတွေကိုသာ အမြဲတမ်းမြင်နေ သည်။ ရန်သူနယ်မြေအတွင်းတို့ တစ်လက်မမျှ ထိုးဖောက် ဝင်ရောက်နိုင်ဖို့အတွက် အသက်ပေါင်း များစွာကို စတေးခံနေကြရသည်။

မျက်လုံးကို မှိတ်ကာ အိပ်ရန်ကြိုးစားသည်။

"ဟေး . . . ရှုဘင်" တစ်ယောက်က လှမ်းခေါ်လိုက်သည်။

"ဟေး. . . "ရှုဘင်က အိပ်ချင်မူးတူးနှင့် ပြန်ထူးသည်။

စစ်သားတစ်ယောက်က စာတစ်စောင် ကမ်းပေးသည်။ မာဂဒ့်ါထံမှစာ။ စာတိုက်တံဆိပ်က ဇူလိုင် ၁၄ရက်။ ဒီနေ့ဘာနေ့လဲ။ သူက နေ့တွေရက်တွေကိုပင် မမှတ်မိနိုင်တော့။

"ဟေးလူတွေ. . . ဒီနေ့ဘယ်နှစ်ရက်ရှိပြီလဲဗျ" ဟု သူက အော်၍မေးလိုက်သည်။

"ဩဂုတ်လ ၂၂ ရက်ဗျ"

ဘုရားရေ . . . ငါက ဇူလိုင်လပဲ ရှိသေးတယ်မှတ်နေတာ။

သူက စာအိတ်ကို ကမန်းကတန်းဖောက်ဖတ်လိုက်သည်။

"ဟေး. . . . ဟုတ်ပြီကွ၊ ကော်ပြီကွ" သူက ကတုတ်ကျင်းထဲမှ ရုတ်တရက်ထရပ်လိုက်ပြီး သံခမောက်ကို လေထဲလွှင့်ပစ်လိုက်သည်။ "ကျုပ်ကလေးဖအေ ဖြစ်ပြီကွ၊ ကလေးဖအေဖြစ်ပြီဗျ၊ ကလေးက မနေ့ကပဲ မွေးတာ။ အဲ. . . ကျုပ်ပြောတာ ဒီစာမပို့ခင် တစ်ရက်ကိုပြောတာ၊ ကျုပ်သမီးလေး နာမည်က ဂျဲနက်တဲ့၊ ဂျဲနက်ဟက် . . . တဲ့ဗျ၊ ကျုပ်သမီးကလေး. . . ကျုပ်သမီး လေးဗျ"

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

[ ၆ ]

နှစ်ဟောင်းကုန်လွန်၍ နှစ်သစ်ဆန်းခဲ့ပြန်ပြီ. . . ။

မစ္စက်ဆာရာဟက်မှာ လန်ဒန်မြို့ထဲတွင် နားရက်မရှိအောင် အလုပ်များလျှက်ရှိသ
နာမကျန်း ဖြစ်နေသော စစ်သားများနှင့် ဒဏ်ရာရစစ်သားများအား တင်ဆောင်လာသေ
ရထားများသည် ဝိတိုရိယဘူ တာသို့ နေ့စဉ်မပြတ် ဝင်လာမစဲရှိနေကြသည်။ မစ္စက်ဆာရာသ
ကြက်ခြေနီတပ်ဖွဲ့တွင် စေတနာ လုပ်အားပေးနေသည်။ သူမသည် ဒဏ်ရာရ စစ်သည်တော်များအ
အစားအသောက် ကျွေးမွေးပြုစုသော အလုပ်ကို တာဝန်ယူရသည်။ များသောအား
နားချိန်မရှိအောင်ပင် အလုပ်များလျှက်ရှိသည်။

တစ်ညတော့ ပင်ပန်းလွန်းသဖြင့် အိပ်ရာထဲ ဗုန်းဗုန်းလဲတော့သည်။ ထိုအခါ မစ္စ
နာသန်က ဇနီးသည်အား ဂရုဏာဒေါသောဖြင့် ဝေဖန်သည်။

“ဆာရာ. . . မင်းလုပ်ပုံ လွန်ကိုလွန်လွန်းပါတယ်။ ဒီအတိုင်း ဆက်လုပ်နေရင် မင်း
လိမ့်မယ်၊ လဲလိမ့်မယ်လို့ ငါတဖွဖွပြောနေတဲ့ကြားက ငါ့စကားနားမထောင်ဘူး၊ ခု
ငါပြောတဲ့အတိုင်း တကယ် လဲတော့တာပဲ မဟုတ်လား”

ဆာရာက ခင်ပွန်းသည်အား ပြုံးပြုံးကြီးကြည့်ရင်း. . .

“ကျွန်မမှာ တာဝန်ရှိလို့လုပ်တာ ရှင်က သဘောမတူဘူးလား နာသန်”

“အို. . မင်းက တာဝန်ထက်ပိုပြီး လုပ်တာကိုးကွ၊ အဲဒါကြောင့် အခုလို ဖြစ်ရတာ

“ဒါပေမယ့် မပူပါနဲ့ အဖေကြီးရယ်၊ ကျွန်မတို့ ကံကောင်းကြပါတယ်၊ ကျွ
သားတွေအားလုံး အသက်ရှင်နေတုန်းပဲ ရှိကြပါတယ်၊ ဖိလစ်ဆိုရင် အနားယူဖို့ အိမ်ပြန်ရောက်



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်လား"

"ဟုတ်တယ် . . . သူအိမ်ပြန်ရောက်လာပြီ၊ လက်တစ်ဖက်တော့ ပါမလာဘူး"

"ကျွန်မနဲ့ အတူတူ လုပ်နေတဲ့ မိန်းမက သားခြောက်ယောက် မိခင်ပါ နာသန်၊ အဲဒါ သားခြောက် ယောက်စလုံး တိုက်ပွဲမှာ ကျသွားကြပြီ၊ ဒါပေမယ့် သူက မျက်နှာ တစ်ချက်မညှိုးဘူး၊ အလုပ်မပျက်လုပ်နေလျှက်ပဲ"

"အေးကွာ. . . သူ့ခမျာ သနားစရာပဲ၊ ငါစိတ်မကောင်းပါဘူး၊ ဘာပဲဖြစ်ဖြစ် မင်းကိုငါ ပြောချင်တာ ကတော့ သက်တောင့်သက်သာ အလုပ်တွေကိုပဲ ရွေးပြီးလုပ်စေချင်တယ် ဆာရာ"

ဆာရာက ပြုံးလိုက်သည်။

"ဘယ်လိုအလုပ်မျိုး ပြောတာလဲ"

"ပတ်တီးလိပ်တာမျိုး၊ ပြီးတော့ မာတီလဒါတို့၊ ဆေလ်ဗီယာတို့လို သူနာပြု ရန်ပုံငွေ ကောက်ခံတဲ့ အလုပ်မျိုးတွေပေါ့။ သိပ်ပြီး မပင်ပန်းတဲ့ အလုပ်မျိုးလုပ်ဖို့ပြောတာ"

"ကောင်းပါပြီရှင်၊ ကောင်းပါပြီ၊ နောက်ဆိုရင် အဲဒီလိုအလုပ်မျိုးပဲ ကျွန်မရွေး လုပ်တော့မယ်"

မကြာမီတွင် မစ္စက်ဆာရာအိပ်ပျော်သွားလေသည်။

ထိုညတွင် သူမ တော်တော် ချောင်းဆိုးသည်။ မစ္စတာနာသန်က စိတ်ပူပြီး ဆရာဝန်ကို ချက်ချင်း လှမ်းခေါ်သည်။ ဆရာဝန်က မစ္စတာဆာရာအား သူမ၏အခန်းထဲတွင် စမ်းသပ် စစ်ဆေးသည်။ မစ္စတာနာသန်သည် ရင်တထိတ်ထိတ်နှင့် အခန်းပြင်တွင်ရပ်ပြီး ဂနာမငြိမ် ဖြစ်နေသည်။ ခဏကြာတော့ ဆရာဝန် ပြန်ထွက်လာသည်။ ဆရာဝန်၏ မျက်နှာအမူအရာကြည့်ပြီး သူ့မိန်းမ၏ ရောဂါအခြေအနေကို မစ္စတာနာသန်က ချက်ချင်းခန့်မှန်းမိလိုက်သည်။

"သူ့မှာ အူရောင်ရောဂါ ရှိနေတယ်" ဒေါက်တာက ပြောသည်။

မစ္စတာနာသန်သည် လဲကျမသွားရန် ကိုယ်ကို နံရံတွင် မှီထားလိုက်ရသည်။ ဒေါက်တာက သူနာပြု ဆရာမတစ်ယောက် လွှတ်လိုက်မည်ဟု ပြောပြီး ပြန်သွားသည်။

ထိုညတွင် မစ္စတာနာသန်မှာ တစ်ရေးကလေးမျှ မအိပ်ရ။ ဇနီးသည်အား ပြုစုရင်း နီးစင်စင်လင်းခဲ့ရသည်။ မစ္စတာဆာရာဟက်၏ အခြေအနေများ တစ်ချိန်ထက်တစ်ချိန် ပို၍သာ ဆိုးရွားလာသည်။ မနက်ပိုင်းတွင် ချောင်းဆိုးတော့ သွေးတွေပါလာသည်။ ကိုးနာရီတွင် အထူး သူနာပြုဆရာမ ရောက်လာသည်။

ညနေလေးနာရီတွင် မစ္စက်ဆာရာ ဆုံးသွားသည်။ မစ္စတာနာသန်သည် ဇနီးသည်၏ အလောင်းဘေး တွင် ထိုင်ကာ ကြောင်ကြောင်ကြီးဖြစ်နေသည်။

"အသေစောလှချည်လား ဆာရာရယ်၊ မင်း ငါ့ကိုတစ်ယောက်တည်း ပစ်ထားခဲ့ တော့မှာလား. . . ငါတစ်ယောက်တည်း ဘယ်လိုနေရပါ့မလဲ. . . ဆာရာရယ်"

သူက သူ့ဇနီးသည်၏ ပါးပြင်ပေါ်တွင် မျက်နှာအပ်ကာ တရှုပ်ရှုပ်နှင့် ငိုနေသည်။

သားသမီးများကို ချက်ချင်းပင် အကြောင်းကြားလိုက်သည်။ မိသားစုအားလုံး အလောင်းနားတွင် ဝိုင်းထိုင်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



မောရစ်က ဖခင်အနားသို့ ကပ်၍ တိုးတိုးပြောသည်။

"ဖေဖေ ကျွန်တော်တစ်ခုပြောချင်ပါတယ်၊ အသုဘအခမ်းအနားကို ရှုဘင့်မိန်း မတက်ရင် ပိုကောင်း လိမ့်မယ်ထင်တယ်။"

ဖခင်ကြီးက ခေါင်းကိုခါယမ်းလိုက်သည်။ အင်း. . . ဒီအချိန်ကြီး ရောက်လာ တာတောင်မှ မောရစ်က ဒေါသအာဃာတတွေ ရှိတုန်းပါပဲလား။ သူက လေးနက်တည်ငြိမ်စွာဖြ ပြန်ပြောလိုက်သည်။

"မာဂဒါဟာ ရှုဘင်ရဲ့ တရားဝင်မိန်းမပဲကွဲ့၊ အဲဒီတော့ တို့ကလည်း သူ့ကို အသိအမှ ပြုရလိမ့်မယ်၊ ရှုဘင် မရှိတဲ့အတွက် ရှုဘင့်ကိုယ်စား သူပဲ တက်ရလိမ့်မယ်"

မောရစ်က ဖိလစ်အား အဓိပ္ပာယ်ပါသောမျက်လုံးဖြင့် စောင်းကြည့်လိုက်သည် ယင်းအကြည့်ကို ညီအစ်ကို နှစ်ယောက်လုံး နားလည်ကြသည်။ ထို့နောက် ဖိလစ်က အခြေအနေ သဘောပေါက်သွားပြီး ဖခင်ကြီးအား ပြန်ပြောလိုက်သည်။

"ဒါဆိုလည်း ပြီးတာပေါ့ . . . ဖေဖေ၊ ဖေဖေ့ အစီအစဉ် ကောင်းပါတယ်၊ အစ်ကိုကြီး နည်းနည်း စိတ်ကူးလွဲသွားတာပါ"

မောရစ်ကလည်း သူ့အမှားကို တောင်းပန်သည်။

"ဟုတ်ပါတယ်. . . . ဖေဖေ၊ ကျွန်တော် အတွေးချော်သွားတာပါ၊ ကျွန်တော့် ခွင့်လွှတ်ပါ"

ဖခင်ဖြစ်သူက ဘာမှ ပြန်မပြော။ ပြောစရာလည်းမလိုဟု ထင်သည်။

မစ္စက်ဆာရာဟက်၏ ကြွင်းကျန်ရစ်သော ရုပ်ကလပ်ကို ဘုရားရှိခိုးကျောင်းတွင် ဝတ်ပြုဆုတောင်း ပြုလုပ်သည်။ မောရစ်နှင့် ဖိလစ်တို့ ညီအစ်ကိုက ဖခင်ကြီး၏ ဝဲယာတစ်ဖက်တစ်ချက်တွင် ရပ်နေကြသည်။ မောရစ်၏ မိန်းမ မာတီလဒါ၊ ဖိလစ်၏ မိန်းမ ဆေလ်ဗီယာနှင့် ကလေးခြော ယောက်တို့က အဘိုးကြီးနောက်တွင် ရပ်နေကြသည်။

မာဂဒါနှင့် မြို့စားကတော်ကြီးတို့ကတော့ လက်ဝဲဘက်အစွန်၌ ရပ်နေသည်။

အသုဘ အခမ်းအနားသို့ သူချစ်သော လူသုံးယောက် မလာရောက်နိုင်သည့်အတွ မစ္စတာနာသန်အဖို့ တော်တော်ကလေး စိတ်မကောင်းဖြစ်မိသည်။ လီယွန်၊ ရှုဘင်နှင့် ဒီဘိုရာ သုံးယောက် မလာနိုင်ကြ။

ဝတ်ပြုဆုတောင်းပွဲ ပြီးသောအခါ ဓမ္မဆရာက မိသားစုများအား အခန်းထဲတွင် ထားခဲ့ အပြင်ဘက်မှ လာရောက်စောင့်ဆိုင်းနေသည်။

မောရစ်က ဖခင်ကြီးအား ခပ်တိုးတိုး ပြောလိုက်သည်။

"ဖေဖေ. . . သွားဖို့အချိန်တန်ပြီထင်တယ်"

အဘိုးကြီးက သားဖြစ်သူအား လှည့်ကြည့်ပြီး ခေါင်းညိတ်ပြလိုက်သည်။ ပြီးတော့ လေသံဖြင့် ရေရွတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆာရာ. . .၊ ကောင်းသော အိပ်ခြင်းနှင့် အိပ်စက်နေပါလေတော့ . . .၊ ဘုရားသခင်က ဆြအား သင့်အနားသို့ ခေါ်ယူတော်မူသည့် အချိန်ကာလ တိုင်အောင် ငါသည်သင့်အား နေ့ညမပြတ် သတိရနေပါအံ့"

ထို့နောက် ဘုရားကျောင်းထဲမှ ပြန်ထွက်လာခဲ့သည်။ မောရစ်၊ ဖိလစ်နှင့် ၎င်းတို့ ယောကျ်ားများက ဖခင်ကြီးနှင့်အတူ တစ်ကားတည်းစီးကြသည်။ ကလေးတွေက တစ်ခြားကားတစ်စီး စီးကြသည်။ မာဂဒါနှင့် မြို့စားကတော်ကြီးတို့ကတော့ မာဂဒါ၏ ရိုးလ်-ရွိုက်စ်ကားကိုစီး၍ ဖြည်းဖြည်းကလေးမောင်းထွက်လာ ခဲ့ကြသည်။

ညကျတော့ မာဂဒါက ကွယ်လွန်သူ မစ္စက်ဆာရာအတွက် အောက်မေ့ဖွယ် ဖယောင်းတိုင်ကို ထွန်းညှိပူဇော်ပြီး ဟီဘရူးဘာသာ ရိုးရာစဉ်လာအတိုင်း သွားလေသူအတွက် ဆုတောင်းမေတ္တာပို့သသည်။

ပြီးတော့ ဧည့်ခန်းသို့ ထွက်လာခဲ့သည်။ ဧည့်ခန်းထဲတွင် မြို့စားကတော်ကြီး တစ်ယောက်တည်း ထိုင်နေသည်။ မာဂဒါက မျက်နှာချင်းဆိုင် ဝင်ထိုင်လိုက်သည်။

"ကျွန်မကတော့ ဘာလုပ်ရမှန်းတောင် မသိတော့ဘူး အန်တီ"

"ရှဘင့်ဆီ အကြောင်းကြားဖို့ကိစ္စ ပြောတာလား"

"ဟုတ်ပါတယ်၊ ကျွန်မဘယ်လို လုပ်ရမလဲ၊ သူ့အမေဆုံးသွားပြီဆိုတာ ကျွန်မဘယ်လို လုပ်ပြီး သူ့ဆီ စာရေးရမလဲဟင်"

"အမှန်အတိုင်းပြောရရင်. . . အန်တီလဲ ဘယ်လိုမှ အကြံမပေးတတ်တော့ပါဘူးကွယ်၊ ဒါပေမယ့် ချက်ချင်း အသိမပေးသေးဘဲ ခဏဆိုင်းထားရင် ပိုကောင်းလိမ့်မယ်ထင်တယ်. . . မာဂဒါ"

"ဒါမှ မဟုတ်လဲ. . . သူ့အဖေကြီးဆီက စာရမှပဲ သိပါစေတော့လား အန်တီရယ်. . . ဘယ်နှယ်လဲ . . . ဟင်၊ အဲဒါဆိုရင်ပိုမကောင်းဘူးလား"

"အမယ်လေး မာဂဒါရယ်၊ မိန်းမဆုံးလို့ ရင်ကွဲမတတ် ခံစားနေရတဲ့ လူတစ်ယောက်ကိုများ ထဲရာဖိ ထောင်းသလို ထပ်ပြီးနှိပ်စက်ဦးမလို့လား. . . ဟင်၊ စိတ်ကူးမလွဲမပါနဲ့၊ အန်တီ့စကား နားထောင်စမ်းပါ တူမ ရယ်၊ ခဏစောင့်နေလိုက်ပါဦး"

"ဒါဖြင့်လဲ ကောင်းပြီလေ၊ ဒီအကြောင်း ခုမှသူသိရလို့လည်း သူ့အမေက အသက်ပြန်ရှင်လာနိုင်တော့မှာမှ မဟုတ်ဘဲ၊ နောက်တော့မှပဲ အခြေအနေကြည့်ပြီး အသိပေးကြတာပေါ့"

စစ္စတာနာသန်သည် အသေစောသော ဇနီးသည်အတွက် ယူကျုံးမရဖြစ်ကာ နေ့ရှိတိုင်း ဇနီးသည်အား သတိရနေသည်။ သို့ဖြင့် . . . . ပြေရာပြေကြောင်း အပြောင်းအလဲသဘောဖြင့် မာဂဒါတို့ တိုက်ခန်းသို့ သွားလည်ရာမှ ကလေးငယ်ကို မြင်ရသောအခါ မြင်မြင်ချင်း အံ့လွန်ချစ်ခင် ခုံလန်းမိတော့သည်။ နောက်ဆုံးတော့ သည်မြေးမကလေးသည်ပင်လျှင် သူ့အတွက် သောကကို ဖြေသိမ့်စရာ ကွန်းခိုရိပ်သာဖြစ်နေတော့သည်။ ဖြစ်နိုင်လျှင် သူက သူ့မြေးမကလေးကို "ဆာရာ" ဟူ၍ပင် နာမည်ပြောင်းမှည့်လိုက်ချင်သည်။ သူသည် မြေးမကလေးကို ရင်ခွင်ပိုက်ချီထားရင်း



www.burmeseclassic.com

www.burmeseclassic.com



သူ့သားထွေး ရှုဘင်ကို ချီထားရသလိုခံစားရမိသည်။

ချွေးမလေးယောက်အနက် မာဂဒါသာလျှင် နားလည်မှုအရှိဆုံး၊ အကြင်နာတရား အရှိဆုံးနှင့် စိတ် စေတနာအကောင်းဆုံး ဖြစ်သည်ဟု သူကယုံကြည်သည်။

သူမကိုယ်တိုင်က မိဘနှစ်ပါးနှင့် အစ်ကိုတစ်ယောက် ဆုံးပါးဖူးသောကြောင့်လည် တစ်ပါးသူ၏ ခံစားမှုကို ယခုလို နားလည်မှု ရှိခြင်းဖြစ်သည်ဟု မစ္စတာနာသန်က ယူဆသည်။

ထို့ကြောင့်လည်း ယောက္ခမနှင့် ချွေးမတို့မှာ တစ်ယောက်အကြောင်း တစ်ယောက်ပို၍ နားလည်လာကြသဖြင့် တစ်ယောက်အပေါ် တစ်ယောက် ချစ်ခင်ကြင်နာမှုမှာလည်း တစ်နေ့ထက် တစ်နေ့ တိုးပွား ရင့်သန် လာခဲ့ရသည်။

တစ်နေ့တော့ . . . လက်ဖက်ရည်ပွဲတွင် မာဂဒါက ယောက္ခမ ဖြစ်သူအား မေးလိုက်သည်

"ဒါနဲ့ . . . ဖေဖေ၊ ဂျဲနက်ကို ကင်ပွန်းတပ်တဲ့ အရှေ့ပိုင်းက ဘုရားကျောင်းလေးကို ဖေဖေ သိသလား . . . ဟင်"

"အမယ်လေး . . . သိရုံတွင် ဘယ်ကမလဲ သမီးရယ်၊ သမီးမေမေနဲ့ ဖေဖေတို့တော အဲဒီနေ့က ဘုရားကျောင်းကို သွားခဲ့ကြသေးတယ်"

"ဖေဖေ သဘောကျမယ် ဆိုရင် ဂျဲနက်ကို ကျွန်မနာမည်ပြန်မှည့် ချင်တယ် . . . ဖေဖေ ကျွန်မ ဓမ္မဆရာနဲ့လည်း တိုင်ပင်ပြီးပါပြီ"

အဘိုးကြီးက အတိုင်းထက်အလွန် သဘောကျသွားသည်။ ဘုရားကျောင်းရောက်တော့ မစ္စတာ နာသန်က ဓမ္မဆရာရှေ့တွင် ရပ်ကာ မြေးမလေးကို ရင်ခွင်ပိုက်ထားသည်။ ပြီးတော့ . . . မြေးမကလေး၏ နာမည်တွင် ဖြည့်စွက်ခွင့်ပေးရန် ဓမ္မဆရာအားပန်ကြားသည်။ ဓမ္မဆရာက ခွင့်ပြု ဆုတောင်းမေတ္တာပို့သသည်။

အသစ်ဖြည့်စွက် မှည့်ခေါ်လိုက်သော နာမည်ကတော့ "ဂျဲနက်ဆာရာဟက်" . . . ပါတဲ့

မစ္စတာနာသန်သည် ကြမ်းပြင်တွင် သံမှိုစွဲထားသလို မလှုပ်မယှက် ငြိမ်သက်စွာ ရပ်နေသည်။ ပြီးတော့မှ ချွေးမဖြစ်သူဘက်သို့လှည့်ကာ . . .

"မာဂဒါ သမီး၊ သမီးကို ဖေဖေ အလွန်ချစ်ပါတယ်ကွယ်၊ ရှုဘင့်ကို ချစ်သလို ချစ် တယ်ကွယ်။အခုလို "ဆာရာ"ကိုအသက်ပြန်ရှင်လာအောင် လုပ်ပေးတဲ့အတွက် သမီးကို ဖေဖေ အများကြီး ကျေးဇူးတင်ပါတယ်ကွယ်၊ ဒီကလေးရှိနေသမျှ "ဆာရာ"လည်း ဖေဖေနဲ့အတူ အမြဲတမ်းရှိနေတော့မှာပါပဲ သမီး" ဟူ၍ မျက်ရည်စမ်းစမ်းဖြင့် တဆို့တနင့်ပြောလိုက်လေသည်။

"ဆာရာ" ကလေး တစ်လသမီး တင်းတင်းပြည့်သောနေ့ . . . ။

တိုက်တိုက်ဆိုင်ဆိုင် ထိုနေ့တွင် မစ္စတာနာသန်သည် နှလုံးကြောပိတ်ရောဂါဖြင့် အိပ်ရာထဲတွင် ဗုန်းဗုန်းလဲသည်။ သည်အိပ်ရာ၊ သည်ခုတင်တွင်ပင် သူ၏ချစ်လှစွာသော ဇနီးသည် လည်း ဘဝတစ်ပါးသို့ ပြောင်းသွားခဲ့ရသည်။

မစ္စတာနာသန်သည် ခေါင်းအုံးတွင် ကျောမှီးရင်း ရှေ့တည့်တည့်ကို စိုက်ကြည့်နေသည်



www.burmeseclassic.com

www.burmeseclassic.com



သူ့တွင်ကြောက်လန့် စိုးရိမ်ခြင်းမရှိတော့။ ဘာကိုကြောက်ရမည်နည်း။ ဘာဖြစ်လို့ ကြောက်ရမည်နည်း။ သေခြင်းတရားသည် အဆန်းမဟုတ်။ သည်ခန္ဓာမှ အသက်ဝိညာဉ် ထွက်ခွာသွားခြင်းကိုပင် သေသည်ဟုခေါ်ကြခြင်းဖြစ်သည်။ လူတိုင်းသေကြရမည်။ သက်ရှိ သတ္တဝါတိုင်း တစ်နေ့မဟုတ် တစ်နေ့ မလွဲမသွေ သေကြရမည်သာတည်း။

ခုတင်ဘေးတွင် သူနာပြုဆရာမ လာရပ်သည်။ မစ္စတာနာသန်သည် အတွေးရေလျဉ် ကြားတွင် မေ့မြောနေရာမှ သတိပြန်ဝင်လာသည်။

"ဆေးသောက်ဖို့ အချိန်ရောက်ပါပြီ မစ္စတာဟက်"

မစ္စတာနာသန်က ကျိတ်ပြီးရယ်လိုက်သည်။ တော်တော်မိုက်တဲ့အဘွားကြီး။ သေမင်းကို ဆေးလုံးတစ်လုံးနဲ့ သတ်လို့ ဘယ်ရနိုင်ပါ့မလဲ။

သို့သော် သူက ပါးစပ်ဟပေးလိုက်သည်။ ပြီးတော့ ဆေးလုံးမျိုချလိုက်သည်။

မကြာမီတွင် သူအိပ်ပျော်သွားသည်။

အိပ်ရာမှနိုးလာသောအခါ ခုတင်ဘေးတွင် မောရစ်နှင့် ဖိလစ်တို့ ထိုင်နေကြတာ တွေ့ရသည်။

"သားတို့ ရောက်နေကြတာ ကြာပြီလား"

သူက လေသံသဲ့သဲ့ဖြင့် မေးလိုက်သည်။

"သိပ်မကြာသေးပါဘူး ဖေဖေ၊ ဖေဖေ အိပ်လိုက်တာတော်တော် အနားရသွားမှာပဲ" မောရစ်က ပြောသည်။

"နေကောင်းသလို ရှိရဲ့လားဖေဖေ" ဖိလစ်က မေးသည်။ ဖခင်က စကားမပြောဘဲ ဖိလစ်ကိုသာ ကြည့်လိုက်သည်။ ဖိလစ်၏ အင်္ကျီလက်တစ်ဘက် အောက်သို့ ဖတ်လတ်ကြီး ကျနေသည်။ တိုက်ပွဲတွင် ပြတ်လာသော လက်တစ်ဘက်။

အဖေကြီးက သက်မတစ်ချက်ချလိုက်သည်။

ဩော်. . . ဖိလစ်. . . ဖိလစ်။ သူ့ခမျာ ကံဆိုးရှာပါကလား၊ ဘယ်လောက် အခံရ ခက်လိုက်မလဲနော်၊ ပြတ်စတုန်းက နာလိုက်မည့်ဖြစ်ခြင်း။ သူ့အနားမှာ ငါမရှိနိုင်ခဲ့တာ စိတ်မကောင်း စရာပဲ။ ခုတော့ သူက ငါ့အနား ရောက်လာပြီ။ ငါ့ကို ဖြေသိမ့်ပေးဖို့ သူ ရောက်လာပြီ။

"အင်း. . . အလျင်ထက်တော့ အများကြီး သက်သာသလို ရှိပါတယ်သားရယ်"

"ဖေဖေ၊" မောရစ်က မဝံ့မရဲအသံလေးဖြင့် ခေါ်လိုက်သည်။ "ဖေဖေ့ကိုဖိလစ်နဲ့ ကျွန်တော် တိုင်ပင် စရာရှိလို့ "

"လီယွန်နဲ့ ရှုဘင်တို့များ ဘာတွေ ဖြစ်ကြပြန်ပြီလဲသား"

"သူတို့ ဘာမျှ မဖြစ်ပါဘူးဖေဖေ၊ ကျွန်တော်က အဲဒီကိစ္စ ပြောမလို့မဟုတ်ပါဘူး၊ တစ်ခြားကိစ္စပါ"

ဖခင်ကြီးက ဟင်းကနဲ သက်ပြင်းချလိုက်သည်။

"ပြောစရာရှိတာ ပြောပါသား"

မောရစ်က ခြောက်နေသော နှုတ်ခမ်းကို လျှာနှင့် ပွတ်လိုက်ပြီးတော့မှ. . .



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့ပြောချင်တာက ဒီလိုပါဖေဖေ၊ ဖေဖေသိတဲ့ အတိုင်း . . . ခုလိုအချိန်မျိုး အကြီးဆုံး သားဟာ ဖခင်ကိုယ်စား မိသားစုကိစ္စကို စီမံခန့်ခွဲရတဲ့ အစဉ်အလာရှိပါတယ်၊ ဒါပေ . . . ဒီလိုအချိန်မျိုး ဘယ်တော့မှ မရောက်ပါစေနဲ့လို့ ကျွန်တော်အမြဲပဲ ဆုတောင်းနေ တယ်. . . . ဖေဖေ"

ဖခင်ကြီးက မသိမသာ ပြုံးလိုက်မိသည်။

"ဆက်ပြောပါ မောရစ်"

မောရစ်က လည်ချောင်းတစ်ချက် ရှင်းလိုက်သည်။

"ဟုတ်ကဲ့. . . ဖေဖေ၊ အဲဒီတော့ . . . အမွေပစ္စည်းတွေကို မခွဲဝေမီ သားသမီးအာ အစုံအညီ ရောက်ရှိလာရမယ်လို့ . . . သေတမ်းစာမှာ ရေးထားပါတယ်. . . ဖေဖေက အဲဒီ မောရစ်တုန့်ဆိုင်းဆိုင်း ဖြစ်နေသည်။

ဖခင်ကြီးက စိတ်မရှည်နိုင်တော့။

"ပြောပါ. . . ဆက်ပြောပါ . . . မောရစ်။ ပြောချင်တာကိုသာပြောပါ"

မောရစ်က တံတွေး မျိုချလိုက်ပြီးတော့မှ . . .

"အဲဒီတော့. . . တကယ်လို့ အရေးကြုံလာတဲ့အခါ . . . "

"ငါသေတဲ့အခါကို ပြောတာလား. . . "

"ဟုတ်ကဲ့ ဖေဖေ. . . တကယ်လို့များ အဲ. . . အဲဒီတော့ သေတမ်းစာအရ အမွေခွဲ ရတော့မယ်ဆို ရင်. . . လောလောဆယ် လီယွန်နဲ့ ရှုဘင်တို့က မရှိတော့ သေတမ်းစာကို ရုံးတော် အချိန်အကန့်အသတ်မရှိ ရွှေ့ဆိုင်းထားနိုင်စရာ ရှိပါတယ်"

"မင်းပြောတာမှန်တယ်. . . မောရစ်၊ ဒီကိစ္စကို စစ်ကြီးဖြစ်စကတည်းက ငါ အပြီးအပြတ် လုပ်ခဲ့ဖို့သင့်တာ၊ ဒါပေမယ့်. . . . တခြားအရေးကြီးတဲ့ ကိစ္စတွေနှင့် ရှုပ်နေလို့ ဘာ မလုပ်နိုင်ခဲ့ဘူး၊ ဒီတော့ ဆက်ပြောပါဦး . . . . မောရစ်"

"ဟုတ်ကဲ့ . . . ဖေဖေ၊ ဒါနဲ့ ဒီကြားထဲ အခြေအနေတွေက တော်တော်ပြောင်း သွားပြီ. . . ဖေဖေ၊ အခုဆိုရင်. . . ရှုဘင့်မှာ မိန်းမနဲ့ ကလေးနဲ့တောင်ဖြစ်နေပြီ၊ ဒါပေမ . . . သူ့အနေနဲ့ အိမ်ကို ပြန်မလာရင် . . . ဒါမှမဟုတ် . . . မဆိုကောင်း. . . ဆိုကောင်း သူတစ် များ ဖြစ်သွားခဲ့ရင် . . . သူ့မိန်းမနဲ့ ကလေးဟာ ဒီသေတမ်းစာအရ ဘာမျှအကျိုးခံစားခွင့်မရှိပါဘူ

"သူ တစ်ခုခု ဖြစ်သွားခဲ့ရင် . . . လို့ ဆိုလိုတာလား"

"ဟုတ်. . . ဟုတ်. . . ဟုတ်ပါတယ် ဖေဖေ"

"အေးဒီစကားကြားရတာ ငါဝမ်းသာပါတယ်"

"ဒါပေမယ့် . . . စကားအဖြစ်သာ ပြောရပေမယ့် ကျွန်တော်က . . . အဲဒီလို မဖြစ် ချင်ပါဘူး ဖေဖေ၊ ဖိလစ်ကလည်း ကျွန်တော့်လိုပါပဲ၊ ဘာပဲပြောပြော ရှုဘင်ဟာ ကျွန်တော်တို့ ညီလေးပဲ မဟုတ်လား ဖေဖေ"

"အေး. . . ဟုတ်တာပေါ့. . . ဟုတ်တာပေါ့"

"အဲဒီတော့ လိုရင်းအချက်ကို ပြောရရင်. . . ဒီအချိန်မှာ ဖေဖေ အနေနဲ့ သေတမ်းစာ



www.burmeseclassic.com

www.burmeseclassic.com



...ရေးလို့လည်း မကောင်းပါဘူး၊ အခြေအနေလည်း မပေးပါဘူး။ ပြန်ရေးစရာရှိရင်လည်း ...တ်တော့မှပဲ ရေးသင့်ပါ တယ်။ ဒီတော့ လောလောဆယ် အခြေအနေအရ ကျွန်တော်တို့ရဲ့ ...ရေးကို တွက်ပြီးတော့ . . . ဖိလစ်နဲ့ ကျွန်တော် အကြာကြီး တိုင်ပင်ဆွေးနွေးခဲ့ကြပါတယ်။ ...ီလို ဆွေးနွေးခဲ့ကြတဲ့အခါ အခြေအနေနဲ့လည်း ကိုက်ညီအောင် သက်ဆိုင်သူအားလုံး ...တွက်လည်း အကျိုးရှိအောင် အမွေပစ္စည်းအားလုံးကို ဖေဖေ့ ကိုယ်စား ကျွန်တော်ကပဲ ...ဝန်ယူပြီး ခွဲဝေစီမံခွင့်ရရင် ကောင်းမယ်လို့ ကျွန်တော်တို့ သဘောတူကြပါတယ်။ ဘာဖြစ် ...လဲဆိုတော့. . . ဖေဖေသိတဲ့ အတိုင်းပါပဲ၊ ခုနေအခါက ကမ္ဘာ့အခြေအနေအတွေက သိပ်ပြီး ...ပြောင်းအလဲမြန်နေပါတယ်၊ ဒါကြောင့်မို့ . . . မိသားစု အမွေပိုင် ရန်ပုံငွေတွေကို ဒီအတိုင်း ...ထားဘဲ အမေရိကန်စက်မှု လုပ်ငန်းကုမ္ပဏီတွေမှာ ရင်းနှီးမြှုပ်နှံထားချင်ပါတယ်။ အဲဒါဆိုရင် ...အားလုံးအတွက် ထိုက်သင့်တဲ့ အမြတ်ငွေတွေ လည်း တိုးပွားလာနိုင်ပါတယ်. . ."

"ကဲ. . . ငါ့ကို ခဏထူပေးပါဦး၊ မျက်နှာပိုမြင်ရတာပေါ့ . . . . အေး. . . အေး. . . ခုမှ ...န်ကျသွားတော့တယ်။ ဒီတော့. . . မောရစ်၊ ဒီကိစ္စ မင်းနဲ့ အခြေအတင် ငြင်းရအောင် ငါ့မှာ ...င်အားလည်းမရှိတော့ဘူး၊ မင်းပြောတာတွေ အများအားဖြင့်တော့ ယုတ္တိရှိပါတယ်. . . ဒါပေမယ့် ...ဖေ တစ်ခုတော့ သတိပေးချင်တယ်။ ပိုက်ဆံဆိုတာ လူကိုအန္တရာယ်ပေးတတ်တယ်ကွဲ၊ ...ွယ်ညို့စားတတ်တဲ့ တန်ခိုးစွမ်းအားလည်းရှိတယ်။ ရှူဘင်နဲ့ မာဂဒါတို့ အပေါ်မှာ မင်းဘယ်လို ...သဘောထားတယ်ဆိုတာ ဖေဖေခန့်မှန်းမိပါတယ်၊ အခုကိစ္စမှာ . . . မင်းကသဘောရိုးရိုးနဲ့ ...ပြောတာလို့ ဖေဖေက ဘယ်လိုလုပ် ယုံကြည်နိုင်ပါ့မလဲ"

"ဖေဖေက ကျွန်တော်အပေါ် အဲဒီလိုထင်တာကို ကျွန်တော်စိတ်. . . . မကောင်းပါ ...း. . . ဖေဖေ၊ တကယ်လို့ ကျွန်တော် ဘယ်လိုသဘောထားထား ဒီစစ်ကြီးကြောင့် သူတို့ဘဝ ...ခြေအနေ ပြောင်းလဲသွားတာကတော့ အမှန်ပဲ၊ မနေ့က အရေးကြီးတာဟာ ဒီနေ့ ဘာမှ ...ရေးမကြီးတာ ဖြစ်သွားပြီ၊ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော်ကတော့ မိသားစု ကိစ္စကိုပဲ အဓိက ...ားရမှာပဲ"

"ဒီလိုဆိုလဲ . . . ကောင်းပြီလေ၊ ဒီတော့. . . မင်းရဲ့ ဂုဏ်သိက္ခာကို ထောက်ထားပြီးတော့ ...စ္စာဆို မလား၊ သူတို့ကို ဘာမှ နစ်နာအောင်မလုပ်ပါဘူးလို့ ကတိပေးမလား. . .၊ အဲ. . . ...ပ်ပါဦး၊ ငါ. . . ပြန်လှည့်လိုက်ပါရစေ. . .၊ အဲ. . . ဟုတ်ပြီ. . . ကျေးဇူးပဲ ဖိလစ်၊ ခေါင်းအုံးကို ...ါင်းအောက်သွင်းလိုက်ပါဦး"

...ောရစ်က မြန်မြန်လေးပြောလိုက်သည်။

"ကျွန်တော်ကတိပေးပါတယ်. . . ဖေဖေ၊ ကျွန်တော်ဟာ ဂုဏ်သိက္ခာရှိတဲ့ လူတစ်ယောက် ...တို့ ကျွန်တော့်ကိုယ် ကျွန်တော် ယုံကြည်ပါတယ်"

ဖခင်ကြီးက အိပ်ရာပေါ်တွင် လှဲရင်းမျက်လုံးမှိတ်ထားလိုက်သည်။ မောရစ်နှင့် ဖိလစ်တို့ ... တစ်ယောက်မျက်နှာ တစ်ယောက် ဖြတ်ကနဲ လှည့်ကြည့်လိုက်ကြသည်။ အခုလောလော ...ယ်များ အဘိုးကြီး အသက်ထွက်သွားလျှင် ဒုက္ခပဲဟူ၍ နှစ်ယောက်စလုံး၏ စိတ်ထဲတွင်တွေး ...သွားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



မောရစ်က ကိုယ်ကို ကိုင်းပြီး တိုးတိုးမေးလိုက်သည်။

"ဖေဖေ. . . ဖေဖေ. . . နေကောင်းပါတယ်နော်. . ."

"အေး. . . ငါနေကောင်းပါတယ်၊ ဘာမှ မဖြစ်ပါဘူး။ မျက်လုံးမှိတ်ထားတော့ ပိုကော မလားလို့ပါ။ ဒါမှ အခြေနေမှန်ကို ကြည်ကြည်လင်လင် မြင်နိုင်တာပေါ့"

မောရစ်က လည်ချောင်းတစ်ချက် ရှင်းလိုက်သည်။

အဘိုးကြီးက ဆက်ပြောလိုက်သည်။

"အင်း. . . အဲဒီတော့ . . . ဒီကိစ္စ ငါက လုပ်ကို လုပ်ရတော့မှာပေါ့ ဟုတ်လား၊ ဖေဖေ မင်းကိုယုံ ပါတယ်။. . . မောရစ်၊ မင်းဟာ ငါ့သား ငါ့သား. . ."

"ဟုတ်ပါတယ် ဖေဖေ၊ ကျွန်တော့်ကို ယုံပါ ဘာမှ မပူပါနဲ့ "

"အဲဒီတော့ . . . မင်းက စာချုပ်စာတမ်းတွေ ဘာတွေ အဆင်သင့် ပြင်ဆင်လာခဲ့ ဆိုပါတော့. . ."

"ဟုတ်တယ်. . . ဖေဖေ၊ နောက်ထပ် ဖေဖေ သေတမ်းစာအသစ် မရေးမချ ဒီကြားကာလအတွင်းမှာ ကျွန်တော့်ကို ဖေဖေ့ ကိုယ်စားလှယ်အဖြစ် တာဝန်လွှဲအပ်ဖို့ . . . . ဖေဖေ"

သူက စာချုပ်ကိုထုတ်၍ ဖြည်းဖြည်းချင်း ဖတ်ပြသည်။

"နေ့စွဲ တပ်ထားသလား"

"ဟုတ်ကဲ့ တပ်ထားပြီးသားပါ၊ လွန်ခဲ့တဲ့ နှစ်ရက်က နေ့စွဲပါ၊ ဇန်နဝါရီလ ၉-ရက်နေ့"

"အင်း. . . ငါ့သားကြီးက တော်တော်လာဘ်မြင်တဲ့ လူပါလား"

မောရစ်က ဘာမျှ ပြန်မပြော။ အဘိုးကြီးက ဆက်ပြောသည်။

"ကဲ. . . ဒီတော့ သက်သေတွေ ဘာတွေရော"

"အဆင်သင့်ပါပဲ. . . ဖေဖေ၊ မာတင်နဲ့ ကားဒရိုင်ဘာကို ထည့်ရင်ဖြစ်ပါတယ်ဖေဖေ"

"ဒါဖြင့် သူတို့ကို ခေါ်လိုက် . . . ခေါ်လိုက်"

ဖိလစ်က သွားခေါ်လာသည်။ နောက်ဆုံးမောရစ်လက်မှတ်ရေးထိုးသည်။

အဘိုးကြီးက ပြောလိုက်သည်။

"ဒီစာချုပ် ဖေဖေ့ ဆီမှာ ခဏထားခဲ့ပါဦး . . . ဒီတစ်ညလောက်ပါ. . . ၊ မနက်ကျ ရှစ်နာရီ တို့မိသားစုရှေ့နေ ရောက်လာလိမ့်မယ်၊ သူရောက်တော့ သေတမ်းစာအသစ် ပြန်ရေးမယ် အဲဒီလိုဆိုရင် ဒီစာချုပ် လုံးဝအဓိပ္ပာယ်မရှိဖြစ်သွားမှာ မဟုတ်လား"

မောရစ်က ဒေါသကို ချုပ်တည်းထားလိုက်သည်။

"မနက်ဖြန်မနက်မှ ကျွန်တော်တို့ လာခဲ့ပါဦးမယ်. . . ဖေဖေ" အဘိုးကြီးက ဘာ မပြော။ အိပ်ရာ ထဲ ပက်လက်ကြီး မလှုပ်မယှက် လှဲနေသည်။ ကြည့်နေရင်းမှပင် မျက်နှာတစ်ခုလုံး ဖြူဖပ်ဖြူရော်ဖြစ်လာသည်။ မျက်လုံးတွေလည်း ကြောင်တောင်တောင် ဖြစ်လာသည်။ မော ကမန်းကတန်း အပြင်ထွက်သွားပြီး သူနာပြုဆရာမခေါ်လာသည်။ သူနာပြုဆရာမ အ ရောက်လာသောအခါ မစ္စတာနာသန်သည် ပင့်သက်တစ် ချက်ရှိုက်လိုက်ပြီးနောက် ...



www.burmeseclassic.com

www.burmeseclassic.com



...လည်စောင်းကျသွားသည်။ သူကွယ်လွန်သွားခဲ့လေပြီ။

ဖိလစ်က ဖခင်ကြီးအား ဖက်ပြီး တသိမ့်သိမ့် ငိုသည်။

"ဖေဖေ. . . ဖေဖေ၊ ကျွန်တော့်ကို ခွင့်လွှတ်ပါ . . . ဖေဖေရယ်၊ ကျွန်တော့်ကို ခွင့်လွှတ်ပါ။ ...တို ကျွန်တော် သစ္စာဖောက်မိခဲ့ပါတယ်. . . ဖေဖေ"

မောရစ်က စာချုပ်ကို ဆတ်ကနဲ ကောက်ယူလိုက်ပြီး အပေါ်အင်္ကျီအတွင်းအိတ်ထဲ ...ထားလိုက်သည်။ သူကဖခင်ကြီး၏ မျက်နှာကို စိုက်ကြည့်ရင်း ရင်ထဲမှ အသံတိတ် စကား ...နေမိသည်။

ဖေဖေက ကျွန်တော့်အစီအမံကို မကျေနပ်ဘူး၊ ဒါပေမယ့် ကျွန်တော်လုပ်တာ တရား ...ယ် ဖေဖေ၊ လီယွန်အနေနဲ့ သူရသင့်သမျှ တစ်ခုမကျန် ရပါစေ့မယ်။ ရှုဘင်လည်း သူနဲ့ ...တန်သလောက်တော့ ရမှာပဲ၊ သူ့ကို တစ်သက်လုံးအတွက် ပေါင်တစ်ရာ ပေးလိုက်ပါမယ်။ ...လောက်ပဲ ရထိုက်ပါတယ်။ မိဘဆွေမျိုး သိက္ခာ လုံးဝမထောက်ထားဘဲ . . . အခြေအနေမဲ့ ...ပေါ်က မိန်မတစ်ယောက်အတွက်နဲ့ မိဘဆွေမျိုးတွေ ရဲ့မျက်နှာကို အိုးမဲသုတ်သွား ...ကောင်. . .၊ အဲဒီလောက်ပဲ ရသင့်ပါတယ်။ ဒီကိစ္စမှာဖေဖေ အားနည်းခဲ့တယ် ဖေဖေ။ ...ယ့်ဖေဖေကို ကျွန်တော်ချစ်ပါတယ်။ ဖေဖေက အင်အားလို့ ယုံကြည်တဲ့အရာကို ကျွန်တော်က ...နည်းချက်လို့ ခံယူခဲ့ပါတယ်။ ဖေဖေရဲ့ စေတနာ၊ ဖေဖေ့မေတ္တာကြောင့် အပြစ်မဲ့တဲ့ ...သားသမီးတွေ အများကြီး နစ်နာခဲ့ပါတယ်. . . ဖေဖေ. . . ။

...ကြီး အသည်းအသန် ဖြစ်နေကြောင်း ကြားရကတည်းက မာဂဒါ အကြီးအကျယ် စိတ်မချမ်း ...ဖြစ်ခဲ့ရသည်။ အဘိုးကြီးထံ ချက်ချင်းသွားတွေ့လိုက်ချင်စိတ်လည်း တဖွားဖွား ဖြစ်ပေါ် ...ခဲ့သည်။ သို့သော် လက်တွေ့သော်ကား လုံးဝမသွားဖြစ်ခဲ့။ ယင်းသို့ မသွားဖြစ်ခဲ့တာကလည်း ...သွားရဲ၍မဟုတ်။ မောရစ်တို့ လင်မယားနှင့် ဖိလစ်တို့လင်မယားရန်ကို ကြောက်၍မဟုတ်၊ ...န်ဆိုလျှင်သူမအနေဖြင့် ၎င်းတို့နှင့် ထိပ်တိုက် တွေ့ပြီး ရင်ဆိုင်လိုက်ချင်သောဆန္ဒ အမြဲတမ်း ...သည်။ ဒါမှ သူနိုင်ကိုယ်နိုင် ပြဿနာရှင်းသွားမည် ဖြစ်သည်။

သို့ပါလျှက် သူမအပေါ်တွင် အလွန်ကောင်းရှာသော ယောက္ခမကြီး တစ်ယောက်လုံး ...သည်းအသန် ဖြစ်နေတာကိုတောင်မှ တစ်ကြိမ်တစ်ခေါက် သွားမကြည့်ခြင်းမှာ ယောက္ခမကြီး ...ဆင်းရဲမှာစိုးရိမ်၍ မသွားခြင်းပင်ဖြစ်သည်။ သူမ သွားလျှင် ဟိုလူတွေနှင့် ထိပ်တိုက် တိုးတော့ ...။ ယင်းသို့ဆိုလျှင် ကိုယ်ကမစသော်လည်း သူက စသောကြောင့် လူမမာရှေ့တွင် မရှောင် ...သော အကြီးအကျယ်စကားများ ရန်တွေကြရတော့ မည်။ သို့ဆိုလျှင် အဘိုးကြီးအား လဲရာ ...ထောင်းသလို ဖြစ်သွားလိမ့်မည်။

ထို့ကြောင့်လည်း သူမက လုံးဝမသွားဘဲ အိမ်ကပင် နေပြီး သတင်းပလင်းမေးနေရသည်။

ယနေ့လည်း အဘိုးကြီးဆုံးသွားပြီ ဖြစ်ကြောင်း အိမ်ဖော်မှုး မာတင်က ဖုန်းဆက်၍ ...တင်းပို့သည်။



www.burmeseclassic.com

www.burmeseclassic.com



"သူဆုံးတုန်းက အနားမှာ ဘယ်သူတွေ ရှိနေသလဲ. . . မစ္စတာမာဘင်"

"မိသားစုတွေအားလုံး ရှိနေကြပါတယ်. . . မဒမ်"

ငါလည်း မိသားစုဝင် တစ်ယောက်ပဲ။ ဒါပေမယ့် ငါက သူဆုံးချိန်မှာ သူ့အနားမှာ မရှိနိုင်ဘူး။ ရှာဘင်သာရှိရင် ဒီလိုဖြစ်မှာ မဟုတ်ဘူး။

သူမ ဆုံးဖြတ်ချက် ချလိုက်သည်။

"ကောင်းပြီလေ. . . ကျွန်မလာခဲ့မယ် မစ္စတာမာတင်. . . အခုပဲ ထွက်လာခဲ့ပါ့မယ်"

"ဒါပေမယ့် မစ္စတာဟက်က အိမ်မှာ မရှိတော့ဘူး . . . မဒမ်၊ သူတို့ ဘုရားကျောင်းကို ပို့လိုက်ကြပြီ"

မနက်(၇) နာရီ တိတိတွင် မာဂဒါနှင့် မြို့စားကတော်ကြီးတို့အား အနက်ရောင်ဝတ်စုံကို ဝတ်ထားသော ပုဂ္ဂိုလ်တစ်ယောက်က ဘုရားကျောင်းအတွင်းသို့ ဦးဆောင်ခေါ်လာခဲ့သည်။

မာဂဒါက မစ္စတာနာသန်၏ လက်သန်းတွင် ကလေးဝတ် ရွှေလက်စွပ်တစ်ကွင်းကို ဝတ်ပေးလိုက်သည်။ ယင်းလက်စွပ်ကလေးပေါ်တွင် "ဆာရာ" ဟူ၍ ကမ္ပည်းထိုးထားသည်။ မစ္စတာနာသန်က သူ၏ နောက်ဆုံးမြေးမကလေး ဂျနက်ဆာရာဟက်အား ပေးခဲ့သော လက်စွပ်ကလေးပင်တည်း။

မာဂဒါက ခေါင်းပေါ်မိုး၍ အလောင်းကောင်၏ အေးစက်နေသော နှုတ်ခမ်းများကို ကုန်းနမ်းလိုက်သည်။

ထို့နောက် မြို့စားကတော်ကြီးနှင့် အတူ ဧည့်ခန်းဆောင် ခုံတန်းလျားတွင် ထိုင်ရင်း ကွယ်လွန်သူ အတွက် သံဝေဂဂါထာများ ရွတ်ဆိုနေမိသည်။

အချိန်ဘယ်လောက်ကြာသွားမှန်းတော့ သူမ မသိတော့။ သို့သော် မစ္စတာနာသန် ကွယ်လွန်သွားခြင်းသည် သူမအတွက် ကြီးစွာသော ဆုံးရှုံးမှုကြီး တစ်ရပ်ဖြစ်ကြောင်းကိုတော့ လေးလေးနက်နက် သဘောပေါက်မိသည်။

ထို့နောက် ဝမ်းနည်းကြောင်း မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပြီး ထွက်လာခဲ့သည်။

၁၁-နာရီတွင် မောရစ်နှင့် ဖိလစ်တို့ မိသားစုများရောက်လာကြသည်။ သူတို့သည် အသုဘခေါင်း အနီးတွင် စီစဉ်ထားသော သီးသန့်ကုလားထိုင်များတွင် ထိုင်ကြသည်။

အခြားအသုဘရှု ပရိသတ်များလည်း ဝင်လာမစဲ ရှိနေကြသည်။ သူတို့သည် စိတ်သဘောထား မြင့်မြတ်သော ပုဂ္ဂိုလ်ကြီးအား နောက်ဆုံးနှုတ်ဆက်ရန် ရောက်လာကြခြင်း ဖြစ်သည်။

အလောင်းစင်အနီးတွင် ဧည့်သည်များ ကြိတ်ကြိတ်တိုးနေကြသည်။ သားကြီးမောရစ်က အခန်းဝတွင် ရပ်ကာ ဧည့်ပရိသတ်များအား ကျေးဇူးတင် စကားပြောရမည် ဖြစ်သည်။

သူက မှတ်တမ်းစာအုပ်ကို လှန်ကြည့်လိုက်သော အခါ မာဂဒါ၏ နာမည်ကို အမှတ်မထင် သွားတွေ့လိုက်ရသည်။

ကမန်းကတန်းပြန်လှည့်ပြီး မျက်လုံးမေးကာ ဧည့်ခန်းထဲသို့ လှမ်းကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မာဂဒါသည် နောက်တန်းခုံတွင် မြို့စားကတော်ကြီးနှင့် ဘေးချင်းကပ်ထိုင်နေသည်။

မောရစ်ရင်ထဲတွင် ဒေါသလှိုင်းလုံးကြီး ဝုန်းကနဲ ပေါက်ကွဲသွားသည်။ ဒေါသကို ...ပြီးမျိုသိပ် ထားလိုက်သည်။

နောက်ဆုံးတွင် အခန်းထဲ၌ မိသားစုမှတစ်ပါး အခြားသူများမရှိကြတော့။ အသုဘခေါင်း ...ဘဉ်ပေါ်တွင် ရောက်နေလေပြီ။

မာဂဒါနှင့် မြို့စားကတော်ကြီးတို့လည်း အခန်းထဲမှ ပြန်ထွက်ရန် ထရပ်လိုက်ကြသည်။

မောရစ်က မီးခိုးရောင် သားရေလက်အိတ်တစ်ဖက်ကို စွပ်ရင်းမိမိအား လှမ်းကြည့် ...သည်ကို မာဂဒါ မြင်လိုက်သည်။ သူတို့နှစ်ယောက်မှာ မျက်နှာချင်းဆိုင် တစ်ခါမျှ မတွေ့ဖူးကြ ...သော်လည်း တစ်ယောက်ကို တစ်ယောက်တော့ ရင်းရင်းနှီးနှီး သိနေကြသည်။

ဆေလ်ဗီယာ ထွက်လာသည်။ မာဂဒါကိုမြင်လိုက်တော့ . . . ဒီကောင်မနဲ့ ငါနဲ့ မတူ ...န်ဘူး. . . ဆိုပြီး လမ်းဖယ်ထွက်သွားသည်။ ဖိလစ်ကလည်း ရှောင်ထွက်သွားမလို လုပ်သည်။ ...သော် မာဂဒါရှေ့တွင် မောရစ်သွားရပ်တာကို မြင်လိုက်ရတော့ သူကစိုးရိမ်သွားပြီး အပြင် ...ထွက်မသွားဘဲ ရပ်ကြည့်နေလိုက်သည်။

မာဂဒါက မောရစ်နှင့် ရင်မဆိုင်ချင်။ မဆိုင်ရဲ၍တော့ မဟုတ်။ အခြေအနေရ ...ဆိုင်သင့်သော ကာလဟု ယူဆသောကြောင့် ဖြစ်သည်။ မိသားစုအားလုံး၏ ကျေးဇူးရှင်ကြီး၊ ...သမီးအားလုံးကို ချစ်သော ဖခင်ကြီး၏အလောင်းသည် ခေါင်းထဲတွင် ပူပူနွေးနွေးပင် ...သေးသည်။ သို့သော် မောရစ်က ရန်စလာတော့လည်း မခံချင်စိတ်က အလိုလိုဖြစ်လာသည်။ ...ခြင်း. . . မောရစ်ရှေ့တွင် မတ်မတ်ကြီးရပ်ပြီး ရဲရဲကြီး ရင်ဆိုင် လိုက်သည်။

"ဒါ. . . ဖေဖေ့ အသုဘ၊ မင်းနဲ့ဘာမှမဆိုင်ဘူး။ ဖေဖေအသက်ရှင်နေတုန်းကလည်း ...ကို အိမ်လာခွင့်မပြုဘူး၊ အဲဒီတော့ . . . ဖေဖေသေတော့ကော မင်းဘာလာလုပ်စရာလိုသေးလဲ"

"ကျွန်မလာတယ်၊ ဘာဖြစ်သေးလဲ . . . ရှင်က ရှင့်အဖေအသုဘကို လာတယ်။ ကျွန်မ ...လည်း ကျွန်မ ယောက္ခမ အသုဘကို လာတယ်၊ သူ့ကို ကျွန်မလေးစားတယ်၊ ရိုလဲရိုသေတယ်၊ ...လည်း ကျွန်မကို သမီးအရင်းလို ချစ်တယ်၊ ပြီးတော့ . . . သူဟာ ကျွန်မယောကျ်ားရဲ့ ...ဖြစ်တယ်။ ဒါကြောင့်မို့လို့ . . . ရှင်တို့လို ကျွန်မလည်း ဒီနေရာကို လာခွင့်ရှိတယ်။ . . . ကျွန်မအခွင့်အရေးပဲ"

"မင်းလာခွင့် ...ရှိဘူး။ မင်းလိုမိန်းမယုတ်မျိုးကို လုံးဝလာခွင့် မပြုနိုင်ဘူး"

ဤတွင် မြို့စားကတော်ကြီးက ထိုင်ရာမှ ဖြတ်ကနဲ ထရပ်လိုက်ပြီး. . .

"မင်းဘယ်လိုပြောလိုက်တာလဲ၊ မင်းရူးနေပြီလား၊ မင်းက ကိုယ့်ညီလေးရဲ့ မိန်းမကိုတောင် ...နာ စိတ်လုံးဝမရှိဘူး၊ ငါ့တစ်သက်မှာ မင်းလို အရိုင်းစိုင်းဆုံး၊ လူမဆန်ဆုံး လူမျိုး ဒီတစ်ခါပဲ ...ဖူးသေးတယ်"

မောရစ်က ပါးရိုက်ရန် လက်ကိုမြှောက်လိုက်သည်။ သို့သော် ဖိလစ်က သူတို့နှစ်ယောက် ... ဝင်ရပ်လိုက်သည်။

"ဟာ. . . အစ်ကိုကြီး. . . အစ်ကိုကြီး . . . မလုပ်ပါနဲ့၊ လွန်မယ်. . . . လွန်မယ်. . . .



www.burmeseclassic.com

www.burmeseclassic.com



မလုပ်ပါနဲ့"

ယင်းသို့ပြောပြီး ဖိလစ်သည် လမ်းမပေါ်သို့ ပြေးထွက်သွားသည်။

သို့သော် မောရစ်က မကျေသေးဘဲ မာဂဒါရှေ့တွင် ဆီးရပ်လိုက်ပြန်သည်။ သူ
လက်အိတ်တစ်ဘက်ကို ပြန်စွပ်လိုက်ပြီး. . .

"ဟေ့. . . ဒီမှာ. . . ငါတစ်ခွန်းပဲပြောမယ်၊ မင်းဒီနေရာက ချက်ချင်းထွက်သွားမလား
မထွက်သွားဘူး လား။ ငါ ဒါပဲပြောမယ်"

"အံ့မယ်. . . ရှင်က ကျွန်မကို ခြောက်တာလား၊ ဒီမယ် တစ်သက်မကြောက်သေးဘူး
သိလား"

"အေး. . . နင်ဒီစကားပြောတာ သိပ်မှားသွားပြီ၊ ဟေ့. . . . ငါလုပ်ချင်တာ လုပ်လို့ရတယ်
မင်းဘယ်လို ကောင်မမျိုးလဲဆိုတာ ငါသိချင်ရင် ခုချက်ချင်းသိလို့ရတယ်။ ငါ့ညီနဲ့မရ
မင်းဘာတွေလုပ်ခဲ့သလဲ၊ မင်းဘယ်လိုမိန်းမစားမျိုးလဲ ငါသိတယ်။ အဲဒီတော့ . . . ငါရှည်ရှည်
ဝေးဝေးမပြောချင်တော့ဘူး၊ မင်းဒီနေ ရာက ခုချက်ချင်းထွက်သွား"

မာဂဒါက မောရစ်၏ မျက်နှာကို စူးစူးရဲရဲကြည့်နေသည်။ ပြီးတော့ . . . လေးလေး
နက်နက် ပြောလိုက်သည်။

"ဒီမယ်. . . အစ်ကိုကြီး ကျွန်မတစ်ခုပဲ ပြောခဲ့မယ်။ ကျွန်မအတွက် အစ်ကိုကြီး
ဘာမှမပူပါနဲ့၊ ကျွန်မအစ်ကိုကြီးတို့ကို ဘယ်တော့မှ ဒုက္ခမပေးပါဘူး၊ အစ်ကိုကြီးတို့ကသာ ကျွန်မ
ညီမချင်းကိုယ်ချင်းမစာဘဲ အမြဲတမ်းဒုက္ခပေးခဲ့ကြတယ်။ ဒါပေမယ့် ကျွန်မ ဘယ်လို
သဘောမထားပါဘူး၊ အစ်ကိုကြီးတို့ကို ကျွန်မအမြဲတမ်းခွင့်လွှတ်ပါတယ်။ ဒါ. . . ဒါ. . .
အစ်ကိုကြီးတို့နဲ့ ကျွန်မ နောက်ဆုံးတွေ့ခြင်းပဲ"

မာဂဒါသည် မြို့စားကတော်ကြီး၏ လက်မောင်းကို ဆွဲပြီးနေရာမှ ချက်ချင်း
ထွက်သွားသည်။

မောရစ်က တွေဝေငေးမောစွာဖြင့် ရပ်ကြည့်ကျန်ရစ်သည်။ ပြီးတော့ သူက ဆုံးဖြတ်ချ
ချလိုက်သည်။

"အင်း . . . ဒီလင်မယားကိုတော့ အမွေပေးလို့ လုံးဝမဖြစ်ဘူး၊ အင်း. . . ဖေဖေကလည်း
တော်တော့်ကို ရှော်ပါသေးကလား"

◆◆◆

www.burmeseclassic.com

www.burmeseclassic.com

# [ ၇ ]

ထိုနေ့ညနေစာ စားပြီးကြသောအခါ မာဂဒါ၏ အခန်းထဲတွင် နှစ်ယောက်သား ထိုင်နေကြသည်။ မာဂဒါက မောရစ်လုပ်ပုံကို တွေးပြီး မကျေမချမ်းဖြစ်နေတုန်း ရှိသေးသည်။

"အန်တီ ကျွန်မကတော့ မေမေ့ မြေစာပုံကို တိုင်တည်ပြီး ကျိန်ပြောရဲပါတယ်၊ ကျွန်မကို မတရားစော် ကားကြတာ တစ်နေ့ကျတော့ သူတို့ကောင်းကောင်းကြီး နောင်တရကြမှာ ကျိန်းသေပဲ"

"ဒါတွေစဉ်စားမနေပါနဲ့တော့ တူမရယ်၊ ပြီးခဲ့ပြီးတာတွေ ပြီးပါစေတော့၊ အလကား ဘာလို့စိတ်ဆင်းရဲခံပြီး ပြန်တွေးနေစရာရှိသေးသလဲ၊ စိတ်အေးအေးထားပြီး အနားယူစမ်းပါဦး"

နောက်နေ့တွင် မာဂဒါသည် ရှုဘင့်ထံသို့ စာတစ်စောင်ရေးလိုက်သည်။ သူ့မိဘများ ကွယ်လွန်သွား ပြီ ဖြစ်ကြောင်းရေးလိုက်သည်။ သို့သော်မောရစ်က ရိုင်းစိုင်းစွာ ဆက်ဆံပုံကိုတော့ နောင် စိတ်မကောင်းဖြစ်မည်စိုး၍ လုံးဝထည့်မရေး။ စာရေးပြီးသွားသောအခါ မြို့စား ကတော်ကြီးအား ကမ်းပေးလိုက်သည်။ မြို့စားကတော်ကြီးက စာကို ဖတ်ကြည့်သည်။

ကျွန်မတို့ အမြတ်နိုးဆုံး ကျေးဇူးရှင်တွေ ကွယ်လွန်သွားတဲ့အတွက် အားလုံးပဲ ဝမ်းနည်းကြေကွဲ မဆုံးဖြစ်ခဲ့ရတယ် မောင်။ မေမေကွယ်လွန်ခဲ့တဲ့အချိန်က မောင့်ဆီကို ချက်ချင်း စာမရေးခဲ့တာကိုတော့ ကျွန်မကို ခွင့်လွှတ်စေချင်ပါတယ်။ မောင်စိတ်မချမ်းမသာ ဖြစ်နေမှာစိုးလို့ အခြေအနေအရ စောင့်ဆိုင်းနေခဲ့တာပါ မောင်။ ခုတော့ မောင့်မိဘ နှစ်ပါးစလုံး မရှိတော့ပါဘူး။ မောင့်အပေါ်မှာ တာဝန်ကျေခဲ့တဲ့ ကျေးဇူးတွေကို အောက်မေ့ ပြီးတော့ တရားနဲ့သာဖြေသိမ့်ပါတော့ မောင်ရယ်။ မောင် အမြန်ဆုံး ပြန်လာနိုင်ပါစေလို့ အမြဲတမ်း ဆုတောင်းနေတဲ့. . . .

မောင့်အချစ်
မာဂဒါ



www.burmeseclassic.com

www.burmeseclassic.com



ရှုဘင်သည် ချမ်းအေးလွန်းသဖြင့် ကတုတ်ကျင်းထဲတွင် ကုပ်ပြီး ခိုက်ခိုက်တုန်နေသည်။ လောလော ဆယ် ခံစားနေရသော ဒုက္ခကို ခေတ္တခဏဖြစ်ဖြစ် မေ့ပျောက်ထားနိုင်ရန် နွေရာသီ နေရောင် ထွန်းသောနေ့ကို မျှော်မှန်းတောင့်တနေမိလေသည်။

ယမန်နေ့က ဂျာမန်များသည် သူတို့အား ဓာတ်ငွေ့လက်နက်များဖြင့် တိုက်ခိုက်ခဲ့ကြသည်။ သူတို့ ရဲဘော်များသည် ဓာတ်ငွေ့သင့်ပြီး အသက်ရှူမရ ဖြစ်သူဖြစ်၊ ချောင်းဆိုးသူဆိုး၊ အော့အန်သူ အော့အန်နှင့် အတော်ပင် ခံလိုက်ကြရသည်။ တချို့မှာ တစ်ကိုယ်လုံး တွန့်လိမ်ကောက်ကွေးပြီး အသက်ထွက်သွားကြသည်။

ရှုဘင်သည် အဆိပ်ငွေ့ကို ကာကွယ်ရန် စုတ်ပြဲ ပြတ်သတ်နေသော သူ့အင်္ကျီကို ချွတ်ကာ ဆီးသွားပြီး နှာခေါင်းဝတွင် ကပ်လျှက် နှာရှုသလို ရှူနေရသည်။ နောက်ဆုံး လေပြောင်းသွား သောအခါမှ အဆိပ်သင့်နေသော စစ်သားများအား စစ်သင်္ဘောပေါ်ရှိ အရေးပေါ်ဆေးရုံသို့ ပို့လိုက်ကြရသည်။

ယနေ့နံနက်တွင်ပင် မာဂဒါထံမှစာကို ရှုဘင်ဖတ်ရသည်။ သူ၏ မိဘနှစ်ပါးစလုံး ကွယ်လွန်သွားပြီ ဖြစ်ကြောင်း သိရတော့ ရင်ကွဲမတတ်ခံစားရသည်။ တစ်သက်နှင့် တစ်ကိုယ် ပထမဆုံးအကြိမ် ငိုမိသည်။ သို့သော် မျက်ရည်ကား တစ်စက်ကလေးမျှပင် မထွက်။

ဂျဲနက် ရှစ်လသမီးအရွယ်ရောက်တော့ မာဂဒါက ဆံပင်ကို ထိပ်ပေါ်တွင်စုပြီး ပန်းရောင်ဖဲကြိုး ကလေးနှင့် စည်းပေးသည်။ ကလေးက တစ်နေ့တစ်ခြား ထူးထူး ခြားခြား လှလာသည်။ နှုတ်ခမ်းကလေးတွေရော မျက်လုံးဝိုင်းကလေးတွေရော အလွန်လှသည်။ ပြုံးလိုက်လျှင် ပို၍ပင်လှသေးသည်။

မိခင်ဖြစ်သူက ထွေထွေရာရာစကားပြောတော့လည်း ကလေးက သူ့စကားနှင့်သူ တုံ့ပြန်တတ်လာပြီ။ ရယ်လည်းရယ်တတ်လာပြီ။ မာဂဒါက သမီးလေးကိုကောက်ချီကာ အပေါ် မြှောက်ကစားတော့လည်း ကလေးက သဘောကျပြီး တခစ်ခစ်နှင့် အူမြူးနေသည်။

"ဟောဒါ. . . မေမေ့ သမီးလေး. . .၊ မင်း သမီးကလေး၊ သမီးတော်ကလေး . . . ဖေဖေကြီး ပြန်လာရင် ပန်းခြံထဲသွားပြီး ကစားကြမယ်နော် . . .၊ သမီးဟုတ်လား. . . .၊ ပြီးတော့ မြို့ထဲ ရှိသမျှ ကစားစရာ လှလှလေးတွေ ဝယ်မယ်။ ဒါပေမယ့် မေမေတို့ လန်ဒန်မှာတော့ ဆက်မနေတော့ဘူးနော်၊ သမီးလေးလည်း မနေချင်ဘူးနော်၊ ပါရီကိုပဲ ပြန်ကြမယ် . . . နော်၊ နွေရာသီ ကျတော့ . . . အပန်းဖြေခရီးထွက်ကြမယ်၊ သမီး လေးက မြင်းလေးစီးလို့၊ ဖေဖေနဲ့ မေမေက ဘေးတစ်ဘက်စီက သမီးကို ထိန်းပြီးလမ်းလျှောက်ကြမယ်။ ဘယ်လောက်ပျော်စရာ ကောင်းလိမ့်မလဲ. . . နော်၊ ဟုတ်လား. . . သမီးလေး၊ အေး. . . ဟုတ်တယ်၊ မေမေ့သမီးလေး ခေါင်းညိတ်ပြဖို့တောင် တတ်နေပါရောလား၊ သိပ်တော်တဲ့ သမီးလေး. . . မေမေ့ သမီးလေး"

မာဂဒါက ကလေး၏ ဗိုက်ဖောင်းဖောင်းကလေးကို ချစ်စနိုး အသာပုတ်လိုက်သည်။ ကလေးက ခြေထောက်ကလေး ယက်ကန်ယက်ကန်နှင့် တခစ်ခစ်ရယ်သည်။ ပြီတော့



www.burmeseclassic.com

www.burmeseclassic.com



. . . လက်ကလေးတွေ ဝှေ့ရမ်း ပြသည်။

သည်နေ့. . . မာဂဒါ တော်တော်စိတ်လက်ရွှင်လန်းသည်။ ထို့ကြောင့် . . . မြို့စား …တော်ကြီးနှင့်အတူ နာမည်ကြီး "ဒေါ်ချက်စတာ" ဟိုတယ်တွင် နေ့လယ်စာ သွားစားရန် …တ်လိုက်သည်။

ဟိုတယ်ရောက်တော့ . . . မစ္စက်ရူဘင်ဟက်အတွက် ဟိုတယ်သီးသန့်ခန်းတွင် …ားထိုင်မရှိပါဟု မန်နေဂျာက ပြောသည်။ မာဂဒါက မြို့စားကတော်ကြီး၏ မျက်နှာကို …ည့်လိုက်သည်။

ဧကန္တ. . . ဒါ မောရစ် လက်ချက်ပဲဖြစ်မယ်။ မစ္စတာနာသန်ဆုံးပြီးကတည်းက …ဒါအပေါ်တွင် သူတို့က တော်တော်ရက်ရက်စက်စက် လုပ်လာသည်။ ယခုလည်း. . . …ာ်ကြီးရှိသော ဟိုတယ်များနှင့် စားသောက်ဆိုင်များအား မာဂဒါလာလျှင် လက်မခံကြရန် …ရစ်က ပြောထားတာဖြစ်ရမည်။

"အေးလေ. . . တတ်နိုင်တော့လည်း လုပ်လိုက်ကြဦးပေါ့။ ဒါပေမယ့် . . . ကျွန်မကို …ဒီလိုချည်းပဲ တစ်သက်လုံး လုပ်မနေနိုင်ပါဘူး၊ တစ်နေ့တော့ ကျွန်မအလှည့်လည်း ရောက် …ဦးမှာပေါ့"

မာဂဒါ ယင်းသို့ပြောပြီး သီးသန့်ခန်းမှ ပြန်ထွက်လာသည်။

သူတို့နှစ်ယောက် လက်ဖက်ရည်ခန်းမှာပင် နံနက်စာစားကြသည်။ စားသောက်ပြီးတော့ …ာကို "ဝပ်သ်" ကုန်ပဒေသာတိုက်သို့ မောင်းခိုင်းသည်။

"ကြိုဆိုပါတယ်. . . . မဒမ်၊ ကျွန်တော် ဘာပစ္စည်းတွေများ လိုက်ပြရမလဲ " မန်နေဂျာက …သည်။

"ကျွန်မနွေဦးပေါက် ဝတ်စုံတွေ ရှိသမျှ ကြည့်ပါရစေ. . . " မာဂဒါက ပြောသည်။

"ဟုတ်ကဲ့ ရပါတယ်ခင်ဗျား. . . မစ္စဘက်ဒင်က ကူပြီးရွေးပေးပါလိမ့်မယ်၊ ကျွန်တော်သူ့ကို … လိုက်ပါမယ် "

ကုန်တိုက်မှ မစ္စဘက်ဒင်ဆိုသူ ရောက်လာသည်။ သူမက ဝတ်စုံတွေ ရှိသမျှ …ုန်ထုတ်ပြသည်။

နွေဦးပေါက် ရာသီတစ်လျှောက်လုံး ဝတ်ရမည့် ဝတ်စုံအားလုံးကို မာဂဒါက …ိုက်သည်။

ဝတ်စုံများ ပို့ပေးနိုင်ရန် နာမည်တွေ၊ လိပ်စာတွေ တောင်းသည်။ မစ္စက်ရူဘင်ဟက် …နာမည်ဖြင့် နေရပ်လိပ်စာပေးလိုက်သည်။

မစ္စဘက်ဒင် မျက်လုံးပြူးသွားသည်။

"စောင့်ပါဦးရှင်"ဟု ပြောပြီး ကုန်တိုက်ရုံးခန်းထဲ ပြန်ဝင်သွားသည်။

ချက်ချင်းလိုပင် မန်နေဂျာလိုက်လာပြီး. . .

"ကျွန်တော်တောင်းပန်ပါတယ် ခင်ဗျား. . . သတိမေ့ပြီး မှားသွားလို့ပါ။ ဒီဝတ်စုံတွေက …သူ စာရင်းပေးပြီးသားဖြစ်နေလို့ပါ။ ဘယ်လိုမှ စိတ်မရှိပါနဲ့. . . ခင်ဗျာ၊ အများကြီး



www.burmeseclassic.com

www.burmeseclassic.com



တောင်းပန်ပါတယ်"

မာဂဒါက တည်ငြိမ်သော အသံဖြင့် ပြန်ပြောလိုက်သည်။

"ဒါဆိုလဲ ကောင်းပါပြီရှင်၊ ဒါပေမယ့် . . . အဲဒီ ရှင်ပြောတဲ့ စာရင်းပေးထားပြီးတဲ့လူတွေ ပြောလိုက်စမ်းပါ၊ ဒီဝတ်စုံတွေကို ချုပ်ပြီး အိမ်သာထဲမှာပဲ သွားဝတ်ကြလို့ ကျေးဇူးပြု ပြောပြလိုက်စမ်းပါ၊ ကျေးဇူး တင်ပါတယ်"

ထို့နောက် ကတ္တီပါခြုံပုဝါကို ဟန်ပါပါခြုံလိုက်ပြီး နေရာမှ ချက်ချင်း လှည့်ထွက် လာခဲ့သည်။ဘာပဲ ဖြစ်ဖြစ် သူမက စကားတစ်ခွန်း ပြန်ပက်ခဲ့ရတာကိုတော့ တော်တော်က ကျေနပ်မိသည်။

မာဂဒါအဖို့ ပိုပြီး မခံမရပ်နိုင် ဖြစ်ရသည်မှာ ဘယ်လ်ဂျီယံ သံအမတ်ကြီးက ဦးဆောင်ပြုလုပ်သော ရန်ပုံငွေ ညစာစားပွဲတွင် ဖြစ်သည်။ မာဂဒါက ယင်းညစာစားပွဲသို့ တက်ရောက်ခွင့်ပြုရန် စာ ဇေတ္တာရပ်ခံ လိုက်သည်။ နာရီပိုင်းအတွင်းတွင်ပင် သူမအား လက်မခံနိုင်ကြောင်း စာတိုက တစ်စောင် ရရှိသည်။ ဤသို့ဖြစ်ရသည့်အတွက် "ဝမ်းနည်းပါသည်" ဟူသော လောကဝတ်အ တောင်းပန်စကားလေးတစ်ကြောင်းပင် ပါမလာ။

ထိုနေ့ တစ်နေ့တည်းတွင်ပင် မာဂဒါ စာတစ်စောင် ထပ်ရပြန်သည်။ တခြားစာမဟုတ် ဂျဲနက်အား နာမည်ကြီး "ရမ်စဂိတ်" မိန်းကလေးကျောင်းတွင် လက်မခံနိုင်ကြောင်း ငြင်း လိုက်သော စာပင်တည်း။

သည်စာကြောင့် မာဂဒါအဖို့ ချော်လဲရာ ဖိထောင်းခံလိုက်ရသလို ဖြစ်သွားသည်။

ဤတွင် မာဂဒါမှာ. . . ယမ်းပုံ မီးကျ ဒေါသအိုးပေါက်ကွဲတော့သည်။

"ဒီလူတွေကတော့ ကျွန်မကို "သိမ်း" မြစ်ထဲအရှင်လတ်လတ် ပစ်ချရမှ စိတ်ချမ်းသာ ကြတော့မယ် ထင်ပါရဲ့၊ အေး. . . နင်တို့ တတ်နိုင်တုန်းတော့ အားရအောင် နှိပ်စက်လိုက် ကြဦးပေါ့. . . ဟုတ်လား၊ ကျွန်မ တော့ ဒီမှာနေကို မနေတော့ဘူး။ ဒီနေရာကိုလည်း မကြိုက်ဘူး ဒီလူတွေကိုလည်း မမြင်ချင်ဘူး။ စစ်ပြီးရင် ပါရီကိုပဲ ပြန်မယ်။ ပြန်ကိုပြန်မယ်၊ ဒါပေမယ့် မပြန်ခင်မှာတော့ . . . နင်တို့ကို ကျောင်းမှန်း ကန်မှန်းသိအောင် အကြောင်းပြခဲ့ဦးမှာ . . . . စောင့်သာ ကြည့်နေကြပေတော့. . . . "

◆◆◆

www.burmeseclassic.com

www.burmeseclassic.com

# [ ၈ ]

[illegible]က် အခါမလည်မီ တစ်ပတ်အလိုတွင် မာဂဒါက ဓာတ်ပုံဆရာအိမ်ခေါ်ပြီး ဓာတ်ပုံရိုက်ပေးသည်။ [illegible]က် တစ်ယောက်တည်းပုံများ။ မာဂဒါနှင့် တွဲလျှက် ပုံများ။ မြို့စားကတော်ကြီးနှင့် တွဲလျှက်ပုံများ။ [illegible]တော့ သုံးယောက်ပေါင်းပုံများကို အနေအထား အမျိုးမျိုးဖြင့် ရိုက်သည်။

သူမ ငှားလာသော ဓာတ်ပုံ ဆရာမှာ လန်ဒန်မြို့တွင် နာမည်ကြီးသော ပီတာစကော့ [illegible]နေသော အခါ မာဂဒါက အံ့ဩသွားသည်။ "ဟက်" မိသားစုနှင့် "ဆက်ဆွန်" မိသားစုတို့၏ [illegible]ာစက်သည် နေရာတိုင်းသို့ မရောက်နိုင်သေးကြောင်း တွေးလိုက်မိ၍လည်း ဘုရားသခင်ကို [illegible]ရှူးတင်မိသည်။

ဓာတ်ပုံရိုက်ပြီးသောအခါ စကော့က ပစ္စည်းတွေပြန်သိမ်းရင်း .... အမှတ်မထင် [illegible]ာလိုက်သည်။

"ဒါနဲ့. . . မစ္စက်ဟက်. . . ပုံတူကလေးများ၊ ဘာကလေးများဆွဲကြည့်ဖို့ စိတ်မကူးမိဘူး [illegible]ဗျ"

"ဟုတ်ကဲ့. . . မကူးမိပါဘူး. . . ရှင့်"

"ကျွန်တော့်စကားမှားရင်တော့ ခွင့်လွှတ်ပါဗျာ၊ ကျွန်တော်တကယ်ပြောတာဗျ။ [illegible]ားရုပ်ရည်က သိပ်ပြီးအချိုးအစားကျတာ၊ ပုံတူဆွဲလိုက်ရင် သိပ်ပြီး လှမှာသေချာတယ်"

သူက ပြောပြောဆိုဆိုနှင့် မာဂဒါ၏ မေ့စေ့ကို ဖြတ်ကနဲ မ,ကိုင်ပြီး မျက်နှာကို ဟိုဘက် [illegible]ည်ဘက် လှည့်ကြည့်သည်။ ထို့နောက်. . . နောက်သို့ နည်းနည်းပြန်ဆုတ်လျှက် ဓာတ်ပုံရိုက်ရန် [illegible]ဘီးလူး ချိန်သလို မျက်လုံးနှစ်ဖက်မှေးရင်း စေ့စေ့စပ်စပ်ကြည့်ပြီး မှတ်ချက်ချပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်. . . . မစ္စက်ဟက်၊ တကယ်ပဲ၊ ခင်ဗျား မျက်နှာအနေအထားက သိပ်ပြီ အချိုးအစား သဟဇာတ ဖြစ်တာပဲ၊ ပုံတူဆွဲဖို့ အလွန်ကောင်းတဲ့မျက်နှာမျိုးပဲ၊ ကျွန်တော်ကတော့ ဆွဲဖြစ်အောင် ဆွဲကြည့်ဖို့ တိုက်တွန်းချင်တယ်ဗျာ"

"ဆွဲမယ့်လူကရော ရှိလို့လား"

"ရှိပါတယ်. . . . ကျွန်တော့်မိတ်ဆွေ တစ်ယောက်ရှိပါတယ်။ ကမ္ဘာမှာ အတော်ဆုံး ပုံဆွဲဆရာဆိုရင် မမှားပါဘူး"

မာဂဒါက ပြုံးလိုက်သည်။

"ရှင်ပြောတာ စိတ်ဝင်စားစရာတော့ အကောင်းသားပဲ"

"ဟုတ်ပါတယ်. . .၊ တကယ်လည်း စိတ်ဝင်စားစရာပါပဲ၊ ကျွန်တော့်မိတ်ဆွေလည်း ခင်ဗျားကို မြင်ရရင် တကယ် စိတ်ဝင်စားမှာပါ၊ သူ့နာမည်က ကမယ်. . . တဲ့" သူက နံရံပေါ်က ပန်ချီကားတစ်ကားကို ကြည့်လိုက်ပြီးတော့ "ခင်ဗျား ပီကာဆိုပန်းချီကားက တော်တော် ကောင်းတာပဲ"

"ဟုတ်ကဲ့ . . . တော်တော်ပဲ ခံစားရပါတယ်။ စစ်မဖြစ်ခင်က ကျွန်မခင်ပွန်း ပါရီကဝယ်လာခဲ့တာပါ"

"သူ့လက်ရာတွေကတော့ တစ်နေ့မှာ သိန်းသန်းချီပြီး ရမှာသေချာပါတယ်ဗျာ"

"ဟုတ်ကဲ့. . . ကျွန်မလည်း မျှော်လင့်တာပဲ၊ ခုလိုလာပြီးဓာတ်ပုံရိုက်တာကို အများကြီး ကျေးဇူးတင်ပါတယ်ရှင်။ သမီးလေးဓာတ်ပုံတွေ ကျွန်မ ကြည့်ချင်လှပြီ၊ မြန်မြန်လေးသာကူးပေးပါရှင် ဓာတ်ပုံတွေရရင် သူ့အဖေဆီ အမြန်ဆုံးပို့ပေးလိုက်ချင်လို့ပါ"

နောက်နှစ်ရက်ကြာတော့ စကော့က ဓာတ်ပုံအကြမ်းများလာပြသည်။ သူရောက်လာ ချိန်မှာ လက် ဖက်ရည်သောက်ချိန်နှင့် တိုက်ဆိုင်နေသည်။ ဇူလိုင်လဖြစ်သော်လည်း ချမ်းအေးသဖြင့် မီးလင်းဖိုတွင် မီးထည့်ထားသည်။ တစ်အိမ်လုံးတွင်လည်း ပန်းအိုးတွေနှင့် ပြည့်နှက်နေသည်။

ဓာတ်ပုံတွေကို စစ်ဆေးကြည့်ရှုပြီးကြတော့ စကော့ကပြောသည်။

"ဒါနဲ့ ကျွန်တော် ကမယ့်ဆီ မနေ့က ဖုန်းဆက်တယ်ဗျ၊ သူက ခင်ဗျားကို တွေ့ချင်တယ်တဲ့ အဲဒါ ကြာသပတေးနေ့ဆိုရင် အဆင်ပြေမလား၊ သုံးနာရီလောက်ပေါ့၊ သူ့အိမ်ကို သွားကြမယ် ကျွန်တော့် စတူဒီယို ကမှတစ်ဆင့် သွားကြတာပေါ့"

"ကောင်းပြီလေ. . . ကျွန်မလာခဲ့ပါမယ်"

စကော့၏ စတူဒီယိုသို့ ၂ နာရီ ၁၅ မိနစ်တွင် မာဂဒါရောက်လာသည်။ စကော့က အဆင်သင့် စောင့်နေသည်။

နှစ်ယောက်သား လန်ဒန်မြို့ထဲမှ ကျောက်ခင်းလမ်းများအတိုင်း ကားမောင်း လာခဲ့ကြသည်။ "ရီဂျင့်စီ" ဉယျာဉ်နား ရောက်တော့ ခန်းနားသော အိမ်ကြီးတစ်ဆောင်ရှေ့တွင် ကားကိုရပ်လိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ဖော်မှုးက တံခါးဖွင့်ပေးပြီး ဧည့်သည်များအား ကျောက်စလင်းအတိပြီးသော ဆင်ဝင်ဆောင်အတိုင်း အိမ်ထဲသို့ ခေါ်ဆောင်လာခဲ့သည်။

အပေါ်ဆုံးထပ်မှ ကျယ်ဝန်းခမ်းနားသော စတူဒီယိုကြီးအတွင်းသို့ ရောက်လာကြသည်။

ပန်းချီဆရာသည် အခန်းထဲဝင်လာသော ဧည့်သည်များအား လုံးဝလှည့်မကြည့်ဘဲ သူ့အလုပ်ကို ဆက်လုပ်နေသည်။

ခဏကြာတော့မှ နောက်သို့လှည့်ပြီး မာဂဒါအား ကြည့်လိုက်သည်။ မာဂဒါမှာ ပန်းချီဆရာ သူ့အလုပ်တွင် စိတ်မြှုပ်ကိုယ်မြှုပ်လုပ်နေပုံကို အထူးစိတ်ဝင်စားနေသဖြင့် ပန်းချီဆရာ သူမအား ချက်တရက် နောက်ပြန်လှည့်ကြည့်လိုက်တော့ သူမရင်ထိတ်ကနဲ ဖြစ်သွားသည်။

သည်ပန်းချီဆရာမှာ ပါရီတွင် သူမ မြင်ဖူးသော ပန်းချီဆရာတွေနှင့် တစ်စက်ကလေးမျှ မတူ ဟိုက ဆရာတွေက ဘယ်တော့မှ မညှပ်သောဆံပင်တွေ ပွသရောင်းနှင့်၊ မုတ်ဆိတ်မွေးတွေ ရှုပ်ယှက်နှင့်။

သည်ဆရာကျတော့ ယင်းသို့မဟုတ်။ ဆံပင်ကိုလည်း ပုံကျကျ ညှပ်ထားသည်။ မုတ်ဆိတ်ပါးသိုင်းမွှေးကိုလည်း ရှင်းထားသည်။ လူပုံကလည်း ထွားထွား ကျိုင်းကျိုင်း။ ခေါက်တင်ထားသော အင်္ကျီလက်နှစ်ဖက် အောက်မှ လက်မောင်းကြွက်သားကြီးတွေကလည်း ဖုထစ်လုံးကျစ်နေကြသည်။

မျက်တွင်းနက်ပြီး မျက်လုံးအရောင်က ရေပြာရောင်။ မျက်ခုံးတွေကလည်းထူပြီး နက်မှောင်နေကြသည်။ ဆံပင်ကတော့ ပြာမွဲမွဲ အရောင်။

သူက စကားမပြော၊ မာဂဒါ့ကို ကြည့်နေသည်။ သို့သော် သူ့ရင်ထဲက ခံစားချက်ကို မျက်နှာပေါ်တွင် လုံးဝမမြင်ရ။

"ခင်ဗျားဦးထုပ် ချွတ်လိုက်ပါ" သူကပြောသည်။

မာဂဒါ ဦးထုပ် ချွတ်လိုက်သည်။

"ဒီမှာ လာရပ်၊ ဒါမှ ခင်ဗျားမျက်နှာပိုမြင်ရမယ်"

သူက မာဂဒါ၏ မျက်နှာကို စေ့စေ့စပ်စပ် ကြည့်သည်။

လက်ချောင်း လက်မောင်းများကို စူးစူး စိုက်စိုက်လေ့လာသည်။

ထို့နောက် အဝတ်စိုတစ်ခုကို ကမ်းပေးလိုက်ပြီး

"မျက်နှာက မိတ်ကပ်တွေ ဖျက်ပစ်လိုက်စမ်းပါ"

မာဂဒါက ပြောသည့်အတိုင်းလုပ်သည်။ ပြီးတော့ . . . သူက သေသေချာချာ ကြည့်ရှုပြန်သည်။ ထို့နောက် မာဂဒါအား လှည့်ပတ်ကြည့်ရှုနေသည်။ လူ့ခန္ဓာကိုယ်တစ်ခု၏ အကွေးအကောက် အနိမ့်အမြင့် အဖြောင့်အတန်းမှစ၍ ကြည့်စရာအားလုံးကို တစ်ခုမကျန် လေ့လာကြည့်ရှုသည်။ သူ့မျက်လုံးတွေက အတွင်းအထိ ဖောက်မြင်ရမည့်ပုံမျိုး။ အလွန်စူးရဲသည်။

"အင်း. . . သူ အလုပ်ဖြစ်မယ်" သူက စကော့ကို မကြည့်ဘဲ ဖြတ်ကနဲပြောလိုက်သည်. ။

"ကဲ. . . ဆံပင်ညှပ်ထားတဲ့ ကလစ်တွေဖြုတ်လိုက်စမ်းပါဦး၊ ဆံပင်တွေ ပုခုံးပေါ်ဖြန့်ချလိုက်"

မာဂဒါက အမိန့်အတိုင်း လုပ်ပြန်သည်။

"ဟုတ်ပါတယ် သူကောင်းကောင်းအလုပ်ဖြစ်ပါတယ်၊ ကဲ. . . လောလောဆယ်တော့



www.burmeseclassic.com

www.burmeseclassic.com



မြန်နိုင်ပြီ၊ ဘယ်နေ့ အလုပ်စမယ်ဆိုတာ ကျုပ်ပြောပါ့မယ်"

"ရှင်က ဘယ်လို အစီအစဉ်များ လုပ်ချင်ပါသလဲ မက်ရှာကမယ်"

"ကျုပ်က ကျုပ်အလုပ်ဘယ်တော့မှ ကြိုမပြောဘူး၊ ပြီးတော့ . . . ကျုပ်ဆွဲနေ ပုံကိုလည်း ကြည့်ခွင့်မပြုဘူး၊ မေးတာမြန်းတာလည်း ဘာမျှမလုပ်ရဘူး၊ အဲဒါ ကျုပ်အ စည်းကမ်းပဲ"

"ဟုတ်ကဲ့ပါရှင်"

သူ့စကားက အသံမာသော်လည်း မာဂဒါက ဘယ်လိုမှ သဘောမထား။ ကမယ်၏ ပုံ ကားများကို လန်ဒန်၊ ပါရီ၊ ဟော်လန်နှင့် အမေရိကရှိ နာမည်ကြီး အနုပညာ ဆိုင်ခန်းကြီးများတွင် တင်ရသည်ဟု စကော့ပြောပြ၍ သိထားပြီးဖြစ်သည်။

ကမယ်က ဆက်ပြောသည်။

"ပြီးတော့. . . ကျုပ်နာမည်ကိုလဲ 'မက်ရှာ' တပ်ပြီးမခေါ်ပါနဲ့၊ ကျုပ်နာမည်က 'ကမ ပဲ"

"ကျွန်မ နာမည်က မာဂဒါပါ"

ကမယ်က မာဂဒါ့စကား မကြားသလို ကြည့်နေသည်။ မာဂဒါက ကျိတ်ပြီးပြုံးမိသည် ပုံတူဆရာကို သူမ သဘောကျသွားသည်။ သူနှင့် ပုံတူဆွဲရန် ဆုံးဖြတ်လိုက်သည်။

"ကျွန်မတစ်ခု တောင်းပန်ချင်ပါတယ်"

"ပြောပါ"

သူ့အသံက စိတ်မရှည်သံမျိုး။ သူမအား မျက်နှာလွှဲပြီး ဆွဲလက်စပန်းချီကားဘက် လှည့်သွားသည်။

"ကျွန်မ လုံးတီးပုံပဲ ဆွဲချင်တယ်"

"ဘာ့ကြောင့်လဲ"

ကမယ်က သူ့ရှေ့မှ ပန်းချီကားချပ်တွင် အဝါရောင်တစ်စက် လှမ်းတို့လိုက်သည်။

"ပြောရရင်တော့ အရှည်ကြီးပဲရှင့်"

ကမယ်က အဝတ်စုတ်ဖြင့် လက်ကို သုတ်နေရင်း. . .

"ထိုင်ပါဦး . . . ယမကာကလေး တစ်ခုခု သောက်လိုက်ကြပါဦး"

သူက ပုလင်းနှင့် ဖန်ခွက်များချပေးပြီး ငေ့ခံသည်။ "ပြောစမ်းပါဦး၊ ဘာဖြစ်လို့ လုံးတီး ဆွဲချင်ရတာတုန်း။ ပွင့်ပွင့်လင်းလင်းပဲပြောပါ၊ နို့မဟုတ်ရင် ကျုပ်က လုံးဝဆွဲမှာ မဟုတ်ဘူး၊ ကျုပ် မှန်တာကိုပဲ သိချင်တယ်"

သည်နောက်တွင်တော့ မာဂဒါက သူမ၏ ဘဝဇာတ်လမ်းတစ်ခုလုံးကို အတိုချုပ် ပြောပြသည်။ ရှုမေးနီးယားနိုင်ငံ ဘူခါရက်မြို့တွင် နေခဲ့ရစဉ်ဘဝများနှင့် ပါရီရောက်လာပုံများမှ လက်ရှိဘဝအခြေ အနေထိ အစ-အလယ်-အဆုံး ပြောပြလိုက်သည်။

သူမက မစ္စတာနာသန်နှင့် မစ္စက်ဆာရာတို့ကိုတော့ အားနာမိသည်။ သည်အလု သူတို့က ဘယ်တော့မှ လက်ခံကြမည်မဟုတ်။ သို့သော် ယခု သူတို့မရှိကြတော့။ ဘာမှငဲ့ညှာနေ



www.burmeseclassic.com

www.burmeseclassic.com



လိုတော့။လိုရင်း အဓိကက. . . မောရစ်၊ ဖိလစ်နှင့် ဆောလ်ဗီယာတို့အား သူမက ကာလဲ့စား ချေလိုခြင်းပင်ဖြစ်သည်။ သူတို့က သူမအား ရက်ရက်စက်စက် အရှက်ခွဲခဲ့ကြသည် မဟုတ်လား။

ကမယ်က မာဂဒါ၏စကားကို စိတ်ဝင်စားစွာဖြင့် နားထောင်သည်။ ကိုယ်ချင်းစာစိတ်လည်း ဖြစ်ပေါ် မိသည်။ သူမ၏ဥပမိရုပ်က အလွန်ထူးခြားသည်၊ ဆွဲဆောင်မှု အလွန်ရှိသည်။ ပုံတူမဆွဲခင်ကပင် ဘယ်လို ဆွဲရမည်ဆိုသည်ကို စိတ်ထဲတွင်ပုံစံချ၍ ရထားပြီးဖြစ်သည်။

သူမသည် ပါးလွှာသော ပန်းရောင်ဇာသားနုပုဝါကို မခို့တရို့ခြုံကာ ကြည့်သူကို ကျောပေးပြီး သုံးဘက်မြင် ကိုယ်လုံးပေါ် မှန်ရှေ့က ကြိမ်ကုလားထိုင်ပေါ်တွင် ကိုယ်လုံးတီးထိုင်နေမည်။

သို့သော် . . . မှန်သုံးချပ်စလုံးတွင်သူမ၏ ရှိုက်ဖိုကြီးငယ်အသွယ်သွယ်သော ဣတ္ထိယ အလှရတနာများကို ပီပြင်ပေါ်လွင်စွာ မြင်နေရမည်။

သူမ၏ ပြီးပြည့်စုံသော ပုံတူကားကို မြင်လိုက်သူသည် မိမိ၏ သီးသန့်ခန်းထဲတွင် လုံးတီးချွတ်၍ စိတ်လွတ်ကိုယ်လွတ် အလှပြင်ခြယ်သနေသည့် အမျိုးသမီးတစ်ယောက်၏ အခန်းထဲသို့ မျှော်လင့်ဘဲ ရုတ်တရက် ဝင်ရောက်လာသူပမာ ခံစားစေရမည်။

ကမယ်က စိတ်ကူးရင်း တော်တော် စိတ်ပါလာသည်။

“ကဲ. . . မနက်ဖြန် စဆွဲမယ်. . . ၁၀ နာရီအရောက်လာခဲ့”

သူတို့သည် တစ်ပတ်မျှ ခြောက်ရက်တိတိ အလုပ်လုပ်ကြသည်။ လေးလတိတိ အတူတကွလုပ်လုပ်ကြပြီးသောအခါ ကမယ်သည် မာဂဒါ၏ အပေါ်တွင် တစ်နေ့ထက် တစ်နေ့ ပို၍ပို၍ လေးစားချစ်ခင်စိတ် တိုးပွားလာခဲ့သည်။

ကမယ်သည် ဗီဇအားဖြင့် မိန်းမများကို သဘောကျသူမဟုတ်။ သို့သော် မိန်းမကို မုန်းတီးသူဟုလည်း မဆိုသာ။ အမှန်အတိုင်းပြောရရင် ပုံတူကားတစ်ချပ်ဆွဲပြီးတိုင်း စိတ်မော လူမောဖြစ်သွားသောအခါ ကြေးစားမိန်းမတွေကို ခေါ်ပြီး အပန်းဖြေလေ့တော့ ရှိသည်။

မာဂဒါအား သူက လေးစားမိသည်မှာ သူမ၏ ပြင်းပြသောစိတ်ဓာတ်၊ ခိုင်မာသော ခံယူချက်ကိုပင် ဖြစ်သည်။

အလုပ်လုပ်နေစဉ် ကာလတွင်း မာဂဒါက စကားမပြောသလောက်ပင်။ စိတ်လည်း အလွန်ရှည်သည်။ အချိန်လည်းအလွန်တိကျသည်။ ဆရာ့စကားကိုလည်း တသဝေမတိမ်း နားထောင်သည်။

တစ်နေ့တွင် ကမယ်ကပြောသည်။

“ပုံတူကားကတော့ ပြီးခါနီးပြီဗျ၊ ဒီနေ့ညနေစာ အတူစားကြရင် မကောင်းဘူးလား”

“ကောင်းပါတယ်” မာဂဒါက ချက်ချင်းပင် သဘောတူလိုက်သည်။

မာဂဒါသည် ချိန်းထားသည့်အတိုင်း အချိန်အတိအကျ ရောက်လာသည်။ တစ်မိနစ်မှလည်း နောက်မကျ၊ တစ်မိနစ်မှလည်း မစော။



www.burmeseclassic.com

www.burmeseclassic.com



ကမယ်က သူမအား ကြီးကျယ်ခန်းနားသော ခန်းမဆောင်ကြီးထဲ ခေါ်လာခဲ့သည်။ သည်မျှခန်းနားသော အဆောင်အယောင်မျိုးသို့ သူမ သည်တစ်ခါပဲရောက်ဖူးသေးသည်။ အသ... များမတတ်ပင် ရင်သပ်ရှုမော အံ့ဩခြင်း ဖြစ်မိသည်။

ခန်းမဆောင်တစ်ခုလုံးတွင်လည်း ကမ္ဘာပေါ်တွင် ရှိသမျှ အလှဆုံး အဖိုးအတန်... အနုပညာပစ္စည်းတွေ စုပြုံရောက်ရှိနေသလား ထင်မှတ်ရသည်။ ရောင်စုံပိုးဖဲကတ္တီပါ လွှမ်းထား... စားပွဲကုလားထိုင်များ၊ ပန်းပွင့်နှင့် အရုပ်မျိုးစုံဖော်ထားသော ခေါမတိုင်း၊ ရောမတိုင်းဖြစ် ခန်းလုံး... ကော်ဇောကြီးများ၊ တန်ဖိုးမဖြတ်နိုင်သော ခေတ်ဟောင်းခေတ်သစ် ပန်းချီကားချပ်ကြီးများ၊ ဆင်... အနုပညာ လက်ရာများ၊ ကျောက်စိမ်းရုပ်တု အနုပညာလက်ရာများ တကယ်ပင် မယုံကြည်နိုင်... . . . ရင်သပ်ရှုမော အံ့ဩစရာ ခန်းနားကြီးကျယ်လိုက်ပါဘိခြင်း။

မာဂဒါက အရာရာတိုင်းကို စိတ်ဝင်စားသည်။ မျက်စိကျွတ်ကျမတတ် စိုက်ကြည့်သည်... တစ်ခါတစ်လေ စိတ်ကိုမထိန်းနိုင်သဖြင့် တချို့ပစ္စည်းများကို လက်နှင့်ပင် အသာကလေး ပွတ်သ... ကြည့်မိသည့်အထိပင် ဖြစ်သည်။

"ကျွန်မတော့ သိပ်ပြီးသဘောကျသွားပြီ. . . ကမယ်"

"မင်းက တော်ပါတယ်၊ အနုပညာ ရသကို ခံစားတတ်တယ်"

"သိပ်ပြီလည်း မြှောက်မနေပါနဲ့ အနုပညာရှင်ကြီးရယ်"

"သစ္စာတရားကို ပြောတာပါ"

"ကဲ ပြီးတော့ . . . ကျွန်မတို့ ဘာလုပ်ကြမလဲ. . . ဟင်"

"ညစာ အလျှင်စားမလား. . . ချစ်တာ အလျှင်ချစ်မလား. . . ကြိုက်တာရွေး"

"ညစာပဲ အလျှင်စားလိုက်ကြတာပေါ့"

မာဂဒါက ခေါင်းအုံးပေါ်တွင် ကျောမှိကာ အိပ်ရာပေါ် လှဲ အိပ်လိုက်သည်။ ပြီးတော့ ကျေနပ်... အပြည့်ဖြင့် သက်မတစ်ချက်ရှိုက်ထုတ်လိုက်သည်။

ကမယ်က သူမ၏ ပါးပြင်နှစ်ဖက်ကို လက်ဖြင့် တယုတယ ပွတ်သပ်ကစားနေသည်... ပြီးတော့ နှာခေါင်း၊ နှုတ်ခမ်းများကို ပွတ်ကစားနေသည်။

"ဘာလဲ. . . ရှင်က ပန်းချီဆွဲနေတာလား ဟင်၊ အေးအေးဆေးဆေး လှဲအိပ်ပြီး နားလို... ပါဦးလား ဆရာကြီးရယ်"

ကမယ် သူမ၏ ဘေးတွင်လှဲအိပ်လိုက်သည်။

"ငါ ဒီလို လုပ်မယ်ဆိုတာ မင်းသိလား"

မာဂဒါက မော့်နာလီဇာ အပြုံးမျိုးဖြင့် ပြုံးပြလိုက်သည်။

"ရှင်က ကျွန်မ ငြင်းလိမ့်မယ်လို့ထင်သလား"

"မင်းက သူတစ်ပါးရဲ့ အတွင်းစိတ်ကို ထိုးထွင်းသိတတ်သလား"

"အပြင်မှာ အရိပ်ထင်လာတဲ့ အခါမျိုးမှာတော့ သိရတာပေါ့. . ."



www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ . . . မင်းယောကျ်ား မင်းမချစ်ဘူးလား"

"အရမ်းချစ်တာပေါ့"

"ဒါနဲ့များ. . . ဘာဖြစ်လို့ ငါနဲ့. . . "

"ကျွန်မဘဝ ရှင်နားလည်ပါတယ်၊ ပြီးတော့ ရှင့်ကိုလည်း ကျွန်မချစ်မိတယ်၊ ချစ်တာထက် ...စား တာက ပိုပါတယ်၊ ဒါပေမယ့် . . . . ဒါ. . . ကျွန်မ ပထမ အကြိမ်ပါ၊ ကျွန်မယောကျ်ား ...ရောက်လာရင် ရှင့်အတွက် ကျွန်မ တံခါးပိတ်ပြီ"

"ဟုတ်မှလည်း လုပ်ပါ . . . အချစ်ကလေးရယ်"

"ဟုတ်ပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မယောကျ်ားက ချစ်ရည်ပြည့်ဝတဲ့ ပုဂ္ဂိုလ်ပါ၊ ...နေရရင် ကျွန်မကျေနပ်တယ်၊ ဘယ်ယောကျ်ားမှ ကျွန်မ မတောင့်တမိဘူး"

"ဒါဖြင့် . . . အခုလို သူနဲ့ အကြာကြီးခွဲနေရတော့ မင်း တော်တော် ဒုက္ခရောက်မှာပေါ့"

"ရှင်သိတဲ့အတိုင်းပဲပေါ့"

"အင်း . . . မင်း ငါနဲ့တွေ့တော့မှ ဘဝသစ်တစ်ခု စတင်လိုက်ပြီဆိုပါတော့ "

"ဟင့်အင်း. . . ဒါဘဝသစ် မဟုတ်ပါဘူး၊ ဆန္ဒတစ်ခုပါ"

သူမ ရေချိုးခန်းထဲ ဝင်သွားပြီး တံခါးကို ဆောင့်ပိတ်လိုက်လေသည်။

◆◆◆

www.burmeseclassic.com

www.burmeseclassic.com

## [ ၉ ]

ပန်းချီဆရာ ကမယ် လက်ဆောင်ပေးထားသော သုံးဘက်မြင် ကိုယ်လုံးပေါ်မှန်ကြီးရှေ့တွင် ရပ်လိုက်သည်။ မှန်ထဲတွင် ပေါ်လာသော သူမ၏ ရုပ်သွင်ကို တော်တော်ကျေနပ်သွားမိသည်။

ပ်းလွှာအိစက်သော အနက်ရောင် ပိုးသားအပေါ်ဝတ်ရုံရှည်ကြီးကို အချိုးကျကျ ပြင်ဝတ်လိုက်သည်။ လည်ပင်းတွင် ပုလဲဘယက်ကို ပတ်လိုက်ပြီးတော့ စိန်နှင့် မြကွင်းထားသော ရင်ထိုးကိုတပ်လိုက်သည်။ ပြီးတော့ . . . ခါးတွင် စိန်ခါးပတ် ပတ်သည်။ ညာဘက်လက်တွင် စိန်တွေဝိုင်း၍ ကွင်းထားသော မြလက်စွပ်ကြီးကို ဝတ်သည်။ ဘယ်ဘက်လက်တွင်တော့ . . . မင်္ဂလာရွှေလက်ကောက်နှင့်အတူ စိန်လက်ကောက်ကိုဝတ်သည်။ နောက်ဆုံး အနက်ရောင် ဦးထုပ်ကလေးကို ဆောင်းလိုက်သည်။

ထို့နောက် မှန်ထဲတွင် တစ်ကြိမ်ပြန်ကြည့်လိုက်သည်။ သူမကိုယ်သူမ သည်လောက် တောင် လှသည်ဟု ဘယ်တုန်းကမှ မထင်ခဲ့ဖူး။ လက်ဝတ်လက်စားဗီရိုထဲမှ ညနေကိုင် လက်ဆွဲအိတ်ကို ကိုင်ပြီး ရွှေရိုးစွပ် စီးကရက်များထည့်သည်။

"ရွှေသားရုပ်သွင်၊ ခင်မင်စရာရယ်၊ မျက်နှာတော်ပပဝင်း၊ ရွှေလမင်းနှယ် . . . ဆိုတဲ့အတိုင်းပါပဲလား . . . မာဂဒါ"

မြို့စားကတော်ကြီးက အခန်းထဲဝင်လာပြီးနောက်သလိုလိုဖြင့် တကယ်ပြောလိုက်သည်။

"ဒါပေါ့ . . . အန်တီရဲ့၊ အန်တို့ တူမဆိုတော့ . . . ဒါလောက်တော့ စံချိန်မှီရမှာပေါ့ မဟုတ်ဘူးလား"

ပြီးတော့ . . . ကလေးထိန်းခန်းဘက်သို့ လျှောက်လာခဲ့သည်။ ပုခက်ထဲတွင်



www.burmeseclassic.com

www.burmeseclassic.com



ခြွလှုပ်လက်လှုပ် ဆော့ကစားနေသော သမီးကလေး၏ နဖူးပြင်ကို တစ်ချက် ကုန်းနမ်းလိုက်သည်။ ကလေးငယ်အား ကောက်ချီကာ အပေါ်မြှောက်၍ ချော့မြူသည်။ ကလေးက ခြေထောက်ကလေးတွေကို ကန်ကျောက်ပြီး ရှန်းဖယ်သည်။

ကလေးကို ပုခက်ထဲ ပြန်ထည့်လိုက်ပြီးတော့ မျက်နှာကို စေ့စေ့ကြည့်နေမိသည်။

အပြစ်ကင်းစင်သော ချစ်စရာမျက်လုံးကလေးများ . . .။

"သမီးလေးရေ . . . သမီးလေးရဲ့မေမေလေ. . . လန်ဒန်တစ်မြို့လုံးက လူတွေ အကုန်သိသွားအောင် လုပ်ပြလိုက်တော့မယ် . . . သမီးရဲ့၊ သမီးလေးက သဘောတူပါတယ်နော်. . .၊ အံမယ်. . . မေမေ့ကို ပြုံးပြတယ်၊ ပြုံးပြတယ်. . .၊ သဘောတူတယ်ပေါ့. . . ဟုတ်လား၊ မေမေ့သမီးလေးက လိမ္မာလိုက်တာ တော်. . . လိမ္မာလိုက်တာ၊ ကဲ. . . အဲဒီတော့ မေမေက မွေးမွေးပေးလိုက်ဦးမယ် ရော့. . . ရွတ်. . . ရွတ်. . . ကဲ မေမေ ခဏအပြင်သွားလိုက်ဦးမယ်နော် . . . တာ့တာ. . . တာ့တာ. . ."

ထို့နောက် . . . ကမယ်နှင့် ချိန်းထားတာ အချိန်မီရောက်နိုင်ရန် ခပ်သုတ်သုတ်ကလေး လှည့်ထွက် လာခဲ့သည်။

နာမည်ကျော် ပန်းချီဆရာ ကမယ်၏ တစ်ကိုယ်တော် အနုပညာပြပွဲသို့ အနုပညာလောကမှ ထင်ရှားသော ပုဂ္ဂိုလ်များနှင့် အနုပညာ ဝါသနာရှင်များအားလုံးလိုလို လာရောက်ကြသည်။ ယင်းတို့ အနက် . . . မင်းညီ မင်းသားများနှင့် မှူးမျိုးမတ်နွယ်များလည်း ပါဝင်သည်။ ပြပွဲမှာ အထူးသီးသန့် ပြပွဲဖြစ်၍ ဖိတ်စာကိုလည်း "ဗွီအိုင်ပီ" ခေါ် အထူးအရေးပါသော ပုဂ္ဂိုလ်များထံသို့သာ သီးသန့် ရွေးချယ်၍ ပို့သည်။ ဖိတ်ကြားထားသူများ စာရင်းတွင် "ဟက်" မိသားစုနှင့် "ဆက်ဆွန်" မိသားစုကတော့ မပါလျှင် လုံးဝမဖြစ်သော၊ ပါကိုပါရမည့် "ဗွီအိုင်ပီ" များပင်ဖြစ်သည်။

သို့သော်လည်း . . ."ဆက်ဆွန်" မိသားစုကတော့ ပြပွဲသို့တက်ရောက်နိုင်ခြင်းမရှိ။ စွတာဟယ်ရီ ဆက်ဆွန် ကွယ်လွန်သွားသည်မှာ တစ်ပတ်သာရှိသေးသည်။ သို့ကြောင့် . . . ကွယ်လွန်သူ ဖခင်ကြီးအတွက် မိသားစုအားလုံး ဝမ်းနည်းပူဆွေးကြသဖြင့် ဂျိုလင်ရော မိခင်ကြီးပါ ပြပွဲသို့ လာချင်စိတ် မရှိကြတော့။

သို့ပေမယ့်. . . "ဟက်" မိသားစုကတော့ မပျက်မကွက် လာရောက်ကြသည်။ သူတို့က ကမယ်၏ ပြပွဲတွင် ပန်းချီကားများကိုကြည့်ရှုရုံသာမက ကြိုက်တာတွေ့လျှင် ဝယ်ဖြစ်အောင် ဝယ်ရန်လည်း ရည်ရွယ်ထားသည်။ ယခင်ကလည်း ကမယ်ရေးဆွဲသော ပန်းချီကားလေးကားကို ဝယ်ယူခဲ့ပြီးဖြစ်သည်။ သူတို့အနေဖြင့် ကမယ်၏ ပန်းချီပြပွဲကို လာရောက်ရသည်ကိုပင် ဂုဏ်ယူစရာတစ်ခုလို သဘောထားကြသောကြောင့်လည်း ဖြစ်သည်။

တကယ်တော့လည်း သူတို့အထက်တန်းလွှာ လောကတွင် နာမည်ကြီး ပန်းချီဆရာ တစ်ဦး၏ တန်ဖိုးကြီး ပန်းချီကားတစ်ချပ်ကို ဧည့်ခန်းတွင် ချိတ်ဆွဲထားရသည်ကို ဘုရားကားတစ်ချပ် ချိတ်ထားရသည်ထက်ပင် ဂုဏ်ယူကြသည်မဟုတ်ပါလား။

သို့သော် နာမည်ကျော် ပန်းချီဆရာ ကမယ်သည် ဘယ်လိုလူစားမျိုးဖြစ်သည်ကိုကား



www.burmeseclassic.com

www.burmeseclassic.com



မည်သူမျှအတိ အကျ မသိကြ။ သူ့ကိုလူတွေက အမျိုးမျိုးထင်နေကြသည်။ ထင်လည်းထင်စရာ သူက ကိန်းခန်းကြီးသည်။ ကြီးကျယ်သည်။ လျှို့ဝှက်သည်။ တစ်ခါတလေ တစ်ယောက်တည်း အခန်းပိတ်နေတတ်ပြီး တစ်ခါတစ်လေတော့လည်း လူတောသူတောထဲ ဝင်လာသည်။ တစ် တစ်လေတော့ ပေါကြောင်ကြောင်နိုင်ပြီး တစ်ခါတစ်လေတော့ သိက္ခာကြီးလှသည်။

သူ့စကားများသည် အနုပညာလောကကို တုန်လှုပ်စေသည်။ သူသည် အနုပညာ လက်ရာတစ်ခုကို မထောက်မညှာ ရက်ရက်စက်စက် ဝေဖန်ပြောဆိုတတ်သလို အနုပညာပစ္စည်း ဝယ်ယူစုဆောင်းသူများအား လည်း ရစရာမရှိလောက်အောင် ဝေဖန်တတ်သည်။ တကယ်တော့ သူသည်သိရခက်သော အနုပညာရှင်တစ်ယောက် ဖြစ်သည်။ သူဟန်ဆောင်နေသလား တစ်က လား ဆိုတာကို ဘယ်သူမှအတတ်မသိနိုင်။

ကမယ်သည် ဘယ်လ်ဂျီယံ နိုင်ငံမှထွက်လာခဲ့စဉ်က လက်ထဲတွင် ပိုက်ဆံတစ်ပြား ပါမလာခဲ့။ သို့သော်. . . ဘဝကို ဖြစ်သလို ရုန်းကန်လှုပ်ရှားရင်း ပါရီတွင် ပန်းချီ ပညာသင်ယူသည် သူက တစ်ခြား ပန်းချီဆရာများနှင့် မတူ။ ဖြစ်သလို နေနိုင်သည်။ ရရာအလုပ်လုပ်နိုင်သည် သို့သော် အနုပညာရှင် တစ်ယောက်ဖြစ်လာရန် ဆင်းရဲဒုက္ခခံရမည်ဟူသော အဆိုကို လုံး ဆန့်ကျင်သည်။

သူက ရသပန်းချီဆရာ ဖြစ်ချင်သည်။ ချမ်းလည်းချမ်းသာချင်သည်။ ကျော်လည်း ကျော်ကြားချင်သည်။ ထို့ကြောင့် လန်ဒန်မြို့သို့ ပြောင်းရွှေ့လာသည်။ သူ၏ဥပဓိရုပ်နှင့် အရည် အချင်းတို့ကြောင့် လူကုံထံပိုင်းတွင် ဝင်ဆံ့လာသည်။ အထူးသဖြင့် သူ့အနုပညာကို မြေတော မြှောက်ပေးသူများမှာ လန်ဒန်မြို့ အထက် တန်းလွှာမှ အသက်အရွယ်ကြီးသော ဩဇာတိက္ကမရှိသော အမျိုးသမီးကြီးများဖြစ်ကြသည်။ ကမယ်က သူတို့၏ ရမ္မက်ဆန္ဒကို သူတို့သဘောကျ အစွမ်းကု ဖြည့်ပေးသည်။ သူတို့၏ ပုံတူပန်းချီကားများကို ရေးဆွဲပေးသည်။ ဤသို့ဖြင့် သူတို့ကလည်း ကမယ် နာမည်ကျော်လာအောင် နည်းအမျိုးမျိုးဖြင့် ပြန်လည်ကူညီပေးခဲ့ကြသည်။

စင်စစ် ကမယ် ကိုယ်နှိုက်က အနုပညာပါရမီရှင် တစ်ယောက်ဖြစ်သည်။ သူ့လက်ရာ များသည် ထူးခြားပြောင်မြောက်ကြသည်။ တန်ဖိုးလည်း ကြီးကြီးမားမားရသည်။ ဤသို့ဖြင့် သူသည် လန်ဒန်မြို့တော် အထက်တန်းလွှာ အသိုင်းအဝိုင်းတွင် လက်မလည်နိုင်အောင် ရေပန်းစားသော ပန်းချီဆရာတစ်ဦးဖြစ်လာခဲ့သည်။ သူ့လက်ရာပြပွဲများသို့ အထက်တန်းလွှာမှ အနုပညာ ဝါသနာရှင် တိုင်း အမြတ်တနိုးလာရောက်ကြသည်။

ယနေ့ပြုလုပ်သော ကမယ်၏ တစ်ကိုယ်တော် အနုပညာ လက်ရာပြပွဲလည်း ထိုနည်း ၎င်းပင်။ ပြခန်းထဲတွင် လူကုံထံဧည့်ပရိသတ်နှင့် ပြည့်နှက်နေသည်။ လက်အိတ်အဖြူစွပ် စားပွဲထိုး များက ဧည့်ပရိသတ် များရှေ့တွင် ရှမ်ပိန်အရက်ပုလင်းများ လာရောက်ချပေးသည်။ စစ်ဖြစ်နေ သည်ကိုပင် လူတိုင်းမေ့နေကြသည်။

ပြပွဲတင်ထားသော ပန်းချီကားများကလည်း အားလုံးပင် အလွန်တရာမှ လက်ရာ မြောက်ကြသည်။ သို့သော်. . . ပန်းချီးကားတစ်ချပ်ကိုမူ ကက်တလောက်စာရင်းတွင် ထည့်သွင်း ဖော်ပြခြင်းမပြု။ ထို့ကြောင့် ယင်းပန်းချီကားကိုပင် လူတိုင်းစိတ်ဝင်စားနေကြသည်။ မြင်ချင်



www.burmeseclassic.com

www.burmeseclassic.com



နေကြသည်။

ပြပွဲညွှန်ကြားရေးမှူးလုပ်သူသည် စင်မြင့်ကလေးပေါ်သို့ တက်၍ ရပ်လိုက်သည်။ ထို့နောက် မတိုး မကျယ် လက်ခုပ်တီးခတ်လိုက်ပြီး. . .

"ဂုဏ်သရေရှိ အမျိုးသမီးများနဲ့ လူကြီးမင်းများခင်ဗျား. . . ယခုလို ပန်းချီကျော်ကမယ်ရဲ့ ပြပွဲသို့ ကြွရောက်ချီးမြှင့်ကြတဲ့အတွက် ကျွန်တော်တို့က ဂုဏ်ယူစွာနဲ့ ကြိုဆိုခြင်းပြုပါတယ်ခင်ဗျား။

"ဒါပေမယ့် ပန်းချီကားတစ်ချပ်ကတော့ အချိန်မီ မပြီးတာကြောင့် ကက်တလောက်စာရင်း သွင်း လိုက်နိုင် ဖြစ်ခဲ့ရပါတယ်။

"ယခုအချိန်ကစပြီး ပန်းချီဆရာကိုယ်တိုင် ပြပွဲကို စတင်ဖွင့်လှစ်ပါတော့မယ်ခင်ဗျား၊ အားလုံးကို ကျေးဇူးတင်ပါတယ်"

ပန်းချီဆရာ ကမယ်သည် အကောင်းစား ပွဲနေပွဲထိုင် ဝတ်စုံသစ်ကို အချိုးကျကျ ဝတ်လျှက် စင်မြင့် ပေါ်သို့တက်လာသည်။ ပရိသတ်အား ပြုံးပြီး ဦးညွတ်နှုတ်ဆက်လိုက်သည်။

သည်အချိန် သည်ခဏကိုပင် ပရိသတ်က တမျှော်မျှော်နှင့် စောင့်စားနေခဲ့ကြရသည်။

ပန်းချီဆရာသည် စကားမပြောသေးဘဲ အကြာကြီးရပ်ကာ ပရိသတ်ကို အကဲခတ်နေသည်။ ပြပွဲခန်းမတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေသည်။ အပ်ကျသံကိုပင်ကြားရလုမတတ်။

ထို့နောက် . . . သူက ပိုးချည်ကြိုးကို ဆွဲလိုက်သည်။ အပြာရောင် ပိုးသားကန့်လန့်ကာ အပေါ်သို့ လိပ်တက်သွားသည်။

ဤတွင် . . . ရိုးရိုးကြွေရည်သုပ် မှန်ဘောင်သွင်းထားသော မာဂဒါ၏ ရွှေသား နှင့်သွင်သည် ပရိသတ် ကို ကျောပေးလျှက် သုံးဘက်မြင်ကိုယ်လုံးပေါ်မှန်ပေါ်တွင် ပီပြင်စွာ အသက် ဝင်လာသည်။

ပရိသတ်များ အသက်မရှူနိုင်အောင် ဖြစ်သွားကြသည်။ အားလုံးပင် ရင်သပ်ရှုမော အံ့ဩမဆုံး ဖြစ်နေကြသည်။ လန်ဒန်မြို့တော်တွင် လက်ရာအမြောက်ဆုံး ပုံတူကားပါလားဟူ၍ သူတိုင်း၏ ရင်ထဲတွင် ဆုံးဖြတ်လိုက်ကြသည်။

ပရိသတ်အများအကြား တစ်ယောက်တစ်ခွန်း ဝေဖန်ပြောဆိုသံများ ပေါ်ထွက်လာသည်။

"ဒီကားကို ကျုပ်ဝယ်မယ်" သန်းကြွယ်နယ်စားကြီးတစ်ဦးက အော်ပြောသည်။ "ဘယ်လောက်ပဲ ပေးရပေးရ ကျုပ်ဝယ်မယ်"

ထို့နောက်တွင်ကား. . . အပြိုင်အဆိုင် ဈေးပေးသံများဖြင့် တစ်ခန်းလုံး ပွက်လောရိုက်သွားတော့သည်။

ထိုအခိုက် . . . ချိန်ကိုက်ထားသည့် အတိုင်းပင် အမှောင်ရိပ်တစ်နေရာမှ မာဂဒါ ပေါ်ထွက်လာပြီး ကမယ်၏ ဘေးတွင်ဝင့်ကြွားဂုဏ်ယူစွာဖြင့် ရပ်လိုက်သည်။

ပရိပ်သတ်များ ငြိမ်ကျသွားကြသည်။

ကမယ်က မာဂဒါ၏ လက်ကိုမြှောက်ကိုင်ကာ ကြေငြာလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါ. . . ကျွန်တော့် ပန်းချီကားရဲ့ မူလဘူတ စံပြအလှဘုရင်မကလေး မာဂဒါ. . . ဆိုတာပါပဲ"

လက်ခုပ်သံများ တဖြောင်းဖြောင်း ပေါ်ထွက်လာသည်။ ပြီးတော့ ငြိမ်သက်သွားသည်။ အားလုံး .အသက်မရှူနိုင်အောင်ဖြစ်နေကြသည်။

မာဂဒါက ပုံတူမှာရော. . . လူကိုယ်တိုင်ရော . . . . ရက်ရက်စက်စက်ကို လှနေ ကလား။ မြင်ရသူ ဘဝင်ဆူစရာကောင်းလှပါကလား။

သို့သော် . . . မောရစ်တို့ ညီအစ်ကို လင်မယားတစ်သိုက် အဖို့တော့ မာဂဒါကို မြင်လိုက် သောအခါ လန့်ဖျပ်၍ပင်သွားကြသည်။ မောရစ်၏မိန်းမ ဆေလ်ဗီယာ ဆိုလျှင် ခေါင်းထဲက မိုက်ကာ ဖြစ်သွားပြီး နေရာတွင် မူးမေ့လဲကျသွားသည် အထိပင်။

မောရစ်က ဆေလ်ဗီယာအား ကမန်းအတန်း ဖေးမပြီး အပြင်သို့ တွဲခေါ်သွားသည်။ သူတို့နောက်မှ မာတီလဒါနှင့် ဖိလစ်တို့ ထွက်လိုက်သွားကြသည်။

မာဂဒါက မြို့စားကတော်ကြီး၏ ဘက်သို့ လှည့်ကြည့်ပြီး အဓိပ္ပာယ်ပါပါ ပြုံးလိုက်သည်။ "ဒါ. . . ကျွန်မရဲ့ ကလဲ့စားချေပွဲပဲ၊ ကျွန်မ၏ အောင်ပွဲပဲ . . . " သူမ၏ မျက်လုံးများက ယင်းသို့ ပြောနေကြသယောင်။

ပန်းချီကားကလည်း စံတင်လောက်ပါပေ၏။ လုဗ်နန်းတော် အနုပညာပြခန်းမှာပင် ချိတ်ဆွဲထား လောက်ပါပေသည်။

ရှုဘင်သာမြင်ရလျှင် ဘယ်လိုသဘောထားလိမ့်မလဲ။ သူကအပြင်းအထန်ကန့်ကွက် မည်မှာ သေချာပါသည်။ သို့သော် ဘာပဲဖြစ်ဖြစ် မာဂဒါအနေဖြင့် သည်အလုပ်ကို လုပ်ကိုလုပ် ရမည်။ လုပ်သင့်လုပ်ထိုက်သော အလုပ်ပင်ဖြစ်သည်။

ပန်းချီကားကို အလင်းရောင်ရသော အခန်းတွင် ချိတ်ဆွဲထားသည်။ ပန်းချီကား နာမည်ကတော့ ရိုးရိုးကလေးပင် "မာဂဒါ". . . ပါတဲ့။

ထို့နေ့ညနေတွင် ကမယ်ကအထူးဖိတ်ကြားထားသော ဧည့်သည်များအား "ဆဗွိုင်း" ဟိုတယ်တွင် ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

မာဂဒါသည် သူမကိုယ်သူမယုံကြည်သွားပြီ။ လန်ဒန်မြို့တော် အထက်တန်းလွှာ အသိုင်းဝိုင်းက သူမကို သိသွားကြပြီ။

ကမယ်နှင့် နယ်စားကြီး အလက်ဇီမက်ဇီမော့တို့ နှစ်ယောက်ကြားတွင် သူမ ထိုင်သည်။

"ကမယ်နှင့် ကျွန်မတို့က ပါရီမှာ စတင်တွေ့ကြတာပါ၊ ကျွန်မမှတ်မိသလောက်ဆိုရင် တစ်နှစ်ကျော် ကျော်လောက်ရှိပါပြီ ဒါနဲ့. . . လူတွေက အသက်ကြီးတာ ငယ်တာကို ဘာကြောင့်များ ဒီလောက်အရေးတကြီး လုပ်နေကြတာလဲ၊ လူတစ်ယောက်ဟာ အသက်လေးဆယ် မပြည့်သေးခင် အရွယ်ပိုင်းမှာ သိပ်ပြီး ဖြတ်လတ်တယ်ဆိုတာ တကယ်ပဲလား. . . ဟင်"

နယ်စားကြီးက နှစ်နှစ်ခြိုက်ခြိုက်ပြုံးလိုက်သည်။ တကယ်တော့ သူ့အသက်က ငါး



www.burmeseclassic.com

www.burmeseclassic.com



"ဒီမေးခွန်းက နက်နဲလှပါတယ်။ မင်းက ငယ်ပါသေးတယ်။ သဘောပေါက်ဖို့ ...မလွယ်လှဘူး"

"ကျွန်မ အသက် ၂၀ ပြည့်ပါပြီ၊ စဉ်းစားဆင်ခြင်တတ်ပါပြီ"

သူမက ပြုံးပြီး ပြန်ပြောလိုက်သည်။

"မင်းအသက် ၄၀ ပြည့်တော့မှ ပိုပြီး သိလာပါလိမ့်မယ်"

"ဟုတ်တာပေါ့၊ ကျွန်မအသက် ၄၀ ပြည့်တော့ ပိုပြီးပြည့်ဝလာမှာပေါ့၊ နှစ်ကြာလေ ...ကောင်းလေ၊ ကျွန်မ အန်တီ မြို့စားကတော်ကြီးကို ကြည့်ပါလား"

"မင်းဟာ ဒီအခန်းထဲမှာ တစ်ဦးတည်းသော အမျိုးသမီးပါပဲ"

"ကျေးဇူးတင်ပါတယ်၊ နယ်စားကြီးက သိပ်ပြီးစိတ်ကောင်းရှိတာပဲ၊ ဒါနဲ့ ကမယ်နဲ့ ...ယ်လိုသိကြတာလဲ ပြောပြပါလား"

"ပါရီက ညှော်ခံပွဲတစ်ခုမှာ စတွေ့ကြပြီး ရင်းနှီးခဲ့ကြတယ်။ ဒါနဲ့. . . မင်းကိုမနက်ဖြန် ...လယ်စာနဲ့ ဂုဏ်ပြုပါရစေ။ အဲဒီတော့မှ အေးအေးဆေးဆေး စကားပြောကြတာပေါ့၊ မဟုတ် ...ဘူးလား"

"အို. . . နေပါစေ၊ ကိစ္စမရှိပါဘူး၊ ဒါပေမယ့် . . . စေတနာကိုတော့ ကျေးဇူးတင်ပါတယ် ...ရှင်"

"ကျုပ်တစ်ခုမေးချင်တယ်၊ ကိုယ်ရေးကိုယ်တာ ကိစ္စပါ၊ ခွင့်ပြုနိုင်ပါ့မလား"

"မေးပါ"

"မင်းက ကမယ့်အမျိုးသမီးလား"

"မဟုတ်ပါဘူး၊ ကျွန်မမှာ ယောကျ်ားရှိပါတယ်"

"နားလည်ပါပြီ၊ ကျုပ်ပြောင်မေးမိတာခွင့်လွှတ်ပါ"

"ခွင့်လွှတ်ပါတယ်ရှင် . . . ဒါနဲ့ မနက်ဖြန် ကျွန်မအိမ်ကို လက်ဖက်ရည်သောက်ကြွပါလို့ ...တ်ပါရစေလား"

နယ်စားကြီးက ပြုံးလိုက်သည်။

"ဟုတ်ကဲ့. . . ကျေးဇူးတင်ပါတယ်"

"ညနေ. . . လေးနာရီ တိတိနော်"

"ဟုတ်ကဲ့. . . ညနေလေးနာရီတိတိ"

ထိုနေ့ညနေတွင် . . . လုံးဝအိပ်မပျော်။ တစ်ချိန်လုံး အတွေးရေလျဉ်ကြောတွင် အတောမသတ် ...မျောပါ နေသည်။

ယခုမှ သူမအဖို့ ဘဝသစ် တစ်ကဏ္ဍ စတင်ခဲ့လေပြီတည်း။

နောက်တစ်နေ့ နံနက်တွင် နာမည်ကျော် အနုပညာ ဝေဖန်ရေးဆရာ တစ်ယောက်က မာဂဒါ၏



www.burmeseclassic.com

www.burmeseclassic.com



ပုံတူကားကို "စံတင်ရမည့် ပြီးပြည့်စုံသော အနုပညာလက်ရာ" ဟူ၍ဝေဖန်လိုက်သည်။ နောက်တစ်ယောက်ကမူ "ကိလေသာနှိုးဆွသော အလင်္ကာလက်ရာ"ဟူ၍ပုတ်ခတ်သည်။ တခြားဝေဖန်ဆရာများကလည်း တစ်ယောက်တစ်မျိုးဝေဖန်ကြသည်။

ကမယ်၏ အိမ်ခန်းထဲမှ တယ်လီဖုန်းမြည်သံ အစောကြီးပေါ်ထွက်လာသည် မောရစ်ဟက်ထံမှ ဆက်ခြင်းဖြစ်သည်။

သူက ပန်းချီကားကိုဝယ်ချင်သည်။ ဘယ်လောက်ပဲ ပေးရပေးရ ဝယ်မည်ဟု ဆိုသည်။

ကမယ် တော်တော် ကျေနပ်သွားသည်။

မောရစ်က ပန်းချီကားကို မီးရှို့ပစ်မည်ဆိုသည်ကို သူက အတတ်သိသည်။ ထို့ကြောင့် သူက ပြန်ပြောလိုက်သည်။

"ဒီကားက ဘယ်သူ့မှ မရောင်းပါဘူးဗျ၊ ဘယ်သူမှလည်း ဝယ်နိုင်မှာ မဟုတ်လို့ပါ. . .

သို့သော် မောရစ်က လက်မလျှော့သေး။

"ဘာပစ္စည်းမဆို တန်ကြေး ရှိပါတယ်ဗျ"

"ဒီကားကို ကျွန်တော် မပိုင်တော့ဘူးဗျ"

တစ်ဘက်မှ ဘာသံမှမပေါ်လာ။ ခဏကြာတော့မှ . . . .

"ဘယ်သူ ဝယ်သွားပြီမို့လဲ"

"ဘယ်သူမှ မဝယ်ပါဘူး၊ ပေးပစ်လိုက်ပြီ"

"ဘယ်သူ့ကို ပေးလိုက်တာလဲ၊ ဈေးကြီးပေးရင် ပြန်ရောင်းမှာပါ"

"လက်ဆောင်ပစ္စည်းကို ခင်ဗျား ရောင်းရဲမှာလား"

"ဒါဖြင့်လည်း ကောင်းပြီလေ၊ ကျွန်တော့်မိန်းမက အဲဒီကားကို သိပ်ပြီးကြိုက်နေလို့ပါ"

"ဒါပေါ့ဗျ. . . ကြိုက်ရမှာပေါ့၊ ကျွန်တော်က "မာဂဒါ"ဆိုပြီး နာမည်ပေးထားတဲ့ ပန်းချီကားက မိန်းမတိုင်း ကြိုက်မှာပဲဗျ၊ ယောကျ်ားတိုင်းလည်း လိုချင်မှာပဲဗျ၊ ပြီးတော့ . . . ဘယ်မိန်းမမဆို သူတို့လည်း ဒီပုံမျိုး အဆွဲခံချင်ကြမှာ သေချာတယ်ဗျ၊ မဟုတ်ဘူးလား ကျွန်တော်ပြောတာ"

သူပြောတာ ဟုတ်ပါသည်။ သို့သော် မောရစ် တော်တော်စိတ်ဓာတ်ကျသွားသည်။ ဒေါသလည်း အကြီးအကျယ်ထွက်သွားသည်။ ထို့ကြောင့် ကမယ်ဆွဲသော ပန်းချီကားများကို နောက်ထပ် တစ်သက်လုံး မဝယ်တော့ဟုလည်း ဆုံးဖြတ်လိုက်သည်။

"ဒါနဲ့. . . ဒီပန်းချီကား လက်ဆောင်ရတဲ့ ပုဂ္ဂိုလ်က လူကုံထံပဲလားဗျ"

"အို. . . သိပ်တန်တဲ့ လူကုံထံပေါ့ဗျ။ ကျွန်တော့်ကား ရသွားတဲ့ ပုဂ္ဂိုလ်က အဲဒီကားရဲ့ မူလဘူတ စံပြမယ်လေ. . . သူနဲ့ပဲ တန်လို့ သူ့ကိုပဲပေးလိုက်ရတာဗျ. . . ခင်ဗျားရှေ့ သဘောမတူဘူးလား. . . ဟင်"

မောရစ်က ဘာမျှပြန်မပြော။ သူ့မျက်နှာတွင် သွေးဆုတ်သွားပြီ။

ကမယ်က တယ်လီဖုန်း ပြန်ချလိုက်သည်။

ပြီးတော့ . . . ဟားတိုက်ပြီးရယ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

# [ ၁၀ ]

ဒါ၏ လက်ယာဘက်တွင်ကမယ်၊ လက်ဝဲဘက်တွင် အလက်ဇီနှင့် မြို့စားကတော်ကြီးတို့ ကြသည်။ စားပွဲတစ်ဖက် ကမယ်နှင့် ပီတာစကော့တို့ကြားတွင်တော့စကော့၏ အပျော်မယား ယ်လာထိုင်သည်။ ရှုဘင်အမြဲထိုင်လေ့ရှိသော စားပွဲထိပ်ကုလားထိုင်တွင်တော့ ဘယ်သူ့မှ င်ကြ။ တခြားလူများ၏ ပန်းကန်ရှေ့တွင် နာမည်ကတ်ပြားများ ချထားသလို ရှုဘင့်အတွက် ဉ်စုချထားသော ပန်းကန်ရှေ့တွင်လည်း သူ့နာမည်ကတ်ပြားချထားသည်။

ညစ်ခံပွဲမှာ. . . နှစ်သစ်ကူးအကြို ညနေစာစားပွဲဖြစ်သည်။

ယနေ့မနက်က ရှုဘင့်ထံမှ စာတစ်စောင်ရောက်လာသည်။ စာဖတ်ပြီးနောက် မာဂဒါ ာ်တော်ပင် စိတ်ညစ်ခဲ့ရသည်။

"ငါးသလောက်ဟင်း သိပ်ကောင်းတာပဲ မာဂဒါ"

နယ်စားကြီး အလက်ဇီက ပြောလိုက်သည်။

မာဂဒါက ထိုင်ရာမှ ထရပ်လိုက်ပြီး. . .

"ကောင်းတယ်ဆိုတာ ဘာကို ကောင်းတယ်လို့ ခေါ်တာလဲ"

မာဂဒါ တော်တော်မူးနေပြီ။ မျက်လုံးများပင် ကောင်းကောင်း မဖွင့်ချင်တော့။

"မင်းအတွက် ငါ ဘာ ကူညီရမလဲ မာဂဒါ"

"ရှင်က ဘာကူညီနိုင်မှာမို့လဲ. . . ကျွန်မယောကျ်ားကို ပြန်ခေါ်ပေးနိုင်မှာလား"

အလက်ဇီက တိုးတိုးကလေးပြန်ပြောသည်။

"ငါ့မှာသာ အဲဒီလို ပြန်ခေါ်ပေးနိုင်တဲ့ အာဏာ့ရှိရင် ခုချက်ချင်း ပြန်ခေါ်ပေးမှာပဲ မာဂဒါ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို. . . ရှင်ဘာမှ မတတ်နိုင်ဘူးပေါ့၊ဒါပေမယ့်စေတနာကိုတော့ လေးစားပါတယ် ကဲ အလက်ဇီ. . . ရှင် ကျန်းမာချမ်းသာပါစေကြောင်း ဆုတောင်းကြရအောင်"

"လိုအပ်တဲ့အခါမှာပေါ့ မင်းရဲ့မိတ်ဆွေဖြစ်ပါစေလို့ ဆုတောင်းပါတယ်"

"ကဲ ကျွန်မလည်း ဆုတောင်းပါတယ်။"

သူမက ဖန်ခွက်ချင်း ထိတို့လိုက်သည်။ "လူတိုင်းမှာ မိတ်ဆွေလိုအပ်ပါတယ်ရှင်"

မီးလင်းဖိုပေါ်မှ နာရီနှိုးစက်သံပေါ်ထွက်လာသည်။ ၁၉၁၆ ခုနှစ်ကုန်ဆုံး၍ ၁၉ ခုနှစ်သို့ကူးပြောင်း ခဲ့ပြီဖြစ်ကြောင်း အချက်ပေးလိုက်ခြင်းပင် ဖြစ်သည်။

နောက်ပိုင်းတွင် အရက်မူးမူးဖြင့် တစ်ဦးနှင့် တစ်ဦး ဖက်ယမ်းနမ်းရှုပ်ကြသည်။ "ကျန်း ချမ်းသာ ပါစေကြောင်း၊ စစ်ကြီးမြန်မြန် ပြီးဆုံးပါစေကြောင်း" ဆုမွန်တောင်းကြသည်။

မာဂဒါက ဧည့်သည်များကိုထားပစ်ခဲ့ပြီး ဂျဲနက်၏ အခန်းထဲသို့ဝင်လာခဲ့သည်။ သမီး ကို နမ်းရှုပ်လိုက်ပြီးတော့ . . . တိုးတိုးလေးပြောလိုက်သည်။

"မေမေ့အသက်. . . မေမေ့အသည်း. . . သမီးလေးရေ . . . နှစ်သစ်ကူးမှာ ပျော် လန်းဆန်းနိုင်ပါစေကွယ်၊"

ခုနေခါများ ရှုဘင် ရှိနေလိုက်ရင် ဘယ်လောက်များပျော်စရာကောင်းလိမ့်မလဲ. . .

နေရာတွင် ခဏမျှရပ်ပြီး တွေးနေမိသည်။ ပြီးတော့ ဧည့်သည်တွေရှိရာသို့ ပြန်လာခဲ့သ

သူတို့သည် ဓာတ်စက်သီချင်းနားထောင်ရင်း မနက်သုံးနာရီအထိ အရက်တွေ တစ်ပု ပြီး တစ်ပုလင်း ဆက်သောက်နေကြသည်။ မြို့စားကတော်ကြီးက အိပ်ချင်ပြီဟုခွင့်တောင်းပြီး အ ထွက်သွားသည်။နောက်ပိုင်း. . . ဧည့်သည်တွေ တစ်ယောက်ပြီးတစ်ယောက် ထပြန်သွားကြသ မာဂဒါက ဧည့်သည်တွေကို အခန်းဝထိလိုက်ပို့သည်။ သို့သော်သူမ ဘာလုပ်၍လုပ်မှန်းမသိေ အရက်ရှိန်က တော်တော်တက်နေပြီ။

သူမသည် အိပ်ခန်းတံခါး ပြန်ပိတ်ပြီး တံခါးရွက်တွင် မှီနေလိုက်သည်။ ပြီးတော့ ခေါ် အပေါ်မေ့ ကာ မျက်နှာကျက်ကို ငေးကြည့်နေမိသည်။

ဖိနပ်ကိုချွတ်လိုက်သည်။ မီးဖိုခန်းထဲဝင်လာပြီး အရက်ပုလင်းနှင့်ဖန်ခွက်တစ်လုံးကိုယူ အိပ်ခန်း ဘက်ပြန်လျှောက်လာခဲ့သည်။ အလက်ဇီကို လှမ်းမြင်လိုက်သည်။ ရုတ်တ ဘယ်သူဘယ်ဝါမှန်း လုံးဝမမှတ်မိ။ ကမန်းကတန်းမျက်တောင်ခတ်ပြီး မျက်လုံးကို ဖြ လိုက်တော့မှ သဲသဲကွဲကွဲမြင်ရတော့သည်။

သူဘာဖြစ်လို့ မပြန်သေးတာလဲ။ သူတစ်ခြားဧည့်သည်တွေနဲ့ အတူတူပြန်လိုက် ဘူးလား။

"ငါမပြန်ဘဲ ကျန်နေရစ်တာ ခွင့်လွှတ်လိမ့်မယ်လို့ မျှော်လင့်ပါတယ်. . . မာ အလက်ဇီက တောင်းပန်သံနှင့် ပြောလိုက်သည်။

"ခွင့်လွှတ်ပါတယ်. . . ခွင့်လွှတ်ပါတယ်၊ ရှင်အခုလို မပြန်ဘဲနေရစ်တာ ကျေးဇူး တင်ပါတယ်။ ကျွန်မလည်း ဒီမှာတစ်ယောက်တည်း ဘယ်လိုလုပ်နေရမှန်းမသိဖြစ် အတော်ပါပဲ၊ ရှင်ကကျွန်မမိတ်ဆွေပါ၊ ရှင့်အကူအညီကို ကျွန်မလိုအပ်ပါတယ်၊ ကျွန်မအ



www.burmeseclassic.com

www.burmeseclassic.com



…ထိုက်ဦးမယ်။ ရှင်ကမီးဖိုမှာမီးထိုးထားနှင့်ပေါ့"

"မင်းဆီ ငါလာတာ သဘောတူရဲ့လား"

သူမက သူ့မျက်နှာကို စေ့စေ့ကြည့်လိုက်သည်။

"ဒီမေးခွန်းက မလိုအပ်တော့ပါဘူး၊ ရှင်အခု ကျွန်မဆီရောက်ရှိနေပြီပဲ"

ပါးလွှာသော ညဝတ် ဝတ်စုံပွကြီးကို ဝတ်ပြီး မာဂဒါအညွှေ့ခန်းထဲ ပြန်ဝင်လာသည်။ …လက်ဇီသည် မီးဖိုဘေးမှ ဆိုဖာကုလားထိုင်ကြီးတွင် ထိုင်နေသည်။ မာဂဒါက သူ့ဘေးမှ …ပြင်တွင် ထိုင်ချလိုက်သည်။

"ကဲ. . . ကျွန်မကို ပြောပြစမ်းပါဦး၊ ရှင့်အဖေနဲ့ သူ့မိတ်ဆွေကြီး လီယိုတော်စတွိုင်း …ကြောင်း ကျွန်မက အထက်တန်းလွှာ မှုမျိုးမတ်မျိုးတွေအကြောင်း သိပ်သိချင်တယ်"

သူမ၏ခေါင်းကို အလက်ဇီ၏ ပေါင်ပေါ်တွင် မှီထားသည်။

အလက်ဇီက သူ့ဘဝအကြောင်းပြောပြသည်။

သူ့ကို မောစကိုမှာ မွေးသည်။ သူ့ဖခင်က ဇာဘုရင်၏ ညီနှစ်ဝမ်းကွဲ။ သူ့မိခင်က …သစ်မင်းမျိုးမင်းနွယ်။ သူတို့သည် မြို့ပြင်စံအိမ်ကြီးတွင် တစ်ခန်းတစ်နားနေထိုင်ခဲ့ကြသည်။

မာဂဒါ၏ မျက်တောင်တွေစင်းလာသည်။ သူမအိပ်ငိုက်နေပြီ။ အလက်ဇီက ဆက် …ပြသည်။

"သူ့တို့နှစ်ယောက်က တက္ကသိုလ်မှာ တွေ့ပြီး ရင်းနှီးလာကြတာ၊ တော်စတွိုင်းဟာ …မှာကျော် စာရေးဆရာကြီးလို့ ဖေဖေကပြောတယ်"

"ဟုတ်ပါတယ်" မာဂဒါမျက်လုံးတွေ ပြန်ဖွင့်လာသည်။ "သူက တကယ်ကမ္ဘာ …ကျော်ပုဂ္ဂိုလ်ကြီးပါ၊ ဒါပေမယ့် ဒီမင်းဆွေမင်းမျိုးတွေအကြောင်းက သိပ်ရှုပ်တာပဲနော် . . . .၊ …ျွန်မကတော့ ဘာမှနားမလည်ဘူး၊ ဒါနဲ့ . . . အင်္ဂလန်ဘုရင်က ရုရှားဇာဘုရင်နဲ့ ညီအစ်ကို …ကွဲတော်တယ်ဆို၊ ပြီးတော့ ဂျာမနီ ကိုင်ဇာဘုရင်ကလည်း အဲဒီဘုရင်နှစ်ပါးစလုံးနဲ့ ဝမ်းကွဲတော် …တဲ့၊ ဒါနဲ့တောင်များ . . . တစ်ယောက်နှင့် တစ်ယောက် ရန်ပြိုင်နေကြတာ အံ့ပါရဲ့တော်"

သူမက အလက်ဇီ၏ ပေါင်ပေါ်သို့ လက်တင်လိုက်သည်။ မကြာမီမှာပင် သူမ အိပ်ပျော် …သွားတော့သည်။

အလက်ဇီက သူမကို အိပ်ခန်းထဲသို့ ပွေ့ချီလာခဲ့သည်။ ခုတင်ပေါ်တွင် အသာချ၍ …ောင်ခြုံပေးလိုက်သည်။ ပြီးတော့ သူမကို အကြာကြီးရပ်ကြည့်နေမိသည်။

ကိုယ်ကိုင်းကာ သူမ၏ ပါးပြင်ကို ရွရွကလေးနမ်းလိုက်သည်။ အခန်းမီးကို ပိတ်လိုက်သည်။ …့နောက် ခြေကို ဖော့နင်းပြီး အခန်းထဲမှ ပြန်ထွက်လာခဲ့သည်။

…ောက်နေ့တွင် မာဂဒါ အိပ်ရာထဲမှာပင် လဲနေသည်။ အရက်နာကျပြီး ခေါင်းမထူနိုင်အောင် …ားနေရသည်။ တစ်ချိန်တည်းမှာ စိတ်ဓာတ်လည်း အလွန်ကျနေသည်။ သူမသည် သမီးငယ် …က် အခန်းသို့ပင် လုံးဝမသွား။ မြို့စားကတော်ကြီးခဏခဏ ဝင်လာကြည့်သည်။ သို့သော်



www.burmeseclassic.com

www.burmeseclassic.com



မာဂဒါက သိပုံမရ။

တယ်လီဖုန်းမြည်လာသည်။ မြို့စားကတော်ကြီးက ဖုန်းကောက်ကိုင်လိုက်သည်။

"ဘယ်သူပါလဲရှင်"

"ကျွန်တော် အလက်ဇီပါ၊ မာဂဒါ၊ နေကောင်းရဲ့လား"

"ကျွန်မတော့ ဘယ်လိုမှ မပြောတတ်တော့ဘူး အလက်ဇီ ၊ အမူးလဲမပြေသေး ဒိပ်ရာထဲမှာ လဲနေတုန်းပဲ၊ စိတ်ဓာတ်လည်းတော်တော်ကျနေပုံရတယ်"

"ကျွန်တော် လာခဲ့လို့ ကောင်းပါမလား"

"ကောင်းမယ်ထင်တာပဲ"

ချက်ချင်းလိုပင် အလက်ဇီရောက်လာသည်။ သူက ခုတင်ဘေးတွင်ထိုင် အေးဆေးညင်သာစွာ စကားပြောသည်။

"မင်းရင်ထဲမှာ ခံစားနေရတာတွေကို ငါ့ကိုပြောပြစမ်းပါ မာဂဒါ၊ တစ်နည်းနည် ငါကူညီနိုင်မှာပါ"

မာဂဒါ ခေါင်းကိုခါယမ်းလိုက်သည်။ အတန်ကြာငြိမ်နေပြီးတော့မှ စကားပြောသည်

"ကျွန်မယောက်ျား ကျွန်မနဲ့ကင်းကွာပြီး လူ့ငရဲရောက်နေတာ နှစ်နှစ်ကျော်သွား ကျွန်မရင်ထဲ ဘယ်လို ခံစားနေရမလဲဆိုတာ ရှင်စဉ်းစားကြည့်စမ်းပါ"

"ဩော် . . . ဒါလား၊ ဒါကလွယ်လွယ်ကလေးပါ၊ မင်းကိုယ်မင်း သတ်သေရင်လည် သတ်သေ၊ ဒါမှ မဟုတ် မင်းရူးရင်လည်း ရူးသွား၊ အဲဒါဆိုရင် သူ့အနေနဲ့ အားလုံးအဆင် သွားမှာပါ"

"ရှင် . . . ကျွန်မကို မနောက်စမ်းပါနဲ့၊ ကျွန်မ စကားကောင်း ပြောနေတာပါ"

"ငါမနောက်ပါဘူး၊ မင်းကို အကြံတစ်ခုပေးမလို့ပါ၊ မနက်ဖြန်ကစပြီး မင်းအလုပ်တစ် စလုပ်ပါ၊ ဒါမှ အာရုံတခြား မရောက်ပဲနေမှာ"

"ကျွန်မဘာအလုပ်လုပ်ရမှာလဲ၊ ပတ်တီးလိပ်တဲ့ အလုပ်မျိုးလား၊ ကျွန်မက စေတ ပေါက်ပြီး လုပ်ပါရစေဆိုတာတောင်မှ ဘယ်သူမှ ကျွန်မကို လက်ခံကြမှာမဟုတ်ဘူး၊ ကျွန်မ အပယ်ခံမ ဖြစ်နေပြီ၊ ပြီးတော့ ကျွန်မက အင်္ဂလိပ်အမျိုးသမီးလည်းမှုမဟုတ်ဘူး၊ အင်္ဂလိပ်တွေ အလကားလူတွေပါ၊ ခံစားချက်ရှိတဲ့လူတွေ မဟုတ်ပါဘူး"

"အလကားမဟုတ်ပါဘူး၊ သူတို့လည်း မင်းလိုပဲ ခံစားနေရတဲ့လူတွေပါ၊ သူတို့က သူတို့ခံစားချက်ကို မင်းပြသလိုမပြကြဘူး၊ တစ်နည်းတစ်ဖုံနဲ့ ပြတတ်ကြတယ်"

"ရှင်ပြောတာ မှန်ချင်မှန်လိမ့်မယ်၊ ဒါပေမယ့် ဟက်မိသားစုနဲ့ ပေါင်းရလို့ ကျွန်မတော့ အင်္ဂလိပ်တွေကို စိတ်ကုန်နေပြီ" သူမကပြောရင်းငိုသည်။ အလက်ဇီက သူမပုခုံးကိုပွတ် နှစ်သိမ့်သည်။ "ရှင် . . . မသိဘူး အလက်ဇီ၊ ကျွန်မမှာ အဖော်မရှိဘူး၊ တစ်ယောက်တည် အထီးကျန်ဘဝမျိုးရောက်နေရတယ်၊ ကျွန်မယောက်ျားကို ကျွန်မ သိပ်အောက်မေ့တယ် ကျွန်မတို့နှစ်ယောက်ဟာ လက်ထပ်ပြီး ရက်ပိုင်း လပိုင်း လောက်ပဲ အတူတူနေလိုက်ကြ ဒီလိုအခြေနေမျိုးမှာ ကျွန်မ ဘယ်လိုလုပ်ပြီး ဖြေနိုင်ပါမလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းပြောတာဟုတ်ပါတယ်၊ ဒါပေမယ့် ငိုနေလို့ ပိုကောင်းမလာနိုင်ပါဘူး"

"အဲဒီတော့ ကျွန်မဘာလုပ်ရမလဲ"

"တို့နှစ်ယောက် ညစာ သွားစားကြရအောင်၊ အဲဒီတော့မှ မင်းဘာလုပ်သင့်တယ်ဆိုတာ ပြောပြမယ်"

သို့ဖြင့် သူတို့နှစ်ယောက် "ရစ်ဇ်" ဟိုတယ်သို့ လာခဲ့ကြသည်။

"ကိုင်း . . . မင်းစိတ်ထဲမှာ လုပ်ချင်တာ အလျှင်ပြောပြပါ။ မင်းဘာလုပ်ချင်သလဲ၊ ဘာကို ဝါသနာ ပါသလဲ"

စားပွဲတွင်ထိုင်လျှင်ထိုင်ချင်း အလက်ဇီက ကောက်မေးလိုက်သည်။

"ကျွန်မဝါသနာပါတာ ပြောရရင်တော့ ရှင်ကရယ်ချင်လိမ့်မယ်၊ ဒါပေမယ့် ကျွန်မကလည်း အဲဒီ အလုပ်ကလွဲပြီး ဘာမျှမလုပ်ချင်ဘူး။ တခြားအလုပ် မဟုတ်ပါဘူး၊ ကျွန်မက ပြဇာတ်မင်းသမီးပဲလုပ်ချင်တယ်" သူမက ပြုံးလိုက်သည်။ "ကျွန်မ သီချင်းတွေဘာတွေလည်း နည်းနည်းပါးပါးဆိုဖူးပါတယ်"

"ဒါဖြင့် အဲဒီအလုပ် မင်း ဘာလို့မလုပ်တာလဲ၊ ပြဇာတ်မင်းသမီး လုပ်ပေါ့"

"ကျွန်မ ဖြစ်နိုင်မယ်လို့ ရှင်က တကယ် ထင်သလား"

"ငါကျိန်းသေပေါက် ပြောရဲပါတယ် မာဂဒါ၊ လောကမှာ မင်းဘာပဲလုပ်လုပ် ဖြစ်နိုင်တာမရှိပါဘူး"

အလက်ဇီက မာဂါဒအား နာမည်ကျော် ပြဇာတ်ဆရာ အက်ဒွပ်ဂိုးလ်စတိုင်းနှင့် ဆုံပေးသည်။ လန်ဒန်မြို့တွင် နာမည်ကြီးသော ပြဇာတ်ကိုယ်စားလှယ် တစ်ဦးထံလည်းခေါ်သွားသည်။ ဂိုးလ်စတိုင်းက မာဂဒါ၏ ရုပ်ရည်ကို မြင်လျှင်မြင်ချင်း အလွန်သဘောကျသွားသည်။ အလက်ဇီပြောတဲ့အတိုင်း ရုပ်ကတော့ အလွန်သားနားနေပြီ။ "သရုပ်ဆောင်လို့ကော ရပါ့မလား" ဂိုးလ်စတိုင်းက သံသယဝင်မိသည်။ သို့နှင့် မာဂဒါ အား "ကာမီလ်" ပြဇာတ်ဇာတ်ညွှန်းကို ထုတ်ပေးပြီး ဖတ်ခိုင်းသည်။

"ဒီဇာတ်လမ်း ဘယ်လို အဆုံးသတ်တယ်ဆိုတာ မင်းသိပြီးသားပဲ" ဂိုးလ်စတိုင်းက ပြောပြသည်။ "မင်းသမီး ကာမီလ်က အသည်းအသန် မကျန်းမမာဖြစ်နေတယ်။ အဲဒီအချိန်မှာ မင်းသားလုပ်သူ အာမင်က သတင်းမေးဖို့လာတယ်။ မင်းသမီးက သူသေတော့မယ်ဆိုတာ သိတယ်၊ ဒါပေမယ့် သူကလုံးဝစိတ်မလျှော့ဘူး။ ဒီအချက်ကို မင်းသားက လုံးဝသဘောမပေါက်ဘူး။ ဒါနဲ့ ကာမီလ်က အာမင်ကို အတွေ့မခံဘဲ နှင်လွှတ်လိုက် တယ်. . . ."

သည်ဇာတ်ညွှန်းသည် အလက်ဇန္ဒားဒူးမား(အငယ်)၏ ပြဇာတ်ကို အခြေခံရေးသားထားကြောင်း မာဂဒါ သိသည်။ ကာမီလ်မှာ အလွန်လှပသော ပြည်တန်ဆာမကလေးဖြစ်ပြီး သူမချစ်သူ၏ ဂုဏ်သိက္ခာကို အသက်နှင့်လဲ၍ ကာကွယ်သွားသည့် ဇာတ်လမ်းဖြစ်သည်။ ဇာတ်လမ်းကို အစမ်းဖတ်ရာတွင် ဂိုးလ်စတိုင်း က မင်းသား၊ မာဂဒါက မင်းသမီးနေရာတွင်နေ၍



www.burmeseclassic.com

www.burmeseclassic.com



သရုပ်ဆောင်ကြသည်။ မာဂဒါက သူမကိုယ်သူမ ကာမီလ် အစစ်လိုသဘောထားပြီး ကာ
ပြောရမည့် စကားများကို သရုပ်ပါပါ ခံစားချက်မိမိဖြင့် ဖတ်သွားသည်။

မာဂဒါနောက်ဆုံးဖတ်သော စကားကြောင့် နှစ်ယောက်စလုံးပင် မျက်ရည်လည်သွားသ

"ဘယ့်နှယ်လဲ ကျွန်မဖြစ်နိုင်ပါ့မလား"

မာဂဒါက သူမအား စိုက်ကြည့်ပြီး အကဲခတ်နေသော ဂိုးလ်စတိုင်းအား စိတ်မရှည်
ဟန်ဖြင့် ဖြတ်ကနဲမေးလိုက်သည်။

"အို. . . . အင်း ဟုတ်ကဲ့၊ မင်းက အလွန်တော်တဲ့ မိန်းမကလေးပဲ"

"ဒါဖြင့် ရှင်. . . ကျွန်မကို ကူညီမှာလား"

"ကူညီမှာပေါ့. . . ဒါပေမယ့် မင်းကို တစ်ခုတော့ သတိပေးချင်တယ်။ သိပ်ပြီးတော့လ
မျှော်လင့် မထားဖို့ပဲ၊ အနုပညာလောကဆိုတာ ခြေကုပ်ယူမိဖို့ကိုလွယ်တဲ့ကိစ္စမဟုတ်ဘူး။ အဲ. .
အောင်မြင်သွားပြီ ဆိုရင်လည်း ပျက်စီးသွားကြတာကများတယ်၊ အဲဒီအချိုးမျိုးချိုးမယ်ဆိုရင်
ငါနဲ့ မဖြစ်ဘူး"

အလက်ဇီက ဝင်ပြောလိုက်သည်။

"ဒီကိစ္စအတွက်တော့ . . . စိတ်ချပါအက်ဒွပ်၊ ဘာမှမပူပါနဲ့၊ ကျွန်တော်အာမခံပါတ
မာဂဒါက ဖွဲ့ရှိတဲ့မိန်းကလေးပါ၊ အလုပ်တစ်ခုလုပ်ရင် အောင်မြင်အောင်ကြိုးစားတတ်ပါတ
ဆရာသမားစကားလည်း နားထောင်ပါတယ်"

"ဒါနဲ့ မာဂဒါဆိုတဲ့နာမည်ကိုပဲ မင်းက သုံးချင်သလား "

"ဟုတ်ကဲ့၊ ဒီနာမည်ကိုပဲ ကျွန်မ သုံးပါရစေ "

မာဂဒါ ပထမဆုံး ပါဝင်သရုပ်ဆောင်ရသည်မှာ "လန်ဒန်မြို့တော်"ဟူသော ပြဇာတ်တွင် ဖြစ်သည
ထိုပြဇာတ်တွင် သူမသည် မထင်ရှားသော အစေခံ မိန်းကလေးအခန်းမှ စတင်ပါဝင်ရသည
ပြဇာတ်မှာ လူကြိုက်သိပ်မများလှ။ သို့သော် ကံကောင်းချင်တော့ သုံးပတ်ပြပြီးသောအ
မာဂဒါသည် ဒုတိယ ဇာတ်ဆောင်မင်းသမီးနေရာတွင် ပြောင်းလဲသရုပ်ဆောင်ခွင့်ရသည်။

နောက်တစ်နေ့တွင် နာမည်ကျော် လူငယ်ပြဇာတ်ဝေဖန်ရေးဆရာ အလစ္စတာကွန်းဖို့
"လန်ဒန် ပြဇာတ်လောကတွင် အလွန် အလားအလာရှိသော မင်းသမီးသစ်တစ်လက် ရောက်
လာပြီ. . . " ဟူ၍ ချီကျူးဝေဖန်လိုက်သည်။

နောက်ရက်များတွင် ဇာတ်ဆောင်မင်းသမီး နေမကောင်း၍ အနားယူသွားသောအ
မာဂဒါသည် ဇာတ်ဆောင်မင်းသမီးနေရာတွင် သရုပ်ဆောင်ခွင့်ရပြန်သည်။

သည်နောက်တွင်တော့ . . . သတင်းစာများတွင် သူမအကြောင်းများသာ နေ့စ
ရက်ဆက်လိုလို ပါလာတော့သည်။ ဝေဖန်ရေးဆရာများက . . . သူမအား အံ့ဖွယ်အလှ မင်း
ကလေး . . . ၊ ရွှန်းလဲ့တောက် ပသောအလှပိုင်ရှင်. . . ၊ နန်းဆန်လှပသော မင်းသမီးက
စသည်ဖြင့် ရွှန်းရွှန်းဝေ့အောင် ချီကျူးရေး သားကြသည်။ ထို့ပြင် နာမည်ကျော် ပုံတူပန်းချီကား



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မယ်ဖြစ်ကြောင်း . . . ၊ ပါရီမြို့တွင် ရေပန်းစားခဲ့သော ကဖေးဆိုင် အဆိုကျော် လေးဖြစ်ကြောင်း. . . ၊ နယ်စားကြီး အလက်ဇီမက်ဇီမော့နှင့် တွဲနေကြောင်း . . . များကိုလည်း အဝေဆာဆာရေးသားကြသည်။

သည်အကြောင်းများကို မောရစ်တို့မိသားစုတွေ သိရတော့ အနာပေါ် ဒုတ်ကျသလို ဆွေဆွေခုန်အောင် ဒေါသထွက်ကြလေတော့သည်။ မာဂဒါ၏ ကျော်ကြားမှုသည် သူတို့မိသားစု၏ ဂုဏ်သိက္ခာကို ပို၍ထိခိုက်စေ သည်ဟု သူတို့ကယူဆကြသည်။ ဖြစ်နိုင်လျှင် သူတို့က မာဂဒါအား အရှင်လတ်လတ် မြေမြှုပ်ပစ်လိုက်ချင်ကြ သည်။ ဒါမှမဟုတ် လန်ဒန်မြို့တော်မျှော်စင်ကြီးပေါ်က ထိုးချပြီး အရိုးတစ်ခြား အသားတစ်ခြား ဖြစ်သွားစေ ချင်ကြသည်။

သို့သော်. . . ဤသည်တို့မှာ သူတို့၏ မနာလိုမှုသာဖြစ်သည်။ သူတို့၏ မနာလိုမှုကြောင့် မာဂဒါကား ဘာမှအကျိုးမယုတ်၊ အကျိုးမယုတ်သည့်အပြင် မာဂဒါ၏ ကျော်ကြားမှုသာလျှင် ငွေရေအလား တစ်နေ့တခြား တိုးပွားလာတော့သည်။

၁၉၁၇ ခုနှစ် ဇူလိုင်လသို့ တိုင်ခဲ့ပြီ။ သည်လတွင် ဂျဲနက် နှစ်နှစ်တင်းတင်းပြည့်သည်။ ဂျဲနက်မှာ အသက် တစ်ရက်ကြီးလာလေ ပို၍လှလာလေပင်ဖြစ်သည်။ ရုပ်လှသလောက် အရွယ်နှင့် လိုက်အောင် လိမ် လည်းအလွန်လိမ္မာသည်။ လိမ္မာ၍လည်း သူမအား လူတိုင်းကပင် ချစ်ကြသည်။

အထူးသဖြင့် . . . ကမယ်၊ စကော့၊ ပါမယ်လာ၊ ဒီဘိုရာနှင့် အလက်ဇီတို့မှာ ဂျဲနက်ကို တစ်နေ့မမြင်ရ မနေနိုင်ဖြစ်သည်။

သူတို့သည် တစ်ယောက်မဟုတ် တစ်ယောက် နေ့တိုင်းပင် ဂျဲနက်ဆီ လာလည်ကြသည်။ သူတို့က ဂျဲနက်ကလေးအား အလိုလိုက်ကြသော်လည်း ဂျဲနက်ကလေးက ကဲမတက်၊ အလွန်ပါး သည်။ အသိဉာဏ် လည်းရှိသည်။ သူမကိုယ်သူမ လူကြီးကလေးဟန်မျိုး နေတတ်သည်။

သူမသည် လူကြီးတွေမကျေနပ်သော အလုပ်မျိုးကိုလည်း ဘယ်တော့မှမလုပ်၊ လူကြီးတွေကလည်း ဒါက လုပ်သင့်သောအလုပ်၊ ဒါက မလုပ်သင့်သောအလုပ်. . . ဆိုသည်ကို စိတ်ရှည်လက်ရှည် ရှင်းပြကြသည်။ ဂျဲနက်ကလေး၏ စိတ်ဓာတ်မှာ မိခင်နှင့်လုံးဝမတူ။ ဖခင်နှင့်သာ တစ်ထေရာတည်း ချွတ်စွပ်တူသည်။

တနင်္ဂနွေနေ့များတွင် အလက်ဇီရောက်လာပြီး ဂျဲနက်ရယ်၊ မာဂဒါရယ်၊ မြို့စား ကတော် ကြီးရယ်၊ တို့အားကားနှင့် ခေါ်သွားပြီး ဟိုတယ်တွင် နံနက်စာကျွေးတတ်သည်။ ထိုအခါမျိုးတွင် ဂျဲနက်ကလေးက အလက်ဇီ၏ ပေါင်ပေါ်တွင် ငြိမ်ငြိမ်ကလေးထိုင်ပြီး လိုက်ပါသွားတတ်သည်။

ဂျဲနက်သည် အလက်ဇီကို အလွန်ခင်သည်။ အလက်ဇီက သူမအား သကြားလုံးများ၊ ပေါင်းများနှင့် အိုက်စကရင်များ ဝယ်ပေးသည်။ နှစ်ယောက်သားလက်ဆွဲပြီး ပန်းခြံထဲတွင် လျှောက်လည်ကြသည်။ မြင်းစီးကြသည်။ လှေလှော်စီးကြသည်။

သည်လိုနှင့် . . . ဂျဲနက်သည် အလက်ဇီအား ဖခင်အရင်းပမာ တမ်းတမ်းစွဲ ချစ်ခင် လာခဲ့တော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## [ ၁၁ ]

၁၉၁၇ ခုနှစ် ဧပြီလတွင် အမေရိကန်ပြည်ထောင်စုက ဂျာမနီကို စစ်ကြေငြာ၍ စစ်ထဲ ဝင်လာခဲ့သည်။ အမေရိကန်နိုင်ငံ စစ်ထဲဝင်လာသောကြောင့် အင်္ဂလန်နှင့် ပြင်သစ်ပြည်သူတွေ အလွန်ဝမ်းမြောက် ကြသည်။ "အမေရိကန်တွေလာပါပြီ၊ အမေရိကန်တွေလာပါပြီ၊ ရန်သူ့ကိုဘာမ . . . အောင်ပွဲရသည့်တိုင် တို့တိုက်ကြမည်၊ တို့တိုက်ကြမည် . . ." ဟူသော သီချင်းမျ လူတိုင်းပါးစပ်ဖျားသို့ ရောက်လာသည်။

စစ်ပွဲအခြေအနေမှာ မဟာမိတ်များဘက်မှ ထိုးစစ်ဆင်လာနိုင်ပြီး ဂျာမနီမှာ ခံ အသွင်သို့ ပြောင်းလဲသွားသည်။ စစ်ကြီးအမြန်ဆုံး ပြီးဆုံးစေချင်သော ကမ္ဘာ့ပြည်သူများအတွ မျှော်လင့်ချက်ရောင်ခြည် ပေါ်ထွန်းလာခဲ့ပြီ။

သို့သော် . . . ရှုဘင့်ထံမှ စာတွေကတော့ ဆိုးရွားသော အခြေအနေကိုသာ တစ်စောင်ပြီ တစ်စောင် ဖော်ပြကြသည်။ သူက စစ်ကြီးဘယ်တော့မှ ပြီးဆုံးတော့မည်မဟုတ်ဟူ၍ ယုံကြည်နေသည်။ လူသားအချင်းချင်း လူမဆန်စွာ သတ်ဖြတ်နေကြခြင်းကို ကိုယ်တွေ့မျက်မြ ကြုံနေရ၍ အကြီးအကျယ် စိတ်ပျက်နေသည်။

မာဂဒါက စိတ်ဓာတ်ကျနေသော လင်တော်မောင်အား သမီးကလေး ဂျဲနက် အကြော ဝေဝေဆာဆာ ဖွဲ့ဖွဲ့နွဲ့နွဲ့ ရေးသား၍ နှစ်သိမ့်သည်။ သူမပြဇာတ်မင်းသမီးဘဝဖြင့် အောင်မြင် ရနေကြောင်း . . . ဖော်ပြ၍ အာရုံအပြောင်းအလဲရစေရန် ကြိုးစားရှာသည်။ သူမက သူမ အောင်မြင်မှုအတွက် ရှုဘင်လည်း မျှဝေခံစားပြီး ဂုဏ်ယူဝမ်းသာစေချင်သည်။

ယခုအခါ မာဂဒါမှာ အလက်ဇီကို တစ်နေ့ထက် တစ်နေ့ ပို၍ ပို၍ မှီခိုအားထ



www.burmeseclassic.com

www.burmeseclassic.com



ရသည်။ အလက်ဇီသည် မာဂဒါ၏ "ဘဝဇာတ်ဆရာ" ဖြစ်လာပြီ။ သူမက သူ့အပေါ်တွင် ထားသောမေတ္တာဖြင့် ခင်မင်မိခြင်းသာဖြစ်သော်လည်း ယင်းခင်မင်မှုမှာ တစ်ခြား ယောကျ်ားတစ်ယောက်ကို သူမခင်မင်မိခြင်းထက် နက်ရှိုင်းကျယ်ပြောလာသည်။ တကယ်တော့ သူတို့နှစ်ယောက်၏ ဆက်ဆံရေးမှာ သာမန်ဖိုနှင့်မ ဆက်ဆံရေး မဟုတ်။ အဘယ်ကြောင့်ဆိုတော် ... အလက်ဇီသည် မဂဒါအား ဘောင်ကျော်၍ ကြံစည်ချဉ်းကပ်လာခြင်း လုံဝမရှိသော ကြောင့်ဖြစ်သည်။ သူတို့နှစ်ယောက်၏ ဆက်ဆံရေးကား. . . လေးနက်သော၊ ခိုင်ကျည်သော မိတ်ဆွေဘဝ ဆက်ဆံရေးမျိုးပင်ဖြစ်သည်။ အလက်ဇီတွင် အပျော်မယားများရှိကြောင်း မာဂဒါသိသည်။ ယင်းအကြောင်းကို အလက်ဇီအား တစ်ခွန်းတစ်ပါဒမျှပင် မမေးမိ။

သူမသည်လည်း သွေးနှင့်ကိုယ် သားနှင့်ကိုယ် လူသားတစ်ယောက်ပင်ဖြစ်သည့်အတွက် ငြိုးပြသော ရမ္မက်ဆန္ဒများ မကြာခဏ ဖြစ်ပေါ်တတ်သည်မှာတော့ အမှန်ပင်။ သို့သော်. . . ငယ်သွားရာကိုယ်ပါပြီး မလွဲမ ရှောင်သာ၍ ပန်းချီဆရာကမယ်နှင့် တစ်ကြိမ်တစ်ခါ ဖြစ်ပျက်ခဲ့သည့် နောက်တွင်ကား သူမသည် ယင်းကိစ္စ မျိုးကို နောက်ထပ်လုံးဝကျူးလွန်ခြင်း မရှိခဲ့သည်မှာလည်း အမှန်ပင်။

ဆင်ဘာလတွင် မာဂဒါ၏ တစ်ကိုယ်တော် အနုပညာပြပွဲကို စင်တင်ကပြရန်စီစဉ်ကြသည်။ အရင်း အနှီးအများစုကို အလက်ဇီက စိုက်ထုတ်ပြီး၊ လိုငွေကို ကမယ်နှင့် ဂိုးလ်စတိုင်းစသော မိတ်ဆွေ အပေါင်းအသင်းများက ဖြည့်ထည့်ကြသည်။ သူတို့အနေဖြင့် ဒီလိုပွဲမျိုးကို ယခင်တစ်ကြိမ်မှ စိုက်ထုတ်မြှုပ်နှံခြင်းမရှိခဲ့ကြချေ။

ပြပွဲကို ရက်သတ္တနှစ်ပတ်အထိ ဆက်တိုက်ပြသွားရန် ကြိုတင်လက်မှတ်များ ရောင်းချ ထားသည်။

ယခုအခါ မာဂဒါ၏ နာမည်မှာ လူတိုင်းပါးစပ်ဖျားသို့ ရောက်လာခဲ့ပြီဖြစ်သည်။ သူမ၏ တစ်ကိုယ်တော်ပွဲကို လန်ဒန်တစ်မြို့လုံးက အထူးစိတ်ဝင်စားနေကြသည်။

ထို့ကြောင့် အကောင်းဆုံး ဒါရိုက်တာနှင့် အကောင်းဆုံးဂီတဝိုင်းကို ငှားရမ်းသည်။ အကောင်းဆုံးပွဲ ဖြစ်ရန်အတွက် ငွေကို လိုသလောက်သုံး၍ အခန်းနားဆုံးပွဲဖြစ်အောင် အစွမ်းကုန်စီစဉ်ပြင်ဆင်ကြသည်။ ပထမနေ့ပွဲမှ ရရှိသော ပိုက်ဆံအားလုံးကိုလည်း မုဆိုးမများနှင့် ဘမဲ့ကလေးများ ရန်ပုံငွေအသင်းအဖွဲ့သို့ ပေးလှူရန်ဆုံးဖြတ်ထားကြသည်။ (လက်တွေ့တွင်ကား မာဂဒါ၏ တစ်ကိုယ်တော်ပွဲမှ ရရှိသော အမြတ်စွန်းအား လုံးလိုလိုကို နိုင်ငံအနှံ့ပြားရှိ ပရဟိတ အဖွဲ့စည်းများသို့ လှူဒါန်းခဲ့သည်သာဖြစ်သည်။)

မာဂဒါသည် ထိုနေ့ည ပွဲမစမီ မှန်တင်ခုံရှေ့တွင် ထိုင်ကာစီးကရက်ကိုသာ တစ်လိပ် ပြီးတစ်လိပ် ညှိသောက်နေမိသည်။ သူမထံသို့ မည်သူမျှ ပန်းစည်းလက်ဆောင်များ ကြိုတင် ပေးပို့ခြင်းမပြုရန်ကိုလည်း ပြောထားသည်။ သူမက ရှမေးနီးယန်းသူပီပီ နည်းနည်းတော့ အယူသည်းသည်။ သည်နေ့ညသည် သူမဘဝအတွက် အရေးအကြီးဆုံးည ဖြစ်နေသည်



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ပါလား။

ဂီတဝိုင်းမှ ဂီတသံများပေါ်ထွက်လာသည်။ မာဂဒါ ရင်တထိတ်ထိတ်ခုန်သွားသည်။ သူမထွက်ရန် အချက်ပေး ဂီတသံထွက်ပေါ်လာသည်။ ပထမဆုံး သီဆိုရမည့် သီချင်းအစကို မေ့သွားသည်။ သူမက ဇာတ်စင်ပေါ်သို့ ထွက်ရပ်လိုက်သည်။

ငြိမ့်ညောင်းသာယာသော ဂီတသံနှင့် အတူ အပေါ်သို့ကားလိပ်တဖြည်းဖြည်း မြင့်တက်သွားသည်။ မာဂဒါသည် အမှောင်ထဲတွင် ရပ်နေသည်။ ထို့နောက် သူမမျက်နှာပေါ် ဆလိုက်ထိုးလိုက်သည်။

သီချင်းဆိုရန် ပါးစပ်ဟလိုက်လျှင်ပင် မေ့နေသော သီချင်းစာသားတွေ အလိုလို ပေါ်လာကြသည်။

သူမသည် သူမ၏ ရှေ့တန်းတစ်နေရောက် ချစ်လင် ရူဘင်အားရည်ညွှန်း၍ သီဆိုသည်။ အတူတကွ နေခဲ့ကြရသော ပျော်စရာနေ့ရက်များကို တမ်းတလျှက်ရှိကြောင်း ခံစားချက်အပြည့်ဖြင့် သီဆိုသည်။

ပြီးတော့ ပြင်သစ်ဘာသာဖြင့် သီချင်းတစ်ပုဒ် ထပ်ဆိုသည်။ ရင်သွေးငယ်ကို ဝမ်းဗိုက်တွင်လွယ်၍ အိမ်တွင် ကျန်နေရစ်ရှာသော မိန်းကလေးတစ်ယောက်က စစ်ထွက်သွားသော ခင်ပွန်းသည်အား အမြဲတမ်း အောက်မေ့သတိရနေကြောင်း ဖွဲ့ဆိုထားသော သီချင်းဖြစ်သည်။

ပြင်သစ်လိုဆိုပြီးတော့ စပိန်လို၊ ဂရိလို၊ ရုရှလိုဆက်ဆိုသည်။ ဂီတသည် လူတိုင်း နားလည်သော ဘာသာစကားဖြစ်၍ ပရိသတ်များ သီချင်းရသကိုခံစားကြရသည်။ လက်ခုပ်သံ တွေဆူညံသွားသည်။

ထို့နောက် ခေတ္တအားလပ်ချိန် ပေးလိုက်သည်။ သူမအလွန်စိတ်လှုပ်ရှားနေသည်။ သီချင်စိတ်တွေ တဖွားဖွား ဖြစ်ပေါ်နေသည်။

"ဘယ့်နှယ်လဲ။ ပရိသတ် သဘောကျရဲ့လား၊ လက်ခုပ်တီးကြတာက တကယ် သဘောကျလို့ တီးကြတာလား"

အလက်ဇီက "ဟုတ်ပါတယ်၊ သဘောကျပါတယ်၊ တကယ်သဘောကျလို့ တီးကြ တာပါ"ဟုပြောပြ တော့မှ ဟင်းကနဲ သက်မကြီး ချလိုက်သည်။

ဒုတိယပိုင်းကျတော့ တေးသံစုံ အင်္ဂလိပ်သီချင်းများနှင့် အမေရိကန်သီချင်းများကို ဆိုပြသည်။ သူမ၏အသံတွင် ကရုဏာရသအပြည့်ပါသည်။ သူမ၏ မျက်နှာက တေးသွားအလိုက် ဟန်မူရာ အမျိုးမျိုးကို ဖော်ဆောင်နိုင်သည်။

လက်ခုပ်သံများ တစ်ခန်းလုံး ညံသွားသည်။ ပရိသတ်တွေ တစ်ယောက်ပြီးတစ်ယောက် ထရပ်လိုက် သည်။ မတ်တတ်ရပ်ရင်း လက်ခုပ် တဖြောင်းဖြောင်းတီးနေကြသည်။ တချို့က သဘောကျလွန်း၍ အော်ဟစ်ပြီး ချီကျူးကြသည်။ လက်ခုပ်သံများစဲ၍ ပရိသတ်တွေ ကိုယ့်နေရာကိုယ်ပြန်ထိုင်ကြသည်။

မာဂဒါသည် ချာကနဲလှည့်ကာ ဇာတ်ခုံနောက်ဖက်ရှိ အလှပြင်ခန်းသို့ ကမန်းကတန်း ပြေးလာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ပရိသတ်များက သူမအား သည်လောက်ထိ အားပေးချီးကျူးကြသည်ကို မယုံနိုင်…အောင်လည်း ဖြစ်မိသည်။ အတိုင်းမသိ ဝမ်းသာခြင်းလည်း ဖြစ်မိသည်။ သူတို့က သူမအပေါ်…သည်လောက်တောင် မေတ္တာထားကြပါကလား၊ ကျေးဇူးတင်စရာကောင်းလိုက်လေခြင်း။

အလက်ဇီနှင့် ကမယ်တို့က သူမအား ရပ်စောင့်နေကြသည်။

"သိပ်အံ့စသြရာကောင်းတာပဲ။ တကယ်ပဲ ကျွန်မတော့ ဘာကိုယုံရမှန်းတောင် …တော့ပါဘူးရှင်၊ ပါရီမှာတုန်းကလည်း အပေါ်စား ကဖေးဆိုင်တွေမှာလဲ ကျွန်မဒီသီချင်းမျိုးတွေကို …အသံ ဒီအမူအရာမျိုးနဲ့ ဆိုခဲ့တာပဲ။ ဒါပေမယ့် ကျွန်မကို ဘယ်သူမှ အခုလိုထူးထူးခြားခြား …ချီးကျူးခဲ့ပါဘူး၊ ကျွန်မရခဲ့တဲ့ ဆုလာဘ်ဆို တာကလည်း ညစာတစ်ထပ်နဲ့ တစ်ပတ်မှ …သစ်ငွေငါးကျပ်တည်းပါ"

"ဘဝဆိုတာ ပြောင်းလဲတတ်တာပဲ မာဂဒါ" အလက်ဇီက ပြောသည်။ "ခုလိုပြောင်းလဲလာ…တာ ဘုရားသခင်ကို ကျေးဇူးတင်စရာပဲ"

"လန်ဒန်တစ်မြို့လုံးကိုတော့ မင်းက မုန်တိုင်းတိုက်သလို သိမ်းကြုံးလွှမ်းမိုးလိုက်ပြီ မာဂဒါ" …မယ်က ပြောသည်။

"ဒီလောက်တောင်ပဲလားရှင်"

"ဟုတ်ပါတယ် . . . ဒီအတိုင်းသာဆိုရင်တော့ ဘယ်ဇာတ်ကွက်မျိုးမဆို မင်းပိုင်ပိုင်နိုင်နိုင် …ရုပ်ဆောင်နိုင်ပါပြီ" အလက်ဇီက ဖြတ်ပြောလိုက်သည်။

"ဒါပေမယ့် ကျွန်မလိုချင်တာက အဲဒါမဟုတ်ဘူး အလက်ဇီ"

"ဘာပဲပြောပြော မင်းဟာကမ္ဘာကျော် မင်းသမီး တစ်လက်ဖြစ်နိုင်ပြီ၊ မင်းရဲ့အလှနဲ့ …ရဲ့စွမ်းရည်ကို တခြားမင်းသမီးတွေ အောချကြရလိမ့်မယ်"

မာဂဒါက ပုခုံးတွန့်လိုက်ပြီး . . .

"ရှင်ပြောတာ ဟုတ်ချင်လည်း ဟုတ်မှာပေါ့ ၊ ဒါပေမယ့် ကျွန်မဟာ ဒီအလုပ်ကို …သက်လုံးလုပ် သွားနိုင်မယ်လို့ ကျွန်မကိုယ် ကျွန်မ မဆုံးဖြတ်နိုင်သေးပါဘူး"

"ဒါနဲ့ ပရိသတ်လက်ခုပ်သံတွေ ကြားရတာ မင်း ရင်မခုန်မိဘူးလား"

"ခုန်မိပါတယ် . . . အမှန်အတိုင်းပြောရရင် ကျွန်မလဲ လူ့သဘာဝအတိုင်း ချီးကျူးခံ…တာပဲ၊ ဒါပေမယ့် ကျွန်မ တကယ်လိုချင်တာက အဲဒါမဟုတ်ပါဘူး၊ ရှင်သဘောပေါက်ပါလိမ့်မယ်၊ …မက ကျွန်မ မရနိုင်တဲ့ ဟာကိုမှ လိုချင်တာအလက်ဇီ"

အလက်ဇီ၏ မျက်နှာ ရှုံ့မဲ့သွားသည်။

"ကဲ. . . ဒီတော့ မင်းလိုချင်တဲ့အရာကို ပြောပြစမ်းပါဦး "

"ပြောပြပါမယ်၊ ကျွန်မ ရှဘင်ကို ပြန်လိုချင်တယ်။ ကျွန်မ မရနိုင်ခဲ့တာကို ကျွန်မ …မီးလေးရနိုင်အောင် လုပ်ပေးချင်တယ်၊ သမီးလေး ကြီးလာတဲ့အခါ အထက်တန်းလွှာလောကမှာ …ဆုံစေချင်တယ်။ ဒါဟာ ကျွန်မရဲ့ ဘဝဆန္ဒပဲ၊ ပြဇာတ်ကတာကို ကျွန်မမြတ်နိုးပါတယ်၊ ဒါပေမယ့် …ပင်နဲ့တော့ တစ်သက်လုံး အသက်မမွေးချင်ဘူး"

အလက်ဇီက သက်မတစ်ချက်ချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အနုပညာ စွမ်းရည်တွေကို သိပ်ပြီးနှမြောစရာ ကောင်းတာပဲ မာဂဒါ၊ ငယ်ပါသေးတယ်၊ အမြင်ကျဉ်းနေတုန်းပဲ ရှိသေးတယ်။ ဒီပွဲဟာ ပါရီက အပေါစား က မျိုးမဟုတ်ပါဘူး မာဂဒါ"

"ရှင်ပြောတာမှားတယ်၊ ကျွန်မ ကလေးမဟုတ်တော့ပါဘူး၊ ဒီတော့ အမြင်ကျဉ်း ဆိုတာလဲ ပြောစရာမလိုတော့ပါဘူး၊ တကယ်တော့ ကျွန်မလိုချင်တာကို ကျွန်မသာ အသိ

ထို့နောက် သူမ အဝတ်အစားလဲရန် အခန်းထဲဝင်သွားသည်။ အတန်ကြာ ပြန်ထွက်လာသည်။

သည်တော့မှ သူမသည် မဂဒါဟက် စစ်စစ်ဖြစ်လာသည်။ ကြီးကျယ်သော၊ ကျက် ရှိသော၊ အထက်တန်းလွှာဆန်သော မာဂဒါဟက်။

အိစက်သော ပိုးသားဝတ်စုံတွင် ပြိုးပြိုး ပြက်ပြက် တောက်ပနေသော ရောင်စုံပုတီး စီခြယ်ထားသည်။ ဘဲဥပုံလည်ပင်းဟိုက်ကြီးမှာ ကျောဖက်က ပွင့်နေပြီး ခါးအထိ ဟ ပေါ်နေသည်။

"မင်းကိုကြည့်လိုက်တိုင်း အံ့ဩစရာချည်း တွေ့နေရတာပဲ မာဂဒါ၊ ငါတော့ မကြည့်ဘဲမနေ နိုင်အောင် ဖြစ်နေပြီ"

"ကျေးဇူးတင်ပါတယ် အလက်ဇီ၊ ရှင်ဟာ ကျွန်မကို လူတွေ သဘောကျလာ ဖန်တီးပေးခဲ့တဲ့ ပုဂ္ဂိုလ်ပါ၊ ကျွန်မမှာ အရည်အချင်းရှိပေမယ့်. . . ရှင့်အကူညီမပါရင် ကျွန် တတ်နိုင်မှာမဟုတ်ပါဘူး၊ ပြီးတော့လဲ. . ."

သူမက အလက်ဇီအား ဖွဖွကလေးနမ်းလိုက်သည်။ "ပြီးတော့လဲ. . . ရှင်က ကျွန် ဘာကိုမှ မတောင်းဆိုဘူး"

အလက်ဇီက ဘာမျှပြန်မပြောဘဲ ငြိမ်၍သာ နားထောင်နေလိုက်သည်။ တကယ် ဘာမှ မတောင်းတာ တောင်းပြီးမရခဲ့ရင် စိတ်မကောင်းဖြစ်ရမှာကို ကြောက်၍ မတောင် ဖြစ်ကြောင်း သူမ တွေးမှ တွေးမိပါလေ။

ကမယ်ကလည်း မာဂဒါ ဝမ်းသာသလိုပင် ဝမ်းသာနေသည်။ သူ့တပည့် တစ်ယောက် လန်ဒန်ရွှေမြို့တော်၏ ဂုဏ်ယူစရာ အနုပညာရှင်တစ်ဦး ဖြစ်လာသည်ကို အလွန်ကျေနပ် ဂုဏ်ယူမိသည်။

"မင်းဟာ တစ်နေ့မှာ ကမ္ဘာကျော် အနုပညာရှင် ဖြစ်လာမှာသေချာတယ် . . . မာ ဟု သူက နိမိတ်ဖတ်သည်။

"ဒါကတော့ ရှင်ကိုယ်တိုင် ကမ္ဘာကျော်အနုပညာရှင် ဖြစ်နေလို့ ပြောနိုင်တာ ပေါ့. . ."

မာဂဒါ၏ စကားကြောင့် နှစ်ယောက်စလုံး ရယ်လိုက်ကြ၏။ မာဂဒါက လူသိ ကျော်ကြားခြင်းကို သဘောကျသည်။ သူမ၏ အနုပညာကို ချီးကျူးခံချင်သည်။ သူမကို ကြည့်စေချင်သည်။ ဒါသည်ပင် သူမ ရည်မှန်းသော ဘဝဖြစ်သည်။

သည်ဘဝသို့ရောက်ရန် ကြမ်းတမ်းသော ခရီးရှည်ကြီးကို သူမ လျှောက်ခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ချိန်တုန်းက . . . ပါရီမြို့တော်မှ အညတရ အမျိုးသမီးကလေး တစ်ယောက်ဖြစ်သော ...ဒေါ် သည် ယခုတော့ လန်ဒန်မြို့တော်တွင် လူသိထင်ရှား ကျော်ကြားလာခဲ့လေပြီ။

www.burmeseclassic.com

www.burmeseclassic.com

## [ ၁၂ ]

ရက်သတ္တ နှစ်ပတ်သာပြရန် ရည်ရွယ်ခဲ့သော မာဂဒါ၏ တစ်ကိုယ်တော်ပွဲမှာ ပရိသတ်၏ တော
ချက်အရ ပြရက်တိုး၍ပြခဲ့ရသည်။ အနုပညာဝေဖန်ရေးဆရာတွေကလည်း မာဂဒါ၏ စွမ်း
အကြောင်းကို မိုးမွှန်အောင် ချီကျူးရေးသားကြသည်။

ဧပြီလရောက်လာတော့ မာဂဒါသည် ပါရီကို လွမ်းလာမိသည်။ နွေဦးပေါက်ရာသီ
ဖူးပွင့်ဝေဆာသော နှင်းပန်းဝါများကို သတိရသည်။ စိမ်းလန်း၍ အရိပ်ကောင်းသော သစ်အ
များ စီတန်းနေသည့် ပါရီမြို့တွင်းမှ လမ်းမကြီးများကို တမ်းတမိသည်။

သို့သော် . . . စစ်ကြီးကတော့ တော်တော်နှင့် ပြီးဆုံးမည့် အရိပ် လက္ခဏာ မမြင်ရ
ရှုဘင်၏ စာများတွင် စစ်ပွဲအနိဋ္ဌာရုံများကို လျှော့လျှော့ပေါ့ပေါ့ရေးသား ဖော်ပြထားကြသော်
လက်တွေ့တွင်မူ သူ့အနေဖြင့် စစ်ပွဲ၏ ဆိုးကျိုးကို အလူးအလဲ ခံစားနေရကြောင်း မာဂ
စိတ်မှန်းဖြင့် သိနေသည်။ တကယ်တော့ . . . သူမ ထင်သလိုပင်ဖြစ်နေသည်။

ရှုဘင်သည် ဗာဒံ စစ်မြေပြင်တွင် ဒူးဆစ်အထိ နစ်သောရွှံ့ဗွက်ထဲ၌ . . . ကတုတ်
ပြုလုပ်၍ တိုက်ပွဲဝင်နေရသည်။ ဂျာမန်တို့က သူတို့ဘက်မှ ကျသော အလောင်းမျ
ပြန်မကောက်သွားဘဲ သည်အတိုင်းပင် ထားပစ်ခဲ့ကြသည်။

မနေ့က ဂျာမန်စစ်သား အလောင်း တစ်လောင်းကို ရှုဘင်တွေ့ခဲ့ရသည်။ လ
မျက်နှာများတွင် အသားတွေ လုံးဝမရှိတော့။

ပြီးတော့ ပြင်သစ်စစ်သားတစ်စုကလည်း မြင်းသေတစ်ကောင်ကို ခုတ်ထ
တောက်ပြီး အစိမ်းလိုက်စားနေကြသည်ကို မြင်ခဲ့ရသေးသည်။ ဘုရား . . . ဘု



www.burmeseclassic.com

www.burmeseclassic.com



ဆူသားစင်စစ်က ဘီးလူးသဘက်တွေ ဖြစ်နေကြပါရောလား။

၁၉၁၈ ခုနှစ် မေလတွင် ရှုဘင်တို့ တပ်ပြောင်းကြရသည်။ ငရဲကလေးမှ ငရဲကြီးသို့ ပြောင်းလာသည် နှင့်ဘာမှမခြား။ ဇွန်လရောက်တော့လည်း အခြေအနေက ဘာမှထူးခြားမလာ။ နေ့သူကျည်ဆန်ကို အသေအလဲ ခုခံနေရသည့်အထဲ အပူရှိန်ကလည်း မခံမရပ်နိုင်အောင် ပြင်းထန်နေသည်။

တချို့စစ်သားတွေ မူးမေ့လဲသွားကြသည်။ မျက်နှာတွေကလည်း နေလောင်ထား၍ လူရုပ်ပင်မပေါ်ကြတော့။

ရှုဘင်အတွက် ဖြေဖျော်စရာကတော့ သမီးငယ်၏ လက်ရေးဖြင့် ရောက်လာသော စာပင်ဖြစ်သည်။ သမီးငယ်မှာ စာကိုကောင်းစွာ မရေးတတ်သေးသော်လည်း မာဂဒါက လက်ကို ကိုင်ပြီး ရေးခိုင်းသောစာဖြစ် ကြောင်းသိရသည်။

***အချစ်ဆုံးဖေဖေ. . .***

***ဒီနေ့ သမီးသုံးနှစ်ပြည့်ပါပြီ။ ဖေဖေ့ ဓာတ်ပုံကို မေမေက ပြလို့ သမီးမြင်ရပါတယ်။ ဖေဖေ့ကို သမီးချစ်ပါတယ်. . . ဖေဖေ။***

***ဖေဖေ့ သမီးလေး***
***ဂျဲနက်ဆာရာဟက်***

ထို့နောက် မာဂဒါထံမှ စာကို ဖောက်ဖတ်သည်။

***အချစ်ဆုံးမောင်. . .***

***မောင်ဘယ်လို ဒုက္ခတွေခံစားနေရပါလိမ့် ဆိုတာကို တွေးပြီးပူနေရတဲ့ ဒုက္ခဟာ ကျွန်မတို့အတွက် လည်း မသေးလှပါဘူး. . . မောင်။ စစ်ကြီးမြန်မြန်ပြီးဆုံးပါစေလို့ပဲ. . . နေ့စဉ် ဆုတောင်းနေရပါတော့တယ်။ မောင့်ကိုပဲ အမြဲတမ်းသတိရနေပါတယ်။ မောင့်ကို အောက်မေ့လှပါပြီ. . . မောင်။ မောင့်အတွက်အန်တီက လည်း မေတ္တာပို့လိုက်ပါတယ်။***

***မောင့်ကို ထာဝရချစ်သော***
***မာဂဒါ***

ဩဂုတ်လထဲတွင် အက်ဒွတ်ဂိုးလ်စတိုင်းက မာဂဒါစိတ်ဝင်စားမည့် အလွမ်းပြဇာတ် တစ်ပုဒ်ယူလာသည်။

နိုဝင်ဘာလ ၉- ရက်နေ့တွင် စတင်ဇာတ်တိုက်ကြသည်။ ထို့နေ့တွင်ပင် . . . ဂျာမနီပြည်ရှင် ကိုင်ဇာဘုရင် နန်းစွန့်သွားသည်။

နောက်နှစ်ရက်အကြာတွင် စစ်ပြေငြိမ်းရေး ကြေငြာချက်ထွက်လာသည်။ လန်ဒန်မြို့သူ မြို့သားတွေ ဝမ်းသာလွန်း၍ လမ်းတကာ ထွက်ပြီး နည်းအမျိုးမျိုးဖြင့် အောင်ပွဲခံနေကြသည်။

"ရှုဘင်ဘယ်တော့လောက်များ အိမ်ကိုပြန်ရောက်လာနိုင်ပါ့မလဲ"



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့ ညနေစာစားရင်း မာဂါဒါက အလက်ဇီအား မေးလိုက်သည်။

"နည်းနည်းတော့ ကြာလိမ့်ဦးမယ်၊ ချက်ချင်းတော့ ရောက်လာနိုင်မယ် မထင်ဘူး"

"ဘာဖြစ်လို့လဲ"

"စစ်ပြေငြိမ်းလိုက်ပေမယ့်လဲ ဟိုနေရာ သည်နေရာ ဖြိုးဖြိုးဖြောက်ဖြောက် တိုက်ပွဲတွေကတော့ ရှိနေဦးမှာပဲ မာဂဒါ၊ ဒါက. . . . မမွတာပဲ၊ ဒါကြောင့် စစ်သားတွေ ရုတ်တရက် အိမ်ပြန်ဖို့ မလွယ်သေးပါဘူး"

"ကျွန်မတော့ သည်းမခံနိုင်တော့ဘူး၊ အဲဒီ မောရစ်ဆိုတဲ့အကောင်က နောက်ထပ်ဒုက္ခ ပေးလာရင် တော့လား. . . စောင့်သာ ကြည့်နေပေရော့၊ ရှူဘင်ပြန်ရောက်လာရင် ရောက်လာချင်း အကြောင်းသိရစေမယ်"

"ရှူဘင်က ကြာဦးမှာပါ"

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်လို့လဲဆို၊ ဒဏ်ရာရစစ်သားတွေကို ပထမဆုံး အလျှင်ပို့မယ် ။ ပြီတော့ . . . သံ့ပန်းတွေကို နေရာချ ထားရမယ်၊ အဲဒီအတွက် စစ်သားတွေ တော်တော်များများ လိုဦးမယ်"

"ဒီလိုဆို. . . သူအများကြီး ကြာနေဦးမှာပေါ့"

"ဟုတ်တယ်၊ ကြာနိုင်တယ်"

ထိုနေ့ညတွင် ရှူဘင်အတွက် စိတ်ဓာတ်ကျလွန်း၍ မာဂဒါ ရှိုက်ကြီးတငင် ငိုမိသည်။ တစ်ချိန်တည်းတွင် အစစအရာရာ မေတ္တာဖြင့် ကူညီစောင့်ရှောက်၍ အလက်ဇီကိုလည်း ကျေးဇူးတင်မိသည်။

၁၉၁၉ ခုနှစ်တွင် ဇန်နဝါရီလ. . . ။

ပွဲစတင်သောနေ့တွင် ခါတိုင်းလိုပင် စိတ်လှုပ်ရှားနေမိသည်။ ဖြစ်မှဖြစ်ပါ့မလားဟူသော စိုးရိမ်မှုက လွှမ်းမိုးနေသည်။ ဇာတ်ဆောင်တွေ ကိုယ့်အခန်းကိုယ် မှတ်မိကြပါ့မလား။ ပိုင်ပိုင်နိုင်နိုင် အကွက်စေ့စေ့ သရုပ်ဆောင်နိုင်ကြပါမလား။ ပရိသတ်က သရော်လှောင်ပြောင်ကြမလား။ ချီးကျူးထောပနာ ပြုကြမလား . . . . ဟူ၍ အမျိုးမျိုးတွေးပြီး လန့်နေမိသည်။

သည်နေ့ပွဲမှာ သူမအနေဖြင့် ပြဇာတ်မင်းသမီးတစ်ယောက်အဖြစ် အောင်မြင်နိုင်၊ မအောင်မြင်နိုင်ကို အတိအကျ စမ်းသပ်သောပွဲဖြစ်သည်။ ပြဇာတ် ဇာတ်လမ်းတစ်ပုဒ်တွင် ခေါင်းဆောင်မင်းသမီးအဖြစ် အစ အဆုံး သရုပ်ဆောင်ရသည့် ပထမဆုံးအကြိမ်လည်း ဖြစ်သည်။ သည်ပွဲပြီးလျှင် သူမ၏ အနာဂတ်ကို ပြတ်ပြတ် သားသား ဆုံးဖြတ်နိုင်ပြီ။

သို့သော် ပွဲစလျှင် စချင်း အားလုံးပင် အယောင်ယောင် အမှားမှား ဖြစ်နေတော့သည်။

ဇာတ်လမ်းအရ မင်းသမီးသည် ပြတင်းပေါက်တွင် ရပ်ကာ ချစ်သူကို မျှော်နေရမည် ဖြစ်သည်။

ကားလိပ်တင်လိုက်ပြီ။



www.burmeseclassic.com

www.burmeseclassic.com



မာဂဒါသည် စားပွဲမှထကာ ပြတင်းပေါက်နားသို့ လျှောက်လာခဲ့ပြီး ပြတင်းပေါက်ဘောင်ကို မှီလိုက်ရာ မှန်ဘောင်ပြုတ်ကျပြီး လူပါတစ်ပါတည်း အောက်သို့ကျသွားသည်။ ကြာကရာပြန်တက်ပြီး အခန်းထဲ ပြန်ဝင်လာသောအခါ သူမ၏ တစ်ကိုယ်လုံးတွင် ဆီးနှင်းတွေ နေတော့သည်။ သူမက စိတ်တိုထိုဖြင့် ဆီးနှင်းတွေကို ကမန်းကတန်း ပွတ်သပ်ချနေပုံမှာ ပါလှသဖြင့် ပရိသတ်ကလည်း ဇာတ်ကွက်အတိုင်း တကယ်လုပ်နေခြင်းဟုပင် ထင်မှတ်ပြီး ဝါး တဟားဟားနှင့် ပွဲကျနေကြသည်။

နောက်ထပ်မှားကွက်ကြီး တစ်ခုမှာ . . . ဇာတ်လိုက်မင်းသားသည် မင်းသမီးအား ထပ်ခွင့် တောင်းရန် ကိုယ်ကိုရှေ့သို့ ကိုင်းလိုက်ရာ ဘောင်းဘီရှေ့ကြယ်သီးများ ပွင့်သွားသဖြင့် ရိသတ်က ရယ်ရတော့မလို . . . ငိုရတော့မလို ကသိကအောက် ဖြစ်သွားရခြင်းပင်ဖြစ်သည်။ မှန်ကတော့ မင်းသားက ဘောင်းဘီကြယ်သီးတပ်ရန် မေ့သွားသောကြောင့်ဖြစ်သည်။ သို့သော် . . . ကိုယ်ကို ကုန်းနေရာမှ ပြန်မတ်လိုက်စဉ် မျက်နှာကျက်တွင် ချိတ်ဆွဲထားသော မှန်အိမ်ကို ခေါင်းနှင့် တိုက်မိပြီး မှန်အိမ်အောက်သို့ပြုတ်ကျသွားသောအခါတွင်ကား ပရိသတ်မှာ အူနှိပ်နေကြရသည်။

ထို့နောက် . . . မင်းသမီးအား တခြားချစ်သူတစ်ယောက်ထံမှ ပို့လိုက်သော နှင်းဆီနှင်းစည်းကို အိမ်ဖော်က လာပေးသောအခန်းတွင်လည်း ပန်းစည်းနှင့် အတူပါလာသော စာကို မာဂဒါက ဖွင့်ဖတ်ရာတွင် အယောင်ယောင်အမှားမှား ဖြစ်နေလေသည်။

ဤတွင်လည်း ပရိသတ်က သရုပ်ဆောင်ချက် မှားသည်ဟု မထင်ဘဲ ဇာတ်လမ်းအရ တကယ်လုပ်သည်ထင်ပြီး အလွန်သဘောကျနေကြသည်။

သည်လိုနှင့် ပြဇာတ်ပြီးသွားသောအခါ မာဂဒါမှာ ရှက်လွန်း၍ တဆတ်ဆတ် တုန်နေမိသည်။ ငါတော်တော် ရှော်သေးတာပဲဟုလည်း သူမကိုသူမ အပြစ်တင်၍မဆုံး ဖြစ်နေသည်။

သို့သော် . . . ကားလိပ် ပြန်ချလိုက်သောအခါ ပရိသတ်၏ လက်ခုပ်လက်ဝါးတီးသံမှာ တစ်ရုံလုံး ဆူညံသွားသည်။

ဇာတ်ကောင်အားလုံး စီတန်း၍ပရိသတ်အား ဦးညွှတ်အလေးပြုကြသည်။ ပြီးတော့. . . မာဂဒါ တစ်ယောက်တည်း သီခြားထွက်ရပ်၍ အလေးပြုသည်။ လက်ခုပ်သံများ နားကွဲမတတ် ပေါ်ထွက်လာသည်။

အလှပြင်ခန်းသို့ ပြန်ရောက်တော့ မာဂဒါမှာ ဇောချွေးတွေပြန်နေသည်။

"ကျွန်မ ပရိသတ်ကို စောစောတုန်းက တော်တော်အထင်ကြီးခဲ့တာ နောက်ဆုံးတော့ . . . ဇာတ်ကောင်တွေ ဘာပဲလုပ်ပြလုပ်ပြ သဘောကျတဲ့ ငတုံးတွေ ဖြစ်နေတာကိုး"

သူမက အလက်ဇီအားပြောလိုက်သည်။

အလက်ဇီက ရယ်လိုက်ပြီး. . . .

"မင်းသရုပ်ဆောင်တာ မင်းမမြင်ရလို့ ဒီလိုပြောတာပါ ။တကယ်တော့ မင်းဟာ အလွန်တော်တဲ့ မင်းသမီးပဲ မာဂဒါ၊ ငါကျိန်းသေပေါက် ပြောရဲပါတယ်။ ဒီနှစ်အတွင်းမှာ ဒီပြဇာတ်ဟာ ထိပ်တန်းစာရင်းဝင်သွားမှာအမှန်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



မာဂဒါက အလက်ဇီ၏ မျက်နှာကို စိုက်ကြည့်နေမိသည်။ ပြီးတော့ သူမ၏ သရုပ်ဆောင်ခန်းများကို ပြန်တွေးကြည့်သည်။ ပြီးတော့. . . တဟားဟား နှင့် အူနှိပ်ပြီးရယ်နေသည်။

"ကျွန်မတကယ်ပဲ ကျိုးစားပြီးလုပ်နေတာတောင် အဲဒီလိုသရုပ်ဆောင်နိုင်မှာ မဟုတ်ဘူး အဖြစ်က တော်တော်ရယ်စရာကောင်းတာပဲ။ သူတို့ကျွန်မကို ကြည့်ပြီးရယ်နေကြတယ်လို့ ကျွန်မထင်နေတယ်၊ ကျွန်မ စိတ်ပေါက်ပေါက်နဲ့ ဇာတ်ခုံရှေ့နားရပ်ပြီး သူတို့မျက်နှာ စေ့စေ့ကြည့်ပြီး အော်ပစ်လိုက်ရကောင်းမလားလို့ တောင် စိတ်ကူးမိသေးတယ်။ အဲဒါလည်း သူတို့က ကျွန်မကို စိတ်ဆိုးကြမှာ မဟုတ်ဘူး၊ ဟားတိုက်ရယ်နေကြဦး မှာပဲ"

"ဒါက သူတို့အပြစ်မဟုတ်ပါဘူး မာဂဒါ၊ ဇာတ်ခုံပေါ်မှာ မင်းလုပ်နေတာမှန်သမျှကို သူတို့က တကယ်ထင်နေတာ။ မင်းရဲ့ "အက်ရှင်"တွေကလဲ သိပ်ကောင်းနေတာကိုး"

"အင်း. . . ကျွန်မတော့ ရှင်မရှိရင် ဘယ်လိုဖြစ်သွားမလဲ မသိတော့ပါဘူး အလက်ဇီရယ်"

အလက်ဇီက သည်အကြောင်း စကား မစစေချင်။ ဘာကြောင့်လဲဆိုတော့ . . . မကြာမီတွင် သူမ၏ ချစ်သော ခင်ပွန်းလင် ရှုဘင်ရောက်လာတော့မည် မဟုတ်ပါလား။

ထို့နေ့ညတွင် ပြဇာတ်အဖွဲ့သား အားလုံးကို မာဂဒါက "ဆဗွိုင်း" ဟိုတယ်တွင် ဂုဏ်ပြုညစာစားပွဲ ညည့်ခံသည်။ မာဂဒါသည် သူမ၏ ညည့်ခံပွဲများအတွက် ကုန်ကျငွေကို အလက်ဇီအား ဘယ်တုန်းကမှ ပေးခွင့်မပြုခဲ့။သူမ၏ ပင်ကိုယ်ဗီဇကိုက ပိုက်ဆံကို ရေလိုသုံးရတာကို အလွန်သည်းခြေ ကြိုက်သည်။ ရတာထက် ပို၍ သုံးတတ်သည်မှာ သူမ၏ဝါသနာ။ အထူးသဖြင့် လူမှုရေးအသင်းအဖွဲ့များသို့ လှူတတ်သည်။ ပါတီပွဲပေးသည်။ မိတ် ဆွေအပေါင်းအသင်းများအား လက်ဆောင်ပစ္စည်းများ မကြာခဏ ဝယ်ပေးတတ်သည်။ မြို့စားကတော်ကြီးနှင့် သမီးငယ်အတွက် လက်ဆောင်ပစ္စည်းများ ဝယ်ပေးရာတွင် ကုန်ကျငွေပင်မနည်း။ တကယ်တော့ သူမသည် ပိုက်ဆံကိုပေါက်ပေါက်ကြဲသုံးကြဲတတ်သည်။ ခမ်းနားထည်ဝါမှုကို တပ်မက်မြတ်နိုးသူ။

ယနေ့ညတွင်လည်း သူမသည် အလွန်တန်ဖိုးကြီးသော ရုရှပြည်ထွက် အဖြူရောင်သားမွေးဝတ်စုံကို ခမ်းနားထည်ဝါစွာ ဝတ်ဆင်ထားသည်။

သူမသည် နိုင်ငံကျော် အနုပညာရှင်တစ်ဦး ဖြစ်လာပြီဖြစ်၍ သည်လိုဝတ်စားဆင်ယင်မှုလည်း လိုက်ဖက်ဆီလျော်မည် မဟုတ်ပါလား။

သည်လိုနှင့် မာဂဒါပြောသမျှစကား၊ မာဂဒါလုပ်သမျှ အလုပ်၊ မာဂဒါဝတ်သမျှ အဝတ်စားတွေအကြောင်းကို သတင်းစာတွေက အရေးတယူဖော်ပြလာကြသည်။

သူမ၏ ညည့်ခံပွဲသို့ ဖိတ်ကြားခံရသူတစ်ဦးအဖို့ ဂုဏ်ဒြပ်ကြီးတစ်ခု တိုးလာသလို ယူဆကြသည်။

တစ်ဘက်တွင်မူ သူမနှင့် နယ်စားကြီးအလက်ဇီမက်ဇီမော့တို့ တွဲနေခြင်းကိုလည်း သတင်းစာတွေက ပုံးကြီးချဲ့၍ အတင်းအဖျင်း ရေးသားဖော်ပြကြသည်။ သို့သော်သူတို့က လုံးဝဂရုမစိုက် တွဲမြဲတိုင်းတွဲနေကြသည်ပင်။

သည်အကြောင်းတွေကို အမြဲတမ်းဖတ်ရှုကြားသိနေရသော မောရစ်နှင့် ဗီလင်ဇင်မိသားစုများမှာ ယမ်းပုံမီးကျ အကြီးအကျယ်ဒေါပွနေကြသည်။ ဒီဗြိုဟ်ကောင်မရှိနေသမျှ သူတို့အဖို့



www.burmeseclassic.com

www.burmeseclassic.com



...ာ့ တစ်သက်လုံးမျက်နှာ ဖော်နိုင်တော့မှာမဟုတ်ဘူးဆိုပြီး မာဂဒါအား အစိမ်းလိုက် ...စားချင်စိတ်ပင် ဖြစ်ပေါ်မိကြသည်။ သို့သော် သူတို့ကား ဘာမှ မတတ်နိုင်။ မာဂဒါ၏ ...ားသောအရှိန်အဝါကို သူတို့အနေဖြင့် စိုးစဉ်းမျှ လျော့ကျသွား အောင် မလုပ်နိုင်၊ မာဂဒါအဖို့ ...င်မြင့်မှုတစ်ခု တိုးလာတိုင်း သူတို့မျက်နှာတွင်သာ သောကအရေး အကြောင်းတစ်ခု တိုး၍ ...၍လာတော့သည်။

...လဆန်းခဲ့ပြီ။ ရှူဘင်ကား ပြန်မလာသေး။ သူ့စာတွေကလည်း အသက်မပါသလို ဖြစ်သည်။ ...တစ်ခုမျှ ရေရေရာရာ မဖော်ပြ။

တစ်ခြားလူတွေအိမ်ပြန်ရောက်ကြပြီ။ ရှူဘင်ကော ဘာကြောင့် ပြန်မလာသေးတာလဲ။

မာဂဒါမှာ နေ့စဉ်နှင့်အမျှ ရှူဘင့်အကြောင်းကိုသာ စဉ်စားနေမိတော့သည်။

...နေ့တွင်ကား သူမသည် အကြောင်းရင်းကို ရှင်းရှင်းကြီးသိရလေတော့သည်။

အိမ်ဖော်အယ်နီက မာဂဒါအား ပျာပျာသလဲဖြင့် စာတစ်စောင်လာပေးသည်။

မာဂဒါက "ကျေးဇူးတင်ပါတယ် အယ်နီ"ဟု ပြောပြီး စာအိတ်ကို ကမန်းကတန်း ...ာက်ဖွင့်လိုက်သည်။

*...င့်အချစ်ဆုံးမာဂဒါသို့ . . .*

*ဒီစာကို ဖတ်ပြီးတော့ စိတ်မကောင်းမဖြစ်ဖို့ ကြိုတင်တောင်းပန်ပါတယ် . . . အချစ်ရယ်၊ ...ယ်အခု "ကာလေ"ကို ရောက်နေပါပြီ၊ ကိုယ့်စာဟာ မင်းအတွက်ဝါးတားတား ဖြစ်ချင် ...ထိမ့်မယ်၊ အဲဒီလိုဖြစ်နေရင် အကြောင်းက တခြားမဟုတ်ပါဘူး ။ ငါကိုယ်တိုင်က ယခုထိ ...ကြီးမပြီးဆုံးသေးဘူးလို့ထင်နေသေးတဲ့အတွက် ပါပဲ၊ ကိုယ်အိမ်ပြန်နိုင်ပြီလို့ အမိန့်စာရတာ ...တ်လောက်ရှိသွားပြီ၊ အမိန့်စာ ရရချင်း မင်းဆီကို စာမရေးခဲ့ တာကိုတော့ ခွင့်လွှတ်ပါကွယ်၊ ...လိုဖြစ်ရတာလည်း နောက်ပိုင်းမှာ တစ်ခုခု ဖြစ်လာပြီး ကိုယ့်အမိန့်စာဟာ လည်း ...ည်းနည်းနဲ့ ပြန်ပြီးပြောင်းလဲသွားနိုင်တယ်လို့ ကိုယ်ယုံနေခဲ့တဲ့အတွက်ပဲ ဖြစ်ပါတယ်၊*

*ဟိုတုန်းက ရေးခဲ့တဲ့စာတွေထဲမှာ စစ်ကြီးအကြောင်း၊ ငါ့အကြောင်းနဲ့ ပတ်သက်ပြီး ...ယ်က ထိမ်ထိမ် ချန်ချန် ရေးခဲ့မိတာကိုလဲ ခွင့်လွှတ်စေချင်ပါတယ်၊ အဲဒါကလည်း မင်းစိတ် ...းမသာဖြစ်မှာ စိုးရိမ်တဲ့ အတွက်ပါပဲ၊*

*ဒါပေမယ့် အခုတော့ ကိုယ် အမှန်ကို အမှန်အတိုင်းပြောပါတော့မယ် ။*

*နိုဝင်ဘာလ ၁၀ ရက်နေ့မှာ ဗုံးဆန်မှန်ပြီး ကိုယ်ဒဏ်ရာရခဲ့တယ်ကွယ်၊ ငါ့ရုပ်က ...ာ်ပေါ်ဖြစ်နေတာကြောင့် အဲဒီတုန်းက အိမ်မပြန်ပို့ပါနဲ့လို့ ကိုယ်က တမင်ပြောလိုက်မိတယ်၊ ...ရာက ခေါင်းကိုထိမှန်တာကြောင့် လပေါင်းတော်တော်ကြာကြာပဲ ပတ်တီးစည်းထားရတယ်၊*



www.burmeseclassic.com

www.burmeseclassic.com



ဒဏ်ရာကြောင့် ဗယ်ဘယ်မျက်လုံး အမြင်အား ၂၅ ရာခိုင်နှုန်းလောက်ပျက်စီးသွားခဲ့တယ်၊ ပြီး
အပေါ်မျက်ခွံလည်း တစ်ဝက်လောက်အုပ် သွားတယ်၊ ပါးမှာလည်း ဒဏ်ရာတစ်ချက် ရသေးတ
ခုတော့ ကောင်းသွားပါပြီ၊ အမာရွတ်ကတော့ သေရာပါမှာပါပဲ၊

ဒဏ်ရာ ရခဲ့တဲ့အချိန်ကတော့ ကြာသွားပါပြီ၊ အခုအချိန်မှာ ငါ့အနေနဲ့ ဘ
ဖြစ်သလိုရင်ဆိုင်ရဲတဲ့ သတ္တိစွမ်းအားရှိနေပါပြီ၊ ဘာပဲပြောပြော မသေတာပဲ ကံကောင်းတယ်
ဆိုရတော့မှာပေါ့ကွယ်၊ စစ်ပွဲမှာ ငါမသေခဲ့တာဟာ ထူးဆန်းသလို စစ်ပြေငြိမ်းရေး ကြေငြာ
မထွက်မီ တစ်ရက်အလိုမှာ ကိုယ်ပုံးဆန်မှုန်ပြီး ဒဏ်ရာရခဲ့တာဟာလဲ ထူးဆန်းတယ်လို့ ဆိုရ
မှာပါပဲ မာဂဒါ၊

ဒါပေမယ့် ဒါတွေက အတိတ်မှာ ကျန်ရစ်ခဲ့ပါပြီလေ၊ ဒုက္ခတွေ ကျော်လွန်သွားပြ
နောက် သုခတွေ ရောက်လာတော့မှာပေါ့၊ နောက်ရက်အနည်းငယ်အတွင်းမှာ ကိုယ်လန်
ပြန်ရောက်လာတော့မယ် အချစ်ရေ၊

အချစ်များစွာ
ရှ

မာဂဒါသည် တစ်ကိုယ်လုံး ဆတ်ဆတ်တုန်ပြီး ရှိုက်၍ ရှိုက်၍ငိုနေမိသည်။

သို့သော်. . . ရှဘင်ပြန်လာတော့မည်ဟူသော မျှော်လင့်ချက်ကြောင့် အားတက်မိသ
ဒဏ်ရာတွေကတော့ ပျောက်သွားကြလိမ့်မယ်။ ရှဘင်ဘယ်လိုမှ ပြောင်းလဲမသွားနိုင်ပါ
သူမျက်စိ သိပ်မမြင်ရတော့ ဘူး ဆိုတာတွေလည်း ပြောသလောက်မဟုတ်နိုင်ပါဘူး။ ဒဏ်ရာက
အရေးမဟုတ်ပါဘူး။ ပါးမှာ အမာရွတ်ရှိ တဲ့လူက ပိုလို့တောင် ကြည့်ကောင်းတတ်ပါသေးတ
ဘာပဲဖြစ်ဖြစ် နောက်ဆုံးတော့ သူပြန်လာတော့ မယ်. . . သူပြန်ရောက်တော့မယ်။

ခုတင်ပေါ်မှ ခုန်ဆင်းလျက် ဂျဲနက်အခန်းထဲသို့ ပြေးဝင်လာခဲ့သည်။ ကလေးင
ကောက်ချီပြီး ပွေ့ဖက်နမ်းရှုပ်လိုက်သည်။

"သမီးလေး. . . မေမေ့သမီးလေး . . . သမီးဖေဖေကြီး ပြန်လာတော့မယ်တဲ့ . . .၊ သ
ဖေဖေကြီး ပြန်လာတော့မယ်တဲ့. . .၊ သမီးလေး ဝမ်းမသာဘူးလား. . . ဟင်" ကလေးင
ချီပြီးမြို့စားကတော်ကြီး၏ အခန်းသို့ ကူးခဲ့ပြန်သည်။ "အန်တီ အန်တီ. . . ရှဘင်ပြန်လာတော့
. . . အန်တီရဲ့ သူပြန်လာတော့မယ်၊ ကျွန်မ သိပ်ဝမ်းသာတာပဲ အန်တီရယ်၊ ဟောဒီမှာ သူ့
စာ"စာကိုမြို့စားကတော်ကြီးထံသို့ ကမ်းပေးလိုက် သည်။

မြို့စားကတော်ကြီးက စာကိုဖတ်ကြည့်သည်။

သူမ မျက်လုံးအစုံမှ မျက်ရည်တွေစီးကျလာသည်။

ဝမ်းသာခြင်း အထိမ်းအမှတ် မျက်ရည်များ. . .။

"အင်း. . . နောက်ဆုံးတော့ သူ. . . တို့များဆီ ပြန်လာပြီပေါ့၊ ဘုရား
ကျေးဇူးတော်ပါပဲကွယ်"



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့ညနေစာ စားရင်း အလက်ဇီက မာဂဒါ၏ မျက်နှာကို ရွှန်းရွှန်းစားစား ကြည့်နေမိသည်။ တကယ်တော့ အလွန်တရာမှ မြတ်နိုးတွယ်တာမိသော "စပယ်ရှယ် အချစ်ချက်လုံး"များဖြင့် တစိမ့်စိမ့် ကြည့်နေခြင်းပင် ဖြစ်သည်။

မာဂဒါ၏ မျက်နှာပေါ်တွင် မျှော်လင့်ခြင်းရောင်စဉ်များ လက်လင်းဖြာယှက်နေသည်။ ခံပေါင်းများစွာ စောင့်စားနေခဲ့ရခြင်း၏ သင်္ကေတပင်ဖြစ်သည်။

မာဂဒါက မျှော်လင့်ချက်ဖြင့် ပျော်ရွှင်နေသလောက် အလက်ဇီမှာတော့ ဆုံးရှုံးခြင်းဖြင့် အသည်းကွဲရသော နေ့ပင်။

ရှုဘင်ပြန်ရောက်တော့မည်။

အလက်ဇီအနေဖြင့် တစ်သက်သာတွင် အလိုချင်ဆုံးသော ရတနာတစ်ခုကို လက်လွှတ်ဆုံးရှုံးရ တော့မည်။

သူက ဝိုင်အရက်ခွက်ကို ကောက်ကိုင်ပြီးပြောသည်။

"မင်းကို ငါ သတင်းတစ်ခုပေးရမယ်၊ မနက်ဖြန်ဆိုရင် ငါ့အပန်းဖြေ ရက်ရှည်ခရီး ထွက်သွား တော့မယ်"

မာဂဒါက သူ့မျက်နှာကို မော့ကြည့်လိုက်သည်။ သူမအတွက် သူ ဘယ်လောက်အထိ စံစားနေရကြောင်း ပေါ်လွင်နေသည်။ ယခုဆိုလျှင် သူ့ကိုယ်သူ ဒဏ်ပေးသည့်သဘောဖြင့် အဝေးသို့ပင် ရှောင်ထွက်သွားပေတော့မည်။

မာဂဒါက အသံကိုထိန်းပြီးပြောသည်။

"ကောင်းပါတယ်. . . အလက်ဇီ၊ ရှင်လည်း ကျွန်မအတွက်နဲ့ ပင်ပန်းနေတာ ကြာလှပြီ၊ အေးအေး ဆေးဆေး တစ်နေရာမှာသွားပြီး အနားယူသင့်တာကြာပါပြီ၊ ဒါနဲ့ . . . ဘယ်သွားမယ်လို့ စိတ်ကူးထားလဲ"

"ပြင်သစ်ကိုအရင်သွားမယ်၊ ကိန်းမြို့မှာ ငါ့အပန်းဖြေ စံအိမ်တော်ရှိတယ်၊ အဲဒီမှာ ခဏနေပြီးတော့မှ မွန်တီကာလိုကိုသွားမယ်၊ နောက်ပိုင်းတော့ ဘယ်ရောက်လို့ ဘယ်ပေါက်မလဲ မသိတော့ပါဘူး"

"အကောင်းဆုံးနေရာပဲပေါ့" မြို့စားကတော်ကြီးက ဝင်ပြောလိုက်သည်။ "မွန်တီကာလိုလို အပန်းဖြေစခန်းမျိုး ဘယ်နေရာမှာမှ မရှိသေးပါဘူး။ မွန်တီကာလိုကို ကျွန်မသိပ်သဘောကျတာပဲ၊ ဘယ်တော့ သွားမှာလဲ "

"တစ်ပတ်နှစ်ပတ်အတွင်း မှန်းတာပဲ၊ မြန်နိုင်သမျှ မြန်နိုင်ရင်အကောင်းဆုံးပေါ့"

မာဂဒါက ခေါင်းညိတ်ပြီး တံတွေးမျိုချလိုက်သည်။ "ကျွန်မလည်း ပြဇာတ်ပိုင်ရှင်ကို အကြောင်းကြား လိုက်ပြီ။ ရှုဘင် ရောက်လာရင်. . . သူ့အတွက်ပဲ အချိန်ပိုပြီး ပေးချင်ပါတယ်"

"အဲဒါအကောင်းဆုံး ဆုံးဖြတ်ချက်ပါပဲ၊ မင်းရဲ့ဆုံးဖြတ်ချက်အတွက် သူ ဝမ်းသာမှာပါ"

ဤတွင် မြို့စားကတော်ကြီးက ဖြတ်ပြီး. .

"ကိုင်း. . . ဘဝသစ်ကဏ္ဍအတွက် ကျွန်မတို့ ဆုတောင်းပြီး သောက်လိုက်ကြရအောင်. . ."



www.burmeseclassic.com

www.burmeseclassic.com



ဝိတိုရိယ ဘူတာအတွင်းသို့ ရထားဝင်လာပြီ။

မာဂဒါမှာ စကြီပေါ်တွင် စိတ်လှုပ်ရှားစွာဖြင့် ခေါက်တုံ့ခေါက်ပြန် လျှောက်နေသည်။ မြို့စားကတော်ကြီးက ဂျဲနက်ကလေးကို ပေါင်ပေါ်တွင် တင်လျှက် ခုံတန်းလျားတွင် ထိုင်နေသည်။

"မာဂဒါ. . . မာဂဒါ"

ရှူဘင်က လှမ်းခေါ်လိုက်သောအသံ . . .။ မာဂဒါက ဆတ်ကနဲ လှည့်ကြည့်လိုက်သည်။

သူမလုံးဝ မမှတ်မိသော လူစိမ်းတစ်ယောက် သူမဆီသို့ တည့်တည့်မတ်မတ် လျှောက်လာနေသည်။ သူက လက်နှစ်ဘက်ကိုရှေ့သို့ ဆန့်တန်းလိုက်သည်။

သူ ရှူဘင်မဖြစ်နိုင်ဘူး။ ၁၉၁၄ ခုနှစ်က ဒီဘူတာသို့ သူမလိုက်ပို့ခဲ့တာ သူ မဖြစ်နိုင်ဘူး။ သူ့ရုပ်ရည်က အကြီးအကျယ် ပြောင်းလဲသွားပြီ။

ပိန်လိုက်တာကလည်း ကမ္ဘောဇ်ရှပ်ကြီး ပေါက်နေသည်။ ယူနီဖောင်းကလည်း လေးဘက်လေးတန် ဖတ်လတ်ကြီးကျလို့။

နှစ်ရှည်လများ ခံစားခဲ့ရသော ဆင်းရဲဒုက္ခ အမျိုးမျိုး၏ အမှတ်လက္ခဏာများက သူ့မျက်နှာပေါ်တွင် အတိုင်းသားပေါ်လွင်နေသည်။ ပါးက အမာရွတ်ကြီးကလည်း ကြောက်စရာ. . .။ မျက်လုံးတစ်ဘက်က တစ်ဝက်ပိတ်လို့။ ဆံပင်တွေပါးသွားပြီး နဖူးကလည်း ပြောင်နေပြီ။

မာဂဒါက သူ့ကို သည်ပုံသည်ရုပ်မျိုး ပြန်တွေ့ရလိမ့်မည်ဟု လုံးဝမျှော်လင့်မထားခဲ့။

သူမအနားရောက်တော့ သူက သူမကို ပွေ့ဖက်လိုက်ပြီး ထပ်ခါထပ်ခါ နမ်းနေသည်။ ပြီးတော့ တိုးတိုး ငြင်သာစွာ ပြောလိုက်သည်။

"မာဂဒါ. . . မာဂဒါ၊ ကိုယ်ဝမ်းသာလိုက်တာကွယ်။ ဒီနေ့ကို ကိုယ်အကြာကြီး စောင့်ခဲ့ရတယ်. . . အချစ်ရယ်"

မာဂဒါကလည်း သူ့ကို ကျစ်ကျစ်ပါအောင် ပြန်ဖက်ထားလိုက်သည်။ မျက်နှာမှာတော့ မျက်ရည်တွေ ရွှဲရွှဲစိုလို့. . . .။

ဒါငါလက်ထပ်ယူခဲ့တဲ့ တကယ့် ရှူဘင်အစစ်မှ ဟုတ်ပါရဲ့လား၊ ပါရီမှာ ဆုံခဲ့ရတဲ့ ငါ့ချစ်သူမှ ဟုတ်ရဲ့လား၊ ငါနေ့စဉ်နှင့်အမျှ စောင့်မျှော်နေခဲ့ရတဲ့ ရှူဘင်မှ ဟုတ်ရဲ့လား။

သူမက ပြဇာတ်မင်းသမီးပီပီ အစွမ်းကုန်ဟန်ဆောင်ပြီး ပြန်ပြောလိုက်သည်။

"မောင်. . . မောင်ရယ်. . . မောင်ပြန်ရောက်လာတာ ကျွန်မဝမ်းသာလိုက်တာ မောင်ရယ်။ မောင့်ကို ကျွန်မ အကြာကြီးစောင့်မျှော်ခဲ့ရပါတယ်မောင်ရယ်. . ." ပြီးတော့ ရှူဘင့်လက်ကိုဆွဲလိုက်ပြီး . . . "လာ မောင်. . . လာ. . . မောင့် သမီးလေးဆီသွားရအောင်. . ."

"သမီးပါပါကို ပန်းစည်း ပေးလိုက်လေ. . . သမီး" မြို့စားကတော်ကြီးက ဂျဲနက်အား ပြောလိုက်သည်။ "ကဲ. . . ပါပါ့ဆီသွားလိုက်ပါဦး"

ဂျဲနက်က ပန်းစည်းကိုင်ပြီး သူမ၏ ပါပါဆီသို့ လျှောက်လာသည်။

"ကြိုဆိုပါတယ် ပါပါ။ ရော့. . . ပါပါအတွက်"

ရှူဘင်က ကိုယ်ကို ငုံ့လျှက် သမီးလေးကို ပွေ့ဖက်ထားလိုက်သည်။ သူ့တစ်သက်တာတွင်



www.burmeseclassic.com

www.burmeseclassic.com



ည်စကား၊ သည်အချိန်လောက် ပျော်စရာကောင်းသော အချိန်ကာလဟူ၍မရှိခဲ့။ နောင်တွင်လည်း ရှိမည်မဟုတ်ထင်။

"ပါပါ့ကို သမီးတို့ သိပ်ပြီးတော့ အောက်မေ့တာပဲ . . .၊ ဟင့် . . . ပါပါ ငိုနေတယ်။ မျက်ရည်တွေ ကျလို့၊ ပါပါဝမ်းနည်းသလားဟင် . . ."

"ဝမ်းနည်းလို့ မဟုတ်ပါဘူး သမီးရယ်၊ ပါပါအများကြီး အများကြီး ဝမ်းသာလွန်းလို့ ပျော်လွန်းလို့ မျက်ရည်ကျမိတာပါကွယ်" သူက သမီးငယ်ကို တစ်ချက်နမ်းလိုက်ပြီးနောက် မိန်းကတော်ကြီးဘက်သို့ လှည့်လျှက် "အန်တီက အရင်အတိုင်းပဲနော်၊ လှမြလှနေတုန်းပါပဲလား"

"မင်းက ပိုပြီးလှပါတယ် . . . ရှုဘင်" သူမက နောက်ထပ်စကား မဆက်နိုင်တော့။ ခင်းထဲတွင် နင့်ကနဲ ဖြစ်သွားမိသည်။ ထို့နောက် အသင့်ရပ်စောင့်နေသော ရိုးလ်ရွိုက်စ် ကားပေါ်သို့ တက်ပြီးမောင်းထွက်လာခဲ့ကြသည်။

ရှုဘင် သူ့ကိုယ်သူ မယုံနိုင်အောင် ဖြစ်နေသည်။ ဒါ . . . သူ့အိမ်။ သူ့အိမ်ပြန်ရောက်နေပြီ။

သမီးလေးကို လက်ဆွဲကာ တစ်ခန်းဝင် တစ်ခန်းထွက် လျှောက်ကြည့်နေမိသည်။ သည်အိမ်သို့ တစ်ခါမျှ မရောက်ဖူးသူလို တအံ့တသြလိုက်ကြည့်နေသည်။ သူမမှတ်မိတာတွေက အများကြီးရောက်နေပြီ။ ပန်းချီကားတွေက ပို၍ အရောင်တောက်လာသလိုထင်ရသည်။

ပန်းတွေက ပို၍လှလာသလိုထင်ရသည်။ ရေချိုးခန်းကလည်း ဧည့်ခန်းလောက်ပင် တောက်ပြောင် ခမ်းနားနေသည်။

သူ့ကိုယ်သူ မှန်ထဲတွင်ကြည့်လိုက်သည်။ သူ့မျက်နှာသူ လန့်သွားမိသည်။ ပါးမှ အမာရွတ်ကြီးက ပို၍အကျည်းတန်လာသလို ထင်ရသည်။ သူ့စိတ်သည် အတိတ်ဆီသို့ လွင့်မျော သွားသည်။ ဖွစာ်မှိတ်ပြီး အာရုံပြောင်းပစ်လိုက်သည်။

နောက်သို့ လှည့်ကြည့်လိုက်တော့ လန့်ပင် လန့်သွားမိသည်။ လီယွန်နှင့် ဒီဘိုရာ. . . သူ့နောက်မှာ ရပ်နေကြသည်။ ဘယ်အချိန်က ရောက်နေကြသည် မသိ။

ကလေးငယ်များပမာ ညီအစ်ကို နှစ်ယောက် ပွေ့ဖက်ထားလိုက်ကြသည်။

"အစ်ကိုလေး ကျွန်တော်ပြန်ရောက်လာပြီလေ။ ကျွန်တော်မသေသေးဘူး၊ အစ်ကိုလေးလဲ ပြန်ရောက် လာပြီ. . . နော်"

"ဟုတ်တယ်ညီလေး၊ တို့ကံကောင်းကြတယ်၊ မသေဘဲ ပြန်ရောက်လာကြပြီ"

လီယွန်က တပ်ထဲတွင် လေးနှစ်တိတိ ကြာခဲ့ပြီးနောက် လွန်ခဲ့သော အပတ်ကမှ ပြန်ရောက်လာခဲ့သည်။

ထိုနေ့တစ်ညနေလုံးသည် ရှုဘင့်အတွက် အသစ်အဆန်းဖြစ်နေသည်။ တကယ်မှ ဟုတ်ပါရဲ့လား ဟုပင် ထင်မိသည်။

သူက စားပွဲထိပ်တွင်ထိုင်သည်။ သမီးလေးက သူ့ဘေးမှာ၊ မာဂဒါ၊ လီယွန်နှင့် ဒီဘိုရာတို့က . . . မျက်နှာချင်းဆိုင် ထိုင်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဟင်းလျာတွေက အရသာရှိလှသည်။ စားလို့လည်း အလွန်မြိန်သည်။

သို့သော် သည်အရာအားလုံးသည် တဒင်္ဂသာဖြစ်ကြောင်း ရှုဘင့်စိတ်ထဲက အလို သိနေသည်။ သူ့အဖို့ အရာခပ်သိမ်းသည် တံလျှပ်ပမာသာ ဖြစ်နေသည်။

စားသောက်ပြီးတော့ လီယွန်တို့ လင်မယား ပြန်သွားကြသည်။

သူတို့ မရှိတော့မှ ရှုဘင်မှာအနေရ အထိုင်ရ ပိုကျပ်လာသည်။ အထီးကျန်တစ်ယောက် ခံစားလာရသည်။

ညသည် တိတ်ဆိတ်နေသည်။ အရာရာတိုင်းသည် ငြိမ်သက်နေသလိုထင်ရသည်။

သို့သော် . . . ရှုဘင်၏ စိတ်ကတော့ မငြိမ်။ ထွေရာ စိတ်ကူးရင်း လုံးဝ မအိပ် ဖြစ်နေသည်။

မကြာခင်မှာပင် သူ့အနားသို့ မာဂဒါရောက်လာသည်။ သည်အချိန် သည်ခဏကို အမြဲတမ်း တောင်းတနေခဲ့သည်။ ပြင်းပြသောဆန္ဒဖြင့် မျှော်လင့်နေခဲ့သည်။

သို့သော်လက်တွေ့ကျတော့ သူ့မှာစိတ်သာညစ်ရတော့သည်။ သူ့ကိုယ်ခန္ဓာသည် ငှက်ပျောတုံး လက်ပံတုံးကြီးလိုဖြစ်နေသည်။ စိတ်သာရှိ၍ ကိုယ်မပါတော့ ။

သူက မာဂဒါအား မထိရက် မတို့ရက် ဖြစ်နေသည်။ အတန်ကြာတော့မှ သူမဘက် လှည့်ကာ ပွေ့ဖက်လိုက်သည်။

သို့သော်လည်း အချည်းနှီးပင်၊ နှစ်ယောက်စလုံး သက်မဲ့အရာဝတ္ထုတွေလို ဖြစ်နေကြသည်။ တုံ့ပြန်မှု ကင်းမဲ့နေကြသည်။

စိတ်ပျက်အားငယ်စွာ ရှုဘင် ခုတင်ပေါ်မှ ပြန်ဆင်းပြီး ရေချိုးခန်းထဲဝင်လာခဲ့သည်။ ချွေးပြန်နေ၍ မျက်နှာသစ်ပစ်လိုက်သည်။

ဩော်. . . ငါ့ဘဝ ငါ့ဘဝ ဒုက္ခပါလား၊ ငါလူစဉ် မမီတော့ပါလားဟု တွေးပြီး အလွန် စိတ်ဓာတ်ကျ သွားမိသည်။

မာဂဒါသည် ခုတင်ပေါ်တွင် မှောင်ကြီးမည်းမည်းထဲ တစ်ကိုယ်တည်းလှဲနေသည်။ သူမအကြာကြီး စောင့်မျှော်ခဲ့ရသော သည်ယောကျာ်းသည် တကယ်ပင်သေသွားခဲ့ပြီဟု သူမ ထင်မိသည်။

ရှုဘင် ခုတင်ပေါ် ပြန်ရောက်လာသည်။

"ကိုယ်စိတ်မကောင်းပါဘူး မာဂဒါ။ ကိုယ်အိမ်ပြန်ရောက်လာတာ အားလုံး အသ အဆန်းဖြစ်နေတယ်ကွယ်"

"ကျွန်မ နားလည်ပါတယ်မောင်၊ ကျွန်မ သဘောပေါက်ပါတယ်"

ခဏကြာတော့ အတွေးကိုယ်စီဖြင့် နှစ်ယောက်စလုံး အိပ်ပျော်သွားကြသည်။

မနက်ကျတော့ မြို့စားကတော်ကြီးအခန်းထဲသို့ မာဂဒါဝင်လာခဲ့သည်။ ခုတင်အား ဆိုဖာကုလားထိုင်ပေါ် ဝင်ထိုင်လိုက်သည်။

နှစ်ပွင့်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



မြို့စားကတော်ကြီးက ခေါင်အုံးပေါ်ကျောမှီလှဲရင်း မာဂဒါကို အကြာကြီး စိုက်ကြည့်နေသည်။

"ညည်းမျက်နှာကြည့်ရတာ တစ်ခုခုပြောဖို့ လာသလိုပဲ"

"သိပ်တော်တဲ့ အန်တီပဲ"

"ဘာကိစ္စလဲ ပြောပါ"

"ရှုဘင့်ကို ကျွန်မငါးနှစ်လုံးလုံး စောင့်ခဲ့ရတယ်"

"အဲဒီတော့ ဘာဖြစ်သလဲ"

"အခုအိမ်ပြန်ရောက်လာတာ ရှုဘင်မဟုတ်တော့ဘူး အန်တီ"

"ညည်းက သူ့ကို ဘာအပြောင်းအလဲမှမရှိဘဲ အိမ်ပြန်လာလိမ့်မယ်လို့ မျှော်လင့်နေသလား"

"မဟုတ်ဘူး အန်တီ. . . မဟုတ်ဘူး၊ ဒါပေမယ့် ကျွန်မအခုကိစ္စကိုတော့ လုံးဝမမျှော်လင့်ခဲ့တာ အမှန်ပဲ။ အခု သူက သူစိမ်းပြင်ပြင်ဖြစ်သွားပြီ. . .၊ အခွံသက်သက် ဖြစ်သွားပြီ. . . ဟုတ်တယ် အန်တီ၊ ဒီလောက်ထိ ဖြစ်လာလိမ့်မယ်လို့ ကျွန်မ လုံးဝ မမျှော်လင့်ခဲ့ဘူး"

"ညည်းက သူ့ရုပ်ပျက် ဆင်းပျက်ဖြစ်လာတာကို စိတ်ပျက်နေလား"

"ရှုဘင် လူစဉ်မမှီတော့ဘူး အန်တီ။ လူစဉ်မမီတော့ဘူး သိရဲ့လား။ ညတုန်းက ကျွန်မကို လက်နဲ့တောင် မတို့ဘူး"

"တိုက်ပွဲက ပြန်လာတဲ့လူတွေဟာ ဒီလိုပဲ ဖြစ်လေ့ဖြစ်ထရှိပါတယ်ကွယ်"

"သူဘယ်တော့မှ နဂိုအတိုင်း ဖြစ်လာမှာလဲ၊ ကျွန်မ ဘယ်လောက်ထိစောင့်ရဦးမှာလဲ၊ ငါးနှစ်တိတိ လည်း စောင့်ခဲ့ပြီးပြီ"

"သည်းခံပြီးစောင့်ပါဦး တူမရယ်၊ သူက ကိုယ်ရော စိတ်ရော ဒုက္ခဆင်းရဲ အများကြီး ကြုံခဲ့ရတဲ့လူပါ၊ တဖြည်းဖြည်းတော့ အလျင်အတိုင်း ပြန်ဖြစ်လာပါလိမ့်မယ်"

မာဂဒါ ထိုင်ရာမှထကာ အခန်းထဲ ခေါက်တုံ့ခေါက်ပြန် လျှောက်နေသည်။

"ကျွန်မဟာ သွေးနဲ့ သားနဲ့ လူသားတစ်ယောက်ပါ အန်တီ"

"ရှုဘင်က ညည်းကိုတကယ်ချစ်ပါတယ်၊ ညည်းက တဏှာချစ်နဲ့ မေတ္တာချစ်ကို ရောတွက်နေသလား"

"ဒါပေမယ့် တဏှာချစ်လည်း မေတ္တာချစ်ရဲ့ အစိတ်အပိုင်းတစ်ခုပဲ မဟုတ်လား"

"ဟုတ်တော့ဟုတ်ပါတယ်၊ ဒါပေမယ့် ရှုဘင်ဟာ ညည်းရဲ့ အကူညီကို လိုအပ်နေတယ်၊ အဲဒါကို မင်းက ပေးဖို့ဆန္ဒမရှိဘူးလား။"

မာဂဒါက ဟစ်၍သာ ငိုပစ်လိုက်ချင်တော့သည်။

"အန်တီက ကျွန်မကို ဘယ်လိုဖြစ်စေချင်လို့လဲ"

"ညည်းကို မိန်းမပီသစေချင်တယ်။ ဒီအကြောင်းအလျဉ်တစ်ခါလဲ အန်တီပြောဖူးပါပြီ။ ရှုဘင်ဟာ အရင်တုန်းကလို ရုပ်မလှလို့ ညည်းက မချစ်ချင်တော့တာလဲ ဖြစ်နိုင်တယ်၊ သူ့မျက်နှာပေါ်က အမာရွတ်ကြီးက ညည်းကို ခြောက်လှန့်နေတာလည်း ဖြစ်နိုင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မတော့ ဘယ်လိုမှ မပြောတတ်တော့ဘူး၊ အားလုံးရှုပ်ထွေးနေသလို ဖြစ်နေပြီ"

"ရှုဘင်နဲ့ မတွေ့ခင်တုန်းက ပါရီမှာ ဘယ်လိုနေခဲ့ရတယ်ဆိုတာကို ပြန်တွေးကြည့်ရင် ပိုကောင်း လိမ့်မယ် မာဂဒါ"

မာဂဒါက အတိတ်ကို ပြန်မတွေးချင်။

"ဘာပဲဖြစ်ဖြစ် ကျွန်မအနေနဲ့ သူ့အပေါ်မှာ သစ္စာရှိခဲ့ပါတယ် အန်တီ၊ ပြီးတော့လဲ"

"ညည်းက တစ်ကိုယ်ကောင်းသိပ်ဆန်တယ်။ ကိုယ်ကျိုးပဲကြည့်တယ်၊ ကိုယ်လိုချင်တာ ရရင် သိပ်ကောင်းတဲ့လူစားမျိုး၊ လိုချင်တာမရတဲ့အခါကျတော့ ကြမ်းချင်လာတယ်။ တကယ်တော့ ရှုဘင်ဟာ ရုပ်လက္ခဏာအားဖြင့်သာ ပြောင်းလဲသွားတာပါ။ စိတ်ဓာတ်ကတော့ အလျှင်အတိုင်း လုံးဝမပြောင်းလဲဘူး၊ အင်မတန်လေးစားလောက်တဲ့ လူကောင်း လူတော်ကလေးတစ်ယောက်"

"အန်တီက ဒီစကားမျိုးဘာကြောင့် ပြောရတာလဲ"

သူမက ဒေါသသံဖြင့် အော်၍မေးလိုက်သည်။

"ဘာဖြစ်လို့ ပြောရသလဲဆိုရင် ညည်းဟာ ကျေးဇူးတရားမသိတတ်ဘူး၊ အကြင်နာတရား မရှိဘူးလို့ ငါထင်လို့ ပြောရတာပဲ၊ ညည်းအကြောင်းကို ငါအသိဆုံး၊ ဒီအချိန်မှာ ခြေထောက် တစ်ဘက်ပြတ်နေတဲ့၊ မျက်လုံးနှစ်ဘက်ကန်းနေတဲ့ ယောကျာ်းတွေနဲ့ ပျော်ပျော်ရွှင်ရွှင် ပေါင်းသင်း နေထိုင်ကြတဲ့ မိန်းမတွေတစ်ပုံတစ်ခေါင်းကြီး ရှိပါတယ် မာဂဒါ။ ဘုရားသခင်က ညည်းတစ်ယောက် ကိုသာကွက်ပြီး သည်ဘဝမျိုးရောက်အောင် ဖန်ဆင်းတာ မဟုတ်ပါဘူး"

"တော်ပါတော့ အန်တီ၊ တော်ပါတော့၊ အန်တီ စကားတွေ အများကြီးပြောပြီးပါပြီ။ ကျွန်မကို နောက်ထပ် ဒီစကားမျိုးမပြောပါနဲ့တော့၊ အန်တီနဲ့ ကျွန်မနဲ့လည်း ဒီအချိန်ကစပြီး မိတ်ဆွေလို့ သဘောမထားပါနဲ့တော့"

မာဂဒါ အခန်းထဲမှ ခြေထောက်ဆောင့်နင်းပြီး ပြန်ထွက်သွားသည်။

မြို့စားကတော်ကြီးက ဘဲလ်နှိပ်၍ အယ်နီကို ခေါ်လိုက်သည်။ အထုပ်အပိုးတွေ ပြင်ခိုင်းရန်ဖြစ်သည်။

သူမအနေနှင့် သည်အိမ် သည်လူတွေနှင့် လမ်းခွဲရန် အချိန်ရောက်ပြီ။ ယခင်ကလည်း စစ်ကြီးပြီးလျှင် ပြီးချင်း ပါရီ ပြန်မည်ဆုံးဖြတ်ထားသည်။ သို့သော်. . . ရှုဘင် ပြန်၍မရောက်မချင်း မာဂဒါနှင့်ပဲ အတူနေပါမည်ဟု ကတိပေးထားမိ၍ ယခုအထိကြာနေရခြင်းဖြစ်သည်။

ယခုတော့ ရှုဘင်ပြန်ရောက်ပြီ။ သူမပြန်သင့်ပြီ။ ဟိုရောက်တော့ ဘယ်လိုပဲနေရနေရ ဒီမှာဆက်နေရ တာထက်တော့ စိတ်ချမ်းသာနိုင်သည်။

ရှုဘင်ကလည်း သူမအား အကျောက်အကန်တားခြင်းမပြု။ သူသည် ပြင်သစ်အမျိုးသမီး ဘာပဲလုပ်လုပ် ပြတ်ပြတ်ပဲလုပ်တတ်သည်။ ဆုံးဖြတ်ပြီးလျှင် ပြန်ပြင်ခဲသည်။ ပြီးတော့ သူမချစ်မြတ် နိုးလှသော ပါရီကို စွန့်ခွာလာခဲ့သည်မှာလည်း တော်တော်ကြာသွားပြီ။ အမှန်ပင် သူမ ပြန်သင့်ပါပြီ။

သို့သော်. . . ရှုဘင်၏ စိတ်ရင်းကတော့ သူမ မပြန်စေချင်။ သူသည် သူတို့လင်မယား အပေါ်တွင် အလွန်ကောင်းခဲ့သည်။ သူတို့လင်မယားအတွက် အစားထိုး၍ မရနိုင်သော မိတ်ဆွေ ကောင်းပင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်ပြန်ခါနီးကျတော့ ဂျဲနက်အတွက်အခက်ကြုံရတော့သည်။ ကလေးက မြို့စား…တော်ကြီး၏ ဂါဝန်စကို အတင်းဆွဲထားသည်။

"ဘွားလေး. . . မသွားရဘူး မသွားရဘူး၊ မသွားပါနဲ့ဘွားလေးရယ်။ သမီးတောင်းပန်…တယ် ဘွားလေးရယ်"ဟု တတွတ်တွတ်ပြောကာ မျက်ရည်စက်လက်ဖြင့် တောင်းပန်နေသည်။

ဂျဲနက်က မြို့စားကတော်ကြီးအား အလွန်ချစ်သည်။ မာဂဒါ အပြင်သွားတိုင်း၊ …တကနေတိုင်း မြို့စားကတော်ကြီးကပဲ ဂျဲနက်အား အမြဲတမ်းပြုစုစောင့်ရှောက်ရသည်။ …ကြောင့်လည်း ကလေးငယ်က မြို့စားကတော်ကြီးအပေါ် သည်မျှ သံယောဇဉ်ကြီးနေရခြင်း…သည်။

"ကျွန်မပြောခဲ့မိတာတွေ၊ လုပ်ခဲ့မိတာတွေကို ဗွေမယူပါနဲ့ အန်တီ၊ ကျွန်မတောင်းပန်ပါ…။ ကျွန်မတော့ အန်တီ့ကို သိပ်ပြီး အောက်မေ့နေတော့မှာပဲ၊ အဲဒါတော့ ယုံကြည်ပါအန်တီရယ်" …ယောက်သား လက်ချင်းယှက်၍ အိမ်ရှေ့ခန်းသို့ လျှောက်လာကြရင်း မာဂဒါက တောင်းပန်သည်။ …၏ မျက်လုံးများတွင်လည်း မျက်ရည်တွေနှင့်ပြည့်နေသည်။ "အန်တီ့ကို ကျွန်မတကယ်ချစ်…တယ်၊ တစ်သက်လုံးလည်း ချစ်နေမှာပါ အန်တီရယ်"

"ကျေးဇူးတင်ပါတယ် တူမရယ်၊ အန်တီလည်း တူမကို သမီးအရင်းလို ချစ်ပါတယ်ကွယ်၊ …မယ့် တူမကြီးမှာက အန်တီထက် ဒီလင်နဲ့ ဒီသမီးလေးတို့ကို ပိုပြီးချစ်ရမယ့်တာဝန်ရှိပါတယ်။ …တို့ကိုပဲ ဒီထက်ပိုပြီး ချစ်နိုင်အောင် ကြိုးစားပါကွယ်"

…တ်ပိုင်းတွင် ရှုဘင် တဖြည်းဖြည်းနှင့် အားအင်ပြန်ပြည့်လာခဲ့သည်။ စိတ်ဓာတ်လည်း တက်ကြွ…ခဲ့သည်။

သူသည် သမီးကလေးအတွက် အလွန်ဂုဏ်ယူသည်။ သေနေသော မျှော်လင့်ချက်…လည်း သမီးလေးကြောင့်ပင်ပြန်လည် ရှင်သန်လာခဲ့သည်။ သူ့ကိုယ်သူ အလကား အချည်းနှီး…၍လည်း မထင်မှတ်တော့။

သူတို့ သားအဖ နှစ်ယောက်သည် တစ်ယောက်လက်ကို တစ်ယောက် ဆွဲကာ …ခြံထဲတွင် လမ်းလျှောက်ကြသည်။ မြို့ထဲလျှောက်လည်ကြသည်။ သည်လိုနှင့် ရှုဘင်၏ …ဓာတ်သည် တက်ကြွဖျတ်လတ်လာခဲ့သည်။

သည်ပြောင်းလဲမှုကို မာဂဒါသတိထားမိသည်။ ယခင်ကလို ဆုံးစမထင်သော လဟာပြင် …ကြည့်ပြီး နာရီပေါင်းများစွာ မှိုင်တွေငေးမောနေခြင်းမရှိတော့၍ မာဂဒါက ဝမ်းသာမိသည်။ …သော် . . . ညအချိန် ရောက်လာလျှင်တော့ ယခင်အတိုင်းပင်ဖြစ်သည်။ ဖိုနှင့်မ ဆက်ဆံရေး …မရှိ။

ရှုဘင်သည် အချိန်ရှိသရွေ့ သမီးငယ်နှင့်သာ တပူးတွဲတွဲ နေလာသည်။ မာဂဒါနားသို့ …ပ်သလောက် ဖြစ်လာသည်။ သို့သော် မာဂဒါက ယင်းအတွက်ဘယ်လိုမှ သဘောမထား၊ …အခြေအနေ ယခင်ထက် တိုးတက်လာသည်ကိုပင် ဝမ်းသာနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ရှုဘင့် အခြေအနေတိုးတက်လာ၍ ဝမ်းသာရသော်လည်း လီယွန်တို့နှင့် ဆက်ဆံ ပြောင်းလဲလာ၍ စိတ်မချမ်းသာစရာပေါ်လာရပြန်သည်။ လီယွန်သည် မာဂဒါအပေါ်တွင် ယခင် ရင်းရင်းနှီးနှီးမရှိတော့ဘဲ ခပ်တန်းတန်းဖြစ်လာသည်။

သို့ဖြင့် တစ်နေ့တွင် မာဂဒါက ရှုဘင်အား မေးမိသည်။ "ဒါနဲ့ . . . ရှင်ဒီအပတ် လီယွန်နဲ့တွေ့သေးသလား"

"လူချင်းတော့ မတွေ့ဘူး၊ ဖုန်းနဲ့တော့ စကားပြောဖြစ်တယ်"

"သူကဘာပြောသလဲ"

"သူက ငွေရေးကြေးရေး ကိစ္စနဲ့ပတ်သက်ပြီး ငါနဲ့ဆွေးနွေးချင်တယ်လို့ ပြောတယ်"

"ဘာ. . . ငွေရေးကြေးရေးကိစ္စ ဟုတ်လား"

"ဟုတ်တယ်. . . အိမ်ရာခြံမြေကိစ္စ ဖြစ်မှာပေါ့"

"ဒါနဲ့ မောင်. . . ကျွန်မလဲ မောင့်ကို ပြောချင်တာရှိတယ်။ စိတ်မချမ်းသာ မဖြစ်စေချင်ဘူး။ ကျွန်မဒီမှာ ဆက်ပြီးမနေချင်တော့ဘူးမောင်။ ကျွန်မတို့ပါရီကိုပဲ ပြန်သွား လားနော်၊ အဲဒီမှာဆိုရင် အားလုံးအဆင်ပြေမှာပါ၊ မောင်လဲပန်းချီဆွဲချင်တယ် လို့ပြောဖူး မဟုတ်လား"

ရှုဘင်က ပြန်မဖြေဘဲ ငြိမ်နေသည်။ မာဂဒါကလည်း မခံနိုင်၍ ထပ်မေးလိုက်သည်

"မောင်. . . ကျွန်မပြောတာ ကြားရဲ့လား၊ ကျွန်မ စကားကို စိတ်မှဝင်စားရဲ့လားဟင်"

"စိတ်ဝင်စားပါတယ် . . . မာဂဒါ၊ ဒါပေမယ့် . . . မင်းက ငါမလုပ်နိုင်တာကို လုပ် တော့လည်း ခက်သားပဲ"

"မောင်မလုပ်နိုင်တာကို ကျွန်မ မလုပ်ခိုင်းပါဘူး၊ မောင့်ဖေဖေကလည်း ပါရီမှာသွား ပြောဖူးတယ် လို့ မောင်ကပဲ ပြောတာပဲ မဟုတ်လား"

"ဟုတ်ပါတယ် . . . သူပြောဖူးပါတယ်၊ ဒါပေမယ့် . . . အဲဒါက စစ်မဖြစ်ခင်က ငါလန်ဒန်က ဘယ်မှ မသွားတော့ဘူး မာဂဒါ၊ လန်ဒန်ဟာ ငါ့ရဲ့ ဇာတိချက်ကြွေနေရာပဲ၊ လန်ဒ လွှဲပြီး ငါ့အတွက် ဘယ်နေရာမှ လုံခြုံမှုရှိမှာ မဟုတ်ဘူး"

"ဒါပေမယ့် . . . ကျွန်မအတွက် ငရဲပြည်လိုဖြစ်နေတာကိုလဲ ထည့်တွက်ပါဦး၊ ကျွ ဒီမှာ အပယ်ခံဖြစ်နေရတယ်၊ လီယွန်တို့ လင်မယားတောင် ကျွန်မကို အရင်လို မဆက်ဆံ တော့ဘူး"

"ဒါက မင်း အထင်ပါ၊ အဲဒီလို မဟုတ်ပါဘူး၊ မင်းက မင်းကိုယ်မင်း လိပ်ပြာမသ ဖြစ်နေလို့ အထင်လွဲနေတာပါ၊ ကိုယ်အိမ်ပြန်လာပြီပဲကွယ်၊ ဘယ်သူတွေ ဘယ်လိုပဲ ဆက် ဆက်ဆံ ဘာကို ဂရုစိုက်နေ စရာလိုသေးလဲ" ရှုဘင့် စကားမဆုံးခင် မာဂဒါက အိပ်ပျော်သွားသည်

သူက ငါ့ကို တစ်ယောက်တည်းလာခဲ့ပါလို့ ဘာကြောင့်ပြောရတာလဲ။

ရှုဘင်က လီယွန်၏ အိမ်တံခါးဝတွင် ရပ်လျက် စဉ်းစားနေသည်။ သူကလည်း



www.burmeseclassic.com

www.burmeseclassic.com



...ားရေးကိစ္စနှင့် ပတ်သက်၍ မာဂဒါနှင့် တိုင်ပင်ဆွေးနွေးခြင်း မရှိသလောက် ဖြစ်သည်။ ...အပေါ် လီယွန်တို့ လင်မယား ဆက်ဆံရေး ပြောင်းလဲလာကြောင်း မာဂဒါက ပြောခဲ့သည်။ ...ယွန်တို့ လင်မယားက မာဂဒါအပေါ်တွင် တကယ်ပင် တစ်မျိုးမြင်နေပြီလား။

လီယွန် တံခါးလာဖွင့်သည်။

"ဟော. . . ညီလေး နေကောင်းတယ်နော်. . ."

"ကောင်းပါတယ်. . . အစ်ကိုလေး"

"ကဲ. . . လာ. . . လာ၊ တို့နှစ်ယောက် အကြာကြီး အေးအေးဆေးဆေး စကားပြော ...ာပေါ့"

နှစ်ယောက်သား ဧည့်ခန်းထဲဝင်လာကြပြီး စားပွဲလားထိုင်တွင် ထိုင်ကြသည်။

လီယွန်ကပင် စပြောသည်။

"ငါပြောမယ့် စကားကြောင့် မင်းစိတ်မကောင်းတော့ မဖြစ်စေချင်ဘူးညီလေး။ မပြောဘဲ ...ချိန်ဆွဲနေရင် ပိုဆိုးလာမှာစိုးလို့ အခုလို ပြောရတာပါပဲ"

"ဘယ်လို အကြောင်းများမို့လဲ. . . အစ်ကိုလေး"

"ဘယ်လို အကြောင်းလဲဆို မင်းနဲ့မင်းမိန်းမအကြောင်းပဲပေါ့၊ တစ်နေ့က တို့ရဲ့ရှေ့နေ ...လာပြီးပြောသွားတယ်"

"သူက ဘာတွေပြောသွားလို့လဲ၊ ဒါထက်သူက ပြောစရာရှိရင် ကျွန်တော့်ကို ဘာ့ကြောင့် ...တိုက်ရိုက် မပြောတာလဲ"

"မင်းကို တိုက်ရိုက်မပြောတာက မင်းသိပ်ပြီးနေမကောင်းသေးဘူးလို့ ငါကပြောထားလို့ပါ။ ...ပြော သွားတာကတော့ မာဂဒါဟာ မင်းအမွေရထားတဲ့ ငွေတွေကို တစ်ပြားမကျန် သုံးပစ်လိုက်ပြီ ...တာပဲ၊ အကြွေးတွေလည်း အများကြီးတင်နေတယ်လို့ ရှေ့နေက ပြောသွားတယ်"

ရှုဘင် မျက်လုံးပြူးသွားသည်။ သူက ခေါင်းကို ခါယမ်းလိုက်ပြီး. . . .

"ဒါတော့ လုံးဝမဟုတ်နိုင်ဘူး အစ်ကိုလေး၊ ကျွန်တော်တပ်ထဲဝင်သွားတဲ့ အချိန်မှာ ပေါင် ...၀၀၀ တောင်ကျန်နေသေးတာပဲ၊ အဲဒီငွေတွေကို သူက ငါးနှစ်အတွင်းမှာ ဘယ်လိုလုပ်ပြီး ...ကုန်သုံးပစ်နိုင်မှာလဲ၊ ကျွန်တော်တော့ လုံးဝမယုံဘူး . . . . အစ်ကိုလေး"

"မင်း ယုံချင်ယုံ မယုံချင်နေ၊ မင်းမိန်းမ အသုံးအစွဲရမ်းတာတော့ လူတိုင်းသိတာပဲ"

"ဘယ်လောက်ပဲ ရမ်းရမ်း ဒီလောက်ငွေတော့ အားလုံးပြောင်မသွားနိုင်ပါဘူး၊ တစ်ခုခု ...နေပြီးထင်တယ်"

"ဘာမှ မမှားဘူး၊ ဘဏ်စာရင်းကို ငါကိုယ်တိုင် သေသေချာချာ စစ်ဆေးကြည့်ပြီးပြီ"

"ဒါတကယ်ပြောတာလား အစ်ကိုလေး၊ ဒါ. . . တကယ်အမှန်ပဲလား. . . ဟင်"

"အို. . . ညီလေးကလဲ၊ ငါက မင်းကို အလကားလိမ်ပြောပါ့မလားကွ"

ရှုဘင် တော်တော်စိတ်ဓာတ်ကျသွားသည်။

"အဲဒါကျွန်တော်တို့မှာ ရှိသမျှအကုန်ပဲ၊ ဒါကိုသူလည်း သိပါတယ်၊ နောက်ထပ် ဖေဖေ့ ...တမ်းစာအရ အမွေထပ်ရတဲ့ ပိုက်ဆံနဲ့ဆိုရင် ပြေလည်သွားမှာပဲလို့ ကျွန်တော်က



www.burmeseclassic.com

www.burmeseclassic.com



တွက်ထားတာ. . .၊ ခုတော့. . ."

"မင်းတွက်ထားတာတွေ အားလုံးပြောင်းပြန်ဖြစ်ကုန်ပြီ ညီလေး" လီယွန်... သက်မတစ်ချက် ချလိုက်ပြီး ဆက်ပြောသည်။ "ဖေဖေ ဆုံးတော့ မင်းနဲ့ငါနဲ့က မရှိတော့ ... မောရစ်က အခွင့်ကောင်းယူပြီး သူထင်သလို ဖန်ထားတာ. . . မင်းလုံးဝ မသိသေးဘူး မဟုတ်လား... ဖေဖေ အသက်ထွက်ခါနီးမှာ မောရစ်က ဖေဖေ့ကိုယ်စား သူကပဲ အမွေဆိုင်တွေကို စီမံ... ပိုင်ခွင့်အာဏာကို အတင်းအကျပ် တောင်းယူ ထားလိုက်တယ်၊ ဖေဖေကလဲ သေတမ်းစာ... ပြန်မရေးနိုင်ဘဲ ဆုံးသွားတယ်။ အဖြစ်ကဒါပဲ. . ."

"အဲဒီတော့ သဘောက ဘယ်လိုရှိသလဲ၊ ဘယ်လို ဖြစ်သွားမလဲ"

"ဘယ်လိုဖြစ်သွားမလဲဆို ဖေဖေရဲ့ မူလ ရေးထားပြီးသား သေတမ်းစာဟာ စက္ကူ... ဖြစ်သွားတော့ တာပေါ့၊ ဘာမှအကျိုးသက်ရောက်မှု မရှိတော့ဘူး"

ရှုဘင်မျက်နှာတွင် သွေးဆုတ်သွားသည်။

"ဒါဆို. . . ကျွန်တော့်အနေနဲ့ ဘယ်လိုအခြေနေရှိမလဲ၊ ကျွန်တော် ဘယ်လော... ရပိုင်ခွင့်ရှိသလဲ"

"တစ်ပြားမှ မရတော့ဘူး"

"ဒါ တကယ်ပဲလား၊ မောရစ်က ဒီလိုပဲ တကယ်လုပ်ရက်သတဲ့လား"

"တကယ်လုပ်ရက်လို့ပဲ ဒီလိုဖြစ်နေပြီပဲ၊ သူက မိသားစုပိုင်ငွေတွေကို အမြတ်အစွန်း... အောင် လုပ်ငန်းမှာ ရင်းနှီးထားဖို့ဆိုပြီး ဖေဖေ့ကို အကြောင်းပြတယ်"

"ဒီကိစ္စတွေကို အစ်ကိုလေး ဘယ်လိုလုပ်ပြီးသိသလဲ"

"ငါအိမ်ပြန်ရောက်ပြီး မကြာခင်မှာ မောရစ်နဲ့ ဖီလစ်တို့က ငါ့ကိုခေါ်ပြီး ပြောကြတယ်"

"အဲဒီတော့ အစ်ကိုလေးက ဘယ်လိုရသလဲ"

"ဒီလိုပဲ အညီအမျှရမယ်"

"ကျွန်တော့်ကိုတော့ တစ်ပြားမှ မပေးဘူးပေါ့ ဟုတ်လား၊ ကျွန်တော့်အပေါ် ဒီလို... မတရားလုပ်တာ အစ်ကိုလေးက ဒီအတိုင်း ကြည့်နေမှာလား"

"ငါကြည့်မနေပါဘူး ညီလေး၊ ငါက အကြောက်အကန် အများကြီးပြောပါသေးတယ်... ဒါပေမယ့် မောရစ်က တစ်လက်မမှမလျှော့ဘူး၊ ဒီအတိုင်း တင်းခံနေတယ်၊ သူက အာဏာပိုင်... ထားသူမဟုတ်လား"

"ဒါနဲ့ ဖီလစ်ကလည်း မောရစ်လုပ်တာ သဘောတူသလား "

"မတူဘူး၊ သူက မင်းဘက်က၊ ဒါပေမယ့် မောရစ်က ကိုယ်စားလှယ်အာဏာရထား... တဲ့လူဆိုတော့ ဖိလစ်လည်း ဘာတတ်နိုင်မှာလဲ "

"မောရစ်-ဒီလောက်ထိ ရက်ရက်စက်စက် လုပ်ရဲတာ ကျွန်တော်တော့ လုံးဝ မတွေးတတ်... တော့ဘူး"

"သူက မင်းကိုထက် မာဂဒါကို မုန်းနေတယ်၊ မာဂဒါကို လက်စားချေချင်နေတာ၊ သူက မာဂဒါ အကြောင်းကိုလည်း ချေးခါးအူမ မကျန်အားလုံးထောက်လှမ်းရေး လိုက်ထားပြီးပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် . . . သူက ဒီအထိတောင်ပဲလား"

"ဒီအထိတောင်ပဲ . . . ဟောဒီမှာ . . . မင်း ဖတ်သာကြည့်တော့"

လီယွန်က စာအိတ်ကြီး တစ်အိတ်ကမ်းပေးသည်။ "ဘယ်လိုပဲ ဖြစ်ဖြစ် . . . ဒေါသတော့ ကြီးပါနဲ့ ညီလေး၊ ငါလည်း တတ်နိုင်သလောက် ကူညီပါ့မယ်၊ ပြီးတော့မှ တို့နှစ်ယောက် ဆုံးလမ်းရှာကြတာပေါ့"

ရှုဘင်သည် ဘာမျှမပြောတော့ဘဲ ထိုင်ရာမှ ငေါက်ကနဲထကာ ပြန်ထွက်လာခဲ့တော့သည်။

အိမ်အပြန် ကားနောက်ခန်းတွင် ထိုင်၍ လိုက်ပါလာရင်းအတွေးနယ်ချဲ့နေမိသည်။

သည်ကိစ္စ မာဂဒါအား ဘယ်လိုရှင်းပြရမလဲ၊ သူ့ခံစားချက်တွေကို ဒေါသ မပါဘဲ ဘယ်လိုများ ပြောပြရပါ့မလဲ၊ အစ်ကိုကြီး အရင်းအခေါက်ခေါက်က ညီလေးအပေါ်မှာ ဆက်ရက်စက်စက် လုပ်ရက်လေခြင်း။ မာဂဒါကလည်း သူ့မေတ္တာ၊ သူ့စေတနာတွေကိုမှ ဖောက်ထားဘဲ အဆင်အခြင်မရှိ သုံးဖြုန်းရက်လေ ခြင်း . . . ။

နောက်ဆုံးတော့ ပိုက်ဆံတန်ဖိုး လုံးဝမသိသော မိန်းကလေးတစ်ယောက်ကို အချစ်လွန်၊ အယုံကြည်လွန်မိသော မိမိကိုယ်ကိုသာ မိမိအပြစ်တင်မိတော့သည်။

လီယွန်ပေးလိုက်သောစာအိတ်ကြီးကို ဖောက်လိုက်သည်။ မာဂဒါ၏ အသုံးစရိတ် စာရင်းစာရွက်နှင့် နောက်ထပ် စာအိတ်တစ်အိတ် ထွက်လာသည်။ အသုံးစရိတ် စာရွက်ကို အရင်ဆုံးဖတ်ကြည့်လိုက်သည်။ ရှုဘင် အံ့အားကြီးသင့်သွားသည်။

လွန်ခဲ့သော ငါးနှစ်အတွင်း . . . မာဂဒါ ဝယ်ယူခဲ့သော လက်ဝတ်လက်စားများ၏ တန်ဖိုး၊ သူ့ခံ ကျွေးမွေးခဲ့သော ပါတီပွဲများ၏ ကုန်ကျစရိတ်၊ လက်ဆောင်ပစ္စည်းများ၏ တန်ဖိုးနှင့် အလှူထည့်ဝင်ငွေ စာရင်း၊ ပြီးတော့ ဝတ်စုံသစ်များအတွက် ကုန်ကျစရိတ်များ။

ရှုဘင်သည် ဖြစ်ပေါ်လာသော ဒေါသစိတ်ကို အစွမ်းကုန်ထိန်းချုပ်ပြီးနောက် နောက်ထပ်စာအိတ်ကို ဖွင့်လိုက်သည်။

စာအိတ်ထဲမှ ထွက်လာသော အရာများကား . . . ပန်းချီဆရာ ကမယ်နှင့် မာဂဒါတို့ တွဲရိုက်ထားသော ဓာတ်ပုံများ။ ထိုနောက် . . . "*လင်ယောကျ်ားတွေ ရှေ့တန်းရောက်နေချိန် အိမ်က မိန်းမများ တခြား ယောကျ်ားတွေနှင့် တွဲခုတ်နေကြခြင်း . . .*" ဟူသော သတင်းစာခေါင်းစီးဖြတ်ပိုင်း တစ်ခု . . . ။

ရှုဘင်က အချိန်ဖြုန်းမနေတော့ဘဲ အိမ်သို့ရောက်လျှင်ရောက်ချင်း . . . အသုံးစရိတ် စာရင်းနှင့် ဓာတ်ပုံ များ၊ သတင်းစာဖြတ်ပိုင်းများကို မာဂဒါရှေ့သို့ ထိုးပြလိုက်သည်။ မာဂဒါက သတင်းစာဖြတ်ပိုင်းကို ပထမဆုံး ကြည့်လိုက်ပြီး သူမအားတမင်သက်သက် ပုံကြီးချဲ့ အပုပ်ချ နေကြခြင်း ဖြစ်ကြောင်း ချက်ချင်း သဘောပေါက်လိုက်မိသည်။

အထက်တန်းလွှာ ပညာတတ် လူကုံထံများ ဖြစ်ကြပါသည်ဆိုသော၊ လူကြီးလူကောင်းများ ဖြစ်ကြပါ သည်ဆိုသော မောရစ်နှင့် ဖီးလစ်တို့ ညီအစ်ကို။ ပြီးတော့ . . . သူတို့၏ အလွန်ဟာရာမှ ဆင်းကျေးဂုဏ်ရှိပါသည်ဆိုသော မယားများက သူတို့၏ဂုဏ်သိက္ခာ အဆင့်အတန်းနှင့် တစ်စက် ကလေးမျှ မသင့်လျော်သော သည်လုပ်ငန်းကို အလွန်တရာမှပိရိပါးနပ်စွာ လုပ်လိုက်ကြပြီ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူမက ဘာမျှပြန်မပြော။ လင်တော်မောင်၏ မျက်နှာကိုသာမော့်၍ ကြည့်လိုက်သည်။ ဒေါသထွက် နေသောမျက်နှာ. . . .၊ အကြီးအကျယ်ခံစားနေရသောမျက်နှာ. . .၊ သူ့မျက်နှာ မြင်ရတော့ , . . မာဂဒါ ကြောက်ပင်ကြောက်လာမိသည်။ ပါးရိုးကြီးတွေ ငေါငေါပေါ်ပြီး သူမကိုသာ စားတော့ဝါးတော့မလိုစူးစူးဝါးဝါးကြီး စိုက်ကြည့်နေသည်။

သူမက ဓာတ်ပုံဆရာ ပီတာစကော့ အကြောင်း၊ ပီတာစကော့က မိတ်ဆက်ပေး၍ ပန်းချီဆရာ ကမယ်နှင့် သိကျွမ်းရသည့်အကြောင်း၊ ပြီးတော့. . . သူမနှင့် အလက်ဇီတို့၏ ဆက်ဆံရေးမှာ ရိုးသားဖြူစင်သော ဆက်ဆံရေးမျိုးသာဖြစ်ကြောင်း ကြိုးစား၍ ရှင်းပြသည်။ သို့သော်. . . ရှုဘင်က သူမ ပြောသမျှကို တစ်စက်ကလေးမျှ ယုံကြည်ဟန်မတူ။

ရှုဘင်က သူ၏ ငွေရေးကြေးရေး အခြေအနေကို ပြောပြလိုက်သောအခါတွင်ကား မာဂဒါမှာ ပါးစပ်ဟောင်းလောင်းဖြင့် အကြီးအကျယ်အံ့အားသင့်သွားမိသည်။ သူတကယ်ပြောနေ တာလား။ နောက်နေတာလား။

သို့သော်. . . တကယ်ပြောနေခြင်းဖြစ်ကြောင်း စာရင်းစာရွက်နှင့် သူ့မျက်နှာ အမူအရာ တို့က ဖော်ပြနေကြသည်။

ဤတွင်. . . သူမအနေဖြင့် ဒေါသ ပေါက်ကွဲသွားတော့အံ့ဆဲဆဲအခြေအနေသို့ ရောက်သွားပြီးမှ စိတ်ကိုပြန်ထိန်းထားလိုက်သည်။

မှန်ပါသည်။ သူမ ငွေအသုံးအဖြုန်းကြီးကြောင်း အမှန်အတိုင်းပင် ဝန်ခံပါသည်။ သို့သော်. . . သူတို့တွင် ပိုက်ဆံတွေ သုံးမကုန်လောက်အောင်ပင် ရှိသည်ဟု ရှုဘင်ကပင် သူမအား ပြောခဲ့ဖူးသည် မဟုတ်လား။ ပြီးတော့ . . . သူမ ပြဇာတ်က၍ ရခဲ့သော ပိုက်ဆံတွေထဲက အများစု ကိုလည်း စစ်ရန်ပုံငွေထဲသို့ ထည့်လှူပစ်ခဲ့ခြင်းဖြစ်သည်။ ယင်းသို့ လှူဒါန်းခြင်းမှာလည်း စစ်ကြီးမြန် မြန်ပြီးဆုံး၍ ရှုဘင် မြန်မြန်အိမ်ပြန်လာနိုင်ပါစေ. . . ဟူသော ရည်ရွယ်ချက်ကြောင့်ပင်ဖြစ်သည်။

"ငါ့အနေနဲ့ အမွေလည်း တစ်ပြားမှ မရနိုင်တော့ဘူး၊ ဒီအတိုင်းသာဆိုရင် ငတ်သေဖို့ပဲ ရှိတော့တယ်။ ငတ်ပြီးမသေချင်ရင် မင်းမှာ ရှိနေတဲ့ လက်ဝတ်လက်စားတွေကို ထုခွဲပြီး အရင်းအနှီး တစ်ခုခု လုပ်ရလိမ့်မယ်"

မာဂဒါသည် တစ်ကိုယ်လုံး ထူပူသွားပြီး မီးခံသေတ္တာရှိရာသို့သွားကာ ရှိသမျှ လက်ဝတ် လက်စားပစ္စည်း အကုန်လုံး ထုတ်ယူလာခဲ့သည်။ သူမက လက်ဝတ်လက်စားများကို ရှုဘင့်ရှေ့မှ စားပွဲပေါ် ပစ်တင်လိုက်သည်။

ထို့နောက် စကားတစ်ခွန်းမှ ပြောခဲ့ခြင်းမရှိဘဲ အခန်းထဲမှ ပြန်ထွက်ပြီး လှေကားအတိုင်း အောက်ထပ်သို့ဆင်းလာခဲ့သည်။ ပြီးတော့ အိမ်ရှေ့တံခါးကိုဖွင့်ကာ လမ်းမပေါ် သို့ ထွက်လာခဲ့သည်။ တံခါးကိုပြန်ပိတ်ရန်ပင် သတိမရခဲ့တော့။

လမ်းမပေါ် လျှောက်လာရင်း တစ်နေရာရောက်တော့ အများသုံးတယ်လီဖုန်းရုံထဲသို့ ဝင်လာသည်။ သူမက အလက်ဇီထံသို့ ဖုန်းလှမ်းဆက်သည်။

တစ်ဘက်မှ တယ်လီဖုန်းမြည်သံကို ကြားနေရသည်။ တော်တော်ကြီးကြာတော့မှ တယ်လီဖုန်းကို လာကိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲလို. . ."

တော်ပါသေးရဲ့၊ သူအိမ်မှာရှိနေသည်။

"အလက်ဇီလား. . . ကျွန်မ မာဂဒါပါ၊ ရှင့်ကို ကျွန်မတွေ့ချင်တယ်"

"နည်းနည်းလေး ကျယ်ကျယ်ပြောပါ မာဂဒါ၊ သိပ်မကြားရဘူး၊ ဒါနဲ့ အားလုံးအိုကေပဲ မဟုတ်လား"

"အားလုံးအိုကေနေရင် အခုလို ရှင့်ကို ကျွန်မဖုန်းဆက်ပါ့မလား၊ ဒီမှာ အလက်ဇီ. . . ရှင့်ကို ကျွန်မ တွေ့မှ ဖြစ်မယ်၊ ရှင့်အကူအညီလိုနေတယ်"

"ဒီလိုဆို ငါကားလွှတ်လိုက်ရမလား"

"ဟုတ်ကဲ့. . . မနက်ဖြန်နံနက် ၁၀ နာရီတိတိ ကျွန်မအိမ်က အဆင်သင့်စောင့်နေမယ်"

"ကောင်းပြီ၊ ငါဆက်ဆက် ကားလွှတ်လိုက်ပါ့မယ်။ဒါနဲ့ ဘာအကြောင်းဆိုတာ. . ."

အလက်ဇီစကားမဆုံးခင် မာဂဒါ ဖုန်းပြန်ချလိုက်သည်။ အိမ်ပြန်ရောက်တော့ ရှူဘင်မရှိ၊ အပြင်ထွက် သွားသည်။ သူမတော်တော် ဝမ်းသာသွားသည်။ သူမလုပ်ခဲ့တာတွေ လုပ်နေတာတွေကို ဘတ်နိုင်သမျှ မစဉ်စားဘဲ စိတ်ကို ငြိမ်ငြိမ်ထားပြီး နေနေသည်။ ဂျဲနက်ကလေးက သူမနှင့် မစ္စဝီလျံတို့ ပန်းခြံထဲ လျှောက်လည်ကြသည့်အကြောင်း လာပြောပြ၍ ကျေးဇူးတင်မိသည်။ မာဂဒါက သမီးငယ် ပြောသမျှကို ခေါင်းတညိတ်ညိတ် ဖြင့် ပြုံးပြီး နားထောင်နေသည်။ ထို့နောက် မေမေနည်းနည်းပင်ပန်းနေလို့ ခဏနားလိုက်ပါရစေ သမီးလေးရယ်. . .၊ သမီးလေး သွားကစားနေချေဦးနော်. . . ဟု ပြောကာ ကလေးကိုပြန်လွှတ်လိုက်သည်။

ညနေငါးနာရီတွင် ရှူဘင်ပြန်ရောက်လာသည်။ သူ့မျက်နှာတွင် မနက်တုန်းကလို ဒေါသရိပ်တွေ လုံးဝ မရှိတော့၊ သူက လက်ဝတ်လက်စားများကို ရောင်းပစ်ခဲ့ပြီးကြောင်း ပြောပြပြီးနောက်. . .

"နောက်ထပ်ရောင်းလို့ ရမယ့် ပစ္စည်းတွေ ထပ်ရောင်းလိုက်ရင် ကိုယ်တို့ နေရာကလေး တစ်ခုတော့ ကောင်းကောင်းဝယ်နိုင်ပါပြီ"

မာဂဒါက ဘာမှမပြော. . . ရှူဘင်က ဆက်ပြောသည်။

"လီယွန်ကလဲ ကူညီပါမယ့်လို့ ကတိပေးထားတယ်၊ ဒါဆိုရင် စီပွားရေး လုပ်ငန်း ကလေးတစ်ခု လောက်တော့ ဝယ်နိုင်မှာပဲ၊ ဒါမှမဟုတ် . . . ရှေ့နေလုပ်ငန်းပဲ ပြန်လုပ်ရင်လည်း ဖြစ်ပါတယ်. . . ဘယ့်နှယ့်လဲ . . . မကောင်းဘူးလားဟင် . . . မာဂဒါ"

မာဂဒါက သက်မတစ်ချက်ချပြီး ပြန်ပြောလိုက်သည်။

"ရှင် ကောင်းတယ်ထင်ရင် ကောင်းတာပဲပေါ့"

နောက်တစ်နေ့ မနက်၁၀ နာရီတွင် အလက်ဇီထံမှ ကားလွှတ်ပြီး လာခေါ်သည်။ မာဂဒါရောက်လာတော့ အလက်ဇီတော်တော် ဝမ်းသာသွားသည်။ သို့သော် သူ့ဝမ်းသာနေကြောင်း မျက်နှာတွင် အရိပ်မပေါ်အောင်တော့ ကြိုးစားပြီးထိန်းထားသည်။



www.burmeseclassic.com

www.burmeseclassic.com



အလက်ဇီပင် မမေးရသေးဘဲ မာဂဒါက ပြောလိုက်သည်။

"ကျွန်မ သူ့ဆီက ထွက်လာခဲ့ပြီ. . . အလက်ဇီ"

သူက ဝမ်းသာသော်လည်း ဝမ်းသာကြောင်း မမြင်ရအောင် ဟန်ဆောင်ထားသည်။

"ဒီကိစ္စ မင်းဘယ်တုန်းက ဆုံးဖြတ်လိုက်တာလဲ"

"သူ့ကို မြင်ရတဲ့ နေ့ကစပြီး ဆိုပါတော့ . . . သူပြန်ရောက်တဲ့ နေ့ကပဲ ဆိုပါတော့"

"ချစ်တော့ လုံးလုံး၊ မုန်းတော့ လျားလျား ဆိုတာမျိုးဖြစ်မနေဘူးလား. . . မာဂဒါ"

"ကျွန်မ သူ့ကို တကယ်ချစ်ခဲ့ပါတယ်။ သူဟာ ကျွန်မကို ဘဝသစ်တစ်ခု ဖန်တီးပေးခဲ့တယ်။ သူဖန်တီးပေးခဲ့တဲ့ ဘဝကိုလည်း ကျွန်မမြတ်နိုးခဲ့တယ်။ ဒါပေမယ့် . . . သူစစ်ပွဲက ပြန်လာခဲ့တဲ့ အခါကျတော့ ကျွန်မ အမှန်တရားကို မြင်လာခဲ့တယ်။ ကျွန်မဟာ သူ့ရုပ်ရည်နဲ့ သူဖန်တီးပေး လိုက်တဲ့ဘဝကိုသာ ချစ်ခဲ့ခြင်းဖြစ်တယ် ဆိုတာ သိလာခဲ့ရတယ်" သူမက ဝိုင်အရက်ခွက်ကို တစ်ကျိုက်မော့သောက်လိုက်သည်။ "ကျွန်မနဲ့ ရှင်နဲ့ဟာ လိင်ကိစ္စ မပါတဲ့ ချစ်ခြင်းမျိုးနဲ့ ချစ်ခဲ့ ကြတယ်၊ ဒါပေမယ့်ကျွန်မကတော့ တဏှာချစ်နဲ့ မေတ္တာချစ်ကို ဒီနေ့ထိ ခွဲလို့ မရသေးဘူး၊ တကယ်လို့ သူသာ စစ်ထဲလိုက်မသွားခဲ့ရင် ကျွန်မတို့ဆက်ဆံရေးဟာ ဒီလိုဖြစ်ချင်မှ ဖြစ်မှာပဲ၊ ဒါပေမယ့် . . . သေချာပေါက်တော့ ဘယ်သူ ပြောလို့ရမှာလဲ"

"ပြီးတော့လည်း မင်းက ဟန်ဆောင်လောကထဲ ရောက်နေခဲ့ရတာလည်းပါတယ်"

"ဟုတ်ပါတယ် . . . . အဲဒါလည်း ပါပါတယ်"

ထို့နောက် သူမက ရှူဘင်တို့ မိသားစုအကြောင်းပြောပြသည်။ မောရစ်က သူမအပေါ် အမျိုးမျိုးအပြစ်ရှာနေပုံ၊ ရှူဘင်အား အမွေမရအောင် ခြယ်လှယ်ပုံ၊ သူမက ပါရီပြန်ရန်ပြောပုံ၊ သို့သော် ရှူဘင်က မလိုက်နိုင် ဟုငြင်းပုံ စသည့်အကြောင်းစုံကို ရှင်းပြလိုက်သည်။

"ဒါဖြင့် မင်းအခုလို သူ့ကို စွန့်ပစ်ထားခဲ့တဲ့အကြောင်းတွေထဲမှာ ပိုက်ဆံကိစ္စလည်း ပါတာပေါ့"

"ဟုတ်ပါတယ် ကျွန်မမညာပါဘူး၊ အမှန်အတိုင်းပဲ ပြောပါမယ်၊ အချစ်နဲ့ပိုက်ဆံ မရှိရင် ကျွန်မ ဘယ်ယောကျာ်းနှင့်မှလည်း မနေချင်ဘူး. . . အလက်ဇီ"

"အခုလို ပွင့်ပွင့်လင်းလင်းပြောတာ ငါသဘောကျပါတယ်၊ အဲဒီတော့ . . . နောက်ပိုင်း ဘယ်လိုလုပ်မယ် စိတ်ကူးသလဲ"

သူမ၏ အဖြေသည် နှစ်ပေါင်းများစွာက မျှော်လင့်နေခဲ့သော အဖြေပင်ဖြစ်ပါစေတော့ဟု ကျိတ်၍ ဆုတောင်းနေမိသည်။

"ကျွန်မ ပါရီကိုပြန်မယ်။ ပါရီမှာပဲနေချင်တယ်။ ကျွန်မကို ရှင်လိုချင်တယ်ဆိုရင် ရှင်နဲ့အတူ လိုက်ချင်တယ်၊ မလိုချင်ရင်တော့ ကျွန်မ တစ်ယောက်တည်းပဲ ထွက်သွားမယ်"

"မင်းကို ငါလိုချင်ပါတယ် မာဂဒါ၊ အမြဲတမ်း လိုချင်ပါတယ်၊ ဒါကို မင်းလည်း သိပါလိမ့်မယ်၊ ဒါဖြင့် . . . မင်းသမီးလေးကိစ္စ ဘယ်လိုလုပ်မလဲ"

"သူ့ကို သူ့အဖေနဲ့ ထားပစ်ခဲ့မှာပေါ့၊ ကလေးကသူ့အဖေကို ကျွန်မထက်တောင်ပိုချစ်တယ်၊ ကလေးက လက်ခံမယ်ဆိုရင်တော့ ကျွန်မဘယ်နေရာပဲရောက်ရောက် သူ့ကို အမြဲတမ်း



www.burmeseclassic.com

www.burmeseclassic.com



ဘ်သွယ်နေမှာပဲ၊ ဒါပေမယ့် သူက လက်ခံမယ်မထင်ပါဘူး၊ သူ့အဖေနဲ့ သူ့ကိုပစ်သွားတဲ့ မဆိုးဆိုပြီး ကျွန်မကို ရှိတယ်လို့တောင် သတိရတော့မှာမဟုတ်ဘူး"

မာဂဒါက အရက်တစ်ခွက်ကို ထပ်ငှဲပြီး ခပ်မြန်မြန်လေးသောက်လိုက်သည်။

"ကျွန်မအခုလို ထွက်လာတာ ရှာဘင့်အတွက် ပိုလို့တောင်ကောင်းပါသေးတယ်။ ကျွန်မ တော့ရင် သူ့အစ်ကိုတွေ၊ သူမရီးတွေက သူ့အပေါ် ပြန်ပြီးခွင့်လွှတ်ကြမှာသေချာပါတယ်။ ဆိုရင်. . . ရသင့်တဲ့ အမွေတွေလဲ ပြန်ရမယ်၊. သူ့ဘဝ ပိုပြီး အဆင်ပြေလာနိုင်တယ်"

အလက်ဇီက ပြုံးလိုက်သည်။

"ငါ့ကို ဒီလောက်ထိ အကြောင်းပြနေစရာ မလိုပါဘူးမာဂဒါ၊ ငါက မင်းကို ချစ်ပြီးသားပါ။ တို ငါလက်ထပ်ချင်တယ်၊ ဒါပေမယ့် . . . ငါက ရှာဘင်နဲ့တော့ မတူဘူး၊ ငါကမင်းကို ထိုလိုက်မယ်၊ ဂရုစိုက်မယ်၊ ချစ်မယ်။ ဒါပေမယ့် . . . တကယ်လို့များ မင်းက ငါ့အပေါ် ရှာမဲ့လာမယ်ဆိုရင်တော့ မင်းကိုငါ အသေသတ်ပစ်မှာပဲ"

အလက်ဇီက သည်စကားကို ပြောင်သလိုနောက်သလိုဖြင့် ပေါ့ပေါ့ကလေးပင်ပြောသည်။ သော် . . . သူက ပြောသလို တကယ်လုပ်မည့် လူစားမျိုးဆိုသည်ကို မာဂဒါ. . . အတတ် သည်။ သူ့စကားက ခြိမ်းခြောက်စကားမဟုတ်၊ မဖောက်မပြန်သော ကတိစကားပင် ဖြစ်သည်။

"ဒါဆိုရင် မင်းအတွက် နိုင်ငံကူးလက်မှတ် လိုမယ်၊ ဗီဇာချက်ချင်းရအောင်လုပ်ရမယ်၊ ကို ဘယ်တော့ သွားချင်သလဲ"

"မြန်လေကောင်းလေပဲ"

"မနက်ဖြန် ငါအစီအစဉ်လုပ်လိုက်မယ်၊ ပထမဆုံး တို့ ကိန်းမြို့မှာ ရှိတဲ့ ငါရဲ့ န်းဖြေရိပ်သာကို သွားကြမယ်"

"ပါရီကို ဘာလို့အလျင်မသွားတာလဲ"

"မင်းဘယ်နေရာသွားမယ်ဆိုတာ ရှာဘင်က မစုံစမ်းဘဲ နေလိမ့်မယ် ထင်လို့လား"

"ကျွန်မတို့ ပါရီမှာပဲ ရှိလိမ့်မယ်လို့ သူက ထင်နိုင်မယ်ဆိုပါတော့"

"ဒါပေါ့၊ ထင်နိုင်တာပေါ့ ဒါကြောင့်. . . တို့တတ်နိုင်သမျှ ကိုယ်ရောင်ဖျောက်နေကြရမယ်။ မင်းအတွက် နေရထိုင်ရသက်သာလိမ့်မယ်၊ နို့မဟုတ်ရင်. . . အလိုလို စိတ်အနှောင့်အယှက် နေရလိမ့်မယ်"

"ကျွန်မအကြောင်းတွေးပြီး ရှင် မရယ်ချင်ဘူးလား. . . ဟင် "

"ဟင်အင်း. . . မရယ်ချင်ပါဘူး၊ ဘယ်လိုလုပ်ကြမလဲဆိုတာပဲ ငါကစိတ်ကူးနေတာ၊ သစ်တစ်ခု ထူထောင်တာကို ပြီးစလွယ်လုပ်လို့ မဖြစ်ဘူး။ အစကောင်းမှ အနှောင်းသေချာ ယ် မဟုတ်လား၊ အလောင်း အစားလုပ်တဲ့အခါ ရှုံးပေါက် နိုင်ပေါက်တွေကို ဘက်စုံအောင် းထားရမယ်။ ရှာဘင်က အဲဒီလို မစဉ်စားခဲ့ဘူး"

သူတာကုန်ဆုံးအောင် မနည်းကြီး အောင့်အည်းစောင့်ဆိုင်းနေခဲ့ရသည်။

ဒွန်ပွင့်စ၁အုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



မိုးလင်းသောအခါ ရှုဘင်အစောကြီး အပြင်ထွက်သွားသည်။ မာဂဒါက ဘုရားသခင် ကျေးဇူးတင်မိသည်။

ဂျဲနက်၏ အခန်းထဲသို့ ဝင်လာခဲ့သည်။ ဂျဲနက်ကလေးသည် အသံထွက်ပြီး စာဖတ် သည်။ စိတ်ကို အားတင်းကာ သမီးငယ်၏ ဘေးတွင်ဝင်ထိုင်လိုက်သည်။

"သမီးလေး. . . သမီးလေးကို မေမေတစ်ခု ပြောစရာရှိတယ်ကွယ်၊ သမီးလေးမငိုပါနဲ့ မေမေ့ကို ချစ်ရင် မေမေ့စကားကို နားထောင်ပါနော်၊ မေမေ ခဏ ခရီးထွက်မလို့သမီးရယ်. . .

"ဖေဖေနဲ့ သမီးရော . . . လိုက်ရမလားမေမေ"

မာဂဒါ မျက်ရည်တွေစီးကျလာသည်။

"မလိုက်ပါနဲ့သမီးရယ်. . . ၊ မေမေက သိပ်ပြီး ပင်ပန်းနေလို့ တစ်ယောက်တည်း အပန်းဖြေခရီးထွက် မလို့ပါ"

"မေမေ ဘယ်တော့ ပြန်လာမှာလဲ . . . ဟင်"

မာဂဒါ တွေသွားပြန်သည်။ ကလေးငယ်ကို သူမနှင့် အတူခေါ်သွားရကောင်း လားဟုပင် တွေးမိ လိုက်သည်။ နောက်မှ သုံးဝမဖြစ်နိုင်ကြောင်း သဘောပေါက်မိသည်။

မာဂဒါက သမီးငယ်အား ပွေ့ဖက်လိုက်ပြီး နမ်းရှုပ်လိုက်သည်။

"မေမေ မကြာခင်ပြန်လာမှာပေါ့သမီးရယ်၊ မေမေသမီးလေးဆီကို ဘွားလေး ပို့စကတ်လှလှ ကလေးတွေ ပို့ပေးလိုက်မယ်နော်"

ထို့နောက် သူမက လူခေါ်ဘဲလ်ကို နှိပ်လိုက်သည်။ မစ္စဝီလျံဝင်လာသည်။

"မစ္စဝီလျံ သမီးလေးကို ပန်းခြံထဲခေါ်သွားပြီးလမ်းလျှောက်လိုက်ကြပါဦး၊ သမီးလေး. . . အန်တီနဲ့ လိုက်သွားပါနော်၊ သမီးလေးက လိမ္မာပါတယ်နော်"

မာဂဒါက တုန်ယင်နေသော လက်ချောင်းများဖြင့်အပေါ်အင်္ကျီကို ကြယ်သီးတပ်နေရင်း ပြောလိုက်သည်။

သို့ပေမယ့် . . . သမီးငယ်က ချက်ချင်းမသွားသေးဘဲ မိခင်ဖြစ်သူ၏ လက်ကို ဆွဲကိုင် "မေမေ့ကို သမီးချစ်ပါတယ် မေမေရယ်" ဟု ပြောလိုက်သည်။

"မေမေကလဲ သမီးလေးကို ချစ်ပါတယ်ကွယ်" မာဂဒါက မျက်ရည်ကို အနိုင်နိုင်ထိန်း ပြန်ပြောလိုက်သည်။ "ကဲ. . . အန်တီဝီလျံ စောင့်နေရတာ အားနာပါတယ်သမီးရယ်၊ ကဲ. . . ပြေးလိုက်ပါ ဦး. . . ပြေးလိုက်ပါဦး"

ခြေသံတွေ ပျောက်သွားတော့ မာဂဒါက တံခါးကိုပြန်ပိတ်ပြီး သမီးငယ်ထိုင်သော ကုလားထိုင်ကလေး ပေါ်တွင်ခြေပြစ်လက်ပြစ်ထိုင်ချလိုက်သည်။ ပြီးတော့ အခန်းထဲ မျက်လုံး ကြည့်လိုက်သည်။ နံရံပေါ်တွင် ဂျဲနက်ကလေး ရောင်စုံခဲတံဖြင့် ဆွဲထားသော ရုပ်ပုံများ မြင်ရသည်။ တစ်ပုံစီအောက်တွင်လည်း ဒါက မေမေ့ပုံ၊ ဒါကဖေဖေ့ပုံ၊ ဒါက ဘွားလေးပုံ စာတွေရေးထားသည်။ ပုံတွေက မျက်နှာပေါက်ချင်းအားလုံး အတူတူပင်ဖြစ်သည်။ သို့ . . . မေမေ့ဆံပင်က ရွှေရောင်။ ဖေဖေ့ဆံပင်က အညိုရောင်။ ဘွားလေးဆံပင် က အဖြူနှင့် ရောသောအရောင်။ မျက်လုံးတွေက ဝိုင်းစက်နေကြသည်။ နှုတ်ခမ်းတွေက ပါးပြီး ပြုံး

www.burmeseclassic.com

www.burmeseclassic.com



န်းနေသည်။ ပါးပြင်တွေ နီမြန်းနေသည်။သူ့တို့အားလုံး အလွန်ပျော်ရွှင်နေကြပုံ ပေါ်လွင်နေသည်။ နေရောင်က တောက်ပလျှက်. . . ကောင်းကင်က ပြာလျှက် . . . .။ မြက်ခင်းတွေက လျှက်. . . ဩော် . . . ဘုရား. . . ဘုရား. . .။

အိမ်ရှေ့တံခါးမှ ဘဲလ်သံပေါ်ထွက်လာသည်။ မာဂဒါက မျက်ရည်တွေကို ကပျာကယာ သုတ်ပစ်လိုက်သည်။

လူမရှိသော အခန်းထဲ လှည့်ပတ်ကြည့်ပြီးတော့ . . . မေမေသွားတော့မယ် သမီးရယ်. . . တိုးတိုးလေးပြောလိုက်သည်။ ထို့နောက်ကုလားထိုင်ပေါ်မှ သားမွေးကုတ်အကျႌကို ကောက်ယူလိုက်သည်။ အသင့် ရေးထားပြီးသောစာကို စုတင်ပေါ်တင်ထားလိုက်သည်။

ပြီးတော့ အိမ်ရှေ့တံခါးဝသို့ လျှောက်လာသည်။ တံခါးကိုဖွင့်ထွက်သည်။ တံခါးကို ပြန်ပိတ်လိုက်ပြီးနောက် အသင့်ရပ်ထားသော ကားဆီသို့ ခပ်သုတ်သုပ်ကလေး လျှောက်လာခဲ့သည်။ နောက်ပိုင်းကိုပင် လုံးဝလှည့်မကြည့်ခဲ့တော့။

နေသုံးနာရီ မထိုးခင်လေးတွင် ရှုဘင် အိမ်သို့ပြန်ရောက်လာခဲ့သည်။ သူက ဦးထုပ်ချွတ်ပြီး ဝတ်ဇီရိုထဲတွင် ချိတ်ထားလိုက်သည်။

တစ်အိမ်လုံးတိတ်ဆိတ်နေသည်။ မာဂဒါ မြို့စားကတော်ကြီး နေသွားသော အခန်းထဲ ရောက်နေတာ ဖြစ်မည်။

ရှုဘင်က တံခါးကိုခေါက်ပြီး ရပ်စောင့်နေလိုက်သည်။ ဘယ်သူ့မှ တံခါးလာမဖွင့်သဖြင့် ကိုယ်တိုင်ပင် ဖွင့်လျှက် အထဲဝင်လိုက်သည်။ အခန်းထဲမှာ ဘယ်သူမှမရှိ။ ထို့နောက် သူ့အခန်းသို့ လာခဲ့သည်။ သူ့အခန်း မှာလည်း မာဂဒါမရှိ။ ဘဲလ်နှိပ်၍ အယ်နီကို ခေါ်လိုက်သည်။

သူတို့ လင်မယားနှစ်ယောက် သေသေချာချာ ရွေးချယ်ဝယ်ယူထားသော အိမ်ထောင်ရိဘောဂပစ္စည်းတွေကို တစ်ခုစီကြည့်နေမိသည်။ သည်ပစ္စည်းတွေအနက် တော်တော်များများကို ရောင်းပစ်ရတော့မည်။ သို့သော်ကိစ္စမရှိ။ သည်အရာတွေက ရုပ်ဝတ္ထုတွေသာဖြစ်သည်။ သူ့အတွက် ဖိုးအရှိဆုံးဖြစ်သော ဇနီးမယားနှင့် သမီးလေးတို့ရှိနေလျှင် ဘဝတွင်နေပျော်ပါပြီ။ မကြာခင် ပွားရေးလုပ်ငန်းကလေးတစ်ခု တည်ထောင်နိုင်လျှင် အခြေအနေပိုကောင်းလာလိမ့်မည်။ သူနှင့် ဂဒါတို့၏ ဆက်ဆံရေးမှာလည်း ဟိုတုန်းကလိုပင် ပြေလည် ကောင်းမွန်လာလိမ့်မည်။ အချိန် ရောက်လျှင် အားလုံးပြေလည်သွားမည်မှာမလွဲ. . . .။

"ဟုတ်ကဲ့ရှင့်"

အယ်နီဝင်လာ၍ ရှုဘင်အတွေးပြတ်သွားသည်။

"မစ္စက်ဟက်. . . ဘယ်တော့ ပြန်လာမှာလဲ"

"ကျွန်မ မသိပါဘူး၊ ကျွန်မကိုလဲ ပြောမသွားပါဘူး"

"ဒါနဲ့ . . . သမီးလေးရော၊ မစ္စဝီလျံရော ဘယ်မှာလဲ"

"သူတို့ကိုလဲ မမြင်မိပါဘူး. . . မစ္စတာဟက်"



www.burmeseclassic.com

www.burmeseclassic.com



"အေး. . . အေး၊ သွားတော့ . . . သွားတော့"

မနက်ဖြန်ဆိုလျှင် အိမ်ဖော်တွေအားလုံး "နို့တစ်" ပေးရတော့မည်။ လီယွန်း အကူအညီဖြင့် ဝယ်ယူရန် စီစဉ်ထားသော ဆေးလိပ်ဆိုင်အကြောင်း သည်ညတွင် မာဂဒ ပြောပြရမည်။ သည်ဆိုင်က သက်တမ်းတော်တော်ရှည်ပြီ။ နာမည်ရနေပြီ။ အရောင်းလ တော်တော်သွက်သည်။ ငြိမ်ငြိမ်ခြံခြံနှင့် လုပ်ကိုင် သွားလျှင် တစ်နှစ်၊ နှစ်နှစ်အတွင်း စီးပွား အဆင်ပြေလာနိုင်သည်။

မရောင်းဘဲ ချန်ထားမည့် အမွေပစ္စည်းစာရင်းကို ရေးနေစဉ် အခန်းထဲသို့ ဂျဲန ကလေးဝင်လာသည်။

"ဟေး . . . သမီးလေး" ဂျဲနက်ကလေးက ဖခင်ရင်ခွင်ထဲပြေးဝင်လာ ဖက်ထားလိုက်သည်။ "သမီးမေမေရော . . . သမီးနဲ့အတူ လမ်းလျှောက်ထွက်ကြတာလား"

"မဟုတ်ဘူး. . . ဖေဖေရဲ့၊ မေမေက ထွက်သွားပြီဖေဖေရဲ့"

"ဘာ. . . ဘယ်လို၊ ထွက်သွားပြီးပဲ့တ်လား၊ ဘယ်ကိုထွက်သွားတာလဲ. . . သမီး"

"သူထွက်သွားပြီးဖေဖေ၊ ခဏသွားတာတဲ့၊ မေမေက အဲဒီလိုပဲ ပြောသွားတယ်. . . ဖေဖေရဲ့"

"ဘယ်တုန်းက သွားတာလဲ " သူ့ရင်ထဲထိတ်ကနဲဖြစ်သွားသည်။

"မနက်တုန်းက သွားတယ်ဖေဖေ"

ရှူဘင်က သမီးငယ်စကားကို ဆုံးအောင်ပင် နားမထောင်ခဲ့တော့ဘဲ အိပ်ခန်းထဲ ပြေးဝင်လာခဲ့ပြီး အဝတ်ဗီရိုကိုဆွဲဖွင့်လိုက်သည်။ မာဂဒါ၏ အဝတ်အစားတွေ မရှိကြတော့။ ပြီးတော့ . . . မှန်တင်ခုံစားပွဲ အံဆွဲများကိုဖွင့်ကြည့်လိုက်သည်။ အလှပြင်ပစ္စည်းတွေလည်း တစ်ခု မကျန်တော့။

ထို့နောက် ခုတင်ပေါ်က စာအိတ်ကို လှမ်းမြင်လိုက်သည်။ စာအိတ်ကို ကောက်ယူပြီ ကမန်းကတန်း ဖောက်ဖွင့်လိုက်သည်။ ကုလားထိုင်ပေါ်တွင် ထိုင်ချလိုက်ပြီး စာကို ဖတ်ကြည် လိုက်သည်။

*မောင်. . .*

*ဒီအလုပ်ကို ကျွန်မ လွယ်လွယ်ကူကူနဲ့ လုပ်သွားတာ မဟုတ်ဘူး ဆိုတာတော့ ယုံကြည်စေလိုပါတယ်။ ဒါပေမယ့် . . . တစ်ခြားရွေးစရာလမ်းမရှိတော့လို့ ရင်နင့်လှစွာနဲ့ လုပ်သွားရခြင်းဖြစ်ပါတယ်။ မောင်နဲ့ကျွန်မတို့ဟာ အတူပေါင်းသင်းနေလို့ ဘယ်လိုမှ မဖြစ်နိုင်တော့ဘူး။ မောင်က ပါရီမှာ မနေချင်သလို ကျွန်မလည်း လန်ဒန်မှာ မနေချင်တော့ဘူး။ လန်ဒန်ကို ကျွန်မသိပ်ပြီး ရွံမုန်းနေပြီ၊ ကျွန်မတို့ ဇာတ်လမ်း ဒီပုံအတိုင်း နိဂုံးချုပ်ရတာဟာ စစ်ကြီးကြောင့်လည်းဖြစ်ချင် ဖြစ်ပါလိမ့်မယ်။ ဒါပေမယ့် . . . ဒီအတွက် ဘယ်သူ့ကို ဒါမှမဟုတ် ဘယ်အရာကို အပြစ်တင်ရမယ်ဆိုတာလဲ . . . ကျွန်မ မသိတော့ပါဘူး။ ဘယ်လိုက ဘယ်လို*



www.burmeseclassic.com

www.burmeseclassic.com



ခြံမျက်ပေါ် ပေါက်လာခဲ့တယ် ဆိုတာကိုလဲ မပြောတတ်တော့ပါဘူး။ ဒါပေမယ့် ဒီကိစ္စမှာ ကျွန်မတို့ နှစ်ယောက်စလုံး အမှားတွေ ကျူးလွန်ခဲ့မိကြတယ် ဆိုတာကိုတော့ ကျွန်မ ပြောနိုင်ပါတယ်။ ကျွန်မတို့ နှစ်ယောက်စလုံး အများကြီးပြောင်းလဲသွားကြပြီ. . . မောင်။

ဒါကြောင့်မို့လို့ ငယ်ရွယ်တုန်းအချိန်မှာ ကျွန်မတို့နှစ်ယောက်လမ်းခွဲလိုက်ကြတာပိုပြီး ကောင်းလိမ့်မယ်လို့ ယုံကြည်တာကြောင့် အခုလိုကျွန်မထွက်သွားရခြင်းဖြစ်ပါတယ်။ မောင်ပျော်ရွှင် ပါစေလို့ ကျွန်မဆုတောင်းခဲ့ပါတယ်။ မောင်မရှိတုန်းမှာ ထွက်သွားတဲ့အတွက် မောင့်အနေနဲ့ ဘယ်လောက်ထိ စိတ်မချမ်း မသာဖြစ်လိမ့်မယ်ဆိုတာကို ကျွန်မတွေးမိပါတယ်။ ခွင့်လွှတ်ပါလို့ပဲ တောင်းပန်ရတော့မှာပဲ. . . မောင်။

*သမီးလေးကို မောင့်ဆီမှာပဲ ထားခဲ့ပါတယ်။ မောင့်အချစ်ဆုံးသမီး၊ မောင့်ကိုအချစ်ဆုံး သမီးလေးကို မောင်ပဲတာဝန်ယူပြီး လူလားမြောက်အောင်ထိန်းသိမ်းစောင့်ရှောက်လိုက်ပါတော့။*

*ကျွန်မကို မမုန်းပါနဲ့. . . မောင်*
*မာဂဒါ*

ရှုဘင်က ဒဏ်ရာရှိသော တိရစ္ဆာန်တစ်ကောင်ပမာ အော်၍ ငိုလိုက်သည်။ ဂျဲနက် လေးမှာလည်း ကြောက်လန့်ပြီး တဆတ်ဆတ်တုန်နေသည်။ ရှုဘင်က မာဂဒါ၏ ကျန်နေခဲ့သော အဝတ်အစားများကို အစိတ် စိတ်အမွှာမွှာ ဆွဲဆုတ်ပစ်နေသည်။ ပြီးတော့. . . မှန်တင်ခုံပေါ်မှ အလှပြင်ပစ္စည်းများကို လက်သီးဖြင့် တအားစွတ်ထိုးလိုက်သည်။ ရေမွှေးပုလင်းများ ကြမ်းပြင်ပေါ်သို့ ပြန့်စင်ကျသွားသည်။ စားပွဲပေါ်မှ မှန်မှာလည်း တစ်ဘက်သို့ စောင်းသွားပြီး အစိတ်စိတ် အမွှာမွှာဖြစ်သွားသည်။ ရှုဘင်က မှန်ထဲတို့ တစ်ချက်လှည့်ကြည့် လိုက်တော့ သူ့မျက်နှာကြီးကို ပျက်ပန်းပျက်မြင်ရသည်။ ထို့နောက် အိမ်ရှေ့ခန်းသို့ ပြေးထွက်လာသည်။ ဂျဲနက်က နောက်မှ လှမ်းခေါ်သည်။

"ဖေဖေ. . . ဖေဖေ. . . ဘယ်သွားမှာလဲ . . . ဖေဖေ၊ ဘယ်မှမသွားပါနဲ့. . . ဖေဖေ"

သို့သော် ရှုဘင်က သမီးကိုလည်း မမြင်တော့။ သမီးငယ်၏အသံကိုလည်း မကြားတော့။ ငိုနေသော ဂျဲနက်အား မစ္စဝီလျံက ကောက်ချီကာ ပွေ့ဖက်လိုက်သည်။

"မာဂဒါ. . . မာဂဒါ . . . မင်းဒီလို ဘာလို့လုပ်ရတာလဲ . . . ဟင်။ မင်း ဘာလို့လုပ်ရ တာလဲ. . . ဘာလို့လုပ်ရတာလဲ. . . မာဂဒါ. . . မာဂဒါ"

ရှုဘင်သည် မာဂဒါ၏ နာမည်ကို ထပ်တလဲလဲ အော်ခေါ်ရင်း. . . လမ်းမပေါ်သို့ ပြေးထွက်လာခဲ့သည်။

နောက်ဆုံးတွင် သူ့အား ရဲသားသုံးယောက်က ဝိုင်းဖမ်းပြီး ချုပ်ကိုင်ထားလိုက်သည်။ သူ့နားစပ်ကတော့ မာဂဒါ. . . မာဂဒါနှင့် တကျော်ကျော် အော်ခေါ်နေတုန်းပင်။ သူသည် ရဲသားတွေကို ရန်သူလို မြင်လာသည်။ ရန်သူတွေကို သူငယ်ခင်ကလည်း သတ်ခဲ့ဖူးပြီ။ ယခုလည်း သတ်၍သတ်ဦးမည်။ သူက ရဲသားတွေလက်ထဲမှ အတင်းရုန်းထွက်ရန် အကြောက်အကန်



www.burmeseclassic.com

www.burmeseclassic.com



ကြိုးစားနေသည်။

ထုံးစံအတိုင်း လူအုပ်ကြီးက သူတို့အနားသို့ ဝိုင်းအုံလာသည်။ နောက်ထ ရဲသားတစ်ယောက် ပြေးဝင်လာပြီး ရှုဘင်အား ချုပ်ကိုင်ထားလိုက်သည်။

မကြာမီတွင်ပင်. . . လူနာတင်ယာဉ် ရောက်လာသည်။ သူနာပြုတွေ အကူအညီ ရှုဘင်အား ကားပေါ်သို့ အတင်းဆွဲတင်လိုက်ပြီး ကားကိုမောင်းထွက်လာခဲ့ကြသည်။

ဆေးရုံရောက်သောအခါ ရှုဘင်အား အိပ်ဆေးတစ်လုံးထိုးပေးလိုက်သည်။

သူအိပ်ရာမှ ပြန်နိုးသောအခါ အခန်းထဲ ရောက်နေကြသော လူများအား ကြောင်ကြော ကြီး စိုက်ကြည့်နေသည်။

"ညီလေး. . . ညီလေး. . . အစ်ကိုလေးလေ. . . အစ်ကိုလေး လီယွန်လေ၊ ညီလေ မှတ်မိတယ်နော်"

"မဟုတ်ဘူး။ လုံးဝမဟုတ်ဘူး။ သူတို့က ငါ့ကို ထမင်သက်သက် အရူးလုပ်နေကြတာ. . . လီယွန်က ဒီမှာမရှိဘူး။ အကျဉ်းစခန်းထဲ ရောက်နေတာ. . .၊ ဟင်. . . သူဒီမှာ ရောက်နေပါလား အစ်ကိုလေး အစ်ကိုလေး . . . မသေဘူးနော်။ သူတို့မသိပါစေနဲ့၊ သူတို့ မသိပါစေနဲ့ . . ."

"ညီလေးဒီမှာရောက်နေတယ်ဆိုတာ သူတို့က အကြောင်းကြားလို့ သိရတာပဲ။ သူတို့ ညီလေး လိပ်စာကို သိသွားကြတယ်"

"သူတို့ အလကား လိမ်ပြောနေကြတာ၊ မင်းတို့အားလုံးထွက်သွား. . . မင်းတို့ ဂျာမန်ကောင်တွေ အားလုံးထွက်သွားကြ"

ဆရာဝန်က ရှုဘင်အား နောက်ထပ်အိပ်ဆေး တစ်လုံးထိုးပေးသည်။ မကြာမီတွင် အိပ်ပျော်သွားသည်။

လီယွန်နှင့် ဖီလစ်တို့ ပြန်ထွက်လာကြသည်။

"ရှုဘင်. . . ရူးများ ရူးသွားရင်တော့ ဒုက္ခပဲ"

ဖီလစ်က စိုးရိမ်သံဖြင့်ပြောသည်။ ရှုဘင် သည်လိုဖြစ်ရတာ သူ့ပယောဂလည်းမကင်း ဖီလစ်ကထင်သည်။ သူ့ကိုယ်သူအပြစ်တင်မိသည်။ သူ့မိန်းမ၏စကားကို နားထောင်ခဲ့မိတာ အလွန်မှားသည်။ မာတီလဒါက သူ့အား ရှုဘင်ဆီ လုံးဝသွားမတွေ့ပါနဲ့ ဟူ၍ပင် တားမြစ်သည်။

"ကျွန်တော် ဂျဲနက်ဆီ သွားတွေ့လိုက်ဦးမယ်၊ အစ်ကိုရော လိုက်ဦးမလား" လီယွန် ကမေးသည်။

"ငါလိုက်လို့ ပိုကောင်းမယ်ဆိုရင်တော့ လိုက်ပါတယ်။ ဒါပေမယ့် မင်းပဲ သွားလိုက် ပါတော့။ အဲဒါက ပိုပြီး အဆင်ပြေလိမ့်မယ်။ တခုခုထူးခြားရင်တော့ ငါ့ဆီ ဖုန်းဆက်လိုက်ပါ"

"အစ်ကို အခုလို လာကြည့်တာပဲ ကျေးဇူးတင်လှပါပြီ"

"ငါလဲ ရှုဘင့်အစ်ကိုပဲ လီယွန်၊ မလာလို့ ဖြစ်ပါ့မလား"

လီယွန်က ခေါင်းကို ခါယမ်းလိုက်သည်။

"ဖေဖေ အသက်ထွက်ခါနီး အစ်ကိုတို့ လုပ်ကြတာတော့ တကယ်ကို ရှက်စရာကောင်း တယ်ဗျာ. . ."



www.burmeseclassic.com

www.burmeseclassic.com



ဖီလစ်က ဘာမှ ပြန်မပြောဘဲ ခေါင်းငိုက်စိုက်ချကာ အလင်းရောင်မှိန်မှိန် ခန်းမဆောင်ထဲ သုတ် သုတ်ကလေး လျှောက်ထွက်သွားသည်။

လက်ဇီကားထဲ မာဂဒါပါသွားသည်ကို မစ္စဝီလျံ မြင်လိုက်ရသည်။ ပြတင်းပေါက်မှ လှမ်းမြင်လိုက် င်းဖြစ်သည်။ သူမက လီယွန်အား အကြောင်းစုံ ပြောပြသည်။ ရှုဘင်ဘာတွေလုပ်ခဲ့ကြောင်း သေးစိတ် ပြောပြသည်။

လီယွန်က စိတ်ပျက်စွာဖြင့် ခေါင်းကို ခါယမ်းလိုက်သည်။

အင်း. . . မာဂဒါ. . . မာဂဒါ. . .။ လူမဆန်လိုက်တဲ့ မိန်းမ. . . လင်နဲ့ သမီးကို က်ရက်စက်စက် စွန့်ပစ်သွားတဲ့မိန်းမ. . . .။

ထို့နောက် . . . မာဂဒါ ရေးခဲ့သောစာကို တွေ့ရပြီး ကောက်ဖတ်ကြည့်လိုက်သည်။ သူ တ်တော် စိတ်ပျက်သွားသည်။ ရှုဘင့်အတွက် အကြီးအကျယ် စိတ်မကောင်းဖြစ်မိသည်။

ဂျဲနက်ကလေးမှာ အိပ်ပျော်နေဆဲ ဖြစ်သည်။ လီယွန်က ကလေးပစ္စည်းတွေကိုရော၊ သူမ၏ ပစ္စည်းတွေကိုပါ ထုပ်ပိုးထားရန် မစ္စဝီလျံအား ပြောလိုက်သည်။

"ကလေးရော. . . မစ္စလျံဝီပါ လောလောဆယ်မှာ ကျွန်တော်တို့အိမ်ကိုလာနေကြပါ၊ ီးတော့မှ ကြည့် စီစဉ်တာပေါ့"

ထို့နောက် သူက ဂျဲနက်ကလေးကို ကောက်ချီကာ အောက်ထပ်သို့ ဆင်းလာခဲ့သည်။ လေးငယ်က အိပ်ပျော်နေရင်းတန်းလန်းမှ ယောင်ယမ်းပြီး အော်ခေါ်နေသည်။

"ဖေဖေ. . . ဖေဖေ"

လီယွန်က ကားထဲ ဝင်ထိုင်လိုက်ပြီး. . .

"ဘာလဲ သမီးလေး. . . ဖေဖေရှိပါတယ်. . . သမီးရဲ့"

"ရှင် အကြောင်းစုံသိရပြီလား"

ဒီဘိုရာက လီယွန်အား မေးလိုက်သည်။ သူတို့လင်မယားနှစ်ယောက် အိပ်ခန်းထဲမှာ ထိုင်နေကြသည်။

"သိခဲ့ပြီးပြီ၊ ဒါပေမယ့် . . . ငါဘယ်က စပြောရမှန်း မသိတော့ဘူး၊ အဖြစ်က မယုံနိုင် ရောပဲ၊ လိုရင်းပြောရရင်တော့ မာဂဒါ ထွက်သွားပြီ၊ ရှုဘင့်ကို ပစ်သွားပြီ"

ဒီဘိုရာမှာ စကားမပြောနိုင်အောင်ဖြစ်သွားသည်။ အဖြစ်က တကယ်ပင် မယုံနိုင်စရာ ကောင်းလှပါသည်။

"ကျွန်မလည်း အံ့ဩလို့ကို မဆုံးတော့ဘူး လီယွန်"

"ဟုတ်ပါတယ်၊ ငါလည်း မင်းလိုပဲ ခံစားရပါတယ်၊ အဆိုးဆုံးက ရှုဘင်စိတ်ဖောက်ပြန် သွားတာပဲ၊ သူက အရူးတစ်ပိုင်းဖြစ်သွားပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . . သူတကယ်ပဲ အဲဒီအထိတောင် ဖြစ်သွားလို့လားဟင်. . ."

"ဟုတ်တယ်"

"ဘုရားရေ . . . အဖြစ်က ဆိုးလှပါကလား. . . ရှင်"

"အခြေနေကတော့ တကယ်ဆိုးတာပဲ ဒီဘိုရာ"

ထို့နောက် မာဂဒါ စာတစ်စောင်ရေးခဲ့ကြောင်း၊ အလက်ဇီနှင့်လိုက်သွားကြောင်း ပြောပြလိုက်သည်။

"အင်း. . . ဟုတ်ပါပြီ၊ အဲဒီလူကို ကျွန်မတစ်ခါတွေ့ဖူးပါတယ်။ မာဂဒါနဲ့တွဲနေတာ၊ သူက မာဂဒါကို ပြဇာတ်လောကထဲ ခေါ်သွားတာပေါ့၊ အဲလေ. . . ဘာပဲဖြစ်ဖြစ် ဒီကလေးကိုတော့ ကျွန်မတို့က သမီးကလေး အရင်းလို ပြုစုရတော့မှာပဲ၊ နောက်ဆုံး ရှုဘင်အခြေအနေ ကောင်း လာတဲ့အထိပေါ့"

"ဟုတ်တယ်. . . အဲဒီအတိုင်းပဲ လုပ်ကြရမှာပဲ၊ မနက်ဖြန် ဖီလစ်နဲ့ ငါတို့ ရှုဘင့်ကို ပြင်ပစိတ်ရောဂါကုဆေးရုံ ခေါ်သွားကြမယ်၊ သူဆေးရုံတက်နေတုန်း သူ့တိုက်ခန်းကို ငါကြည့် ထားမယ်၊ ဒီအချိန်ဟာ ရှုဘင့်ကို တို့ အားလုံးက အစွမ်းကုန် ကူညီရမယ့်အချိန်ပဲ"

စိတ်ကုရောဂါဆေးရုံတွင် သုံးလလောက်ကုသပြီးသောအခါ ရှုဘင်၏ အခြေအနေတော်တော် တိုးတက်လာသည်။ သူသည်ယခင်ကလို စိတ်ရူးပေါက်ပြီး ကယောင်ကတမ်းမဖြစ်တော့။ လီယွန်ကို လည်း ကောင်းစွာ မှတ်မိလာပြီ။

သို့သော် သူ့စိတ်အာရုံများကတော့ အတိတ်ဖြစ်ရပ်များဆီတွင်သာ တဝဲလည်လည် ဖြစ်နေသေးသည်။ စိတ်ဓာတ်ကျနေဆဲရှိသေးသည်။ စကားတစ်ခွန်းမျှမပြောဘဲ ကုလားထိုင်တွင် တစ်နေကုန် ငုတ်တုတ်ကြီးထိုင်နေတတ်သည်။

လီယွန်က သူ့ညီကလေးအား ပျော်ပျော်ရွှင်ရွှင်နေရန် အမျိုးမျိုးပြောပြသည်။ သမီးငယ် ဂျဲနက်က သူ့ကို အမြဲသတိရနေကြောင်း ပြောပြသည်။ သို့သော် ရှုဘင်ကတော့ ဘာကိုမှ ဂရုမစိုက် ရှေ့တည့်တည့်ကိုသာ ကြောင်ကြောင်ကြီးစိုက်ကြည့်နေတတ်သည်။

ဂျဲနက်ကလေးကို ခေါ်ထားသည့်အတွက် သူတို့လင်မယားအား မောရစ်တို့လင်မယားနှင့် ဖီလစ်၏မိန်းမ မာတီလဒါတို့က မကျေနပ်ကြကြောင်းကိုတော့ လီယွန်က ရှုဘင်အားလုံးဝ မပြောပြချေ။ "သူ့အမေကို မုန်းတာနဲ့ အပြစ်မရှိတဲ့ကလေးကိုပါ အဆစ်ထည့်ပြီး မုန်းတာကတော့ မတရားပါဘူးကွာ. . ." ဟူ၍ ဖီလစ်က သူ့မိန်းမကို ပြောပြပေမယ့် မာတီလဒါက လက်မခံ။

"ကျွန်မက မတရား မုန်းတာမဟုတ်ဘူး မောင်၊ ဒီကလေး ဒီမှာရှိနေရင် သူ့အမေကို အမြဲတမ်း သတိရနေကြမှာမို့လို့ ပြောတာပါ၊ တကယ်လို့ ဒီဘိုရာက အဲဒီကလေးကို ရမ်စဂိတ် ကျောင်းအပ်ယင်တော့ ကျွန်မကလေးတွေကို အဲဒီကျောင်းမှာလုံးဝ မအပ်တော့ဘူး"

"နည်းနည်းလည်း ကိုယ်ချင်းစာပါဦး မိန်းမရာ. . . ၊ ဂျဲနက်ဟာ သူ့အဖေလည်းမဟုတ် သူ့အမေလည်း မဟုတ်ပါဘူး၊ လီယွန်နဲ့ ဒီဘိုရာတို့ကသာ အခုလိုစောင့်ရှောက်မထားရင် သူ့မှာ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွား မလဲ၊ မင်းပဲ စဉ်းစားကြည့်ပါတော့"

"မောင်ပြောသလို ကျွန်မလည်း ခံစားမိပါတယ်၊ ဒါပေမယ့် . . . ကျွန်မပြောချင်တာက တယ်လို့သာ အဲဒီမိန်းမယုတ်ကို ရှုဘင်မယူခဲ့ရင် . . . ဒီလို ပြဿနာတွေ လုံးဝ ပေါ်လာမှာ . . . မဟုတ်ဘူး"

"ရှုဘင် ဘာတွေလုပ်ခဲ့တယ်ဆိုတာက ဒီအချိန်မှာ အရေးမကြီးတော့ပါဘူးကွာ၊ ရှုဘင် ကူး ယဉ်ပြီး ထင်ရာစွတ်လုပ်တာကို တို့က ဘာမှဒုက္ခခံနေစရာမလိုဘူးလို့ ဖေဖေပြောသွားတာ မှတ်မိပါသေးတယ်။ ရှုဘင်ဟာ သူ့အပြစ်နဲ့သူ ဘဝပျက်အောင် ခံခဲ့ရပြီးပါပြီ၊ ပြီတော့. . . တို့က နစ်သူကို ဝါးကူထိုးတဲ့ အဖြစ်မျိုးတော့ မလုပ်သင့်ပါဘူး"

"မောင့်သဘောထား အလွန်မြင့်မြတ်ပါတယ်၊ ဒါပေမယ့် . . . ကျွန်မကတော့ မောင့်လို သဘော မထားနိုင်တော့ဘူး၊ ကျွန်မရှင်းရှင်းပဲပြောမယ် . . . မောင်၊ တကယ်လို့များ နောက်ပိုင်းမှာ ကလေးနဲ့ တစ်ကြောင်းမဟုတ် တစ်ကြောင်း ပတ်သက်လာမယ်ဆိုရင်တော့ . . . မောင်ကျွန်မကို ယားတစ်ယောက်လို့ မှတ်စရာ မလိုတော့ဘူး၊ ဒါပဲ ကျွန်မပြောချင်တယ်"

မာတီလဒါက ထိုင်ရာမှထပြီး အခန်းထဲမှ ပြန်ထွက်သွားသည်။ ဖီလစ်က စိတ်ပျက် တ်ပျက်ဖြင့် မျက်နှာကို လက်ဝါးနှစ်ဘက်နှင့် အုပ်ထားလိုက်သည်။

ရှုဘင်အား ဆေးရုံတင်ပြီး နောက်တစ်လခန့်အကြာတွင် သူနှင့် လီယွန်တို့ ဆေးရုံသို့ သွားခဲ့ကြစဉ်က ဖြစ်ရပ်ကို ဖြတ်ခနဲ သတိရမိသည်။

ဖီလစ်ဝင်လာတာမြင်တော့ ရှုဘင်က ကုလားထိုင်ပေါ်မှ ရုတ်တရက် ထရပ်လိုက်ပြီး လစ်၏ မျက်နှာကို စေ့စေ့ကြည့်လျှက် အော်ပြောလိုက်သည်။

"ခင်ဗျားမလာနဲ့၊ ခင်ဗျားခုချင်းချင်း ထွက်သွားပါ၊ ကျွန်တော့်ကို မိန်းမနဲ့ကွဲအောင်လုပ်တာ င်ဗျားလည်း တရားခံပဲ"

အခြေအနေက ရုတ်ရုတ်သဲသဲ ဖြစ်သွားသဖြင့် ဆရာဝန်ဝင်လာပြီး ရှုဘင်အား န်ဆေးတစ်လုံးထိုး ပေးလိုက်သည်။

ဖီလစ် အဖြစ်ကလည်း မလွယ်ပါကလား။ မိန်းမကလည်း လက်မခံ။ ရှုဘင်ကလည်း တ်မခံ။

သည်ပြဿနာကို ပြေလည်အောင် သူ ဘယ်လိုရှင်းရပါ့ . . .။

နက်ကို အကြောင်းပြု၍ "ဟက်" မိသားစု၏ အချင်းချင်းဆက်ဆံရေးမှာလည်း တစ်နေ့ထက် စ်နေ့ တင်းမာလာခဲ့သည်။ ရဟူဒီဘာသာနေ့ကြီးရက်ကြီးများတွင် ဘုရားကျောင်း၌ မိသားစုချင်း တွေ့ကြသောအခါ လီယွန်တို့လင်မယားနှင့် ဂျဲနက်တို့သုံးယောက်က တစ်နေရာ၊ တခြားမိသားစု အစ်ကိုများက တစ်နေရာစီ ထိုင်ကြသည်။ မောရစ်နှင့် ဖီလစ်တို့၏ ဇနီးများ၊ သားသမီးများက ယွန်တို့မိသားစုနှင့် စကားပင်လုံးဝမပြော။ သူတို့လင်မယားအား မိသားစုပါတီပွဲများနှင့် ခြားအလှူအတန်းများသို့လည်း လုံးဝမဖိတ်ကြ။ ရှုဘင်နှင့် မာဂဒါတို့အား ဝိုင်းပယ်ထားကြသလို



www.burmeseclassic.com

www.burmeseclassic.com



လီယွန်နှင့် ဒီဘိုရာတို့အားလည်း ဝိုင်းပယ်ထားကြသည်။

သည်အဖြစ်သည် သူတို့အတွက် အခံရခက်လှသော်လည်း သူတို့က ကြိတ်ခံကြသည်

ဂျဲနက်ကလေးကလည်း ဒီဘိုရာကို တစ်နေ့တခြား ချစ်လာသည်။ ဒီဘိုရာကလည်း ကလေးငယ်အား သမီးအရင်းသဖွယ် သံယောဇဉ်တွယ်လာသည်။

ဒီဘိုရာက ဂျဲနက်အား"ရမ်စဂိတ်" ကျောင်းသို့မပို့။ တစ်ဘက်မိသားစုကို ကြောက်၍ မဟုတ်။သွယ်ဝိုက်သောနည်းအားဖြင့် မာဂဒါနှင့်.ဆက်စပ်ပတ်သက်နေမည် စိုးသောကြောင့် ဖြစ်သည်။ ဂျဲနက်သည် သူတို့အိမ်တွင် ပျော်ပျော်ရွှင်ရွှင်နေသည်ကို မြင်ရ၍ ဒီဘိုရာ ဝမ်းသာ ဖြစ်နေသည်။

သို့သော် ဂျဲနက်ကလေးသည် ညကျတော့ အိပ်ရာထဲတွင် ကျိတ်၍ငိုနေကြောင်းကို ဒီဘိုရာ လုံးဝမသိ။ကလေးက သူမ၏ မိခင်ကို မမေ့နိုင်။ မေ့၍မရ။ မိခင်ကို မကြာခဏ အိပ် မက်သည်။

သို့သော်. . . မေမေက ပို့စကတ်လှလှလေးတွေ ပို့ပေးမယ်ဆိုပြီး ဘာကြောင့် မပို့ ပါလိမ့်ဟု ဂျဲနက်က တွေးပြီး အဖြေရှာမရဖြစ်နေမိသည်။ မေမေ ဘာကြောင့်များ ဒီလောက်အ ကြာနေတာပါလိမ့်။

အန်ကယ်လီယွန်နှင့် အန်တီဒီဘိုရာတို့ကို မေးကြည့်ပြန်တော့လည်း ဘာမှတိတိကျကျ မသိရ။ ဟိုလိုလို သည်လိုလို ဝေ့လည်ချောင်ပတ်သာ ပြန်ဖြေကြသည်။

ဂျဲနက်သည် သူမ၏ ဖေဖေကိုလည်း အလွန်အောက်မေ့မိသည်။

ဘုရားကျောင်းသို့သွားသောအခါနှင့် ဘုရားကျောင်းမှပြန်လာသော အခါများတွင် သူတို့ဆွေမျိုးတွေက သူမကို စကားမပြောဘဲ ဘာကြောင့်များ ရှောင်သွားကြတာပါလိမ့်ဟုလည်း မကြာခဏ တွေးမိသည်။ တနင်္ဂနွေနေ့ ဝတ်ပြုပွဲများတွင် သူမ၏ ဝမ်းကွဲ မောင်နှမများအား အလွန်ပင်နှုတ်ဆက် ချင်သည်။ သို့သော်သူတို့က သူမအား လှည့်၍ပင်မကြည့်ကြ။

တစ်နေ့တွင် ညစာ စားနေရင်းမှ ဂျဲနက်ကလေးက မေးသည်။

"အန်ကယ်လီယွန် . . . သမီးဖေဖေကို ဘယ်တော့ သွားတွေ့ရမှာလဲ. . . ဟင်"

"မကြာခင်တွေ့ရမှာပေါ့ ကလေးရယ်"

"ဟင် . . . အန်ကယ်ကလည်း ဒီလိုချည်းပဲ ပြောနေတာ ဘယ်လောက်ကြာပြီလဲ"

"ဒီတစ်ခါတော့ တစ်ကယ်ပြောတာပါ သမီးရယ်၊ နောက်တစ်ပတ်ဆို တကယ်တွေ့ တော့မှာပါ"

ဂျဲနက်က ဖေဖေနဲ့ တွေ့ရမည့်ရက်ကို နေ့စဉ်နှင့်အမျှ လက်ချိုးရေတွက်နေသည် နောက်ဆုံးတော့ တကယ်တွေ့ရမည့် ရက်ကို ရောက်လာခဲ့သည်။

သူမက ပြတင်းပေါက်မှ ရပ်ကြည့်နေစဉ်မှာပင် အိမ်ခြံထဲသို့ ကားဝင်လာသည်။ အိမ် တံခါးဝသို့ ပြေးထွက်လာပြီး တံခါးကိုဖွင့်လိုက်သည်။

ကားပေါ်မှ ပထမဆုံး အန်ကယ်လီယွန် ဆင်းသည်။ ထို့နောက် ဖေဖေဆင်းလာသည် ဖေဖေ အများကြီး ပိန်နေသည်။ အားလည်း အလွန်နည်းနေပုံရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေပြန်လာပြီ. . . ဖေဖေပြန်လာပြီ၊ ဖေဖေ. . . . ဖေဖေ" ဂျဲနက်က အော်ခေါ်ရင်း မ်ပေါ်မှ ပြေးထွက်သွားပြီး ဖခင်ဖြစ်သူအား ဖက်ထားလိုက်သည်။

ပထမတော့ ရှဘင်က ခပ်ကြောင်ကြောင် လုပ်နေသေးသည်။ သမီးလေးက မာဂဒါနှင့် တ်စွပ်တူနေသည်။ ပြီတော့မှ ရှဘင်က သမီးငယ်အား ပွေ့ချီကာ ကျစ်ကျစ်ပါအောင် က်ထားလိုက်သည်။

တ်အတော် ကြာသွားသောအခါ ရှဘင်က နောင်ရေးကို တွေးလာသည်။ သို့ဖြင့် တစ်နေ့လီယွန်နှင့် တို့နှစ်ယောက်တည်းရှိသောချိန်တွင် သူက စတင်ဆွေးနွေးသည်။

"အစ်ကိုလေး ကျွန်တော်တစ်ခုစဉ်းစားနေတယ်။ ကျွန်တော့်အနေနဲ့ ဒီလိုချည်းပဲနေသွားလို့ ဖြစ်သေးဘူး။ သမီးလေးနဲ့အတူ အေးအေးလူလူနေနိုင်အောင် အိမ်ခန်းတစ်ခန်းတော့ ရှာရ မိမ့်မယ်"

သည်စကားကို ကြားရတော့ လီယွန်တော်တော် စိတ်မကောင်းဖြစ်သွားသည်။ ရှဘင် နေနှင့် ဂျဲနက်ကိုတာဝန်မယူနိုင်သေး။ ဂျဲနက်ကိုထားပါဦး။ သူ့ကိုသူပင် တာဝန်ယူနိုင်မည့် ခြေအနေမျိုးမရှိသေး။

"မင်း ဒီထက်ပိုပြီး ကျန်းမာလာအောင် ဒီမှာပဲ နည်းနည်းဆက်နေလိုက်ပါဦးလား"

"မဖြစ်ဘူး အစ်ကိုလေး၊ သည်ကိစ္စ ကျွန်တော်သေသေချာချာ စဉ်းစားကြည့်ပြီးပြီ။ နက်အတွက် အိမ်ခန်းတစ်ခန်းတော့ ရှာကိုရှာရလိမ့်မယ်"

"အိမ်ခန်းရတော့ကော မင်းဘာအလုပ်လုပ်မလို့လဲ"

"ကျွန်တော် ပန်းချီဆွဲမယ်၊ ပန်းချီဆွဲလို့ ကျွန်တော်တို့သားအဖ နှစ်ယောက်စား လောက်ပါ ယ်။ ဟိုတုန်းက ကျွန်တော်ဆွဲခဲ့တဲ့ ဆီဆေးကားတချို့ လူကြိုက်များခဲ့တယ်၊ အဲဒါဆိုရင် လုပ်ဖြစ်မှာသေချာတယ်"

လီယွန်က ထိုင်ရာမှထကာ ပြတင်းပေါက်နား လျှောက်သွားသည်။ ပြီးတော့ လေသံ အေးအေးဖြင့်ပြောသည်။

"ဒီကြားထဲမှာ မင်းနဲ့ ဂျဲနက်တို့နှစ်ယောက် ဘယ်လိုလုပ်နေကြမလဲ။ ငါနဲ့ ဒီဘိုရာတို့က ယ်လောက်ပဲ ကြာကြာကူညီပါတယ်။ ဒါပေမယ့် မင်းက လက်မခံတော့လည်း ခက်တာပဲ"

"ကျွန်တော့်မှာရှိတဲ့ ပစ္စည်းကလေးတွေ ထုခွဲရောင်းချထားတဲ့ ပိုက်ဆံအတော်အသင့် န်ပါသေးတယ်"

"အဲဒီလောက်နဲ့ ဘယ့်နှယ် လောက်နိုင်ပါ့မလဲ၊ အဲဒီပိုက်ဆံက ဘယ်နှစ်နှစ်ခံမလဲ၊ ပိုက်ဆံ တ် အရေးကြီးတာက ဂျဲနက်မှာ မိခင်လို ပြုစုမယ့်သူ လိုအပ်နေသေးတယ်။ ဒီဘိုရာနဲ့ဆိုရင် ဒီကိစ္စအားလုံးပြည့်စုံတယ်၊ ကလေးကလည်း ငယ်သေးတယ်။ အခုမှ ငါးနှစ်သမီးရှိသေးတာ၊ ဒီတော့ ဒီမှာပဲ ခဏဆက်နေလိုက်ပါဦးလား၊ နောက်သင့်တော်တဲ့ အချိန်ရောက်တော့မှ င်ငွေမှန်မယ့် စီးပွားရေးလုပ်ငန်းကလေးတစ်ခုလောက် ရှာကြတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် စီးပွားရေးလုပ်ငန်း မလုပ်ချင်တော့ဘူး အစ်ကိုလေး၊ ကျွန်တော်လူ မဆက်ဆံချင် တော့ဘူး၊ ပန်းချီပဲ ဆွဲစားတော့မယ်"

"ဒါဖြင့်လဲ ဒီလိုလုပ်ပါလား၊ တို့အိမ်က အပေါ်ထပ်ကို မင်းအတွက် ပန်းချီဆွဲ လုပ်လိုက်ရင် ပြီးပြီပေါ့"

"နေပါစေ အစ်ကိုလေး၊ ကျွန်တော့်ဟာ ကျွန်တော်တစ်ယောက်တည်းပဲ နေချင်တ ကိုယ်ပိုင်အခန်း ပဲရှာမယ်။ သိပ်ကောင်းဖို့မလိုပါဘူး၊ အလုပ်ဖြစ်ရုံဆိုရင် တော်ပါပြီ"

"ဒါဆို ဘယ်သူက ထမင်းချက်မလဲ၊ ဘယ်သူအဝတ်လျှော်မလဲ၊ ပြီးတော့ ကလေး ဘယ်သူပြုစု မလဲ၊ မင်းထင်သလို မလွယ်ပါဘူး ရှုဘင်၊ အဲဒီတော့ အကောင်းဆုံးအစီစဉ် တစ် ငါပြောမယ်၊ ဒါတော့ မင်းလက်ခံစေချင်တယ်။ မင်းအတွက်လည်းသင့်တော်တဲ့ နေရာရှာမ ကလေးကိုတော့ တို့ဆီမှာပဲ ဆက်ထားပါဦး၊ မင်းအခြေတကျဖြစ်တော့မှ ပြန်ခေါ်ပေါ့ဟုတ်လာ"

တကယ်တော့ လီယွန်က ကလေးကို တစ်သက်လုံး သူတို့လင်မယားကပဲ သမီးအ မွေးစားသွားချင်ပါသည်။

ရှုဘင်က ဘာမျှ ပြန်မပြော။ သူစဉ်းစားနေသည်။ တကယ်တော့ လီယွန်ပြော အခြေအနေအရ အမှန်ဆုံး၊ အကောင်းဆုံးပင်။

"ဒီလိုဆိုလဲ ကောင်းပြီလေ၊ အစ်ကိုလေးပြောသလို လုပ်ကြတာပေါ့"

နောက်တစ်နေ့ အိမ်ခန်း ထွက်ရှာကြတော့ တစ်နေရာတွင် ထပ်ခိုးကလေး တစ် တွေ့သည်။

လီယွန်က နောက်ထပ်ဆက်ရှာဦးမည်ဟု ပြောသော်လည်း ရှုဘင်က လက်ခ သည့်အခန်းနှင့်ပင် အလုပ်ဖြစ်ပြီဟု ပြောသည်။ သူ့လုပ်ငန်းအတွက် အလင်းရောင်ရဖို့သ အရေးကြီးသည်ဟု ဆိုသည်။

သည်တော့လည်း လီယွန့်အနေဖြင့် ဘာများ ပြောနေစရာ လိုပါသေးသနည်း။

◆◆◆

www.burmeseclassic.com

www.burmeseclassic.com

# [ ၁၃ ]

နောက်ဦး ရောင်နီပျို့စ အာချိန်. . .

မာဂဒါသည် သူမ၏ အိမ်ခန်း ပြတင်းဝတွင် ရပ်ကာ အပြင်ဘက်သို့ လှမ်းကြည့်နေသည်။ ...လှမ်းလှမ်းတွင် "စိန်း" မြစ်ကို မြင်နေရသည်။ သူမနှင့်စာလျှင် စိန်းမြစ်ရေသည်ပင်လျှင် ...ည်ငြိမ်နေသည်ဟု ထင်ရသည်။ သူမ၏ စိတ်ကတော့ လုံးဝမတည်ငြိမ်။ လေထဲတွင် စိုက်ထူ ...ားသော တံခွန်ပမာ တစ်ဖျပ်ဖျပ် လှုပ်ခတ်နေသည်။

ညကလည်း တစ်ညလုံး အိပ်မက်ဆိုးများချည်း မြင်မက်နေသည်။ သူမ၏ ရင်သည် ...လောင်နေတုန်းပင်ရှိသေးသည်။

တတ်နိုင်သမျှ စိတ်ကိုငြိမ်အောင်ထားပြီး အတိတ်ဖြစ်ရပ်များကို ပြန်လည် သုံးသပ် ...ကြည့်သည်။

တကယ်တော့ မာဂဒါ. . . ညည်းဟာ သိပ်ပြီး တစ်ကိုယ်ကောင်းဆန်လွန်းလှပါကလား။ ညည်း ပျော်ရွှင်မှုအတွက်ပဲ ညည်း ရှာနေတာပါကလား။ အလက်ဇီဟာ ညည်းကို ဘယ်အရာမဆို ...အောင် ရှာပေးခဲ့တယ်။ သူခေါ်လာလို့ပဲ "စိန့်လူဝီ" ကျွန်းဆိုတာကိုလဲ ကိုယ်တိုင်ရောက်ဖူးရတယ်။ ...တုန်းကဆိုရင် ဒီကျွန်း ရှိနေမှန်းတောင် မသိခဲ့ပါဘူး။ အခုဆိုရင် အလက်ဇီ ကျေးဇူးကြောင့်ပဲ ...မြို့တော်မှာ ညည်းဟာ . . . လူကုံထံ အမျိုးသမီးဘဝ ရောက်နေခဲ့ပြီ။ ပါတီပွဲတွေ၊ ညစ်ခံပွဲ ...တွေမှာ ကွမ်းတောင်းကိုင်ဘဝ ရောက်လာခဲ့ပြီ။ နေရတဲ့ အိမ်ကိုလည်း ကြည့်ပါဦး။ ပါရီမြို့မှာ ...ကောင်းဆုံး၊ အခမ်းနားဆုံး အိမ်တွေအနက် တစ်လုံးအပါအဝင်ပဲ မဟုတ်လား။

ဒီအိမ်ဟာ သာမန်အိမ်မဟုတ်ဘူး။ အလက်ဇီရဲ့ မိဘတွေကိုယ်တိုင်နေလာခဲ့တဲ့



www.burmeseclassic.com

www.burmeseclassic.com



စံအိမ်တော်ကြီး. . .။ အခုဆိုရင် ညည်းဟာ သည်စံအိမ်တော်ကြီးရဲ့ သခင်မဘဝရောက်ခဲ့ပြီ။

ဒီဘဝ အခြေရောက်လာတာတောင်မှ ညည်းက မရောင့်ရဲနိုင်သေးဘူး၊ မတင်းတိမ်နိုင်သေးဘူး။

အတိတ်တစ္ဆေ အခြောက်မခံရအောင်ဆိုပြီး ညည်းရဲ့နာမည်ကိုလဲ အလက်ဇီက "မာဂေ့ါမက်ဇီမော့"လို့ပြောင်းပေးခဲ့တယ် မဟုတ်လား။ ညည်းဟာ သာမန်မိန်းမ တစ်ယောက် မဟုတ်တော့ဘူး။ အထက်တန်းလွှာ သူကောင်းမျိုးနွယ် အမျိုးသမီးတစ်ယောက်ဖြစ်လာခဲ့ပြီ။ နယ်စားကတော် မာဂေ့ါမက်ဇီမော့ ဖြစ်လာခဲ့ပြီ။

အလက်ဇီဟာ ညည်းရဲ့ ပထမအိမ်ထောင်ရေးကိစ္စတွေကို ဘယ်သူမှ မသိနိုင်အောင် ပြည်ဖုံးကားချပြီး ဘဝသစ်ထူထောင်ပေးတဲ့နေရာမှာ သူမတူအောင် တော်ပါပေတယ်။

ညည်းရဲ့ဧည့်ခံပွဲကို မင်းမျိုးမင်းနွယ်တွေ ကိုယ်တိုင်လာရောက်ကြတယ်။ ညည်းကိုလဲ ပါရီတစ်မြို့လုံးမှာ အကောင်းဆုံးဟိုတယ်တွေ ပျော်ပွဲစားရုံတွေ၊ ပြပွဲတွေ၊ ပြခန်းတွေက အရေးတယူ ကြိုဆိုဧည့်ခံကြတယ်။

ညည်းစိတ်ချမ်းသာမယ်ဆိုရင် ဘာကိုမဆို အလက်ဇီက ရအောင် ရှာပေးလိမ့်မယ် ဖြစ်အောင် လုပ်ပေးလိမ့်မယ်။ ဒါတောင်မှ ညည်းက မကျေနပ်နိုင်သေးဘူး။ မရောင့်ရဲနိုင်သေးဘူး။ ညည်းဟာ လောကမှာ အမိုက်မဲဆုံး မိန်းမ၊ အမိုက်မဲဆုံး မိန်းမ. . .။

ညည်းက ညည်းသမီးလေးကို ပြန်လိုချင်နေတယ်။ အဲဒါကိုတော့ အလက်ဇီအနေနဲ့ တစ်သက်လုံး လုပ်ပေးနိုင်မှာမဟုတ်ဘူး။

အဲဒီတော့ ညည်းအပြစ်နဲ့ ညည်းခံတော့. . . ညည်းခံတော့ . . .။

"ဂွတ်မောနင်း. . . ဒါလင်"

အလက်ဇီ၏ အသံကြားရတော့မှ မာဂဒါ အတွေးပြတ်သွားပြီး နောက်သို့ လှည့်ကြည့်လိုက်သည်။

"ဘာဖြစ်လို့ အစောကြီးထလာတာလဲ "

"ချစ်သူမရှိတော့ ဘယ်လိုလုပ်ပြီး အိပ်ပျော်နိုင်ပါ့မလဲ၊ ကဲ. . . ကဲ. . . အိပ်ရာထဲ ပြန်ဝင်ပါဦး၊ ပြတင်းပေါက်ဖွင့်ပြီး ရပ်နေတာ အအေးမိနေပါဦးမယ်"

သူမက အလက်ဇီအား နမ်းလိုက်သည်။ ပြီးတော့ ခုတင်ပေါ်ပြန်တက်ပြီး စောင်ခြုံလှဲအိပ် လိုက်သည်။

အလက်ဇီက ပြတင်းပေါက်ပြန်ပိတ်ပြီးနောက် ပြန်လျှောက်လာကာ မာဂဒါဘေးတွင် ဝင်အိပ်လိုက်သည်။

ထို့နောက် နှစ်ယောက်သား နှစ်ကိုယ့်တစ်ကိုယ်ဖြစ်လုမတတ်ပွေ့ဖက်ထားလိုက်ကြသည်။

"အလက်ဇီ. . . ရှင်ဟာ ကျွန်မအပေါ်မှာ သိပ်ပြီးစေတနာရှိတာပဲနော်"

"ဒါပေါ့ . . . အချစ်ရယ်" သူက တင်းတင်းပြန်ဖက်လိုက်ပြီး. . . "ဒါနဲ့ . . . ဒီနေ့ ကိုယ်တို့နှစ်ယောက် ဟိုတယ်မှာ နေ့လည်စာ သွားစားကြမယ်။ ပြီးတော့. . . အနုပညာလေလံပွဲ သွားမယ်။ ကိုယ်က မင်းအတွက် အဲဒီကြေးရုပ်ကို ဝယ်ပေးချင်လို့ "



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မအတွက် ဟုတ်လား၊ ကျွန်မအတွက်ဆိုရင် မောင့်အတွက်လည်းဟုတ်တာပေါ့၊ ကျွန်မတို့ရဲ့ တိုက်ကြီးကို စံအိမ်ကြီးအဖြစ် ကျကျနန ပွမ်းမံပြင်ဆင်ပြီးတဲ့ အခါကျရင် မောင်က တစ်ခြားအနုပညာပစ္စည်း တစ်ခုထပ်ရှာဦးမှာလား. . . ဟင်"

"ဒါပေါ့ . . . အနုပညာပစ္စည်းတော့ ထပ်ရှာရဦးမှာပေါ့၊ ဒါပေမယ့် မိန်းမတော့ ထပ်မရှာတော့ပါဘူး။ အချစ်ရယ်၊ ကိုယ့်ကိုယုံစမ်းပါကွယ်၊ အခုပစ္စည်းက လွန်ခဲ့တဲ့ အပတ် ကပြပွဲမှာ ကြည့်ခဲ့ရတုန်းကတည်းက ဝယ်ဖြစ်အောင်ဝယ်မယ်လို့ ဆုံးဖြတ်ထားခဲ့လို့ပါ"

"ဒါနဲ့ ကျွန်မတစ်ခုမေးပါရစေ နယ်စားကြီးရယ်၊ လောကမှာ မောင်လိုချင်တာကို အချိန်မရွေး ရနိုင်သလား. . ဟင်"

"အများအားဖြင့်တော့ ရတတ်ပါတယ်။ ရနိုင်တဲ့အချိန်ထိ စောင့်နိုင်ရင်ဆိုပါတော့၊ ဒါ. . . ကိုယ့်ကို မွှေးမွှေးပေးပါဦး"

"အို. . . မောင်ရယ်၊ မောင့်ကို ကျွန်မ ဘယ်လိုချစ်မှန်းတောင် မသိတော့ပါဘူး မောင်ရယ်. . ."

"တကယ်ပြောတာလား. . ."

အလက်ဇီက မာဂဒါ၏ မျက်နှာကို စိုက်ကြည့်နေသည်။ သူ့မျက်လုံးတွေက အတွင်းထိ ထိုးဖောက်မြင်နိုင်စွမ်းရှိလိမ့်မည်ဟု ထင်ရသည်။ မင်းငါ့ကို ညာလို့မရဘူးနော် . . . ဟူ၍ ပြောသော်လည်း ပြောနေသယောင် ထင်ရသည်။

ထို့နောက် မာဂဒါက လိပ်ပြာမလုံစွာဖြင့် အလက်ဇီအား သူမဘက်သို့ဆွဲကပ်ပြီး တိုးတိုးညင်သာ ပြန်ပြောလိုက်သည်။

"တကယ်ပြောတာပါ. . . . မောင်ရယ်၊ တကယ်ပြောတာပါ"

"မောင်. . . ကျွန်မ အန်တီမြို့စားကတော်ကြီးနဲ့ သွားတွေ့ချင်ပါတယ် မောင်ရယ်. . ."

မာဂဒါက မနက်စာ စားရင်း ပြောလိုက်သည်။

အလက်ဇီက ကြက်ဥ အနှစ်များကို ဇွန်းနှင့် ခြစ်ချနေရင်းမှ . . . .

"မင်းကို အတွေ့ခံပါမလား၊ သူ ရှုဘင့်အပေါ်မှာ သိပ်ပြီးသစ္စာရှိတာ မင်းသိတဲ့အတိုင်းပဲ"

"ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမယ့်. . . . ကျွန်မကလဲ သူ့အပေါ်မှာ သိပ်ပြီး သံယောဇဉ်ရှိတယ်၊ ကျွန်မတို့နှစ်ယောက် အေးအတူ ပူအမျှ နေလာခဲ့ကြတာ၊ တကယ်လို့ သူက အတွေ့မခံဘူး ဆိုရင်လဲနေပေါ့၊ ကျွန်မက ဂရုမစိုက်ပါဘူး၊ တစ်သက်လုံး သေခန်းရှင်ခန်း ဖြတ်လိုက်ရုံပဲပေါ့"

"မင်းစိတ်ဓာတ် ငါလေးစားပါတယ်"

"ကျေးဇူးတင်ပါတယ်မောင်။ မောင့်ကိုပြောလိုက်ရင် အားလုံးအဆင်ပြေတာချည်းပါပဲ"

ထို့နောက် သူမက မြို့စားကတော်ကြီး၏ နံပါတ်ကို လှည့်လိုက်သည်။

"ဟယ်လို. . ." တစ်ဘက်မှ အသံပေါ်ထွက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"အန်တီလား. . . ကျွန်မ. . ."

"ဟုတ်ပါတယ် ညည်းအသံ ငါမှတ်မိပါတယ်"

"အန်တီ. . . အန်တီနဲ့ ကျွန်မတို့အနေနဲ့ အချေအတင် စကားပြောနေစရာမလိုတော့ပါ အန်တီ့ ကို ကျွန်မသိပ်တွေ့ချင်ပါတယ်. . . . အန်တီရယ်"

တစ်ဘက်မှ အဖြေ ချက်ချင်းပေါ်မလာ။ ခဏကြာတော့မှ . . . "ရပါတယ်၊ လာချင် အချိန်လာခဲ့ ပါ၊ ငါအမြဲတမ်းရှိနေတယ်"

"ဒီနေ့ဆိုရင်ကော . . . . အန်တီ"

"ရပါတယ်၊ ကြိုက်တဲ့အချိန်လာခဲ့ပါ"

တစ်ဘက်မှ ဖုန်းပြန်ချသွားသည်။

မာဂဒါ လက်ထဲမှာ တယ်လီဖုန်းကိုင်ထားရင်း ငုတ်တုတ်ကြီး ထိုင်နေသည်။ ရင်ထဲကလည်း တဖျပ်ဖျပ် တုန်လာသည်။ မူးမေ့သွားမလားဟုပင် ထင်လိုက်မိသည်။

မာဂဒါသည် ရိုးလ်-ရွိုက်စ် ကားကိုစီးလာရင်း. . . တစ်နေရာရောက်တော့ ဒရိုင်ဘာပီယာ ကားရပ်ခိုင်းသည်။ ပြီးတော့. . . အလှကုန်ဆိုင် တစ်ဆိုင်ထဲ ဝင်သွားပြီး မြို့စားကတော်ကြီး အကြိုက်ဆုံး ရေမွှေးတစ်ပုလင်းဝယ်လာခဲ့သည်။

မာဂဒါ အိမ်ရှေ့တံခါးဝရှေ့တွင် အတော်တော်ကြာကြာ ရပ်နေမိသည်။ ဘဲလ်ကိုနှိပ် သတ္တိမရှိ သလိုဖြစ်နေသည်။

နောက်တော့မှ အားတင်းပြီး နှိပ်လိုက်သည်။

မြို့စားကတော်ကြီးကိုယ်တိုင် တံခါးလာဖွင့်ပေးသည်။ မာဂဒါ ဒူးတွေတုန်နေသည်။

"အန်တီ. . . . အန်တီ့ကို အခုလိုပြန်တွေ့ရတာ ကျွန်မသိပ်ဝမ်းသာပါတယ် အန် ကျွန်မ အထဲဝင်ပါရစေ. . . . နော်"

"ဝင်ပါ. . . ဝင်ပါ၊ အန်တီ လန်ဒန်က ပြန်လာခါနီး နောက်ဆုံးနှုတ်ဆက်ကြတော့. . . ညည်းကို အန်တီ့ဆီ အမြဲတမ်းလာနိုင်ပါတယ်လို့ ဖိတ်ခဲ့တာပဲ မဟုတ်လား"

မာဂဒါက ဘာမျှပြန်မပြောဘဲ ဆိုဖာပေါ်တွင် ဝင်ထိုင်လိုက်သည်။

"ဒါနဲ့. . . ညည်း အရက်သောက်သေးလား"

"ရပါတယ်. . . အန်တီ"

မြို့စားကတော်ကြီးက ဖန်ခွက်တွင် အရက်ငှဲ့ထည့်နေစဉ် မာဂဒါက လက်ဆောင်ပစ္စည်း ထုပ်ကို စားပွဲပေါ်တင်လိုက်ပြီးနောက် တစ်ခန်းလုံးကို မျက်လုံးကစားကြည့်လိုက်သည်။ အိမ်ထောင် ပရိဘောဂပစ္စည်းများမှာ အားလုံးလိုလိုပင် နေသားတကျနှင့် သပ်သပ်ရပ်ရပ်ရှိ နေကြ ဖြစ်သော်လည်း အားလုံးလိုလိုပင် ဟောင်းနွမ်းယိုယွင်းနေကြပြီ။ အခန်းထဲတွင်လည်း စူးရှသော လယ်နမင်နံ့ဖြင့် မွှန်ထူနေသည်။ ကုလားထိုင်များပေါ်မှ ဆိုဖာအခင်းများမှာလည်း ပေါ စုတ်ပြတ်နေကြပြီ။ နံရံတစ်နေရာတွင်မူ ပန်းချီကားတစ်ချပ်ကို ဖြုတ်ထားသော အရာမှာ



www.burmeseclassic.com

www.burmeseclassic.com



င်နေသည်။ ကေန္တတော့ ယင်းပန်းချီကားကို ရောင်းစားလိုက်တာဖြစ်မည်။ ဘုရား . . ဘုရား. . . န်တီကြီး ဒီလောက်တောင်မှ အခြေအနေဆိုးနေပြီလား. . . ။

နှစ်ယောက်သား အရက်ခွက်ချင်းထိတို့လျှက် ဆုမွန်တောင်းပြီးနောက် တစ်ကျိုက်စီသောက် ကြသည်။ ထို့နောက် မြို့စားကတော်ကြီးက လက်ဆောင်ပစ္စည်းထုပ်ကို ကောက်ယူပြီး ထုပ်ကို ခွာလိုက်သည်။

"အခုလို သတိရတာကျေးဇူးတင်ပါတယ် မာဂဒါ"

မာဂဒါက အခုမှနောင်တရမိသည်။ သူမကိုယ်သူမလည်း အပြစ်တင်မိသည်။ သည်လို ခြေအနေမျိုးမှာ မြို့စားကတော်ကြီးအတွက် ရေမွှေးပုလင်းထက် အသုံးဝင်သော လက်ဆောင်မျိုး ဖြစ်သင့်သည် မဟုတ်လား။

"နေလို့ ထိုင်လို့ကော ကောင်းရဲ့လား အန်တီ"

"သိပ်မကောင်းပါဘူးကွယ်. . . ၊ အဆစ်အမြက် ကိုက်ခဲတာက တော်တော်ဆိုးနေတယ်။ သေမယ့် စိုးရိမ်ရတဲ့ အခြေနေမျိုးတော့မဟုတ်ပါဘူး"

"ဒါနဲ့ ကျွန်မလဲ ပါရီကို ပြန်ပြောင်းလာခဲ့ပြီ အန်တီ၊ ပါရီမှာပဲ နေတော့မလို့ "

"အန်တီသိပါတယ်ကွယ်။ ညည်းရောက်လာတာကို သတင်းစာတွေက မမြင်ယောင် ာင်မနေကြပါဘူး။ ပါရီမြို့လယ် စိန့်လူဝီကျွန်းပေါ်က စံအိမ်တော်ကြီးရှေ့တွင် နယ်စားကြီး သက်ဇီ မက်ဇီမောနှင့် နယ်စားကတော်တို့အား တွေ့ရပုံ၊ ပြီတော့ အော်ပရာ ကြည့်နေသော. . . ၊ ပွဲတွင် ကြည့်နေသော. . . "

"တော်ပါတော့ ၊ တော်ပါတော့ အန်တီ၊ ကျွန်မ အခုလာတာ အန်တီနဲ့ ရန်တွေ့ဖို့လာ မဟုတ်ပါဘူး"

"ဒါဖြင့် ဘာလုပ်ဖို့လာတာလဲ၊ ပါရီရောက်နေတာကြာပြီမဟုတ်လား၊ အခုမှ ဘာကြောင့် ရ တာလဲ"

"အန်တီ့ကို တွေ့ချင်လို့လာတာပေ့ါ. . . "

"ငါ အင်္ဂလန်က ထွက်လာကတည်းက ဒီနေရာမှာပဲ ရှိနေတယ်"

"ကျွန်မလည်း သိပါတယ်။ အစောကြီးကတည်းက လာမလို့ပါပဲ"

"ဒါဖြင့် ဘာဖြစ်လို့ မလာတာလဲ"

မာဂဒါက တံတွေး မျိုချလိုက်ပြီးတော့မှ. . .

"ကျွန်မကြောက်နေလို့ . . . . ပြီးတော့ လိပ်ပြာမလုံသလိုပဲ"

"အခုတော့ ကြောက်လဲ မကြောက်တော့ဘူး၊ လိပ်ပြာလဲ လုံသွားပြီ ဆိုပါတော့"

"ကျွန်မက ဒီနေ့မှ စိတ်ကူးပေါက်ပြီး ရောက်လာတာမဟုတ်ပါဘူး အန်တီ။ အရင် တလည်း အန်တီကို ခဏခဏသတိရနေခဲ့တာ အမှန်ပါ။ အန်တီကိုကျွန်မ သိပ်ပြီး တွေ့ချင် ချင်နေပါတယ်"

"ဘာဖြစ်လို့လဲ၊ ပါရီက မိတ်ဆွေသစ်တွေကို ငြီးငွေ့သွားပြီမို့လို့လား"

"မိတ်ဆွေသစ်တွေကို ငြီငွေ့သွားတာမဟုတ်ပါဘူး၊ မိတ်ဆွေဟောင်းတွေကို အောက်မေ့လို့



www.burmeseclassic.com

www.burmeseclassic.com



အတိတ်ကို သတိရနေလို့ပါ။ ကျွန်မအန်တီကို ထုချေလွှာ လာတင်နေတာတော့မဟုတ်ပါဘူး အ အဖြစ်က အတိတ်က ကျွန်မ မရှိတော့ပါဘူး၊ မာဂဒါဆိုတဲ့ နာမည်လဲ ပြောင်းပစ်လိုက်ပြီ၊ ကျွန်မ ဘဝဟောင်းက ထွက်ခွာလာပြီး ဘဝသစ်တစ်ခုကိုရောက်လာခဲ့ပြီ၊ အခု ကျွန်မယူ နာမည်ကမာဂရေ့မက်ဇီမော့တဲ့၊ ပိုလန်သူကောင်းမျိုး နွယ်မိသားစုတစ်ခုက ဆင်းသက်လာတဲ့ နာ ဘယ်လောက်များ အံ့ဩစရာကောင်းလိုက်သလဲ အန်တီ၊ မရယ်ပါနဲ့ ။ ဒီနာမည်ဟာ ကျွ အထိုက်တန်ဆုံးဆိုတာ ဘုရားသခင်သိတော်မူပါတယ်၊ ကျွန်မအပေါ်မှာ မကျေနပ်ဘူးဆိုတာ ကျွန်မသိပါတယ်။ ဒါပေမယ့် အန်တီကို ကျွန်မဘယ်လိုမှ မထင်မိဘူး၊ အန်တီနဲ့ ကျွန်မ ဘဝတူတွေပါ၊ အေးအတူပူအမျှ ခံစားရတဲ့လူတွေပါ၊ ဒါကြောင့် ကျွန်မ အန်တီကို မမုန်းနိုင် အခုလာတာလဲ ကျွန်မဘယ်လိုပြောရမှန်းတောင် မသိဘူး၊ အေးလေ. . . ဒဏ်ရာကို ဆေးထည့် ပတ်တီးစည်းဖို့လာတယ်ဆိုရင် ရမလားတော့ မသိဘူး. . . "

"ဒါပေမယ့် ညည်းလုပ်ခဲ့တာတွေက ခွင့်လွှတ်နိုင်ဖို့ တော်တော် ခဲယဉ်းတယ် မာ ဒါနဲ့ အလက်ဇီနဲ့ နေရတာ မပျော်ဘူးလား"

"ပျော်နိုင်ပါတယ် "

"ပျော်နိုင်ပါတယ် ဟုတ်လား။ ညည်းနောက်ထပ် ဘာတွေများလိုချင်သေးလဲ အလက်ဇီက ညည်းလိုချင်တာတွေ အားလုံးပေးထားပြီးပြီပဲ"

"အားလုံးမပြီးသေးပါဘူး အန်တီ၊ ကျွန်မသမီးလေးကို ကျွန်မ မရသေးဘူး"

"ဒါက ညည်းသဘောအတိုင်း လုပ်ခဲ့တဲ့ အလုပ်ပဲ၊ ကလေးကို ညည်းလိုချင် အစကတည်းက ခေါ်လာခဲ့ပါလား၊ ဘာလို့ ရှုဘင်နဲ့ ထားပစ်ခဲ့ရတာလဲ၊ ဒါပေမယ့် . . . လော ညည်းလိုချင်တာအားလုံးကို မရနိုင်ဘူး မာဂဒါ"

"ဒါကိုကျွန်မသဘောပေါက်ပါတယ်အန်တီ၊ ဒါပေမယ့် သမီးလေးကို ကျွန်မ အောက်မေ့တယ်၊ ဒီအတွက်ပဲ နေ့စဉ်နှင့်အမျှ ကျွန်မ စိတ်မချမ်းသာဖြစ်နေရပါတယ်"

"ဒါကတော့ ညည်းအပြစ်နဲ့ ညည်းခံပေဦးပေါ့၊ ဒါနဲ့. . . ညည်းဂြိုလ်မွှေလိုက်တာ ရှုဘင်ခမျာ မသေရုံတမယ် အကြီးအကျယ်ခံလိုက်ရတာကို ညည်းသိရဲ့လား"

"အန်တီက ဘယ်လိုလုပ်ပြီး သိတာလဲ"

"ငါက လီယွန်နဲ့ အဆက်အသွယ်မပြတ်ဘူး၊ ညည်းလည်းသိပါတယ်"

"အန်တီသိရသလောက် ကျွန်မကိုပြောပြပါလား. . . အန်တီ"

"ညည်းက တကယ်ကော သိချင်လို့လား"

"တကယ်သိချင်လို့ပါ အန်တီ၊ မသိရရင် ကျွန်မပိုပြီးစိတ်ဆင်းရဲရလိမ့်မယ်"

"ဒါဖြင့် ငါပြောပြမယ်. . . နားထောင်. . . ၊ ညည်းထွက်သွားပြီးတော့ ရှုဘင်ဟာ စိတ် ပေါက်ပြီး ဆေးရုံမှာပဲ တစ်နှစ်လောက်ကြာခဲ့ရတယ်။ ဆေးရုံက ပြန်ဆင်းလာပြီးနောက် လီယွန်တို့ တော်တော်ကလေး နေခဲ့ရတယ် ။ခုတော့ လန်ဒန်အရှေ့ပိုင်းမှာ အိမ်ခန်းကလေး တစ်ခန်း တစ်ယောက်တည်းနေနေတယ်။ အဲဒီမှာနေပြီး ပန်းချီဆွဲမယ်လို့ထင်ပါတယ်၊ ဒါပေမယ့် အနေ နဂိုအတိုင်းပြန်ဖြစ်ပြီလို့ ဘယ်သူမှ မပြောနိုင်ဘူး "



www.burmeseclassic.com

www.burmeseclassic.com



မာဂဒါက တသိမ့်သိမ့်နှင့် ကျိတ်ငိုသည်။

"ဒါနဲ့ . . . ကျွန် . . . ကျွန်မ သမီးလေးကရော . . . ဘယ်လို . . ."

"သူက လီယွန်တို့လင်မယားနဲ့ နေရတာပေါ့၊ ရှုဘင်ဆေးရုံတက်ကတည်းကပဲ"

"အခု ဇူလိုင်လဆိုရင် . . . သူခုနှစ်နှစ်ပြည့်ပြီ . . . အန်တီ၊ သူအန်တီဆီ စာရေးလိမ့်မယ် ...င်တယ်"

"ရေးပါတယ်၊ လက်ရေးကလေးကလဲ လှလိုက်ပါဘိခြင်း၊ ကလေးကသိပ်တော်တာပဲ၊ ...ဏ်ကလည်း ထက်တယ်"

"အို . . . အန်တီရယ် . . . ကျွန်မ အထူးတောင်းပန်ပါတယ်၊ . . . အန်တီရယ်၊ ကျွန်မ ...မီးလေးကို ကျွန်မ ပြန်ရအောင် အန်တီပဲ ကျေးဇူးပြုပြီး ဆောင်ရွက်ပေးပါ လား . . . အန်တီရယ်"

"ညည်းအပေါ်မှာ ငါမရက်စက်ချင်ဘူး မာဂဒါ၊ ရှိုင်းရှိုင်းစိုင်းစိုင်းလည်း မပြောချင်ဘူး၊ ...ကိစ္စကတော့ ငါလည်းဘာမျှမတတ်နိုင်ဘူး၊ ညည်းထိုက်နဲ့ ညည်းကံ ခံရုံပဲရှိတော့တာပဲ၊ ...ည်းကထွက်လာတည်းက ကလေးကို ခေါ်လာလို့ဖြစ်ပါလျှက်နဲ့ အခုမှ ပြန်ခေါ်လို့ ဖြစ်ပါဦးမလား ...ည်းကအဲဒီလိုလုပ်ရင်လဲ၊ လီယွန်က လုံးဝခံမှာမဟုတ်ဘူး၊ ကလေးကို ညည်းပြန်မရနိုင်အောင် ...ဖြစ်တဲ့နည်းနဲ့ ကြိုးစားမှာသေချာတယ်၊ အဲဒီလို ရုံးရော ...ဂတ်ရောက်ဖြစ်လာခဲ့ရင်လည်း ...လေးရဲ့စိတ်ဓာတ်ကို ထိခိုက်သွားလိမ့်မယ်"

မာဂဒါ တစ်ကိုယ်လုံး တုန်လှုပ်သွားသည်။ အန်တီပြောတာတွေအားလုံး မှန်ပါသည်။

"သမီးလေးဆီက စာတွေ ကျွန်မ ဖတ်ကြည့်ပါရစေလား . . . အန်တီရယ်"

မြို့စားကတော်ကြီးက ထိုင်ရာမှထကာ စာထုပ်ကိုသွားယူသည်။ မာဂဒါက ကြုံရာ ...တစ်စောင်ကို ဆွဲယူလိုက်သည်။

*ချစ်လှစွာသော ဘွားလေးသို့ . . .*

*ဘွားလေးကို သမီး နေ့တိုင်း သတိရလျှက်ပါ၊ အန်တီဒီဘိုရာကိုလဲ သမီးချစ်ပါတယ်။ ...ပေမယ့် . . . သူက သိပ်ပြီးမကျန်းမာတော့ . . . သမီးမှာ တစ်ယောက်တည်းပျင်းနေတော့တာပေါ့။ ...တျတော့ သမီး အိပ်မက်တွေ မက်တယ် . . . . ဘွားလေးရယ်။ အိမ်မက်ထဲမှာ ဖေဖေ့ကိုလည်း ...တွေ့ရပါတယ်၊ မေမေ့ကိုလည်း တွေ့ရပါတယ်။ ဖေဖေဆေးရုံကပြန်လာတယ်။ မေမေက ...ဒေးကြီးကို ခရီးထွက်သွားရာက ပြန်လာတယ်။ ဖေဖေတို့ မေမေတို့ တကယ်ပြန်လာကြတဲ့အခါ ...ဘွားလေးလဲ ပြန်လာခဲ့ပါနော်။ သမီးတို့အားလုံးအရင်အတိုင်းပဲ ပျော်ပျော်ရွှင်ရွှင် နေကြ ...အောင် . . . နော်။*

*သမီးအတွက်နောက်ထပ် ပို့စကတ်လှလှလေးတွေ ပို့ပေးလိုက်ပါဦး။ အလျှင်ပို့လိုက်တဲ့ ...တတ် တွေပေါ်က ဓာတ်ပုံတွေကို သမီးသိပ်ကြိုက်တာပဲ။*

*ဒီလောက်ဆို တော်ပါပြီ . . . ဘွားလေးရယ်။ သမီးအိပ်ချင်နေပြီ။ ဘွားလေး ...ကျန်းမာပါစေလို့ သမီး ဆုတောင်းလိုက်ပါတယ်။*

*ဘွားလေး ချစ်သော*

*သမီးလေး ဂျဲနက်ဆာရာဟက်*



www.burmeseclassic.com

www.burmeseclassic.com



ဘာမှပြောစရာမလိုတော့။ စာကို အိတ်ထဲပြန်ထည့်ပြီး မတ်တတ်ရပ်လိုက်သည်။ ထို့နောက် စာအိတ် ကို မြို့စားကတော်ကြီးအား ကမ်းပေးလိုက်သည်။

ကျွန်မအပေါ် စေတနာထားတာ ကျေးဇူးတင်ပါတယ် အန်တီရယ်၊ ကျွန်မအန်တီ အများကြီး ချစ်ပါတယ်၊ နောက်ကိုလည်း အန်တီ့ဆီ ကျွန်မ လာပါရစေနော်"

"လာနိုင်ပါတယ်ကွယ်။ အချိန်မရွေးလာနိုင်ပါတယ်၊ ညည်းနဲ့ ငါနဲ့က ပြဿနာရှိ လူတွေမှ မဟုတ်တာပဲ"

မာဂဒါ အိမ်သို့ ပြန်ရောက်သွားသောအချိန်တွင် အလက်ဇီ အိမ်မှာ မရှိ၍ ဝမ်းသာမိသည်။

သူမက လောလောဆယ်တွင် အလက်ဇီနှင့် ရင်မဆိုင်ချင်။ ဘယ်သူနှင့်မှလည်း မတွေ့ချင်

သို့ဖြင့် . . . အရက်ခန်းသို့ သွား၍ ရှမ်ပိန်အရက်ပုလင်းယူသည်။ ပြီးတော့ မီးဖိုခန်းဝင်၍ ဖန်ခွက် တစ်လုံးယူကာ ဧည့်ခန်းထဲလာခဲ့သည်။

မီးဖိုဘေးမှ လက်တင်ကုလားထိုင်တွင် ထိုင်ချလိုက်သည်။ ထို့နောက် အရက်ပုလင်း ဖွင့်၍ဖန်ခွက်ထဲလောင်းထည့်လိုက်သည်။ ဖန်ခွက်ထဲတွင် ပယင်းရောင် ယစ်ရွှေရည်များ ပလုံစီ၍တက်လာသည်ကို စိုက် ကြည့်နေသည်။

ဖန်ခွက်ကို ပါးစပ်တွင် တပ်လျှက် တော်တော်ကြာကြာ စုပ်သောက်နေသည်။ ဖန်ခွက်ထဲ တွင် အရက်ဖင်ကပ်သာ ကျန်တော့သည်။

ပြီးတော့ . . . နောက်ထပ်တစ်ခွက် ထပ်ငှဲ့သည်။

ပြီးတော့ နောက်ထပ် တစ်ခွက် ။ နောက်ထပ်တစ်ခွက် . . . နောက်တစ်ခွက် . . .။

ခန်းမဆောင်တစ်ခုလုံး ပန်းဆွဲ မီးပဒေသာများဖြင့် ထိန်ထိန်လင်းလျက် ရှိသည်။

"ဗွိအိုင်ပီ" ခေါ် နာမည်ကြီး ပုဂ္ဂိုလ်တိုင်းလိုလိုပင် သံရုံးဧည့်ခံပွဲသို့ တက်ရောက်လာ ကြသည်။ ယင်းအထဲတွင် မာဂဒါတို့လင်မယားလည်းပါသည်။

မာဂဒါသည် သံပြာမွေးနု ကတ္တီပါဝတ်စုံကို သားနားစွာ ဝတ်ဆင်ထားသည်။ ကိုယ်ပေါ်မှ စိန်နှင့် ပုလဲများကလည်း တဖျပ်ဖျပ် လက်လင်းတောက်ပနေကြသည်။

သူမသည် အရက်ကလေး ထွေထွေဖြင့် တော်တော့်ကို မြူးကြွ သွက်လက်နေသည်။ အကြောင်းရင်း ကိုတော့ ဘယ်သူမှမသိနိုင်။

"ဒီနေ့ည ဒါလင် သိပ်ပြီး ရွှင်နေပါလား"

အလက်ဇီက သူမနှင့် တွဲကနေရင်းမှမေးလိုက်သည်။

"မရွှင်ဘဲနေပါ့မလား. . . မောင်ရဲ့၊ ကျွန်မက မောင်နဲ့အတူတွဲကနေရတာပဲ ဟုတ်တယ်. . . မောင်ရယ်၊ ဒီအခန်းထဲမှာ ရှိသမျှလူတွေအနက် မောင်ဟာအချောဆုံးပါပဲ၊ ကျွန်မကို ခပ်တင်း တင်းကလေး ဖက်ထားပါဦး. . . မောင်ရယ်"



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ညစာ စားပွဲစတင်သည်။ ကိုယ့်ပန်းကန်ကိုယ်ကိုင်ကာ မတ်တတ်ရပ်နေကြစဉ် ထူးထူးခြား ခြား ချောမောလှပသော လူငယ်တစ်ယောက် အလက်ဇီအနီးသို့ လျှောက်လာသည်။

"တွေ့ရတာ ဝမ်းသာပါတယ် . . . နယ်စားကြီးခင်ဗျား"

လူငယ်က စတင်နှုတ်ဆက်လိုက်သည်။

"ကျုပ်လဲ ဝမ်းသာပါတယ်. . . မက်ရှာဒူပရေး. . .၊ ဒါနဲ့ . . . . ကျုပ်ဇနီးနဲ့ မိတ်ဆက်ပေးရဦးမယ်၊ နယ်စားကတော် မက်ဇီမော့၊ ဒါလင်. . . ဟောဒါက မက်ရှာယွန်ပေါ ဒူပရေး"

မာဂဒါက လက်ကိုကမ်းပေးလိုက်ရင်း . . .

"တွေ့ရတာဝမ်းသာပါတယ်ရှင်"

နယ်စားကတော်ကြီး၏ ထူးခြားသော အလှကို ဒူပရေးက သတိထားလိုက်မိသည်။ ယခုလို ငယ်ရွယ်နုပျိုသော အလှပိုင်ရှင်မကလေးကို ဒီအသက်အရွယ်နှင့် နယ်စားကြီးရထားတာ အံ့သြစရာဟုလည်း တွေးလိုက်မိသည်။

သူက မာဂဒါအားစကားပြောရန် ပါးစပ်မဟနိုင်မီမှာပင် သူ့အတွဲ အမျိုးသမီးက နောက်တစ်ပွဲကရန် လာခေါ်သွားသည်။

"ကျွန်မ အရက်နည်းနည်း ထပ်သောက်ချင်တယ်. . . မောင်"

မာဂဒါက တောင်းဆိုလိုက်သည်။

"တော်လောက်ပြီ ထင်တယ်. . . ဒါလင်"

အလက်ဇီက တားသည်။

"အို. . . မောင်ရယ်၊ ကျွန်မပျော်လွန်းလို့ပါကွယ်။ နည်းနည်းတော့ သောက်ပါရစေ. . . မောင်ရယ် . . . နော်. . . နော်. . . မောင်"

အလက်ဇီက စားပွဲထိုးကို လှမ်းခေါ်လိုက်သည်။

"ဒါနဲ့ . . . မက်ရှာဒူပရေး ဆိုတာက ဘယ်သူလဲ. . . . ဟင်၊ အခုလိုသံတမန် ညှော်ခံပွဲမျိုးမှာ ကလေးတွေ ဖိတ်တာကတော့ မသင့်တော်ဘူး"

"အမယ်လေး သူ့ကို ကလေးဆိုပြီး အထင်မသေးလိုက်ပါနဲ့ကွယ်၊ သူကလဲ သံတမန်အရာရှိ တစ်ယောက်ပါ. . ."

"အသက်က ၁၇ နှစ်တောင် ကျော်ဦးမှာ မဟုတ်ဘူး ထင်တယ်"

"သူ့အသက်တော့ ငါမသိဘူး . . . . သံတမန်အမှုထမ်းတွေဟာ မုဆိတ်မွေးဖြူနေတဲ့ အဘိုးကြီးတွေပဲ ဖြစ်ဖို့တော့ မလိုအပ်ပါဘူးကွယ်"

"ကဲပါလေ. . . သူများတွေအကြောင်း ပြောရတာ ပါးစပ်ညောင်းပါတယ်၊ ကျွန်မက ကိုယ့်ယောကျ်ား ကိုလူချောကြီးကိုပဲ အထင်ကြီးတာ၊ အဲဒီတော့ . . . လာပါ. . . မောင်ရယ်၊ အိမ်ပြန်ပြီး. . . ကိုယ့်အလုပ် ကိုယ် လုပ်ကြတာပဲ. . . ပိုကောင်းပါတယ် . . . နော်. . . နော်. . ."

နောက်တစ်နေ့တွင် မာဂဒါသည် လန်ဒန်မြို့ပန်းချီဆရာ ကမယ်ထံ ဖုန်းလှမ်းဆက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူမက ဟိုတုန်းက ဆက်ဆံခဲ့ကြသည့် ပုံစံမျိုးဖြစ်အောင် ကြိုးစားပြီး စကြည့်လိုက်သည်

"ခုဆက်နေတာ ဘယ်သူလဲဆိုတာ ရှင်သိရဲ့လား"

"အမယ်လေး. . . သိပါသော်ကောဗျာ. . . . သိပါတယ်၊ ကောင်းကောင်းကြီး သိပါတယ်. . . လေးစားအပ်ပါသော နယ်စားကတော်ကြီး လေဒီမက်ဇီမော့. . . ခင်ဗျား"

"နောက်မနေစမ်းပါနဲ့ ကမယ်ရယ်၊ ကျွန်မကို မာဂဒါလို့ပဲ ခေါ်စမ်းပါ"

"ဩော်. . . မာဂဒါတဲ့လား၊ ဟုတ်ပါရဲ့. . . ငါတော်တော် ချော်သေးတဲ့ ငနဲပဲ ၊ ဒါပေမယ့် မင်းက ဘာမပြော ညာမပြောနဲ့ စွတ်ပြီးထွက်သွားတော့ ငါလည်း အမှုမဲ့ အမှတ်မဲ့ဖြစ်ပြီး မှတ်ဉာဏ်မရှိတော့သလို ဖြစ်သွားတော့တာပေါ့၊ ဒီအတွက်တော့ ခွင့်လွှတ်ပါ. . . နော် ကဲ. . . ဒီတော့ . . . ဒီတစ်ချီ ငါဘာလုပ်ပေးရ ဦးမလဲ"

"ရှင် ကျွန်မအပေါ် စိတ်ခုနေတာကို ကျွန်မ ဘယ်လိုမှ သဘောမထားပါဘူး၊ ကျွန်မ အမှားဆိုတာကို ကျွန်မသိပါတယ်၊ ဒီရောက်လာပြီးတဲ့နောက် ရှင်နဲ့အဆက်အသွယ် လုံး မလုပ်ခဲ့တာလဲ ကျွန်မအမှားပါပဲ၊ ကျွန်မ ဘယ်လိုဖြစ်နေမှန်းမသိတော့ဘူး . . . ကမယ်ရယ် တစ်ခါတစ်လေ. . . မလုပ်သင့်တာတွေလဲ လျှောက်လုပ်နေမိတော့တာပဲ"

"ဘယ်လိုဖြစ်နေတာလဲ မာဂဒါ၊ မင်းအသံကြည့်ရတာ စိတ်ပျက် အားငယ် နေသလိုပဲ ပဲလား . . .၊ အလျှင်တုန်းက ဒီလိုမဟုတ်ဘူး၊ ဟိုတုန်းကဆိုရင် စိတ်ထန်တယ်၊ တက်ကြွတယ် အခုတော့ ဘာဖြစ်နေရတာ လဲ. . . ငါ့ဆီက အကူအညီလိုချင်လို့ ဆက်တာလား"

"ဟုတ်ပါတယ်၊ ရှင့်ဆီက အကူအညီတောင်းမလို့ "

"အေး. . . ဒါမှပေါ့။ ဒါမှ . . . အလျှင်တုန်းက မာဂဒါအစစ်"

"အကူအညီက ဒီလိုပါ ကမယ်၊ ကျွန်မ သမီးလေးရဲ့ ပုံတူပန်းချီကားတစ်ချပ် ဆွဲပေးစေချင်လို့ပါ"

"ဘုရားရေ. . . တကယ်ပဲ၊ ငါတော်တော် ချော်သေးတဲ့ အကောင်ပဲ၊ မင်း ကလေးမအေ တောင် ဖြစ်နေပြီဆိုတာ ငါလုံးဝမသိသေးဘူး၊ အဲလေ. . . လူ့ဘဝဆိုတာ ဒီလိုပဲ အံ့ဩစရာတွေနဲ့ ကြုံရတတ်တာပဲ မဟုတ်လား"

"ကျွန်မတောင်းပန်ပါတယ် . . . ကမယ်ရယ်၊ ကျေးဇူးပြုပြီး ကျွန်မကို သရော် မနေပါနဲ့တော့ . . . ရှင်၊ ရှင် ကျွန်မကို စိတ်ဆိုးနေတာ ကျွန်မသိပါတယ်၊ ဒါပေမယ့် ကျွန်မတို့ မိတ်ဟောင်းဆွေဟောင်းတစ်ယောက် အနေနဲ့ ဒါကလေးကိုတော့ အကူအညီပေးပါရှင်. . . ကျေးဇူးအများကြီး. . . . "

"ဟုတ်ပါပြီ . . . ဟုတ်ပါပြီ၊ ဒါပေမယ့် . . . ကလေးကို ငါ့ဆီ ဘယ်လိုခေါ်ယူမလဲ၊ ငါက ပြန်ပေးသွား ဆွဲရမှာလား၊ သူ့အန်ကယ်နဲ့ အန်တီတို့ကလည်း လူကုံထံတွေဖြစ်နေတယ်၊ ကလေးကို ငါပြန်ဆွဲပေးရင် လိုလိုချင်ချင် ကူညီကြမယ်မထင်လှဘူး၊ အဲဒီတော့ . . . ငါက သူတို့ကို ဘယ်လို ပြောရမှာလဲ၊ နယ်စားကတော်ကြီးက အင်မတန်စိတ်မကောင်းပါဘူး. . . တဲ့ဆို့ ပြောရမှာလား

မာဂဒါ၏ ပါးပြင်ပေါ်သို့ မျက်ရည်တွေစီးကျလာသည်။

"ကျွန်မကို ဒီလောက်အပြစ်ပေးရရင် ကျေနပ်ပါတော့. . . ကမယ်ရယ်၊ ဒါတွေပြောနေလို့



www.burmeseclassic.com

www.burmeseclassic.com



ယ်သူမှ အကျိုးမရှိပါဘူး၊ ပီတာစကော့ကို ဓာတ်ပုံရိုက်ခိုင်းလိုက်ရင် ဖြစ်နိုင်ပါတယ်၊ ကလေးက န်းခြံထဲ ခဏခဏထွက် တတ်တယ်။ အဲဒါဆိုရင် ဓာတ်ပုံ ကြည့်ပြီးဆွဲနိုင်တာပေါ့"

"ဟုတ်ပြီ. . . သိပ်ကောင်းတဲ့အကြံပဲ၊ ဒါမှ တကယ်မာဂဒါ အစစ်၊ ဟိုတုန်းက မာဂဒါ. . . ရောလုံး၀ မရောတဲ့ မာဂဒါစစ်စစ် . . အေးလေ. . . . ငါကြည့်ပြီးလုပ်လိုက်ပါမယ် စိတ်ချပါ"

"အများကြီးကျေးဇူးတင်ပါတယ် ကမယ်၊ ကျွန်မနှလုံးသားထဲက . . ."

"ဘယ်က"

"တော်ပါတော့ ကမယ်ရယ်၊ ကျွန်မရှိကြီးခိုးပါတယ်။ ကျွန်မအပေါ် ဒီလောက်တောင်မှ စေတနာထားပြီး တကျည်းနေသလား၊ ခွင့်လွှတ်ပါလို့ ကျွန်မတောင်းပန်ပါတယ်၊ . . . ရှင်၊ ဘာပဲပြောပြော ရှင်ကျွန်မကို ကူညီမယ်ဆိုတာတော့ ကျွန်မသိပြီးသားပါ၊ အများကြီး ကျေးဇူးတင်ပါတယ်. . . . ကမယ်" ထို့နောက် သူမက ပုံတူကားကို ဘယ်ကိုပို့ရမည်၊ ဘယ်မှာချိတ်ထားမည်ဆိုသည်ကိုလည်း ကမန်းကတန်း ထပ်ပြောလိုက်သည်။

တစ်ခြားလိုင်းတစ်ဖက်တွင်တော့ ကမယ်ကအပြုံးထက်ဝက်ဖြင့် ခေါင်းကိုခါရမ်းလိုက်သည်။ ပြီးတော့ ဖုန်းကို ဖြည်းဖြည်းကလေး ပြန်ချထားလိုက်သည်။

မာဂဒါက မေ့ဖို့မလွယ်တဲ့ မိန်းမမျိုးပါကလား။ ကမယ်၏ ဘ၀တွင် အလွန်နည်းပါးပြီး အလွန်ထူးခြားသော အမျိုးသမီး အပေါင်းအသင်း တစ်ယောက်ပင်။

အဆင်သင့်ချင်တော့ ကမယ်၏ ကားဒရိုင်ဘာမှာ အလွတ်စုံထောက်ဟောင်းတစ်ယောက် ဖြစ်နေသည်။ သို့နှင့် ကမယ်က ဒရိုင်ဘာအား ဂျဲနက်အကြောင်းကို စုံစမ်းခိုင်းလိုက်သည်။

ဂျဲနက်ကလေးသည် စနေ၊ တနင်္ဂနွေ ရက်အားများတွင် နံနက် ၁၁နာရီမှ မွန်းလွဲ တစ်နာရီ အတွင်း သူမ၏ဖခင်နှင့်အတူ ကင်စင်တန် ပန်းခြံထဲသို့လာ၍ လမ်းလျှောက်လေ့ရှိကြောင်း စုံထောက်ဒရိုင်ဘာ က စုံစမ်းသိရှိရသည်။

ကမယ်က သူ့မိတ်ဆွေ ပီတာစကော့ထံ ချက်ချင်း ဖုန်းဆက်ပြီး အကျိုးအကြောင်း ပြောပြလိုက်သည်။

နောက်တစ်ပတ် စနေနေ့တွင် ပီတာစကော့က ပန်းခြံထဲသွား၍ သူ့စိတ်ကြိုက် ဓာတ်ပုံတွေကို အဝေးရိုက်ကင်မရာဖြင့် လျှို့လျှို့ဝှက်ဝှက်နှင့် ရိုက်ယူလာခဲ့သည်။

သည်လိုနှင့် နောက်တစ်လခန့်အကြာတွင် မာဂဒါ့ထံသို့ အထုပ်ကြီးတစ်ထုပ် ရောက်လာသည်။

အထုပ်ကိုချက်ချင်း ဖောက်ဖွင့်ပြီး အထဲမှ ပန်းချီကားကို မြင်လိုက်ရတော့ မူးမေ့လဲကျ သွားတော့မတတ် မိုက်ကနဲ ခံစားလိုက်ရသည်။

ပန်းချီကားကို မီးခိုးရောင်ဆီဆေးဖြင့် ရေးဆွဲထားသည်။ ခါးအနည်းငယ်ကိုင်းနေသော သူတစ်ယောက်က မိန်းကလေးတစ်ယောက်ကို လက်ဆွဲပြီး ကျောခိုင်းရပ်နေပုံ။ ပန်ချီကားဘောင် သည်း အနက်ရောင်၊ အပေါ်မှ ကားဖုံးအ၀တ်ကလည်း ကတ္တီပါအနက်ရောင်။

မာဂဒါသည် ကုလားထိုင်ပေါ်တွင် ခြေပစ်လက်ပစ်ထိုင်ချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဘုရား. . . . ဘုရား. . . .။ ကမယ်က ငါ့အပေါ်မှာ ခုထက်ထိအခဲမကျေသေးပါလား ဒါဟာ ငါ့ကို တမင်ပြစ်ဒဏ်ခတ်လိုက်တာပဲ။ လုပ်ရက်ပါပေတယ် ကမယ်ရယ်. . .။ ငါ့အပေါ် မောရစ်တို့၊ ဖီလစ်တို့ လင်မယားတွေ နှိပ်စက်ခဲ့ကြတာတွေ ထက်တောင်ပိုဆိုးနေပါရောလား ရှင်လုပ်လိုက်ပုံက ယဉ်ယဉ်ကလေးနဲ့ ကျွန်မအသည်းကို ထိလိုက်လေခြင်း၊ အပ်သေးသေးလေး မထိတထိထိုးဆွနေသလိုပါပဲလား။ ရှင်ကဒီလောက်တောင် ရက်စက်တယ်ပေါ့လေဟုတ်လား နေနှင့်ဦးပေါ့ ပန်းချီဆရာကြီးရယ်. . .။ ရှင့်ကို ကျွန်မသတ်မယ်. . . သတ်မယ်. . .။

ကမယ်က ပညာသားပါပါဖြင့် ထိုးနှက်လိုက်သော ဒဏ်ရာကြောင့် မာဂဒါ အတော်ကလေး ခံလိုက်ရသည်။ ရက်ပေါင်းတော်တော်ကြာတဲ့အထိ အိပ်ရာထဲလဲနေခဲ့ပြီးမှ တဖြည်းဖြည်း နာလန်ပြန်ထူလာနိုင်ခဲ့သည်။

တစ်နေ့မနက်တွင် သူမ အိပ်ရာထဲလှဲနေတုန်း အိမ်ဖော်က အထုပ်တစ်ထုပ်လာပေးသည်။ မြင်လျှင် မြင်ချင်း ကမယ်ဆီမှ ဖြစ်ရမယ်ဆိုတာ ချက်ချင်းသိလိုက်သည်။

လက်တွေ တုန်တုန်ယင်ယင်ဖြင့် အထုပ်ကို ကမန်းကတန်း ဖောက်လိုက်သည်။

မျက်နှာပေါ် ၌ တစ်ခေါင်းလုံးအုပ်ထားသော နက်မှောင်နေသည့်ဆံပင်၊ အပြစ်ကင်းစင်၍ အေးဆေးသိမ်မွေ့သော ချစ်စရာမျက်နှာတို့၏ ပိုင်ရှင် ဂျဲနက်ဆာရာဟက်. . .။ ဆေးရောင်များ လည်း တောက်ပကြည်လင်နေသည်။ ရုပ်ရည်ကလည်း ရွှန်းလက်ဖြူစင်သည်။ မျက်လုံးတွေ မာဂဒါနှင့်ဆင်သည်။ အားလုံးခြုံ၍ကြည့်လိုက်လျှင်တော့ . . . . ရှုဘင့်ရုပ်ရည်ပါပဲ။ ရှုဘင်နှင့် တစ်ထေရာတည်း. . . ချွတ်စွပ်တူနေသည်။ ရှုဘင့်ရုပ်မှ ရှုဘင့်ရုပ်. . . .။

မာဂဒါက ပန်းချီကားကို မျက်တောင်မခတ် စိုက်ကြည့်နေသည်။ အလင်းအမှောင် အချိုးအစား၊ အနေအထား အားလုံးကို အသေးစိတ်စိုက်ကြည့်နေသည်။

ချစ်စရာကောင်းလိုက်တဲ့ သမီးလေး. . . .။ မျက်နှာကလေးကိုက မြင်ရသူ ဘဝင် အေးစရာ. . .။

မာဂဒါက ပန်းချီကားကို ရင်ဘတ်မှာ အပ်ထားလိုက်သည်။ မျက်လုံးအစုံမှ မျက်ရည်များ စီးကျလာကြသည်။

အချစ်မျက်ရည်များ. . . . အလွမ်းမျက်ရည်များ. . .။

နောက်ဆုံးတော့ . . . သူမ လိုချင်တာကိုရခဲ့ပြီ။ ဝမ်းသာ၍ မဆုံးတော့။

စာရေးစားပွဲဆီသို့ လျှောက်လာပြီး ပန်းချီကားကို စားပွဲပေါ်တွင် ထောင်ထားလိုက်သည်။ စားပွဲတင်မီး လုံးကို ဖွင့်လိုက်သည်။ ပြီးတော့ ပီတိရည်လဲ့ရွှန်းနေသော မျက်လုံးများဖြင့် ပန်းချီကားကို တစိမ့်စိမ့် တသိမ့်သိမ့် ကြည့်နေမိသည်။

တော်တော်ကလေးကြာတော့မှ စားပွဲပေါ်မှ တယ်လီဖုန်းကိုကောက်ကိုင်လိုက်သည်။

လောကတွင် သူမအချစ်ဆုံး၊ သူမ အလိုချင်ဆုံး သမီးကလေးကို ပြန်မရနိုင်သည့် တိုင်အောင် . . . တစ်နည်းအားဖြင့် သမီးငယ်၏ ကိုယ်ပွားဖြစ်သော ပုံတူပန်းချီကားကို သူမအား စေတနာအပြည့်ဖြင့် လက်ဆောင်ပေးသည့် ပန်းချီဆရာကမယ်အား ကျေးဇူးအထူးတင်ရမည် မဟုတ်ပါလား။

◆◆◆

www.burmeseclassic.com

www.burmeseclassic.com

# [ ၁၄ ]

…ယွန်သည် ညီဖြစ်သူထံသို့ တစ်နေ့မပြတ် ဝတ္တရားမပျက် သွားရောက်လည်ပတ်သည်။ ရှုဘင်မှာ …ည်း တစ်နေ့ထက်တစ်နေ့ စိတ်အားကိုယ်အား ပြည့်ဝလန်းဆန်းလာခဲ့သည်။

တစ်နှစ်ထက် တစ်နှစ် ကြီးထွားလာသော သမီးငယ်ကို မြင်တွေ့နေရသည်ကပင် သူ့အဖို့ …သုခ ကြီးဖြစ်နေလေသည်။ ပို၍စိတ်ချမ်းမြေ့ရသည်ကတော့ ဂျဲနက်ကလေး၏ မွေးနေ့ …ကျင်းပသည့် အချိန်များပင် ဖြစ်သည်။ မွေးနေ့ဖယောင်းတိုင်ကြီးကို ရွှန်းလက်တောက်ပနေသော …လုံးအစုံဖြင့် စိုက်ကြည့်နေသော သမီးငယ်ကို မြင်ရသည်မှာ ဘဝင်ချမ်းမြေ့စရာ ကောင်းလှ …သည်။ သည်လိုနှင့်ပင်. . . အချိန်တွေ တစ်နှစ် ပြီး တစ်နှစ် ကုန်မှန်းမသိ ကုန်လွန်သွားခဲ့သည်။

ဂျဲနက်ကလေးသည်။ ကိုးနှစ်. . . .၊ ဆယ်နှစ်. . .၊ ၁၁ နှစ်. . .၊ ၁၂နှစ်. . .၊ ၁၃နှစ် …ငယ်တို့ ရောက်လာခဲ့သည်။

ရှုဘင်နှင့် လီယွန်တို့ ညီအစ်ကို နှစ်ယောက်သည် ပန်းခြံထဲတွင် ထိုင်နေကြသည်။ …တို့ရှေ့မှ သုံးချောင်းထောက်ပေါ် တွင်တော့ ဆွဲလက်စပန်းချီကားကို တင်ထားသည်။ ရှုဘင်သည် …ယွန်နှင့် စကားပြော လိုက်၊ ပန်းချီကားကို စုတ်တစ်ချက်တို့လိုက်လုပ်နေရာမှ တစ်ချီတစ်ချီတွင် …က်ကလေးအား လှည့်လှည့်ကြည့် သည်။ ဂျဲနက်က ဖခင်ဖြစ်သူအား ပြုံးပြပြီး ရေးလက်စ …ကို ဆက်ရေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ချစ်လှစွာသော ဘွားလေး. . . .

မနက်ဖြန်ဆိုရင် သမီး၁၃ နှစ်ပြည့်ပါပြီ။ ဖေဖေနဲ့ သမီးတို့ "စကာဘာရာ"ကို သွား ကြမလို့၊ အန်တီဒီဘိုရာနဲ့ အန်ကယ် လီယွန်တို့ကလဲ သွားခွင့်ပြုတယ်၊ သူတို့ အဲဒီလိုခွင့်ပြု သမီးအတွက် မွေးနေ့လက်ဆောင်ပေးတာ၊ ဒီနေ့မှာ သမီးဟာ ကိုယ့်ကိုယ်ကို လူကြီးဖြစ်လာ အောက်မေ့တယ်ဘွားလေး။ သမီးဆီကို လက်ဆောင်တွေပို့ပေးတာ ကျေးဇူးတင်ပါတယ်ဘွား ပုလဲတွေကို သမီးသိပ်ပြီး သဘောကျပါ တယ် . . . .။

ဂျဲနက်ထံမှ စာရောက်လာတိုင်း မြို့စားကတော်ကြီးက မာဂဒါအား ဖုန်းဆက်ပြီး အ အကြောင်းကြားလေသည်။ မာဂဒါက နေ့လည်ပိုင်းလောက်ကျတော့ စာဖတ်ရန် ပေါ် တတ်သည်။

ယနေ့လည်း ခါတိုင်းလိုပင် သူမ ရောက်လာသည်။ မြို့စားကတော်ကြီးမှာ အဆစ်အ ကိုက်ရောဂါကြောင့် လမ်းမလျှောက်နိုင်၍ အိပ်ရာထဲမှာပင် လှဲနေရသည်။

မာဂဒါက ခုတင်ဘေးတွင်ထိုင်ကာ ဂျဲနက်၏ စာကိုဖတ်သည်။ ပြီးတော့ . . . စာအိ ပြန်ထည့်လိုက်သည်။ ပြီးတော့. . . စာ:ကိတ်ကို ဂျဲနက်ကလေးလိုသဘောထားပြီး သူ ရင်ဘတ်ပေါ်တွင် လက်ဝါးနှင့်အုပ်ကာ ဖိထားလိုက်သည်။

BURMESE CLASSIC .com

သူမက မျက်ရည်စမ်းစမ်းဖြင့် မြို့စားကတော်ကြီးအား မော့ကြည့်လိုက်ပြီး. . .

"အချိန်တွေ တော်တော်ကုန်သွားခဲ့ပါရောလား အန်တီရယ်၊ ကြည့်စမ်းပါဦး. . ကျွန်မသမီးလေးတောင် ၁၃ နှစ်ရှိသွားပြီးလေ၊ သူက ပုလဲကို သိပ်ကြိုက်တယ် . . . . အဲဒီပုလဲလေးတွေကို ကျွန်မဆီက ပို့ပေးလိုက်တယ်ဆိုတာသာ သူသိသွားခဲ့ရင်တော့၊ အေးလေ. . . ဘာပဲ ဖြစ်ဖြစ် သူလိုချင်တာ ပေးရရင် ကျေနပ်ပြီလေ. . . " သူမက သက်မတစ်ချက်ချပြီး စကာ ပြောလိုက်သည်။

"ဒါနဲ့ အန်တီ ရက်အားတဲ့တစ်နေ့မှာ ကျွန်မဆီလာလည်ပါလား၊ ကျွန်မကားနဲ့ အ လွှတ်လိုက်မယ် လေ"

"ကျေးဇူးတင်ပါတယ်. . . မာဂဒါ။ အန်တီသိပ်လာချင်ပါတယ်၊ ဒါပေမယ့် ဒီရောဂါ ကြောင့် ဘယ်မှ မသွားချင် မလာချင်တော့ဘူး"

မာဂဒါ၏ စိတ်အာရုံသည် သူမဘယ်တော့မှ မတွေးချင်သော အတိတ်ကာလ ပြန်လွင့်သွားသည်။ အီမီလ်ဂျိုနေး၏ အိမ်တွင် စတင်တွေ့ဆုံခဲ့ရသော မြို့စားကတော်ကြီး ရုပ်သွင်ကို မြင်ယောင်လာသည်။ ထိုစဉ်ကအရွယ်ကလည်း ကောင်းတုန်း၊ အဝတ်အစားကိုလ အဖိုးတန်ကိုမှ ကြော့နေအောင် ဝတ်၍ မြို့စား ကတော်ကြီး၏ ရုပ်သွင်မှာ မြင်ရသူ တကယ် ငေးလောက်သည်။ ယခုတော့. . . ထိုရုပ်သွင်မျိုး မရှိတော့။ အရွယ်ထောက်လာသည်နှင့်အ ဆံပင်တွေလည်း ဖြူစပြုလာပြီ။ ခါးလည်း ကုန်းချင်လာပြီ။ မျက်နှာနှင့် လက်များပေါ်တွင်လ ဇရာရိပ်များထင်စပြုလာကြပြီ။

မာဂဒါ မျက်ရည်စမ်းစမ်းဖြင့် အရဲစွန့်ပြီး ထပ်ပြောလိုက်သည်။

"ဒီလိုဆိုရင် အန်တီနေသာထိုင်သာ ရှိသွားတဲ့အခါ ကျွန်မနဲ့ လာနေပါလား. . . အန်



www.burmeseclassic.com

www.burmeseclassic.com



တော့ မငြင်းပါနဲ့ အန်တီရယ်၊ လက်ခံပါ. . . . နော်"

"မဖြစ်နိုင်ပါဘူး မာဂဒါရယ်၊ ဒီအိမ်ဟာ အန်တီ့အိမ်ပဲ၊ အန်တီက ကိုယ့်အိမ်ကိုယ့်ရာကိုပဲ ချယ်တယ်"

"ဒါပေမယ့် အန်တီ တစ်ယောက်တည်းအခုလို နေနေလို့ ဘယ်ကောင်းပါ့မလဲ၊ အသက် ယ်ထောက်လာချိန်မှာ ပြုစုဖို့လူ ရှိသင့်တာပေါ့၊ ကျွန်မ တစ်လှည့် ပြုစုပါရစေ. . . . အန်တီရယ်"

"မဖြစ်နိုင်လို့ပါ မာဂဒါ"

မာဂဒါက သံသယဝင်မိသည်။ သူဒီလောက် အကြောက်အကန် ငြင်းဆန်နေတာ ကြောင်းရှိရမယ်၊ အဓိကအချက်ကတော့ ရှုဘင့်အပေါ်မှာ သစ္စာဖောက်ခဲ့တာကို ခွင့်မလွှတ်နိုင် ဖြစ်ရမယ်။

နှစ်ယောက်သား စကားတစ်ခွန်းမျှ မပြောဘဲ တစ်ယောက်မျက်နှာကိုသာ တစ်ယောက် ကြည့်နေကြသည်။ အလွန်တရာခင်မင်ရင်းနှီးသော၊ အလွန်တရာမှ သံယောဇဉ်ကြီးသော ဆွေနှစ်ယောက် . . . တစ်ချိန်တည်းတွင် ဘယ်တော့မှ စကားပြောမတည့်သော၊ စိတ်သဘော ချင်း တစ်စက်ကလေးမျှ မတူသော ငြိုးသူ ရန်ဘက်နှစ်ယောက်။

ခင်နှင့် ဂျဲနက်တို့သည် တစ်ယောက်အပေါ် တစ်ယောက် တစ်နေ့ထက်တစ်နေ့ သံယောဇဉ် ခင်ကြီးတင်းလာခဲ့ကြသည်။ သူတို့သား အဖနှစ်ယောက်၏ ဆက်ဆံရေးမှာ ပြောင်းပြန် နေသည်။ သမီးဖြစ်သူက ဖခင်အား မိခင်မေတ္တာ၊ မိခင်စိတ်ဖြင့် ချစ်ခင်တွယ်တာလာသည်။ ခင်က ကလေး၊ သမီးက မိခင်သဖွယ် ဖြစ်လာခဲ့သည်။

ယခုဆိုလျှင် ဂျဲနက်မှာ အပျိုကြီး ဖားဖားဖြစ်နေပြီ။ အသက်ကလည်း ၁၆ နှစ်ပြည့်ခဲ့ပြီ။

ဂျဲနက်ကို ဘယ်အချိန်မှာပင် ကြည့်လိုက် ကြည့်လိုက် ပျော်ရွှင်နေပုံမျိုး မြင်ရသည်။ ကိုပင် ဖခင်ဖြစ်သူက ဝမ်းသာမဆုံး တပြုံးပြုံး ဖြစ်နေသည်။ အမှန်ဆိုလျှင် သည်လောကတွင် က်လောက် မည်သူမှ ဝမ်းနည်း ကြေကွဲစရာ ရှိမည်ဟုပင် မထင်။ သို့သော်. . . ဂျဲနက်က လည်းမနည်း ကြေလည်းမကြေကွဲ။ သူမဘဝတွင် ဘာတစ်ခုမျှ ပူပင်စရာမရှိသလို ပျော်ပျော် ရွှင်နေနေသည်။ သည်အတွက် ရှုဘင်က ဘုရား သခင်ကို ကျေးဇူးတင်မိသည်။

ယနေ့တော့ ဂျဲနက်အား ဝမ်းနည်းပူဆွေးနေသော အသွင်ဖြင့် ရှုဘင်ပထမဆုံး တွေ့ရသည်။ လီယွန်က သူ့တူမအား နှစ်သိမ့်စကား ပြောနေသည်။ သည်လိုဖြစ်ရတာကလည်း ဒါထံမှ စာတစ်စောင် ရောက်လာခြင်းကြောင့် ဖြစ်သည်။ မာဂဒါက စာကိုအမည်နေရပ် ဘဲ ပေးလိုက်သည်။ "မေမေဟာ သမီးချစ်မြတ်နိုးတဲ့ဘွားလေး မြို့စားကတော်ကြီးရဲ့ အလွန် ခင်ရင်းနှီးတဲ့ မိတ်ဆွေတစ်ယောက်ဖြစ်ပါတယ်၊ သမီးရယ်"ဟု စာကိုအဆုံးသတ်ထားသည်။ သည်မှာ မာဂဒါအနေဖြင့် သမီးဖြစ်သူနှင့် နောက်ဆုံးအကြိမ် ဆက်သွယ်ခြင်းဖြစ်ပြီး ဂျဲနက်အဖို့ တော့ သူမ၏ ဒုတိယမိခင် ဆုံးရှုံးခြင်းပင်ဖြစ်သည်။

အကြောင်းသော်ကား ဂျဲနက်အလွန်တရာမှ ချစ်ခင်လေးစားသော ဘွားလေး



www.burmeseclassic.com

www.burmeseclassic.com



မြို့စားကတော်ကြီးသည် သူမ၏ ပါရီမြို့နေအိမ်တွင်ပင် မကြာခင်က အေးချမ်းစွာ ကွယ်လွန်ခဲ့သောကြောင့်ပင်တည်း။

ဂျဲနက်၏ ၁၈ နှစ်မြောက် မွေးနေ့တွင် အန်တီဒီဘိုရာက မွေးနေ့အထိမ်းအမှတ် ပါတီပွဲကလေး စီစဉ်ပေးသည်။ ပါတီပွဲသို့ တက်ရောက်သူများကတော့ စုစုပေါင်းလေးယောက်တည်း အန်ကယ်လီယွန်ရယ် . . . အန်တီဒီဘိုရာရယ် . . ဖေဖေရှုဘင်ရယ် . . . ပြီးတော့ ဂျဲနက်ရယ် ဒါလောက်ပဲဖြစ်သည်။

ရှုဘင်က စားပွဲတစ်ဖက်တွင် သူမ၏ အန်တီနှင့် ဘေးချင်းကပ်ထိုင်နေသော ဂျဲန လှမ်းကြည့်လိုက် သည်။ သမီးငယ်နှင့်အတူ မနေရ၍ သူ့အနေဖြင့် စိတ်မကောင်းဖြစ်ခဲ့ရသော် သမီးငယ်ကို လီယွန်တို့ လင်မယားနှင့်အတူနေရန် ဆုံးဖြတ်ခဲ့ခြင်းမှာ အမှန်ကန်ဆုံး ဆုံးဖြတ်ချက်ဖြစ်သည်ဟု သူက မှတ်ချက်ချမိသည်။

ဂျဲနက်သည် ယဉ်လည်း ယဉ်ကျေးသည်၊ အကြင်နာတရားလည်းရှိသည်။ ပညာ ထက်သည်။ ဂီတအနုပညာတွင်လည်း မခေ။ ကျောင်းကပွဲတိုင်းတွင် သူမပင် စန္ဒရားတီးရ သို့သော်ဂီတကိုတော့ ဝါသနာမပါလှ။ ဝမ်းသာစရာ အကောင်းဆုံးကတော့ သူမသည် "ဟ မိသားစုမျိုးဆက်ဝင် တစ်ယောက် အနေဖြင့် ရှိသင့်သည့် အရည်အသွေးများ အပြည့် ရှိနေခြင်းပင်ဖြစ်သည်။

သူမ ဖခင် ပျော်နေတာကို မြင်ရတော့ သူမကလည်း အလွန်ပျော်သည်။ ဘွားလေးမြို့ ကတော်ကြီး ဆုံးပြီးကတည်းက သူမ၏ အချစ်ကို ဖခင်အပေါ်တွင်သာ ပုံအပ်ထားခဲ့သည်။ သူ လိုဘမပြည့်မှုများ၊ စိတ်ပျက်အားငယ်မှုများကို ဖခင်အား မျှဝေခံစားစေခဲ့သည်။ အမှန်တရားဟူ ဟန်ဆောင်၍မရဆိုတာကို သူမသဘောပေါက်ခဲ့သည်။ သူမ၏ မေမေသည် သူမနှင့် သူ ဖခင်တို့အား ဘာကြောင့် ပစ်သွားကြောင်းကို တော့ ယခုထိ သူမ နားမလည်နိုင်သေး။ သို့ သူမက လုံးဝမပူ။

ဆယ်တန်း မြန်မြန်အောင်ပြီး ဖခင်ကိုလည်း အမြန်ဆုံး ပြုစုလုပ်ကျွေးခွင့်ရပါစေ သာ ဆုတောင်းနေမိသည်။ ယင်းသို့ နေထိုင်နိုင်မည့် အချိန်ကာလကိုပင် သူမစောင့်မျှော်နေရသ သူမက သားအဖနှစ်ယောက်တည်း ကိုယ့်အိမ်ကိုယ်ရာနဲ့ လွတ်လွတ်လပ်လပ် နေချင်သည်။

ထို့ကြောင့် . . . စာကို ကြိုးစားသင်သည်။ ဂီတကို ကြိုးစားဆည်းပူးသည်။ ကျောင်းပြီး ပြင်သစ်ဘာသာသင်ဆရာမနှင့် ဂီတနည်းပြဆရာမ လုပ်မည်။ သို့မှသာ သူမ၏ ဖခင် တစ်လျှောက်လုံး ခံစားခဲ့ရသော ဆင်းရဲဒုက္ခများအတွက် အတိုးချ၍ ပြုစုယုယနိုင်မည်။ ခြေ လက်နယ်ပြုနိုင်မည်။

သူမသည် အန်ကယ်လီယွန်နှင့် အန်တီဒီဘိုရာတို့ကို ချစ်ချင်ပါသည်။ သူတို့က သူတို့အား မိဘအရင်းသဖွယ် ထင်မှတ်လာအောင် အစွမ်းကုန်ကြိုးစားကြသည်။ သို့သော် ဂျဲန အနေဖြင့် ဘယ်လိုမှ ကြိုးစား၍မရ။ အန်ကယ်နှင့် အန်တီတို့ကို အန်ကယ်နှင့် အန်တီတို့ထ



www.burmeseclassic.com

www.burmeseclassic.com



၍သဘောထားလို့ လုံးဝမရ၊ သို့ပေမယ့် . . . သူတို့လင်မယားစိတ်မကောင်းဖြစ်မည်စိုး၍သူမ၏ သဘောထားကိုတော့ ဘယ်တော့မှ ဖွင့်မပြော။

သူမစဉ်းစားကြည့်သည်။ သူမမှာ တစ်ခုလိုနေသည်။ သူများကလေးတွေမှာ ကိုယ့်အိမ်ကိုယ့်ရာနှင့် ရှိကြသည်။ ***သူမမှာမရှိသေး။ ယခုသူမ နေသော အိမ်မှာ သူမ အိမ်မဟုတ်၊ သူသားတစ်ယောက်အဖို့ ကိုယ့်အိမ်ကိုယ့်ရာသည် အဖလည်းဖြစ်သည်၊ အမိလည်းဖြစ်သည်။*** ကိုယ့်အိမ်ကိုယ်ရာနှင့် နေရလျှင် ကိုယ့် ကိုယ်ကိုယုံကြည်သည်။ စိတ်ချသည်။

ယခုတော့သူမမှာ ကိုယ့်အိမ်ကိုယ့်ရာမရှိ၍ သူမ၏ ဝမ်းကွဲညီအစ်ကို မောင်နှမတွေက အထင်သေး ကြသည်။

နေနှင့်ဦးပေါ့. . . ငါ့မှာ ကိုယ့်အိမ်ကိုယ့်ရာရလာတဲ့အခါ သူတို့လာကြပါစေ။ အိမ်ပေါ်တက်တက်ချင်း. . . ဖနောင့်နဲ့ ကန်ချလိုက်မယ်။

တကယ်တော့ . . . သူမ သည်လောက်ထိ စေတနာ မယုတ်ပါ။ သူတို့ လုပ်ပုံကို မခံချင် သွန်း၍ ရုတ်တရက် ဒေါသပေါက်ကွဲမိခြင်းသာဖြစ်ပါသည်။

သူမသည် ၁၁ နှစ်သမီးအရွယ်က ကြုံခဲ့ရသော အဖြစ်အပျက်ကလေးကို ယနေ့တိုင် သတိရနေပါ သေးသည်။

တစ်နေ့တွင် ကျောင်း၌ ဂျဲနက်စန္ဒရား လေ့ကျင့်နေစဉ် သူမ၏ အစ်ကိုဝမ်းကွဲ ဂျူလီယံ ရောက်လာပြီး သူမအား စော်စော်ကားကား လာပြောသည်။

"အံ့မယ်. . . မင်းကလဲ မင်းအမေလို မင်းသမီး လုပ်မလို့. . . ဟုတ်လား. . ."

သူမျက်နှာက စပ်ဖြဖြနှင့်။ ဂျဲနက်အား မတူမတန်သည့် ဟန်မျိုးဖြင့် စောင်းကြည့် ကြည့်နေသည်။

ဂျဲနက်တော်တော်ရှက်သွားသည်။ သို့သော်ဘာကြောင့် ရှက်မှန်းလဲမသိ။

"မင်းသမီးလုပ်တော့ကော. . . ဘာဖြစ်သေးသလဲ"

သူမက ပါးစပ်ထဲပေါ်လာသည့် စကားဖြင့် ပြန်ပြောလိုက်သည်။

ဂျူလီယံက မချိုမချဉ် မျက်နှာထားဖြင့် ပြုံးဖြဖြ လုပ်ရင်း. . .

"ခုနက ငါပြောတဲ့စကားမှားသွားတယ်၊ အမှန်က . . . "ကြာကူလီမ" လို့ ပြောမလို့ . . . အဲဒါ မင်းအမေလုပ်တဲ့ အလုပ်ပေါ့"

ဂျဲနက်က ဘာဘာညာညာ ပြောမနေတော့ဘဲ ဂျူလီယံအား ပါးရိုက်လိုက်သည်။ ပြီးတော့. . . ရင်ကော့ ခေါင်းမော့ပြီး ခပ်တည်တည်နှင့် ထွက်လာခဲ့သည်။

ဂျူလီယံက နောက်မှ လှမ်းပြီး. . . "ဟေ့. . . မအေတူမ။ ဟေ့ မအေတူမ. . . "ဟု လိုက်အော်သည်။

ဂျဲနက်သည် အခန်းထဲ ပြန်ရောက်သောအခါ ချုံးပွဲချပြီး ရှိုက်ကြီးတငင် ငိုသည်။

ဩော်. . . ဖေဖေ. . . သိပ်ပြီးသနားစရာကောင်းတဲ့ ဖေဖေ၊ ဖေဖေ့ကို ပြုစုရမယ် ဖေဖေစိတ်ချမ်းသာ အောင် လုပ်ရမယ်။

ယခုဆိုလျှင် သူမအရွယ်ရောက်ခဲ့ပြီ။ လာမည့် ဇူလိုင်လဆိုလျှင်. . . ၁၉ နှစ်ပြည့်ပြီးပြီ၊



www.burmeseclassic.com

www.burmeseclassic.com



မကြာမီတွင် ဖေဖေ့ကိုတစ်နေရာ ခေါ်သွားနိုင်တော့မည်။ ဘယ်နေရာခေါ်သွား ဆိုတာကိုလည်း စဉ်းစားထားပြီးပြီ။

သူမ အခုပဲ ဆုတောင်းမိသည်။

ဖေဖေ့ အခြေအနေ သည်ထက်ပိုပြီး ဆိုးမလာခင် ဖေဖေကို ပြုစုခွင့် ရနိုင်ပါစေ . .

ပြတင်းပေါက်တွင် ရှုဘင်ထိုင်နေသည်။ အပြင်ဘက်တွင် မိုးတွေ သဲသဲ မဲမဲ ရွာနေသည်။

သူသည် သည်ထပ်ခိုးခန်းကလေးထဲက သည်နေရာ၊ သည်ကုလားထိုင်တွင် သည်လို နေ့ပေါင်းများစွာ ထိုင်ခဲ့ပြီးပြီ။ သည်အခန်းကလေးသည် သူ့အဖို့ ကွန်းခိုရိပ်သာလည်း ဖြစ်သည် တစ်ကျွန်းလည်းဖြစ်သည်၊ အကျဉ်းခန်းလည်းဖြစ်သည်။

ပြတင်းပေါက်မှ ရုတ်တရက် မျက်နှာလွှဲလိုက်သည်။ သူ့ဘဝကိုသူ ဆန်ကုန်မြေ အချည်းအနှီးဘဝဟုသုံးသပ်မိသည်။ သည်လိုဘဝမျိုးဖြင့် လူ့လောကတွင် အသက်ရှင်နေ ခြင်းသည် . . . ဘာများ အကျိုးထူးပါမည်နည်း။

BURMESE CLASSIC .com

ဆွဲလက်စ ဆီဆေးပန်းချီကားကို ကြည့်လိုက်သည်။

တစ်လျှောက်လုံး သူရေးဆွဲလာခဲ့သော မိန်းမပုံများမှာ မာဂဒါနှင့်ချည်း တူနေပါကလား ခန္ဓာကိုယ် ပုံပန်းသဏ္ဌာန်နှင့် ဟန်အမူအရာတွေသာကွဲသည်။ မျက်နှာတွေကတော့ မာဂဒါ မျက်နှာအတိုင်းချည်းပင် ဖြစ်နေကြသည်။

ငါ့ကိုယ်ငါ ဘာဖြစ်လို့ လိမ်ညာနေရတာလဲ။ ငါဆွဲတဲ့ ကားတွေကိုလဲ လူတွေက မကြိုက် ဂျိနက်တစ်ယောက်ပဲ ကြိုက်တယ်။ ငါ့အတွက် သမီးလေးက အလကားသက်သက် စိတ်ပင်ပန်း လူပင်ပန်းနေရတယ်။ ငါ့အတွက် တမင်သက်သက် ဒုက္ခရောက်နေရတယ် . . .၊ ငါက ဘာမှ အသုံး မကျတော့တဲ့ အလကားလူ . . .။ သူက အညွန့်တလူလူနဲ့ အနာဂတ်ခရီးကို ဆက်လျှောက်ရဦးမယ့် မိန်းကလေး . . .။ ငါ့အတွက် ကြောင့် သူ့ခရီးလမ်းမှာ အနှောင့်အယှက် မဖြစ်သင့်ဘူး . . .။

စာရွက်နှင့် ခဲတံယူပြီး စာပွဲပေါ်တွင်ထိုင်သည်။ ပြီးတော့ ဆက်တိုက်ရေးချလိုက်သည်။

***ဖေဖေအချစ်ဆုံးသမီးလေး . . .***

*တကယ်တော့ ဖေဖေ့ဘဝဟာ အသက်ရှင်လျှက် သေနေသူနှင့် ဘာမှ မခြားတော့ပါဘူး သမီးလေး။ ဖေဖေဟာ သမီးအတွက် ဘာမှလည်း မပေးနိုင်ဘူး။ ရှင်လျှက်နှင့် သေနေသူ တစ်ယောက်အတွက် သမီးရဲ့ နုပျိုမှု၊ သမီးရဲ့ အလှတွေကို အနစ်နာ မခံသင့်ဘူး။ ဒါကိုတော့ ဖေဖေ့အနေနဲ့ လုံးဝသဘောမတူဘူး . . . သမီး။*

*ဖေဖေ့ဆန္ဒကတော့ . . . သမီးလေး ဒီမှာ မနေစေချင်ဘူး၊ တစ်နေရာရာကို ပြောင်းသွား သမီး ဟာ ဖေဖေတို့အားလုံးအတွက် အရွယ်နဲ့ မမျှအောင် ခံစားခဲ့ရပြီးပြီ။ အနစ်နာခံခဲ့ပြီးပြီ ဒီမှာဆက်နေလို့ သမီးဘဝ သိက္ခာရှိရှိနဲ့အဆင်ပြေနိုင်မှာ မဟုတ်ဘူး။*

*သမီးကို ဖေဖေ အလွန်ချစ်ပါတယ်။ အမြဲတမ်း ချစ်ပါတယ် . . . သမီးရယ်။*

*ဖေဖေ*



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့တွင် သူ့အခန်းကလေးထဲ၌ ကြိုးဆွဲချသေနေသော ရှုဘင်၏ အလောင်းကို လီယွန်တွေ့ရှိရ လေသည်။

လီယွန်သည် လည်ပင်းတွင်ကြိုးတန်းလန်းနှင့် တွဲလောင်းကြီးသေနေသော သူ့ညီကလေး၏ အလောင်းကိုကြည့်ရင်း . . . ကျောက်ရုပ်ကြီးလို့ မလှုပ်မယှက် ရပ်နေမိသည်။

တော်တော်ကလေး ကြာတော့မှ အသိစိတ် လုံးဝမပါဘဲ ကုလားထိုင်ကို ဆွဲယူပြီး ကြိုးကို ဖြေသည်။ ရှုဘင်၏ အလောင်းသည် ကြမ်းပြင်ပေါ်သို့ ငုတ်တုတ်ကြီး ကျလာသည်။ လီယွန်က အိမ်ခန်းရှင်ကို အော်ခေါ် လိုက်သည်။ အိမ်ခန်းရှင်က ကမန်းကတန်း ပြေးလာသည်။ ရုတ်တရက် ရှုဘင်၏ အလောင်းကို မြင်လိုက်တော့ သူ့မျက်နှာတွင် သွေးဆုတ်သွားသည်။

"ဘုရား. . . ဘုရား. . . လန့်စရာကြီးပါလား. . . " ဟုပြောပြီး အခန်းထဲမှ သွေးရူး သွေးတန်း ထွက်ပြေးသွားသည်။

လီယွန်သည် အရုပ်ကြိုးပြတ်ထိုင်ချလိုက်ပြီး အရိုးပေါ် အရေတင်လျှက် အေးစက်နေသော ရှုဘင်၏ အလောင်းကို ဖက်ကာ ရှိုက်ကြီးတငင် ငိုကြွေးသည်။

BURMESE CLASSIC .com

မကြာမီတွင်ပင် ဒီဘိုရာနှင့် ဂျဲနက်တို့ရောက်လာကြသည်။ ဂျဲနက်မှာ ငိုရင်း တက်ပင်တက် သွားသည်။ အတော်ကလေးကြာမှ သတိပြန်ရလာသည်။ ဘယ်လိုဖြစ်ရတာလဲဖေဖေရယ်၊ ဖေဖေ့အဖြစ်က ဆိုးလှပါကလား ဖေဖေရယ်။ လူမြင်လို့ မှ မကောင်း၊ ကြားလို့မှမကောင်းတဲ့ အဖြစ်ဆိုးကြီး . . . . အဖြစ်ဆိုးကြီးပါလား. . . . ဟု တတွတ်တွတ်ပြောရင်း ငိုနေပြန်သည်။

လီယွန်နှင့် ဒီဘိုရာတို့ကလည်း ဂျဲနက်ကို နှစ်သိမ့်စကားမပြောနိုင်။ နှစ်သိမ့်စရာ စကားလုံးလည်းမရှိ။

နောက်ပိုင်း ဖီလစ်ရောက်လာသည်။ ဂျဲနက်က လုံးဝအဲတွေ့မခံ။ ဖခင်၏ အသုဘအခမ်း အနားသို့ ဖီလစ်ကို လာခွင့်မပြုရန် လီယွန့်ကိုပြောလိုက်သည်။ အခြားဆွေမျိုးသားချင်းတွေလည်း လုံးဝလာရောက်ကြမည် မဟုတ် ဆိုသည်ကို သူမ အတတ်သိသည်။

နောက်တစ်နေ့တွင် ရှုဘင်၏ ကြွင်းကျန်သော ရုပ်ကလပ်ကို မိသားစုသင်္ချိုင်း၌ဂူသွင်း သင်္ဂြိုဟ်လိုက်သည်။ အသုဘ အခမ်းအနားသို့ လီယွန်တို့ လင်မယားနှင့် ဂျဲနက်တို့ သုံးယောက်သာ တက်ရောက်ကြသည်။

အသုဘအခေါင်းကို ဂူထဲသွင်းပြီး နောက်ဆုံးတွင် အပေါက်ကို ပြန်ပိတ်သည်။ ဂျဲနက်က သူမဖေဖေ၏ သင်္ချိုင်းဂူကို တွေတွေကြီး စိုက်ကြည့်နေရာမှ အသံတိတ် ရေရွတ်လိုက်သည်။

ဖေဖေရေ. . . နောက်ဆုံးတော့ . . . ဖေဖေချစ်တဲ့ ဖေဖေ့ ဖေဖေနဲ့ မေမေတို့အနားမှာ . . . ဘယ်တော့မှ မထဘဲ အိပ်ပါတော့ . . . ဖေဖေ။ အိပ်ပါတော့. . . ။

နောက်တစ်နေ့ ညနေတွင်မှ လီယွန်က ဂျဲနက်အား သူမဖေဖေ၏ စာကို ထုတ်ပေးသည်။

စာကိုဖတ်နေစဉ် သူမ ခံစားနေရသော ဝေဒနာသည် သူမ၏ မျက်လုံးများတွင် ပေါ်လာ သည်။ လီယွန်က မကြည့်ရက်သဖြင့် တစ်ဖက်သို့ မျက်နှာလွှဲလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဂျဲနက်သည် သူမဖေဖေ၏ နှလုံးသားထဲမှ ပေါက်ကွဲထွက်လာသော စကားလုံးများ ထပ်တလဲလဲ ပြန်ဖတ်နေမိသည်။

နောက်ဆုံးတော့ မျက်နှာပေါ်တွင် မျက်ရည်တွေ ဖြိုင်ဖြိုင်စီးကျလာသည်။ သူမသည် သူမဖတ်ရသောစာကို အဖြစ်မှန်ဟု မယုံနိုင်အောင်ပင် ဖြစ်မိကာ ခေါင်းကို တသိမ့်သိမ့် ယမ်းနေမိသည်။

ထို့နောက် . . . သူမ မေမေနှင့် ပတ်သက်၍ အကြောင်းစုံကို ပြောပြရန် အန်တီ လီယွန်အား တောင်းပန်လိုက်သည်။

"မလိုအပ်ပါဘူး . . . ကလေးရယ်၊ အထူးသဖြင့် အခုလို အချိန်မျိုးမှာ ပိုပြီး မလိုအပ်ပါဘူး ဒီအကြောင်းတွေ သိရလို့ကော ဘာထူးခြားလာမှာလဲ။ စိတ်ညစ်ရရုံပဲ ရှိတော့မပေါ့. . . ဒါကို မသိချင်ပါနဲ့ . . . သမီးရယ်"

"မဟုတ်ဘူး. . . မဟုတ်ဘူး. . . အန်ကယ်။ ဒီအချိန်ဟာ သိသင့်တဲ့အချိန်ပဲ၊ အလျင်က ကျွန်မသိရ တာတွေက . . . ကိုယ့်ဘာသာကိုယ် ဟိုကကြား၊ ဒီကကြားလို့ သိရတာတွေ။ အပြည့်အစုံ မဟုတ်ဘူး။ ဒီအကြောင်းကို ကျွန်မအနေနဲ့ အတိအကျသိသင့်တယ်လို့ ကျွန်မ လေးလေးနက်နက် ယုံကြည်ပါတယ်. . အန်ကယ်"

လီယွန်က တူမငယ်၏ မျက်နှာကို မော့ကြည့်လိုက်သည်။ သူ တုံ့ဆိုင်းဆိုင်း ဖြစ်နေသည်။

"ပြောပြပါ. . . အန်ကယ်. . . ပြောပြပါ၊ ဒီကိစ္စ ကျွန်မသိကို သိကိုရပါမယ်၊ ကျွန်မကို နောက်ထပ် လိမ်ညာမနေကြပါနဲ့တော့. . .၊ ကျွန်မ အထူး တောင်းပန်ပါတယ်"

နောက်ဆုံးတော့ လီယွန်မှာမနေသာတော့၊ ဖြစ်ကြောင်းကုန်စင်ကို အစမှ အဆုံး တစ်ခုမကျန် အသေးစိတ် ပြောပြလိုက်တော့သည်။

လီယွန် စကားဆုံးသွားသောအခါ ဂျဲနက်သည် ထိုင်ရာမှထကာ ပြတင်းပေါက်အနားတွင် သွားရပ်ပြီး အပြင်ဘက်သို့လှမ်းကြည့်လိုက်သည်။

ပြီးတော့. . . နောက်လှည့်မကြည့်ဘဲ မေးလိုက်သည်။

"ဒါနဲ့ အန်ကယ်. . . မိဘတွေရဲ့ စရိုက်လက္ခဏာ တွေဟာ သားသမီးတွေမှာလဲ ပါလာ တတ်သလား . . . ဟင်"

"ဟင့်အင်း. . . ဟင့်အင်း၊ မပါလာတတ်ပါဘူး သမီးရဲ့ . . ."လီယွန်က ခပ်ခပ်မြန်မြန်ဖြေ လိုက်သည်။ "ဒီအတွက်ဘာမှ မပူပါနဲ့ကွယ်။ သမီးက သမီးအမေနဲ့ လုံးဝမတူပါဘူး"

"လောကမှာ ကျွန်မအလိုချင်ဆုံးအရာဟာ မေတ္တာပဲ အန်ကယ်၊ ကျွန်မလည်း သူများ တွေအပေါ်မှာ မေတ္တာထားချင်တယ်။ သူများတွေကလဲ ကျွန်မကို မေတ္တာထားကြ စေချင်ပါတယ် ကျွန်မအမေ ဘာတွေပဲလုပ်ခဲ့ လုပ်ခဲ့ ကျွန်မအပေါ်မှာ အပြစ်ပုံပြီး မချစေချင်ဘူး၊ ကျွန်မကို ဆွေမျိုးသားချင်းတွေက ဘာဖြစ်လို့ သဘော မကျသလဲဆိုတာ ကျွန်မ ငယ်ငယ်တုန်းက သဘော မပေါက်ခဲ့ဘူး။ ခုတော့ ကျွန်မသဘောပေါက်ပြီ။ သူတို့ အပေါ်မှာလည်း ကျွန်မ အပြစ်မမြင် တော့ပါဘူး၊ ကျွန်မဒီမှာလည်း မနေတော့ပါဘူး၊ လန်ဒန်မှာ ဆက်မနေနဲ့တော့လို့ ကျွန်မကို နောက်ဆုံး ဖေဖေမှာသွားတယ်။ ဒါကြောင့် ကျွန်မနဲ့ သင့်တော်တဲ့ နေရာမှာ ကျွန်မသွားနေတော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"အန်ကယ့် စကားနားထောင်ပါသမီးရယ်။ အမှန်က သမီးဖေဖေဟာ စိတ်တွေဝေ ဆဲ့လူပါ။ ဆုံးဖြတ်ချက်တွေတောင် မမှန်တော့ပါဘူး၊ သူဘာပြောတယ်ဆိုတာကို သူကိုယ်သူ ခင်မှသိမယ်လို့ အန်ကယ်တော့ ထင်တာပဲ"

"ကျွန်မတော့ အဲဒီလိုမထင်ဘူး အန်ကယ်။ ဖေဖေက တကယ်ယုံကြည်လို့ တကယ် ပြောခဲ့တာပါ။ ကဲ. . . အန်ကယ်ကို ကျွန်မတစ်ခုမေးမယ်၊ အန်ကယ်. . . ဖြေစမ်းပါ။ ကျွန်မဒီမှာ လို့ ဘာအကျိုးရှိနိုင်မလဲ၊ ကျွန်မကို ဘယ်သူ လက်ထပ်ပဲ့မလဲ၊ ကျွန်မအန်ကယ်နှင့် အန်တီတို့ကို ဘယ်ပဲ ချစ်ပါတယ်။ အန်ကယ်တို့ နှစ်ယောက်စလုံး ကျွန်မ အတွက် အများကြီး အနစ်နာခံခဲ့ ပါတယ်. . ." လီယွန်က ဖြတ်ပြောမလို့လုပ်တော့ ဂျဲနက်က ကမန်းကတန်းခေါင်းခါရမ်းပြီး ဆက်ပြောလိုက်သည်။ "ပြီးတော့ မိသားစုတွေ စိတ်ဝမ်းကွဲပြားကြတာ ကျွန်မအပေါ်မှာ တာဝန်ရှိ တယ်၊ အန်ကယ်တို့အိမ်မှာ ကျွန်မ နေတာကြောင့် သူတို့ဆီက ဖိတ်စာတွေကို အန်ကယ် လက်မခံခဲ့ဘူးမဟုတ်လား၊ အဲလစ် လက်ထပ်တုန်းကလည်း ကျွန်မကြောင့်ပဲ အန်ကယ် မင်္ဂလာ ဆောင်မသွားဖြစ်ဘူး"

"အဲဒီလို မဟုတ်ပါဘူး၊ သမီးအန်တီနေမကောင်းလို့ပါ"

"ဒါလဲ ဒါပေါ့လေ. . . ဒါပေမယ့် အန်ကယ့် အစ်ကိုကြီး မောရစ်က သူတို့ဖိတ်စာ အန်ကယ်လက်မခံတာ ကျွန်မကြောင့်လို့ ပြောခဲ့တယ် မဟုတ်လား"

"ဒီအကြောင်း သမီးက ဘယ်လိုလုပ်သိတာလဲ"

"ဘယ်လိုလုပ်သိတာလဲ ဟုတ်လား။ ဂျူလီယံက ကျွန်မဆီ စာနဲ့အသေးစိတ်ရေးပြီး ပြောပြလို့ သိရတာ ပေါ့၊ ဘာပဲဖြစ်ဖြစ် အန်ကယ်နှင့် အန်တီတို့ကို ကျွန်မအများကြီး ကျေးဇူးတင် တယ်၊ ကျွန်မအပေါ်မှာ ကောင်းခဲ့တာတွေကို တစ်သက်မမေ့ပါဘူး။ ဒါပေမယ့် ကျွန်မဒီမှာတော့ ဆက်မနေပါရစေနဲ့တော့ . . . အန်ကယ်ရယ်။ ကျွန်မ ပါရီကို သွားပါရစေတော့ . ."

"ဘယ့်နှယ်. . . ပါရီကိုမှ ဘာကြောင့်ရွေးရတာလဲ"

"ကျွန်မဟာ လန်ဒန်နဲ့ ပတ်သက်နေသလို ပါရီနဲ့လဲ ပတ်သက်နေတယ်လို့ ကျွန်မထင် တယ်။ ဒါပေမယ့် မေမေကိုတော့ ကျွန်မ တစ်သက်လုံး မတွေ့တော့ပါဘူး၊ သူ့အခြေအနေ၊ သူ့ဘဝကို ကျွန်မနားလည်ပေမယ့် သူလုပ်ခဲ့တာတွေကို ကျွန်မဘယ်တော့မှ ခွင့်မလွှတ်နိုင်ပါဘူး၊ ပါရီမှာ နေချင်နေလိမ့်မယ်၊ အလျင်က နေခဲ့ဖူးတဲ့နေရာဆိုတော့ နေဖို့ကများပါတယ်၊ ဒါပေမယ့် ကျွန်မသူ့ကို သွားတွေ့ဖို့ ဘယ်တော့မှမကြိုးစားပါဘူး။ ပါရီကို ကျွန်မရွေးရတဲ့ အကြောင်းကတော့ ပါရီဟာ ဖေဖေချစ်တဲ့မြို့လဲဖြစ်တယ်၊ အဲဒီမှာ နေခဲ့ရတုန်းက သူသိပ်ပြီးပျော်ရွှင်ခဲ့တယ်၊ ပြီးတော့ ကျွန်မဘွားလေးမြို့စားကတော်ကြီးနေခဲ့တဲ့ နေရာလဲဖြစ်တယ် ။ ဒါကြောင့် ပါရီကို ကျွန်မ ရွေးရခြင်း ဖြစ်ပါတယ်။

လီယွန်က ဘာမှ ပြန်မပြောဘဲ ငြိမ်ပြီးထိုင်နေလိုက်သည်။ ခဏကြာတော့မှ . .

"သမီးက ဒီလောက်တောင်မှ စိတ်ထက်သန်နေရင်လဲ ဆန္ဒရှိသလိုသာလုပ်ပါတော့လေ၊ အန်ကယ့် အနေနဲ့ သဘောမတူချင်ပေမယ့်လဲ တူရတော့မှာပေါ့၊ ဒါပေမယ့် သမီးအတွက် နေရေး ထိုင်ရေး အဆင်ပြေအောင် စရိတ်စကကိုတော့ . . အန်ကယ်တို့က . ."



www.burmeseclassic.com

www.burmeseclassic.com



"အများကြီးကျေးဇူးတင်ပါတယ် အန်ကယ်။ ဒါပေမယ့် မလုပ်ပါနဲ့ ကျွန်မ တောင်း ပါတယ်။ ကျွန်မမှာ ဖေဖေ ပေးထားတဲ့အထဲကအသင့်အတင့်တော့ကျန်ပါသေးတယ်၊ အန် အန်တီတို့က ကျွန်မတို့ သားအဖနှစ်ယောက်ကို နှစ်ပေါင်းများစွာ ပြုစုထောက်ပံ့ခဲ့ကြ ဒီလောက်နဲ့ပဲ ကျေနပ်ပါတော့ အန်ကယ်ရယ်၊ နောက်ပိုင်းမှာ ကျွန်မဘဝကို ကျွန်မဘာ ထူထောင်ခွင့်ပြုပါ၊ ကျွန်မဟာ ဆရာဖြစ်သင်တန်းလဲ အောင်ပြီးပါပြီ။ ပါရီရောက်တဲ့အခါ တစ် က အင်္ဂလိပ်စာပြပြီး တစ်ဘက်က ဂီတသင်တန်းပြရင် ကျွန်မ တစ်ယောက်စာတော့ ကောင်း လုံလောက်နိုင်ပါတယ်. . . ."

"သမီး တော်တော်ခေါင်းမာပါလားကွယ်၊ အေးအေးဆေးဆေးပြန်ပြီး စဉ်းစားကြ ဦးသမီးရယ်။"

"ကျွန်မသေသေချာချာ စဉ်းစားကြည့်ပြီးပါပြီ အန်ကယ်ရယ်၊ ဒါတော့ကျွန် ခွင့်ပြုစေချင်ပါတယ်၊ သမီးဘဝ သမီးပဲ ကျောင်းပါရစေ"

ဘယ်နည်းနှင့်မျှ ပြော၍ရတော့မည်မဟုတ်ဆိုတာကို လီယွန်က သဘောပေါက်သွားသ

"ဒီလိုဆိုရင်လည်း အဲဒီမှာ သမီးအခြေကျအောင်ထိ လုံလုံလောက်လောက်သုံးစွဲနိုင်အ လို့ အန်ကယ်တို့က ပေးလိုက်ပါရစေသမီးရယ်၊ ဒါတော့ မငြင်းပါနဲ့တော့ လက်ခံပါ"

"ဒါဆိုရင် အဲဒီပိုက်ဆံကို ကျွန်မကို အပိုင်မပေးပါနဲ့၊ ခဏချေးတဲ့ သဘောပဲ နောက်. . . ကျွန်မ အဆင်ပြေတဲ့အခါ ပြန်ဆပ်ပါရစေ"

လီယွန်က ပခုံးတစ်ချက်တွန့်ပြီး ခေါင်းညိတ်လိုက်သည်။

"အေးလေ. . . သမီးကြိုက်သလိုပဲလုပ်ပါ။ သဘောကျသလိုသာ လုပ်ပါတော့၊ ပါ အန်ကယ့်မိတ်ဆွေ ရှေ့နေတစ်ယောက်ရှိတယ်။ သူ့နာမည်က ချားဒရိုင်ဖူးစ်. . . တဲ့ ၊ သမီး မယ်ဆိုတာကို အန်ကယ် စာရေးလိုက်မယ်၊ အနည်းဆုံးတော့ သမီးအတွက်လိုအပ်တာ အကူအညီပေးနိုင်တာပေါ့၊ အန်ကယ်တို့ အနေနဲ့လည်းစိတ်ချရတာပေါ့"

ဂျဲနက်က ထိုင်ရာမှထကာ လီယွန့်ပခုံးပေါ်တွင် သူမ၏ ပါးကို အပ်ထားလိုက်သည်

"ကျွန်မ မှားတာရှိရင် ခွင့်လွှတ်ပါ. . . . အန်ကယ်ရယ်၊ ကျွန်မဟာ အန်ကယ်တို့အ ကျေးဇူး မသိတတ်သလို ဖြစ်နေပြီ၊ ဒါပေမယ့် . . . . အန်ကယ်နဲ့ အန်တီတို့ကို ကျွန်မ အများ ချစ်ပါတယ်၊ ကျွန်မအပေါ် ကောင်းခဲ့တာတွေကို ဘယ်လိုလုပ်ပြီး ကျေးဇူးဆပ်ရမှန်းတောင် တော့ပါဘူး၊ တကယ်တော့. . . အန်တီနဲ့ အန်ကယ်တို့ဟာ ကျွန်မရဲ့ မိဘအရင်းနဲ့ ဘာမျှ မ ပါဘူး"

"အန်ကယ်တို့ကလည်း သမီးကို ကိုယ့်ရင်သွေးလိုပဲ သဘောထားပါတယ်ကွယ်၊ ဒါနဲ့ . . သမီးက ဘယ်တော့ သွားချင်သလဲ"

"ကျွန်မ နှစ်ဆန်းလောက်ထိတော့ နေချင်သေးတယ်၊ ဖေဖေ့နှစ်လည်နေ့မှာ ဖေဖေ့သ ဂူကို ကန်တော့ပြီးတော့မှ သွားချင်တယ်၊ ပြီးတော့ . . . ဖေဖေက ပါရီမြို့ရဲ့ နွေဦးပေါက်ရာ သိပ်ပြီးနှစ်သက်တယ်။ ဒါကြောင့် ကျွန်မလဲ ဧပြီလရောက်တော့မှပဲ သွားတော့မယ်. . နွေဦးပေါက်မှာ ပါရီကို ရောက်နေချင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



လီယွန်က တူမဖြစ်သူ၏ မျက်နှာကို စေ့စေ့ ကြည့်နေသည်။ ပြီးတော့. . . သူ့အနားသို့ ပ်လိုက် သည်။

တူဝရီးနှစ်ယောက် ကျစ်ကျစ်ပါအောင် ဖက်ကာ အတိတ်ကို သတိရရင်း မျက်ရည်ဖြိုင်ဖြိုင် ကြသည်။

လီယွန်က တစ်ခုပဲကိုတ်၍ ဆုတောင်းနေမိသည်။

ဂျဲနက်အတွက် ကောင်းသော အနာဂတ်ခရီး ဖြစ်ပါစေ. . . . လို့။

◆◆◆

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# ဂျဲနက်အကြောင်း

www.burmeseclassic.com

www.burmeseclassic.com

# [ ၁၅ ]

"ဘွာဒင်ဒီနျူလီ" ဂေဟာသည် ၁၈၀၀ပြည့်နှစ် ဝန်းကျင်က ပါရီမြို့၏ အကောင်းဆုံး နယ်မြေတစ်ခုထဲတွင်ရှိခဲ့ပြီး မိသားစု နေအိမ်ကြီး ဖြစ်ခဲ့သည်။ ယခုအချိန်တွင်မူ အိပ်ခန်းငှားစားသော ဘော်ဒါဆောင်ကြီး ဖြစ်နေ ပြီ။

ပထမထပ်တွင် ဧည့်ခန်းမကြီး၊ စားသောက်ခန်း၊ ဧည့်ခံခန်းကလေးနှင့် မီးဖိုခန်းများ ရှိသည်။ ဒုတိယ ထပ်သို့ လှပခမ်းနားသော လှေကားဝိုင်းကြီးဖြင့် တက်ရပြီး၊ ဒုတိယထပ်တွင် အိပ်ခန်းမကြီး၊ သီးသန့် ရေချိုးခန်းနှင့် အလှပြင်ခန်းများ ရှိသည်။ ထို့ပြင် အခြားအိပ်ခန်း နှစ်ခန်းနှင့် အများသုံး ရေချိုးခန်း တစ်ခန်းလည်း ရှိ သေးသည်။ တတိယထပ်မှ ယခင်အိမ်ဖော်များ နေခဲ့သော အခန်းများကိုမူ ဘော်ဒါခန်းများအဖြစ် ပြောင်းလဲ ထားသည်။

ဂျဲနက်မှာ သီးသန့် ရေချိုးခန်းပါသော အိပ်ခန်းကိုရ၍ တော်တော်ကံကောင်းသည်။ အခြားပုဂ္ဂိုလ်များ မှာမူ ညကြီးသန်းခေါင် အိမ်သာဝင်ချင်လျှင် ခန်းမကျယ်ကြီးနှင့် ကြမ်းတပြေးတည်း ရှိသော အများသုံးအိမ်သာသို့ သွားကြရသည်။

ဂျဲနက်သည် အလင်းရောင် ကောင်းကောင်းရသော အခန်းကျယ်ကြီးကို မြင်လျှင်မြင်ချင်း သဘောကျ သွားသည်။ အခန်းနံရံများကိုလည်း ပန်းရောင်နှင့်ခရမ်းရောင်နုနု ဆေးသုတ်ထားသည်။ နှစ်ယောက်အိပ် ကြွေခုတင်ကြီးတွင်မူ အပြာရောင် ကတ္တီပါမွေ့ရာကြီး ခင်းထားသည်။

သို့သော် ဂျဲနက် သဘောအကျဆုံးကတော့ ပြတင်းပေါက်မှ အောက်သို့ ကြည့်လိုက်လျှင် ဥယျာဉ် ကို မြင်နေရခြင်းပင် ဖြစ်သည်။

ဂျဲနက်သည် ဘော်ဒါဆောင်သို့ ရောက်ရှိပြီး ပါလာသော ပစ္စည်းများကို နေရာတကျ သိမ်းဆည်းပြီးသောအခါ သူ့ အန်ကယ်နှင့် အန်တီတို့ထံသို့ စာတစ်စောင်ရေးသည်။ စာကို ရှည်ရှည်မျောမျော မရေးဘဲ လိုရင်း တိုရှင်းပင် ရေးသည်။ ထို့နောက် သူ့ ဖေဖေ ဆုံးသွားပြီး



www.burmeseclassic.com

www.burmeseclassic.com



ကတည်းက သိမ်းထားခဲ့သော နေ့ စဉ်မှတ်တမ်းကို ယူ၍စတင်ရေးသားသည်။

ဖေဖော်ဝါရီလ (၃) ရက်. . .

အချစ်ဆုံး ဖေဖေသို့. . .

ဒီနေ့ ညမှာပဲ သမီး ပါရီကို ရောက်ပါတယ်။

ဆန်လာဂါရီဘူတာမှာ အကြာကြီး ရပ်နေမိခဲ့ပါတယ်။ ခေါင်းထဲမှာတော့ အတွေးတွေ စုံလို့ပေါ့ . . . ဖေဖေ။

အများဆုံးကတော့ ဖေဖေ့ အကြောင်းပါပဲ။ အဲဒီအချိန်မှာ ဖေဖေဟာ သမီးအနားမှာ လာရပ်နေသလိုပဲ ထင်မှတ်နေမိပါတယ်။ သမီးဟာ ဖေဖေအလွန်ချစ်တဲ့ ပါရီမြို့တော်ရဲ့ ချစ်စရာအလှကို လုံးဝ မမြင်ရပါဘူး။ ဘာဖြစ်လို့လဲဆိုတော့. . . သမီး မျက်လုံးတွေထဲမှာ မျက်ရည်တွေ ပြည့်လျှံပြီး မှုန်ဝါးနေလို့ပါပဲ။

အဲဒီနောက်တော့. . . တက္ကစီငှားပြီး ရွှေ့နေကြီး မက်ရှာဒရိုင်ဖြူးစ်ရဲ့ အလုပ်ဌာနကို လာခဲ့ပါတယ်။ သူတို့က သမီးကို သားချင်းတစ်ယောက်လိုပဲ ရင်းရင်းနှီးနှီး ဆီးကြိုကြပါတယ်။ ဖေဖေသာ မြင်ရရင် သိပ်ပြီး ဝမ်းသာမှာပါပဲ။ မက်ရှာဒရိုင်ဖြူးစ်က လူချောလူခန့် တစ်ယောက်ပါ။ သားသုံးယောက်ရှိပါတယ်။ နှစ်ယောက်က ရွှေ့နေလုပ်နေကြတယ်။ တစ်ယောက်ကတော့ ဘဏ်လုပ်ငန်းမှာ လုပ်နေပါတယ်။ ကျွန်မ အတွက် မက်ရှာဒရိုင်ဖြူးစ်ကပဲ ဘော်ဒါခန်း ငှားပေးပါတယ်။

သမီး ဧည့်ခန်းထဲမှာ ထိုင်စောင့်နေတုန်း သမီးခေါင်းထဲ ထူးဆန်းတဲ့ အတွေးတစ်ခု ဝင်လာပါတယ် ဖေဖေ။ တခြားမဟုတ်ပါဘူး။ ဖေဖေဟာ တစ်ချိန်က ရွှေ့နေတစ်ယောက် ဖြစ်ခဲ့ပါတယ်။ ဒါပေမယ့် ဖေဖေ အလုပ်လုပ်ခဲ့တဲ့ "ဟက်" ရွှေ့နေလုပ်ငန်းဌာနရုံးခန်းကို သမီး တစ်ခါမှ မရောက်ခဲ့ဖူးပါဘူး။ အဲဒါကိုပဲ သမီးက တော်တော် ထူးဆန်းတယ်လို့ ထင်မိတာ ဖြစ်ပါတယ်။

သမီးက စန္ဒရား နည်းပြသင်တန်း ဖွင့်မယ့်အကြောင်းပြောတော့ မက်ရှာဒရိုက်ဖြူးစ်က သိပ်ပြီး အားမပေးချင်ပါဘူး။ သူက ပြောပါတယ်။ ပါရီမှာ ထမင်းငတ်နေတဲ့ ဂီတပညာရှင်တွေ ဒုနဲ့ဒေးရှိတယ်တဲ့။ အင်္ဂလိပ်စာသင်တန်းဖွင့်ဖို့ ကိစ္စကိုတော့ သူကအားပေးပါတယ်။

အမှန်အတိုင်း ပြောရရင်တော့. . . သမီး မျှော်လင့်ချက်တွေဟာ နည်းနည်းတော့ ယိမ်းယိုင်ယုတ်လျော့ သွားခဲ့ပါတယ်. . . ဖေဖေ။ ဒါပေမယ့် ပထမတော့ ဒီလိုပဲ အခက်အခဲ တွေကြုံရမှာပါပဲ။

မက်ရှာဒရိုင်ဖြူးစ်ဟာ သိပ်ပြီး စိတ်ကောင်း ရှိပါတယ်။ သမီးက သူ့ကို သမီး ဖေဖေ ဖြစ်လိုက်ပါ တော့လို့တောင် ဆုတောင်းမိပါတယ်။ သူ့ အလုပ်စားပွဲပေါ်မှာ သူ့သားတွေရဲ့ ငယ်ငယ်ဘုန်းက ပုံတွေကို မှန်ထောင်ခေတ်ပုံကားချပ်ကလေးလုပ်ပြီး တင်ထားပါတယ်။ အဲဒါမြင်ရတော့ သမီး ဘဝကို သမီးပြန်ပြီး စဉ်းစားကြည့်မိပါတယ်။ ငါ့မှာ သူတို့လို ပျော်ရွှင် ကောင်းတဲ့ ကလေးဘဝ မရှိခဲ့ပါဘူးလို့ တွေးပြီး အားငယ်မိပါတယ်။ အဲဒီအချိန်မှာ ဖေမေ့ကို



www.burmeseclassic.com

www.burmeseclassic.com



ဘဝကိုပြေးရလိုက်မိတယ်။ မေမေဟာ သမီးတို့ကို ဘာကြောင့်များ အခုလို ရက်ရက်စက်စက် ထားသွားခဲ့ရတာပါလိမ့် ဆိုပြီး အကြောင်းရှာနေမိတယ်။

သမီး ဟန်ဆောင်မနေတော့ပါဘူး. . . ဖေဖေ။ အမှန်အတိုင်းပဲ ပြောပါတော့မယ်။ ဖေဖေ့ကို သမီး အချိန်ရှိသရွေ့ အောက်မေ့နေမိပါတယ်. . . ဖေဖေ။ သည်လို အတွေးတွေ ဝင်လာတိုင်း သမီး စိတ်ဓာတ်ကျမိပါတယ်. . . ဖေဖေ။ ကိုယ့်ကိုယ်ကိုယ်လဲ အယုံအကြည် မရှိတော့သလို ဖြစ်လာမိပါတယ်။ ဒါပေမယ့် ဖေဖေ့ရဲ့ အားပေးစကားတွေကို ကြားယောင်လာပြီး ကိုယ်ငါ လူတစ်လုံး သူတစ်လုံး ဖြစ်အောင် ကြိုးစားမယ်လို့ သန္နိဋ္ဌာန် ချလိုက်မိပါတယ်။ . . . ဒီလောက်နဲ့ပဲ ရပ်ပါတော့မယ်. . . ဖေဖေ။ သမီး အိပ်ရာဝင်တော့မယ် ဖေဖေ။ နှုတ်ဆက်. . . ။

နေ့စဉ် မှတ်တမ်းကို ဖြည်းဖြည်းကလေး ပြန်ပိတ်ပြီး စားပွဲ အံဆွဲထဲ ပြန်ထည့်ထား လိုက်သည်။

ထို့နောက် ပိုက်ဆံအိတ်နှင့် သော့တွဲကိုယူကာ လီယွန်နှင့် ဒီဘိုရာတို့ထံ စာထည့်ရန် အောက်ထပ်သို့ ဆင်းလာခဲ့သည်။ နှစ်ပြလောက် အဝေးတွင် ဈေးဆိုင်တွေရှိသည်။ ဆိုင်တစ်ဆိုင်သို့ ဝင်ပြီး တံဆိပ်ခေါင်းဝယ်သည်။ တံဆိပ်ခေါင်းကို စာအိတ်ပေါ်တွင် ကပ်ပြီးနောက် တစ်ချက်နမ်း လိုက်သည်။ ထို့နောက်. . . လမ်းပေါ်သို့ ပြန်ထွက်လာပြီး စာအိတ်ကို စာတိုက်ပုံးထဲ ထည့်လိုက် သည်။

ဈေးတန်းဘက်သို့ ပြန်လာကာ ပေါင်မုန့်တစ်လုံး၊ ဒိန်ခဲတစ်ထုပ်၊ ငါးသေတ္တာတစ်ဗူးနှင့် ပလတ်စတစ်အိတ် တစ်လုံးဝယ်သည်။ ဒိန်ခဲနှင့် ငါးသေတ္တာဗူးကို အိတ်ထဲသို့ ထည့်သည်။ ပေါင်မုန့် ကိုတော့ ပြင်သစ်လူမျိုးများ၏ ထုံးစံအတိုင်း ချိုင်းကြားညှပ်၍ ယူလာခဲ့သည်။

ယနေ့ညတွင် သူသည် ညနေစာကို စားပွဲရှည်ကြီးတွင် တစ်ခြားလူတွေနှင့်အတူ မစားတော့ဘဲ ကိုယ့်စားပွဲတွင် ကိုယ်တစ်ယောက်တည်းပင် စားလိုက်တော့သည်။ သူများတွေနှင့် အတူစားလျှင် သူတို့က သူ့ကိုသာ မျက်လုံးကျွတ်ထွက်မတတ် စိုက်ကြည့်နေကြသောကြောင့် ဖြစ်သည်။

ညစာစားပြီးတော့ စာဖတ်သည်။ စာထဲမှာ စိတ်မဝင်စား။ စိတ်က တခြားရောက်နေသည်။ ဖြတ်ဖြတ်ဖြစ် ရုပ်တွေကိုသာ သတိသွားရနေမိသည်။

၁၀ နာရီထိုးတော့ စားပွဲတင် မီးလုံးကို ပိတ်လိုက်သည်။ ကြိုးစားပြီး အိပ်ကြည့်သည်။ သို့သော်. . . အိပ်၍မရ။

ပြတင်းပေါက်ဘက် မျက်နှာလှည့်လျက် လရောင်ကိုသာ ငေးကြည့် နေမိသည်။

မီးကို ပြန်ဖွင့်ပြီး စားပွဲတင် နာရီကို ကြည့်လိုက်သည်။ တစ်နာရီ ထိုးနေပြီ။

စိတ်ထဲက ဆန္ဒပြင်းပြလာသဖြင့် လမ်းလျှောက်ထွက်ရန် ဆုံးဖြတ်လိုက်သည်။ ဝမ်းကတန်း အဝတ်အစား လဲပြီး အပြင်ထွက်ကာ စိန်းမြစ်ဘက်သို့ လျှောက်လာခဲ့သည်။

တစ်နာရီ နီးပါးခန့်ကြာသောအခါ မြစ်ကမ်းနားမှ ထိုင်ခုံပေါ်တွင် ထိုင်ရင်း ရေပြင်ပေါ်မှ လရောင် ဖွေးဖွေးကို ငေးကြည့်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ့်နှယ် အချိန်မတော် တစ်ယောက်တည်းပါလား၊ ကျူဝ် ဘာအကူအညီ ပေး
မလဲဟင်. . ."

ပြင်သစ်ရဲသား ဖြစ်သည်။ ဂျဲနက် လန့်၍ပင် သွားမိသည်။ ဘာပြောရမှန်း မသိ၍ ဂျဲန
ရရာ စွတ်ပြောလိုက်သည်။

"အို. . . ဟုတ်ကဲ့. . . နေပါစေရှင်၊ ကျေးဇူးတင်ပါတယ်. . . ကျွန်မ အိမ်ပြန်ရ
ခဏအညောင်းပြေ ထိုင်နေတာပါ"

"ကောင်းပါတယ်၊ အိမ်ပြန်တာ အကောင်းဆုံးပါပဲ၊ ဒီအချိန်မှာ မိန်းကလေး
တစ်ယောက်တည်း လမ်းပေါ်ရောက်နေတာ မကောင်းဘူး"

"ဟုတ်ကဲ့ပါရှင်. . . ကျေးဇူးပါပဲ"

သူက ချက်ချင်း ထပြီး သုတ်ခြေတင် ပြန်လျှောက် လာခဲ့သည်။

အိမ်ခန်း ပြန်ရောက်တော့ မနက် လေးနာရီ ထိုးနေပြီ။ အဝတ်လဲ မနေတော့
အိပ်ရာတွင် ဝင်လှဲလိုက်သည်။ ချက်ချင်းလိုပင် အိပ်ပျော်သွားသည်။

၁၀ နာရီတွင် အိပ်ရာမှ နိုးလာသည်။ စိတ်ရော ကိုယ်ရော လန်းဆန်း ကြည်လင်နေသည်။ စိတ်ဓာ
လည်း တော်တော် တက်ကြွ နေမိသည်။

*ဖေဖေ့ကို ကျေးဇူးတင်ပါတယ် ဖေဖေ၊ ဒီနေ့ဟာ သမီးအဖို့ ပါရီမှာ ဘဝသစ် စတင်ရ
ပထမဆုံးနေ့ပါပဲ။ သမီးဟာ ဒီနေ့ကစပြီး အတိတ်က ဖြစ်ရပ်တွေအတွက်လည်း တွေးပူ
တော့ပါဘူး။ ကိုယ့်ကိုယ်ကိုယ်လည်း လိမ်ညာ မနေတော့ဘူး။ ဖြစ်သမျှကို အားမာန်အပြည့်
ရင်ဆိုင်ပါတော့မယ်။ ဖေဖေကသာ ရောက်ရာ အရပ်က သမီးကို မေတ္တာပို့နေပါ. . . ဖေဖေရ*

မနက်စာကို အခန်းထဲသို့ပင် မှာလိုက်သည်။ ထို့နောက် အဝတ်အစား လဲသည်
သွားတိုက်ပြီး ရေချိုး သည်။ ကိုယ်ကို ရေသုတ်နေတုန်း တံခါးခေါက်သံ ပေါ်ထွက်လာသည်။

"ခဏနေပါဦး. . . ခဏ. . ခဏ"

ကိုယ်ရုံဝတ်စုံကြီး ကမန်းကတန်း ကောက်ဝတ်ပြီး ခါးအောက်ပိုင်းကို စုကိုင်ထား
တံခါးဖွင့်ပေး လိုက်သည်။

သူ့အရွယ်လောက် မိန်းကလေးတစ်ယောက် ပြုံးပြီး ရပ်နေသည်။

"ဂွတ်မောနင်း. . . မေ့ဒ်မွာဆယ်. . . ကျွန်မ နာမည် မာဒလိန်းလို့ ခေါ်ပါတယ်၊ ည
ကောင်းကောင်း အိပ်ရရဲ့လား"

"ဟုတ်ကဲ့ အိပ်ရပါတယ်၊ ကျေးဇူးပါပဲ"

မာဒလိန်းက နံနက်စာဇုန်းကို စားပွဲတွင် လာချသည်။ ပြီးတော့ ပြန်လှည့်ထွက်ရင်း. .

"အေးအေးဆေးဆေးသာ စားပါ. . . မေ့ဒ်မွာဆယ်"

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



...ာ် လမ်းမပေါ် ထွက်လာပြီး အငှားကားတစ်စီး လှမ်းခေါ် လိုက်သည်။ အငှားကားဆရာများသည် ...ာင်းစုံ ပေးနိုင်သူများ ဖြစ်တတ်ကြသည် မဟုတ်ပါလား။

ဂျဲနက်က ကားဆရာအား အလုပ်ရှာ ကြော်ငြာထည့်ရန် အသင့်တော်ဆုံးသော ...ာင်းစာတိုက်တစ် တိုက်သို့ လိုက်ပို့ဖို့ ပြောသည်။ ကားဆရာမှာ ထင်သည့်အတိုင်းပင် တော်တော် ...သူဖြစ်သည်။ ဂျဲနက် အား သတင်းစာတိုက်ရှေ့သို့ လိုက်ပို့သည်။ ဂျဲနက်က ကျေးဇူးတင် ...ားပြောပြီး "တစ်ပ်" ကောင်းကောင်း မပေးလိုက်သည်။

သူသည် သတင်းစာတွင် ကြော်ငြာနှစ်မျိုး ထည့်သည်။ တစ်မျိုးက အင်္ဂလိပ်စာ သင်တန်း၊ ...မျိုးက စန္ဒရားသင်တန်း။

ကြော်ငြာထည့်ခဲ့ပြီးနောက် ကိုယ့်ကိုယ်ကို ကမ္ဘာလှည့်ခရီးသည်လုပ်ရန် ဆုံးဖြတ်လိုက်ပြီး ...မြို့၏ လမ်းတကာကို လျှောက်လည်ကြည့်သည်။

ပါရီတစ်မြို့လုံးသည် သက်ဝင်လှုပ်ရှားနေသည်။ အသံဗလံတွေ၊ ရနံ့တွေ၊ မြင်ကွင်းတွေ ...ထဲတွင် ဂျဲနက် နစ်မြုပ်နေသည်။ ပေါင်မုန့်ဆိုင်တွင် လူတွေ ကြိတ်ကြိတ်တိုး တန်းစီဝယ် ...ကြသည်။ ရူးဒီလာပေ့ဇ် လမ်းပေါ်မှ အထည်ဆိုင်တွေထဲ အမျိုးသမီးတွေ ဝင်လိုက်ထွက်လိုက်နှင့် ...ပျော်ခတ်နေကြသည်။ ဂျဲနက်က ရတနာဆိုင်တွေကို လျှောက်ကြည့်သည်။ လက်ဝတ်လက် ...တွေက အမျိုးစုံနေသည်။ အမျိုးသမီးတိုင်း သွား ရေယိုစရာတွေချည်း ဖြစ်သည်။ အထူးသဖြင့် ...ားယားတိုက်ထွက် ရတနာတွေက ပို၍လှသည်။ ထို့နောက် အတွင်းခံဝတ်စုံ ဆိုင်ကလေးများ၊ ...ါနှင့် ပိုးထည်ဆိုင်များကိုပါ လျှောက်ကြည့်သည်။ လှလိုက်တာမှ စက်စက်ယိုနေကြတာပဲ၊ ...တာနဲ့ ရင်တွေတောင် တဖျပ်ဖျပ်ခုန်လာမိသည်။

ခပ်မြန်မြန်ကလေး လျှောက်လာပြီး အဲဗင်းနယူးဒီလာအော်ပရာ ရိပ်သာလမ်းမကြီးထဲ ...ာခဲ့သည်။ လမ်းဘေးက ဆိုင်တွေမှာ လူတွေပြည့်ကျပ်နေကြသည်။ ခုံလပ်တစ်နေရာတွင် ...င်ကာ လူတွေကို အကဲခတ်လေ့လာ နေမိသည်။ အော်ပရာဇာတ်ရုံကြီးဘက် စောင်းကြည့် ...သည်။ လှလိုက်တဲ့ဖြစ်ခြင်း။ အခုလို အနုပညာ ဖွံ့ဖြိုးတဲ့ နေရာမျိုးကို တစ်သက်နှင့်တစ်ကိုယ် ...က်လာလိမ့်မယ်လို့တောင် ဘယ်တုန်းကမှ မတွေးမိခဲ့ပါဘူး။

ကော်ဖီကြမ်းတစ်ခွက် မှာသောက်ပြီးနောက် စာအုပ်ဆိုင်ဘက် ဆက်လျှောက်ခဲ့သည်။ ...မြို့ မြေပုံကားချပ် တစ်ချပ် ဝယ်သည်။ မြေအောက် ရထားစီး အသေးစိတ် လမ်းညွှန်မြေပုံ ...သည်။ ပါရီမြို့က မြေအောက် ရထားခရီးစဉ်သည် ကမ္ဘာပေါ်တွင် အကြီးအကျယ်ဆုံး ...သည်ဟု ကြားဖူးသည်။ နောက်ထပ် လုဗ်အနုပညာပြတိုက် လမ်းညွှန်းစာအုပ် တစ်အုပ် ...သည်။

ထို့နောက်တွင် အလုပ်သမား မှတ်ပုံတင်ဌာနသုံးခုသို့ သွားပြီး မှတ်ပုံတင်စာရင်း ...ွင်းသည်။

ထိုညတွင် ညစာကို ဘုံစားသောက်ခန်းမှာပင် သွားစားရန် လာခဲ့သည်။ ညစာကို ...နာရီခွဲမှ ကိုးနာရီအထိ ကျွေးသည်။ သူရောက်သွားသည့် အချိန်တွင် အခန်းထဲ၌ လူတွေ ...နေကြပြီ။ အများစုမှာ နှစ်ပေါင်းများစွာ အခန်းငှားနေလာကြသော ပင်စင်စား မုဆိုးမများသာ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ကြသည်။

သူတို့က မျက်နှာစိမ်းများအား ဖော်ဖော်ရွေရွေ မရှိကြ။ ဂျဲနက်အား စားပွဲထိုးမက
မာဒလိန်း တစ်ယောက်သာ အရေးတယူ နှုတ်ဆက်သည်။ အခြား မိန်းမတွေက ဂျဲနက်အကြောင်း
မာဒလိန်းဆီမှပင် သတင်းနှိုက်ကြသည်။

စနေနေ့ မနက်ကျတော့ ဘုရားရှိခိုးကျောင်းသို့ သွားသည်။ ကွယ်လွန်သူများအတွက် ဆုတော
မေတ္တာပို့သရင်း ငိုမိသည်။ ထို့နောက် တိုလာရီးစ်နန်းတော်ဥယျာဉ်သို့ လာခဲ့သည်။ လန်ဒန်
နေခဲ့စဉ်က ဖခင်နှင့်အတူ ဟိုက်ပတ် ပန်းခြံထဲ လျှောက်လည်ကြသည်ကို သတိရ၍ အလွမ်း
လာခဲ့ခြင်း ဖြစ်သည်။

ခုံတန်းလျားတွင် ထိုင်နေစဉ် ကလေးငယ် တစ်ယောက်က ခုံတန်းလျားအောက် ဝင်
သော သူ့ ဘောလုံးကလေးကို ကောက်ပေးခိုင်းသည်။

သူက ကောက်ပေးပြီး ကလေးငယ်၏ ပါးပြင်ကို အမှတ်မထင် တစ်ချက်နမ်းလိုက်သ
ထို့နောက် ကလေးငယ်သည် ခပ်လှမ်းလှမ်းတွင် ထိုင်နေသော မိခင်ရှိရာသို့ ပြေးသွားသည်။

လှပလိုက်တဲ့ ရှုခင်း. . မိခင်နှင့် ကလေး. . . လောကမှာ အလှဆုံး ရှုခင်းပါပဲ။

သူ အလွန်ပျော်သွားသည်။

မနက်ဖြန်ဆိုလျှင် တနင်္ဂနွေနေ့။ ပါရီတွင် သူ၏ ပထမဆုံးသော တနင်္ဂနွေနေ့. . .
မနက်ဖြန်တွင် ဒရိုင်ဖြူးစ်တို့ မိသားစုက သူတို့ အိမ်သို့လာလည်ရန် ဖိတ်ထားသည်။ ပါရီ
သူ့အား ပထမဆုံး ဖိတ်ကြားခံရခြင်းပင် ဖြစ်သည်။

ကလေးတွေနှင့် စကားပြောရင်း၊ ကစားရင်း အချိန်ဖြုန်းရတာ ပျော်
အကောင်းဆုံးပါပဲ။

ဒရိုင်ဖြူးစ် မိသားစုသည် ပါရီမြို့ပြင် ဗာဆေးနန်းတော်အနီးရှိ သက်တမ်း သုံးရာကျော် အိမ်ကြီး
နေထိုင်ကြသည်။ မဒမ်ဒရိုင်ဖြူးစ်မှာ ခင်ပွန်းသည်ထက် အသက် ၂၀ တိတိ ငယ်သော
ခင်ပွန်းဖြစ်သူထက် ခေါင်းတစ်လုံး ရှည်သည်။ သို့သော် သူတို့ လင်မယားနှစ်ယော
တစ်ယောက်အပေါ် တစ်ယောက် အလွန် ကြင်နာယုယကြသည်။ ဒါကိုမြင်ရတော့ ဂျဲနက်
အလွန်ပင် ကြည်နူးဝမ်းသာခြင်း ဖြစ်ရသည်။

"ကလေးတွေကလဲ တူမကို သိပ်ပြီး တွေ့ချင်နေကြတယ်" မဒမ်ဒရိုင်ဖြူးစ်က ပြော
ဂျဲနက်အား ပန်းခြံထဲ ခေါ်လာခဲ့သည်။ ဂျဲနက်အား ငါးနှစ်သားဘာတန်၊ ရှစ်နှစ်သမီး မီ
မိတ်ဆက်ပေးသည်။

ထို့နောက် ပန်းခြံထဲမှ အရိပ်ကောင်းလှသော ဧရာမသစ်ပင်ကြီးအောက်တွင် နေ့လယ်
စားကြသည်။

မက်ရှာဒရိုင်ဖြူးစ်က ဂျဲနက်ကိုကြည့်ပြီး အလွန်ကျေနပ်နေသည်။ ဂျဲနက်က ရုပ်ရည်
အလွန်လှ သည်။ အနေအထိုင် အပြောအဆိုလည်း အလွန်လိမ္မာရည်မွန်သည်။ သူ့ အ



www.burmeseclassic.com

www.burmeseclassic.com



...နှစ် ဆိုပေမယ့် အရွယ်က အသက်ထက် ရင့်ကျက်နေပုံပေါက်နေသည်။ သို့သော် ...လုံးတွေကတော့ ဝမ်းနည်းရိပ် သမ်းနေကြသည်။

"ဘယ့်နှယ့်လဲ. . ဂျဲနက်၊ ဘော်ဒါဆောင်နေရတာ ပျော်ရဲ့လား"

"ဟုတ်ကဲ့. . . ပျော်ပါတယ်. . . အန်ကယ်၊ အန်ကယ့်ကို အများကြီး ကျေးဇူးတင်ပါတယ်"

"ပါရီကိုရော. . ဘယ်လိုသဘောရသလဲ၊ ကြိုက်ရဲ့လား"

"အို. . အန်ကယ်ရယ်. . . လောကမှာ ပါရီကို မကြိုက်တဲ့လူများ ရှိပါဦးမလား"

နောက်ပိုင်းတွင် ဂျဲနက်က အလုပ်အကိုင် မရသေး၍ နည်းနည်းစိတ်မအေးရသေးကြောင်း ...သောအခါ မက်ရှာဒရိုင်ဖြူးစ်က မကြာခင် ရနိုင်စရာရှိကြောင်း၊ ဒီကြားထဲတွင် ပါရီမြို့ထဲ ...တ်ကြည့်ရင်း အချိန် ဖြုန်းသင့်ကြောင်း အကြံပေးသည်။

အိမ်ပြန်ရန် ထိုင်ရာမှ ထသောအခါ မဒမ်ဒရိုင်ဖြူးစ်က ဂျဲနက်အား မကြာခဏလာရန် ...သည်။ မက်ရှာဒရိုင်ဖြူးစ်က ဂျဲနက်၏ လက်နှစ်ဘက်ကို ဆုပ်ကိုင်ပြီး. . .

"ငါ့တူမ စိတ်ချမ်းသာတယ်ဆိုရင် အန်ကယ်တို့လဲ စိတ်ချမ်းသာရမှာပဲ၊ ဘာအကြောင်းပဲ ...အပ် တဲ့အခါ တူမရဲ့ အန်တီ့ဆီကို ဖုန်းဆက်ဖို့ မမေ့ပါနဲ့၊ အန်ကယ်နဲ့ အန်တီတို့ကိုလည်း ...အရင်းအချာလို သဘောထားပါ ဂျဲနက်"

"ဟုတ်ကဲ့ပါ။ အများကြီး ကျေးဇူးတင်ပါတယ် အန်ကယ်၊ အန်တီ့ကိုလဲ မြင်မြင်ချင်း ...အန်တီ အရင်းလိုအောက်မေ့ မိပါတယ်။ ကျွန်မအပေါ်မှာ စေတနာနဲ့ အကူအညီ ...တဲ့အတွက် ဘယ်လို ကျေးဇူးတင်ရမှန်းတောင် မသိတော့ပါဘူး"

"ကျေးဇူးတင်စရာ မလိုပါဘူးကွယ်၊ တူမ ဒီကို ရောက်လာတဲ့အတွက် အန်ကယ်တို့ ...လုံးကလဲ အလွန် ဝမ်းသာနေကြပါတယ်၊ အန်ကယ် တကယ် ပြောတာပါ"

ဂျဲနက်က သူ့ မျက်နှာကို မော့ကြည့်လိုက်သည်။ သူတကယ်ပြောကြောင်း မျက်နှာတွင် ...ထင် နေသည်။

...တွေ တဖြည်းဖြည်း ကုန်လွန်သွားခဲ့သည်။ သည်ရက်များအတွင်း ဂျဲနက်သည် ...ရှာဒရိုင်ဖြူးစ်၏ အကြံပေးချက်အတိုင်း ပါရီမြို့အနှံ့အပြား လျှောက်လည်ကြည့်ရှုသည်။ ...မျှော်စင်ကြီးပေါ်လည်း တက်ကြည့်သည်။ စိန်းမြစ်တောင်ဘက်ကမ်းပါးရှိ စာပေအနုပညာ ...များ ကျက်စားရာ "လက်ဖ်ဘင့်" နယ်မြေအနှံ့ လျှောက်ကြည့်သည်။ စိန်းမြစ်ထဲတွင် လှေစီး ...နာမည်ကျော် ပက်ကျိဟင်းကိုလည်း စားကြည့် သည်။ အပေါ်တွင် ဒိန်ချဉ်ဆီဝေ့နေသော ...နံ စွပ်ပြုတ်ဟင်းကိုတော့ သူ့အကြိုက်ဆုံးပင်။ သည်လိုနှင့် သူသည် ပါရီမြို့ကို တစ်နေ့ထက် ...ချစ်လာခဲ့ပြီ။ ကိုယ့်အိမ်ကိုယ့်ရာ ရောက်နေသလို ထင်မှတ်လာ သည်။ ဖေဖေနှင့် အတူတူသာ ...လည်လိုက်ရလျှင် ဘယ်လောက်များ ပျော်စရာကောင်းလိမ့်မလဲဟုလည်း အောက်မေ့မိ ... သူဘယ်နေရာပဲ သွားနေ သွားနေ၊ သူနှင့်အတူ ဖေဖေနှင့် မေမေတို့လည်း လိုက်ပါနေကြ ...ဟု စွဲလမ်းထင်မှတ်နေသည်။ ထို့ကြောင့် စိတ်ဓာတ်လည်း တက်ကြွလာသည်။ ကိုယ့်ကိုယ် ...လည်း ယုံကြည်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူ့အား ဘယ်သူကမျှ အလုပ်မပေးချင်ကြတာကတော့ စိတ်ဓာတ်ကျ သူအလုပ်လိုချင်ကြောင်း ကြော်ငြာ ထည့်ထားတာကိုလည်း ဘယ်သူမျှ စုံစမ်းခြင်း မရှိ။ အလုပ် မှတ်ပုံတင်ဌာန ကလည်း လုံးဝမခေါ်။

သူ့အနေဖြင့် အန်ကယ်လီယွန်အပေါ်တွင် လိုအပ်တာထက်ပို၍ ကြွေးမတင် တစ်နေ့နေ့တော့ အခွင့်အလမ်း ပေါ်လာမှာပဲလေဟု ကိုယ့်ကိုယ်ကိုယ် ဖြေသိမ့်ရသည်။ သို့ ကမ္ဘာနှင့်အဝန်း စီးပွားရေးကပ်ဆိုက်နေချိန်တွင် အင်္ဂလိပ် စာပြဆရာမနှင့် စန္ဒရားနည်းပြ ဆ ဘယ်သူမျှ ပိုက်ဆံပေး၍ ငှားချင်ကြပုံ မရ။

တစ်နေ့မနက်တွင် မာဒလိန်း မနက်စာလာပို့တော့ ဂျဲနက်မှာ ပျင်းပျင်း ရှိ ပြတင်းပေါက်တွေ ပိတ်ပြီး အိပ်ရာထဲမှာ လှဲနေတုန်း ရှိသေးသည်။

"ဂွတ်မောနင်း. . . မေ့ဒ်မွာဆယ်" မာဒလိန်းက နှုတ်ဆက်သည်။

"ဂွတ်မောနင်း. . . မာဒလိန်း"

"နေမကောင်းလို့လား. . . မေ့ဒ်မွာဆယ်"

"မဟုတ်ပါဘူး. . . မာဒလိန်း၊ စိတ်ဓာတ်ကျလို့ပါ၊ ကျွန်မ အလုပ်ရှာနေတာ မရသေးဘူး"

မာဒလိန်းက နံနက်စာ ဇန်းကို ဂျဲနက်ရှေ့တွင် ချထားလိုက်သည်။

"ကျွန်မကို စိတ်မရှိပါနဲ့. . . မေ့ဒ်မွာဆယ်၊ ဒါပေမယ့် ကျွန်မကတော့ ရှင့်ကို မြင်မြ ခင်မင်မိပါတယ်၊ ရှင်က ကျွန်မကို "တစ်ပ်" ပေးလို့ ပြောတာ မဟုတ်ပါဘူး၊ ကျွန်မအ တကယ့်စေတနာ ထားတယ်ထင်လို့ ခင်မင်မိပါတယ်၊ ရှင့်မှာ မိတ်ဆွေလိုနေတယ်လို့ ကျွန် ပါတယ်။ အပျင်ပြေ စကားပြောဖို့ လူတစ် ယောက်ပေါ့. . . ကျွန်မပြောတာ မဟုတ်ဘူးလာ ဟင်"

"သိပ်ဟုတ်တာပေါ့. . . မာဒလိန်း၊ ကျွန်မမှာ မိတ်ဆွေလဲ လိုနေတယ်၊ အ လိုနေတယ်"

"ဒီတော့ ရှင်ဘာမှ လိုက်မရှာသေးဘူးလား"

ဂျဲနက်က ကြော်ငြာထည့်ထားကြောင်း ပြောပြလိုက်ပြီး နောက်. . .

"အခုတော့ ကျွန်မ အလုပ်မရွေးတော့ပါဘူး မာဒလိန်းရယ်၊ ဘာအလုပ်ပဲ ရတဲ့အလုပ်ဝင် လုပ်တော့မယ်လို့ ဆုံးဖြတ်လိုက်ပြီးပါပြီ၊ တက်နိုင်ရင်လဲ ကူညီပါဦး၊ အများကြီး တင်ပါ့မယ်"

"ဒါဆိုရင်လဲ ကောင်းပြီလေ၊ ဘယ် အလုပ်မဆို လုပ်မယ်ဆိုရင်တော့. . . အမြန်ဆုံး စုံစမ်းလိုက် ပါ့မယ်၊ ကဲ. . . ခုတော့ ကော်ဖီနဲ့မုန့်တွေ စားလိုက်ပါဦး၊ မနက်ဖြန် သေချာတာ မဟုတ်ဘူး၊ ဝမ်း ဟောင်းလောင်းနဲ့ စိတ်ညစ်ရတာထက် ဝမ်းအပြည့်နဲ့ စိတ်ညစ် ပိုပြီး သက်သာမယ် မဟုတ်လား. ."

တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ပြုံးလိုက်ကြသည်။ ထိုအချိန်မှ စ မိတ်ဆွေရင်းချာတွေ ဖြစ်သွားကြပြီ ဆိုသည်ကို နှစ်ယောက်စလုံးပင် သဘောပေါက် လိုက်ကြ



www.burmeseclassic.com

www.burmeseclassic.com



သည်လိုနှင့် နောက်သုံးရက် အကြာတွင် မာဒလိန်း၏ ကျေးဇူးကြောင့်ပင် ပင်မင်းဆိုင် ဆိုင်တွင် ဂျဲနက် အလုပ်ရသည်။ ဆိုင်ရှင်မှာ မာဒလိန်း၏ ဦးလေးဖြစ်သည်။

ဂျဲနက်သည် မနက် ၇-နာရီမှ ည ၇-နာရီအထိ အလုပ်ဆင်းရသည်။ တစ်ခါတစ်ရံ ၈-နာရီအထိ လုပ်ရသည်။ သူသည် ဆပ်ပြာမှုန့်ကို ရေနွေးနှင့် ဖျော်ပြီး အဝတ်လျှော်ရသည်။

တစ်နေ့တွင် အလုပ်သမားတစ်ယောက် နေမကောင်း၍ ခွင့်ယူသောအခါ ဂျဲနက်အား မီးပူတိုက် အလုပ်ကိုပါ ခိုင်းသည်။ သူကျွမ်းကျွမ်းကျင်ကျင် လုပ်နိုင်တာကိုမြင်တော့ ဆိုင်ပိုင်ရှင် ဦးလေး တော်တော်သဘော ကျသွားသည်။ နောက်တော့ ဂျဲနက်အား အဝတ်မလျှော်ခိုင်းတော့ဘဲ မီးပူသာ တိုက်ခိုင်းတော့သည်။ ဂျဲနက် ခမျာ အလုပ်တွင် ချီးကျူးခံရသော်လည်း လုပ်ခကျတော့ အနည်းငယ် ပေးရုံမျှသာ ရသည်။

နေ့တိုင်း မနက် ၅ နာရီခွဲတွင် မထချင် ထချင် အိပ်ရာမှ လူးလဲထရသည်။ မြို့ကိုဖြတ်ပြီး လမ်းလျှောက်ရထားဖြင့် အဝေးကြီး စီးရသည်။

အလုပ်ခွင်သို့ ၇ နာရီ မထိုးခင်ကလေးတွင် ဝင်တော့ အိမ်က ဝတ်လာသော အဝတ်အစားများကို ချွတ်ပြီး အဝတ်ဖြူကြီးကို ဝတ်ရသည်။ သည်နောက်ပိုင်းတွင်တော့ မထိုင်တမ်း တစ်နေ့လုံးရပ်ပြီး အဝတ်တွေ တစ်ထည်ပြီး တစ်ထည် မီးပူတိုက်ရတော့သည်။

အလုပ်ပြီးတော့ တစ်ကိုယ်လုံး တောင့်တင်းကာ ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။ ကြာကြာသော် ထိုင်မနေအား။ ကမန်းကတန်း အဝတ်အစား ပြန်ဝတ်ပြီး အိမ်ပြန် ရထားမီအောင် ဘူတာပြေးရသည်။

ဤသည်ကား ရုပ်ရည်ချောမောလှပသော၊ လိမ္မာရေးခြားရှိသော၊ အင်္ဂလိပ်စာနှင့် ပြင်သစ်စာများကို ဆရာ ဖြစ်တတ်ကျွမ်းသော မိန်းမပျိုတစ်ယောက်၏ တစ်သက်တာတွင် ပထမဆုံး လုပ်ကိုင်ရသော အလုပ်ပင်တည်း။

တစ်ညတွင် အလုပ်မှ အိမ်ပြန်ရောက်တော့ မက်ရှာဒရိုင်ဖြူးစ်ထံမှ တယ်လီဖုန်းခေါ်ကြောင်း၊ နောက်တစ်နေ့တွင် သူ့ထံ ပြန်ဆက်စေလိုကြောင်း သိရှိရသည်။

သို့နှင့် မနက်အိပ်ရာမှ နိုးနိုးချင်း မက်ရှာဒရိုင်ဖြူးစ်ထံ ဖုန်းလှမ်းဆက်သည်။

"ဩော် . . . ဂျဲနက်လား၊ အတော်ပါပဲ၊ ဒီနေ့ ညနေပိုင်း အားမလား . . . အန်ကယ် အလုပ်တစ်ခု စုံ စမ်းထားလို့ ညနေသုံးနာရီ လာနိုင်မလား"

"ဟုတ်ကဲ့ပါ အန်ကယ်၊ ကျွန်မ ဆက်ဆက်လာခဲ့ပါ့မယ်"

ဂျဲနက်က သက်မတစ်ချက် ချလိုက်သည်။ သူ့အလွန်ပျော်သွားသည်။

ထိုနေ့ အလုပ်ရောက်တော့ နေ့ဝက်သာ လုပ်ပြီး ကောင်းကောင်း နေမကောင်းဟု အကြောင်းပြကာ ခွင့်ယူပြီး အိမ်သို့ ပြန်လာခဲ့သည်။

အိမ်ရောက်တော့ ရေမိုးချိုး အဝတ်အစားလဲပြီး မက်ရှာဒရိုင်ဖြူးစ်၏ ရုံးခန်းသို့ ထွက်လာခဲ့သည်။

"အလုပ်ကတော့ ကလေးထိန်း ဆရာမအလုပ် ဆိုပါတော့ . . . ဂျဲနက်" ရောက်ရောက်ချင်း



www.burmeseclassic.com

www.burmeseclassic.com



ပင် မက်ရှာ ဒရိုင်ဖြူးစ်က ပြောပြသည်။ "ဒူပရေးမိသားစုအိမ်ကြီးမှာ လုပ်ရမယ်၊ မဒမ်ဒူပ မကြာမီကပဲ သမီးနဲ့ သမက် ကားတိုက်ခံရလို့ ဆုံးသွားရှာကြတယ်၊ သူတို့မှာ ကလေးသုံးယော ကျန်ရစ်ခဲ့တယ်၊ အဲဒီကလေးတွေ ကို မဒမ်ဒူပရေးကပဲ တာဝန်ယူ စောင့်ရှောက်ထားရတယ်"

မက်ရှာဒရိုင်ဖြူးစ်က သက်မတစ်ချက် ချလိုက်သည်။ ကွယ်လွန်သူ သူ၏ ပထမ သတိသွားရ မိသောကြောင့် ဖြစ်သည်။ ပြီးတော့ ဆက်ပြောသည်။

"အဲဒါ ဘယ့်နှယ့်လဲ၊ ဒီအလုပ်ရရင် လုပ်နိုင်မလား"

"ဟုတ်ကဲ့. . . လုပ်နိုင်ပါတယ် အန်ကယ်၊ ရရင် လုပ်ချင်ပါတယ်"

"ဒါဆိုရင်. . . ဒူပရေး မိသားစုအကြောင်း ကြိုတင်သိထားရအောင် အန်တ အကျဉ်းချုပ်ပြီး နည်း နည်း ပြောပြမယ်" ဟု အစချီကာ ပြောပြသည်။

မဒမ်အန်တွိုင်းနက် ဒူပရေးနှင့် မာရှယ်ဟင်နရီဒူပရေးတို့၏ ဘိုးဘွား ဘီဘင်များ ပြင်သစ်သမိုင်းတွင် ထင်ရှားသော ဘူဘိုးမင်းဆက်များ ခေတ်ကတည်းက ဆင်းသက်လာ သူကောင်းမျိုးများ ဖြစ်ကြသည်။ ပြင်သစ်တော်လှန်ရေးကြီး ပေါ်ပေါက်ပြီး နောက်မှ သူကောင်းမျိုးများ ဩဇာအာဏာ ယုတ်လျော့သွားသော်လည်း ကြီးကျယ်ခန်းနားသော ကိုယ့် ကိုယ့်ခြံ ကိုယ့်စံအိမ်ကြီးများနှင့် တစ်ခမ်းတစ်နား နေလာ ခဲ့ကြသည်။

မဒမ်ဒူပရေးမှာ အပျိုဘဝတုန်းက အလှဘုရင်မ တစ်ပါးဖြစ်ခဲ့သည်။ ဟင်နရီဒူပ မှာလည်း ပါရီတစ်မြို့လုံးတွင် အချောဆုံး လူငယ်တစ်ယောက်ပင် ဖြစ်သည်။ ထို့ကြောင့်လည်း သူတို့နှစ်ယောက်၏ လက်ထပ်ပွဲသည် ပါရီတစ်မြို့လုံး၏ စိတ်ဝင်စားစရာ သတင်းကြီးတစ် ဖြစ်ခဲ့သည်။

လက်ထပ်ပြီး တစ်နှစ်ခန့်ကြာသောအခါ သမီးကြီး ဒင်းနစ်ကို မွေးသည်။ နောက်နှစ် ကြာတော့ သားတစ်ယောက် ထွန်းကားဖြစ်သည်။ ဟင်နရီဒူပရေး၏ ဖခင်အမည်ကိုယူကာ ပေါ်ဟူ၍ နာမည်ပေး သည်။ မဒမ်ဒူပရေးက သားသမီးတွေ အများကြီး လိုချင်သည်။ သို့သော်. . . ဆန္ဒမပြည့်ဝတော့။ တတိယ သားကို မွေးပြီးသောအခါ နောက်ထပ် သားသမီး မမွေးနိုင်တော့ ဆရာဝန်တွေက ပြောသည်။ တတိယသားအား မဒမ်ဒူပရေး၏ ဖခင်အမည်ကိုယူကာ အက်ရှ နာမည်မှည့်သည်။

"မာရှယ်ဒူပရေး ကွယ်လွန်သွားတာကတော့ လေးနှစ်လောက် ရှိပါပြီ" မက်ရှာဒရိုင်ဖြူး ဆက်ပြော နေသည်။ "အဖွားကြီးက လင်သောကနဲ့ပဲ အိပ်ရာထဲမှာ လဲနေရှာတယ်၊ ဒီကြာ တစ်ဦးတည်းသော သမီးကြီးနဲ့ သမက်တို့က အသေဆိုးနဲ့ သေသွားကြပြန်တော့လဲ ဖိထောင်းသလို ဖြစ်သွားတာပေါ့၊ ဒါပေမယ့် အဖွားကြီးအတွက်က သိပ်ပြီး တာဝန် မရှိပါ တခြားပြုစုမယ့် သူတွေ ရှိပါတယ်၊ အရေးအကြီး ဆုံးက မိတဆိုး ဖတဆိုး ကလေးသုံးယောက် ကလေးတွေက ဟိုတုန်းကတော့ မိဘတွေနဲ့ ပရိုဗင့်စ်မှာ နေခဲ့ကြတာ၊ အခု မိဘတွေ မရှိ အဘွားဆီ ရောက်လာကြတယ်၊ အလျင်ရှိနေတဲ့ ကလေးထိန်း အမျိုးသမီးက အသက်လဲ ကြီး ကျန်းမာရေးလဲ သိပ်မကောင်းလို့ သူ့ဌာနေကို ပြန်ချင်နေတယ်၊ အဲဒါကြောင့် သူ့နေရာမှာ အမြန် လူစားခန့်ထားဖို့ လိုနေတာ၊ တူမအနေနဲ့ တခြားအလုပ်မရခင် ဒီအလုပ်ဝင်လုပ်ရင် ကောင်းမ



www.burmeseclassic.com

www.burmeseclassic.com



အန်ကယ်က အခုလို ခေါ်လိုက်တာပဲ"

"ကျွန်မက ကလေးတွေကိုပဲ တွေးကြည့်ပြီး သနားမဆုံး ဖြစ်နေမိပါတယ် အန်ကယ်. . . "
တက မျက်ရည်ရွှန်းရွှန်းဖြင့် ပြောလိုက်သည်။

"ဒါပေါ့. . . ဒါပေါ့၊ သိပ်ပြီး စိတ်မကောင်း စရာပါပဲ၊ ဒါနဲ့. . . ဒီအလုပ် စိတ်ဝင် ခဲ့လား"

"စိတ်ဝင်စားပါတယ်. . . အန်ကယ်၊ ဒီအလုပ်အတွက် ကျွန်မမှာ အရည်အချင်း စုံတယ်လို့ အန်ကယ် ထင်ပါသလား"

"အို ဘယ့်နှယ် မထင်ပဲနေပါ့မလဲ၊ တူမမှာ အရည်အချင်း အပြည့်ရှိပါတယ်၊ အန်ကယ်က ရှန်ဒူပရေးကို တူမအကြောင်း ပြောပြလိုက်ပြီးပြီ၊ အဲဒါ. . . သူက လူတွေ့ စစ်ဆေးချင်တယ်တဲ့၊ ဖြန် မနက် ၁၀ နာရီ သွားနိုင်ပါ့မလား"

"ဟုတ်ကဲ့ သွားနိုင်ပါတယ် အန်ကယ်၊ ကျွန်မ သွားနိုင်ပါတယ်. . . "

"ဒါဖြင့်. . မနက်ဖြန် တူမ လာမယ်ဆိုတာ အက်ရှန့်ဆီ တယ်လီဖုန်း ဆက်ထား ပါ့မယ်၊ တူမကြီး ကံကောင်းပါစေကွယ်. . . "

"ကျေးဇူးကြီးလှပါတယ်. . . အန်ကယ်"

ဘာဟူးဂိုး လမ်းမကြီးပေါ်မှ စံအိမ်ကြီးရှေ့တွင် ရပ်ကာ ဂျဲနက် ချီတုံချတုံ ဖြစ်နေမိသည်။ ကြီးတွင် ပြတင်းပေါက်တွေ ပိတ်ထားသည်။ သူမ စိတ်ထဲတွင် မဝံ့မရဲ ဖြစ်နေမိသည်။

စိတ်ကို တင်းကာ အုတ်ခင်းလမ်းအတိုင်း ဖြည်းဖြည်း လျှောက်လာခဲ့သည်။ လှေကား သို့ တစ်လှမ်းချင်း တက်လာသည်။ အိမ်ရှေ့တံခါးဝတွင် ဝမ်းနည်းခြင်း အထိမ်းအမှတ်အဖြစ် တ်ရောင်ပိတ်စ ချိတ်ထားသည်။

လူခေါ် ခေါင်းလောင်းကို နှိပ်လိုက်သည်။

အသက်ကြီးကြီး အိမ်စေမှူးတစ်ယောက် ထွက်လာပြီး တံခါးဖွင့်ပေးသည်။ သူက တ်အား စာကြည့်ခန်းသို့ ခေါ်လာခဲ့သည်။

"ဒီမှာ ခဏထိုင်စောင့်ပါ၊ မက်ရှာဒူပရေး ဆင်းလာပါလိမ့်မယ်"ဟု ပြောပြီး အိမ်စေမှူး ထွက်သွားသည်။

ဂျဲနက်က နောက်မှီပါသော လက်တင်ကုလားထိုင်တွင် ထိုင်လိုက်သည်။

တစ်ခန်းလုံးမှာ သေသပ်ပြောက်လက်နေသည်။ ခန်းလုံးပြည့် ကော်ဇော်ကြီး ခင်ထားသည်။ ပ် စာအုပ်စင်များတွင် လှပခမ်းနားသော ရွှေစကားဝါဖုံး စာအုပ်ထူကြီးများ အစီအရီ နက်နေသည်။

မီးလင်းဖိုအပေါ်မှ နံရံတွင် မာရှယ်ဒူပရေး၏ စစ်ဝတ်စုံအပြည့် ရင်ဘတ်တွင် ဆုတံဆိပ် အပြည့်ဖြင့် ပုံတူကားချပ်ကြီးကို ချိတ်ဆွဲထားသည်။ မဒမ်ဒူပရေးက သည်ပုဂ္ဂိုလ်ကြီးကို မြင်ချင်း ချစ်မိမည်မှာ သေချာသည်။ ဂျဲနက် တွေ့ဖူးသမျှ လူတွေအနက် ခန့်ချောအချောဆုံး လ်ပင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာချင်းဆိုင် နံရံတွင် ကပ်ထားသော မျိုးရိုးအစဉ်အလာ တံဆိပ်ကြီးမျာ လှမ်းကြည့်လိုက်စဉ် အခန်းတံခါး ပွင့်လာသည်။ ဂျဲနက်ရင်တွေ တုန်သွားမိသည်။ ကုလားထိုင် ပြင်ထိုင်လိုက်ပြီး လက်နှစ်ဘက်ကို ပေါင်ပေါ်တွင် ထပ်ထားလိုက်သည်။

တံခါးပေါက်ဆီသို့ တဒေါက်ဒေါက်နှင့် လာနေသော အသံကို ကြားရသည်။ နောက် တွင် အက်ရှန် ဒူပရေးသည် ဂျဲနက်ရှေ့တွင် လာရပ်သည်။ သူ့ကို ရုတ်တရက် မြင်လိုက်ရ ဂျဲနက် အံ့အားသင့်သွားသည်။ သူမ မျက်နှာပေါ်က အံ့အားသင့်သွားသော အမူအရာကို မမြင်ပါစေနှင့်ဟူ၍ ကျိတ်ပြီး ဆုတောင်းလိုက် မိသည်။

ဂျဲနက် အံ့ဩသွားမိခြင်းမှာ တခြားကြောင့် မဟုတ်။ အက်ရှန်ဒူပရေးမှာ ခြေထော တစ်ဘက် ရောင်နေပြီး တောင်ဝှေးဖြင့် လမ်းလျှောက်လာသောကြောင့် ဖြစ်သည်။ ခြေထော ရောင်နေသည့် အပြင် ကျောကလည်း မသိမသာ ကုန်းနေသည်။ ညာဘက်အင်္ကျီလက်မောင်း အနက်ရောင် လက်ပတ် စည်းထားသည်။

သူ့အသက်မှာ ၂၅နှစ်သာ ရှိသေးသော်လည်း နားသယ်နှစ်ဘက်တွင် ဆံပင် ဖြူစပြုနေကြပြီ။ ဂျဲနက်က ဒူပရေးအား သူ့ ဖေဖေနှင့် အလွန်တူသည်ဟု ထင်မိသည်။ အထူး မျက်ခုံးမျက်လုံး အလွန်တူသည်။ မျက်ခုံးထူထူ၊ မျက်လုံးနက်နက်နှင့် အကြင်နာတရားရှိ မျက်နှာပေါက် ဖြစ်သည်။ သို့သော် သူ့ရုပ်ရည်ကို ခြုံကြည့်လျှင် ရုပ်ချောသူတစ်ယောက် ဟု မဆိုနိုင်။

ဂျဲနက်က ဒူပရေး၏ ကိုယ်အင်္ဂါချို့တဲ့မှုကို သတိမပြုမိသလို ကြိုးစား၍ ဟန်ဆော ထားသည်။

ဒူပရေးက စားပွဲနောက်မှ ကုလားထိုင်တွင် ဝင်ထိုင်သည်။ သူ စကားစပြော အခါတွင်လည်း ဂျဲနက်မှာ အံ့အားကြီးသင့်ရပြန်သည်။ သူ့ အသံက ထူးထူးခြားခြား အသံ ပါနေသောကြောင့်ဖြစ်သည်။ စကားပြောရာတွင် မြန်သော်လည်း ပြတ်သားကြည်လင် ဂျဲနက်အား "မေ့ဒ်မွာဆယ်"ဟု အာလုပ်စကား တပ်၍ ခေါ်ရာတွင်လည်း ကြားရသူအဖို့ နဝ ရှိလှသည်။

"မင်းသိတဲ့အတိုင်း. . . မက်ရှာဒရိုင်းဖြူးစ်ရဲ့ ထောက်ခံချက်အရ မင်းကို ခုလို ရတာပါပဲ၊ မက်ရှာဒရိုင်ဖြူးစ်က ထောက်ခံတယ်ဆိုရင် တို့ကလည်း စိတ်ချယုံကြည်ပြီးသာ ဒါပေမယ့်. . . ကလေးသုံး ယောက်ကို ထိန်းသိမ်းရမယ့် တာဝန်ဟာ မသေးဘူး၊ အရေးကြီး ကတော့ ကလေးတွေအပေါ်မှာ ချစ်ခင် ကြင်နာမှု ရှိဖို့ပါပဲ၊ ပွင့်ပွင့်လင်းလင်း ပြောရမယ်ဆိုရင် မင်းက တော်တော် ငယ်ရွယ်သေးတယ်၊ ဒီလိုအလုပ်မျိုး ဝင်လုပ်တာ ကိုယ့်အတွက် အကျိုးမ နောက်ဆုံး စိတ်ညစ်ရတာပဲ အဖတ်တင်မှာ စိုးရတယ်"

သူမ၏ အသက်အရွယ်သည် အလုပ်ရှာရာတွင် "စကားပြော" လိမ့်မည်ဆိုတာ နဂိုကပင် ဂျဲနက် ကြိုတင်တွက်လာခဲ့ပြီး ဖြစ်သည်။ သို့သော် သူက စိတ်မာတ်မ ခပ်အေးအေးပင် ပြန်ပြောလိုက်သည်။

"ကျွန်မကတော့ အဲဒီလို မထင်ဘူး. . . မက်ရှာ၊ စောစောက မက်ရှာ ပြောသ



www.burmeseclassic.com

www.burmeseclassic.com



...က အချက်ကတော့ ကလေးတွေအပေါ်မှာ ချစ်ခင်ကြင်နာမှု ရှိဖို့သာ အရေးကြီးတယ်လို့ ကျွန်မ ...ကြည်ပါတယ်၊ အဲဒီအရည်အချင်း ကျွန်မမှာ ရှိတယ်ဆိုတာကိုလည်း ကျွန်မယုံကြည်ပါတယ်"

ဂျဲနက်၏ စကားကို ဒူပရေး သဘောကျသွားသည်။ သူက အတွင်းစိတ်ကို စေ့စေ့စပ်စပ် ...ခတ်ရင်း ကလေးတွေ အကြောင်းကို ဆက်လက် ပြောပြသည်။ ကလေးများ အနေဖြင့် မိဘ ...နှင့်ရော၊ နှစ် ရှည်လများ ထိန်းလာသော ကလေးထိန်း အမျိုးသမီးကြီးနှင့်ရော ကွဲကွာ ...ရသောကြောင့် သူတို့၏ ခံစားချက်များကို နားလည်ရန် မလွယ်လှကြောင်း ဒူပရေးက ...သည်။

ဤတွင် ဂျဲနက်က "ကျွန်မ သူတို့လိုပဲ ခံစားခဲ့ရတဲ့ လူပါ မက်ရှာ၊ ဒါကြောင့်မို့လို့ သူတို့ရဲ့ ...ချက်ကို ကျွန်မ ကိုယ်ချင်းစာပြီး နားလည်နိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်" ဟု ပြန်ပြော ...သည်။

ဒူပရေးကတော့ ဂျဲနက်ကို ကြိုက်သွားပြီ။ တခြားအမျိုးသမီးများမှာ အတွေ့အကြုံ ...သော်လည်း သည်မိန်းကလေးလို နားလည်မှု မရှိကြဟု သူက ယူဆသည်။ သို့ဖြင့် သူက ...တိုင် အလုပ်ပေးရန် ဆုံးဖြတ်လိုက်သည်။

"ဘယ်နေ့ အလုပ်ဝင်နိုင်မလဲ"

"ခန့်တဲ့နေ့ ဝင်နိုင်ပါတယ် ရှင်"

"မနက်ဖြန်ဆိုရင် ဖြစ်နိုင်မလား"

"ဟုတ်ကဲ့ ဖြစ်နိုင်ပါတယ်ရှင်"

"ဒါဆို. . . ကောင်းပြီ၊ ငါအစီအစဉ်တွေ ကြည့်လုပ်ထားလိုက်မယ်၊ မနက်ကိုးနာရီလောက် ...ခဲ့တာ ပေါ့"

ထို့နောက် လခကိစ္စ ဆွေးနွေးပြီး နှစ်ဦးနှစ်ဘက် သဘောတူညီချက် ရသောအခါ လူတွေ ...ဆေး မေးမြန်းခြင်း ပြီးဆုံးသွားသည်။

ဂျဲနက်သည် သူ့ကုသိုလ်ကံကို သူကိုယ်တိုင် မယုံကြည်နိုင်အောင်ပင် ဖြစ်မိလေသည်။

...ရှန်ဒူပရေးသည် မိခင်ကြီး အခန်းသို့ လာခဲ့ပြီး တံခါးကို ခေါက်လိုက်သည်။

"ဘယ်သူလဲ. . . အက်ရှန်လား၊ ဝင်ခဲ့ပါ. . . သား"

အဘွားကြီးသည် ဆိုဖာကုလားထိုင်ပေါ်တွင် တစောင်းလှဲနေသည်။

"မေမေက ဒီနေ့ ခုတင်ပေါ်မှာတောင် မနေတော့ပါလား၊ တော်တော် နေကောင်းတယ် ...တယ်"

သည်မေးခွန်းကို မလိမ်မညာဘဲ သူ ဘယ်လို ဖြေနိုင်ပါမည်နည်း။ သူ့ ဝေဒနာက ...တော့မှ သက်သာသည်ဟူ၍ မရှိဘဲကလား။

"အေး. . . ဒီနေ့တော့ မေမေ တော်တော်ကလေး နေကောင်းသလိုပါပဲ သားရယ်၊ ...တ်. . . ဟို ကလေးမ ကိစ္စက ဘယ့်နှယ်လဲ၊ သူ့ကို အလုပ်ခန့်လိုက်ပြီလား"

"ဟုတ်ကဲ့ ခန့်လိုက်ပြီးပြီ မေမေ"



www.burmeseclassic.com

www.burmeseclassic.com



"သူ့ အသက်အရွယ်က မငယ်လွန်းဘူးလား. . . သားရယ်"

ယမန်နေ့ညကပင် ဂျနက်၏ အသက်အရွယ်နှင့် ပတ်သက်၍ သူတို့ သားအမိနှစ်ယောက် အချေအတင် ဆွေးနွေးခဲ့ကြပြီး ဖြစ်သည်။

"ငယ်တာတော့ ငယ်တာပေါ့ မေမေ၊ ဒါပေမယ့် အသက်ငယ်တာဟာ ပိုပြီးတော့တောင် ကောင်းသေး တယ်လို့ ကျွန်တော်ထင်ပါတယ်"

"မေမေတော့ မင်းရဲ့ ဆုံးဖြတ်ချက်ကို လန့်တောင် လန့်မိတယ်. . . အက်ရှန်"

"မေမေ လန့်သွားမယ်ဆိုတာ ကျွန်တော်သိပါတယ်၊ တကယ်တော့ ကျွန်တော်ကိုယ်တိုင် လန့်သွား မိခဲ့တာပဲ၊ သူ့ကို ရွေးလိုက်မိတာ ဘာကြောင့်ပါလိမ့်ဆိုပြီး ကျွန်တော့်ကိုယ်ကျွန်တော် အံ့ဩသွားမိခဲ့တယ်"

"ဒါဖြင့် မင်းက ဘာကြောင့် ရွေးရတာလဲ၊ တခြားလူတွေမှာ ထောက်ခံစာတွေ အပြည့် ပါလျက်သားနဲ့"

"ကျွန်တော် သူ့ကို ရွေးလိုက်တာ သူ့ရဲ့ ထူးခြားချက်ကြောင့်ပဲ မေမေ၊ သူဟာ တခြား မိန်းမတွေနဲ့ လုံးဝမတူဘူး၊ စိတ်ဓာတ်လည်း ခိုင်မာတယ်၊ ကြင်နာမှုလည်း ရှိတယ်၊ ပြီးတော့ သူ့ကြည့်ရတာ အသက်ငယ်ပေမယ့် ရင့်ကျက်မှုရှိပုံ ပေါ်နေတယ်၊ ကျွန်တော်က ကလေး အကျိုးကိုကြည့်ပြီး ဆုံးဖြတ်လိုက်တာပါ၊ ဒီကလေးမဟာ အရွယ်လည်း ငယ်တယ်၊ ကြင်နာမှုလည်း ရှိတယ်၊ အဲဒါတွေက ကလေးတွေအတွက် အလိုအပ်ဆုံး အချက်တွေပဲ"

"အင်း. . . အဲဒါ ကလေးထိန်းတစ်ယောက်ရဲ့ လိုအပ်တဲ့ အရည်အချင်းတွေ မင်းဥစ္စာက တော်တော်ဆန်းတယ်၊ အံ့ဩပါရဲ့ကွယ်"

"တကယ်တော့ သူဟာ ကလေးထိန်း သက်သက်မဟုတ်ပါဘူး မေမေ၊ သူ့ကို ကလေးထိန်း သက်သက် လို့မယူဆသင့်ဘူး၊ သူ့မှာ အရည်အချင်းတွေ အများကြီး ရှိတယ်၊ ဥပမိရုပ်ကောင်း ဣန္ဒြေရှိတယ်၊ ယဉ်ကျေးသိမ့်မွေ့တယ်၊ ပြီးတော့ အသိဉာဏ်ရှိတယ်။ အဲဒါတွေအပြင် အင်္ဂလန် နိုင်ငံက အကောင်းဆုံး ကျောင်းတွေထဲမှာ ပါဝင်တဲ့ ကျောင်းမှာ စာသင်လာခဲ့တယ်၊ ပြင်သစ်စကား ကို ကျွမ်းကျွမ်းကျင်ကျင် ပြောနိုင်တယ်၊ ပြီးတော့ ကျွန်တော် စောစောက ပြောခဲ့သလို အသက်နဲ့ မလိုက်အောင် ရင့်ကျက်မှုတွေ ရှိတယ်"

မိခင်ဖြစ်သူက သားဖြစ်သူကို ဝံအံ့တဩ ကြည့်လိုက်သည်။

"အဲဒီ အရည်အချင်းတွေ အားလုံးကို မင်းက ၁၀ မိနစ်လောက် အင်တာဗျူး လုပ်ကြည့်တာနဲ့ သိရ ရောလား"

"ဟုတ်ပါတယ်"

"အဲဒီတော့ မင်းရဲ့ ဆုံးဖြတ်ချက်ဟာ မှန်ကန်နိုင်ပါ့မလားဟင်"

ဒူပရေးက ထိုင်ရာမှထကာ ပြတင်းပေါက်သို့ လျှောက်သွားသည်။ သူ့အတော်အတန် စိတ်ဓာတ်ကျသွားသည်။

မိခင်ဖြစ်သူက သားဖြစ်သူ၏ အခြေအနေကို အကဲခတ်မိပြီး စိတ်မကောင်း ဖြစ်သွား သည်။ ဒူပရေး မှာ ကိုယ်အင်္ဂါချို့တဲ့နေသူ ဖြစ်၍ သူ့ကို နှိမ်ပြောလျှင် စိတ်ထိခိုက်လွယ်သူ ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ခင်ကြီးက သိထားသောကြောင့် ဖြစ်သည်။

"ဒီကို လာစမ်းပါဦး. . . သားရဲ့၊ မေမေ့အနား လာထိုင်စမ်းပါဦး"

ဒူပရေးက ပြန်လှည့်လာပြီး မိခင်ကြီး နံဘေးတွင် ဝင်ထိုင်လိုက်သည်။

"မေမေ ပြောတာတွေ ဘယ်လိုမှ မဖြစ်ပါနဲ့ကွယ်၊ သားက ကလေးတွေ အကျိုးကို ကြည့်ပြီး ယူတယ်ဆိုတာ မေမေ ယုံကြည်ပြီးသားပါ၊ ဒါပေမယ့်. . . ဘာဖြစ်လို့ ပြင်သစ်အမျိုးသမီး တစ်ယောက်ယောက်ကို မရွေးရတာလဲ. . . သားရယ်"

"အို. . . မေမေရယ်၊ မေမေကလည်း သိပ်ပြီး ဒေသစွဲစိတ် ရှိတာကိုး၊ ကျွန်တော်က ဒီကလေးမကို ရွေးတာ ပြင်သစ်သူ ဖြစ်လို့ မဟုတ်ဘူး၊ အင်္ဂလန်သူ ဖြစ်လို့လည်း ရွေးတာ မဟုတ်ဘူး မေမေ၊ ကျွန်တော် သူ့ကို ရွေးတာက သူ့အရည်အချင်းကို ကြည့်ပြီး ရွေးလိုက်တာပါ၊ အလုပ် လျှောက်သူ အားလုံးထဲမှာ အတော်ဆုံးဖြစ်လို့ ဂျဲနက်ဟက်ဆိုတဲ့ ဒီကလေးမကိုပဲ ရွေးလိုက် တာပါ"

"ဟင် သူ့နာမည်က ဂျဲနက်ဟက် တဲ့လား၊ အင်္ဂလိပ် နာမည်လည်း မဟုတ်ပါလား"

"ဟုတ်ပါတယ်၊ အင်္ဂလိပ် နာမည် မဟုတ်ပါဘူး"

"ဒါဖြင့် သူက ဘယ်ဘာသာကိုးကွယ်သတဲ့လဲ"

"မက်ရှာဒရိုင်ဖြူးစ်ကတော့. . ကလေးမက ဂျူး[illegible]လို့ ပြောတာပဲ"

"ဂျူးလူမျိုး. . . ဟုတ်လား"

"ဟုတ်ပါတယ်၊ အဲဒါက အရေးကြီးလို့လား"

"အရေးတော့ မကြီးဘူးပေါ့ သားရယ်၊ ဒါပေမယ့် ကလေးတွေရဲ့ ဘာသာရေး ကိစ္စအတွက် ဘယ်လို ဖြစ်သွားမလဲ"

"သူက ကလေးတွေကို ရဟူဒီ ဘာသာဝင်တွေဖြစ်အောင်တော့ မလုပ်ဘူးဆိုတာ ကျွန်တော်ယုံကြည်ပါတယ် မေမေ"

"မေမေက အဲဒီလို ဆိုလိုတာ မဟုတ်ဘူး အက်ရှန်ရဲ့၊ သူက ကလေးတွေကို ဝတ်တက်ပွဲ လိုက်ပို့ပါ့ မလား၊ အဲဒါ စိုးရိမ်လို့ ပြောတာပါ"

"ဒီအတွက် တွေးမပူပါနဲ့ မေမေ၊ အားလုံး အဆင်ပြေသွားမှာပါ။ ကဲ. . ဒီကိစ္စ ဒီလောက်ဆို တော်ပါပြီ၊ မေမေလည်း နားလိုက်ပါဦး၊ နောက်တော့မှ ကျွန်တော် ကလေးတွေ ခေါ်လာခဲ့မယ်"

ဒူပရေးက မိခင်ကြီး၏ ပါးပြင်ကို တစ်ချက် နမ်းလိုက်ပြီး အခန်းထဲမှ ပြန်ထွက်သွားသည်။

ဂျဲနက်က အထုပ်အပိုးတွေ ထုပ်နေစဉ် မာဒလိန်းက ခုတင်ပေါ်မှ ထိုင်ကြည့်နေသည်။

ဒူပရေး မိသားစု အိမ်ကြီးတွင် သူမ အလုပ်ရလာခဲ့ပြီ ဖြစ်ကြောင်း ဂျဲနက်က ပြောပြ သော့. . . မာဒလိန်း အံ့သြနေမိသည်။

"ဒါနဲ့ ညည်းမက်ရှာဒူပရေးနဲ့ ကိုယ်တိုင် စကားပြောခဲ့ ရတာ တကယ်လားဟင်"

"တကယ်ပါ. . . တကယ်ပြောရလို့ တကယ်အလုပ်ရတာပေါ့ မာဒလိန်းရဲ့"

"ငါတော့ ညည်းကို ချီးကျူးမိပါတယ် ဂျဲနက်၊ ပြင်သစ်သူတွေတောင် ညည်းလောက်



www.burmeseclassic.com

www.burmeseclassic.com



သတ္တိမရှိပါဘူး"

"ဒီအလုပ်က သတ္တိမလိုပါဘူး၊ အရည်အချင်းပဲ လိုတာပါ။ သူက ငါ့အသက်ငယ်တာ ထည့်ပြောသေးတယ်၊ ဒါပေမယ့် ငါက အသက်ငယ်ပေမယ့် စိတ်စေတနာ မငယ်ပါဘူးဆို သူ့ကို ပြလိုက်ရတာပေါ့"

မာဒလိန်း အံ့သြသွားရပြန်သည်။

"ဒါနဲ့ ညည်းက ဒီပညာတွေ ဘယ်ကနေများ ရလာသလဲဟင်၊ ဒီသတ္တိတွေ ဘယ် လာသလဲဟင် ဂျဲနက်"

ဂျဲနက်က ရယ်လိုက်သည်။

"ဘယ်ကရလာတယ်ဆိုတာတော့ ငါလည်း မပြောတတ်တော့ပါဘူး၊ ဒါပေ တနည်းနည်းနဲ့ ငါခေါ်ယူလိုက်တာပါပဲ၊ ငါ့ကို သူရွေးလိုက်မယ်လို့ ငါမထင်ပါဘူး၊ ဒါပေ ငါ့ကိုလည်း ကလေးတွေ လိုအပ်တယ်၊ ကလေးတွေကိုလည်း ငါလိုအပ်တယ်ဆိုတာ သူသဘောပေါက်တယ်လေ၊ အဲဒါကြောင့် ငါ့ကို ရွေးလိုက်တာပေါ့"

"အင်း. . . ညည်းတော့ တကယ်တော်တာပဲ ဂျဲနက်၊ ငါအမှန် အတိုင်းပြောမယ်၊ ညည်း လာတုန်းက ငါက ကြောင်မကလေးတစ်ကောင်လို့ပဲ မှတ်ခဲ့တယ်၊ ဒါပေမယ့် နောက်တော့မှ ညည်း ကျားမကလေး ဖြစ်နေတော့တာကိုး. . ."

ဂျဲနက် ရယ်လိုက်ပြန်သည်။

"ငါက ကျားမကလေးမဟုတ်ပါဘူး. . . မာဒလိန်းရယ်၊ ငါက ကြောက်လည်း ကြောက်တတ်တယ်။ ငါ့မှာ အားကိုးစရာလည်း ဘယ်သူမှ မရှိဘူး၊ ဒါကြောင့် တခါတလေ သိ စိတ်ဓာတ်ကျတတ်တယ်၊ ဒါပေမယ့် ကိုယ့်ကိုယ်ကိုယ်ပြန်ပြီး စိတ်အားတင်းရတယ်၊ ငါ့ဘဝမှာ ညည်း မသိသေးတာတွေ အများကြီး ရှိပါတယ်"

ဂျဲနက်က မာဒလိန်းဘေးတွင် ဝင်ထိုင်ပြီး မာဒလိန်း၏ လက်ကို ဆုပ်ကိုင်လိုက်သည်။

"ငါ. . . အဲဒီမှာ သွားလုပ်ရပေမယ့် ညည်းကို ငါဘယ်တော့မှ မမေ့ပါဘူး မာဒလိန်း ညည်းဟာ ငါရဲ့ အရင်းနှီးဆုံး မိတ်ဆွေကောင်းတစ်ယောက်ပါ"

မာဒလိန်းက ငိုသံပါကြီးနှင့် ပြောသည်။

"ညည်းပြောပုံက ညည်းကိုငါ ဘယ်တော့မှ ပြန်မတွေ့ရတဲ့ လေသံမျိုးကြီးနဲ့ပါလား ဂျဲနက်ရယ်"

"အို မဟုတ်ပါဘူး၊ အဲဒီလို မဟုတ်ပါဘူး မာဒလိန်း၊ တို့နှစ်ယောက်က အမြဲတ တွေ့နေကြရမယ့် မိတ်ဆွေတွေပါ၊ နောက်လည်း တို့နှစ်ယောက် ခဏခဏ တွေ့ကြမှာ တကယ်ပါ. . . ငါကတိပေးပါတယ် သူငယ်ချင်းရယ်"

◆◆◆

www.burmeseclassic.com

www.burmeseclassic.com

## [ ၁၆ ]

ရှုန် ဒူပရေးသည် ဒုတိယခန်းမကြီးကို ဖြတ်ကာ ဂျဲနက်အား ကလေးဆောင်သို့ ခေါ်လာခဲ့သည်။ ဆောင်တွင်ပင် ဒင်းနစ်၊ ယွန်-ပေါနှင့် သူတို့လည်း ကလေးဘဝက နေခဲ့ကြရသည်။

အဆောင်အလယ်တွင် ကျယ်ဝန်းသော လေးထောင့်ပုံစံ ကစားခန်းပြုလုပ်ထားသည်။ ယာဘက်တွင် အိပ်ခန်းကလေး သုံးခန်း ရှိသည်။ အခန်းကလေးဆိုသော်လည်း တစ်ခန်းစီတွင် တစ်လုံး၊ ကုလားထိုင် တစ်လုံး၊ စားပွဲတစ်လုံးနှင့် မှန်တင်ခုံတစ်ခုစီ ကောင်းကောင်းဆံ့သည်။

လက်ဝဲဘက်တွင်တော့ ကလေးထိန်းအခန်းနှင့် ရေချိုးခန်းများရှိသည်။ တော်တော် ကျယ်ကျယ်သာသာ ရှိသည့်အပြင် သပ်ရပ်လှပမှုလည်း ရှိသည်။

ယခင် ကလေးထိန်းအမျိုးသမီးကြီး မေ့ဒ်မွာဆယ်ဗယ်လာရီသည် ပြန်သွားရန် အဆင်သင့် ပြီး ပြီ။ သူက အခန်းထဲတွင် ရပ်၍ စောင့်နေသည်။

"ဟောဒါ. . . မေ့ဒ်မွာဆယ် ဂျဲနက်ဟက်ဆိုတာပဲ. . . မေ့ဒ်မွာဆယ်ဗယ်လာရီ"

မေ့ဒ်မွာဆယ်ဗယ်လာရီက ဂျဲနက်အား ခြေဆုံးခေါင်းဆုံး အကဲခတ် ကြည့်လိုက်သည်။

*ရေ ဒီလူတွေတော့ သောကတွေ ဖိစီးပြီး ရူးကုန်ကြပြီ ထင်တယ်၊ ကလေးထိန်းမယ့် လူကလည်း အရွယ်ပဲ ရှိပါသေးကလား၊ ဒီကလေးတွေကို ဘယ်လိုလုပ် ထိန်းပါ့မလဲ၊ အံ့ပါရဲ့ တော်. . . ရဲ့၊*

အဘွားကြီးက ယင်းသို့ တွေးကာ အသက်ကြီးသွားသော သူ့ကိုယ်သူပင် ကျိတ်ပြီး ဆဲလိုက်မိသည်။ တကယ်တော့ သူက ကလေးတွေကို သံယောဇဉ်ဖြစ်နေပြီ။ ကလေးတွေနှင့် သွားရမည့်အတွက် ရင်ထဲမှာ မချိအောင် ခံစားနေရသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့အနေဖြင့် စိတ်ထဲကမကောင်းသော်လည်း ဘယ်လိုမှ ရှောင်လွှဲလို့ မရနိုင်ဆို
ကိုတော့ ကောင်းစွာ သဘောပေါက်မိသည်။

"ဒါတွေက ကလေးတွေအတွက် လုပ်ပေးရမယ့် အစီအစဉ်တွေနဲ့ အကြံပေးချက် တ
သူက ဂျဲနက်အား စာရွက်များကို ကမ်းပေးရင်း ပြောသည်။ "ကလေးတွေကိုတော့ မင်း
ချစ်သွားမှာပါ" သူက ကလေးတွေ မျက်နှာကို တစ်ချက်လှည့်ကြည့်လိုက်သည်။ ပြီးတော့ မသိ
တစ်ချက်ရှိုက်လိုက်ပြီးနောက် "သားသားနဲ့ သမီးလေးတို့ အန်တီကြီးသွားတော့မယ်
လိမ်လိမ်မာမာနေကြ. . . သိရဲ့လား၊ လူစီယံက အကြီးဆုံးဆိုတော့ ကိုယ့်ညီမလေးတွေကို ကြ
နာနာနဲ့ စောင့်ရှောက်ပါ သားရယ်"

သူက ကလေးတွေကို တစ်ယောက်စီလိုက်၍ နမ်းရှုပ်သည်။ မျက်နှာတစ်ပြင်လုံးတွင်
မျက်ရည်တွေ ရွှဲရွှဲစိုလို့။

ထို့နောက် ကလေးသုံးယောက်၏ ငိုယိုတားဆီးနေသည့်ကြားမှပင် သူသည် အခန်း
ကမန်းကတန်း ပြန်ထွက်သွားလေသည်။

ဒူပရေးက ကလေးတွေကို ကြည့်ပြီး. . .

"ကလေးတို့ကို အံ့ဩစရာတစ်ခု လျှေးလေးပြောမယ်၊ လေးလေး ဘာပြောမယ်ဆို
မှန်းကြည့်ကြစမ်းပါ၊ မှန်းလို့ ရကြရဲ့လား"

"ဟင့်အင်း. . . မရဘူး လေးလေး၊ သမီးမှန်းလို့ မရဘူး၊ ဘာလဲဟင်၊ လေး
ပြောပြပါနော်" အငယ်ဆုံးမိန်းကလေး ဒီစရီက သွက်လက်ချက်ချာစွာ ပြန်ပြောလိုက်သည်

"အံ့ဩစရာက တခြားမဟုတ်ဘူး၊ ဟောဒီ မေ့ဒ်မွာဆယ်ဂျဲနက်ဟက်ပဲကွဲ့၊
အခုကလေးတို့ကို ထိန်းဖို့ ရောက်လာတာ၊ အန်တီကြီး ဗယ်လာရီနေရာမှာ အစားဝင်
ကလေးတို့ရဲ့ မမကြီးပေါ့၊ ကဲ. . . ကလေးတို့ရဲ့ မမကြီးကို နှုတ်ဆက်လိုက်ပါဦး"

ဒီစရီကလေးက ဂျဲနက်အား တစ်ချက်ကြည့်လိုက်ပြီး ဒူပရေးဆီသို့ ပြေးကပ်သွား
နီကိုက အိပ်ခန်းထဲ ပြေးဝင်သွားပြီး ခုတင်ပေါ် ခုန်တက်ကာ မှောက်အိပ်နေလိုက်သည်။
ကတော့ ဂျဲနက်အား မကျေနပ်သော မျက်လုံးများဖြင့် စူးစူးစိုက်စိုက်ကြည့်နေသည်။

"ဂွတ်မောနင်း ဒီစရီ၊ ကစားစရာ အရုပ်လှလှကလေးမလိုချင်းဘူးလားဟင်"

ဂျဲနက်က ဒီစရီအား မေးလိုက်သည်။

ကလေးက ခေါင်းညိတ်ပြသည်။

ဂျဲနက်က သူ့အခန်းထဲ ပြန်သွားကာ ရောင်စုံစက္ကူဖူး လှလှကလေး တစ်ဖူးယူ
ဒီစရီအား ကမ်းပေးလိုက်သည်။

ဒီစရီက ဗူးပေါ်မှ စက္ကူပတ်ကို လက်ချောင်း သေးသေးကလေးတွေနှင့် စမ်းတ
ခွာနေသဖြင့် ဂျဲနက်က ကိုယ်ကို ကုန်း၍ ကူညီဖေးမပေးလိုက်သည်။ စက္ကူပတ်ကို ခွာပြီးသော
အဖုံးကို ဖွင့်လိုက်သည်။ ဗူးထဲတွင် ကစားစရာ မိန်းမရုပ်ကလေး။ သုံးနှစ်သမီး အရွယ်
အတွက် ပွဲဖက်ထားရန် အနေတော်အရွယ်ပင်။

"ကျေးဇူးတင်ပါတယ် မေ့ဒ်မွာဆယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒီစရိက အရုပ်ကလေးကို ဗူးထဲမှယူထုတ်ကာ ရင်ဘတ်တွင် ပွေ့ဖက်ထားလိုက်ပြီးတော့ ဂျနက်အား မော့ကြည့်ရင်း ပြောလိုက်သည်။

အခုမှ ဂျနက် သက်မချနိုင်တော့သည်။ ကလေးတွေနှင့် စတင်ဆက်ဆံရမှာ လွယ်မည် မဟုတ် ဆိုတာသိ၍ သုံးယောက်စလုံးအတွက် ကလေးကစားစရာလေးတွေ ဝယ်လာမိခဲ့တာ တော်တော်ဟန်ကျသွား သည်။

"လူစီယံ. . . ဒီနားကို လာခဲ့စမ်းပါသား" ဒူပရေးက ပြတင်းပေါက်နား ရပ်နေသော လူစီယံကို ခေါ်လိုက်သည်။ ကလေးက ပြန်လှည့်ကြည့်ကာ သူ့လေးလေးဆီးသို့ ဖြည်းဖြည်း လျှောက်လာသည်။ "ဒီက မမကြီးကို နှုတ်ဆက်လိုက်ပါကွယ်"

လူစီယံ မျက်လွှာချလိုက်သည်။ သူတို့ ချစ်သော အန်တီကြီးကို မောင်းထုတ်လိုက်သော မည်မိန်းမကို သူ လုံးဝ မကြည့်ချင်. . ။

"လူစီယံ လေးလေးကို ကြည့်စမ်းပါဦး၊ မမကြီးက သားတို့ကို ချစ်လို့ သားတို့နဲ့ အတူနေမလို့ လာတာ လေ. . ."

လူစီယံ ဘာမှ ပြန်မပြော။ သူက ဂျနက်အား သူတို့အိမ်ပေါ်မှ ချက်ချင်းပြန်ဆင်း သွားစေချင်သည်။ ဂျနက်အား သူတို့ကို ဒုက္ခပေးဖို့လာသူဟု ထင်သည်။ သူတို့မှာ အဖေလည်း မရှိတော့၊ အမေလည်း မရှိတော့၊ အန်တီကြီး ဗယ်လာရီလည်း မရှိတော့။

သူက ဂျနက် မျက်နှာကို မော့ကြည့်ကာ ခပ်တည်တည်နှင့် ပြောလိုက်သည်။

"ထွက်သွား. . . မကြည့်ချင်ဘူး၊ မုန်းတယ်"

ထို့နောက် သူ့အခန်းထဲ ပြေးဝင်သွားပြီး အခန်းတံခါးကို ဂျိန်းခနဲ ဆောင့်ပိတ်လိုက်သည်။ ဂျနက်က ကလေး၏ ရင်ထဲက ခံစားချက်ကို ကောင်းစွာ သဘောပေါက်လိုက်ပါသည်။

ဒူပရေးကလည်း တော်တော်ကလေး စိတ်မကောင်း ဖြစ်သွားသည်။ ကလေးသုံးယောက် အနက် အကြီးဆုံးကလေး လူစီယံသည် အခံစားရဆုံး ဖြစ်နေသည်။ သူသည် အသိဉာဏ်လည်း အရွယ်နှင့် မလိုက်အောင် ရှိသည်။ စိတ်လည်း ထိခိုက်လွယ်သည်။

ဒူပရေး၏ လက်ပေါ်တွင် ဒီစရီကလေး အိပ်ငိုက်နေသည်ကို မြင်ရတော့ ဂျနက်က ကလေးကို အိပ်ခန်းထဲ ချီလာသည်။ အိပ်ရာပေါ်တွင် အသာသိပ်ထားလိုက်ပြီးနောက် စောင်ခြုံ ပေးသည်။ ပြီးတော့ အခန်းထဲ ပြန်လာခဲ့သည်။

ဒူပရေးသည် မျက်နှာကို လက်နှစ်ဘက်ဖြင့်အုပ်ရင်း ထိုင်နေသည်။ နောက်ဆုံး သက်မ တစ်ချက် မှုတ်ထုတ်လိုက်ကာ ဂျနက်ကို မော့ကြည့်ပြီး. .

"သည်းခံပါ ညီမရယ်၊ ကလေးတွက သဘောမပေါက်သေးလို့ပါ၊ ထိုင်ပါဦး"

ဂျနက်က အနီးဆုံး ကလေးထိုင် ကုလားထိုင်ကလေးတစ်လုံးတွင် ဝင်ထိုင်လိုက်သည်။

"လူစီယံက ရိုင်းရိုင်းစိုင်းစိုင်း ဆက်ဆံတာကို တောင်းပန်ပါတယ်ကွယ်၊ စိတ်မရှိပါနဲ့"ဟု ဒူပရေးက တောင်းပန်သည်။

"အို တောင်းပန်နေစရာ မလိုဘူး မက်ရှာ၊ သူတို့လေးတွေ ဘယ်လို ခံစားနေကြရတယ် ဆိုတာ ကျွန်မ ကိုယ်ချင်းစာမိပါတယ်၊ တကယ်တော့ မက်ရှာတို့ တစ်အိမ်သားလုံးအဖို့ ဒီအချိန်ဟာ



www.burmeseclassic.com

www.burmeseclassic.com



တော်တော် ခက်ခဲတဲ့ အချိန်ဖြစ်နေပါတယ်၊ ကလေးတွေအတွက် ပိုဆိုးတာပေါ့"

"ဟုတ်ပါတယ် ညီမ၊ ဒါပေမယ့် ငါက ဒီလောက်ဆိုးလိမ့်မယ်လို့ မထင်ခဲ့မိတာ တော် မှားတာပဲ"

"ကလေးတွေ အနေနဲ့ ကျွန်မအပေါ်မှာ သူစိမ်းပြင်ပြင် ထင်နေကြတာ သဘာ ပါတယ်၊ နောက်တော့လည်း အချိန်က စကားပြော သွားပါလိမ့်မယ်၊ ဒါပေမယ့်. . . ကျွန်မဘ ချစ်ခင်မှုနဲ့ သည်းခံမှုရှိ ရင် တစ်နေ့ကျတော့ သူတို့က ကျွန်မကို ယက်ခံလာကြမှာပါ၊ ကျွန်မအ အဒီအချက် နှစ်ချက်ကို အဓိက ထားပြီး ဆက်ဆံရပါမယ်၊ မေ့ဒ်မွာဆယ် ဗယ်လာရီ အခု စောစော ထွက်သွားတာကတော့ နည်းနည်း မှားသွားတယ်လို့ ဆိုချင်ပါတယ်၊ ကလေးတွေအ သူ့ကိုအလွန်လိုအပ်နေချိန်မှာ ချက်ချင်းထွက်သွားတာ မကောင်းပါဘူး၊ ခဏလောက်တော့ နေသင့်တယ် ထင်ပါတယ်" ဒူပရေးက သိပ်လိမ္မာတဲ့ ကလေးမပါလား ဟု ကျိတ်ပြီး ချီ လိုက်မိသည်။ ဂျဲနက်က သူ့ကိုပင် နှစ်သိမ့်စကား ဆိုလိုက်သေးသည်။ "ဒါပေမယ့် လူဘဝဆို ဒဏ်ရာဒဏ်ချက်တွေကို ကုစားနေရတဲ့ အချိန်ကာလပါပဲ။ ကျွန်မကို စိတ်ချပါ မက်ရှာ၊ ကလေ အတွက် ကျွန်မ အစွမ်းကုန်ကြိုးစားပါ့မယ်"

ဒူပရေးက ခေါင်းညိတ်လိုက်သည်။

"ယုံပါတယ်. . . ယုံပါတယ် ညီမ"

"ဒီစကားကြားရတာ ကျွန်မ အများကြီး ကျေးဇူးတင်ပါတယ်ရှင်၊ ဒါနဲ့ ကျွန်မ အကြံ လောက် တင်ပြပါရစေ. . . နော်"

"အို. . တင်ပြပါ၊ တင်ပြပါ. . ရပါတယ်"

"ကျွန်မက ကလေးထိန်းဝတ်စုံကို မဝတ်ဘဲ ဝတ်ရိုးဝတ်စဉ် ရိုးရိုးအဝတ်အ ဝတ်ချင်ပါတယ်၊ အဲဒီလိုဆိုရင် ကလေးတွေက ကျွန်မကို သူစိမ်းလို့ မမြင်တော့ဘဲ ဆွေမျိုးသာ တစ်ယောက်လိုပဲ ထင်မြင်လာကြလိမ့်မယ်"

"ညီမပြောတာ မှန်ပါတယ်"

"ပြီးတော့ နောက်တစ်ခုလည်း တောင်းချင်ပါသေးတယ်"

"ရပါတယ်. . ပြောသာပြောပါ၊ ဘာလိုချင်သလဲ"

"စန္ဒရား သေးသေးလေးတစ်လုံးလောက် ရနိုင်ပါ့မလား"

"အကျိုးရှိမယ် ထင်လို့လား"

"ဟုတ်ကဲ့. . . အကျိုးရှိပါတယ်၊ ဂီတဟာ စိတ်ကို ဆွဲဆောင်တဲ့နေရာမှာ သိ စွမ်းအားရှိပါတယ်၊ ကလေးတွေကို ပိုပြီး ဆွဲဆောင်နိုင်ပါတယ်၊ သူတို့အတွက် အများ အကျိုးရှိမယ်လို့ ကျွန်မယုံကြည်ပါတယ်"

"ကောင်းပါပြီ၊ မကြာခင် ရပါစေ့မယ်"

"ကျေးဇူးပါပဲ၊ ကဲ. . . ကျွန်မ နီကိုနဲ့ မိတ်ဆက်ချင်ပါတယ်၊ တစ်ယောက်တည်းဆိ ပိုကောင်းပါမယ်"

ဒူပရေး ထိုင်ရာမှ ထရပ်လိုက်သည်။ သူက "အခုလိုနားလည်မှု ရှိတာ အများ



www.burmeseclassic.com

www.burmeseclassic.com



...သင်ပါတယ် ညီမ" ဟုပြောပြီး ထွက်သွားသည်။

... နီကိုအား အရုပ်ကလေးကို ပေးသည်။ နီကို ဆက်ခနဲ ဆွဲယူပြီး နံရံတွင် ပစ်ပေါက်လိုက်
...

ဂျဲနက်က ပြန်ကောက်လိုက်ပြီး နီကိုဘေးတွင် ချထားလိုက်သည်။ နီကိုက ကောက်ယူပြီ
... ပစ်ပေါက်လိုက် ပြန်သည်။

"ညီမလေးက မမကို တစ်မျိုးထင်နေတာကိုး၊ မထင်ပါနဲ့ကွယ်၊ တကယ်တော့ ညီမလေးနဲ့
... နောက်ဆိုရင် တစ်ယောက်နဲ့ တစ်ယောက် သိပ်ချစ်တဲ့ မိတ်ဆွေတွေ ဖြစ်လာကြ
...ပါ"

"မဟုတ်ဘူး. . . မိတ်ဆွေမဟုတ်ဘူး၊ အန်တီ ထွက်သွားတာ မမကြောင့်ပဲ၊ ကိုကို အဲဒီလိုပဲ
...တယ်၊ သွားပါ. . . ဒီကို မလာပါနဲ့၊ မမကို သူများ မုန်းတယ်"

"လူစီယံ ပြောတာ မဟုတ်ပါဘူး. . . ကလေးရယ်၊ မမက ညီမကို သိပ်ပြီးချစ်တာ၊
...ပြောတာပါ၊ မမကို ယုံပါ"

နီကို ချာကနဲပြန်လှည့်ကာ ဂျဲနက်မျက်နှာကို စိုက်ကြည့်နေသည်။ ဂျဲနက် တော်တော်
...သွား သည်။

"တကယ်ပါ ညီမရယ်၊ မမပြောတာယုံကြည်ပါ၊ မမနဲ့ ညီမတို့ဟာ မကြာခင်မှာ မိတ်ဆွေ
...ကြမှာ ပါ၊ ကဲ. . ကဲ ညီမလေးက လိမ္မာပါတယ်ကွယ်၊ သွားပြီး ရေချိုးလိုက်ပါဦး၊ ပြီးရင်
...ကြီး အခန်းသွား လည်ကြမယ် ဟုတ်လား"

ဂျဲနက် ပြန်ထွက်လာသည်။ တိုက်ပွဲတော့ စပြီ။ နိုင်တော့ မနိုင်သေး။ သို့သော် အစတွင်
...အလာတော့ ကောင်းနေပြီဟု မှတ်ချက်ချလိုက်သည်။ အဘယ်ကြောင့် ဆိုသော်. . နီကိုက
...သည့်အတိုင်း ရေသွားချိုးသောကြောင့် ဖြစ်သည်။

သို့သော် တကယ်သွားချိန်ရောက်တော့ လူစီယံက ဂျစ်ကန်ကန် လုပ်နေသည်။ လေးလေး
...နှင့်မှ သွားမည်ဟု ပြောကာဇွဲခတ်နေသည်။ ညီမဖြစ်သူ နီကိုကလည်း အစ်ကို လုပ်သလို
...သည်။

ဤတွင် ဂျဲနက်က လုပ်ငန်းစရတော့မည်ဟု ဆုံးဖြတ်ချက် ချလိုက်သည်။

"လူစီယံ အိပ်ရာပေါ်က ခုချက်ချင်း ဆင်းပါ" သူမက အမိန့်ပေးလိုက်သည်။ သို့သော်
...လုံးဝ မပါ။ "သားတို့ကို မမက ဘွားဘွားဆီ လိုက်ပို့ရမယ်၊ အဲဒါ ဒီနေ့ကစပြီး မမ
... အဲဒီတော့ သားတို့က မမ စကား နားထောင်ရလိမ့်မယ်၊ ကဲ. . . မြန်မြန်လုပ်ပါ"

လူစီယံက စောင်းကြည့်သည်။ သို့သော်. . . ဂျဲနက်က ချက်ချင်း လှည့်ထွက်လာခဲ့သည်။
ဂျဲနက် နောက်တစ်ခေါက် ပြန်လှည့်ပြီး ဝင်လာတော့ လူစီယံ အဝတ်အစား လဲနေသည်ကို
...သည်။ သို့သော် စိတ်ထဲကတော့ လုံးဝကျေနပ်ပုံမရ။ မျက်နှာကြီး ပုပ်ထားသည်။

အခန်းထဲ သူတို့ ဝင်သွားချိန်တွင် မဒမ်ဒူပရေးသည် ဆိုဖာကုလားထိုင်းရှည်ပေါ်တွင်
...င်းလှဲ နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဂွတ်မောနင်း မေမေကြီး" ဂျဲနက်က နှုတ်ဆက်လိုက်သည်။ "ကျွန်မ နေ ဆယ်ဟက်ပါ"

အဘွားကြီးက ဂျဲနက်အား စေ့စေ့စပ်စပ် အကဲခတ်နေသည်။ ဒီကလေး အလုပ်ခန့်လိုက်တာ အက်ရှန်တော့ ဦးနှောက်ပျက်နေပြီထင်တယ်ဟု မှတ်ချက် ချလိုက် ကလေးမက အလွန်လှသည်။ သို့သော် အရွယ်အလွန် ငယ်သေးသည်။ အဝတ်အစားက အင်္ဂလိပ် ကျောင်းသူကလေးတွေလို ပိုးသားဂါဝန် ဝတ်ထားလိုက်သေးသည်။ **ကလေးထိန်း သည့်လိုပဲ ဝတ်ရသလား။ နေဦး. . . ဒီကိစ္စ အက်ရှန်နဲ့ အပြတ်ရှင်းဦးမယ်။**

"ညည်း ခဏ အပြင်ထွက်သွားလိုက်ပါဦး၊ နောက် ၁၅ မိနစ်လောက်ကြာမှ ပြန်

ဂျဲနက်ထွက်သွား၍ တံခါးပြန်ပိတ်သွားသောအခါ လူစီယံက သူမကျေနပ်ချက် အဘွားကြီးအား တိုင်တော့သည်။ ဂျဲနက်က မုန်းစရာကောင်းကြောင်း။ ဂျဲနက်စကားကို သူ နားမထောင်လိုကြောင်း ပြောပြသည်။ နီကိုကလည်း "ဟုတ်တယ် ဘွားဘွား၊ သူ့ကို သ မုန်းတယ်၊ သူ့ကို မချစ်ဘူး" ဟု ပြန်ပြော သည်။

ဒီစရီက ဘွားဘွားအနားကပ်ပြီး ထိုင်နေရာမှ. . .

"မမက သိပ်လှတာပဲနော် ဘွားဘွား"

"ဘာပြောတယ်၊ ဩော်. . . ဟုတ်ပါရဲ့၊ လှပါတယ်. . လှပါတယ်. . . သမီးရယ်"

အဘွားကြီးက ကလေးလက်ထဲမှ အရုပ်ကလေးကို မမြင်မိသေး။

"ဒီအရုပ်က သူ့ကို အဲဒီမိန်းမ ပေးတာပေါ့" ဟု လူစီယံက မလိုတမာအသံနှင့် လိုက်သည်။

"သူက သမီးကိုလည်း အရုပ်ကလေး ပေးတယ်" နီကို ဝင်ပြောသည်။ "ဒါပေ သမီးမယူဘူး၊ လွှင့်ပစ်လိုက်တယ်၊ သူပေးတာ ဘာမှမယူရဘူးလို့ ကိုကိုက ပြောထားလို့"

အဘွားကြီး မျက်လုံး မျက်ဆန်ပြူးသွားသည်။

***ဘုရားရေ. . . ဒီကလေးမ အတင့်ရဲလွန်းလှချည်လား။ ဒါအစဉ်အလာကို ချိုး တာပဲ။ ဒီနေ့ပဲ ရောက်လာတဲ့ ကလေးထိန်းက ကလေးတွေကို လက်ဆောင်ပေးရသတဲ့ ဟင်း. . . တော်တော်လည်း ရဲတင်းတဲ့ဟာပါလား။ မဖြစ်ဘူး. . . မဖြစ်ဘူး။ အက်ရှန်ကို ဒီကလေးမ ချက်ချင်း အလုပ်ထုတ်ပစ်ရမယ်။***

ဂျဲနက်ပြန်ဝင်လာသည်။ ဒီစရီက အဘွားအနားတွင် ထိုင်နေရာမှ ထပြေးသွားပြီး ဂျဲ လက်ကို ဖမ်းဆွဲထားလိုက်သည်။ တခြားကလေးနှစ်ယောက်ကတော့ ဂျဲနက်အား လှည့် မကြည့်ကြ။

နောက်ဆုံးအဘွားကြီးက ပြောလိုက်သည်။

"ကိုင်း. . . ကိုင်း ငါ့မြေးကလေးတွေ ပြန်သွားလိုက်ကြ၊ ညအိပ်ရာဝင်ခါနီးကျ တစ်ခေါက်လာကြ"

ကလေးတွေနှင့် ဂျဲနက်ပြန်ထွက်လာတော့ အက်ရှန်ဝင်အလာနှင့်ဆုံ၍ ပက်ပင် မလို ဖြစ်သွားသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကလေးတွေ လာလည်တာ ပျော်စရာကောင်းရဲ့လား မေမေ"

သားအမိနှစ်ယောက်တည်းသာ ကျန်သောအခါ အက်ရှန်က မေးလိုက်သည်။

"အင်း . . ကလေးတွေ လာလည်တာတော့ ပျော်ပါရဲ့၊ ဒါပေမယ့် ဟိုသူငယ်မ လာလည် [...]တော့ ငါ လုံးဝ သဘောမတူဘူး အက်ရှန်"

"ဘာဖြစ်လို့လဲ မေမေ"

"ပထမအချက်က. . . သူဝတ်စားလာပုံကို မကြိုက်ဘူး၊ ကလေးထိန်းဆိုတာ ဒီလိုပဲ [...]သတဲ့လား၊ ပြီးတော့ ကလေးတွေကလဲ သူ့ကို လုံးဝမကြိုက်ကြဘူး၊ လူစိမ်းက ပိုပြီး မကြိုက်ဘူး၊ [...]တော့လည်း သူ ကလေးတွေကို အရုပ်ပေးတာက ဘာသဘောလည်း၊ ကလေးတွေကို [...]ကလေးတွေများ မှတ်နေသလား မသိဘူး၊ ငါက ဒါမျိုး လုံးဝမကြိုက်ဘူးဟေ့၊ ဒါဟာ လုံးဝ [...]သင့်တဲ့ အလုပ်ပဲ"

အက်ရှန်က သက်မတစ်ချက် ချလိုက်သည်။ ***မေမေကလည်း ပြင်သစ်ဆန်လိုက်တာ [...]နှပ်ပါပဲလား။***

"အဲဒီတော့ . . ၁၅ မိနစ်လောက်အတွင်းမှာ မေမေက သူ့ကို ဒီလိုပဲ မြင်လိုက်တယ် [...]တော့" သူက မခင်ကြီးကို ပြန်ပြီး သရော်လိုက်သည်။ "တကယ်တော့. . . မေမေက [...]ကလေးတွေဘက်က လိုက်ပြီးပြောနေ တာပဲ"

"အံမယ်. . . မင်းက ငါ့ကို အဲဒီလို ထင်သပေါ့လေ၊ ဟေ့. . . ဒီမှာ ငါ့ကို ဆရာလာ [...]ပ်ပါနဲ့၊ ငါက နလှပိန်းတုံး မဟုတ်သေးပါဘူး၊ လူတစ်ယောက်ကို ဒီလောက်တော့ အကဲခတ် [...]ပါသေးတယ်"

"ဒီကလေးမရဲ့ ကလေးတွေအပေါ်မှာ ဆက်ဆံရေးကို ကျွန်တော်က ပိုပြီး အနီးစပ်ဆုံး [...]တယ် မေမေ"

"ဒါဖြင့် သူက ဘာဖြစ်လို့ ကလေးထိန်း ဝတ်စုံကို မဝတ်ရတာလဲ၊ ကဲ ပြောစမ်း [...] . . ငါ့ကို"

"အဲဒီလို မဝတ်ရင် ကလေးတွေနဲ့ ဆက်ဆံရေး ပိုပြီး အဆင်ပြေလိမ့်မယ်လို့ ကျွန်တော် [...] သဘော ရလို့ပေါ့ . . . မေမေရဲ့"

"ဘာ. . . ကျွန်တော်တို့က သဘောရလို့ပေါ့ . . . ဟုတ်လား"

"ဟုတ်ပါတယ်"

"ဟင်. . . ဒီလိုဆို မင်းက သူလုပ်ပုံကျေနပ်တယ်ပေါ့၊ သူ့ရုပ်ရည်ကို သဘောကျတယ်ပေါ့"

"ဟုတ်ပါတယ်"

"မင်းက သဘောကျပေမယ့်. . . ငါကတော့ သဘောမကျနိုင်ဘူးဟေ့၊ ကလေးထိန်းဟာ [...]ကလေးထိန်း ပဲ၊ ဧည့်သည်ဟာ ဧည့်သည်ပဲ၊ ခုတော့ ဧည့်သည့်လည်းမဟုတ်၊ ကလေးထိန်းလည်း [...] အဲဒီတော့ ငါက တိုတိုပဲ ပြောမယ်၊ သူ့ကို ချက်ချင်း ပြန်လွှတ်လိုက်၊ နောက်တစ်ယောက် [...]ဆုံး ရှာ. . . ဒါပဲ"

အက်ရှန်က စိတ်တိုလာသည်။



www.burmeseclassic.com

www.burmeseclassic.com



"မေမေ့ကို ကျွန်တော် မဆန့်ကျင်ပါဘူး၊ ဒါပေမယ့် ဒီကိစ္စမှာ ကျွန်တော် ပြောရလိမ့်မယ်၊ တကယ်တော့ ဒီမိန်းကလေးရဲ့ တန်ဖိုးကို မေမေ မမြင်သေးလို့ ကျွန်တော်က သူ့တန်ဖိုးကို မြင်တယ်၊ ဒါကြောင့် သူ့ကို ပြန်မလွှတ်နိုင်ဘူး၊ ကျွန်တော် မ အချက်တွေတော့မှ ပြန်လွှတ်မယ်၊ သူက ကလေးတွေရဲ့ အခြေအနေကို ကောင်း နားလည်ပါတယ် မေမေ၊ ကလေးတွေအတွက် တကယ် အကူအညီရမယ့် မိန်းက ကျွန်တော်ပြောတာ မယုံရင် မေမေ စောင့်ကြည့်နေပါ"

အဘွားကြီးသည် ကုလားထိုင်ပေါ်တွင် ပျော့ခွေကျသွားသည်။

"မင်းက ငါ့ကို ဒီစကားမျိုး ဘယ်တုန်းက ပြောဖူးလို့လဲ. . . အက်ရှန်၊ အခုတော့ ဒီစကားမျိုးတောင် ပြောလာပြီပေါ့လေ၊ မင်းက ဘာဖြစ်လို့ ဒီကလေးမကို ဒီလောက် အကာအကွယ်ပေးနေရတာလဲ ဟင်၊ သူက မင်းနဲ့ ဘယ်လိုပတ်သက်နေလို့လဲ၊ ဧကန္တတော့ သူက မင်းကို ပြုစားထားပြီနဲ့တူတယ်" အဘွားကြီး၏ အသံက တုန်နေသည်။

အက်ရှန်က စားပွဲစွန်းနှစ်ဘက်ကို လက်နှင့်ထောက်ကာ စိတ်ကိုထိန်းထားလိုက် သို့သော် သူက လုံးဝ စိတ်မရှည်တော့။ မိခင်ကြီး၏ မျက်နှာကို စေ့စေ့ကြည့်ပြီး ပြန်ပြောလိုက်

"ဒီမှာ မေမေ၊ နောင်ကို ဒီစကားမျိုး ဘယ်တော့မှ မပြောပါနဲ့၊ ကျွန်တော့်ကို ဒီစကားမျိုးပြောတာ နှစ်ကြိမ်တိတိရှိပြီ၊ မေမေ့ စကားကြောင့် ကျွန်တော့် သိက္ခာထိ လုံးဝမခံနိုင်ဘူး. . . မေမေ၊ ဒါပါပဲ. . . ကိစ္စက ပြတ်ပြီ"

အက်ရှန် အခန်းထဲမှ ပြန်ထွက်သွားသည်။ မဒမ်ဒူပရေး ငိုပါလေတော့ တကယ်တော့ သူသည် အက်ရှန်ဒူပရေးအား အခြားသားသမီးတွေထက် ပို၍ ချစ်ပါသည်၊ လူစဉ်မမီ သူစဉ်မမီဘဲ လူ့လော ကသို့ ရောက်လာရခြင်းတွင် သူ၏ အပြစ်မကင်းဟု ထင် ကြောင့်ဖြစ်သည်။ သည်အတွက် သူ့ကိုယ်သူ လည်း ဘယ်တော့မှ ခွင့်မလွှတ်နိုင်အောင် ရသည်။

အက်ရှန်ကို မွေးလာတော့ ငါဘယ်လိုအပြစ်တွေများ ကျူးလွန်ခဲ့မိလို့ ဘုရားသခင်က ဒဏ်ခတ်ရတာပါလိမ့် ဟူ၍ သူ့ကိုသူပင် မေးခွန်း ထုတ်ရသည့်အထိ ဖြစ် ယခုတော့ သူအလွန်ချစ်သော သားက သူ့ကို စိတ်ဆိုးသွားပြီ။ သူဘယ်လို ဖြေရပါလိမ့်၊

ကစားခန်းအလယ်ရှိ စားပွဲဝိုင်းတွင် ထိုင်ကာ လေးယောက်သား ညစာစားနေကြသည်။

လူစီယံနှင့် နီကိုက ဂျဲနက်အား တစ်ညနေလုံး စကားတစ်ခွန်းမျှ မပြောခဲ့ကြ၊ အခြေအနေတစ်မျိုးပြောင်းလဲလာပြန်သည်။ သူတို့ အလွန်ဆာနေကြသော်လည်း တစ် မစားဘဲ ပန်းကန်ပြားထဲက စား စရာတွေကို ဇွန်းနှင့် ကော်လိုက်၊ ခက်ရင်းနှင့် ထိုးလိုက် ကစား၍သာနေကြသည်။ ယင်းသို့ လုပ်နေရခြင်းမှာ ဂျဲနက်က သူတို့အား အတင်းစားခိုင်း မစားဘဲ ငြင်းဆန်ရန် ရည်ရွယ်၍ လုပ်နေကြခြင်း ဖြစ်သည်။

သို့သော်. . . ဂျဲနက်က သူတို့နှစ်ယောက်ကို လှည့်တောင်မကြည့်ဘဲ ဒီစ စားစရာတွေကို တပြုံးပြုံးနှင့် ပလုတ်ပလောင်း စားနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"စားလို့ သိပ်ကောင်းတာပဲ. . နော်"

ဂျဲနက်က ဒီစရိကိုပြုံးပြီး ပြောသည်။

ဒီစရိက ပါးစပ်အပြည့်နှင့် "သိပ်ကောင်းတယ် မမ"ဟု ပြန်ပြောသည်။

"ညီမလေးက သိပ်လိမ္မာတာပဲ၊ တို့ညီအစ်မနှစ်ယောက် စားလိုက်ကြတာ ဝတောင် ...သွားပြီနော်"

ဒီစရိက ဂျဲနက်အား ပြုံးပြီး ကြည့်နေသည်။

ဂျဲနက်က စားပြီးသား ပန်းကန်တွေ သိမ်းပြီး လက်တွန်းလှည်းပေါ် သွားတင်ထားလိုက် ...သည်။ ထို့နောက် လတ်လတ်ဆတ်ဆတ် စတော်ဘယ်ရီသီး နှစ်ပွဲယူပြီး ပြန်လာသည်။

လူစီယံနှင့် နီကိုတို့သည် စတော်ဘယ်ရီသီးကို အလွန်ကြိုက်ကြသည်။ သို့သော် သူတို့က ...ချင်ယောင်ဆောင်နေကြသည်။

ဂျဲနက်က သူတို့အား မသိကျိုးကျွန်ပြုနေသည်ကို မခံချင်ဖြစ်လာပြီး လူစီယံက ...ကန်ပြားကို တံတောင်နှင့် တိုက်ချလိုက်သည်။ ပြီးတော့ အမှတ်တမဲ့ မတော်တဆ ဖြစ်သွားပုံမျိုး ...ဆောင်နေလိုက်သည်။ ဂျဲနက်က ဘာပြောမလဲဆိုတာ စောင့်ကြည့်နေသည်။

ဂျဲနက်က ပန်းကန်ကွဲများနှင့် ကြမ်းပြင်တွင် ပြန့်ကျဲနေသော စားစရာများကို ...ကောက်ယူသိမ်းဆည်းရင်း တခါတလေ ဒီလိုပဲ မတော်တဆ ဖြစ်တတ်တာပဲ. . . လောက်သာ ...ပြီး နောက်ထပ်ဘာမှ မပြောတော့။ လူစီယံ၏ ရည်ရွယ်ချက်မှာ ဂျဲနက်က သူ့အား ဆူပူ ...မောင်းလျှင် လေးလေးအကျ်ရှန်အား သွားတိုင်ရန်ဖြစ်သည်။

ဂျဲနက်က လူစီယံ၏ ရည်ရွယ်ချက်ကို အကဲခတ်မိပြီး သရော်ရယ် ရယ်လိုက်သည်။ ...နောက် ဒီစရီ ကလေးကို ကောက်ချီကာ အခန်းထဲတွင် လှည့်ပြီး မြှောက်ချီကစားနေသည်။

ထိုအခိုက်တွင် အခန်းတံခါးပွင့်လာပြီး ယွန်-ပေါ်ဒူပရေး ဝင်လာသည်။ ဂျဲနက်က ...ရီကလေးကို ကမန်းကတန်း အောက်ပြန်ချလိုက်သည်။ ဒီစရီက ယွန်-ပေါ ရင်ခွင်သို့ ပြေးဝင် ...သည်။

ယွန်-ပေါက ကလေးကို ကောက်ချီကာ ပါးနှစ်ဘက်ကို နမ်းလိုက်သည်။

"အလို့. . သမီးလေးက တယ်ချောနေပါလား၊ ပါးပေါ်က စတော်ဘယ်ရီရည်တွေကလည်း ...မွေး" သူက ပြောပြောဆိုဆို လက်ကိုင်ပဝါထုတ်ပြီး ကလေး၏ပါးနှစ်ဘက်ကို သုတ်ပေးသည်။

"လေးလေးကြီး၊ လေးလေးကြီး" နီကိုက လှမ်းခေါ်လိုက်၏။

"အို. . . ဟုတ်ပါရဲ့၊ လာပါဦး သမီးရဲ့၊ လေးလေးကြီးဆီကို. ." သူက နီကိုအား ...ခြားလက်တစ်ဖက်ဖြင့် ချီယူပြီး နမ်းလိုက်သည်။ နီကိုက သူ့ လေးလေးကြီး၏ လည်ပင်းကို ...တစ်ဘက်ဖြင့် ဖက်ကာ ခေါင်းကို ပခုံးပေါ်သို့ မှီထားလိုက်သည်။

"လေးလေးကြီး လာတာ သမီး သိပ်ပျော်တာပဲ" သူကလေးက ပြောလိုက်သည်။

"ဒါဖြင့် သမီးက လေးလေးကြီးကို သိပ်ပြီး ချစ်တာပေါ့ ဟုတ်လား"

"ဟုတ်တယ်"

"အမယ်လေးကွယ်. . . သမီးက လိမ္မာလိုက်တာ၊ နောက်လည်း လေးလေးကြီးက



www.burmeseclassic.com

www.burmeseclassic.com



ခဏာခဏာလာမှာပေါ့ ဟုတ်လား၊ ကဲ ကဲ သမီးတို့ ဆင်းလိုက်ကြပါဦး၊ လေးလေးကြီးနဲ့ ထိုင်ပြီး စကားပြောကြရအောင်. . ."

ဂျဲနက်သည် ဘေးမှကြည့်ပြီး ပါးစပ်ဟောင်းလောင်းဖြင့် အံ့အားသင့်နေသည်။ ယွန်-ပေါက တစ်ခန်းလုံးကို ထိန်းထားလိုက်ပြီ။ ဂျဲနက်သည် မလှုပ်မယှက် မတ်တတ်ရပ်နေမိသည်။ အောက်ထပ် မီးလင်းဖိုအပေါ် မှ နံရံတွင် ချိတ်ဆွဲထားသော မာရှယ်ဒူပရေး၏ ပုံတူကားကြီး အသက်ဝင် လှုပ်ရှားလာသလား ထင်မှတ်မိသည်။ သားအဖနှစ်ယောက်မှာ ခွဲမရလောက်အောင် ချွတ်စွပ်တူနေသည်။ ယွန်-ပေါက ချောလည်း အလွန်ချောသည်။ ယဉ်လည်း အလွန် ယဉ်ကျေးသည်။ သူ့ကို မြင်ရတော့ ဂျဲနက်၏ ရင်သည်တဖျပ်ဖျပ်ခုန်လာသည်။ စိတ်ထဲဘယ်လို ခံစားနေရသည်ကို ပြောပြရန် စကားလုံးပင် ရှာမရသလိုဖြစ်နေမိသည်။ သူသည် ယခင်က သည်လို ခံစားမှုမျိုးတစ်ခါမှ မပေါ်ပေါက်ခဲ့စဖူး။ ဘယ်ယောကျ်ားကမှ သူ၏နှလုံးသားကို လှုပ်ကိုင်နိုင်စွမ်း မရှိစဖူး။ ယခုတော့ ယွန်-ပေါ၏ ရည်မွန်ယဉ်ကျေးသော ဟန်မူရာနှင့် ချောမောလှပသည့် ဉပဓိရုပ်ရည်တို့က သူ့အား စွမ်းအားကောင်းကောင်းဖြင့် ညှို့စားထားပြီ ဖြစ်သည်။

သူ၏ စိတ်ကူးကို သူလိပ်ပြာမလုံဖြစ်မိပြီး အာရုံပြောင်းပစ်ရန် အတင်းကြိုးစားသည်။ သို့သော်. . . ပြောင်း၍မရ။ ယွန်-ပေါက သူ့အား ရုန်းမထွက်နိုင်အောင် ချုပ်ကိုင်ထားလိုက်ပြီ မဟုတ်ပါလား။

ယွန်-ပေါက ဂျဲနက်ကို ကြည့်လိုက်ပြီး. . .

"ဩော်. . . ဒါနဲ့ ဒီက ညီမလေးနဲ့တောင် စကားမပြောရသေးဘူး၊ အစ်ကို့နာမည်က ယွန်-ပေါ်ဒူပရေး ပါ၊ ညီမလေးက နောက်ထပ်ရောက်လာတဲ့"

"ဟုတ်ကဲ့ပါ. . ရှင့်၊ ကျွန်မနာမည်က ဂျဲနက်ဟက်လို့ ခေါ်ပါတယ်"

ယွန်-ပေါက ပြုံးပြီး ခေါင်းကိုညိတ်ညိတ် လုပ်နေသည်။

*အင်း. . . သူငယ်မက တော်တော်လည်း ချောပါလား၊ ဒီတစ်ကြိမ်တော့ အတော်ရှာ လူရွေးတော်သားပဲ၊ ခါတိုင်းဆို ပုတ်လောက်အဘွားကြီးတွေပဲ ရွေးခဲ့တာ၊*

ဂျဲနက်ကို စေ့စေ့ကြည့်လေ သူက ပို၍ ပို၍ ကြိုက်လာလေပင် ဖြစ်သည်။

"ညီမလေး ဒီမှာလာလုပ်တာ ပျော်မှာပါ"

"ဟုတ်ကဲ့. . . ပျော်ပါတယ်ရှင်"

ဂျဲနက်က ယင်းသို့ပြန်ပြောလိုက်ပြီး အခန်းထဲမှ ပြန်ထွက်လာခဲ့သည်။ သူ့အခန်းသို့ ရောက်တော့ ရေချိုးခန်းထဲ တန်းသွားပြီး မျက်နှာသစ်ပစ်လိုက်သည်။ ယွန်-ပေါ်ကို မြင်ရ၍ စိတ်လှုပ်ရှားလွန်းသဖြင့် ချွေးပင် ပြန်လာမိသောကြောင့် ဖြစ်သည်။

ဂျဲနက်ပြန်ထွက်သွားတော့ ယွန်-ပေါက လူစီယံအား သူ့အနီးသို့ ခေါ်လိုက်သည်။ သူလေးလေးကြီး ရောက်လာ၍ လူစီယံကလည်း တော်တော်ဝမ်းသာနေပုံရသည်။

သူက သူ့ဘွားဘွားကို တိုင်ခဲ့သည့်အတိုင်း ဂျဲနက်အပေါ် သူ မကျေနပ်ကြောင်း ယွန်-ပေါ်အား ချက် ချင်းပင် တိုင်းလား တောလား လုပ်တော့သည်။ ယွန်-ပေါက စိတ်ရှည်လက်ရှည်



www.burmeseclassic.com

www.burmeseclassic.com



နားထောင်သည်။ လူစီယံ စကားဆုံးသောအခါ သူက ပြန်ပြောသည်။

"ဟုတ်ပြီ၊ သားပြောတာကို လေးလေးကြီး သေသေချာချာ နားထောင်ပြီးပြီ၊ အခု လေးလေးကြီးက ပြန်ပြောပြမယ်၊ သားသား သေသေချာချာ နားထောင်ပါ. . . နော်၊ တကယ်တော့ အန်တီကြီး ဗယ်လာရီ ထွက်သွားတာ မေ့ဒ်မွာဆယ်ဟက်ကြောင့် မဟုတ်ပါဘူး. . . သားရဲ့ မေ့ဒ်မွာဆယ်ဟက်မှာ ဘာအပြစ်မှ မရှိပါဘူး၊ ဒါ အမှန်ပါ၊ လေးလေးကြီးက အမှန်အတိုင်း သိလို့ ပြောတာ"

လူစီယံက ယွန်-ပေါဘေးတွင် ဝင်ထိုင်ရင်း စူးစူးစိုက်စိုက် နားထောင်နေသည်။ ယွန်-ပေါက ဆက်ပြော သည်။

"ဒီမှာ . . . . သား သားစိတ်ထဲမှာ ဘယ်လို ခံစားနေရတယ်ဆိုတာကို လေးလေးကြီး သဘောပေါက်ပါတယ်၊ လေးလေးကြီးလဲ အလုပ်ထဲမှာ သားလိုပဲ ခံစားရတာပဲ၊ လေးလေးကြီး သဘောမကျတာတွေ၊ မကြိုက်တာတွေ တပုံကြီးရှိတာပဲ၊ ဒါပေမယ့် လေးလေးကြီးတို့ သံတမန် အရာရှိတွေကို သင်တန်းမှာ ဘယ်လိုသင်ပြခဲ့သလဲဆို တော့ ယင်ကောင်ကို ဖမ်းချင်ရင် ပျားရည်နဲ့ ဖမ်းတာ ပိုလွယ်တယ်လို့ သင်ပြတယ်၊ လေးလေးကြီးပြောတာ သားသဘောပေါက်ရဲ့လား"

လူစီယံက စဉ်းစားနေသည်။ လေးလေးကြီး ပြောတဲ့နည်းကို သူနှင့် ဂျဲနက်တို့အတွက် ဘယ်လိုအသုံးချရမလဲဆိုတာ သူက နက်နက်နဲနဲ စဉ်းစားကြည့်သည်။ သဘောတော့ ရေရေ လည်လည် မပေါက်။ သို့သော် သူက ပြန်ပြောလိုက်သည်။

"သူက နီကိုနဲ့ သားတို့နှစ်ယောက်ကို ဂရုမစိုက်သလို လုပ်တယ် လေးလေးကြီးရဲ့၊ သူက အဲဒီလို လုပ်နေတော့ သားတို့က ဘယ်လိုလုပ်ပြီး ခင်မင်နိုင်မှာလဲ၊ သူက ဒီစရီကျတော့ သိပ်ပြီး ဂရုစိုက်တာပဲ"

"ဟုတ်ပြီ၊ အဲဒါ သားက သူ့အပေါ်မှာ ရန်ငြိုးထားလို့ပေါ့"

"ရန်. . . ငြိုး. . . ဟုတ်လား"

"ဟုတ်တယ်. . . ဒေါသဖြစ်နေတယ်၊ မုန်းနေတယ်. . . ဆိုတဲ့သဘောပေါ့ ကဲ. . . ဒီတော့ ဒီလိုလုပ်ရင် မကောင်းဘူးလား၊ သူက သားကို ဂရုမစိုက်ပေမယ့် သားက သူ့အပေါ်မှာ မုန်းတဲ့ စိတ်မထားရဘူး၊ သူ့ကို လေးလေးစားစားနဲ့ ဆက်ဆံမယ်၊ ပြောတဲ့ စကားကိုလည်းနားထောင်မယ်၊ အဲဒီလိုဆိုရင် ဘယ်လိုဖြစ်လာမယ်ထင်လဲ၊ အဲဒီလိုသာ သားက ဆက်ဆံမယ်ဆိုရင် သူက သူ့အပြစ် ကို မြင်လာပြီး သားကိုလည်း ဒီစရီကို ဆက်ဆံသလို ဆက်ဆံလာမှာ သေချာတယ်၊ သားက သူများအပေါ် ကောင်းကောင်းဆက်ဆံရင် သူများကလည်း သားကို ကောင်းကောင်း ဆက်ဆံမှာပဲ"

"မဟုတ်ဘူး. . . လေးလေးကြီး၊ သူက အဲဒီလို မဟုတ်ဘူး၊ သားသိတယ်၊ သူ့အကြောင်း သားကောင်း ကောင်း သိတယ်"

"ဟုတ်ပါတယ်၊ သားသိတယ်ပဲ ထားပါဦး၊ ဒါပေမယ့် လေးလေးပြောသလို လုပ်ကြည့် ဦးလေ၊ ကြိုးစားကြည့်စမ်းပါဦး၊ တကယ်လို့ အဲဒီလို လုပ်တာတောင်မှ သူက သားအပေါ်မှာ အလျင်လို ဆက်ဆံနေရင်တော့ နောက်နည်းလမ်း တစ်မျိုးထပ်ရှာကြတာပေါ့. . . ဟုတ်လား"

လူစီယံ တုံ့ဆိုင်းဆိုင်း လုပ်နေပြီးတော့မှ. .



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပြီလေ၊ လေးလေးကြီး ပြောတဲ့အတိုင်း သားလုပ်ကြည့်မယ်၊ သူက အလျှင်အတိုင်
နေရင်တော့ သူ့ကို လေးလေးကြီး ပြန်လွှတ်ရမယ်နော်. . . ဒါပဲ သိလား"

"ဟုတ်ပါပြီလေ၊ ပထမဆုံးသားဘက်ကပဲ ကြိုးစားကြည့်ပါဦး၊ ကိုယ်လုပ်ရမယ့် အလု
အလျှင်လုပ်ရ တယ်. . . သားရဲ့ မဟုတ်ဘူးလား. . . လေးလေးကြီးပြောတာ"

"သား. . . လုပ်ကြည့်မယ်လေ"

"အေး. . . ဒါမှပေါ့၊ သိပ်လိမ္မာတဲ့ ကလေးပဲ"

ထို့နောက် ယွန်-ပေါသည် ကလေးဆောင်ထဲမှ ပြန်ထွက်လာခဲ့ပြီး ဂျဲနက်၏ အခန်းဘ
သို့ လျှောက်လာကာ တံခါးကို ခေါက်လိုက်သည်။

ဂျဲနက်သည် အသက်ပြင်းပြင်းတစ်ချက် ရှူထုတ်လိုက်ပြီး ရင်ကိုကော့၊ မျက်နှာ
မော့လိုက်သည်။ သို့သော် လက်တွေကျတော့ အချည်းနှီးပင်။

သူက တံခါးဖွင့်ပေးပြီးနောက် မျက်လွှာချ၍ ရပ်နေလိုက်သည်။

ယွန်-ပေါက ဂျဲနက်ကို ကြည့်ပြီး ပြုံးသည်။

"ဒီတစ်ခါ ဒီအိမ်လာရတာ တော်တော် စိတ်ချမ်းသာစရာ ကောင်းတာပဲ၊ ကဲ. . ညီမလေး
အစ်ကိုကြီး ပြန်လိုက်ဦးမယ်. . နော်၊ ညီမလေး အခုလိုရောက်လာတာ အစ်ကိုကြီးက လှို
ဝမ်းသာကြိုဆိုပါတယ်ကွယ်၊ ညီမလေးက ကလေးတွေကို သဘောကျမှာပါ၊ ကလေးတွေကလည်
ညီမလေးကို နောက်တော့တဖြည်း ဖြည်း ခင်လာကြမှာပါ၊ ဒါတော့. . အစ်ကိုကြီး ပိုင်ပိုင်နိုင်နိ
ပြောနိုင်ပါတယ်"

"ကျေးဇူးတင်ပါတယ် ရှင်"

"အို. . ညီမလေးကလဲ 'ရှင်'တွေ'ရှင့်'တွေ လုပ်မနေပါနဲ့ကွယ်၊ အစ်ကိုကြီးက ညီမလေး
မြင်မြင်ချင်း ခင်မင်မိပါတယ်ကွယ်၊ ဒီတော့ ညီကလေးကလည်း အစ်ကိုကြီး ခင်သလိုပဲ ရင်းရ
နှီးနှီးပေါ့ မဟုတ်ဘူး လား၊ 'အစ်ကိုကြီး' လို့ပဲ ခေါ်ပါ. . . နော်"

"ဟုတ်. . . ဟုတ်ကဲ့ပါ"

ယွန်-ပေါက ပြုံးလိုက်သည်။ ပြီးတော့ . . မသိမသာ ဦးညွှတ်လိုက်ပြီးနောက် အခန်းထဲ
ပြန်ထွက်သွားသည်။

ယွန်-ပေါဒူပရေး ပြန်သွားသော်လည်း ဂျဲနက်၏ စိတ်အာရုံသည် ယွန်-ပေါနှင့်အတူ လိုက်
သွားသည်။ အချိန်အတန်ကြာသည့်တိုင်အောင် ကလေးတွေဆီကို စိတ်မရောက်နိုင်ဘဲ ဖြစ်နေသည်

နောက်ဆုံး ကလေးဆောင်သို့ ပြန်လာခဲ့ပြီး အခြေအနေကို အကဲခတ်လိုက်သောအ
လူစီယံမှာ မသိမသာ ပြောင်းလဲနေသည်ကို တွေ့ရသည်။ သူသည် ယခင်လို ဂျဲနက်အား ဂျစ်ကန်
မလုပ်တော့။ သူ ဒီလို အချိုးပြောင်းသွားတာ ယွန်-ပေါ၏ စည်းရုံးရေးကြောင့်ပင် ဖြစ်လိမ့်မည်
လူစီယံ စိတ်ထားပြောင်းလျှင် ညီမလတ်ဖြစ်သူ နီကိုမှာလည်း ပြောင်းလာမည်မှာ သေချာသည်
ယွန်-ပေါကို ကျေးဇူးတင်ရမည်။

ညအချိန်ရောက်၍ အိပ်ရာဝင်ခိုင်းတော့လည်း သူတို့ နှစ်ယောက် ရှောရှောရှူ



www.burmeseclassic.com

www.burmeseclassic.com



...ကြသည်။

သူတို့နှစ်ယောက် အိပ်ရာဝင်ပြီးတော့ ဂျဲနက်က ဒီစရီကို သိပ်သည်။ ဒီစရီ ဘုရားဝတ် ...သည်ကို ဘေးမှ ထိုင်ပြီး နားထောင်သည်။ မေ့ဒ်မွာဆယ် ဗယ်လာရီ ပေးသွားသော တစ်နေ့တာ ...စဉ်တွင် မအိပ်ခင် ဘုရားဝတ်တက်ရန်ဟူသော အကြောင်းကို အောက်မျဉ်းတား၍ အထူးပြု ...သည်။

ဘုရားဝတ်ပြုပြီးတော့ ဂျဲနက်က ကလေးကို ပွေ့ချီနမ်းရှုပ်ပြီး အိပ်ရာပေါ် ပြန်သိပ်ကာ ...ခြုံပေး လိုက်သည်။

"ကဲ အိပ်တော့နော်. . . ညီမလေး"

ထို့နောက် နီကို့ အခန်းသို့ လာခဲ့သည်။

နီကို ဘုရားဝတ်ပြုပြီးသောအခါ ဂျဲနက်က အိပ်ရာပေါ်တွင် သိပ်ပြီး စောင်ခြုံပေး ...သည်။ သူက နီကိုအား နမ်းရှုပ်နှုတ်ဆက်ချင်သော်လည်း အခြေအနေအရ ယင်းသို့ ပြုလုပ်ရန် ...အပ်သေးဟု ဆုံးဖြတ်လိုက်ပြီး. . ." ကဲ နီကို အိပ်တော့. . . နော်၊ မနက်ကျတော့မှ ...ကြမယ်. . . ဟုတ်လား" လောက်သာ ပြောလိုက်သည်။

"ကျေးဇူးတင်ပါတယ်. . . မမ" သူ၏ တုံ့ပြန်ချက်က သည်မျှဖြစ်သော်လည်း ယခင်ကလို ...င် ဘက်အပြုအမူမျိုးတော့ လုံးဝ မလုပ်တော့သဖြင့် ဂျဲနက်က ကျိတ်ပြီး ဝမ်းသာသွားသည်။

ဆက်လက်၍ လူစီယံအခန်းကို ဝင်လာခဲ့သည်။ သူက စောင်တွေ ဘာတွေပင် ...ပြီးပြီ။

"လူစီယံ ဘုရားဝတ်တက်ပြီးပြီလားကွယ်"

သူက လေးလေးကြီး ယွန်-ပေါ ပြောသွားသည့် ယင်ကောင်ကို ပျားရည်နှင့် ဖမ်းမှ ...လွယ်ကူကူ ရနိုင်သည်ဆိုသော နည်းဗျူဟာကို သတိရသဖြင့်. . . "ဟုတ်ကဲ့. . . ကျွန်တော့် ...သာ ကျွန်တော် ဝတ်ပြုပါတယ်၊ ကျေးဇူးတင်ပါတယ်" ဟု ပြန်ပြောလိုက်သည်။

"အေး. . . အေး ကောင်းပါတယ်ကွယ်၊ အိပ်တော့. . အိပ်တော့ ဂွတ်နိုက်. . . လူစီယံ"

ဂျဲနက်သည် နောက်ထပ် ဘာစကားမှ ပြောမနေတော့ဘဲ အခန်းထဲမှ ပြန်ထွက်သွားသည်။

...သည် မျက်လုံးကို မှိတ်၍မရဘဲ မျက်နှာကြက်ကိုသာ ငေးကြည့်နေမိသည်။

မျက်လုံးအစုံမှ မျက်ရည်တွေ ရုတ်တရက် စီးကျလာသည်။

တစ်ဘက်သို့ စောင်းကာ မျက်နှာကို ခေါင်းအုံးပေါ်တွင် အပ်ထားလိုက်သည်။

မေ့ဒ်မွာဆယ်ဟက်ကို ရိုင်းရိုင်းစိုင်းစိုင်း ဆက်ဆံခဲ့မိတာ အလွန်မှားသည်။ အန်တီကြီး ...ာရီ ထွက်သွားရတာ မေ့ဒ်မွာဆယ်ဟက်ကြောင့် လုံးဝမဟုတ်။ ထို့ကြောင့် မေ့ဒ်မွာဆယ် ...မှာ ဘာအပြစ်မှ မရှိဟု လေးလေးကြီး ယွန်-ပေါကလည်း ပြောသွားသည်။ တကယ်တော့ ...အချက်ကို လူစီယံကလည်း မသိမဟုတ်။ ကောင်းကောင်းကြီး သိပါသည်။ သို့ပေမယ့် သူက ...ကြီးကို အလွန်ချစ်သောကြောင့် မေ့ဒ်မွာဆယ်ဟက်အား တမင် "ညစ်" နေခြင်းသာ ...သည်။ ယခုအခါ သူ့မှာ အဖေအမေလည်း မရှိတော့။ အန်တီကြီးလည်း မရှိတော့။



www.burmeseclassic.com

www.burmeseclassic.com



ပုံတူကားကို "စံတင်ရမည့် ပြီးပြည့်စုံသော အနုပညာလက်ရာ" ဟူ၍ဝေဖန်လိုက်သည်။ နောက်
ယောက်ကမူ "ကိလေသာနှိုးဆွသော အလင်္ကာလက်ရာ"ဟူ၍ပုတ်ခတ်သည်။ တခြားဝေဖန်
ဆရာများကလည်း တစ်ယောက်တစ်မျိုးဝေဖန်ကြသည်။

ကမယ်၏ အိမ်ခန်းထဲမှ တယ်လီဖုန်းမြည်သံ အစောကြီးပေါ်ထွက်လာသည
မောရစ်ဟက်ထံမှ ဆက်ခြင်းဖြစ်သည်။

သူက ပန်းချီကားကိုဝယ်ချင်သည်။ ဘယ်လောက်ပဲ ပေးရပေးရ ဝယ်မည်ဟု ဆိုသ

ကမယ် တော်တော် ကျေနပ်သွားသည်။

မောရစ်က ပန်းချီကားကို မီးရှို့ပစ်မည်ဆိုသည်ကို သူက အတတ်သိသည်။ ထို့ကြော
သူက ပြန်ပြောလိုက်သည်။

"ဒီကားက ဘယ်သူ့မှ မရောင်းပါဘူးဗျ၊ ဘယ်သူမှလည်း ဝယ်နိုင်မှာ မဟုတ်လို့ပါ. . .

သို့သော် မောရစ်က လက်မလျှော့သေး။

"ဘာပစ္စည်းမဆို တန်ကြေး ရှိပါတယ်ဗျ"

"ဒီကားကို ကျွန်တော် မပိုင်တော့ဘူးဗျ"

တစ်ဘက်မှ ဘာသံမှမပေါ်လာ။ ခဏကြာတော့မှ . . . .

"ဘယ်သူ ဝယ်သွားပြီမို့လဲ"

"ဘယ်သူမှ မဝယ်ပါဘူး၊ ပေးပစ်လိုက်ပြီ"

"ဘယ်သူ့ကို ပေးလိုက်တာလဲ၊ ဈေးကြီးပေးရင် ပြန်ရောင်းမှာပါ"

"လက်ဆောင်ပစ္စည်းကို ခင်ဗျား ရောင်းရဲမှာလား"

"ဒါဖြင့်လည်း ကောင်းပြီလေ၊ ကျွန်တော့်မိန်းမက အဲဒီကားကို သိပ်ပြီးကြိုက်နေလို့ပါ

"ဒါပေါ့ဗျ. . . ကြိုက်ရမှာပေါ့၊ ကျွန်တော်က "မာဂဒါ"ဆိုပြီး နာမည်ပေးထားတဲ့
ပန်းချီကားက မိန်းမတိုင်း ကြိုက်မှာပဲဗျ၊ ယောကျ်ားတိုင်းလည်း လိုချင်မှာပဲဗျ၊ ပြီးတော့
. . . ဘယ်မိန်းမမဆို သူတို့လည်း ဒီပုံမျိုး အဆွဲခံချင်ကြမှာ သေချာတယ်ဗျ၊ မဟုတ်ဘူးလာ
ကျွန်တော်ပြောတာ"

သူပြောတာ ဟုတ်ပါသည်။ သို့သော် မောရစ် တော်တော်စိတ်ဓာတ်ကျသွားသည
ဒေါသလည်း အကြီးအကျယ်ထွက်သွားသည်။ ထို့ကြောင့် ကမယ်ဆွဲသော ပန်းချီကားများ
နောက်ထပ် တစ်သက်လုံး မဝယ်တော့ဟုလည်း ဆုံးဖြတ်လိုက်သည်။

"ဒါနဲ့. . . ဒီပန်းချီကား လက်ဆောင်ရတဲ့ ပုဂ္ဂိုလ်က လူကုံထံပဲလားဗျ"

"အို. . . သိပ်တန်တဲ့ လူကုံထံပေါ့ဗျ။ ကျွန်တော့်ကား ရသွားတဲ့ ပုဂ္ဂိုလ်က အဲဒီကား
မူလဘူတ စံပြမယ်လေ. . . သူနဲ့ပဲ တန်လို့ သူ့ကိုပဲပေးလိုက်ရတာဗျ. . . ခင်ဗျားရေ
သဘောမတူဘူးလား. . . ဟင်"

မောရစ်က ဘာမျှပြန်မပြော။ သူ့မျက်နှာတွင် သွေးဆုတ်သွားပြီ။

ကမယ်က တယ်လီဖုန်း ပြန်ချလိုက်သည်။

ပြီးတော့ . . . ဟားတိုက်ပြီးရယ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

[ ၁၃ ]

ဒါ၏ လက်ယာဘက်တွင်ကမယ်၊ လက်ဝဲဘက်တွင် အလက်ဇီနှင့် မြို့စားကတော်ကြီးတို့ ကြသည်။ စားပွဲတစ်ဖက် ကမယ်နှင့် ပီတာစကော့တို့ကြားတွင်တော့စကော့၏ အပျော်မယား ယ်လာထိုင်သည်။ ရှုဘင်အမြဲထိုင်လေ့ရှိသော စားပွဲထိပ်ကုလားထိုင်တွင်တော့ ဘယ်သူမှ ိုင်ကြ။ တခြားလူများ၏ ပန်းကန်ရှေ့တွင် နာမည်ကတ်ပြားများ ချထားသလို ရှုဘင့်အတွက် စူးချထားသော ပန်းကန်ရှေ့တွင်လည်း သူ့နာမည်ကတ်ပြားချထားသည်။

ညှော်ခံပွဲမှာ. . . နှစ်သစ်ကူးအကြို ညနေစာစားပွဲဖြစ်သည်။

ယနေ့မနက်က ရှုဘင့်ထံမှ စာတစ်စောင်ရောက်လာသည်။ စာဖတ်ပြီးနောက် မာဂဒါ ာ်တော်ပင် စိတ်ညစ်ခဲ့ရသည်။

“ငါ့သလောက်ဟင်း သိပ်ကောင်းတာပဲ မာဂဒါ”

နယ်စားကြီး အလက်ဇီက ပြောလိုက်သည်။

မာဂဒါက ထိုင်ရာမှ ထရပ်လိုက်ပြီး. . .

“ကောင်းတယ်ဆိုတာ ဘာကို ကောင်းတယ်လို့ ခေါ်တာလဲ”

မာဂဒါ တော်တော်မူးနေပြီ။ မျက်လုံးများပင် ကောင်းကောင်း မဖွင့်ချင်တော့။

“မင်းအတွက် ငါ ဘာ ကူညီရမလဲ မာဂဒါ”

“ရှင်က ဘာကူညီနိုင်မှာမို့လဲ. . . ကျွန်မယောကျာ်းကို ပြန်ခေါ်ပေးနိုင်မှာလား”

အလက်ဇီက တိုးတိုးကလေးပြန်ပြောသည်။

“ငါ့မှာသာ အဲဒီလို ပြန်ခေါ်ပေးနိုင်တဲ့ အာဏာ့ရှိရင် ခုချက်ချင်း ပြန်ခေါ်ပေးမှာပဲ မာဂဒါ”



www.burmeseclassic.com

www.burmeseclassic.com



ဒီစရီ၏ လန့်ငိုသံကြောင့် ရုတ်တရက် စိတ်ကူးပြတ်သွားသည်။ အိပ်ရာမှ ခုန်ဆင်း ကလေးဆီသို့ ပြေးလာခဲ့သည်။ ကလေးကို ကောက်ချီပြီး ချော့မြှူလိုက်သည်။

"အေးလေ. . . ညီမလေးကို ဘယ်သူမှ ဘာမှ မလုပ်ပါဘူး၊ မမကြီးလာပြီလေ . . . မမရှိတာပဲ ညီမလေးရဲ့၊ ကဲ. . . အိပ်ပါတော့. . . အိပ်ပါတော့၊ ညီမလေးက သိပ်ပြီး လိမ္မာ ဟော. . . ပြောနေရင်းတောင် အိပ်ပျော်သွားပြီ"

ကလေးကို ခုတင်ပေါ် ပြန်သိပ်လိုက်သည်။ သူလက်လွှတ်ကြည့်လိုက်တော့ က မျက်လုံးပြန်ဖွင့်ကြည့်သည်။

သည်လိုနှင့် ထိုညတစ်ညလုံး သူလည်းကလေးကို ဖက်သိပ်ရင်း ကလေးနှင့်ပင် အိပ်လိုက်ရတော့သည်။

တစ်လတာမျှ အချိန်ကုန်လွန်သွားခဲ့သည်။

ယွန်-ပေါလည်း တစ်ရက်ခြား နှစ်ရက်ခြားလိုလို အမြဲတမ်း လာလည်နေသည်။ လူစီ အခြေအနေလည်း တစ်ရက်ထက်တစ်ရက် ထူးထူးခြားခြား တိုးတက်ကောင်းမွန်လာ ဂျဲနက်ကလည်း သူ့အပေါ် တွင် ပို၍ပို၍ ဂရုတစိုက် ဆက်ဆံလာသည်။ လူစီယံအ လိုအပ်ချက်မှာ မေတ္တာသာလျှင် အဓိကဖြစ် ကြောင်းကိုလည်း ပို၍ ပို၍ သိလာရသည်။

တစ်ညတွင် ဘုရားဝတ်ပြုပြီးတော့ ဂျဲနက်ကသူ့ကို စောင်ခြုံပေးသည်။ သူက ဂျဲ မော့ကြည့် နေသည်။ သူ့မျက်နှာက အလျှင်ကလို တင်းမာမနေတော့၊ မျက်လုံးကလေးတွေက အရည်တရွှမ်းရွှမ်းနှင့် ပေကလပ်ပေကလပ် လုပ်နေသည်။ သူ့ကို ကြည့်ရသည်မှာ တစ်စုံတစ် ကြိတ်မှိတ်ခံစားနေရပုံမျိုး ဖြစ်သည်။ ဂျဲနက်က အလိုက်သိစွာဖြင့် ခုတင်စွန်းတွင် ဝင်ထိုင် လူစီယံ၏ လက်ကလေးကို သူ့လက်နှစ်ဘက်ဖြင့် ဖွဖွကလေး ဆုပ်ကိုင်ထားလိုက်သည်။

သူက ခဏနေပြီးနောက် အိပ်ရာပေါ်က ကုန်းထပြီး ဂျဲနက်အား ကျစ်ကျစ်ပါ ပွေ့ဖက်ထားလိုက်သည်။ ဂျဲနက်ကလည်း သူ့နဖူးကလေးကို တယုတယပြန်၍ နမ်းလိုက်သ

သူ့မျက်လုံး အစုံတွင် မျက်ရည်တွေ ဝေ့လာကြသည်။

သူ့ဘဝတွင် မေမေကွယ်လွန်သွားပြီးနောက် မေမေ့ အပွေ့အဖက်၊ မေမေ့ အနမ်း ပထမဆုံးအကြိမ် ခံစားရခြင်းပင် ဖြစ်သည်။

သည်အချိန်မှစ၍ သူ၏ ကျစ်ခဲနေသော နှလုံးသားသည် လုံးဝ အရည်ပျော်သွားခဲ့ သည်အချိန်မှစ၍ သူတို့နှစ်ယောက်၏ မေတ္တာနှောင်ကြိုးသည် ခိုင်မာစွာ ရစ်ပတ်ဖွဲ့ လေသည်။

ဂျဲနက် ရက်အားရ၍ သူငယ်ချင်းမ မာဒလိန်းထံ ပြန်သွားသော နေ့များတွင် ကလေးတွေက တမျှော်မျှော်နှင့် ဖြစ်နေကြသည်အထိ ဆက်ဆံရေး အခြေအနေ တိုးတက်လာခဲ့ပြီ ဖြစ်သ

ထိုအခါမျိုးတွင် လူစီယံအပြင်သို့ လုံးဝမထွက်ဘဲ မျက်နှာညိုးညိုးဖြင့် သူ့အခန်းထဲ



www.burmeseclassic.com

www.burmeseclassic.com



...နေတတ်သည်။ ညနေပိုင်း ဂျဲနက်ပြန်လာသောအခါ မောင်နှမ သုံးယောက်က သူ့ကို ...ကြသည်။ သူပြန် လာတိုင်းတွင်လည်း ကလေးတွေအတွက် လက်ဆောင်တစ်ခုခု အမြဲတမ်း ...တတ်သည်။ ငွေတန်ဖိုး မရှိသော်လည်း မေတ္တာ၏တန်ဖိုးကို ပြချင်သောကြောင့် ဖြစ်သည်။

တစ်နေ့တွင် ဂျဲနက် ပြန်လာသောအခါ လူစီယံအတွက် ဒရမ်တစ်ခု၊ နီကိုအတွက် ...တစ်ခု၊ ဒီစရီအတွက် ဟွန်းတစ်ခုပါလာသည်။ သည်လိုနှင့် သူတို့လေးယောက် ပေါင်းလိုက် ...တီးဝိုင်းလေးတစ်ခု ဖြစ်လာခဲ့သည်။

ဂျဲနက်က ပြင်သစ်သီချင်းဆိုပြီး စန္ဒရားတီးသည်။

သူတို့မောင်နှမတွေကလည်း ကိုယ့်တူရိယာကိုယ် အသီးသီး တီးမှုတ်ကြသည်။ သည်အစီ ...ကို ကလေးတွေ အလွန်သဘောကျသဖြင့် ထပ်တလဲလဲ တောင်းဆိုကြသည်။ အန်တီကြီးနှင့် ...ခဲ့တုန်းကထက် ပျော်စရာကောင်းသည်ဟုလည်း ထင်လာကြသည်။

ထိုအခိုက် ယွန်-ပေါ ဝင်လာသဖြင့် ဂီတဝိုင်း ရုတ်တရက် ရပ်သွားသည်။ ယွန်-ပေါက ...တို့လေးယောက်ကို ကြည့်၍ သဘောကျပြီး ရယ်သည်။ ယွန်-ပေါက သဘောကျပေမယ့် ...တ်မှာတော့ ရှက်ရှက်နှင့် နေမထိ ထိုင်မတတ် ဖြစ်သွားသည်။

သို့ဖြင့် ယွန်-ပေါအား ကတုန်ကယင် နှုတ်ဆက်ပြီး နောက် သူ့အခန်းသို့ သူပြန်လာ ...သည်။

ယွန်-ပေါအား မြင်လိုက်တိုင်း တူညီသောခံစားမှုကို ခံစားရသည်။ အံ့သြစရာပင် ...ကောင်းသည်။ သူ့အဖို့ ကိုယ့်ဒုက္ခကိုယ် ရှာခြင်း ဖြစ်တော့သည်။

ကလေးတွေကို အိပ်ရာထဲသွင်းပြီးတော့ ဂျဲနက်သည် စိတ်လှုပ်ရှားကာ ဂနာမငြိမ် ...နေသည်။ သို့ဖြင့် တစ်ယောက်ယောက်နှင့် ထိုင်ပြီး စကားပြောနေလျှင် ကောင်းမည်ဟု ...တ်ကူးမိကာ အောက်ထပ်မီးဖိုခန်းသို့ ဆင်းလာခဲ့သည်။

စားဖိုမှူးအမျိုးသမီးကြီး ကလော့သီမှာ အလုပ်သိမ်းပြီးခါစ ရှိသေးသည်။ ဂျဲနက်ကို ...မြင်လိုက်ရတော့ အံ့အားသင့်သွားသည်။ အထူးသဖြင့် ဂျဲနက်သည် ညအချိန်တွင် ယခင်က ...ဘယ်တော့မှ မီးဖိုခန်းသို့ မလာစဖူး။

သို့သော် သူ့အနေဖြင့် ဂျဲနက်ကိုတော့ စတင်မြင်ခဲ့ရသည့်နေ့ကပင် သဘောကျခဲ့မိသည်။ ဂျဲနက်က ဗယ်လာရီလို ဘဝမမြင့်။ သည်အချက်ကို ကလော့သီက အလွန်လေးစားမိသည်။ ဂျဲနက်အနေဖြင့် ကလေးတွေ ချစ်ခင်လာအောင် ဘယ်အထိ ကြိုးစားခဲ့ရသည် ဆိုတာလည်း သူက သိသည်။

ဂျဲနက်ကလည်း ကလော့သီ၏ ခင်မင်မှုကို တုံ့ပြန်ခဲ့သည်။ ကလော့သီသည် တစ်ခြား အိမ်ဖော်တွေ အားလုံးအပေါ်တွင် တင်းတင်းမာမာ ဆက်ဆံလေ့ရှိသည်။ သူ့ စကားကို အားလုံးပင် ...ိုက်နာကြရသည်။ သူက သည်အိမ်ကြီးတွင် လုပ်သက်လည်း အရင့်ဆုံး၊ အသက်လည်း အကြီးဆုံး။ ...ပြင်. . . သူက သည်အိမ် ကြီးကို သူ့အိမ်လိုပင် သဘောထားသည်။ သူ့ကို သည်အိမ်ကြီးတွင်ပင် မွေးဖွားခဲ့သောကြောင့် ဖြစ်သည်။

ကလော့သီ၏ စိတ်ဓာတ်က ပြတ်သားသည်။ ကြိုက်လျှင် ကြိုက်သည်။ မကြိုက်လျှင်



www.burmeseclassic.com

www.burmeseclassic.com



တစ်ဆောင်းသစ်ခဲ့လေပြီ။

မာဂဒါအဖို့ နှစ်ထပ်ကွမ်း စိတ်ညစ်စရာ ဖြစ်ခဲ့ရပြန်သည်။ မခံမရပ်နိုင်အောင် ဆိုးရွားသော အအေးဒဏ်ကလည်း တစ်ဒုက္ခ။ ရှုဘင်ဆီက စာမလာ သတင်းမကြားရသည်မှာလည်း တစ်ဒုက္ခ။ ယခုဆိုလျှင် လုံးဝ စာမလာတာ ရက်သတ္တ ခြောက်ပတ်ပင် ကျော်ခဲ့ပြီ။

ဒီဘိုရာအဖို့တော့ လီယွန်အကြောင်း သတင်းရ၍ တစ်နည်းအားဖြင့် ဖြေသာပါသေးသည်။

လီယွန်တို့သင်္ဘောကို ဂျာမန်ရေငုပ်သင်္ဘောက တိုပီဒိုဖြင့် ပစ်ခွင်း နှစ်မြှုပ်လိုက်သည်။ လီယွန်ကား မသေခဲ့။ အသက်ကယ်ဇောဖြင့် သုံးရက်တိတိ ရေထဲမျောနေသည်။ နောက်ဆုံးမေ့မျော နေချိန်တွင် ဂျာမန်သင်္ဘောက သူ့ကို သွားတွေ့သည်။ နောက်တစ်နေ့မနက်ကျတော့မှ သူသတိပြန်ရလာခဲ့သည်။ သည်တော့မှ သူသည် ဂျာမန်တို့၏ စစ်သုံ့ပန်းစခန်းထဲမှ ခုတင်ကလေး တစ်ခုပေါ်တွင် ရောက်ရှိနေကြောင်း သိရတော့သည်။

ဘာပဲဖြစ်ဖြစ် လီယွန် အသက်ရှင်နေဆဲပင် ရှိသေးသည်။ မျှော်လင့်ချက်ရှိသေးသည်။ ရှုဘင်၏ အဖြစ်ထက်သာပါသေးသည်။ ယခုတော့ ရှုဘင်အကြောင်း ဘာမျှမသိရ။ သေပြီလား ရှင်နေသေးလား ဘာမျှ မသိရ။ ဒါက ပို၍ အခံရခက်သည်။

မာဂဒါသည် ကိုယ်ဝန်မရှိခင်ကထက် အတော်ကလေးပိန်သွားသည်။ ရှုဘင့်အတွက် သောကရောက်နေရသည့်အထဲ အအေးဒဏ်ကိုလည်း သေလုမျောပါး ခံစားနေရသည်။

သူမသည် အားကိုရာ အားကိုးကြောင်းဖြင့် ရှုဘင့်ဖခင်ထံသို့ တစ်နေ့မပြတ် ဖုန်းဆက်နေမိသည်။

"ရှုဘင် ဘယ်ရောက်နေတယ်ဆိုတာ ဘယ်လိုမှ စုံစမ်းလို့မရနိုင်တော့ဘူလား ဖေဖေ၊ ဆက်ပြီး စုံစမ်းကြည့်ပါဦး ဖေဖေ၊ ကျွန်မတော့ သူ့အတွက်နဲ့ပဲ သေရတော့မယ်"

"သည်းခံပြီး စောင့်ပါဦး- သမီးရယ်၊ ဖေဖေတို့လဲ အမြဲတမ်း စုံစမ်းနေပါတယ်။ မကြာခင်မှာ အဖြေ တစ်ခုတော့ ရပါလိမ့်မယ်၊ ကိုယ့်စိတ်ကိုဖြေပြီး ခဏစောင့်ကြည့်ပါဦးကွယ်"

အဘိုးကြီးက ချွေးမဖြစ်သူအား အားပေးစကားပြောနေရသော်လည်း သူကိုယ်တိုင်ကလည်း တော်တော် ခံစားနေရပုံပေါ်နေသည်။ သူ့အသံက အားမရှိသလို ပျော့နေသည်။

သို့ဖြင့် မာဂဒါက ဒီဘိုရာဆီ လှမ်းဆက်ပြန်သည်။

"သူ့အကြောင်း ဘာသတင်းမှ မရဘူး. . . မမ၊ ကျွန်မတော့ ဘယ်လိုနေရမှန်း မသိတော့ဘူး၊ ဒီနေရာကနေပြီး ထွက်ပြေးချင်စိတ်တောင်ပေါက်လာပြီ. . . မမရယ်"

"ခဏစောင့်ကြည့်ပါဦး ညီမရယ်၊ မကြာခင် တစ်ခုခုတော့ သိရလိမ့်မယ် ထင်တာပဲ"

"မမကတော့ အစ်ကိုလေးလီယွန်ဆီကစာရောက်လာလို့ ဖြေသာတာပေါ့၊ ကျွန်မမှာတော့. . ."

"သူ့စာက စာလို့တောင် မခေါ်လောက်ပါဘူးကွယ်၊ ဂျာမန်တွေက ဖြတ်တောက်ပြီးမှ ရောက်လာတဲ့ စာပါ၊ သူ့ကို ဘယ်နေရာမှာ ဘယ်လိုထားကြတယ်ဆိုတာ ဘာမှမပါလာဘူး "

"ဒါပေမယ့် အသက်ထင်ရှား ရှိနေသေးတယ် ဆိုတာသိရလို့ တော်သေးတာပေါ့မမရယ်၊ ကျွန်မတော့ . . . ဘယ်လိုဖြေရမှန်းတောင် မသိတော့ပါဘူးမမရယ်"



www.burmeseclassic.com

www.burmeseclassic.com



လီယွန်က တူမဖြစ်သူ၏ မျက်နှာကို စေ့စေ့ ကြည့်နေသည်။ ပြီးတော့. . . သူ့အနားသို့ ...လိုက် သည်။

တူဝရီးနှစ်ယောက် ကျစ်ကျစ်ပါအောင် ဖက်ကာ အတိတ်ကို သတိရရင်း မျက်ရည်ဖြိုင်ဖြိုင် ... ကြသည်။

လီယွန်က တစ်ခုပဲကျိတ်၍ ဆုတောင်းနေမိသည်။

ဂျဲနက်အတွက် ကောင်းသောအနာဂတ်ခရီး ဖြစ်ပါစေ. . . . လို့။

◆◆◆

www.burmeseclassic.com

www.burmeseclassic.com



နားထောင်ပါ. . . ငါ့တူမ၊ ဒီစကားကို အန်တီက လူတိုင်း မပြောပါဘူး၊ ငါ့တူမကို ခင်လို့ ပြော... မှတ်ထား. . ."

"မကောင်းတာ ဆိုရင်တော့ ကျေးဇူးပြုပြီး မပြောပါနဲ့ အန်တီရယ်၊ ကျွန်မက မ... ဒူပရေးကို သိပ်ပြီး လေးစားနေတာမို့လို့ပါ"

"ညည်း သူ့ကို လေးစားမိမယ်ဆိုတာ ငါကြိုတွက်ပြီးသားပါ။ တကယ်တော့ ညည်း... သူ့ကို ချစ်နေပြီလို့တောင် ငါက ထင်နေမိတာ"

ဂျဲနက် အံ့အားသင့်သွားသည်။ သူ့အမူအရာ သည်လောက်တောင်မှ ပျက်နေပြီ... သို့သော် သူ ရင်ထဲခံစားနေရတာကို တစ်ယောက်ယောက်ထံတွင် ရင်ဖွင့်ချင်လှသော ဆ... အလွန် ပြင်းပြနေသည်။

"ဟုတ်. . . ဟုတ်ပါတယ် အန်တီ၊ အဖြစ်က ရယ်စရာတော့ ကောင်းတာပဲ၊ ဒါပေမ... ကျွန်မက ဘယ်လိုမှ ကိုယ့်စိတ်ကို ထိန်းလို့ မရနိုင်သလိုပဲ၊ ဒီအကြောင်း သူ့ကိုတော့ သွားမ... လိုက်ပါနဲ့ အန်တီရယ်၊ ကျွန်မတောင်းပန်ပါတယ်"

ကလော့သီက သက်ပြင်းတစ်ချက် ချလိုက်ပြီး. . . .

"ညည်းက သူ့အကြောင်း မကောင်းမပြောပါနဲ့လို့ ငါ့ကို တားတယ်၊ ဒါပေမယ့် ငါက... ပြောစရာ ရှိတာ ပြောရမှာပဲ၊ အန္တရာယ်များတယ်၊ ညည်းက ငယ်သေးတယ်၊ ပြီးတော့ ငါ... သမီးတစ်ယောက် အမေ၊ ငါ့သမီးက ညည်းထက် ကြီးသေးတယ်၊ ဒါကြောင့်လည်း ညည်း... မိခင်စိတ်နဲ့ ကြိုတင်သတိပေးရတာ၊ ငါ့ သမီးက ညည်းအရွယ်လောက်မှာပဲ မာဆေးမြို့က သ... သားကလေး တစ်ယောက်နဲ့ လိုက်ပြေးသွားတယ်၊ သူ့သောကကြောင့် ငါ့မှာ ရင်ကွဲမတတ် ခံစ... ရတယ်၊ အခုဆိုရင် သူတို့ လင်မယား ဘယ်သောင်တင်ပြီး ဘယ်ကမ်း ဆိုက်နေမှန်းတောင် မသိ... ပါဘူး၊ ငါက ငါ့ဘဝ၊ ငါ့သမီးရဲ့ ဘဝကို အခြေခံပြီး ညည်းကို စေတနာနဲ့ ကြိုတင်သတိပေးချင်လို့... ဒါကြောင့် ငါပြောပြတာကို သေသေချာချာ နားထောင်ပါ"

ထို့နောက် သူက ယွန်-ပေါ် အကြောင်းကို စီကာပတ်ကုံး ဆက်ပြောပြသည်။ ယွန်-ပေါ်... လေးနှစ်သားအရွယ်တွင် အက်ရှန်ကို မွေးလာသည်မှစ၍ ပြောပြသည်။

အက်ရှန် မမွေးခင်ကဆိုလျှင် တစ်အိမ်လုံးက ယွန်-ပေါ်ကို တဖူးဖူးမှုတ် နေကြသည်... အထူးသဖြင့် မိခင်ဖြစ်သူက ပိုသည်းသည်။ သူ့သားကလေးကို ငုံထားမတတ် ချစ်သည်။ သို့သော်... ယွန်-ပေါ်ကတော့ သူ့အမေ ကို မချစ်။ နွဲ့ဆိုးသာ ဆိုးသည်။ အနိုင်သာ ကျင့်သည်။ သူ့အမေသည်... သူကလွဲပြီး ဘယ်သူကိုမှ မချစ်ရ။ အသက်က လေးနှစ်သားကလေးသာ ရှိသေးသော်လည်း သူ... မနာလိုစိတ်က လူကြီး တစ်ယောက်ထက်ပင် ပြင်းထန်လှသည်။

ထို့နောက် သူ့ဘဝထဲသို့ ကိုယ်အင်္ကျီချွတ်ခဲ့သော လူစိမ်းကလေးတစ်ယောက် ရုတ်တရ... ရောက်လာသောအခါ သူ၏ မနာလိုစိတ်မှာ ပို၍ ပြင်းထန်လာသည်။ ထို့ကြောင့်ပင် အက်ရှန်... သူအလွန်မုန်းသည်။ သူ့အမေကို သူ့ထံမှ အက်ရှန်လုယူသွားသည်ဟု ယူဆသည်။ ပိုဆိုးသည်... မိခင်ဖြစ်သူမှာ ယွန်-ပေါ်ကို လုံးဝ လှည့်မကြည့်နိုင်တော့ဘဲ လူစဉ်မမီသော အက်ရှန်ကလေး... တပွေ့ပိုက်ပိုက်နှင့် ဂရုစိုက်နေခြင်းပင် ဖြစ်သည်။ မိဘနှစ်ပါးက သားကလေး၏ မသန်... 



www.burmeseclassic.com

www.burmeseclassic.com



...ဘက်တစ်ဘက်ကို နာမည်ကျော် ဥရောပ သမားတော်ကြီးများနှင့် အင်တိုက်အားတိုက် ...သော်လည်း သမားတော်ကြီးများမှာ ဘယ်လိုမှ မတတ်နိုင်တော့ဘဲ လက်လျှော့ကြရ ...ဘာဖြစ်သည်။

သို့ဖြင့် နောက်ဆုံးတော့ ကံတရားကိုသာ ပုံချပြီး သည်အတိုင်းပင် ထားလိုက်ရတော့သည်။

တစ်ခါတုန်းက မိသားစုအားလုံး ပင်လယ်ကမ်းခြေသို့ အပန်းဖြေ ထွက်ကြသည်။ ...တွေက လှိုင်းလုံးတွေ ကြားထဲ ဆော့ကစားနေကြသည်။ ယွန်ပေါက ခပ်နက်နက်သို့ ...သွားပြီး အက်ရှန်ကိုပါ သူ့ဆီသို့ ဆင်းလာရန် ခေါ်သည်။ ထိုစဉ်က အက်ရှန်မှာ ငါးနှစ်သား ...မျှသာ ရှိသေးသည်။

အက်ရှန်က အစ်ကိုရှိရာသို့ ဆင်းလာသည်။ ထိုစဉ် ရုတ်တရက် ခြေကုပ်လွတ်သွားကာ ...မျော ပါသွားတော့သည်။ သူက သွေးရူးသွေးတန်းဖြင့် အစ်ကိုဖြစ်သူအား လှမ်း၍ အော်ခေါ် ... သို့သော် ယွန်ပေါ က လှုပ်တောင် မလှုပ်။ သူက ညီကလေးကို ရေနစ်စေချင်သည်။ ဒါမှ ...ကို သူ ပြန်ရနိုင်မည် မဟုတ်လား။

အကယ်၍သာ အက်ရှန်ရေနစ်နေသည်ကို အစ်မကြီးဖြစ်သူ ဒင်းနစ်သာ လှမ်းမမြင်ခဲ့လျှင် ...တပင် အက်ရှန် တစ်ခါတည်း သေဆုံးခဲ့မည်မှာ သေချာသည်။

ဒင်းနစ်က ကလေးထိန်း ဆရာမကို လှမ်းခေါ်လိုက်သဖြင့် ကလေးထိန်းဆရာမက ...အမြန် ရေထဲဆင်းကာ အက်ရှန်ကို ဆွဲတင်လာခဲ့ရသည်။ ကမ်းပေါ်ရောက်တော့ ကလေးကို ...ခုန်ထားပြီး အဆုပ်ထဲမှ ရေတွေကို အချိန်မီ ထုတ်ပစ်လိုက်နိုင်သောကြောင့်သာ အက်ရှန် ... သေဘေးမှ ကင်းလွတ်ခဲ့ရခြင်း ဖြစ်သည်။

သည်အကြောင်းတွေကို ကလေးတွေ၏ အဘွားဖြစ်သူ သိသွားသောအခါ ကလေးထိန်း ...အပေါ်တွင်သာ အပြစ်ပုံချပြီး ချက်ချင်းပင် အလုပ်မှ ထုတ်ပစ်လိုက်သည်။

"ဖြစ်ပုံက အဲဒီအတိုင်းပဲ ဂျုနက်၊ ဒါငါတမင် လုပ်ပြောနေတာ မဟုတ်ဘူး၊ တကယ်ဖြစ်ခဲ့ ...ကို အမှန်အတိုင်း ပြောပြနေတာ" ကလော့သီက ဆက်ပြောနေသည်။ "ဒါကြောင့်မို့ ...... ညည်းအလုပ်စ ဝင်တုန်းက ညည်းအသက်ငယ်ပါသေးတယ်လို့ အက်ရှန်တို့ မေမေက ...ခဲ့တာပေါ့၊ သူက ကလေးထိန်းဆရာမကို အသက်ကြီးကြီးမှ လိုချင်တာ၊ အစစ အရာရာ ...ချရတယ်ဆိုတဲ့ သဘောပေါ့"

"ဟုတ်ပါတယ်. . အန်တီ၊ အဲဒါကို ကျွန်မလဲ သဘောပေါက်ပါတယ်၊ ဒါနဲ့ . . အစ်ကိုကြီး ...ပေါ က သူ့ညီလေးကို ရေနစ်ပြီး သေစေချင်တဲ့ စိတ်ရှိတယ်ဆိုတာ အန်တီက ဒီလောက်တောင် ...တပ်အပ်အပ် ဘာလို့ ပြောနိုင်ရတာလဲ၊ ကလေးချင်းကတော့ နည်းနည်းပါးပါးတော့ မနာလိုစိတ် ...တာ ရှိကြမှာပေါ့၊ ဒါပေမယ့်. . ."

"ငါပြောတာ ယုံစမ်းပါ ဂျုနက်ရယ်၊ ငါက သိလို့ပြောနေတာပါ။ လုပ်ကြံပြီး ပြောနေတာ ...တ်ပါဘူး၊ နောက်ပိုင်း သူတို့ တော်တော်ကြီးလာတဲ့အခါမှာ တစ်နေ့မှာ ညီအစ်ကိုချင်း ...ဖြစ်ကြတော့ ယွန်-ပေါက ဘာပြောလိုက်သလဲ. . . သိလား၊ မင်းရေနစ်ပြီး သေသွားခဲ့ရင် ...ကောင်းမယ်တဲ့၊ အဲဒါ ယွန်-ပေါက ပြောတာ၊ သူ့ညီလေးကို အစ်ကိုကြီး လုပ်သူက ပြောတဲ့စကား၊



www.burmeseclassic.com

www.burmeseclassic.com



အဲဒါသာကြည့်တော့၊ သူ့စေတနာ ဘယ် လောက်ယုတ်သလဲဆိုတာ. . . ဒီထက် သိသာ
လား. . . အေရဲ့"

ဂျဲနက်က ခေါင်းကို ခါယမ်းလိုက်သည်။ သူက လုံးဝ မယုံနိုင်အောင် ဖြစ်နေသည်။

"အဲလေ. . . ငါပြောတာ ညည်းအနေနဲ့ ယုံချင်ယုံ၊ မယုံချင်လဲနေပေါ့"

"ကျွန်မ အန်တီ ပြောတာ မယုံဘူးလို့ မပြောလိုပါဘူး၊ ဒါပေမယ့် ကျွန်မ မြင်ရ တွေ့
အစ်ကိုကြီး ယွန်-ပေါက အန်တီပြောတာနဲ့ တစ်ခြားစီ ဖြစ်နေတာတော့ အမှန်ပဲ၊ သူ့ကို မြင်
တစ်ဘက်သားအပေါ် စေတနာရှိတယ်၊ နားလည်မှု ရှိတယ်လို့ပဲ ထင်တယ်၊ ကလေးတွေ
ကျွန်မအပေါ် ခင်မင်လာအောင်လည်း သူပဲ ကူညီခဲ့တယ်၊ သူ့အကူအညီသာမရရင် ကျွ
အနေနဲ့ လူစိမ်းကို ဘယ်လိုမှ စည်းရုံးလို့ရနိုင်မှာ မဟုတ်ဘူး"

"ဒါကတော့ ညည်းက ကောင်းတာလေး တစ်ကွက်ကြည့်ပြီး တဘက်သတ် အထ
နေတာကိုး"

ဂျဲနက်က ပြန်ပြောမလို့ ပါးစပ်ဟပြီးမှ ချီတုံချတုံ ဖြစ်နေမိသည်။ နောက်တော့
ပြောလိုက်သည်။

"ဒါနဲ့ အန်တီက အစ်ကိုကြီး ယွန်-ပေါ်ကို ဒါလောက်တောင် ဘာဖြစ်လို့ မုန်းနေရတာ
ဟင်. . ."

"ဘာဖြစ်လို့ မုန်းနေရတာလဲ ဟုတ်လား၊ ဘာဖြစ်လို့ မုန်းရသလဲဆိုတော့ အ
မကောင်းလို့ မုန်းတယ်. . . ဟော့၊ သိက္ခာမရှိလို့ မုန်းတယ်. . . ဟော့၊ အဲဒါပဲ၊ ငါက သူ့
မဟုတ်ဘူး၊ ပြောင်ပြောင်ပဲ ပြောတတ်တယ်။

"ဒီလောက် အသက်အရွယ်နဲ့ အလွန်တာဝန်ရှိတဲ့ သံတမန် အရာရှိတစ်ယောက်ဖြစ်
လူတစ်ယောက်ကိုများ အန်တီက ဒီလို ပြောရဲသတဲ့လား"

ကလော့သီက မျက်ရည်ထွက်အောင်ပင် ရယ်လိုက်မိသည်။ ထို့နောက် မျက်ရည်တွေ
အင်္ကျီစနှင့် သုတ်ပစ်လိုက်ပြီးတော့မှ. . .

"အမလေး. . . ဂျဲနက်ရယ်၊ ဒီလောက်တောင်မှမသိဆိုးဝါး နိုင်သေးတာပါက
တို့နိုင်ငံက ဘယ်သံတမန်များ အကျင့်သိက္ခာနဲ့ ပြည့်စုံတဲ့လူ ရှိလို့လဲ၊ ကဲပါလေ. . . ဒီအကြေ
ထားလိုက်ပါတော့၊ ယွန်-ပေါ် အကြောင်းပဲ ဆက်ပြောရဦးမယ်၊ ပြီးတော့ သူ့ကိုငါမကြိုက်တာတ
ဒင်းနစ်ရသင့်တဲ့အမွေတွေကို ဒင်းနစ် ဆုံးသွားတော့ သူတစ်ယောက်တည်းကို ပေးဖို့ သူ့အ
တကျည်ကျည်လုပ်ပြီး အတင်းတောင်းဆိုနေတယ်၊ သူက အက် ရှန်ကို တစ်ပြားမှ မပေးချ
ဖြစ်နိုင်ရင် အက်ရှန်ကိုတောင် ဒီအိမ်ကြီးက မောင်းထုတ်ပစ်ချင်တာ၊ သူက အဲဒီအထိ စိတ်
ယုတ်တာ သိရဲ့လား"

"အန်တီက ဒီလောက်တောင်မှ ဘယ်လို လုပ်သိတာလဲ"

"မိုက်လိုက်ပါဘိ့တော့တယ် ကလေးမရယ်၊ ငါက မီးဖိုချောင်ထဲမှာနေလို့ ဒီအိ
ဘာတွေဖြစ်နေတယ်ဆိုတာ လုံးဝမသိဘူးလို့များ ညည်းကထင်သလား၊ အဲဒီလို ထင်ရင်
အများကြီးမှားသွားမှာပေါ့၊ ဒီမှာ ငါပြောလိုက်မယ်၊ ငါက ဒီအိမ်မှာ အပ်ကျ



www.burmeseclassic.com

www.burmeseclassic.com



...ကျွန်သိတယ်. . . သိရဲ့လား၊ ဒီကောင်က ပိုက်ဆံသိပ်မက်တယ်၊ လောဘကြီးတယ်၊ မနာလို ...စိတ်ရှိတယ်၊ သူလိုချင်တာရှိရင် မရရတဲ့နည်းနဲ့ လုပ်တတ်တယ်၊ သူက သမ္မတ ဖြစ်လာ ...ာင်မှ ကျေနပ်ရောင့်ရဲနိုင်မယ့် လူစားမျိုး မဟုတ်ဘူး"

"အခုလဲ အများကြီး သူ့မှာ ပြည့်စုံနေတာပဲ၊ ဒါနဲ့တောင်များ သူက ဘာဖြစ်လို့ လောဘ ...တ်နိုင်ဘဲ ဖြစ်နေရတာလဲ"

"ဘာဖြစ်လို့လဲဆို. . . သူက ရသမျှအားလုံး လိုချင်နေတဲ့ လူကိုး၊ တလောကလုံးမှာ ...တ်အပြင် ဘယ်သူ့ကိုမှ မချစ်ဘူး၊ သူ့ကိုယ်ကျိုးတစ်ခုပဲ သူကြည့်တာ၊ သူက တရားဝင် ...တစ်ယောက် ယူထားတာလဲ တကယ်ကြိုက်လို့ မဟုတ်ဘူး၊ သူ့ ရည်မှန်းချက်အောင်မြင်အောင် ...တွက် အထောက်အကူ ရအောင် လို့ ယူထားတာ၊ သားယောကျ်ားကလေး လိုချင်လိုက်တာကလဲ ...ပြာပါနဲ့တော့၊ တစ်ပိုင်းကို သေနေတာပဲ၊ သူ့ မိန်းမ ကလေးပျက်ကျတာ သုံးကြိမ်ရှိပြီ၊ ...ယောက်မှ အဖတ်မတင်ဘူး၊ အဲဒါ သူ့အကုသိုလ်နဲ့သူ ကျိန်စာသင့်တာပေါ့၊ ဒီလောကမှာ ...ချစ်တာ သုံးခုပဲ ရှိတယ်၊ သူ့ကိုယ်သူရယ်၊ ပိုက်ဆံရယ်၊ သူ့အမေရယ်၊ ဒီသုံးခုကိုပဲ အမိကထားတာ၊ ...သုံးခုအနက်က ဘယ်အရာကို ပိုချစ်သလဲလို့ မေးရင် အဲဒီ အစီအစဉ်အတိုင်းပဲ ချစ်တယ်လို့ ...ရှာပဲ"

ဂျဲနက်မှာ အံ့အားလည်း သင့်ရသည်။ စိတ်မ... ...းလည်း ဖြစ်ရသည်။

"ဒီအကြောင်းတွေ ကျွန်မကို ဒီလောက်တောင် ဘာဖြစ်လို့ ပြောပြနေရတာလဲ အန်တီ"

"ညည်းကို စေတနာရှိလို့၊ ညည်း ဒုက္ခ မရောက်စေချင်လို့ ပြောပြနေတာပေါ့၊ ဒီကောင်က ...မြင်ရင်လည်း ငမ်းငမ်းတက်ပဲ၊ မယားကြီးအပြင် အပျော်မယားတစ်ယောက်တောင် ယူထား ...က်သေးတယ်၊ အဲဒါကို နံပတ်တစ်လို့ မထင်လိုက်နဲ့ဦး၊ နံပါတ် ဘယ်အထိရှိပြီဆိုတာ ငါတော့ ...လို့တောင် မရတော့ဘူး၊ ဒါကြောင့် သူနဲ့ နီးနီးကပ်ကပ် မဆက်ဆံဘဲ ဝေးဝေးက ရှောင်နိုင်ရင် ...အောင် မဆင်းရဲဘူးသာ မှတ်ပေတော့ ကလေးမရယ်"

"အခု ကျွန်မတွေ့ရသလောက်တော့ အန်တီပြောတာတွေ တစ်ခုမှ မမှန်ဘူး၊ ကျွန်မကို ...ည်း ရိသဲ့သဲ့ လုပ်တာတို့၊ လူကြီးလူကောင်း မဆန် ပြုမူတာတို့ လုံးဝမရှိသေးဘူး"

"အေး ငါပြောတာတွေ မယုံရင် စောင့်ကြည့်လိုက်ဦးပေါ့ အေ၊ ကြောင်သူတော်က ...ကြာခင် လက်သည်း ထုတ်ပြလာလိမ့်မယ်၊ ကုန်ကုန်ပြောရရင် ငါက အဲဒါတွေကြောင့် သူ့ကို ...ကြည့်လို့ မရဘူး၊ တစ် သက်လုံးလည်း ကြည့်လို့ ရမှာ မဟုတ်ဘူး။ အက်ရှ်နဲ့ ယှဉ်လိုက်ရင် ...သန်းဖျားတောင် မမီပါဘူး၊ ကဲ. . ကဲ ငါလည်းပြောရတာမောပြီ၊ ညည်းလည်း အိပ်ချင်ရောပေါ့၊ ...ပ်ချေတော့. . . သွားအိပ်ချေတော့၊ ဒါပေမယ့် ငါပြောတာတွေကိုတော့ ကျပ်ကျပ်သတိ ...ားပါ. . . ကလေးမရယ်"

...နက်သည် အိပ်ရာပေါ်တွင်လှဲရင်း အိပ်မပျော်နိုင်ဘဲရှိသည်။ ညအမှောင်ထုသည် သူ့အား ...ခြောက်လှန့်လာသလို ထင်မိသည်။ တကယ်တော့ သူ့ကို အတိတ်တစ္ဆေက ခြောက်လှန့်နေ



www.burmeseclassic.com

www.burmeseclassic.com



ခြင်းသာဖြစ်သည်။

သူသည် ဘယ်တော့မှ ပြန်မတွေးချင်သော အတိတ်က အဖြစ်အပျက်ရွေ ပြန်တွေးနေမိလေသည်။

ညီအစ်ကို အချင်းချင်း တစ်ယောက်အပေါ် တစ်ယောက် ဘယ်လိုသဘောထားကြ ဆိုတာကို သူထက်ပို၍ ဘယ်သူ သိနိုင်တော့မည်နည်း။

မောရစ်သည် အသက်ထွက်လုဆဲဆဲ ဖခင်ကြီးကိုပင် အကျပ်ကိုင်ပြီး လိမ်ညာခဲ့သေး မဟုတ်လား။ သူ့ မိခင်ကို လက်ထပ်မိ၍ ညီအရင်းခေါက်ခေါက်ဖြစ်သော သူ့ ညီရှ အမွေမရနိုင်အောင် လုပ်ခဲ့သူမှာလည်း မောရစ်ပင်လျှင် မဟုတ်လား။ အမှန်ဆိုသော် မောရစ် လူလိမ်လူညာ။ ပြီးတော့ သူခိုး။ ထို့ကြောင့် ယွန်-ပေါလို လူကြီးလူကောင်း သံတမန် အ တစ်ယောက်ကို မောရစ်လို လူယုတ်မာမျိုး နှင့် ဘယ်လိုလုပ်ပြီး နှိုင်းယှဉ်လို့ ရပါမည်နည်း။

ကလော့သီက ယွန်-ပေါကို သိက္ခာချပြီး သူ့ အကြိုက်တော် အက်ရှန်ကို အ အမွှမ်းတင် ချီးကျူးသွားသည်။ သို့သော် ကလော့သီက ဘက်မလိုက်ဘဲ အမှန်အတိုင်း ပြော တာတော့ အမှန်ပင် ဖြစ်သည်။

ဒါပေမယ့် ကလော့သီပြောသွားတာတွေကို ဂျဲနက်အနေဖြင့် မယုံနိုင်။ ဘယ်လိုမှ မယုံ သို့သော် ဒီအကြောင်းတွေ ငါ့ကို သူမပြောပြရင် သိပ်ကောင်းမှာပဲဟုတော့ ပြန်တွေးမိသ အဘယ်ကြောင့်ဆိုသော် ဂျဲနက်သည် ယွန်-ပေါကို လုံးဝ အပြစ်မမြင်နိုင်သောကြောင့် ဖြစ်သ အမှန်အတိုင်းဆိုသော် ယွန်-ပေါကို သူက ကျိတ်ပြီး တဘက်သတ် ကြိုက်နေမိပြီး ဖြစ်သောကြေ ဖြစ်သည်။

ဂျဲနက် စိတ်မချမ်းသာ ဖြစ်ရဆုံးကတော့ ယွန်-ပေါတွင် မိန်းမ ရှိသည်ဟူသော အ ပင်ဖြစ်သည်။ သည်အကြောင်းကို ဂျဲနက် ယနေ့ညမှပင် သိရသည်။ သူတော်တော် အံ့အား သွားမိသည်။ သူ့မှာ မိန်းမ ရှိသည်ဆိုလျှင် သူ့မိန်းမသည် ကလေးတွေဆီသို့ တစ်ခါတစ်ခေါက်မျှ ဘာကြောင့် လာမလည်တာလဲ။

ယွန်-ပေါသည် မိခင်ကြီးအိမ်တွင်မနေဘဲ သီးခြားအိမ်နှင့် နေသည်ဟူသော အချ ဂျဲနက် သိခဲ့ရသည်။ သူ့ အသက် ၂၉ နှစ်ရှိပြီ။ အလုပ်ကလည်း သံတမန်အလုပ်။ ထို့ကြေ ကိုယ့်အိမ်ကိုယ့်ရာနှင့် လွတ်လွတ်လပ်လပ် နေတာဖြစ်မည်ဟု ဂျဲနက်က တွေးထင်ခဲ့သည်။

ယခုတော့ အဖြစ်မှန် သိရပြီ။ သူ့မှာ မိန်းမရှိသည်တဲ့။ ဂျဲနက် ရင်ထဲတွင် ဆူ ထိုးလိုက်သလို ခံစားလိုက်ရသည်။ သူ့ကိုငါ မမျှော်မှန်းနိုင်တော့. . . ဟူသော အတွေးက ဂျဲန ရင်ကိုလာဆောင့်သည်။ သည်တော့မှ ငါ သူ့ကို သည်လောက်တောင် စွဲစွဲလမ်းလမ်း ဖြစ် ပကောဟူ၍လည်း ဆင်ခြင်မိသည်။

*သူ့ကို မရတော့ကော ဘာဖြစ်သေးလဲ။ ဒီက တစ်စက်ကလေးမှ မကြောက်သေး ငါ့လို ရုပ်ချောတဲ့ မိန်းကလေးတစ်ယောက်နဲ့ ပါရီတစ်မြို့လုံးမှာ ကြိုက်တဲ့ ယောက်ျား ခေါင်းခေါ တောင် ရနိုင်ပါသေးတယ်။*

ဒါပေမယ့် ငါက သူ့ကိုပဲ စွဲလမ်းနေမိတာတော့ အမှန်ပဲ၊ သူ့ကို မရနိုင်တော့ေ



www.burmeseclassic.com

www.burmeseclassic.com



...နှာ မြင်ရနေရင်ပဲ တော်ပါပြီလေ။ နောက်တော့လည်း နောင်ခါလာ နောင်ခါဈေးပေါ့၊ ...အနေအရ ကြည့်ပြီး စခန်းသွားရတာပေါ့။

ဒါထက် . . . သူ့မိန်းမ ဆိုတာက ဘယ်လို မိန်းမစား မျိုးပါလိမ့်၊ ဟုတ်ပါပြီ၊ ငါ့မေမေလို ...တေးမျိုးပဲ နေမှာပါ။ စိတ်ကောက်တတ်မယ်၊ မာနကြီးမယ်၊ ကိုယ်ထင်ရာ စွတ်လုပ်မယ်၊ ...ကြည့်ပါလား၊ မိတဆိုး ဖတဆိုး ကိုယ့်တူ ကိုယ့်သားလေးတွေဆီတောင် တစ်ခေါက်တစ်ခါ ...ကြည့်ဘူး၊ ကလေးတွေဆီ မလာရင်လည်း အိပ်ရာထဲလဲနေတဲ့ ယောက္ခမကြီးဆီတော့ ...ကောင်းတယ်၊

အင်း. . . ယွန်-ပေါက မိန်းမကို ဂရုမစိုက်တာလည်း အပြစ်မဆိုသာပါဘူး၊ ဒီလိုမိန်းမမျိုး ...ပဲ ခေါက်ထားမှာပေါ့၊ အန်တီ ကလော့သီက ဘယ်လိုပဲ ပြောပြော ငါကတော့ ယွန်-ပေါ ...ယ်လို့ပဲ ယုံကြည်တယ်၊

...တွေ တဖြည်းဖြည်း ကုန်လွန်ခဲ့သည်နှင့်အမျှ ဂျဲနက်သည် ဒူပရေး မိသားစု အိမ်ကြီးတွင် ...သား တစ်ယောက်လို ဖြစ်လာခဲ့ပြီး ပျော်ရွှင်ချမ်းမြေ့မှုလည်း ရလာခဲ့သည်။

ယွန်-ပေါနှင့် ပတ်သက်၍လည်း သူ့အမြင်မှာ လုံးဝ မပြောင်းလဲ။ မူလအတိုင်းပင် ရှိနေဆဲ ...သည်။ ယွန်-ပေါနှင့် သူနှင့် ဘဝချင်း ဘယ်လိုမှ ဆက်စပ်၍ မရနိုင်တော့သည်ကို တစ်ထစ်ချ ...ခဲ့ထားပြီး ဖြစ်သော်လည်း အိမ်သို့ ယွန်-ပေါ မကြာခဏ လာလည်သောအခါ အတူတူ ...ပြောနေရသည်ကိုပင် သူက ဝမ်းသာမဆုံး ဖြစ်နေမိသည်။

ကလေးတွေကလည်း သူ့ကို ဖြုတ်မကျဖြစ်နေကြပြီ။ သူကလည်း ကလေးတွေကို ...သားသမီးတွေ လို ထင်မှတ်နေပြီ။ ကလေးတွေက သူတို့မိခင်အပေါ် ချစ်ခဲ့သမျှကို ယခုတော့ ...အပေါ်မှာပင် ပုံချစ်နေကြပြီဟု သူက ထင်မိသည်။

ကလေးတွေက သူ့အား "မမကြီး"ဟု ခေါ်ကြသည်။ ကန့်ကွက်သူကတော့ မဒမ်ဒူပရေးပင် ...သည်။ သို့သော် အက်ရှန်က သူ့ မိခင်ကြီး၏ ကန့်ကွက်ချက်ကို လုံးဝ ပယ်ချလိုက်သည်။

"ဒီကလေးမ ရောက်လာလို့ ကလေးတွေ ဒီအခြေအနေမျိုး ဖြစ်လာတာ မေမေကိုယ်တိုင် ...သားပဲ မဟုတ်လား၊ ဒါနဲ့တောင်များ မေမေက သူ့အပေါ် ဘာဖြစ်လို့ အနိုင်အထက် လုပ်ချင် ...သေးသလဲ" ဟု အက်ရှန်က ခပ်မာမာပင် ပြန်ပြောလိုက်သည်။ သည်တော့လည်း အဘွားကြီးမှာ ...ပြန်မပြောသာတော့။

သည်လိုနှင့် ဂျဲနက်၏ဘဝသည် ပြည့်စုံလာသည်။ ပျော်စရာ ကောင်းလာသည်။ သူ့မှာ ...သွေးတမျှ ချစ်မဝသော ကလေးတွေလည်း ရှိနေပြီ။ ပြီးတော့ ချစ်သူလည်း ရှိနေပြီ။ ချစ်သူကတော့ ...စိတ်ကူးထဲက ကျိတ်ပြီး တိတ်တိတ်ကလေး ချစ်နေရသော ချစ်သူသာ ဖြစ်သည်။ ဘာပဲဖြစ်ဖြစ် ...င်းသို့ ကျိတ်ပြီး ခိုးချစ်နေရ သည်ကိုပင် သူက အလွန်ကျေနပ်မိသည်။

ပြီးတော့. . . သူနှင့် အက်ရှန်တို့၏ ဆက်ဆံရေးကလည်း အလွန်အဆင်ပြေနေသည်။ ...က်ရှန်က သူ့ ဘဝကို နားလည်သည်၊ သူ့ စေတနာကို သဘောပေါက်သည်။ သူ့ လိုအပ်ချက်ကို ...တမ်း ဖြည့်စွမ်းပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



အက်ရှန်သည် တစ်နေ့လျှင် နှစ်ကြိမ်မှန်မှန် ကလေးဆောင်သို့ လာလည်တတ်သ
သူလာလည်တိုင်းလည်း ဂျဲနက်မှာ ပျော်ရွှင်ရသည်။ ဂျဲနက်က ကလေးတွေကို စန္ဒရား သင
နေသည်ကို ကြည့်ကာ အက်ရှန် မှာ ပီတီတွေဖုံးပြီး ဝမ်းသာမဆုံး ဖြစ်နေတတ်သည်။

ယနေ့လည်း အက်ရှန်ရောက်လာချိန်တွင် ဂျဲနက်က လူစီယံနှင့် နီကိုတို့အား စာသ
နေသည်။ ဒီစရီကတော့ ဂျဲနက်၏ ပေါင်ပေါ်တွင်ထိုင်ကာ အစ်ကိုကြီးနှင့် အစ်မဖြစ်
စာဖတ်နေသည်ကို စိတ်ဝင်စားစွာ နားထောင်နေသည်။

ဂျဲနက်က အက်ရှန်အား ပြုံးကြည့်လိုက်ပြီး စာသင်ရပ်ထားမည်လုပ်တော့ အက်
ဆက်သင်ရန် လက်ကာ ပြလိုက်သည်။ ပြီးတော့ သူက အနီးရှိ ဆိုဖာကုလားထိုင်ကြီးတွင် ထိ
ဆရာမနှင့် သူ့တပည့် များကို စိမ်ပြေနပြေ ကြည့်နေမိသည်။ သူ့စိတ်ထဲမှာတော့ ပန်းခ
ရေနွှား၏ လက်ရာမြောက်သော ပန်းချီကားတစ်ကားကို ကြည့်နေရသလိုပင် ထင်မိ
ဤအခန်းထဲ လာရသည်ကို အက်ရှန်က အလွန်သဘောကျသည်။ အပြင်ဘက်တွင် ဆူည
ကြမ်းတမ်းသော၊ ခက်မာသော စကားများကို ကြားရသော်လည်း ဤအခန်းထဲမှာတော့
သိမ်မွေ့သော၊ နူးညံ့သော၊ အေးချမ်းသော စကားများကို ကြားနေရသည်။

ထို့ကြောင့် သည်အခန်းရောက်နေရလျှင် အလွန်စိတ်ချမ်းသာသည်။

စာသင်ပြီးသွားသောအခါ ကလေးတွေက သူတို့လေးလေးကို နမ်းရှုပ် နှုတ်ဆက်ကြ
ထို့နောက် လူစီယံက စစ်သားရုပ်ကလေးတွေနှင့် စစ်တိုက်တမ်း ကစားသည်။ နီကိုနှင့် ဒီ
အိမ်ဆောက်တမ်း ကစားကြသည်။

"ဂွတ်မောနင်း အစ်ကိုလေး" ဂျဲနက်က ပြုံး၍ နှုတ်ဆက်လိုက်သည်။ "စာသင်
အစ်ကိုလေး ထိုင်နေရတာ အားနာစရာ. . ."

"အို. . . အားနာစရာ မဟုတ်ပါဘူး၊ ငါက ထိုင်ကြည့်နေရတာ ပျော်တောင် ပျော်
သေးတယ်၊ ကလေးတွေက တော်တော် စာဖတ်တတ်နေကြပြီပဲ"

"ဟုတ်တယ် အစ်ကိုလေး၊ သူတို့က နားလည်မှု ဉာဏ်ရည်လည်း တော်
ကောင်းကြတယ်၊ ကျွန်မက သူတို့ကို တစ်ဆင့်တစ်ဆင့်စီ မြှင့်ပြီး သင်ခန်းစာတွေ ပေးတာကို
ကောင်းကောင်း လိုက်နိုင်ကြတယ်၊ ဒါနဲ့. . . ကလေးတွေအတွက် ကျွန်မတစ်ခု တောင်း
ပါတယ် အစ်ကိုလေး"

"ရပါတယ်. . . ပြောသာပြောပါ"

"ကျွန်မရောက်ပြီးမှ သူတို့နဲ့ ပန်းခြံထဲ ခေါ်သွားတာတို့၊ ရဟတ်စီးတာတို့ တစ်
မရှိသေးပါဘူး၊ တိရစ္ဆာန်ရုံသွားလည်တာလည်း သိပ်ပြီး ပျော်စရာ ကောင်းပါတယ်၊ ပြီး
ဘွာဒါဘူလုံး ပန်းခြံကို လေ့လာရင်း ခရီးထွက်ရင်လည်း သူတို့ သိပ်ပြီး ပျော်နေကြမှာပဲ"

"ကောင်းပါတယ်၊ သဘောကျသလိုသာ လုပ်ပါ၊ သွားမယ့်နေ့ ပြောပေါ့၊ အွန်ဒ
ကားနဲ့လိုက်ပို့ဖို့ ငါပြောလိုက်မယ်"

"ဒါနဲ့ ဗတ်သက်ပြီး ကျွန်မ တစ်ခုပြောပါရစေ အစ်ကိုလေး၊ ဒါကလည်း ကလေး
အကျိုးအတွက်ပါ၊ ကျွန်မက သူတို့ကို အိမ်က ကားနဲ့ လိုက်မပို့စေချင်ဘူး၊ သူတို့အနေနဲ့ လူ



www.burmeseclassic.com

www.burmeseclassic.com



...ထိတွေ့ဆက်ဆံနိုင်အောင် ရထားစီးပြီး သွားရင် ပိုကောင်းမယ်လို့ ထင်ပါတယ်၊ ...ကိုလည်းလမ်းဘေး ကဖေးဆိုင်မှာပဲ စားမယ်၊ ပြီးတော့ စိန်းမြစ်ထဲ လှော်ကပြီး လှေစီးကြမယ်"

"ဒီလောက်များတဲ့ ခရီးစဉ်ကို တစ်ရက်တည်းနဲ့တော့ သွားလို့ မဖြစ်နိုင်ပါဘူးနော်"

ဂျဲနက်က ရယ်လိုက်ပြီး. . .

"အို. . . အဲဒီလို မဟုတ်ပါဘူး အစ်ကိုလေး၊ တစ်ရက် တစ်မျိုးစီ လုပ်သွားမှာပါ၊ ကျွန်မက ...ဆိုတာ စွန့်စားမှုတွေနဲ့ ပြည့်နှက်နေတယ်ဆိုတာ သူတို့ကို လက်တွေ့သင်ခန်းစာပေးချင်လို့ပါ"

"မင်းပြောတာနဲ့ ငါတောင် လိုက်ချင်စိတ်ပေါက်လာပြီ၊ ဒီလို ကလေးထိန်း ဆရာမမျိုးနဲ့သာ ...မြို့ လုံး လျှောက်လည်လိုက်ရရင် သိပ်ပြီး ပျော်စရာကောင်းမှာပဲ"

အက်ရှ်က သည်မိန်းကလေးအား အလုပ်မှ ပြန်ထုတ်ပစ်ရန် စဉ်းစား ခဲ့မိသည် ကိုပင် ...ကိုယ်သူ အပြစ်ပြန် တင်မိတော့သည်။

◆◆◆

www.burmeseclassic.com

www.burmeseclassic.com

# [ ၁၇ ]

ဒူပရေး မိသားစုများသည် နွေရာသီရောက်သောအခါ မြေထဲပင်လယ်ကမ်းခြေ ပရိုဗင့်စ်ပြည်နယ်
စံအိမ်ကြီးသို့ တစ်နှစ်တစ်ခါ အမြဲတမ်း အပန်းဖြေခရီး ထွက်လေ့ရှိသည်။

ခရီးထွက်ရန်အတွက် ဇွန်လ ၂၅ ရက်မှစတင်၍ အစီအစဉ်များ လုပ်ကြပြီး ဇူလိုင်လ
တစ်ရက်နေ့တွင် စတင်ခရီးထွက်ကာ စက်တင်ဘာလ လဆန်းတစ်ရက်နေ့တွင်မှ အိမ်
ပြန်ရောက်လေ့ရှိသည်။

ယခုနှစ်တွင်လည်း ထုံးစံအတိုင်း အပန်းဖြေခရီးထွက်ရန် ပြင်ဆင်ကြသည်။ သည်
ခရီးကတော့ ခါတိုင်းနှစ်များထက် ထူးသည်ဟု ဆိုရမည်။ အဘယ်ကြောင့်ဆိုသော် ယခုနှစ်
ဒင်းနစ်တို့ လင်မယားနှစ်ယောက်လုံး ဆုံးပါးသွား၍ မိသားစုအားလုံး ပူဆွေးသောကများ
ရောက်ခဲ့ရပြီးမှ အပန်းဖြေခရီး ထွက်ကြရသောကြောင့်ပင်ဖြစ်သည်။

နွေရာသီတွင် စိမ်းစိုအေးမြသော တောတောင် ရေမြေရှုခင်းများကို မြင်ရသည်
ကိုယ်စိတ်နှစ်ပါး လန်းဆန်းလှသည်။

ခရီးမထွက်မီတွင် အိမ်ထောင်ပရိဘောဂများ၊ ဖန်သား မီးပန်းဆိုင်များ၊ အဖိုး
ကြွေထည်ပစ္စည်းများနှင့် ပန်းချီကားများကို အဝတ်များဖြင့် ဖုံးအုပ်ပတ်စည်းကြသည်။ အိမ်ကြီး
အဆောက်အအုံမှူး အဘိုးကြီး လင်မယားက စောင့်ကျန်ရစ်မည် ဖြစ်သည်။

ဇူလိုင်လ တစ်ရက်နေ့ ရောက်သောအခါ မဒမ်ဒူပရေးသည် တစ်ကိုယ်လုံး အနက်ရောင်
ဝတ်စုံကိုဝတ်လျက် သားကြီး ယွန်-ပေါ်ကို တွဲကာ အိမ်ရှေ့တွင် အသင့်ရပ်ထားသော ဗိမ်
ပေါ်သို့ တက်သည်။ ကားထဲတွင် ယွန်-ပေါ်၏ မိန်းမ မာရီဂျက္ကလင်းက ထိုင်နေပြီးဖြစ်သည်



www.burmeseclassic.com

www.burmeseclassic.com



...ခါက မိခင်ကြီးနှင့် ဇနီးတို့၏ ကြားတွင်ဝင်ထိုင်သည်။ အက်ရှန်ကမူကား ရှေ့ခန်း ...ဘေးတွင်ထိုင်သည်။

ကားက စုစုပေါင်း လေးစီး။ ဒုတိယ ဖိမ်ခံကားမှာ ကလေးတွေနှင့် ဂျဲနက်တို့အတွက် ...ည်။ ကားပေါ်တွင် ကစားစရာများနှင့် စာအုပ်များလည်း ပါလာသည်။ ခရီးရှည်ဖြစ်၍ ...တွေ ပျင်းနေလျှင် အပျင်းဖြေနိုင်ရန်အတွက် ဖြစ်သည်။ တတိယကားက အရှည်စား ...ကား။ ယင်းကားပေါ်တွင် စားဖိုမှူး ကလော့သီနှင့် သူ့လူတွေ ပါလာကြသည်။ စတုတ္ထ ...ကားကြီးပေါ်တွင်မူ တခြားအိမ်သားများနှင့် နှစ်ရက် ခရီးအတွက် ရိက္ခာပစ္စည်း အပြည့်အစုံ ...သည်။

လမ်းခရီးတွင် တစ်ညအိပ်ရန်အတွက် "အောဘာ့ဇ်ဒီလာဖွန်တိန်မြူးစ်" ဟိုတယ်တွင် ...ရန်ကို လည်း ကြိုတင်အကြောင်းကြားထားပြီး ဖြစ်သည်။

ခရီးတလျှောက်လုံးတွင် ဂျဲနက်တို့ ကားဒရိုင်ဘာ ဖိလစ်က မကြာခဏဆိုသလို ဟွန်းတီး၍ ...ပေးတတ်သည်။ ထိုအခါ ကားလေးစီးစလုံး ရပ်သွားကြပြီး အသင့်ယူလာသော ...ခန်းများကို လော်ရီကားပေါ်မှ ကမန်းကတန်း ချကြရသည်။

ကိစ္စပြီးသောအခါ ခရီးဆက်ကြပြန်သည်။

နံနက် ၁၁ နာရီတွင် "လိုင်ယင်" မြို့နှင့် ခရီးတစ်ဝက်ခန့်သို့ ရောက်လာခဲ့ပြီး ရှေ့ဆုံးမှ ...ာ လမ်းမကြီးကို ကွေ့၍ အရိပ်အာဝါသကောင်းသော သစ်တောမြက်ခင်းပြင်ကြီးတစ်ခုထဲသို့ ...င်လာခဲ့သည်။ ဤတွင် ကားတွေအားလုံး ရပ်သွားကြပြီး အိမ်ဖော်များက မိနစ်ပိုင်းအတွင်း ...ှင်မဏ္ဍပ်များ တပ်ဆင်လိုက်ကြသည်။ မဏ္ဍပ်ထဲ၌ အသင့်လုပ်ပြီးသား ရွက်ဖျင်ခန်းများ ...ပြီး လက်သုတ်ပဝါ၊ ဆပ်ပြာ၊ ရေအိုး၊ ရေဇလားများ စီစဉ်ချထားကြသည်။ မြက်ခင်းပြင် ...ွင် အဝတ်ဖြူကြီး တစ်ထည်ခင်းကာ ပတ်ပတ်လည်တွင် ရွက်ဖျင် ခေါက်ကုလားထိုင်များ ...လိုက်ကြသည်။

ထို့နောက် ကြိမ်ခြင်းတောင်းများကို ဖွင့်ကာ စားသောက်ဖွယ်များ နေရာတကျ ...င်ချထားကြသည်။ ဤလုပ်ငန်းကို စားဖိုမှူး ကလော့သီကပင် ဦးစီးလုပ်ကိုင်ရသည်။

သစ်တောထဲတွင် ဖြစ်သော်လည်း အိမ်မှာလိုပင် တခမ်းတနား ပြင်ဆင်ထားသော ...ည်စာဝိုင်းတွင် မိသားစုတွေ အသီးသီး နေရာယူကြသည်။ စားဖွယ် သောက်ဖွယ်တွေကလည်း ...စုံလှသည်။ စားဖိုမှူးကြီး ကလော့သီကလည်း အစွမ်းကုန် စီစဉ်ပြင်ဆင်ထားသည်။ ...ယ့်. . . ဂျဲနက်နှင့် ကလေးတွေက လွဲပြီး ဘယ်သူမှ မြိန်မြိန်ယှက်ယှက် မစားကြ။ ဂျဲနက် ...ာ့ နေ့လည်စာ စားပွဲကို နတ်သမီးပုံပြင်ထဲက စားသောက်ပွဲ တစ်ခုလိုပင်ထင်မှတ်နေမိသည်။

မဒမ်ဒူပရေး၏ ဘေးတွင် ယွန်-ပေါ၏ မယား ထိုင်သည်။ သူ့ကို ဂျဲနက် ပထမဦးဆုံး ...မ် မြင်ဖူးခြင်းပင်ဖြစ်သည်။ ဂျဲနက်က အံ့ဩနေသည်။ မာရီဂျက္ကလင်းမှာ သူ ထင်ထားသည့် ...ည်နှင့် တခြားစီဖြစ်နေသည်။ အရပ်ကလည်းတိုသည်၊ အကျည်းလည်းတန်သည်။ သည်ကြားထဲ ...ာရေးကလည်း မကောင်း။ နှာခေါင်းက နှာရည် တစ်စွေစွေ ထွက်နေသည်။ မျက်လုံးကလည်း ...ည်တစမ်းစမ်းနှင့် လက်ကိုင်ပဝါဖြင့် ခဏခဏ သုတ်သုတ်နေရသည်။ သူ့ရောဂါကလည်း



www.burmeseclassic.com

www.burmeseclassic.com



အဆန်း၊ ရာသီဥတု ဒဏ်ကို နည်းနည်းကလေးမျှ မခံနိုင်။ ခုပဲ ပူပြန်ပြီ၊ ခုပဲ အေးပြန်ပြီ ဖြစ်နေ ဒါကြောင့်မို့လို့လည်း ယွန်-ပေါက သူ့ကို ပေယျာလကံပစ်ထားပြီး အပျော်မယားတွေ ယူ ဖြစ်မည်ဟု ဂျဲနက်က တွေးမိသည်။ တစ်ချိန်တည်းတွင် မာရီဂျက္ကလင်း ယခုလို လူ ဖြစ်နေတာကိုပဲ ကျိတ်ပြီး ဝမ်းသာမိသလိုလိုလည်း ခံစားမိသည်။

မွန်းလွဲနှစ်နာရီတွင် ခရီးဆက်၍ ထွက်ခဲ့ကြသည်။ ညခုနှစ်နာရီတိတိတွင် လိုင်ယ ရောက်သည်။

"အောဘာ့ဇ်ဒီလာဖွန်တိန်မြူးစ်" ဟိုတယ် အုပ်ချုပ်ရေး အဖွဲ့ဝင်များက ဖက်လှဲ ဆီးကြို ကြသည်။ မဒမ်ဒူပရေးအား ပန်းခွေဆက်၍ပင် ကြိုဆိုကြသည်။ သူတို့အဖို့ မဒမ်ဒူ မိသားစုများအား တစ်နှစ် တစ်ခါ ယခုလို တွေ့ဆုံရသည်ကို ဂုဏ်ယူစရာအဖြစ် သဘော ကြသည်။

ဒူပရေး မိသားစုများအား ကြိုတင်ပြင်ဆင်ထားသော သီးသန့်ခန်းများတွင် နေရာထိုင် ပေးသည်။ အခန်းထဲတွင် စားစရာများနှင့် ရေခဲစိမ် ရှမ်ပိန်အရက်ပုလင်းများကို အလျှံပယ်ခင်း ပြင်ဆင်ထားကြသည်။ အိမ်ဖော်များ အုပ်စုကိုမူ တခြားအဆောက်အအုံတစ်ခုတွင် သီးခြား ချပေးသည်။

ဟိုတယ် ဒုတိယထပ် တစ်ထပ်လုံးကို မိသားစုအတွက် ပေးထားသည်။ မဒမ်ဒူ အခန်းတွင် အိပ်ခန်းကျယ်ကြီး တစ်ခန်း၊ သူ၏ အထိန်းတော် ရီနီအတွက် ခပ်သေးသေး တ ဧည့်ခန်း တစ်ခန်းနှင့် ရေချိုးခန်း တစ်ခန်း ပါဝင်သည်။ ယွန်-ပေါ်နှင့် သူ့မိန်းမတို့က တ အခန်း. . .။ ယွန်-ပေါသည် အိမ်ထောင်ကျပြီး မကြာခင်မှစ၍ မယားနှင့် အိပ်ရာခွဲအိ သောကြောင့် ယခုလည်း အခန်းထဲတွင် သီးခြားကုတင်နှစ်လုံး ချထားပေးရသည်။ အခန်းတွင်လည်း ဧည့်ခန်းတစ်ခန်းနှင့် သီးခြား ရေချိုးခန်း တစ်ခန်းစီ ပါဝင်ကြသည်။ အခန်းကတော့. . . အိပ်ခန်းတစ်ခန်းနှင့် ရေချိုးခန်း တစ်ခန်းသာရှိသည်။ ဂျဲနက်နှင့် က အတွက်မူ ဟိုတယ်ခန်းမဆောင်ကြီးနှင့် ကပ်လျက် အခန်းကျယ်ကြီး တစ်ခန်း စီစဉ်ပေးထား ကလေးသုံးယောက်အတွက်မူ ခုတင် သုံးလုံး။ ထမင်းစား စားပွဲနှင့် ကုလားထိုင်များ ချထား ကလေးတွေ အခန်းနှင့် ကပ်နေသော အခန်းမှာ ဂျဲနက်၏ အခန်း ဖြစ်သည်။ သူတို့ လေး အတွက် သီးသန့်ရေချိုးခန်း တစ်ခန်းလည်း ရှိသည်။

ကလေးများမှာ ခရီးပန်းလာကြသောကြောင့် ချက်ချင်းပင် အိပ်ရာပေါ် တက်ပြီး အ လှဲနေ ကြသည်။

ညစာကို အခန်းထဲတွင်ပင် ကျွေးသည်။ အားလုံး ဆာဆာနှင့် တော်တော် စားကြ စားသောက် ပြီးတော့ ကလေးတွေ ခဏမျှ ကစားကြသည်။ ထို့နောက် ရေမိုးချိုးကာ စော အိပ်ရာ ဝင်သွားကြသည်။

ကလေးတွေ အိပ်သွားသောအခါ ဂျဲနက်သည် အိပ်ခန်း စားပွဲတွင် ထိုင်၍ စာရေး

အန်ကယ် လီယွန်နှင့် အန်တီ ဒီဘိုရာတို့ထံသို့ တစ်စောင်၊ သူငယ်ချင်းမ မာဒလိ တစ်စောင်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့. . . ရေချိုးသည်။ ရေချိုးပြီးတော့ အိပ်ရာဝင်သည်။ ယွန်-ပေါ်အကြောင်း ရာတွေကို စိတ်ကူးရင်း မကြာမီ အိပ်ပျော်သွားသည်။

အိပ်ရာဝင်ကြပြီ ဖြစ်သော်လည်း ယွန်-ပေါ်မှာ မအိပ်နိုင်ဘဲ ဖြစ်နေသည်။ သူသည် ပရိုဗင့်စ် ကို ငယ်စဉ်ကပင် အလွန်သဘောကျခဲ့သည်။ သို့သော် ယခုလို ပူအိုက်သော ရာသီတွင် ချစ်သော ရောဂါသည်မယားနှင့် တစ်ခန်းတည်းအိပ်ရသည်မှာ အဆိပ်ရည်သောက်ရ ဘာမှခြားနားမည် မဟုတ်။ သူ့ မိန်းမကတော့ ခရီးပန်းပြီး မောမောနှင့် အိပ်ပျော်သွားပြီ။

ပါရီမှာဆိုလျှင် သူ့အဖို့ အလွန် အဆင်ပြေသည်။ မိန်းမ မျက်နှာ မကြည့်ချင်၍ တစ်နေရာ သွားချင်လျှင်လည်း ချက်ချင်း ထွက်သွားလို့ရသည်။ သူ့ အလုပ်ကလည်း မကြာခဏ နေရသော သံတမန်အလုပ်မဟုတ်လား။ မကြာခင်ကလည်း အယ်လ်ဂျီးရီးယားနိုင်ငံသို့ နေခဲ့ရသည်။ ဒင်းနစ်တို့လင်မယား ကားတိုက်သေဆုံးသွားသောကြောင့် ပါရီကို ပြန်လာ ဖြစ်သည်။ သို့မဟုတ်လျှင် အယ်လ်ဂျီးရီးယားနိုင်ငံမှာပင် ယခုတိုင် ရှိနေပေလိမ့်မည်။

သူ့အဖို့ တကယ်ပျော်ရွှင်သော အချိန်ဆိုသည်မှာ မာရီဂျက္ကလင်းနှင့် ခွဲခွာပြီး အဝေးသို့ နေရသော အချိန်ပင်ဖြစ်သည်။ အဝေးတစ်နေရာသို့ ခရီးထွက်ရလျှင် မိခင်ကြီးနှင့် ရသည်မှတပါး တခြားအရာတွေ အားလုံးပြည့်စုံသည်။ သူ့အနေဖြင့် အပျော်မယား ယောက်လောက် ရှိနေလျှင် တစ်နေ့တာ အချိန်ကုန်လွန်ရကျိုးနပ်သည်ဟုပင် ယူဆသည်။

သူ့ မိန်းမကျတော့ တစ်ဘာသာ. .။ ခုတင် ခေါင်းရင်းတွင် လက်ဝါးကပ်တိုင်နှင့် တော် ပုံချိတ်ထားရလျှင် အိပ်ပျော်ပြီ။ မာရီဂျက္ကလင်းက အယူလည်းသည်းသည်။ ဘာသာရေး မှု တွင်လည်း လွန်လွန်းသည်။ တကယ်တော့. . သူသည် အိမ်ထောင်ရှင်မတစ်ယောက် ာ် လည်း ဘဝပေး အခြေအနေအရ ကာမဂုဏ် အာရုံကို ပယ်ထားသော သူတော်စင်မ ယောက်နှင့် တူနေသည်။ လွန်ခဲ့သော သုံးနှစ်ခန့်မှ စ၍ လူတော သူတော လုံးဝမဝင်တော့။ ာရေးကလည်း သိပ်မကောင်းသဖြင့် အခန်းအောင်းနေသည်က များသည်။ အခန်းအောင်း ဆိုသော်လည်း တစ်ယောက်တည်းတော့ မဟုတ်။ သူ့ အချစ်တော် ကြောင်ကလေးတွေနှင့် နေခြင်း ဖြစ်သည်။ ကြောင်ကလည်း ခြောက်ကောင်တောင်မှ. .။

သူ ရောဂါရတာလည်း သည်ကြောင်တွေ ကြောင့်ပင် ဖြစ်သည်။ ကြောင်သန်းတွေ ကူးပြီး ချစ်ရောဂါရနေခြင်း ဖြစ်သည်။ သမားတော်ကြီးများနှင့် ကုလိုက်ရတာကလည်း ယောက်ပြီး တစ်ယောက်။ သူတို့ အားလုံးက အကြောင်းတစ်မျိုးတည်းကိုပင် အကြောင်း သည်။ ကြောင်တွေကြောင့် ရောဂါဖြစ် ရတာဟု တညီတညွတ်တည်း ကောက်ချက်ချကြသည်။ ာ် သူက လုံးဝ လက်မခံချေ။ သည်ကြောင်ကလေးတွေမှာ သူ့ သားသမီးတွေပင်ဖြစ်၍ တို စွန့်ပစ်ရလျှင် သူ့ အနေဖြင့် သေရုံသာ ရှိတော့မည်ဟု ဆိုသည်။ ဤတွင် သူ့ ရောဂါမှာ ရောဂါ မဟုတ်တော့ဘဲ စိတ်ရောဂါ ပါဝင်နေပြီဖြစ်၍ စိတ်ကုဆရာဝန်ထံ သွားရောက်စမ်းသပ် သမားတော်ကြီးတွေက အကြံပေးကြသည်။ စိတ်သောကဝင်လာလျှင် နှာခေါင်းက



www.burmeseclassic.com

www.burmeseclassic.com



တရွှတ်ရွှတ်မြည်ကာ နှာရည်ရော မျက်ရည်ပါ ကျလာသည်။ ခေါင်းကလည်း မခံမရပ်နိုင်အော
ကိုက်လာသည်။ သို့ပေမယ့် သူက စိတ်ကု ဆရာဝန်ထံ လုံးဝမသွား။

*ငါ နှစ်ဆယ့် လေးနှစ်သားအရွယ်မှာ သူနှင့် လက်ထပ်လိုက်တာ နည်းနည်း အကြံကြီးသွား သလိုပဲ။ ဒါပေမယ့်. . ကိစ္စမရှိပါဘူးလေ။ ပြီးခဲ့တာတွေ ပြီးပါစေတော့။ ငါက သူ့ ချစ်လို့မှ မဟုတ်တာဘဲ။ သူ့ ပိုက်ဆံတွေ သုံးချင်လို့ ယူခဲ့တာပဲ။ သူလည်း ဒီအကြောင်းတွေကြော အသက်တိုမှာပါ။ အဲဒါဆိုရင်လည်း အေးတာပါပဲ။ ဒါပေမယ့် ကလေးတစ်ယောက်မှ မရသေး သိပ်ဆိုးတယ်။ ကိုယ်ဝန်သုံးလေးလနဲ့ ကလေး ပျက်တာ လေးကြိမ်တိတိရှိသွားပြီ။ တန်တော့ ဒီအမြုံမ မြန်မြန်သေတာပဲ ကောင်းမယ်။ မြန်မြန်သေ မြန်မြန် အေးတာပေါ့။*

မာရီဂျက္ကလင်းအကြောင်း စဉ်းစားရင်းနှင့် ဖော်တော် ညဉ့်နက်သွားသည်။ အိပ်ချင် မရှိသေးသဖြင့် အောက်ထပ် စားသောက်ခန်းသို့ ဆင်းလာခဲ့သည်။

သူဝင်သွားတော့ နောက်ဆုံး ဧည့်သည်တွေ ထပြန်သွားကြသည်။ စားပွဲတ တစ်လုံးတွင် ဝင်ထိုင်လိုက်သည်။ မိန်းကလေးတစ်ယောက် စားပွဲနားသို့ ရောက်လာသည်။

"မင်္ဂလာရှိသောညပါ. . . မက်ရှာ၊ ဘာများ သုံးဆောင်ချင်ပါသလဲရှင်"

သူက ချက်ချင်း ပြန်မပြောသေးဘဲ မိန်းကလေး၏ ဖောင်းကြွနေသော ရင်သားအစုံ ရွှေရောင်ဆံပင် များကို ရှွန်းရွှန်းစားစား စိုက်ကြည့်နေသည်။ ပြီးတော့မှ. . .

"ဘရန်ဒီပေးပါ. . . မေ့ဒ်မွာဆယ်"

မိန်းကလေးက ဘရန်ဒီ ဖန်ခွက်ပက်ပက်ကလေးကို သူ့ ရှေ့မှာ လာချပေးသည်။ သူ လှမ်းယူလိုက်တော့ လက်ချင်းတိုက်မိပြီး ဖန်ခွက်စောင်းသွားသဖြင့် သူ့ ပေါင်ပေါ် အရက်နည်းနည်း ဖိတ်ကျသွားသည်။

"အို. . ဒုက္ခပါပဲ၊ ကျွန်မတောင်းပန်ပါတယ်. . . . မက်ရှာ။ ကျွန်မကြောင့် မက် ဘောင်းဘီတော့ ပျက်စီးကုန်ပါပြီ. . . ခွင့်လွှတ်ပါရှင်"

မိန်းကလေးက ငိုတော့မလို မျက်နှာဖြင့် ကိုယ်ကိုကုန်းပြီး သူ့ ဘောင်းဘီကို လက်သုတ်ပဝါဖြင့် သုတ်ပေးနေသည်။ သူက မိန်းကလေး၏ ဘလောက်အင်္ကျီ လည် ပေါက်အတွင်းသို့ စိုက်ကြည့်လိုက်ပြီး မိန်းကလေး၏ လက်ကို ရွရွကလေး ဆုပ်ကိုင် ထားလိုက်သည်

"ကိစ္စမရှိပါဘူးကွယ်၊ မတော်တဆဖြစ်သွားတာပါ၊ ကိုယ့်အပြစ်လဲ ပါပါတယ်"

"မဟုတ်ဘူး. . . မက်ရှာ၊ မဟုတ်ဘူး၊ ကျွန်မ ကိုယ်နှိုက်က မသေချာလို့ ဖြစ်သွားရတာ ခွင့်မလွှတ်နိုင်စရာ ဖြစ်နေပါပြီ"

"ကိစ္စမရှိပါဘူး ညီမရယ်၊ ညီမလို ရုပ်ချောတဲ့ မိန်းကလေးတစ်ယောက်ကို ဘယ်သူမ ခွင့်လွှတ်နိုင်ပါတယ်"

"မက်ရှာက သိပ်ပြီး သဘောထားကြီးတာပဲနော်၊ အများကြီး ကျေးဇူးတင်ပါတယ် မက်ရှာ

"ကျေးဇူးတင်စရာ မလိုပါဘူး ညီမရယ်၊ ဘောင်းဘီက လျှော်ပစ်ရင် လွယ်ပါတ ဒါပေမယ့် ရင်ထဲက ခံစားချက်ကတော့ လွယ်လွယ်နဲ့ မပြေပျောက်နိုင်ပါဘူး၊ ဒါမျိုးဆိုတာ လူ လူတိုင်းလိုလို ခံစားရတတ်တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



သူက မိန်းကလေး၏ လက်ကို ဆုပ်မြဲဆုပ်ထားဆဲပင်. . .။

"ကျေးဇူးတင်ပါတယ် မက်ရှာ၊ ဘရန်ဒီ နောက်တစ်ခွက် ယူဦးမှာလားဟင်"

"ညီးမလေးပါ သောက်မယ်ဆိုရင်တော့ ယူချင်တယ်"

"ကျွန်မက သောက်လို့ မဖြစ်လို့ပါရှင်"

"ဘာဖြစ်လို့. . ."

"ဧည့်သည်တွေနဲ့ မရောရဘူးလို့ စည်းကမ်းထုတ်ထားလို့ပါ"

"ဒါပေမယ့် အခုဒီမှာ ဘယ်သူမှ မရှိတော့တာပဲ"

"ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမယ့် တစ်ယောက်ယောက် မြင်သွားရင် ကျွန်မ အလုပ်ပြုတ်မှာ သေချာပါတယ်၊ သည်းခံပါရှင်၊ ကျွန်မအများကြီး ဂုဏ်ယူပါတယ်"

"ဒါဖြင့်လည်း ကောင်းပြီလေ" သူက ပြုံးလိုက်ပြီး "ညီမလေး. . . သဘောတူရင် အစ်ကိုကြီး တစ်ခွက်တော့ သောက်လိုက်ချင်သေးတယ်ကွယ်"

နောက်တစ်ခွက် ရောက်လာတော့ သူက ဖန်ခွက်ကို လက်ဖြင့် ပွတ်သပ်ကစားရင်း အကြံထုတ်နေမိသည်။ သူ့မျက်လုံးကတော့ ကလေးမ၏ ရင်ဘတ်ပေါ်မှ လုံးဝ မခွာ။

"ကျွန်မ အလုပ်မသိမ်းခင် ဘာယူပေးခဲ့ရဦးမှာလဲ အစ်ကိုကြီး"

"အဲ. . . ဟုတ်ပါရဲ့၊ ဆောရီး. . . ညီမလေး၊ ဒါနဲ့ ညီကလေးကို ညီမလေး ယောကျ်ားက လာကြိုမှာလား. . . ဟင်"

"ဩော်. . . မဟုတ်ပါဘူး၊ ကျွန်မမှာ အိမ်ထောင်မရှိသေးပါဘူး၊ ကျွန်မ မေမေနဲ့ နေတာပါ"

"ဒါဆိုရင် ညီမလေးရည်းစားက လာကြိုမှာပေါ့"

"ဟင့်အင်း မကြိုပါဘူး"

"ဘာဖြစ်လို့လဲ. . . ညီမလေး ရုပ်ရည်မျိုးနဲ့ ရည်းစားတော့ ရှိမှာပါ၊ ရှိဆို တစ်ယောက် ဆောင် ကချင်မှ ကလိမ့်မယ်"

"တစ်ယောက်တည်းပဲ ရှိပါတယ်ရှင်"

"တစ်ယောက်တည်း ဟုတ်လား. . . ဒါဆို မကြာခင် လက်ထပ်ကြတော့မယ် ဆိုပါတော့"

"မထပ်သေးပါဘူး၊ ကျွန်မသူ့ကို ယူမယ် မယူဘူးဆိုတာတောင် မဆုံးဖြတ်ရသေးပါဘူး"

"ဘယ်လိုကြောင့်များ ပါလိမ့်၊ သူ့ခများ သနားပါတယ်ကွယ်"

"သူက တောကလယ်သမားဖြစ်နေလို့ပါ၊ ကျွန်မက လက်မထပ်ခင် ပါရီကို တစ်ခေါက် လောက် ရောက်ချင်ပါတယ်"

"ပါရီကို တစ်ခေါက်လောက် ရောက်ချင်တယ်. . . ဟုတ်လား"

"ဟုတ်ပါတယ်ရှင်၊ ကျွန်မက ဒီလိုင်ယင်မြို့ကလွဲပြီး ဘယ်မှ မရောက်ဖူးပါဘူး၊ ကျွန်မ အိမ်ထောင်မပြုခင် ပါရီကို မသွားဖြစ်ရင်တော့ နောက်ထပ်လဲ ဘယ်တော့မှသွားဖြစ်မှာ မဟုတ်ဘူး၊ ကျွန်မကို ခွင့်ပြုပါ ဦး. . . အစ်ကိုကြီး၊ ကျွန်မ အခုပဲ ပြန်ရတော့မှာ မို့လို့ပါ၊ မင်္ဂလာရှိသောညပါ အစ်ကိုကြီး"



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးသည် မီးဖိုခန်းသို့ ပြန်သွားပြီး အပေါ်အင်္ကျီကို ယူကာ နောက်ဘက် တံခါး ထွက်လာ ခဲ့ပြီးနောက် ကျောက်စရစ်လမ်းအတိုင်း လျှောက်လာခဲ့သည်။

လမ်းထိပ်တွင် သူရပ်နေတာကို ရုတ်တရက် မြင်လိုက်ရတော့ မိန်းကလေး ထိတ် ဖြစ်သွားသည်။ မိန်းကလေးက အသက်ကို ခပ်ပြင်းပြင်းကလေး ရှူလိုက်ပြီးနောက် "မင်္ဂလာ ညပါရှင်" ဟု နှုတ်ဆက်ကာ သူ့ကို ကျော်လျှောက်သွားသည်။

သူက နောက်မှ လိုက်သွားပြီး. . .

"ညီမလေးကို အစ်ကိုကြီး အိမ်အထိ လိုက်ပို့ပေးပါရစေလား. . . ဟင်"

"ကျေးဇူးတင်ပါတယ် ရှင်၊ ဒါပေမယ့် မဖြစ်နိုင်လို့ပါ၊ စည်းကမ်း တင်းတင်းကျပ်ကျ ထုတ်ထားလို့ပါ"

"ဘယ်သူ သိမှာမို့လို့လဲကွယ်၊ အမှန်အတိုင်း ပြောရရင် အစ်ကိုကြီးလည်း လမ်းလျှော ချင်လို့ပါ၊ အဲဒါ ညီမလေးနဲ့ အတူတူ လျှောက်သွားရရင် ပိုကောင်းတာပေါ့၊ အခုလို ချစ်စ ကောင်းတဲ့ညမျိုးမှာ တစ်ယောက်တည်း လျှောက်ရတာ ပျင်းစရာ သိပ်ပြီး ကောင်းပါတယ် ညီမရ"

"အဲဒါဆိုလဲ ကောင်းပါပြီလေ၊ ဒါပေမယ့်. . သူတို့ မြင်သွားရင်တော့ ကျွန်မ ဒုက္ခပဲ"

"အိုကွယ်. . . ညီမလေးကလဲ ဒီအသက်အရွယ်နဲ့ စိုးရိမ်တတ်ရန်ကောကွယ်. . ဘယ်သူမှ မသိပါဘူး၊ အစ်ကိုကြီးက ဘယ်သူ့ကိုမှ မပြောပါဘူး၊ ကတိပေးပါတယ်"

မိန်းကလေးက သူ့မျက်နှာကို စေ့စေ့ကြည့်သည်။

"ကဲ. . . ဒါဖြင့်မြန်မြန်လျှောက်ကြစို့. . . "

သူတို့နှစ်ယောက် လမ်းလျှောက်လာရင်း မိန်းကလေးက ကြိုကြားကြိုကြား စကား ပြောသည်။ သို့သော် သူက အာရုံ တခြားရောက်နေ၍ ပြောသမျှအားလုံးကိုတော့ မကြားလိုက် ကြားလိုက်ရသမျှ ဆိုလျှင် မိန်းကလေး၏ မိခင်မှာ အဝတ်လျှော်သည်။ ဖခင်က သဘော်သာ ခရီးထွက်နေရသည်က များသည်။ ပြီးတော့ မိန်းကလေးက သူ့ရည်းစား လယ်သမ အကြောင်းလည်း ပြောပြသည်။ သို့သော် ယွန်-ပေါကတော့ "ဟုတ်လား၊ အို သိပ်ကောင်းတာပေ လောက်သာ ပြန်ပြောနိုင်ပြီး ကိုယ့်စိတ်ကူးနှင့် ကိုယ်လျှောက်လာခဲ့သည်။

မိန်းကလေး၏ အိမ်ရှေ့ရောက်တော့ အိမ်ထဲတွင် မီးတွေ ပိတ်ထားသည်ကို တွေ့ရသည် နှစ်ယောက်သား လရောင်ထဲတွင် ရပ်နေကြသည်။

"အစ်ကိုကြီး အခုလို လိုက်ပို့တာ အများကြီး ကျေးဇူးတင်ပါတယ်၊ ပျော်စရာလည် တော်တော် ကောင်းပါတယ်"

မိန်းကလေးက တံခါးဘုကို လက်နှင့်ကိုင်လိုက်သည်။

သူက မိန်းကလေး၏ အခြားလက်တစ်ဘက်ကို ဆုပ်ကိုင်ပြီး နမ်းလိုက်သည်။

"ဒီညတော့ ပျော်စရာ အကောင်းဆုံးညပါပဲ၊ ညီမလေးနဲ့ တွေ့ရတာ သိပ်ပြီး စိတ်ချမ်းသ တာပဲကွယ်"

ထို့နောက် သူက မိန်းကလေးကို ကုန်းပြီး နမ်းလိုက်သည်။ ပြီးတော့ တစ်ကိုယ်လုံး သိမ်းကျုံးပြီး ဖက်ထားလိုက်သည်။ မိန်းကလေးက လုံးဝငြင်းဆန်ခြင်းမပြုဘဲ တံခါး



www.burmeseclassic.com

www.burmeseclassic.com



တွန်းဖွင့်လိုက်သည်။

သူက မိန်းကလေးအား အောက်မှပင့်ကာ တစ်ကိုယ်လုံး ပွေ့ချီလိုက်သည်။ ပြီးတော့. . မှောင်မည်းနေသော အိမ်ခန်းထဲသို့ ဝင်လာခဲ့ကြသည်။

သူက မျက်ခွံများကို ဖြည်းဖြည်းကလေး လှန်လိုက်သည်။ ပြီးတော့ တစ်ချက်သမ်းဝေကာ အပျင်းဆန့်လိုက်ပြီး အိပ်ရာပေါ်တွင် ကမန်းကတန်း ထထိုင်လိုက်သည်။

"ဘုရားရေ. . . မိုးတောင် လင်းနေပါရောလား"

သူ့ ဘေးတွင် ခြေပစ်လက်ပစ် အိပ်မောကျနေသော ကလေးမကို လှုပ်နိုးလိုက်သည်။

သူကလေးသည် နွမ်းလျစွာနိုးလာပြီး ခြေလက်များကိုဆန့်ရင်း ယွန်-ပေါ်အား သိုင်းဖက်ထားလိုက်သည်။

"ဘယ်အချိန်ရှိသွားပြီလဲ" ယွန်ပေါ်က မေးသည်။

မိန်းကလေးက အိပ်ရာဘေးမှ နာရီကို စောင်းကြည့်လိုက်ပြီး. . .

"၅ နာရီ"

တော်ပါသေးရဲ့။ သူတို့ သည်နေ့ စောစောစီးစီး ခရီးထွက်ရန် စီစဉ်ထားသည်။ ပရိုဗင့်စ်သို့ ညရှစ်နာရီ အရောက်သွားကြမည်။

သူက ကမန်းကတန်း ထရပ်ကာ အဝတ်အစားတွေ ပြန်ဝတ်သည်။

"အစ်ကိုကြီး သွားတော့မှာပေါ့နော်"

"ဟုတ်တယ် ညီမလေး၊ စိတ်တော့ မကောင်းစရာဘဲ၊ ဒါပေမယ့် ညီမလေး မေမေ မနိုးခင် ထွက်သွားတာ ကောင်းပါတယ်၊ ဒီကိစ္စ ဘယ်သူမှမသိစေရပါဘူး၊ အစ်ကိုကြီး ကတိပေးပါတယ်"

"အစ်ကိုကြီး ကျွန်မဆီ ပြန်လာဦးမှာလား. . . ဟင်"

"အို. . . လာမှာပေါ့၊ လာမှာပေါ့၊ စိတ်ချပါ၊ စက်တင်ဘာဆိုရင် အစ်ကိုကြီး ပြန်လာမှာပါ"

"ဟင်. . . အကြာကြီးပဲနော်"

"သိပ်မကြာပါဘူးကွယ်၊ နှစ်လလောက်ပါ"

"ကျွန်မကတော့ နှစ်နှစ်လောက် စောင့်ရမယ်လို့ ထင်မိတယ်"

"လောလောဆယ် ဒီလောက်နဲ့ပဲ ကျေနပ်ကြပါစို့. . . ညီမလေးရယ်၊ တစ်နေ့ကျတော့ ပါရီကို ညီမလေး ရောက်ကို ရောက်ရမှာပါ၊ အဲဒီကျတော့မှ အစ်ကိုကြီးရဲ့ အထူးဧည့်သည်တော်အဖြစ်နဲ့ ပျော်ချင်သလောက် ပျော်ကြတာပေါ့. . . ဟုတ်လား"

"အစ်ကိုကြီး တကယ်ပြောတာလား. . . ဟင်"

မိန်းကလေးက အိပ်ရာပေါ်တွင် ထထိုင်လိုက်သည်။

"တကယ်ပြောတာပါ၊ ညီမလေးကို အစ်ကိုကြီး ဘယ်တော့မှ မမေ့ပါဘူး" သူက အပေါ်အင်္ကျီဝတ်ရင်းမှ မိန်းကလေး၏ နဖူးကို နမ်းလိုက်သည်။

"ကဲ. . . အစ်ကိုကြီး ပြန်ဦးမယ်. . နော်. . . နောက်မှ ပြန်တွေ့ကြတာပေါ့ ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



နံနက် ရှစ်နာရီတွင် ခရီးဆက်ခဲ့ကြပြန်သည်။

လမ်းတွေက ချိုင့်တွေများပြီး တဖြည်းဖြည်း ကျဉ်းလာသောကြောင့် ကားတွေကို မြန်မြန် မမောင်းနိုင်ကြ။ တစ်နာရီ ၂၅ မိုင်နှုန်းဖြင့်သာ ခပ်မှန်မှန် မောင်းလာခဲ့ကြရသည်။ သည်ကြား စားကျက်ပြောင်းသော သိုးအုပ်တွေ ခဏခဏ လမ်းဖြတ်ကူးကြသောကြောင့် ခရီးပို၍ နှောင့်နှေး ရပြန်သည်။

ထို့ပြင် မာရီဂျက္ကလင်းမှာလည်း တစ်လမ်းလုံး ချောင်းဆိုးလိုက်၊ နှာချေလိုက်ဖြစ်နေသဖြင့် အမြဲတမ်းဆောင်ထားရသော ဆေးသတ္တာကို ဖွင့်ကာ ဆေးလုံးသောက်ရသည်။ ပြီးတော့ နှာခေါင်း သို့ ဖျန်းဆေးထည့်ပြီး ရှူရှိုက်ရသည်။

ယွန်-ပေါက သူ့ မိန်းမဘက်သို့ လှည့်ကာ ပြောလိုက်သည်။

"အစကတည်းက ငါပြောသားပဲ၊ ဒီခရီးက ပင်ပန်းလိမ့်မယ်လို့၊ အလကား ဒုက္ခခံပြီး လိုက်လာတယ်၊ ပါရီမှာပဲ နေရစ်ရင် အကောင်းသားနဲ့"

မာရီဂျက္ကလင်းက သူ့ ယောက်ျားကို မျက်စောင်း တစ်ချက် ထိုးလိုက်ပြီးနောက်. . .

"ရှင်ပြောပုံက ကျွန်မကပဲ ကိုယ့်ဒုက္ခ ကိုယ်ဖန်တီးနေသလို ဖြစ်နေပြီ"

"အေးလေ ဟုတ်ကော မဟုတ်ဘူးလား၊ ဒီတော့"

"ရှင်ဘယ်လို ပြောလိုက်တာလဲဟင်၊ ကျွန်မ ဒီလိုဖြစ်ရတာ နှာခေါင်းထဲ ဖုန်ချေး ဝင်လို့ဆိုတာ ရှင်လဲ အသိပဲ မဟုတ်လား"

"အဲဒါ ငါပြောတာပေါ့ကွ၊ မင်းအခုလို လိုက်မလာရင်၊ ဒါမှမဟုတ် မင်းကြောင်တွေ မောင်းထုတ်ပစ်လိုက်ရင် ဘယ်တော့မှ ဒီလို ဖြစ်မှာ မဟုတ်ဘူး"

"တော်ပါတော့ရှင်. . တော်ပါတော့၊ ကျွန်မ ဘာပဲလုပ်လုပ် ရှင်က ဒီလိုပဲ အမြဲတမ်း အပြစ်မြင်တာချည်းပဲ၊ တစ်ခါလာလဲ ဒီကြောင်တွေ. . . ဒီကြောင်တွေချည်းပဲ၊ အခု ဒီကားထဲမှာ ကြောင်တွေပါလာတာ ရှင်မြင်လို့လား"

ဤတွင် မဒမ်ဒူပရေးမှာ မနေသာတော့ဘဲ ကြားဝင်ဖျန်ဖြေ ရတော့သည်။

"ဟော့. . . ယွန်-ပေါ၊ ကိုယ့်မယားကို ဒီလိုပဲ ပြောရသတဲ့လား၊ တော်ပြီ ငါမကြားချင်ဘူး မာရီကို တောင်းပန်လိုက်ပါ"

ယွန်-ပေါက နှုတ်ခမ်းကို ကိုက်လိုက်သည်။ ပြီးတော့ မိန်းမမျက်နှာကို လုံး လှည့်မကြည့်ဘဲနှင့် တောင်းပန်လိုက်သည်။

"ကဲပါ. . . ငါနောက်လဲ ဘယ်တော့မှ မပြောတော့ဘူး၊ အခု ပြောမိတာကို ငါ.. တောင်းပန်ပါတယ်"

သူ့ မျက်နှာတွင် အပြုံးရိပ် လုံးဝမထင်။ အမုန်းရိပ်သာ ဖုံးလွှမ်းနေသည်။

ထို့နောက် သူက စကားပြောခွက်ကောက်ယူပြီး ဒရိုင်ဘာ အွန်ဒရေးအား ကားရပ်ရန် အမိန့်ပေးလိုက်သည်။ အွန်ဒရေးက ဆက်လက်၍ အခြားကားများအား အချက်ပြလိုက်ရ



www.burmeseclassic.com

www.burmeseclassic.com



ကားအားလုံးရပ်သွားကြသည်။

ယွန်-ပေါက ကားနောက်ခန်းမှ ဆင်းကာ ရှေ့ခန်းသို့ ပြောင်းထိုင်ပြီးနောက် ဆက်လက် ထွက်ခွာလာခဲ့ကြသည်။

မွန်းတည့် ၁၂ နာရီတွင် "တောင်ကြားလမ်း" ဟိုတယ်သို့ ရောက်လာကြသည်။ ဟိုတယ် ပိုင်ရှင်၊ စားဖိုမှူးနှင့် အမှုထမ်းများက လှိုက်လှဲ့ဝမ်းသာ ကြိုဆိုကြသည်။

၁၂ နာရီခွဲတွင် နေ့လယ်စာ စားကြသည်။ အစားအသောက်များမှာ အမည်စုံပြီး အထူးစီစဉ်ချက်ပြုတ် ထားသော်လည်း မည်သူမျှ မြိန်မြိန်ယှက်ယှက် မစားနိုင်ကြ။ မှန်ပြတင်းများမှ မြင်နေရသော တောတောင် ရေမြေရှုခင်းများမှာ ရှုမြင်ရသူအဖို့ လွမ်းမောဖွယ် အခြေအနေကို ဖန်တီးနေသယောင်ရှိရာ နေ့လည်စာဝိုင်းတွင် ထိုင်နေသော လူတိုင်းပင် ကိုယ့်အတွေးနှင့်ကိုယ် ငြိမ်ဆိတ်ဆိတ် စားသောက် နေကြသည်။

မဒမ်ဒူပရေးသည် သက်ပြင်းတစ်ချက် မသိမသာချကာ အတွေးနက်နေသည်။

*အင်း. . . ဒီအတိုင်းသာ ဆိုရင်တော့ ငါ့ဘဝ၊ ငါ့သားသမီးတွေဘဝ အနာဂတ် သိပ်မကောင်းဘူး၊ လောလောဆယ် ယွန်-ပေါ် အခြေအနေကိုပဲ ကြည့်၊ အိမ်ထောင်ရေး အဆင် မပြေကြဘူး၊ သားသမီးလည်း တစ်ယောက်မှ မထွန်းကား၊ ဒီအတွက် သူလည်း စိတ်မချမ်းသာ၊ မယားလည်း စိတ်မချမ်းသာ၊ ဒီကြားထဲ ယွန်-ပေါက မယားအပေါ် ကြင်နာမှု လုံးဝမရှိဘူး၊ မယားမှတ်မှတ်၊ သားမှတ်မှတ် မဆက်ဆံဘူး၊ ဒီတော့ မာရီမှာ ပိုပြီး စိတ်ဆင်းရဲရတာပေါ့၊ အဲဒီတော့ သူတို့နှစ်ယောက်ဟာ ညားဖို့ကိုမကောင်းတဲ့ လင်မယား၊ ငါကလည်း အစတည်းက သဘောတူခဲ့တာ မဟုတ်ပါဘူး၊ သဘောမတူတာကလဲ မာရီဟာ ယွန်-ပေါ်နဲ့ မတန်လို့ မဟုတ်ပါဘူး၊ သူတို့ မျိုးရိုးတွေလည်းပဲ ဒူပရေးမျိုးရိုးတွေလိုပဲ ဂုဏ်ရှိကြတာပါပဲ၊ ဒါပေမယ့် ဒီကလေးမက နှပ်ရည်လည်း မရှိ၊ စိတ်စေတနာနဲ့ လူမှုဆက်ဆံရေးလည်း မကောင်း၊ ပြီးတော့-သူ့ကို ယွန်- ပေါ်ယူတာကလည်း ချစ်လို့ မဟုတ်ဘူး၊ ပိုက်ဆံမက်လို့ ယူခဲ့တာ၊ သူနဲ့ လက်ထပ်တော့ ယွန်- ပေါ်က အသက် ၂၄ နှစ်ပဲ ရှိသေးတာ၊ ယောက်ျားလေးဘဝ ပွဲကောင်းတုန်း အရွယ်ပဲ ရှိသေးတယ်၊ အဲဒီအချိန်မှာ အိမ်ထောင်ပြုလိုက်တော့ မယားအပေါ် သစ္စာရှိတဲ့ လင်သားတစ်ယောက် ဘယ်လို ဖြစ်လာနိုင်ပါ့မလဲ၊ ယွန်-ပေါ်မှာက ရည်းစားတွေ မှိုလိုပေါက်နေတာ၊ အဲဒီတုန်းက ငါမဖျက်ခဲ့တာ တော်တော်မှားတယ်။*

*အင်း. . . တစ်ဦးတည်းသော သမီးကြီးကလည်း သက်ဆိုးမရှည်ခဲ့ရှာဘူး၊ သားငယ် ကတ်ရှန်ကျ ပြန်တော့လည်း လူစဉ်မမီတဲ့ ဒုက္ခိတတစ်ပိုင်း။ ဒီတစ်သက် ဘယ်တော့မှ သားမယား ရနိုင်တော့မှာ မဟုတ်ဘူး၊ သားမယား မရှိတော့ အသက်ကြီးလာတဲ့အချိန်မှာ ဘယ်သူ ပြုစုမှာလဲ၊ သူ့ဘဝ ဘယ်လိုဖြစ်သွားမလဲ၊ အေးလေ. . တစ်ဘက်က ပြန်တွေးရင်လည်း သူ့ကို လူ့ဘဝ ရောက်လာအောင် ဖန်ဆင်းပေးတဲ့ ဘုရားသခင်ကိုပဲ ကျေးဇူးတင်ရတော့မှာပါလေ. . .။*

အဘွားကြီး မျက်နှာပေါ်တွင် မျက်ရည်နှစ်စက် စီးကျလာသည်။ လက်ကိုင်ပဝါထုတ်ပြီး သုတ်ပစ်လိုက်သည်။ ထို့နောက် စိတ်ကို ထိန်းကာ ပန်းကန်ပြားထဲမှ စားစရာတွေကို ဆက်စား နေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ယွန်-ပေါက စားပွဲကို ကျော်လျက် မိခင်ကြီးမျက်နှာကို လှမ်းကြည့်လိုက်သည်။

သည်မိခင်ကြီးကို သူအလွန်ချစ်သည်။ မိခင်ကြီး စိတ်မချမ်းသာအောင်လည်း လုံးဝမလုပ်ချင်။ သည်နေ့ပဲကြည့်. . ။ မိခင်ကြီးကို ဘေးမှာထားပြီး လင်မယားနှစ်ယောက် အချေအတင် စကားများခဲ့ကြသည်။ မအောင့်နိုင်လွန်း၍ ပြန်ပြောခဲ့ရခြင်းဖြစ်သည်။ အမှန်အတိုင်း ပြောရလျှင် အားအားရှိ တရွတ်ရွတ်နှင့် နှာချေနေသော မာရီကို သူလုံးဝ ကြည့်၍မရ။ ပြီးတော့ မိခင်ကြီးကလည်း သူ့ကို လေးနှစ်သားကလေးများ မှတ်နေသလား မသိ။ သူ့ကို ချစ်တာတော့ မှန်ပါရဲ့။ အပြစ်မြင်တာက လွန်လွန်းသည်။ သူဘာပဲ လုပ်လုပ် ဘယ်တော့မှ အကောင်းမထင်။ တကယ်တော့ မိခင်ကြီး အဖြစ်ကလည်း သနားစရာကောင်းလှသည်။ အချစ် ဆုံး လင်သေ၍ သောက မပြေသေး။ နောက်ထပ် တစ်ဦးတည်းသော သမီးကြီးနှင့် သမက်တို့ ဆုံးသွားကြပြန် သည်။ အဘွားကြီး ဒီအခြေအနေက ပိုပြီး ဘယ်တော့မှ ကောင်းလာနိုင်တော့မည်မဟုတ်။ တစ်နေ့ထက်တစ်နေ့ပိုဆိုးလာစရာသာ ရှိတော့သည်။ သေသေချာချာ တွေးကြည့်တော့လည်း သူ့အနေနှင့် သည်လောက် သောကရောက်နေဖို့ မကောင်း။ လူဆိုတာ သေမျိုးချည်းသာ။ တစ်နေ့နေ့ တစ်ချိန်ချိန် အားလုံး သေကြရမည်သာ။ သူတို့ မရှိတော့လည်း ဘာပူစရာလိုသလဲ။ ငါတစ်ယောက် လုံး ရှိသေးတာပဲ။ သားကြီးတစ်ယောက်လုံး ထီးထီးမားမား ရှိနေသေးတာပဲ။ သို့ပေမယ့်. . . မိခင်ကြီးက သားကြီးကို အားမကိုး။ မယုံ၊ စိတ်မချ။ အဲသည် လိုဆိုတော့လည်း ငါ့အနေနှင့် ဘာများတတ်နိုင်ဦးမှာလဲ။

အက်ရှန်က အရက်တစ်ကျိုက်သောက်လိုက်ပြီးနောက် မရီးဖြစ်သူ မာရီဂျက်ကလင်းကို မသိမသာ အကဲခတ် ကြည့်လိုက်သည်။

တကယ်တော့. . မာရီနေမကောင်းနေတာ ကြောင်တွေကြောင့် မဟုတ်။ ဖုန်မှုန့်ကြောင့်လည်း မဟုတ်။ သူ့ ရောဂါက "အလာ့ဂျစ်" ရောဂါမဟုတ်။ အချစ်ရောဂါ. . အချစ်ရောဂါ။ အချစ်မခံရလို့ ချစ်ဖို့လူမရှိလို့ ခံစားရတဲ့ ရောဂါ. . ။ ဒီရောဂါကပဲ သူ့ကို နှိပ်စက်နေတာ။ လောကမှာ သေနိုင်စရာ အကြောင်းတွေက တစ်ပုံကြီး။ ဒင်းနစ်တို့ လင်မယား သေနည်းပျိုးသာ မဟုတ်။ တခြားနည်းတွေ လည်း အများကြီးရှိသေးတာ။ အင်း. . မာရီခမျာ သနားစရာပါပဲ။ သူ့ခမျာ ချစ်ရမည့်လူ မရှိတော့ ကြောင်ကလေးတွေကိုပဲ ရင်သွေးအမှတ်နဲ့ ချစ်နေရတာ။ နေပါစေ. . နေပါစေ။ သူ့အဖို့ ဒါနဲ့ပဲ ဘဝကို နေပျော်အောင် နေနေရတာ။

ဒီအတိုင်းဆိုရင်တော့. . . တို့မိသားစု နောင်ရေးမလွယ်ဘူး။ နောက်ဆုံး အားလုံး မျိုးဆက်ပြတ်သွားမှာ သေချာတယ်။ တို့ညီအစ်ကိုနှစ်ယောက် မရှိတဲ့နောက်မှာ ဒူပရေး မျိုးဆက်လည်း ရှိတော့မှာ မဟုတ်ဘူး။ ကလေးတွေဆိုတာက. . မျိုးဆက်သွေးအပြည့်ရှိတော့တာ မဟုတ်ဘူး။ ဒူပရေးမိသားစုနဲ့ ဘလဏ မိသားစု တစ်ဝက်စီရောထားတဲ့ မျိုးဆက်ပဲ ရှိတော့တာ. . ။

မာရီဂျက်ကလင်း ချောင်းဆိုးပြန်သည်၊ ခဏဖြစ်ဖြစ် သက်သာလို သက်သာငြား အရက် တကျိုက်မော့လိုက်သည်။ သည်တစ်ခါတော့ ယွန်-ပေါက သူ့ကို ဘာမှ ပြောတော့မည်မဟုတ် ဆိုတာကို သူသိသည်။ မိခင်ကြီး ရှိနေတော့ ယွန်-ပေါက ပြောချင်ပေမယ့် ပြောရဲတော့မည်မဟုတ်။ သို့သော် ယွန်-ပေါ စိတ်တိုနေမှန်းတော့ သူ အကဲခတ်မိသည်။ စိတ်တိုနေတာထက် ဒေါသဖြစ်



www.burmeseclassic.com

www.burmeseclassic.com



နေသည်ဆိုက ပို၍မှန်မည်။

ငါ သူ့ကို လက်ထပ်ခဲ့တာ သိပ်မှားတာပဲ။ ငါ့ကို ပိုးပန်းနေတုန်းက ယွန်-ပေါ်နဲ့ အခုယွန်-ပေါ် ဆက်စပ်လို့ မရတော့ဘူး။ ဟိုတုန်းကဆိုရင် တစ်နေ့မပြတ် ပန်းတွေပေးလိုက်၊ လက်ဆောင်တွေ ပေးလိုက်နဲ့ အိမ်ကို နေ့တိုင်းလာနေတာပဲ။ သူက ငါ့ထက်လည်း သုံးနှစ်ငယ်တယ်။ ရုပ်ကလည်း သိပ်ချောတယ်။ ဒါကြောင့်လည်း ငါ့ကို လင်ကံကောင်းတဲ့ မိန်းကလေးဆိုပြီးတောင် လူတိုင်းက ပြောခဲ့ကြရတယ်။ ခုတော့. . အဲဒီပုံစံမျိုး တစ်ခုမှ မရှိတော့ဘူး။ ငါနဲ့ ညားတဲ့နေ့ကစပြီး ငါ့အပေါ်မှာ သစ္စာဖောက်တော့တာပဲ။ ငါ့အနားလည်း လုံးဝမကပ်တော့ဘူး။ အပျော်မယားတွေနဲ့ပဲ ဖြေဖျော်နေတော့တာပဲ။ သူတို့ညီအစ်ကို နှစ်ယောက်က စိတ်ထားချင်း ကွာလိုက်တာ။ အက်ရှန်က စိတ်ထား မြင့်မြတ်သလောက် သူက သဘောထား ယုတ်တယ်။ သူ့ရုပ်ရည်မျိုးနဲ့ အက်ရှန်လို စိတ်ထားမျိုးသာ ရှိလိုက်မယ်ဆိုရင် ဘယ်လောက်ကောင်းလိုက်မလဲ။ ခုတော့. . . ငါ့ကုသိုလ်ကိုက ဆိုးချင်တော့ သင်းဆိုမယား တဖားဖားဆိုသလို. . . ။

ဂျဲနက်ကတော့ စိတ်ညစ်စရာတွေကို လုံးဝမတွေးမိ။ သူသည် ဒူပရေး မိသားစုဝင်များနှင့်အတူ ပထမဦးဆုံးအကြိမ် တရင်းတနှီး ထိုင်နေရာမှ ယွန်-ပေါ်မျက်နှာကို မသိမသာ စောင်းကြည့်လိုက်၊ အပြင်ဘက်မှ ရှုခင်းများကို ကြည့်လိုက် လုပ်နေသည်။ သူ့ အနေဖြင့် ယွန်-ပေါ်ကို လုံးဝမျှော်လင့်နေစရာ မရှိတော့ပေမယ့် ရင်ထဲမှာ စွဲချစ်မိသော အချစ်ကိုမူ ဘယ်လိုမှ ဖြေဖျောက်၍မရ။ ယွန်-ပေါ်ကို မရနိုင်တော့သည့်တိုင် ယခုလို နီးနီးကပ်ကပ်နေရပြီး မျက်နှာကို မြင်နေရလျှင်ပင် တိတ်တခိုးချစ်မိရကျိုး နပ်ပါပြီဟု သဘောထားမိ သည်။

နေ့လယ်စာ စားပြီးကြသောအခါ ကိုယ့်အခန်းကိုယ် အသီးသီး ပြန်သွားကြသည်။ ယွန်-ပေါ်ကတော့ သစ်တောမြက်ခင်းပြင်သို့ ထွက်လာခဲ့ပြီး သစ်ရိပ်တွင် လှဲအိပ်ရင်း သူ့ကို စောင့်မျှော်နေမည့် ပရိုဗင့်စ်မှ လယ်သူမကလေးအကြောင်းကို စဉ်းစားနေမိသည်။ သူသည် ပရိုဗင့်စ်သို့ အပန်းဖြေခရီးထွက်တိုင်း ထိုမိန်းကလေးနှင့် တွဲခဲ့သည်။ ယမန်နေ့ညက တွဲခဲ့ရသော စားပွဲထိုးမကလေးလိုပင် လုံးကြီးပေါက်လှနှင့် ဆွဲဆောင်မှု အပြည့်ရှိသော မိန်းကလေးဖြစ်သည်။

ပရိုဗင့်စ်ကမိန်းမတွေကို သူအလွန်သဘောကျသည်။ သူတို့က ပါရီမှ ညဥ့်ငှက်လေး တစ်ဒါဇင်လောက်ထက် တန်ဖိုးရှိသည်။ ဟန်ဆောင်မှုလည်း လုံးဝမရှိ။ ပင်ကို သဘာဝအတိုင်း ဆက်ဆံလှုပ်ရှားကြသည်။ သူတို့သည် ကျန်းမာလတ်ဆတ်ကြသည်။ ရိုးသားဖြူစင်ကြသည်။

သူတို့ကလေးတွေ အကြောင်းကို တရှိုက်မက်မက်တွေးတောရင်းဖြင့်ပင် သူအိပ်ပျော်သွားသည်။

နေ့လယ်နှစ်နာရီတွင် ခရီးဆက်ကြပြန်သည်။ ဒုတိယကားထဲတွင် ကလေးတွေ တဆူဆူ တကျက်ကျက် နှင့် ဂျီကျနေကြသည်။

"အစ်ကိုကြီးက သမီးကို အနီရောင်ပုံဆွဲဆေးတောင့် မပေးဘူးတဲ့" နီကိုက နှုတ်ခမ်း



www.burmeseclassic.com

www.burmeseclassic.com



တစူစူဖြင့် ပြောသည်။

"ဘာလို့မပေးတာလဲ လူစီယံ" ဂျဲနက်က မေးသည်။

"သားလည်း ဆွဲနေတာပဲဟာ၊ သူက အနီမလိုပါဘူး၊ အစိမ်းနဲ့ အဝါပဲ သူက သုံးတာ"

"ဘာလို့ မလိုရမှာလဲ၊ ငါ့ပန်းပွင့်တွေ အနီရောင်ခြယ်မလို့ တောင်းတာ"

"ဟုတ်ပြီလေ ရမှာပေါ့၊ ရမှာပေါ့၊ လူစီယံပြီးရင် သမီးဆွဲရမှာပေါ့ . . ဟုတ်လား"

"ဟင့်အင်း သူပြီးအောင် မစောင့်နိုင်ဘူး၊ ခုချက်ချင်း လိုချင်တယ်"

"ဒီလိုလုပ်လို့ ဘယ်ရမလဲ" ဂျဲနက်က အသံမာမာဖြင့် ပြောသည်။ "သူပြီးရင် သမီး ဦးစားပေးမှာ ပေါ့၊ သူက အလျင်ဆွဲနေတဲ့လူ၊ သူ့ကို ဦးစားပေးမှ တရားတော့မှာပေါ့"

"မဟုတ်ဘူး. . . သမီးက အလျင်ဆွဲတာ"

"တော်ပြီ. . . နီကို၊ ဆက်မပြောနဲ့တော့၊ မမပြောတာ နားထောင်ပါ၊ ကဲ မင်းတို့နှစ်ယောက်ကြားမှာ မမ ထိုင်မယ်"

"မမက သမီးကိုထက် သူ့ကို ပိုချစ်တယ်" နီကိုက ဆင်ခြေထပ်တွန့်တက်ပြသည်။

"ဘယ်သူ့မှ ပိုမချစ်ဘူး၊ အားလုံး အတူတူပဲ ချစ်တယ်၊ ကဲ. . . ဒါတွေ ထားလိုက်တော့ အားလုံး ပျော်ပျော်ပါးပါး သီချင်းဆိုကြရအောင်"

"ကောင်းတယ် သမီးဆိုမယ် မမကြီး"

ဂျဲနက်ပေါင်ပေါ်တွင် ငြိမ်၍ ထိုင်နေသည့် ဒီစရီကလေးက ဝင်ပြောသည်။

"ဟုတ်ပြီး၊ ကဲ. . ဆိုကြမယ်"

သူတို့နှစ်ယောက် သီချင်းဆိုကြသည်။ ဒီစရီက သီချင်းဆိုရာမှ ရုတ်တရက်ထရပ်လိုက်ပြီး "အင်း ဟိုမှာ နွားမ. . . နွားမ"ဟု အပြင်ဘက်သို့ လက်ညှိုးထိုးပြရင်း အော်ပြောသည်။

"သြော်. . . အဲဒါ နွားမ မဟုတ်ပါဘူး၊ မြင်းပါကလေးရယ်"

"ဟင် သမီးက နွားမလို့ ထင်တာ မမရဲ့"

ဂျဲနက်က ကလေးကို ကျစ်ကျစ်ပါအောင် ဖက်ကာရယ်သည်။

"အေးပါကွယ်. . . နွားမလို့ ထင်ရင်လည်း နွားမပဲ ထားလိုက်ပါတော့၊ ကဲ. . . ဒီတော့ တို့အားလုံး သီချင်းသံပြိုင်ဆိုကြရအောင်"

နောက်ဆုံးတော့ အပန်းဖြေအိမ်ကြီးသို့ ရောက်လာခဲ့ကြသည်။ အချိန်မှာ နေဝင်ဖျိုးဖျရှိနေပြီ။

အိမ်ကြီးနှင့် ခြံဝင်းကြီးကို မိုင်ပေါင်းများစွာ ရှည်သော ကျောက်တုံးတံတိုင်းကြီးများဖြင့် ပတ်လည် ဝိုင်းထားသည်။

သံတံခါးဂိတ်ကြီး ပွင့်လာသောအခါ ကားလေးစီးတို့သည် ဘေးတစ်ဘက်တစ်ချက်တွင် သစ်ပင်များ တန်းစီစိုက်ထားသော အိမ်ရှေ့ လမ်းအတိုင်း ဖြည်းဖြည်း မောင်းဝင်လာခဲ့ကြသည်။

၁၅ မိနစ်လောက် မောင်းဝင်လာခဲ့ပြီးနောက်တွင် အပန်းဖြေအိမ်ကြီးရှေ့သို့ ရောက်ပြီး ရှေ့ဆုံးကားတံခါး ပွင့်လာပြီးနောက် မဒမ်ဒူပရေးအား သားငယ် အက်ရှ်က တွဲပေ



www.burmeseclassic.com

www.burmeseclassic.com



အမေ၍ ချပေးသည်။ ထို့နောက် ကျန်လူများ ဆင်းကြသည်။

အိမ်ရှေ့လှေကားရင်းတွင် အိမ်စေ သုံးယောက် ရပ်စောင့်နေကြသည်။ သူတို့သည် ဤအိမ်ကြီးတွင် အမှုထမ်းခဲ့သည်မှာ နှစ်ပေါင်းများစွာ ကြာခဲ့ပြီ။ အဆောက်အအုံမှူး လူစီ။ မယား ဘရစ်ဂျစ်။ ပြီးတော့ အိမ်ဖော်မှူး ဂါဘရီယယ်။

သူတို့က အိမ်ကြီးရှင် မိသားစုတစ်ယောက်စီ တစ်ယောက်စီကို တရိုတသေ ကြိုဆို နှုတ်ဆက်ကြသည်။ မဒမ်ဒူပရေးအား ပန်းစည်းလက်ဆောင်ပေးကြသည်။

မဒမ်ဒူပရေးက အိမ်တော်စေအားလုံးကို ကျေးဇူးတင်စကားပြောပြီးနောက် အိမ်ရှေ့ ဧည့်ခန်းမကြီးထဲ သို့ဝင်လာသည်။ အတွင်းခန်းမဆောင် အပြင်အဆင်မှာ အလွန်တရာမှ ခမ်းနား သည်။ အိမ်တွင်း ပရိဘောဂအားလုံးပင် ပြင်သစ်နိုင်ငံမှ နာမည်ကျော် လက်မှုပညာရှင်တို့၏ အကောင်းဆုံးလက်ရာများ ဖြစ်သည်။ အများစုမှာ အိမ်ကြီးနှင့်အတူ သက်တမ်း ၂၀၀ ပင်ကျော် ပြီ။ သက်တမ်းကြာသော်လည်း မကြာခဏ မွမ်းမံပြင်ဆင်ထားသောကြောင့် အသစ်ကျပ်ချွတ် အတိုင်းပင် ပြောင်လက်နေကြသည်။ နံရံပေါ်မှ ပန်းချီကားများမှာ ပါရီအိမ်ကြီးမှ ကားများနှင့် တူဘဲ အားလုံးလိုလိုပင် တည်ငြိမ် အေးချမ်းသော တော တောင်သဘာဝ ရှုခင်းများ ဖြစ်ကြသည်။ နှစ်ကောင် တောင်ပံဖြန့်နေသော ပန်းချီကားမှာ ယွန်-ပေါ အကြိုက်ဆုံးဖြစ်သည်။ အတောင်မွေး များကို လက်နှင့်ကိုင်ကြည့်လိုက်လျှင် နူးညံ့သော အတွေ့အထိကို တကယ်ပင် ခံစားရလေမလားဟု ထင်မှတ်ရသည်။

အိမ်ခန်းကြမ်းပြင်ကို ချောမွတ် ပြောင်လက်နေအောင် တိုက်ချွတ်ထားသဖြင့် အခန်းထဲ တွင် ဖယောင်းနံ့သင်းနေသည်။ အခန်းတိုင်း နေရာတိုင်းတွင် ပန်းအိုးကလေးတွေ တင်ထားသည်။

တအိမ်လုံးတွင် အိပ်ခန်းပေါင်း ၂၂ ခန်းရှိသည်။ ဒူပရေး မိသားစု အရှိန်အဝါ ကောင်းစဉ်တုန်းက အခန်းတိုင်းတွင် လူအပြည့်ရှိခဲ့သည်။ ယခုတော့ ဒုတိယအထပ်ရှိ အိပ်ခန်း များနှင့်ပင် လုံလောက်နေပြီ။ ဒုတိယထပ်သို့ သစ်သား ကြောင်လိမ်လှေကားဖြင့် တက်ရသည်။ တစ်လုံးလက်ရန်းတန်းများမှာ ဘာဂန်ဒီနယ် မှ နာမည်ကျော် လက်သမား ဆရာ၏ စံပြလက်ရာများ ဖြစ်သည်။ ထမင်းစားခန်းမှ စားပွဲရှည်ကြီးနှင့် နောက်မှီကုလားထိုင် ၁၆ လုံးတို့ကလည်း လက်ရာ မြောက်လှသဖြင့် ခမ်းနားသော အိမ်ကြီးနှင့် လိုက်ဖက်လှသည်။

အခန်းများနှင့် ပရိဘောဂများကို ကြည့်ပြီး ဂျဲနက်က မိမိနှင့် မတန်သလို သနိုးသနပင် ဖြစ်မိသည်။ သို့သော် ယခုတော့ သူသည် ခမ်းနားသောအိမ်ကြီးတွင် အနေကျပြီး နေတတ်ထိုင် တတ် ဖြစ်နေပြီ။

အိမ်ကြီးနှင့် ကပ်လျက် တစ်ထပ်အိမ်ကြီး တစ်ဆောင် ရှိသေးသည်။ ဒူပရေး မိသားစု အားလုံးပင် ကလေးဘဝက ထိုအိမ်ကြီးတွင် နေထိုင်ခဲ့ကြသည်။ ထိုအိမ်ကြီးမှာလည်း ပရိဘောဂမှစ၍ အစစအရာရာ အိမ်မကြီးအတိုင်းပင် ခမ်းနားလှသည်။

ဂျဲနက်နှင့် ကလေးများကို ထိုအိမ်တွင်ပင် နေရာချပေးသည်။ ဂျဲနက်၏ အခန်းက နေချင်စရာ။ ပန်းရောင် ခြယ်ထားသော နံရံများက ခန်းဆီးလိုက်ကာ အရောင်နှင့် လိုက်ဖက် နေသည်။ ခုတင်နှင့် မီးပန်းဆိုင်ကလေးတို့ကို ကြေးဝါဖြင့် ပြုလုပ်ထားသည်။ မီးလုံးများကို



www.burmeseclassic.com

www.burmeseclassic.com



ပိုးသားနုနုဖြင့် အပေါ်မှ ဖုံးအုပ်ထားသည်ကို ဂျဲနက်က အလွန်သဘောကျသည်။

ကလေးတွေ၏ အခန်းများကလည်း အရွယ်တူ၊ နံရံများမှာလည်း ဂျဲနက် အခန်း လှပသော အရောင်ခြယ်ထားသည်။ အခန်းတိုင်းတွင် ခုတင်အမြင့်ကြီးတစ်လုံးစီရှိပြီး ကလေး တက်ရန် ခွေးခြေ အနိမ့်ကလေးတစ်ခုစီ ချပေးထားသည်။

ကလေးတွေ ရေမိုးချိုးအဝတ်အစား လဲပြီးသောအခါ အိမ်ကြီးမှ ညစာစား လာခေါ်သည်။ သူတို့သည် ယရောင်ဖွေးနေသော မြေပြင်ကို ဖြတ်လျှောက်လာခဲ့ကြသည်။

ညစာ စားပွဲရှည်ကြီးတွင် လူကြီးတွေ ထိုင်နေကြပြီ။ သူတို့က စားမြိန်အရက် တမြုံ့မြုံ့သောက်ရင်း တော်တော်သဘောကျနေကြသည်။ ခါတိုင်းဆိုလျှင် စားမြိန် အရက် ဧည့်ခန်းတွင်ထိုင်ကာ အေးအေးဆေးဆေး သောက်ပြီးမှ စားသောက်ခန်းသို့ ဝင်လေ့ရှိကြ သို့သော် ယနေ့ညတော့ ယင်းအစဉ်အလာကိုဖျက်ပြီး စားသောက်ခန်းမှာပင် တဆက် ဧည့်ခံသည်။ မိသားစုအားလုံးပင် ခရီးပန်းလာကြသဖြင့် ညစာ မြန်မြန်စားကာ အေးအေး အနားယူရန် ကိုယ့်အခန်းသို့ ကိုယ်မြန်မြန် ပြန်ချင်နေကြသောကြောင့် ဖြစ်သည်။

ပါရီမှာတော့ ဂျဲနက်နှင့်ကလေးတွေက သီးခြားစားသောက်ပြီး ကျန်မိသားစုတွေက သီး စားသောက်ကြသည်။ ယခုတော့ အားလုံးပင် တစ်ဝိုင်းတည်း အတူတူစားသောက်ကြ ကလေးတွေက ဂျဲနက်နှင့်အတူ တစ်တန်းတည်း ထိုင်ကြသည်။

ညစာ မစားမီ အားလုံးကိုယ်စား အက်ရှန်က ဆုတောင်း ပတ္ထနာပြုသည်။ ဂျဲနက်မှ အားလုံး ခေါင်းငုံ့ကာ အရိုအသေ ပြုနေကြသည်။ ဂျဲနက်က ငုံ့နေသော ဦးခေါင်းများကိုကြ ဒူပရေး မိသားစုအနေဖြင့် ဘုရားသခင်ကို ကျေးဇူးတင်ရန်အကြောင်း ရှိပါသလားဟု စဉ်းစားမိ မိမိတို့အား မဟာဂရုဏာဖြင့် ကောင်းချီး မင်္ဂလာပေးခြင်းအတွက် အက်ရှန်က ဘုရားသခ ကျေးဇူးတင်သည်။ ဒူပရေး မိသားစုဝင်တွေအားလုံး စိတ်ဆင်းရဲနေကြသည်အတွက်မူ မည်သူ အပြစ်တင်ရပါမည်နည်း။ တကယ်တော့ ချစ်ခင်နှစ်သက်သော သူများနှင့် ကွဲကွာရခြင်း ဒု ဒူပုရေး မိသားတစ်စုတည်းသာ ခံစားရသည်မဟုတ်။ မိသားစုတိုင်းလိုလိုပင် အနည်းနှင့်အ ခံစားကြရသည်ချည်း ဖြစ်သည်။ လူရယ်လို့ ဖြစ်လာလျှင် ဤဒုက္ခကို မည်သူမှ ရှောင်ဖယ်၍ မ သို့သော် ယခုလိုခမ်းနားကြီးကျယ်လှသော အိမ်ကြီးတွင် ခမ်းနားကြီးကျယ် လှသော အခန်း အရသာအရှိဆုံး စားကောင်းသောက်ဖွယ်များကို စားသောက်နေကြသော ဒူပရေး မိသားစု ဆင်းရဲဒုက္ခရောက်နေကြသူများဟူ၍ ဂျဲနက်က လုံးဝ မယူဆမိ။

ထုံးစံအရ ပထမဆုံး ညစာကို အပူစားလေ့မရှိ။ အားလုံး အအေးဟင်းများချည်း ဖြစ်

ယနေ့ည စားစရာ ဟင်းလျာများမှာ မလိုင်ပါသော အားလူးစွပ်ပြုတ်၊ အစား ကြက်ဥဟပ်ဖ္ဖိုင်ကြော်၊ ကြက်သားကြော်နှင့် ဒေသထွက် ထောပတ်ပေါင်မုန့် လတ်လတ်ဆတ်ဆ ဖြစ်ကြသည်။ ဒူပရေးခြံထွက် စပျစ်ဝိုင်ကလည်း နှစ်ချို့ အကောင်းစား။ အချိုပွဲတွင် သစ်ကျားသီးနှင့် ဒိန်တို့ကို စားကြရသည်။

စားသောက်နေကြတုန်းတွင် စကားမပြောကြသလောက်ပင် ဖြစ်သည်။ အင် စားသောက်နေရင်းမှ ဂျဲနက်မျက်နှာကို မကြာခဏ စောင်းစောင်း ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



စားသောက်ပြီးသောအခါ ဂျဲနက်က ကလေးတွေ သိပ်ရန်သွားတော့မည်ဟု ...မ်ဒူပရေးထံတွင် ခွင့်တောင်းသည်။ မဒမ်ဒူပရေးက ခေါင်းညိတ်၍ ခွင့်ပြုသည်။ ကလေးတွေက ...ဦးစွာ အဘွားကို နမ်းသည်။ ထို့နောက် လေးလေး အက်ရှန်ကို နမ်းကြသည်။ ထို့နောက် ...လေးကြီး ယွန်-ပေါကို နမ်းကြသည်။ နောက်ဆုံးကျတော့မှ အန်တီမာရီဂျက္ကလင်းကို မနမ်းချင် ...ချင် နမ်းကြသည်။ သူတို့က အန်တီမာရီအား မနမ်းချင်ကြသည်မှာ သူ့ ဆီက ဆေးစော်နံပြီး ...နှာကလည်း အမြဲတမ်း သုန်မှုန်နေတတ်သောကြောင့် ဖြစ်သည်။

...တ်နေ့တွင် အရုဏ်တက်ကတည်းက ကလေးတွေ နိုးလာကြသည်။ ခြောက်နာရီခွဲတော့ ...င့်မနေနိုင်တော့သဖြင့် လူစီယံက ဂျဲနက်ကို သွားနှိုးရန် ဆုံးဖြတ်လိုက်သည်။ နီကိုလည်း ...ာတူသည်။ ဒီစရီကလည်း သူတို့နောက်မှ ကပ်လိုက်လာသည်။

ကလေးတွေက အခန်းတံခါးကို ခေါက်ကြသည်။ အတွင်းမှ ဘာသံမျှ မကြားရ။ သို့ဖြင့် ...ူစီယံက တံခါးရွက်ကို ဆွဲဖွင့်လိုက်သည်။

ဂျဲနက်က အိပ်ရာထဲတွင် ကွေး၍ကောင်းတုန်း။ လူစီယံက ဦးဆောင်ကာ ခြေဖျားထောက် ...ခုတင်နားသို့ ကပ်လာခဲ့သည်။ ပြီးတော့. . . ဂျဲနက် မျက်နှာနားသို့ ကပ်ကြည့်သည်။ အသက် ...ငွေ ရှူသံကို နားထောင်နေသည်။ လူစီယံက ဂျဲနက်အား မနက်ခင်းအလှကို မျှဝေခံစား ...ချင်သဖြင့် အသာကလေး လှုပ်နိုးသည်။

"မမကြီး နိုးလာပြီလား" သူက တိုးတိုးကလေး မေးသည်။

ဂျဲနက်က အိပ်တဝက် နိုးတဝက်ဖြင့် မျက်လုံးတွေကို မှိတ်လိုက် ဖွင့်လိုက် လုပ်နေသည်။ ...တော့မှ မျက်လုံးကျယ်ကျယ်ဖွင့်ကာ ကလေးတွေ၏ မျက်နှာကို ကြည့်လိုက်သည်။

ချစ်စရာကောင်းသော၊ စိတ်အားထက်သန်နေသော မျက်နှာကလေးတွေ. . . ။

"မမကြီး နိုးပါပြီကွယ်" သူမက ပြုံးပြီး ပြောသည်။

ဒီစရီကလေးက ခုတင်ပေါ်သို့ တွယ်တက်ရန် ကြိုးစားသည်။ ဂျဲနက်က ချီတင်လိုက်ပြီး ...လေးကို မွှေးမွှေးပေးသည်။ ကလေးက သူ့ကို ကျစ်ကျစ်ပါအောင် ပြန်ဖက်ထားသည်။

"ညီမလေးက သိပ်ပြီး ချစ်စရာကောင်းတာပဲကွယ်"

ဒီစရီကလေးက တခစ်ခစ်ရယ်ကာ ဂျဲနက်၏ ပါးနှစ်ဘက်ကို ဖက်ပြီး နမ်းသည်။

"ကဲ. . . နီကိုက ဒီဘက်ကိုလာ" သူက နီကိုအား ခုတင်ပေါ်သို့ ဆွဲတင်ပေးလိုက်သည်။

...ကိုတလည်း သိပ်ပြီး ချစ်စရာကောင်းတာပဲ၊ လူစီယံကတော့ မနက်မိုးလင်းလာရင် ဆော့ဖို့ပဲ ...တူးနေတယ် မဟုတ်လား" လူစီယံက ခုတင်ခြေရင်းတွင် တင်ပလ္လင်ခွေ ထိုင်နေရာမှ ပြုံးပြသည်။

"ကဲပါ မြန်မြန် ထစမ်းပါ မမကြီးရဲ့၊ မမကြီး မြင်ရရင် သိပ်ပြီး သဘောကျမှာပါ"

"ဘာကို သဘောကျမှာလဲ"

"အားလုံးကိုပေါ့၊ ဝမ်းဘဲတွေ၊ ကြက်ကလေးတွေ၊ ဝက်တွေ၊ သိုးကလေးတွေ၊ ပြီးတော့ ...ကျက်မြက်ခင်းတွေ" သူက သူ့ပါးစပ်ထဲ တွေ့သမျှကို မဆုံးတမ်း လျှောက်ရွတ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ မနက်စောစော သူမြင်ခဲ့ရသော တောရပ်ဒေသ၏ သဘာဝအလှတွေ အထူးအဆန်းသဖွယ် လျှောက်ပြောနေခြင်း ဖြစ်သည်။

ခုနစ်နှစ်သားအရွယ် ကလေးငယ်တစ်ယောက်၏ အမြင်တွင် တစ်လောကလုံး အံ့ဖွယ်အလှဆင်နေပါကလားဟု ဂျဲနက်က တွေးမိသည်။ သူလည်း ကလေးဘဝက တစ်လောက ကို သည်အတိုင်းပင် မြင်ခဲ့သည် မဟုတ်ပါလား။

"ကဲ. . ဟုတ်ပြီ. . . ဟုတ်ပြီ၊ တို့အားလုံး အဝတ်လဲမယ်၊ မနက်စာ စားမယ်၊ ပြီး အပြင်ထွက်ပြီး လျှောက်ကြည့်ကြမယ်"

နီကိုနှင့် ဒီစရီတို့က ဖျင်ကြမ်း လယ်သမားဝတ်စုံများကို ဝတ်ကြသည်။ လူစီ အညိုရောင်ဖျော့ဖျော့ ဘောင်းဘီတို၊ ဒူးဆစ်အထိရောက်သောခြေအိတ်နှင့် ခြေမျက်စိဖုံး သံမင်ရေရှူးဖိနပ်များကို ဝတ်ဆင်သည်။ ဂျဲနက်ကတော့ လယ်သူမ စကတ်နှင့် ပါရီမှ ဝယ်လာ ဗြိတန်နီဘလောက်စ်အင်္ကျီကို ဝတ်သည်။ မမကြီးက သိပ်လှတာပဲဟု ကလေးတွေက ပြော အခါ တကယ့်နှလုံးသားဖြင့် ချီးကျူးခြင်းဖြစ်၍ သူက အလွန်ဂုဏ်ယူ ဝမ်းသာမိသည်။

အဝတ်အစားလဲပြီးသောအခါ နံနက်စာစားရန် အိမ်ကြီးသို့ လျှောက်လာခဲ့ကြသည်။

အက်ရှန်မှတပါး အားလုံးအိပ်နေကြတုန်းပင်။ ဂျဲနက်နှင့် ကလေးတွေ ဝင်လာကြ အခါ သူက ထိုင်ရာမှထ၍ ဆီးကြိုသည်။ အက်ရှန်သည် အညိုရောင် ဇင်သား ဘောင်းဘီရှည် ငွေခေါင်းတပ် အနက်ရောင် သားရေခါးပတ်ပြားကြီးပတ်၍ ဝတ်ထားသည်။ အင်္ကျီက အ အဖြူပြောက် ရှပ်လက်ရှည်၊ လည်ပင်းတွင် ကြယ်သီးမတပ်ဘဲ ဖွင့်ထားသည်။ လည်ပင်းတွ အဖြူရောင် လက်ကိုင်ပဝါကြီးကို ပတ်ထား သည်။ အင်္ကျီလက်နှစ်ဘက်ကို ခေါက်တင်ထားသ သူ့ လက်မောင်းနှစ်ဘက်မှ အမွေးအမျှင်များကို မြင်နေ ရသည်

"မင်္ဂလာမနက်ခင်းပါ လေးလေးအက်ရှန်"

ကလေးတွေက နှုတ်ဆက်ကာ သူတို့လေးလေးအား ဖက်ယမ်းနမ်းရှုပ်ကြသည်။

ထို့နောက် ကုလားထိုင်တွင် ဝင်ထိုင်ကြသည်။ သူတို့ စိတ်ထဲတွင်တော့ မြန်မြ စားသောက်ပြီး မြန်မြန်အပြင်ထွက်ဖို့ကိုသာ အာရုံစိုက်နေကြသည်။

"မင်္ဂလာမနက်ပါ ကလေးတို့၊ ပြီးတော့ မေဒ့်မွာဆယ်. . . ဒါနဲ့ ကလေးတို့က ဒီလော အစောကြီး ဘာလို့ ထကြတာလဲ၊ ငါကတော့ ကလေးတို့အားလုံး ခရီးပန်းပြီး အိပ်မောက ကြလိမ့်မယ်ထင်နေတာ"

ထုံးစံအတိုင်းပင် သူ့အသံက လေးနက် ကြည်လင်သည်။

သူ့ အသံ ကြားရတိုင်း ဂျဲနက်မှာ နွေးထွေးပြီး နေသာထိုင်သာရှိလာသလို ခံစားရသည် သူသည် အလွန်တည်ငြိမ် အေးဆေးသည်။ ကြင်နာမှုလည်း ရှိသည်။ ဖေဖေနဲ့ တူလိုက်တာ ဂျဲနက်က တွေးမိသည်။

ဂျဲနက်က ပြုံးပြီး ပြောသည်။

"ဒီသုံးယောက်က မပင်ပန်းဘူး အစ်ကိုလေးရဲ့၊ သူတို့က အရဏ်တက်ကတည်းက နိုးနေကြတာ၊ ကြည့်ရတာတော့ လူစီယံက ကျွန်မတို့အတွက် ခရီးစဉ် စီစဉ်ထားတယ်နဲ့ တူပါတယ်



www.burmeseclassic.com

www.burmeseclassic.com



နဲ့ အစ်ကိုလေးက ရော ဘာလို့ အစောကြီး ထရတာလဲ"

"ဪ. . ငါလား၊ ငါက စပျစ်ခင်းထဲသွားချင်လို့၊ အဲဒီမှာ အလုပ်သမားတွေနဲ့ အတူတူ လုပ်ရတာ အင်မတန် ပျော်စရာကောင်းတယ်၊ ဒီလိုပဲ အမြဲတမ်း တစ်နှစ်တစ်ခါ လာလုပ်နေတာ အင်မတန် ပျော်စရာကောင်းတာပဲ၊ တကယ်တော့" သူက ခဏရပ်နေပြီးတော့မှ "ဒီဒေသက သိပ်ပြီး ဆွဲဆောင်မှု ရှိတယ်၊ တောသူမ အပျိုချောကလေးတစ်ယောက်လိုပဲလို့ ပြောရင် ရမယ်ထင်တယ်"

သူက ဂျဲနက် ရှက်သွေးဖြန်းသွားသည်ကို သတိပြုမိလိုက်ကာ ကမန်းကတန်း ဆက်ပြောသည်။ "ဪ ဒါနဲ့ ကလေးတွေအတွက် မနက်စာ မြန်မြန်လုပ်ပေးဖို့ သွားပြောပါဦး၊ ဒါပေမယ့် သတိတော့ ထားပေါ့နော်၊ အဘွားကြီး ကလော့သီကြည့်ရတာ ဒီမနက် သိပ်မကြည် ဘူးလိုပဲ"

"ဘာဖြစ်လို့လဲ . . . ဟင်"

"အဆန်းတော့ မဟုတ်ပါဘူး၊ သူက နှစ်တိုင်း ဒီလိုပဲ ဖြစ်တာချည်းပဲ၊ သူနဲ့ အိမ်ဖော်မှူး ဟာရီယယ်နဲ့က မတည့်ကြဘူး၊ တစ်ယောက်ပိုင်နက် တစ်ယောက် ကျူးကျော်တယ်လို့ ထင်နေကြတာ၊ ဒါပေမယ့် တစ်ရက် နှစ်ရက်ဆိုရင် ကလော့သီက အနိုင်ရသွားမှာပါ၊ ဒီလိုပဲ သူပဲ အမြဲတမ်း အနိုင်ရတာချည်းပါပဲ"

ဂျဲနက်က ရယ်နေသည်။ ထို့နောက် မီးဖိုခန်းဘက်သို့ လျှောက်လာခဲ့သည်။

ကြေးနီအိုးများကို နံရံကပ် သစ်သားရေစစ်စင်တွင် ချိတ်ဆွဲထားသည်။ တချို့ကိုလည်း ထင်းတင်စား ပွဲကြီးပေါ်တွင် တင်ထားသည်။ မီးဖိုခန်းကို အုတ်နီကြမ်းခင်းထားသည်။ ထင်းနှင့် သွေးသုံး မီးဖိုကြီးတစ်ခုရှိသည်။ အခန်းအလယ်တွင်ကတော့ တစ်အိမ်သားလုံးဆံ့သော ပွဲကြီးတစ်လုံးနှင့် ကုလားထိုင်များချထားသည်။

"မင်္ဂလာမနက်ခင်းပါ အန်တီ ကလော့သီ"

"မင်္ဂလာမနက်ခင်းပါ၊ ဒါနဲ့ ညည်းက မနက်စာ လာယူတယ်ပေါ့ ဟုတ်လား၊ ဒီလောက် တောင် အစောကြီး ဘာလို့ထရတာလဲ ဂျဲနက်"

"ကလေးတွေက အစောကြီး နိုးကြလို့ပါ အန်တီ"

"အေး ကောင်းတယ်. . . ကောင်းတယ်၊ ညည်းကလေးတွေကို ကြပ်ကြပ်အလိုလိုက်၊ အလိုလိုက်လွန်းတော့ ရွှေရေးပန်းကန် တက်လိမ့်မယ်ဟေ့ သိရဲ့လား၊ စောင့်သာကြည့်နေ၊ အမှန် ဆိုရင်ညည်းက သူတို့ကို ခပ်တင်းတင်းကလေး ကိုင်သင့်တယ် အေ့၊ ကလေးတွေက စည်းကမ်း ပျက်နေတယ်၊ စည်းကမ်းလုပ်ပေးရမယ်၊ ငါပြောတာ နားလည်ရဲ့လား၊ လိုအပ်ရင် တင်ပါးကို ခပ်စပ်စပ်ကလေး ဆော်ပေးရမယ်"

သူက ကော်ဖီအိုးကို မွှေသည်။ ပြီးတော့ ကြက်ဥနှင့် နွားနို့ ဆန်ပြုတ်အိုးကို မွှေသည်။

ဂျဲနက်က ကလော့သီ၏ ခန္ဓာကိုယ် ဝဖိုင့်ဖိုင့်ကြီးကို သိုင်းဖက်လိုက်ပြီး. . .

"အခုလို မင်္ဂလာရှိတဲ့ မနက်ခင်းမှာ ဘာဖြစ်လို့ ဒီလောက်တောင် စိတ်တိုနေရတာလဲ အန်တီရယ်"

"အေး. . ညည်းတို့အဖို့တော့ မင်္ဂလာနံနက်ခင်း ဟုတ်မှာပေါ့၊ ငါ့အတွက်တော့



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ပေါင်တော်၊ တော်တော်ကြာ ဗိုလ်ချုပ်ကြီး မဒမ်ဂါဘရီယယ် ငါ့ကို အမိန့်ပေး ရောက်လာပါလိမ့်မယ်၊ ဒါပေမယ့် ဒီနေ့ တော့ မရဘူး၊ ငါလည်း ပြန်ဆော်မှာပဲ၊ အဲ. . ငါပြန်သွား အခါမှာတော့ သူလုပ်ချင်ရာလုပ်ပေါ့၊ ငါရှိနေ တုန်းမှာတော့ ငါ့စကား သူနားထောင်ရမှာပဲ"

ဂျဲနက်က ကလော့သီ၏ ပါးနှစ်ဘက်ကို သူ့ လက်နှစ်ဘက်ဖြင့် အုပ်ကိုင်ရင်း. . .

"ဟုတ်ပါတယ် အန်တီရယ်၊ အန်တီပြောတာတွေ အားလုံး အမှန်တွေချည်းပဲ၊ ဒါပေ စိတ်မတိုပါနဲ့ အန်တီရယ်၊ ကျွန်မ တောင်းပန်ပါတယ်၊ အန်တီ့ကို ကျွန်မ အများ ချစ်ပါတယ်. . . နော်. . . နော်"

"ဘာ. . ငါ့ကို ချစ်တယ် ဟုတ်လား၊ အေး. . ညည်းအဖို့တော့ လူမြင်တိုင်း မခက်ပါဘူး၊ ငါ့ကို လည်းချစ်. . သူများကိုလည်း. . . ငါဘယ်သူဘယ်ဝါလို့ မပြောချင် အဲ. . . ကလေးတွေကိုလည်း ချစ်၊ အားလုံးကိုချစ်၊ တစ်ချစ်တည်းချစ်၊ ချစ်ချင်သလောက် ချစ် အဲ ငါတစ်ခုတော့ ပြောလိုက်မယ်၊ ညည်းက အားလုံးကို တစ်ချစ်တည်း ချစ်နေပေမယ့် မကြာ ချစ်စရာတွေ မရှိဘဲ ဖြစ်သွားလိမ့်မယ် ဆော့ သိရဲ့လား၊ အဲဒါ ကြပ်ကြပ်သတိထား၊ ငါက ပြောတာ၊ အတွေ့အကြုံရှိလို့ ပြောတာ၊ စေ ာနာနဲ့ ပြောတာ မှတ်ထား"

"ဟုတ်ပါတယ် အန်တီ၊ ကျွန်မ အဖို့တော့ မြင်မြင်သမျှ ချစ်စရာတွေချည်းပါပဲ၊ ကျွ ဒီပရိုဗင့်စ် နယ်မြေကိုလည်း သိပ်ချစ်တာပဲ"

"အေး. . . နွေရာသီကုန်ရင် သိပ်ပြီး ချစ်စရာ မရှိတော့ဘူး. . . အော်၊ ညည်းကြ မကြာခင်သိရလိမ့်မယ်၊ပျင်းစရာကောင်းလွန်းလို့ ကျွန်မ ပါရီကို မြန်မြန်ပြန်ချင်လှပါပြီလို့ ပြော လိမ့်မယ်၊ ကဲ. . . ကဲ အခန်းထဲ ပြန်သွားတော့၊ ငါဘာသာ ငါလုပ်ပါရစေ၊ အဆင်သင့်ဖြ ငါယူလာခဲ့ပါမယ်။ အဲဒီမှာသာ အေးအေးဆေးဆေး သွားထိုင်နေချေ"

စားသောက်ခန်းထဲသို့ ဂျဲနက် ပြန်ဝင်လာသည်။ အက်ရှန်က ကလေးတွေနှင့် စ ပြောနေသည်။ ဂျဲနက်ကို မြင်တော့ သူကစကားဖြတ်လိုက်ပြီး. . "ဘယ့်နှယ်လဲ ငါပြော မှန်ရဲ့လား"

"အစစ်ပဲ အစ်ကိုလေး၊ ဒါပေမယ့် ကျွန်မ ပြန်ထွက်လာတော့ သူပြုံးပြီး ကျန်ရစ် အစ်ကိုလေး ပြောတဲ့အတိုင်းပါပဲ၊ သူကတော့ ဖြစ်တဲ့နည်းနဲ့ အနိုင်ယူမှာပဲ"

အက်ရှန်က ခေါင်းတညိတ်ညိတ်ဖြင့် ရယ်နေသည်။ ပြီးတော့ ထိုင်နေရာမှ ထ သူ့ဘေးတွင် ချထားသော ကောက်ရိုးဦးထုပ်ကို ကောက်ယူပြီး ဆင်ဝင်ဆောင်ဘက်သို့ လျှောက် သွားသည်။ ထို့နောက် အိမ်ရှေ့လှေကားမှ ဆင်းကာ စပျစ်ခြံလမ်းအတိုင်း ခြေထောက် ထော ထော့နင်းဖြင့် ဆက်လျှောက်သွားသည်။ ဂျဲနက်က အက်ရှန်မြင်ကွင်းမှ ပျောက်ကွယ်သွား အထိ ထိုင်ကြည့် ကျန်ရစ်သည်။

ဟုတ်ပါတယ်၊ တကယ်စိတ်ကောင်းရှိတဲ့ သူတော်ကောင်းကြီး တစ်ယောက်ပါပဲ၊

ဂျဲနက်က အက်ရှန့်ရေးဆွဲပေးသော အချိန်ဇယားကို လေ့လာကြည့်သည်။ ပရိုဗင့်စ်သို့ ရောက်



www.burmeseclassic.com

www.burmeseclassic.com



သည်းကမ်းများကို အတန်အသင့် လျှော့ပေါ့ထားကြောင်း တွေ့ရသည်။ သို့သော် စားသောက်ချိန် တော့ အတိအကျ သတ်မှတ်ပေးထားသည်။ နေ့လယ်စာကို ပန်းဥယျာဉ်ထဲက သစ်ပင်ရိပ်တွင် နာရီခွဲမှာ ကျွေးသည်။ မွန်းလွဲ ၂-နာရီတွင် မိသားစုအားလုံး တရေးတမော အိပ်ကြသည်။ နာရီခွဲကျတော့ စားသောက်ခန်းထဲတွင် ဖယောင်းတိုင်မီးရောင်ဖြင့် ညစာကျွေးသည်။

ပရိုဗင့်စ်တွင် သူတို့၏ နေ့စဉ်လုပ်ငန်းများမှာ တစ်ပုံစံတည်းလို ဖြစ်နေသည်။ အက်ရှန်က စောထတတ်သူပီပီ ဂျဲနက်နှင့် ကလေးတွေ မနက်စာ စားရန်အလာကို စားသောက်ခန်းထဲတွင် ထိုင်ကာ အမြဲတမ်းစောင့်နေလေ့ရှိသည်။ မဒမ်ဒူပရေးနှင့် မာရီဂျက္ကလင်းက အိပ်ရာထ နောက်ကျသူ ဖြစ်၍ မနက်စာကို အိပ်ခန်းထဲမှာပင် စားကြသည်။ ယွန်-ပေါက သူ့ဝါသနာအတိုင်း တော့မှ ဖင်မငြိမ်။ အမြဲတမ်း အပြင်ထွက်သည်။ တခါတရံ မြင်းစီးဘောင်းဘီကြီး ဝတ်ပြီး သောက်ခန်းထဲ ဝင်လာတတ်သည်။ တခါတရံတော့လည်း အမဲလိုက်ဝတ်စုံဖြင့် ဝင်လာ တတ်သည်။ သူက မြင်းစီးရခြင်းနှင့် အမဲလိုက်ခြင်းကို အလွန်ဝါသနာပါသည်။

ဂျဲနက်ကလည်း ကလေးတွေအတွက် လုပ်ကိုင်ပေးရသည်နှင့်ပင် အချိန်ကုန်နေသည်။ လုပ်စရာ ကိုင်စရာတွေကို ညကတည်းကပင် ကြိုတင်၍ အစီအစဉ် ချရသည်။ တစ်နေ့တွင် သည် တောထဲသွားပြီး စတော်ဗယ်ရီသီးတွေ ခူးကြသည်။ ဂျဲနက်က ကလေးများအား တင်ပို့မှုနှင့် နွားချေးမှု ကွာခြားပုံကို ပြောပြသည်။ တခါတရံတွင်လည်း တောပန်းရိုင်းတွေ ပြီး ဂျဲနက်ယူလာသော ပန်းမျိုးစုံစာအုပ်နှင့် တိုက်ကြည့်ကာ အမျိုးအစားခွဲခြား၍ လေ့လာ သည်။ တစ်နေ့တော့ အက်ရှန်က သူတို့အားလုံးကို စပျစ်ခြံကြီးထဲ ခေါ်သွားသည်။ အရိပ်ထဲက ဖြည်းလျှောက်ပြီး ဘယ်စပျစ်မျိုးကို ဘယ်စပျစ်ဝိုင် ချက်လုပ်ကြောင်း အက်ရှန်က စိတ်ရှည် ရှည် ရှင်းပြသည်။

ပြီးတော့. . . စူးရှသော အရက်နံ့ တထောင်းထောင်း ထွက်နေသည့် အရက်ချက်စက်ရုံကြီး သို့ ခေါ်သွားပြီး လုပ်ငန်းအဆင့်ဆင့်ကို လှည့်လည်ပြသသည်။ နောက်တစ်နေ့ကျတော့ မြင်းစီး ကျင့်ကြသည်။ ကလေးတွေက ဂျဲနက်အား စမ်း၍စီးကြည့်ရန် အတင်းတိုက်တွန်းသည်။ မတော့ သူကငြင်းနေသည်။ နောက်ဆုံးတော့. . . မနေသာတော့ဘဲ မြင်းပုကလေးတစ် ကောင်ပေါ် တက်စီးတော့သည်။

သူ့အရပ်က ငါးပေနှစ်လက်မခွဲသာရှိသော်လည်း မြင်းပေါ်တက်လိုက်တော့ ခြေထောက် ချောင်း မြေကြီးနှင့် ထိနေသည်။ မြင်းကုန်းနှီးပေါ်တွင် ဂျဲနက် ကော့လန် ကော့လန်နှင့် သွားသည်ကိုကြည့်ပြီး ကလေးတွေက အော်ဟစ်ရယ်မောကြသည်။ ကြည့်နေရင်းမှာပင် မြင်းက တရက် ပတတ်ရပ်လိုက်သဖြင့် ဂျဲနက်မှာ ကုန်းနှီးပေါ်မှ လန်ကျသွားတော့သည်။ အနာတရ မှုမရှိ၍ တော်ပါသေးသည်။ နောက်တော့ ဂျဲနက် လုံး၀ မြင်းမစီးရဲတော့။

တနင်္ဂနွေနေ့ မနက်တချိန်တွင်သာ မိသားစုအားလုံး ဆုံဖြစ်ကြသည်။ မနက်စာစားပြီးတော့ မ်ဒူပရေးက ပိုးထီးကလေးဆောင်းကာ ဘုရားရှိခိုးကျောင်းသို့ သွားသည်။ ကျန်မိသားစုဝင်တွေက အနီးမှ ဝိုင်းအုံ၍ လိုက်ပါလာကြသည်။ အိမ်ဖော်များကတော့ သူတို့နောက်မှ တန်းစီပြီး ကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘုရားရှိခိုးကျောင်းက သစ်ပင်တွေကြားထဲမှာ ခပ်သေးသေး။ မိသားစု အား နယ်မြေတာဝန်ခံ ဘုန်းကြီးဖားသား ဒူရွန့်ထံတွင် မိမိတို့၏ အပြစ်များကို ဝန်ချတောင်းပန်ကြ

ညနေပိုင်းကျတော့ အက်ရှန်က ဂျဲနက်နှင့် ကလေးတွေကိုခေါ်ပြီး ရေကူးရန် ရေကူး လာခဲ့သည်။ ရေကန်က သဘာဝရေကန်မဟုတ်။ နှစ်ပေါင်းများစွာ ဘိုးဘွားဘီဘင်များ လက် ကပင် တူးခဲ့သောရေကန်ဖြစ်သည်။ ဂျဲနက်က နီကိုနှင့် ဒီစရီတို့ ညီအစ်မနှစ်ယောက် အသက်ကယ် ခါးပတ်ပတ်ပေးသည်။ လူစီယံကတော့သည်အတိုင်းပင် လက်လွှတ်ကူး အသက်ကယ် ခါးပတ်မပါဘဲ ကူးနိုင်သည်ကို သူက အလွန်ဂုဏ်ယူသည်။ သူ့ကိုယ်သူ လူ တစ်ယောက်လိုလည်း ယူဆသည်။

ဂျဲနက်နှင့် ကလေးတွေ ရေကူးနေချိန်တွင် အက်ရှန်က ကင်းဘတ်ခွေးခြေပေါ် ထိုင် ပန်းချီဆွဲသည်။ သူက တနင်္ဂနွေရက်အားတွင်မှ ပန်းချီဆွဲတတ်သော အပျော်တမ်း ပန်းချီ မျိုးမဟုတ်။ စိတ်လိုလက်ရရှိလာလျှင် နေ့ညမရွေး အချိန်မရွေး ဆွဲတတ်သူဖြစ်သည်။ ပန်း ခြင်းသည် ကလေးဘဝမှစ၍ သူ၏အစွဲလမ်းဆုံး အလုပ်လည်း ဖြစ်သည်။ သူ့အဖို့ စိတ်ချမ်း အရှိဆုံး အလုပ်လည်း ဖြစ်သည်။ သူ့လက်ရာတွေက တော်တော်လည်း အဆင့်အတန်း ရှိ သူဆွဲ ထားသော ပန်းချီကားတွေကို ပြပွဲတင်ရန် မိခင်ကြီးက မကြာခဏ တိုက်တွန်းလေ့ရှိ သို့သော် သူက လက်မခံ။ သူ့ပန်းချီကားများမှာ သူများအတွက် မဟုတ်၊ သူ့အတွက်သာ ဖြစ် ထို့ကြောင့် ပြပွဲတင်ရန် ဆန္ဒလည်း လုံးဝမရှိ။ လိုလည်း လုံးဝမလိုအပ်ဟု သူက အမြ ငြင်းဆန်ခဲ့သည်။

ပန်းချီရေးဆွဲခြင်းသည် သူ၏ကိုယ်ပိုင်အလုပ်။ ကိုယ်ပိုင် ဘဝ ဖြစ်သည်။တစ်နည်းဆို သူ၏ ဇနီးမယားဆိုလည်း ဟုတ်သည်။ သူ၏ ချစ်သူရည်းစားဆိုလည်း မမှား။

အက်ရှန် ပန်းချီဆွဲနေသည်ကို ဂျဲနက်က နောက်မှ ရပ်ကြည့်ရင်းမှ အင်း. . . ဖေ တူလိုက်တာ နော်. . ဟု ဒုတိယအကြိမ် တွေးလိုက်မိပြန်သည်။

၁၉၃၅ ခုနှစ် ဇူလိုင်လ ၁၂-ရက် မနက်ရောက်တော့ ရုတ်တရက် သတိရမိသည်။ ယနေ့ ဂျဲနက် အသက် ၂၀ ပြည့်သည်။ ဘာလိုလိုနှင့် အသက် နှစ်ဆယ်တောင် ပြည့်ခဲ့ပြီကော။ ယုံ မယုံချင်သလို ဖြစ်မိသည်။ တိုက်တိုက်ဆိုင်ဆိုင်ပင် ယနေ့တွင် မြက်ခင်းပြင် ပျော်ပွဲစားထွက် စီစဉ်ထားသည်။

"လေးလေးပါ သားတို့နဲ့အတူ လိုက်ခဲ့ပါလားနော်. . . လေးလေး၊ လိုက်ဖြစ်အော လိုက်ပါ. . . နော်"

လူစီယံက မနက်စာ စားရင်း ပြောသည်။

"နေပါစေကွယ်၊ သားတို့ပဲ သွားကြပါ၊ လေးလေးလိုက်ရင် အလကား ရှုပ်နေပါဦးမ

"အို. . . မရှုပ်ပါဘူး အစ်ကိုလေး၊ ပိုလို့တောင် ပျော်စရာကောင်းမှာပါ၊ လိုက် ပိုကောင်းပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



အက်ရှန်က လိုက်ချင်လျက်နှင့် အားနာ၍ ငြင်းဆန်ခြင်းဖြစ်ကြောင်း ဂျဲနက် ရိပ်မိသဖြင့် ကြားဝင်၍ ဖိတ်ခေါ်လိုက်ခြင်း ဖြစ်သည်။

"ဒီလိုဆိုလည်း ကောင်းပါပြီလေ၊ လိုက်စေ့ချင်ရင်လည်း လိုက်ခဲ့ရတာပေါ့"

ကလေးတွေက "ဒါမှ တို့လေးလေး . . . တို့ လေးလေး" ဟု လက်ခုပ်လက်ဝါးတီး၍ ဝမ်းသာအားရ အော်ကြသည်။

သို့ဖြင့် မြင်းပုကလေးကို လှည်းတွင်တပ်၍ ပစ္စည်းတွေကို လှည်းပေါ် သွားတင်ကြသည်။

ထို့နောက် ဂျဲနက်နှင့် မိန်းကလေးနှစ်ယောက်တို့က လှည်းနောက်ပိုင်းတွင် တက်ထိုင်ကြသည်။ အက်ရှန်က လှည်းမောင်းသူ နေရာတွင် ထိုင်၍ လူစီယံက သူ့ဘေးတွင် ထိုင်သည်။

လှည်းပေါ်သို့ လူစုံတက်ကြပြီးသောအခါ အက်ရှန်က ဇက်ကြိုးကို ကိုင်၍ ခပ်သွက်သွက် မောင်းထွက်လာခဲ့သည်။ အတန်ကြာမျှ မောင်းလာခဲ့ပြီးနောက် မြံဝင်းကြီး၏ အစွန်ရှိ သံလွင်တောသို့ ရောက်တော့ မြင်းဇက်သပ်၍ ရပ်လိုက်သည်။

ပစ္စည်းတွေအားလုံး လှည်းပေါ်မှ ချပြီးသောအခါ ဂျဲနက်နှင့် ကလေးများသည် လိပ်ပြာဖမ်းပိုက်နှင့် ဖန်ပုလင်းများ ကိုယ်စီဖြင့် ထွက်လာခဲ့ကြသည်။ အက်ရှန်က သစ်ပင်တစ်ပင်တွင် မှီကာ သူတို့အား စောင့် ကြည့်နေသည်။ သူ့အနေဖြင့် သည်နေ့ သည်ရက်ကို တစ်သက်လုံး မေ့၍ရတော့မည်မဟုတ်ဟု စဉ်းစားမိ သည်။ တစ်နေ့သောအခါ ပန်းချီဆွဲရန် ပြန်လည်စဉ်းစားသောအခါတွင် သည်မြင်ကွင်း၊ သည်ရှုခင်းသည် သူ၏ စိတ်မျက်လုံးတွင် ပီပီပြင်ပြင် ထင်ထင်ရှားရှား အသေးစိတ်ပေါ်လွင်လာမည်မှာ သေချာသည်။

သူတို့သည် ပိုက်ကွန်များကို ဖြန့်ကာ လွှားကာဖြင့် ကွင်းထဲတွင် ခုန်ပေါက်မြူးတူးလျက် လိပ်ပြာတွေ လိုက်ဖမ်းကြသည်။ တစ်နာရီခန့် ဖမ်းပြီးသောအခါ ပြန်လာကြသည်။ လိပ်ပြာကလေးတွေက ရောင်စုံတောင်ပံ ကလေးများကို တဖျပ်ဖျပ်ခတ်ရင်း ပုလင်းထဲတွင် ဂနာမငြိမ် လှုပ်ရှားနေကြသည်။ သည်လောက် လှပတဲ့ လိပ်ပြာကလေးတွေကို ပုလင်းထဲတွင် ပိတ်လှောင်ထားသည်မှာ သနားစရာကောင်းလှသည်ဟု အက်ရှန်က ပြောလိုက်သည်။ ဂျဲနက်ကလည်း သူ့စကားကို ထောက်ခံသည်။

"ဟုတ်ပါတယ်. . . ကလေးတို့ရေ၊ သူ့ခမျာကလေးတွေကို ပြန်လွှတ်လိုက်ဖို့တောင် ကောင်းပါတယ်၊ လေးလေးပြောတာ ဟုတ်ပါတယ်၊ သူတို့ကိုမြင်ရတာ သနားစရာသိပ်ကောင်းတာပဲ၊ ဒါပေမယ့် လိပ်ပြာ ဖမ်းရတာတော့ ပျော်စရာကောင်းတယ်နော်" ဟု ဂျဲနက်ကပြောသည်။

ကလေးတွေ တစ်ယောက်တစ်ပေါက်ဖြင့် ငြင်းဆန်ကြသည်။

နောက်တော့ အားလုံးသဘောတူ ပြန်လွှတ်လိုက်ကြသည်။ လိပ်ပြာကလေးတွေ တောင်ပံတဖျပ်ဖျပ် ခတ်ကာ ပျံထွက်သွားကြသည်။ ပြန်မလွှတ်ရန် ဦးဆောင် ကန့်ကွက်ခဲ့သော လူစီယံကပင်လျှင် လိပ်ပြာကလေးတွေ ပျံထွက်သွားတာကို ကြည့်ပြီး ဝမ်းသာပျော်ရွှင်နေသည်။

ထို့နောက်တွင်တော့ ဂျဲနက်က မြေကြီးပေါ်တွင် ပိတ်ဖြူခင်းသည်။ စားစရာတွေကို တစ်ခုပြီးတစ်ခု ထုတ်သည်။ စားစရာတွေက စုံနေသည်။ လက်သုပ်ဟင်း၊ ဝက်ပေါင်းခြောက် ကျပ်တိုက်။ ကြက်ဥနှင့် ဟင်းရွက်ကြော်။ ပေါင်မုန့်ထောပတ်သုတ်။ ဝိုင်အရက်ချို။ ဒိန်နှင့်



www.burmeseclassic.com

www.burmeseclassic.com



သစ်သီးမျိုးစုံ. . .။

စားသောက်ပြီးသောအခါ နီကိုက ကောက်ကာ ငင်ကာ ဂျဲနက်အား စကားဆ
ပြောသည်။

"မမကြီး မျက်လုံးတွေ ခဏလောက် ပိတ်ထားလိုက်စမ်းပါ"

ဂျဲနက်က တိတ်တခိုး မျက်လုံး ဖွင့်မကြည့်နိုင်ရန် ဒီစရီက လက်နှစ်ဘက်ဖြင့် ပိတ်ထ
လိုက်သည်။ ဒီစရီက လက်ကိုပြန်ရုပ်၍ ဂျဲနက်မျက်လုံး ဖွင့်ကြည့်သောအခါ မောင်နှမ သုံးယော
လက်ခုပ်လက်ဝါးတီးကာ "ပျော်စရာကောင်းသော မွေးနေ့" သီချင်းကို သံပြိုင် အော်ဆိုကြသည

လူစီယံက မွေးနေ့ကိတ်မုန့်ကို ဂျဲနက်ရှေ့တွင် ချထားလိုက်သည်။ ကိတ်မုန့်ပေါ်တွင
နှင်းဆီဝတ်လွှာများနှင့် အရွက်စိမ်းကလေးတွေကို ဖြူးတင်ထားသည်။ ပန်းရောင်မလိုင်ဖြ
ဖော်ထားသော စာတန်းကတော့ "မမကြီးကို ချစ်တဲ့ မောင်ညီမလေးတွေရဲ့ လက်ဆောင်" တဲ့

ကိတ်မုန့်အလယ်ဗဟိုတွင် ဖယောင်းတိုင် တစ်တိုင်စိုက်ထားသည်။ ဂျဲနက်က ကိတ်မုန့်ကိ
လက်နှစ်ဘက်ဖြင့်ကိုင်၍ စေ့စေ့စပ်စပ် ကြည့်သည်။ ပြီးနောက် ကလေးတွေ တလှည့်၊ အက်ရှန်ကိ
တလှည့်ကြည့်သည်။ သူ့ မျက်လုံးအစုံမှ မျက်ရည်တွေ စီးကျလာသည်။ သူက ကိတ်မုန့်ကို ပြန်ခ
လိုက်သည်။ ကလေးတွေကို အားရပါးရ ဖက်ထားလိုက်သည်။

နီကိုက ဂုဏ်ယူသံဖြင့် ပြောသည်။

"သမီးတို့က တပတ်လောက်က ကြိုတင်လုပ်ထားကြတာ၊ လေးလေးက မမကြီးကိုဘယ်သူ
မပြောရဘူးဆိုလို့ သမီးတို့က မပြောတာ"

"ဟုတ်တယ် မမကြီးရဲ့၊ လေးလေးက မပြောရဘူးဆိုလို့ သမီးတို့က မမကြီးကို
မပြောဘဲနေတာ" ဟု ဒီစရီကလေးက ဝင်၍ထောက်ခံသည်။

မွေးနေ့ ကိတ်မုန့်ကို စားသောက်ကြပြီးသောအခါ လူစီယံကလှည်းဆီလျှောက်သွားပြီ
စက္ကူထုပ် ကလေးတွေ တပွေ့တပိုက်ကြီး သယ်ချလာသည်။ သူက ၎င်းတို့ကို ဂျဲနက်အား ကမ်းပေ
လိုက်သည်။

"ဖွင့်ကြည့်စမ်းပါ" အက်ရှန်က ပြောသည်။ "ဒီပွဲကို ကလေးတွေ မျှော်နေတာ ကြာပြီ"

"သမီး အထုပ်ကို အလျင်ဖွင့်ပါ မမကြီး"

ဒီစရီက ပြောသည်။

ဒီစရီ၏ အထုပ်ကို ဖွင့်ကြည့်လိုက်တော့ အပြာရောင် ပန်းထိုးထားသည့် လက်ကိုင်ပဝါ
ကလေး တစ်ထည် ထွက်လာသည်။

"အယ်. . . လှလိုက်တာကွယ်၊ မမကြီး အကြိုက်ဆုံး အပြာရောင်ကလေးပဲ" ဂျဲနက်က
ဝမ်းသာအားရပြောသည်။ "သိပ်လှတာပဲ ဒီစရီ၊ ညီမလေးပေးတဲ့ လက်ဆောင်ကို မမကြီး
အမြတ်တနိုး သိမ်းထားပါမယ့် နော်"

နီကို၏ လက်ဆောင်က လက်ကိုင်ပဝါထည့်သည့်အပြာရောင် ပိုးသေတ္တာကလေး၊

"အံမယ်. . . ဒါက လေးကလဲ တစ်မျိုးလှတာပဲ၊ ညီမလေးက သိပ်သိတတ်တာပဲကွယ်
မမကြီးကတော့ ညီမလေးကို သိပ်ပြီး ချစ်သွားပြီကွယ်"



www.burmeseclassic.com

www.burmeseclassic.com



လူစီယံ၏ လက်ဆောင်ထုပ်ကို ဖွင့်ပြန်သည်။ နေ့စွဲထိုးထားသော အသည်းပုံ ရွှေလော့ကက်သီးကလေး။

"လှလိုက်တာကွယ်၊ သားရဲ့ အမွန်မြတ်ဆုံး လက်ဆောင်ကို မမကြီး တစ်သက်လုံး သိမ်းထားပါ့မယ် ကွယ်"

လူစီယံက လူကြီးဆန်ဆန်ပြုံးလိုက်ပြီ. . .

"မမကြီးသဘောကျတယ်ဆိုရင်ပဲ သားဝမ်းသာလှပါပြီ"

နောက်ဆုံး အက်ရှန်က သူ့လက်ဆောင်ကို ကမ်းပေးလိုက်သည်။

အပြာရောင် ကြွေရည်သုတ် ဂီတသံစုံဗူးကလေး။ အပေါ်တွင် ပြင်သစ်ပြည်ရှုခင်းကို ပန်းချီဆွဲထားသည်။

ဂျဲနက်က အဖုံးကို ဖြည်းဖြည်းကလေး ဖွင့်လိုက်စဉ်တွင်ပင် ၁၉ ရာစု ပြင်သစ် ဂီတစာဆို ဒီဗြူဆေး၏ "ငွေလသာသာ" သီချင်းသွားတီးလုံး ပေါ်ထွက်လာသည်။

ဂျဲနက် ရင်ထဲတွင် တသိမ့်သိမ့် ကြည်နူးသွားမိသည်။ သူက လက်ဆောင်ရှင်ကို လိုက်လှဲဝမ်းသာ ကျေးဇူးတင်သည်။ ဂျဲနက် ဝမ်းသာ၍ လက်ဆောင်ရှင်ကလည်း တပြုံးပြုံးနှင့် စိတ်တွေ ဝေနေတော့သည်။

နောက်တော့ တလေးတွေ စောင်ခင်းပြီး တရေးတမောအိပ်ကြသည်။ အက်ရှန်က ကြောခင်ပြန်လာမယ်ဆိုကာ လမ်းလျှောက်ထွက်သွားသည်။ အက်ရှန် ထော့နင်း. . . ထော့နင်းနှင့် လျှောက်ထွက်သွားသည်ကိုကြည့်ကာ ဂျဲနက်က ဂရုဏာသက် ကျန်ရစ်သည်။ **ဒီလောက် စိတ်ကောင်းရှိတဲ့ လူတစ်ယောက်ကို သူများတွေ နဲ့မတူဘဲ အင်္ဂါချွတ်ယွင်းအောင် ဘယ်ကုသိုလ်များ ဓနိလိုက်တာပါလိမ့်နော်။**

**ဒီနေ့ သူ့ကြောင့် ငါအများကြီး စိတ်ချမ်းသာမိတယ်။ သူ့ ကျေးဇူးကို တနည်းနည်းနဲ့တော့ ပြန်ဆပ်နိုင်ကောင်းပါရဲ့။**

ဂျဲနက်သည် ခေါင်းကို တသိမ့်သိမ့်ခါရင်း ပစ္စည်းတွေကို ပြန်သိမ်းသည်။ ပစ္စည်းတွေကို သူ့ည်း ပေါ် သွားတင်ထားလိုက်ပြီးနောက် မြင်းရေသောက်ရန် ဇလားထဲ ရေဖြည့်ပေးလိုက်သည်။

ပြီးတော့ ဒီစရီကလေး၏ဘေးတွင် ဝင်လှဲလိုက်သည်။ သူ့ခေါင်းထဲသို့ အတွေးများ အစီအရီ ဝင်ရောက်လာကြသည်။ သို့သော် အက်ရှန်အကြောင်းကို တွေးနေခြင်းတော့မဟုတ်။ ယွန်-ပေါ်အကြောင်းကို တွေးနေခြင်းသာ။

ယွန်-ပေါ်ကတော့ ထိုအချိန်တွင် ပရိုဗင့်စ်မှ သူ၏ အပျော်မယားကလေးနှင့် ကောက်ရိုးပုံ ဘေး၌ အကြည်ဆိုက်၍ ကောင်းနေတုန်း။

❀

သူဘယ်လောက်ကြာကြာ အိပ်ပျော်သွားမှန်း ဂျဲနက်မသိ။ သူတို့ လေးယောက် အိပ်နေသည်ကို အက်ရှန်က ဘယ်လောက်ကြာကြာ စိမ်ပြေနပြေ ထိုင်ကြည့်နေခဲ့သည်ဆိုတာကိုလည်း သူ မသိ။ အက်ရှန်က သူ့ ပခုံးကို လက်နှင့်အသာပုတ်၍ နှိုးသည်ကိုသာ သူသိသည်။



www.burmeseclassic.com

www.burmeseclassic.com



"တဲ. . . ကဲ၊ ထကြတော့. . ထကြတော့၊ ပြန်ဖို့ အချိန်တန်ပြီ"

ဂျဲနက်က ကမန်းကတန်းထကာ ကလေးတွေကို နှိုးသည်။ ပြီးတော့ မျက်နှာ... ရေပတ်သုတ်ပေးသည်။

ထို့နောက်တော့ အားလုံးလှည်းပေါ်တက်၍ မောင်းထွက်လာခဲ့ကြသည်။

လှည်းပေါ်တွင် တစ်ယောက်မျှ စကားမပြောကြ။ အားလုံး အတွေးကိုယ်စီဖြင့် ငြိမ်... လိုက်လာခဲ့ကြသည်။ ပျော်စရာကောင်းသော သည်နေ့ သည်ရက်အကြောင်းကိုသာ ပြန်... နေမိကြသည်။

ခြံဝင်းနားသို့ မြင်းလှည်းရောက်သောအခါ မဒမ်ဒူပရေးက ဆတ်ကနဲ လှမ်းကြည့်... အံ့အားသင့်သွားမိသည်။ သူသည် နေ့စဉ် ဝတ္တရားမပျက် အချိန်မှန်လုပ်နေကျအတိုင်း နှင်းဆီ... ပေါင်းသင်မြက်ရှင်းနေခြင်းဖြစ်သည်။ သူက ပိတ်သားဝတ်စုံနက်ကိုဝတ်ကာ ကော... ဦးထုပ်ပျော့ကို မေးအောက်မှ ကြိုးအနက်သိုင်း၍ ဆောင်းထားသည်။ အဘွားကြီးသည် လက်ထဲ... ပေါက်ပြားကိုင်ကာ ပါးစပ်ဟောင်းလောင်းဖြင့် ရပ်ကြည့်နေသည်။

အက်ရှန်သည် ဂျဲနက်နှင့် တစ်နေ့လုံးအချိန်ဖြုန်းခဲ့ရုံတွင်မက မြင်းလှည်းကိုပါ သူကိုယ်... မောင်းသွားခဲ့သေးသည်။ အမှန်ဆိုလျှင် သည်အလုပ်ကို သူကိုယ်တိုင် လုပ်စရာမလိုပါ။ မြင်း... တစ်ယောက်ကို မောင်းခိုင်းလျှင် ရနိုင်ပါလျက်နှင့်။ ခုတော့. . . ခုတော့။

ကြည့်နေရင်းမှာပင် အက်ရှန်က ဂျဲနက်အား မြင်းလှည်းပေါ်မှ ဖေးမ၍ အော... ချပေးသည်။ အဘွားကြီး ရင်ထဲ ကလိကလိ ခံစားမိသည်။ ခုခေတ်က ဘယ်လိုခေတ်ကြီးပါ... ဒူပရေးမိသားစုဝင် ယောကျ်ားလေးတစ်ယောက်က အခုလို ဘာမဟုတ်တဲ့ ကလေးထိန်း အိမ်... တစ်ယောက်ကို သည်လောက် တောင် ဂရုစိုက်နေရသတဲ့လား။ ဒီအဖြစ်မျိုးတစ်သက်လုံး တစ်... မတွေ့ခဲ့ဖူးသေးပေါင်၊ တကယ်ပဲ၊ သည် ကလေးမတော့ အခွင့်အရေး ယူလွန်းလှပြီ။ ကိုယ့်ကိုယ်... အိမ်ဖော်တစ်ယောက်ဆိုတာများ လုံးဝမစဉ်းစား မိလေရော့သလား။

အဘွားကြီးက သည်အဖြစ်မျိုးကို လုံးဝမကြိုက်၊ လုံးဝမမြင်ချင်။ ရှင်းရှင်းပြောရ... ဂျဲနက်ကိုလည်း အစကတည်းက တစက်ကလေးမျှ သဘောမကျခဲ့။ သည်ကလေးမက အခွင့်အ... ယူလွန်းလှသည်ဟု ထင်သည်။

အဘွားကြီး ခေါင်းထဲ အတွေးသစ်တစ်ခု ရုတ်တရက် ဝင်လာသည်။ ငါထင်... တကယ်များ ဖြစ်နေပြီ လား။ သည်ကောင်မဟာ အက်ရှန်ကို မြူဆွယ်နေတာများလား။ အက်ရှ... အားနည်းချက်ကို ကြည့်ပြီး သူ့ကိုယ်ကျိုးအတွက် အမြတ်ထုတ်နေတာများလား။ ဒါနဲ့ သူ... ဘယ်သူများလဲ။ ဘယ်သူမှ မဟုတ်ဘူး။ အက်ရှန်ကိုယ်တိုင် သဘောကျလို့ ရွေးချယ်လိုက်တဲ့ သ... မိန်းကလေးတစ်ယောက်။ အို. . . ဘုရား. . ဘုရား။ လောကကြီးကတော့ ကပေါက်တ... ဖြစ်နေပါပြီ။ ဒူးနေရာဒူး တော်နေရာတော်ဆိုတာ လုံးဝ အဓိပ္ပာယ် မရှိတော့ပါကလား။

အဘွားကြီးက စိတ်ပျက်လက်ပျက်ဖြင့် ပေါက်ပြားကို လက်ထဲမှ ပစ်ချလိုက်ပြီး... အိမ်ကြီးဘက်သို့ ပြန်လျှောက်လာခဲ့သည်။ ဧည့်ခန်းကိုဖြတ်ကာ သူ့အခန်းသို့ လှေကား... တက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ညနေစာ မစားခင် စိတ်ပြေလက်ပျောက် ရှိသွားအောင် ခဏတဖြုတ် အနားယူရန် အိပ်ရာပေါ်သို့ ခြေပစ်လက်ပစ် လှဲချလိုက်သည်။

[ ]ကြက်သည် နံရံကပ်အဝတ်ဗီရိုကြီး၏ တံခါးနှစ်ရွက်ကို ဆွဲဖွင့်ပြီး အဝတ်အစားတွေကို ကြည့်လိုက်သည်။ သူသည် ယနေ့ဝတ်ခဲ့သော လယ်သူမဝတ်စုံအပြင် ခေတ်ပေါ်ပုံဆန်းများ ပါတ်သော တခြားရိုးရိုးယဉ်ယဉ် အဝတ်အစားများကိုလည်း ယူလာခဲ့သည်။ မဒမ်ဒူပရေးက ဖိမ်ဖော်ဝတ်စုံမှလွဲပြီး ဘယ်အဝတ်အစားမျိုး ကိုမှ မဝတ်စေချင်သည်ကို သူသိသည်။ ထို့ကြောင့် မဒမ်ဒူပရေး၏ မျက်လုံးတွင် ကိုးလို့ကန့်လန့် မဖြစ် နိုင်မည့် ပုံများနှင့် အရောင်အဆင်းများကိုသာ ရွေးချယ်ယူလာခြင်း ဖြစ်သည်။

သို့သော်. . . ချွင်းချက်တော့ရှိသည်။ ယနေ့သည် ထူးခြားသော နေ့၊ သူ့မွေးနေ့၊ သူ့ အသက် ၂၀ ပြည့်သည့်နေ့၊ အသက် ၂၀ ကို တစ်သက်တွင် တစ်ခါသာရနိုင်သည်။ နောက်ထပ် တစ်ဖန် မရနိုင်တော့။

ထို့ကြောင့် သည်ညတွင် သူအလွန်ပျော်သည်။ တက်နိုင်သမျှ အကောင်းဆုံး ဝတ်ကောင်း စားလှကိုတော့ ဝတ်ကိုဝတ်ချင်သည်။ လူတစ်ယောက်အဖို့ မွေးနေ့တွင် အတတ်နိုင်ဆုံး ပျော်ရွှင် ရတ်သည် မဟုတ်ပါလား။ ထို့ကြောင့် သူက အပြာရောင်ပိုးသားနုဝတ်စုံကို မျက်စိကျမိသည်။ သူသတ္တိရှိပါ့မလား။ ဝတ်ရဲပါ့မလား။ သိပ်များ အတင့်ရဲလွန်းရာကျနေမလား။

သူစဉ်းစားနေသည်။ နောက်ဆံတင်းနေသည်။ ဆုတ်ဆိုင်းဆိုင်း ဖြစ်နေသည်။

**အော်. . ဘယ်သူ့ကို ကြောက်နေရမှာလဲ။ ကိုယ့်အကြောင်းနဲ့ကိုယ် ဝတ်သင့်လို့ ဝတ်တာပဲ။**

ဆုံးဖြတ်ချက်ကို အပြတ်ချလိုက်သည်။ သူတော်တော် ဝမ်းသာသွားသည်။

ကမန်းကတန်း ရေချိုးပစ်လိုက်သည်။ ပြီးတော့ တစ်ကိုယ်လုံး ရေမွှေးဖျန်းပြီး အပြာရောင် ပိုးသားနု ဝတ်စုံကို ထုတ်ယူလိုက်ကာ ကိုယ်ပေါ်တွင် ကပ်ကြည့်လိုက်သည်။ သူ့အသားအရောင်နှင့်၊ သူ့ ကိုယ်နေဟန်ထားနှင့် အလွန်လိုက်ဖက်လှသည်။

ထို့နောက်. . ပိုးသား ခြေအိတ်ကို ဝတ်သည်။ နောက်မြင့် ရှူးဖိနပ်ကို စီးသည်။ ပြီးတော့ ဆံပင်ဖြီးသည်။ ဆံပင်က တော်တော်ရှည်နေပြီ။ ပခုံးအောက်ထိ ရောက်နေပြီ။ ဘီးကို ပြန်ချ ထားလိုက်ပြီး ဆံပင်များကို စုသိမ်း၍ ထိပ်တည့်တည့်တွင် ဆံထုံးထုံးလိုက်သည်။ သူ့နေရာနှင့်သူ အလစ်တွေညှပ်ပြီး ဘေးတဘက် တချက်သို့ ဆံအုပ်များ ချလိုက်သည်။ မှန်ထဲတွင် ကြည့်လိုက်တော့ ကိုယ့်ကိုယ်သူ ငန်းပျိုမကလေးလို ထင်မှတ်မိသည်။ အပြာရောင်မျက်လုံး၊ နက်မှောင်သော မျက်တောင်တို့မှာ ရွှေဝါရောင်အသားအရေနှင့် လိုက်ဖက်လှသည်။ ပြီးတော့. . . နှုတ်ခမ်းနှင့် နှစ်ဘက်ကို ပန်းနုရောင် ခြယ်လိုက်သည်။

ကျေနပ်အောင် ဖြီးလိမ်းခြယ်သပြီးသောအခါ သူ့ရုပ်ကိုသူ မှန်ထဲတွင် ကြည့်လိုက် မိသည်။ သူ့ အလှကို သူ ပထမဆုံးအကြိမ် တွေ့ရခြင်းပင် ဖြစ်သည်။ သူတကယ်လည်း လှပါသည်။ အလွန်ပင် လှပါသည်။ အထူးသဖြင့် ယနေ့ညတွင် ပို၍ လှနေသလို ထင်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ရင်သားဆီသို့ ငုံ့ကြည့်လိုက်မိသည်။ ပြည့်ဖြိုး မို့မောက်ပြီး အလှတွေ တိုးလာသ ထင်ရသည်။ ပရိဗင့်စ်တွင် အစားကောင်းကောင်းစား၍ လေကောင်းလေသန့် ရှူ လိုက်ရသောကြောင့် တစ်နေ့တခြား ဖွံ့ထွားလှပလာတာ ဖြစ်နိုင်သည်။ ခန္ဓာကိုယ်ကလည် ယခင်ကထက်ပို၍ ပြည့်ပြည့်ဖြိုးဖြိုး ရှိလာသည်။ သို့ပေမယ့် သူ့ ကိုယ်ဟန်မူရာက သွယ်သွ နှောင်းနှောင်းနှင့် အလွန်ကြည့်၍ ကောင်းသည်။ သူသည် အပျိုကြီး ဖားဖားဖြစ်ခဲ့ပြီ။ အရွယ်ရော သော အမျိုးသမီးတစ်ယောက် ဖြစ်ခဲ့ပြီ။

နောက်ဆုံးမှ အပြာရောင်ဝတ်စုံကို ဝတ်သည်။

ကိုယ်လုံးပေါ် မှန်ထဲတွင် တည့်တည့်ကြည့်သည်။ ဘေးတိုက်ကြည့်သည်။ အကျီ ရင်သားတဝိုက်တွင် နည်းနည်းကျပ်သလို ရှိသည်။ သို့သော် ကိစ္စမရှိ။ တစ်တစ်ရစ်ရစ်နှင့် ပို၍ လှသေးသည်။ အသည်းပုံ လော့ကတ်သီးကလည်း ဗွီရှိတ်ပုံ လည်ပင်းပေါက်နှင့် အဆင် လိုက်ဖက်လှသည်။

သူသည် ဘဲလေး ကချေသည်မကလေးလို ခြေထောက် တစ်ချောင်းပေါ် ရပ် အခန်းတစ်ပတ် လှည့် ကလိုက်သည်။ စိတ်ထဲတွင်လည်း စင်ရော်ငှက်ကလေးပမာ အလွန်ပေါ့ပါး အလွန်ပျော်ရွှင်နေသည်။

ထို့နောက်တွင်တော့ ကလေးတွေကို ခေါ်ကာ အိမ်ကြီးဆီသို့ လျှောက်လာခဲ့သည် မိသားစုအားလုံး ညှော့ခန်းတွင်ထိုင်ကာ စားမြိန်အရက်ချို သောက်နေကြပြီ။

မျက်လုံးအားလုံး ဂျဲနက်အပေါ် စုပြုံရောက်ရှိကြသည်။ ပြောလက်စ စကားတွေ ရပ်သွားကြသည်။

ပါးစပ်မှ "မင်္ဂလာညနေခင်းပါရှင်" ဟု ပြောလိုက်ရပေမယ့် ရင်ထဲမှာတော့ တဒိန်းဒိန်း ခုန်နေသလို ထင်မိသည်။

ထိုင်နေကျ ကုလားထိုင်တွင် ဝင်ထိုင်လိုက်သည်။ ခြေထောက်နှစ်ချောင်းကို ခြေမျက်စိချင်း တင်ပလ္လင် ချိတ်ထားလိုက်ပြီး လက်နှစ်ဘက်ကို ပေါင်ပေါ်တွင် တင်ထားလိုက်သည်။ ပြီးတော့ သူတခါမှ မလုပ်ဖူးသော ဟန်အပြည့်ဖြင့် ကြွေမြေမပျက် ခပ်တည်တည် ထိုင်နေလိုက်သည်။

မဒမ်ဒူပရေးက သောက်လက်စ ဝိုင်အရက်ချိုကို ကမန်းကတန်း မော့သောက်လို ပြီးတော့ နောက်တစ်ခွက် ထပ်တောင်းသည်။ ယွန်-ပေါက အရက်ကရားကို ငှဲ့ထည့်ပြီး ဖန်ခွက် ကမ်းပေးလိုက်သည်။

အက်ရှန်ကတော့ ဂျဲနက်ကို ကြည့်ကာ အပျော်ကြီး ပျော်နေမိသည်။ သည်ညည လှသောဂျဲနက်ကို သည်တစ်ခါပဲ မြင်ရဖူးသေးသည်ဟုလည်း စိတ်ထဲမှာကျိတ်ပြီး မှတ်ချက် လိုက်မိသည်။

ယွန်-ပေါကလည်း ဂျဲနက်အား ရမ္မက်စိတ်ဖြင့် ပထမဦးဆုံးအကြိမ် စူးစူးစိုက်စို ကြည့်မိသည်။ သူကလေး၏ အလှသည် တကယ်လည်း ဆွဲဆောင်မှု ရှိသည်။ သည်အချက် ဟိုတုန်းက သူလုံးဝ သတိမ ထားမိခဲ့။ အမူမဲ့ အမှတ်မဲ့ပင် နေနေခဲ့သည်။ တစ်ဆက်တည်း သူ့ စိတ်ဆင်ရိုင်းတွေ ဝင်လာခဲ့သည်။ ညနေတုန်းက ကောက်ရိုးပုံမျိုးမှာသာ သူကလေး



www.burmeseclassic.com

www.burmeseclassic.com



တွေ့လိုက်ရလျှင် ဘယ်လောက်များ ကောင်းလိမ့်မလဲ။

သို့သော် ယွန်-ပေါက သူ့ကြောင့် သူ့ဖခင်ကြီး အလွန်ဒေါသထွက်ခဲ့ရသော ဖြစ်ရပ်တစ်ခုကို သတိရမိသဖြင့် သူ့ခေါင်းထဲဝင်လာသော စိတ်ဆင်ရိုင်းကို မောင်းထုတ်ပစ်လိုက်သည်။ တစ်ချိန်တုန်းက သူသည် အိမ်ဖော်မကလေးတစ်ယောက်နှင့် ကျူးကျူးလွန်လွန် ဖြစ်ခဲ့ဖူးသည်။ ဖခင်ကြီးသိသွားသောအခါ အလွန်စိတ်ဆိုးသည်။ အိမ်ဖော်နှင့် ရှုပ်ရှုပ်ယှက်ယှက်ဖြစ်လျှင် ပြဿနာမျိုးစုံတက်လာနိုင်လာသဖြင့် သည်အလုပ်မျိုးကို ဝေးဝေးကရှောင်ရန် ဖခင်ကြီးက ပြင်းပြင်းထန်ထန် သတိပေးသည်။ အိမ်ဖော်မကလေးကိုလည်း အလုပ်ဖြုတ်လိုက်သည်။

ယွန်-ပေါက လောလောဆယ်တွင် ဂျဲနက်အား အငမ်းမရ စွဲလမ်းမိသော်လည်း ယင်းဖြစ်ရပ်ကို သတိရ၍ မိမိ၏စိတ်ကို ပြန်ထိန်းထားလိုက်ရသည်။

သို့သော် မာရီဂျက္ကလင်းကတော့ ယောက်ျားဖြစ်သူ၏ မျက်နှာပေါ်မှ မရိုးသားသော အရိပ်လက္ခဏာများကို အထင်းသား မြင်လိုက်မိသည်။ သူ့ယောက်ျားအနေဖြင့် တခြားမိန်းကလေးတွေကို စိတ်ဝင်စားနေမည့်အစား သူ့အပေါ်တွင်ပင် စိတ်ဝင်စားခဲ့လျှင် သူ့ဘဝသည် ဘယ်လောက်များ ပျော်စရာကောင်းလိမ့်မလဲဟုလည်း ဝမ်းပန်းတနည်းတွေးတောမိသည်။

ဂျဲနက်တစ်ယောက်အနေရ အထိုင်ရခက်နေကြောင်း အကဲခတ်မိသော အက်ရှန်က ဘားစလိုက်သည်။ သို့ဖြင့် တိတ်ဆိတ်နေသော ဝိုင်းမှာ စိုစိုပြည်ပြည် ဖြစ်သွားသည်။ ဂျဲနက်လည်း နေသာထိုင်သာ ဖြစ်သွားသည်။

ညစာစားပွဲတွင် အားလုံးထိုင်ကြပြီးသောအခါ ယခုလို ဝဝဖြိုးဖြိုး စားသောက်နိုင်သည့်အတွက် ဘုရားသခင်အား အတိုင်းမသိ ကျေးဇူးတင်ပါကြောင်း မဒမ်ဒူပရေးက ဆုမွန်တောင်းသည်။

ယွန်-ပေါကိုယ်တိုင် အထူးရွေးချယ်ထားသော ဝိုင်အရက်ကို ဖန်ခွက်များထဲသို့ ငှဲ့သည်။ အမွှေး အကြိုင် မြိုင်မြိုင်ဖြင့် ကလော့သီပြင်ဆင်ထားသော လက်သုပ်ဟင်းကလည်း အရသာ ရှိလှသည်။ ညစာအတွက် ဟင်းလျာအားလုံးကို ကလော့သီကပင် လိုလေသေးမရှိ စီစဉ်ထားသည်။ ယွန်-ပေါပစ်လာသော ရစ်ငှက်များကို ဝိုင်အရက်နှင့် အသီးအရွက်များ အစာသွတ်၍ ကင်ထားသည်။ မြဲထွက် ဟင်းသီးဟင်းရွက်နှင့် အသားဟင်းတွေကလည်း စုံလှသည်။ ငှက်ကင်များကို ကြွေပန်းကန်ပြားကြီးတွင် ထည့်ကာ ပို၍ ပဏာရအောင် ဆိုပြီး ကလော့သီက ဘဲတောင်များပင် အပေါ်က တင်ထားလိုက်သေးသည်။

"ဒီကောင်တွေအားလုံး လေးလေးကြီး ပစ်လာခဲ့တာလားဟင်" လူစီယံက မေးသည်။

"ဒါပေါ့ သားရဲ့၊ လေးလေးကြီး ပစ်လာခဲ့တာပေါ့၊ သားလိုက်ရင် သိပ်ပျော်မှာပဲ"

"နောက်တစ်ခါဆိုရင် သားကိုပါ ခေါ်ပါနော်. . . လေးလေးကြီး"

"စိတ်ချ ခေါ်မယ်. . . ခေါ်မယ်"

"အို ဒါ ကလေးအလုပ်မဟုတ်ဘူး၊ ကြီးလာတဲ့အခါမှ လိုက်ရမယ်" မဒမ်ဒူပရေးက ဝင်တားလိုက်သည်။

"ဘာဖြစ်လို့လဲ ဘွားဘွား"



www.burmeseclassic.com

www.burmeseclassic.com



"သားက သေနတ်မှ မပစ်တတ်သေးတာပဲ"

"အို ဒါက ဘာခက်လို့လဲ၊ လေးလေးကြီးက သားကို သင်ပေးမှာပေါ့ ဘွားဘွား... သားလိုက်ရင် လေးလေး အက်ရှန်ပါ လိုက်မှာပေါ့နော်"

"လေးလေး မလိုက်ပါဘူး သားရယ်၊ လေးလေးက အမဲမလိုက်ချင်ဘူးကွယ်"

"ဘာဖြစ်လို့လဲ လေးလေး"

"လေးလေးက သူတစ်ပါး အသက်သတ်တာ ဝါသနာမပါဘူး"

ယွန်-ပေါက ညီဖြစ်သူ၏ စကားကို သဘောမကျဟန် မျက်စောင်းတစ်ချက် ထိုးလိုက်သည်။

**အလကားကောင်၊ ဒုက္ခိတ. . . ဒုက္ခိတဘာသာ နေတာမဟုတ်ဘူး။ သူများ အ... ဝင်စွက်ဖက်ချင် ရသလား။ မင်းက ဘာတတ်လို့လဲ၊ အားအားရှိ စပျစ်ခြံထဲသွားပြီး စပျစ်သီးခူး... ငွေစာရင်းမှတ်မယ်။ ဒါလောက်ပဲတတ်တယ် မဟုတ်ဘူးလား။ အလကား စာရင်းကိုင်စုတ်၊**

ညီအစ်ကို နှစ်ယောက်အကြား အခြေအနေ မလှကြောင်းကို မဒမ်ဒူပရေး... ရိပ်စားမိသည်။ ထို့ကြောင့် သူမက အာရုံလွှဲနိုင်ရန် ခေါင်းစဉ်ပြောင်းလိုက်သည်။

"ဒါနဲ့ ဒီနေ့ သားတို့သမီးတို့ ဘယ်သွားကြသေးသလဲကွဲ့" သူမက မသိဟန်ဆော... မေးလိုက်သည်။

"သမီးတို့ မမကြီး ဂျိနက် မွေးနေ့ပွဲလုပ်ကြတယ် ဘွားဘွားရဲ့" နီကိုက ပြောသည်။

မဒမ်ဒူပရေးက အားပြု၍ ပြုံးလိုက်ပြီး. . .

"ဩော် ဟုတ်လား၊ ဘယ်မှာလုပ်သလဲ. . . သမီး"

"ခြံထဲက မြက်ခင်းပြင်မှာ ဘွားဘွားရဲ့၊ လေးလေးအက်ရှန်က သမီးတို့ကို မြင်းလှည်း... ခေါ် သွားတာ"

"အလို တယ်ဟုတ်ပါလား၊ ဒါဆို တော်တော် ပျော်စရာကောင်းမှာပဲနေ... ဟုတ်ကဲ့လား. . . အက်ရှန်"

အဘွားကြီး၏ စကားတွင် သရော်တော်တော် အသံပါသည်။

"ဟုတ်ပါတယ် မေမေ၊ သိပ်ပြီး ပျော်စရာကောင်းတဲ့ ပွဲပါပဲ"

အက်ရှန်ကလည်း မိခင်ဖြစ်သူ၏ လေသံကို လိုက်၍သရော်တော်တော် ပြန်ပြော... လိုက်သည်။

စကားဝိုင်းတွင် သူ့အကြောင်းက အဓိကဖြစ်နေသဖြင့် ဂျိနက်မှာ မနေတတ် မထိုင်တ... ဖြစ်နေမိ သည်။ သူမက နှုတ်ခမ်းကို လျှာနှင့်လျက်လိုက်ပြီးနောက် ငြိမ်သက်စွာပင် ထိုင်နေသည်။

"မမကြီးကို သမီးက လက်ကိုင်ပဝါလက်ဆောင်ပေးတယ် ဘွားဘွား" ဒီစရီ... ခပ်ကြွားကြွားလေသံဖြင့် ပြောသည်။

"သမီးကလည်း လက်ကိုင်ပဝါထည့်တဲ့ သေတ္တာကလေး ပေးတယ် ဘွားဘွား" နီကို... လည်း အားကျမခံ။

"သားပေးတဲ့ လော့ကက်သီးကမှ ပိုကောင်းတာ သိလား၊ မမကြီးက တစ်ပိုက်...



www.burmeseclassic.com

www.burmeseclassic.com



...ထားမယ်တဲ့"

လုံစီယံက ပိတ်ပြောလိုက်သည်။

"ဩော်. . . ဟုတ်လား" အဘွားကြီးက မျက်လုံးများကို မှေးလိုက်ပြီး "ဒါနဲ့ အက်ရှန်ကရော ...ပေး သတုံး"

အဘွားကြီး၏ တဲ့တိုးစကားကြောင့် အက်ရှန်တော်တော် အမူအရာ ပျက်သွားသည်။

"ကျွန်တော်ပေးတာလား၊ ကျွန်တော် ပေးတာကတော့ ဂျဲနက် ကလေးတွေအပေါ်မှာ ...ချစ်ခင်ခင်ပြု စုစောင့်ရှောက်တဲ့အတွက် ကျေးဇူးအလွန်တင်ပါတယ်ဆိုတဲ့ လက်ဆောင်ပဲ"

ယွန်-ပေါက စိတ်ထဲမှာ ကျိတ်ပြီး ဝမ်းသာမိသည်။ အက်ရှန်အား မိခင်ကြီးက မျက်နှာသာ ...သည့်အခါတိုင်း သူ အမြဲတမ်း သည်လိုပဲ ကျိတ်ပြီး အူမြူးနေတတ်သည်။ ဤသည်မှာ ...အကျင့်၊ သူ့စရိုက်၊ သူ့ဝါသနာ။

"အခုလို အားလုံးက အားပေးအားမြှောက် ဂရုစိုက်ကြတော့ သူငယ်မအတွက် ...သာစရာပဲပေါ့"

အဘွားကြီးက ငေါ့တော့တော့လေသံဖြင့် ပြောပြန်သည်။ တကယ်တော့ အက်ရှန်က ...အား ဘာလက်ဆောင် ပေးသလဲဆိုတာကို သူက အလွန်သိချင်နေသည်။

"အေးလေ ဘယ်လိုပဲဖြစ်ဖြစ်ပေါ့၊ မွေးနေ့မှာ ပျော်ရွှင်ပါစေ သူငယ်မ၊ မွေးနေ့ပွဲကို ...ပျော်ရွှင်ရွှင်လုပ်ဖြစ်တယ်ဆိုတာကိုပဲ ငါလဲ ဝမ်းသာမိပါတယ်ကွယ်"

အဘွားကြီး၏ စကားတွင် ငေါ့သံပါသည်ကို ဂျဲနက် သတိပြုမိသည်။ သို့သော် ...ဘွားကြီးက သူ့အား လူရှေ့သူရှေ့တွင် ယခုလို အရေးတယူ စကားပြောသည်ကိုပင် သူက ...သာလှပြီ။ သို့ဖြင့် သူကလည်း. .

"အများကြီး ကျေးဇူးတင်ပါတယ် မေမေကြီး" ဟု ပြန်လည် ပြောလိုက်သည်။

"မွေးနေ့မှာ ပျော်ရွှင်ပါစေ၊ မွေးနေ့ပွဲပေါင်း ရာကျော် ကျင်းပနိုင်ပါစေလို့ အစ်ကိုကြီး ...ည်း ဆုမွန်တောင်းပါတယ် ဂျဲနက်" ယွန်-ပေါက ပြောသည်။

ဂျဲနက်က ထိတ်ကနဲ ရင်ခုန်သွားပြီး. . .

"ကျေးဇူးတင်ပါတယ် အစ်ကိုကြီး" ဟု လွတ်ကနဲ ပြန်ပြောလိုက်မိသည်။

မာရီဂျက္ကလင်းကတော့ ဘာမှမပြော။ အားလုံးပင် တော်တော် ကြာကြာ ငြိမ်ချက်သား ...င်းနေကြသည်။ ခေါက်လက်အချိုပွဲ လာချသော အခါတွင်လည်း ဟုတ္တိပတ္တိ ဘယ်သူမှ ...ကြ။ တို့ကနန်း ဆိတ်က နန်းမျှသာ စားကြသည်။

ထို့နောက်တွင် ကော်ဖီကြမ်းနှင့် ဘရန်ဒီသောက်ရန် ဧည့်ခန်းသို့ ပြောင်းကြသည်။ ...က အခန်းထောင့်တွင် ထိုင်သည်။

"ဘွားဘွား မမကြီး ဂျဲနက် သင်ပေးထားတဲ့ သီချင်းတစ်ပုဒ်ကို သားနဲ့ နီကိုတို့ ဆိုပြ ...တယ်။ ဘွား ဘွား နားထောင်မလားဟင်"

လူစီယံ ကောက်ကာငင်ကာ ပြောလိုက်သည်။

ဘွားဘွားက ပန်းထိုးနေရာမှ လက်ကိုပြန်ရုပ်လိုက်ပြီး. . .



www.burmeseclassic.com

www.burmeseclassic.com



"နေပါစေသားရယ်၊ ဒီညတော့ မဆိုကြပါနဲ့တော့၊ သားတို့လည်း ပင်ပန်းနေကြ စောစော အိပ်ရာဝင်လိုက်ကြတာပေါ့. . . ဟုတ်လား"

"ဆိုကြပါစေ မေမေ၊ သူတို့ ဘယ်လောက်တော်နေပြီလဲဆိုတာ မေမေ နား ကြည့်စမ်းပါ"

အက်ရှန်က ထောက်ခံလိုက်သည်။

အဘွားကြီးက. ပန်းထိုးနေရာမှ မော့၍ပင် မကြည့်။ **အင်း ငါထင်တဲ့အတိုင်း တ မှန်နေပါပြီ။ ဒီကလေးမတော့ အက်ရှန်ကို စကန္တ ပြုစားထားပြီ။ ဒီကလေးမအတွက်ဆိုရင် အမြတ်မ်း ကာဆီးကာ ဆီးချည်းပဲ။**

အဘွားကြီးက သူ့သားကို သူမထိန်းနိုင်တော့။ သို့ပေမယ့် အပြတ်ငြင်းလိုက်ပြန်လျှင် နဂိုကမှ ဆိုးနေသော အခြေအနေမှာ ပို၍ ဆိုးလာဖို့သာ ရှိသည်။ ဂျဲနက် စရောက်လာသည့်နေ့ သားအမိနှစ် ယောက် ကတောက်ကဆ ဖြစ်ခဲ့ကြသည် မဟုတ်လား။

"ကဲ. . . ကဲ ဒီလိုဆိုလဲ ဆိုကြစမ်းပါ၊ ငါ နားထောင်ကြည့်စမ်းမယ်"

အဘွားကြီးက အခြေအနေအရ မလွှဲသာ၍ အလျှော့ပေးလိုက်ရသည်။

သို့ဖြင့် လူစီယံနှင့် နီကိုတို့က ဂျဲနက် သင်ပေးထားသော ပြင်သစ်သီးချင်းတစ် အထစ်အငေါ့မရှိ သွက်လက်စွာ ဆိုပြကြသည်။ သီချင်းဆုံးသွားသောအခါ ယွန်-ပေါက "တော်တယ်ကွာ. . . သိပ်တော်တယ်"ဟု လက်ခုပ်လက်ဝါးတီးကာ အော်ပြောလိုက်သည်။ အ ကလည်း သူ့လိုပင် လက်ခုပ်တီး၍ ချီးကျူးလိုက်သည်။ မာရီဂျက္ကလင်းကတော့ မတုန် သစ်ငုတ်။

"ကဲ. . . မမကြီးလည်း တစ်ပုဒ်လောက်ဆိုပါဦး"

လူစီယံ ထောင်ပေးလိုက်သည်။

"နောက်တစ်ကြိမ်ပေါ့ လူစီယံ"

သို့သော် ယွန်-ပေါက အတင်းတောင်းဆိုနေသည်။

"နောက်တစ်ကြိမ် မလုပ်ပါနဲ့၊ အခုပဲ ဆိုစမ်းပါ၊ တို့တောင်းပန်ပါရစေကွယ်၊ ဆို ဆိုစမ်းပါ၊ မေမေ လည်း သဘောကျမှာပါ"

အဘွားကြီးက ရုတ်တရက် ဒေါသထွက်လာပြီး ပန်းထိုးနေသော အပ်က အပေါက်ချော် လက်ကို ထိုးမိသွားသည်။

ဂျဲနက်မှာတော့ ကြီးမိန့်စောင့်နေသော တရားခံပမာ ခုံတန်းလျားပေါ်တွင် တောင့်သော ကြီး ထိုင်နေသည်။ အာခေါင်တွေခြောက်ပြီး လက်နှစ်ဘက်တွင်လည်း ချွေးစေးတွေ ပြန်နေသ

သူက စိတ်ကို တင်းကာ သီချင်းကို စဉ်းစားလိုက်သည်။ အက်ရှန် လက်ဆောင်ပေး သံစုံဂီတဗူးမှ တီးလုံးကို ရုတ်တရက်သွား၍ သတိရသဖြင့် "ငွေလသာသာ" သီချင်းကို ကော လိုက်သည်။

နားဝင်ချိုအေးသော တေးသံသည် တခန်းလုံးကို ခြုံလွှမ်းသွားသည်။ သောတဆင် ရွှန်းမြသော ငွေလရောင်ကို မြင်ယောင်လာသည်။ အေးမြသော လရောင်၏ အရသ



www.burmeseclassic.com

www.burmeseclassic.com



...ခဲ့ရသည်။ အားလုံးပင် သီချင်းသံတွင် မျောပါသွားကြသည်။

သီချင်းပြီးဆုံးသွားသောအခါ ဂျဲနက်က ထိုင်ရာမှ ထရပ်လိုက်သည်။ ပြီးတော့ ...ခန်းလုံးကို ဝေ့ကြည့်လိုက်သည်။ သူ၏ မျက်လုံးအစုံတွင်တော့ မျက်ရည်တွေ ရွှမ်းဝေ...။

မဒမ်ဒူပရေးသည် ပန်းထိုးလက်စ ပိတ်စကို ပေါင်ပေါ်တွင် တင်ရင်း မတုန်မလှုပ် ...တ်မိနေသည်။ သူ့မျက်လုံးများတွင်လည်း မျက်ရည်တွေ ပြည့်လျှံလျက်. . .။

မဒမ်ဒူပရေးက လူတစ်ယောက်ကို လွယ်လွယ်ကူကူနှင့် ချီးကျူးတတ်သူမဟုတ်။ သို့သော် ...တစ်ကြိမ်တွင်တော့ ချီးကျူးစကားသည် သူပါးစပ်မှ အလိုလို ထွက်သွားမိတော့သည်။

"တော်ပါပေတယ်ကွယ်. . ၊ မေမေကြီး ချီးကျူးပါတယ်၊ ကျေးဇူးလည်း တင်ပါတယ်ကွယ်"

"ဟုတ်ကဲ့ ဝမ်းသာပါတယ် မေမေကြီး၊ ဒါနဲ့. . ကျွန်မကို ခွင့်ပြုပါဦး မေမေကြီး၊ ...တွေ အိပ်ချိန်တောင် လွန်သွားပါပြီ"

သည်တော့မှ ဂျဲနက်မှာ အနေရ အထိုင်ရ ကျပ်နေရသောအဖြစ်မှ လွတ်ကင်းခဲ့ရပါ ...သည်။

...မှစ၍ အခြေအနေတွေ ပြောင်းလဲလာခဲ့ရသည်။ မဒမ်ဒူပရေးက ဂျဲနက်အား စကားများများ ...အား မပြောသော်လည်း သူ့အဆင့်အတန်း ယခင်ကထက် မြင့်လာခဲ့ပြီဆိုသည်ကိုတော့ သူက ...တ် မိသည်။

စားသောက်ပြီးချိန်တွင် ဖြစ်စေ၊ ဥယျာဉ်ထဲတွင် ဖြစ်စေ မဒမ်ဒူပရေးနှင့် တွေ့ဆုံကြသော ...တွင်လည်း အဘွားကြီးက ပြုံးပြုံးရွှင်ရွှင် အရေးတယူ နှုတ်ဆက် ပန်းဆက်လုပ်လာသည်။ ...လောက်ဆိုလျှင်ပင် ဂျဲနက်က ကျေနပ်လှပါပြီ။

တကယ်တော့. . သူက သူ့အခြေအနေမှန်ကို အမှန်အတိုင်း သတိပြုမိထားသူဖြစ်သည်။ ...အား လခပေး၍ ငှားရမ်းခဲ့ခြင်းမှာ ဒူပရေးမိသားစုအားလုံးနှင့် အရောတဝင် လက်ပွန်းတတီး ...နီးနီးနေရန် မဟုတ်။ မိတဆိုး ဖတဆိုးကလေးငယ် သုံးယောက်တို့အား ပြုစုစောင့်ရှောက်ရန် ...ရမ်းခဲ့ခြင်းသာ ဖြစ်သည်။

သူလိုချင်သည်မှာ မိသားစုအားလုံးက သူ့အား ဂုဏ်သရေရှိ အမျိုးကောင်းသမီး ...ယောက်အဖြစ် လေးလေးစားစား ဆက်ဆံဖို့သာ ဖြစ်သည်။

ယခု ထိုအဆင့်ကို သူ ရရှိခဲ့ပြီ။ သူ ဝမ်းသာ၍ မဆုံးနိုင်တော့ပြီ။

◆◆◆

www.burmeseclassic.com

www.burmeseclassic.com

## [ ၁၈ ]

အမှတ်တမဲ့ဖြင့်ပင် ဩဂုတ်လသို့ ရောက်လာခဲ့သည်။ နွေရာသီရက်များသည် ကုန်လွယ်လှပါ
ဟု ဂျဲနက်က တွေးမိသည်။ သည်အတိုင်းဆိုလျှင် ယွန်-ပေါမျက်နှာကို ရက်သတ္တ
အနည်းငယ်သာ မြင်ရတော့မည်။ သူတို့အားလုံး ပါရီမြို့သို့ပြန်ရောက်သောအခါ ယွန်-
အယ်လ်ဂျီးရီးယားနိုင်ငံသို့ ပြန်သွားရပေတော့မည်။ သည်အတွေးကြောင့် ဂျဲနက်ခေါင်းထဲတွင်
နောက်ကျိသွားမိလေသည်။

တစ်ခုသော တနင်္ဂနွေနေ့ ညနေစောင်းတွင် မဒမ်ဒူပရေးက ဧည့်ခန်းမှ ဆိုဖာပေါ်မှာထိုင်
ပန်းထိုးနေသည်။ အက်ရှန်က တံခါးဝတွင်ရပ်ကာ မြက်ခင်းပြင်၌ ဂျဲနက်နှင့် ကလေး
ကရစ်ကက်ကစားနေကြသည်ကို လှမ်းကြည့်နေသည်။

သူသည် ဂျဲနက်အား မျက်လုံးကျွတ်ကျမတတ် စိုက်ကြည့်နေမိသည်။ **တော်တော်**
**ချောတဲ့ မိန်းက လေးပါလား။ အင်း တကယ်လို့သာ ငါနဲ့သာ ဖူးစာဆုံလိုက်ရင်ဖြင့်. . . အို**
**မဖြစ်နိုင်တဲ့ စိတ်ကူးတွေပါ။ တစ်နေ့ကျတော့ သူ့အနေနဲ့ ငါထက်သာတဲ့ ယောကျ်ားတ**
**တစ်ယောက်ယောက်နဲ့ တွေ့ပြီး. . .။**

အက်ရှန်ဆက်မတွေးရဲတော့။ ဆက်တွေးလျှင် သူ့ရင်သည် မီးကဲ့သို့ ပူလောင်
ပေတော့မည်။

မိခင်ကြီးက သားဖြစ်သူ၏ အမူအရာကို အကဲခတ်နေသည်။ သား၏ မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



စားချက်များကို ရိပ်စားမိသည်။ သူတော်တော် ခံစားနေရပြီ။ မိခင်ကြီးက သားအတွက် စိတ်မကောင်းဖြစ်မိသည်။ အက်ရှန်သည် ဂျဲနက်ရောက်လာသည့် နေမှစ၍ အခြေအနေ ပြောင်းလာခဲ့သည်။ ထို့ကြောင့်လည်း ဂျဲနက်အား အလုပ်မှ ပြန်လည်ထုတ်ပစ်ရန် မိခင်ကြီးက တိုက်တွန်းခဲ့သည်။ သို့သော် သားဖြစ်သူက လက်မခံ။

တွေးကြည့်လိုက်လျှင် စိတ်မချမ်းသာစရာချည်းပါကလား။ ဘာပဲဖြစ်ဖြစ် ဖြစ်လာတဲ့ အခြေအနေကိုတော့ ဖြစ်သလိုပဲ ရင်ဆိုင်ရတော့မည်။ တကယ်တော့ မိခင်ကြီးက တော်တော် ...င်းမာခဲ့သည်။ အတ္တဆန်ခဲ့သည်။ သူ့ခများကို ကိုယ်အင်္ဂါချွတ်ယွင်းသူတစ်ယောက်အဖြစ် ...ထုတ်ခဲ့သည်။ သူက မွေးပါရစေဟု ခွင့်တောင်းလာခြင်းမဟုတ်။ ထို့ကြောင့် မိခင်ကြီးမှာ ...ဝန်ရှိသည်။ ကိုယ်အင်္ဂါချွတ်ယွင်း၍ မွေးလာသော သားအပေါ်တွင် အကြွေးတင်နေသည်။ ...ည်အကြွေးကိုတော့ တနည်းနည်းဖြင့် ဆပ်ရလိမ့်မည်။

"သား အက်ရှန် မင်း ဒီကလေးမကို တကယ်ချစ်နေပြီးလား. . . သား"

အဘွားကြီးက ဆိုင်းမဆင့်ဗုံမဆင့် တဲ့တိုးကြီးပင် မေးလိုက်သည်။

အက်ရှန်က မိခင်ဖြစ်သူအား လှည့်မကြည့်။ ဂျဲနက်ဆီသို့သာ ကြည့်နေရင်းပင် ...တ်လက်စွာ ပြန်ဖြေသည်။

"ဟုတ်တယ် မေမေ"

"ဒါဆို သား. . . အစကတည်းကပဲ သူ့ကို"

"ဟုတ်ပါတယ် မေမေ"

"ထိုင်ပါဦး သားရယ်၊ အေးအေးဆေးဆေး ပြောကြတာပေါ့. . ."

အက်ရှန် တံခါးဝမှ ပြန်လျှောက်လာပြီး မိခင်ကြီးဘေးတွင် ဝင်ထိုင်လိုက်သည်။

"သား. . သားက အိမ်ထောင်ပြုဖို့ ကိစ္စကို အလျှင်ကတည်းက ဘာလို့ မစဉ်းစားခဲ့ ...လဲဟင်"

အက်ရှန်က ထိုင်ရာမှ ဆက်ကာနဲ ထရပ်လိုက်သည်။ ပြီးတော့ နံရံကပ် ဗီရိုဆီလျှောက် ...ပြီး ဘရန်ဒီတစ်ခွက် ငှဲ့သောက်လိုက်သည်။

"မေမေက ဒီစကားကို ဘာလို့ မေးတာလဲ"

"သားအနေနဲ့ မိန်းမတစ်ယောက်တော့ ယူသင့်ပြီလို့ထင်လို့ပေါ့သားရယ်၊ သားက ...ကောင်း စေတနာကောင်းရှိတဲ့ လူတော်တစ်ယောက်ပါ သားရယ်"

အက်ရှန်က မိခင်ကြီး၏ မျက်နှာကို စေ့စေ့ ကြည့်လိုက်သည်။

"ဒီမှာ မေမေ၊ မိန်းကလေးတိုင်းဟာ ယောကျာ်းလေးတစ်ယောက်ကို စိတ်ကောင်းရှိလို့ချည်း ...ကြတာမဟုတ်ဘူး မေမေ၊ သူတို့ ချစ်လို့ ယူကြတာပါ၊ ဒါပေမယ့် ကျွန်တော်လို ခြေကျိုး ...ယောက်ကို ဘယ်မိန်းကလေးက ကြိုက်နိုင်ပါ့မလဲ၊ ကျွန်တော်ကတော့ ပိုက်ဆံမက်တဲ့ မိန်းမမျိုးကို ...တော်လုံးဝ စိတ်မဝင်စားဘူး၊ ကျွန်တော့်ကို ဒုက္ခိတမို့ သနားလို့ ယူတဲ့ မိန်းမကိုလည်း မယူချင်ဘူး၊ ...တော့် တစ်ဘဝတာလုံး သူများ အသနားခံ ဒုက္ခိတတစ်ယောက်အနေနဲ့ ဘယ်လိုလုပ်နေသွားလို့ ...နိုင်ပါ့မလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါကတော့ သားရယ် ဖြစ်လာတဲ့ ကံကြမ္မာအတိုင်းပဲပေါ့၊ တကယ်လို့ သားမိန်းမ မ မေမေ သေသွားတဲ့အခါ သားကို ဘယ်သူက ဂရုစိုက်ပါ့မလဲ" အဘွားကြီးက ငိုသံပါ ပြောသည်။

အက်ရှန်က မိခင်ကြီးဘေးတွင် ပြန်ထိုင်ပြီးတော့. . .

"တော်ပါတော့ မေမေရယ်. . . မငိုပါနဲ့တော့၊ မေမေ့ ဘဝတစ်လျှောက်လုံးမှာ မျက် ပေါက် ကြီးငယ် ကျခဲ့ရပေါင်းများလှပါပြီ၊ ကျွန်တော့်ကြောင့် ထပ်ပြီး မျက်ရည်မကျပါနဲ့ ဘာပဲဖြစ်ဖြစ် ကျွန်တော့်ဘဝကို ကျွန်တော် လက်ခံပါတယ်။ ကျွန်တော် ကိုယ့်ကိုယ်ကိုယ် ယ တယ်၊ ကျွန်တော့်ဘဝမှာ ကျေနပ်စရာတွေ အများကြီး ရှိပါသေးတယ်၊ ကျွန်တော် ပန်းချီ ဆွဲ ပါသေးတယ်၊ ဒီအလုပ်နဲ့ ကိုယ့်ဝမ်းကို ကိုယ်ထိန်းကျောင်းနိုင်ပါတယ်၊ ဒီအလုပ်ဟာ ကျွန် ဘဝကို နေပျော်အောင်လဲ စွမ်းဆောင်နိုင်ပါတယ်"

"ဒါပေမယ့် လူဆိုတာ တစ်သက်လုံး တစ်ယောက်တည်းချည်း နေသွား ဘယ်သင့်တော့်မတုံး သားရယ်၊ မိန်းမယူသင့်ယူ မယူရင်အပျော်မယားဖြစ်ဖြစ် တစ်ယေ ယောက်တော့ ရှိသင့်တာပေါ့"

အက်ရှန်က ထိုင်ရာမှ ပြန်ထကာ ဘရန်ဒီတစ်ခွက် ငှဲ့ပြန်သည်။ သည်တစ်ကြိမ်တွင် ဖြည်း ဖြည်းချင်း စုပ်သောက်နေသည်။ အတန်ကြာမှ ဖြည်းဖြည်း ပြောသည်။

"တကယ်တော့ လူတစ်ယောက်အနေနဲ့ ခြေထောက်တစ်ဘက်ကျိုးနေလို့ လူ မဆုံးရှုံးသေးပါဘူး. . မေမေရယ်၊ အမှန်အတိုင်း ပြောရရင် ကျွန်တော့်ကို စိတ်ဝင်စ အမျိုးသမီးတွေလည်း ရှိပါသေးတယ်၊ ကျွန်တော်ကသာ ကိုယ့်ကိုယ်ကိုယ် ဒုက္ခိတ တစ်ယော ထင်နေပေမယ့်. . . တခြားလူတွေက အဲဒီလို မထင်တဲ့အပြင် အထင်တောင် ကြီးနေပါသေး

အဘွားကြီးက တရှုပ်ရှုပ် ငိုနေသည်။ အက်ရှန်က မငိုရန် တောင်းပန်သော် အငိုမတိတ်။ မျက်ရည်စက်လက်နှင့်ပင် ပြန်ပြောသည်။

"သား မိန်းမရရင် ဘယ်လို ယောက်ျားမျိုး ဖြစ်လာမလဲ ဘယ်လို ဖခင်မျိုး ဖြ မလဲကွယ်. . ကွယ်"

"အိုး. . . ဒါတွေ တွေးပူမနေစမ်းပါနဲ့ မေမေရာ၊ ကျွန်တော့်မှာလည်း ကိုယ့်ကုသိုလ် ကိုယ်ပါ၊ ကံတရားဆိုတာ ဘယ်သူပြောနိုင်ပါ့မလဲ၊ မထင်တဲ့ဟာတွေလည်း ဖြစ်ချင်ဖြစ် တာပဲ၊ကဲပါ. . . တိတ်ပါတော့၊ မငိုပါနဲ့တော့၊ မေမေ့ အခန်းပြန်ပြီး နားနေလိုက်ပါ၊ ကျွန်တော့်အ တွေးပြီး နောက်ထပ် ဘာမှ မပူတော့ပါဘူးလို့သာ ကတိပေးစမ်းပါ. . မေမေ၊ တကယ် ဒီလောကမှာ ကျွန်တော့်ထက် ကုသိုလ်ကံဆိုးတဲ့ လူတွေ ဒုနဲ့ဒေး ရှိပါသေးတယ်"

အက်ရှန်က မိခင်ကြီးအား ဆိုဖာပေါ်မှ ထူပေးလိုက်သည်။ အဘွားကြီးက သ စကားကို နားထောင်ကာ သူ့အခန်းသို့ ပြန်လျှောက်လာခဲ့သည်။

အခန်းထဲရောက်တော့ ညောင်စောင်းပေါ်တွင် လှဲလိုက်သည်။

မြင်းစီး ထွက်ရာမှ ပြန်လာသော ယွန်-ပေါက မိခင်ကြီး အခန်းရှေ့မှ ဖြတ်လျှောက် မျက်ရည် ထွက်နေသော မိခင်ကြီးကို လှမ်းမြင်လိုက်သဖြင့် အခန်းထဲဝင်လာပြီး မိခင်ကြီး အ



www.burmeseclassic.com

www.burmeseclassic.com



သားထိုင် ဆွဲကပ်၍ ဝင်ထိုင်လိုက်သည်။

"မေမေကလည်း အလကားနေ ငိုနေရပြန်ပြီ. . . မေမေရယ်"

"မေမေ စိတ်မကောင်းလွန်းလို့ပါ သားရယ်"

အဘွားကြီးက ပြောရင်း ငိုနေပြန်သည်။

"မငိုပါနဲ့တော့ မေမေရယ်၊ မေမေ ငိုတာ ကျွန်တော် မမြင်ချင်ဘူး၊ ကျွန်တော့် ရင်ထဲမှာ ခံမိုးကြီး ခံစားရလို့ပါ၊ ဒင်းနှစ်အတွက် မေမေဘယ်လောက် ခံစားရတယ်ဆိုတာ ကျွန်တော်လဲ သိယ်ချင်းစာမိပါတယ်၊ ဒါပေမယ့်. . ."

"မေမေ ငိုနေတာ ဒင်းနှစ်အတွက် မဟုတ်ပါဘူး သားရယ်၊ လူစဉ်မမီ သူချင်းမမျှတဲ့ ညီလေး အက်ရှန်အတွက်ပါ"

"ဟင် အက်ရှန်အတွက်လား၊ အက်ရှန်ဘာဖြစ်လို့လဲ မေမေ. . . သူဘာဖြစ်လို့လဲ"

"သူ ဘာဖြစ်နေတယ်ဆိုတာ သားလည်း အသိသားပဲကွယ်၊ သူ့ခမျာ မွေးကတည်းက လူစဉ်မမီ ဖြစ်လာတယ် မဟုတ်လား၊ တစ်သက်လုံး ဒီလို နေသွားရတော့မယ် သားရယ်"

"အို မေမေကလည်း ပူစရာမရှိ ပူစရာရှာလို့ မေမေရာ၊ အက်ရှန်က သူ့ကိုယ်သူ နိုင်ပါတယ်၊ ဘာမှ ပူစရာမလိုပါဘူး၊ သူ သူ့ကိုယ်သူ ဒုက္ခိတ တစ်ယောက်ဆိုတာတောင် တွေးမိ ရပါဘူး"

"မင်းပြောတာ မဟုတ်သေးပါဘူး သားရယ်၊ အက်ရှန်က အခု မိန်းကလေးတစ်ယောက်ကို တမ်း စွဲဖြစ်နေတာ. . . မင်း သိလို့လား၊ အဲဒါ သူက ဖွင့်မပြောရဲလို့ စိတ်ညစ်နေရတာ"

ယွန်-ပေါက အလွန် အံ့ဩသွားမိသည်။

"မေမေ တကယ်ပြောတာလား. . . ဟင်၊ ဟုတ်မှ ဟုတ်ပါရဲ့လား မေမေရယ်၊ ကျွန်တော် ဘာမှ မသိရသေးပါလား"

"ဟုတ်ပါတယ်ကွယ်၊ ဟုတ်သမှ ဟိုဘက်တောင် လွန်သွားသေးတယ်၊ မင်းက သူ့ခမျာ များတွေလို လမ်းကောင်းကောင်း မလျှောက်နိုင်တာကြောင့် သူ့မှာ မိန်းမ ယူချင်စိတ် မရှိဘူးလို့ နေလို့လား"

"အို မထင်ပါဘူး မေမေ၊ ကျွန်တော် အဲဒီလို မထင်ပါဘူး၊ ဒါနဲ့ သူကြိုက်နေတဲ့ ကလေးက ဘယ်သူလဲ. . . ဟင်"

"ဘယ်သူရမှာလဲ. . . သားရယ်၊ ဂျဲနက်. . . ဂျဲနက်ပေါ့"

ဘုရားရေ မယုံကြည်နိုင်စရာ ပါပဲလား။ သူလို ခြေတစ်ဘက် ကျိုးနေတဲ့ အကောင်ကများ သလို မိန်းကလေးတစ်ယောက်ကို ကြိုက်ပါတယ်ဆိုတာ အံ့ပါရဲ့. အံ့ပါရဲ့။

သို့သော် ယွန်-ပေါက ဟန်ဆောင်ပြီး ပြောလိုက်သည်။

"အံမယ်လေး. . . ဒီအတွက်များ ငိုနေရသေးသတဲ့လား. . . မေမေရယ်၊ ကဲ. . ကဲ တိတ်ပါ တိတ်ပါတော့၊ ကံအကြောင်းတရားဆိုတာ သူ့ဟာသူ ဖန်လာတတ်တာမျိုးပါ. . . မေမေ၊ တော့ မေမေသိတဲ့ အတိုင်း အက်ရှန်ကလဲ လူတော်တစ်ယောက်ပါ၊ သူကြိုက်ရင် သူဟာသူ ပြောပါလိမ့်မယ်၊ ကလေးမလေးကလဲ ငြင်းမယ် မထင်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အံမယ်လေး မင်းညီလေး အကြောင်းလည်း မင်းသိသားပဲ သားရယ်၊ သူတစ်သက်
မပြောရဲပါဘူး၊ ဒီအတိုင်းပဲ ကျိတ်ခံနေလိမ့်မယ် သိလား၊ ဘုရား. . . ဘုရား၊ ဒီအချိန်မှာ ငါ့သ
ဒင်းနစ်တစ်ယောက် ရှိလိုက်ရင် ဘယ်လောက်ကောင်းလိမ့်မလဲ. . . နော်၊ မေမေ
သားတို့အားလုံးနဲ့ တစ်သက်လုံး နေသွားချင်ပါတယ်ကွယ်၊ ခုတော့. . . ခုတော့ ဒင်းနစ်လဲ သွား
သားကလည်း အိမ်ထောင်ရှိပေမယ့် အိမ်ထောင်ရေး မသာယာဘူး၊ သားသမီးဆိုတာ
တစ်ယောက်မှ မထွန်းကား၊ အက်ရှန်ကျပြန်တော့လည်း လူစဉ်မမီတဲ့ သနားစရာ ဒုက္ခ
အင်း. . . မေမေ့ဘဝ ဆိုးလှချည်းလား သားရယ်၊ အို. . . ဘုရားသခင်၊ တပည့်တော်မ ဘ
ဒုစရိုက်တွေ ကျူးလွန်ခဲ့မိလို့ ဒီလို ဘဝမျိုးနဲ့ ကြုံနေပါလိမ့်. . . . ဘုရား"

အဘွားကြီးက အံကို ကြိတ်ပြီး လက်သီးနှစ်ဘက်ကို ကျစ်ကျစ်ပါအော
ဆုပ်ထားလိုက်သည်။

ယွန်-ပေါက မီခင်ကြီးဘေးသို့ ကပ်လာပြီး လက်နှစ်ဘက်နှင့် ပွေ့ဖက်လိုက်သည်။

"အဲဒီလို မဟုတ်ပါဘူး. . မေမေ၊ စိတ်အားငယ်စရာတွေ တွေးနေလို့ အကျိုးမရှိ
တရားနဲ့ဖြေပြီး ကိုယ့်ကိုယ်ကိုယ် စိတ်ချမ်းသာအောင် နေစမ်းပါ. . . မေမေရယ်"

ထိုအခိုက် အိမ်ဖော် ရီနီ ရောက်လာပြီး အဘွားကြီးအား ရေမိုးချိုးရန် အချိန်
ဖြစ်ကြောင်း ပြောသည်။

မဒမ်ဒူပရေးသည် ရေချိုးပြီးနောက် အဝတ်အစား လဲသည်။ ထို့နောက် လှေကားအ
အောက် ထပ်သို့ ဆင်းလာခဲ့ပြီး အိမ်ရှေ့တံခါးပေါက်မှ ထွက်ကာ ဂျဲနက်တို့နေသော အိ
လျှောက်လာခဲ့သည်။

တံခါးဝတွင် ခေတ္တရပ်နေမိသေးသည်။ ပြီးတော့မှ တံခါးကို ခေါက်သည်။

ဂျဲနက်သည် ကလေးတွေ အိပ်နေကြတုန်း ဝတ်ရုံပွကြီး ဝတ်ကာ ခုတင်ပေါ်တွင်
အနားယူနေ သည်။ တံခါးခေါက်သံ ကြားတော့ ကမန်းကတန်း ထပြီး တံခါး
လျှောက်လာခဲ့သည်။

တံခါးဖွင့်လိုက်တော့ အံ့ဩစိတ်ကြောင့် နောက်သို့ပင် ပြန်ဆုတ်လိုက်မိသည်။

"မေမေကြီး ဝင်ပါရစေ. . . နော်" မဒမ်ဒူပရေးက လေသံအေးအေးဖြင့် ခွင့်တောင်း

"ဟုတ်ကဲ့ ဝင်ပါ မေမေကြီး"

အဘွားကြီးက အခန်းထဲ ဝင်လာသည်။

"ကျွန်မ ကမန်းကတန်းမို့ အဝတ်မလဲလိုက်နိုင်တာ ခွင့်လွှတ်ပါ. . . မေမေကြီး၊ ကျွ
ခဏလေး လှဲပြီး အနားယူ. . "

"အို ရပါတယ် သမီးရယ်၊ ရပါတယ်၊ ဒီအတွက် ဘာမှ မပူပါနဲ့"

"ထိုင်ပါ. . . မေမေကြီး"

အဘွားကြီးက သူငယ်ငယ်တုန်းက ထိုင်ခဲ့သော ကုလားထိုင်တွင် ဝင်ထိုင်သည်။

"မေမေကြီးက သမီးနဲ့ အရေးကြီးတဲ့ ကိစ္စတစ်ခု ပြောချင်လို့ လာခဲ့တာပါ"

ဂျဲနက် ရင်ထဲ ထိတ်ကနဲ ဖြစ်သွားသည်။ မဟုတ်တာ တစ်ခုခုတော့ ဖြစ်နေပြီ



www.burmeseclassic.com

www.burmeseclassic.com



…သူ အလုပ်ဖြုတ်ခံရတော့မည်လား မသိ။

"ထိုင်ပါ. . . သမီး၊ အေးအေးဆေးဆေး ပြောကြတာပေါ့၊ ပြောဆို ဘယ်က …ပြောရမှန်းတောင် မသိတော့ပါဘူးကွယ်၊ အေး. . . မေမေကြီးက သားကိုယ်စား ပြောစရာရှိလို့ …ခဲ့တာပါကွယ်"

ဂျဲနက်ရင်ထဲ ဒိန်းကနဲမြည်သွားသည်။ ယွန်-ပေါကို သူကျိတ်ပြီး ချစ်နေတာ အဘွားကြီး …သိသွား ပြီးလား။ ကလော့သီကများ မျက်နှာလို မျက်နှာရ ကုန်းချောလိုက်လေပြီလား။ သူတ…တ်နိုင်သမျှ အသံကိုထိန်းပြီး မေးလိုက်သည်။

"သားကိုယ်စားဆိုတာ ဘာ. . ."

"ဟုတ်တယ် သားကိုယ်စား လာတာပဲ၊ မေမေကြီး ပွင့်ပွင့်လင်းလင်းပဲ ပြောတော့မယ် …ရယ်၊ သမီးကိုလေ အက်ရှန်. . . အက်ရှန်က ချစ်နေပြီတဲ့ကွယ်"

ဂျဲနက် ပါးစပ်အဟောင်းသားနှင့် ကြောင်ကြည့်နေမိသည်။ ဘာစကားပြောရမှန်း …အောင် ဖြစ်နေသည်။

"မေမေကြီး အခုလို သမီးဆီလာပြောတာ သူသိရင် ယမ်းပုံမီးကျ ဒေါသထွက်တော့မှာ …တယ်၊ ဒါပေမယ့် မေမေကြီးကလည်း သူ့အဖြစ်ကြည့်မနေနိုင်လို့ လာခဲ့ရတာပါ သမီး၊ …တစ်သက်မှာ သမီးကလွဲပြီး ဘယ်မိန်းမကိုမှ မချစ်ပါဘူးကွယ်၊ မေမေကြီး ပြောတာယုံပါ။ …ကိုယ်သူ အားငယ်နေမိလို့ သမီးဆီ သူ လာမပြောရဲတာ၊ သူက ရှက်လည်းရှက်နေတယ်၊ …မီးကိုလဲ သိပ်ပြီးအားနာနေတယ်၊ သမီးအပေါ် အခွင့်အရေးယူတယ်လို့ ထင်သွားမှာ …ကြောက်နေတယ် သမီး"

ဂျဲနက်မှာ ထိုင်ရာမှထကာ ကုလားထိုင်နောက်တွင် ရပ်လိုက်သည်။

"ကျွန်မ ဘယ်စကားပြန်ပြောရမှန်းတောင် မသိတော့ပါဘူး မေမေကြီး၊ မေမေကြီးက …ခုလို ဗြုန်းစားကြီး လာပြောတော့ ကျွန်မအနေနဲ့ အံ့အားလဲ သင့်မိပါတယ်၊ ဟုတ်ပါတယ်. . . …တယ်ပါ၊ ကျွန်မ ဘယ်လို ပြန်ပြောရမှန်း မသိတော့ပါဘူး"

"ဟုတ်ပါတယ်ကွယ်၊ မေမေကြီးကလည်း သဘောပေါက်ပါတယ်၊ ဒါနဲ့ သမီးအနေနဲ့ …က်ရှန် အပေါ်မှာ နည်းနည်းကလေးများ မေတ္တာမထားနိုင်ဘူးလားကွယ်၊ တကယ်တော့. . သားက …ကောင်းတစ် ယောက်ပါ. . . သမီး"

"ကျွန်မလည်း အစ်ကိုလေးကို အများကြီး လေးစားပါတယ်. . . မေမေကြီး၊ ကျွန်မ …လည်း အများကြီး ခင်ပါတယ်၊ ဒါပေမယ့်. . . ဒါပေမယ့်. . . သူ့ကို ယောကျ်ားတစ်ယောက် …နေနဲ့ ချစ်ဖို့ဆိုတာကတော့ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး"

"မေမေကြီးက . . . သမီးကို အခုလို ပြောနေတာက မိခင် တစ်ယောက်လိုလည်း ပြောနေ …တယ်. . . သမီး၊ ပြီးတော့ မိန်းမသားတစ်ယောက်အနေနဲ့ ပြောနေတယ်ဆိုရင်လည်း မမှားပါ …ဘူးကွယ်"

ဂျဲနက်က ဘာမဆိုညာမဆိုနှင့် ခေါင်းညိတ်လိုက်မိသည်။

"တကယ်ဆိုရင် အိမ်ထောင်ပြုကြတိုင်း အချစ်နဲ့ စကြတာချည်း မဟုတ်ပါဘူး. . သမီး၊



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက် နဲ့ တစ်ယောက်နားလည် သဘောပေါက်မှု၊ လေးစားမှု ရှိမှသာ အချစ်ဆိုတာ ပေါ်
လာကြတာပါ။ ပြီးတော့ ကိုယ်အင်္ဂါချွတ်ယွင်းမှု ဆိုတာကလည်း အပေါ်ယံ ကိစ္စပါ၊ တကယ်တ
စိတ်ကောင်း စေတနာကောင်း ရှိဖို့သာ အဓိကပါ။ အက်ရှန်အနေနဲ့ ပြောရရင် လူဖြစ်ရှုံး
လူတစ်ယောက်လည်း မဟုတ်သေးပါဘူး၊ ခြေထောက်ကလေးတစ်ချောင်း မသန်မစွမ်း
ကလေးလောက်သာ ပြောစရာရှိတာပါ။ သူ့အနေနဲ့ သမီးအပေါ်မှာ မယားမှတ်မှတ်သားမှတ်
တစ်သက်လုံးပေါင်းသွားမယ်ဆိုတာ သံသယဖြစ်စရာ တစ်စက်ကလေးမှ မရှိပါဘူး၊ မေမေ
သားအကြောင်းကို မေမေကြီး အသိဆုံးပါ။ သားက စိတ်သဘောထား မြင့်မြတ်တယ်၊ အရည်အ
လည်း ပြည့်ဝတဲ့ လူငယ်တစ်ယောက်ပါ"

အဘွားကြီးက ပြောရင်း မျက်ရည်တွေ ကျလာသည်။

ဂျဲနက်မှာလည်း အဘွားကြီးကို ကြည့်ပြီး ရင်ထဲတွင် တလှိုက်လှိုက် ခံစားနေရသည်
ယခင်က သူ့ကို အလွန် အထင်သေးခဲ့သည့် အဘွားကြီး၊ ယခုတော့ သည်အဘွားကြီးပင်
သားအပေါ်တွင် ချစ်လှသော မေတ္တာစိတ်ဖြင့် သာမန် မိန်းကလေး တစ်ယောက်ထံ
တောင်းတောင်းပန်ပန် စကားလာပြောနေချေပြီ။

"ဒါတော့ ကျွန်မ အထူးတောင်းပန်ပါတယ်. . . မေမေကြီး၊ အချစ်မရှိတဲ့ အိမ်ထောင်
မျိုးကို ကျွန်မ ဘယ်နည်းနဲ့မှ လက်မခံနိုင်ပါဘူး"

သည်စကားမှာ ဂျဲနက်၏ နှလုံးသားထဲတွင် ဇာတ်ကိုယ်ကြား ပြောမိသော စကား
ဖြစ်သည်။ တကယ့်ပါးစပ်မှ ထွက်လာသော စကားကတော့. . .

"မေမေကြီးကို ကျွန်မ ဘယ်စကားနဲ့ ပြောရမှန်းတောင် မသိတော့ပါဘူး မေမေ
ဒါပေမယ့် အစ်ကိုလေးကို လက်ထပ်ဖို့ ကိစ္စကိုတော့ ကျွန်မ ဘယ်လိုမှ စဉ်းစားလို့တော
မရနိုင်အောင်ပါပဲ မေမေကြီး"

"ဒါနဲ့ သမီးကို မေမေကြီး တစ်ခုမေးမယ်၊ အမှန်အတိုင်း ဖြေမလား"

"ကြိုးစားပြီး ဖြေပါ့မယ် မေမေကြီး"

"သမီးက အက်ရှန်ကို မသတီစရာ ဒုက္ခိတ တစ်ယောက်လို့ ထင်နေသလား"

"အို. . . ဘယ်တော့မှ မထင်ပါဘူး၊ တသက်လည်း ထင်မှာ မဟုတ်ပါဘူး၊ အစ်ကိုလေ
အင်မတန် စိတ်ကောင်းရှိတဲ့ လူတစ်ယောက်ပါ၊ ကျွန်မ သူ့ကို အများကြီး လေးစားရှိသေ
ပါတယ်. . . မေမေကြီး၊ ကျွန်မ တကယ်ပြောတာပါ၊ ယုံပါ"

"ဒါဆို. . . မေမေကြီး တစ်ခု ထပ်မေးပါရစေဦး"

"ဟုတ်ကဲ့. . . မေးပါ"

"သမီးမှာ တခြား ချစ်သူ တစ်ယောက်ယောက်များ ရှိနေပြီလား. . ."

ဂျဲနက်က ချက်ချင်း ပြန်မဖြေ၊ အကြာကြီး စဉ်းစားနေသည်။ ပြီးတော့မှ. . .

"ဟုတ်ပါတယ်၊ မေမေကြီး၊ ကျွန်မမှာ ချစ်သူ ရှိပါတယ်၊ ဒါပေမယ့် ချစ်သူရှိတာ
လက်ထပ်ဖို့ ဆိုတာနဲ့တော့ တခြားစီပါ"

"သမီး ဘာပြောတာလဲ၊ မေမေကြီး နားမရှင်းဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဪ အဲဒါကလည်း ဒီလိုပါ မေမေကြီး၊ ကျွန်မ ချစ်သူက လူလွတ်မဟုတ်ပါဘူး၊ ယောကျ်ားကြီးရှိနေတဲ့ လူတစ်ယောက် ဖြစ်နေလို့ပါ"

"ဪ. . ဒီလိုလား၊ ဒါနဲ့ သမီးက သူနဲ့ ဘယ်အတိုင်းအတာထိ ရင်းနှီးနေပြီလဲ၊ တစ်ယောက်နဲ့ တစ်ယောက် ကျူးကျူးလွန်လွန်များ ဖြစ်နေကြပြီလား၊ မေမေကြီး ဒီလို မေးတာ ခွင့်လွှတ်ပါ သမီး"

"ဟုတ်ကဲ့ ကိစ္စမရှိပါဘူး မေမေကြီး၊ မေမေကြီး စေတနာကို ကျွန်မ သဘောပေါက်ပါတယ်၊ ဒါပေမယ့် ကျွန်မတို့ နှစ်ယောက်က ဘယ်လိုမှ မဖြစ်ကြသေးပါဘူး၊ အမှန်အတိုင်း ပြောရရင် ကျွန်မက သူ့ကို တဘက်သတ် ချစ်နေမိတဲ့ အဆင့်ပဲ ရှိပါသေးတယ်၊ သူ့ကို ကျွန်မချစ်နေကြောင်း သူက လုံးဝ မသိသေးပါဘူး"

"ကောင်းပါလေ့ သမီးရယ်၊ ဒါဆို သမီးအနေနဲ့ အက်ရှန် ကိစ္စကို အများကြီး စဉ်းစားရမှာပေါ့၊ သူ့ကို ဦးစားပေးပြီး စဉ်းစားစေချင်ပါတယ်၊ သမီး. . . သူ့ကို လက်ထပ်လိုက်လို့ သမီး စိတ်မညစ်ရပါဘူး၊ ဒါတော့ မေမေကြီး ကောင်းကောင်း ယုံကြည်ပါတယ်၊ နောက်တော့ သမီးအနေနဲ့ သူ့စိတ်သဘောကို ကောင်း ကောင်းကြီး သိလာပါလိမ့်မယ်. . . သမီး"

"ဟုတ်ပါတယ် မေမေကြီး၊ မေမေကြီး ပြောတာ သမီး သဘောပေါက်ပါတယ်၊ ဒါပေမယ့် အခုကိစ္စက ဆိုင်းမဆင့် ဗုံမဆင့် ဖြုန်းစားကြီး ပေါ်လာတယ်ဆိုတော့ ကျွန်မလည်း ဘယ်လို စဉ်းစားရမှန်းတောင် မသိတော့ပါဘူး၊ ပြီးတော့လည်း မေမေကြီး သိတဲ့အတိုင်း ကျွန်မတို့က ဘာသာရေးလည်း တူကြတာ မဟုတ်ဘူး၊ ဘာပဲဖြစ်ဖြစ် ကျွန်မတို့ ဘာသာရေးအရရော၊ မေမေကြီးတို့ ဘာသာရေးအရရော အိမ်ထောင်ပြုတယ်ဆိုတာ သိပ်ပြီး အရေးကြီးတဲ့ကိစ္စပါ၊ တစ်သက်တာ ကိစ္စပါ၊ တစ်သက်တာ ကိစ္စဖြစ်တဲ့အတွက် ခုချက်ချင်း တစ်ထိုင်တည်းနဲ့ ကောက်လုပ်လို့ မဖြစ်နိုင်ပါဘူး"

"အဲလေ ဘာပဲဖြစ်ဖြစ် မေမေကြီး ပြောတဲ့ စကားကိုတော့ အလေးအနက် ထားစေချင်ပါတယ်၊ သမီးအနေနဲ့ အိမ်ထောင်ဘက်ရွေးတဲ့အခါ အက်ရှန်ကိုလဲ ဦးစားပေးစာရင်းမှာသွင်းပြီး လေးလေးနက်နက် စဉ်းစားစေချင်ပါတယ်"

"ဟုတ်ကဲ့ . . . ကျွန်မ လေးလေးနက်နက် သဘောထားပါ့မယ်"

"ကျေးဇူးတင်ပါတယ် သမီးရယ်၊ မေမေကြီး သမီးကို အတင်းအဓမ္မ မတိုက်တွန်းပါဘူး၊ သမီးသဘောအတိုင်းပဲ ဆုံးဖြတ်ပါ၊ ဒါပေမယ့် အခုလို သမီးဆီ မေမေကြီး လာပြီး တောင်းပန်ပြောတာကို အက်ရှန် လုံးဝမသိပါစေနဲ့၊ အဲဒါတော့ မေမေကြီး စိတ်ချပါရစေ သမီးရယ်"

"စိတ်ချပါ မေမေကြီး၊ ကျွန်မ ကတိပေးပါတယ်၊ သူ့ကို လုံးဝ မပြောပါဘူး"

"ကောင်းပါလေ့ကွယ်. . . ကောင်းပါလေ့၊ ကဲ ဒီလိုဆို သူများတွေ မရိပ်မိခင် မေမေကြီး ပြန်လိုက်ဦးမယ်"

နှစ်ယောက်သား တစ်ယောက်မျက်နှာ တစ်ယောက် အကြာကြီး စိုက်ကြည့်နေကြသည်။

နောက်ဆုံးတော့ မဒမ်ဒူပရေးက ဘာစကားမှ မပြောတော့ဘဲ ချာကနဲ လှည့်ကာ အခန်းထဲမှ ပြန်ထွက်သွားသည်။

နှန်ပွင့်စ၁အုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ဂျဲနက်က တံခါးရွက်ကို ပြန်ပိတ်လိုက်သည်။ ပြီးတော့ တံခါးတွင် မှီရင်း ရပ်နေ

**အို . . ဖေဖေရယ် . . . ဒီအချိန်မှာ ဖေဖေသာ ရှိလိုက်ရင်တော့ ဘယ်လောက်**

**လိုက်မလဲ ဖေဖေရယ်။**

ထိုညတွင် ကလေးတွေ အိပ်ရာဝင်၍ အားလုံး အိပ်ပျော်သွားကြပြီးသောအခါ ဂျဲနက် ပန်းခြံထဲသို့ ဆင်းလာခဲ့သည်။ အကိုင်းအခက်များ အုပ်ဆိုင်း ငိုက်ကျနေသော မိုးမခပင်ကြီးအော ထိုင်ခုံဝိုင်းကလေး ပေါ်တွင် ထိုင်သည်။

သူ ဘာလုပ်ရမလဲ။ ဖြစ်နိုင်လျှင် မိမိ ရင်ထဲမှ ခံစားချက်များကို တစ်ယောက်ယောက် ဖွင့်ပြောပြလိုက်ချင်ပါသည်။ သို့သော် ဘယ်သူ့ကို ပြောပြရပါ့မလဲ။

ထိုအခိုက် သူ့မရှေ့တွင် လူတစ်ယောက်လာရပ်သည်။ ကြယ်ရောင်လင်း ညအမှောင်ထဲတွင် ထိုသူ၏ အရိပ်သဏ္ဌာန်သည် မှုန်ဝါးဝါးသာ ထင်သည်။ သို့သော် ဘယ်သူဘယ်ဝါဆိုသည်ကို ဂျဲနက် ချက်ချင်းပင် သိလိုက်သည်။

တစ်ခြားလူမဟုတ်။ ယွန်-ပေါ။

"အို . . မင်းတစ်ယောက်တည်း ဒီမှာလာပြီး ဘာလုပ်ဖို့ ထိုင်နေတာလဲ ညီမရယ်။"

သူက ပြောရင်းနှင့် ဂျဲနက်ဘေးတွင် ဝင်ထိုင်သည်။

ဂျဲနက် နှလုံးသွေးများ ရပ်သွားလေမလားဟုပင် ထင်လိုက်ရသည်။ သည်အကြိမ် သူတို့နှစ် ယောက်တည်း ပထမဆုံး အကြိမ် တွေ့ရခြင်းပင် ဖြစ်သည်။

နောက်ဆုံးတော့ သူက စိတ်ကိုတင်းကာ မလုံမလဲဖြင့် ပြောလိုက်သည်။

"ကျွန် . . . ကျွန်မ စဉ်းစားနေတာပါ၊ စဉ်းစားနေတာပါ"

"ဘာအကြောင်းတွေများ စဉ်းစားနေတာလဲကွယ်၊ ဖြစ်နိုင်ရင် အစ်ကိုကြီး ပြောပြပါလား. . . ဟင်၊ အစ်ကိုကြီးလည်း မျှဝေခံစားရတာပေါ့၊ ဟုတ်လား"

"အမှန်အတိုင်း ပြောရရင် ကျွန်မပြောပြချင်ပါတယ် အစ်ကိုကြီးရယ်၊ ဒါပေ မပြောသင့်တဲ့ အချက်တွေလဲ ရှိနေလို့ပါ"

"ဒီလိုဆို ဝမ်းနည်းပါတယ် ညီမရယ်၊ အစ်ကိုကြီးကို ခွင့်လွှတ်ပါနော်၊ အစ်ကို ပြန်လိုက်ဦးမယ်နော်"

သို့သော် ယွန်-ပေါ ထိုင်ရာမှ ထ၍ ပြန်လှည့်မသွားမီတွင်ပင် သူက အလိုအလျော ရင်ဖွင့်ပြောမိလျက်သား ဖြစ်သွားတော့သည်။

"တကယ်တော့ ကျွန်မဟာ သူတို့လေးတွေကို ချစ်ပါတယ်၊ သိပ်ပြီး ချစ်ပါတယ်၊ ဒါပေ အခုတော့ ကျွန်မအနေနဲ့ သူတို့လေးတွေကို ခွဲခွာပြီး ထွက်သွားရပါတော့မယ်၊ ကျွန်မ ဘ တန်ဖိုးအရှိဆုံးဖြစ်တဲ့ သူတို့လေးတွေနဲ့ ကျွန်မ မလွှဲမရှောင်သာ ခွဲခွာသွားရပါတော့မယ်၊ ကျွန် သူတို့လေးတွေကို ကျွန်မရဲ့ ရင်သွေးတွေလိုပဲ သဘောထားပြီး ချစ်မဝနိုင်အောင် ဖြစ်ခဲ့ရပါ ဒါကြောင့်လည်း သူတို့လေးတွေနဲ့ပဲ တသက်လုံး နေသွားရလိမ့်မယ်လို့လဲ မျှော်လင့်



www.burmeseclassic.com

www.burmeseclassic.com



...တကယ်တော့ ကျွန်မဟာ တော်တော် အတ္တဆန်တဲ့ မိန်းကလေးတစ်ယောက်ပါ၊ ...ဖြစ်နေရတာကလဲ ရင်ဆိုင်နေရတဲ့ ပြဿနာကို ခေါင်းအေးအေး ထားပြီး တည်တည်ငြိမ်ငြိမ်နဲ့ ...ရှင်းနိုင်လို့ ဖြစ်ရတာပါ"

ယွန်-ပေါက ဂျဲနက်မျက်နှာကို အနီးကပ်၍ စေ့စေ့ကြည့်သည်။ ပင်ကိုအားဖြင့် ...နှုတ်တရာမှ တည်ငြိမ်အေးဆေးသော ဣန္ဒြေသိက္ခာ အပြည့်ရှိသော ဤမိန်းကလေး၏ ပါးစပ်မှ ...လို စကားတွေ ပွင့်ထွက်လာသည်ကို သူက အံ့ဩနေမိသည်။

ပထမတုန်းကတော့ ဂျဲနက် ဘာတွေပြောနေမှန်း ယွန်-ပေါက သဘောမပေါက်မိ၊ ...တော့မှ ကလေးတွေနှင့် သူ့အကြောင်း ပြောနေမှန်း နားလည်လာရသည်။ သို့သော် သူ ...တွေကို သည်လောက်တောင် ချစ်နေပါလျက်နှင့် ဘာကြောင့်များ ထွက်သွားချင်ရပါသနည်း။ ...ပေါက နားမလည်နိုင်အောင် ဖြစ်ရသည်။

ယွန်-ပေါက ဂျဲနက်၏ ခေါင်းကို တယုတယ မွှေးကိုင်ပြီး ပခုံးနှင့် ကပ်ထားလိုက်သည်။ ...တ လုံးဝ ငြင်းဆန်ခြင်း မပြု။ ငြင်းဆန်လိုစိတ်လည်း စိုးစဉ်းမျှမရှိ။ တကယ်တော့ ...တည်ရာမရ ဖြစ်နေသော သူ့အတွက် မှီခိုအားထားရာ လူတစ်ယောက်ရပြီဟု တွေးကာ ...ကြီးပင် ပျော်နေမိလေသည်။

"အခုလို ညီမထွက်သွားလိမ့်မယ်လို့ အစ်ကိုကြီး အနေနဲ့ ဘယ်တုန်းကမှ မထင်ခဲ့ဘူး၊ ...တော့ ညီမမှာ ဘယ်လိုပြဿနာတွေ ရှိနေတယ်ဆိုတာကို အစ်ကိုကြီး မသိရဘူးလားကွယ်"

"ပြောတော့ ပြောချင်ပါတယ် အစ်ကိုကြီးရယ်၊ ဒါပေမယ့် ဘယ်လိုမှ ပြောလို့ မဖြစ်လို့ပါ၊ ...အဖြစ်က ဘယ်လိုမှ ပြောပြလို့မရတဲ့ အဖြစ်မျိုးပါ၊ ဒါပေမယ့် ကျွန်မ သွားကိုသွားရမယ်ဆို ...တော့ ပြောလို့ရပါတယ် အစ်ကိုကြီးရယ်"

"ပြောပြပါ ညီမရယ်၊ အစ်ကိုကြီး တောင်းပန်ပါတယ်၊ အစ်ကိုကြီး ကူညီနိုင်တာရှိရင် ...ကုန် ကူညီပါရစေလားကွယ်၊ အစ်ကိုကြီးကို ယုံပါ ညီမရယ်"

ဂျဲနက်က ခေါင်းကို ပခုံးမှ ပြန်ခွာပြီး ယွန်-ပေါ၏ မျက်နှာကို ကြည့်လိုက်သည်။ သူ့အမူ ...ာ တကယ်ပင် လေးနက်သည့် အမူအရာမျိုး။ သူ့မျက်နှာကို ကြည့်နေရင်းမှ ဂျဲနက်ရင်ထဲ ...ထားတာတွေ အားလုံး အရည်ပျော်ကျသွားသည်။

"အစ်ကိုကြီး တကယ်ပြောတာလား၊ တကယ် ကတိပေးမှာလား၊ ကျွန်မက ဘယ်သူ့ကိုမှ ...ချမ်းသာအောင် မလုပ်ချင်လို့ပါ အစ်ကိုကြီးရယ်၊ အထူးသဖြင့် အဲလေ. . . ကျွန်မကြောင့် ...ယ်သူမှ စိတ်မကောင်း မဖြစ်စေချင်လို့ပါ အစ်ကိုကြီးရယ်"

"အို. . . ညီမလေးကလဲကွယ်. . . ညီမကြောင့် ဘာလို့ စိတ်မချမ်းသာ ဖြစ်ရမှာလဲ၊ ...ယ်သူမှ စိတ်မချမ်းသာ မဖြစ်ပါဘူး၊ ကိုယ်က အမှန်အတိုင်း ရိုးရိုးသားသား ပြောပြတာပဲဟာ၊ ...ယ်သူ့ကိုမှ မထိခိုက်ပါဘူးကွယ်၊ အစ်ကိုကြီးကို ယုံပါ ညီမရယ်၊ အစ်ကိုကြီး ဘယ်သူ့ကိုမှ မပြောဘူး၊ ...တယ်ပါ၊ အစ်ကိုကြီးကတိ ပေးပါတယ်"

"ဟုတ်ပါတယ်. . . အစ်ကိုကြီးကို ကျွန်မ ယုံပါတယ်၊ ကျွန်မ ပြောပြပါ့မယ်၊ ပြဿနာက ...ပါ၊ ဒီနေ့ ကျွန်မဆီကို မေမေကြီး ရောက်လာပါတယ်၊ မေမေကြီး ရောက်လာပြီး ကျွန်မကို



www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုလေး အကျ်ရှန်က ချစ်နေတယ်လို့ ပြောပါတယ်၊ အဲဒါ ဖြစ်နိုင်ရင် သူ့ကို လက်ထပ် ချင်တယ်လို့ မေမေကြီးက ကျွန်မကို တောင်းပန်ပါတယ်၊ ဒါပေမယ့် ကျွန်မအနေနဲ့တော့ အစ်ကို ကို ဘယ်လိုမှ လက်မထပ်နိုင်ပါဘူး၊ သူ့ကို ကျွန်မ အများကြီး လေးစားခင်မင်ပါတယ်၊ ချစ် လုံးဝမချစ်နိုင်ပါဘူး၊ အဲဒီတော့ ကျွန်မအနေနဲ့ ဒီမှာ ဆက်နေလို့ ဘယ်လိုမှ မဖြစ်တော့ တစ်ယောက်မျက်နှာ တစ်ယောက်မြင်ရင် သူ့အနေနဲ့ရော ကျွန်မအနေနဲ့ရော သိပ်ပြီး အထိုင်ရ ကျပ်လိမ့်မယ်၊ ကျွန်မက ဘာမှမဖြစ်သလို ဟန်ဆောင်ပြီးလည်း ဘယ်လိုမှ နေ မဟုတ်ပါဘူး၊ အဲဒီတော့ ကျွန်မအနေနဲ့ ထွက်သွားတာပဲ အားလုံးအတွက် အကောင်းဆုံး ဖြစ်

ဂျဲနက်က ပြောပြီး တရှုပ်ရှုပ်ဖြင့် ငိုနေသည်။ ယွန်-ပေါက သူ့အား ပွေ့ဖက်ထား လိုက်သည်။

ဂျဲနက်သည် ကြောက်လန့်ခြင်းနှင့် ဝမ်းသာခြင်းကို တစ်ပြိုင်တည်း ခံစားလိုက်ရပြီး ခေါင်းကို ခါယမ်းရင်း အတင်းရုန်းထွက်ကာ အိပ်ခန်းဆီသို့ ပြေးလာခဲ့သည်။ အိပ် ရောက်သောအခါ ခုတင်ပေါ်တွင် ကန့်လန့်ဖြတ် မှောက်အိပ်လိုက်ပြီးနောက် ကြုံကြုံ အားရပါးရ ငိုချလိုက်တော့သည်။

သူသည် ဖေဖေဆုံးစဉ်က ပထမဆုံးအကြိမ် ငိုခဲ့သည်။ ယခု ဒုတိယအကြိမ် ငို ဖြစ်သည်။

သူ ဘယ်လောက်ကြာကြာ ငိုနေမှန်းတော့ မပြောတတ်တော့။ သို့သော် သူ့အ ယွန်-ပေါ ရောက်နေမှန်းကိုတော့ မျက်နှာမော့မကြည့်ဘဲနှင့် သိနေမိသည်။

ယွန်-ပေါက ကိုယ်ကို ကိုင်းကာ ကြင်နာယုယသော အသံဖြင့် ပြောသည်။

"ဘာလို့ ငိုရတာလဲ ညီမလေးရယ်၊ လောကကြီးမှာ ညီမလေးဟာ. . . တစ်ယောက် အထီးကျန် မဟုတ်တော့ပါဘူး၊ အစ်ကိုကြီး ရှိနေပါပြီ၊ ကဲပါ. . . တိတ်ပါတော့ အချစ်က ညီမလေး စိတ်ချမ်း သာအောင် အစ်ကိုကြီး ကူညီနိုင်ပါတယ်ကွယ်"

သူက ဂျဲနက် မျက်နှာကို သူ့ဘက်သို့ တယုတယ လှည့်လိုက်သည်။

"ဟင့်အင်း. . . ဟင့်အင်း. . မဖြစ်ပါဘူး. . အစ်ကိုကြီးရယ်၊ ဘယ်လိုမှ မဖြစ်နိုင် ကျွန်မအဖြစ်ကို အစ်ကိုကြီး မကူညီနိုင်ပါဘူး"

"ကူညီနိုင်ပါတယ်ကွယ်၊ အစ်ကိုကြီးကို ယုံစမ်းပါ ညီမလေးရယ်"

ဂျဲနက်က သူ့မျက်နှာကို စေ့စေ့ ကြည့်လိုက်သည်။

"အို. . မဖြစ်ပါဘူး၊ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး"

"ဖြစ်နိုင်ပါတယ်. . . ညီမလေးရယ်၊ လူကြံရင် လောကမှာ မဖြစ်နိုင်တာ ဘာမှ မ ဒီတော့ တို့အကြံထုတ်ကြရအောင်၊ ပထမဆုံး အစ်ကိုကြီး တောင်းပန်ချင်တာက ညီမလေး အ ထွက်မသွားပါနဲ့ ဟုတ်လား၊ ဟန်မပျက် ဆက်ပြီးသာ နေလိုက်စမ်းပါကွယ်၊ ကျန်တဲ့ အပိုင်း အစ်ကိုကြီး အေးအေးဆေးဆေးကြည့်ပြီး လုပ်သွားပါ့မယ်၊ စိတ်ချစမ်းပါ၊ ယုံကြည်စမ်းပါ အ

"မဖြစ်ပါဘူး. . အစ်ကိုကြီးရယ်၊ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး၊ ကျွန်မ သွားကို သွ ဆက်နေလို့ ဖြစ်နိုင်စရာ အကြောင်းမရှိတော့ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်ပါတယ်ကွယ်၊ ဖြစ်ကိုဖြစ်ရမှာပါ၊ ဘာဖြစ်လို့လဲဆိုရင် ညီမက ကလေးတွေကို သိပ်ပြီး ...ချင်ပြီ မဟုတ်လား၊ ပြီးတော့ ဒီအိမ်ကြီးမှာ နေရတာကိုလဲ သိပ်ပြီး သဘောကျနေပြီပဲ၊ ဒါကို ...ကြီး သိပါတယ်၊ ညီမက ပါးစပ်ကသာ ပြောပေမယ့် တကယ်ကျတော့ ကလေးတွေနဲ့ ...ကြီးကို ခွဲခွာသွားဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး၊ တကယ်ဆိုရင် ညီမလေးဟာ ကလေးတွေ ...က်သာ လိုအပ်တာ မဟုတ်ပါဘူး၊ အစ်ကိုကြီး အတွက်လည်း အများကြီး လိုအပ်ပါတယ်၊ ...ကြားရတာ ညီမလေး အံ့ဩသွားမလား မသိဘူး၊ အစ်ကိုကြီး တကယ်ပြောတာပါ၊ ညီမလေး ...အစ်ကိုကြီးဘဝမှာ အရေးကြီးတဲ့ အစိပ်အပိုင်းတစ်ခုပါ၊ အရေးကြီးတဲ့ ပုဂ္ဂိုလ်တစ်ယောက်ပါ၊ ...ဖြစ်လို့လဲဆိုရင် ညီမလေးသိတဲ့အတိုင်း အစ်ကိုကြီးက အိမ်ထောင်ရေး စိတ်ချမ်းသာမှု ...ခဲ့နေတဲ့ လူတစ်ယောက်ပါ၊ ဒါပေမယ့် ညီမလေးကို မြင်ရတော့ အစ်ကိုကြီး သိပ်ပြီး ...ချမ်းသာမိခဲ့ပါတယ်၊ ညီမလေးကို တကယ့်ကို အသည်းထဲ နှလုံးထဲက စွဲချစ်မိခဲ့ပါတယ်၊ ...ကြောင့်မို့လဲ အိမ်ထောင်ရေးသုခ ဆိတ်သုဉ်းနေတဲ့ အစ်ကိုကြီးဘဝဟာ စိုပြည်လန်းဆန်း ...ခဲ့ရပါတယ်၊ တစ်ကယ်တော့ ညီမလေးက အစ်ကိုကြီးရဲ့ ဘဝ၊ အစ်ကိုကြီးရဲ့ အသက်ဆိုရင် ...ပါဘူး၊ အစ်ကိုကြီး တကယ်ပြောနေတာပါ၊ အစ်ကိုကြီးကို ယုံပါ ညီမရယ်၊ ညီမလေး ...သွားရင် အစ်ကိုကြီးတော့ တကယ်ရင်ကွဲရပါလိမ့်မယ်"

သည်စကားကို ကြားရတော့ ဂျဲနက်အနေဖြင့် အံ့အားလည်း သင့်မိသည်။ တိတ်တခိုး ...သောစိတ်လည်း ဖြစ်ရသည်။

"အစ်ကိုကြီး ကျွန်မကို လိုအပ်နေတယ်ဆိုတာ တကယ်ပြောနေတာလား. . . ဟင်၊ ...မယ့် ကျွန်မ ကတော့ အဲဒီလို လုံးဝ မထင်ပါဘူး၊ အစ်ကိုကြီး ပြောလို့သာ ကြားရပါတယ်"

"ဒါဆို အစ်ကိုကြီး စကားမပြောတတ်လို့ ဖြစ်ပါလိမ့်မယ်၊ ဒါမှမဟုတ် အစ်ကိုကြီး ...ချက်ကို ညီမလေး သဘောပေါက်အောင် ဖွင့်မပြောတတ်လို့လဲ ဖြစ်ပါလိမ့်မယ်၊ ဘယ်လိုပဲ ...ဖြစ် အစ်ကိုကြီးကတော့ ရင်ထဲမှာ ခံစားနေရတာကို အမှန်အတိုင်း ဖွင့်ပြောတာပါ၊ ...ယ်တော့. . . ညီမလေး အနေနဲ့ ဘယ်မှ ထွက်သွားစရာ မလိုပါဘူး၊ ဒီအိမ်ဟာ ညီမလေးရဲ့ ...လို ဖြစ်နေပါပြီ၊ ပြီးတော့. . . ပြီးတော့ အစ်ကိုကြီးက လည်း ညီမလေးကို မျက်စိအောက်က ...ပျောက်မခံနိုင်အောင် စွဲချစ်နေမိပါပြီ. . . ညီမလေးရယ်၊ ညီမလေး ယုံချင်မှ ယုံပါ၊ မယုံရင်လည်း ...ပါတယ်၊ အစ်ကိုကြီး တသက်မှာ ဒီစကားမျိုးကို ဒီတကြိမ်ပဲ ပထမဦးဆုံး ပြောဖူးပါသေးတယ်၊ ...ခြား ဘယ်မိန်းကလေးကိုမှ မပြောခဲ့ဖူးပါဘူး"

ဂျဲနက်သည် ဝမ်းသာခြင်းနှင့် စိုးရိမ်ခြင်းတို့ နှစ်ခုကြားတွင် စိတ်တွေ ထွေပြားပြီး ယွန်-...က သူ့ကို အမှန်တကယ် ပြောနေတာလား၊ ပရိယာယ်သုံးပြီး လိမ်ပြောနေတာလား ဆိုသည်ကို ...ဝမစဉ်းစားမိ။ သည်အတိုင်း ဖြစ်လာလိမ့်မည်ဟု ဘယ်တုန်းကမှ မမျှော်လင့်ခဲ့သော ဖြစ်ရပ်က ...မှန်တကယ် မမျှော်လင့်ဘဲ ရုတ်တရက် ဖြစ်ပေါ်လာပြန်တော့လည်း သူ့အနေဖြင့် မှင်တက်မိ ...မှာ ဖြစ်သွားရတော့သည်။ တကယ်ဆို တော့လည်း. . သူ အလွန်ဖြစ်ချင်သော ဖြစ်ရပ်တခု ...မျှော်လင့်ဘဲ ဖြစ်ပေါ်လာခဲ့သောအခါ သူ့အနေဖြင့် အဘယ်မှာလျှင် မှား၏၊ မှန်၏ ဆိုသည်ကို ...ဉ်းစားချင်ပါတော့မည်နည်း။ ဖြစ်လာသောအခြေအနေကို ဝမ်းပန်းတသာ ကြိုဆိုခံယူလိုက်ရုံပဲ



www.burmeseclassic.com

www.burmeseclassic.com



ရှိတော့သည် မဟုတ်ပါလား။

သို့ဖြင့် သူက ပြန်ပြောလိုက်သည်။

"အစ်ကိုကြီး ပြောတာတွေကို ကျွန်မလက်ခံပါတယ်၊ ယုံလည်း ယုံပါတယ်၊ ဒါပေ အစ်ကိုလေး အက်ရှန်ကိစ္စက အရေးကြီးတယ်၊ သူ့ကို ရင်ဆိုင်ပြီး ကျွန်မ ဘယ်နေနိုင်ရပါ ပြီးတော့ အခုဆို အစ်ကိုကြီးလည်း ဝင်လာပြန်ပြီဆိုတော့. . ."

"အို. . . အက်ရှန်က ဘာမှ အရေးမကြီးပါဘူး၊ သူ့အကြောင်း လုံးဝ ထည့်စဉ်းစားမ

ဂျဲနက်က မျက်လုံးပြူးသွားပြီး. . .

"အံမယ်. . . ဒီစကားမျိုးကိုတော့ ကျေးဇူးပြုပြီး မပြောလိုက်ပါနဲ့ အစ်ကိုကြီး အစ်ကိုလေး အက်ရှန်ဟာ ကျွန်မအဖို့တော့ သိပ်ပြီးအရေးကြီးပါတယ်၊ အလွန်အရေးကြီးပါ သူ့ကို ထည့်မစဉ်းစားလို့ လုံးဝမဖြစ်ပါဘူး"

"ဒါပေမယ့် အခုချိန်မှာ သူအရေးမကြီးတော့ဘူး၊ ညီမလေးနဲ့ အစ်ကိုကြီးတို့ အရေးကြီးဆုံးဖြစ်သွားပြီ၊ အစ်ကိုကြီးပြောတာ ညီမလေး သဘောမပေါက်သေးဘူး ထင် အစ်ကိုကြီးက ညီမလေးကို ချစ်နေပြီ၊ ညီမလေးကို အစ်ကိုကြီး ဘယ်နည်းနဲ့မှ မခွဲနိုင်တော့

သူ့စကားက အားလုံး အမှန်ချည်း မဟုတ်သော်လည်း အားလုံး အမှားချည်းဟု မဆိုနိုင်။ တကယ်တော့ သူသည် ဂျဲနက်အား စတွေ့သည့် နေ့ကပင် မျက်စိကျနေခဲ့မိသည်၊ သူ့ ငယ်မလေးက လိုင်ယင်မှ လယ်သူမကလေးထက် အဆပေါင်းများစွာသာသည်၊ သူ ကောင်မလေးနဲ့သာ ဆိုရင်တော့. . ဆိုရင်တော့ . . ဟု စိတ်ကူးရင်း ညပေါင်းများစွာ ကု သွားခဲ့ပြီ။ သူ အံတကြိတ်ကြိတ်နှင့် အားခဲမျှော်လင့်နေခဲ့ရသော အခွင့်အရေးကြီးသည် ယ သူ့ရှေ့မှောက်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလာခဲ့ပြီ။ သည်အခွင့်အရေးကို ဘယ်နည် လက်လွှတ်မခံနိုင်တော့။

သည်အတွေးကြောင့် ရမ္မက်ဆန္ဒသည် သူ့ ရင်ထဲ၌ ပြင်းပြစွာ ဖြစ်ပေါ်လာမိသည်

"အစ်ကိုကြီး ပြောနေတာကို ကြားရဲ့လားဟင် ညီမလေး၊ အစ်ကိုကြီးကို ယုံရဲ့လာ ဟင်၊ အစ်ကိုကြီး. . တကယ်ပြောနေတာပါကွယ်"

သူပြောနေတာကို ဂျဲနက် ကြားပါသည်။ စကားအဓိပ္ပာယ်ကိုလည်း နားလည်ပါသ ဂျဲနက်က သူ့ စိတ်ကို ပြန်ထိန်းရန် ကြိုးစားနေခြင်းသာ ဖြစ်သည်။ ပြန်ထိန်းရန် ကြိုးစားနေ ကြားမှပင် ရေလာမြောင်းပေး စကားတွေ သူ့ပါးစပ်မှ အလိုအလျောက် ထွက်သွားမိတော့သ

"ယုံပါတယ်. . . အစ်ကိုကြီးရယ်၊ အစ်ကိုကြီးကို ကျွန်မ အကြွင်းမဲ့ယုံပါတယ်၊ မရှက်မကြောက် ဝန်ခံရမယ်ဆိုရင် ကျွန်မကလဲ အစ်ကိုကြီးကို ပထမဆုံး စတွေ့ရတဲ့ နေ့ ချစ်မိခဲ့ပါတယ်"

ယွန်-ပေါက ဂျဲနက်၏ တကိုယ်လုံးကို သိုင်းကျုံးဖက်ထားလိုက်သည်။ ပြီး တရှိုက်ရှိုက်မက်မက်ဖြင့် အဆက်မပြတ် နမ်းရှုပ်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



…ယောက်သား အိပ်ရာထဲတွင် လှဲရင်း တစ်ယောက်ကိုတစ်ယောက် ကျစ်ကျစ်ပါအောင် …ထားကြသည်။

"ကဲ. . . အစ်ကိုကြီး ပြောတာယုံပြီ မဟုတ်လားဟင်၊ ဘယ်လောက် ပျော်စရာကောင်း …. . . ကြည့်စမ်း၊ တကယ်လို့ ညီမထွက်သွားရင် ဒီလို ပျော်စရာ ကောင်းပါဦးမလား. . . ဟင်၊ …ကိုကြီးကို ဘယ်လောက် ချစ်သလဲ၊ ကဲ. . . ဟောဒီချစ်စရာကောင်းတဲ့ နှုတ်ခမ်းလေးနဲ့ …ပြောစမ်း. . . ပြောစမ်း"

ဂျဲနက်က ယွန်-ပေါအား တင်းတင်းဖက်လိုက်ပြီး အိပ်ချင်မူးတူးအသံဖြင့်. . .

"ဟောဒီလောက်. . . ဟောဒီလောက်အထိ ချစ်ပါတယ် အစ်ကိုကြီးရယ်"

"အဲဒီတော့ အစ်ကိုကြီးပြောမယ်နော်၊ သေသေချာချာ နားထောင်နော်၊ ဒီအိမ်က …ထွက်သွားမယ်ဆိုတဲ့ စကားလဲ ဘယ်တော့မှ မပြောရတော့ဘူး၊ ပြီးတော့. . ကိုယ်တို့နှစ်ယောက် …ရှုတိုလည်း ဘယ်သူမှ မသိစေရဘူး၊ ကိုယ်တို့နှစ်ယောက် အခြေအနေကြည့်ပြီး ဒီလိုပဲ …သွားကြမယ်၊ နောက်ပိုင်း ကိစ္စတွေကို ကြည့်ပြီး အဆင်ပြေအောင်လုပ်သွားမယ်၊ ဘာမှမပူနဲ့၊ …ပျော်ပျော်နေပါ၊ အခြေအနေမပျက် ဒီအတိုင်းပဲ နေသွား ပါ. . သိလား"

"ကောင်းပါပြီ အစ်ကိုကြီး၊ အစ်ကိုကြီး ကောင်းသလိုသာ ကြည့်ပြီး စီစဉ်ပါတော့၊ ကျွန်မ …နေနဲ့တော့ အစ်ကိုကြီးက လွဲပြီး တခြားအားကိုးစရာ ဘယ်သူမှ မရှိတော့ပါဘူး"

သည်နောက်တွင်တော့ သူတို့နှစ်ယောက် အိပ်ပျော်သွားကြလေတော့သည်။

…သတ္တတစ်ပတ် ကုန်လွန်သွားခဲ့သည်။ ဂျဲနက်သည် ဓမ္မတာလာချိန်ရောက်သော်လည်း …မလာ။ သူအလွန် လန့်သွားသည်။ မစားနိုင် မအိပ်နိုင် ဖြစ်လာသည်။ သို့ပေမယ့် ယွန်-…ါနှင့်တော့ တစ်နေ့မပျက် အချိန်မှန်တွေ့နေသည်။ နောက်ဆုံး သွေးရှူးသွေးတန်းနှင့် …ဆာက်တည်ရာမရ ဖြစ်လာသောအခါ ကျိတ်ခံမနေတော့ဘဲ ယွန်-ပေါအား ဖွင့်ပြောလိုက် …တော့သည်။

သည်အချက်သည် ယွန်-ပေါမျှော်လင့်ထားသော အချက်မဟုတ်။ သို့သော် …သည်အကြောင်းသိရတော့ သူက ထူးထူးခြားခြား စိတ်လှုပ်ရှားခြင်း ဖြစ်မိသည်။ အကယ်၍ …ဂျဲနက်တွင် ကိုယ်ဝန်ရှိနေပြီဆိုပါက နောက်တဆင့်တွင် ဘယ်လို လုပ်ရမည်နည်း။

သူက ဂျဲနက်အား နောက်ထပ် သုံးလေးရက်ခန့် စောင့်ကြည့်ရန် ပြောသည်။ …သည်အတောအတွင်း သူ့အနေနှင့်လည်း အကြံထုတ်ရန် အချိန်ရသည်။

နောက်ထပ် လေးရက် ကုန်လွန်သွားခဲ့သည်။ ဓမ္မတာလာရန် အရိပ်အယောင်ပင် …မပြသေး။

ထိုညတွင် နှစ်ယောက်သား ပန်းခြံထဲတွင် ချိန်းတွေ့ကြသည်။ ဂျဲနက်မှာ စိုးရိမ်စိတ်ကြောင့် …ကိုယ်လုံး တဆတ်ဆတ်တုန်နေသည်။

အဖေမပေါ်ဘဲ ကလေးမွေးလျှင် သူ့အရှက်တကွဲ အကျိုးနည်း ဖြစ်ရတော့မည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့မောင်တဝမ်းကွဲ ဂျူလီယံ ပြောခဲ့တာ တကယ်မှန်နေပြီ။ သူ တံတွေးခွက် ပက်လက် မှော
တော့မည်။ မအေ့ ခြေရာနင်းတဲ့ မအေတူသမီး ဖြစ်ခဲ့ပြီ။

"အစ်ကိုကြီး. . . ပြောစမ်းပါဦး ကျွန်မ ဘယ်လို လုပ်ရပါ့မလဲဟင်၊ ဒီအတိုင်းဆို
ကျွန်မဆက်နေလို့ လုံးဝမဖြစ်တော့ဘူး၊ ကျွန်မ ထွက်ကို ထွက်သွားရတော့မယ်"

ယွန်-ပေါက ဂျဲနက်၏ လက်ကို ဆုပ်ကိုင်ကာ ပြောသည်။

"တကယ်တော့ကော ဟုတ်ပါရဲ့လား ဂျဲနက်ရယ်၊ တကယ် ကိုယ်ဝန်ရှိနေပြီဆို
သေချာရဲ့လား"

"ဟုတ်ပါတယ်. . တကယ်သေချာပါတယ်"

"ဒါဆိုလဲ ဘာတတ်နိုင်တော့မှာလဲ၊ ဖြစ်လာသလိုပဲ ရင်ဆိုင်ရတော့မှာပေါ့၊ ဒီ
ငါပြောစာကို သေသေချာချာ နားထောင်ပါ၊ မင်းနဲ့ မင်းရင်သွေးကလေးရဲ့ ဂုဏ်သိက္ခာ
ကာကွယ်နိုင်မဲ့ နည်းလမ်းက တစ်လမ်းပဲရှိတယ်"

"ဘယ်လိုနည်းလမ်းလဲ. . . ဟင်"

"မင်းက အက်ရှန်ကို လက်ထပ်လိုက်ရုံပဲပေါ့၊ ဒီနည်းလမ်းအပြင် တခြားရွေးစ
ဘာမှမရှိတော့ဘူး"

"မဖြစ်နိုင်ဘူး အစ်ကိုကြီး၊ အဲဒါတော့ ကျွန်မဘယ်လိုနည်းနဲ့မှ မလုပ်နိုင်ဘူး၊ ဘယ်တော့
မလုပ်နိုင်ဘူး၊ အစ်ကိုကြီးပဲ စဉ်းစားကြည့်လေ၊ အစ်ကိုကြီးနဲ့ ကျွန်မ ဒီလိုဖြစ်ပြီးမှ ကျွန်မက သူ
လက်ထပ်မယ်ဆိုရင် သူ့အပေါ်မှာ အကြီးအကျယ် စော်ကားရာကျတော့မှာပေါ့၊ ဒီလော
စိတ်ကောင်းရှိတဲ့ ပုဂ္ဂိုလ်တစ်ယောက် အပေါ်မှာ ကျွန်မအနေနဲ့ ဒီလိုပြစ်မှုမျိုးကို ဘယ်တော့
မကျူးလွန်သင့်ဘူး၊ ကျူးလွန်မိရင်လည်း တစ်သက်လုံး ဖြေလို့ ရတော့မှာ မဟုတ်ဘူး"

"ရပါတယ်ကွယ်. . . ဖြစ်ပါတယ်၊ မဖြစ်လို့လည်း မရတော့ဘူး၊ ဖြစ်ကိုဖြစ်ရတော့မယ်
အခြေအနေက တော်တော် ရှုပ်ကုန်ပြီ၊ သာမန်နည်းနဲ့ ဘယ်လိုမှ ဖြေရှင်းလို့ မရနိုင်တော့ဘူး
ဘာကြောင့်လဲဆိုရင် ခုပဲ ကလေး တစ်ယောက်မွေးလာတော့မယ်၊ အဲဒီကလေးဟာ မင်းကလေး
ငါ့ကလေး၊ လူတွေကတော့ အက်ရှန်ရဲ့ ကလေးလို့ ထင်ကြလိမ့်မယ်၊ ဒါပေမယ့် အကြော
မဟုတ်ပါဘူး၊ ထင်ချင်သလို ထင်ကြပါစေ၊ တို့ကလေး ဟာ တို့ကလေးပဲပေါ့၊ တို့နှစ်ယောက်ကြား
ဘာမှအပြောင်းအလဲ မရှိဘူး၊ ဘာပြဿနာမှလဲ ပေါ်စရာမရှိ ဘူး၊ ဒါနဲ့မင်းက အက်ရှန်
လက်ထပ်လိုက်တဲ့အတွက် မင်းကိုငါက ပစ်သွားမယ်လို့ ထင်သလား၊ လုံးဝမထင်ပါနဲ့၊ ဘယ်တော့
ပစ်မသွားဘူး၊ တစ်သက်လုံးပစ်မသွားဘူး၊ အဲဒီတော့ မင်းကအက်ရှန်ရဲ့ ဇနီးမယားအဖြစ်
မဒမ်အက်ရှန်ဒူပရေး ဆိုတဲ့ နာမည်ကိုတော့ယူရမှာပဲ၊ တို့ရဲ့ ရင်သွေးလေးဟာလဲ ငါ့ကိုမွေးခဲ့
အိပ်ရာပေါ်မှာပဲမွေးလာရမှာပဲ၊ ဒီကိစ္စမှာ အက်ရှန်အနေနဲ့ကတော့ ဘာမသိ ညာမသိနဲ့ ကြား
လှည်းကျိုး ဝင်ထမ်းရတဲ့လူလို့ပဲ ပြောပြော၊ ဒါမှမဟုတ်· ဓားစာခံလို့ပဲပြောပြော လုပ်ကို လုပ်
တော့မှာပဲ"

တကယ်တော့ ဤလုပ်ရပ်မှာ အပြစ်ကင်းစင်သော အက်ရှန်အပေါ်တွင် ရက်စက်
သော ပြစ်မှုကြီးတစ်ခုကို ကျူးလွန်လိုက်ခြင်းပင် ဖြစ်သည်။ သို့သော် ဘယ်လိုမှ မတတ်နိုင်တော့



www.burmeseclassic.com

www.burmeseclassic.com



အကယ်၍ ဂျဲနက်အနေ ဖြင့် ဤအစီအစဉ်ကို သဘာမတူခဲ့လျှင် သူ့ အသက်တမျှ ချစ်မြတ်နိုးသော ယွန်-ပေါ်ကို မလွဲမသွေ လက်လွှတ်ဆုံးရှုံးရတော့မည်။ သူ့မှာ ရင်တုန်ပန်းတုန် အကြီးအကျယ် ချောက်ချားသွားမိရသည်။

"အဲဒီတော့ ဘာမှ တခြားစိတ်ကူးမနေနဲ့တော့၊ ငါပြောတဲ့အတိုင်းသာ လုပ်တော့၊ ပထမဆုံး မမေဆီ သွားပြီးပြောလိုက်၊ မေမေကြီးပြောတဲ့အတိုင်း အစ်ကိုလေး အက်ရှန်ကိစ္စကို ကျွန်မ သေသေချာချာ စဉ်းစား ကြည့်ပြီးပါပြီ၊ သူကသာ ကျွန်မဆီလာပြီး လက်ထပ်ပါရစေလို့ ခွင့်တောင်းရင် ကျွန်မက ကြည်ကြည်ဖြူဖြူ လက်ခံဖို့ အဆင်သင့်ဖြစ်နေပါပြီလို့ ပြောပြလိုက်၊ အဲဒါဆိုရင် အားလုံး အိုကေသွားမှာပဲ"

"ဟင့်အင်း. . . ဟင့်အင်း မဖြစ်ဘူး အစ်ကိုကြီး၊ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး၊ ဒါတော့ ညည်းခံပါ အစ်ကိုကြီးရယ်၊ ဒါတော့ ကျွန်မ လေးလေးနက်နက် တောင်းပန်ပါရစေ"

ယွန်-ပေါက ဂျဲနက်အား ကျစ်ကျစ်ပါအောင် ပွေ့ဖက်လိုက်သည်။

"ဖြစ်ပါတယ် ကလေးရယ်၊ အစ်ကိုကြီးက တခြားဘယ်နည်းလမ်းမှ မရှိတော့လို့ ဒီလိုလုပ်ဖို့ ဆုံးဖြတ်တွန်းနေရတာပါ၊ မင်းအနေနဲ့ ဒီနည်းကို လုပ်ကိုလုပ်မှ ဖြစ်တော့မယ်၊ လုပ်ကို လုပ်ရတော့မယ်"

"ကျွန်မက ဟန်ဆောင်ပြီး ပရိယာယ်သုံးတဲ့ နေရာမှာ ဘယ်လိုမှ မတော်ဘူး အစ်ကိုကြီး"

"မတော်ရင်တော်အောင် လုပ်ရမှာပေါ့ ညီမရယ်၊ တကယ်တော့ အကျပ်အတည်း ကြုံလာရင် ပရိယာယ်သုံးတတ်တာဟာ ထွက်ပေါက်များများ ရနိုင်ပါတယ်"

ဤထွက်ပေါက်ကို ရဖို့အတွက် သူသည် ကြိမ်ဖန်များစွာ အပြန်ပြန်အလှန်လှန် စဉ်းစားကြံထုတ်ခဲ့ရသည်။ ဤမဟာဗျူဟာသည် တကယ်လည်း အလုပ်ဖြစ်လိမ့်မည်ဟု သူက သေချာပေါက် တွက်ခဲ့သည်။ ဤမဟာဗျူဟာကို သုံးရခြင်းမှာ အကြောင်းနှစ်ချက်ရှိသည်။

ပထမအချက်ကတော့ ဂျဲနက်မှာ ကိုယ်ဝန်ရှိနေပြီ။ အချိန်တန်လျှင် သားယောက်ျား ကလေး မွေးလာတော့မည်။ ဤအချက်သည် သူ့ဘဝတွင် အလေးနက်ဆုံးသောအချက်။ အပြင်းပြဆုံးသောဆန္ဒ။ ဤဆန္ဒကြီး မကြာမီ ပြည့်ဝလာတော့မည်။ ကလေးမွေးလာလျှင် ကလေးငယ်က အက်ရှန်ကိုထက် သူ့ကိုပိုချစ်လိမ့်မည် ဆိုသည်ကိုလည်း သူက ကျိန်းသေပေါက် တွက်ထားသည်။ ဤအချက်မှာ ရှင်းနေသည်။ အဘယ်ကြောင့်ဆိုသော် သားကလေးတစ်ယောက်အတွက် အက်ရှန်လို ဦးလေးတစ်ယောက်ထက် သူက ပို၍ အစစအရာရာ လုပ်ပေးနိုင်သည် မဟုတ်ပါလား။ ကလေးမွေး လာလျှင် ကလေးငယ်ကို ပျော်ပွဲစားခေါ်သွားမည်။ ရေခဲမုန့် ကျွေးမည်။ အမဲလိုက် ထွက်ကြမည်။ မြင်းစီးသင်ပေးမည်။ ပြီးတော့ လေ့လော့ရွက်တိုက် ထွက်ကြမည်။ သည်အတိုင်း ဆိုလျှင် ကလေးငယ်က သူ့ကို ခွဲမရအောင် ချစ်ခင်လာမည်။ ဤနည်းဖြင့် ကလေးငယ်က အက်ရှန်ကိုထက် သူ့ကို ပိုချစ်လာအောင် အောင်အောင်မြင်မြင် စည်းရုံးယူနိုင်မည်မှာ သေချာသည်။ တချိန်တည်းတွင် ဆူဘက်က အလေးအနက်ထားပြီး လုပ်ရမည်အလုပ်ကတော့ သူ့အနေဖြင့် အက်ရှန်အပေါ်တွင် ယခင်ကထက် ပို၍ ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာ ဆက်ဆံရမည့် အချက်ပင် ဖြစ်သည်။

ဒုတိယအချက်ကတော့ သူ့အနေဖြင့် ညီဖြစ်သူ၏ မိန်းမကို တိတ်တိတ်ပုန်း မယားငယ်



www.burmeseclassic.com

www.burmeseclassic.com



အဖြစ် ထားချင်သောကြောင့် ဖြစ်သည်။ ဤလုပ်ရပ်သည် သူအလွန် လုပ်ချင်သော လုပ်ရပ် ဖြစ်သည်။ သူ့ဝါသနာ၊ သူ့စရိုက်အတိုင်း လုပ်ရ၍ ပီတိဖြစ်ရသော လုပ်ရပ်လည်း ဖြစ်သ ဂျဲနက်က အက်ရှန်ကို လက်ထပ်လိုက်ခြင်းအားဖြင့် အက်ရှန်မှာ ကိုယ့်မိန်းမ မျောက်မထားသူ အလိုအလျောက် ရောက်သွားလိမ့်မည်။

လောကတွင် သည်ထက်ပိုင်သည့်အကြံ ရှိနိုင်ပါဦးမည်လား။ ဤနည်းဖြင့် နောက်ဆုံး ဘာပဲပြောပြော သူသာလျှင် အနိုင်ယူကာ အောင်ပွဲခံရမည်မှာ သေချာနေတော့သည်။

သူက ယင်းသို့တွေးရင်း ပီတိဖြာဝေနေသောအချိန်တွင် ဂျဲနက်၏ စကား သတိပြန်ဝင်လာမိသည်။

"ဒီနည်းလမ်းဟာ မဟုတ်သေးပါဘူး အစ်ကိုကြီး၊ ကျွန်မတို့ အရမ်းမှားနေ ဒီထက်ကောင်းတဲ့ နည်းလမ်း တစ်ခုခုကို စဉ်းစားကြပါဦး"

"ငါနည်းအမျိုးမျိုးနဲ့ စဉ်းစားကြည့်ပြီးပါပြီကွယ်၊ တခြားဘာနည်းလမ်းမှ မရှိလို့ ဒီနည် သုံးရတာပါ။ ကဲ. . . မင်းပဲ စဉ်းစားကြည့်စမ်းပါ၊ ငါ့အနေနဲ့က လူလွတ်မဟုတ်ဘူး၊ မိန်းမရှိ တကယ်တော့ ငါ့မိန်းမကို ကွာရှင်းဖို့ ဆိုတာကလည်း ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး။ ကွာ မဆိုထားနှင့်ဦး၊ ဒီစကားကို မေမေကြား ရင်တောင် ရင်ကွဲသေလိမ့်မယ်၊ အဲဒီတော့ ဒီနည်း ကလွဲရင် တခြား ဘယ်နည်းလမ်းမှ မရှိတော့ပါဘူး၊ ဒီနည်းလမ်းကို ကျင့်သုံးမှလဲ ငါ့အ မင်းကိုရော မင်းရဲ့ရင်သွေးကိုရော အကာအကွယ်ပေးနိုင်လိမ့်မယ်"

ထို့နောက် သူက ဂျဲနက်အား ပွေ့ဖက်၍ နမ်းလိုက်သည်။ ပြီးတော့ . . . ဂျဲနက်အ အဘွားကြီးကို ပြောပြရမည့်စကားများကို သူက စဉ်းစဉ်းစားစားဖြင့် ပြောပြသည်။ ထို့ အဘွားကြီးက အက်ရှန်အား သိမ်သိမ်မွေ့မွေ့ဖြင့် ဘယ်လို ချဉ်းကပ်သင့်ကြောင်းကို သူ နောက်တော့မှ အဘွားကြီးအား ပြောပြမည်ဟုလည်း ကတိပေးသည်။

ဂျဲနက်ကတော့ ယွန်-ပေါ်၏ အကြံပေးချက်ကို လုံးဝလက်မခံနိုင်သေး။ သို့ သူ့အနေဖြင့် ဆန့်ကျင် ကန့်ကွက်ရန် အင်အားလည်း အလျှင်းမရှိတော့။ သို့ဖြင့် နောက်ဆုံး ဘယ်လိုမှ မတတ်နိုင်တော့သဖြင့် လက်မြှောက်အရှုံးပေးလိုက်ရတော့သည်။

"ဒီလိုဆို မေမေကြီးကို ကျွန်မ ဘယ်တော့ သွားပြောရမှာလဲ. . . ဟင်"

"မနက်ဖြန် သွားပြောပါ၊ အဘွားကြီးနားမှာ ဘယ်သူမှ မရှိတဲ့ အချိန်ပေါ့၊ မင်း အဘွား သွားနေတဲ့အချိန်မှာ ကလေးတွေအားလုံး အိပ်ကြတော့မှ ငါ့ဘေးက အိမ်နံဘေးမှာ သွား နေမယ်"

•

ဂျဲနက်သည် မဒမ်ဒူပရေး၏ အခန်းတံခါးကို ညင်သာစွာ ခေါက်လိုက်သည်။

အဘွားကြီး၏ အိမ်ဖော် ရီနီက တံခါးလာဖွင့်ပေးသည်။

အဘွားကြီးက ဂျဲနက်ကို မြင်လိုက်တော့ အိပ်ရာပေါ်မှ ကမန်းကတန်း ထ ဂျဲနက်အား သူ့ ဘေးတွင် လာထိုင်ရန် ပျာပျာသလဲ ဖိတ်ခေါ်လိုက်သည်။ သူ့ စိတ်



www.burmeseclassic.com

www.burmeseclassic.com



တ်က ဘယ်လိုများ အဖြေပေးလိမ့်မလဲ။ ငါမျှော်လင့်ထားတဲ့ အတိုင်းပဲ ဆန့်ကျင်ဘက်အဖြေပဲ လိမ့်မည် ထင်တာပဲဟု တွေးလိုက်မိသည်။

ဂျဲနက်သည် စိတ်လှုပ်ရှားမှုကြောင့် လက်များပင် တုန်ယင်နေမိသည်။ တကယ်တော့ စ်ကိုကြီး ပြောသလို ငါ့အနေနဲ့ ရွေးစရာတခြားနည်းလမ်းမရှိတော့ဘူး။ ပြီးတော့လည်း ငါတ ကို အသက်တမျှ စွဲချစ်နေမိပြီ။ ဘယ်ဘဝမျိုးပဲ ရောက်ရောက် သူစိတ်ချမ်းသာအောင်ပဲ ပေးချင် တော့တယ်။ သူ့ အစီအစဉ်ကို ငြင်းဆန်လိုက်ရင် သူက ငါ့ကို စွန့်ပစ်သွားတော့မယ်။ ဒီလိုဆိုရင် လည်း ငါလဲ ဒီအိမ်မှာ ဘယ်လိုမှ ဆက်နေ လို့ ဖြစ်တော့မှာ မဟုတ်ဘူး။ အဖေ ပေါ်တဲ့ ဒီကိုယ်ဝန်ကြီးပိုက်ပြီး တစ်နေရာရာကို လွင့်သွားရတော့မယ်။ မဖြစ်ဘူး၊ မဖြစ်ဘူး၊ ငါဒီလို ယ်နည်းနဲ့မှ အဖြစ်မခံနိုင်ဘူး။ သူ့စကားကို နားထောင်လိုက်ရင် သူနဲ့ငါလည်း အခြေအနေ တ်ဘဲ မွေ့မသေတုတ်မကျိုး ဆက်ပြီး နေသွားလို့ ရမယ်။ ပြီးတော့ အစ်ကိုလေး အက်ရှန် ပေါ်မှာလည်း ငါက ခင်မင်ရင်းစွဲရှိပြီးသားဆိုတော့ အခြေအနေမပျက် ဆက်ဆံနေထိုင်သွားလို့ နိုင်ပါတယ်။

ယင်းသို့ စဉ်းစားရင်း သူ့ကိုယ်သူ အားတင်းလိုက်ပြီးနောက် ဂျဲနက်က အဘွားကြီးအား ပြောလိုက်သည်။

"မေမေကြီး မေမေကြီးကို ကျွန်မ ကတိပေးထားတဲ့အတိုင်း အစ်ကိုလေး အက်ရှန်နဲ့ က်ထပ်ဖို့ ကိစ္စကို ကျွန်မ လေးလေးနက်နက် စဉ်းစားခဲ့ပြီးပါပြီ"

"အင်. . . ဟုတ်လား. . . အဲဒီတော့"

"ကျွန်မရဲ့ စိတ်ဓာတ်ကို လေးလေးနက်နက် ဆန်းစစ်ဝေဖန်ကြည့်တဲ့အခါ ကျွန်မဟာ စ်ကိုလေး အက်ရှန်အပေါ်မှာ အများကြီး ခင်မင်လေးစားတဲ့ စိတ်စေတနာ ရှိတယ်ဆိုတာ တွေ့ရပါတယ်"

အဘွားကြီးမျက်နှာ အမူအရာသည် ရုတ်တရက် ကြည်လင်လန်းဆန်းသွားသည်။ ပြီးတော့ မ်၍ တင်းမာသွားသည်။ ဂျဲနက်က အက်ရှန်ကို လက်ထပ်နိုင်ပါမည်ဟူသော အဖြေကို ပေးသေးသောကြောင့်ပင် ဖြစ်သည်။

"အဲဒီတော့ သမီးရဲ့ ဆုံးဖြတ်ချက်က ဘယ်လိုလဲ"

"အဲဒီတော့ နောက်ဆုံး ကျွန်မ စဉ်းစားမိတာက မေမေကြီး ပြောသလိုပဲ လူတစ်ယောက် အပေါ်မှာ ပထမဆုံး လေးစားခင်မင်မှုရှိရင် သူ့ကို ချစ်ဖို့ဆိုတာလည်း မခက်ခဲတော့ပါဘူး၊ မှန်အတိုင်း ပြောရရင်တော့ အစ်ကိုလေး အက်ရှန်ဟာ လောကမှာ ဖေဖေကလွဲရင် ကျွန်မ လေးစားဆုံး လူတစ်ယောက် ဖြစ်ပါတယ်၊ မေမေကြီး အိမ်ကို ကျွန်မ ရောက်လာတဲ့ နေ့ကစပြီး စ်ကိုလေး အက်ရှန်ဟာ ကျွန်မအတွက် အရင်းနှီးဆုံး မိတ်ဆွေကောင်း တစ်ယောက်ဖြစ်ခဲ့ပါတယ်၊ ဒီလို ဖြစ်လာရတာဟာလဲ ကျွန်မတို့မှာ တူညီတဲ့ ခံစားချက်တွေ၊ တူညီတဲ့ စိတ်စေတနာတွေ ကြောင့်ပဲ ဖြစ်ပါတယ်၊ အဲဒီတော့ ကျွန်မ တကယ့်နှလုံးသားထဲက ယုံကြည်မိ တဲ့အချက်ကတော့ စိတ်စေတနာတွေ၊ စိတ်ထားတွေနဲ့ အခြေခံပြီး ပေါင်းသင်း ဆက်ဆံကြမယ်ဆိုရင် တစ်ယောက်နဲ့ တစ်ယောက် အများကြီးနားလည်မှု၊ ကြင်နာမှုတွေ ရှိလာနိုင်မယ်လို့ ယုံကြည်မိပါတယ်၊ တကယ်ဆို



www.burmeseclassic.com

www.burmeseclassic.com



တော့လည်း အဲဒီလို စိတ်စေတနာမျိုးမှသာ လောကမှာ အကောင်းဆုံး၊ အမွန်မြတ်ဆုံး ချစ်ခြ
မေတ္တာဖြစ်ပါတယ်"

အဘွားကြီးသည် ကိုယ်ကို ခေါင်းအုံးပေါ်တွင် နောက်မှီချလိုက်ရင်း ဂျဲနက်နှုတ်ဖျား
ထွက်လာမည့် နောက်ဆုံး အဖြေကို မျှော်လင့်တကြီးဖြင့် နားစွင့်နေမိသည်။

"အဲဒါကြောင့်မို့လို့ ကျွန်မ ဆုံးဖြတ်ချက်တစ်ခုကို အပြီးအပိုင်ချလိုက်ပါတယ်၊ အစ်ကိုး
အက်ရှန်တ ကျွန်မကို လက်ထပ်ယူချင်ပါတယ်ဆိုရင် ကျွန်မရဲ့ အဖြေကတော့ မငြင်းပါ
ဆိုတာပဲ"

အဘွားကြီး၏ မျက်လုံးအစုံတွင် မျက်ရည်များ ဝိုင်းလာသည်။ ဂျဲနက်၏ နှုတ်ဖျား
ထွက်လာသော စကား။ ပြီးတော့ ဂျဲနက်၏ လိမ္မာပါးနပ်စွာ ပြောဆိုမှုတို့ကြောင့် အဘွားကြီး
ရင်နှင့်အမျှ ပီတိလှိုင်းတွေ ဖြာဝေ ရိုက်ခတ်သွားပြီး လေးလံစွာ ချီပိုးထားရသော ဝန်ထုပ်ဝန်ပိုး
ကျသွားသကဲ့သို့ ခံစားလိုက်မိတော့ သည်။

ထို့နောက် အဘွားကြီးက ဂျဲနက်အား တယုတယ ပွေ့ဖက်လိုက်ပြီး. . . .

"အမလေး လိမ္မာလိုက်တဲ့ သမီးလေးရယ်၊ သမီးလေး စကားကြားရတာ မေမေကြီး
ဝမ်းသာလိုက်တာကွယ်၊ အစကတည်းက သမီးကလေးရဲ့ တန်ဖိုးကို အက်ရှန်သိသလို မေမေကြီး
မသိခဲ့ရတာ အခုမှ တွေးပြီး မေမေကြီး အများကြီး နောင်တရမိပါတယ် သမီးရယ်၊ မေမေကြီး
ခွင့်လွှတ်ပါကွယ်၊ အခုတော့ မေမေကြီး သားလေးက သမီးလေးကို ဒီလောက်တောင် ဘာကြော
စွဲစွဲလမ်းလမ်းဖြစ်ခဲ့ရတယ်ဆိုတာ မေမေကြီး သေသေချာချာ သဘောပေါက်ပါပြီကွယ်"

အဘွားကြီးက သည်စကားများကို ပြောနေချိန်တွင် ဂျဲနက်၏ စိတ်က တခြားရောက်
သည်။ သူက ယွန်-ပေါ်အကြောင်းကို တွေးမိသည်။ တဆက်တည်းပင် သူ့ဗိုက်ထဲမှ မမွေးရသေးသော
ယွန်-ပေါ်၏ ရင်သွေးကလေးအကြောင်းကိုလည်း တွေးမိသည်။ သူသည် ယခုမှသာ မိခင်တစ်
ယောက်၏ ကြီးလေးလှသော တာဝန်ဝတ္တရားအကြောင်းကို တွေးမိတော့သည်။ သို့သော် အဖြစ်မှန်
တွေးမိသောအခါတွင်ကား သူ့အဖို့ ကြည်နူးဝမ်းသာခြင်း မဖြစ်ရဘဲ ထိန့်လန့်တုန်လှုပ်ခြင်းသာ
ဖြစ်ရလေသည်။ သူသည် မဒမ်ဒူပရေးကဲ့သို့ မိမိ၏ သားကလေးအပေါ်တွင် အကြင်နာတရား
ကြီးမားပြင်းပြသော မိခင်တစ်ယောက်ဖြစ်နိုင်ပါမည်လား။ တစ်ချိန်တည်းတွင် ချစ်လင်ကြီးနှင့်
သမီးငယ်တို့အား ရက်ရက်စက်စက် စွန့်ခွာကာ လင်ငယ်နောက် ကောက်ကောက်ပါသွားသော
သူ့မိခင်၏ တကိုယ်ကောင်းဆန်သော စိတ်ထားမျိုးကို ရှောင်ရှားနိုင်ပါမည်လား။

ယွန်-ပေါ်သည် သူ၏ စီမံကိန်းကို အကောင်အထည်ဖော်ရန် ထိုနေ့ညတွင် မိခင်ကြီး၏ အခန်းသို့
လာခဲ့သည်။

"မေမေ ကျွန်တော် မေမေနဲ့ စကားပြောစရာရှိလို့ လာခဲ့တာပါ"

"ဘာကိစ္စများလဲ သား"

"ဟုတ်ကဲ့ ကျွန်တော် အေးအေးဆေးဆေး ပြောပြပါ့မယ် မေမေ၊ ဒါပေမယ့် ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



[illegible]သာပြောတာကို အလကားအပင်ပန်းခံပြီး အလုပ်ပိုတွေ လာလုပ်နေတယ်လို့တော့ မထင်စေ[illegible]ဘူး မေမေ၊ ဒီလို ပြောမပြရင် ကျွန်တော့် အနေနဲ့ တာဝန်မကျေရာ ရောက်မှာစိုးလို့ပါ၊ ကိစ္စက [illegible]လေး အက်ရှန်ကိစ္စပဲ မေမေ"

မိခင်ကြီးက သားဖြစ်သူ၏ မျက်နှာကို စေ့စေ့ကြည့်လိုက်သည်။

"အင်း. . . ကြားရတာ အံ့သြစရာတော့ အံ့သြစရာပဲ သား၊ မေမေကလည်း ဒီလိုအဖြစ်မျိုး [illegible]ရင် မအံ့သြဘဲ မနေနိုင်ဘူးကွဲ၊ မေမေ့မှတ်မိသလောက်မှာတော့ အက်ရှန်ကိစ္စနဲ့ ပတ်သတ်လို့ [illegible]လိုသားက အရေးတယူ ပြောဆိုတာမျိုး၊ စိုးရိမ်တာမျိုးတွေ မေမေ တစ်ခါမှ မတွေ့ခဲ့ရဖူးပါလား"

"အဲဒါ မှန်ပါတယ် မေမေ၊ ကျွန်တော့်အနေနဲ့ အက်ရှန်ကိစ္စကို ဟိုတုန်းက ဘယ်တော့မှ [illegible]မတွက်ခဲ့တာ အမှန်ပါ၊ ဒါပေမယ့် လူဆိုတာ အရွယ်က စကားပြောတတ်တာပဲ. . မေမေ၊ [illegible]တော်လည်း အသက်အရွယ်ကြီးလာသလို စိတ်သဘောထားလဲ ကြီးလာပါပြီ မေမေ၊ ဟုတ်ပါ[illegible]ယ်၊ အက်ရှန်အပေါ်မှာ အလျင်တုန်းက ကျွန်တော် ဆက်ဆံခဲ့တဲ့ ပုံစံဟာ မှားခဲ့ပါတယ် မေမေ၊ [illegible]သမယ့်. . အခုတော့ ကျွန်တော် အမြင်မှန် ရလာခဲ့ပါပြီ၊ အဲဒီတော့ အက်ရှန်ကိစ္စနဲ့ ပတ်သက်ပြီး [illegible]န်တော်ပြောချင်တာကတော့ ကျွန်တော့်ကို မေမေ မကြာခဏ ပြောခဲ့ဖူးတဲ့ စကားအတိုင်းပါပဲ၊ [illegible]က်ရှန်ဟာ ဘာပဲဖြစ်နေဖြစ်နေ လူ့ဘဝမှာ ပျော်ရွှင်မှု အပြည့်အဝ ရသင့်တဲ့ လူတစ်ယောက်ဖြစ်[illegible]တယ်၊ ပွင့်ပွင့်လင်းလင်း ပြောရရင် ကျွန်တော်ဟာ ဘယ်လောက်ပဲ ဟန်ဆောင်ကောင်းကောင်း [illegible]က်ရှန်လိုလူစားမျိုး ဘယ်တော့မှ မဖြစ်နိုင်ပါဘူး၊ ဖြစ်ရင်လည်း ဟန်ဆောင်ကောင်းတဲ့ [illegible]တစ်ယောက်ပဲ ဖြစ်မှာပါ၊ တကယ်တော့ အက်ရှန်မှာ ကျွန်တော့်ထက်တော်တဲ့ အရည်အချင်း [illegible]အများကြီး ရှိပါတယ်၊ ဒါကို ကျွန်တော်ဝန်ခံပါတယ်၊ ဒါနဲ့တောင်မှ ကျွန်တော်က သူ့ကို [illegible]လူရာမသွင်းသလို ဆက်ဆံခဲ့မိတာတွေဟာ ကျွန်တော့်အမှားတွေပါ၊ ဒီအတွက် မေမေ [illegible]ယ်တိုင်အများကြီး စိတ်မချမ်းမသာ ဖြစ်ခဲ့ရပါတယ်၊ ခုတော့ ကျွန်တော့်အမှားကို ကျွန်တော် [illegible]ပါပြီ၊ နောင်တလဲ ရပါပြီ. . မေမေ"

"ဒီစကားတွေဟာ သားနှလုံးသားထဲက တကယ်ထွက်လာတဲ့ စကားတွေလား သား"

"ဟုတ်ပါတယ်. . . မေမေ၊ နှလုံးသားထဲက ထွက်လာတဲ့ စကားတွေပါ။ ကျွန်တော်က [illegible]လေးဘဝကို တွေးကြည့်ပြီး စိတ်မကောင်းဖြစ်မိလို့ အခုလို ပြောရခြင်းပါ၊ တကယ်တော့. . . [illegible]ယ်သူမဆို အရွယ်ရောက် လာရင် မွေ့တာအတိုင်း အိမ်ထောင်ရက်သား ပြုကြရမှာပါပဲ၊ ညီလေး [illegible]က်ရှန်က သူများတွေနဲ့မတူလို့ ပိုပြီးတော့တောင်မှ စောစောစီးစီး အိမ်ထောင်ပြုသင့်ပါတယ်၊ [illegible]ကြောင့် ကျွန်တော်မေမေ ပြောခဲ့တဲ့ စကားတွေကို အများကြီး ပြန်ပြီး စဉ်းစားမိခဲ့ပါတယ်၊ [illegible]န်တော်ဆိုလိုတာက အက်ရှန်နဲ့ ဂျဲနက်တို့ ကိစ္စပါ။ သူက ကလေးမကို တော်တော့်ကို [illegible]လမ်းလမ်း ဖြစ်နေတယ်၊ အစတုန်းကတော့ ကျွန်တော် ဒီလောက် မထင်ခဲ့မိဘူး၊ အခုတော့မှ [illegible]တောင် ငမ်းငမ်းတက် ဖြစ်နေပြီဆိုတာ တွေ့ရတော့တယ်၊ အဲဒီတော့ ကျွန်တော်က ညီလေးအပေါ် [illegible]တနာနဲ့ ရိုးရိုးသားသား ပြောချင်တာကတော့. . . သူက ကောင်မလေးဆီသွားပြီး ချဉ်း ကပ်ဖို့ [illegible]မေမေကပဲ တိုက်တွန်း စေချင်ပါတယ်၊ အဆုံးစွန် ပြောရရင်တော့ မေမေရယ်. . . . လောကကြီးမှာ [illegible]ယ်အင်္ဂါချို့တဲ့နေတဲ့လူတွေလည်း တခြားလူကောင်းတွေလိုပဲ အိမ်ထောင်ပြုကြတာပါပဲ၊ သူတို့ကလဲ



www.burmeseclassic.com

www.burmeseclassic.com



တခြားလူတွေလို လင်နဲ့မယား ပျော်ပျော်ရွှင်ရွှင် တစ်သက်လုံး ပေါင်းသွားနိုင်ကြတာ
အဲဒီတော့. . အက်ရှန်က ကော ဘာဖြစ်လို့ မိန်းမ မရရမှာလဲ"

မိခင်ကြီးက သားဖြစ်သူ၏ စကားကို များစွာမယုံကြည်သေးသော်လည်း ယုတ္တိယုတ္တ
လိုက်လိုက် လှဲလှဲထောက်ခံပြောဆိုနေသောကြောင့် အတော်ကလေး ဝမ်းသာခြင်း ဖြစ်မိရသ
ကျေးဇူးလည်းတင်မိသည်။ ထို့ကြောင့် သူက အဖြစ်မှန်ကိုပင် ဖွင့်ပြောလိုက်မိသည်။

"သားပြောတာ နောက်တောင် ကျနေပြီ။ မေမေက သူ့ကို ဒီအကြောင်း ပြောပြပြီး
ဒါပေမယ့် သူက အကျောက်အကန် ငြင်းဆန်နေတယ်. . . သားရဲ့"

"ဒီလိုဆို သူလက်မခံ လက်ခံလာအောင် မေမေက ပြောပြရမှာပေါ့၊ သူ့ဘဝ လူဖြစ်
ဆိုတာမျိုး လုံးဝမတွေးပါစေနဲ့၊ သူ့အသက် အခုဆိုရင် ၂၅ ထဲ ရောက်နေပြီ၊ အိမ်ထောင်
အကောင်းဆုံးအရွယ်ပါပဲ၊ ဒါပေမယ့်. . ကလေးမလေးအနေနဲ့ သူ့အပေါ် ဘယ်လို သဘော
မယ်ဆိုတာ မသိရတော့ နည်းနည်းတော့ ခက်နေတယ်"

"အဲဒါလည်း မခက်ပါဘူးကွယ်၊ ကောင်မလေးကလည်း သူ့ကို ချစ်ပါတယ်"

"မေမေက ဘယ်လိုလုပ် သိတာလဲ"

"ကောင်မလေးက ပြောပြလို့ သိရတာပေါ့၊ ငါသူနဲ့ စကားပြောပြီးပြီ"

ယွန်-ပေါက အံ့အားသင့်သွားဟန်ဖြင့်. .

"ဟာ. . . ဒီလိုဆို သိပ်ကောင်းတာပေါ့၊ အခြေအနေက သိပ်လွယ်နေပြီပဲ၊ အဲဒီ
မေမေလုပ်ဖို့ လိုအပ်တာက ကောင်မလေးအနေနဲ့ ဒီအိမ်က ထွက်သွားမလို့ စိတ်ကူးနေ
ဆိုတာ. . . အက်ရှန်ကို ပြောပြဖို့ လိုအပ်တယ်"

"ဟင်. . သူက ဘာလို့ ထွက်သွားရမှာလဲ"

"အဲဒါက ဒီလိုပါ၊ မေမေက သူ့ကို သွားပြောတော့ သူက ဒီအိမ်က ထွက်သွားတော့မ
ပြောခဲ့တယ် မဟုတ်လား၊ နောက်ပိုင်းကျတော့ သူက မေမေ့ဆီလာပြီး အက်ရှန်ဟာ သူဒီအိ
စရောက်ကတည်းက သူ့ကို အလွန် ဂရုစိုက်ခဲ့တဲ့ အကြောင်း၊ အဲဒါကြောင့်မို့လို့လဲ အက်ရှ
သူက ပြန်ချစ်နိုင်တဲ့အကြောင်း မေမေ့ကို ဖွင့်ပြောခဲ့တယ် မဟုတ်လား၊ အဲဒီတော့. .
မိန်းကလေးက ကြိုက်ပါတယ် ဆိုတာတောင် ယောကျာ်းကလေးက ငြင်းနေသေးမယ်ဆို
ဒီမိန်းကလေးအနေနဲ့ ဘယ်လောက်ရှက်လိုက်မလဲဆိုတာကို မေမေပဲ စဉ်းစားကြည့်ပါ
အဲဒီတော့ သူ့အနေနဲ့ အရှက်ကာကွယ်ဖို့အတွက် ဒီအိမ်က ထွက်ကိုထွက်သွားရတော့မှာပေ

"ဒီလိုဆို မေမေက အက်ရှန်ကို သွားပြီး နားချပြောပြရင် သူက လက်ခံလိမ့်မ
သားက ယုံကြည်လို့လား"

"ဟာ ယုံကြည်တာပေါ့ မေမေရ. . . သူ့အနေနဲ့ ကောင်မလေးအပေါ်မှာ ကြင်နာ
နေတာပဲ၊ ကောင်မလေး အိမ်ကထွက်သွားတာ သူ့အနေနဲ့ ဘယ်သဘောတူနိုင်ပါ့မလဲ"

"အေးပေါ့သားရယ်. . . သားထင်သလိုသာ ဖြစ်လာရင်တော့ အတိုင်းထက်အလွန်
ကုဋ္ဌာ:ပဲပေါ့"

"ဒါပေါ့ မေမေရဲ့. . သားပြောတာ ယုံစမ်းပါ၊ မေမေပြောရင် ဖြစ်ကို ဖြစ်ရမှာပါ၊ ကျွန်



www.burmeseclassic.com

www.burmeseclassic.com



ချိန်းသေပေါက် ပြောရဲပါတယ်"

"အေးကွယ်. . . သားစကား ကြားရတာ မေမေ ဝမ်းသာလိုက်တာ၊ မေမေ့ သား ချစ်ယောက် အခုလို ကြင်ကြင်နာနာ ချစ်ချစ်ခင်ခင် ရှိကြတာ သိရတော့ မေမေ့မှာ ဘုရားသခင် ကောင်းချီးပေးခြင်း ခံရသလို ဝမ်းသာလို့ မဆုံးတော့ပါဘူး သားရယ်၊ ကဲ မေမေ့နား တိုးစမ်းပါဦး၊ သားကြီးကို မေမေ တစ်ချက်လောက် မွှေးမွှေးပေးပါရစေ"

ယွန်-ပေါ်၏ မျက်နှာတွင် အပြုံးရိပ်တွေ ဝေသွားပြီး သူ့မျက်နှာကို မိခင်ကြီး နှာခေါင်းဆီသို့ ကြည်ဖြူစွာ ကပ်ပေးလိုက်လေသည်။

•

နောက်တစ်နေ့ မနက်တွင် မဒမ်ဒူပရေးက သားဖြစ်သူ အက်ရှန်အား သူ့အခန်းသို့ လာခဲ့ရန် အခေါ်လွှတ်လိုက်သည်။ သူသည် တစ်ညလုံး အိပ်မပျော်ခဲ့။ ယွန်-ပေါက လှိုက်လှဲဝမ်းသာ ထောက်ခံအားပေးခဲ့သည့်တိုင်အောင် အက်ရှန်အနေဖြင့် လက်မှလက်ခံပါ့မလားဟူသော နိုးရိမ်စိတ်က လွှမ်းမိုးနေသည်။ သို့သော်လည်း အကြောင်းကြောင်းကို စဉ်းစားကြည့်လိုက်သောအခါ အက်ရှန်အနေဖြင့် မည်သည့် နည်းနှင့်မျှ ငြင်းပယ်နိုင် စရာအကြောင်းမရှိဟု တွက်ဆမိသည်။

မကြာမီပင် အက်ရှန် ရောက်လာသည်။ သူက မိခင်ကြီးဘေးတွင် ဝင်ထိုင်လိုက်သည်။ မိခင်ကြီးက ယွန်-ပေါ် ပြောခဲ့သမျှကို အက်ရှန်အား တစ်ခုမကျန် ပြန်လည်ပြောပြသည်။ သို့ပြင်. . . အစတွင် သူ့အနေ ဖြင့် ဂျဲနက်အား လုံးဝသဘောမကျခဲ့ကြောင်း။ သို့သော် နောက်တော့ ဂျဲနက်က ကလေးတွေအပေါ် ကြင်နာစွာ ပြုစုဆက်ဆံပုံ၊ အက်ရှန်အပေါ် တစ်နေ့ထက်တစ်နေ့ လေးစားခင်မင်မှုပြလာပုံတို့ကို မြင်လာရ၍ တဖြည်းဖြည်းနှင့် ဂျဲနက်အား နားလည်ခဲ့ရကြောင်း။ အထူးသဖြင့်. . မွေးနေ့ ပျော်ပွဲစားထွက်ရာမှ ပြန်လာကြသောအခါ အက်ရှန်နှင့် ဂျဲနက်တို့၏ တစ်ဦးအပေါ် တစ်ဦးတွယ်တာ မြတ်နိုးမှုရှိနေကြပုံကို ထင်ထင်ရှားရှား သိမြင်ခဲ့ရကြောင်း။ သို့သော် အက်ရှန်က သူ့လို ဒုက္ခိတ တစ်ယောက်ကို ဘယ်မိန်းမကမျှ လိုချင်မည် မဟုတ်ဟု ယူဆထားသည်ကို သိရ၍ မိမိအနေဖြင့် စိတ်မကောင်း ဖြစ်ခဲ့ရကြောင်း။ စင်စစ် ဂျဲနက်အနေဖြင့် အက်ရှန်အပေါ် တွင် ခင်မင်ရင်းစွဲရှိပြီးဖြစ်ကြောင်း၊ အက်ရှန်ကသာ လက်ထပ်ပါရစေဟု ခွင့်တောင်းလျှင် ကြည်ကြည်ဖြူဖြူ နှင့် ခွင့်ပြုနိုင်သည့်အခြေအနေမျိုးတွင် ရှိနေကြောင်း၊ ထို့ကြောင့် မိမိက ဂျဲနက်အား စကားစကြည့်ခဲ့ကြောင်း၊ သို့သော် ဂျဲနက်က ပထမတွင် ဘယ်နည်းနှင့်မျှ မဖြစ်နိုင်ပါဘူးဟု ငြင်းခဲ့ပြီး နောက်တော့မှ အက်ရှန်က ဆန္ဒရှိလျှင် သူကလည်း မငြင်းပါဟု ဖွင့်ပြောခဲ့ကြောင်း၊ အကယ်၍ အက်ရှန်ကသာ သူ့ကို လက်မထပ်နိုင်ပါဘူးဟု ပယ်ချခဲ့လျှင် ကလေးမအနေနဲ့ အရှက်ရပြီး အိမ်မှ ထွက်သွားနိုင်ကြောင်း. . . စသည်ဖြင့်အကြောင်းစုံ ပြောပြလိုက်သည်။

မိခင်ကြီး စကားဆုံးသွားသောအခါ အက်ရှန်က မယုံကြည်နိုင်ဟန်ဖြင့် ခေါင်းကို ခါယမ်း ရင်း ပြန်ပြောသည်။

"ဂျဲနက်က တကယ်ပဲ အဲဒီလို ပြောသလား. . . မေမေ၊ သူက ကျွန်တော့်ကို ချစ်ပါတယ် လို့ တကယ်ပဲ ပြောသလား. . . ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်. . . သားရယ်၊ သူက တကယ်ပဲ ပြောပါတယ်၊ မေမေက အမှန်အတိုင်း ပြောပြတာပါ။ သူ့ကို လက်ထပ်ရင် သား စိတ်ချမ်းသာရမှာပါကွယ်၊ အရေးကြီးတာက သားဘက်က ရှောရှောရှုရှု လက်ခံလိုက်ဖို့သာ လိုပါတော့တယ်"

"သူကသာ ကြည်ဖြူမယ်ဆိုရင် ကျွန်တော့်ဘက်က ဘာငြင်းစရာ လိုတော့သလဲ မေမေ ကျွန်တော့် အနေနဲ့ ထကရုံပဲ ရှိတော့တာပေါ့၊ သူ့ဒီအိမ်က ထွက်သွားမယ်ဆိုတာကို ကျွန်တော့်အနေ ဘယ်လိုမှ လက်မခံနိုင်ပါဘူး၊ သူထွက်လည်း မထွက်သွားစေရပါဘူး။ ဒါပေမယ့် ကျွန်တော် နားရှိလို့သာ ကြားရတယ်. . မေမေ၊ မေမေပြောတဲ့ စကားကိုလုံးဝမယုံကြည်နိုင်အောင် ဖြစ်ရပါတယ်. . . မေမေ၊ မေမေပြောတဲ့အတိုင်းသာ တကယ်မှန်ခဲ့ရင်တော့ လောကမှာ ကျွန်တော့် လောက် ကံကောင်းတဲ့လူ မရှိတော့ပါဘူး၊ ဘုရားသခင်ကိုလည်း ကျေးဇူးတင်လို့ ဆုံးနိုင်စရာ မရှိတော့ပါဘူး"

သားဖြစ်သူ၏ စကားကို ကြားရတော့ မိခင်ကြီးမှာ ဝမ်းသာလွန်း၍ သားဖြစ်သူအား ပွေ့ဖက်၍ပင် ထားမိသည်။ သို့သော် အက်ရှန်ကတော့ မိခင်ကြီးပြောသော စကားကို အကြွင်းမဲ့ မယုံနိုင်သေး။ သံသယစိတ်တွေ ရှိနေဆဲပင် ဖြစ်သည်။ သို့သော် အတွင်းစိတ်ကတော့ ယုံကြည် ချင်နေသည်။ ထို့ကြောင့်လည်း ယနေ့ည ညစာစားပြီးသောအခါ ဂျဲနက်ထံသွား၍ ချစ်ရေးဆိုမည်ဟု ဆုံးဖြတ်ချက်ချလိုက်သည်။

သို့ဖြင့် ထိုနေ့တစ်နေ့လုံး သူသည် ဂျဲနက် အခြေအနေကိုသာ မျက်ခြေမပြတ် အကဲခတ် နေမိသည်။ ဂျဲနက်၏ အမူအယာမှာ ခါတိုင်းနှင့်မတူ သိသိသာသာ ပြောင်းလဲနေသည်။ သို့သော် အက်ရှန်အနေဖြင့် လုံးလုံးလျားလျားတော့ မယုံကြည်ဝံ့သေး။ စိုးရိမ်စိတ်ကလေးက တငွေ့ငွေ့ ရှိနေသေးသည်။ ဂျဲနက်က အကြောင်းတိုက်ဆိုင်တိုင်း သူနှင့် မကြာခဏ စကားလာပြောသည်။ အမူအယာကလည်း ခါတိုင်းထက် လှိုက်လှဲ ဖော်ရွေသည်။

ဂျဲနက်သည် ညစာစားနေရင်းမှပင် အက်ရှန်အား မကြာခဏ တိတ်တခိုးကြည့်သည်။ မျက်လုံးချင်းဆုံမိတော့ အက်ရှန်မှာ ရှက်သလိုလို ခံစားရပြီး တစ်ဘက်သို့ မျက်နှာလွှဲပစ်တတ်သည်။ အခြေအနေကတော့ မိခင်ကြီး ပြောခဲ့တဲ့အတိုင်း မှန်နေသည်။ ဤအချက်ကို သူ့အနေဖြင့် အစောကြီးက မသိခဲ့တာ တော်တော် အ,သည်ဟုပင် ကိုယ့်ကိုယ်ကိုယ် ထင်မိသည်။ သူက ဝမ်းသာ လွန်းသဖြင့် ဘာဟင်းတွေနှင့် စားနေမှန်းပင် သတိမပြုမိနိုင်အောင် ဖြစ်နေမိသည်။

တကယ်တော့ ဝမ်းသာရသူမှာ အက်ရှန် တစ်ယောက်တည်းသာမဟုတ်။ မိခင်ကြီးက လည်း စားရင်းသောက်ရင်း တပြုံးပြုံးနှင့် ဝမ်းသာမဆုံး ဖြစ်နေမိသည်။

မိခင်ကြီးမှာ သားဖြစ်သူအတွက် မင်္ဂလာလက်ဆောင်အဖြစ် ဘယ်လက်စွပ်ကို ပေးရ မလဲဟု တစ်နေကုန် စဉ်းစားနေမိခဲ့သည်။ သို့ဖြင့် ရတနာကြုတ်ကိုထုတ်ကာ ဂရုတစိုက် ရွေးချယ်ခဲ့သည်။ နောက်ဆုံးတော့ ဘေးမှ စိန်တွေရံထားသော မြလက်စွပ်ကြီးကို ရွေးချယ် လိုက်သည်။ ဤလက်စွပ်သည်ပင် စေ့စပ်ကြောင်းလမ်းခြင်း အထိမ်းအမှတ် ဖြစ်ပေလိမ့်မည်။ သူ့ မင်္ဂလာပွဲအတွက်လည်း စိတ်ကူးထဲတွင် အပြည့်အစုံ အစီအစဉ်များရေးဆွဲ ထားပြီးဖြစ်သည်။ ဖြစ်နိုင်လျှင် မြန်နိုင်သမျှ မြန်မြန်မင်္ဂလာပွဲ ကျင်းပချင်သည်။ သို့မဟုတ်လျှင် ဂျဲနက်အနေဖြင့်



www.burmeseclassic.com

www.burmeseclassic.com



...တမျိုးပြောင်းသွားမည်ကို စိုးရိမ်မိသည်။ သို့သော် ဒီလိုတော့လည်း ဘယ်နည်းနှင့်မျှ မဖြစ်နိုင်ဟု ...သိမ့်မိသည်။ ဘာပဲဖြစ်ဖြစ် ပါရီသို့ ပြန်ရောက်ပြီး မကြာမီတွင်ပင် လက်ထပ်ပွဲကျင်းပမည် ... ဆုံးဖြတ်ချက် ချထားလိုက်သည်။

ညစာ စားပြီးသောအခါ မိသားစုအားလုံး ကော်ဖီနှင့် ဘရန်ဒီသောက်ရန် ဧည့်ခန်းသို့ ...ပြောင်းထိုင်ကြသည်။ မကြာမီတွင်ပင် ယွန်-ပေါ်၏ ရေလာမြောင်းပေးစကားကို အကြောင်းပြုပြီး ...က ကလေးများကို ခေါ်ကာ ပြန်ထွက်သွားသည်။ နောက်ပိုင်းတွင် မဒမ်ဒူပရေးက အက်ရှန် ... သူ့အခန်းသို့ခေါ်ကာ လက်စွပ်ကို ထုတ်ပေးသည်။

"ကျွန်တော်တော့ ဒီကိစ္စ အမှန်တကယ် ဖြစ်နေတယ်လို့ လုံးဝ မယုံနိုင်သေးသလိုပဲ ...မေ"

"ယုံစမ်းပါ သားရယ်၊ ဘုရားသခင်က ထိုက်တန်သူကို ထိုက်တန်သလို ကောင်းချီးပေး ...ပါ၊ သူက သားတစ်ယောက်တည်းကို ကွက်ပြီး မြင်တော်မူလို့ပါ၊ သားရဲ့ မြင့်မြတ်တဲ့ စိတ်ဓာတ်ကို ...ဘုရားသခင်က အသိအမှတ်ပြုနေခြင်းပါ၊ ကဲ. . သားရယ်၊ မေမေနဲ့ စကားပြောနေလို့ အလကားပဲ၊ ...မေထက် အရေးကြီးတဲ့ လူတစ်ယောက်က သားကို စောင့်နေပြီ၊ အဲဒါ အချိန်မနှောင်းမီ မြန်မြန် ...သွားပြီး ကိုယ့်ဆန္ဒကို ဖွင့်ပြောလိုက်တော့"

မိခင်ကြီးက သားဖြစ်သူကို ကြင်နာစွာ ပွေ့ဖက်လိုက်သည်။ ထို့နောက် သူ့အနားမှ ...ဖြစ်သူ ပြန်ထွက်သွားသည်ကို မျက်ရည်ရွှမ်းသော မျက်လုံးများဖြင့် တစိမ့်စိမ့် လှမ်းကြည့် ...နေရစ်သည်။

အက်ရှန်သည် ကလေးများ၏ အိပ်ခန်းမှ မီးတွေ ပိတ်သွားသည့်အထိ အပြင်ဘက်တွင် ရပ်စောင့် ...သည်။ ထို့နောက် စိတ်လှုပ်ရှားစွာဖြင့် ဂျဲနက်၏အခန်းတံခါးကိုခေါက်လိုက်သည်။ အက်ရှန်အား ...တရက် မြင်လိုက်ရတော့ ဂျဲနက်မျက်နှာ လင်းကြည်သွားသည်။

"မင်္ဂလာပါ အစ်ကိုလေး၊ အထဲကိုဝင်ပါလား"

"ကျေးဇူးတင်ပါတယ်၊ ဒါနဲ့ တို့နှစ်ယောက် အပြင်ခဏ ထွက်ကြရင် မကောင်းဘူးလားဟင်"

သူက လက်ကို ကမ်းပေးလိုက်သည်။ ဂျဲနက်က ခေတ္တဆုတ်ဆိုင်းဆိုင်းလုပ်နေပြီးတော့မှ ...အက်ရှန်၏ လက်ကို လှမ်းကိုင်သည်။ သဘောကတော့ သူ့အနေဖြင့် လွယ်လွန်းသည်ဟု အက်ရှန်က ...ထင်စေလိုသောကြောင့် ဖြစ်သည်။

မိုးမခပင်ကြီး၏သိပ်သည်းသောအကိုင်းအခက် အရွက်အလက်များက မြက်ခင်းပြင် ...တွင် အုပ်ဆိုင်းနေသည်၊ ရာသီဥတုကလည်း လေညှင်းတဖြူးဖြူးနှင့် အေးမြသာယာလှသည်။ မိုးမခပင်အောက်ရောက်တော့ ဂျဲနက်က ထိုင်ခုံဝိုင်းကလေးပေါ်တွင် ထိုင်သည်။

အက်ရှန်က အချိန်ဖြုန်းမနေတော့ဘဲ လိုရင်းအချက်ကို တိုက်ရိုက်ပင် ပြောလိုက် ...တော့သည်။

"တကယ်တော့ ဒီအချိန်ကျမှ ကွယ်ဝှက်နေစရာလဲ မလိုတော့ပါဘူး ညီမလေးရယ်၊



www.burmeseclassic.com

www.burmeseclassic.com



ပြောစရာရှိတာ ပွင့်ပွင့်လင်းလင်း ပြောလိုက်တာ ကောင်းပါတယ်၊ အစ်ကိုကြီး ယွန်-ပေါ အနေနဲ့ ညီမကလေးအနေနဲ့ရော ငါ့အပေါ်မှာ အခုလို စေတနာ ထားကြတာသိရလို့ အများကြီး ဝမ်းသာ တယ်၊ ကျေးဇူးလဲတင်ပါတယ်၊ ဒါပေမယ့် ဒီလို အခြေအနေထိ ဖြစ်လာလိမ့်မယ်လို့ အစ်ကို ကနေ့အထိ လုံးဝမယုံနိုင်သေးတာ အမှန်ပါပဲ"

အက်ရှန်စကားကို ကြားလိုက်တော့ ဂျဲနက် ရင်ထဲမှာ တဖျပ်ဖျပ် ခုန်လာမိသည်။ သူ ကိုယ့်ကိုယ်ကိုယ်အားတင်းပြီး ပြန်ပြောသည်။

"ဒါဆို မမကြီး အစ်ကိုလေးကို အားလုံးပြောပြပြီးပြီပေါ့။ သူက ကျွန်မကိုပြော တစ်မျိုးပါလား၊ အစ်ကိုလေးကို ဒီကိစ္စ လုံးဝ မပြောပါဘူးလို့ သူက ကတိပေးသွားတယ်. . ."

ဂျဲနက်က ပရိယာယ်သုံး၍ ပြောလိုက်ခြင်းဖြစ်သည်။

အက်ရှန်က ဘာမှ ပြန်မပြောဘဲ ဂျဲနက်၏ လက်ကို ဆုပ်ကိုင်လိုက်သည်။ စိတ်ထဲမှာတော့ ဂျဲနက်သီဆိုခဲ့သော "ရွှေလသာသာ" သီချင်းကို သတိရလိုက်သည်။ ပြီးတော့ သူကပြောသည်။

"ဟုတ်ပါတယ် ညီမလေးရယ်၊ မမက အစ်ကိုလေးကို အကြောင်းစုံ ပြောပြခဲ့ပါ ဒါပေမယ့် သူ့အနေနဲ့ ညီမလေးကို ပေးထားတဲ့ ကတိစကားကို ဖောက်ဖျက်တာတော့ မဟုတ် အားလုံးအတွက် ကောင်းစေချင်လို့ စေတနာနဲ့ ပြောတာပါ၊ ညီမလေး ဒီအိမ်ကြီးက ထွက်သွား စိုးရိမ်လို့ ပြောခဲ့တာပါ။ ပြီးတော့ ညီမလေးအပေါ်မှာ အစ်ကိုလေး ဘယ်လောက်ထိ စွဲစွဲလမ်း ဖြစ်နေတယ်ဆိုတာလဲ သူက သိနေလို့ပါ"

"ကျွန်မကတော့ ဘယ်လိုပြန်ပြောရမှန်းတောင် မသိတော့ပါဘူး အစ်ကိုလေးရယ်"

"ညီမလေးက အစ်ကိုလေး အပေါ်မှာ အများကြီး စေတနာ ထားပါတယ်ဆိုတာ မမ ပြောခဲ့တယ် မဟုတ်လား"

"အို. . . ဟုတ်ပါတယ်၊ ကျွန်မ ပြောခဲ့ပါတယ်၊ တကယ်လည်း ပြောခဲ့မိပါတယ်"

ပြီးတော့ ဂျဲနက်က သိမ့်သိမ့်ကလေး ရှိုက်၍ ငိုနေသည်။ အက်ရှန်ထင်သလို ဝမ်းနည်း တော့မဟုတ်။ ရင်တွင်းမှာ ပေါ့သွားသောကြောင့်သာ ဖြစ်သည်။

"အစ်ကိုလေးက ညီမလေးကို အသည်းထဲက တကယ်ပဲ စွဲချစ်ပါတယ်ကွယ်၊ တကယ် သာ ညီမလေးက အစ်ကိုလေးရဲ့ ဒီဘဝ ဒီအခြေအနေကို လက်ခံနိုင်မယ်ဆိုရင် အစ်ကိုလေးက လေးလေးနက်နက် ကတိပေးပါတယ်၊ ကတိပေးပါတယ်ဆိုတာထက် အစ်ကိုလေးရဲ့ အချ ဘဝကိုပါ ပေးပါတယ်ဆိုရင် ပိုမှန် ပါလိမ့်မယ်"

"ကျွန်မဟာ အဲဒီလောက်အထိ တန်ဖိုးရှိတဲ့ မိန်းကလေးတစ်ယောက်မဟုတ်ပါ အစ်ကိုလေးရယ်"

"အို ဒီလို မပြောပါနဲ့ ညီမလေးရယ်၊ အစ်ကိုလေးက ညီမလေးကို မနည်းအရဲ လာပြောရတာပါ၊ ကျေးဇူးပြုပြီး အစ်ကိုလေး နောက်တွန့်သွားမယ့် စကားမျိုးကိုတော့ မ လိုက်ပါနဲ့၊ အဲဒီတော့ ညီမလေးက အစ်ကိုလေးကို လက်ထပ်နိုင်မလားဟင်"

ဂျဲနက်က သူ့မျက်နှာကို အက်ရှန်၏ ပခုံးနှင့် ကပ်ထားလိုက်သည်။ ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



လေး ပြောသည်။

"အို . . ဟုတ်ကဲ့၊ ဟုတ်ပါတယ် အစ်ကိုလေးရယ် . . ကျွန်မဘက်ကလည်း ငြင်းစရာ ပါဘူး"

အက်ရှန်က ဂျဲနက်၏ ဦးခေါင်းကို တယုတယ မော့ကိုင်ကာ မျက်နှာကို စိုက်ကြည့် သည်။ မျက်ရည်ဥများနှင့် ရွှမ်းလဲ့နေသော သူ့မျက်လုံးကလေးတွေက ပို၍ပင် ချစ်စရာ ကောင်းလာသလို ထင်မှတ်မိသည်။ ပြီးတော့ မျက်ရည်များကို အသာအယာသုတ်ပေးပြီး စိတ်ကို တာ တွန့်ဆုတ်ဆုတ် အမူအရာဖြင့် ဂျဲနက်၏ ကိုယ်လုံးကလေးကို ပွေ့ဖက်လိုက်သည်။ နူးညံ့ သော အတွေ့အထိကို တရှိုက်မက်မက် ခံစားမိရသည်။ ထို့နောက် သူက ညင်သာစွာ လိုက်သည်။ သူ့ တစ်သက်တာတွင် မိန်းမသားတစ်ယောက်ကို ပထမဆုံးအကြိမ် နမ်းရခြင်းပင် သည်။

ဂျဲနက်၏ ကိုယ်ပေါ်မှ သူ့ လက်များကိုပြန်ရုပ်လိုက်သည်။ ထို့နောက် မိခင်ကြီး ပေးသား လက်စွပ်ကိုထုတ်ယူပြီး ဂျဲနက်၏ လက်တွင် တယုတယ ဝတ်ပေးလိုက်သည်။

"ဒါဟာ အစ်ကိုလေးရဲ့ အသက်ပါပဲကွယ်၊ ညီမလေးနဲ့ အစ်ကိုလေးတို့ရဲ့ အသက်ပါပဲ၊ လက်စွပ် ကွင်းဝိုင်းကလေးဟာ ကိုယ်တို့အတွက် ဘဝသံသရာဆိုတဲ့ သဘောကို ရည်ညွှန်း ပါတယ်၊ အဲဒီတော့ တို့ နှစ်ယောက် တစ်ဘဝလုံး တစ်သံသရာလုံး ဘယ်တော့မှ မမုန်းစတမ်း သွားကြရအောင်နော်၊ တကယ့် အသည်း နှလုံးထဲက မေတ္တာစိတ်နဲ့ ပြောနေတာပါ ညီမလေးရယ်၊ တယ်တော့ ညီမလေးဟာ ဒီထက်မက ထိုက်တန်တဲ့သူပါ၊ ညီမလေးအတွက်ဆိုရင် အစ်ကိုလေး နေနဲ့ ဘာကိုပဲပေးပေး ပြည့်စုံတယ်လို့ ဘယ်တော့မှ မထင်ပါဘူး"

"အဲဒီလို မဟုတ်ပါဘူး အစ်ကိုလေးရယ်၊ အစ်ကိုလေးဟာ ကျွန်မကို ထိုက်တန်တာထက် များကြီး ပိုပေးခဲ့ပါပြီ၊ အရာရာကို ပေးခဲ့ပါပြီ"

အက်ရှန်က ဂျဲနက်ကို ဖက်ပြီး ထိုင်နေသည်။ သူ့စိတ်ထဲတွင် အလွန်ပျော်နေသည်။ ခဲ့နိတ်တော့ နှစ်ယောက်သား ထိုင်ရာမှ ထလိုက်ကြသည်။ အက်ရှန်က ဂျဲနက်ကို ပွေ့ဖက်ပြီး ၍ နမ်းပြန်သည်။ ပြီးတော့ သည်နေ့ညတွင် သူတမှေးမျှ အိပ်ပျော်တော့မည်မဟုတ်ကြောင်း သည်။ သို့သော် သူက အိပ်မပျော်မှာကို လုံးဝ မစိုးရိမ်မိ။ တကယ်တော့ အိပ်မပျော်ပါစေ ပင် စိတ်ထဲမှာကျိတ်ပြီး ဆုတောင်းမိသေးသည်။ ထို့နောက် လူချင်းခွဲပြီး ကိုယ့်အခန်းကို ပြန်ကြသည်။

ဂျဲနက်သည် အိပ်ရာပေါ်တွင် လှဲရင်း အတွေးသံသရာ လည်နေမိသည်။ ဘာပဲဖြစ်ဖြစ် အနေဖြင့် အက်ရှန်ကို လေးစားခင်မင်မိတာကတော့ သေချာသည်။ ထို့ကြောင့် အက်ရှန် ချမ်းသာအောင် အစွမ်းကုန်ကြိုးစားမည်ဟုလည်း ဆုံးဖြတ်မိသည်။ သို့သော် အတိတ်က ရုပ်ကို ပြန်လည် သတိရမိသောအခါ ရင်မှာ ဆို့လာမိပြန်သည်။ တကယ်တော့ သူသည် ရှာမဲ့သော မအေတူ သမီးတစ်ယောက်ပါကလား။



www.burmeseclassic.com

www.burmeseclassic.com



တံခါးဝတွင် ရုတ်တရက်ပေါ်လာသော လူရိပ်ကြောင့် သူမ၏ အတွေးမျှင်များ လွင့်သွားကြသည်။ သူ့ဘဝကို ထူးထူးဆန်းဆန်း အပြောင်းအလဲ ဖန်တီးပေးခဲ့သော ပုဂ္ဂိုလ်သည် အခန်းထဲသို့ ဝင်လာသည်။

"မင်းလုပ်လိုက်တာ တော်တော် ပိုင်တယ် ဂျဲနက်၊ ဒီအချက်ကိုတော့ သူ့မျက်နှာကြည့်ပြီး သေသေချာချာပြောနိုင်ပါတယ်"

"အို. . . အစ်ကိုကြီးကလည်း ဘာလုပ်လာရပြန်တာလဲ၊ ကျေးဇူးပြုပြီး ပြန်သွားပါ အစ်ကိုကြီးရယ်၊ ကျွန်မ ရှုံကြီးခိုးပါတယ်၊ ဒီညတော့ တစ်ချက်လောက် သည်းခံပါ၊ ကျွန်မ ဘယ်သူ့ စိတ်မပါလို့ပါ"

"လုပ်မနေစမ်းပါနဲ့ အချစ်ရယ်၊ လာစမ်းပါ၊ ရပါတယ်" သူက ပြောရင်း ဂျဲနက် အနား ကပ်လာသည်။ ထို့နောက် ဂျဲနက်၏ ပခုံးနှစ်ဘက်ကို အသာအယာ မထူလိုက်ပြီး အသံအေးအေး ဆက်ပြောသည်။ "ပျော်ပျော်နေစမ်းပါ ညီမလေးရယ်၊ ဖြစ်ပြီးတာတွေ တွေးပြီး စိတ်ဆင်းရဲခံမနေနဲ့ မင်းဘဝမှာ ဘယ်သူဟာ အဓိကလဲဆိုတာကို သတိရစမ်းပါ"

ဂျဲနက်က သူ့မျက်နှာကို မော့ကြည့်ပြီး ခေါင်းကို ခါယမ်းလိုက်သည်။

"အို. . . ဘယ်လိုမှ မတော်ပါဘူး အစ်ကိုကြီးရယ်၊ ကျွန်မတို့ လုပ်တာတွေ အကြီးအကျယ် မှားနေကြပြီ၊ ကျွန်မတို့ ပြစ်မှုကြီးတစ်ခုကို ကျူးလွန်ခဲ့ကြပြီ၊ တစ်သက်လုံး ဘယ်တော့မှ လိပ်ပြာ သန့်နိုင်တော့မှာ မဟုတ်ဘူး၊ အစ်ကိုလေး အက်ရှန်လို သူတော်ကောင်းကြီးတစ်ယောက်အပေါ် ကျွန်မအနေနဲ့ ဘယ်လိုမှ ရက်ရက်စက်စက် မလုပ်ရက်ပါဘူး"

"အဲဒါတွေ မေ့ထားလိုက်စမ်းပါ ညီမလေးရယ်" သူ့ မျက်နှာ ရုတ်တရက် တည်သွား ပြီးတော့မှ "တကယ့်အဖြစ်မှန်က ညီမလေးထင်သလို မဟုတ်ပါဘူး၊ ဘယ်လိုပဲ ဖြစ်လာဖြစ် ပျော်စရာလို့ တွေးရင် ပျော်စရာပါပဲ၊ အခုပဲ မင်းက သူ့ကို တစ်လောကလုံးမှာ အပျော်ရွှင်ဆုံး လူတစ်ယောက်ဖြစ်အောင် လုပ်နိုင်ခဲ့ပြီ မဟုတ်လား၊ ဒီအချက်ဟာ ပျော်စရာပဲပေါ့၊ ဒါပေမဲ့ မင်းပါးစပ်က သူ့ကို ချစ်ပါတယ်လို့ မပြောခဲ့ဘူး ဆိုတာ ငါ ယုံကြည်ပါတယ်၊ အမှန်ဆိုရင် မင်း လည်း သူ့ကို ချစ်မှ မချစ်တာဘဲ"

"ဒါပေမယ့် ကျွန်မ သူ့ကို မချစ်နိုင်ဘူးလို့ မပြောခဲ့ပါဘူး၊ သူကတော့ သူ့ကို ကျွန်မ တကယ်ချစ်နေတယ်လို့ ယုံကြည်နေတာပဲ၊ ဒါဟာ ကျွန်မဘက်က သစ္စာဖောက်တာနဲ့ အတူတူပဲ"

"သစ္စာဖောက်တာ မဟုတ်ပါဘူးကွယ်၊ တို့နှစ်ယောက် သဘောတူထားတဲ့အတိုင်း လုပ်လိုက်တာပါ၊ ဒီလိုလုပ်မှလဲ အစစအရာရာ အဆင်ပြေမယ် မဟုတ်လား၊ အဲဒီတော့ ဘာမှ ထွေထွေထူးထူးပြောမနေနဲ့တော့၊ ရှေ့ဆက်ဘာလုပ်ရမယ်ဆိုတာကိုသာ စဉ်းစားကြရအောင်၊ အစ်ကိုကြီး အနေနဲ့တော့ ပါရီပြန်ရောက်ရင် အယ်လ်ဂျီးရီးယားကို မသွားတော့ဘူးဆိုတာ ဆုံးဖြတ်လိုက်ပြီ၊ မင်းအနားမှာပဲ တတ်နိုင်သမျှ အနီးကပ်နေတော့မယ်၊ မင်းနဲ့ အက်ရှန် လက်ထပ်ပြီးသွားရင် အခြေအနေအားလုံး သူ့အလိုလို အဆင်ပြေလာပါလိမ့်မယ်၊ အစ်ကို ပြောတာကို ယုံစမ်းပါ၊ အဲဒီတော့ အစ်ကိုကြီး အထူးတောင်းပန်ချင်တာက ဖြစ်ခဲ့တာတွေ အတွက် နောင်တလဲ ရမနေပါနဲ့တော့၊ ကိုယ့်ကိုယ်ကိုယ်လည်း ပြစ်မှုကျူးလွန်သူ တစ်ယောက်လို့ သဘော



www.burmeseclassic.com

www.burmeseclassic.com



...နေပါနဲ့တော့၊ မင်းဟာ အက်ရှန်ကိုလည်း လောကမှာ အပျော်ဆုံးလူတစ်ယောက်ဖြစ်အောင် ...ပေးခဲ့ပြီးပြီ၊ ဒါဟာ သူ့ဘဝမှာ အလွန်ရနိုင်ခဲတဲ့ ဆုလာဘ်ကြီးတစ်ခုပါ။ ဒီလို ဆုလာဘ်ကြီးမျိုးကို ...အောင် မင်းလို တခြားဘယ်မိန်းမမှလဲ သူ့ကို မပေးနိုင်ပါဘူး" သူက ဂျဲနက်ကို ရင်ခွင်ထဲ ဆွဲသွင်း ...ပြီး ခေါင်းကို ယုယစွာ ပွတ်ပေးနေသည်။ ပြီးတော့ နှစ်ယောက်သား နှုတ်ခမ်းချင်း ထိလုနီးပါး ...နှာကိုဆွဲမော့လိုက်ပြီး. . . "အရေးကြီးဆုံးက ညီမလေးရဲ့ ဟောဒီဗိုက်ထဲက ကိုယ်တို့ ...ယောက်ရဲ့ ရင်သွေးကလေးပါပဲကွယ်၊ ဒီအချက်ကိုတော့ ဘယ်တော့မှ မမေ့ပါနဲ့၊ ပြီးတော့ ...ဘဝမှာ ကိုယ်ဟာ အဓိက ပုဂ္ဂိုလ်ဆိုတာကိုလဲ အမြဲတမ်း သတိရနေစမ်းပါ"

ထို့နောက်တွင် ဂျဲနက်က သူ့အား အမြဲတမ်းသတိရနေမည့်အလုပ်ကို ကျွမ်းကျင် ...မြန်စွာဖြင့် ဆက်လက် လုပ်ကိုင်နေတော့သည်။

◆◆◆

www.burmeseclassic.com

www.burmeseclassic.com

# [ ၁၉ ]

ပရိုဗင့်စ်သို့ အပန်းဖြေခရီးထွက်ခဲ့ကြသော ဒူပရေးမိသားစုများသည် စက်တင်ဘာလ ၃ ရက်နေ့ ပါရီမြို့တော် ဗစ်တာဟူးဂိုးလမ်းမကြီးပေါ်မှ အိမ်ကြီးသို့ ပြန်လည်ရောက်ရှိလာကြသည်။

ပါရီသို့ ပြန်ရောက်လာပြီဆိုလျှင်ပင် လက်ထပ်ပွဲအတွက် ကြိုတင်ပြင်ဆင်မှုများ ပြု ခြင်းဖြင့် လူတိုင်းအလုပ်ရှုပ်နေကြတော့သည်။ အိမ်တွင်း ပစ္စည်းများကို ပြင်ဆင်မွမ်းမံကြသည် ဖိတ်စာရိုက်နှိပ်၍ ဖိတ်ကြားမည့် ပုဂ္ဂိုလ်စာရင်းရေးဆွဲကြသည်။ မင်္ဂလာပွဲတွင် ကျွေးမွေး အစားအသောက်စာရင်း ပြုစုကြသည်။ ဤလုပ်ငန်းအားလုံးကို မဒမ်ဒူပရေးကပင် ကြီးကြပ် ဆောင်ရွက်သည်။ တချိန်းတည်းတွင် ဂျဲနက်မှာ ကလေးထိန်း ဆရာမ မဟုတ်တော့သဖြင့် ကလေးတွေအတွက် အစီအစဉ်သစ်တွေ ပြုလုပ်ရသည်။ ယခုအခါ ဂျဲနက်မှာ ကလေးများ တစ်ထပ်တည်း မနေရတော့ဘဲ မဒမ်ဒူပရေး အခန်းနှင့် ကြမ်းတစ်ပြေးတည်း ဒုတိယထပ် အိပ်ခန်း တွင် ပြောင်းရွှေ့နေထိုင်ရပြီး ဖြစ်သည်။

လောလောဆယ်တွင် ကလေးထိန်း ဆရာမသစ်ကို လျှောက်လွှာခေါ်ယူခန့်ထားခြင်း မပြုဘဲ သူမ၏ မိတ်ဆွေ အမျိုးသမီးတစ်ဦးကို ခေါ်ယူ၍ ယာယီခန့်ထားရန် ဂျဲနက်က မဒမ်ဒူပရေးနှင့် အက်ရှန်တို့အား တင်ပြသည်။ မင်္ဂလာဆောင်ပြီး နောက်တွင်မှ ကလေးထိန်း ဆရာမသစ်တစ်ဦး အမြဲတမ်းခေါ်ယူခန့်ထားရန် ဂျဲနက်က အဆိုပြုသည်။ သို့ဖြင့် ဂျဲနက်၏ သူငယ်ချင်းမလေး မာဒလိန်းအား ခေါ်ယူရန် သဘောတူကြသည်။

မကြာမီတွင်ပင် မာဒလိန်းရောက်လာပြီး ဂျဲနက်၏ နေရာတွင် တာဝန်ယူ ထမ်းဆောင် သည်။ မာဒလိန်းက ဂျဲနက်နှင့်အလွန်ခင်မင်ရင်းနှီးသော အပေါင်းအသင်း တစ်ယောက်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ကလေးတွေကလည်း မားဒလိန်းကို မြင်မြင်ချင်း ခင်မင်သွားကြသည်။ ကလေးထိန်းဆရာမအသစ်ရောက်လာသော်လည်း ဂျဲနက်က ကလေးတွေကို လုံးဝပစ်မထား။ ကလေးတွေ၏ ဝေယျာဝစ္စအားလုံးအတွက် သူကပင် ဦးဆောင်ဦးရွက် လုပ်ကာ မာဒလိန်းကို ညွှန်ပြစေခိုင်းနေရသည်။

တစ်နေ့တွင်. . . အလုပ်များနေသည့်ကြားမှ ဂျဲနက်သည် စားဖိုမှူးအဒေါ်ကြီးကလော့သီနှင့် တွေ့ဆုံရန် ထွက်လာခဲ့သည်။ သူက ယွန်-ပေါအား ချစ်နေကြောင်းကို ကလော့သီတစ်ဦးတည်းသာသိသည်။ ထို့ကြောင့် ကလော့သီနှင့် အစစအရာရာ ပြေလည်မှု ရှိစေရန် ဂျဲနက်အနေဖြင့် သွားလည်သင့်သည်ဟု ယွန်-ပေါက အကြံပေးသောကြောင့် ဖြစ်သည်။

မီးဖိုခန်းထဲသို့ ဂျဲနက် ဝင်လာသောအခါ ကလော့သီက ဆတ်ခနဲ တစ်ဘက်သို့မျက်နှာလွှဲပစ်လိုက် ပြီးတော့မှ အံ့ဩသွားဟန်မျိုးဖြင့်. . .

"အို. . . ညည်းက လာသေးသကိုး"

ကလော့သီအနေဖြင့် ဤစကားမျိုး ပြောလိမ့်မည်ဟု ဂျဲနက်က လုံးဝ မမျှော်လင့်ခဲ့။ ထို့ကြောင့် ကလော့သီ၏ စကားကြားရတော့ တော်တော် အံ့အားသင့်သွားမိသည်။ သို့သော် သူက အပြုံးမပျက်ဘဲ. . .

"ဟုတ်ပါတယ်. . . အန်တီ၊ အန်တီ့ကို ကျွန်မ သိပ်တွေ့ချင်လို့ လာခဲ့တာပါ"

"အလို ဘာကြောင့်ပါလိမ့်တော်"

သူက ပခုံးနှစ်ဘက်ကို တွန့်၍ မဲ့ကာရွဲ့ကာဖြင့် ပြန်ပြောလိုက်သည်။

"ဘာကြောင့်ရမလဲ. . . အန်တီရဲ့၊ အန်တီနဲ့ ကျွန်မနဲ့က သူစိမ်းတွေမှ မဟုတ်တာ၊ ရင်းနှီးတဲ့ မိတ်ဆွေတွေပဲ မဟုတ်လား"

"ဩော်. . . ဒီလိုလား၊ ဒါနဲ့ ညည်းကော်ဖီတစ်ခွက်လောက် သောက်လိုက်ပါလား"

"ဟုတ်ကဲ့ အန်တီ၊ ကျေးဇူးပါပဲ"

နှစ်ယောက်သာ မီးဖိုခန်းစားပွဲတွင် ထိုင်နေကြသည်။ ကလော့သီက စကားတစ်ခွန်းမှမပြောဘဲ ဂျဲနက်၏ မျက်နှာကိုသာ စိုက်ကြည့်နေသည်။ ဂျဲနက်က သူ့အသံကို တတ်နိုင်သမျှနူးနူးညံ့ညံ့ကြွကြွဖြစ်အောင် ကြိုးစားပြီး ပြောလိုက်သည်။

"ဒါနဲ့ စကားမစပ် အန်တီ့ကို ပြောရဦးမယ်၊ ကျွန်မမှာ ချစ်သူ ရှိနေပြီ အန်တီရဲ့၊ အဲဒါကျွန်မကတော့ သိပ်ပျော်တာပဲ အန်တီ"

"ညည်းချစ်သူက ဘယ်တူတဲ့တုံး"

"အစ်ကိုလေး အက်ရှန်လေ"

"ဟင်. . . ညည်းတကယ်ပြောနေတာလား၊ ဟိုတစ်ခါက ညည်းဒီနေရာမှာပဲ လာပြီးပြောသွားတုန်းက ယွန်-ပေါကိုပဲ ချစ်နေတယ်ဆို၊ ဒီလောက် မြန်မြန်ဆန်ဆန်ကြီး စိတ်ပြောင်းသွားတာဘယ်လိုအကြောင်းများကြောင့် ပါလိမ့်တော်"

ဂျဲနက် လည်ချောင်းတွေ ရုတ်တရက် ခြောက်သွားသလို ထင်လိုက်ရသည်။ ထို့ကြောင့်ကော်ဖီခွက်ကို ကောက်ယူပြီး တစ်ကျိုက်သောက်လိုက်ပြီးတော့မှ. . .

"ဒါကတော့ အန်တီရယ်၊ ငယ်ရွယ်သူတို့ရဲ့ သဘာဝပဲပေါ့၊ အဲဒီတုန်းက ကျွန်မအသက်က



www.burmeseclassic.com

www.burmeseclassic.com



၁၉နှစ်ပဲ ရှိသေးတာ၊ ဒါကြောင့်လည်း အင်မတန် ဆွဲဆောင်မှု ရှိတဲ့ အစ်ကိုကြီး ယွန်-ပေါ် မြင်လိုက်ရတော့ ဆယ်ကျော်သက်တွေရဲ့ သဘာဝအတိုင်း အရူးအမူး ချစ်ခဲ့တာပေါ့၊ အန်တီ တောင် ပြောခဲ့သေးတယ် မဟုတ်လား၊ ယွန်-ပေါက စိတ်ထားမကောင်းပေမယ့် "ပျိုတိုင်းကြိုက် နှင်းဆီခိုင်" တစ်ယောက်ပါလို့လေ၊ အန်တီပြောခဲ့တာ အန်တီမမှတ်တော့ဘူးလား"

"အမယ်လေး မှတ်မိပါသတော်၊ ကျုပ်က ကျုပ်ပြောခဲ့တာကို တစ်သက်မမေ့ပါဘူး၊ အခု မမေ့ဘူး၊ နောင်လည်း ဘယ်တော့မှ မေ့မှာ မဟုတ်ဘူး၊ ကဲ. . အဲဒီတော့ ဆိုစမ်းပါဦး၊ ညည်း အခုတစ်မျိုး အခုတစ်မျိုး ဘာဖြစ်လို့ အပြောင်းအလဲ မြန်ရတာလဲ"

"ဒါကတော့. . ရှင်းပါတယ် အန်တီ၊ အစ်ကိုလေးအက်ရှန်ကို ကျွန်မ တစ်နေ့ထက်တစ်နေ့ စေတနာတွေ ပိုလာမိလို့ပေါ့၊ သူ့ကို ကြာကြာလေ့လာမိလာလေလေ သူ့အကြောင်းကို ပိုသိလာ လေလေပဲ၊ သူက စိတ်စေတနာလည်း သိပ်ကောင်းတယ်၊ သူ့အပေါ်မှာ ကျွန်မ ဒီလိုစိတ်ထား မျိုးရှိလာတာဟာ ဖြုန်းခနဲ ဒိုင်းခနဲ ချက်ချင်းလက်ငင်း ပေါ်ပေါက်လာတာ မဟုတ်ပါဘူး၊ အချိန်ယူလေ့လာပြီးမှ တကယ့် ရင်ထဲ နှလုံးသားထဲက ဖြစ်ပေါ်လာတဲ့ စိတ်ထားပါ၊ အထူးသဖြင့် နှလုံးသားထဲက ဖြစ်ပေါ်လာတဲ့ စိတ်ထားပါ၊ အထူးသဖြင့်တော့ နယ်ကို အပန်းဖြေခရီးထွက်ရင်း သူ့အကြောင်းကို အနီးကပ်လေ့လာရတော့မှ သူ့ကိုချစ်ခင်လာတဲ့ သဘော ပါ၊ ကုန်ကုန်ပြောရရင် ကျွန်မကတော့ သူ့အကြောင်းကို ပိုသိလာရလေလေ ပိုချစ်မိလေပါပဲ"

ကလော့ဒီက ဂျဲနက်၏ မျက်နှာကို စူးစူးစိုက်စိုက်ကြည့်နေသည်။ ဂျဲနက်က အမှန်အတိုင်း ပြောနေ သည်ဟုလည်း လေးလေးနက်နက် ယုံကြည်မိသည်။

"အေးကွယ်. . . ကြားရတာ အန်တီ ဝမ်းသာလိုက်တာ၊ တကယ့်တော့ အက်ရှန်ဟာ ငါ့တူမအတွက် လင်ကောင်း သားကောင်း တစ်ယောက်ဖြစ်နိုင်တဲ့ လူတော်တစ်ယောက်ပါ၊ ဒါနဲ့ညည်းက သူ့အခုလို ဒုက္ခိတ ဖြစ်နေတာကိုများ တမျိုးတမည်တွက်နေသေးလို့လား"

"ကျွန်မ အဲဒီလို လုံးဝမတွက်ပါဘူး အန်တီ၊ အဲဒီအတွက်တောင်မှ သူ့ကိုပိုပြီး ကြင်နာမြတ်နိုးလာပါ သေးတယ်၊ တကယ်ဆိုရင် ကျွန်မကိုယ်တိုင်လည်း ခြောက်ပြစ်ကင်း သဲလဲစင် မဟုတ်ပါဘူး အန်တီရယ်"

ကလော့ဒီက ဂျဲနက်အား အားရဝမ်းသာ ပွေ့ဖက်လိုက်ပြီး. . .

"အေးကွယ် တူမကြီးပြောလို့သာ အန်တီယုံရပါတော့တယ်၊ အမှန်ကို ဝန်ခံရရင် အန်တီလုံးဝမယုံချင်ဘူး၊ ဒါပေမယ့် ခုတော့ ယုံပါပြီကွယ်၊ ဝမ်းလည်း အများကြီး သာမိပါတယ် ငါ့တူမကြီးတို့ ဇနီးမောင်နှံ ရာသက်ပန် ရိုးမြေကျ ပေါင်းသင်းနိုင်ကြပါစေ၊ ပျော်စရာကောင်းတဲ့ သီရိဂေဟာကို ထူထောင်နိုင်ကြပါစေ၊ သားသမီးတွေလည်း အများကြီး အများကြီး ရပါစေလို့ အန်တီဆုတောင်းလိုက်ပါတယ်ကွယ်"

ကလော့ဒီအဖို့ ဝမ်းသာမဆုံးဖြစ်နေသော်လည်း ဂျဲနက်အဖို့တော့ အဘွားကြီး၏ ဆုတောင်းကြောင့် မေ့မျောလဲကျမသွားစေရန် စိတ်ကို မနည်းထိန်းထားလိုက်ရသည်။

ထို့နောက်တော သူက ဘာစကားမှ ပြောမနေတော့ဘဲ ကလော့ဒီအား နမ်းပြီး သူ့အခန်းသို့ ပြန်လာခဲ့တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဂျဲနက်သည် သူ့အဖြစ်ကို ပြန်တွေးမိပြီး အတော်ပင် ယူကျုံးမရဖြစ်မိသည်။ အစွာပျက်မှုတွေ၊ မမှန် တရားတွေ၊ လိမ်ညာမှုတွေနှင့် တည်ဆောက်ထားသော မိမိ၏ ဘဝသည် အတယ်ပင် ဆိုးရွားလှပါကလားဟုလည်း ယူကျုံးမရ ဖြစ်မိသည်။ သို့သော် သူ့အတွေးက သည်အဝိုင်းအဝန်းထဲတွင်သာ ထာဝရ ရပ်တည်၍ မနေ၊ မကြာမီတွင်ပင် သူ့အတွေးသည် ယွန်-ပေါ်ဆီသို့ လွင့်မျောသွားပြန်သည်။ ယွန်-ပေါ်ကို တပ်မက်မိသော စိတ်ကလည်း လှိုင်းတံပိုးပမာ ပြင်းထန်လှသည်။ ဟာကယ်ဆိုတော့လည်း ယင်းစိတ်ကြောင့်ပင်လျှင် သူသည် ကြုံတွေ့နေရသော ပြဿနာကြီးကို အားမာန်အပြည့်ဖြင့် ရင်ဆိုင်နေရခြင်း ဖြစ်သည်။

ရှေ့သို့ပြန်ရောက်ပြီးနောက် ဆယ်ရက်မြောက်သော နေ့တွင် ဒူပရေးမိသားစု အိမ်ကြီး၌ ဂျဲနက်အား ဂုဏ်ပြုသည့် ညေ့ခံပွဲတစ်ခုကို စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။ ဤသည်မှာ ဂျဲနက်အား မြို့အထက်တန်းလွှာ လူကုံထံအသိုင်းအဝိုင်းနှင့် လူသိရှင်ကြား မိတ်ဆက်ပေးခြင်းပင် ဖြစ်သည်။

မဒမ်ဒူပရေးသည် ဧည့်သည်များအား တွေ့ဆုံနှုတ်ဆက်ရန် အောက်ထပ်သို့ မဆင်းမီ အလှပြင်ခန်း တွင်ထိုင်ကာ သူ့ကိုယ်သူ သပ်သပ်ရပ်ရပ် ခမ်းခမ်းနားနား ဝတ်စားဆင်ယင်သည်။ သူ၏ အထိန်းတော်ကြီး ရီနီကလည်း အဘွားကြီး၏ ဆံပင်ကို ဂုဏ်ဒြပ်နှင့်လိုက်ဖက်အောင် ခမ်းတနား ပြင်ဆင်ထုံးဖွဲ့ပေးသည်။

အဘွားကြီးက သူ့ရုပ်ရည်ကို ကိုယ်လုံးပေါ်မှန်ကြီးတွင် ကြည့်လိုက်သည်။ မိမိ၏ ဂုဏ်သရေရှိသော အလှကို မြင်ရ၍ ကြည်နူးမိသည်။ လူစဉ်မမီသော အချစ်ဆုံးသားငယ် အက်ရှန်အတွက် အကောင်းဆုံး စီစဉ် လုပ်ပေးရသည့်အတွက်လည်း အလွန်ပင် ကြည်နူးမိသည်။

တကယ်တော့ သူ့ခမျာမှာ အသေဆိုးဖြင့် သေဆုံးသွားရှာသော သမီးကြီး ဒင်းနစ်တို့ မောင်မယားအတွက် သောကစိတ်ကို မဖြေဖျောက်နိုင်သေးသော အချိန်ပင်ဖြစ်သော်လည်း သားငယ်အက်ရှန်အတွက် သူ့မှာ အများ ကြီးတာဝန်ရှိသည်ဟု ယုံကြည်ပြီး ယခုကဲ့သို့ အပူရုပ်ကို ဖုံးလွှမ်းဆင်နေရခြင်းပင် ဖြစ်သည်။ ဤအချိန်ကား အက်ရှန်၏ တစ်သက်တာတွင် အရေးအကြီးဆုံး အချိန် . . ။ သူ့ဘဝတွင် သည်လိုပျော်ရွှင်မှုမျိုးကို နောက်တစ် ကြိမ်ပြန်ရနိုင်စရာ မရှိတော့။ သည်လို ပျော်ရွှင်မှုမျိုးသည် သေသူအတွက်လား၊ ရှင်သူအတွက်လား။ ရှင်နေသူ အတွက်သာ ဖြစ်ရမည်။ သေသူအတွက် ငိုရန်အချိန်တွေ အများကြီး ကျန်သေးသည်။ နောက်မှငိုလျှင်လည်း ရသည်။ ယခုအချိန်မှာတော့ ပျော်ကို ပျော်ရမည်။ ထို့ကြောင့် အဝတ်အစားကိုလည်း အခြေအနေနှင့် လိုက် လျောညီထွေဖြစ်အောင် တတ်နိုင်သရွေ့ ရွေးချယ်ဝတ်မှ ဖြစ်မည်။

ရီနီက ဆံပင်ကို ဆင်ယင်ထုံးဖွဲ့ပေးပြီးသောအခါ မဒမ်ဒူပရေးသည် အနက်ရောင် ဝတ်စုံကို ဝတ် သည်။ ပြီးတော့ စိန်ကလစ်ညှပ်ထားသော ပုလဲလည်ဆွဲများကို လည်ပင်းတွင် ဆွဲလိုက်သည်။ ဖြူဖွေးညက် ညောသော လည်ပင်းသားနှင့် တသားတည်း ဟပ်နေတော့သည်။

ဝတ်စားပြင်ဆင်မှု ကိစ္စများ ပြီးသွားသောအခါ လှေကားအတိုင်း အောက်ထပ်သို့ ဆင်းလာခဲ့သည်။

သားဖြစ်သူနှင့် ချွေးမလောင်းတို့၏ ဘေးတွင် ထိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဂျဲနက်သည် "ခရစ်ရှန်ဒီအော" ဖက်ရှင် တိုက်ထွက်အကောင်းစား ပိုးသားနဝတ်စုံ ဝတ်ထားသည်။ လူစီယံက မွေးနေ့လက်ဆောင်အဖြစ် ပေးခဲ့သော လော့ကက်သီးကို လည်ပင်း ဆွဲထားသည်။ ဗယ်ဘက်လက်တွင်မူ စိန်တွေ ရံထားသော ပတ္တမြားလက်စွပ်ကြီးက အရောင် တဖျပ်ဖျပ်နှင့်. . . .

မဒမ်ဒူပရေးသည် ထူးထူးခြားခြား လှနေသော ချွေးမလောင်းကို တစိမ့်စိမ့်ကြည့်ရင်း ဂုဏ်ယူမဆုံး ဖြစ်နေသည်။

သူက ဝံ့ကြွားစွာဖြင့် ဂျဲနက်အား ဧည့်သည်များနှင့် မိတ်ဆက်ပေးသည်။

မနက်ဖြန်ဆိုလျှင် ပါရီတစ်မြို့လုံး အလုပ်များကြတော့မည်။ အချင်းချင်း ခေါင်းချင်းဆိုင် ကာ တီးတိုး စကားတွေ အတင်းအဖျင်းတွေ ပြောကြတော့မည်။ တယ်လီဖုန်းတွေ အပြန်အလှန် ဆက်ကြတော့မည်။

**"မဒမ်ဒူပရေးသည် သူ့သားကို ကလေးထိန်းဆရာမကလေးနဲ့ ပေးစားမလို့တဲ့. . ."**

**"အခုလို အညတရ မိန်းကလေးတစ်ယောက်ကို ဒီလောက် ဂုဏ်သိက္ခာရှိတဲ့ ဒူပရေး မျိုးဆက်ထဲ အတင်းဆွဲသွင်းတာ ဘာသဘောပါလိမ့်"**

**"ပြီးတော့ အဲဒီကလေးမက ရဟူဒီဘာသာဝင် ဂျူးမတဲ့တော့. . ."**

သို့သော် သူတို့ ဘာပဲပြောပြော ဘယ်လိုပဲ ဝေဖန်ဝေဖန် မဒမ်ဒူပရေးကတော့ လုံးဝ ဂရုမစိုက်။ လုံးဝ အရေးမထား။ သည်လူတွေက သူ့ဘဝ အခြေအနေကို ဘာမှ သိကြတာ မဟုတ်။ ထို့ကြောင့် သူ့အနေ ဖြင့် ဘာမှ ရှင်းပြနေစရာ မလို။

တံခါးဝမှ ယွန်-ပေါဝင်လာသည်ကို ရုတ်တရက် မြင်လိုက်ရသောအခါ ဂျဲနက်မှာ နတ်ကျသလို တစ်ကိုယ်လုံး ခိုက်ခိုက်တုန်သွားမိသည်။ ထို့ကြောင့် ကိုယ့်စိတ်ကိုကိုယ် မနည်း ထိန်းချုပ်ထားပြီး အက်ရှန်၏လက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားလိုက်သည်။ အက်ရှန်က ကြင်နာယုယသော အပြုံးဖြင့် ဂျဲနက်၏ မျက်နှာကို တစိမ့်စိမ့် ကြည့်နေမိသည်။

ယွန်-ပေါသည် မိခင်ကြီး၏ ပါးပြင်ကို တစ်ချက်နမ်းလိုက်ပြီးနောက် ဂျဲနက်၏ လက်ကို နမ်း၍ နှုတ်ဆက်သည်။ ဂျဲနက်က တစ်ဘက်သို့ မျက်နှာလွှဲပစ်လိုက်သည်။ထို့နောက် ယွန်-ပေါက ညီဖြစ်သူဘက်သို့ လှည့်ကာ. . .

"အစ်ကို့ အသည်းထဲနှလုံးထဲက တကယ့် ဝမ်းသာမှုနဲ့ ဂုဏ်ယူမဆုံး ဖြစ်မိပါတယ်၊ ငါ့ညီ ငါ့ညီမတို့ ပျော်ရွှင်တဲ့ အိမ်ထောင်ရေးခရီးကို ရာသက်ပန် လျှောက်လှမ်း နိုင်ကြပါစေလို့ လှိုက်လှိုက်လှဲလှဲ ဆုတောင်းပါတယ်"

ထို့နောက် ညီအစ်ကို နှစ်ယောက် လက်ဆွဲနှုတ်ဆက်ကြသည်။ မိခင်ဖြစ်သူက တပြုံးပြုံး ဖြင့် ပီတိတွေ ဖုံးပြီး ဝမ်းသာမဆုံးဖြစ်မိသည်။ ယခုလို ညီအစ်ကိုနှစ်ယောက် ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာ ဆက်ဆံလာနိုင်အောင် ပေါင်းကူးတံတား ခင်းပေးခဲ့သော ဂျဲနက်အားလည်း ကျေးဇူးတင်၍မဆုံး ဖြစ်နေသည်။

"ဒါနဲ့ မာရီကိုရော ဘာလို့ မခေါ်လာခဲ့တာလဲသား"

မိခင်ကြီးက ယွန်-ပေါအားမေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ယွန်-ပေါက ပခုံးနှစ်ဘက်ကို တွန့်လိုက်ပြီး. . .

"စိတ်မကောင်းစရာပဲ မေမေ၊ သူက ဘယ်လိုမှ လာလို့မဖြစ်ဘူး၊ ခေါင်းတစ်ခြမ်းကိုက်ရောဂါက သိပ်ဆိုးနေတယ်"

"အေးကွယ် သူ့ခမျာ သနားစရာပဲ"

မရီးဖြစ်သူ မာရီဂျက္ကလင်းအကြောင်း ကြားရတော့ အက်ရှန်မှာလည်း အစ်ကိုယ်ကြီးအတွက် ကိုယ်ချင်းစာပြီ အထူးပင် စိတ်မချမ်းမသာ ဖြစ်မိသည်။ သူနှင့်ဂျဲနက်တို့အဖို့ ပျော်ရွှင်ဆုံးဖြစ်နေရသော အချိန်တွင် အစ်ကိုကြီးမှာတော့ ကြေကွဲစရာတွေနှင့် ကြုံနေရပါလား ဟူ၍လည်း ကနာစိတ် ဖြစ်ပေါ်မိသည်။

ထိုနေ့ညတွင် ဂျဲနက် လုံးဝအိပ်မပျော်။ အခန်းမျက်နှာကြက်ကို ကြောင်ကြောင်ကြီး ကြည့်ကာ အတွေး တွေက လွင့်ချင်သလို လွင့်ပါးနေကြသည်။ **ငါမကြာခင် လက်ထပ်ရတော့မယ်။ နောက်ထပ် ကြုံလာရမယ့် ပြဿနာတွေကို ရင်စည်းလို့မှ ခံနိုင်ပါ့မလား။**

သူသည် အနာဂတ်ကို တွေးကာ ရင်ထဲတွင် မချိအောင် ပူလောင်နေမိသည်။ မင်္ဂလာပွဲ ပျက်သွားနိုင်သည့် ဆိုးရွားသော ဖြစ်ရပ်တစ်ခုခုများ မပျော်လင့်ဘဲ ပေါ်ပေါက်လာလေမလား ဟူသော စိုးရိမ်စိတ်က ဖိစီးနေသည်။

မိမိ၏ ဝမ်းဗိုက်ကို အမှတ်မထင် စမ်းကြည့်လိုက်မိသည်။

**ဘုရား. . . ဘုရား၊ ဘုရားသခင် ကယ်တော်မူပါ။ အမင်္ဂလာဖြစ်ရပ်တွေ ပေါ်ပေါက်လာပါစေနဲ့၊ တပည့်တော်မ ကျူးလွန်တဲ့ ဖြစ်မှုကြောင့် တပည့်တော်မရဲ့ အပြစ်ကင်းစင်တဲ့ ရင်သွေးကလေးကို ဒဏ်ခတ်တော် မမူပါနဲ့ ဘုရား။**

ပြီးတော့ ခုတင်ပေါ်မှဆင်းကာ စားပွဲတင်မီးလုံးကို ဖွင့်လိုက်သည်။ စားပွဲအံဆွဲထဲမှ မှတ်တမ်းစာအုပ်ကို ယူပြီး ရင်ထဲမှ ခံစားချက်တွေကို သွန်ချနေမိတော့သည်။

*သမီး အမိုက်မကို ခွင့်လွှတ်ပါ ဖေဖေရယ်. . .။ သမီးရဲ့ ဆိုးရွားလှတဲ့ ဒီဘဝ၊ ဒီကဏ္ဍ အစိတ်အပိုင်းတွေကို ဖေဖေနဲ့ ဘယ်လိုမှ မပတ်သက်ချင်ပါဘူး။ ဒါကြောင့်မို့လို့လည်း သမီး မှတ်တမ်း မရေးဘဲ နေခဲ့ပါတယ် ဖေဖေ။ သမီးအကြောင်းကိုသာ ဖေဖေသိရရင် ရင်ကွဲပြီး ဖေဖေ နှစ်ခါ သေရပါလိမ့်မယ်။ သမီးလေ ဒီဒုက္ခကို မခံစားနိုင်တော့ပါဘူး ဖေဖေရယ်. . . . ရင်နဲ့မချိအောင် ပူလောင် ခံစားနေရပါပြီ ဖေဖေ။*

*ဒါပေမယ့် သမီး ဘယ်လိုဖြစ်နေမှန်း သမီးကိုယ်တိုင် မစဉ်းစားတတ်တော့သလိုပါပဲ ဖေဖေ။ အစ်ကိုကြီး ယွန်-ပေါကို ဘယ်လိုချစ်မှန်း မသိပါဘူး။ သူ့မျက်နှာမြင်ရရင် သမီးရင်ထဲမှာ တင်းထားတာတွေ အားလုံး အရည်ပျော်သွားရပါတယ်။*

*အမှန်အတိုင်း ပြောရရင် သူနဲ့ကင်းကွာပြီး သမီး ဘယ်လိုမှ မနေနိုင်အောင်ဘဲ။ ပြောရတာ ရှက်စရာ ကောင်းလှပါတယ် ဖေဖေရယ်။ သမီးမှာ အားနည်းချက် ရှိပါတယ်ဆိုတာ သမီး အမှန်အတိုင်း ဝန်ခံပါတယ် ဖေဖေ။ ကိုယ့်စိတ်ကို ကိုယ်ထိန်းချုပ်နိုင်တဲ့ စွမ်းအားတွေ သမီးမှာ*



www.burmeseclassic.com

www.burmeseclassic.com



*လုံးဝမရှိတော့ပါဘူး။ အခုဒီစာကို ရေးရင်း တောင်မှ သမီးအနားမှာ အစ်ကိုကြီး ယွန် ရောက်နေသလို ထင်နေမိပါတယ်။*

*သမီး အမိုက်မကို ခွင့်လွှတ်ပါ ဖေဖေ။ လုံးဝ အပြစ်ကင်းစင်တဲ့ အစ်ကိုလေး အပေါ်မှာ သမီး ကျူးလွန်ခဲ့တဲ့ ပြစ်မှုအတွက် ကျေအောင် ပေးဆပ်ပါ့မယ်လို့ သမီး ဖေဖေ့ ကတိပေးပါတယ် ဖေဖေ။*

*ဘာပဲဖြစ်ဖြစ် တစ်နေ့နေ့မှာတော့ တစ်နည်းနည်းနဲ့ သမီး ပေးဆပ်နိုင်လိမ့်မယ် ယုံကြည်ပါတယ် ဖေဖေ။*

*တကယ်လည်း ပေးကိုပေး. . .*

သူ ဆက်မရေးနိုင်တော့။ တစ်ကိုယ်လုံး မောပန်း နွမ်းလျစွာဖြင့် အိပ်ပျော်သွားတော့သည်။

သတို့သားနှင့် သတို့သမီးတို့အတွက် ဘာသာရေး စည်းကမ်းကလနားတွေ သတ်မှတ်ကြသည်။ ဂျဲနက်အနေဖြင့် ခင်ပွန်းလောင်း၏ ဘာသာအယူဝါဒဖြစ်သော ကက်သလစ်ဘာသာ ပြောင်းလဲဝင်ရောက်ရန် မလို။ သို့သော် သူတို့ ဒနီးမောင်နှံမှ မွေးဖွားလာသော သားသမီးဟူသမျှ ခင်ပွန်းဖြစ်သူ၏ ဘာသာအယူဝါဒအရ ပြုစုပျိုးထောင်ရန်ကိုမူ ဂျဲနက်က ခြွင်းချက်မရှိ သဘော သည်။ သို့ဖြင့် ဘာသာရေး စည်းကမ်းသတ် မှတ်ချက် စာချုပ်ကို လက်မှတ်ရေးထိုးပြီးစီးသွားသည်။

ထို့နောက် မင်္ဂလာဆောင် အခမ်းအနားအတွက် အသေးစိတ်အစီအစဉ်များ သတ်မှတ် ကြသည်။

မင်္ဂလာ အခမ်းအနားကို ဧည့်ခန်းမဆောင်ကြီးတွင် ကျင်းပမည်။ ဧည့်ပရိတ်သတ် စုစုပေါင်း နှစ်ရာ့ ငါးဆယ် ဖိတ်မည်။ ဧည့်ခံကျွေးမွေးပွဲကို ရွှေရောင်နှင့် အဖြူရောင် သုတ်ထားသော ကပွဲခန်းမကြီးတွင် ပြုလုပ်မည်။ မင်္ဂလာခန်းမဆောင်ကြီးထဲမှ လက်ရှိအိမ်ထောင်ပရိဘော များအားလုံးကို ထုတ်ပစ်ပြီး ဧည့်ပရိသတ်များအတွက် အထူးစားပွဲ ကုလားထိုင်များ စနစ်တကျ စီစဉ်ချပေးထားမည်။ လက်ထပ်စင်မြင့်ကို တခမ်းတနား မွမ်းမံပြင်ဆင်ပြီး ခန်းမဆောင်တစ်ခု ပန်းမျိုးစုံဖြင့် အလှဆင်မည်။

လက်ထပ်ပွဲမကျင်းပမီ နှစ်ရက်အလိုတွင် ဂျဲနက်၏ ဦးလေး လီယွန် ရောက်လာသည်။ သို့သော် အန်တီ ဒီဘိုရာကတော့ မလာနိုင်။ လွန်ခဲ့သော နှစ်လ သုံးလလောက်ကပင် ကျန်းမာရေး ချို့တဲ့ပြီး အိပ်ရာထဲက မထနိုင်အောင်ဖြစ်နေသည်။ ယင်းအတွက် ဂျဲနက် တော်တော် စိတ်မကောင်းဖြစ်မိရသည်။ တကယ်တော့ သူ့အဖို့ မိသားစုဆို၍ လီယွန်တို့ လင်မယား နှစ်ယောက်သာ ရှိတော့သည် မဟုတ်ပါလား။

အက်ရှန်နှင့် ဂျဲနက်တို့ နှစ်ယောက်သား ဘူတာတွင် ရပ်၍ ရထားအဝင်ကို စောင့်မျှော်နေကြသည်။ သူ၏ ဦးလေးနှင့် ခွဲခွာလာခဲ့သည်မှာ ခုနစ်လပင် ကြာညောင်းခဲ့ပြီ။ ဦးလေး ဖြစ်သူအား ဒီ ဆိပ်ကမ်းတွင် နောက်ဆုံးနှုတ်ဆက်၍ ထွက်ခွာလာခဲ့သည်မှာ နှစ်တစ်ရာလောက်ပင် ကြာသွားပြီ ဂျဲနက် စိတ်ထဲမှာ ထင်မှတ်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ရထားပေါ်မှ လီယွန်ဆင်းလာသည်ကို ရုတ်တရက်မြင်လိုက်ရတော့ ဂျဲနက်က ကိုယ့်မျက်စိကိုယ် မယုံနိုင်အောင် ဖြစ်သွားမိသည်။ သူက ကမန်းကတန်း ပြေးသွားပြီး ဦးလေးဖြစ်သူကို ဝမ်းပန်းတသာ ဖက်ထားလိုက်မိသည်။ ဦးလေးဖြစ်သူကလည်း တူမလေးအား ချစ်တချစ်ပါအောင် ပြန်ဖက်သည်။ နှစ်ယောက်သား တသိမ့်သိမ့်နှင့် ငိုရှိုက်ကြသည်။ ပီတိရစရာတွေ၊ အမှတ်ရစရာတွေက အများကြီး ရှိနေကြသည် မဟုတ်လား။

နောက်ဆုံးတော့ လီယွန်က ဂျဲနက်အားဖက်ကာ အက်ရှန် ရပ်နေရာသို့ ရောက်လာကြသည်။ ဂျဲနက်က သူ့ဦးလေးအား ခင်ပွန်းလောင်းနှင့် မိတ်ဆက်ပေးသည်။ ယောကျ်ားသားနှစ်ဦးတို့ ကလဲ့တကင်း လက်ဆွဲနှုတ်ဆက်ကြသည်။ ဂျဲနက်၏ မျက်လုံးအစုံတွင် မျက်ရည်တွေ ပြည့်လျှံ နေသည်။ သူက စိတ်ကိုထိန်းပြီး မျက်နှာကို တစ်ဘက်လှည့်ထားလိုက်သည်။

ညစာ စားပြီးကြသောအခါ ဧည့်ခန်းဆောင်ကလေးသို့ ပြောင်းရွှေ့၍ ဘရန်ဒီနှင့် အချိုပွဲ ဆောင်ကြသည်။ မဒမ်ဒူပရေးနှင့် လီယွန်တို့က စားရင်းသောက်ရင်း အလ္လာပ သလ္လာပ ပြောဆိုနေကြသည်။ ဂျဲနက်က စန္ဒရား ထိုင်ခုံတွင် ထိုင်ကာ အက်ရှန်တစ်ယောက်တည်းသာ ကြားရရုံမျှ တိုးညင်းသာယာ တီးခတ်သည်။ သူက အက်ရှန်ကြိုက်တတ်သော ရှိုပင်၊ မိုးဇက်နှင့် ဆဲလင့်စ်စသော ဂီတပညာရှင်ကြီးများ၏ တေးသွားများကို တီးပြသည်။ နောက်ဆုံးပိတ်တွင်တော့ သူတို့နှစ်ယောက်အား နှလုံးသားချင်း ဂယေဆက်ပေးခဲ့သော "ရွှေလသာသာ" တေးသွားဖြင့် အဆုံးသတ်လိုက်သည်။

နောက်တနေ့သည် ရဟူဒီဘာသာဝင်တို့၏ ဥပုသ်နေ့. . . ။ ဂျဲနက်နှင့် လီယွန်တို့ တူဝရီးနှစ်ယောက် သည်း မနက်အစောကြီးကတည်းက အိမ်မှ ထွက်၍ ရဟူဒီဘုရားကျောင်းသို့ လာခဲ့ကြသည်။ ဘုရားဝတ်ပြု၍ ဆုတောင်းမေတ္တာများ ပို့သပြီးသောအခါ ကျူလာရီပန်းခြံသို့ လျှောက်လာခဲ့ကြသည်။ နှစ်ယောက်သား သံစ်ပင်ရိပ် တစ်နေရာမှာ ဝင်ထိုင်ကြသည်။ အတန်ကြာမျှကိုယ့်အတွေးနှင့်ကိုယ် ငြိမ်ဆိတ်နေကြပြီးနောက် ဂျဲနက်က ပြောသည်။

"ဒါနဲ့ အန်ကယ် လီယွန်. . ၊ သမီးတို့နှစ်ယောက် အခုလို နှစ်ယောက်တည်းထိုင်ပြီး စကားမပြောရတာ တော်တော်ကြာသွားပြီနော်၊ သမီး သိပ်သဘောကျတဲ့ နေရာ တစ်နေရာရှိတယ်၊ အဲဒီကို သွားရရင် မကောင်းဘူးလား. . . ဟင်"

"ကောင်းပါတယ်၊ သမီး သဘောကျသလို လုပ်ပါ"

သို့ဖြင့် ဂျဲနက်က သူ့ဦးလေးအား "လာအိုပရာ" ရိပ်သာလမ်းပေါ်မှ ကဖေးဆိုင် ကလေးတစ်ဆိုင်သို့ ခေါ်လာခဲ့သည်။ လီယွန်က ဆိုင်ကလေးကို တော်တော် သဘောကျသွားသည်။

စားပွဲလွတ် တစ်နေရာတွင် ဝင်ထိုင်ကြပြီး စားစရာများကို မှာလိုက်သည်။ ဂျဲနက်က သူ့ဦးလေးမျက်နှာကိုသာ တစိမ့်စိမ့် ကြည့်နေမိသည်။ သူ့အနားတွင် သူ့ဦးလေး ရောက်ရှိ နေသည်ဆိုတာကိုလည်း မယုံနိုင်အောင် ခံစားမိရသည်။ သူ့ဦးလေးကို ကြည့်ရသည်မှာ ထူးထူးခြားခြား ပြောင်းလဲချက် မတွေ့ရ။ သို့သော် သူကတော့ အများကြီး ပြောင်းလဲသွားခဲ့ပြီ။



www.burmeseclassic.com

www.burmeseclassic.com



လီယွန်က တူမကလေး၏ အတွေးကို မှန်းဆမိသည့်အလား. . .

"သမီးက ဒီလောက် အချိန်တိုလေးအတွင်းမှာ တော်တော် ပြောင်းလဲသွားတာ အန်တယ်က မယုံကြည်နိုင်အောင် ဖြစ်မိရတယ်"

"ဟုတ်ပါတယ်. . . အန်ကယ်၊ ဒီရောက်မှ သမီး တော်တော် ပြောင်းလဲသွားပါတယ် အန်ကယ်နဲ့ အန်တီတို့ဆီကို စာရေးဖို့လည်း သမီးအမြဲတမ်း သတိရပါတယ်၊ ဒါပေမယ့် သမီးရေးလို့ကို မဖြစ်ဘူး၊ သမီး ဒီပါရီရောက်လာပြီးမှ ကြုံတွေ့ရတဲ့ ပျော်စရာ ရွှင်စရာတွေ ဝမ်းသာစရာတွေကို ပြည့်ပြည့်စုံစုံ စာနဲ့ ရေးမပြတတ်လို့ပါ"

လီယွန်က တူမကလေးအား တစိမ့်စိမ့်ကြည့်ပြီး တသိမ့်သိမ့် ဝမ်းသာကြည်နူးနေမိသည်။

"ဟုတ်ပါတယ် သမီးရယ်၊ သမီးကြည့်ရတာ တကယ်ပျော်နေတဲ့ ပုံပါပဲ၊ သမီးမျက်လုံးတွေက သက်သေပြနေပါတယ်၊ တကယ်တော့ လောကမှာ ပျော်ရွှင်ချမ်းသာမှုနဲ့ အထိုက်တန်ဆုံးကတော့ သမီးပါပဲကွယ်၊ ဒါကို ဘုရားသခင် သိတော်မူပါတယ်"

ဦးလေးဖြစ်သူ၏ စကားကြောင့် ဂျဲနက်မှာ မျက်နှာပျက်မသွားစေရန် မနည်း ထိန်းထားလိုက်ရသည်။ အကယ်၍များ သူခံစားနေရတဲ့ သူရင်ဆိုင်နေရတဲ့ ဒုက္ခတွေ ပြဿနာတွေကိုသာ သူ့ဦးလေးသိသွားလျှင် ဘယ်လောက်များ စိတ်မချမ်းမသာ ဖြစ်လိုက်မလဲ။ သူ့အတွေးကို သူ့ဦးလေး ရိပ်မိပုံမရ၍ သူက ကျိတ်ပြီး ဝမ်းသာမိသည်။

သို့သော် ဦးလေးဖြစ်သူက တူမ၏ မျက်နှာကို စေ့စေ့ကြည့်ပြီး ရုတ်တရက် မေးလိုက်သည်။

"ဒါနဲ့ သမီးကြည့်ရတာ တခုခု ပြောချင်နေပုံမျိုးပဲ၊ ဘာပြောစရာရှိလဲ၊ ပြောစရာရှိရင် ပြောသာ ပြောပါ"

ဂျဲနက်က ခေါင်းညိတ်လိုက်ပြီး. . .

"ဟုတ်ပါတယ် အန်ကယ်၊ အန်ကယ့်ကို သမီး ပြောပြချင်တာ ရှိပါတယ်၊ အဲဒါက တခြားမဟုတ်ပါဘူး၊ အစ်ကိုလေး အက်ရှန်ဟာ ဖေဖေ သေသွားပြီဆိုတာကိုတော့ သိပါတယ်၊ ဒါပေမယ့် ဘယ်လိုသေသွားရတယ် ဆိုတာကိုတော့ လုံးဝမသိသေးဘူး၊ သမီးကလည်း တတ်နိုင်သမျှ ဖုံးဖုံးဖိဖိ လုပ်ထားပါတယ်၊ ဒါပေမယ့် ပိုပြီး အရေးကြီးတဲ့အချက်က မေမေနဲ့ ပက်သက်ပြီး သမီး သူ့ကို ညာပြောထားတဲ့အချက်ပဲ၊ သမီးမှာ အမေမရှိ တော့ဘူး၊ သမီးငါးနှစ်အရွယ်ကတည်းက သေသွားပြီလို့ ပြောထားတယ်"

လီယွန်က ခေါင်းကို ငုံ့ကာ စားပွဲပေါ်မှ ပေါင်မုန့်စကလေးများကို အမှတ်မဲ့ စီကစားနေမိသည်။

ဪ. . . ညီလေး ရှဘင်သာ မသေဘူးဆိုရင် သူ့သမီး မင်္ဂလာဆောင်ပွဲကို တက်ဖို့ အတွက် ဒီနေ့ ဒီနေရာကို ရောက်နေမှာပဲ။

"သမီးဟာ တတ်နိုင်ရင် မေမေ့အကြောင်းကို လုံးဝမစဉ်းစားချင်ပါဘူး အန်ကယ် ဒါပေမယ့် သူ့အကြောင်းကို တစ်ခါတစ်ခါ စဉ်းစားမိပါတယ်၊ နောက်ပြီး သူ့ဓာတ်ပုံတွေကိုလည်း သတင်းစာတွေထဲမှာ မြင်ပါတယ်၊ မြို့စားကြီး အလက်ဇီမက်ဇီမော့နဲ့တွဲပြီး တွေ့ရပါတယ် ဟုတ်ပါတယ်. . . သူပဲ ဖြစ်မှာပါ။ သမီးက မြို့စားကြီးကို မှတ်မိပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် သမီး၊ သမီးပြောတာ ဖြစ်တော့ ဖြစ်နိုင်ပါတယ်၊ ဒါပေမယ့် သမီးမေမေ ...သွားတုန်းက သမီးကတော်တော်တော့ ငယ်ပါသေးတယ်"

"သမီးက ငယ်ပေမယ့် မှတ်တော့ မှတ်မိပါတယ် အန်ကယ်၊ ဟုတ်ပါတယ် မေမေ့ ရုပ်ကို ... တကယ်မှတ်မိပါတယ်၊ သမီးက တခြားဟာတွေကိုလည်း အများကြီး မှတ်မိပါသေးတယ်၊ ...စာတွေထဲမှာ သမီးတွေ့ရတဲ့ မိန်းမကို သမီး တကယ်မှတ်မိနေပါတယ်။

"သူ့ အနေနဲ့ ဘာတွေပဲ ဖြစ်နေဖြစ်နေ တကယ်ချောတယ်ဆိုတာကတော့ သေချာပါ ... မေမေ့ရုပ်ရည်ဟာ တကယ်ချောတယ်ဆိုတာကို အန်ကယ်လဲ အမြဲတမ်း ပြောဖူးတာပဲ၊ ...တလည်း အမြဲတမ်းပြောတာပဲ၊ သမီးလည်း သတင်းစာတွေမှာ သူ့ဓာတ်ပုံကို မြင်ရတော့မှ ... ချောတဲ့ အမျိုးသမီးတစ်ယောက်ဆိုတာ တကယ် ယုံကြည်မိပါတယ်၊ အချိန်တွေ အများကြီး ...ွန်သွားခဲ့ပေမယ့် မေမေဟာ နည်းနည်းကလေးမှ ပြောင်းလဲ မသွားပါဘူး၊ ဖေဖေ စစ်ထဲ ...နေတုန်းမှာ သမီးတို့ အိမ်ကို မြို့စားကြီး မက်ဇီမော့ ခဏခဏ လာလည်တာကိုလည်း ...အခုထက်ထိ မှတ်မိနေပါသေးတယ်၊ ဘယ်အထိတောင် မှတ်မိနေသေးတယ်ဆိုရင် အဲဒီတုန်းက ... သူ့ကို သမီးရဲ့ ဖေဖေလို့ပဲ ယူဆနေခဲ့မိပါတယ်၊ တကယ်တော့ သူဟာ သမီးရဲ့ ဖေဖေ ...ရင်လည်း သမီး တကယ်ပဲ ဝမ်းသာဂုဏ်ယူမိမှာပါပဲ၊ အဲဒီအထိကို သမီးက သူ့ကို ခင်မင် ...တယ်၊ ဒါပေမယ့် အခုနေ အခါတော့ သူ့အပေါ်မှာ သမီးအဲဒီလို စိတ်ဓာတ်မျိုး ရှိနိုင်တော့မယ် ...ပါဘူး"

ဂျဲနက်ပြောတာ အမှန်ချည်းပါပဲဟု လီယွန်က စဉ်းစားမိသည်။ တကယ်တော့ ...ပြောသလို မာဂဒါလည်း ချောမောလှပသူပင် ဖြစ်သည်။ သို့သော် သူက အရာရာမှာ ...ဆန်ဆန် တဇွတ်ထိုး လုပ်တတ်တာကတော့ သေချာသည်။ ဘယ်လောက်တောင် ...ဆန်သလဲဆိုလျှင် သူ့နာမည်ကိုပင် လုံးဝ ပြောင်းပစ်လိုက်သည်အထိ ဖြစ်သည်။ ပါရီတွင် ...ါ ဘာတွေလုပ်ပြီး ဘာတွေဖြစ်နေသည်ဆိုတာကို မပြတ်သတင်းပို့ရန် လီယွန်က သူ့မိတ်ဆွေ ...စ်ကို အကြောင်းကြားထားခဲ့သည်။ ဒရိုင်ဖြူးစ်ကလည်း နှစ်ပေါင်းတော်တော်ကြာအထိ ...သတင်းပေးပို့ခဲ့သည်။ သို့သော်. . . လီယွန်က ဂျဲနက်ထံစာရေးရာတွင် ယင်းအကြောင်းတွေကို ...ဖော်မပြခဲ့။ ဂျဲနက်အနေဖြင့် သူ့မေမေနှင့် ပြန်လည် ဆုံတွေ့ရန် အကြောင်းလည်း ...မရှိတော့။ တွေ့ဆုံရန်လည်း မလိုအပ်တော့ဟူ၍ လီယွန်က ယူဆခဲ့သောကြောင့် ဖြစ်သည်။

ဂျဲနက်က ငြိမ်နေသော လီယွန်၏အတွေးကို ခန့်မှန်းမိသလို ဆက်ပြောပြန်သည်။

"တစ်နေ့နေ့မှာ ကျွန်မဟာ မေမေနဲ့ နဖူးတွေ့ဒူးတွေ့ တွေ့ကို တွေ့ရဦးမယ်လို့ ...ယုံကြည်နေမိပါတယ်. . . အန်ကယ်၊ အဲဒီလိုတွေ့ကြရင် ဘယ်လိုများဖြစ်ကြမလဲဆိုတာ ...ပြီးလဲ ကျွန်မ အကြီးအကျယ် စိုးရိမ်နေမိပါတယ်"

"အင်း. . . သမီးထင်သလို တစ်နေ့နေ့မှာ တွေ့ချင်လဲ တွေ့ကြမှာပါပဲ. . . သမီး၊ ဒါပေမယ့် ...တော့လည်း စိုးရိမ်စရာတော့ မရှိပါဘူး၊ ဘာဖြစ်လို့လဲဆို သမီးတို့က သက်တူရွယ်တူတွေ ...ဘူးဆိုတော့ သူကျင်လည်ကျက်စားတဲ့အသိုင်းအဝိုင်းထဲကို ဝင်မိစရာ အကြောင်းမရှိပါဘူး၊ ...ယ်တော့. . . တိုက်တိုက်ဆိုင်ဆိုင် တစ်နေ့နေ့မှာ တွေ့ကြရင်လည်း အန်ကယ်ကတော့



www.burmeseclassic.com

www.burmeseclassic.com



သမီးအပေါ်မှာ ယုံကြည်မှု အပြည့်ရှိပါတယ်၊ သမီး ဘာမှဖြစ်စရာ မရှိပါဘူး၊ သမီးက ထ
အရည်အသွေးရှိတဲ့ မိန်းကလေး တစ်ယောက်ပဲ၊ ရင်ဆိုင်လာရတဲ့ ပြဿနာကို သိက္ခာရှိရှိ သ
ဖြေရှင်းသွားနိုင်မယ်ဆိုတာ အန်ကယ်က ယုံကြည်ပြီးသားပါ၊ သမီး မေမေနဲ့ သမီးတို့က ဘယ်
မတူညီနိုင်ကြတော့ဘူး၊ သမီးမှာက တန်ဖိုးရှိသေးတယ်၊ သူမှာ . . ဘာတန်ဖိုးမှ မရှိတော့ဘူး
သမီးရယ်၊ ဒီအကြောင်းတွေ ဘေးချိတ်ထားလိုက်ပါတော့၊ ဒီလောက် ပြောရရင် ကျေနပ်လော
ပြီ၊ သမီးက မင်္ဂလာဆောင်ခါနီးဆဲဆဲ သတို့သမီးလောင်းတစ်ယောက်ဆိုတော့ အန်ကယ်
တွေ့ရတုန်း ပျော်ပျော်ရွှင်ရွှင် နေကြတာပဲ အကောင်းဆုံးပါပဲ၊ ကဲ . . . ဒီတော့ သမီးရဲ့ မင်္ဂလာ
ဂုဏ်ပြုတဲ့အနေနဲ့ တို့တူဝရီး နှစ်ယောက် ပျော်ပျော်ရွှင်ရွှင်နဲ့ ကော့ညက်တစ်ခွက်စီ သောက်
ကြပါစို့"

မြို့စားကတော်ကလေး လေဒီမက်ဇီမော့သည် အိပ်ရာပေါ်တွင် လှဲရင်း သတင်းစာကြော်ငြာ
စိတ်ဝင်စားစွာ စိုက်ကြည့်နေမိသည်။

**ဟုတ်ပါတယ် . . . လုံးဝမလွဲနိုင်ပါဘူး။ ငါ့သမီးမှ ငါ့သမီး အစစ်ပါ၊ အင်း . . . မယုံကြည်နိုင်စရာပါပဲ လား။ ဘာလိုလိုနဲ့ အချိန်တွေ တော်တော်ကုန်သွားခဲ့ပါရောလား။ သမီး ဒီအရွယ်တောင် ရောက်နေပြီ ဆိုတာ ငါ့အနေနဲ့ ဘယ်လိုမှ မယုံနိုင်စရာပါပဲ၊ ဒါပေမယ့် ဖြစ် ကတော့ တကယ့်အမှန်ပါပဲ၊ ဘာမှ မယုံ နိုင်စရာ မရှိပါဘူး။**

သူက သတင်းစာ ကြော်ငြာကို ပြန်ဖတ်နေမိပြန်သည်။

"နာမည်ကျော် ဒူပရေးမိသားစု၏ ကလေးထိန်း ဆရာမဟောင်းဖြစ်သူ အင်္ဂလိပ်အမျိုး
မေ့ဒ်မွာဆယ် ဂျဲနက်ဟက်နှင့် . . . . . . . . . . . . . . . . . . . . . . . . သံတမန် အရာ
တစ်ဦးဖြစ်သော ယွန်-ပေါဒူပရေး၏ ညီဖြစ်သူ အက်ရှန်ဒူပရေးတို့၏ စေ့စပ်ကြောင်းလမ်း
အထိမ်းအမှတ် ညစာစားပွဲသို့ . . . ."

သူ့ခေါင်းထဲသို့ အတွေးမျှင်များ တသီတတန်းကြီး ဝင်လာသောကြောင့် သူ
ကြော်ငြာကိုပင် ဆက်၍မဖတ်နိုင်တော့။

**ဘုရား . . . ဘုရား . . . တို့သားအမိနှစ်ယောက် သေကွဲမကွဲ ရှင်ကွဲ ကွဲသွားခဲ့ကြ နှစ်ကာလ မနည်းတော့ပါလား။ ဒီအတောအတွင်း သူ့အကြောင်းကို ငါဘာမှလည်း မကြားခဲ့ရ ဘာမှလည်း မသိခဲ့ရဘူး။ ပန်းချီဆရာကမယ်ကလည်း သမီးအကြောင်းနဲ့ ပတ်သတ်ပြီး ဘာသတင်းမှ မပေးခဲ့ဘူး။ အခု တော့ သမီးဟာ ငါနဲ့ တစ်မိုင်လောက်တောင် မဝေးတဲ့နေ ရောက်လာပြီး ယောကျာ်းတောင် ယူတော့မယ်ဆိုပါလား။ အင်း . . . သမီး မင်္ဂလာဆောင်ကို ငါ ဘယ်နည်းနဲ့မှ တက်ခွင့်ရနိုင်တော့မှာ မဟုတ်ဘူး။ မင်္ဂလာဆောင် တက်ခွင့်ရဖို့ မဆို နဲ့ . . . သမီးမျက်နှာကို မြင်ရဖို့တောင် မလွယ်တော့ပါလား။ ငါ့သမီးလေးဟာ မနက်ဖြန် သတို့သမီးအဖြစ်နဲ့ မင်္ဂလာပွဲကြီး ကျင်းပရတော့မယ်။ သမီးအရင်းခေါက်ခေါက်ရဲ့ မင် ဆောင်ပွဲကို အမေကိုယ်တိုင် မတတ်ရောက်နိုင်တာ ကုသိုလ်ကံ ဆိုးရွားလှပါကလား။ ငါ့ကို မှာ လိုချင်တာရအောင် အဘက်ဘက်က ဖြည့်ဆည်းပေးခဲ့တဲ့ ငါ့ခင်ပွန်း မြို့စားကြီးတော**



www.burmeseclassic.com

www.burmeseclassic.com



[...]ပ်ပေး နိုင်မှာ မဟုတ်တော့ဘူး။ အရာရာကို ဖန်တီး ရယူနိုင်တဲ့ သူလိုလူတောင်မှ အတိတ်ကာလရဲ့ [...]ားတွေကို ပြန်ပြင်လို့ မရနိုင်တော့ပါဘူး။ တကယ်. . . . တွေးကြည့်လိုက်တော့ အတိတ်က [...]ပျက်ခဲ့တာတွေဟာ မနေ့တစ်နေ့က လိုပါပဲလား။

အခုဆိုရင် ငါ့သမီးလေးဟာ ကလေးထိန်း ဆရာမဘဝကနေပြီး ဒူပရေးမိသားစုဝင် [...]ကောင်း သမီးတစ်ယောက် ဖြစ်လာတော့မယ်။ အင်း. . . ဒူပရေး. . . ဒူပရေး။ ပါရီတစ်မြို့ [...]မှာ ဂုဏ်အကြီးဆုံး မိသားစုကြီးတစ်ခုပါပဲ။

သူက တွေးရင်း တွေးရင်းနှင့် တစုံတရာကို ဖြတ်ကနဲ သတိရသလိုလို ဖြစ်လာမိသည်။

ဟုတ်ပါတယ်. . . ဒူပရေးဆိုတဲ့ နာမည်နဲ့ ငါမစိမ်းပါဘူး။ ဒပရေးမိသားစုဝင် [...]ယောက်ယောက်ကို ငါသိဖူးသလိုပါပဲ။ သူ့နာမည် ဘာပါလိမ့်။ အင်း ဟုတ်ပြီ [...]ရပြီ. . ဒူပရေး . . . ယွန်-ပေါ် ဒူပရေး. . ဟုတ်တယ်။ သူပဲ. . . သူပဲ။ ငါ သူ့ကို တွေ့ဖူးတာ [...]ပါတယ်။ ဘယ်နေရာမှာပါလိမ့်။ ဩော်. . . ဟုတ်ပြီ. . ဟုတ်ပြီ။ အလက်ဇီခေါ် သွားတဲ့ [...]ခံပွဲတစ်ခုမှာ တွေ့ခဲ့ရတာ။ သူက အသက်ငယ်ငယ် နဲ့ သံတမန်အရာရှိတစ်ယောက်ဖြစ်နေတဲ့ [...]ယ်တစ်ယောက်။ ရုပ်ရည်ကလည်း ယောကျ်ားတွေတောင် ငေးကြည့်ရလောက်အောင် [...]င့်တဲ့လူ။ ဟုတ်ပါတယ်. . ယွန်ပေါ် ဒူပရေး။ ရှင့်ကို ကျွန်မ ကောင်းကောင်း သိပါတယ်။ [...]တော့ ရှင်က ကျွန်မသမက်လောင်းရဲ့ အစ်ကိုအရင်းခေါက်ခေါက်ဖြစ်နေပါရောလား။

အင်း. . . လောကကြီးက တကယ်ပဲ ဆန်းကြယ်လှပါတယ်။ ဘဝမှာ မမျှော်လင့်တာတွေ [...]ထူးဆန်းဆန်း ဖြစ်လာတတ်ကြပါကလား။

မနက်ဖြန်ဆိုလျှင် သမီးဖြစ်သူအတွက် မင်္ဂလာအပေါင်းခညောင်းတဲ့ နေ့ထူးနေ့မြတ်ကြီး [...]က်လာတော့မည်။ သို့ပေမယ့် မိခင်ဖြစ်သူအတွက်တော့ တကယ့်ကို ရင်ကွဲရမည့် နေ့ဆိုးကြီးပင် [...]ပေတော့မည်။

သူက မယုံကြည်နိုင်စွာဖြင့် ခေါင်းကိုသာတသိမ့်သိမ့်ခါယမ်းနေမိလေသည်။ [...]နောက်တော့ ခုတင်ပေါ်မှဆင်းကာ နံရံတွင် ချိတ်ထားသော ပုံတူပန်းချီကားလေးကို [...]ုတ်ယူလိုက်သည်။

ပန်းချီဆရာ ကမယ်ရေးဆွဲပေးထားသော သမီးငယ် ဂျနက်၏ ဆေးရောင်စုံ ပန်းချီကား. . .

သူက သမီးငယ်၏ ပုံတူကားကို ရင်ဘတ်တွင် ဖိကပ်ထားလိုက်သည်။

သမီးငယ်သည် ပန်းချီကားထဲမှ အသက်ဝင်လာသလို ထင်မှတ်မိသည်။ တစ်ချိန် [...]ည်းတွင် သူ့ရင်သည် တဖျပ်ဖျပ် ခုန်လာမိသည်။ အတိုင်းမသိ ဝမ်းသာခြင်းနှင့် အတိုင်းမသိ [...]နည်းခြင်းတည်းဟူသော ဝေဒနာ နှစ်ရပ်ကို ရင်နှင့် မဆံ့အောင် ခံစားမိရတော့သည်။

ဩော် လောကမှာ ကျွန်မကိုသာ အချစ်ဆုံးဆိုတဲ့၊ ကျွန်မကလည်း ရင်နှင့်အမျှ ချစ်ရပါတဲ့ [...]စ်ကိုကြီး အလက်ဇီရယ်။

ဒီအချိန်မှာ ကျွန်မ ခံစားနေရတဲ့ သောက၊ ကျွန်မရင်ကွဲမတတ် ခံစားနေရတဲ့ ဝေဒနာ [...]ကို အစ်ကိုကြီးလဲ ဘယ်လိုမှဖြေသိမ့် မပေးနိုင်တော့ပါကလား။

အဖြစ်မှန်ကတော့ ရှုးမေးနီးယားနိုင်ငံမှ ခြေသလုံးအိမ်တိုင် ရောက်လာခဲ့သော



www.burmeseclassic.com

www.burmeseclassic.com



သီချင်းသည်မကလေး မာဂဒါသည် ယခုအချိန်တွင် အထီးကျန် အဖော်မဲ့ သူတစ်ယောက်အ
သူ၏ ပင်ကိုယ်ဘဝမှန်အတိုင်း ရောက်ရှိလာခဲ့ရခြင်းပင် ဖြစ်ပေတော့သည်။

◆◆◆

www.burmeseclassic.com

www.burmeseclassic.com

# [ ၂၀ ]

**၁၉၃၆ ခုနှစ်၊ အောက်တိုဘာလ (၁) ရက်နေ့။**

အားလုံး အမျှော်လင့်ကြီး မျှော်လင့်နေခဲ့ရသော သည်နေ့ သည်ရက်သို့ ရောက်လာကြသည်။ ဂျဲနက်နှင့် မဒမ်ဒူပရေးတို့မှာ ယခုလို သည်နေ့ သည်ရက်သို့ အမြန်ဆုံး ရောက်ရှိလာခဲ့ရသည့်အတွက် ဝမ်းသာမဆုံး ဖြစ်မိကြသည်။ သို့သော် ဝမ်းသာရခြင်း အကြောင်းကတော့ တစ်ယောက်နှင့် တစ်ယောက် မတူကြ။

ဂျဲနက်သည် ပုလဲပွင့်များနှင့် ဇာနားကွပ်ထားသော အိစက်နူးညံ့သည့် အဖြူရောင် မင်္ဂလာဆောင် ဝတ်စုံကြီးကို လှပစွာ ဝတ်ဆင်ထားသည်။ သူ့မျက်နှာတွင် ကြည်စင် ရွှန်းပသည့် အပြုံးပန်းတွေ ဝင့်နေသလို သူ့အလှကလည်း သောက်ရှူးကြယ်ပမာ တစ်ခန်းလုံးတွင် ထိန်လင်း ရွှန်းပနေသလို ထင်ရသည်။ မဒမ်ဒူပရေး မှာ ချွေးမလောင်းကလေးကို တစိမ့်စိမ့်ကြည့်ရင်း ပီတိတွေ ဖြာဝေနေမိသည်။ သူက ဂျဲနက်အနားသို့ လျှောက်လာပြီး ဝမ်းသာလှိုက်လှဲစွာ ပြောသည်။

"သမီး ဂျဲနက်ကို မေမေကြီး ဝအောင်ကြည့်ပါရစေ သမီးရယ်၊ မေမေကြီးက သမီးမျက်နှာကို ကြည့်ရင်း ကြည့်ရင်း မေမေကြီးရဲ့ သွားလေသူ သမီးကြီး မျက်နှာကို မြင်ယောင်လို့ပါ၊ တကယ်တော့ မေမေကြီးရဲ့ သမီးကြီးကို ဘယ်သူနဲ့မှ အစားထိုးလို့ မရပါဘူး။ သူဆုံးသွားတာဟာလဲ မေမေကြီးအတွက် ဘယ်လို ဆုံးရှုံးမှုမျိုးနဲ့မှ နှိုင်းစာလို့ မရပါဘူး၊ ဒါပေမယ့် အခုတော့ မေမေကြီး ဖြေလို့ ရပါပြီ၊ အမှန်အတိုင်း ပြောရ ရင် သမီးဟာ မေမေကြီး သမီးကိုယ်စား မိုးပေါ်က ဘုရားသခင်ပို့ပေးလိုက်တဲ့ ကိုယ်ပွားပါပဲ၊ သမီးကြောင့် မေမေကြီးရဲ့ အချစ်ဆုံးသားလေးလည်း ပျော်မဆုံး မော်မဆုံး ဖြစ်ခဲ့ရပါတယ်။ အဲဒီတော့ ဒီနေ့ကစပြီး သမီးဟာ မေမေကြီးတို့ရဲ့



www.burmeseclassic.com

www.burmeseclassic.com



မိသားစုတစ်ယောက်ဖြစ်လာခဲ့ပါပြီ။ ဒါကြောင့်မို့လို့ ဒီနေ့ကစပြီး မေမေကြီးကို မေမေကြီး မခေါ်ပါနဲ့တော့ကွယ်။ သမီးရဲ့ အမေရင်းလို သဘောထားပြီး မေမေလို့ပဲ ခေါ်ပါတော့ သမီးကိုလဲ မေမေက ကိုယ့်သမီးအရင်းလို တစ်သက်လုံးမှတ်သွားပါတော့မယ်"

ဂျဲနက်က အဘွားကြီးကို ပွေ့ဖက်လိုက်သည်။

"မေမေ့ စကားကြားရတော့ သမီးရင်နှင့်အမျှ ဝမ်းသာရပါတယ် မေမေရယ်၊ သမီး မေမေလို့ ခေါ်ချင်တာ ကြာခဲ့ပါပြီ၊ သမီး ကတိပေးပါတယ် မေမေရယ်၊ မေမေ့အချစ်ဆုံး အစ်ကိုလေး အက်ရှ်န် တစ်သက်လုံး စိတ်ချမ်းသာအောင် သမီး အစွမ်းကုန် ပြုစုပါ့မယ် မေမေ"

"အေးကွယ်. . . မေမေလဲ အများကြီး ဝမ်းသာရပါတယ် သမီးရယ်၊ သမီးကို ကျေးဇူး အများကြီး တင်ပါတယ်၊ သမီးဟာ ဒီနေ့ကစပြီး မေမေရဲ့ သမီးအရင်း ဖြစ်သွားပါပြီကွယ်"

အဘွားကြီးက ခရမ်းရောင် ကတ္တီပါရတနာကြုတ်ထဲမှ ပုလဲသွယ် လည်ဆွဲကို ထုတ် ဂျဲနက်၏ ခေါင်းပေါ်မှာ စွပ်ပေးလိုက်သည်။ "ဒီ. . . ပုလဲလည်ဆွဲကြီးကို မေမေ မင်္ဂလာဆောင် နေ့မှာ မေမေ့ခင်ပွန်းရဲ့ အမေက ပေးခဲ့တာပါကွယ်၊ အခုလည်း မေမေက သမီးကို မေ ပေးပါတယ်၊ သမီး . . . တစ်သက်လုံး ဝက်ဆင်ပါတော့"

ထို့နောက် မဒမ်ဒူပရေးသည် ဂျဲနက်အနီးမှ ပြန်လည်ထွက်ခွာသွားသည်။ ဂျဲ မျက်လုံးအစုံတွင် မျက်ရည်တွေအပြည့်နှင့် ရပ်ကြည့်ကျန်ရစ်သည်။ စိတ်ထဲကလည်း အဘွား ပြောသွားတာတွေကို တသဝေမတိမ်း လိုက်နာသွားမည်ဟု ကျိတ်ပြီး သန္နိဋ္ဌာန်ချလိုက်မိသည်။

ထိုအချိန်တွင် အိမ်ကြီးထဲမှ တစ်နေရာမှာတော့ သတို့သားလောင်း အက်ရှ်န် ဘရန်ဒီအရက်ကို ခါတိုင်းထက် သောက်ကာ ကိုယ့်ကိုယ်ကိုယ် အားဆေးတင်လျက် အဝတ် လဲနေသည်။ သူသည် လက်တွေ တုန်နေ၍ ပုလဲကြယ်သီးများကိုပင် မှန်အောင် မတပ်နိုင် ဖြစ်နေသည်။ တကယ်တော့ သူက အရက်မူးနေခြင်းမဟုတ်။ စိတ်တွေ လှုပ်ရှားနေ သောကြောင့်သာဖြစ်သည်။ နောက်ဆုံးကြယ်သီး ပေါက်မှန်အောင် ဘယ်လိုမှ မတပ်နိုင် ဝတ်စားဆင်ယင်ပေးသူ၏ အကူအညီကိုပင် တောင်းရသည်အထိ ဖြစ်တော့သည်။ သို့သော် သူ့လက် သူ့ကိုယ် တစ်ခုခုတော့ လုပ်ချင်သည်။ ဒါမှလည်း စိတ်ကပို၍ ငြိမ်သွားမည်ဟု သူ့ကိုယ် သတိပေးနေမိသည်။ သို့ဖြင့် သူလည်ပင်းတွင် အဖြူရောင် လည်စည်းတို့ကို ကြိုးစားပြီး ကိုယ် တပ်သည်။ ဒါတောင်မှ တည့်တည့် မတပ်နိုင်။ လည်စည်းက စောင်းနေသေးသည်။

"အို. . . ညီးလေးဟာက ဟုတ်သေးပါဘူးကွ၊ ကဲ. . . ကဲ၊ အစ်ကိုကြီး တပ်ပေးမယ်"

အခန်းထဲ ဝင်လာသော ယွန်ပေါက အနားကပ်လာပြီး ကူတပ်ပေးလိုက် သည်တော့မှ လည်စည်းက တည့်တည့်ဖြစ်သွားသည်။

"ညီးလေ ဒီလို ခံစားရမယ်ဆိုတာ အစ်ကိုကြီး သိပါတယ်၊ အစ်ကိုကြီးလည်း ခံစားခဲ့ရဖူးတာပဲ၊ အဲဒီတော့ အကောင်းဆုံးကတော့ စိတ်ကိုလျှော့ပြီး အလိုက်သင့်သာ ထား

"အစ်ကိုကြီးကပြောတော့ အလွယ်ကလေးပဲ၊ ဒီမှာ ကိုယ်တိုင် ခံစားနေရတဲ့သူ ချွေးပြန်ပြီး သေတော့မယ်"

"ကဲ ဘာပဲပြောပြော အစ်ကိုကြီးကတော့ တကယ်ဝမ်းသာပါတယ် ညီလေး ညီ



www.burmeseclassic.com

www.burmeseclassic.com



…မောင်နဲ့ ပျော်ရွှင်စွာနဲ့ ချစ်ဇိမာန်ခရီးကို ရာသက်ပန်လျှောက်လှမ်းနိုင်ပါစေလို့ အစ်ကိုကြီး …တောင်းပါတယ်၊ အခုလို အင်မတန် ချောမောလှပတဲ့ မိန်းကလေးတစ်ယောက်ရဲ့ ချစ်ပန်း …င်ကို ဆွတ်ခူးနိုင်တာဟာ ညီလေးအဖို့ အလွန်ကံကောင်းပါတယ်။ ဒီအတွက်လည်း အစ်ကိုကြီး …ယူဝမ်းသာမဆုံး ဖြစ်မိပါတယ်"

အက်ရှန်က သူ့အစ်ကိုကြီး၏ မျက်နှာကို စေ့စေ့ကြည့်သည်။ ယွန်-ပေါ် တကယ့် …တနာဖြင့် ပြောနေသည်ဟုလည်း ယုံကြည်မိသည်။ မတည့်အတူနေ သွေးသားရင်းချာ အစ်ကိုကြီး …ပေါ်မှာ ပြန်လည် ခင်မင်လေး စားလာသော စိတ်စေတနာလည်း ပထမဆုံး အကြိမ်ဖြစ်ပေါ် …မိသည်။

"ကျေးဇူးတင်းပါတယ် အစ်ကိုကြီး၊ အစ်ကိုကြီး စကားကြားရတာ ညီလေး အများကြီး …သာမိပါတယ်၊ အားလည်း တက်ရပါတယ်"

"အဲဒီတော့ ညီလေးနဲ့ အစ်ကိုကြီးတို့ဟာ ဒီနေ့ကစပြီး အတိတ်ကဖြစ်ခဲ့ကြတဲ့ …လေးဆန်ဆန် ဖြစ်ရပ်တွေကို မေ့ပစ်လိုက်ကြရအောင်လား၊ ညီအစ်ကို နှစ်ယောက် ချစ်ချစ်ခင်ခင် …ကြင်ကြင်နာနာ နေသွားကြတော့မယ်၊ တကယ်ဆိုရင် တို့တတွေဟာ အသိဉာဏ်ရှိတဲ့ လူကြီးတွေ …နေကြပါပြီ၊ ကဲ တို့နှစ်ယောက် ပြန်လည်ပေါင်းဆုံတဲ့ အထိမ်းအမှတ်နဲ့ လက်ဆွဲ နှုတ်ဆက် …ရအောင်"

ယွန်-ပေါ်၏ သံတမန်ပရိယာယ်ကြွယ်ဝသော စကားကြောင့် အက်ရှန်က တကယ်လည်း …ကြည်မိသည်။

ညီအစ်ကိုနှစ်ယောက် ဖက်လှဲတကင်း လက်ဆွဲ နှုတ်ဆက်ကြသည်။

"ကဲ. . . ဒီတော့ လူပျိုရံက သူ့ရဲ့ အချစ်ဆုံး သတို့သားညီလေးကို မင်္ဂလာစင်မြင့်သို့ …ခေါ်သွားဖို့ အချိန်ရောက်ပြီ၊ သွားကြစို့"

ထိုအချိန်တွင် မင်္ဂလာခန်းမဆောင်ထဲမှ ဂီတသံ စတင်ပေါ်ထွက်လာသည်။

ဂျဲနက်သည် သတို့သမီးဝတ်စုံကို ခြုံလွှမ်းကာ ကျောက်သလင်းလေ့ကားမှ ကြွနွဲ့ …အပြည့်ဖြင့် တစ်လှမ်းချင်း ဆင်းလာသည်။

မင်္ဂလာဝတ်စုံမှ ရှည်လျားသော နောက်မြီးအစွန်းကို မဒမ်ဒူပရေး၏ လက်စွဲတော်အိမ်ဖော် …ကကိုင်၍လိုက်လာသည်။ဂျဲနက်၏လက်ထဲတွင် ဖြူဖွေးသောနှင်းပန်းတစ်စည်းကို ကိုင်ထားသည်။ …ရုပ်သွင်ကိုမြင်ရသည်မှာ ကြော့ရှင်းခန့်ညား၍ နန်းဆန်လှသည်။

မင်္ဂလာဆောင်ခန်းမတံခါးသို့ရောက်သောအခါ သူ့ဦးလေးလီယွန်က ဆီးကြိုသည်။ …နက်က ဦးလေးဖြစ်သူ၏ လက်ကိုလှမ်းကိုင်လိုက်သည်။ လူစီယံက အဖြူရောင်ဖဲသား ခေါင်းအုံး …ကိုလက်နှစ်ဖက်ဖြင့် မ,ကိုင်ကာ စိတ်လှုပ်ရှားစွာဖြင့် မင်္ဂလာစင်မြင့်ပေါ်မှစောင့်နေသည်။ …ခေါင်းဦးပေါ်တွင် မင်္ဂလာရွှေလက် ကောက်နှစ်ကွင်းကိုတင်ထားသည်။ ဂျဲနက်၏ရှေ့တွင် နီကိုနှင့် …ဒီရီတို့လိုက်ပါလာပြီး သူတို့၏လက်ထဲတွင် နှင်းဆီဝတ်လွှာများ ထည့်ထားသော ရွှေပန်းခြင်း …တစ်ခုစီ ကိုင်ထားကြသည်။

မင်္ဂလာစင်မြင့်အနီးသို့ရောက်သောအခါ လီယွန်က ဂျဲနက်၏ပါးပြင်ကို ရွရွကလေး



www.burmeseclassic.com

www.burmeseclassic.com



နမ်းပြီးနောက် သတို့သမီးအား သတို့သားလက်သို့ လွှဲပြောင်းပေးလိုက်သည်။ ထို့နောက် သူသ မဒမ်ဒူပရေး၏ ဘေးတွင်ဝင်ထိုင်သည်။

ဂျဲနက်သည် မင်္ဂလာ စင်မြင့်ရှေ့တွင် အက်ရှန်နှင့်ဘေးချင်းကပ်၍ ဒူးထောက် လိုက်သည်။ထို့နောက်သတို့သားနှင့် သတို့သမီးတို့သည် တရားဝင် အကြင်လင်မယား ရာသက်ပန်ပေါင်းသင်း သွားကြပါမည်ဟု သစ္စာပြုကြသည်။

ပြီးတော့ အက်ရှန်က ဂျဲနက်၏မျက်နှာပေါ်မှ ခြုံလွှာကို အသာအယာမ,ကာ ညင် နမ်းလိုက်သည်။ ဂျဲနက်ကလည်း ပြန်၍နမ်းသည်။

သည်မြင်ကွင်းကိုမြင်ရတော့ ယွန်-ပေါ၏ ရင်ထဲတွင် အမည်မဖော်တတ်သော တစ်ရပ်ကို စပ်ဖျဉ်းဖျဉ်းကလေး ခံစားလိုက်ရမိသည်။

မင်္ဂလာ အခမ်းအနား ကျင်းပနေစဉ်အတွင်း မဒမ်ဒူပရေးမှာ ဝမ်းသာလွန်း အပြင်သို့ မျက်ရည်မထွက်သော်လည်း အတွင်းက ကျိတ်၍ငိုနေမိသည်။ ဂျဲနက်မှာ မျက်ရည်မကျအောင်အနိုင်နိုင်ထိန်းနေရသည်။ ခပ်လှမ်းလှမ်းမှ ရပ်ကြည့်နေသော ယွ ကိုမြင်လိုက်ရတော့ သူ့ရင်ထဲမှာ တလှိုက်လှိုက် ခံစားမိရသည်။ တစ်ခန်းလုံးတွင် မျက်ရည် ငိုသူကတော့ဂျဲနက်၏ အချစ်ဆုံးသူငယ်ချင်းမကလေး မာဒလိန်းပင်ဖြစ်သည်။ သူက ဂျဲနက်အ အလွန်ဝမ်းသာနေမိသည်။

သတို့သားနှင့် သတို့သမီးတို့ အကြင်လင်မယားအဖြစ် သစ္စာနှံကြပြီးသော ဧည့်ပရိသတ်များက တန်းစီ၍တစ်ယောက်ချင်းဝမ်းသာဂုဏ်ယူစကား ပြောကြသည်။ ဒရိုင်ဖြူးစ်က ဂျဲနက်အနီးသို့ကပ်လာပြီး ကြင်စဦး ဇနီးမောင်နှံတို့ ရာသက်ပန်ပေါင် နိုင်ကြပါစေကြောင်း တိုးတိုးကလေး ဆုမွန်တောင်းသည်။

ဧည့်ပရိသတ်များနှင့် နှုတ်ဆက်ပြီးသွားသောအခါ ယွန်-ပေါက ဂျဲနက်ဘေး ထိုင်နေသော သူ့ညီရှေ့သို့လျှောက်လာပြီး. . .

"ညီလေး. . . သတို့သားရဲ့ အစ်ကိုကြီးတစ်ယောက်အနေနဲ့. . . သတို့သ အနမ်းလက်ဆောင် ပေးခွင့်ပြုပါ"

အက်ရှန်က ဝမ်းပန်းတသာ ရယ်လိုက်သည်။

"ဟာ. . . ရပါတယ်အစ်ကိုကြီးရဲ့၊ ဒါပေမယ့် တစ်ခုတော့ သတိပေးပါရ တစ်ခါပဲရမယ်နော်၊ အဲဒီထက် ပိုလို့တော့ လုံးဝခွင့်မပြုနိုင်တော့ဘူး၊ ဘာပြုလို့လဲဆို ဒီအချိန်ကစပြီး အဲဒီအခွင့်အရေး အားလုံးကို ကျွန်တော် တစ်ယောက်တည်းသာ ပိုင်သွာ

ယွန်-ပေါက မျက်နှာပျက်မသွားအောင် မနည်းဟန်ဆောင်ထားပြီးတော့မှ ဂျဲ နမ်းလိုက်သည်။ ပြီးတော့ သူက ဆက်ပြောသည်။

"ကဲ. . . သတို့သမီးကို မင်္ဂလာ အနမ်းလက်ဆောင် ပေးပြီးတဲ့နောက် မင်္ဂလာ လက်ဆောင် ထပ်ပြီးပေးပါရစေဦး"

ထို့နောက် သူက ကာယကံရှင်၏အဖြေကို စောင့်မနေတော့ဘဲ သတို့သမီးကို ဆွဲယူလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဂျဲနက်မှာ ယွန်-ပေါ်၏ ရင်ခွင်ထဲသို့ ရောက်သွားပြီး အလိုအလျှောက် တွဲကာမိနေ ချက်သား ဖြစ်နေတော့သည်။ ခန်းမဆောင်ထဲတွင် နှစ်ယောက်သား တငြိမ့်ငြိမ့် လှည့်ကာ ခတ်တာကရင်း ယွန်-ပေါက ဂျဲနက်၏ခါးကို တင်းကျပ်စွာ ဖက်ထားသည်။ ဤသို့ဖြင့် ဂျဲနက်၏ဗိုက်ထဲမှ ရင်သွေးကလေး၏ တုံ့ပြန်မှုကိုပင် ခံစားရသည်ဟု သူက ထင်မိသည်။

"အစ်ကိုကြီး. . . သိပ်ပြီး တင်းတင်း မဖက်ပါနဲ့၊ နည်းနည်းလျှော့ပါဦး"

"မပူပါနဲ့ကွယ်. . . ဘယ်သူမှမရိပ်မိပါဘူး၊ မင်္ဂလာနေ့ဆိုတာ လောကမှာ အစွမ်းကုန်ပျော်ရတဲ့နေ့ မဟုတ်လား"

"ကျွန်မတော့. . . စိတ်ညစ်လှပါပြီ အစ်ကိုကြီးရယ်၊ မင်္ဂလာ အခမ်းအနားပြီးသွားရင် ကျွန်မ ဘယ်လိုနေရမှန်းတောင် မသိတော့ပါဘူး"

"စိတ်မညစ်ပါနဲ့. . . ကလေးရယ်. . . ၊ ဖြစ်လေရာ ဘဝမှာ. . . ပျော်ပျော်နေစမ်းပါ။ ငါးက အက်ရှန်ကို လောကမှာ အပျော်ဆုံးလူတစ်ယောက်ဖြစ်အောင် ကူညီခဲ့ပြီပဲ၊ တကယ်တော့ . . . ဒီနေ့ညမှာ ဝမ်းနည်းရမယ့်လူက ငါပါ"

"ကဲပါ. . . အစ်ကိုကြီးရယ်၊ ဒီလောက်ဆို ကျေနပ်ပါတော့၊ ကျွန်မကို ပြန်ပို့ပါတော့"

သို့ဖြင့်သူတို့အက ရပ်လိုက်ကြသည်။ ယွန်-ပေါကဂျဲနက်အား အက်ရှန်အနီးသို့ ခေါ်လာခဲ့ပြီး. . .

"ကဲ. . . ညီလေး၊ ညီလေးရဲ့ ချစ်ဇနီးကို အစ်ကိုကြီး ပြန်ပေးပါတယ်"

ပြီးတော့ သူက ဂျဲနက်၏လက်ကို တစ်ချက်နမ်းပြီး အက်ရှန်၏ လက်ထဲသို့ ထည့်ပေး လိုက်သည်။

မင်္ဂလာ အခမ်းအနား ပြီးဆုံး၍ ဧည့်ပရိသတ်များ အသီးသီးပြန်ထွက်သွားကြပြီးသောအခါ ကြင်စဦးဇနီးမောင်နှံတို့သည် အပေါ်ထပ်သို့ပြန်တက်ရန် လှေကားဆီသို့ လျှောက်လာခဲ့ကြသည်။ လှေကားရင်းတွင် အပျိုရံမိန်းကလေးတွေက ဆီးကြိုနေကြသည်။ ဂျဲနက်က လက်ထဲမှ ပန်းစည်းကို သူ့သူငယ်ချင်းမ မာဒလိန်းဆီသို့ ပစ်ပေးလိုက်ပြီးနောက် တစ်ဘက်သို့ လှည့်ကာ ခင်ပွန်းသည် နှင့်အတူ လှေကားမှတက်လာခဲ့ကြသည်။

မခမ်ဒူပရေးသည် လွန်ခဲ့သော သုံးရက် ကတည်းကပင် အပေါ်ထပ်အိပ်ခန်းကြီးမှ ဖယ်ပေးပြီး အောက်ထပ်အိပ်ခန်းသို့ ပြောင်းရွှေနေထိုင်ခဲ့သည်။ အပေါ်ထပ်အိပ်ခန်းကြီးမှာ သူနှင့် ဟင်နရီ ဒူပရေးတို့ လက်ထပ်ခဲ့သည့်နေ့မှစ၍ နေထိုင်လာခဲ့သည့် မင်္ဂလာ အိပ်ခန်းကြီး ဖြစ်သည်။ ယခုအခါ ထိုအခန်းကို ဂျဲနက်အားပေးသင့်သည်ဟု ယူဆသောကြောင့် သူက အောက်ထပ်အခန်းသို့ ရွှေ့ပြောင်းလာခဲ့ခြင်း ဖြစ်သည်။

အက်ရှန်က အခန်းတံခါးကို ဖွင့်ပေးသည်။

ဂျဲနက်သည် ခမ်းနားလှသည့် နှစ်ယောက်အိပ် မင်္ဂလာခုတင်ကြီး ဆင်ထားသော အိပ်ခန်းထဲသို့ဝင်လာသည်။ အခန်းနံရံ တစ်ဘက်တစ်ချက်တွင် အနီရောင်ပန်းကွက်ဖော်



www.burmeseclassic.com

www.burmeseclassic.com



ပိုးထည်များကို ပိုးကြိုးများဖြင့် ချည်ကာ လှပစွာဆင်ယင်ထားသည်။ တစ်နေရာ ကျောက်သလင်း မီးလင်းဖိုမှ မီးရောင်တလက်လက်တောက်နေသည်။ တစ်ခန်းလုံးတွင် နှင်းဆီဖြူရနံ့များဖြင့် ထုံမွှမ်း မွှေးကြိုင်နေသည်။ စားပွဲပေါ်တွင် ရေခဲစိမ်အကောင်း ရှမ်ပိန်အရက် ထည့်ထားသော ငွေကရားကို တင်ထားသည်။

ဂျဲနက်သည် ကြီးကျယ်ခမ်းနားလှသော မင်္ဂလာ ခုတင်ကြီးကိုကြည့်ကာ တအံ့ ဖြစ်နေသည်။ မမျှော်လင့်သော ကြမ္မာဆိုးတွေနှင့် ကြုံတွေ့နေရသည့်ကြားမှ ယခုလို ဘဝသို့ရောက်လာရသည့် မိမိ၏အဖြစ်ကို တွေးကာ ရင်ထဲမှ ကျိတ်၍ ငိုနေမိသည်။

**ဩော်. . . အစကတည်းက ငါ့အစ်ကိုလေး အက်ရှန်ကို ချစ်မိခဲ့ရင် ဘယ်လော ကောင်းလိုက်မလဲ။ ငါ့ဘဝဟာ ဘယ်လောက်ပျော်စရာကောင်းလိုက်မလဲ. . .။အခုတော့ အခုတော့. . .**

ရှမ်ပိန်ပုလင်း ဖွင့်သံကြောင့် သူ့အတွေးများ ရုတ်တရက်ပြတ်သွားသည်။

"ကိုယ်က ဒီလိုကိစ္စမျိုးမှာ သိပ်မကျွမ်းကျင်ဘူး" ဟုပြောကာ အက်ရှန်က ငွေ ကလေးနှစ်လုံးထဲသို့ အရက်ငှဲ့ထည့်သည်။ ငွေဖလားများတွင် အက်ရှန်နှင့်ဂျဲနက်တို့၏ နာမည် အပြင် မင်္ဂလာဆောင်သည့် နေ့စွဲကိုလည်း ရေးထိုးထားသည်။ မိခင်ကြီး၏ အစီအစဉ်ပင်ဖြစ်

"ကဲ ကိုယ့်ရဲ့ အသက်မကချစ်ရတဲ့ ဇနီးချောကလေးအတွက် . . . တို့ နှစ်ယောက် ပျော်ရွှင်ချမ်းမြေ့တဲ့ ချစ်လမ်းခရီးကို ရာသက်ပန် လျှောက်လှမ်းနိုင်ပါစေလို့ ဆုတောင်းကြ

နှစ်ယောက်သားအရက်ခွက်ကို ကိုင်မြှောက်ကာ နှုတ်ခမ်းချင်းအသာတို့ထိ၍ ဆုမွန်တောင်းလိုက်ကြသည်။

"ကျွန်မလဲ. . . ကို့ လိုပဲ ဆုတောင်းပါတယ်"

သို့သော် သူ့လေသံက အားရပါးရမရှိလှ။

ထို့နောက်တွင်တော့ သူတို့နှစ်ယောက် မီးလင်းဖိုဘေးတွင်ထိုင်ကာ ဝိုင်အရ တစိမ့်စိမ့် စုပ်သောက်နေကြသည်။ တစ်ယောက်နှင့်တစ်ယောက် လုံးဝစကားမပြောကြ။

အရက်သောက်ကြပြီးသောအခါ အက်ရှန်က ဘာစကားမှမပြောဘဲ အဝတ်လဲ ဝင်သွားသည်။

ဂျဲနက်ကလည်း မဒမ်ဒူပရေး အသုံးပြုခဲ့သော အဝတ်လဲခန်းသို့ ဝင်လ ကမန်းကတန်းအဝတ်အစားလဲသည်။ ထို့နောက် ညဝတ်ရုံကြီးကိုကောက်ဝတ်ကာ အိပ်ရာ ခြေပစ်လက်ပစ် လှဲပစ်လိုက်သည်။

သူက အက်ရှန်၏ခြေသံကို ရင်တဖိုဖိုဖြင့် နားစွင့်နေမိသည်။ မကြာမီမှာပင် အ ပြန်ဝင်လာလိမ့်မည်ဟုလည်း မျှော်လင့်နေမိသည်။

မျှော်လင့်ထားသည့် အတိုင်းပင် အက်ရှန်ပြန်ဝင်လာသည်။ သူက ခုတင်ဘေးတွင် ဂျဲနက်ကို စိုက်ကြည့်နေသည်။ ပြီးတော့ ညဝတ်စုံကို ဆွဲချွတ်လိုက်ပြီး ဂျဲနက်၏ ဘေး ဝင်လှဲလိုက်သည်။

အက်ရှန်က မီးခလုတ်ကို လှမ်းပိတ်လိုက်သည်။ အခန်းထဲတွင် မီး



www.burmeseclassic.com

www.burmeseclassic.com



ခဲရောင်မှိန်မှိန်သာ လင်းနေတော့သည်။ သူက ဂျဲနက်အားလှုင်းဖက်ကာ သူ့အနားသို့ ဆွဲကပ်ပြီး ဆံခမ်းအစုံကို ညင်သာစွာ စုပ်နမ်းလိုက်သည်။ ဂျဲနက်က အက်ရှန်၏ မျက်နှာကို လက်နှစ်ဘက်နှင့် အသာမကာ ပြန်လည်၍ နမ်းလိုက်သည်။

အက်ရှန်မှာ တစ်သက်တွင် တစ်ခါမျှမကြုံးဖူးသော အတွေ့အာရုံကို ခံစားလိုက်ရသောကြောင့် တစ်ကိုယ်လုံးပူထူသွားသည်။

ထို့နောက်တွင် ကြင်စဦး ဇနီးမောင်နှံတို့မှာ တစ်ယောက်ကိုတစ်ယောက် ကျစ်ကျစ်ပါအောင် ပွေ့ဖက်ရင်း နှစ်ကိုယ့်တစ်ကိုယ် ဖြစ်သွားကြတော့သည်။

အက်ရှန်သည် အိပ်ရာမှ အလျင်နိုးလာခဲ့သည်။

သူက အိပ်ရာပေါ်တွင်လှဲရင်း နှစ်နှစ်ခြိုက်ခြိုက်အိပ်နေသော အချစ်ဆုံးဇနီးကလေး၏ မျက်နှာကို တစိမ့်စိမ့် ကြည့်နေမိသည်။ ဂျဲနက်မှာ အိပ်ပျော်နေချိန်တွင် ပို၍ပင် လှနေသေးသည်ဟု ထင်ရသည်။ သူက ဂျဲနက်၏ နှာဝမှ တိုးညင်း ညင်သာစွာ ထွက်ပေါ်နေသော အသက်ရှူသံသဲ့သဲ့ကို နားစွင့်ရင်း ပီတိတွေ ဝေနေမိသည်။

**အင်း. . . လောကမှာ ငါ့လောက် ကံကောင်းတဲ့လူ ရှိပါဦးမလား။ တကယ့်ကို ချစ်စရာကောင်းတဲ့ မိန်းကလေးပဲ။ ငါ့ ကုသိုလ်ကံက ယုံနိုင်စရာ မရှိအောင်ကို ကောင်းလှပါကလား။**

ဂျဲနက်သည် မျက်လုံးအစုံကို မဖွင့်သေးဘဲ ခြေလက်များဆန့်ကာ ညင်သာစွာ နိုးလာသည်။ ပြီးတော့ သူက မျက်လုံးဖွင့်ကာ အက်ရှန့်မျက်နှာကို ပြုံးကြည့်နေသည်။

အက်ရှန်က အနားသို့ ရွှေ့ကပ်သွားပြီး ဂျဲနက်အား ဖက်ထားလိုက်သည်။

"အိပ်ပျော်ရဲ့လား အချစ်ရယ်"

"ပျော်ပါတယ်"

အက်ရှန်က ဂျဲနက်ကို ဖွဖွကလေးနမ်းလိုက်ပြီး ကျောပြင်ကို အသာအယာ ပွတ်ကစားနေသည်။

"ကိုယ့်ကို အပျော်ရွှင်ဆုံး လူတစ်ယောက်ဖြစ်အောင် ဖန်တီးပေးတဲ့အတွက် အများကြီး ကျေးဇူးတင်ပါတယ်ကွယ်"

"ကို့အနေနဲ့ ပျော်ရတယ်ဆိုရင်ပဲ ကျွန်မ ဝမ်းသာလှပါပြီ အစ်ကိုရယ်"

ထွေပြားရှုပ်ထွေးသော ခံစားချက်ဖြင့် ဟန်ဆောင်ပြောလိုက်ရသည်ကို ဂျဲနက် လိပ်ပြာမလုံသလိုပင် ဖြစ်သွားရသည်။ ထို့ကြောင့် သူက စကားလမ်းကြောင်း ပြောင်းပစ်လိုက်သည်။

"ကဲ. . ကိုရယ် ခုနစ်နာရီတောင် ထိုးနေပြီ၊ ကျွန်မတို့ ဟန်းနီးမွန်း မထွက်ခင် လုပ်စရာတွေက အများကြီး ရှိသေးတယ်"

ကြင်စဦး ဇနီးမောင်နှံတို့သည် ရေမိုးချိုး အဝတ်အစား လဲ၍ နံနက်စာ စားပြီးကြသောအခါ ပျားရည်ဆမ်းခရီး မထွက်မီ ဧည့်ခန်းတွင် စောင့်နေကြသော မိသားစုနှင့် တွေ့ဆုံနှုတ်ဆက်ရန် လှေကားမှ ဆင်းလာခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဂျဲနက်က မရန်းရောင် သိုးမွေးဝတ်စုံနှင့် လိုက်ဖက်စွာ ဆိပ်ရေနူရှူးဖိနပ်ကို စီးထားသည် ပခုံးတွင်တော့ ဆလင်းဘက် လွယ်လျက်. . . လက်နှစ်ဘက်တွက်မူ မီးခိုးရောင် လက်အိတ်များ စွပ်ထားသည်။ သူ့ ဦးလေးလီယွန်က လက်ဆောင်ပေးသော အနက်ရောင် ကုတ်အကျႌ လက်မောင်းပေါ်တွင် တင်ထားသည်။ အနက်ရောင်ဦးထုပ်ကို နောက်သို့ ခပ်လန်လန် ဆောင်းထားပြီး နီရိက ကျွမ်းကျင်စွာ ထုံးဖွဲ့ပေးသော ဆံထုံးနောက်တွဲက လည်ကုပ်ပေါ်တွင် လှလှ ဝဲကျနေသည်။

အက်ရှုန်ကတော့ မီးခိုးရောင် သိုးမွေး သက္ကလတ်ဝတ်စုံနှင့် သက္ကလတ် ဦးထုပ်ပျော့တို့ သေသပ်စွာ ဝတ်ဆင်ထားသည်။

သူတို့ ဇနီးမောင်နှံ လှေကားရင်း ရောက်လာသောအခါ ကလေးတွေ နေရာ ထပြေးလာကြသည်။ ဂျဲနက်က သူတို့အား တယုတယ ပွေ့ဖက်လိုက်သည်။

ကလေးတွေက ဂျဲနက်အား မမကြီးဟုပင်ခေါ်ကာ ပျားရည်ဆမ်းခရီးမှ မြန်မြန် ပြန်ခဲ့ဖို့အကြောင်းနှင့် သူတို့အလွန် အောက်မေ့နေကြမည်ဖြစ်ကြောင်း တတွတ်တွတ်နှင့် တစ်ယောက်တစ်ပေါက် ပြောနေကြသည်။

ဤတွင် မဒမ်ဒူပရေးက ကလေးတွေကို လှမ်းပြောလိုက်သည်။

"ဟော့. . . သားတို့၊ သမီးတို့ရေ၊ ဒီနေ့က စပြီး မမကြီးလို့ လုံးဝမခေါ်ရ တော့ဘူး သိလား၊ အန်တီ ဖြစ်သွားပြီ၊ အဲဒီတော့ အားလုံးက အန်တီဂျဲနက်လို့ပဲ ခေါ်ကြရတော့မယ်"

ထို့နောက်တွင် ဂျဲနက်က ကလေးများအား နေ့တိုင်း စာရေးမည်ဖြစ်ကြောင်း တစ်လဆိုတာ ရက်သတ္တ လေးပတ်မျှသာ ရှိ၍ သိပ်ကြာသည်ဟု မဆိုနိုင်ကြောင်းဖြင့် နှစ်သိမ့်ပေး ပြောသည်။

ဒါတောင်မှ နီကိုကလေးက. . . "ဒါပဲနော် အန်တီ၊ စာမရေးရင်တော့ သမီးသိပ် စိတ်ဆိုးမှာပဲ" ဟု မဲ့ကာရွဲ့ကာ ပြောနေသေးသည်။

နီကိုကလေး၏ စကား ကြားရတော့ သူ့ မေမေ ထွက်သွားခါနီး ဆဲဆဲတွင် သူပြောခဲ့သော စကားကို ပြန်သတိရလိုက်မိသည်။

*မေမေ သမီးဆီကို စာရေးဖို့ မမေ့ပါနဲ့နော်. . . ။ နော်. . . မေမေ၊ သမီးဆီကို အမြဲ စာရေးပါနော်။*

သူက အတိတ်ကို လုံးဝသတိမရအောင် ခေါင်းထဲမှ အတင်းဖယ်ထုတ်ပစ်သည်။ သို့သော် ဖယ်ထုတ်၍ မရ။ မျက်ရည်မထွက်မိအောင်ပင် မနည်းအားတင်းနေရသည်။ ခြော် အတိတ်ဆိုတာ အမြဲတမ်း ရှိနေတဲ့အရာပါကလား. . ။ ဒါပေမယ့် အတိတ်ကို မတွေးခြင်းက အကောင်းဆုံးပါပဲ။ တကယ်တော့. . . ငါ့ဘဝမှာ အတိတ်ဆိုတာ မရှိတော့ပါဘူး။ ပစ္စုပ္ပန်နဲ့ အနာဂတ်ပဲ ရှိတော့တယ်။

သူက အတွေးကို ပြန်ချုပ်ပြီး နီကိုကလေးကို ပြောလိုက်သည်။

"ရေးပါ့မယ်ကွယ်. . စိတ်ချပါ၊ သမီးတို့ဆီကို အန်တီ နေ့တိုင်း စာရေးပါ့မယ်၊ သမီး လေးလေးနဲ့ အန်တီတို့က အမြဲတမ်း သတိရနေမှာပါ။ ဘယ်တော့မှ မမေ့ပါဘူးကွယ်"



www.burmeseclassic.com

www.burmeseclassic.com



သည်တော့မှ နီကိုကလေး ကျေနပ်သွားတော့သည်။

ထို့နောက်တွင် ဂျဲနက်အား မဒမ်ဒူပရေးက နမ်းရှုပ်ပြီး နှုတ်ဆက်သည်။ ကြီးကျယ်ခမ်းနားသော မင်္ဂလာပွဲကြီးတစ်ခု ဖြစ်မြောက်အောင် ဖန်တီးပေးသူအဖြစ်လည်း အထူးတလည် ကျေးဇူးစကားဆိုသည်။

တချိန်တည်းတွင် အဘွားကြီး အတွေးသည် အတိတ်ဆီသို့ ပြန်ရောက်သွားသည်။

**ဒီလောက် လိမ္မာပြီး ချစ်ရာကောင်းတဲ့ မိန်းကလေးတစ်ယောက်ကို အစတုန်းက ငါအထင်သေးခဲ့မိတာ မှားလိုက်လေခြင်း။ ငါ့သားကြီး ယွန်ပေါ်သာ ဒီလိုလိမ္မာတဲ့ မိန်းကလေးမျိုးနဲ့ ရစာဆုံပြီး ဒီနေ့လို ပျော်စရာကောင်းတဲ့ မင်္ဂလာပွဲကြီးကို ကျင်းပနိုင်ခဲ့မယ်ဆိုရင် ဘယ်လောက်များ ပျော်စရာကောင်းလိုက်မလဲ။ ခုတော့ ငါ့သားနှစ်ယောက်ရဲ့ မိန်းမတွေက တစ်ယောက်နဲ့ တစ်ယောက် ထွေ့ဉ်သာအောင် ကွာခြားလှပါကလား။**

မိခင်ကြီးနှင့် နှုတ်ဆက်ပြီးသောအခါ ဂျဲနက်က သူ့ဦးလေး လီယွန်ဘက်သို့ လှည့်၍-

"အခုလို. . . သမီးတို့ မင်္ဂလာဆောင်မှာ ကိုယ်တိုင်ကိုယ်ကြပ် လာရောက်ပြီး လက်ဖွဲ့တာ အများကြီး ကျေးဇူးတင်ပါတယ် အန်ကယ်"

စကားမဆုံးမီမှာပင် ယွန်ပေါက သူ့ရှေ့သို့ ရောက်လာပြီး သူ့လက်ကို ဆုပ်ကိုင်ကာ နမ်းရှုပ်သည်။

"ညီမလေးက ဒီနေ့မနက်မှ ပိုပြီးတောင် လှလာသလိုပဲ"

ယွန်ပေါ၏ စကားကြောင့် ဂျဲနက်မှာ တစ်ကိုယ်လုံး ထူပူသွားပြီး ဟန်မပျက်အောင် မနည်းထိန်းထားလိုက်ရသည်။

နောက်ဆုံးတွင် ဂျဲနက်က သူငယ်ချင်း မာဒလိန်းအား ပွေ့ဖက်ပြီး ပြောသည်။

"မင်းဟာ ငါ့ဘဝမှာ အချစ်ဆုံး သူငယ်ချင်းပါပဲ မာဒလိန်းရယ်၊ အဲဒီတော့ ငါမရှိတုန်းမှာ ကလေး တွေကို အထူးဂရုစိုက်ပြီး စောင့်ရှောက်စေချင်ပါတယ်. . . သူငယ်ချင်းရယ်၊ တကယ်တော့ ဒီစကားကို ငါပြောစ ရာတောင် မလိုပါဘူး၊ ကလေးတွေကို ငါချစ်သလို မင်းကလဲ ချစ်ပါတယ်ဆိုတာ ငါသိပါတယ်ကွယ်"

ထို့နောက် သူငယ်ချင်းနှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ အတန်ကြာမျှ ရပ်နေကြသည်။ သူတို့၏ စိတ်အစဉ်မှာတော့ မဝေးသေးသော အတိတ်က မြင်ကွင်းရပ်တွေကို တရေးရေး မြင်ယောင် ထင်ယောက်လျက်ပင်. . .။

◆◆◆

www.burmeseclassic.com

www.burmeseclassic.com

# [ ၂၁ ]

ပျားရည်ဆမ်းခရီးထွက်လာခဲ့သည်မှာ နှစ်ရက်ကျော်ကျော်ကြာခဲ့ပြီ။ မီးရထားသည် ဆွစ်ဇာလန်
အီတာလျံ အလယ်ပိုင်း တောင်တန်းများကို ဖြတ်ကျော်လာခဲ့ပြီးနောက် မီလန်မြို့
ရောက်ရှိလာသည်။

ထိုမှတဆင့် ရထားပြောင်းစီးကာ "အာပင်နိုင်" တောင်တန်းများကို ဖြတ်၍ ရောမမြို့
ထွက်ခွာ လာခဲ့ကြသည်။

ရောမမြို့သို့ ရောက်သောအခါ အိပ်ဆယ်စီယာဟိုတယ်တွင် တည်းကြသည်
သည်ဟိုတယ်တွင် ရက်သတ္တနှစ်ပတ်မျှ နေထိုင်ကြမည်ဖြစ်သည်။

ထိုညတွင် အက်ရှန်က ဂျဲနက်အား မေးသည်။

"ကိုယ့်ကို မင်းက အခုလို လက်ထပ်တာဟာ ကိုယ့်အတွက် ဘယ်လောက်အ
အဓိပ္ပာယ်ရှိတယ်ဆိုတာ မင်း စဉ်းစားမိရဲ့လား ဂျဲနက်"

သူ့အသံတွင် တောင်းပန်သံပါနေသလို ဂျဲနက်က ထင်လိုက်မိသည်။ သို့ဖြင့်
ကမန်းကတန်း ပြန်ပြောလိုက်ရသည်။

"ကိုဟာ ကျွန်မအတွက် ဘယ်အတိုင်းအတာအထိ အဓိပ္ပာယ်ရှိတယ်ဆိုတာကိုရော
တွေးမိရဲ့လား . . . ဟင်"

သူက တကယ့်ခံစားချက်ကို အမှန်အတိုင်း ပြောလိုက်ခြင်းပင် ဖြစ်သည်။ သို့သော်
တချိန်တည်းတွင် သူသည် အက်ရှန်အပေါ် သစ္စာဖောက်မိခဲ့ပြီဆိုသော အချက်ကို
လုံးဝမမေ့ပါ။ ဘယ်လိုပဲဖြစ်ဖြစ် သူ့အနေဖြင့် ဆန့်ကျင်ဘက် ဘဝနှစ်ခုတွင် အသည်းတထိ



www.burmeseclassic.com

www.burmeseclassic.com



ဆင်တဖိုဖိုနှင့် နေထိုင်သွားရတော့မည်။ နေထိုင်တတ်အောင်လည်း ကြိုးစားသွားရတော့မည်။ တစ်ဘက်တွက် အက်ရှန်အတွက်ဇနီးမယားကောင်းတစ်ယောက်အဖြစ် နေထိုင်သွားရမည်ဖြစ်သလို တစ်ခြားတစ်ဘက်တွင်လည်း ကလေးဖခင် ယွန်ပေါ်အတွက် အပျော်မယားအဖြစ် နေထိုင်သွားရမည် ဖြစ်သည်။ သဘောကတော့ သူသည် ယွန်ပေါ်၏ ရင်သွေးကလေးများကိုလည်း မွေးပေးရမည်။ တစ်ချိန်တည်းတွင် အက်ရှန်၏ မေတ္တာစေတနာကို တုံ့ပြန်သောအားဖြင့် အက်ရှန်၏ ရင်သွေး ကလေးကိုလည်း မွေးပေးရမည် ဖြစ်သည်။

ဂျဲနက်သည် ရောမမြို့တော်၏ ခမ်းနားကြီးကျယ်သော အလှတွင် ယစ်မူးနေမိသည်။ သည်ခဏသည် သူ့အတွက် တစ်သက်တာဘဝသာ ဖြစ်လိုက်စေချင်တော့သည်။

သူက စုလစ်မွန်းချွန် ရှေးဟောင်း ဘုရားရှိခိုးကျောင်းကြီးများနှင့် အနုပညာ ပြတိုက် များကိုလည်း၊ အလွန်သဘောကျသည်။ ပန်းဥယျာဉ်များထဲမှ ရေပန်းပဒေသာများနှင့် စားသောက်ဆိုင်များကိုလည်း အလွန်သဘောကျသည်။ "ရီနေးဆန့်" ခေါ် "ဉာဏ်သစ် အရေးတော်ပုံ" ခေတ်၏ ဂုဏ်ကျက်သရေအားလုံးသည် သမိုင်းဝင်ရှေးဟောင်း အနုပညာလက်ရာ များတွင် ထင်ဟပ်နေကြသည်။

ဇနီးမောင်နှံနှစ်ယောက် ရောမမြို့တော်တစ်ခွင်ရှိ ဂန္ထဝင်အနုပညာလက်ရာများကို လျှောက်ကြည့်ရင်း အပျော်ကြီးပျော်နေကြသည်။ သို့ပေမယ့် သမိုင်းဝင် ကမ္ဘာကျော် စပိန် လှေကားလှေကားများကို သွားတက်ကြသော နေ့ကတော့ ဂျဲနက်အနေဖြင့် အတော်ကလေး စိတ်မကောင်း ဖြစ်မိရသည်။ ခြေထောက်တစ်ဘက် မသန်သော အက်ရှန်အတွက် အတက်တွင် အခြေအနေ မဆိုးလှသော်လည်း အဆင်းတွင်ကား တကယ့်ကို ဒုက္ခကြီးလှလှ တွေ့တော့သည်။ သို့သော်. . . သူ့ခမျာ သည်းခံပြီး တစ်လှမ်းချင်း ဖြည်းဖြည်း. . . ဖြည်းဖြည်း ဆင်းရှာသည်။ ဒါကို မြင်ရတော့ ဂျဲနက်မှာ တော်တော် စိတ်ပျက်သွားမိသည်။

ရောမမြို့တွင် နောက်ဆုံးညကလည်း အရေးကောင်း ဒိန်းဒေါင်းဖျက်ဆိုသလို ပျော်စရာတွေထဲက စိတ်ညစ်စရာ ကြုံရပြန်သည်။

ထိုညက သူတို့နှစ်ယောက် အိပ်ဆယ်စီယာ ဟိုတယ်မှ ခမ်းနားကြီးကျယ်လှသော စားသောက်ဆိုင်ကြီး တွင် ညစာ စားနေကြသည်။ ရေခဲစိမ် ရှန်ပိန်အရက်နှင့် ဟင်းလျာတွေကလည်း ဘာမှ ပြောစရာမရှိအောင်ပင် ကောင်းမွန်လှသည်။ စားခဲ့ရသမျှတွင် အကောင်းဆုံးဟု ဆိုလျှင် လည်း မမှား။

သို့သော်. . . သို့သော် အခြားစုံတွဲတွေက ခန်းမဆောင်ကြီးထဲတွင် ရယ်ကာ မောကာ ပျော်ရွှင်စွာဖြင့် ဝဲကာ ပျံကာ ဒွိယံဒွိယံ အသီးသီး အသက အသက ကနေကြသည်ကို ကြည့်၍ ဂျဲနက်မှာ ရင်ထဲ တစ်မျိုးကြီး ခံစားနေရလေသည်။

သူက စိတ်ညစ်စရာအတွေးများကို ဦးနှောက်ထဲမှ မောင်းထုတ်ပစ်ရန် ကြိုးစားသည်။ သို့သော် မောင်းထုတ်၍ မရ။ တရစ်ဝဲဝဲဖြင့် ပြန်ဝင်လာကြသည်သာ. . .။

သည်လိုနှင့်ပင် ကျန်နေသောရက်များမှာ ဖလော့ရင့်နှင့် ဗင်းနစ်မြို့များတွင် ကုန်မှန်းမသိ ကုန်လွန် သွားခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတော့ ပြန်ရမည့်ရက်သို့ ရောက်လာခဲ့သည်။

ပါရီ. . . . သို့။. . . . . . သို့။

ပါရီသို့ ပြန်ရောက်ကြပြီးနောက် ဒုတိယမြောက်နေ့ ညတွင် ဟူးရည်ဆမ်းခရီးပြန် ဇနီးမောင်နှံတို့အ ကြိုဆိုဂုဏ်ပြုသော အထိမ်းအမှတ်အဖြစ် ညစာစားပွဲတစ်ရပ် တည်ခင်းဧည့်ခံသည်။

မဒမ်ဒူပရေးက ဧည့်ခံပွဲသို့ မိသားစုများနှင့် ရင်းနှီးသော မိတ်ဆွေများကိုသာ ကန့်သ ဖိတ်ကြားသည်။

ထုံးစံအတိုင်း ယွန်ပေါကတော့ မပါမဖြစ်။

ညစာစားပြီးသောအခါ ဘရန်ဒီနှင့် အချိုပွဲသုံးဆောင်ရန် ဧည့်ခန်းဆောင်ကလေး ပြောင်းလာကြသည်။ တချို့က စားရင်း သောက်ရင်း အလ္လာပ သလ္လာပ ပြောနေကြသည်။ တချို့က "ဘရိုက်ဂျ်" ဖဲကစားနေကြသည်။ အက်ရှန်လည်း ဖဲဝိုင်းတွင် ဝင်ကစားနေသည်။ ဂျဲနက်တယော မကစားတတ်။ သို့ဖြစ်၍ ဧည့်ခန်း ဆောင်ကြီးသို့လာခဲ့ပြီး စန္ဒရားစားပွဲတွင်ထိုင်ကာ ရှိ တေးသွားတစ်ပုဒ်ကို တီးနေသည်။

မကြာမီတွင် ယွန်ပေါရောက်လာသည်။

"ဟုတ်ကဲ့" ဂျဲနက်က လှည့်မကြည့်ဘဲနှင့် ပြောလိုက်သည်။

"သိပ်ကို လွမ်းမိတယ် ဆိုပါတော့"

"ဟုတ်ကဲ့ ကျွန်မတောင်းပန်ပါတယ် အစ်ကိုကြီးရယ်၊ ဒီညတော့ ကျေးဇူးပြု စကားမပြောစေချင်ပါဘူး"

"ငါတိုက်ခန်းတစ်ခန်း ငှားထားပြီးပြီ၊ မင်းသိပ်သဘောကျမှာပဲ" သူက စာရွက်တစ်ရွက် လိပ်စာရေးပြီး ဂျဲနက်၏ ဘလောက်အင်္ကျီ လည်ပင်းဟိုက်အတိုင်း ရင်သားကြားထဲ ထည့်ပေး လိုက်သည်။ "ဝရန်တာက ကြည့်လိုက်ရင် အီဖယ်မျှော်စင်ကြီး မြင်နေရတယ်၊ ညကျတော့လည်း မီးရောင်စုံ ရှုခင်းကို အပေါ်စီးကြည့် ရတာ သိပ်လှတာပဲ၊ တို့နှစ်ယောက်အတွက် သိပ် လုံခြုံတဲ့နေရာ၊ ဘယ်သူမှ မသိနိုင်ပါဘူး"

နောက်တစ်နေ့ညနေတွင် ဂျဲနက်သည် သူ့ကိုယ်သူ ကြော့နေအောင် ဆင်သည်။ ပြီးလျှင် အနက် ရောင် သိုးမွေးအပေါ်အင်္ကျီကို ပခုံးပေါ်တင်ကာ အပိုဝတ်စုံ အိတ်တစ်အိတ်ကို ဆွဲလျက် စာကြည့်ခန်းထဲသို့ ဝင်လာခဲ့သည်။

အခန်းထဲတွင် အက်ရှန် ခြံမြေစာရင်းတွေ ရှာရင်း အလုပ်များနေသည်။ ဂျဲနက်ဝင် လာတော့ သူက မျက်နှာမော့ကြည့်သည်။

"အလို ကိုယ့်မယားကလေးကလဲ တယ်လဲ သားနားနေပါလား။ ဒါက. . . ဘယ်ယူ မလို့တုန်း"

"ဩော် အပြင်ခဏ ထွက်မလို့ပါ ကို၊ ဝယ်စရာ ခြမ်းစရာကလေးတွေ နည်းနည်းရှိလို့ ပါရီက အလှမြို့တော်ဆိုတော့ ကိုယ့်ကိုယ်ကိုယ်လဲ လှအောင်ဆင်ရဦးမယ် မဟုတ်လား ကို



www.burmeseclassic.com

www.burmeseclassic.com



ဒိမ်မကြာပါဘူး၊ ညစာအမီ ပြန်လာခဲ့ပါ့မယ်"

ထို့နောက် လင်တော်မောင်အား ရွှက်ကနဲ တစ်ချက်နမ်းကာ အခန်းထဲမှ ပြန်ထွက်လာခဲ့သည်။

အိမ်ရှေ့ရောက်တော့ ဒရိုင်ဘာ အွန်ဒရေး အသင့်ထိုင်စောင့်နေသည်။ ဇိမ်ခံကားပေါ်သို့တက်ကာ ခရစ်ရှန်ဒီအော ဖက်ရှင်တိုက်သို့ မောင်းရန် ပြောလိုက်သည်။

"ကျွန်မကို မစောင့်ပါနဲ့၊ နည်းနည်းကြာမှာ မို့လို့ပါ၊ လိုအပ်ရင်း ဖုန်းဆက်ပြီး ခေါ် လိုက်မယ်၊ မဟုတ် ရင်လည်း တက္ကစီနဲ့ပဲလာခဲ့မယ်၊ အဆင်ပြေသလိုပေါ့. . ."

"ဟုတ်ကဲ့ပါ. . . မဒမ်"

ဖက်ရှင်တိုက်ထဲ ဝင်လာခဲ့ပြီး ဟိုဟိုဒီဒီ လျှောက်ကြည့်နေလိုက်သည်။

အွန်ဒရေး ကားမောင်းပြီး ပြန်ထွက်သွားတော့မှ ဖက်ရှင်တိုက်ထဲမှ ခပ်သုတ်သုတ် ကလေးပြန်ထွက်လာခဲ့သည်။ လမ်းမပေါ်ရောက်တော့ ဖြတ်မောင်းသွားသော တက္ကစီ တစ်စီးကို လက်ပြပြီး တားလိုက်သည်။

အခန်းတံခါးကို ခေါက်ရန် လက်မြှောက်လိုက်စဉ်တွင်ပင် တံခါးပွင့်လာပြီး ယွန်-ပေါ၏ ရင်ခွင်ထဲသို့ ရောက်သွားတော့သည်။ ယွန်-ပေါက ကမန်းကတန်း တစ်ချက်နမ်းလိုက်ပြီး ဂျဲနက် တစ်ကိုယ်လုံးကို ပွေ့ချီလိုက်သည်။ ပြီးတော့ တံခါးရွက်ကို ခြေထောက်နှင့် ဆောင့်ပိတ်လိုက်ပြီး ဆင်ဆီသို့ လျှောက်လာသည်။ ဂျဲနက် ပခုံးပေါ်မှ ကုတ်အင်္ကျီမှာ ကြမ်းပြင်နှင့် တရွတ်တိုက်ရင်း ပါလာသည်။

ဂျဲနက်သည် ယွန်-ပေါ၏ လက်မောင်းပေါ်တွင် မေ့အိပ်ရင်း သူ့ဘာမှ မမေးပါစေနှင့်ဟု တောင်းနေ မိသည်။ သို့သော် သူဆုတောင်းမပြည့်။ ယွန်-ပေါက သူညီနှင့် ဂျဲနက်တို့ အကြောင်းကို သိချင်သည်။ ထို့ကြောင့် သူက မေးလိုက်သည်။

"မနေ့ညက မင်းစကားမပြောချင်ဘူးလို့ ပြောတယ်၊ ကဲ. . အခု ပြောတော့လေ"

ဂျဲနက်က တော်တော်ကြာကြာ နှုတ်ဆွံ့နေမိသည်။ ပြီးတော့မှ. . .

"ကျွန်မတောင်းပန်ပါတယ် အစ်ကိုကြီးရယ်၊ အစ်ကိုကြီးကို ကျွန်မ ဘယ်လောက်ချစ်တယ်ဆိုတာ အစ်ကိုကြီး အသိပါ၊ အဲဒီတော့ အစ်ကိုလေး အက်ရှန်နဲ့ ကျွန်မတို့အကြောင်းကို ဘာမှ မမေးပါနဲ့၊ တစ်သက်လုံး မမေးရင် အကောင်းဆုံးပါပဲ၊ အရေးကြီးတာက အစ်ကိုကြီးနဲ့ ကျွန်မတို့ ပျော်ပျော်နေသွားရဖို့ပဲ မဟုတ်လား"

ယွန်-ပေါ ရုတ်တရက် ပေါ်လာသော ဒေါသစိတ်ကို ထိန်းပြီး ပြောလိုက်သည်။

"ငါမေးနေတာ တခြားကြောင့်မဟုတ်ဘူး၊ အခုလို အကျပ်အတည်း ကြုံနေရတဲ့ အခြေအနေမှာ မင်း ဘယ်လို ခံစားနေရတယ်ဆိုတာ ငါက သိချင်လို့ မေးတာပါ၊ မင်းအတွက် စိုးရိမ်လို့ မေးတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် အစ်ကိုကြီးရယ်၊ အစ်ကိုကြီး စေတနာကို ကျွန်မလဲ သဘောပေါက်ပါ ဒါပေမယ့် ကျွန်မတို့နှစ်ယောက်အခုလို ပျော်စရာကောင်းတဲ့ နေရာလေးမှာ စိတ်ရှိလ ပျော်နေရတဲ့ အချိန်အခါမှာ ကျွန်မတို့အကြောင်းကလွဲပြီး ဘယ်သူ့အကြောင်းမှ မပြောစေချင် ဘယ်သူ့အကြောင်းကိုမှလည်း မတွေး စေချင်ဘူး၊ ဒီကမ္ဘာလေးဟာ ကျွန်မတို့နှစ်ယောက်အ အင်မတန် သာယာတဲ့ သီးခြားကမ္ဘာလေးပါ၊ ကျွန်မတို့နှစ်ယောက်သာ ပိုင်တဲ့ ဒီကမ္ဘာလေး တခြားဘယ်သူ့မှ ဆွဲခေါ်မလာတာ အကောင်းဆုံးပါပဲ အစ်ကိုကြီးရယ်"

ဂျဲနက် စကားကြောင့် သံတမန်အရာရှိကြီး အငိုက်မိသွားရသည်။ သူ သင် တက်လာခဲ့သော သံတမန်ပရိယာယ်များက ဂျဲနက်၏ စကားကို ပယ်လှန်နိုင်စွမ်းမရှိကြ သူ့စိတ်ထဲ အတော်ကလေး မရိုးမရွ ဖြစ်သွားမိသည်။ သည်ကလေးမက သူ့ကိုလည်း ချစ် သူ့ညီကိုလည်း ချစ်သည်။ ဒါပေမယ့် တရားဝင်ပိုင်ဆိုင်သူကတော့ သူ့ညီသာ ဖြစ် တကယ်တော့ ဤအစီအစဉ်သည် သူ၏ သံတမန်ပရိယာယ်မှ ပေါ်ထွက်လာသော အစီအ ဖြစ်သည်။ သူ့စိတ်ကြိုက်၊ သူ့သဘောကျ၊ သူ့ဆန္ဒအတိုင်း စီမံခဲ့သော အစီအစဉ်သာ ဖြစ်

သို့သော် ယခုတော့ သူက အခွင့်အရေးသမားပီပီ အတ္တဆန်ချင်လာသည်။ ကိုယ် ကိုသာ ကြည့်လာပြီ။ သူက အကောင်းဆုံးထင်၍ လုပ်ခဲ့သော အလုပ်ကို မကောင်း ထင်လာခဲ့ပြီ။ သဘောကတော့ မနာလိုစိတ်ပင် ဖြစ်သည်။

ဂျဲနက်က တောင်းပန်သံနှင့် ဆက်ပြောသည်။

"ကျွန်မတို့ အခြေအနေကို သဘောပေါက်စမ်းပါ အစ်ကိုကြီးရယ်၊ ကျွန်မတို့နှစ်ယော အခုလို ဟန်မပျက်နေသွားရင် အားလုံးအတွက် အဆင်ပြေဆုံးပဲ ဖြစ်မှာပါပဲ၊ ကဲ ကျွ ခွင့်ပြုပါဦး၊ ကျွန်မ ပြန်ရဦးမယ်၊ ဘာပဲဖြစ်ဖြစ် ကျွန်မတို့ နှစ်ယောက်တည်း ရှိနေတဲ့ အချိန် တစ်လောကလုံးမှာ ကျွန်မတို့ နှစ်ယောက်တည်းသာ ရှိတယ်လို့ ယူဆပြီး ပျော်ပျော်နေကြ အကောင်းဆုံးပါပဲ"

ယွန်-ပေါက ယဲ့ယဲ့ကလေး ပြုံးလိုက်မိသည်။ ရှေ့မတိုးသာ နောက်မဆုတ် ဘေးကျပ်နံကျပ် အခြေအနေမျိုးရောက်နေလျှင် ရှေ့လည်းမတိုး၊ နောက်လည်း မဆု အခြေအနေကို ငြိမ်ငြိမ်ရပ်ကြည့်နေခြင်းသည် အကောင်းဆုံး။ ဤကား သူသင်ကြားခဲ့ သံတမန်ပရိယာယ်တစ်ရပ်ပင် ဖြစ်သည်။ ထို့ကြောင့် နောက်ဆုံးတော့ သူက လက် လိုက်ရတော့သည်။

သို့သော် သူက လွယ်လွယ်နှင့် အရှုံးမပေးချင်သေး။ သံတမန်ပရိယာယ်ကိုပင် စကားတစ်ခွန်း မေးဖြစ်အောင် မေးလိုက်သေးသည်။

"ပြီးတော့ ငါက မင်းကျန်းမာရေးအခြေအနေကို သိချင်လို့လဲ မေးကြည့်တာပါ၊ အိပ်ရာထမှာ မူးမူးဝေဝေဖြစ်ပြီး အော့အန်ချင်တာများ ရှိသလား"

"ဩော်. . ဟုတ်ကဲ့၊ အဲဒါတော့ ရှိပါတယ်၊ ဒါပေမယ့် အခြေအနေ မဆိုးပါဘူး၊ ကျွ အန်ချင်ရင် ရေချိုးခန်းထဲ ကမန်းကတန်းသွားပြီး အန်ပစ်လိုက်တာပဲ"

"အဲဒီတော့ မင်းက ဒီအကြောင်း အက်ရှန်ကို ဘယ်တော့ ပြောမလဲ၊



www.burmeseclassic.com

www.burmeseclassic.com



လေးရှိနေပြီဆိုတာ စောစောစီးစီး ပြောထားမှ ကောင်းလိမ့်မယ်ထင်တယ်"

"ဟုတ်ပါတယ်၊ ကျွန်မလည်း စဉ်းစားထားပြီးသားပါ၊ သူ့ကို မနက်ဖြန် ပြောပြလိုက်တော့မယ်၊ ဆရာ ဝန်ဆီက ပြန်လာပြီးတဲ့ နောက်ပေါ့"

ယွန်-ပေါ အလွန်ကျေနပ်သွားမိသည်။ သူ ကျွမ်းကျင်ပါးနပ်စွာ စီမံကိန်းချ၍ လုပ်ကိုင်သော လုပ်ငန်းကြီး၏ အစိတ်ကရည်မှန်းချက် အောင်မြင်တော့မည်ဆိုသည်ကို တွေးမိသောကြောင့်သည်။ သူ့ကိုယ် သူ ပြောသလို ပြောလိုက်သည်။

"အင်း ငါ့ရင်သွေးကလေး၊ ငါ့ရင်သွေးကလေး၊ ငါ့တစ်သက်မှာ ပထမဦးဆုံး သားကလေး တော့မှာပါကလား"

ဂျဲနက် သဘောကျ၍ အသံထွက်အောင်ပင် ရယ်လိုက်သည်။

"အံမယ် အစ်ကိုကြီးက တယ်သေချာနေပါကလား၊ သားကလေး မွေးမယ်လို့ ဘာကြောင့် ပြောနိုင်ရ တာလဲ၊ ကျွန်မကတော့ ချစ်စရာကောင်းတဲ့ သမီးကလေး မွေးလာမယ်လို့ပဲ ထင်တယ်"

"ဟင့်အင်း မိန်းကလေး လုံးဝမဖြစ်နိုင်ဘူး၊ ငါရဲ့ ပထမဆုံးရင်သွေးကလေးဟာ ယောကျ်ားကလေးပဲ ဖြစ်ရမယ်"

"ကောင်းပါပြီတဲ့ရှင်၊ ဖအေကြီး ဆန္ဒအတိုင်း ပြည့်ဝပါစေလို့ ကျွန်မ ဆုတောင်းပါတယ်၊ . . အဲဒီ တော့ ကျွန်မ သွား. . ."

"နေစမ်းပါဦး ငါပြောစရာတွေ ရှိသေးတယ်" သူက ဂျဲနက်အား ပူးကပ်စွာ ချဲ့က်လိုက်သည်။ "ဒီမယ် ငါပြောတာ သေသေချာချာ မှတ်ထား. . . ကြားလား၊ ဒီအချိန်ကစပြီး အကြောင်းမှ တွေးမနေနဲ့တော့၊ သားကောင်းမိခင်တစ်ယောက်ဖြစ်လာအောင် ဘယ်လိုလုပ်မယ်ဆိုတာသာ အမြဲတမ်း စဉ်းစားနေတော့၊ ပြီးတော့ သားကလေးရဲ့ ဖအေအရင်းဟာ ဆိုတာကို အမြဲတမ်း သတိရပါ၊ အချုပ်ပြောရရင်တော့ ငါ့ကို ဘယ်တော့မှ မမေ့ပါနဲ့၊ ဒီအချက်ကို အမြဲတမ်း သတိရပါ"

ပြီးတော့. . . ပြီးတော့. . .။

ထိုနေ့ည ညစာစားရင်း ဂျဲနက်ခေါင်းထဲတွင် မူးမူးမော်မော် ဖြစ်လာသလို ခံစားရသည်။ သူတော်တော် မိန်းသာသွားမိသည်။ ဤအချက်သည်ပင် ထွက်ပေါက်ကောင်းတစ်ခု ဖြစ်နိုင်သည်ဟု ထင်မိသောကြောင့် ဖြစ်သည်။

သို့ဖြင့် သူက သိပ်ပြီး နေမကောင်းချင်သလိုဖြစ်၍ အိပ်ရာသို့ စောစော ဝင်ခွင့်ပြုရန် ခွင့်တောင်းသည်။

မဒမ်ဒူပရေးက ပထမတွင် တော်တော် စိုးရိမ်သွားမိသည်။ သို့သော်လည်း ခရီးပန်းလာလို့ စောစော အိပ်လိုက်ရင် ကောင်းသွားပါလိမ့်မယ်ဟု ပြောပြီး ဂျဲနက်အား ခွင့်ပြုလိုက်သည်။

အက်ရှန်က သူ့ဇနီးလေးအား လက်မောင်းကို ဆုပ်ကိုင်ပြီး အပေါ်ထပ်သို့ ခေါ်တင်သွားသည်။

ညစာစားခန်းထဲတွင် ယွန်-ပေါနှင့် မိခင်ကြီးတို့နှစ်ယောက်တည်းသာ ကျန်နေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ မာရီအခြေအနေကော ဘယ်လိုလဲသား၊ သူ့ခမျာ တို့ဆီမလာနိုင်တာ သနား ပဲကွယ်"

"ဟုတ်ပါတယ် မေမေ၊ မေမေသိတဲ့အတိုင်း သူက ဆယ့်နှစ်ရာသီဝေဒနာရှင် ဖြစ်နေပြီ၊ သူ့အခြေအနေက အလျင်ထက်တောင် ပိုဆိုးလာသေးတယ်၊ ဆရာဝန်တွေလည်း ကျွန်တော်တော့ ဘယ်လို လုပ်ရမှန်းတောင် မသိတော့ပါဘူး. . . မေမေရယ်"

"မေမေကတော့ သားတို့လင်မယား ကိုယ်ရေးကိုယ်တာ ကိစ္စမှာ ဝင်မစွက်ဖ ပါဘူးကွယ်၊ ဒါပေမယ့် မင်းမိန်းမအနေနဲ့ ဒီလိုပဲ လူတောထဲမတိုးဘဲ အိမ်ခန်းထဲ ကုပ်နေတာ မေမေလုံးဝ သဘောမကျဘူး၊ တို့နွေရာသီ အပန်းဖြေ ခရီးထွက်တုန်းကလဲ ဒီလိုပဲ တစ် အိမ်ထဲက အိမ်ပြင် ထွက်တယ်ကို မရှိဘူး၊ အဲဒီတော့ စိတ်ပြေလက်ပျောက် နားနားနေနေ မှ ဟိုဟိုဒီဒီ ခဏခဏ ထွက်ပေးရင် ပိုကောင်း မယ်ထင်တာပဲ"

"မေမေပြောတာ ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမယ့် ကျွန်တော်လဲ ဘာမှ မတ တော့ပါဘူး မေမေရယ်၊ သူ့ကိုတော့ ကျွန်တော်လုံးဝ လက်လျှော့ ထားလိုက်ပါပြီ၊ ဘာမှမပြောချင်တော့ပါဘူး"

မိခင်ကြီးက ဟင်းကနဲ သက်မတစ်ချက် ချလိုက်ပြီး. . .

"အေးကွယ်. . သူ့ခမျာ သနားပါတယ်၊ သူ့ကုသိုလ်ကံနဲ့ သူလို့ပဲ ဆိုရတော့မှာပဲ"

နောက်တစ်နေ့ မနက်တွင် ဂျဲနက်သည် အဘွားကြီး၏ အခန်းတံခါးကို လာခေါက်သည်။

"ဝင်ခဲ့ပါ သမီး၊ ဘယ်လိုလဲ၊ ဒီနေ့မနက် နေကောင်းရဲ့လား"

"ဘယ်လိုပြောရမှန်းတောင် မသိတော့ပါဘူး မေမေ၊ ညကတော့ အိပ်လို့အဆင် မနက်ကျတော့ သိပ်ပြီး နေမကောင်းချင်သလိုပဲ"

အဘွားကြီးမျက်နှာ ဝင်းလက်သွားသည်။

"ဘယ်လို မေမေ့ကို ပြောပြစမ်းပါဦးကွယ်၊ သမီးနေမကောင်းတာက ဘ နေမကောင်းတာလဲ၊ စိတ်ထဲမှာ ဘယ်လိုတွေသလဲ၊ အန်ချင် အော့ချင်သလိုမျိုး တွေ့လို့လာ"

"ဟုတ်တယ်. . မေမေရဲ့၊ အန်ချင် အော့ချင်သလိုပဲ ဖြစ်နေတယ်"

"ဘုရားရေ ဒီလိုဆိုရင် ဒီအတိုင်းနေလို့ မဖြစ်တော့ဘူး သမီးရဲ့၊ ဆရာ မြန်မြန်သွားတွေ့မှ ဖြစ် တော့မယ်"

"ဟင် ဘာပြုလို့လဲ မေမေ"

"အမယ်လေးဟယ်. . ဒီလောက်တောင် မသိဆိုးရှားနိုင်ရသတဲ့လား၊ ကံကော ငါ့သမီးမှာ ရင်သွေးကလေး ရနိုင်တော့မှာမို့လို့ပေါ့၊ အော့ချင် အန်ချင် ဖြစ်တာက သ ကိုယ်ဝန်ရှိနေလို့ ဖြစ်မှာပေါ့"

အဘွားကြီး၏ စကားကြောင့် ဂျဲနက်မှာ တခြားတမ္ဘာသို့ ရောက်သွားပြီး သူစိမ်း တစ်ယောက် ဖြစ်သွားသလို ရုတ်တရက် ထင်မှတ်လိုက်ရသည်။ သို့သော် ဖြတ်ကနဲ သတိဝင် အံ့သြဟန်ဖြင့်. . .



www.burmeseclassic.com

www.burmeseclassic.com



"ဟင် မေမေ့ဟာကလဲ သမီးတို့ လက်ထပ်တာက လပိုင်းကလေးပဲ ရှိသေးတာ၊ ဘယ့်နှယ် ဖြစ်နိုင်တာပဲ"

ဤတွင် အဘွားကြီးက သူ့ ချွေးမအလိမ္မာကလေး၏ ဖြူစင်ရိုးသားသော သဘောထားကို တွေးမိပြီး အားရပါးရ ရယ်လိုက်သည်။

"ဘယ့်နှယ်. . . ဖြစ်နိုင်လို့ ပြောတာပေါ့ သမီးရဲ့၊ ဟုတ်ပါတယ်၊ မေမေထင်တဲ့အတိုင်း လွဲနိုင်ပါဘူး၊ ဒါမျိုးဆိုတာက မြန်ချင်ရင်လဲ သိပ်မြန်တတ်တာ၊ ကဲ. . . ကဲ မဖြစ်နိုင်ဘူး၊ ဆရာဝန်ဆီ ချက်ချင်း ဖုန်းဆက်မှ ဖြစ်မယ်၊ အဘွားကြီးက ပြောရင်း ဆိုရင်း မိသားစု ဆရာဝန် ဒေါက်တာ ဘားနီးယားဆီ ဖုန်းလှမ်းဆက်ပြီး ပြောပြသည်။ ယနေ့မွန်းလွဲနှစ်နာရီတွင် ဆရာဝန်နှင့် တွေ့မည်ဟုလည်း ပြောလိုက်သည်။ ပြီးတော့မှ ဂျဲနက် ဘက်သို့ လှည့်ကာ. . . "သမီးနဲ့အတူ မေမေလည်း လိုက်ခဲ့မယ်"

တကယ်တော့ ဂျဲနက်က သူတစ်ယောက်တည်းသာ သွားချင်သည်။ သို့သော် အဘွားကြီး ပါနေလျှင် ပိုကောင်းသည်ဟု သတိရမိပြီး စိတ်ပါလက်ပါ ပြန်ပြောလိုက်သည်။

"ဟုတ်ကဲ့ မေမေ ၊ မေမေပါလိုက်ရင် သိပ်ကောင်းတာပေါ့၊ ဒါပေမယ့် သမီးတစ်ခုတော့ တောင်းပန်ချင်ပါတယ်. . . မေမေ၊ ဒီကိစ္စအဖြူအမည်း မသိရသေးခင်မှာတော့ ကိုကို့ကို အသိမပေးစေချင်ဘူး၊ ဘာပြု လို့လဲဆိုရင် အချိန်က သိပ်စောနေတော့ မတော်ရင် သူ့အနေနဲ့ စိတ်မောစရာဖြစ်ချင်မှ ဖြစ်မှာ"

"ဟုတ်တယ် သမီးပြောတာ သိပ်မှန်တယ်၊ ဒီကိစ္စ တို့သားအမိ လျှို့ဝှက်ထားကြမယ်၊ သေချာမှ သူ့ကို အသိပေးကြတာပေါ့၊ ဒါပေမယ့် တကယ်လို့သာ ထင်တဲ့အတိုင်း မှန်နေရင်တော့ ဘိုးသားလေးအနေနဲ့ ဝမ်းသာ လွန်းလို့ ထတောင် ကပါလိမ့်မယ် သမီးရယ်"

"ဟုတ်ကဲ့၊ သမီးလဲ ဒီအတိုင်းပဲ ဖြစ်ပါစေလို့ ဆုတောင်းပါတယ် မေမေရယ်"

ဂျဲဒ်ဒူပရေးသည် ညည့်ခန်းတွင် ထိုင်စောင့်နေသည်။ စိတ်ထဲမှာလည်း သူ့သားကလေး အက်ရှန်နှင့် ကိုယ်တိုင်အတွက် လောကတွင် အလိုချင်ဆုံးအရာကို အမှန်တကယ် ရနိုင်ပါစေဟု ကျိတ်ပြီး ဆုတောင်း နေမိသည်။

ထိုအချိန်တွင် ဂျဲနက်ကတော့ စမ်းသပ်စစ်ဆေးခြင်း ခံပြီး၍ ဒေါက်တာဘားနီးယား၏ ရှေ့တွင် မျက်နှာချင်းဆိုင်ထိုင်လျက် ရှိသည်။

"ဒီတော့ လိုရင်းကိုပြောရရင် မင်းမှာ ကိုယ်ဝန်ရှိနေပြီ ကလေးမ"

"သေချာရဲ့လား ဆရာရယ်"

"သေချာသလောက်ဆိုပါတော့၊ ဒီထက် သေချာချင်ရင်တော့ ဓာတ်ခွဲခန်း စမ်းသပ် ချက်ရမှာပဲ၊ ဒါပေမယ့် ငါထင်တာ မမှားနိုင်ပါဘူး၊ မင်းကိုယ်ဝန်က အနည်းဆုံးနှစ်လနီးပါး ရှိနေပြီ"

ဂျဲနက်က စိတ်ကို ထိန်းကာ ကုလားထိုင်လက်တန်းကို လက်နှစ်ဘက်ဖြင့် ဆုပ်ကိုင် ထားလိုက်ပြီး. .

"ဒါတော့ လုံးဝ မဖြစ်နိုင်ဘူး ဆရာ၊ ကျွန်မတို့ လက်ထပ်တာ တစ်လတောင် မပြည့်



www.burmeseclassic.com

www.burmeseclassic.com



သေးတာပဲ ဦးစွာ"

ဒေါက်တာက ဂျဲနက်၏ မျက်နှာကို စိုက်ကြည့်သည်။ ပြီးတော့ မသိမသာ မျက်ခုံးချီလိုက်တော့မှ. . .

"အို. . . ဟုတ်လား၊ ဒါပေမယ့် မင်းသားအိမ်က ဒီလောက် အချိန်တိုတိုက တော်တော်ကျယ်နေတာ တွေ့ရတယ်ကွဲ"

"အဲဒါတော့. . . ကျွန်မလည်း လုံးဝ မစဉ်းစားတတ်တော့ဘူး ဆရာ"

ဂျဲနက်မျက်နှာတွင် သွေးရောင်ဆုတ်သွားသည်။

ဒေါက်တာက ကုလားထိုင်တွင် နောက်မှီထိုင်ချလိုက်သည်။ ပြီးတော့ မျက်မှန်ကို ချွတ် လက်ကိုင်ပဝါနှင့် သုတ်နေသည်။ ဂျဲနက်၏ ကိုယ်ဝန်သည် တကယ်ပင် နှစ်လနီးပါးမျှ ရှိပြီ ကတော့ သေချာသည်။ သူက ဝါရင့်သမားတော်ကြီးတစ်ယောက်ဖြစ်၍ သည်ကိစ္စမျိုး အတိအကျပြောနိုင်သည်။ ယခုကိုယ်ဝန်မှာ အက်ရှန်နှင့် ရသော ကိုယ်ဝန်မဟုတ်တာ ဖြစ်နိုင်သည်။ သို့မဟုတ်လျှင် သူတို့လင်မယားသည် လက်မထပ်မီကာလကတည်းက ဆက် ပေါင်းသင်းခဲ့ကြသောကြောင့်လည်း ဖြစ်နိုင်သည်။ ဘယ်လိုပင်ဖြစ်ဖြစ် သူသည် မဒမ်ဒူ မိသားစုနှင့် နှစ်ပေါင်းများစွာ ဆက်ဆံလာခဲ့သော မိတ်ဆွေရင်းချာတစ်ဦး ဖြစ်သော ဆေးမှတ်တမ်းတွင်တော့ ဂုဏ်သိက္ခာကို မထိခိုက်စေရန် ထိန်းထိန်းသိမ်းသိမ်း ရေးလိုက်ရသည်

သူက မျက်မှန်ကို ပြန်တပ်ကာ သူ့ရှေ့တွင် ထိုင်နေသော အမျိုးသမီးကလေး၏ မျက်နှာ စိုက်ကြည့်နေသည်။ ငါစမ်းသပ်တွေ့ရှိချက်ကို အမှန်အတိုင်း မထောက်မညှာ ပြောလိုက်ရင် ဒီကလေးမ စိတ်မချမ်းသာ ဖြစ်ရတော့မှာပဲဟုလည်း တွေးလိုက်မိသည်။

"အေးလေ ဒါမျိုးဆိုတာက အတိအကျ ပြောနိုင်ဖို့ အခက်သားကလား၊ ငါရက်တွေ မှားချင်လဲ မှားနိုင်ပါတယ်။ ဒါပေမယ့် မင်းမှာ ကိုယ်ဝန်ရှိနေပြီဆိုတာကတော့ ဘယ်လိုမှ မမှား

ဂျဲနက်၏ မျက်လုံးများတွင် မျက်ရည်တွေ ဝိုင်းလာသဖြင့် မျက်နှာကို တစ်ဘက် လွှဲလိုက်ရသည်။

ဒေါက်တာဘားနီးယားက ဒီအကြောင်း အဘွားကြီးကိုများ အမှန်အတိုင်း ဖွင့် လိုက်မှာလား။ ဘုရား. . . ဘုရား၊ ဘုရားသခင်ကယ်တော်မူပါ ဘုရား။ တပည့်တော်မ ဒုစရိုက်တစ်ခုကို ကျူးလွန်သူ တစ်ယောက်ဖြစ်ပေမယ့် မေတ္တာ၊ ဂရုဏာ ရှေ့ထားပြီး ကယ်မတော်မူပါဘုရား။

ဂျဲနက် ဆုတောင်းပြည့်ပါသည်။ ဒေါက်တာဘားနီးယား ပါးစပ်မှ ထွက်လာသော စကား ဘုရားသခင်ကယ်မခြင်းနှင့် အတူတူပင် ဖြစ်နေသည်။

"ဟုတ်ပြီလေ ဘယ်လိုပဲဖြစ်ဖြစ် စိုးရိမ်စရာတော့ မရှိပါဘူး၊ လမစေ့ဘဲ ခုနစ်လနဲ့ မွေး ကလေးတွေလည်း အခြေအနေကောင်းကြတာပဲ"

ဒေါက်တာက ဒူပရေးမိသားစု ဂုဏ်သိက္ခာကို ကာကွယ်လို၍သာ သူ့ကို ကာ လိုက်ခြင်းဖြစ်ကြောင်း ဂျဲနက်က ချက်ချင်း သဘောပေါက်လိုက်သည်။

သို့သော် ဘယ်လိုပဲဖြစ်ဖြစ် သူ့အနေဖြင့် ဒေါက်တာကို အလွန့်အလွန် ကျေးဇူး



www.burmeseclassic.com

www.burmeseclassic.com



သည်ကတော့ အမှန်ပင်။ ထို့ကြောင့်လည်း သူက အတိုင်းမသိ ကျေးဇူးတင်စွာဖြင့် ဒေါက်တာ မျက်နှာကို မော့ကြည့်လိုက်မိသည်။ ဒေါက်တာကလည်း အခြေအနေကို နားလည်ပါသည်။

ထို့နောက်တွင် ကိုယ်ဝန်ဆောင်နေစဉ်အတွင်း ရှောင်ရန် ဆောင်ရန် ကိစ္စများကို ဒေါက်တာက ပြောပြ သည်။ လစဉ်အချိန်မှန်မှန် ပြသရမည့် ရက်ကိုလည်း သတ်မှတ်ပေးသည်။

ပြီးတော့. . . . သူက ဂျဲနက်၏ ပခုံးပေါ်တွင် လက်တင်ကာ မဒမ်ဒူပရေး ထိုင်စောင့် နေသော ဧည့်ခန်းထဲသို့ ပြန်ထွက်လာခဲ့ကြသည်။

သူက မဒမ်ဒူပရေးအား နှုတ်ဆက်လိုက်ပြီးနောက်. .

"အင်း ဝမ်းသာစရာပဲ မဒမ်ဒူပရေး၊ ခင်ဗျားမှာ နောက်ထပ် မြေးကလေးတစ်ယောက် ရတော့မယ်ထင်တာပဲ၊ ခင်ဗျားအတွက်ရော၊ အက်ရှန်အတွက်ရော ကျုပ်အများကြီး ဝမ်းသာ ကြားယူပါတယ်၊ မိခင်လောင်း အခြေအနေလဲ အများကြီးကောင်းပါတယ်"

မဒမ်ဒူပရေး၏ မျက်နှာတပြင်လုံး ထိန်ထိန်လင်းသွားသည်။

"ဟုတ်ကဲ့ ကျေးဇူးအများကြီး တင်ပါတယ်. . . ဒေါက်တာ"

**ဘုရား. . . ဘုရား ဝမ်းသာလိုက်တာ၊ ဝမ်းသာလိုက်တာ။ အက်ရှန်မှာ ရင်သွေးကလေး ရတော့မယ် ဆိုပါလား၊ သမီး ဂျဲနက် ကျေးဇူး၊ သမီးဂျဲနက် ကျေးဇူး၊ ဟုတ်ပြီ ဂျဲနက်အတွက်ဆိုရင် ဘာဆို မရရအောင် လုပ်ပေးမယ်၊ လုပ်ပေးမယ်၊**

မဒမ်ဒူပရေးက မင်္ဂလာသတင်းကောင်းကို အက်ရှန်အား သူကိုယ်တိုင်မပြောဘဲ ဂျဲနက်ပြောလျှင် ပို၍ ကောင်းသည်ဟု ဆိုသည်။

ဂျဲနက်က ညအိပ်ရာဝင်တော့မှ လင်တော်မောင်အား ပြောပြသည်။

"ကို. . ကို့ကို ပြောစရာတစ်ခုရှိတယ်၊ ဝမ်းသာစရာ သတင်းကောင်းပါ"

"အင် ဟုတ်လား၊ ဘာသတင်းမို့လဲကွယ်"

"ဒီနေ့ မေမေနဲ့ ကျွန်မတို့ ဒေါက်တာဘားနီးယားနဲ့ သွားတွေ့ကြတယ်"

"သွားဖွားဆရာဝန်ကို ပြောတာလား"

ဂျဲနက်၏ နှလုံးသားတွေ တဖျပ်ဖျပ် ခုန်နေသည်။ **သူယုံမှ ယုံပါ့မလား၊ ဘယ်လိုလုပ် ယုံနိုင်မှာလဲ။ လက်ထပ်တာမှ တစ်လကျော်ရုံကလေး ရှိသေးတာ၊ ကိုယ်ဝန်က နှစ်လတောင် ပြည့်တော့မယ်တဲ့။**

သို့သော် ကိစ္စမရှိ။ အခြေအနေအရ မီးစင်ကြည့်ကသွားရန် ဆုံးဖြတ်လိုက်သည်။ "ထိုလျှင်ကြံဆ နည်းလမ်းရ" ဆို မဟုတ်လား။ အပြစ်ကျူးလွန်လျှင် အပြစ်လွတ်အောင် ကြံဆောင်ပေါက် ရှာတတ်ရမည်ပေါ့။

"ကျွန်မတို့မှာ ရင်သွေးကလေးရတော့မယ် ကို"

သူက အရဲစွန့်၍ သွေးတိုးစမ်းကြည့်လိုက်သည်။

အက်ရှန်က မယုံကြည်နိုင်စွာဖြင့် သူ့မျက်နှာကို စိုက်ကြည့်နေသည်။ ပြီးတော့ မျက်ခုံးချီကာ ခေါင်းကို ခါယမ်းလိုက်သည်။ ဂျဲနက်ပြောသော စကားကို မကြားလိုက်သည့်



www.burmeseclassic.com

www.burmeseclassic.com



ဟန်မျိုးဖြင့် မျက်နှာကို စိုက်ကြည့်ပြန်သည်။

ပြီးတော့မှ "ရင်သွေးကလေး ဟုတ်လား"ဟု မပွင့်တပွင့် မေးသည်။

ယုံနိုင်စရာတော့ လုံးဝမရှိ။ သို့သော် သူ့မျက်နှာတွင် ရှက်သွေးဖြာသွားသည်။ တစ်

တည်းတွင် ဝမ်းသာပျော်ရွှင်ရိပ်တွေ ပေါ်လာသည်။ ပြီးတော့ ပြုံးလာသည်။ သည်လိုအပြုံးမျိုး

သည်တစ်ခါပဲ မြင်ဖူးသည်ဟု ဂျဲနက်က ထင်လိုက်မိသည်။

အက်ရှန်က ဘာမပြော ညာမပြောနှင့် ဂျဲနက်၏ ရှေ့တွင် ဒူးထောက်ထိုင်လိုက်သည်။

ထို့နောက် ဂျဲနက်၏ ပေါင်ပေါ်တွင် သူ့ခေါင်းကို မှီချလိုက်သည်။

"မင်းဟာ တို့မိသားစုအားလုံး စိတ်ချမ်းသာအောင် အများကြီး လုပ်ပေးခဲ့ပြီ အချစ်

အခုလဲ. . . အခုလဲ"

သူ့ခမျာ ဝမ်းသာလုံးဆို့ပြီး စကားပင်ဆက်မပြောနိုင်တော့။

ဂျဲနက်မှာလည်း ရင်ထဲဆို့နေသော အလုံးကြီး ပျောက်ကျသွားသဖြင့် ဝမ်းသာလွန်း

တသိမ့်သိမ့်နှင့် ငိုချလိုက်မိတော့သည်။

"ဟုတ်ပါတယ်ကို၊ ကိုသာ ပျော်မယ်ဆိုရင် ကျွန်မဘာပဲ လုပ်ပေးရ၊ လုပ်ပေးရ တစ်

လုံး လုပ်ပေးသွားပါ့မယ်"

"နေပါစေ အချစ်ရယ်၊ ဒီလောက်ဆိုရင်ပဲ အများကြီး ရနေပါပြီ။ မင်းဟာ

လူသားတစ်ယောက် မျှော်လင့်တာတွေထက် ပိုတဲ့အရာတွေကို ပေးခဲ့ပြီးပါပြီကွယ်"

ထို့နောက်တွင်တော့ သူက ဂျဲနက်အား ခါတိုင်းထက် ထူးထူးခြားခြား ပြင်းပြ

ချစ်မေတ္တာ ကြင်နာမှုနှင့် ပိုင်ဆိုင်မှုတို့ဖြင့် ကျစ်ကျစ်ပါအောင် ပွေ့ဖက်လိုက်လေသည်။

ဘဝအခက်အခဲဟူသည် အချိန်ကာလ ကြာညောင်းလာသည်နှင့်အမျှ နေသားကျလာတတ်သည်

မမွတာပင်ဖြစ်သည်။

အက်ရှန်နှင့် ဂျဲနက်တို့ လင်မယားသည် မနက်တိုင်း အိပ်ရာမှ စောစောထတတ်ကြသည်

မိခင်ကြီးက အိပ်ရာဝင်နောက်ကျသူပီပီ အိပ်ရာထလည်း နောက်ကျသည်။ ထို့ကြောင့် နံနက်

စားချိန်တွင် သူတို့ လင်မယား နှစ်ယောက်သာ အတူစားကြရသည်။ ဂျဲနက်က တစ်အိမ်လုံး

သည်အခန်းကို အကြိုက်ဆုံး။ အခန်းထဲတွင် ရောင်မျိုးစုံ ပန်းအိုးများနှင့် ပြည့်နှက်နေသ

အခန်းတံခါးကို ဖွင့်ထားလျှင် ပန်းမျိုးစုံ ဖူးပွင့်ဝေဆာနေသော ပန်းဥယျာဉ်ကို မြင်နေရသည်

အစိမ်းရောင်နံနက်စာ စားပွဲနှင့် ရောင်စုံပန်းခြင်းပုံများ ရေးထွင်းထားသော နောက်မှီ

ကုလားထိုင်များကိုလည်း ဂျဲနက်က အလွန် သဘောကျသည်။ သည်အခန်းထဲတွင် ထိုင်နေရသ

နွေဦးပေါက်ရာသီ ပန်းဥယျာဉ်တစ်ခုထဲသို့ ရောက်နေရသလိုပင် ထင်မှတ်ရသည်။ အခ

နံရံများတွင်လည်း ပန်းမျိုးစုံပန်းချီကားများ ချိတ်ဆွဲထားသည်။ အများစုမှာ အက်ရှန်၏ လက်ရာ

ဖြစ်သည်။ အခန်းကို လေးထောင့်ကွက် ပါကေးခင်းစီထားပြီး ပြောင်လက်နေအောင် တိုက်ချွတ်

အရောင်တင်ထားသည်။ အခန်းအလယ်တွင် ဘယ်လဂျီယံနိုင်ငံ၊ ဘရပ်ဆဲမြို့ဖြစ် 

ကော်ဇောကြီး ခင်းထားသည်။ ကော်ဇောပတ်လည် ကြမ်းပြင်ကျယ်ကြီးပေါ်တွင်လည်း ကြ



www.burmeseclassic.com

www.burmeseclassic.com



ကြက်မို့များပေါ်မှာကဲ့သို့ပင် ရောင်စုံပန်းခြင်းပုံများ ရေးဆွဲထားသည်။

နံနက်စာ စားပြီးသောအခါ အက်ရှန်က စာကြည့်ခန်းထဲသို့ သွား၍ သတင်းစာ ဖတ်လေ့ရှိသည်။ ဂျဲနက်ကတော့ ကလေးတွေအခန်းသို့လာခဲ့ပြီး လူစီယံကျောင်းသို့မသွားမီ အိမ်စာတွေကို စီစဉ်ပေးသည်။ မာဒလိန်းက ထွေထွေရာရာ လုပ်ငန်းများကို လုပ်ကိုင်နေစဉ် ဂျဲနက်က နီကိုဘေးမှ ထိုင်ကာ သင်ခန်းစာတွေကို စစ်ဆေးသည်။ ဒီစရီကတော့ ကြမ်းပြင်ပေါ်တွင် သူ့အရုပ်ကလေးတွေနှင့် ဆော့ကစားနေလေ့ရှိသည်။

အက်ရှန်က သတင်းစာ ဖတ်ပြီးသောအခါ ကလေးခန်းကိုရောက်လာပြီး ညီမငယ်နှစ်ယောက်အား ဂျဲနက်က စာသင်နေသည်ကို ဂုဏ်ယူစွာဖြင့် ငြိမ်ငြိမ်ဆိတ်ဆိတ် ထိုင်ကြည့်နေလေ့ရှိသည်။ ဒီစရီမှာ အခြေခံ ရုပ်ပြ ဖတ်စာအုပ်များကို ဖတ်တတ်စ ပြုနေပြီ။ ဉာဏ်လည်း အလွန်ထက်သည်။ ဖတ်စာတစ်ပုဒ်ကို တစ်ကြိမ်နှစ်ကြိမ်ဖတ်ပြီးလျှင် နှုတ်တိုက်ရွတ်ပြ နိုင်သည်။ မှတ်ဉာဏ်လည်း ကောင်းသည်။

နီကိုနှင့် ဒီစရီတို့ ညီအစ်မနှစ်ယောက်အား ဂျဲနက်က နေ့စဉ် နာရီဝက်ကျစီ စန္ဒရားသင်ပေးသည်။ နှစ်ယောက်စလုံးပင် ဂီတဘက်တွင် ဗီဇရှိကြသည်။ သို့သော် ညီမငယ် ဒီစရီက ပို၍လက်စွမ်းထက်သည်။ စန္ဒရား ခလုတ်များပေါ်တွင် သူ၏ ဝဝကစ်ကစ် လက်ချောင်း ကလေးတွေ တရွရွနှင့် လှုပ်ရှားနေပုံမှာ အလွန်ကြည့်၍ ကောင်းသည်။

နေ့လယ် ၁၂ နာရီထိုးသောအခါ ဂျဲနက်က သူ့အခန်းပြန်၍ အဝတ်အစားလဲပြီးနောက် အက်ရှန်တို့ သားအမိနှင့်အတူ နေ့လယ်စာ စားသည်။ ယခုတလော သူတော်တော် အစားနည်း လာသည်။ အမှန်ကတော့ သူပင်ပန်းကြီးစွာ အစားရှောင်နေခြင်း ဖြစ်သည်။ ဆရာဝန်ညွှန်ကြား ချက်အတိုင်းဆိုလျှင် ဗီတာမင်နှင့် ကယ်လ်စီယံ ဆေးပြားများအပြင် နွားနို့ပါ သောက်ပေးရဦးမည်။ သို့သော် သူက ကိုယ်ဝန်ဆောင် ကာလအတွင်း ကိုယ်အလေးချိန်တိုးမလာစေချင်။ လမစေ့ဘဲ မစ်လနှင့် မွေးမည့် ကလေးတစ်ယောက်သည် လိုအပ်သည် ထက်ပို၍ မထွားသင့်ဟု သူက တွေးဆထားသောကြောင့်ပင် ဖြစ်သည်။

သို့သော် သည်အချက်ကို မဒမ်ဒူပရေးက ပြင်းပြင်းထန်ထန် ကန့်ကွက်သည်။ ယခု ဂျဲနက်စားနေသော ပမာဏမှာ နှစ်ယောက်စာအတွက် မလုံလောက်။ ကိုယ်ဝန်ဆောင် မိခင် ကောင်းတိုင်း အစားများများ စားပေးရသည်။ ဤသည်မှာ မလုပ်မဖြစ်သော တာဝန် ဝတ္တရား ဖြစ်သည်ဟု အဘွားကြီးက ယုံကြည်သည်။

သို့သော် ဂျဲနက်က ယောက္ခမဖြစ်သူ၏ စကားကို နားမထောင်။ ကိုယ်ဝန်ရှိသည့် အချိန်မှစ၍ အစာများများစားလျှင် နေထိုင် မကောင်းချင်သလို ဖြစ်လာတတ်သည်ဟု အကြောင်းပြကာ သူ့နည်းသူ့ဟန်အတိုင်းပင် စားမြဲစားနေသည်။ တကယ်တော့ သူသည် အစားကို ရှောင်မစား၍ အမြဲတမ်း ဆာနေတတ်သည်။ သို့သော် ဆာတိုင်း မစား။ ကျိတ်မှိတ်ခံသည်။ ညအိပ်ရာဝင်ခါနီးတော့မှ အိပ်ပျော်အောင်ဆိုပြီး ဘီစကွတ်မုန့်ကလေး သုံးလေးခုံကို နွားနို့ ပူပူတစ်ခွက်နှင့် မျှောချတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ချိန်းထားသော ညနေတွင် ဂျဲနက်သည် အဝတ်အစားကို ရိုးရိုးပင် ဝတ်စားကာ ယွန်ပေါ် ငှားထားသော တိုက်ခန်းသို့ ထွက်လာခဲ့သည်။

တိုက်ခန်းရောက်တော့ အပြင်မှ သော့ခတ်ထားသည်ကို တွေ့ရသည်။ သော့ခလောက်ကို ဖွင့်နေရင်းမှ ခေါင်းထဲသို့ စိုးရိမ်စိတ်ကလေး မသိမသာ ဝင်လာမိသည်။ ခါတိုင်းဆိုလျှင် ယွန်ပေါ် အလျင်ရောက်နှင့်ပြီး သူ့ကို တံခါးဝမှ ဆီးကြိုနေတတ်သည်။ ယနေ့တော့ ဧကန္တ တစ်ခုခု အကြောင်းထူးပြီဟု သူက စိတ်ထဲမှ အလိုလို သိလိုက်မိသည်။

စိတ်ငြိမ်သွားအောင် ဘရန်ဒီတစ်ခွက် ငှဲ့သောက်လိုက်သည်။ ပြီးတော့ ပြတင်းပေါက်နားသို့ ကပ်လာ ခဲ့ပြီး အပြင်ဘက်သို့ လှမ်းကြည့်လိုက်သည်။ ဆောင်းကာလဖြစ်၍ မြူနှင်းတွေဝေ အီဖယ်မျှော်စင်ကြီးကို ဝိုးတဝါးသာ မြင်နေရသည်။ လေနှင့်အတူ နှင်းငွေ့တွေ ပါလာသည့် အအေးဒဏ်က ပိုကဲလာသည်။ ကုတ်အင်္ကျီကို တင်းကျပ်စွာ ဆွဲကပ်ထားလိုက်သည်။

နာရီဝက်ခန့် ထိုင်စောင့်ပြီးသောအခါ စိတ်မရှည်နိုင်တော့။ တယ်လီဖုန်းစားပွဲဆီ လျှောက်လာပြီး ယွန်ပေါ်၏ အိမ်သို့ ကောက်ဆက်လိုက်သည်။

အိမ်ဖော်မှူးက ဖုန်းကို ကိုင်သည်။

"မက်ရှာဒူပရေးအိမ်ကပါ ခင်ဗျာ"

"ကျွန်မ သူနဲ့ စကားပြောချင်လို့ပါရှင်"

"သူအခု အိမ်မှာ မရှိပါဘူး၊ သူပြန်လာရင် ဘယ်လိုပြောလိုက်ရမလဲ ခင်ဗျာ" သူ့အသံထဲ၌ သံသယသံ ပါနေသည်။ "သူ ခပ်စောစောက ဥပဒေကိစ္စတစ်ခုနဲ့ ပတ်သက်ပြီး မက်ရှာဒရိုင်းမြူနဲ့ ချိန်ထားတာတော့ ရှိတယ်ခင်ဗျ"

"သြော် . . ဟုတ်ကဲ့၊ ကျွန်မက သူ့အတွင်းရေးမှူးပါရှင်၊ သူ မရောက်သေးတာနဲ့"

"အား ဟုတ်ကဲ့ခင်ဗျ၊ သူထွက်သွားတာ ၁၅ မိနစ်လောက် ရှိသွားပါပြီ၊ ဘယ်သွားတယ် ဆိုတာတော့ ကျွန်တော်လဲ မပြောတတ်ဘူး ခင်ဗျာ"

"ဟုတ်ကဲ့ သူလမ်းမှာပဲ ရှိပါလိမ့်မယ်ရှင်"

အခုမှ ဂျဲနက် စိတ်သက်သာရာ ရသွားသည်။ သူ အကြောင်းတစ်ခုခုကြောင့် နောက်ကျနေတာဖြစ်မည်။ ဒီလိုဆို ဘာဖြစ်လို့ ဖုန်းမဆက်သလဲ။ အို ဒီအကြောင်း မစဉ်းစားတာ ကောင်းပါတယ်လေ။ သူရောက် လာတော့ ပြောပြမှာပေါ့။

ဘရန်ဒီတစ်ခွက် ထပ်သောက်သည်။ ပြီးတော့ အိပ်ခန်းထဲ ဝင်လာခဲ့ပြီး ခုတင်ပေါ် ပစ် လှဲချလိုက် သည်။ စိတ်ထဲကတော့ ယွန်ပေါ်ကိုပဲ သတိရနေသည်။

အိပ်ရာထဲတွင် လှဲရင်း တစ်ချိန်ထက်တစ်ချိန် ရမ္မက်စိတ်တွေ ပြင်းပြလာသည်။ စိုးရိမ်စိတ်ကလည်း ပိုလာသည်။ ညနေ လေးနာရီထိုးတော့ ဂနာမငြိမ် ဖြစ်လာသည်။ ဧကန္တ သူတစ်ခုခုဖြစ်နေတာ သေချာ နေပြီ။ သို့သော် အချိန်မရှိတော့ဘူး။ အိမ်ကလူတွေ မရိပ်မိအောင် ပြန်ရတော့မည်။

အိမ်သို့ ပြန်ရောက်တော့ ရင်တွေ တဖျပ်ဖျပ် ခုန်နေသည်။ ခေါင်းထဲတွင်လည်း ခဲဆွဲထား



www.burmeseclassic.com

www.burmeseclassic.com



လေးလံနေသည်။

ခါတိုင်းနေ့များလို အက်ရှန်ဆီ မသွားတော့ဘဲ သူ့အခန်းသို့ တန်းလာခဲ့သည်။ အက်စပရင်ဆေးပြား နှစ်ပြားလောက်သောက်ကာ အိပ်ရာပေါ် လှဲချလိုက်တော့သည်။

"ဟင် မင်းအိမ်ပြန်ရောက်နေပြီကိုး၊ ကိုယ်တောင် လုံးဝမသိလိုက်ဘူး။ ကိုယ်က တစ်ချိန်လုံး တွေးပူနေမိတာ၊ အခုငါးနာရီခွဲတောင် ရှိနေပြီ"

အက်ရှန်၏ အသံကြောင့် ဂျဲနက် အိပ်ရာမှ လန့်နိုးလာသည်။

"ဆောရီးပဲ ကို၊ ကျွန်မကို ခွင့်လွှတ်ပါ၊ သိပ်နေမကောင်းတာနဲ့ ကို့ ဆီမလာတော့ဘဲ အခါတည်း အိပ်ရာထဲ တန်းဝင်ခဲ့တာ၊ အိမ်နားရောက်ခါနီးကလေးတွင်ပဲ အော့ချင်အန်ချင်သလို ဖြစ်လာခဲ့တယ်" သူက အားယူပြီး ပြုံးလိုက်သည်။ "အမှန်တော့ ကိုသိတဲ့အတိုင်း ဟိုကိစ္စကြောင့်ပဲ ဆင်ပါရဲ့ ကိုရယ်"

"ဒါပေါ့ ဒါပေါ့၊ ကလေးကြောင့် ဖြစ်မှာပေါ့၊ ဟင် ဒါနဲ့ မင်းလက်တွေလည်း အေးစက်နေပါလား၊ နေ လို့မှ ကောင်းရဲ့လားကွယ်"

"အခုတော့ အတော်လေး နေသာထိုင်သာရှိသွားပါပြီ၊ တော်တော်ကြာ ကောင်းသွားမှာပါ၊သိပ်လည်းပူ မနေပါနဲ့"

သည်တော့မှ ချစ်ဇနီးကလေးအတွက် ရင်တဖိုဖို ဖြစ်နေမိသော အက်ရှန်မှာ ရင်အေးသွားမိတော့သည်။ သို့သော် သူက တစ်ခုကိုတော့ သတိပေးသည်။

"ကိုယ်ကတော့ အငှားကားစီးပြီး အပြင်ထွက်တာ သိပ်သဘောမတူချင်ဘူးကွယ်၊ မင်းက လွတ်လွတ်လပ်လပ် မဟုတ်ဘူး ဆိုတော့ မတော်လို့ တစ်ခုခုဖြစ်နေရင် မလွယ်ဘူး"

ညရှစ်နာရီထိုးတော့ သူတို့လင်မယားနှစ်ယောက် အဝတ်အစားလဲပြီးနောက် ညစာမစားမီ ခံတွင်းမြိန် အရက်သောက်ရန် အောက်ထပ်သို့ ဆင်းလာကြသည်။ အဘွားကြီးကို စားပွဲတွင် ထိုင်လျက် တွေ့ရသည်။ အဘွားကြီးက ဂျဲနက်၏ မျက်နှာတွင် သွေးရောင်မရှိသလို ဖြစ်နေကြောင်း သတိပေးပြီး၊ အစားအသောက်ကို လျှော့မစားရန်နှင့် နေ့ခင်းတွင် တရေးတမော မှန်မှန်အိပ်ရန် တိုက်တွန်းသည်။ ဂျဲနက်ကလည်း အဘွားကြီး စကားအတိုင်း လိုက်နာပါမည်ဟု ကတိပေးသည်။ အဘွားကြီးက ယွန်ပေါ်၏ မိန်းမ မာရီဂျက္ကလင်းလို လမစေ့ဘဲ ကိုယ်ဝန်ပျက်ကျမည်ကို စိုးရိမ်သောကြောင့် သတိပေးခြင်း ဖြစ်သည်။

ထို့နောက်တော့ သုံးယောက်သား ဘာစကားမှ မပြောဘဲ ကိုယ့်အတွေးနှင့်ကိုယ် ငြိမ်နေမိကြသည်။

အတန်ကြာတော့မှ အဘွားကြီးက ရုတ်တရက် သတိရသလို ပြောသည်။

"ဒါနဲ့ ယွန်ပေါ်တစ်ယောက် ဒီနေ့ တယ်နောက်ကျပါလား၊ ခါတိုင်းဆို ဒီအချိန်လောက် ရောက်ပြီ"

"ရုံးမှာ အလုပ်များနေလို့ ဖြစ်ပါလိမ့်မယ် မေမေ၊ သူ မကြာခင် ရောက်လာပါလိမ့်" ဟု



www.burmeseclassic.com

www.burmeseclassic.com



အက်ရှန်က ဝင်ပြောသည်။

ရှစ်နာရီခွဲသွားပြီ။ ယွန်ပေါ် အရိပ်အရောင်ပင် မမြင်ရသေး၊ ကိုးနာရီထိုးတော့လည်း သူပေါ်မလာ။

"နောက်ကျမယ်ဆိုရင် ဖုန်းလေးဘာလေး လှမ်းဆက်ဖို့ ကောင်းတယ်၊ သူဘာဖြစ်လို့ ဒီလောက်အ ထိကြာနေရတာပါလိမ့်"

မိခင်ကြီးက စိုးရိမ်မကင်းသံဖြင့် ပြောပြန်သည်။ သူက သမီးကြီး ဒင်းနစ်လို မတော်တဆ အန္တရာယ်တွေ ဘာတွေ ကြုံနေမှာကို မတွေးဝံ့ တွေးဝံ့ တွေးလိုက်မိသည်။

"ဒါဆိုလည်း ကျွန်တော် သူ့အိမ်ကို ဖုန်းဆက်ကြည့်လိုက်မယ်လေ"

အက်ရှန်က အခန်းထဲမှ ထွက်သွားပြီး တယ်လီဖုန်းကို ကောက်ကိုင်လိုက်သည်။ ထိုအခိုက် အိမ်ရှေ့တံခါးမှ ယွန်ပေါ် ဝင်လာသည်ကို လှမ်းမြင်လိုက်ရသည်။ သူက ယွန်ပေါ်ဆီသို့ လျှောက်သွား ခဲ့သည်။ ညီအစ်ကို နှစ်ယောက် တံခါးဝတွင် ပက်ပင်းဆုံကြသည်။ ယွန်ပေါ် မျက်နှာမြင်လိုက် ရတော့. . အက်ရှန်မှာ အလန့်တကြား ဖြစ်သွားမိသည်။

"ဟင် အစ်ကိုကြီး၊ မျက်နှာမှာလဲ ဒဏ်ရာတွေနဲ့ပါလား။ ဘာဖြစ်လာသလဲ . . . " စိုးရိမ်တကြီး မေးလိုက်သည်။

ယွန်ပေါ်က စကားမပြောသေးဘဲ ခေါင်းကိုသာ တယမ်းယမ်း တခါခါ လုပ်နေသည်။ သူ့ညာဘက်ပါး ပြင်တွင် ကုတ်ခြစ်ရာတွေလို ဒဏ်ရာတွေ ပြည့်နှက်နေပြီး မျက်နှာတစ်ခုလုံးလည်း ရောင်ကိုင်းပြီး နီရဲနေသည်။

"ငါ ဒီကိုတစ်ခါတည်း တန်းလာခဲ့တာ၊ တစ်ခါတည်း တန်းလာခဲ့တာ"ဟု သူက တ ကတန်း ပြန်ပြောသည်။

အက်ရှန်က အစ်ကိုကြီး ပခုံးကို လှမ်းကိုင်ပြီး. .

"ဒါပေါ့. . ဒါပေါ့၊ ဒါနဲ့ ဘာတွေများ ဖြစ်လာတာလဲ အစ်ကိုကြီး၊ ပြောစမ်းပါဦး"

"ငါ့ကို ဘရန်ဒီတစ်ခွက် မြန်မြန်လုပ်စမ်းကွာ၊ ပြီးတော့ အေးအေးဆေးဆေး ပြော တာပေါ့၊ ကဲကွာ ငါထိုင်ပါရစေဦး"

အက်ရှန်က ယွန်ပေါ်အား အိမ်ရှေ့ခန်းမကြီးတွင် နေရာချထားခဲ့ပြီးနောက် စားခန်းသို့ ခပ်သုတ်သုတ်လျှောက်လာခဲ့သည်။

"မေမေ. . . မေမေ အစ်ကိုကြီး ရောက်လာပြီ၊ ဟိုမှာ အိမ်ရှေ့ခန်းထဲမှာ" အဘွားကြီး ကုလားထိုင်မှ ကမန်းကတန်း ထသည်။ အက်ရှန်က ပြန်ထိုင်ခိုင်းပြီး "နေပါဦး မေမေ၊ ခဏနေ အစ်ကိုကြီး ဘာဖြစ် လာမှန်း မသိဘူး၊ မျက်နှာမှာလဲ ဒဏ်ရာတွေ ပြည့်လို့၊ ဒါပေမယ့်. . . ဘာမှတော့ မစိုးရိမ်ပါနဲ့"

ဂျဲနက်က ဘာစကားမျှ မပြောဘဲ ကုလားထိုင်တွင် ရုပ်သေးကြိုးပြတ် ပြန်ထိုင် လိုက်သည်။

အဘွားကြီးက သူ့ကိုယ်သူ အားတင်းပြီး ပြောလိုက်သည်။

"ကဲ မြန်မြန် သွားခေါ်စမ်း၊ မြန်မြန် သွားခေါ်ခဲ့စမ်း"



www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်းလိုပင် ညီအစ်ကိုနှစ်ယောက် မိခင်ကြီးရှေ့ရောက်လာကြသည်။ ယွန်ပေါမျက်နှာ ...ဒဏ်ရာတွေ ရုတ်တရက် မြင်လိုက်ရတော့ မိခင်ကြီးက မျက်လုံး မျက်ဆန်ပြူးသွားပြီး ...ကြီး ဟင်းကနဲ ချလိုက်သည်။

"ဘုရားရေ မြင်မကောင်း ရှုမကောင်း၊ ငါ့သားကြီး ဘယ်လိုများ ဖြစ်လာတာလဲကွယ်"

ယွန်ပေါက ဘာမှ ပြန်မပြောနိုင်သေး။ အက်ရှန်က ဘရန်ဒီတစ်ခွက် ငှဲ့ပေးလိုက်သည်။ ... တစ်ကျိုက်တည်း မော့ချလိုက်သည်။ နောက်တစ်ခွက် ထပ်တောင်းပြီး ဖြည်းဖြည်းချင်း ...သောက်နေသည်။ ဂျဲနက်က သူ့ကို ကြည့်ပြီး အထိတ်တလန့် ဖြစ်နေမိသည်။ မသေကောင်း ...တ်ကောင်း ပြန်ရောက်လာတာ တော်ပါသေးရဲ့ဟုလည်း ကျိတ်ပြီး ဆုတောင်းနေမိသည်။

"ကျွန်တော် ဘယ်က စပြောရမှန်းတောင် မသိတော့ဘူး"

ယွန်ပေါက ယင်းသို့ ပြောပြီး ကုလားထိုင်တွင် ခြေပစ်လက်ပစ် ပြန်ထိုင်လိုက်သည်။ ...တော့မှ ဆက်ပြောသည်။ "မနေ့ညက ကျွန်တော် ညနေစာစားပြီး အိမ်ပြန်ရောက်တော့ ...ရှေ့ခန်းမှာ ပီယာထိုင် စောင့်နေတာ တွေ့ရတယ်။ သူ့မျက်နှာက သွေးမရှိသလို ဖြူရော်နေတယ်၊ ...တစ်ခုခုတော့ ဖြစ်နေပြီဆိုပြီး ကျွန်တော်က သူ့ကို မေးကြည့်တယ်၊ သူက မာရီအခန်းကိုပဲ ...ကြည့်ပါတော့လို့ ပြန်ပြောတယ်၊ ဒါနဲ့ ကျွန်တော် ကမန်းကတန်း သွားကြည့်တော့ အခန်းထဲမှာ ...ကောင်း ရှုမကောင်းအောင် ပြန့်ကျဲရှုပ်ပွနေတာ တွေ့ရတယ်၊ အိပ်ရာခင်းတွေ ခေါင်းအုံးတွေ ...လုံးလည်း စုတ်ပြတ်နေကြတယ်၊ စားပွဲ ကုလားထိုင်တွေလည်း ကျွမ်းထိုးမှောက်ခုံဖြစ်လို့၊ ...ကြောင်တွေက ခန်းဆီးတွေ၊ ကန့်လန့်ကာတွေကို ကုတ်ခြစ်ဆုတ်ဖြဲနေကြတယ်။

"ခုတင်ပေါ်မှာတော့ ကြောင်တစ်ကောင် စန့်စန့်ကြီး သေနေတယ်၊ မာရီကို ကြည့်လိုက် ...တော့လည်း တစ်ကိုယ်လုံး အဝတ်အစားတွေ စုတ်ပြဲပြတ်သတ်ပြီး ခေါင်းကဆံပင်တွေလည်း ...ဖွဲနေကြတယ်၊ သူ့ မျက်လုံးတွေကလည်း အရောင်တလက်လက်တောက်ပြီး ကြောက်စရာကြီး ...နေတယ်၊ ကျွန်တော်အခန်းထဲ ဝင်လိုက်တာနဲ့ တပြိုင်နက် သူက တံခါးဝပြေးလာပြီး ...န်းကတန်း သော့ခတ်လိုက်တယ်၊ သော့ကိုလည်း မီးဖိုထဲ ပစ်ထည့်လိုက်တယ်၊ ပြီးတော့ ...ပ်ကလည်း မကြားဝံ့ မနာသာ ညစ်တီးညစ်ပတ်တွေ ကျိန်ဆဲနေ တယ်၊ သူက ကြောင်သေကို ...ညှိုးတငေါက်ငေါက်ထိုးပြီး သူ့ကလေးကို ကျွန်တော် သတ်တာဆိုပြီး စွပ်စွဲ တယ်" ဤတွင် ...န်ပေါ အထိတ်တလန့် ဖြစ်သွားဟန်ဖြင့် မျက်လုံးကို မှိတ်ထားလိုက်သည်။ ပြီးတော့မှ ...က်ပြောသည်။ "အမှန်တော့ အဲဒီကြောင်ကို သူသတ်လိုက်တာပါ"

သူက ပြောနေရင်းမှ မာရီ၏ ကျိန်ဆဲသံကို ပြတ်ပြတ်သားသား ကြားယောင်လာမိသည်။

"ဟေ့ ခွေးမျိုး၊ တိရစ္ဆာန်မျိုး၊ သစ္စာဖောက်ကြာကူရိ. . . ငါ့အနား မလာနဲ့၊ သွား. . . သွား၊ ...ချက် ချင်း ထွက်သွား၊ နင့်မျက်နှာ မကြည့်ချင်ဘူး၊ နင့်ညီမိန်းမနဲ့ နင်နဲ့ ဘာတွေ ...နေကြတယ်ဆိုတာ ငါအကုန်လုံး သိတယ်၊ သိရဲ့လား၊ ခွေးတိရစ္ဆာန်ကြီးရဲ့"

သူနှင့် ဂျဲနက်တို့ ကိစ္စကို သူ့မိန်းမ ဘယ်နည်းနှင့်မျှ မသိနိုင်ဟု သူက ကျိန်းသေပေါက် ...ထားသည်။ သို့သော် ယခု သူ့မိန်းမ ကျိန်ဆဲသံကို ပြန်လည် ကြားယောင်မိသောအခါတွင်ကား ...သံသယစိတ်မှာ ပို၍ကြီးမားလာပြီး စိုးရိမ်စိတ်ကလည်း အတောမသတ် ကြီးထွားလာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



သူက စိတ်ကို ထိန်းပြီး ဆက်ပြောပြန်သည်။

"ဒီလိုနဲ့ သူက ကျွန်တော့် မျက်နှာစေ့စေ့ကြည့်ပြီး . . . ငါ့ ကလေးကို နင်သတ်တာ နင်သတ်တာဆိုပြီး ထပ်တလဲလဲ ပြောနေတယ်၊ နောက်ဆုံးတော့ ခုတင်နားပြေးသွား ကြောင်သေကို ကောက်ယူပြီး ကြောင်လက်သည်းနဲ့ ကျွန်တော့် မျက်နှာကို လိုက်ကုတ် တော့တာပဲ၊ ကျွန်တော်လည်း ရုတ်တရက်ဆိုတော့ ကြက်သေသေပြီး ဘာမှမလုပ်တတ် ဖြစ်သွားမိတယ်၊ နောက်တော့မှ သတိရလာပြီး သူ့ကို အတင်းဖမ်းချုပ်ပြီး ငြိမ်အောင် လုပ်လိုက်ရတယ်၊ အဲဒီတော့မှ သူက လက်ထဲက ကြောင်သေကောင်ကို ပစ်ချပြီး ကျွန် အနားလာကပ်လာတယ်၊ သူက ရောဂါသည်သာဆိုပေမယ့် အဲဒီအချိန်မှာတော့ တ ကျားမာန်ဝင်နေတဲ့ အတိုင်းပဲ။ ဘယ်လို သန်မှန်းမသိတော့ဘူး၊ ကျွန်တော်က သူ့ကို ဖမ်းချုပ်မလို့လုပ်တော့ ကျွန်တော့်ကို အတင်းဝင်ရိုက် ကုတ်ခြစ်ပြီး ခြေထောက်နဲ့ သွေးရှူးသွေးတန်း လိုက်ကန်သေးတယ်၊ နောက်ဆုံးတော့ ကျွန်တော်က သူ့လက်နှစ်ဘ ကြိုးနဲ့ဖမ်းချည်ပြီး အိပ်ရာပေါ် လှဲချလိုက်တယ်၊ ဒါတောင်မှ သူကအလျှော့ မပေးသေးဘူး၊ ပါးစ တဖြစ်တောက်တောက် အော်ဟစ် ဆဲဆိုနေတုန်းပဲ၊ ကျွန်တော့် အထင်တော့ သူရူးသွားပြီ ထင် သူ့အဖြစ် ကြည့်ရင်းနဲ့ ကျွန်တော်ကိုယ် ကျွန်တော်လဲ ရူးသွားပြီလား ထင်လိုက်မိတယ်၊ ကျွန်တော်က သူ့ခြေထောက်နှစ်ချောင်းကိုလဲ ပူးပြီး ထပ်ချည်လိုက်တယ်၊ ပါးစပ်ကိုလည်း အဝ ပိတ်ဆို့လိုက်တယ်၊ ဒီတော့မှ အဆဲရပ်သွားတယ်။

"အဲဒီနောက်တော့ ကျွန်တော်က ပြတင်းပေါက်ဖွင့်ပြီး တိုက်ကပ်ပန်းခြံကို လက် လုပ်ပြီး အခန်းထဲက အပြင်ပြန်ထွက်ရတယ်၊ ပြီးတော့ သူ့ကို ကုခဲ့ဖူးတဲ့ စိတ်ရောဂါကု ဆရာ ဖုန်းနဲ့ လှမ်းခေါ်ရတယ်၊ ဆရာဝန်ရောက်လာတော့မှ အိပ်ခန်းတံခါးကို သော့တုနဲ့ ပြန်ဖွ ဝင်ကြရတယ်၊ ဆရာဝန်က သူ့ကို ချက် ချင်းပဲ အိပ်ဆေးတစ်လုံး ထိုးပေးတော့မှ သူလဲ မကြာခင် အိပ်ပျော်သွားတယ်၊ အဲဒီနောက်တော့ ဆရာဝန် နဲ့ ဘာတွေလုပ်ရမယ်ဆိုတာ တိုင်ပင်ကြရ မာရီဟာ လွန်ခဲ့တဲ့ သုံးလေးပတ်လောက်ကတည်းက မူမမှန် ဖြစ်လာတာကို သူသတိပြုမိခဲ့တ ဆရာဝန်က ကျွန်တော့်ကို ပြောပြတယ်၊ အဲဒါ ဟုတ်ပါတယ်၊ အလျင်လဲ သူ ကျွန်တော် သတိပေးခဲ့ဖူးပါတယ်၊ ကျွန်တော့် အနေနဲ့ မာရီကို ပိုပြီး ဂရုစိုက်ရမယ်လို့လဲပြောခဲ့ဖူး ကျွန်တော်ကလဲ သူပြောတဲ့အတိုင်း ဂရုစိုက်ပါတယ်၊ ဒါပေမယ့် မာရီအခြေအနေက ဘယ် ပြောင်းလဲ မလာဘူး၊ တစ်နေ့တခြား ပိုပြီးသာ ဆိုးလို့လာတယ်၊ ဘယ်သူနဲ့မှလဲ စကားမပြောတော့ အခန်းထဲမှာပဲ တချိန်လုံး ကုပ်နေတော့တယ်၊ ဒီအကြောင်း. . . မေမေလဲ အလျင်တုန်း ပြောခဲ့ဖူးတာပဲ၊ ဒါပေမယ့် အခု လို အကြမ်းပတမ်း ပေါက်ကွဲပွင့်ထွက်လာလိမ့်မယ်လို့ မထင်ခဲ့ ဆရာဝန်ကလည်း လုံးဝမထင်ဘူး"

သူက စကားကိုဖြတ်ပြီး သက်ပြင်းရှည်ကြီးတစ်ချက်ကို မှုတ်ထုတ်လိုက်သည်။ ပြီး ဘရန်ဒီတစ်ခွက်ကို ကောက်ယူပြီး တကျိုက် မော့သောက်လိုက်သည်။အက်ရှန်တို့သုံးယောက်သ သူဆက်ပြောမည့် စကားကိုသာ ရင်တဖိုဖိုနှင့် နားစွင့်ကြသည်။

"ဒါနဲ့ . . ခင်ဗျားအနေနဲ့ တခြားနည်းလမ်း မရှိတော့ဘူး၊ ဒီတလမ်းပဲ ရှိတော့တ



www.burmeseclassic.com

www.burmeseclassic.com



ဆရာဝန်က ပြောတာနဲ့ သူပြောတဲ့ အတိုင်းပဲ လုပ်ခဲ့ရတော့တယ်"

ဤတွင် မိခင်ကြီးက မျက်စိ မျက်ဆန်ပြူးသွားပြီး ကမန်းကတန်း မေးလိုက်သည်။

"အဲဒီတော့. . မင်းက သူ့ကို ဘာလုပ်ခဲ့သလဲ၊ အခု သူဘယ်မှာလဲ"

"သူ့ကို ပုဂ္ဂလိက စိတ်ရောဂါကု ဆေးရုံတစ်ခုမှာ တင်ထားခဲ့တယ်၊ အဲဒီမှာ သူ့နာမည်ကိုလဲ ကျွန်တော်လိမ်ပြီး လက်မှတ် ထိုးခဲ့ရတယ်"

"အမယ်လေး သားရယ်၊ မာရီခမျာ ကံဆိုးလှချည်လား၊ ဒီတော့ သူ့ကို ဆေးရုံမှာ ရေတစိုက်ကော ရှိရဲ့လား"

"ရှိပါတယ်. . မေမေ၊ ဒါတော့ စိတ်ချပါ၊ ဆရာဝန်ကလဲ ကျွန်တော့်ကို ကတိပေးပါတယ်၊ အကယ်တော့ ဒီကိစ္စကို ဖြစ်ဖြစ်ချင်း မေမေတို့ဆီ ဖုန်းလှမ်းဆက်ဖို့ ကောင်းတာ၊ ဒါပေမယ့် ကျွန်တော်လဲ မွန်ထူပြီး ဘာမှ မလုပ်တတ် မကိုင်တတ် သလိုဖြစ်သွားတာပါ၊ ဒီအတွက်. . . ကျွန်တော့်ကို ခွင့်လွှတ်ပါ. . မေမေ"

"ဒါနဲ့ သူဆေးရုံမှာ ဘယ်လောက်ကြာကြာနေရမှာလဲ"

"အဲဒါတော့ ကျွန်တော် မပြောတတ်ဘူး၊ သူတို့လဲ မပြောနိုင်ဘူး၊ ကျွန်တော် လက်မှတ်ထိုးခဲ့ရတဲ့ စာရွက်စာတမ်းတွေကတော့ တထပ်ကြီးပဲ၊ မေးလိုက်တဲ့ မေးခွန်းတွေကလဲ ကရစပ်ပဲ၊ သူ့ကို စိတ်ရောဂါ အထူးကု သမားတော်ကြီး သုံးယောက်က တာဝန်ယူ ကုသနေကြတယ်၊ ဒါနဲ့ ကျွန်တော် ပါရီကို ပြန်ရောက် ရောက်ချင်း အိမ်ကိုတန်းသွားပြီး ကမန်းကတန်း အဝတ်အစားလဲတယ်၊ ပီယာကိုလဲ ဒီကိစ္စ ဘယ်သူ့မှ မပြောဖို့ နှုတ်ပိတ်ထားခဲ့တယ်၊ အခု. . . ကျွန်တော် အိမ်က ဒီကို တန်းလာခဲ့တာပဲ"

ဂျဲနက်သည် အပြင်ပန်းအားဖြင့်တော့ ဟန်မပျက်ပင် တည်ငြိမ်လျက် ရှိပါသည်။ သို့သော် သူ့ရင်ထဲမှာတော့ ထိတ်လန့်ခြင်းနှင့် ယွန်ပေါ် ဘေးမသီရန်မခ ပြန်ရောက်လာသည့်အတွက် ဝမ်းသာခြင်းတို့ကို ရောထွေး ခံစားနေရသည်။ တချိန်တည်းတွင် သူ့ကိုယ်သူ မက်ရှာဒရိုင်ဖြူးစ်၏ အတွင်းရေးမှူးဟု လိမ်ပြောပြီး ယွန်ပေါ်၏ အိမ်ကို ဖုန်းလှမ်းဆက်စဉ်က အိမ်ဖော်မှူး ပီယာ၏ ပြန်ကြားချက်မှာ ဘာကြောင့် တုံ့ဆိုင်းဆိုင်း ဖြစ်ခဲ့ကြောင်း ယခုမှ သဘောပေါက်မိတော့သည်။

"ကဲ ပြီးတာတွေလည်း ပြီးသွားပါပြီ၊ နောက်မှ အေးအေးဆေးဆေး တိုင်ပင်ပြီး လုပ်သင့်တာတွေ လုပ်ကြတာပေါ့၊ လောလောဆယ် ဒီညတော့ ဒီမှာပဲ အိပ်ပါ၊ အိမ်မပြန်ပါနဲ့တော့"ဟု အက်ရှန်က ပြောလိုက် သည်။

ယွန်ပေါ်ကလည်း ကြည်ကြည်ဖြူဖြူပင် လက်ခံသည်။

ထို့နောက်တွင် မိခင်ကြီးက ယွန်ပေါ်အား အိပ်ရာထဲတွင် သွားလှဲနေရန် ပြောသည်။ စားဖိုမှူး ကလော့သီအားလည်း ယွန်ပေါ်အခန်းသို့ ညစာဗန်းပို့ပေးရန် ပြောလိုက်သည်။

ယွန်ပေါ်သည် သူ ကလေးဘဝမှစ၍ မာရီဂျက္ကလင်းနှင့် အိမ်ထောင်ပြုသည်အထိ အိပ်ခဲ့ရသော ခုတင်ဟောင်းကြီးပေါ်တွင် စိတ်မောကိုယ်မောဖြင့် လှဲနေရင်းမှ သူ့မိန်းမ မာရီဂျက္ကလင်း အကြောင်းကို တွေးနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



မာရီသည် လွန်ခဲ့သော နှစ်နှစ်လောက်ကတည်းကပင် သေသွားခဲ့ဖို့ကောင်းသည်ဟု သူက ယူဆသည်။ သူ့ အနေဖြင့် တစ်နေ့မှ စိတ်ချမ်းသာမှု မရှိသော အိမ်ထောင်ရေး ထောင်ချောက်ထဲ လှောင်ပိတ်ခံနေရသည်။ မာရီမသေသေး၍ သူ့အဖို့ အခွင့်အရေးတွေ အများကြီး ဆုံးရှုံးနေရသည်။ မာရီသာမက အက်ရှန်လည်း မသေသေး။ သူတို့နှစ်ယောက်လုံး သေသွားမှ သူ့အတွက် တစ်သက်ထိုင်စား၍ မကုန်နိုင်သော အမွေတွေ ရလာနိုင်မည်ဖြစ်သည်။ သို့သော် ... သူ့ညီတော်မောင်၏ ဇနီးချောကလေးကို မယားငယ်အဖြစ် ပေါင်းသင်း နေရ၍ ဖြေသာပါသေးသည်။ မယားငယ်ဆိုပေမယ့် သူက သည်မိန်းကလေးကို အလွန်စွဲမက်နေမိပြီ။ ဖြစ်နိုင်လျှင် တရားဝင် မယားအဖြစ် ပေါင်းသင်းလိုသော ဆန္ဒလည်း ပြင်းပြင်းပြပြ ပေါ်နေသည်။ သူ့ဘဝ တစ်လျှောက်လုံး တွင် မိန်းမများစွာနှင့် ပေါင်းသင်းဆက်ဆံခဲ့ဖူးသည်။ သို့သော် ဤမိန်းကလေးမှတပါး အခြား ဘယ်မိန်းမကိုမျှ မယားမှတ်မှတ် သားမှတ်မှတ် ပေါင်းသင်းလိုသော ဆန္ဒမပေါ်ခဲ့စဖူး။

ဤမိန်းကလေး၏ ကျေးဇူးကြောင့်ပင် သူ့မှာ သားဦးကလေးတစ်ယောက် ရလာ တော့မည်။ သို့သော် ယင်းကလေးမှာ သူ့ရင်သွေးဖြစ်သော်လည်း လူသိရှင်ကြား တရားဝင် ဖခင်အဖြစ် နာမည်မခံနိုင်ခြင်းမှာ တွေးလိုက်တိုင်း ရင်နာစရာကောင်းလှတော့သည်။

တကယ်တော့ လောလောဆယ်တွင် သည်ကိစ္စကို တွေးပူနေစရာမလို။ တစ်နေ့ကျတော့ အခြေအနေက အလိုလိုပေးလာမည်မှာ မြေကြီး လက်ခတ်မလွဲ။

လောလောဆယ်တွင် မာရီ၏ မိဘ ဘိုးဘွားပိုင် ပစ္စည်းဥစ္စာနှင့် ဥယျာဉ်ခြံမြေများ မာရီ၏ကိုယ်စား သူကပင် အုပ်စီးချုပ်ကိုင်နေရသည်။

မာရီတွင် မိဘနှစ်ပါးစလုံးလည်း ကွယ်လွန်သွားကြပြီ။ တအူထုံဆင်း သားချင်းများလည်း တစ်ယောက်မျှမရှိ။ မာရီသေသွားလျှင် မာရီ၏ အမွေပိုင် ပစ္စည်းအားလုံး သူ့လက်ထဲ အလိုလို ရောက်လာကြမည်သာ ဖြစ်သည်။ ထို့ကြောင့်သည်အတွက် စိတ်စောပြီး တွေးပူနေစရာ မလိုတော့။ အချိန်အခါကို စိတ်ရှည်ရှည်ဖြင့် စောင့်နေရန်သာ ရှိတော့သည်။

အိမ်သို့ ပြန်သွားသောအခါ သူနှင့် မာရီတို့၏ အိပ်ခန်းထဲမှ ပစ္စည်းတွေကို တစ်ခုမကျန် ထုတ်ပစ်ပြီး အခန်းကို သန့်ရှင်းပစ်မည်။ ပြီးတော့ အခန်းတံခါးကို အပြင်မှ သော့ခတ်ထားလိုက်မည်။ သို့မှသာ ယင်းအခန်း ထဲတွင် မာရီ ဘယ်တုန်းကမှ မနေခဲ့ဖူးဟူသောအသိက သူ့စိတ်တွင် အမြဲတမ်း စွဲမြဲနေလိမ့်မည်။

သူက အခန်းမျက်နှာကြက်ကို စိုက်ကြည့်နေရင်းမှ ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်သည်။ ယင်းမှာ အခြားမဟုတ်။ မသေဘဲ ကျန်နေသေးသော မာရီ၏ ကြောင်ကလေးများကို ကိစ္စတုံး ရှင်းပစ်ရန်ပင် ဖြစ်သည်။

ယွန်ပေါ်က ယင်းသို့ အကြံထုတ်နေချိန်တွင် ဂျဲနက်ကတော့ အက်ရှန်၏ ရင်ခွင်ထဲ ရောက်နေသည်။

အက်ရှန်က ခါတိုင်းကဲ့သို့ပင် တက်ကြွသော်လည်း ဂျဲနက်ကတော့ အသက်မရှိသော သစ်တုံးကြီးပမာ တုံ့ပြန်မှု ကင်းမဲ့နေသည်။

နောက်ဆုံး အက်ရှန် အိပ်မောကျသွားသောအခါ ဂျဲနက်သည် ခုတင်ပေါ်မှ အသာ



www.burmeseclassic.com

www.burmeseclassic.com



ကာ အခန်းထဲမှ ထွက်လာခဲ့သည်။

ခြေကို ဖော့နင်းပြီး ယွန်ပေါ်၏ အခန်းသို့ လျှောက်လာခဲ့သည်။

တံခါးကို အသံမကြားအောင် ညင်သာစွာဖွင့်သည်။ အသာကလေး ပြန်ပိတ်လိုက်သည်။

ထို့နောက်တော့ ယွန်ပေါ်၏ ရင်ခွင်ထဲသို့ ရောက်ရှိသွားတော့သည်။

◆◆◆

www.burmeseclassic.com

www.burmeseclassic.com

# [ ၂၂ ]

နောက်ပိုင်း ကာလများတွင် ဂျဲနက်သည် အပြင်သို့ မထွက်သလောက်ပင်။ ကိုယ်ဝန်က
ရှိခဲ့ပြီ ဖြစ်သော်လည်း အပြင်မှကြည့်လျှင် ငါးလလောက်သာ ထင်ရသည်။ သည်အတွက်
တော်တော် ဝမ်းသာမိသည်။

ယနေ့မှစ၍ နောက်ပိုင်းတွင် သူနှင့် ယွန်ပေါတို့ လုံးဝ အဆက်အဆံ မပြု
နှစ်ဦးသဘောတူ ဆုံးဖြတ်ကြသည်။

သို့သော် ယွန်ပေါက တစ်ခုတော့ ပြောသည်။

"ဒါပေမယ့် နောက်ပိုင်းတော့လည်း ဒီလိုပဲ တို့နှစ်ယောက်ရဲ့ ရင်သွေးက
တစ်ယောက်ပြီး တစ်ယောက် မွေးသွားကြမယ်. . . နော်. . ."

ဂျဲနက်က သည်အထိတော့ ဘယ်နည်းနှင့်မျှ ဆက်ပြီး ခွင့်မပြုနိုင်တော့။ ယွန်
ချစ်ပေမယ့် သူတော်ကောင်းကြီး အက်စ်ရှန်ကို "နှစ်"ရာ ရောက်သော ဒုစရိုက်အလုပ်မျိုး
သူ့အနေဖြင့် နောက်ထပ် ဆက်လက်၍ မကျူးလွန်ချင်တော့။

နောက်ပိုင်း ကာလတလျှောက်လုံးတွင် သူ့အချစ်၊ သူ့မေတ္တာ၊ သူ့ခန္ဓာသည်
ချစ်လင်ကြီး အက်ရှန်အတွက်သာ ဖြစ်ရတော့မည်။ ထို့ကြောင့် နောက်ထပ် သား
မွေးလာယျှင်လည်း အက်ရှန်၏ ရင်သွေးကလေးတွေသာ ဖြစ်ရတော့မည်။

သည်အချက်ကို ယွန်ပေါက ဘယ်တော့မှ မသိစေရ၊ ဘယ်တော့မှ မသိအောင်လည်း
မဖြစ်ဖြစ် သည့် နည်းဖြင့် အစွမ်းကုန် သိုသိုသိပ်သိပ် လုပ်ကိုင်သွားမည်ဟု ဆုံးဖြတ်လို

"ငါပြောတာကြားရဲ့လား. . . ဟဇ်"



www.burmeseclassic.com

www.burmeseclassic.com



ယွန်ပေါက ထပ်မေးသည်။

"အို. . . ဟုတ်ကဲ့. . . ဟုတ်ကဲ့၊ ကြားပါတယ်. . အစ်ကိုကြီး၊ ကြားပါတယ်"

သို့သော် သူ၏ ဟန်ဆောင်မျက်နှာကို ယွန်ပေါ မရိပ်မိစေရန် တစ်ဘက်သို့ လှည့်ပစ်လိုက်သည်။

ဂျဲနက်နှင့် ယွန်ပေါတို့သည် ယာယီအားဖြင့် အဆက်ဖြတ်ထားကြသော်လည်း တစ်ယောက်နှင့်တစ်ယောက် နေ့တိုင်း တွေ့ဆုံနေကြရဆဲ ဖြစ်သည်။ အထူးသဖြင့် ညစာစားပွဲတွင် ဆုံကြသည်။ အခါတရံ ယွန်ပေါက မိခင်ကြီးထံ စကားပြောရန် လာသောအခါ နေ့လယ်စာ စားရင်းလည်း ဆုံတတ်ကြသည်။

ညစာ စားပြီးသောအခါ ဂျဲနက်အပါအဝင် ဒူပရေးမိသားစု လေးယောက်တို့ "ဘရိုက်ဂျ်" ကစားကြသည်။ အက်ရှန်က ဂျဲနက်အား "ဘရိုက်ဂျ်"ကစားနည်း သင်ပေးသည်။ တတ်သွားတော့ ကစားရ မနေနိုင်အောင် စွဲသွားသည်။

ဂျဲနက်သည် တစ်နေ့ထက် တစ်နေ့ အပြင်သို့ အထွက်အပြုနည်းလာသည်။ မထွက်မဖြစ်၍ ထွက်ရ သောအခါတွင်လည်း အက်ရှန်ဖြစ်စေ၊ မိခင်ကြီးဖြစ်စေ. . . တစ်ယောက်ယောက်နှင့် အတူထွက်လေ့ရှိသည်။

ကလေး မီးဖွားချိန် နီးကပ်လာသည့်အလျှောက် ကလေးဆောင်ကိုလည်း မိခင်ကြီးနှင့် ဂျဲနက်တို့ စိတ်ကြိုက်ပြင်ဆင် မွမ်းမံကြသည်။ တစ်ခန်းလုံးကို သန့်ရှင်းပြီး ဆေးရောင် အသစ် ဖြန်းသုတ်သည်။ ကလေးပုခတ်၊ အနှီး၊ စောင်၊ ခေါင်းအုံးနှင့် ကလေးအသုံးအဆောင်ပစ္စည်းများကို လိုလေသေးမရှိ ဝယ်ယူဖြည့်တင်းထားသည်။ ကလေးကစားခန်းတွင်လည်း ကစားစရာ ပစ္စည်းတွေ အမျိုးပေါင်း စုံလင်နေသည်။

သည်ကြားထဲတွင် မိခင်ကြီးက ဂျဲနက်အား သားသည် မိခင်တစ်ယောက်၏ ဝမ်းမြောက် ဂုဏ်ယူစရာ အချက်များနှင့် အခက်အခဲများကို အလျဉ်းသင့်တိုင်း ပြောပြတတ်သည်။

ကိုယ်ဝန်ရှစ်လ ပြည့်ခါနီးသောအခါ လူစီယံတို့ မောင်နှမသုံးယောက်အတွက် ကလေးထိန်း ဆရာမ အသစ်တစ်ယောက် ခန့်ထားရန် စီစဉ်ကြသည်။ အရည်အချင်း အပြည့်ဝဆုံး လျှောက်လွှာရှင် တစ်ဒါဇင်လောက်ကို တွေ့ဆုံစစ်ဆေးပြီးနောက် အတွေ့အကြုံရှိသူ ၄၀ ကျော်အရွယ် အမျိုးသမီးကြီးတစ်ယောက်ကို ဂျဲနက် စိတ်ကြိုက် ရွေးချယ်လိုက်သည်။ ဂျဲနက်မျက်နှာမြင်ပြီး၍ အထူကလေးထိန်းထွက်သွားသောအခါ မာဒလိန်း က ဆက်လက်တာဝန်ယူရန်ကိုလည်း အစီအစဉ် လုပ်ကြသည်။

ဂျဲနက် ကိုယ်ဝန်ကိုးလ ပြည့်ခါနီး တစ်မနက်တွင် မနက်စာ စားရန် အောက်ထပ်သို့ ဆင်းလာရင်း နောက်ဆုံးလှေကားတစ်ပေါ်၌ ခြေခေါက်ပြီး လဲကျသွားမည် အလုပ်တွင် လှေကားလက်ရန်းတံကို



www.burmeseclassic.com

www.burmeseclassic.com



ကမန်းကတန်း ဆုပ်ကိုင်လိုက်မိ၍ တော်သေးပေသည်။

အထိအခိုက် တစုံတရာမရှိသော်လည်း ကြောက်စိတ်ကြောင့် သွေးတော့လန့်သွားသည် သို့ဖြင့် သားဖွားဆရာဝန်ကြီး ဒေါက်တာ ဘားနီးယားအား ချက်ချင်းပင့်ခေါ်ရသည်။ ဆရာဝန် စစ်ဆေးစမ်းသပ်ကြည့်သောအခါ ကြောက်စိတ်လွန်သွားခြင်းမှတပါး တစုံတရာ ထိခိုက်မှု မရှိကြောင်း ပြောပြပြီး လိုအပ်သော ဆေးဝါးများပေးကာ ပြန်သွားသည်။

သို့သော် နောက်တနေ့ မနက်တစ်နာရီကျတော့ အိပ်ရာထဲတွင် ရေမြွှာပေါက်သည် အက်ရှန်က ဘယ်လို မှ မကြံတတ်သဖြင့် မိခင်ကြီးအား ကမန်းကတန်း သွားခေါ်လာသည်။

ဂျဲနက်ဗိုက်ထဲမှ ကလေးကလည်း သူ့ဖခင် အက်ရှန်လိုပင် ကိုယ်အင်္ဂါတစ်စုံတ ချွတ်ယွင်းစွာဖြင့် မွေးလာမည်ကို မိခင်ကြီးက အလွန်တွေးပူမိသည်။ သို့ဖြင့် သူက ဒေါက် ဘားနီးယားအား ဖုန်းဆက်၍ ချက်ချင်း ခေါ်လိုက်သည်။ တစ်ဆက်တည်းပင် ယွန်ပေါကိုလည် လှမ်းခေါ်လိုက်သည်။

ထို့နောက် အိပ်ရာနေရာအသစ် လဲလိုက်သည်။ မာဒလိန်းက ဂျဲနက်အား ရေမိုး အဝတ်အစားလဲပေးပြီး အိပ်ရာထဲ ပြန်သိပ်ထားလိုက်သည်။

နောက် တစ်နာရီအကြာတွင် ဒေါက်တာဘားနီးယား ရောက်လာသည်။ လိုရ မည် သားဖွားဆရာမ တစ်ယောက်လည်း အရန်သင့် ခေါ်လာခဲ့သည်။

"ဗိုက်ထဲက သိပ်နာနေသလား. . . ဟင်" အက်ရှန်က စိုးရိမ်တကြီးဖြင့် မေးသည်။

"သိပ်တော့ မနာပါဘူး"

သို့ပေမယ့် တစ်ချိန်ထက် တစ်ချိန်ပို၍ ပို၍ နာလာသည်။ ဂျဲနက်က အံကြိတ် အက်ရှန်၏ လက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ထားသည်။ တစ်ချက်တစ်ချက် ဝေဒန ဆောင့်တက်လာသောအခါ မျက်လုံးကို မှိတ်ပြီး တအား အော်ညည်းတတ်သည်။

"ဗိုက်ထဲက ကလေး လှုပ်လာတဲ့ အခါ စိတ်ကို လျှော့ထားပါ" ဝမ်းဆွဲဆရာမက အကြံပေး သည်။ "အသက်ကို မှန်မှန်ရှူ၊ အောင့်မထားနဲ့၊ ကိုယ်ကိုလဲ တောင့်မထားနဲ့"

ဂျဲနက်က ဆရာမ ပြောသလို ကြိုးစားကြည့်သည်။ သို့သော် နောက်တစ်ကြိမ်တွင် ဝေဒနာက ဆောင့်တက်လာသဖြင့် နှုတ်ခမ်းကို ကိုက်ပြီး တောင့်ခံသည်။ သို့သော် မခံနိုင်၍တအား အော်ညည်းလိုက်မိသည်။

အက်ရှန်က ဘေးမှ ကြည့်နေရင်း သူကိုယ်တိုင် ခံစားနေရသလို ထင်မှတ်မိသည်။ ဂျဲနက် သူ့လက်ကို တင်းတင်းဆုပ်ကိုင်ပြီး တောင့်ခံသည်။ သည်တော့မှ နာကျင်မှု လျော့သွားသည်။

ထိုအချိန်တွင် ညနေ ခြောက်နာရီထိုးသွားပြီ။

"ကဲ ကလေးအဖေ ခဏ အပြင်ထွက်နေ လိုက်ပါဦး၊ မိခင်လောင်းကို ကျွပ်စမ်းသပ်ကြည့်မည် ပြီးတော့ မှ ပြန်ဝင်လာတာပေါ့" ဟု ဒေါက်တာက ပြောသည်။

အက်ရှန်က ဇနီးသည်အား တချက်နမ်းသည်။

"မကြာခင် ပြန်လာခဲ့ပါနော်" ဟု ဂျဲနက်က ပြောသည်။

"စိတ်ချ- စိတ်ချ၊ ဒေါက်တာခေါ်တာနဲ့ ချက်ချင်း ပြန်လာခဲ့မယ်၊ ကိုယ်က ဘယ်



www.burmeseclassic.com

www.burmeseclassic.com



သွားပါဘူး၊ တံခါးအပြင်က စောင့်နေမှာပါ"

တစ်ညတာ ကုန်လွန်သွားခဲ့ပြီး နောက်တစ်နေ့ အရုဏ်တက်အချိန်သို့ ရောက်လာသည်။ ထိုကာလအတွင်း ဂျဲနက်သည် ခဏခဏ အော်ညည်းနေခဲ့ရသည်။ အက်ရှန်မှာ ခြေမကိုင်မိ လက်မကိုင်မိဖြစ်ကာ အခန်းထဲ ဝင်လာလိုက် ပြန်ထွက်သွားလိုက်ဖြင့် မနေတတ် မထိုင်တတ် ဖြစ်နေသည်။ ဂျဲနက်၏ ဒုက္ခမှာ ဘေးမှထိုင် ကြည့်နေသူအဖို့ မကြည့်ရက်နိုင်စရာပင် ဖြစ်သည်။ သို့ပေမယ့် အက်ရှန်ကတော့ ဆရာဝန်က ပြန်ထွက်သွား ပါဟု မပြောမချင်း ဇနီးကလေး ဘေးတွင် ရင်တဖိုဖို အသည်းတထိတ်ထိတ်ဖြင့် ထိုင်ကြည့်နေသည်။

ဂျဲနက်၏ ဆိုးရွားသော အခြေအနေကိုကြည့်ပြီး ဤကလေးသည် ဤခုတင်ပေါ်တွင် မွေးဖွားသည့် ဒုပရေးမိသားစု၏ နောက်ဆုံးကလေးဖြစ်ရမည်ဟု ဆုံးဖြတ်ချက် ချလိုက်သည်။ အကယ်ဆိုတော့လည်း ကိုယ်ဝန်ဆောင် တစ်ယောက်အား အိမ်တွင် မွေးဖွားပေးခြင်းမှာ အလွန် ရှေးကျသော အလေ့အထတရပ်သာ ဖြစ်သည်။ ဒေါက်တာက ကျွမ်းကျင်သော ဆရာဝန်ဆရာမ အလုံအလောက်၊ ခေတ်မီ ဆေးပစ္စည်းကိရိယာ အပြည့်အစုံ ဖြင့် ဆေးရုံတွင် မွေးဖွားပေးခြင်းကိုသာ ယုံကြည်သည်။

မွန်းလွဲ နှစ်နာရီထိုးသောအခါ ဂျဲနက်အား ဗိုက်ခွဲမွေးဖွားရမည်ဟု ဒေါက်တာက ဆုံးဖြတ်လိုက်သည်။ ဝေဒနာဒဏ်ကြောင့် ဂျဲနက် တွန့်တွန့်လူး၍ အော်ညည်းနေသည်ကို သူ့အနေဖြင့် ဆက်မကြည့်ရက်တော့။ နောက်ဆုံးတော့ သူက ပြောလိုက်သည်။

"ဒီအတိုင်း ဆက်သွားနေလို့တော့ လုံးဝမဖြစ်တော့ဘူး ဂျဲနက်၊ မင်းကို ဆေးရုံအမြန်ဆုံးပို့ပြီး မွေးဖွား ပေးမှ ဖြစ်တော့မယ်. . ."

"အို. . မဖြစ်ဘူး၊ မဖြစ်ဘူး ဒေါက်တာ၊ ကျွန်မ ကလေးကို ဒီအိမ်မှာပဲ မွေးမယ်၊ သူ့အဖေမွေးခဲ့တဲ့ ဒီခုတင်ပေါ်မှာပဲ မွေးမယ်"

"မင်းမှာ ဒီစကားပြောနိုင်တဲ့ အခြေအနေမျိုး မရှိတော့ဘူး ဂျဲနက်"

ဂျဲနက်က ဒေါက်တာ၏ လက်ကို လျော့ရဲရဲ ဆုပ်ကိုင်လိုက်ပြီး

"ကျွန်မ တောင်းပန်းပါတယ်ဒေါက်တာ၊ ကျေးဇူးပြုပြီး ကျွန်မကလေးကို ဒီမှာပဲ မွေးပေးပါဆရာ၊ ဒီမှာ မွေး. . . မွေး အမယ်လေး၊ ကယ်ကြပါဦး၊ ကျွန်မ သေရတော့မယ်"

"ကျုပ်ပြောတာ နားထောင်ပါ ဂျဲနက်၊ ကျုပ်က အခြေအနေအရ အကောင်းဆုံးနည်းကို ပြောနေတာပါ"

ဂျဲနက်က သူ့လက်ကို ကိုက်ပြီး အားတင်းထားသည်။ လက်တွင် သွားရာတွေထင်ကာ သွေးများပင် ဥလာသည်။ မျက်နှာတပြင်လုံးတွင်လည်း ချွေးသီးချွေးပေါက်တွေ သွန်ကျလာကြသည်။

"ကျွန်မ ဆေးရုံကို ဘယ်တော့မှ မသွားဘူး၊ မသွားဘူး၊ ကျွန်မကို ဘယ်သူမှ. . . အမယ်လေး နာလိုက်တာ. . . . ကယ်ကြပါဦး" ၊

ဂျဲနက်အား ဘယ်လိုမှပြော၍ ရတော့မည်မဟုတ်ဟု သိရသောအခါတွင်မှ ဒေါက်တာက. . .

"ဒါဖြင့်လဲ ကောင်းပြီလေ. . နည်းနည်းတော့ စောင့်ကြည့်ကြသေးတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် မဒမ်ဒူပရေးမှာ အောက်ထပ်မှ ဘုရားခန်းထဲတွင် ဒူးထောက်ရှိခိုးရင်း ဆုတောင်းလျက် ရှိသည်။

"ဘုရားသခင် ကယ်တော်မူပါ ဘုရား. . . တပည့်တော်မ၏ မြေးကလေးကို လူစဉ်မီ ကျန်းကျန်းမာမာနဲ့ ဤလောကကို ဆောင်ကြဉ်းပေးတော်မူပါ ဘုရား၊ ကလေးမိခင်ခံစားနေရသော ဒုက္ခကိုလည်း ချမ်းသာအောင် ဆောင့်ရှောက် ကယ်မတော်မူပါ ဘုရား"

အချိန်နာရီတွေ ကုန်လွန်သွားခဲ့သည်နှင့်အမျှ အော်ညည်းသံများမှာ တစ်ချိန်ထက်တစ်ချိန် ပိုပို၍ကျယ်လောင် ပြင်းထန်လာသည်။ ဂျဲနက်၏ ထစ်ကိုယ်လုံးမှာလည်း ချွေးတွေနှင့် နစ်နေသည်။ အက်ရှန်မှာ သွေးရူး သွေးတန်းဖြစ်ကာ ခေါင်းကို လက်နှစ်ဘက်ဖြင့် အုပ်လျက် ငုတ်တုတ်ကြီး ထိုင်နေသည်။ ယွန်ပေါက အပေါ်ထပ်မှ ဆင်းလာပြီး ညီဖြစ်သူအား နှစ်သိမ့်စကားဆိုသည်။ တကယ်တော့ သူကိုယ်တိုင်လည်း ရင်ထဲမှာမချိအောင် ခံစားနေရသည်ပင်။ သူက ဂျဲနက်ထံ သွားကြည့်ခွင့်မရသေး။ သို့သော် အပြင်ဘက်တွင် သူရှိနေမှန်း ဂျဲနက် သိလိမ့်မည်ဟု ထော ယုံကြည်သည်။

ဂျဲနက်မှာတော့ ယခုလို အာဝေဏိကဒုက္ခကို အပြင်းအထန် ခံစားနေရချိန်တွင် လင်တော်မောင်ကို သော်လည်းကောင်း၊ ယွန်-ပေါကိုသော်လည်းကောင်း လုံးဝ သတိမရနိုင်။ နာကျင်ခြင်း ဝေဒနာကိုသာ သတိရနေမိသည်။ ဘုရားသခင်က သူ့အား ခွင့်လွှတ်တော်မူ လိမ့်မည်ဟူသော အချက်ကိုသာ အာရုံကပ်နေမိသည်။

အချိန်တွေ ကုန်လွန်သွားသည်။ ဂျဲနက်အဖို့တော့ ကုန်နိုင်ခဲလှသည်ဟု ထင်မှတ်နေမိသည်။

ညရှစ်နာရီအချိန်ရောက်သောအခါ ဒေါက်တာ ဘားနီးယားက ဂျဲနက်အား ထပ်မံ စမ်းသပ်ကြည့်ပြန်သည်။ စောစောကထက်တော့ အခြေအနေကောင်းလာပြီ။ မွေးခါနီး လက္ခဏာတွေ မြင်လာရပြီ။ သို့သော် လုံးဝကျေနပ်စရာတော့ မဟုတ်သေး။ တစ်ခုသေချာသည်မှာ ဤအဆင့်တွင် ဗိုက်ခွဲမွေးရန်တော့ လုံးဝမဖြစ်နိုင်တော့။ ဗိုက်ခွဲမွေးလျှင် ကောင်းကျိုးထက် ဆိုးကျိုးသာများဖို့ ရှိတော့သည်။ ဂျဲနက်က သူ့ဆုံးဖြတ်ချက်ကို အကြောက်အကန် ငြင်းဆန် ပယ်ချသည်ကိုပင် တစ်နည်းအားဖြင့် ကျေးဇူးတင်မိတော့သည်။

သည်လိုနှင့် အချိန်တွေ တရွေ့ရွေ့ ကုန်သွားခဲ့ပြန်သည်။

ဂျဲနက်သည် တမျှင်းမျှင်း ညည်းနေရာမှ နားကွဲမတတ် ရုတ်တရက် အော်ညည်းလိုက်သည်။ အက်ရှန်မှာ ဂျဲနက်၏ အော်သံကြောင့် အသည်းတွေ ပြုတ်ထွက်သွားတော့မတတ် ခံစားလိုက် ရသည်။

ဒေါက်တာ ဘားနီးယားက ကမန်းကတန်း ထပ်မံစမ်းသပ်ပြန်သည်။ သူ့မျက်နှာ ဝင်းလက် သွားသည်။ သက်ရှိလူသား ကလေးတစ်ယောက်သည် လူ့လောကသို့ မိနစ်ပိုင်းအတွင်း ရောက်ရှိလာတော့မည်။



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဖြင့် ဂျဲနက်သည် လောကမေတ္တာအလျှောက် ကိုယ်ဝန်ဆောင် အမျိုးသမီးတိုင်း ခံစားရမြဲမသေ့ ရင်ဆိုင်ကြရသည့် ဒုက္ခဝေဒနာကို နာရီ နှစ်ဆယ်လုံးလုံး အပြင်းအထန် အလူးအလိမ့် ခံစားခဲ့ရပြီးနောက် သူ၏ ပထမဆုံး ရင်သွေးကလေးကို အောင်မြင်စွာ မွေးဖွားနိုင်ခဲ့လေသည်။

ကလေးမွေးဖွားပြီးနောက် ဂျဲနက်မှာ အသက်ပြင်းပြင်းရှူရင်း ဟောဟဲလိုက်ကာ အထူးပင် မောပန်းနေသည်။ တစ်ကိုယ်လုံးလည်း ချွေးတွေနှင့် ရွဲနစ်နေသည်။ ကလေးငယ်ကို အချင်း တွဲလန်းနှင့်ပင် မိခင်၏ဝမ်းဗိုက်ပေါ်တွင် တင်ထားသည်။

ဂျဲနက်က သူ့ဗိုက်ပေါ်မှ ကလေးငယ်ကို လှမ်းကြည့်လိုက်သည်။ ထိုခဏ၌ ရင်ထဲတွင် ဘယ်လိုမှအမည် မဖော်နိုင်သော ဝမ်းသာခြင်းတစ်မျိုးကို သိမ့်သိမ့်နူးမျှ ခံစားလိုက်ရသည်။ ဘယ်တော့ လူ့ ဘဝတွင် အဘယ်အရာနှင့်မျှ နှိုင်းယှဉ်၍ မရသော မိခင်တစ်ဦး၏ ကြီးမားသော မေတ္တာအဟုန်က သူ့တစ်ကိုယ်လုံးကို အင်အား ကြီးစွာဖြင့် လွှမ်းခြုံလိုက်ခြင်းပင် ဖြစ်တော့သည်။ ဤမေတ္တာ၊ ဤခံစားမှုကို ရရှိရန်အတွက် သူသည် အကြီးကျယ်ဆုံးသော တိုက်ပွဲကြီးတစ်ခုကို အသက်လု၍ တိုက်ခိုက်ခဲ့ရသည်။ ယခုတော့ သူအောင်နိုင်ခဲ့ပြီ။ မေတ္တာတော်ရှင် ဘုရားသခင်က သူ့အား အပြစ်မှ ခွင့်လွှတ်တော်မူခဲ့ပြီ။

ဤကလေးငယ်ကား သူ့ရင်မှ ပေါက်ဖွားလာသော သူ့သွေး၊ သူ့သား။ သူက ဤအချိန်တွင် ယွန်ပေါကို လည်း သတိမရတော့။ အက်ရှန်ကိုလည်း သတိမရတော့။ သူ့အတွေး သူ့ ဝိညာဉ်နှင့် သူ့စိတ်အာရုံတစ်ခုလုံး ကို သူ့ ဝမ်းဗိုက်ပေါ်မှ ကလေးငယ်ကသာ လွှမ်းခြုံရစ်ပတ်ထားတော့သည်။

ကလေးငယ်အား အချင်းဖြတ်လိုက်ကြသည်။ ထို့နောက် ဝမ်းဆွဲဆရာမက ကလေးငယ်အား ချိုးချိုး သန့်စင်ပေးပြီးနောက် မိခင်ထံသို့ ပြန်ယူလာသည်။

ဒေါက်တာ ဘားနီးယားသည် ရှပ်အကျႌလက်ကို ခေါက်တင်ပြီး နဖူးမှချွေးတွေကို သုတ်ပစ်လိုက်သည်။ ထို့နောက် သားဖွားခန်းထဲမှထွက်ကာ အက်ရှန်နှင့် ယွန်ပေါတို့ စောင့်နေကြသော ဧည့်ခန်းထဲသို့ ဝင်လာခဲ့ သည်။

သူက မျက်နှာပေါ်မှ မျက်မှန်ကို ချွတ်လိုက်ပြီး လက်ကိုင်ပဝါဖြင့် သုတ်ရင်း ပြောလိုက်သည်။

"ကိုင်း မင်္ဂလာသတင်းကောင်း ပေးမယ်၊ မင်းတော့ တော်တော် ကံကောင်းတာပဲ အက်ရှန်၊ မင်းမှာ သားဦးယောကျ်ားကလေး ရပြီ"

အက်ရှန်မှာ ရုတ်တရက် ဓာတ်လိုက်ခံလိုက်ရသူပမာ ဘာမှမပြောနိုင်ဘဲ ဖြစ်သွားသည်။ ယွန်ပေါက တော့ ထခုန်တော့မတတ် ဝမ်းသာသွားပြီး. . .

"ဟင် သားဦးကလေး. . . သားဦးကလေး ဟုတ်လား" ဟု အော်ပြောလိုက်ပြီး ညီဖြစ်သူ၏ လက်မောင်းကို ဆုပ်ကိုင်ကာ လှုပ်ယမ်းရင်း. . . "ဟေ့ ညီလေး၊ မင်းတော့ သိပ်ကံကောင်းတာပဲ၊ မင်းမှာ သားဦးကလေးရပြီ၊ သားဦးကလေးရပြီ၊ တို့ ဒူပရေး မိသားစုအတွက် သားဦးကလေးရပြီ"

အက်ရှန်မှာ အိပ်ရာမှ ရုတ်တရက် လန့်နိုးသူပမာ. . .

"ဟုတ် ဟုတ်ကဲ့၊ ဘုရားသခင် ကျေးဇူးတော်ပါပဲ အစ်ကိုကြီး၊ ကျွန်တော့်မှာ သားဦး ကလေးရပြီ၊ ကျွန်တော် ဝမ်းသာလိုက်တာ"ဟု ပြန်ပြောလိုက်ပြီးနောက် ဒေါက်တာ ဘားနီးယား ဘက်သို့ လှည့်ရင်း "ဒါ. . ဒါ. . . ဒါ. . . ဒါနဲ့ သူ. . . သူ ကလေးအမေကော ဘယ်လိုနေလဲ



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာ၊ သူ နေကောင်းရဲ့လား ဟင်. . ."

"ကောင်းပါ့ဗျာ. . ကောင်းပါ့ ဘာမှပူစရာ မရှိတော့ပါဘူး၊ မမွေးခင် တော်တော်က ခံလိုက်ရတာ တစ်ခုပါပဲ၊ တကယ်တော့ ဒါလဲ လုံးဝမဖြစ်သင့်တဲ့ကိစ္စပါ၊ ဘာပဲပြော သူဒီလောက်အကျပ်အတည်းထဲက အခုလို ရှောရှောရှူရှူ မွေးလာနိုင်တာကိုတော့ ကျုပ်က အံ့ မဆုံးဘူး၊ ကဲ ဒါတွေ ထားလိုက်တော့၊ ဝမ်းသာစရာ စကားပဲ ပြောကြတော့မယ်၊ သား ယောက်ျားကလေးမွေးတဲ့အတွက် ကျုပ်အနေနဲ့လည်း ဂုဏ်ယူ ဝမ်းသာပါသဗျား။ ကလေး အတွက်လဲ ဘာမှ ပူမနေပါနဲ့၊ မကြာခင် ကျန်းမာလာပါလိမ့်မယ်"

"ကျေးဇူးကြီးလှပါတယ် ဆရာ၊ ကျွန်တော် ဝမ်းသာလိုက်တာ ဘယ်လိုပြောရမှန်း မသိတော့ပါဘူး၊ ဒါနဲ့ ကျွန်တော့်မိန်းမကို ကျွန်တော် ဘယ်တော့ကြည့်ရမလဲ ဆရာ"

"ဩော်. . . ဒါလား၊ ရပါတယ်၊ မကြာခင် တွေ့ရမှာပါ၊ ခဏလေးတော့ စောင့်လိုက်ဦး"

ဒေါက်တာ သားဖွားခန်းထဲသို့ ပြန်ဝင်သွားသည်။

ယွန်ပေါသည် မိခင်ကြီးအား သတင်းကောင်း ပြောကြားရန် ပြေးထွက်သွားသည်။

မကြာမီပင် မိခင်ကြီးနှင့် ယွန်ပေါတို့ ပြန်တက်လာကြပြီး အက်ရှန်နှင့် ဆုံကြသည်။

"အမယ်လေး မေမေ့ သားလေးရယ်၊ မေမေဘယ်လို ဝမ်းသာရမှန်း မသိတော့ဘူး၊ ငါ့သား သားဦးလေး ရပြီတဲ့၊ မေမေ ဝမ်းသာလိုက်တယ်ကွယ်၊ တကယ်တော့ တို့ တစ်အိမ်သားလုံး ဘုရားသခင်က ကောင်းချီးမင်္ဂလာ ပေးလိုက် တာပါကွယ်"

ထို့နောက် သားအမိသုံးယောက် ဝမ်းပန်းတသာ ပွေ့ဖက်နမ်းရှုပ်ကြသည်။ မိခင်ကြီး ဝမ်းသာလွန်းသဖြင့် အက်ရှန်ကို တော်တော်နှင့် မလွှတ်ဘဲ ကျစ်ကျစ်ပါအောင် ဖက်ထားသည်။ လူစဉ်မမီသော သူညီအား မိခင်ကြီးက ဤသို့ အရေးတယူလုပ်နေသည်ကို မြင်ရတော့ ယွန်ပေါ ဘေးမှရပ်ကြည့်နေရင်း ရင်ထဲ တမျိုးကြီး ခံစားလိုက်ရသည်။ ငါလည်း သူ့လိုပဲ ဘယ်တော့များ ဂုဏ်ပြုခံရပါ့မလဲ ဟုလည်း ဆို့ဆို့နစ်နစ် တွေးလိုက်မိသည်။

ဂျဲနက်အား မာဒလိန်းက ရေမိုးချိုး၍ အဝတ်အစား လဲပေးပြီးနောက် ကလေးငယ်ကို မိခင်ရင်ခွင် ထည့်ပေးလိုက်သည်။

မကြာမီတွင် အက်ရှန်ဝင်လာသည်။ သူက ဇနီးသည်၏ ဘေးတွင် ဝင်ထိုင်ရင်း နမ်း နှုတ်ဆက်လိုက်သည်။

"ကိုယ့်အတွက် တန်ဖိုးအရှိဆုံး သားဦးလက်ဆောင်ကို ပေးတဲ့အတွက် တစ်သ မမေ့နိုင်အောင် ကျေးဇူးတင်ပါတယ် အမေကြီးရယ်. . ."

ဂျဲနက်က စကားမပြောဘဲ လိုက်လှဲသော အပြုံးဖြင့်သာ တုံ့ပြန်သည်။ ကလေးငယ် ကိုယ်အလေးချိန်မှာ ခြောက်ပေါင်အောက် အနည်းငယ် လျော့သည်။ ဂျဲနက်က သူ့ရင်ခွင် နီထွေးထွေး ရှုံ့တွတွ ရင်သွေးငယ်ကို တစိမ့်စိမ့် ကြည့်ရင်း အတွေးနယ်ချဲ့နေမိသည်။

ငါ့သားလေးက ဘယ်သူနဲ့များ တူပါလိမ့်၊ ရုတ်တရက် ကြည့်လိုက်ရင်တော့ သူတို့ လုံးနဲ့ တစ်ခုမဟုတ်တစ်ခု တူနေတာပဲ၊ ဒါပေမယ့် သေသေချာချာ ကြည့်ရင်တော့ အ



www.burmeseclassic.com

www.burmeseclassic.com



ယွန်ပေါ်နဲ့ ပိုတူတယ်၊ အေးလေ ဘာပဲဖြစ်ဖြစ် ဒူပရေးမိသားစုတွေအားလုံးနဲ့ ရုပ်ချင်းဆင်တာကတော့ ဂုဏ်ယူစရာ အကောင်းဆုံးပါပဲ။

မိခင်ကြီး အနားသို့ ရောက်လာ၍ ဂျဲနက် အတွေးပြတ်သွားသည်။ မိခင်ကြီးက ဂျဲနက်ကို တစ်ချက်နမ်းလိုက်ပြီး ကလေးငယ်ကို စေ့စေ့ကြည့်ကာ ပီတိတွေ ဖြာနေမိသည်။

အင်း. . . တကယ့် ဂုဏ်ယူစရာပါပဲလား။ တို့ဒူပရေး မျိုးဆက်ကို အသက်ဆက်ပေးတဲ့ ရတနာကလေး ပါပဲ။

ထို့နောက် ယွန်ပေါဝင်လာပြန်သည်။ သူက ဂျဲနက် ပါးပြင်ကို ရွှတ်ကနဲ တစ်ချက် နမ်းပေးလိုက်ပြီး. .

"ညီလေးနဲ့ ညီမလေးတို့အတွက် အစ်ကိုကြီး အနေနဲ့ အများကြီးဂုဏ်ယူပါတယ်။ မင်းတို့နှစ်ယောက်တော့ ဒီကမ္ဘာမှာ ကုသိုလ်အထူးဆုံး လူတွေပါပဲ။ မင်းတို့က ငါ့ကို ဒီကလေးရဲ့ ခေါင်းကိုင် ဖခင်အဖြစ် ဆောင်ရွက်ဖို့ တာဝန်ပေးတဲ့အတွက်လဲ အများကြီး ဝမ်းသာပါတယ်။ ပြီးတော့ တို့မိသားစု မျိုးဆက်နာမည်ကို ဆက်လက်ထိန်းသိမ်းနိုင်မယ့် သားယောကျ်ားလေး မွေးဖွားပေးတဲ့အတွက်လဲ ကျေးဇူးတင်လို့ မဆုံးပါဘူး"

ထို့နောက် သူက ကျွမ်းကျင်သော သံတမန် တစ်ယောက် ပီသစွာ ဂျဲနက်၏ လက်ကိုဖွဖွ ကလေး နမ်းလိုက်ပြန်သည်။ ယွန်ပေါ်စကားပြောနေစဉ်တွင် ဂျဲနက်က သူ့မျက်နှာကို မကြည့်ရဲ၍ ရှေ့တည့်တည့် အစိမ်းနံရံ တစ်နေရာကိုသာ စိုက်ကြည့်နေလိုက်မိသည်။

"ကဲ. . . ဒီလောက်ဆို ဧည့်သည်တွေ အားလုံးပြန်ကြဖို့ တောင်းပန်းပါတယ်ဗျာ၊ နောက်မှ အေးအေးဆေးဆေး တဝကြည့်ကြတာပေါ့၊ နို့မို့ရင် ကလေးအမေ သိပ်ပြီး ပင်ပန်းသွားလိမ့်မယ်၊ သူ့အနေနဲ့ အနားယူဖို့ အများကြီး လိုအပ်နေသေးတယ်" ဒေါက်တာ ဘားနီးယားက အပေါ်အင်္ကျီကို ကောက်စွပ်ရင်း ပြောလိုက် သည်။ ပြီးတော့ ဂျဲနက်ဘက်သို့ လှည့်လျက်. . "ကဲ မနက်ကျတော့မှ ငါလာကြည့်ဦးမယ်"

ဒေါက်တာက ထွက်သွားမလို့ ပြင်လိုက်စဉ်တွင် မဒမ်ဒူပရေးက လှမ်းပြောလိုက်ပြန်သည်။

"သိုင်းကျူး. . . သိုင်းကျူးဒေါက်တာ. . ဒါနဲ့. . တစ်ခုမေးပါရစေ၊ ကလေးကို ဓာတ်ငွေ့ပေးထားဖို့ လိုသေး သလား. . ဒေါက်တာ"

"မလိုအပ်ပါဘူး. . . ဘာဖြစ်လို့ မေးတာလဲ"

"ကြော်. . . လမစေ့ဘဲနဲ့ မွေးတဲ့ကလေးတွေကို အဲဒီလိုလုပ်ပေးဖို့ လိုအပ်တယ်လို့ ကျွန်မ ကြားဖူးလို့ပါ"

"ဟုတ်ပါတယ်. . . တချို့ကလေးတွေအတွက် လိုအပ်တာ မှန်ပါတယ်၊ ဒီကလေး အတွက်တော့ မလိုအပ်ပါဘူး၊ သူ့ကိုယ်အလေးချိန်ကလဲ စံမီပါတယ်"

"ဟင် တကယ်ပြောတာလား ဒေါက်တာ၊ ကျွန်မ ကလေးတွေမွေးတုန်းကဒီကလေးထက် ပေါင်ချိန်များပါတယ်"

"ဒါပေမယ့် ခင်ဗျားကလေးက ကိုးလလွယ် ဆယ်လမွေးတဲ့ ကလေးတွေကိုးဗျ၊ ဒီကလေး ထက်တော့ ပေါင်ချိန်ပိုများမှာပေါ့ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော်. . ဒီလိုလား၊ ကျွန်မ မသိလို့ မေးမိတာပါ၊ ဒီလိုဆို ကလေးမှာ တခြားချတ်ယွင်း ချက်တွေ ဘာတွေကော ရှိသေးလို့လား ဒေါက်တာ"

"ဘာမှ မရှိပါဘူး၊ အားလုံး အခြေအနေ ကောင်းပါတယ်"

နောက်တစ်နေ့ မနက်တွင် ဒေါက်တာ ဘားနီးယား ရောက်လာသည်။

သူက ဂျဲနက်အား ထပ်မံ၍ စမ်းသပ်ကြည့်ပြီးနောက်. . . "အထွေထွေ ကျန်းမာရေး အခြေအနေကတော့ ဘာမှပြောစရာမရှိပါဘူး၊ ဒါပေမယ့် ကလေးမွေးဖွားတုန်းက အကြိတ်အ အားထုတ်ခဲ့ရတဲ့အတွက် မင်းရဲ့ သားအိမ်မှာ ချွတ်ယွင်း ပျက်စီးသွားတာတွေ ရှိတယ်။ အဲဒီ တစ်သက်လုံး စိတ်ချသွားရအောင် ဆေးရုံတက်ခွဲစိတ် ကုသလိုက်တာ အကောင်းဆုံးပဲ"

စင်စစ် ဤကိစ္စကို မဆွကပင် ကြိုတင် စိတ်ကူးထားခဲ့ပြီးဖြစ်သည်။ ကလေးမွေးဖွားပြီးနော ဆယ်ရက်ခန့်အကြာတွင် ဂျဲနက်အား ဆေးရုံတင်၍ ခွဲစိတ်ကုသမည်ဟု ရည်ရွယ်ရင်း ရှိခဲ့သည်

"ဆေးရုံတက်ရင် ဘယ်နှစ်ရက်လောက် ကြာမလဲဒေါက်တာ"

ဂျဲနက်က ခပ်မြန်မြန်ကလေး ပြန်မေးလိုက်သည်။

"အလွန်ဆုံး နှစ်ရက်လောက်ပါပဲ၊ အဲဒါဆို အားလုံး စိတ်ချလက်ချ ဖြစ်သွားမှာပါ၊ အဲဒီ လိုက်နာရမယ့် စည်းကမ်းတွေကို ငါ အတိအကျ ပြောပြမယ်၊ ဘာပြုလို့လဲဆို မင်းက တော်အေ ခေါင်းမာတဲ့ မိန်းကလေး" ဒေါက်တာကပြုံးပြီး ပြောသည်။ "ဒီကိစ္စကို ဂရုတစိုက် လုပ်စေချင်တယ် ကနေ့ကစပြီးနောက် တစ်ပတ်အတွင်းမှာ ဘယ်သူနဲ့မှ လက်ခံတွေ့ဆုံခြင်း မလုပ်စေချင်ဘူ သဘောကတော့. မင်း ကိုယ်အလေးချိန်ပြန်တက်လာပြီး ခွဲစိတ်ကုသခံနိုင်လောက်အော ကျန်းမာရေးကောင်းလာစေချင်လို့ပါ"

"ဟုတ်ကဲ့ စိတ်ချပါ ဒေါက်တာ၊ ကျွန်မ အတတ်နိုင်ဆုံး ကြိုးစားပြီး လိုက်နာပါ့မယ်၊ ကျွန် ကတိပေးပါတယ်"

"ဒါဆို ကောင်းပါပြီ၊ ကဲ အေးအေးဆေးဆေးသာ အနားယူနေတော့၊ ငါမနက်ဖြ ထပ်လာခဲ့မယ်"

ဆရာဝန်က ပြန်ထွက်သွားရန် တံခါးအဖွင့်တွင် ဂျဲနက်က လှမ်းပြောလိုက်သည်။

"ဒေါက်တာ. . . ဒေါက်တာ ကျေးဇူးကို ကျွန်မ ဘယ်လို ဆပ်ရမှန်းတောင် မသိတော့ပါဘူ တကယ်ပါ ဒေါက်တာ၊ ကျွန်မကို ကူညီခဲ့တာအားလုံးအတွက် ကျေးဇူးတင်လို့ ဆုံးနိုင် မရှိတော့ပါဘူး"

ဒေါက်တာက သမင်လှည့်ပြန် လှည့်ကြည့်လိုက်သည်။

**တကယ့်ကို ချစ်စရာကောင်းတဲ့ မိန်းကလေးတစ်ယောက်ပါလား။**

ဂျဲနက်၏ မျက်လုံးထဲတွင် တကယ်ပင် ကျေးဇူးတင်သည့် အရိပ်လက္ခဏာများကို မြင် ရသည်။ သူက ဂျဲနက်၏ စကားကို လက်ခံသည့် သဘောဖြင့် ခေါင်းကို အသာအယာညိ လိုက်သည်။ တကယ်ဆိုတော့လည်း သူမ၏ဘဝတစ်ခုလုံးကို ရစရာမရှိအောင် ဖျက်ဆီးပစ်ခဲ့သော



www.burmeseclassic.com

www.burmeseclassic.com



အခဲကလျှို့ဝှက်ချက်ကြီးကို သူ့နှလုံးသားထဲတွင် ထိန်းသိမ်းထားရသည် မဟုတ်ပါလား။

ဒေါက်တာ ဘားနီးယား ပြန်ထွက်သွားပြီးနောက် အက်ရှန်ဝင်လာသည်။ ဂျဲနက်၏ နုတ်ခမ်းကို ညင်သာစွာ စုပ်နမ်းသည်။ ဂျဲနက်က အက်ရှန်ကို သူ့အနားသို့ ဆွဲကပ်လိုက်ပြီး. .

"ကျွန်မ မိခင်ဘဝ ရောက်လာလို့ မယ်သီလရှင် ဖြစ်မသွားပါဘူး ကို၊ ကို့အနေနဲ့ ဒီထက်ပိုပြီး အခွင့်အရေး ယူနိုင်ပါတယ်"

"ကို့ အနေနဲ့ ဒီထက်ပိုပြီ မယူနိုင်တော့ဘူး အချစ်ရယ်" သူက စောစောကထက် ရမ္မက်မြင်းစွာဖြင့် တစ်ကြိမ်ထပ်နမ်းလိုက်သည်။ ပြီးတော့ ကုလားထိုင်တစ်လုံးဆွဲယူကာ ခုတင်ဘေးတွင် ကပ်ထိုင်သည်။

"ဘယ့်နှယ်လဲ ဒီမနက် နေလို့ ထိုင်လို့ ကောင်းရဲ့လား"

"ကောင်းပါတယ်. . . ကို၊ ဒါနဲ့ ကိုကရော ဘယ်လိုခံစားနေရလို့လဲ"

ညတုန်းက အက်ရှန် ကောင်းကောင်းအိပ်မပျော်ခဲ့ကြောင်း စိတ်မှန်းဖြင့်သိရ၍ မေးလိုက်ခြင်းဖြစ်သည်။

"ကိုက ဘယ်လိုခံစားနေရမှာလဲ၊ သားဦးအဖေဆိုတော့ ပျော်လွန်းလို့ရင်ထဲဘုရားပွဲ သည့်နေတာပေါ့"

ဂျဲနက်က ဝင်းပစွာ ပြုံးလိုက်သည်။

"သားလေးက မချောဘူးလားကို. . ကို"

"အမေနဲ့ တူလို့ပေါ့"

"အခုလို မြှောက်ပြောတာ ကျေးဇူးအများကြီး တင်ပါတယ်ရှင်၊ ဒါဆို ရှင်က ကျွန်မကို မှုန်တုပ်နီတာ ရဲကလေးနဲ့ တူတယ်လို့ ဆိုလိုတာပေါ့ ဟုတ်လား"

အက်ရှန်က သဘောကျပြီး အသံထွက်အောင်ပင် ရယ်လိုက်သည်။

"အဲဒီလို ဆိုလိုတာ မဟုတ်ပါဘူး ခင်ဗျာ၊ ကျုပ်က သားလေးဟာ ဒူပရေးမျိုးဆက်သွေး ပါပေ တယ်လို့ ဆိုလိုတာပါ၊ အမှန်တော့ တို့သားကလေးဟာ လူစီယံနဲ့မှ တကယ်တူတာ၊ လူစီယံ မွေးခါစကလည်း သားလေးရုပ်အတိုင်းပဲ"

ဂျဲနက်က ခေါင်းအုံးတွင် နောက်မှီချလိုက်သည်။

ဩော်. . . အစ်ကိုလေး အက်ရှန်ရဲ့ ရင်သွေးအစစ်သာဖြစ်ခဲ့ရင် ဘယ်လောက်ကောင်း လိုက်မလဲ. . . နော်။

"ကဲ ကိုရောက်လာလို့ ပင်ပန်းနေပါဦးမယ်ကွယ်၊ ဒေါက်တာဘားနီးယားကလည်း ဘယ်သူမှ အားမလည်ပါနဲ့လို့ တင်းတင်းကျပ်ကျပ် ညွှန်ကြားသွားတယ်၊ အဲဒီတော့ကို ပြန်ဦးမယ်၊ အေးအေး ဆေးဆေးသာ အနားယူပါ"

ဂျဲနက်က လက်ကို ကမ်းပေးသည်။ အက်ရှန်က လှမ်းဆုပ်သည်။

"ကျေးဇူးတင်ပါတယ်. . ကို၊ ကျွန်မကို သားဦးလက်ဆောင်ပေးတဲ့အတွက် . . . ချစ်မေတ္တာ လက်ဆောင်ပေးတဲ့အတွက် ကျေးဇူးအများကြီးတင်ပါတယ်"

"ကို့ကို ကျေးဇူးတင်စရာ မလိုပါဘူးကွယ်၊ တင်ချင်းတင်ရင် ကိုကသာ တင်ရမှာပါ၊ မင်းက



www.burmeseclassic.com

www.burmeseclassic.com



တို့နှစ်ယောက် အတွက် သားဦးကလေး မွေးဖွားပေးခဲ့တယ် မဟုတ်လား၊ ကဲ. . ကဲ. . . နားလိုက်တော့ . . . နားလိုက်တော့"

"ဘယ်တော့ ပြန်လာဦးမလဲ ကို၊ လာခဲ့ဦးနော်"

"လာစေချင်ရင် ကတိပေးရမယ်၊ ကောင်းကောင်းစားရမယ်၊ ကောင်းကောင်း နားရမယ် ပြီးတော့ စကားမပြောရဘူး၊ ဒီလိုမှ မဟုတ်ရင်တော့ ဒီအခန်းထဲမှာ တစ်ယောက်တည်း နေပေရော့ပဲ"

အက်ရှန်က ဇနီးလေး၏ နဖူးကို ယုယစွာ တစ်ချက်နမ်း၍ အခန်းထဲမှ ပြန်ထွက်သွားသည်။

နေ့လယ်ပိုင်းကျတော့ မိခင်ကြီး လာကြည့်သည်။ ဂျဲနက်က မိသားစုတစ်စုလုံးအတွက် ဝမ်းမြောက်ဂုဏ်ယူ၍ မဆုံးနိုင်သော လက်ဆောင်ပေး၍ အလွန်ပင် ကျေးဇူးတင်မိကြောင်း သူမ ပြောသည်။ အမှန်ကတော့ လွန်ခဲ့သော တစ်နှစ်ခန့်က သမီး ဒင်းနစ် ရုတ်တရက် သေဆုံးသွားခဲ့၍ စိတ်ရောကိုယ်ပါ ညှိုးချုံးကာ အပူလုံးဆို့နေခဲ့ရာမှ ယခုလို မိသားစုအထဲသို့ သက်ရှိလူသား တစ်ယောက် အစားထိုးဝင်ရောက်လာသဖြင့် သမီးကြီးကြောင့် ခံစားနေရသည့် သောကများ ပျောက်၍ စိတ်ချမ်းသာစရာ ပေါ်ပေါက်လာခြင်းကို ရည်ရွယ်၍ ပြောလိုက်ခြင်းဖြစ်သည်။

ထို့နောက်တွင် မြေးကလေးကို တစ်ဘက်ခန်းတွင် သွားကြည့်ဦးမည်ဟု ပြောကာ ပြန်ထွက် သွားသည်။

ညဦးပိုင်းတွင် ယွန်ပေါ ရောက်လာသည်။ အခန်းထဲတွင် သူတို့နှစ်ယောက်သာ ရှိနေကြသည်။ ယွန်ပေါက ဂျဲနက်အားပွေ့ဖက်၍ ပြင်းပြင်းပြပြနမ်းသည်။

"ကျွန်မတောင်းပန်းပါတယ် အစ်ကိုကြီးရယ်၊ အချိန်အခါလည်း မဟုတ်သေးဘဲ အစ်ကိုကြီး ဘယ်လောက်ဝမ်းသာနေတယ်ဆိုတာ ကျွန်မ နားလည်ပါတယ်"

ယွန်-ပေါ ရင်ထဲ တစ်မျိုးကြီးခံစားလိုက်ရသည်။ သူက ကုလားထိုင်တစ်လုံးဆွဲ၍ မီးဖိုဘေးတွင် စိတ်ပျက်လက်ပျက် ထိုင်ချလိုက်သည်။ သူ့ရင်ထဲတွင် ခံစားနေရသည်ကို ဂျဲနက်သော ခံစားမိရပါသည်။ တကယ်တော့ ကလေးက သူ့ရင်သွေး။ ဒါပေမယ့် လူသိရှင်ကြား တရား အဖေကတော့ အက်ရှန်။

"ဒါနဲ့ ကလေးကို အစ်ကိုကြီး သွားကြည့်ပြီးပြီလား" ဂျဲနက်က လေသံအေးအေးဖြင့် မေး

"ကလေး လုပ်မနေပါနဲ့ကွာ၊ ကျွန်မတို့ ရင်သွေးလေးလို့ ပြောစမ်းပါ"

"အို. . ဟုတ်. . . ဟုတ်ကဲ့၊ ကျွန်မတို့ ရင်သွေးကလေးပါ"

"ဒါဖြင့် မင်း အခုန အဲဒီလို ဘာဖြစ်လို့ မပြောတာလဲ"

"အို. . . အစ်ကိုကြီး စိတ်ဆိုးသွားတယ်ပေါ့နော်၊ ကျွန်မ သဘောပေါက်ပါတယ် အစ်ကို ရယ်၊ တကယ်တော့ ဒီသားကလေးဟာ ကျွန်မတို့နှစ်ယောက်ရဲ့ ရင်သွေးအစစ်ဆိုတာ လူမသိပေမယ့် ကျွန်မတို့ နှစ်ယောက် သိကြပါတယ်"

ဒီအချိန်မှာ မင်းနဲ့ငါ နှစ်ယောက်တည်းပဲ ရှိတယ်၊ မင်းက ကလေးဆိုပြီး ပြီးစ



www.burmeseclassic.com

www.burmeseclassic.com



ပြောလိုက်တာဟာ ငါ့အသည်းကို အပ်နဲ့ထိုးလိုက်သလိုပဲ”

“လာစမ်းပါ အစ်ကိုကြီးရယ်၊ ကျွန်မအနားကို လာစမ်းပါ”

ယွန်ပေါက ထိုင်ရာမှထ၍ ဂျဲနက်အနားသို့ လျှောက်လာသည်။ “အစ်ကိုကြီး ခံစားချက်ကို ကျွန်မ သိပါတယ်၊ ကိုယ်ချင်းလဲ စာပါတယ်၊ ကလေးအဖေနာမည် မခံနိုင်တာကို အစ်ကိုကြီးက စိတ်မချမ်းမသာဖြစ်နေတယ် မဟုတ်လား၊ ဒါပေမယ့် စိတ်မချမ်းမသာမဖြစ်ပါနဲ့ အစ်ကိုကြီးရာ၊ အစကတည်းက ဒီလိုဖြစ်လာလိမ့်မယ်ဆိုတာ ကြိုသိထားခဲ့ကြပြီပဲ၊ အဲဒီတော့ ကိုယ့်ကိုယ်ကိုယ် စိတ်ဆင်းရဲအောင် မလုပ်ပါနဲ့ အစ်ကိုကြီးရယ်၊ စိတ်ချမ်းသာစရာကိုသာ တွေးပြီး ပျော်ပျော်နေစမ်းပါ၊ အခြားလူတွေက မသိတာကြောင့် ကိုယ့်ကိုယ်ကိုယ် ဘာဖြစ်လို့ စိတ်ဆင်းရဲ ခံနေရတာလဲ၊ လူမသိပေမယ့် နတ်သိပါတယ်၊ ဒီကလေးဟာ ကျွန်မတို့ နှစ်ယောက်ရဲ့ ရင်သွေးဆိုတာ ဘုရားသခင် သိပါတယ်”

ယွန်-ပေါက ကြီးမားကျယ်ပြန့်သော ခုတင်ကြီးပေါ်မှ နူးညံ့သိမ်မွေ့သော သနားစရာမိန်းကလေးကို အတန်ကြာမျှ ရပ်ကြည့်နေမိသည်။ ကြည့်နေရင်းမှ သူ၏ စိတ်လှုပ်ရှားမှုတွေ၊ ဒေါသတွေ တဖြည်းဖြည်း ပြေလျော့သွားသည်။

**ဟုတ်တယ် . . . သူပြောတာ မှန်တယ်။ ငါ့အတွက် ဒီနည်းအပြင် တခြားဘာနည်းမှ မရှိတော့ဘူး။**

ယွန်-ပေါ၏ မျက်နှာတွင် အပြုံးရိပ်သန်းလာသည်။

“ဒီတစ်ချီမှာတော့ မင်းကငါ့ထက် သံတမန်ကောင်းပိုပြီး ပီသသွားပြီ၊ ကဲ . . . ဒီတော့ အမေကြီးကို ကျုပ်က အနမ်းလက်ဆောင်နဲ့ ဂုဏ်ပြုပါရစေ”

သည်တစ်ကြိမ်တွင်တော့ သူက ညင်သာယုယစွာ နမ်းသည်။

“ကဲ . . . အစ်ကိုကြီးရဲ့ သားချော သားလှကလေးကို ဟိုဘက်ခန်းမှာ သွားကြည့်လိုက်ပါဦး” ဂျဲနက်က ညင်သာစွာ ပြောသည်။

“သားလေးက အစ်ကိုကြီးနဲ့ တထေရာတည်းပဲ . . . သိလား”

ယွန်-ပေါက ဝမ်းသာစွာဖြင့် ခေါင်းညိတ်လိုက်သည်။ ထို့နောက် ဂျဲနက်၏ ပါးပြင်မို့မို့ကို ဖော့မပို့ကလေး နမ်းရှုပ်လိုက်ပြီးတော့ အခန်းထဲမှ ပြန်ထွက်လာခဲ့သည်။

နောက်ထွက်ရန် အချိန်တဖြည်းဖြည်း နီးလာခဲ့သည်။ ထိုရက်များအတွင်း လူစီယံတို့ မောင်နှမ နှစ်ယောက်လည်း လေးလေး၏ သားဦးကလေးကို နေ့တိုင်းလိုလို လာကြည့်ကြသည်။ ဂျဲနက်က ကလေးငယ်ကို နို့တိုက် နေစဉ် လူစီယံတို့ မောင်နှမတွေက မျက်လုံးအဝိုင်းသားနှင့် စိတ်ဝင်စားစွာ ကြည့်နေကြသည်။ နို့တိုက်ပြီး သွားသောအခါ နီကိုနှင့် ဒီစရီတို့မောင်နှမနှစ်ယောက်က ခုတင်ပေါ်တက်ကာ ဂျဲနက်၏ ဘေးတစ်ဘက် တစ်ချက်တွင် ထိုင်ကြပြီး ဂျဲနက်က ကလေးငယ်ကို သူတို့ ပေါင်ပေါ်တွင် တစ်လှည့်စီ တင်ပေးသည်။ သူတို့က ကလေးလေး ကိုကြည့်ပြီး သဘောလည်း ကျသည်။ အံ့လည်း အံ့သြမိသည်။ ဒီကလေးလေး ဒီလောက်တောင် ဘာလို့ သေးသေးကလေး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေရသလဲ ဆိုသည်ကို နားမလည်နိုင်အောင် ဖြစ်မိကြသည်။ အရုပ်ကလေးလိုပဲနော်ဟု ဒီစ ပြောတော့ နီကိုက ဟုတ်တယ်. . . အရုပ်ကလေးလိုပဲဟု ထောက်ခံခဲ့သည်။ အစ်ကိုကြီး လူ ကတော့ ဘာထင်မြင်ချက်မျှ မပေး။ သို့သော် သူကလည်း ကလေးဆိုကြည့်ပြီး တော်တော် ဝင်စားနေပုံတော့ ပေါ်လွင်နေသည်။

အက်ရှန်က ကုလားထိုင်ပေါ်တွင် ထိုင်ပြီး သူတို့တတွေကို တစိမ့်စိမ့်ကြည့်ကာ ကြည် နေမိသည်။ ဒီမြင်ကွင်းကို ပန်းချီဆွဲလိုက်ရရင် သိပ်ကောင်းမှာပဲဟုလည်း တွေးလိုက်မိသည်။

နောက်ဆုံးတော့ ဒေါက်တာဘားနီးယား ပြောထားသည့်အတိုင်း ဂျဲနက်ဆေးရုံသို့ တက် ခွဲစိတ်ကုသရသည်။ ခွဲစိပ်ကုသမှု အဆင့်ဆင့်မှာ အားလုံးပင် အောင်မြင်ချောမောစွာ ပြီး သွားခဲ့သည်။

ဆေးရုံမှဆင်းခါနီးတွင် ဂျဲနက်အား ရက်သတ္တခြောက်ပတ်တိတိ ယောက်ျားနှင့် ဆက် မပြုရန် ဆရာဝန်က ညွှန်ကြားလိုက်သည်။ အက်ရှန်သည် ယခုတိုင် ဇနီးဖြစ်သူနှင့် အခန်းခွဲ သီးခြားအိပ်နေဆဲ ဖြစ်သည်။

အိမ်သို့ပြန်ရောက်သောအခါ ဂျဲနက်က အစားအသောက်ကို အငမ်းမရ စားသည် ကိုယ်အလေးချိန် လည်း သိသိသာသာ တိုးလာသည်။ သည်အတွက် လင်တော်မောင် အက်ရှ အလွန်ပင် ဝမ်းသာနေမိသည်။ ဒူပရေးမိသားစု၏ လက်စွဲတော် စာဖိုးမှူးကြီး ကလော့သီကလည် ဂျဲနက်ကြိုက်သည့် ဟင်းလျာတွေကို လက်ရာမြောက်စွာ အစွမ်းကုန် ချက်ပြုတ်ပေးသည်။ သို့ သားကလေးအား နာမည်ပေး ကင်ပွန်းတပ်ချိန်သို့ ရောက်လာသောအခါ ဂျဲနက်၏ ကိုယ်အလေး မှာလည်း နဂိုအတိုင်း ပြန်ဖြစ်လာခဲ့သည်။

နာမည်ပေး ကင်ပွန်းတပ်မင်္ဂလာ ပြုလုပ်မည့် ဘုရားရှိခိုးကျောင်းသို့ မသွားမီ ကလေး အား ယွန်ပေါနှင့် အက်ရှန်တို့ ငယ်ငယ်က ဝတ်ခဲ့သော ပိုးသားနုနုနှင့် ဇာဝတ်ရုံကို ဝတ်ဆင် သည်။ ပြီးတော့ အဘွားဖြစ်သူက ဇာဦးထုပ်သေးသေးကလေးကို ခေါင်းမှာ ဆောင်းပေး မေးစေ့အောက်တွင် ကြိုးချည်ပေးသည်။

အဘွားကြီးမှာ ခါတိုင်းလို ဝမ်းနည်းခြင်း အထိမ်းအမှတ် အနက်ရောင်ဝတ်စုံ မဝတ်တော့ဘဲ ရှူးဖိနပ်၊ လက်ဆွဲအိတ်၊ အဖြူရောင် ဆိတ်သားရေနု လက်အိတ်တို့နှ အလွန်လိုက်ဖက်သော ဖြူပြာပြာ ပိုးသားနုဝတ်စုံကို ဝတ်ဆင်ထားသည်။ ခေါင်းပေါ်တွ ဝိုင်အိုလက်ပန်းဦးထုပ်ကိုဆောင်း၍ လည်ပင်းတွင် ပဝါနု ပတ်ထားသည်။ အထူးအခမ်းအနားဖြစ် အဖိုးတန် လတ်ဝတ်လက်စားနှင့် လည်ဆွဲများကိုလည်း အထူးဂရုပြု၍ ရွေးချယ်ဝတ်ဆင်ထားသည် ဒူပရေးမျိုးဆက်၏ အမွေကို ဆက်ခံမည့် သားဦးယောက်ျားကလေးတစ်ယောက်အား နာမည် ကင်ပွန်းတပ်၍ ပထမဦးစွာ အယူဝါဒ သွတ်သွင်းသည့် မြင့်မြတ်သော မင်္ဂလာအခမ်းအနား ဒူပရေးမိသားစု တစ်ခုလုံး၏ သက်ရှိထင်ရှား အကြီးအကဲတစ်ယောက်အနေဖြင့် ဤကဲ့သို ခမ်းခမ်းနားနား ဝတ်စားဆင်ယင်ပါမှ တင့်တယ်လျောက်ပတ်မည်ဟု မဒမ်ဒူပရေးက အလေ



www.burmeseclassic.com

www.burmeseclassic.com



ထားသည်။

အပေါ်ထပ်တစ်နေရာတွင်မူ. . . မာဒလိန်းက ဂျဲနက်အား ဖြီးလိမ်း ဝတ်ဆင်ပေးလျက် သည်။ ဂျဲနက်မှာ သားဦးကလေး ကင်ပွန်းတပ်ပွဲအတွက် ဝတ်စားပြင်ဆင်ရသည်ကို မင်္ဂလာဆောင် နှံက ဝတ်စားပြင်ဆင်ခဲ့စဉ်ကလို ရင်တဖိုဖိုနှင့် စိတ်လှုပ်ရှားနေမိသည်။

ဂျဲနက်၏ အလှပြင်ခန်းသို့ အက်ရှန်ဝင်လာသည်။ ဇနီးချောကလေး၏ ကြော့ရှင်းသော အလှကို မြင်လိုက်ရတော့ သူ့ရင်ထဲတွင် အေးသွားမိသည်။ ဂျဲနက်သည် ဗေဒါရောင် ပိုးသားနု ဝတ်စုံကို ဖိနပ်၊ လက်ဆွဲ အိတ် အရောင်များနှင့် လိုက်ဖက်စွာ ဝတ်ဆင်ထားသည်။ ဦးထုပ်ပေါ်တွင် ငှက်မွေးပန်းများ စိုက်ထားပြီး ဆံထုံးကို ပေါ်လွင်စွာနောက်သို့ လှန်ချထားသည်။ လည်ပင်းတွင်မူ မင်္ဂလာဆောင်စဉ်က မိခင်ကြီး ပေးခဲ့သော ပုလဲသွယ်ကို ဆွဲထားသည်။ ပုလဲသွယ်တွင် ညှပ်တပ်ထား သော စိန်ကလစ်မှာ နေရောင်တွင် အကွက်စုံ လက်လင်းနေသည်။ နှုတ်ခမ်းနှင့် ပါးများကိုလည်း နှင်းနုရောင်လွှမ်းမှုံ ခြယ်သထားသဖြင့် ဝင်းပသော အသားအရောင်နှင့် အလွန်ပင် ပဏာရ သည်။

အက်ရှန်မှာ ဇနီးချောလေးအား ရှုမဝနိုင်အောင် ဖြစ်မိတော့သည်။ သူ၏ ခံစားချက်ကိုလည်း အမှန်အတိုင်းပင် ထုတ်ဖော် ဖွင့်ဟလိုက်မိသည်။

ဂျဲနက်ကလည်း သားနားခန့်ညားစွာ ဝတ်စားလာသော သူ့ ယောကျ်ားကို ပြန်၍ ချီးကျူး လိုက်သည်။ အက်ရှန်က မီးခိုးရောင် အစင်းကွက် ဘောင်းဘီ၊ ခါးပြတ် ကုတ်အင်္ကျီနှင့် လည်စည်းတို့ကို ဝတ်ထားသည်။ လည်စည်းတွင် ပုလဲကလစ် ညှပ်ထားသည်။ လက်ထဲတွင်တော့ ရောင်တလက်လက် တောက်နေသော သတ္တုလက်ဦးထုပ် အနက်ကို ကိုင်ထားသည်။

ဂျဲနက်က သားရေနု လက်အိတ်တို့ကို စွပ်မည်လုပ်တော့ အက်ရှန်က လက်ကို လှမ်းဆွဲကာ ယ်ပျော့ ပျောင်းသော ဂျဲနက်၏ လက်တွင် စိန်လက်ကောက်ကိုဝတ်ပေးလိုက်သည်။

"အို. . . ကိုရယ်၊ ကျွန်မကို ပေးတာများလှပါပြီ . . . ကိုကိုဟာ ကျွန်မကို သိပ်ချစ်တာပဲနော်၊ ကျွန်မအတွက်ဆိုရင် ဘာမဆို စွန့်လွှတ်တာပဲနော်"

ဂျဲနက်က အက်ရှန်အား တစ်ခါမျှမပြောခဲ့ဖူးသော စကားကို ရင်မှလာသော ခံစားချက်ဖြင့် ကယ်ပင် ပြောလိုက်ခြင်း ဖြစ်သည်။

အက်ရှန်က ဂျဲနက်၏လက်ကို တော်တော်ကြာကြာဆုပ်ကိုင်ထားသည်။ ပြီးတော့မှ လေးဆောင်ထဲသို့ ဝင်လာခဲ့သည်။ သားငယ်ကို မာဒလိန်းက အဆင်သင့် ပွေ့ချီထားပြီး ဖြစ်သည်။

သူတို့အားလုံး လှေကားထစ်အတိုင်း အောက်ထပ်သို့ ဆင်းလာခဲ့ကြသည်။ ဧည့်ခန်းတွင် ပေါ် အပါအဝင် မိသားစုအားလုံး စောင့်နေကြသည်။ ဂျဲနက်၏ဦးလေး လီယွန်မှာ မနေ့ကမှ ရောက်လာခဲ့ပြီး ကင်ပွန်းတပ်ပွဲ ပြီးလျှင်ပြီးချင်းပြန်သွားမည်ဖြစ်သည်။ တကယ်တော့ သည်အခမ်းအနားမျိုးမှာ သူ့အဖို့ စိမ်းလွန်းလှသည်။ သူအလွန်ချစ်သော တူမကလေးနှင့် ကလေးတို့၏ ကိစ္စသာမဟုတ်လျှင် သူ့ အနေဖြင့် လုံးဝ လာရောက်လိမ့်မည်မဟုတ်။ ဂျဲနက်၏ သူညီ ရှုဘင်နှင့် ဂျဲနက်တို့ သားအမိကို သံယောဇဉ် ရှိလွန်း၍သာ ယခုလို တက်ရောက်လာ ခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



လူကြီးများက အကောင်းစား ဇိမ်ခံကားကြီးထဲတွင် တစ်စုတည်းစီးကြသည်။ မဒမ်ဒူပ ကလေးငယ်ကို ပိုက်ချီထားသည်။ မာဒလိန်းနှင့် လူစီယံတို့ မောင်နှမသုံးယောက်တို့က တ ကားတစီးပေါ်သို့ တက်ကြသည်။ အားလုံးအဆင်သင့်ဖြစ်သောအခါ လူကြီးတွေကားက ရှေ့မှ ကလေးတွေကားက နောက်မှလိုက်ပြီး. . . နော်တာဒိန်း ဘုရားရှိခိုးကျောင်းကြီးဆီသို့ ထွ လာခဲ့ကြသည်။

ကင်ပွန်းတပ်မင်္ဂလာအခမ်းအနားမှာ အလွန်တရာမှတည်ငြိမ်အေးချမ်းပြီး ကြည်နူး ကောင်းလှသည်။ အခမ်းအနားမှာ ခဏတာမျှသာ ကြာသည်။ သို့ပေမယ့် ဂျဲနက်ကတော့ အကြာ တွေးနေမိသည်။ သူ့ စိတ်အာရုံသည် ဝေးလံသော အတိတ်ကာလဆီသို့ ပြန်ရောက်သွားသ လောလောဆယ်တွင် မိမိသားငယ်၏ ထူးခြားခမ်းနားသော ကင်ပွန်းတပ်မင်္ဂလာအခမ်းအန တက်ရောက်နေရသော်လည်း သူ့ စိတ်ထဲမှာတော့ လွန်ခဲ့သည့် အတိတ်ကာလဆီက ဖခင်နှင့် စနေနေ့များတွင် ရဟူဒီဘုရားဝတ်ကျောင်းသို့ ဝတ်ပြုရန် ပျော်ပျော်ရွှင်ရွှင် သွားခဲ့ရ နေ့ရက်များကို ပြက်ပြက်ထင်ထင် မြင်ယောင်လာမိသည်။

ဂျဲနက်က သူ့ ဦးလေး လီယွန်ဘက်သို့ မသိမသာ စောင်းငဲ့ကြည့်လိုက်သည်။

**ငါဘာတွေ တွေးနေတယ်ဆိုတာ သူသိမှ သိပါရဲ့လား. .။**

သို့သော် သူ့ဦးလေးက သိဟန်မတူ။ ဘာဖြစ်လို့လဲဆိုတော့. . . သူ့ မျက်နှာဘ ပြောင်းလဲမှု မရှိ၊ ပကတိအတိုင်း တည်ငြိမ်နေသည်။

ထို့နောက်တွင် ကလေးငယ်အား ကောင်းချီးမင်္ဂလာပေး၍ ခေါင်းကိုင်ဖခင် သစ္စာဓိဋ္ဌာန်ပြုရန် ယွန်ပေါဆီသို့ ကမ်းပေးလိုက်သည်။

သူသည် ရင်သွေးငယ်ကို ရင်ခွင်ပိုက်ထားသော်လည်း သူ့အတွေးက အခြေအ မဟပ်စပ်ဘဲ တခြားစီဖြစ်နေသည်။

**ဒီကလေးဟာ. . ငါ့သား။ ငါ့ရင်သွေး၊ ဒါပေမယ့်. . တရားဝင်အဖေခံယူသူတ ငါမဟုတ်။**

သူက ယင်းကဲ့သို့ တွေးပြီး ဘုရားကျောင်းအတွင်း ပရိသတ်အားလုံးသိအောင်၊ တစ် လုံးသိအောင်. . .

"ဒါ ကျွန်တော့်သား. . ဒါ ကျွန်တော့်သား. . . " ဟူ၍သာ သံကုန်ဟစ်၍ အော်ပစ်လို စိတ်ပင် ပေါက်လာမိသည်။

သို့သော် ရုတ်တရက် အသိဝင်လာပြီး၊ သူ့စိတ်ကို သူထိန်းချုပ်ထားလိုက်သည်။

သူသည် ကလေးငယ်ကို ရင်ခွင်ပိုက်လျက် နေရာတွင် ကျောက်ရုပ်ပမာ မတုန် ရပ်နေသည်။

ထိုအချိန်တွင်ပင် ဘုန်းတော်ကြီး၏ တည်ငြိမ်လေးနက်သော အသံသည် ခန်းမဆောင် လုံး ဟိန်း၍ ထွက်ပေါ်လာသည်။

"ဤကလေးငယ်၏ အနွတ္တသညာ ခေါ်စရာကား "ဟင်နရီအက်ရှန်ဒူပရေး" သတည်း။ အသက်ရာကျော် ရှည်စေသောဝ်. . "



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့တွင် ကလေးငယ်ကို ဂုဏ်ပြုသောအားဖြင့် ဗစ်တာဟူးဂိုး လမ်းမကြီးပေါ်ရှိ ဒူပရေးမိသားစုခြံကြီးတွင် ညစ့်ခံပွဲကြီး တခမ်းတနား ကျင်းပသည်။

ညစ့်ခံပွဲသို့ တက်ရောက်လာကြသော ညစ့်ပရိသတ်များမှာ ကလေးငယ်အား အလုအယက် တယ်ယမ်းနမ်းရှုပ်လျက် သူတစ်မျိုး ငါတစ်ဖုံ ချီးကျူးထောပနာ၍ မကုန်နိုင်အောင် ရှိနေကြတော့သည်။

တချို့က ဟင်နရီကလေးသည် ဖခင်ဖြစ်သူ အက်ရှန်နှင့် တထေရာတည်းဟု ပြောကြသည်။

တချို့ကတော့လည်း အဘိုးဖြစ်သူ ဗိုလ်ချုပ်ကြီး မာရှယ်ဒူပရေးနှင့် ပို၍တူသည်ဟု ဆိုကြသည်။

တချို့ကမူ အဘွားဖြစ်သူ မဒမ်ဒူပရေးနှင့် ပို၍ဆင်သည်ဟု မှတ်ချက်ချကြသည်။

သို့သော် ဟင်နရီကလေးသည် ကျန်းမာဝဖြိုး၍ ရုပ်ရည်ချောမောသော ကလေးတစ်ယောက်ဖြစ်သည်ဟူသော အချက်ကိုတော့ ညစ့်ပရိသတ်အားလုံးကပင် တညီတညွတ်တည်း သဘောတူကြသည်။

ထိုအချိန်တွင် ညစ့်ပရိသတ်ကြားထဲရောက်နေသော ယွန်ပေါ်မှာ ငါနဲ့တူတယ်လို့ ပြောတဲ့လူကတော့ တစ်ယောက်မှ မရှိပါလားဟု ဝမ်းဆို့ ဝမ်းနည်းတွေးမိရင်း လက်ထဲမှ အရက်ခွက်ကို ကိုင်မြှောက်ကာ ကမန်းကတန်းနှင့် တစ်ကျိုက်တည်း မော့ချလိုက်တော့သည်။

◆◆◆

www.burmeseclassic.com

www.burmeseclassic.com

# [ ၂၄ ]

ဇူလိုင်လတွင် ဂျနက်အသက် နှစ်ဆယ့်တနှစ် ပြည့်သည်။ သည်တစ်ကြိမ် မွေးနေ့ပါတီပွဲ
အိမ်ကြီးရှိ ကပွဲခန်းမတွင် ကျင်းပသည်။ မွေးနေ့ပွဲတွင် သူအလွန်ပျော်နေမိတော့သည်။

သူသည် တစ်နှစ်တာအတွင်း အကြီးအကျယ် ပြောင်းလဲလာခဲ့သည်။ မိတဆိုး၊ ဖတ
ကလေးထိန်း ဆရာမကလေးဘဝမှသည် ပြင်သစ်နိုင်ငံတွင် ဂုဏ်ဒြပ်ကြီးမားလှသော ဒူပရေးမိသား
ကြီး၏ မျိုးဆက်ဝင် အိမ်ရှင်မတစ်ယောက် အဖြစ်သို့ ကြယ်တံခွန်ပမာ တဟုန်တည်း ထိုးတက်လာ
သည်။ သူ့ဘဝတွင် ကြီးစွာသော အောင်မြင်မှုတစ်ခုပင် ဖြစ်တော့သည်။

ထို့ကြောင့် သူ၏ နှလုံးသားထဲတွင် အတိတ် တစ္ဆေများ မည်မျှပင် ကိန်းအောင်း
သည့်တိုင်အောင် ယနေ့ညတွင်တော့ မိမိအောင်မြင်မှု အသီးအပွင့်ကို စိတ်လွတ်ကိုယ်လွတ် တဝ
ခံစားတော့မည်ဟု ဆုံးဖြတ်ထားသည်။ ယခုနှစ် နွေရာသီတွင် မိသားစုတစ်ခုလုံး မနှစ်က
ပရိုဗင့်စ်သို့ အပန်းဖြေမထွက်ဖြစ်ခြင်းကို တော့ သူက အတော်ကလေး စိတ်မကောင်း ဖြစ်မိသည်
ယင်းသို့ မထွက်ဖြစ်ခြင်းမှာလည်း သူ့သားလေးက အလွန်ငယ်သေးသောကြောင့်ပင် ဖြစ်သည်
ထို့ကြောင့် တစ်နည်းအားဖြင့်တော့ သူ့အတွက် ဖြေသာနိုင်သေးသည်။ သို့သော် ဩဂုတ်
ရောက်လျှင် "ဒိုဗယ်" ကမ်းခြေဒေသတွင် အိမ်တစ်ဆောင်ငှားမည်ဟု စီစဉ်ထားသဖြင့် သူ
ဝမ်းသာနေမိသည်။ ဒိုဗယ်ကမ်းခြေမှာ ပါရီမြို့မှ ရထားနှင့်သွားလျှင် နှစ်နာရီ ခရီးမျှသာရှိသည်

ဂျနက်သည် မွေးနေ့ပွဲလာ အမျိုးသား ဧည့်သည်တော်များနှင့် တစ်ယောက်
တစ်ယောက် ခန်းမဆောင်ထဲတွင် ဝိုင်းကြီးပတ်လည် လွှားကနဲလွှားကနဲ တွဲကနေရင်းမှ သူ
မသိလိုက်ဘဲနှင့် ယွန်ပေါ၏ ရင်ခွင်ထဲသို့ ရုတ်တရက် ရောက်ရှိသွားသည်။


www.burmeseclassic.com

www.burmeseclassic.com



ယွန်းပေါက ဂျဲနက်အား ဆတ်ခနဲ ဆွဲယူပြီး လွှားကနဲလှည့်ပတ်ကသွားစဉ် ခါးကိုတင်းတင်း
ကိုင်ထားရာမှ အသံမာမာနှင့် မေးလိုက်သည်။

"ဘယ်တော့ တွေ့ကြမလဲ"

ဂျဲနက်က အသက်ပြင်းပြင်းတစ်ချက် ရှိုက်ထုတ်လိုက်ပြီးတော့မှ တိုးတိုးကလေး
ပြန်ပြောလိုက်သည်။

"မကြာခင်ပေါ့"

ဒေါက်တာ ဘားနီးယား စည်းကမ်းသတ်မှတ်ပေးထားသော "ရက်သတ္တခြောက်ပတ်" ကုန်သွားခဲ့ပြီ။

ထို့ကြောင့် အက်ရှန်လည်း သီးခြားခွဲအိပ်နေရာမှ မူလအခန်းသို့ ပြန်ပြောင်းလာခဲ့ပြီ
ဖြစ်သည်။ သူ့ချစ်လင်ကြီးသည် ခါတိုင်းထက် ချစ်မေတ္တာပိုလာသည်ဟုလည်း ဂျဲနက်က ထင်မိသည်။

နောက်တစ်နေ့ကျတော့ ဂျဲနက်သည်"ရှန်စီလာဆေ"လမ်းမကြီးပေါ်ရှိ ဒေါက်တာဆင်မြူ
ဘလွမ်း ဆေးခန်းသို့ လာခဲ့သည်။ ဆေးခန်းမှာ မက်ရှာဒရိုင်းဖြူးစ်၏ ရုံးခန်းနှင့် များစွာ မဝေးလှ။

သူက ဒေါက်တာ ဘလွမ်းအား အကျိုးအကြောင်း ပြောပြပြီးနောက် အရံအတားအနေဖြင့်
"ကွင်း" သွင်းပေးရန် မေတ္တာရပ်ခံသည်။ ဒေါက်တာကလည်း သူ့ ဆန္ဒအတိုင်းပင် ဖြည့်ဆည်း
ပေးလိုက်သည်။

ယခုကဲ့သို့ ပြုလုပ်ခြင်းမှာလည်း တကယ်တော့ ခင်ပွန်းသည်အပေါ်တွင် အလွန်လေးစား
ချစ်ခင်မိသောစိတ်ကြောင့်ပင်ဖြစ်သည်။ နောက်တွင် သားသမီးရလာလျှင် အက်ရှန်၏
သွေးများသာ ဖြစ်ရမည်ဟု သူက လေးလေး နက်နက် ဆုံးဖြတ်ထားခဲ့သည် မဟုတ်ပါလား။

ဓါးသော့ကို ဖွင့်ရာတွင် သူ့ လက်တွေ တုန်နေသည်။ တံခါးရွက်များ ပွင့်သွားပြီး ယွန်းပေါက
သူ့ကို လှမ်းဖက်၍ ပွေ့ချီလိုက်သည်။

နေ ခြောက်နာရီတောင် ခွဲသွားပါရောလား။

ဂျဲနက်သည် ခုတင်ပေါ်မှ ကမန်းကတန်း ဆင်းကာ တယ်လီဖုန်းစားပွဲသို့ လျှောက်လာ
သည်။

သူတို့ အိမ်နံပါတ်ကို ကောက်လှည့်သည်။

"ဘယ်သူလဲ၊ ဩော်. . အွန်ဒရေပါလား၊ ကျွန်မပါ ဂျဲနက်လေ၊ ဒါနဲ့ ကိုကို အိမ်မှာ ရှိလား၊
ရှိရင် သူ့ ခဏ ခေါ်ပေးစမ်းပါ၊ ဟုတ်ကဲ့. . . ဟုတ်ကဲ့၊ ကျွန်မ ကိုင်ထားပါ့မယ်"

ချက်ချင်းလိုပင် တစ်ဘက်လိုင်းမှ အက်ရှန်၏ အသံကို ကြားရသည်။

"ကျွန်မပါကို. . . ဟို. . . ကျွန်မလေ. . . ဒီမှာ အလှပြင်ဆိုင်မှာ နည်းနည်းကြာနေလို့ပါ၊
လူများနေလို့ နည်းနည်းစောင့်နေရတယ်၊ အဲဒါ နည်းနည်းတော့ နောက်ကျမယ်လို့. . . ကို၊ ဒါပေမယ့်
ကျွန်မ ပြီးပြီးချင်း ပြန်လာခဲ့ပါ့မယ်၊ ကျွန်မ ပြန်ရောက်မှ ညစာစားကြမယ်နော်. . . ကို၊ ဟုတ်ကဲ့. . .



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ကဲ့၊ ကျေးဇူးပါပဲ. . ကို၊ ဒါပဲနော်. . . သိုင်းကျူး. . . ဒါလင်"

ဂျဲနက် ခုတင်နားသို့ ပြန်လျှောက်လာသည်။

"ကျွန်မ ပြန်တော့မယ်၊ ခွင့်ပြုဦးနော်၊ ဒီလောက်ဆို ကျေနပ်ရောပေါ့. . . ဟုတ်လား"

ယွန်ပေါက ခုတင်ပေါ်တွင် စန့်စန့်ကြီး အိပ်နေရာမှ စကားမပြောဘဲ ဂျဲနက် မျက်နှာကို စိုက်ကြည့်နေသည်။ သူ့စိတ်တွေ ဝေနေသည်။ အာရုံတွေ ပြန့်လွင့်နေသည်။ စိတ်ရှိတိုင်း ကြမ်းရမ်းပစ်လိုက်ချင်သော ဆန္ဒတွေ ဖြစ်ပေါ်လာသည်။

ဒီသူငယ်မ အဝတ်အစားတွေကိုပဲ ဆွဲဖြဲ ဆုတ်ဖြဲပစ်လိုက်ရမလား။ ဒါမှမဟုတ် သူ့ လုံးဝ မပြန်နဲ့တော့ဆိုပြီး အပြီးအပိုင်ပဲ သိမ်းပိုက်လိုက်ရတော့မှာလား။ ဒါမှမဟုတ် အက်ရှန် တစ်ခါတည်း အပြတ်ရှင်းပစ်လိုက်ရတော့မှာလား။

သူ တစ်ခုခုကို ဆုံးဖြတ်ချက် မချနိုင်သေးမီမှာပင် အခန်းအပြင်ဘက်မှာ တံခါးပြန်ပိတ် သွားသံ ကြားလိုက်ရသည်။

ယခုအခါ ဟင်နရီကလေးမှာ ရှေ့သွားများပင် ပေါက်၍ ထိုင်တတ်သည့် အရွယ်သို့ ရောက်လာခဲ့ပြီ ပြုံးပြုံးရွှင်ရွှင် ဝဝကစ်ကစ်နှင့် ချစ်စရာအလွန်ကောင်းသော လူချောကလေး တစ်ယောက် ဖြစ်သည်။ မိဘနှစ်ပါးနှင့် ဆွေမျိုးသားချင်းများမှာ ကလေးငယ်၏ ပါးစပ်မှ ဘာသာဘာဝထွက် လာသော နားဝင်ချိုစရာ အသံကလေးများကို ကြားရလျှင်ပင် ဝမ်းသာမဆုံး တပြုံးပြုံး ကြည်နူးနေကြတော့သည်။

တစ်အိမ်လုံးတွင် ဟင်နရီကလေး အချစ်ဆုံးလူကတော့. . . အက်ရှန်ပင် ဖြစ်သည်။ သူ့ကို ကြည့်ရသည်မှာ မိခင်နှင့် နေရတာထက် အက်ရှန်နှင့်နေရသည်ကို ပို၍ ပျော်နေပုံရသည်။ အက်ရှန်ကို မြင်လျှင် အငမ်းမရ ဖက်တက်သည်။

တနင်္ဂနွေနေ့ နံနက်ပိုင်းများတွင် အက်ရှန်က ကလေးငယ်ကို သူတို့ ခုတင်ပေါ် ယူလာခဲ့ပြီး ချော့မြူကစားနေတတ်သည်။ သူက ကလေးငယ်ကို လက်နှစ်ဘက်ဖြင့် အပေါ် မြှောက်ကစားသောအခါ ကလေးငယ်က ခြေလက်ကလေးတွေ ကားရား ကားရားနှင့် တခစ်ခစ် မြူးရွှင်နေတတ်သည်။

ထိုအချိန်မျိုးတွင် ဂျဲနက်မှာလည်း အနီးလာထိုင်ပြီး သားအဖနှစ်ယောက်ကို ကြည့်ကာ ပီတိတွေ ဖြာဝေနေမိသည်။ သူ့ဘဝတွင် ဘယ်တုန်းကမျှ မခံစားခဲ့ရသော စိတ်ချမ်းသာမှု တစ်မျိုးကိုလည်း ပြည့်ပြည့်ဝဝ ခံစားရမိသည်။

တစ်ချိန်တည်းတွင် ချစ်သောလင်၊ ချစ်သောသားတို့နှင့် သေတပန် သက်တဆုံး ပျော်ရွှင်စွာနှင့် နေထိုင်သွားချင်သော ဆန္ဒလည်း ပြင်းပြင်းပြပြ ဖြစ်ပေါ်လာမိသည်။

ယင်းဆန္ဒနှင့်အတူ သူ၏ ဘဝအလှနှင့် သူ့လင်၊ သူ့သားကလေးတို့၏ ဘဝအလှကို ဖျက်ဆီးပစ်နိုင်သည့် အဟန့်အတားဟူသမျှကို တွန်းလှန်တိုက်ထုတ်ပစ်ချင်သော အားမာန်တွေ လည်း တဖြည်းဖြည်း တိုးပွားလာခဲ့သည်။

နောက်ခြောက်လအတွင်း ဂျဲနက်၏ ဘဝသည် မယုံနိုင်လောက်အောင် ပြောင်းလဲ



www.burmeseclassic.com

www.burmeseclassic.com



ာခဲ့သည်။ သူ့ဘဝကို သူပြန်တွေးကြည့်လိုက်သောအခါ ကလေးတွေ အပျော်စီးကြသော ားရဟတ်ကြီးတစ်ခုပေါ်သို့ ရောက်နေသလို ထင်မှတ်ရသည်။

နောက်ဆုံးတော့. . . သူ့ဘဝသည် မိန်းမသားတစ်ယောက်အနေဖြင့် လူ့ဘဝတွင် အရာရာ ည့်စုံနေသော ဘဝပင် ဖြစ်သည်။ ချစ်သူ၊ သားကလေးနှင့် ချစ်လင်. . ၊ လင်တော်မောင်က ူအား ငံ့ထားမတတ် ချစ်ရှာသည်။ သူလိုချင်သည်ဆို့လျှင် ဘာကိုမဆို အချိန်မဆိုင်းဘဲ ချက်ချင်း ယ်ပေးသည်။ လက်စွပ်အသစ်၊ ဆွဲကြိုးအသစ်နှင့် နားကပ်အသစ်. . . ။

သူအချစ်ဆုံးသော လူစီယံတို့ မောင်နှမသုံးယောက်ကလည်း အချိန်ကာလနှင့်အတူ ကြီးပြင်းလာခဲ့ ကြသည်။ လူစီယံက ရှစ်နှစ်သား။ နီကိုက ခြောက်နှစ်သမီး။ ဒီစရီကလေးက လေးနှစ်သမီး. . ။ မိခင်ကြီး မဒမ်ဒူပရေးလည်း အသက်တစ်နှစ် ပိုကြီးလာ၍ မွေးနေ့ပွဲကျင်းပသည်။ အက်ရှန်လည်း အသက်အရွယ်နှင့် မလိုက်ဘဲ နားသယ်ဆံစများ ဖြူစပြုလာကြပြီ။ ဂျဲနက်ကတော့ ူ့ ယောက်ျားဆံပင်ဖြူလာတာကိုပင် အလွန် သဘောကျနေသည်။ ပို၍ ရင့်ကျက်လာခြင်း ာတွဏာဟု သူက ယူဆသည်။ အက်ရှန်က အသက် ၂၆နှစ် ပြည့်ပြီး ယွန်ပေါလည်း မကြာမီတွင် သက် ၃၀ ပြည့်တော့မည်။

မိခင်ကြီး အကူအညီ မယူဘဲ ဂျဲနက်ကိုယ်တိုင် ဦးစီးကာ အက်ရှန် ၂၆နှစ်ပြည့် မွေးနေ့ပါတီကြီး တခမ်းတနား ကျင်းပသည်။

သည်နှစ်သည် ဂျဲနက်အဖို့ ထူးခြားသော နှစ်ဖြစ်သည်။

အပြင်လောက ပတ်ဝန်းကျင် လူမှုရေး အသိုင်းအဝိုင်းတွင်လည်း လူသိများလာခဲ့သည်။ အက်ရှန် ဒူပရေးတို့ လင်မယားသည် ယွန်ပေါနှင့် အတူ ပါတီပွဲများ၊ အော်ပရာကပွဲများ၊ ဘဲလေးကပွဲများနှင့် အနုပညာပြပွဲများသို့ မကြာခဏ သွားရောက်ကြည့်ရှုကြသည်။ ဤသို့ဖြင့် ဆက်တန်းလွှာ လူမှုရေး အသိုင်းအဝိုင်းတွင် အလှဘုရင်မလေး တစ်ပါးအဖြစ် ရေပန်းစား ာခဲ့သည့် ဂျဲနက်မှာ. . .

တစ်ချိန်တည်းတွင် ပါရီတစ်မြို့လုံးတွင် ဝတ်စားဆင်ယင်မှု အလှဆုံး အမျိုးသမီး ဖြစ်လည်း ရွေးချယ် ခံရသည်။

တစ်နေ့ မွန်းလွဲပိုင်းတွင် သူနှင့် ဘလန်ရှေ့ကနားတို့သည် "မက်ဇင်" ဟိုတယ်၌ နေ့လယ်စာ စားပြီးနောက် "ခရစ်ရှန်ဒိုင်အော" ဖက်ရှင်တိုက်မှပြုလုပ်သော ဆောင်းဦးပေါက်ဖက်ရှင် ဝတ်စုံပြပွဲသို့ လာခဲ့ကြသည်။

စံပြမယ်များက ဖက်ရှင်ဝတ်စုံများကို တစ်မျိုးတစ်ဘာသာစီ ဝတ်ဆင်၍ အလှည့်ကျ ာသမည့် အချိန်ကို ထိုင်စောင့်နေစဉ် နောက်ဆုံးပေါ် အနားတိုဂါဝန်ကို ဘာ်လိုသဘောရသလဲဟု ဘလန်ရှေ့ကနားက ဂျဲနက် အား မေးသည်။ ဂျဲနက်က ပြန်ဖြေမလို့ ပါးစပ်ဟလိုက်စဉ်တွင် တစ်စုံတစ်ယောက်ကို လှမ်းမြင်လိုက် သဖြင့် ပါးစပ်ပြန်ပိတ်သွားလေသည်။

ဂျဲနက်၏ မျက်နှာတစ်ခုလုံးသည်လည်း ရုတ်တရက် သွေးဆုတ်သွားသလို ဖြူရော်ရော်ဖြစ် ားသည်။

ဘလန်ရှေ့က "ဘာဖြစ်တာလဲ. . နေမကောင်းလို့လား"ဟု မေးသော်လည်း ဂျဲနက်က



www.burmeseclassic.com

www.burmeseclassic.com



ပြန်မဖြေ။

သူသည် မြင်လိုက်ရသော မြင်ကွင်းကြောင့် ကိုယ့်မျက်စိ ကိုယ်မယုံကြည်နိုင်အေ ဖြစ်သွားသည်။ သူ့စိတ်အစဉ်သည်လည်း အတိတ်ကာလဆီသို့ တမဟုတ်ချင်း ပြန့်လွင့်သွားသ

သူမြင်လိုက်ရသော မြင်ကွင်းကား အခြားမဟုတ်၊ သူနှင့် သူချစ်သော ဖေဖေတို့ ရက်ရက်စက်စက် စွန့်ပစ်သွားခဲ့သော သူ့မိခင် မာဂဒါပင် ဖြစ်သည်။

သူက မိခင်ဖြစ်သူအား အရဲစွန့်၍ လှမ်းကြည့်လိုက်သည်။ သူ့မိခင်ကလည်း သူ မသိမသာ စောင်းကြည့်နေသည်။ မိခင်နှင့် သမီး။ သမီးနှင့် မိခင်တို့သည် ခန်းမအေ တစ်ဘက်တစ်ချက်စီတွင် ထိုင်လျက် တစ်ယောက်မျက်နှာကို တစ်ယောက်စိုက်ကြည့် နေကြသ

အရာရာကို အမြဲတမ်း စိတ်လိုက်မာန်ပါ လုပ်တတ်သော မာဂဒါက သမီးဖြစ်သ ထသွားချင်စိတ် ဖြစ်ပေါ်မိသော်လည်း ယင်းအခွင့်အရေးကို မရလိုက်ဘဲ ဖြစ်သွားတော့သ အဘယ်ကြောင့်ဆိုသော် ဂျဲနက်သည် တစ်ကိုယ်လုံး ကျင်စက်မိသွားသလို ခံစားနေရာမှ ဆိုင်း ဗုံမဆင့် ရုတ်တရက် ထရပ်လိုက်ပြီး ဘာစကားမျှ မပြောဘဲ အခန်းထဲမှ လှစ်ကနဲထွက်သ ခဲ့သောကြောင့် ဖြစ်သည်။ သို့ဖြင့် သူနှင့်အတူ လာခဲ့သူ ဘလန်ရှေ့ကနားမှာလည်း ပါးစပ်အဟေ သားနှင့် ကြောင်ကြောင်ကြီး ထိုင်ကျန်ရစ် ခဲ့တော့သည်။

ဂျဲနက်သည် ဇိမ်ခံကားကြီးနောက်တွင် ထိုင်ကာ အတွေးနက်၍ လိုက်ပါလာခဲ့သည်

အချိန်ကာလ အားဖြင့် ကြာတော့ ကြာခဲ့ပြီ။ သို့သော် သူလုံးဝ မမှားနိုင်။ သူ မေမေ ပုံများကို စာနယ်ဇင်းထဲတွင် အများကြီး မြင်ခဲ့ဖူးသည်။ မေမေ၏ ပုံပန်းသဏ္ဌာန်ကိုလ ဦးလေးဖြစ်သူ လီယွန်က တစ်ကြိမ်မက ပြောခဲ့ဖူးသည်။ ထို့ကြောင့် သူလုံးဝ မမှားနိုင်။ တ မေမေ အစစ်မှ မေမေအစစ်။

သည်အတွေးနှင့်အတူ အတိတ်မှ စိတ်မချမ်းမြေ့ဖွယ်ရာဖြစ်ရပ်များသည် သူ စိတ်မျက်စိရှေ့တွင် ရုပ်ရှင်ပိတ်ကားပေါ်မှာလို တစ်ခုပြီးတစ်ခု ဖြတ်ခနဲ ဖြတ်ခနဲ ပေါ်လာကြသ အထူးသဖြင့် ဖေဖေ့အကြောင်းကို သတိရလာမိသည်။ အသေစောပြီး သေခဲ့ရသော ဖေဖေ... ဖေဖေ။

ညနေပိုင်းကျတော့ လင်တော်မောင် အက်ရှန်က အော်ပရာဖွင့်ပွဲ သွားကြည့်ရန် အ ခေါ်နေသည်။ ဂျဲနက်က သွားချင်စိတ် တစက်ကလေးမျှမရှိ။ သိပ်နေမကောင်းဘူးဆို အစီအစဉ်ကို ဖျက်ပစ်လိုက်ရ ကောင်းမလားဟု စဉ်းစား မိသေးသည်။ သို့ပေမယ့် အတင်း နေသော လင်တော်မောင် အက်ရှန်ကို အားနာလွန်းသဖြင့် မလွှဲသာ၍ သဘောတူလိုက်ရသ

သို့ဖြင့် သူသည် အကောင်းဆုံးဝတ်စုံနှင့် အဖိုးတန်ဆုံး လက်ဝတ်ရတနာမျ ဝတ်ဆင်သည်။ ကြော့နေအောင် ပြင်ဆင်ဝတ်စားထားသော ဇနီးသည်ကို ကြည့်ပြီး အက် အံ့သြမဆုံး၊ ချီးကျူးမကုန် ဖြစ်နေသည်။ သို့သော် ယွန်-ပေါကတော့ စိတ်မရှည်နိုင်တော့

သို့ဖြင့် ကမန်းကတန်းနှင့် ကားပေါ် တက်လိုက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



အားလပ်ချိန်တွင် သူတို့သုံးယောက်သား အဖျော်ယမကာဆောင်သို့ ရောက်သောအခါ ဂျဲနက်တို့ လင်မယားက ရှမ်ပိန်အရက်ခွက်များကို ကိုယ်စီကိုင်လျက် အသိမိတ်ဆွေများနှင့် မတ်တတ်ရပ်ရင်း နှုတ်ဆက် ကျန်ရစ်ခဲ့ကြသည်။ ယွန်-ပေါကတော့ စိတ်မရှည်သဖြင့် စားပွဲဆီသို့ ဆက်လျှောက်လာခဲ့သည်။

ထိုအခိုက် နောက်မှတစုံတစ်ယောက်က သူ့ကျောကုန်းကို လှမ်းပုတ်လိုက်သည်။ ဖြတ်ခနဲ လှည့်ကြည့်လိုက်သောအခါ ရင်းနှီးကျွမ်းဝင်နေသော မိတ်ဆွေဟောင်းတစ်ယောက်နှင့် ပက်ပင်းတိုး မိတော့သည်။

"ဟာ အလက်ဇီ. . . တွေ့ရတာ ဝမ်းသာလိုက်တာ ခင်ဗျာ၊ ဒီက မြို့စားကတော်ကလဲ သာဝစဉ် အလှပန်းဆင်လျက်ပါပဲနော်၊ ကျွန်တော် ပြောတာ လွန်များ လွန်သွားပါသလား. . . ခင်ဗျာ"

"မေတ္တာနဲ့ ပြောရင် လွန်တယ်ဆိုတာ မရှိပါဘူး. . ရှင်၊ အများကြီး ကျေးဇူးတင်ပါတယ်၊ ဒါနဲ့ ကျွန်မတို့ ရှင့်ကို မတွေ့ရတာ တော်တော်ကြာသွားပြီး. . . နော်"

"ဟုတ်ပါတယ်. . . ခင်ဗျာ၊ ကျွန်တော် အလုပ်ကိစ္စနဲ့ ခရီးထွက်နေရလို့ပါ၊ ဒါနဲ့ ကျေးဇူးပြုပြီး ခဏလေး စောင့်ပါဦးနော်၊ ကျွန်တော့် ညီလင်မယားနဲ့ မိတ်ဆက်ပေးချင်လို့ပါ"

ဂျဲနက်က သိဟောင်းကျွမ်းဟောင်းတစ်ယောက်နှင့် မတ်တတ်ရပ်၍ စကားပြောနေစဉ် ယွန်-ပေါက သုတ်သီးသုတ်ပျာ ရောက်လာပြီး "ငါ့မိတ်ဆွေ လင်မယားနဲ့ မိတ်ဆက်ပေးချင်လို့ပါ" ဟုဆိုကာ ဂျဲနက်အား လက်ကိုဆွဲပြီး အတင်းခေါ်လာခဲ့သည်။

ဂျဲနက်သည် ယွန်-ပေါ၏ မိတ်ဆွေ လင်မယားရှေ့တွင် ကြက်သေသေကာ မတုန်မလှုပ် ရပ်နေမိသည်။ ဘာစကားကိုမျှလည်း မကြားရ။ မျက်စိကသာ မြင်နေရသည်။ သူ့ကို. . . သူ့ကို တစ်နေ့တည်း နှစ်ခါတောင်ထပ်တွေ့တာ မယုံနိုင်စရာပါပဲလားဟုလည်း တွေးလိုက်မိသည်။ ယွန်-ပေါက မိတ်ဆက်ပေးနေသော်လည်း သူက တစ်ခွန်းမှ နားမလည်လိုက်မိ။ သူမူးမေ့လဲသွားတော့ မလားဟုပင် ထင်လိုက်ရသည်။ သူ့အခြေအနေကို အက်ရှန်နှင့် ယွန်ပေါတို့က ချက်ချင်းပင် ရိပ်မိလိုက်ကြသည်။ သို့သော် ဘာဖြစ်နေသည်ဆိုတာကိုတော့ သူတို့က မခန့်မှန်းနိုင်ကြ။

"ဂျဲနက်"

ယွန်ပေါက ညင်သာစွာ ထပ်ခေါ်သည်။

"ရှင်. . . ဟုတ်ကဲ့"

ဂျဲနက်ပါးစပ်မှ အလိုလို ထွက်သွားမိတော့သည်။ ယွန်-ပေါက ဆက်ပြောသည်။

"ဟောဒါ. မြို့စားကြီး အလက်ဇီမက်ဇီမော့နဲ့ မြို့စားကတော် မာဂရေ့မက်ဇီမော့"

ဂျဲနက်က သူ့စိတ်ကို သူအားတင်းပြီး အေးစက်စက် အသံဖြင့် ပြန်ပြောသည်။

"ဟုတ်. . . ဟုတ်ကဲ့၊ တွေ့. . . တွေ့ရတာ အများကြီး ဝမ်းသာပါတယ်ရှင်"

မြို့စားကတော်လေးက ပြုံးပြီး. . .

"ကျွန်မတို့ကလဲ ထပ်တူထပ်မျှပဲ ဝမ်းသာပါတယ်ရှင်" ဟု ပြန်ပြောသည်။

လျှပ်တစ်ပြက်အတွင်း၌ပင် ဂျဲနက်၏ အသိအာရုံသည် အတိတ်ကာလဆီသို့



www.burmeseclassic.com

www.burmeseclassic.com



ပြန်ရောက်သွားသည်။ အတိတ်ဆီမှ ဖြစ်ရပ်များကို သူ့စိတ်မျက်စိထဲတွင် ပြက်ပြက်ထင်
မြင်ယောင်လာကြသည်။

**ဪ. . အန်ကယ် အလက်ဇီရယ်. . အန်ကယ့်ကို ကျွန်မသိပ်ပြီး ချစ်ပါတယ်
မေမေကလဲ အန်ကယ့်ကို အများကြီး ချစ်ပါတယ်။ မဖြစ်ဘူး။ မဖြစ်ဘူး။ ငါ. . ဒီနေရာက ချစ်
ပြန်မှ ဖြစ်တော့မယ်။**

ဂျဲနက်က အတွေးအိပ်မက်မှ ရုတ်တရက် လန့်နိုးလာပြီး အက်ရှန်အား ခပ်တိုး
ပြောလိုက်သည်။

"ကို. . . ကျွန်မ ဘယ်လိုဖြစ်သွားမှန်း မသိဘူး။ သိပ်. . နေမကောင်းချင်သလိုပဲ၊ ပြန်
ထင်တယ်၊ စောစောကတည်းက ကျွန်မ. . ကို့ကို ပြောခဲ့သားပဲ"

"ဟင်. . . ဟုတ်လား၊ ဒါဖြင့်လဲ ပြန်ကြတာပေါ့"

ထို့နောက် အက်ရှန်က ဧည့်သည်များအား ခွင့်တောင်း နှုတ်ဆက်ပြီးနောက် ယွန်-ပေါ
ဆက်လက် နေရစ်ရန် ပြောပြီး လင်မယားနှစ်ယောက် အငှားကားစီး၍ အိမ်သို့ ပြန်လာခဲ့ကြ

ကားပေါ်တွင် လိုက်ပါကြရင်း အက်ရှန်က ဇနီးသည်အား ပြောသည်။

"တကယ်တော့. . မင်းက အလုပ်တွေ များပြီး ပင်ပန်းနေတာပါ၊ အပန်းဖြေ
ထွက်လိုက်ရင် ကောင်းသွားပါလိမ့်မယ်၊ အကောင်းဆုံးကတော့ ဆွစ်ဇာလန်ကို သွား
လေကောင်းလေသန့် ရှူတာ အကောင်းဆုံး ပဲ၊ အဲဒါဆိုရင် ကျန်းမာရေးလဲ အများကြီး ကောင်းလာ
"လူစန်း"မြို့က တောတောင်ရှုခင်းတွေကို မြင်ရရင် မင်းသိပ်သဘောကျမှာပဲ၊ ဟိုတယ် ဆင
ဆောင်က လှမ်းကြည့်လိုက်ရင် ကမ္ဘာပေါ်မှာ အလှဆုံးရှုခင်းကို မြင်ရမယ်။ အဲဒီရောက်
မင်းအနေနဲ့ ရေခဲပြင် လျှောစီးတာကိုလဲ သင်နိုင်တယ်"

ဂျဲနက်လည်း သူ့အတွက် တကယ်ပင် အနားယူဖို့ လိုအပ်နေပြီဟု သဘော
လိုက်မိသည်။

သူတို့လင်မယား နှစ်ယောက်သည် ပင်လယ်ပြင်တွင် လှေစီးထွက်ကြသည်။ အက်ရှန်က အထ
တက်ကို ထိန်း၍ ရွက်လှေကို မောင်းနှင်နေသည်။ သို့သော်လည်း ဂျဲနက်မှာ စိတ်
ကြောက်သလိုလို၊ ရွံ့သလိုလို၊ လုံခြုံမှုမရှိသလိုလို ခံစားနေရသည်။ ပါရီမြို့တော်ကို စွန့်
ဝေးလံသော တစိမ်းနယ်မြေသို့ ရောက်ရှိနေသောကြောင့်လည်းဖြစ်နိုင်သည်။ သို့
အဓိကအကျဆုံးကတော့ အိမ်တွင် ကျန်နေခဲ့သော သားငယ် ဟင်နရီကို သတိရနေခြင်း
ဖြစ်သည်။ သားကလေးကို သတိရမိသောအခါ သူ့ စိတ်ထဲမှာ တစ်ခုခု မေ့ကျန်ရစ်သ
ခံစားမိသည်။

ညကျတော့လည်း အိပ်မပျော်ဘဲ မျက်လုံးတွေ ကြောင်နေတတ်သည်။ မနက်
တော့လည်း မျက်နှာကြက်ကိုစိုက်ကြည့်ရင်း တွေဝေနေတတ်သည်။ လင်တော်မောင် အ
ကတော့ သူ့ဘေးတွင် တခေါခေါ နှင့် အိပ်မောကျနေလျှက်. . .



www.burmeseclassic.com

www.burmeseclassic.com



ငါက အကြောင်းမဲ့ သက်သက် လျှောက်တွေးပြီး ပူနေတာပါ။ တကယ်တော့ ငါဟာ မိန်းမတစ်ယောက် အနေနဲ့ လောကမှာ လိုချင်တာအားလုံးရနေပြီပဲဟု တွေးရင်း ကိုယ့်ကိုယ်ကိုယ် ချော့သိမ့်သည်။ သို့သော် ဖြေသော်လည်းမပြေ။

လူစန်းမြို့တော်တစ်ခွင်တပြင်တွင် သာယာလှပသော တောတောင် ရှုခင်းများ ဝိုင်းဝိုင်းလည်နေသော်လည်း သူက ကြည်နူးစရာ တကွက်မှမတွေ့။ အခန်းကျဉ်းကလေးထဲတွင် ပိတ်လှောင် ခံနေရသလို ထင်မိသည်။ ခမ်းနားကြီးကျယ်လှသော ဟိုတယ်ကြီးကိုလည်း မမက်မော။ တွေ့ဆုံဆက်ဆံရသော လူတွေကိုလည်း ခင်မင် စရာဟူ၍မမြင်။ ရေခဲပြင်လျှောစီးခြင်းကိုလည်း စိတ်မဝင်စား။

ဤသို့ဖြင့် နောက်ဆုံးတော့ သူ့အနေဖြင့် ဘယ်လိုပင် ပျော်အောင် နေသော်လည်း မပျော်နိုင်သောကြောင့် ယောက်ျားဖြစ်သူအား "အိမ်ကိုပြန်ချင်လှပါပြီ ကိုရယ်" ဟု အတင်းပူဆာ နေတော့သည်။

သူတို့သည် အိမ်သို့ မနက် တစ်နာရီတွင် ပြန်ရောက်လာကြသည်။ သို့သော် ဂျဲနက်မှာ မိုးလင်းအောင် စောင့်မနေနိုင်တော့ဘဲ သားကလေး ဟင်နရီရှိရာ ကလေးဆောင်သို့သွားပြီး ကလေးကို ကောက်ချီ ကာ အငမ်းမရ ပွေ့ဖက်နမ်းရှုပ်နေမိတော့သည်။

ကလေးက အိပ်တစ်ဝက် နိုးတစ်ဝက်ဖြင့် ခြေလက်ကလေးတွေ ဆန့်ကာ သမ်းဝေပြီး မိခင်ဖြစ်သူကို ပြုံးပြသည်။ ကလေးငယ်ကလည်း သူ့ မိခင်ကို အလွန်အမင်း အောက်မေ့နေပုံရသည်။

သားကလေးက ပြုံးပြတော့ "အမယ် . . ငါ့သားလေး အပြုံးက သူ့ဖေဖေနဲ့ တူလိုက်တာ . . ။ မေမေ့ သားလေး ဒီလို ပြုံးပြရင် မေမေ အသည်းနှလုံးတွေ အားလုံး အရည်ပျော်ကုန်တော့တာပဲ သားလေးရယ်" ဟု ပြောကာ ဂျဲနက်က သားလေးအား တယုတယ နမ်းရှုပ်ပြန်သည်။

ထိုအခါ ခြောက်လသား အရွယ်သားငယ်က သူ့မိခင်အား ပို၍ပင် ပြုံးပြပြန်သည်။

ထို့နောက် သူ့အခန်းသို့ ပြန်လာခဲ့ပြီး အိပ်ရာဝင်သည်။ သို့သော် နာရီပိုင်းမျှသာ အိပ်ပြီးနောက် ခါတိုင်းထက် စောစော အိပ်ရာမှ ထကာ သားကလေးအခန်းသို့ လာခဲ့ပြန်သည်။ သူက မာဒလိန်းအား အနားယူခိုင်းလိုက်ပြီး သားကလေးကို သူကိုယ်တိုင် ရေချိုးပေးသည်။ သားကလေးက ရေဇလားကြီးထဲတွင် ရေတွေကို လက်နှင့်တဖြန်းဖြန်း ရိုက်ပုတ်ကစားသည်။ ခြေထောက်တွေ ယက်ကန်ယက်ကန် လုပ်သည်။ ရေထဲတွင် လေးဘက်တွား၍ သွားသည်။ သားကလေးရေကစား၍ ပျော်မြူးနေတာကို ကြည့်ပြီး ဂျဲနက်မှာ အလွန်ကြည်နူး နေမိရသည်။

ရေချိုးပြီးတော့ ကလေးကို ရေသုတ်ပေးပြီး ပေါင်ဒါလူး ပေးသည်။ ဆံပင်ကို အလယ် တည့်တည့်မှ နှစ်ခြမ်းခွဲပေးသည်။ ထို့နောက် အဝတ်အစား လဲပေးပြီးတော့ ဖခင်နှင့်အတူ နံနက်စာစားရန် အောက်ထပ်သို့ ဆင်းလာခဲ့သည်။

မနက်စာစားပြီးသောအခါ သားကလေးအား သူ၏ ဝမ်းကွဲအစ်ကို အစ်မများနှင့် ဆုံပေးရန် ခေါ်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်တော့. . . ထို့နောက်တော့. . .

ထို့နောက်တော့ ဂျဲနက်သည် ယွန်ပေါနှင့် တွေ့ဆုံရန် ထွက်လာခဲ့တော့သည်။

ယွန်ပေါက သူ့အား အကောင်းစား ရှမ်ပိန်အရက်နှင့် ကြိုဆိုဧည့်ခံသည်။

"ဒီအရက်က အကောင်းစား အရက်၊ ပရိုဗင့်စ်နယ်က တို့ခြံထွက် စပယ်ရှယ်အရ မြည်းကြည့် စမ်းပါ"

"ပရိုဗင့်စ်"ဟူသော စကားကိုကြားလိုက်ရတော့ ဂျဲနက်က အတိတ်ကို ပြန်လည် သတိရလာမိသည်။တစ်ချိန်တည်းတွင် ဒေါသစိတ်လည်း ဖြစ်ပေါ်လာမိသည်။ သို့ဖြင့် သူ လေသံမာမာဖြင့် ပြောလိုက်သည်။

"ဒါနဲ့ အစ်ကိုကြီး၊ အရေးကြီးတဲ့ စကားတစ်ခွန်း ပြောချင်တယ်၊ ကျွန်မတို့ လုပ်ငန်း ရပ်တန်းက ရပ်လိုက်ကြပါစို့လား"

"ဘာ. . . ဘာလို့ရပ်ရမှာလဲ၊ ငါနားမလည်ဘူး။ ငါနားလည်တာက ငါ့ညီ ဇနီးချောလေးနဲ့ တစ်သက်လုံး ဒီလိုနေသွားဖို့ပဲ၊ ရိုင်းတယ်လို့ပဲ ပြောချင်ပြော၊ ငါကတော့ မင်း ငါ့မယားတစ်ယောက်လိုပဲ သဘောထားတာပဲ၊ အဲဒီတော့ မင်းကလဲ ငါ့ကို လင်တစ်ယောက် သဘောထားပြီး မယားတာဝန်ကျေပွန် စေချင်တယ်"

"ဟင်. . . အစ်ကိုကြီးကလဲ ဘာစကားတွေ လျှောက်ပြောနေတာလဲ၊ ကျွန်မရဲ့ တရား ယောက်ျားကို ဘေးချိတ်ထားပြီး ကျွန်မက အစ်ကိုကြီးကို ဘယ့်နှယ်လုပ်ပြီး တာဝန်ကျေအောင် အလုပ်အကျွေးပြုနိုင်ပါ့မလဲ"

"မင်း ယောက်ျားကို ငါသောက်ဂရုမစိုက်ဘူး၊ မင်းက သူ့အပေါ်မှာ ပြုစုတာ လွန် လွန်လွန်းတယ်၊ ငါကြည့်ကြည့်နေတာ ကြည့်လို့ကို မရတော့ဘူး၊ ဒီအတိုင်းဆို ငါကြာကြာ သည်းခံနိုင်မှာ မဟုတ်တော့ဘူး၊ အဲဒါ မင်းကြပ်ကြပ်. . ."

"အလို ဘုရားရေ၊ ဒါတော့ လွန်ပြီ ထင်တယ် အစ်ကိုကြီး၊ အစ်ကိုကြီး ကြိုက်ချင်ကြိုက် မကြိုက်ချင်နေ၊ ကျွန်မ ယောက်ျားဟာ ကျွန်မ ယောက်ျားပဲ၊ ဒီစိတ်ကူးဟာ အစ်ကိုကြီး စိတ်ကူး မဟုတ်လား၊ ကိုကို့ကိုယူဖို့ အစ်ကိုကြီးကပဲ ကျွန်မကို အတင်းတိုက်တွန်းခဲ့တယ် မဟုတ်လား အစ်ကိုကြီး စိတ်ကူးက ရေရှည်မှာ အလုပ် မဖြစ်နိုင်တော့ဘူး"

"မင်း သူ့ကိုယူတာ ငါဘာမှ မပြောလိုပါဘူး၊ အေး. . . ဒါပေမယ့်. . ."သူက လေ လျော့ပြီး "ငါပြောနေတာ သူ့ကို မင်းက လိုတာထက်ပိုပြီး အချစ်ကြီး နေတာကို ပြောနေတာ"

"ဟုတ်တယ်လေ" သူ့ အသံမာလာသည်။ "ကျွန်မယောက်ျားကို. . . ကျွန်မယောက်ျား ကျွန်မ ချစ်ရမှာပေါ့၊ အဲဒါ ဘာဆန်းလို့လဲ"

"သိပ်ဆန်းတာပေါ့ကွ၊ ငါလဲ မင်းရဲ့ယောက်ျားတစ်ယောက်ပဲ၊ ငါကတောင် ပိုပြီး အစ် ကျသေးတယ်၊ ဒါနဲ့တောင်မှ မင်းတို့နှစ်ယောက်က ဒုတိယအကြိမ် ပျားရည်ဆမ်းခရီး ထွက်တုန်း ငါ့ဆီ စာကလေးတစ်စောင်တောင် လှမ်းရေးဖော်တောင် မရဘူး၊ စာကလေးတစ်စောင် မပြော ပို့စကတ်ကလေး တစ်ခုတောင် မပို့ဘူး" အသံက မာလာသလို မျက်နှာထားကလည်း ပို လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ဂျဲနက်က မျက်နှာကို မဲ့ရွဲ့ပြီး သရော်သံနှင့် ပြောသည်။

"ဒီလိုဆို ကျွန်မက ကျွန်မယောကျ်ားကို ဖြစ်ကြောင်းကုန်စင်ဖွင့်ပြောပြလိုက်ဖို့ အစ်ကိုကြီးက တိုက်တွန်းတာလား၊ ကိုကိုရယ် ဒါကလေးတော့ သည်းခံပါ၊ ကျွန်မမှာ ချစ်သူရှိလို့ပါ။ ကျွန်မချစ်သူက တခြားမဟုတ်ပါဘူး၊ ကိုကို့ အစ်ကိုကြီးပါ၊ ကျွန်မကို ကိုကို ယုယုယယ ပြုစုနေတာ မြင်ပြီး သူ့မှာ မရှုဆိတ် မနာလို သဝန်တိုစိတ်ကြောင့် သေမလောက် ခံစားနေရလို့ပါ ကိုကိုရယ်. . . လို့ ကျွန်မက သူ့ကို ပြောရမှာလား။ အင်း တကယ်ဆိုတော့ ကျွန်မ ဘဝက တကယ့်ကို မလွယ်ဘူးပါကလား၊ အစ်ကိုကြီးနဲ့ ကိုကို့ အကြားမှာ ကျွန်မဘယ်လောက် ဗျာများပြီး ဒုက္ခခံစားနေရတယ်ဆိုတာ အစ်ကိုကြီး မတွေးမိဘူးလား၊ ကျွန်မက လင်နှစ်ယောက်ရဲ့ မိန်းမအဖြစ်နဲ့ ဆန့်ကျင်ဘက် ဘဝနှစ်ခုကို တစ်ပြိုင်တည်း လှုပ်ရှားနေရတဲ့ လူပါ၊ ဘယ်လောက်အထိ ခက်ခဲကျပ်တည်းလိမ့်မယ်ဆိုတာ အစ်ကိုကြီး စဉ်းစားကြည့်ပါတော့"

"မဟုတ်သေးပါဘူး၊ မင်းပြောနေတာက တခြားပါ၊ ငါပြောတာက ငါ့နေရာမှာ ဝင်ပြီး ကြည့်ဖို့ ပြောနေတာပါ၊ မင်းပဲ တွေးကြည့်လေ၊ ငါ့မှာ ငါ့ရဲ့ရင်သွေး အရင်းကလေးကိုတောင်မှ တျေနပ်အောင် ချစ်ချင်လို့ ချစ်ခွင့်မရဘူး၊ ငါက ငါ့သားလေးကို ချစ်လွန်းလို့ ချီမလို့ လုပ်တောင်မှ ကလေးက မလိုက်ဘူး၊ အက်ရှန်ဆီပဲ ဝင်ပြေးတယ်၊ အဲဒါ ဘယ်သူ့ ပယောဂလဲ၊ အဓိကက မင်းပဲပေါ့၊ မင်းက ငါ့ကို သားလေးမချစ်အောင် သွေးခွဲထားလို့ အခုလို ဖြစ်ရတာပဲ မဟုတ်လား"

ယွန်ပေါက ဒေါသကို မနည်းထိန်းချုပ်၍ ပြောနေပုံရသည်။ ယွန်ပေါ၏ ဒေါသက ဂျဲနက်၏ ဒေါသကို မီးလောင်ရာလေပင့်သလို ဖြစ်သွားစေသည်။

ဂျဲနက်သည် ထိုင်ရာမှ ဆတ်ကနဲ ထကာ နားနှစ်ဘက်ကို လက်ဝါးဖြင့်ပိတ်ရင်း တံခါးဝသို့ ပြေးလာခဲ့သည်။

မျက်လုံးအစုံမှ မျက်ရည်တွေ ဖြိုင်ဖြိုင်ကျလျက် လှေကားအတိုင်း ပြေးဆင်းလာခဲ့ပြီး အသင့်ရပ်ထားသော ကားပေါ်သို့ ကမန်းကတန်းတက်လိုက်သည်။ ပြီးတော့ လက်ကိုင်ဘီးပေါ်တွင် မျက်နှာအပ်ကာ မိမိဘဝကို နာကျည်းစွာဖြင့် ရှိုက်ကြီးတငင် ငိုနေမိတော့သည်။

သူ ဘယ်လောက်ကြာကြာ ငိုနေမိမှန်းကိုပင် လုံးဝမသိတော့။ အချိန်အကြာကြီး ငိုနေမိခဲ့ကြောင်းကိုတော့ အကြမ်းအားဖြင့် သိမိသည်။

နာကျည်းမှုများနှင့် မျက်ရည်များ ပျောက်ကွယ် ခန်းခြောက်သွားသောအခါတွင်မှ သူ့အတွေးများ ပီပြင်ကြည်လင်လာခဲ့သည်။

ယွန်ပေါ ပြောလိုက်သောစကားများကို သူပြန်တွေး ကြည့်မိသည်။ တကယ်တော့ ယွန်ပေါ ပြောတာ မမှား။ သူ့ခမျာ ပိုင်လျက်နှင့် မဆိုင်သူဘဝ ရောက်နေရသည်။ ဝိုင်းပယ်ခံနေရသည်။ ကိုယ့်ရင်သွေး သားအရင်း ကလေးကိုပင် ချစ်ချင်သလောက် ချစ်ခွင့်မရရှာ။ တကယ်တော့ မိမိက အတိတ်၏ ဖြစ်ရပ်တွေကို ပြန်ဖော်မိတာ အလွန်မှားသည်။ မြွေမသေ တုတ်မကျိုး ပဉ္စပွန်ကာလတွင် အရှိအရှိအတိုင်း နေသွားလျှင် ယခုလို ပြဿနာတက်စရာ လုံးဝမရှိ။

ဂျဲနက်သည် ယင်းသို့ တွေးမိပြီး ယွန်ပေါ ဘက်သို့ စိတ်ညွတ်လာမိသည်။ ယွန်ပေါကို သနားလာမိသည်။



www.burmeseclassic.com

www.burmeseclassic.com



သူက မျက်ရည်များကို ကမန်းကတန်း သုတ်ပစ်လိုက်ပြီး ကားပေါ်မှ ပြန်ဆင်းသည်။ ပြီးတော့ လှေကားအတိုင်း ပြန်တက်လာခဲ့သည်။

သူက တံခါးကိုပြန်ဖွင့်ပြီး အထဲသို့ လှမ်းကြည့်လိုက်သည်။

ယွန်ပေါသည် ခေါင်းကို လက်နှစ်ဘက်ဖြင့် အုပ်ကာ ကြမ်းပြင်ပေါ်တွင် ဆောင့်ကြောင့် ထိုင်နေသည်။ မီးဖိုဘေးတွင် ရှမ်ပိန်အရက်ပုလင်းကွဲ အစအနများ ပြန့်ကျဲနေသည်။ ကော် ပေါ်တွင်လည်း အရက်တွေ ဖိတ်စဉ် စိုရွှဲနေသည်။

ဂျဲနက်က သူ့အနားသို့ လျှောက်သွားပြီး လည်ပင်းကို သိုင်းဖက်လိုက်သည်။ ပြီး တချက်နမ်းလိုက်ရင်း. . .

"အစ်ကိုကြီး ကျွန်မကို ခွင့်လွှတ်ပါ၊ အစ်ကိုကြီး ဘယ်လောက် ခံစားနေရတယ်ဆို ကျွန်မ သဘောပေါက်ပါပြီ. . . "

ယွန်ပေါက ဂျဲနက်အား ပြန်ဖက်လိုက်သည်။ သူက. . . ဟန်မဆောင်နိုင်တော့။

"မင်းကို ငါအများကြီးချစ်ပါတယ် ဂျဲနက်. . . ငါ့ဘဝမှာ မင်းမရှိရင် သေတာ ဘာမှမထူးတော့ဘူး၊ မင်းနဲ့ မတွေ့ရရင် ငါဘယ်လိုမှ နေလို့မရသလိုဘဲ၊ ဘယ်လိုမှ မဖြစ်နိုင်ပေမယ့် မင်းကိုငါ ငါတစ်ယောက်တည်းပဲ ပိုင်ချင်တယ်"

ဂျဲနက်က ယွန်ပေါ၏ ဆံပင်များကို သူ့လက်ချောင်းများနှင့် မွှေဖွထိုးဆွနေရင်း လေညင်းသံဖြင့် တိုးတိုးပြောသည်။

"ဟုတ်ပါတယ် အစ်ကိုကြီးရယ်. . . ကျွန်မကို အစ်ကိုကြီးပိုင်ဆိုင်ပါတယ်၊ ကျွန်မ ကလေးကိုလဲ အစ်ကိုကြီးပဲ ပိုင်ပါတယ်၊ ဘာတွေပဲ ဖြစ်နေ ဖြစ်နေ၊ ကျွန်မနဲ့ အစ်ကိုကြီး ဘယ်နေရာပဲ ရောက်နေရောက် နေ၊ ကျွန်မတို့ ဘဝကို ဘယ်သူမှ ပြောင်းလဲပစ်မပစ်နိုင်ပါဘူး ဒီအချက်ကို မမေ့ပါနဲ့. . . ဘယ်တော့မှ မမေ့ပါနဲ့"

ယွန်ပေါက သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်ပြီးနောက်. . . .

"မင်းပြောတာ ဟုတ်ပါတယ်၊ ဒါပေမယ့်. . ငါ့အနေနဲ့က ဒီလောက်ကလေးနဲ့ ဘယ်လို မကျေနပ်နိုင်ဘူး၊ အမှန်ကို ပြောရရင် မင်းကို ဆုံးရှုံးရတဲ့နေ့မှာ ငါ့ဘဝလဲ ဆုံးရှုံးရတော့မှာပါ ငါ့အနေနဲ့ တခြားဘာမှ တွယ်တာနေစရာ မရှိတော့ပါဘူး"

"ကျွန်မကို အစ်ကိုကြီး ဘယ်တော့မှ မဆုံးရှုံးစေရပါဘူး. . . အစ်ကိုကြီးရယ်၊ ကျွန် တကယ်ပြောတာပါ"

ထို့နောက်တော့ သူတို့နှစ်ယောက်သည် နောက်ထပ် ဘယ်တော့မှ မဆုံဆည်းနိုင် တော့သည့်အလား တစ်ယောက်ကို တစ်ယောက် တင်းကျပ်စွာ ပွေ့ဖက်ထားလိုက်ကြတော့သည်။

◆◆◆

www.burmeseclassic.com

www.burmeseclassic.com

# [ ၂၄ ]

မာဂဒါသည် လွယ်လွယ်နှင့်စိတ်ဓာတ်ကျတတ်သော အမျိုးသမီးမဟုတ်။ သို့ကြောင့် သူသည် သမီးအရင်းခေါက်ခေါက်၏ နှစ်ကြိမ်တိုင်တိုင် မျက်ကွယ်ပြုခြင်းကို ခံခဲ့ရသည့်တိုင်အောင် မျှော်လင့်ချက်ကို မစွန့်လိုသေး။ တစ်နည်းနည်းဖြင့် သမီးဖြစ်သူ၏ အချစ်ကို ရအောင်ယူမည်ဟု ဆုံးဖြတ်ချက်ချမိသည်။ အချစ်ကို မရနိုင်တောင်မှ မိတ်ဆွေအဖြစ်ကိုတော့ ရနိုင်ကောင်းပါရဲ့ ဟုလည်း မြေသိမ့်မိသည်။

ထို့ကြောင့် . . . သူက ညစာစားပွဲတစ်ခု ပြုလုပ်ရန် စီစဉ်သည်။ ဂျဲနက်တို့ ဇနီးမောင်နှံဆီသို့ ဖိတ်စာ တစ်စောင် ပို့လိုက်သည်။ တစ်ချိန်တည်းတွင် ယွန်ပေါထံသို့လည်း တစ်စောင်ပို့သည်။ သူက ယွန်ပေါကို ကြားခံ "သံတမန်" လုပ်၍ သမီးဖြစ်သူနှင့် ပြန်ပေါင်းထုတ်ရန် ရည်ရွယ်ခြင်းဖြစ်သည်။

သို့သော် သူက သိပ်တော့ မျှော်လင့်ချက် မထား။ သူ့ ညစာစားပွဲသို့ ဂျဲနက် မလာဖို့သာ ပိုများသည် ဟု တွက်ထားမိသည်။

မာဂဒါ တွက်သည့်အတိုင်း မိခင်ထံမှ ဖိတ်စာရောက်လာသောအခါ ဂျဲနက်က ဆုတ်ဖြဲပစ်လိုက်သည်။ နောက်တစ်ရက် နှစ်ရက် အကြာတွင် ဂျဲနက်တို့နှင့်အတူ နေ့လယ်စာ စားရင်း ယွန်ပေါက ပြောသည်။

"မနေ့က ငါ မက်ဇီမော့ မြို့စားကတော်နဲ့ တွေ့ခဲ့ရတယ်၊ သူက ညစာစားပွဲလုပ်ဖို့ စီစဉ်ထားတာ မင်းနဲ့ အက်ရှန်တို့ နှစ်ယောက်ကိုလည်း ဖိတ်ထားတယ်လို့ ပြောတယ်၊ ငါ့ဆီလဲ ဖိတ်စာပို့တယ်၊ ဒါဆို အတော်ပဲပေါ့၊ တို့သုံးယောက် အတူတူသွားကြတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မတို့ မသွားဘူး" ဂျဲနက်က နှုတ်ခမ်းကို တင်းတင်းကိုက်ပြီး ပြန်ပြောလိုက်သည်။

"ဒါပေမယ့်. . . မင်းသွားရင် တကယ်ပျော်ရမှာပါ"

"ဘာဖြစ်လို့လဲ"

"သူ့ ပါတီပွဲတွေက သိပ်ပြီး နာမည်ကြီးတယ်၊ ပါရီတစ်မြို့လုံးက အရေးကြီး ပုဂ္ဂိုလ်တိုင်းလိုလို လာကြတယ်"

"ကျွန်မ သိပါတယ်၊ သူတို့အကြောင်းတွေ သတင်းစာထဲမှာ ကျွန်မ ဖတ်ဖူးပါတယ်၊ ကျွန်မက သူ့ဖိတ် စာကို ငြင်းလိုက်တယ်၊ မတက်ရောက်နိုင်တာ ခွင့်လွှတ်ပါလို့ တောင်းပန်စာ ပို့လိုက်ပြီးပြီ"

ယွန်ပေါ တွေသွားမိသည်။ အံ့လည်း တော်တော်အံ့ဩ သွားမိသည်။

**ဂျဲနက် ဘာဖြစ်လို့ မတက်တာလဲ၊ မြို့စားကတော်ကို သူက မနာလိုဖြစ်နေလို့လား၊ မြို့စားကတော်ကလည်း ဝတ်စားဆင်ယင်မှု အလှဆုံး အမျိုးသမီးစာရင်းမှာ ပါတယ်၊ ဒါပေမယ့် ဒီအချက်ဟာ အသေးအဖွဲ့ပါ။ ဒီအကြောင်းကြောင့်တော့ မဖြစ်နိုင်ပါဘူး။ အဲ တစ်ခုတော့ ရှိတယ်၊ အော်ပရာပြပွဲတုန်းက မြို့စားကတော်လေးကို မိတ်ဆက်ပေးတော့. . ထူးထူးခြားခြား မျက်နှာပျက် နေတယ်။**

သူက ယင်းသို့တွေးမိပြီးနောက် ဂျဲနက်အား ပြောလိုက်သည်။

"ဘယ်လိုပဲဖြစ်ဖြစ် ဒီလိုပွဲမျိုးကို မင်းတို့လင်မယားအနေနဲ့ လက်လွှတ်ခံဖို့ မကောင်းဘူး ဘာလဲ. . . မင်းက သူတို့ကို အထင်မကြီးလို့လား"

"မဆိုင်ပါဘူး၊ ကျွန်မက သူတို့ကို သိတောင် မသိပါဘူး"

"ဒါဆိုရင် မင်းပြန်စဉ်းစားဖို့ကောင်းတယ်"

"ပြန်စဉ်းစားနေစရာမလိုပါဘူး"

"ဘာဖြစ်လို့လဲ ပြောစမ်းပါဦး"

"ဘာဖြစ်လို့လဲဆိုရင်. . . ကျွန်မတို့ မအားလို့ပေါ့၊ ဒီကိစ္စ ကျွန်မနဲ့ ကိုကိုတို့ အပြီး ဆွေးနွေးပြီးပါပြီ၊ သူတို့က ကျွန်မတို့ထက် အသက်ကြီးပါတယ်၊ မိတ်ဆွေဖွဲ့တယ်ဆိုတာ သက်တူ ရွယ်တူ၊ ဒါမှမဟုတ် မတိမ်းမယိမ်းတွေပဲ ပေါင်းလို့ သင်းလို့ ကောင်းပါတယ်၊ ကျွန်မက ကိုယ်နဲ့ ဘက်မညီတဲ့ လူတွေဆီက ဖိတ်စာတွေကို လက်မခံပါဘူး. . . ကျွန်မကို ခွင့်ပြုပါဦး"

ဂျဲနက်က ထိုင်ရာမှ ဆတ်ခနဲထပြီး အခန်းထဲမှ ပြန်ထွက်သွားသည်။

ဂျဲနက်၏ အပြုအမူကြောင့် ယွန်ပေါသာမက အက်ရှန်ပါ အံ့ဩသွားရသည်။ သို့သော် နောက်ပိုင်း အက်ရှန်က ဂျဲနက်အား အကျိုးအကြောင်းကို ပြန်မေးကြည့်သည်။ သို့သော် ထူး အကြောင်းမထူး။ ဂျဲနက်က ဒီကိစ္စ လုံးဝဆက်မဆွေးနွေးချင်ဘူးဟု အပြတ်ပြန်ပြောသည်။ အက်ရှန်မှာ သိချင်စိတ်ပြင်းပြသော်လည်း ဆက်မမေးတော့တာပဲ အကောင်းဆုံးဟု သဘော ကာ လက်လျှော့လိုက်တော့သည်။

နောက်တစ်ပတ်အကြာတွင် ဖိတ်စာတစ်စောင် ထပ်ရောက်လာပြန်သည်။ ယင်းဖိတ်စာ ကိုလည်း ဂျဲနက်က ဆုတ်ဖြဲပစ်လိုက်ပြန်သည်။ နောက်နှစ်ပတ်ကြာတော့ တစ်စောင်ထပ်



www.burmeseclassic.com

www.burmeseclassic.com



ပြန်သည်။ ဒီအတိုင်း နေလို့တော့ မဖြစ်တော့ဘူး၊ စောစောကတည်းက အပြတ်ရှင်းလိုက်တာ ကောင်းဆုံးပဲ ဟု ဂျဲနက်က ဆုံးဖြတ်လိုက်သည်။ ထို့ကြောင့် သူက ဒရိုင်ဘာ အွန်ဒရေကို ပြီး သူ့ကို စိန့်လူဝီကျွန်းသို့ လိုက်ပို့ရန် ပြောသည်။

မိဖော်မှူးက မြို့စားကတော်ကို သွားပြောတုန်း ဂျဲနက်က ခန်းမဆောင်ထဲမှ ထိုင်စောင့် ရစ်သည်။

မကြာမီတွင် အမျိုးသမီးနှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး နေကြသည်။

မာဂဒါ၏ မျက်နှာမှာ ဝမ်းသာစိတ်ကြောင့် လန်းဆန်းကြည်လင်နေသည်။

"အခုလို တွေ့ရတာ အများကြီး ဝမ်းသာပါတယ်ကွယ်"

ဂျဲနက်မျက်နှာသုန်မှုန်သွားသည်။ သူက ခေါင်ညိတ်ရုံသာ ညိတ်ပြလိုက်သည်။

"တို့ ဧည့်ခန်းကို သွားကြရအောင်"

ဧည့်ခန်းထဲတွင် နှစ်ယောက်သား ထိုင်ကြပြီးသောအခါ မာဂဒါက ပြောပြန်သည်။

"ဒါနဲ့ ဘာသုံးဆောင်မလဲ၊ ရှယ်ရီလား. . ဒါမှမဟုတ် တစ်ခုခု. . ."

"နေပါစေ. . . ကျေးဇူးတင်ပါတယ်၊ ကျွန်မလာတာ မိတ်ဖွဲ့ဖို့လာတာ မဟုတ်ပါဘူး"

ရုတ်တရက် မျက်ရည်လည်သွားသဖြင့် မာဂဒါက စိတ်ကို ထိန်းပြီး စီးကရက်တစ်လိပ် ယူလိုက်သည်။ မီးညှိတော့ သူ့ လက်တွေ တုန်နေသည်။

"ဒါဖြင့် သမီး ဘာဖြစ်လို့ လာတာလဲ"

ဂျဲနက်က သက်မတစ်ချက် ချလိုက်သည်။ သူ့ရှေ့တွင် ထိုင်နေသော မိန်းမမှာ တခြားသူ တော့။ သူမအလွန် ရွံမုန်းသော မိခင်ရင်းပင် ဖြစ်သည်။ သို့သော် သူက ဘယ်လောက်ပင် မုန်းသော်လည်း သူမ၏ အတွင်းစိတ်ကတော့ သည်မိန်းမနှင့် အလွန် တွေ့ချင် ဆုံချင်နေမိသည်။ ခု ယင်းမိန်းမနှင့် တွေ့ရပြီ။ အမည်မဖော်တတ်သော ခံစားချက် တစ်ရပ်သည် ရင်ထဲမှ ထိုက်တက်လာသည်။ သူက စိတ်ကို ထိန်းပြီး ပြောသည်။

"ကျွန်မ ဘယ်က စပြောမှန်းတောင် မသိဘူး၊ ဒီလို တွေ့လိမ့်မယ်လို့လဲ လုံးဝ မမျှော်လင့် ဘူး၊ ဒါပေမယ့် တစ်နေ့မှာ မလွဲမသွေ ဆုံနိုင်တယ်ဆိုတာ စိတ်ထဲမှာအလိုလိုသိနေမိတယ်၊ ကျွန်မကို မုန်းတယ်လို့တော့ မထင်ပါနဲ့၊ ကျွန်မ ဒီကို လာတာဟာ ကျွန်မအထင်တော့ "မေမေ့ကို ကျွန်မ သိပ်မုန်းတယ်၊ မေမေ့အကြောင်း ဆို ဘာမှ မသိချင်ဘူး၊ ဘာမှမကြားချင်ဘူး၊ မေမေနဲ့ စကားလဲ မပြောချင်ဘူး" ဆိုတာကို တွေ့တွေ့ဆိုင်ဆိုင် ပြောချင်လို့ လာခဲ့တာပဲ၊ ဒါပေမယ့် တကယ်ဆိုတော့ ဒါက အမှန်တရား မဟုတ်ပါဘူး၊ အမှန်တရားကတော့ မေမေ့ကို ကျွန်မ စကားတစ်ခွန်း ပြောချင် တယ်၊ အဲဒီစကားကို မေမေကတော့ အလေးအနက် ထားချင်မှ ထားမယ်၊ အဓိပ္ပာယ်ပေါက်ချင်မှ ပေါက်မယ်၊ ဘာဖြစ်လို့လဲဆိုတော့ မေမေကလဲ ကျွန်မ မေမေ မဟုတ်တော့ဘူး၊ ကျွန်မကလဲ မေမေ့ သမီးမဟုတ်တော့ဘူး၊ ဒါပေမယ့် ကျွန်မ တတ်နိုင်သမျှ ကြိုးစားပြီး ပြောပါမယ်၊



www.burmeseclassic.com

www.burmeseclassic.com



"ကလေးတစ်ယောက်ရယ်လို့ မွေးလာပြီး သူ့မှာ အမေမရှိတော့ဘူးလို့ သိရတဲ့အ အဲဒီကလေးဟာ ဘယ်လိုနေမလဲ၊ ဘယ်လို ခံစားရမလဲ၊ ဒါကို မေမေ စဉ်းစားမိသလား၊ သ ပေါက်မိသလား၊ သဘောပေါက် မိတယ်ပဲထားဦး၊ အဲဒီအမေဟာ ဘယ်လိုအမျိုး လူတွေကတော့ ကလေးတစ်ယောက်ဟာ ဒီအထိ နားလည်နိုင်တဲ့ အသိမရှိနိုင်ဘူးလို့ ပြောကြ ထားပါတော့. . အခုဆိုရင် ကျွန်မမှာ ကလေးတစ်ယောက် ရှိနေပါပြီ၊ ကျွန်မကိုယ် ကျ ခြောက်ပြစ်ကင်းသဲလဲစင် မိခင်တစ်ယောက်လို့ မပြောလိုပါဘူး၊ ဒါပေမယ့် ကျွန်မကို ကျွန်မ လုပ်သွားသလို ကျွန်မသားကလေးကို ကျွန်မမလုပ်နိုင်ပါဘူး၊ ကျွန်မ သားကလေးကို ကျ စွန့်ပစ်မသွားနိုင်ပါဘူး၊ ကျွန်မ သားလေးဟာ ကျွန်မနှလုံးသားထဲက မွေးဖွားလာတဲ့ ရင်သွေး ကျွန်မရဲ့ အသက်ပါ၊ ဟုတ်ပါတယ်၊ ကျွန်မဟာ ယောကျ်ားတစ်ယောက်၊ အခြားယောကျ်ား ယောက်ကို သွေးရူးသွေးတန်း ချစ်မိတဲ့အတွက် ကျွန်မ သားကလေးကို ဘယ်တော့မှ ပစ်မ နိုင်ပါဘူး၊ ကျွန်မကို ကျွန်မ သံယောဇဉ်ကင်းတဲ့ သူတော်စင် အမျိုးသမီး တစ်ယောက် မပြောလိုပါဘူး၊ ဟုတ်လဲ မဟုတ်ပါဘူး၊ ကျွန်မဟာ မေမေ့သမီးပါ၊ ဒါပေမယ့် ကျွန်မမှာ ချစ်သူ တစ်ဒါဇင်လောက်ပဲရှိပါစေ၊ ကျွန်မ သားလေးကိုတော့ ဘယ်နည်းနဲ့မှ ပစ်မသွားနိုင်ပါ မေမေကတော့ ချစ်သူတစ်ယောက်အတွက် ကျွန်မကို ပစ်သွားတယ်၊ ပစ်သွားရုံတင် မ စာမှန်မှန် ရေးပါ့မယ်လို့ ပြောသွားတဲ့ ကတိကိုလဲ ဖျက်သေးတယ်၊ ကျွန်မ နေ့ရှိသရွေ့ စောင့်မျှော် ခဲ့ပါတယ်၊ မေမေ့ဆီက စာတော့ လာမှာပဲ လာမှာပဲ ဆိုပြီး နေ့ရှိသမျှ တမျှော်မျှော် နေခဲ့ပါ ဒါပေမယ့် ရက်တွေ လတွေ ညောင်းပြီး နှစ်နဲ့ချီကြာလာပေမယ့် မေမေ့ဆီက ဘာစာမှ မလာ အဲဒီတော့မှ ကျွန်မအဖြစ်မှန်ကို သဘောပေါက်လာမိတယ်၊ ဒီလောကမှာ ငါ့သမီးလေး တစ်ယော ရှိနေပါသေးကလားဆိုတာ မေမေ လုံးဝ မစဉ်းစားတော့ဘူးလို့ ကျွန်မ ဆုံးဖြတ်ချက်ချလိုက်မိ ဒါနဲ့ စကားစပ်လို့ မေးရဦးမယ်၊ မေမေ ထွက်သွားပြီးတဲ့နောက် ဖေဖေဟာ အရူးတစ်ပိုင်း စိတ်ရောဂါကု ဆေးရုံရောက်သွားတယ်ဆိုတာ မေမေသိရဲ့လား၊ နောက်နှစ်နှစ်အကြာ သူဆုံးတာကိုရော မေမေ သိရဲ့လား၊ ဖေဖေဟာ ရိုးရိုးသေရတာမဟုတ်ဘဲ ကိုယ့်ကိုယ်ကိုယ် သတ် သွားတယ်ဆိုတာကိုရော မေမေ သိရဲ့လား"

နောက်ဆုံး စကားမှာ မာဂဒါ အခံရဆုံး ဖြစ်သည်။ ယင်းစကားကို ကြားလိုက်ရ သူ့ ရင်ဘတ်ကို တင်းဘုတ်ကြီးဖြင့် ပြင်းထန်စွာ အထုခံလိုက်ရသလို ထင်မှတ်လိုက်မိ သူသည် စိတ်ရောကိုယ်ပါ နုံးကျ သွားသည်။

ထိတ်လန့် တုန်လှုပ်ခြင်းနှင့် ရှက်ကြောက်ခြင်း ဝေဒနာနှစ်ရပ်သည် သူ့ ရင်ထဲ လှိုင်းတံပိုးများပမာ ပြင်းထန်စွာ ရိုက်ခတ်နေကြသည်။

ဩော်. . . ဘုရား. . . ဘုရား၊ သူ. . . သူ၊ ကိုယ့်ကိုယ်ကိုယ် သတ်သေသွားတယ် ကလား။

ဟုတ်ပါသည်။ သူ့အကြောင်းကို ကမယ်ထံမှတဆင့် သိခဲ့ရသည်။ သို့သော် သူသေ ပြီးလောက်သာ သိခဲ့ရခြင်း ဖြစ်သည်။ ကမယ်က အရေးမကြီးသလို အေးစက်စက် အမူအရာ ပြောခဲ့ခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုပင်ဖြစ်ဖြစ် မာဂဒါ အကြောင်းစုံကို စာရေး၍ မေးရန် စိတ်ကူးခဲ့ပါသေးသည်။ သို့သော် အခုမှ လာပြီး လုပ်မနေစမ်းပါနဲ့ဟု အပြောခံရမည်စိုး၍ မရေးဖြစ်ခဲ့ခြင်း ဖြစ်သည်။ ပြီးတော့ အကြောင်းစုံ သိရတော့ကော သူ့အနေဖြင့် ဘာတတ်နိုင်ဦးမှာလဲ။ ဘာကူညီနိုင်မှာလဲ။ ဘာမှ အကြောင်းမထူးတော့။

သို့သော်. . . သို့သော် ကိုယ့်ကိုယ်ကိုယ် သတ်သေသွားသည်ဆိုတာကတော့ ဆိုးရွားလှပါသည်။ ရင်နာ စရာကောင်းလှပါသည်။ ကြားရတာ မသက်သာ လှပါကလား။

တကယ်တော့. . . မိမိအား ဘုရားသခင်က ဒဏ်ခတ်သင့်သည်ဟုလည်း အလေးအနက် ခံယူမိသည်။ အပြစ်ကင်းစင်သော ချစ်လင်ကြီးနှင့် ဥမမည်ဖမမြောက်သေးသော သမီးငယ်တို့အား ရက်ရက်စက်စက် စွန့်ပစ်လာခဲ့သော မိမိအား တကယ်ပင် ဒဏ်ခတ်သင့်ပါသည်။

သည်အချိန် ကျမှတော့ မိမိအနေဖြင့် ကိုယ့်ကိုယ်ကိုယ် ကာကွယ်ချေပနေစရာ အကြောင်းမရှိတော့။ ပေးလာသော ပြစ်ဒဏ်ကို ကြည်ကြည်ဖြူဖြူ ခံယူဖို့သာ ရှိပါတော့သည်။

ယခုတော့. . သူအလွန် တွေ့ချင်လှသော သမီးကလေးကို တွေ့ရပြီ။ သူ အလွန်ချစ်သော သမီးလေးကို တွေ့ရပြီ၊ သူ့ဘာစကားကို ဘယ်လိုပြောရပါ့။

သူ့ သမီးက သူ့ကို တန်ဖိုးမရှိသော မိန်းမ တစ်ယောက်ဟု သဘောပိုက်ထားတာကတော့ သေချာနေပြီ။ သူ့ကို မုန်းတီး ရွံရှာနေတာကတော့ သေချာနေပြီ။ မုန်းပါစေတော့၊ မုန်းပါစေတော့. . . ။

"အဲဒီတော့ ကျွန်မ တစ်ခုတောင်းပန်ချင်တာကတော့ ကျွန်မဆီကို နောက်ထပ် ဘာဖိတ်စာမှ လာမပို့ပါနဲ့တော့၊ ကျွန်မမှာ အမေမရှိတော့ဘူး၊ ကျွန်မ ငါးနှစ်အရွယ်ကတည်းက ဆုံးသွားပြီဆိုပြီး ကျွန်မက ကျွန်မယောကျ်ားနဲ့ သူ့ မိသားစုတွေကို ပြောထားတယ်၊ ကျွန်မအနေနဲ့လည်း ဒီအတိုင်းပဲ တကယ်ခံစားရလို့ပါ၊ အဲဒီ တော့ ကျွန်မတို့ နောင်ကို မလွှဲမရှောင်သာလို့ ဆုံကြရင်လည်း ဘယ်လိုမှ စိတ်မကောင်း မဖြစ်ပါနဲ့၊ သူစိမ်း တရံဆံတွေလိုပဲ ကိုယ့်ဘဝနဲ့ကိုယ် နေသွားကြတာ အကောင်းဆုံးပါပဲ၊ ကျွန်မတို့က ကလေးတွေလည်း မဟုတ် ကြတော့ပါဘူး၊ ကျွန်မ ဒီစကားကို ပြောချင်လို့ လာခဲ့တာပါ" သူက ပြောရင်း အသက်ရှူကျပ်လာသလို ခံစားရသည်။ "တကယ်တော့ ကျွန်မ ဒီစကားတွေကို ပြောနေရတာ တစက်ကလေးမှ စိတ်မချမ်းသာပါဘူး၊ ကျွန်မ ကလဲ့စားချေချင်တဲ့ သဘောနဲ့ ပြောနေတာ မဟုတ်ပါဘူး၊ အဲဒီ စိတ်မျိုးလည်း လုံးဝမရှိပါဘူး၊ ကျွန်မ ရင်ထဲမှာ ခံစားနေရတာကို အမှန်အတိုင်း ပြောနေတာပါ။ ကျွန်မမှာ ဘယ်တုန်းကမှ မရှိခဲ့တဲ့ အမေတစ် ယောက် ဆုံးရှုံးသွားရတဲ့အတွက် စိတ်မချမ်းသာလွန်းလို့ ရင်ဖွင့်ပြောပြရတာပါ၊ ဒါပါပဲ၊ မေမေနဲ့ အန်ကယ် တို့ကို ကျွန်မ ယုံပါတယ်၊ မေမေ့ ယောကျ်ားက မေမေ့ကို ရာသက်ပန် စိတ်ချမ်းသာအောင် ချစ်ခင်ကြင်နာစွာနဲ့ ပေါင်းသင်းသွားလိမ့်မယ်လို့ ကျွန်မ ယုံကြည်ပါတယ်"

ထို့နောက် ထိုင်ရာမှ ဆက်ခနဲထကာ တံခါးဆီသို့ ပြေးထွက်သွားသည်။ မာဂဒါမှာ စကားတစ်ခွန်းမျှပင် ပြောခွင့်မရလိုက်တော့။



www.burmeseclassic.com

www.burmeseclassic.com



ဂျဲနက် ပြန်ထွက်သွားပြီး နောက်ပိုင်းတွင် သူဘာတွေ လုပ်၍ ဘာဖြစ်ခဲ့သည်ကို မာဂဒါ အသေးစိတ် မမှတ်မိတော့။

သူ မှတ်မိသလောက်ကတော့ ဂျဲနက် ပြန်သွားပြီးသောအခါ သူလှေကားထစ်အတိုင်း အပေါ်ထပ်သို့ တက်လာခဲ့သည်။ ခုတင်ပေါ်တွင် အရုပ်ကြိုးပြတ် လှဲချလိုက်သည်။ သူ့ အသည်းနှလုံးတွေ တစ်ပိုင်းစီ တစ်စစီ ကြေမွ ပြန့်ကျဲသွားသလို ထင်မှတ်မိသည်။

ရင်ထဲတွင် တလိပ်လိပ်တက်လာပြီး ဘယ်လိုမှ တောင့်ထား၍ မရနိုင်တော့သဖြင့် ရှိုက်ကြီးတငင် ငိုချလိုက်တော့သည်။ တစ်ကိုယ်လုံး သိမ့်သိမ့်တုန်ကာ ဆက်၍ဆက်၍ ရှိုက်ငိုနေသည်။ ခုတင်ပေါ်တွင် မျက်ရည် မိုးကြီးသည်းထန်စွာ ရွာသွန်းနေတော့သည်။

ငိုသံကြား၍ အလက်ဇီ ဝင်လာသည်။ ဇနီးသည်အား ယုယစွာ ထူမကာ ရင်ခွင်ထဲတွင် ပွေ့ဖက်ထားသည်။ မာဂဒါ၏ တစ်ကိုယ်လုံးသည် လင်တော်မောင်၏ ရင်ခွင်ထဲတွင် ပျော့ခွေ နွမ်းလျနေသည်။

ဖြစ်ပျက်ခဲ့သမျှကို ပီတချက် မပီတချက်ဖြင့် လင်တော်မောင်အား ပြောပြသည်။ ဂျဲနက် ပြောသွားသော စကားတွေကို ကြိုးစား၍ ပြောပြသည်။ ချစ်လင်ကြီး ရှုဘင်၏ နောက်ဆုံးသတင်းကို ပြောပြသည်။

"ဘုရား. . . ဘုရား. . . ကျွန်မကံဆိုးလှပါကလားအစ်ကိုကြီးရယ်. . ကျွန်မ ဘယ်လိုလုပ် ဖြေနိုင် ပါတော့မလဲ. . ဟင်၊ သမီးလေး ဘာပြောချင်တယ်ဆိုတာ ကျွန်မ သဘောပေါက်ပါတယ် သူက သူ့ဖေဖေကို ကျွန်မ သတ်တာလို့ ပြောချင်တာပါ၊ တကယ်တော့ သူပြောတာ မမှားပါဘူး ပြီးတော့. . . ပြီးတော့ ကျွန်မက ကျွန်မ သမီးလေးကိုလဲ သတ်လိုက်သလို ဖြစ်ခဲ့ရပြီ. . . သတ်လိုက်သလို ဖြစ်ခဲ့ရပြီ အဟီး. ဟီး. . . ဟီး"

တရွေ့ရွေ့နှင့် အချိန်တွေ ကုန်လွန်သွားခဲ့သည်။

ခရစ်စမတ်ပွဲတော်ရက်သို့ ရောက်ခဲ့ပြီ။ ဒူပရေးမိသားစုများသည် နော်တာဒိန်း ဘုရားရှိခိုး ကျောင်းတော်တွင် သန်းခေါင်ယံဝတ်တက်ပွဲသို့ သွားရောက်ကြသည်။ အိမ်ပြန်ရောက်တော့ ရိုးရိုးညစာစားပွဲကို တပျော်တပါး စားသောက်ကြသည်။

ထို့နောက် နွေဦးပေါက်ရာသီသို့ ရောက်လာခဲ့ပြန်သည်။ သစ်ပင် ပန်းပင်များ ရွက်နု တွေဝေ၍ စိမ်းစိုလာကြသည်။ ပါရီမြို့ဖော်လမ်းဘေး ကဖေးဆိုင်များတွင် ချစ်သူစုံတွဲများနှင့် စည်ကားလာပြီ။

မေလသို့ ရောက်လာခဲ့သည်။

ဟင်နရီကလေး တစ်နှစ်သားအရွယ် ရှိခဲ့ပြီ။ ဒယိမ်းဒယိုင် မလျှောက်တတ် လျှောက်တတ် ဖြင့် ဖခင်ဖြစ်သူ၏ ရင်ခွင်ထဲ ပြေးဝင်တတ်လာပြီ။

ဥယျာဉ်ထဲတွင် မွေးနေ့ပွဲ ကျင်းပသည်။ ဟင်နရီးကလေးက ကုလားထိုင် အမြင့်ကြီးပေါ် တွင် ထိုင်ကာ ကုလားထိုင်တွင် တွဲကပ်ထားသော အစားအသောက်ဗန်းကို ဇွန်းဖြင့် တဒေါက်ဒေါက်



www.burmeseclassic.com

www.burmeseclassic.com



ခါက် ကစားနေသည်။ ကိတ် မုန့်ပေါ်မှ မလိုင်တွေ စဉ့်ပြီး တစ်မျက်နှာလုံး ပေကျံကုန်သည်။ ဘွားအေကြီးက သုတ်ပေးသည်။ ဘွားအေကြီးက ပွေ့ချီသောအခါ အတင်းရုန်းထွက်ပြီး ဖခင်ဆီသို့ ဝင်ပြေးသည်။ ဂျနက်နှင့် ယွန်ပေါတို့က ထိုင်ကြည့် နေကြသည်။ ဂျနက်က သဘောကျ ရယ်နေသည်။ ယွန်ပေါက ရင်ထဲတွင် ယားကျိယားကျိနှင့် ကြိတ်ခံနေရသည်။

အက်ရှန်သည် သားကလေးနှင့် အနေများလာသည်။ ဟရေးတမော အိပ်ပြီးနောက် နေစောင်းလျှင် အက်ရှန်က သားကလေးအား သူ့ စတူဒီယိုသို့ ခေါ်သွားသည်။ သူက ငယ်အား ပုံတူဆွဲသည်။ သို့ပေမယ့် ကလေးက အငြိမ်မနေ။ ဖခင်လက်ထဲမှ စုတ်တံကို ယူဆွဲပြီး လက်နှင့်မျက်နှာကို ပန်းချီဆေးနှင့် လိုက် သုတ်သည်။

အက်ရှန်က တဟားဟားရယ်ကာ သားငယ်ကို ကောက်ချီပြီး အပေါ်သို့ မြှောက်လိုက်သည်။ ကလေးက လက်လှုပ်ခြေလှုပ်ဖြင့် တခစ်ခစ် မြူးနေသည်။

အက်ရှန်က မျက်ခုံးတစ်ချက်ချီကာ. . .

"ကဲ သား. . . ဒီနေ့တော့ အလုပ်မဖြစ်တော့ဘူး၊ မနက်ဖြန်မှ ဆက်ပြီး ကြိုးစားကြည့်ကြတာပေါ့ . . . ဟုတ်လား"

ဟင်နရီကလေးသည် စကားစပြောတော့. . . "ဖေ. . "ဟူသော စကားကို စပြောသည်။

ဇူလိုင်လသို့ ရောက်သောအခါ မိသားစုအားလုံး "ဒိုဗယ်" ကမ်းခြေသို့ အပန်းဖြေထွက်ခဲ့ကြသည်။ ယွန်ပေါက ဂျနက်နှင့် မှန်မှန်တွေ့နိုင်ရန် လျှို့ဝှက် နေရာတစ်နေရာ ရှာထားသည်။ အမတော့ ဂျနက်က အကြောက်အကန် ငြင်းသေးသည်။ သို့သော် နောက်တော့လည်း ထုံးစံအတိုင်း လျှော့လိုက် ရသည်သာ ဖြစ်သည်။

သူတို့နှစ်ယောက် အပြင်ထွက်သွားသည်ကို ဘယ်သူမှ မရိပ်မိကြ။ မိခင်ကြီးက နေ့လယ်စာ စားသောက်ပြီး တရေးတမော အိပ်နေသည်။ အက်ရှန်က နေရာအနှံ့အပြားသို့ သွားရောက်၍ သဲသဲမဲမဲ ပန်းချီရေးဆွဲနေသည်။

သူတို့သည် အချိန်တိုတောင်းစွာ ခိုးကြောင်ခိုးဝှက်တွေ့ကြရသော်လည်း စိတ်မပျက်ကြ။ အခြေအနေအရ ကျေနပ်လက်ခံကြသည်။

ယွန်ပေါက ဟင်နရီကလေးကို မကြာခဏ အပြင်ခေါ်သွားတတ်သည်။ သို့သော် သူမှာ သားကလေးအား ဦးလေး တစ်ယောက်လို၊ ခေါင်းကိုင် ဖခင်တစ်ယောက်လိုသာ ဆက်ဆံနေရ၍ စိတ်ထဲမှာတော့ တစက်ကလေးမျှ မချမ်းသာ. . .။

ဂျနက်ကတော့ လုံးဝ မဆက်ဆံလေ ကောင်းလေဟု သဘောပိုက်ထားသည်။

ဂျနက်သည် အက်ရှန်နှင့် နောက်ထပ် ကလေးရနိုင်ရန်အတွက် နည်းအမျိုးမျိုးဖြင့် ကြိုးစားသည်။ သူက အက်ရှန်ကို အလွန်ကြွေးဆပ်ချင်နေသည်။

သို့သော်လည်း. . . သူ့ ဆန္ဒမပြည့်။ ဘယ်လို ကြိုးစား၍မှ မအောင်မြင် ဖြစ်နေသည်။

နောက်ဆုံးတော့. . . ဒေါက်တာဘားနီးယားနှင့် သွားတွေ့ရန် ဆုံးဖြတ်လိုက်သည်။

ပါရီသို့ ပြန်ရောက်ပြီးနောက် နှစ်ရက်ကြာတော့ ဒေါက်တာဘားနီးယား ဆေးခန်းသို့ ထွက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ့်နှယ်လဲ ကျန်းမာရေး အခြေအနေ ကောင်းတယ် မဟုတ်လား"

ဂျဲနက်က အပြုံးတစ်ဝက်ဖြင့်. .

"ကျန်းမာရေးက ဒေါင်ဒေါင်မြည်ပဲ. . ဆရာ၊ ဒါပေမယ့် နောက်ထပ် ကလေးမရတာ ဆိုးနေတယ်၊ ကျွန်မလည်း အမျိုးမျိုး ကြိုးစားကြည့်တာပဲ"

ဒေါက်တာက ခေါင်းတညိတ်ညိတ် လုပ်နေသည်။

ထို့ကြောင့် ဂျဲနက်အား ပြည့်ပြည့်စုံစုံ စမ်းသပ်ကြည့်သည်။

"ကိုယ်ဝန်မဆောင်နိုင်စရာ အကြောင်းမရှိပါဘူး၊ ဘာချွတ်ယွင်းချက်မှ မတွေ့ရဘူး အခြေအနေ အားလုံးကောင်းပါတယ်"

"ဒါဖြင့် ကျွန်မ ဘာလုပ်ရမလဲ ဆရာ"

ဒေါက်တာက ပြုံးလိုက်ပြီး. . .

"အခုလုပ်နေတဲ့ အလုပ်ပဲ လုပ်ပေါ့"

ဂျဲနက် မျက်နှာ နီရဲသွားသည်။ **ဘုရားရေ. . ငါ့အဖြစ်ကို သူက ဖွင့်မပြောတော့မယ ဟင်နရီကလေး ဟာ ကိုကို့သား မဟုတ်တာ သူသိနေပြီ. . .။**

"တစ်ခါတစ်ခါ မင်းက သိပ်ပြီး ဆန္ဒစောနေတယ်" ဒေါက်တာက လေအေးနှင့် ပြောသည် "စိုးရိမ်လွန်ရင်လဲ ကိုယ်ဝန်မဆောင်နိုင်ဘူး"

"ဟုတ်ပါတယ်. . ဆရာ၊ ဆရာပြောတာ မှန်ပါတယ်၊ ကျွန်မက ကိုကို့ကို နောက်ထပ် ကလေးတစ်ယောက် မွေးပေးချင်စိတ် သိပ်ပြီး ပြင်းပြနေပါတယ်၊ ဆရာပြောသလို သိပ်ပြီး ဆန္ဒစောနေပါတယ်၊ ကျွန်မက ဓမ္မတာ မှန်မမှန်ကို အမြဲတမ်းဂရုစိုက်နေပါတယ်၊ အမြဲတမ်း မှန်နေတော့ ကျွန်မသိပ်ပြီး စိတ်ညစ်ရပါတယ်၊ အဲဒါကြောင့် အခုလို ဖြစ်နေတာ ဖြစ်မှာပါ"

"အဲဒီတော့. . ငါပြောချင်တာက စကားတစ်ခွန်းပါပဲ၊ စိတ်ကို လျှော့ထားလိုက်ပါ"

ဂျဲနက်က ခေါင်းညိတ်လိုက်သည်။

"ကျေးဇူးအများကြီး တင်ပါတယ် ဆရာ၊ ဆရာပြောတဲ့အတိုင်း ကျွန်မ အတတ်နိုင်ဆုံး ကြိုးစားပါ့မယ်"

သူအတတ်နိုင်ဆုံး ကြိုးစားကြည့်သည်။ သို့သော် ဘယ်လိုမှ ထူးခြားမလာ။

ထိုနှစ် ဆောင်းတွင်းတွင် ဂျဲနက်နှင့် ယွန်ပေါတို့ ခဏခဏ စကားများစ ပြုလာကြသည်။

နောက်ဆုံးအကြိမ်မှာ ပိုဆိုးလာသည်။

ယွန်ပေါက ဂျဲနက်အား လန်ဒန်မြို့ရှိ ဦးလေးလီယွန်ဆီ သွားလည်ဖို့ တိုက်တွန်းသည် ဇန်နဝါရီလ အတွင်း ရက်သတ္တသုံးပတ်ခန့် သွားနေရန် ပြောသည်။ သူက နောက်မှ လိုက်လာခဲ့မည်ဟု ဆိုသည်။

ဂျဲနက်က ဘယ်လိုမှ မဖြစ်နိုင်ဟု အပြတ်ငြင်းသည်။ ယွန်ပေါ အကြီးအကျယ် စိတ်ဆိုး သွားသည်။ သူနှစ်ပတ်ခန့်မလာဘဲ နေလိုက်သည်။ အလုပ်ကိစ္စနှင့် ခရီးထွက်နေရသည်



www.burmeseclassic.com

www.burmeseclassic.com



...ကြောင်းပြသည်။ သူက မိခင်ကြီးဆီကိုတော့ တယ်လီဖုန်းဆက်သည်။ အက်ရှန်နှင့်လည်း ...ပြောသည်။ သို့သော် ဂျဲနက်အကြောင်းကိုတော့ လေသံပင် မဟ။

ပြန်ရောက်လာတော့ သူ့အပြုအမူအတွက် ဂျဲနက်အား တောင်းပန်သည်။ ခွင့်လွှတ်ဖို့ ...သည်။ ဂျဲနက်ကလည်း ခွင့်လွှတ်ပါသည်။ သို့သော် စိတ်ထဲကတော့ သည်ကိစ္စ လုံးဝ ...ကြီးသည်ဟု သဘောမထားတော့။

နောက်တစ်ကြောင်းကတော့ ကလေးကိစ္စ။ ကလေးကိစ္စကြောင့် သူတို့နှစ်ယောက် ...ခဏ စကားများကြရသည်။ အနည်းဆုံး တစ်လတစ်ကြိမ်လောက်တော့ အကျယ်အကျယ် ...ကြရသည်။

သူနှင့် သားကလေးတို့ မရင်းနှီးအောင် ဂျဲနက်က တမင်အဆက်ဖြတ်ထားသည်ဟု ...ပေါက စွပ်စွဲသည်။ ဒါလုံးဝ အဓိပ္ပာယ်မရှိ။ သည်ကိစ္စ ဂျဲနက်က သူ့ကို ရှင်းခဲ့သည်မှာ ...ကြိမ်ပေါင်း မနည်းတော့။ ဂျဲနက်က ဘယ်လောက်ပင် အကျိုးသင့် အကြောင်းသင့် ရှင်းပြပေမယ့် ...က လက်မခံနိုင်။ သူ့အခြေအနေကို တွေးပြီး ပို၍ပို၍သာမကျေမနပ်ဖြစ်လာသည်။ ဒေါသထွက် ...သည်။ သူ၏ မနာလို ဝန်တိုမှုကြောင့် နှစ်ယောက်စလုံး ဘဝပျက်သွားနိုင်ကြောင်း ဂျဲနက်က ...ပြသည်။ သို့သော် ယွန်ပေါက ဂျဲနက်မြင်သလို မမြင်။ သူက ဂျဲနက်အား ခဏခဏ စကားနာ ...သည်။ တောင်းဆိုချက်တွေ ခဏခဏ တောင်းလာသည်။ တစ်ကြိမ်ထက်တစ်ကြိမ် ပို၍ပို၍ ...သည်။ ကြာတော့ ဂျဲနက်မှာလည်း သည်းမခံနိုင်တော့။

သည်လို စကားများပြီး အိမ်ပြန်လာသောနေ့များတွင် ဂျဲနက်မှာ စိတ်ညစ်လှသဖြင့် ...ကြာမကြာ နေမကောင်းဖြစ်တတ်လာသည်။ ထိုအခါမျိုးတွင် ညစာလည်း မစားတော့။ ...ရာထဲတွင်ပင် စိတ်ညစ်ညစ်နှင့် ခွေအိပ်နေလိုက်တော့သည်။

အဖြစ်ကတော့ ဘယ်လိုမှ ရှင်း၍ ရနိုင်စရာမရှိတော့။ ကလေးတွေ အပျော်စီးသော "...ဆော" ပေါ်တွင် ဆန့်ကျင်ဘက် တစ်နေရာစီ ထိုင်နေကြသလို ဖြစ်နေသည်။ တစ်ယောက်က ...ပေါ်ဘက်တက်သွားတော့ တစ်ယောက်က အောက်ရောက်နေသည်။ ဘယ်လိုမှ ဟန်ချက်ညီ၍ ...တော့။ ဘယ်လိုမှ တပြေးတည်း ညီအောင် လုပ်၍ မရတော့။

...၁၉၈၈ ခုနှစ်၊ နှစ်ဆန်းတွင် ကျမ်းမာရေး ချို့တဲ့လာသည်။ အစတွင် နှာရည်ယို၍ ကိုယ်အနည်းငယ် ...သည်။ နောက်နှစ်ရက်ခန့်ကြာလာတော့ လည်ချောင်းနာလာသည်။ မျိုလိုက်လျှင် အလွန်နာသည်။

အက်ရှန်က မိသားစုဆရာဝန် ဒေါက်တာရောဘတ်ကို ပင့်ခေါ်လိုက်သည်။ ဒေါက်တာက ...သပ် ကြည့်ပြီး နား၊ နှာခေါင်း လည်ချောင်း အထူးကုဆရာဝန်တစ်ယောက်ယောက်နှင့် ...ကြည့်ရန် ပြောသည်။ သူက အထွေထွေရောဂါကု ဆရာဝန်ဖြစ်သည်။ သို့ဖြင့် ပါရီမြို့တွင် ...မည်အကြီးဆုံး ဒေါက်တာအိုးဘတ်နှင့် ပြသကြည့်သည်။ ဒေါက်တာအိုးဘတ်က အသေးစိတ် ...သပ်ကြည့်ပြီးနောက် ဂျဲနက်အား သီးသန့်ခန်းတွင် ထားရန် အကြံပေးသည်။ ဂျဲနက်မှာ ...စာမျိုချ၍ မရသောကြောင့် အကြောဆေးသွင်း၍ အာဟာရ ဖြည့်ပေးရသည်။ အထူးသူနာပြု ...ရာမများ ငှားရမ်း၍ ၂၄နာရီ တာဝန်ချထားရသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော်လည်း ကိုယ်ပူရှိန်က တစ်နေ့ထက်တစ်နေ့ တိုးလာသည်။ တစ်ခါတ ငန်းဖျားတက်ပြီး အက်ရှန်၏ နာမည်ကို ခေါ်နေတတ်သည်။ ယခုအခါ အက်ရှန်မှာ ဆရာ ညွှန်ကြားချက်အရ ဂျဲနက်ဘေးတွင် သီးခြားခုတင်တစ်လုံးနှင့် အိပ်နေရသည်။ ဂျဲနက် သူ့ဖေဖေ၊ သူ့သားကလေးနှင့် သူ့မေမေတို့ကိုလည်း ယောင်ယမ်းပြီး ခေါ်နေတတ်သည်။

ခဏခဏ ရေပတ်အုပ်ပေးပြီး ဆေးထိုးပေးသဖြင့် ကိုယ်ပူရှိန် နည်းနည်း လျော့လာသည်။ သို့သော် လည်း အခြေအနေ တိုးတက်မလာသေး၍ မိသားစုအားလုံးပင် နေ့ ညမနေ မပြတ်စောင့်နေကြရသည်။ ယွန်ပေါလည်း မိခင်ကြီး အိမ်သို့ ယာယီ ပြောင်းရွှေ့ သည်။ ယွန်ပေါမှာ အပြင်က ဟန်ဆောင်နေရသော်လည်း အတွင်းကတော့တော်တော် ခံစာ သည်။ ဂျဲနက်အား စိတ်ညစ်အောင် မကြာခဏ အနှောက်အယှက် လုပ်ခဲ့မိသည့်အတွက် မိမိ အပြစ်တင်မိသည်။ နောင်အခါတွင် ဂျဲနက် စိတ်မချမ်းသာစရာ စကားများကို လုံးဝ မပြော ဟုလည်း ဆုံးဖြတ်လိုက်သည်။

၁၁ ရက် မြောက်သောနေ့တွင် ဒေါက်တာ အိုးဘတ်က ပြောသည်။

"ကျုပ်တို့အတွက်တော့ မျှော်လင့်ချက်တော့ ရှိပါသေးတယ်၊ ဒီနေ့ မန သူ့အခြေအနေ နည်းနည်းကောင်းလာတာ တွေ့ရတယ်၊ ကိုယ်အပူချိန်ဟာ လွန်ခဲ့တဲ့ ၂၄ အတွင်းမှာ တဖြည်းဖြည်းလျော့လျော့ လာခဲ့တာတွေ့ရတယ်၊ ဒီအတိုင်းသာ ဆက်သွားမယ် တစ်နေ့ထက်တစ်နေ့ အခြေအနေကောင်းလာမယ်လို့ ကျုပ်တို့ မျှော်လင့်စရာရှိတယ်"

"တော်ပါသေးရဲ့ ဆရာ ဘုရားသခင် ကျေးဇူးပါပဲ. ." ဟု အက်ရှန်က ဝမ်းပန်း ပြောသည်။

လည်ချောင်းနာ အနည်းငယ် သက်သာသွားသောအခါ ဂျဲနက်အား ခင်ပွန်း အက်ရှန်က ဇွန်းနှင့် ခွံ၍ အားရှိလာအောင် အရည်နည်းနည်း တိုက်သည်။ ယခုအခါ ဂျဲန ယခင်ကထက် အနည်းငယ် ထူထူထောင်ထောင် ဖြစ်လာသဖြင့် တပတ်ကျော်ကျော် ရင် ဖြစ်နေခဲ့ကြရသော မိသားစု အားလုံးပင် ရွှင်ရွှင်လန်းလန်း ဖြစ်လာကြသည်။

ဂျဲနက် နေသာထိုင်သာ ဖြစ်လာပြီးနောက် သုံးရက်မြောက်သောညတွင် ခင်ပွန်း အက်ရှန်မှာ ပင်ပန်းလှ၍ ၁၀ နာရီကတည်းကပင် ခြေပစ်လက်ပစ် အိပ်ပျော်သွားခဲ့သည်။

သူ့နားထဲတွင် အော်ညည်းသံ လိုလိုကြားရသဖြင့် ဖြတ်ခနဲ လန့်နိုးလာခဲ့သည်။

"ဟင် ဂျဲနက် ဘယ်လိုဖြစ်တာလဲ ဟင်" သူက အလန့်တကြားမေးလိုက်သည်။

"ကျွန်မ ကျောကုန်း. . ကိုကို။ ကျောကုန်း ဘယ်လိုဖြစ်မှန်း မသိဘူး၊ နားလွန်းလို့ မအောင့်နိုင်တော့ဘူး"

"ဘယ်တုန်းက စဖြစ်တာလဲ"

"သန်းခေါင်းလောက်က ထင်တာပဲ"

"ဟင်. . . ဒါနဲ့တောင် ကိုယ့်ကို ဘာလို့မပြောရတာလဲ"

"ကျွန်မက မကြာခင် ပျောက်သွားမယ် ထင်လို့ပါ"

အက်ရှန်က ဒေါက်တာ အိုးဘတ်အား ဖုန်းဆက်၍ ချက်ချင်း လှမ်းခေါ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



တ်အတွင်းတွင် ဒေါက်တာ အိုးဘတ်ရောက်လာပြီး ဂျဲနက်အား စမ်းသပ်သည်။ ဂျဲနက်မှာ
င်ပေါ်တွင် လှဲရင်း မခံမရပ်နိုင်အောင် အော်ညည်းနေသည်။

ဒေါက်တာက ဆေးအိတ်ထဲမှ ဆေးထိုးပိုက်ကို ထုတ်ကာ မော်ဖိန်းထိုးဆေး ဖြည့်သည်။
နောက် ဂျဲနက်၏ လက်မောင်းကြောထဲ ထိုးပေးလိုက်သည်။ မကြာမီမှာပင် ဂျဲနက် ငြိမ်ကျ
သည်။ အသက်ရှူလည်း မှန်လာသည်။

ဂျဲနက် အိပ်ပျော်သွားသောအခါ ဒေါက်တာအိုးဘတ်က အက်ရှန်နှင့် ယွန်ပေါတို့
စ်ကိုအား ဧည့်ခန်းသို့ ခေါ်ထုတ်လာခဲ့ပြီး ပြောပြသည်။

"အခြေအနေကတော့ တော်တော့်ကို အရေးကြီးတယ်၊ လည်ချောင်းက ရောဂါက သိပ်ပြီး
ထွေး ပြင်းထန်တယ်၊ အဲဒီက ဆက်ပြီးကျောက်ကပ်ကိုသွားပြီး ဒုက္ခပေးနေတယ်။ အဲဒီတော့
တ်တာဗီလုန်းကို ခေါ်ပြီး ပြမှဖြစ်လိမ့်မယ်၊ သူက ကျုပ်သိသလောက်တော့ ဆီးနဲ့ ကျောက်ကပ်
ဂါကု အတော်ဆုံး သမားတော်ကြီးပဲ"

"ဟုတ်ကဲ့ဆရာ. . . ဆရာ ကောင်းမယ်ထင်သလိုသာလုပ်ပါ" အက်ရှန်မှာ မျက်နှာဖြူဖပ်
ရော်နှင့် တုန်တုန်ယင်ယင် ပြောသည်။

"အဲဒီတော့ အထူးသူနာပြု ဆရာမတစ်ယောက် အမြန်ဆုံး ခေါ်ရမယ်၊ သူ့အခြေအနေက
ကြာမကြာ ဆေးထိုးပေးဖို့ လိုအပ်နေတယ်"

တ်လေးနာရီခွဲတွင် ဂျဲနက်၏ အခန်းထဲသို့ ဒေါက်တာ ဗီလုန်းဝင်လာသည်။ အက်ရှန်နှင့် ယွန်ပေါ
တို ဧည့်ခန်းတွင် ထိုင်စောင့်နေကြသည်။ ဒေါက်တာ ဗီလုန်းက ဂျဲနက်၏ အခြေအနေကို
တ်တာအိုးဘတ်နှင့် ဆွေးနွေးသည်။ ထို့နောက် ဒေါက်တာ ဗီလုန်းအပြင်ထွက်လာပြီး အက်ရှန်နှင့်
အားပြောသည်။

"လူနာအခြေအနေ သိပ်ပြီး အရေးကြီးနေတယ်၊ သူ့ ရောဂါကို ခွဲစိတ်ရှာဖွေရမယ်၊
တ်မှန်လည်း ရိုက်ရမယ်၊ အဲဒီတော့ ဆေးရုံကို အမြန်ဆုံးတင်ဖို့ လိုအပ်တယ်"

အက်ရှန်ရင်ထဲတွင် ထိတ်ခနဲ ဖြစ်သွားသည်။ သူက ခေါင်းညိတ်ပြီး ကမန်းကတန်း
လိုက်သည်။

"သူ့ အခြေအနေက ဘယ်လောက်တောင် ဆိုးနေသလဲ ဆရာ"

"ကျုပ်တို့ ဒီကိစ္စ ရောဂါရှာဖွေပြီးမှ ပြောကြတာပေါ့"

တ်အား ဘီးတပ်ခုတင်ပေါ်တွင် တင်၍ ခွဲစိတ်ခန်းသို့ တွန်းယူလာခဲ့ကြသည်။ ချက်ချင်းပင်
အား လိုအပ်သော စမ်းသပ်စစ်ဆေးမှုများ ပြုလုပ်ကြသည်။ သို့သော် ရောဂါ အခြေအနေကို
တိအကျ သိရန်အတွက်တော့ နာရီတော်တော်ကြာကြာ စောင့်ရဦးမည်။

နံနက် ရှစ်နာရီတွင် ယွန်ပေါက မိခင်ကြီးအား အကြောင်းကြားရန် ဆေးရုံမှ ပြန်ထွက်
သည်။ ဂျဲနက်အခြေအနေကို သိရသောအခါ မိခင်ကြီးမှာ အထိတ်တလန့် ဖြစ်သွားပြီး



www.burmeseclassic.com

www.burmeseclassic.com



ကုလားထိုင်ပေါ်တွင် ထိုင်လျက်သား လဲကျသွားတော့မတတ် ခံစားလိုက်ရသည်။ သူက သမီး ဒင်းနစ်နှင့် ချွေးမဖြစ်သူ မာရီဂျက္ကလင်း တို့ကို သွား၍ သတိရလိုက်မိသည်။

ထို့နောက်တော့. . . ကိုယ့်ကိုယ်ကိုယ် တတ်နိုင်သမျှ အားတင်းကာ ယွန်ပေါနှင့် ဆေးရုံသို့လိုက်လာခဲ့သည်။

ထိုအချိန်တွင် ဒေါက်တာဗီလုန်းက အက်ရှန်အား နှစ်ယောက်ချင်း ပြော သတင်းမှာ သတင်းကောင်းမဟုတ်။

"လည်ချောင်းမှာ ဖြစ်တဲ့ ရောဂါဟောင်းက ဗယ်ဘက်ကျောက်ကပ်ကို လာပြီး ဒု နေတယ်၊ ကျောက်ကပ်က ဆိုးဆိုးရွားရွား ပျက်ဆီးသွားပြီ၊ အဲဒီကနေပြီး အကောင်းကျောက် ဆက်လာမှာ စိုးရိမ်ရတယ်၊ အဲဒါ အဓိက အချက်ပဲ"

ဒေါက်တာ၏မျက်နှာတွင် စိုးရိမ်ရိပ်အထင်သား ပေါ်လွင်နေသည်။

အက်ရှန်သည် ကုလားထိုင်ပေါ်တွင် ပျော့ခွေကျသွားသည်။ သူက အားမရှိသောအ မေး လိုက်သည်။

"အဲဒီတော့ ကျွန်တော်တို့ ဘယ်လိုလုပ်ကြရမလဲ ဆရာ"

"ပွင့်ပွင့်လင်းလင်းပဲ ပြောကြတာပေါ့၊ တကယ်လို့ ကျောက်ကပ်နှစ်ခုစလုံး ကူးစ ရင်တော့ မျှော်လင့်ချက် မရှိသလောက်ဘဲ၊ ဗယ်ဘက် ကျောက်ကပ်က အားလုံးပျက်စီးသွ ကျောက်ကပ်အကောင်းကို ထပ်ပြီး ကူးလာရင်တော့. . ."

အက်ရှန်မျက်နှာတွင် သွေးဆုတ်သွားသည်။ ဒေါက်တာက ခပ်မြန်မြန် ဆက် လိုက်သည်။

"ဖြစ်နိုင်တဲ့ နည်းလမ်းတစ်ခုတော့ ကျုပ်စဉ်းစားမိတယ်"

"ဟုတ်. . . ဟုတ်ကဲ့ ပြောပါဦး. . . ဆရာ၊ ဘုရားမတာဘဲ ဆရာ"

"နာမည်ကျော် ဂျာမန်သမားတော်ကြီးတစ်ယောက်တော့ ရှိတယ်၊ သူ့နာမည် အားလစ်ရှတိန်းတဲ့၊ သူက ဟိုင်ဒယ်ဘတ် တက္ကသိုလ်မှာ ဆေးပညာပါမောက္ခလုပ်ခဲ့တယ်၊ ခုနှစ်မှာ ဟစ်တလာရန်ကြောင့် ထွက်ပြေးလာခဲ့တယ်။ အခုသူ လန်ဒန်မှာ နေတယ်၊ ကျောက် အစားထိုး ကုသမှုကို စမ်းသပ်ရှာဖွေနေတယ်"

"ဒီလိုဆို ဘာဖြစ်လို့ အချိန်ဖြုန်းနေမလဲ ဆရာ၊ ဆရာကြီးကို အမြန်ဆုံးခေါ် လိုက် အောင်"

"နေပါဦး ကျုပ်ပြောစရာ ကျန်သေးတယ်၊ ပါမောက္ခအားလစ်ရှတိန်းက ခုအခ တိရစ္ဆာန်တွေရဲ့ ကျောက်ကပ်အစားထိုး ကုသမှုကိုပဲ လုပ်ဖူးသေးတယ်၊ လူ့ကျောက်ကပ်ကို အစ ကုသမှု တစ်ခါမှ မလုပ်ရသေးဘူး၊ ဒါပေမယ့် တိရစ္ဆာန်တွေကို စမ်းကြည့်တာတော့ ထူးထူးခြား အောင်မြင်မှု ရရှိခဲ့တယ်၊ အဲဒီတော့ မောင်ရင့်ဇနီးကို စမ်းကုကြည့်ရင် ဘယ်လိုနေမ ကျုပ်စဉ်းစားမိလို့ပါ၊ အောင်မြင်မယ် ဆိုတာတော့ ကိန်းသေပေါက် ပြောလို့မရဘူး၊ စွန့် စွန့်စားရလိမ့်မယ်"

"စွန့်မှဖြစ်မယ်ဆိုရင်လည်း စွန့်ရမှာပေါ့ ဆရာ၊ တခြားရွေးစရာလမ်းမှ မရှိတော့



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုဆိုကောင်းပြီ၊ ဒါပေမယ့် တစ်ခုတော့ ကျုပ်ကကြိုတင်ပြီး သတိပေးရလိမ့်မယ်၊ ဒီလုပ်ငန်းက ရှေးရိုးအစဉ်အလာကို ပထမဆုံးအကြိမ် ချိုးဖောက်တဲ့ တရားမဝင်နည်းလမ်း ဖြစ်နေတယ်၊ ဒါကြောင့် ဒီနည်းကို စမ်းကြည့်မယ်ဆိုရင် ဘေးလူတွေရဲ့ မျက်လုံးကို ပိတ်ထားရလိမ့်မယ်၊ သက်ဆိုင်သူတွေကလဲ နှုတ်လုံရ လိမ့်မယ်"

"ဒီအတွက်တော့ ဘာမှ မစိုးရိမ်ပါနဲ့ဆရာ ကျွန်တော့်အစ်ကိုကြီးက အတော်အတန် ဩဇာရှိတဲ့ လူတစ်ယောက်ပါ ပြီးတော့. . . ကျွန်တော်. ."

အက်ရှန်စကားမဆုံးခင် ဒေါက်တာက ဖြတ်ပြောသည်။

"တကယ်လို့ ပါမောက္ခ အားလစ်ရှတိန်းကို ပင့်ခေါ်လို့ရတာတောင်မှ အရေးကြီးဆုံး ပြဿနာက ကျန်နေသေးတယ်၊ ကျောက်ကပ်အသစ်လှူဖို့ စေတနာရှင် လိုသေးတယ်"

"အို ဒါက ပြဿနာမဟုတ်ပါဘူးဆရာ၊ ကျွန်တော့်မှာ ရောဂါကင်းတဲ့ ကျောက်ကပ်နှစ်ခုတောင် ရှိတာပဲ"

ဒေါက်တာဗီလုန်းက အက်ရှန်မျက်နှာကို စေ့စေ့ကြည့်နေသည်။ ပြီးတော့မှ. ။

"မောင်ရင် တကယ်ပြောတာလား၊ မောင်ရင် တကယ်လုပ်နိုင်မှာလား၊ ဒီကိစ္စဟာ သိပ်ပြီး အန္တရာယ်များလို့ပါ. . ."

"ကျွန်တော့် မိန်းမက သေရတော့မလို ဖြစ်နေပြီပဲ ဆရာ၊ ဆရာက ဒီမေးခွန်းမေးနေစရာ လိုသေးသလား၊ ကဲ အချိန်ဖြုန်းမနေပါနဲ့တော့ ဆရာ၊ လုပ်စရာ ရှိတာသာ မြန်မြန်ထက်ထက် လုပ်ပါတော့"

အက်ရှန်က ဂျဲနက်၏ သတင်းဆိုးကို မိခင်ကြီးနှင့် အစ်ကိုကြီးတို့အား ပြောပြသည်။ တစ်ချိန်တည်းတွင် ကုသနည်း အသစ်ကိုလည်း ပြောပြသည်။

အက်ရှန်၏ စကားကို ကြားရသောအခါ မိခင်ကြီးက အသံတိတ် ဘုရား တလိုက်မိသည်။ သည်လုပ်ငန်း အောင်မြင်ရန် ဘုရားသခင်၏ တန်ခိုးတော်မှသာလျှင် စွမ်းဆောင်ရနိုင်လိမ့်မည်ဟု သူက တွေးမိသည်။

သို့သော် အလွန်စိတ်ထက်သန်သော သားဖြစ်သူအား တားဆီး ဟန့်တားခြင်းတော့ မပြု။ တားဆီး၍လည်း ရမည်မဟုတ် ဆိုသည်ကို မိခင်ကြီးက သိပြီးသား။

ထိုနေ့ ညဦးပိုင်းတွင် ဒေါက်တာဗီလုန်းက အက်ရှန်နှင့် ထပ်တွေ့သည်။

"ကျုပ် ပါမောက္ခ အားလစ်ရှတိန်းဆီ ဖုန်းလှမ်းဆက်ပြီးပြီ"

"အား ဟုတ်ကဲ့ ဆရာ၊ ဒီတော့ သူက. ."

"သူက ပထမတော့ အင်တင်တင် ဖြစ်နေတယ်၊ ဒါပေမယ့် လူနာရဲ့ ခင်ပွန်းကိုယ်တိုင်က ကျောက်ကပ်သစ် လှူမှာပါလို့ ကျုပ်က ပြောပြလိုက်တယ်၊ အဲဒီတော့မှ သူက စိတ်ပြောင်းသွားတယ်၊ သူက လုပ်မယ်လို့ သဘောတူတယ်"

နောက်ဆုံး သတင်းကိုကြားရသောအခါ မဒမ်ဒူပရေးသည် ရုတ်တရက် ထိုင်ရာမှထကာ ဘုရားခန်း သို့ ပြန်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



တံခါးကိုပြန်ပိတ်ပြီး ဒူးထောက်ထိုင်ချလိုက်သည်။ ထို့နောက် သူသည် ဘုရားသခင်ထံတွင် အကြာကြီး ဆုတောင်းနေမိသည်။

နောက်ဆုံး ယွန်ပေါ ဝင်လာပြီး အိပ်ခန်းသို့ ပြန်ရန် ပြောသည်။ ပထမတော့ မိခင်ကြီး ငြင်းသေးသည်။ နောက်တော့မှ ထလိုက်လာခဲ့သည်။

နောက်နေ့နံနက် ၉ နာရီ။

ပါမောက္ခ ဒေါက်တာ အားလစ်ရှတိန်းနှင့် ဒေါက်တာ ဗီလုန်းတို့နှစ်ယောက် ဆွေးနွေးခန်းဝင်နေကြသည်။ ကျောက်ကပ်အစားထိုးကုသရာတွင် ဒေါက်တာ ဗီလုန်းက ဒေါက်တာ အားလစ်ရှတိန်း၏ လက်ထောက်အဖြစ် ကူညီဆောင်ရွက်မည်ဖြစ်သည်။

ဂျဲနက်၏ သွေးစစ်မှတ်တမ်းကို လေ့လာကြသည်။ တစ်ချိန်တည်းတွင် ဆီးစစ်မှတ်တမ်းကိုလည်း လေ့လာကြသည်။

အက်ရှန်အားလည်း ဓာတ်မှန် ရိုက်သည်။ လိုအပ်သော ဓာတ်ခွဲစမ်းသပ်မှုများ ပြုလုပ်သည်။

ထို့နောက် သမားတော်ကြီး နှစ်ယောက်တို့သည် ခွဲစိတ်ကုသမှု စတင်ရန်အတွက် အစီအစဉ်တွေ ချမှတ်ကြသည်။

လင်မယားနှစ်ယောက်စလုံးအား တစ်ယောက်ပြီးလျှင် တစ်ယောက် ဆက်တိုက်ခွဲစိတ်မည်။ ခွဲစိတ်မှု မပြုလုပ်မီ ပါမောက္ခဒေါက်တာအားလစ်ရှတိန်းက ခွဲစိတ်မှု အစီအစဉ်များကို ဒေါက်တာဗီလုန်းအား ခွဲစိတ်ခန်းထဲတွင် တစ်ဆင့်စီတစ်ဆင့်စီ ရှင်းပြသည်။

ခွဲစိတ်မှု လုပ်ငန်းသည် နာရီပေါင်းများစွာ ကြာသည်။

ခွဲစိတ်ကြည့်သောအခါ ဂျဲနက်၏ ဗယ်ဘက် ကျောက်ကပ်မှာ သုံး၍ လုံးဝမရအောင် ပျက်စီးနေသည်ကို တွေ့ကြရသည်။ သို့သော် လက်ယာဘက် ကျောက်ကပ်ကတော့ (အစားထိုး ကျောက်ကပ်သစ်အကူအညီဖြင့်) အခြေအနေမပျက် ပုံမှန်အတိုင်း အလုပ်လုပ်သွားနိုင်လိမ့်မည်ဟု သမားတော်ကြီး နှစ်ယောက်စလုံးကပင် သံသယကင်းစွာ ယုံကြည်ကြသည်။

ခွဲစိတ်ကုသမှု အလုံးစုံပြုလုပ်ပြီးသွားသောအခါ ဂျဲနက်နှင့် အက်ရှန်တို့အား တစ်ယောက် တစ်ခန်းစီ သီးခြားနေရာချထားကြသည်။

ခွဲစိတ်ကုသမှု ကောင်းစွာ အောင်မြင်သည်။ အက်ရှန်အား ခွဲစိတ်ကုသရာတွင် မည်သည့်အခက်အခဲမျှ မရှိသော်လည်း ဂျဲနက် ကိစ္စမှာတော့ ခြားနားချက်ရှိသည်။ အချို့သော အစိပ်အပိုင်းများတွင် ချွတ်ယွင်းချက်များ ရှိကောင်း ရှိနိုင်သည်ဟု သမားတော်ကြီးများက တွက်ဆကြသည်။

ထို့ကြောင့် ခွဲစိတ်ကုသမှု အောင်မြင်စွာ ပြီးမြောက်သွားသည့်တိုင်အောင် ဆေးသိပ္ပံ သမိုင်းတွင် မော်ကွန်းထိုးရမည့် ဤအောင်မြင်မှုကြီးကို ကမ္ဘာကသိအောင် အလောသုံးဆယ် သတင်းထုတ်ပြန်ရန် ကိစ္စကတော့ မဖြစ်နိုင်သေး။ အချိန်ကို စောင့်ကြရဦးမည် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မည်သို့ပင်ဖြစ်စေ မိမိတို့သည် ဆေးတက္ကသိုလ်တွင် ဆေးပညာဘွဲ့ကို ယူခဲ့စဉ်က အလေးအနက် ရွတ်ဆိုခဲ့ကြရသော ကျမ်းသစ္စာကျိန်ဆိုချက်နှင့်အညီ ဆရာဝန်တိုင်းလုပ်အပ်သော လူ့အသက်ကယ် အလုပ်ကြီးတစ်ခုကို ကျေပွန်စွာ လုပ်ဆောင်နိုင်ခဲ့ကြပြီဟု သမားတော်ကြီး နှစ်ယောက်စလုံးကပင် ဝမ်းမြောက်ဝမ်း သာဖြစ်မိကြသည်ကတော့ အမှန်ပင်။

ထိုနေ့ညတွင် သမားတော်ကြီး နှစ်ယောက်စလုံးပင် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်ခဲ့ကြလေသည်။

အက်ရှန်သည် ပြဿနာထွေထွေထူးထူးမရှိဘဲ လျင်မြန်စွာ နာလန်ထလာခဲ့သည်။ ရက်သတ္တနှစ်ပတ်အတွင်း လမ်းလျှောက်နိုင်သဖြင့် ဆေးရုံမှ ပြန်ဆင်းလာခဲ့သည်။

သို့သော် ဂျဲနက်ကတော့ယင်းသို့မဟုတ်။ ခွဲစိတ်ကုသမှု မပြုလုပ်မီကပင် ယခင်ရောဂါဟောင်းကြောင့် အလွန်အားနည်းနေသဖြင့် သူ၏နာလန်ထ ကာလမှာလည်း သမားတော်ကြီးများ မျှော်လင့်သည်ထက်ပင် ပို၍ ကြာရှည်နှေးကွေးနေသည်။ ကိုယ်ပူရှိန် ဒီဂရီမှာ အမြဲတမ်း မြင့်နေပြီး နာကျင်ကိုက်ခဲမှုကလည်း မကြာခဏ ဖြစ်ပေါ်နေသည်။

ခွဲစိတ်ပြီးနောက် ပထမ ၄၈ နာရီအထိ သူ့အခြေအနေမှာ အားရလောက်အောင် တိုးတက်မှု ရှိမလာသောကြောင့် ကျောက်ကပ်အစားထိုး ကုသမှု မအောင်မြင်ဟုပင် သမားတော်ကြီးများက ယူဆချင်လာကြသည်။ ထို့ကြောင့် ဆီးလမ်းကြောင်းထဲသို့ ပြွန်သွင်းကာ ဆီးချူပေးကြသည်။

ခေတ်ခွဲခန်းပညာရှင်များ၏ တွေ့ရှိချက်များကို ပြန်လည်စစ်ဆေးကြည့်သောအခါ မူလရောဂါဟောင်း၏ ဒဏ်ချက်သည် ဆီးအိတ်ထဲတွင် ငုပ်နေသေးကြောင်း တွေ့ရှိကြရသည်။ သို့ဖြင့် နောက်ဆုံး တီထွင်ဖော်စပ် ထားသော ဆေးသစ်တစ်မျိုးဖြင့် စမ်းသပ်ကြည့်ကြပြန်သည်။ ဤဆေးမှာ ကျောက်ကပ်ကို ထိခိုက်နိုင်သောကြောင့် အန္တရာယ်များနိုင်သည်။ သို့သော် ရွေးစရာ တစ်ခြားလမ်းမရှိတော့၍ ဤဆေးနှင့်ပင် နောက်ဆုံးအဆင့်အဖြစ် စွန့်စားကုသရတော့သည်။

တရွေ့ရွေ့ဖြင့် ရက်တွေ လတွေ ကုန်သွားခဲ့သည်။ ဆေးသစ်ကပင် အစွမ်းပြလေသလား။ သို့မဟုတ် မဒမ်ဒူပရေး၏ ဆုတောင်းကြောင့် ဘုရားသခင်ကပင်လျှင် ကယ်တင်တော်မူလေသလား. . မသိ။ ဂျဲနက်သည် ပြင်းထန်သော ဝေဒနာဒဏ်ကို သုံးလတိုင်တိုင် သေလုမျောပါး ခံစားခဲ့ပြီးနောက်တွင် ဆေးရုံမှ ဆင်းနိုင်ခဲ့လေသည်။ သို့သော် သူ၏ကိုယ်အလေးချိန်ကတော့ အရိုးပေါ်အရေတင်ကာ ကမ္ဘဌာန်းရုပ်ပေါက်နေသည် အထိ အလွန်ကျဆင်းသွားသည်။

အိမ်ပြန်ရောက်တော့လည်း နာလန်ထ ကာလမှာ အလွန်နှေးကွေးလှသည်။ သို့သော် တစ်နေ့ထက် တစ်နေ့တဖြည်းဖြည်းနှင့် ခံတွင်းလည်းကောင်းလာခဲ့သည်။

သူသည် အိပ်ရာပေါ်မှ ထ၍ ကုလားထိုင်တွင် ထိုင်နိုင်လာခဲ့ပြီ။ သို့သော် အချိန်အကြာကြီးတော့ မထိုင်ရ။ ဆရာဝန်၏ ညွှန်ကြားချက်အရ တစ်နေ့လျှင် ၁၅မိနစ်ခန့်သာ ခွင့်ပြုသည်။

ထို့နောက်တွင် အက်ရှန်၏ လက်မောင်းကို ကိုင်ကာ အခန်းထဲမှာပင် လမ်းလျှောက်ခွင့်ပြုသည်။



www.burmeseclassic.com

www.burmeseclassic.com



မဒမ်ဒူပရေးနှင့် ယွန်ပေါ်တို့လည်း နေ့တိုင်းပင် လာကြည့်ကြသည်။

နောက်ဆုံးတော့ ဂျဲနက်အား သားငယ်နှင့် တွေ့ခွင့်ပြုသည်။ သူက သားငယ်အား အလွန်အောက်မေ့နေသည်။ သူ မမာဖြစ်နေစဉ် ကာလအတွင်း ဟင်နရီကလေးမှာ မယုံနိုင် လောက်အောင်ပင် ကြီးပြင်းလာခဲ့ သည်။ ဟင်နရီကလေးမှာ နှစ်နှစ်သားအရွယ်ရှိခဲ့ပြီ။ လမ်းလည်း လျှောက်တတ်ပြီ။ စကားလည်း ပြောတတ်ပြီ။ ကလေးက သူ့ပါးစပ်ထဲရှိတာတွေကို တွတ်တီး တွက်တာနှင့် လျှောက်ပြောတော့ ဂျဲနက်က သဘောကျလွန်း၍ ရယ်လည်း ရယ်သည်။ ဝမ်းသာလွန်း၍ ငိုလည်း ငိုသည်။

ဂျဲနက်က သားငယ်ကို ပွေ့ဖက်သည်။ သို့သော် ကလေးက မိခင်ရင်ခွင်ထဲတွင် ကြာကြာ မနေ။ အတင်းရုန်းထွက်ပြီး အခန်းထဲ တဒေါက်ဒေါက်နှင့် လျှောက်သွားပြီးတွေ့ရာ ပစ္စည်းတွေကို ဆွဲဖွ ကစားသည်။ နောက်ဆုံးတော့ အက်ရှန်က သူ့အား ကလေးခန်းသို့ ပြန်ခေါ်သွားသည်။

လူစီယံတို့ မောင်နှမသုံးယောက်လည်း မာဒလိန်း၊ ကလော့သီတို့နှင့်အတူ ဂျဲနက်ထံ နေ့တိုင်းလိုလို လာကြသည်။

အက်ရှန်မှာ ဂျဲနက်အနားတွင် တဖဝါးမခွာ အမြဲတမ်း ရှိနေသည်။ သူ့ကျေးဇူး သူ့စေတနာကြောင့်ပင်လျှင် ဂျဲနက်အသက်ရှင်လာခဲ့ရခြင်းဖြစ်သည်။ ဇနီးမယားတစ်ယောက်အတွက် သည်လိုလင်ယောကျ်ားမျိုး ဘယ်မှာရနိုင်ပါမည်နည်း။ သူ့ ကျေးဇူးကား ဆပ်မကုန်နိုင်အောင် ရှိတော့သည်။

ဇွန်လရောက်တော့ ဂျဲနက် တော်တော်ကြီးကို ကျန်းမာလာခဲ့ပြီ။ အက်ရှန်က သူ့အား ကားပေါ်တင်ပြီး တောဘက်သို့ ခရီးတိုထွက်သည်။ မိခင်ကြီးနှင့် ကလော့သီတို့၏ ဖွယ်ဖွယ်ရာရာ ဂရုတစိုက် ချက်ပြုတ်ကျွေးမွေးမှုကြောင့် စားလို့သောက်လို့လည်း အလွန်မြိန်လာသည်။ တဖြည်းဖြည်းနှင့် ကိုယ်အလေးချိန်လည်း တိုးလာသည်။ ဂျဲနက်အခြေအနေ တစ်နေ့တစ်ခြား အလွန်ကောင်းလာတာမြင်ရတော့ ဒေါက်တာဗီလုန်းကလည်း ဝမ်းသာမဆုံးဖြစ်နေသည်။ ဒေါက်တာက စေတနာကောင်းသလောက် စိတ်လည်း အလွန်ရှည်သည်။ ယနေ့ အထိ တစ်နေ့မပျက် လာကြည့်နေတုန်းပင်ဖြစ်သည်။

ဂျဲနက် ကျန်းမာရေးအခြေအနေ စိတ်ချလောက်အောင် ကောင်းမွန်လာသောအခါ မြေထဲပင်လယ်ဘက်သို့ အပန်းဖြေသင်္ဘောခရီးထွက်ချင်ကြောင်း . အက်ရှန်က ဒေါက်တာ ဗီလုန်းအား ပြောသည်။ ဒေါက်တာ ဗီလုန်းက အားရပါးရ ထောက်ခံခွင့်ပြုသည်။ နာလန်ထစ တစ်ယောက်အတွက် ကျန်းမာရေးနှင့် စိတ်ရွှင်လန်းရေးအတွက် သမုဒ္ဒရာရေပြင်ခရီးထက် ကောင်းမွန်သောဆေးနည်း မရှိဟုလည်း သူက ဆိုသည်။

သို့ဖြင့် ဇူလိုင်လ ၁၄ ရက် "ဘက်စတီးနေ့" (Bastille Day-၁၇၈၉ ခုနှစ်တွင် ပြင်သစ်တော်လှန်ရေးသမားများက "ဘက်စတီး" ထောင်နှင့် ခံတပ်ကို သိမ်းပိုက်ရရှိသည့် အောင်ပွဲအထိမ်းအမှတ် ကျင်းပသောနေ့) ကျင်းပပြီးသည့် နောက်တွင် ခရီးစထွက်ရန် အစီအစဉ် လုပ်ကြသည်။

စင်စစ် အက်ရှန်က ယခုလက် စောစောထွက်ချင်သော်လည်း ဂျဲနက်က ခရီးမထွက်ခင်



www.burmeseclassic.com

www.burmeseclassic.com



ကလေးတွေနှင့်အတူနေချင်သောကြောင့် ဖြစ်သည်။ ဘတ်စတီးနေ့တွင် မိုးပေါ်သို့ မီးကျည်မီးပန်းများ ထောက်သောအခါ ကလေးတွေက ဝမ်းမြောက်ဝမ်းသာ ခုန်ပေါက် ပျော်မြူးကြသည်ကို သူက ကြည့်သွားချင်သေးသည်။ ထို့နေ့တွင် အထူးပါတီပွဲတစ်ရပ်ကျင်းပရန် စီစဉ်ထားသည်။ တိုက်တိုက် ဆိုင်ပင် ဂျဲနက်၏ "၂၃ နှစ်မြောက် မွေးနေ့" ပွဲကိုလည်း ဘတ်စတီးနေ့ အထိမ်းအမှတ် ညစာစားပွဲနှင့်အတူ တစ်ပြိုင်တည်း၊ တစ်ခုတည်းပေါင်း၍ ကျင်းပမည် ဖြစ်သည်။

ညစာစားပွဲကို ခါတိုင်းထက် စော၍ ကျင်းပသည်။ ဟင်နရီကလေးက ဖအေနှင့် အေတို့ကြားတွင် အငြိမ့်သား ထိုင်နေသည်။

ဂျဲနက်က သားကလေး၏ မျက်နှာကို တစိမ့်စိမ့်ကြည့်ပြီး အစ်ကိုကြီး ယွန်ပေါနှင့် တူလိုက်တာဟု တွေးမိသည်။ သို့သော် သူက ယင်းအတွေးကို ချက်ချင်းပင် မောင်းထုတ်ပစ် လိုက်သည်။ ယနေ့ပွဲသည် ယွန်ပေါနှင့် ဘယ်လိုမှ မသက်ဆိုင်သော အထူးစပယ်ရှယ်ပွဲ မဟုတ်ပါ လား။

ညစာစားပွဲ အခမ်းအနားပြီးဆုံးသွားသောအခါ အက်ရှန်က အရောင်အသွေး အလွန်လိုက်ဖက်သော ပတ္တမြားနှင့် စိန်တွေ ကွင်းထားသည့် ပုတီးတစ်ကုံးနှင့် နားကပ်တစ်ရံတို့ကို မွေးနေ့ လက်ဆောင်ပေးသည်။ ဂျဲနက်က သူတစ်သက်တာတွင် မြင်ဖူးသော အလှဆုံးရတနာများ ဖြစ်၍ သဘောပိုက်မိသည်။ တစ်ချိန်တည်းတွင် ဒါတွေဟာ ငါ့အတွက် မလိုအပ်တော့ပါလား ဟုလည်း တွေးမိသည်။

"အများကြီး ကျေးဇူးတင်ပါတယ် ကို၊ တကယ်တော့ ကိုက ကျွန်မကို လိုတာထက်ပိုပြီး ပေးခဲ့ပြီးပါပြီ၊ ကျွန်မမှာ အားလုံးပြည့်စုံနေပါပြီ"

ဂျဲနက်က ချစ်လင်အား မြတ်နိုးစွာနမ်းလိုက်သည်။ သူ့မျက်လုံးအစုံတွင်တော့ မျက်ရည်တွေ ကြည့် ရွှမ်းလျက်။

ပရိသတ်အားလုံးကပင် သူတို့လင်မယားကို စိတ်ဝင်စားစွာ ကြည့်နေကြသည်။

ယွန်ပေါမှာ ရင်ထဲတစ်မျိုးကြီး ခံစားလာမိသဖြင့် ထိုင်ရာမှ ထသွားပြီး ဘရန်ဒီ ပြည့်ပြည့်တစ်ခွက် ငှဲ့ကာ တစ်ကျိုက်တည်း မော့ချလိုက်သည်။ ပြီးတော့ နောက်တစ်ခွက် ငှဲ့ပြီး သောက်လိုက်ပြန်သည်။

နောက်ဆုံးတွင် ဟင်နရီကလေးမှာ အိပ်ငိုက်လာသဖြင့် အက်ရှန်ရင်ခွင်ထဲ တက်ထိုင်ပြီး အက်ရှန် ရင်ဘတ်တွင် ခေါင်းမှီရင်း သူ့လက်မကလေးကို တပွတ်ပွတ်စုပ်နေသည်။ သို့ဖြင့် ကလေးကို သွားသိပ်ရန် မာဒလိန်းအား လှမ်းခေါ်လိုက်သည်။ ကလေးက အက်ရှန်ကို ပထမဦးဆုံး နမ်းသည်။ ပြီးတော့ မေမေ၊ ဘွားဘွား နှင့် လူစီယံတို့ မောင်နှမသုံးယောက်တို့အား တစ်လှည့်စီ လိုက်နမ်းသည်။

ဘွားဘွားက "လေးလေးကြီးကိုလဲ နမ်းလိုက်ဦးလေသား" ဟု ပြောလိုက်သည်။

ဟင်နရီကလေးသည် ခေတ္တတုံ့ဆိုင်းနေပြီးမှ ယွန်ပေါ၏ ပါးကို ကမန်းကတန်း တစ်ချက်နမ်းလိုက်သည်။ ထို့နောက် အားလုံးကိုနှုတ်ဆက်ပြီး မာဒလိန်းနောက်မှ လိုက်ပါသွား သည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ထွက်သွားသောအခါ လူစီယံတို့ မောင်နှမသုံးယောက်က ညည့်ပရိသတ်များအား စန္ဒရားတီး၍ ဖြေဖျော်ကြသည်။

ဂျဲနက်က သူ၏အိမ်ကြီးသို့ စတင်ရောက်လာသောနေ့ကို သတိရမိပြီး "ဪ ဘာလို အချိန်တွေ အကုန်မြန်လိုက်တာနော်၊ ငါ့မျက်စိအောက်မှာပဲ သူတို့လေးတွေ ကြီးလာလိုက်ကြ မယုံနိုင်စရာပါပဲလား" ဟု တွေးလိုက်မိသည်။

အခမ်းအနားပြီးဆုံး၍ ညည့်ပရိသတ်တွေ အသီးသီး ပြန်သွားကြပြီ။ မိသားစုအား လည်း ကိုယ့်အခန်းသို့ကိုယ် ပြန်ကုန်ကြပြီ။

အက်ရှန်က ဂျဲနက်အား ပခုံးပေါ်မှ သိုင်းဖက်ရင်း လှေကားအတိုင်း အပေါ်ထပ်အိပ်ခန်း သို့ တက်လာခဲ့ကြသည်။ ဂျဲနက်၏ စိတ်ထဲတွင် အလွန်ကြည်နူးနေမိသည်။ သူ့ တစ်သက်တာ အပျော်ဆုံးနေ့တစ်နေ့ပင် ဖြစ်တော့သည်။

မှန်ပါသည်။ ယနေ့ပွဲမှ တကယ့် စစ်မှန်သော၊ ပျော်စရာကောင်းသော မွေးနေ့ပွဲ။ သူ အသစ်တဖန် ပြန်မွေးလာသော မွေးနေ့ပွဲ။ သူ့အသက် ၂၃ နှစ်ပြည့်၍ လူသစ်စိတ်သစ်ဖြင့် ပြန် မွေးဖွားလာသော မွေးနေ့ပွဲ. . .။

ဇူလိုင်လ ၁၅ ရက်နေ့. . .။

ဂျဲနက်နှင့် အက်ရှန်တို့လင်မယားသည် ရထားပြတင်းပေါက်မှ လက်ပြ၍ မိသားစု ပြန်လည် နှုတ်ဆက်ကြသည်။

သူတို့သည် ရထားဖြင့် လီဟားဗားဆိပ်ကမ်းသို့ ပထမဆုံး သွားရောက်၍ ထိုမှတစ် သင်္ဘောစီးကြမည် ဖြစ်သည်။

ဟင်နရီက ဖအေနှင့်မအေတို့အား လက်တယမ်းယမ်းနှင့် နှုတ်ဆက်နေသည် မြင်ရသောအခါ ဂျဲနက်မှာ စိတ်မချမ်းမသာဖြစ်သွားမိသည်။ တစ်ချိန်တည်းတွင်သားကလေး သူတို့နှင့်အတူလိုက်လို့ရတဲ့အထိ ကြီးနေပြီဟုလည်း တွေးလိုက်မိသည်။ ငါတော့ သားကလေး **သိပ်ပြီး အောက်မေ့နေတော့မှာပဲ။**

ထို့နောက် ပလက်ဖောင်းပေါ်တွင် ရပ်နေသော ယွန်ပေါဘက်သို့ လှည့်ကြည့်လိုက်သည်

သူလဲ ငါမရှိတော့ ပျင်းနေတော့မှာပဲ။ **ငါဆေးရုံတက်နေကတည်းက သူနဲ့ တစ်ခါ မတွေ့ကြရ သေးဘူး။ သူဘယ်လိုများ နေလိမ့်မလဲ။ ကိစ္စမရှိဘူးလေ၊ ငါက ခဏပဲ ကြာမှာပဲ**

လီဟားဗားရောက်သောအခါ သင်္ဘောပြောင်းစီးကြသည်။

ဆူဆူညံညံ ဥသြဆွဲသံကြားမှ မိသားစုများနှင့် မိတ်ဆွေ အပေါင်းအသင်းတွေ လက်ကိုင်ပဝါများ ဝေ့ယမ်းပြရင်း နှုတ်ဆက်နေကြသည်။ တချို့ကလည်း လေထဲတွင် ရောင် စက္ကူစကလေးများ ကြဲလွှင့်၍ နှုတ်ဆက်ကြသည်။ တချို့ကလည်း တစ်ယောက်ကိုတစ်ယော လှမ်းအော်၍ တစ်ပျော်တစ်ပါး နှုတ်ဆက်ကြသည်။ သည်မြင်ကွင်းကို ကြည့်ကာ ဂျဲနက် အလွန်ပင် ပျော်ရွှင်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ လင်မယားရသောအခန်းက တော်တော်ကျယ်သည်။ ဧည့်ခန်း၊ အိပ်ခန်းနှင့် ရေချိုးခန်းများ ပါဝင်သည်။ စားပွဲကုလားထိုင်စသော ပရိဘောဂ အသုံးအဆောင် ပစ္စည်းတွေလည်း အစုံအလင် ရှိသည်။

ဂျဲနက်က သဘော်ဘေးပေါက်ကလေးနားသို့ လျှောက်လာပြီး အပြင်ဘက်သို့ ငုံ့ကြည့်လိုက်သည်။

ငြိမ်သက်နေသော အပြာရောင် ရေပြင်ကြီးပေါ်တွင် လှိုင်းခေါင်းဖြူကလေးတွေ ပြေးတမ်း လိုက်တမ်း ကစားနေကြသည်။

"ကို. . . ကျွန်မတို့ အခုလို ခရီးထွက်လာတာ သိပ်ပြီး ပျော်စရာကောင်းတာပဲနော်၊ သိပ်ကောင်းတဲ့ စိတ်ကူးပဲ. . . ကို၊ ကိုက သိပ်တော်တာပဲ၊ ကျွန်မတော့ ကို့ကို သိပ်ပြီး အထင်ကြီးတာပဲ"

အက်ရှန်က ရေပြင်ကို ကြည့်နေသော ဂျဲနက်အား နောက်မှ သိုင်းဖက်လိုက်သည်။ ဂျဲနက်က နောက် ပြန်လှည့်ကာ အက်ရှန်အား နမ်းသည်။

"ဒါနဲ့ ရှမ်ပိန် ပုလင်း ဘာလို့ မဖွင့်သေးတာလဲ ကို၊ ဒီလို ပျော်စရာကောင်းတဲ့ အချိန်မျိုးမှာမှ မသောက်ရင် ဘယ်တော့ သောက်မလဲ"

"ကောင်းပါပြီ ခင်ဗျား"

အက်ရှန်က ခေါင်းငုံ့ကာ အရိုအသေပြုသလို လုပ်လိုက်ပြီး ရေခဲစိမ် ရှမ်ပိန်ပုလင်းကို ဖွင့်သည်။ ပြီးတော့ သူ့ဖန်ခွက်ကို ဂျဲနက်၏ ဖန်ခွက်နှင့် အသာထိလိုက်ပြီးနောက်. . .

"ကဲ တို့နှစ်ယောက်အတွက် နှစ်ကိုယ့် တစ်ကိုယ်၊ နှစ်စိတ် တစ်စိတ်ဘဝနဲ့ ရာသက်ပန် ဘဝခရီး အတွက်" သူက ဂျဲနက်အား တစ်ချက်နမ်းလိုက်ပြီး ချက်ချင်း စိတ်ပြောင်းသွားကာ "ကဲ ခဏအနားယူလိုက်ဦး၊ ကိုလည်း သဘော်ဘဏ္ဍာစိုးဆီသွားပြီး ညစာ ကိစ္စ စီစဉ်လိုက်ဦးမယ်"

"ကောင်းပါပြီ ကို၊ ကြာတော့ကြာမနေပါနဲ့ နော်"

"စိတ်ချ ဒုန်းစိုင်းပြီး ပြန်ပြေးလာခဲ့မယ်၊ ကဲ. . ကဲ. . . အိပ်ရာပေါ် ခဏလှဲနေလိုက်ပါဦး"

ညမ စားသောက်ဆိုင်ထဲမှ စားပွဲတစ်လုံးတွင် အက်ရှန်နှင့် ဂျဲနက်တို့ လင်မယားနှစ်ယောက် ထိုင်နေကြသည်။

ဂျဲနက်သည် ပျော့အိနေသော အဖြူရောင်ဝတ်စုံကို ဝတ်ထားသည်။ မွေးနေ့ပွဲတုန်းက အက်ရှန်ပေး ခဲ့သော ပတ္တမြားဆွဲကြိုးနှင့် ပတ္တမြားလက်ကောက်များကိုလည်း ယနေ့ညတွင် ပထမဆုံးအကြိမ် ဝတ်ဆင်ထားသည်။ ဖိနပ်နှင့် လက်ဆွဲသားရေအိတ်များကလည်း ပတ္တမြားရောင် ချင်း ဖြစ်ကြသည်။ အက်ရှန်ကတော့ အနက်ရောင် ခရီးသွားဝတ်စုံကို ဝတ်ထားသည်။

လင်မယားနှစ်ယောက် တစ်ယောက်ကိုတစ်ယောက်ကြည့်ပြီး ချီးကျူးစကား ဆိုကြသည်။ ပြီးတော့ ရယ်ကြသည်။

တခြားစားပွဲများမှ အမျိုးသားတွေက ဂျဲနက်ဘက်သို့ ခဏခဏ လှည့်ကြည့်ကြသည်ကို



www.burmeseclassic.com

www.burmeseclassic.com



အက်ရှန်က သတိပြုမိသည်။ အမျိုးသားများကသာ မဟုတ်၊ အမျိုးသမီး တွေကပါ ဂျဲနက်ဆီသို့ မျက်လုံး ရောက်နေကြသည်။ သို့သော် သူတို့ချင်း ခံစားချက်ချင်းတော့ မတူကြ။

ဂျဲနက်အဖို့တော့ သည်ခန်းမကြီးထဲတွင် ယောကျ်ားဆိုလို့ သူယောကျ်ား ယောက်တည်းသာ ရှိသည်ဟု ထင်နေမိသည်။ ယခုအချိန်တွင် အက်ရှန်မှာ ခြေတစ်ဘက် သော ဒုက္ခိတ တစ်ယောက် လုံးဝမဟုတ်တော့။ တခန်းလုံးတွင် အချောဆုံး ယောကျ်ားတစ်ယော ဖြစ်နေသည်။ သူက "ဒါ ကျွန်မ ယောကျ်ား၊ ကျွန်မ ယောကျ်ား" ဟူ၍သာ သံကုန်ဟစ်၍ အော် လိုက်ချင်တော့သည်။

ထိုနေ့ညနေတွင် ဂျဲနက်က အိပ်ရာပေါ်တွင် လှဲနေရင်းမှ လေသံကလေးဖြင့် . . .

"ကို . . ."

"အင်"

"ကျွန်မ တစ်ခုပြောချင်တယ်"

"ဘာပါလိမ့် . . ."

"လာပါ ကျွန်မအနားကို တိုးစမ်း . . ၊ ဒီလိုမှ ပိုကောင်းတာပေါ့ . . ကျွန်မ မှားမိတာ ဝန်ချတောင်းပန်ချင်တယ် . . ကို"

အက်ရှန်က ပြုံးပြီး . . .

"သိပ်အရေးကြီးတဲ့ အမှားမို့လို့လားကွယ်၊ ပြောချင်ရင်လည်း ပြောလေ၊ ကို့ အ ခွင့်လွှတ် နိုင်အောင် ကြိုးစားပါ့မယ်"

"အရေးကြီးတယ် . . . ကို၊ ကျွန်မပြောရမှာတောင် ကြောက်နေမိတယ်"

"မကြောက်ပါနဲ့၊ ပြောသာ ပြောပါ"

ဂျဲနက်က အက်ရှန်၏ လက်ကို ဆုပ်ကိုင်သည်။

"ကျွန်မတို့ လက်ထပ်စက ကျွန်မက ကို့ကို မေတ္တာ စေတနာကြီးမားတဲ့ ပုဂ္ဂိုလ် တစ်ယောက်အနေနဲ့ သိပ်ပြီး လေးစားကြည်ညိုမိခဲ့ပါတယ်၊ ကို့ကို မြင်လိုက်ရင် ကျွန်မဟာ ဖေ သွားပြီး သတိရပါတယ်၊ ဒါ ပေမယ့် . . . ဒါပေမယ့် ကို့ကို ကျွန်မ ချစ်လို့တော့ ဘယ်လိုမှ မရ ထင်ခဲ့မိပါတယ်"

"ကိုလဲ သိပါတယ်"

ဂျဲနက်က အက်ရှန် မျက်နှာကို ဖြတ်ခနဲ ကြည့်လိုက်သည်။

ထို့နောက် မျက်ရည်တွေ ဝိုင်းလာသည်။

"ဒါနဲ့တောင် ကျွန်မကို လက်ထပ်သေးတယ် . . . နော်၊ ကျွန်မက မချစ်ဘူးဆို သိလျက်သား နဲ့တောင်"

"ဒါပေါ့ တစ်သက်လုံး လက်ထပ်သွားမှာပေါ့"

"ဘာဖြစ်လို့လဲ ဟင်၊ ကို့ကို မချစ်တဲ့ မိန်းမတစ်ယောက်ကို ဘာဖြစ်လို့ လက်ထ ရတာလဲ . . ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲဆိုတော့ သိပ်ပြီးချစ်လို့ပေါ့၊ သိပ်ပြီးချစ်လို့ လက်ထပ်တာပေါ့၊ ကိုယ့်ကို ချစ်ပေမယ့် အရေးမကြီးပါဘူး၊ မင်းက လေးစားပြီး သစ္စာရှိနေသမျှ ကာလပတ်လုံး ကိုယ်ကတော့ စိတ်ချမ်းသာနေမှာပဲ"

ဂျဲနက်ရင်ထဲ ဒိန်းခနဲ မြည်သွားသည်။ မျက်နှာအမူအရာ မပျက်အောင် မနည်းထိန်းထားလိုက် ရသည်။

"ဒါပေမယ့် အခုတော့ ကို့ကို ကျွန်မ ချစ်လာပါပြီ၊ လေးစားတာကနေပြီ ချစ်လာတဲ့ အဆင့်ရောက်လာပါပြီ"

"အဲဒါ အကောင်းဆုံးပဲပေါ့"

"အဲဒီလို ချစ်လာအောင်လည်း ကိုကပဲ ကျွန်မကို ကူညီခဲ့တာပါ၊ ကိုဟာ ကျွန်မကို စတွေ့တဲ့နေ့ကစပြီး ကြင်နာမှု ပြခဲ့တယ်၊ နားလည်ခဲ့တယ်၊ ဒါပေမယ့် ကို့ကို ကျေးဇူးတရားကြောင့် ချစ်လာတယ်လို့တော့ လုံးဝမထင် ပါနဲ့ ကို" အက်ရှန်က ငြင်းဆိုရန် ပါးစပ်ပြင်လိုက်သည်။ ဂျဲနက်က ခေါင်းကို ခါယမ်းပြီး မြန်မြန် ဆက်ပြောသည်။ "မပြောပါနဲ့၊ ကိုဘာမှ မပြောပါနဲ့၊ ဒီစကားကိုတော့ ကျွန်မပြောပါရစေ၊ နောက်ကို ဘယ်တော့မှ မပြောတော့ ပါဘူး၊ အမှန်အတိုင်း ပြောရရင် ကျွန်မဟာ ကို့ကို လောကမှာ ဘယ်သူနဲ့မှ မတူအောင် ချစ်နေမိပါပြီ. . . ကို"

"ကိုယ့်အနေနဲ့ ဘာများပြန်ပြောစရာ ရှိသေးသလဲကွယ်"

"ဒီစကားကို ကျွန်မ အစောကြီးကတည်းက ပြောခဲ့ဖို့ ကောင်းတယ်၊ ဒါနဲ့. . ကို ကျွန်မ နောက်ထပ် ကလေးတစ်ယောက် သိပ်ပြီး လိုချင်တယ်"

"မလိုအပ်ပါဘူးကွယ်၊ မင်းက အခုမှ ကျန်းမာခါစ ရှိသေးတာပဲ၊ နောက်ထပ် ကလေးမွေးလို့ ဘယ်ဖြစ် နိုင်ဦးမှာလဲ၊ ငါ့ဘဝမှာ ဘယ်လိုမှ မမျှော်မှန်းနိုင်တဲ့ သားဦးလေးကို မင်းက ပေးခဲ့ပြီးပြီပဲ၊ နောက်ထပ်မလိုတော့ ပါဘူး၊ ငါ့ဘဝမှာ မင်းနဲ့ သားလေးတို့ရှိနေရင် အားလုံး ပြည့်စုံနေပါပြီ"

အက်ရှန်က ဂျဲနက်အား ပွေ့ဖက်ကာ နမ်းနေသည်။

သင်္ဘောခရီးမှာပျော်စရာကောင်းလှသည်။ ဆိပ်ကမ်းတစ်ခုတွင် သင်္ဘောဆိုက်တိုင်း နှစ်ယောက်သား ကမ်းပေါ်တက်၍ မိတ်ဆွေအပေါင်းအသင်းများအတွက် လက်ဆောင်ပစ္စည်းမျိုးစုံ ဝယ်ကြသည်။

အကောင်းဆုံး စားသောက်ဆိုင်သို့ သွားကာ စပိန်၊ မိုရိုကန်၊ တူရကီ၊ ဂရိနှင့် အီတာလျံ အစားအစာတွေ စားကြသည်။

သူတို့အဖို့ အားလပ်ချိန်ဟူ၍ လုံးဝမရှိ။ အချိန်တိုင်း လုပ်စရာအလုပ်တွေ ပြည့်နေသည်။ ညကျတော့ ကုန်းပတ်ပေါ်မှာ ထိုင်ကြသည်။

အက်ရှန်က အသံထွက်၍ ကဗျာရွတ်သည်။ အသံဩဇာနှင့် ပြည့်စုံသော သူ့ အသံကို ဂျဲနက်က မျက်လုံး မှိတ်ထားရင်း အရသာခံ၍ နားထောင်နေသည်။

"ကို. . . ကို့ အသံကို ကျွန်မ ဘယ်လိုကြိုက်မှန်း မသိဘူး၊ ကျွန်မ ကိုနဲ့စပြီ စာကြည့်ခန်း



www.burmeseclassic.com

www.burmeseclassic.com



ထဲမှာ တွေ့တဲ့နေ့ကတည်းက ကို့အသံကို ကျွန်မသိပ်ပြီး ကြိုက်ခဲ့မိတယ်။ အဲဒီနေ့ကို ကို မှတ်မိသေးရဲ့လားဟင်"

"ဘယ့်နှယ်. . . မမှတ်မိဘဲနေမှာလဲ. . . သိပ် မှတ်မိတာပေါ့၊ တစ်သက်လုံး မှတ်မိနေမှာပါ၊ ကို့ အသံကောင်းတယ်ဆိုတော့ သီချင်းတောင် ဆိုပြလိုက်ချင်တယ်၊ နားထောင်မလား"

နှစ်ယောက်သား ပြိုင်တူရယ်လိုက်ကြပြီး တစ်ယောက်ကို တစ်ယောက် ဖက်ထားလိုက်ကြသည်။

သည်လိုနှင့် နေလိုက်ရသည်ဟုပင် မထင်လိုက်ရဘဲနှင့် နေ့တွေရက်တွေ လျင်မြန်စွာ ကုန်လွန်သွားခဲ့ပြီး နောက်ဆုံးတော့. . . လီဟားဗားဆိပ်ကမ်းမှ ရထားစီး၍ အိမ်သို့ ပြန်ခဲ့ကြရလေတော့သည်။

ပါရီအမြန်ရထား ဘူတာသို့ ဝင်လာသောအခါ မိသားစုအားလုံး လာကြိုနေကြသည်ကို တွေ့ရသည်။

ထိုနေ့ညစာ စားပွဲမှာ ပါတီပွဲကလေးတစ်ခုပမာ စည်းကား မြိုင်ဆိုင်လှသည်။

ဂျဲနက်တို့ လင်မယားနှစ်ယောက်အဖို့ အိမ်ပြန်ရောက်လာ၍လည်း ဝမ်းသာရသည်။ တချိန်းတည်းတွင် သူတို့၏ မင်္ဂလာနှစ်ပတ်လည်နေ့နှင့် တိုက်ဆိုင်နေ၍လည်း ဝမ်းသာရသည်။

ညစာစားပွဲသို့ မဆင်းလာမီ ဂျဲနက် အဝတ်အစားလဲနေစဉ် အခန်းထဲသို့ မဒမ်ဒူပရေ ဝင်လာသည်။

"သမီး. . . မေမေ အလကားပြောတာ မဟုတ်ပါဘူး၊ သမီးကို ကြည့်ရတာ လွန်ခဲ့တဲ့ သုံးလလောက်က ဂျဲနက်မှ ဟုတ်ပါရဲ့လားလို့ မေမေ တွေးမိတဲ့အထိပါပဲကွယ်"

"ဟုတ်တယ်. . . မေမေ၊ ကျွန်မ သိပ်ပြီး ပျော်ခဲ့ရပါတယ်၊ စိတ်လဲ အများကြီး ချမ်းသာပါတယ်၊ ကိုကို့ ကျေးဇူးပါပဲ"

"မေမေ့ သားလေးတော့ ဝမ်းထဲ ဘုရားပွဲ လှည့်နေတော့မှာပဲ သမီး၊ သူ့ကြည့်ရတာ လောလောလတ်လတ် ပျားရည်ဆမ်းခရီးက ပြန်ရောက်လာသလိုပဲ"

ဂျဲနက်က မိခင်ကြီးလက်ကို ဆုပ်ကိုင်လိုက်ပြီး. .

"မေမေ သိပ်ပြီး ပညာရှိတာပဲ မေမေ"

"အမယ် ငါ့သမီးက မေမေကို မြှောက်နေပြန်ပြီ၊ မြှောက်ပါမြှောက်ပါ၊ မေမေ စိတ်မဆိုးတဲ့အပြင် ဝမ်းတောင်သာလိုက်ပါသေးတယ်၊ ဒါနဲ့ ပြောစမ်းပါဦး၊ မေမေက ဘာကြောင့် ပညာရှိရတာလဲ. . . သမီးရဲ့"

"ဩော်. . မေမေကလဲ ပရိုဗင့်စ်ကို ခရီးထွက်ခဲ့ကြတုန်းက မေမေ ပြောခဲ့တဲ့ စကား မမှတ်မိတော့ဘူး လား"

"ဘာလဲ၊ အက်ရှန်ကို လက်ထပ်ပါလို့ မေမေက သမီးကို လာပြောတာကို ပြောတာလား" မိခင်ကြီးက ပြောပြီး ရယ်နေသည်။

"အဲဒီနေ့က သမီးကို မေမေက ပြောခဲ့တယ်လေ၊ လေးစားမှုကနေပြီ အချစ်ဟာ ပေါက်ဖွားလာနိုင်ပါတယ်. . . ဆိုတာလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော်. . . မေမေက အဲဒီလိုပြောခဲ့သတဲ့လား၊ ဟုတ်တယ်. . ဟုတ်တယ်၊ မေမေတာလဲ သဘောတူပါတယ်၊ မေမေ့ရဲ့ အလွန် လိမ္မာတဲ့၊ အလွန် ချစ်စရာကောင်းတဲ့ မေမေ့ရဲ့ ချွေးမချော တလေးကပြောတော့လဲ ယုံရတော့မှာပေါ့ကွယ်"

"နောက်ပါ. . . နောက်ပါ၊ မေမေကြိုက်သလောက် နောက်ပါ၊ ဒါပေမယ့် ကျွန်မကတော့ မေမေ့သားကို သိပ်ပြီး ချစ်နေမိပြီလို့ ပြောချင်တာပါ"

အဘွားကြီးက ချွေးမကလေး၏ ပခုံးကို တယုတယ ဆုပ်ကိုင်လိုက်သည်။

"ကျေးဇူးတင်ပါတယ်. . . သမီးရယ်၊ ဒီစကား ကြားရတာ မေမေအများကြီး ဝမ်းသာပါ တယ်၊ သမီးကို မေမေ မနောက်တော့ပါဘူးကွယ်၊ မေမေကလဲ သမီးပြောတဲ့ စကားတစ်ခွန်းကို တနေ့အထိ မမေ့သေးပါဘူး"

"ဘာစကားပါလိမ့်. . . မေမေ"

"အစ်ကိုလေး အက်ရှုန် စိတ်ချမ်းသာအောင် ကျွန်မ သစ္စာရှိရှိနဲ့ ပြုစုလုပ်ကျွေးပါ့မယ်လို့ သမီးက ပြောခဲ့တဲ့စကားလေ. . . ဒီစကား ကြားရတော့ မေမေ ဝမ်းသာမဆုံး ဖြစ်ခဲ့ရတယ်. . သမီး၊ အခုတစ်ခါ သူ့ကို သမီး သိပ်ပြီးချစ်နေမိပြီလို့ ပြောပြန်တော့ မေမေ့ ဘဝမှာ အားလုံး ပြီးပြည့်စုံ သွားပါပြီကွယ်. . . ကဲ. . ဝတ် ဝတ် မြန်မြန်ဝတ်၊ သမီး လင်တော်မောင်ကြီးက ကြာလှချည်လား ဆိုပြီး ရွှေစိတ်တော် ကောက်နေဦးမယ်"

မိခင်ကြီးက ယင်းသို့ပြောပြီး အခန်းထဲမှ ခပ်သုတ်သုတ် ပြန်ထွက်သွားသည်။

ဂျဲနက်က ဝတ်စား ပြင်ဆင်ပြီးနောက် ခေတ္တမျှ ရပ်နေမိသည်။ မိခင်ကြီးနှင့် ဝမ်းသာစရာ စကားတွေ ပြောလိုက်ရ၍ ကိုယ့်ကိုယ်ကိုယ် အလွန်ကျေနပ်မိသည်။

သူက နှစ်ယောက်အိပ် ခုတင်ကြီးဘက် အမှတ်မထင် လှည့်ကြည့်လိုက်သည်။

ယနေ့မှ စ၍ ဤခုတင်သည် သူနှင့် အက်ရှုန်တို့ အတွက်သာ ဖြစ်ရစေတော့မည်။ ယွန်ပေါ်နှင့် သူတို့၏ ဇာတ်လမ်းသည် ယနေ့မှစ၍ နိဂုံးကမ္ပတ် အဆုံးသတ်ခဲ့ပြီ။

စိတ်ထဲက ဆုံးဖြတ်တာတော့ လွယ်ပါသည်။ သို့သော် လက်တွေ့ကျတော့ ခက်နေသည်။ ယွန်ပေါ်နှင့် မျက်နှာချင်းဆိုင်ရမည်ကို တွေးကြောက်နေမိသည်။ သို့သော်. . ဒါကိုတော့ လုပ်ကို လုပ်ရတော့မည် ဟု ဇွတ်မှိတ်ပြီး ဆုံးဖြတ်လိုက်သည်။

အမိုးဖွင့်ကားကလေးသည် ဂျဲနက်နှင့် ယွန်ပေါ်တို့နှစ်ယောက် သုံးနှစ် သုံးမိုး လုံးလုံး ကျိတ်၍ ဆုံခဲ့ကြသော တိုက်ခန်းရှေ့တွင် ငြိမ့်ကနဲ ရပ်သွားသည်။

ဂျဲနက်သည် ကားပေါ်မှ မဆင်းသေးမီ နောက်ဆံ တင်းနေမိသည်။ ခဏကြာတော့ ပခုံးကို ဆန့်ပြီး ရင်ကို ကော့လိုက်သည်။ ထို့နောက် ကားပေါ်မှ ဆင်းကာ လှေကားအတိုင်း တက်လာ ခဲ့သည်။

ဂျဲနက်၏မျက်နှာကို လှမ်းမြင်လိုက် ကတည်းက ယခင် ဂျဲနက် မဟုတ်တော့ ဆိုသည်ကို ယွန်ပေါ်က ချက်ချင်း သိလိုက်သည်။ ဂျဲနက်၏ မျက်နှာအမူအရာက သူ၏ စိုးရိမ်စိတ်ကို



www.burmeseclassic.com

www.burmeseclassic.com



ပို၍ကြီးမားစေသည်။ သူ ခံလည်း ခံစားမိသည်။ သိလည်း သိလိုက်မိသည်။ နောက်ဆုံး ငါတော့ သူ့ကို လက်လွှတ် လိုက်ရပြီဟုလည်း တွေးလိုက်မိသည်။

"ဝင်လေ ဘာလို့ ရပ်နေတာလဲ" ယွန်ပေါက ပြောသည်။ "တို့တစ်မိမ်းတွေမှ မဟုတ်တာ"

သူ့ လေသံကြောင့် ဂျဲနက် အံ့အားသင့်သွားသည်။ သို့သော် သူဘာကို ဆိုလိုကြောင်း အတိအကျ မသိရသေး။

"ထိုင်စမ်းပါ. .၊ အဲဒီ အကျီလည်း ချွတ်လိုက်စမ်းပါ။ ဒီအခန်းက နွေးပါတယ်။ မင်းအအေး မမိပါဘူး။ အထူးသဖြင့် သဘော်နဲ့ ပျားရည်ဆမ်းခရီးထွက်ခဲ့ပြီးမှ မင်းက သိပ်ပြီး ကျန်းမာဝဖြိုး အလှတိုး လာသလိုပဲ။ ပျားရည်ဆမ်းခရီးကလည်း တော်တော့်ကို ပျော်စရာကောင်းတယ်နဲ့ တူပါတယ်။ အသက်ရှည် အလှတိုးဆေးဆိုပါတော့"

"ဟုတ်ပါတယ်၊ အစ်ကိုကြီး ပြောတာ မမှားပါဘူး၊ သိပ်မှန်တဲ့ စကားပေါ့"

"ဒါပေါ့. . . ဒါပေါ့. .၊ သိပ်မှန်တဲ့ စကားပေါ့၊ မင်းက အခုမှ အလျှင်ကထက်တောင် ပိုပြီး လှလာသလို ပဲ၊ တစ်သားမွေး တစ်သွေးလှဆိုတာ ဒါပဲ ထင်ပါရဲ့၊ လင်တော်မောင်နဲ့ ခရီးထွက်တာ အရမ်းပျော်စရာကောင်းမှာ ပေါ့. . . နော်၊ ဒါနဲ့. . . မင်းကြည့်ရတာ ကိုယ်ဝန်တောင် နည်းနည်း ရှိနေပြီနဲ့တူတယ်၊ အက်ရှနက ဒုတိယမြောက် ရင်သွေးကလေး တစ်ယောက် ထပ်ရ ပြန်တော့မှာပေါ့၊ ဒီအချိန်မှာတော့ ဘာပြဿနာမှ မရှိတော့ဘူးပေါ့။ ဘာအပြစ်မှလဲ မရှိတော့ဘူး ယွန်ပေါ်ဆိုတဲ့ ဂြိုဟ်ကောင်လဲ မရှိတော့ဘူးပေါ့. . . ဟုတ်လား၊ ဒါနဲ့ မင်းတကယ် ကိုယ်ဝန်ရှိနေ ပြီလား. . . ဟင်"

သူက တမင် "ရိ"နေခြင်းဖြစ်သည်။ သူ့အသံကြောင့် ဂျဲနက် ရင်တွေ တုန်ကာ ကြောက်စိတ်ပင် ဝင်လာမိသည်။ ကြိုးစားပြီး စိတ်ကို လျှော့သည်။ အားကို တင်းသည်။ သို့သော် သူ မပြောခင် ယွန်ပေါက ဖြတ်ပြောသည်။

"ဘာမှ ပြန်မပြောတော့ မဟုတ်ဘူးလို့ပဲ ယူဆရမှာပေါ့၊ သိပ်ပြီး ပညာသားပါတာပဲ ဟုတ်တယ်၊ တကယ်ပဲ မင်းကို ကြည့်ရတာ အလျှင်နဲ့လုံးဝမတူတော့ဘူး၊ ကဲ. . . ဒါဖြင့် လုပ်စမ်းပါဦး အချစ်ရဲ့၊ အခုလို လူသစ် စိတ်သစ်နဲ့ ရောက်လာတာ. . ငါ့ကို ချစ်ဖို့လာတာပဲလား၊ ဒါမှ မဟုတ်ဘာကြောင့် လာတာလဲ. . . ပြော စမ်းပါဦး"

ဂျဲနက် ရင်တွေတုန်နေသည်။ ဘယ်စကားကို ဘယ်က စပြီး ပြောရမှန်းမသိအောင် ဖြစ်နေသည်။ တစ်ချိန်တုန်းက အရူးအမူး စွဲချစ်ခဲ့မိသော၊ သူ့သားကလေး၏ ဖခင်လည်း ဖြစ်သော သည်ယောက်ျားကို ယခုတော့ မချစ်တော့ပါဘူးလို့ သူ ဘယ်လို လုပ်ပြောရပါ့။

သူက သက်မတစ်ချက် ချလိုက်သည်။

"အစ်ကိုကြီး. . . ကျွန်မ အခု ပြောမယ့် ကိစ္စကို ကျွန်မတို့ နှစ်ယောက် ယဉ်ကျေးပြီး အသိဉာဏ်ရှိတဲ့ လူတွေ အဖြစ်နဲ့ ဆွေးနွေးချင်ပါတယ်"

"ဟား. . . ဟား. . . ဟား၊ တယ်လှတဲ့ စကားပါလား၊ ဟား. . . ဟား. . "

ယွန်ပေါက ဓောက်ရယ်ပစ်လိုက်သည်။ သို့သော် သူ့ ရယ်သံက ခြောက်ကပ်ကပ်။ အသက်မပါ။

သည်စကားမျိုးကို သူအများကြီး ကြားခဲ့ဖူးပြီ။ သို့သော် သူက အစာဝအောင် စားပြီး



www.burmeseclassic.com

www.burmeseclassic.com



နပြန်ခါနီး ငှက်လို ကျင့်သောကြောင့် သူနှင့် တွဲခဲ့ကြသော တခြားမိန်းကလေးတွေက ပြောခဲ့ခြင်း ဖြစ်သည်။ ထိုစဉ်က ယင်းစကားတွေကို သူက လုံးဝ အရေးမထားခဲ့။

ယခု ယင်းစကားမျိုးကို ဂျဲနက် ပါးစပ်မှ ကြားရပြီ။ သည်တစ်ကြိမ်တွင်တော့ ယင်းစကား သည် သူ့အတွက် ထူးခြားနေသည်။

"အစ်ကိုကြီး. . ." ဂျဲနက်က ပြောသည်။ "ကျွန်မ နေမကောင်း ဖြစ်နေတဲ့ ကာလမှာ ကျွန်မ စဉ်းစားဖို့ အချိန်တွေ အများကြီး ရခဲ့ပါတယ်၊ ကျွန်မ ဘဝကို ကျွန်မ မထောက်မညှာ အဖန်သုံးသပ်မိခဲ့တယ်"

"အဲဒီတော့. . ဘယ်လို သုံးသပ်မိလို့လဲ. . . ပြောစမ်းပါဦး. . အချစ်ရဲ့"

"ကျွန်မကို ကျွန်မ မကောင်းမြင်မိတယ်၊ ဟိုတုန်းက ဒီလို တစ်ခါမှ မမြင်မိဘူး၊ မြင်အောင်လည်း မကြည့်ခဲ့မိဘူး"

"ခုတော့ ဘာကြောင့် ကြည့်မိသလဲ"

"အစ်ကိုကြီးနဲ့ စတွေ့တုန်းက ကျွန်မဟာ ကျောင်းသူကလေး တစ်ယောက်အရွယ်ပဲ ရှိသေးတယ်၊ အရာရာကို ကလေး ဆန်ဆန်ပဲ ကြည့်ခဲ့မိတယ်"

"ဆက်ပြောပါဦး"

"အဲဒီလို ကိုယ့်ကိုယ်ကိုယ် ပြန်လည်သုံးသပ်ကြည့်တဲ့အခါ ကျွန်မဟာ အလျင်လုပ်ခဲ့တဲ့ အလုပ်မျိုးတွေကို ဆက်မလုပ်သင့်တော့ဘူးလို့ သုံးသပ်မိတယ်၊ ကျွန်မ ဘယ်လိုပြောရမှန်းတောင် မသိတော့ဘူး၊ ဟုတ်ပါတယ်၊ အစ်ကိုကြီးက ကျွန်မရဲ့ ပျော့ကွက်ကို ကြည့်ပြီး ကျွန်မကို ဖြားယောင်းခဲ့တယ်၊ ကျွန်မကို မကောင်းတဲ့လမ်းပို့ခဲ့တယ်၊ ကျွန်မက ငယ်ရွယ်သူမို့ လုပ်တာ မှားသလား၊ မှန်သလားမခွဲခြားတတ်ခဲ့ဘူး၊ အခုလိုပြောနေတာကို အစ်ကိုကြီးကို ကျွန်မ အပြစ်ပုံချနေတာ မဟုတ်ပါဘူး၊ ဘယ်သူ့မပြု မိမိမှုပါ၊ ကျွန်မကိုယ် ကျွန်မသာ အပြစ်တင်မိပါတယ်၊ တကယ်တော့ အစ်ကိုကြီးနဲ့ ကျွန်မတို့ရဲ့ အချစ်ဟာ စစ်မှန်တဲ့ အချစ်မဟုတ်ပါဘူး၊ ဒါကို အစ်ကိုကြီးလည်း သိလိမ့်မယ်လို့ ကျွန်မ ထင်ပါတယ်"

"တို့မှာ သားကလေး တစ်ယောက် ရှိသေးတယ်" သူကအော်ပြောသည်။ "တို့မှာ သားကလေး တစ်ယောက် ရှိသေးတယ်၊ သူ့ဖအေ ဘယ်သူဆိုတာလဲ မင်းသိ တယ်၊ ဒီအချက်ကို မင်းက လွယ်လွယ်ကူကူ မေ့ပစ်လို့ ရမှာတဲ့လား"

သူက ဘရန်ဒီဖန်ခွက်ကိုကောက်ယူပြီး သုံးခွက်မြောက် မော့ချလိုက်သည်။

"မမေ့ပါ၊ ကျွန်မ မေ့မပစ်ပါဘူး၊ အစ်ကိုကြီးဟာ တရားဝင်ဖအေခေါ် မခံရလို့ ကလေးကို စိတ်ရှိ လက်ရှိ ချစ်ခွင့်မရလို့ ဘယ်အထိ ခံစားရတယ်ဆိုတာ ကျွန်မ သိပါတယ်၊ ကိုယ်ချင်းလဲ စာနာမိပါတယ်၊ ဒါပေမယ့်. . . ဘာပဲပြောပြော . . . တရားဝင်ဖအေဟာ ကိုကိုသာ ဖြစ်တယ် ဆိုတာကိုလဲ ဘယ်လိုမှ မေ့ထားလို့ မဖြစ်ပါဘူး၊ အစ်ကိုကြီး၊ ကျွန်မဒီစကားပြောရတာ စိတ်မကောင်း ပါဘူး။ အစ်ကိုကြီးအတွက် နှလုံးသားကို အပ်စိုက်ခံရသလို ခံစားရလိမ့်မယ်ဆိုတာ ကျွန်မ နားလည် ပါတယ်၊ ဒါပေမယ့် မပြောမဖြစ်တဲ့ ကိစ္စမို့ ကျွန်မလဲ မနည်းကြီး စွန့်စားပြီး ပြော. . . ပြောရပါတယ်"

"အဲဒီခြေကျိုး ဒုက္ခိတကြီးက ဘယ်လိုလုပ်ပြီး ကလေးဖအေ ဖြစ်နိုင်ရမှာတုံး"



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုကြီး ပြောတာ မှားတယ်၊ ဟုတ်ပါတယ်. . . ကိုကိုဟာ ခြေထောက် ထော့နင်း ထော့နင်းနဲ့ လမ်းလျှောက်တာတော့ . . မှန်ပါတယ်၊ ဒါပေမယ့် . . . ဒါပေမယ့်. . သူဟာ လူစဉ်မီ ယောကျ်ားတစ်ယောက်ပါ။ ပြောင်ပြောရရင် အစ်ကိုကြီးထက်တောင် လူစဉ်မီသေးတယ်. . . ပြီးတော့လဲ. . ."

"ဘာ. . . ဘာပြောတယ်၊ ခွေးတိရစ္ဆာန်မ၊ မင်းက ဒီစကားမျိုး ပြောရသတဲ့လား၊ မင်း လမ်းဘေးက ကောက်လာတာ ဘယ်သူလဲ. . . သိရဲ့လား၊ မိမရှိ ဖမရှိနဲ့ ဘာမဟုတ်တဲ့ ဘဝကနေပြီး အခုလို သိက္ခာရှိရှိ ဂုဏ်ရှိရှိဘဝမျိုး ရောက်လာအောင် ဘယ်သူလုပ်ပေးသလဲ. . . ပြောစမ်းပါဦး" သူက ခေါင်းကို ခါယမ်းရင်း နောက်ထပ် အရက်တစ်ခွက် မော့ချလိုက်ပြန်သည်။ "မင်းကို ဒီနေရာခေါ်ပြီး မင်းလိုချင်တဲ့ အချစ်ကိုလဲ ပေးခဲ့တယ်၊ ပြီးတော့ အိမ်တစ်ဆောင် မီးတစ်ပြောင် ပေးခဲ့တယ်၊ သားကလေး တစ်ယောက်လဲ ပေးခဲ့တယ်၊ ဒါတောင်မှ မင်းဟာ မိန်းမပျက် စကားမျိုး လာပြောနေရသေးသလား၊ ဘာလဲ မင်းက မင်းဘဝနဲ့ ထိုက်တန်တဲ့ လမ်းပေါ် ပြန်ရောက်သွား ချင်လို့လား"

သူ့စိတ်ကတော့ ဂျဲနက်ကို လည်ပင်းကိုင်ညှစ်ပြီး ပွဲချင်းပြီးသာ သတ်ပစ်လိုက် ချင်တော့သည်။

ဂျဲနက်က မျက်နှာတည်တည်နှင့် ပြောသည်။

"ကျွန်မကို အစ်ကိုကြီး ဘာမှ မပေးပါဘူး၊ ပေးတယ်လို့ ထင်အောင် ဖျားယောင်း သွေးဆောင်လာခဲ့တာပါ၊ အစ်ကိုကြီးဟာ ကျွန်မကိုရော အစ်ကိုကြီးမေမေကိုရောအသုံးချ ညီအရင်းခေါက်ခေါက် တစ်ယောက်ကို ရက်ရက်စက်စက် စော်ကားခဲ့တယ်၊ မကောင်းကြံခဲ့တယ်၊ အစ်ကိုကြီးဟာ ကိုယ့် ညီလေး အရင်းတစ်ယောက်ကိုတောင်ရေနှစ်ပြီး သတ်မလို့ လုပ်ခဲ့တာ အန်တီ ကလော့သီ ပြောပြလို့ ကျွန်မ အားလုံး သိပြီးပြီ၊ အဲဒီ တုန်းကတော့ ကျွန်မ မယုံခဲ့ပါဘူး ဒါပေမယ့် . . . အခုတော့ တကယ့်ကို ယုံပါပြီ၊ အစ်ကိုကြီးဟာ မိသားစု အားလုံး ဒုက္ခရောက်အောင် အနှေးနဲ့အမြန် လုပ်ကို လုပ်ဦးမယ်လို့လဲ အန်တီကလော့သီက ကျွန်မကို ပြောသေးတယ်၊ အခုပဲကြည့်ပါလား. . . အစ်ကိုကြီး နှိပ်စက်လို့ မမ မာရီတစ်ယောက် အရူးဆေးရုံရောက်နေ ပြီ မဟုတ်လား၊ မကြာခင် သေဖို့ပဲ ရှိတော့တယ် မဟုတ်လား"

ယွန်ပေါက ဒေါသစိတ်ကို ထိန်းမထားနိုင်တော့ပဲ ပွင့်ထွက် သွားတော့သည်။

"ခွေးတိရစ္ဆာန်မ လူပါးဝလိုက်တာ၊ ကိုယ့် အန္တရာယ်ကိုတော့ ကိုယ်မမြင်ဘူး၊ ကဲ. . . ဟင်နရီကလေးဟာ သူ့သား မဟုတ်ဘူးဆိုတာ မင်းယောကျ်ားသိသွားရင် ဘယ်လိုဖြစ်သွားနိုင်သလဲ၊ သူဘာလုပ်မယ်ထင်သလဲ၊ ကဲ ပြောစမ်းပါဦး၊ သူက မင်းကို အိမ်ပေါ်က တစ်ခါတည်း ထုတ် လိုက်မှာပေါ့ သိရဲ့လား၊ မင်းက လမ်းပေါ်က လာတဲ့ ကောင်မပဲ၊ အဲဒီ ဘဝမျိုးနဲ့မှ မင်းနဲ့တန်တာ ကွ. . သိရဲ့လား၊ မင်းလို မိန်းမယုတ်တစ်ယောက် တို့ရဲ့ ဂုဏ်သိက္ခာရှိတဲ့ ဒူပရေးဆိုတဲ့ နာမည် တစက်ကလေးမှ မထိုက်တန်ဘူး"

သည်စကားမျိုး ကြားရလိမ့်မည်ဟု ဂျဲနက်က ကြိုတင်တွက်ထားပြီးသားဖြစ်သည် ထို့ကြောင့် သူက လေသံအေးအေးဖြင့် ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်၊ သူ ကျွန်မကို ကန်ချချင်လဲ ချနိုင်ပါတယ်၊ ကန်ချရင်လဲ သူ့အနေနဲ့ မှားပါဘူး၊ တရားပါတယ်၊ ဒါပေမယ့် သူ့ကို အစ်ကိုကြီးက ပြောပြရဲမယ်လို့တော့ ကျွန်မ မထင်ပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ အစ်ကိုကြီးက အဲဒီလို သွားပြောရင် အစ်ကိုကြီးဟာ ကျွန်မကိုရော မေမေကိုရော လှည့်ဖြားလိမ်ညာပြီး အဓမ္မ လက်ထပ်ခိုင်းခဲ့တယ်ဆိုတာ ပြန်ပြောရလိမ့်မယ်၊ ကျွန်မဟာ အစ်ကိုကြီးပြောတဲ့ မိန်းမစားမျိုး မဟုတ်ဘူးလို့ ထင်ပါတယ်၊ ဒါပေမယ့် အမျိုးကောင်းသမီး မဟုတ်ဘူးလို့တော့ ပြောချင်ရင် ပြောနိုင်ပါတယ်၊ ဘယ်လို ဘယ်လိုပဲပြောပြော ကျွန်မဟာ ကျွန်မသားကလေးနဲ့ ကျွန်မယောက်ျားအကျိုးအတွက် ကာကွယ်တိုက်ခိုက်ရမှာကတော့ သေချာပါတယ်"

ယွန်ပေါ်သည် ကုလားထိုင်ပေါ်တွင် ပျော့ခွေကျသွားသည်။ သူသည် ကိုယ်အင်္ဂါ သန်စွမ်းသော ညီဖြစ်သူနှင့် စော်ကားမော်ကား ပြောနေသော သည်မိန်းကလေးတို့အား အရှုံးပေးလိုက်ရပြီ။ သူအလွန်ချစ်သော ရင်သွေးကလေးကိုလည်း စွန့်လွှတ်လိုက်ရပြီ။ သူဘယ်လိုမှ တတ်နိုင်တော့၊ ဂျဲနက် ပြောတာမှန်သည်။ သည်အကြောင်းကို မိခင်ကြီး သိသွားလျှင် သူ့အပေါ် ဘယ်တော့မှ ခွင့်လွှတ်နိုင်တော့မည် မဟုတ်။ ခွင့်မလွှတ် နိုင်ရုံသာမက အမွေကိုပါ လုံးဝ ဖြတ်ပစ်မည်မှာ ကိန်းသေဖြစ်သည်။

သို့သော် သူ့စိတ်ထဲကတော့ "အေး. . . နင့်တို့ လင်မယားနှစ်ယောက်တော့ နေနှင့်ကြဦးပေါ့ကွာ၊ တစ်နေ့မှာ ယွန်ပေါ် အကြောင်း သိကြရပါလိမ့်မယ်" ဟူ၍ ကျိတ်ပြီး ပြောလိုက်သည်။

ပြီးတော့ သူက ပြောလိုက်သည်။

"ကဲ. . . ခွေးတိရစ္ဆာန်မ၊ နင့်မျက်နှာ ငါမကြည့်ချင်တော့ဘူး၊ ခုချက်ချင်း ထွက်သွားပါ၊ သွား နင့်လင် ခြေကျိုးကောင်ဆီ သွားတော့။ အေး. . . တစ်နေ့တော့ သူကလဲ မင်းကို အပုပ်ကောင်မလို့ ထင်လာမယ်ဆို တာတော့ ငါကောင်းကောင်းကြီး မျှော်လင့်ပါတယ်"

သူ့အိမ်သို့ ဘယ်လိုက ဘယ်လိုပြန်ရောက်လာမှန်း ဂျဲနက် လုံးဝ မမှတ်မိတော့။

သူက ယွန်ပေါ်၏ စကားကို ကြားယောင်နေသဖြင့် နားကို လက်ဝါးနှင့်အုပ်ကာ ခုတင်ပေါ်တွင် ခြေပစ်လက်ပစ် လှဲချလိုက်သည်။ သို့ပေမယ့် ယွန်ပေါ်၏ အသံက သူ့နားထဲတွင် စွဲတင်ရိုက်ခတ်နေဆဲ ဖြစ်သည်။

သူ့ကိုယ်သူ ရွံရှာမုန်းတီး စိတ်ဝင်လာမိသည်။ သေလိုက်ချင် စိတ်ပင် ပေါက်မိသည်။

ယွန်ပေါ်က သူ့အား ချက်ပိုင်ပိုင် အလဲထိုးလိုက်ပြီ။

**ဩော်. . ဖေဖေ၊ နောက်ဆုံးတော့. . . သမီးက မအေတူသမီး ဖြစ်နေပါရောလား. . . ဖေဖေရယ်. . ။**

ဂျဲနက်သည် ရက်တော်တော်ကြာကြာ ကိုယ့်ကိုယ်ကိုယ် လိပ်ပြာမလုံ ဖြစ်နေမိသည်။ တစ်ခါတရံ သေပစ်လိုက်ချင်သည်အထိပင် စိတ်ညစ်နေမိသည်၊ သူ့ ယောကျ်ားအားလည်း "ကိုကျွန်မကို ချစ်ရဲ့လား. . . ဟင်" ဟူ၍ မကြာခဏ မေးမေးနေတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ အမေးကြောင့် အက်ရှန် အံ့အားသင့်မိသည်။ ဝေခွဲမရ ဖြစ်မိသည်။

**သူ ဒီမေးခွန်း ဘာကြောင့် ခဏခဏ မေးနေရတာလဲ. . ။ တကယ်တော့ မေး မလိုအပ်ပါဘူး။ ငါဘယ်လောက် ချစ်တယ်ဆိုတာ သူသိသားပဲ။ ဒီမေးခွန်းမျိုး သူ ဟိုတု တစ်ခါမှ မမေးခဲ့ဖူးပါဘူး။**

အိပ်ရာဝင်ပြန်တော့လည်း သူက ခင်ပွန်းသည်အား တောင်းတောင်းပန် တစ်ဘက်လှည့် အိပ်နေတတ်သည်။ သည်လိုတစ်ခါမျှ မဖြစ်ဖူးသဖြင့် အက်ရှန်မှာ ဘယ် လက်မခံနိုင်အောင် ဖြစ်ရသည်။ သို့သော်လည်း သူက ဘာမှမပြောဘဲ သည်းခံ နေလိုက်တော့သည်။

သမားတော်ကြီးများကတော့ ခွဲစိပ်ကုသပြီးနောက် တန်ပြန်အကျိုးဆက်များ ဖြစ် လာတတ်ကြောင်း၊ သို့သော် ဘယ်လို တန်ပြန်လာမည်ဆိုသည်ကိုမူ သူတို့အနေဖြင့် ကြို မသိနိုင်ကြောင်း သတိပေးခဲ့သည်။

သူ့အား သူ့ ယောက်ျားက သံသယဝင်နေကြောင်း ဂျဲနက်ကိုယ်တိုင်လည်း သိ သမားတော်ကြီးများ၏ အကြောင်းပြချက်ကြောင့် သူ့အတွက် လှည့်ကွက်ရသွား၍ ဝမ်းသာမိ

သို့သော် ယခုလို မသန့်ရှင်းသော သူ့ကိုယ်ခန္ဓာကို အပြစ်ကင်းသော ချစ်လင် သူ ကောင်းကြီးအား သူ့အနေဖြင့် ဘယ်လိုပေးရက်နိုင်မည့်နည်း။

သူသည် အိမ်ထဲမှ အိမ်ပြင်မထွက်ဘဲ ရက်ပေါင်းများစွာ အခန်းအောင် လာခဲ့ ယွန်ပေါ်၏ မယားမာရီလို အခြေအနေမျိုး ရောက်လာသည်။ သားငယ် ဟင်နရီနှင့်လည်း အ မခံတော့။ သူ့ကိုယ်သူ အပြစ်မဲ့သော သားငယ်၏ မိခင်အဖြစ်နှင့် မတန်တော့ဟု ထင်နေမိ စိတ်ကလည်း အတိတ်ကာလဆီသို့သာ ရောက်ရောက်နေသည်။ သူ့ကို အတိတ်တ ဖြဲခြောက်နေသည်။ သူ့ကိုယ်သူလည်း သည်လောကတွင် အကြီးမားဆုံး ပြစ်မှုကြီးတ ကျူးလွန်ခဲ့မိသူအဖြစ် ယူဆထားသည်။ သည်အပြစ်ကို ဘယ်နည်းနှင့်မျှ ဖြေဖျောက် မရနိုင်တော့ဟူ၍ ယူဆမိသည်။

အက်ရှန်မှာ ဇနီးဖြစ်သူ၏ ထူးထူးခြားခြား ပြောင်းလဲနေမှုကို သည်းမခံနိုင်အေ ဖြစ်လာသည်။

ထို့ကြောင့် တစ်ညတွင် အခန်းထဲသို့ ဝင်လာခဲ့သည်။

ခုတင်ဘေးတွင် ဝင်ထိုင်ပြီး မေးမိသည်။

"ဘာများ ဖြစ်နေသလဲကွယ်၊ နေ့မကောင်းလို့လားဟင်၊ ကိုယ့်ကို ပြောပြစမ်းပါကွ

ဂျဲနက်သည် မျက်နှာကို လက်ဝါးနှင့်အုပ်ကာ ခုတင်ပေါ်တွင် မလှုပ်မယှက် လှဲနေ

"ဘာမှမဖြစ်ပါဘူး. . . ကို၊ တကယ်ပြောတာပါ၊ ကျွန်မ ဘာမှမဖြစ်ပါဘူး"

"ဘာမှမဖြစ်ဘူးသာဆိုတယ်၊ လူကတော့ တမှိုင်တွေတွေနဲ့ အပြင်လဲ မထွက် အခန်းထဲမှာချည်း အောင်းနေတတယ်၊ ဘာဖြစ်သလဲ၊ ဘယ်လိုခံစားနေရလို့လဲ၊ ကိုယ့်ကို ပြော နေမကောင်းရင် ဆရာဝန် ခေါ်လိုက်မယ်လေ"

"အို မခေါ်ပါနဲ့ မခေါ်ပါနဲ့ ကို၊ ကျွန်မ နေကောင်းပါတယ်၊ ဘာမှ မဖြစ်ပါဘူး၊ န



www.burmeseclassic.com

www.burmeseclassic.com



ခင်ပန်းနေ သလိုကလေး တစ်ခုပါ၊ အဲဒါလောက်ပါ"

"ခရီးထွက်ရာက ပြန်လာစကလဲ ရွှင်ရွှင်လန်းလန်း ကျန်းကျန်းမာမာ ရှိလျက်သားနဲ့"

"ဟုတ်ပါတယ်၊ နည်းနည်း ပင်ပန်းနေတာကလေးပါ၊ မကြာခင် ကောင်းသွားမှာပါ"

"ဒါနဲ့ ကိုယ့်ကို တစ်ခုကူညီပါလား"

"ဘာလဲ. . . ကို"

"မနက်ဖြန်မှာ သားကလေးပါခေါ်ပြီး ကားနဲ့ မြို့ပြင်ထွက်ကြရအောင်. . . ပြီးတော့ တစ်နေရာမှာ နေ့လယ်စာ စားကြမယ်"

ဂျဲနက်က မျက်လုံးများကိုဖွင့်၍ ခင်ပွန်းသည်အား လှည့်ကြည့်သည်။

"ကျွန်မကို ချစ်ရဲ့လား. . . ကို"

"ဘယ့်နှယ်. . . မေးရတာလဲကွယ်၊ ချစ်တာပေါ့၊ အများကြီး ချစ်တာပေါ့၊ သိလျက်သားနဲ့ မေးနေရ သေးသလားကွယ်"

ဂျဲနက်၏ ပါးပြင်ပေါ်သို့ မျက်ရည်တွေ စီးကျလာကြသည်။ သူက အက်ရှန်အား ကော်လိုက်ပြီး

"အို ကိုရယ်၊ ကျွန်မ သိပ်ဝမ်းနည်းမိတယ်၊ ကျွန်မ သိပ်ပြီး စိတ်မချမ်းမသာ ဖြစ်မိတယ်. . ကိုရယ်"

ဂျဲနက် အခြေအနေမဟန်ပုံကိုကြည့်၍ အက်ရှန်က စိုးရိမ်မကင်း ဖြစ်လာသဖြင့် မီခင်ကြီးထံလာပြီး ပြောပြသည်။

"မေမေ. . . ကျွန်တော်တော့ တော်တော် စိုးရိမ်နေပြီ၊ ဂျဲနက် အခြေအနေ မဟန်ဘူး၊ တစ်ခုခုတော့ ဖြစ်နေပြီ ထင်တယ်၊ ဘယ်လို ဖြစ်နေမှန်းလဲ မသိဘူး၊ သူကလဲ ပြောမပြဘူး၊ ကျွန်တော့်ကိုလဲ သူ့အနား အကပ်မခံဘူး၊ အဲဒါ ဆရာဝန် ခေါ်ပြမှ ဖြစ်တော့မယ် ထင်တယ်"

"အေး. . သား ပူတာလဲ ပူတာပေါ့၊ ဒါပေမယ့် မေမေပြောပြမယ် သားရဲ့၊ မေမေက သေချာပေါက်တော့ မသိသေးပါဘူး၊ မေမေတော့ ဂျဲနက် ကြည့်ရတာ နောက်ကလေး သိပ်ပြီး လိုချင်နေတယ် ထင်တာပဲ၊ ဒါပေမယ့် နောက်ထပ် ကိုယ်ဝန်က ရှိမလာတော့ သူသိပ်ပြီး စိတ်ညစ်နေတာပေါ့၊ မေမေတုန်းကလဲ ဒီလိုပဲပေါ့၊ သားကို မွေးပြီးတော့ မေမေ နောက်ထပ် ကလေးတစ်ယောက် အရွှေအမူးကို လိုချင်လာတယ်၊ ဒါပေမယ့် ဘယ်လိုမှ မရလာတော့ အများကြီး စိတ်ဆင်းရဲရတာပေါ့၊ ဂျဲနက်လည်း အဲဒီလို ဖြစ်နေတာ ဖြစ်မယ်၊ အဲဒီတော့ မေမေ ပြောချင်တာက သူ့အလိုကို သည်းခံပြီး စောင့်ပါသား၊ စိတ်ရှည်တဲ့ ယောကျ်ားကို မိန်းမတိုင်း ချစ်ပါတယ်ကွယ်၊ မေမေပြောတာယုံစမ်းပါ"

မေမေပြောတာ တကယ်လည်း မှန်ပါသည်။ နောက်ထပ် ကလေးတစ်ယောက် လိုချင်ကြောင်း ဂျဲနက် ပြောခဲ့ဖူးသည်ကို အက်ရှန် သတိရမိသည်။ သို့သော် ထိုစဉ်က ဂျဲနက် ကျန်းမာရေး



www.burmeseclassic.com

www.burmeseclassic.com



ထိခိုက်မည်စိုးရိမ်၍ မလိုအပ်ပါဘူးဟူ၍ ငြင်းခဲ့သည်။ ထို့ကြောင့် . . . ဂျဲနက်က သူ့အား "ကျွန်မ ချစ်ရဲ့လား ကို"ဟု ခဏခဏ မေးနေခြင်းပင် ဖြစ်မည်။

**အို . . . ဘုရားရေ ငါတော်တော် အသေးတာပဲ . . . . နော်။**

နောက်တစ်နေ့ကျတော့ သားမိ သားဖသုံးယောက် မြို့ပြင်သို့ ကားဖြင့် ထွက်လာခဲ့ကြသည်။

ဆောင်းဦးပေါက်မို့ သစ်ရွက်တွေကြွေ၍ လေက အေးသည်။ ဂျဲနက်တို့သားအမိ အနွေးထည်များ ဝတ်လာကြသည်။ အက်ရှန်က သားအမိနှစ်ယောက်အကြားတွင် ထိုင်၍ လိုက်လာသည်။ မနက်စောစော တောလမ်းခရီးသွားရသည်မှာ အလွန်ကြည်နူးစရာကောင်းသည်။ ရှုခင်းတွေက လန်းဆန်းလှပနေသည်။ နေ့လယ်ပိုင်းရောက်တော့ အေးချမ်းငြိမ်ဆိပ်သော စားသောက်ဆိုင် တစ်ဆိုင်တွင် နေ့လယ်စာ စားရန် ရပ်နားကြသည်။ ဆိုင်ရှင်က ဘာဂန်ဒီနယ်ထွက် အကောင်းစား ဝိုင်အရက်သစ်ကို နမူနာအဖြစ် ထုတ်တည်သည်။

အက်ရှန်က စားသောက်ရင်း ချစ်ဇနီးကလေး ဂျဲနက်ကိုသာ တစိမ့်စိမ့်ကြည့်နေမိသည်။ သူ့အနေဖြင့် ဂျဲနက်အပေါ် သည်းခံစောင့်ဆိုင်းနေရုံမျှသာမက တစ်နေ့ထက်တစ်နေ့ ဆထက်ထမ်းပိုးတိုး၍တိုး၍ ချစ်နေပါသည် ဟူသောအချက်ကိုပါ ဂျဲနက် သဘောပေါက်အောင် ပြသရန် လိုအပ်ကြောင်း ဆင်ခြင်မိသည်။

ဂျဲနက်ကလည်း ချစ်လင်မျက်နှာကို ကြည့်နေရင်းမှ ဆုံးဖြတ်ချက် တစ်ခုကို အခိုင်အမာ ချလိုက်သည်။ ယနေ့မှစ၍ သူ၏အပြုအမူတွေကို ပြန်ပြင်တော့မည်။ လင်တော်မောင်အပေါ်တွင် ယခင်ကထက် ပို၍ မယားဝတ္တရားကျေပွန်စွာ ဂရုတစိုက်ပြုစု ယုယသွားတော့မည်။ တကယ်ဆိုလျှင် အက်ရှန်လို ကြင်နာမှုရှိသော၊ သည်းခံတတ်သောလူ ဤဇမ္ဗူမှာ ရှာမှရှားလှပါကလား . . . ။

အိမ်သို့ပြန်လာကြသောအခါ ဂျဲနက်မှာ ခါတိုင်းနှင့်မတူတော့ဘဲပျော်ပျော်ရွှင်ရွှင် လန်းလန်းဆန်းဆန်း ဖြစ်နေသည်။

အိပ်ရာဝင်တော့လည်း လင်မယားနှစ်ယောက် ပြုံးပြုံးရွှင်ရွှင် ရယ်ရယ်မောမောဖြင့် ချစ်တင်းနှော၍ ချစ်မိုးစွေ ကြသည်။

ဂျဲနက်၏ အခြေအနေမှာ တဖြည်းဖြည်းနှင့် ပုံမှန်အနေအထားသို့ ပြန်ရောက်လာခဲ့ပြီ။ ယခင်က ဆိုလျှင် အိပ်ရာမှ နိုးလာလျှင် ယွန်ပေါအကြောင်းကို သွား၍ သတိရတတ်သည်။ ယခုမူ ယင်း အတွေးတွေ ပေါ်မလာကြတော့။

ယွန်ပေါလည်း အိမ်သို့မလာသည်မှာ အတော်ကလေး ကြာသွားပြီ။ သူ့အား နိုင်ငံခြား ရေးရုံးက တူနီးရှားနိုင်ငံသို့ အလုပ်ပြောင်းလိုက်သည်ဟုတော့ ပြောသံကြားသည်။ ဒါက သူ့မိခင် ကြီးအား သူက တယ်လီဖုန်းဖြင့် ပြောသော စကား။ တကယ်တော့ သူ ဘယ်သွား၍ ဘာလုပ် နေသည်ကို ဘယ်သူမျှ အတိအကျ မသိ။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဒီဇင်ဘာလကျတော့ သူပြန်ရောက်လာသည်။ တစ်နေ့တွင် သူက မိခင်ကြီးထံ ဖုန်းဆက်သည်။ သူက မိတ်ဆွေ တစ်ယောက်နှင့်အတူ အိမ်တွင် ညနေစာ လာစားမည်ဟု ပြောသည်။

မိခင်ကြီးမှာ အလွန်ဝမ်းသာ သွားသည်။ ညစာအတွက် အစားအသောက်များကို တလော့သီနှင့်အတူ အထူးတလည် စီစဉ် ချက်ပြုတ်သည်။ လီမိုးဂျ်မြို့လုပ် အနီရောင် အဖြူရောင် ရွှေရောင် ကြွေထည်၊ ဖန်ထည်၊ ပန်းကန်ခွက်ယောက်များကို သူကိုယ်တိုင် ရွေးချယ်ပြင်ဆင်ထားသည်။ ကိုယ့်ခြံထွက် ဝိုင်အရက် အကောင်းစားကို ဘာ့ကရာမြို့လုပ် ကရားနှင့် ထည့်ထားသည်။ ညစာ စားပွဲကိုလည်း နှင်ဆီးပန်းအိုးများနှင့်အလှ ဆင်ထားသည်။ နှစ်သစ်ကူးကို ကြိုဆိုသောပွဲလည်းဖြစ်၍ ရပ်ဝေးမှ ပြန်လာသော သားကြီး ဖြစ်သူနှင့် တပျော်တပါး စားသောက်လိုသောကြောင့်လည်း ဖြစ်သည်။

ယွန်ပေါ ရောက်လာသောအခါ ကွန်ရွေမပျက်ဆက်ဆံရန် ဂျဲနက်က ဆုံးဖြတ်ထားသည်။ သို့သော် အတွင်းစိတ်က တုန်လှုပ်ချင်သလိုလိုတော့ ခံစားရသေးသည်။ ဘယ်လိုပင် ဖြစ်ဖြစ် သည်အချက်ကိုတော့ သူ့အနေဖြင့် အထူးသတိပြုရမည် ဖြစ်သည်။ တကယ်ဆိုတော့လည်း ယွန်ပေါသည် သူ့ဘဝနှင့် ဘယ်လိုမှ မပတ်သက် မဆက်စပ်တော့သည် မဟုတ်ပါလား။

သူသည် နူးညံ့ပါးလွှာသော ပန်းရောင်ဝတ်စုံကို ဂရုတစိုက် ရွေးချယ် ဝတ်ဆင်သည်။ ဆံပင်ကို စိတ်တိုင်းကျ ဖြီးသင်ထုံးဖွဲ့သည်။ ဖယောင်းတိုင်မီးရောင်တွင် ပေါ်ပေါ်လွင်လွင် မြင်နိုင်ရန် ပါးပြင်ကိုလည်း ခါတိုင်းထက် အနီရောင် ခပ်ရင့်ရင့်ကလေး ခြယ်သသည်။

အိမ်ရှေ့ တံခါးဝမှ လူခေါ် ခေါင်းလောင်းသံ ထွက်ပေါ်လာသည်။ ဂျဲနက်ရင်တွေ ဒါဒိန်းဒိန်း ခုန်လာသည်။ ရုတ်တရက် မူးမေ့ လဲကျသွားတော့မလားဟုပင် ထင်လိုက်ရသည်။

အခန်းထဲသို့ ယွန်ပေါ ဝင်လာသည်။ သူ့ဘေးတွင်လည်း မျက်စိ ကျိန်းမတတ် ပြောင်ပြောင်လက်လက် ဝတ်စားပြင်ဆင်ထားသော အမျိုးသမီးတစ်ယောက် ပါလာသည်။ သူက ထိုအမျိုးသမီးနှင့် လက်ချင်းချိတ်ထားသည်။

"မေမေ ကျွန်တော် ခရီးထွက်နေတုန်း မေမေ့ကို သိပ်ပြီး အောက်မေ့မိတာပဲ"

ယွန်ပေါက မိခင်ကြီး၏ ပါးပြင်ကို နမ်းရှုပ်၍ ပြောသည်။

"မေမေလဲ သားလိုပါပဲကွယ်"

မိခင်ကြီးက ဧည့်သည်အမျိုးသမီးကြီးကို အကဲခတ်ကြည့်သည်။ ယွန်ပေါတွင် အပျော်မယားတွေ တစ်ပုံကြီးရှိကြောင်း သူသိသည်။ သို့သော် သားတစ်ယောက်အနေဖြင့် အပျော်မယား တစ်ယောက်ကို ကိုယ့်မိခင်အိမ်သို့ မခေါ်လာသင့်ဟု သူက ယူဆသည်။

ယွန်ပေါက မိခင်ကြီး၏ မျက်နှာကို ရိပ်မိသဖြင့် ရယ်ကာ မောကာဖြင့် မိတ်ဆက်ပေးသည်။

"မေမေဒါက မဒမ်လာဇရီ. . . တူနီးရှား ဆိုင်ရာ ကျွန်တော်တို့ သံအမတ်ကြီးရဲ့ ဇနီးပါ မေမေ"

"ဟုတ်ကဲ့ အခုလို တွေ့ရတာ ဝမ်းသာပါတယ်ကွယ်"



www.burmeseclassic.com

www.burmeseclassic.com



မိခင်ကြီးက အေးစက်စက် လေသံဖြင့် နှုတ်ဆက်သည်။

ယွန်ပေါက မိခင်ကြီး၏ အတွေးကို အကဲခတ်မိသည်။ ယနေ့ ညတွင် သံအမတ်ကြီး ဘယ်သွားပြီး ဘာလုပ်နေပါလိမ့်ဟု မိခင်ကြီးက တွေးနေမည်မှာ သေချာသည်။

"အခုလို ညစာ စားပွဲနဲ့ ဧည့်ခံတာ အများကြီး ကျေးဇူးတင်ပါတယ် မဒမ်၊ မဒမ်တို့ မိသားစုနဲ့ တွေ့ဆုံ ရင်းနှီးရတာကိုလဲ အများကြီး ဝမ်းသာ ဂုဏ်ယူပါတယ်. . ."

"ဟုတ်ကဲ့ ကျွန်မတို့ မိသားစုကလည်း အလားတူပဲ ဝမ်းသာဂုဏ်ယူပါတယ်. . . မဒမ်လာဇရီ"

မဒမ်ဒူပရေးက လေးလေးစားစားဖြင့် ပြန်ပြောသည်။

ဧည့်သည်နှင့် အိမ်ရှင်တို့အား မိတ်ဆက်ပေးပြီးနောက် ယွန်ပေါက အက်ရှန်ဘက်သို့ လှည့်ကာ အလာပ သလ္လာပပြောနေသည်။ ပြီးတော့မှ သူက မေးသည်။

"ဒါနဲ့ စကားမစပ်. . . ငါ့ရဲ့ ခေါင်းကိုင် သားကလေးက တော်တော် ကြီးလာပြီလား ပြောစမ်းပါဦး"

"ဟုတ်တယ် အစ်ကိုကြီး၊ ဟင်နရေကလေးက တစ်နေ့ထက်တစ်နေ့ ကြီးလာသလို ဆော့လိုက်တာကလဲ မျောက်ငါးကောင် အားလောက်တောင် ရှိမယ်ထင်တယ်"

ယွန်ပေါက ရယ်လိုက်သည်။

"ဘယ့်နှယ်. . . ဒီကလေး ဒီအကျင့်တွေ ဘယ်ကရလာတာပါလိမ့်၊ တကယ်တော့ ညီလေးနဲ့ သူ့အမေ တို့ဆီက ရတာတော့ မဟုတ်နိုင်ပါဘူး"

ယွန်ပေါ၏ စကားကြောင့် ဂျဲနက် ယမ်းပုံမီးကျ ဖြစ်သွားသည်။ ညစာစားပွဲ မြန်မြန် သိမ်းပါစေဟုလည်း ကျိတ်၍ ဆုတောင်းလိုက်မိသည်။ ယွန်ပေါသည် မဒမ်လာဇရီအား ရည်ရွယ်ချက်ဖြင့် တမင်ခေါ်လာသည်မှာ ထင်ရှားသည်။ သူက ဂျဲနက်အား "ထိုးနှက်ချက်" ထိရောက်စေလိုသောကြောင့် မိခင်ကြီး မျက်နှာကို မထောက်ဘဲ ပြောင်ပြောင်တင်းတင်း အရွဲ့တိုက် နေခြင်းပင် ဖြစ်သည်။ ဒါပေမယ့် ကြောက်စရာ မရှိပါဘူး။သူက အရွဲ့တိုက်လာတော့လည်း ကိုယ်ကလဲ ပြန်အရွဲ့တိုက်ရတာပေါ့။

ထို့ကြောင့် သူမက ယဉ်ယဉ်ကလေးနှင့် ပြန်လည် ထိုးနှက်လိုက်သည်။

"မဒမ်လာဇရီက သံအမတ်ကြီးနဲ့အတူ နိုင်ငံခြားလိုက်သွားရတဲ့အခါ ပါရီကို သိပ်ပြီး အောက်မေ့နေမှာပေါ့ . . နော်"

"အို မဟုတ်ပါဘူး၊ အောက်မေ့စရာမလိုပါဘူး၊ ကျွန်မက တူနီးရှားမှာထက် ပါရီမှာ အနေများပါတယ်၊ ပြီးတော့ ဈေးဝယ်စရာ ရှိရင်လဲ ပါရီမှာပဲ လာဝယ်ပါတယ်"

"ဒါဆို သံအမတ်ကြီးနဲ့ အကြာကြီး ခွဲနေရမှာပေါ့နော်"

"ကျွန်မ ခင်ပွန်းက သိပ်ပြီး အလုပ်များပါတယ်၊ သူ့အနေနဲ့ ကျွန်မကို အောက်မေ့ချိန် အချိန်မရခင် ကျွန်မက ပြန်ရောက်သွားတာပါပဲ၊ တူနီးရှားနိုင်ငံက မြေထဲပင်လယ် ကမ်းစပ်မှာ ရှိလို့ သိပ်ပြီး သာယာတယ်၊ အားတဲ့အခါ ကျွန်မတို့ဆီ လာလည်ပါလား"

"ဟုတ်ကဲ့ အများကြီး ကျေးဇူးတင်ပါတယ်. . . မဒမ်လာဇရီ"



www.burmeseclassic.com

www.burmeseclassic.com



ယွန်ပေါက ဘေးမှထိုင်ကြည့်ရင်း အလွန်ကျေနပ်နေမိသည်။ သူက ဂျဲနက်အား သူ့ရှေ့သူ့ရှေ့တွင် "ပါးကိုရိုက်" လိုက်ပြီ။ ဒါကို ဂျဲနက်ကလည်း သဘောပေါက်သည်။ သို့သော် ဂျဲနက်သည် ဘယ်တုန်းကမှနှင့် မတူအောင် ယနေ့ညတွင် ထူးထူးခြားခြား ဣန္ဒြေဆည်ထား ကြောင်းကိုတော့ ယွန်ပေါက ကောင်းကောင်းကြီး သိသည်။

ညစာစားပွဲတွင် မဒမ်လာဇရီက ယွန်ပေါ်နှင့် မျက်နှာချင်းဆိုင် ထိုင်သည်။ တိုက်တိုက် ဆိုင်ဆိုင်ပင် ဂျဲနက်က ယွန်ပေါ်နှင့် ဘေးချင်းယှဉ်၍ ထိုင်လျက်သား ဖြစ်နေသည်။ အက်ရှန်က စားပွဲထိပ်တွင် ထိုင်၍ မဒမ်ဒူပရေးက အက်ရှန်နှင့် မျက်နှာချင်းဆိုင် တစ်ခြားတစ်ဘက်တွင် ထိုင်သည်။

တစ်ဝိုင်းလုံးတွင် ယွန်ပေါက စကားအပြောဆုံး. . . သူက ရယ်စရာ မောစရာ ပုံတိုပတ်စတွေ ပြောသည်။ သို့သော် သူ့ ဟာသကို မိခင်ဖြစ်သူပင် ဟက်ဟက်ပက်ပက် မရယ်။ ယွန်ပေါ်အသံကို ကြားနေရသော ဂျဲနက် က ဆက်၍ နားမထောင်ရဲသလို ခံစားရသည်။ သို့သော် ဘာပဲဖြစ်ဖြစ် ထိုင်ရာမှ ထသွား၍တော့လုံးဝမဖြစ်။ ယနေ့ညစာ စားပွဲတွင် သူ့ကို ရဲရဲကြီး ရင်ဆိုင်ရမည် ဖြစ်သည်။

ဂျဲနက်က မဒမ်လာဇရီအား ပြုံးကြည့်ရင်း. . .

"သားသမီး ဘယ်နှစ်ယောက် ရှိပါသလဲ. . . မဒမ်လာဇရီ" ဟု မဆီမဆိုင် ဖြတ်မေး လိုက်သည်။

"နှစ်ယောက်ပါ. . သားတစ်ယောက်၊ သမီးတစ်ယောက်"

"ဂုဏ်ယူစရာပါပဲ ရှင်၊ ကလေးတွေ ဘယ်ကျောင်းမှာ တက်ပါသလဲ၊ ပါရီမှာပဲလား"

"မဟုတ်ပါဘူး၊ ဆွစ်ဇာလန်မှာပါ"

"ဩော်. . . ဟုတ်ကဲ့၊ သိပ်ကောင်းတာပေါ့" ဂျဲနက် အသံက အနည်းငယ် ဝါးနေသည်။ ယနေ့ ညစာ စားပွဲတွင် သူ့ခါတိုင်းထက် အရက်ပိုသောက်ထားသည်။ "ကျွန်မတို့လည်း နောက်ထပ် သမီးကလေး တစ်ယောက်၊ နောက်ထပ် သားကလေးတစ်ယောက် ယူဦးမယ်လို့ စိတ်ကူးထားပါတယ်၊ ဒါပေမယ့် ဘာကလေးပဲ မွေးလာမွေးလာ အရေးမဟုတ်ပါဘူး၊ ကိုယ့်ရင်သွေးဟာ ကိုယ့်ရင်သွေးပါပဲ၊ မဟုတ်ဘူးလားဟင်. . ကိုကို"

"ဒါပေါ့. . . ဟုတ်တာပေါ့"

အက်ရှန်က ဂျဲနက် အခြေအနေမှုမမှန်သည်ကို ကြည့်ကာ စိတ်တိုချင်လာသည်။ စိုးလည်း စိုးရိမ်လာသည်။

"ဒါပေမယ့် ကျွန်မတို့ ကလေးတွေကိုတော့ နိုင်ငံခြားကျောင်းကိုဘယ်တော့မှ မပို့ပါဘူးနော်. . ကိုကို၊ ကလေးတွေက မိဘနားမှာပဲ တဖဝါးမှမကွာ ရှိနေသင့်ပါတယ်၊ ဒါမှ မိဘမေတ္တာကို အပြည့်အဝ ခံစားရမယ်၊ အခုဆိုရင် ကျွန်မတို့ သားကလေး ဟင်နရီဟာ မကြာခင် သုံးနှစ်ပြည့်တော့မယ်၊ သူ့ကို ပါရီက ကျောင်းကိုပဲ ပို့ဖို့ ကျွန်မတို့ လင်မယားက ဆုံးဖြတ်ထားပါတယ်၊ ဒါမှ. . . သူ့ ဖေဖေရော၊ ကျွန်မရော သားကလေးကို ခဏခဏ မြင်နေရမယ်၊ တကယ်တော့. . တူနီးရှားက ကျောင်းတွေက သိပ်ပြီး ကောင်းချင်မှ ကောင်းမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



မဒမ်လာဇရီ တိုက်ခိုက်ခံလိုက်ရပြီ။ သူတော်တော် မျက်နှာပျက်သွားသည်။ မဒမ်ဒူ
က ချွေးမ ကလေးအား ကျိတ်ပြီး ချီးကျူးနေမိသည်။ ယွန်ပေါကတော့ ဂျဲနက်အား သတ်ချင်စိတ်
ပေါက်မိသည်။

ညစာစားပွဲ သိမ်းနေပြီ။ ဂျဲနက် ခေါင်းကိုက်လာသည်။ သို့သော် ဘာမှ မပြော
ကျိတ်ခံနေသည်။ ယနေ့ပွဲတွင် သူ ဆက်လုပ်စရာတွေ ကျန်နေသေးသည်။

အားလုံး ဧည့်ခန်းဆောင်သို့ ပြောင်းလာခဲ့ကြသည်။

ဂျဲနက်က ဘယ်သူမှ မတောင်းဆိုဘဲနှင့် သူ့ အလိုအလျောက် ကမ်းလှမ်းလိုက်သည်။

"ကဲ. . . အခုလိုကြုံကြိုက်တုန်းမှာ ကျွန်မတို့ရဲ့ လေးစားအပ်တဲ့ သံအမတ်ကြီးကတော်
မဒမ်လာဇရီ ကို ဂုဏ်ပြုတဲ့အနေနဲ့ ကျွန်မ ခင်ပွန်းအကြိုက်ဆုံးဖြစ်တဲ့ "ရွှေလသာသာ" တေး
ကျွန်မက စန္ဒရားနဲ့ ဧည့်ခံ ဖြေဖျော်ပါ့မယ်"

ဂျဲနက် အရက်ရှိန် တော်တော် တက်နေပြီ။

သူက ဝတ်စုံကို သပ်သပ်ရပ်ရပ်သိမ်းပြီး စန္ဒရားခုံပေါ်တွင် ဝင်ထိုင်သည်။

စန္ဒရားတွင် ခလုတ်နှစ်ခု သုံးခု ချွတ်ယွင်းနေသည်။ သို့သော် သူက လက်ပေါက်ညီညီဖြ
ဟန်မပျက် တီးခတ် ကစားသွားသည်။

တေးသွား ဆုံးသွားသောအခါ ထိုင်ရာမှ ပြန်ထပြီး မင်းပွဲစိုးပွဲများမှာကဲ့သို့ ပရိသတ်အား
နန်းဆန်ဆန် ဦးညွှတ်အလေးပြုလိုက်သည်။ ပြီးတော့ ယွန်ပေါဘက်သို့ ပြုံးကြည့်လိုက်ပြီးနောက်
အက်ရှန်၏ ဘေးတွင် ဝင်ထိုင်ကာ လက်ကို ဆုပ်ကိုင်ထားလိုက်သည်။

"အများကြီး ကြည်နူးစရာကောင်းပါတယ်" မဒမ်လာဇရီက အေးစက်စက်လေသံဖြ
ပြောသည်။ "ဒါနဲ့ အခုလို ဧည့်ဝတ် ကျေပွန်စွာပြုစုတာကို အများကြီး ကျေးဇူးတင်ပါတယ် မဒမ်
ကဲ အားလုံးပဲ နှုတ်ဆက်ပါတယ်၊ ကျွန်မကို ပြန်ခွင့်ပြုပါဦး၊ မနက်အစောကြီး ချိန်းထားတာ ရှိလို့ပါ"

သူက ယွန်ပေါအနီးသို့ လျှောက်လာပြီး ယွန်ပေါ၏ လက်မောင်းကို ဆုပ်ကိုင်လိုက်သည်
သံတမန် ပရိယာယ်ရေးတွင် ကျွမ်းကျင်လှသော သံတမန်အရာရှိကြီး ယွန်ပေါမှာ သာမ
အမျိုးသမီးကလေး တစ်ယောက်၏ အရှုံးကို ပစ်ထိုးခြင်းကို လှလှကြီး ခံလိုက်ရပြီ။

**ခွေးတိရစ္ဆာန်မကလေး. . . နေနှင့်ဦးပေါ့ကွာ၊ တစ်နေ့တော့ ငါ့အလှည့်လဲ ပြန်လာဦး
မှာပဲ. . ။**

ဂျဲနက်၏ စော်ကားခံရခြင်းကို သူတစ်သက်လုံးမမေ့နိုင်တော့။ သို့သော်. . . ကိစ္စမရှိ
တစ်နေ့တော့ ကိုယ်က ပြန်ဆော်ဖို့ အခွင့်အရေးတော့ ရလာဦးမှာပေါ့။

ထို့နောက်တော့ သူက မိခင်ကြီး အနားသွားကာ နမ်းရှုပ် နှုတ်ဆက်သည်။ ညစာ
စားပွဲအတွက် ကျေးဇူးတင်သည်။ သူပါရီသို့ ပြန်ပြောင်းလာပြီဖြစ်၍ နောင်တွင် ညတိုင်း ညစာ
လာစားမည်ဟု ပြောသည်။

ပြီးတော့ အက်ရှန်၏ ပခုံးပေါ် လက်တင်၍ နှုတ်ဆက်သည်။ ဂျဲနက်၏ လက်ကိုတော့
ထိရုံမျှသာ တို့ထိသည်။ ဂျဲနက်က သူ့လက်ကို နန်းဆန်ဆန် ကမ်းပေးသည်။

ယွန်ပေါသည် မဒမ်လာဇရီ၏ လက်မောင်းကို တင်းတင်း ဆုပ်ကိုင်ကာ အခန်းထဲ



www.burmeseclassic.com

www.burmeseclassic.com



ပြန်ထွက်သွားသည်။

မနက်ကျတော့ ဂျဲနက်က သူ့ကိုယ်သူ ပြန်လည် သုံးသပ်ကြည့်သည်။

ညစာ စားပွဲတုန်းက သူတော်တော် အရက်မူးသွားခဲ့သည်မှာ ထင်ရှားသည်။ သူ့တစ်သက်တွင် ပထမဆုံးအကြိမ် အများဆုံးသောက်ခဲ့မိခြင်းပင် ဖြစ်သည်။ ညတုန်းက သူတော်တော်ပဲ လက်လွတ်စပယ် ပြောမှား ဆိုမှားရှိခဲ့သလားဟု ပြန်လည် စဉ်းစားမိသည်။

နေ့လည်စာ စားပွဲတွင် ဆုံကြတော့ သူက မိခင်ကြီးအား တောင်းပန်စကားဆိုသည်။

"မေမေ. . . ညတုန်းက ကျွန်မ အပြုအမူ အမှားအယွင်းများ ရှိရင် ခွင့်လွှတ်ပါ. . . နော်၊ ကျွန်မ တောင်းပန်ပါတယ် မေမေ"

"အို. . . သမီးဘာမှ မမှားပါဘူးကွယ်၊ မမှားတဲ့အပြင် သမီးလုပ်လိုက်တာ မေမေက ဂုဏ်တောင်ယူမိ ပါသေးတယ်၊ ယွန်ပေါက သံအမတ်ကတော်ကို သူ့ ယောက်ျား မပါဘဲ ငါ့ဆီ ခေါ်လာတာ ငါတောင် အံ့သြလို့ မဆုံးပါဘူး၊ အင်း. . . တော်တော် စိတ်ကူးကောင်းတဲ့ အကောင်ပါပဲ၊ ဒီသူငယ်ဟာ ဒီလောက်တောင် မရှူးနိုင်သေးပါဘူး၊ သူက ငါ့အိမ်မှာ လာပြီး အခုလို စော်ကားတာ ဘာသဘောပါလိမ့်တော်. . ."

ဖြစ်နိုင်လျှင် ဂျဲနက်က ဒီကိစ္စလုံးဝ ဆက်မပြောချင်တော့။ ထို့ကြောင့် အခန်းထဲ အက်ရှန်ဝင်လာတော့ သူက ဝမ်းသာသွားမိသည်။ သို့ဖြင့် ယွန်ပေါ် ကိစ္စကို ဖြတ်ပစ်လိုက်ပြီး တိုင်းရေးပြည်ရေးဘက် စကား လမ်းကြောင်း ပြောင်းလိုက်သည်။

"ဒါနဲ့ . . . ကိုကို. . . စစ်ကြီးဖြစ်လာနိုင်မယ်လို့ ထင်သလားဟင်"

"ဖြစ်လာမယ် ထင်တာပဲ၊ ဒါပေမယ့် . . . တို့ပြင်သစ်တွေက ဟစ်တလာကိုတော့ ခြေနိုင်လက်နိုင် ကောင်းကောင်း ကိုင်နိုင်လိမ့်မယ်လို့ ကိုယ် ယုံကြည်ပါတယ်"

သည်စကားကြားရ၍ ဂျဲနက် ရင်အေးသွားမိသည်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

# [ ၂၅ ]

စစ်ဘီလူးစီးနေသော ဟစ်တလာသည် ဥရောပနိုင်ငံများအား တစ်နိုင်ငံပြီး တစ်နိုင်ငံ လျှင်မြန်စွာ နယ်ချဲ့ ကျူးကျော်လာခဲ့သည်။ မကြာမီတွင် ပြင်သစ်နှင့် အင်္ဂလန်နိုင်ငံများကိုလည်း မလွှဲမ ကျူးကျော် တိုက်ခိုက်လာလိမ့်မည်ဟု တစ်ကမ္ဘာလုံးကပင် တွေးကြောက်နေကြသည်။

စစ်ကြီး အရှိန်အဟုန်မြင့်မားလာသည်နှင့်အမျှ ယွန်ပေါ်မှာလည်း အလုပ်များ လိမ့်မည်ဟု ဂျဲနက်က ယူဆသည်။ သူသည် သူပြောသွားသည့်အတိုင်း မိသားစု ညစာစားပွဲ ရောက်မလာသောကြောင့် ဂျဲနက်က ယင်းသို့ ယူဆမိခြင်း ဖြစ်သည်။ ဘာအကြောင်းကြောင့် ဖြစ်ဖြစ် သူမလာရောက်တာ ဂျဲနက်အဖို့တော့ ဝမ်းသာစရာပင်၊ သူလာလျှင် မျက်နှာပူနေရဦးမ

ဂျဲနက် ယူဆသည့်အတိုင်း တကယ်လည်း မှန်နေသည်။ ယွန်ပေါ်မှာ နိုင်ငံခြားရေး ရုံး လက်မလည်အောင် အလုပ်ရှုပ်နေသည်။ သူသည် နေ့မအား ညမအား လုပ်ကိုင်နေရသည်။

ဟစ်တလာသည် အင်အားကောင်းလာလေလေ နယ်မြေ ကျူးကျော်မှုတွေ ပို၍ လုပ်လာလေလေ ဖြစ်သည်။ ယွန်ပေါ် အနေဖြင့်လည်း ဟစ်တလာ၏ ကိုယ်တိုင်ရေး အတ္ထု ထဲတွင် ကြုံးဝါးထားသည့်အတိုင်း တစ်နေ့တွင် ဟစ်တလာသည် တစ်ကမ္ဘာလုံးကို အုပ်စိုး လိမ့်မည်ဟူသော ခံယူချက်ကို ပို၍ ပို၍ ယုံကြည်လာလေလေဖြစ်သည်။ သူက ဒီစစ်ပွဲ အောင်နိုင်သူ ဘက်မှ ရပ်ရန် ဆုံးဖြတ်ထားသည်။ နာဇီဝါဒကို လိုလားသော ပုဂ္ဂိုလ်များနှင့်လည်း လျှို့ဝှက်စွာ ဆက်သွယ်ထားသည်။

နာဇီဝါဒ လိုလားသူများ၏ လျှို့ဝှက်အစည်းအဝေးသို့ ပထမဆုံးအကြိမ် တက်ရောက် လာသောအခါ ထိပ်တန်း ပြင်သစ် နိုင်ငံရေးသမားများနှင့် သံတမန် အရာရှိများပါ ပါဝင်နေသည်



www.burmeseclassic.com

www.burmeseclassic.com



အံ့ဩစွာ တွေ့ရှိသည်။ သူတို့ လုပ်ရပ်မှာ အမိနိုင်ငံကို သစ္စာဖောက်သော လုပ်ရပ်ဖြစ်၍ ဒီကိစ္စကို ယွန်ပေါက အထူးသတိထားပြီး လျှို့ဝှက်လုပ်ကိုင်သည်။ စကားစပ်မိ၍ ခေါင်းဆောင်ကြီး ဟစ်တလာအကြောင်းကို ချီးကျူးပြောဆိုမိသော အခါတွင်လည်း သူက သူနှင့်ခံယူချက်တူညီသော အတွေးမိုးလ်များကိုသာ အထူးရွေးချယ်၍ ပြောပြသည်။

သူ၏ သံတမန်အမှုထမ်း အတွေ့အကြုံသည် သူ့လုပ်ငန်းအတွက် အလွန့်အလွန် တန်ဖိုးရှိသည်ဟုလည်း စွဲမြဲစွာ ယုံကြည်ထားသည်။

ချမ်းအေးလှသော ဇန်နဝါရီလ တစ်နံနက်တွင် ယွန်ပေါသည် ဂျာမနီနိုင်ငံ၊ ဘာလင်မြို့ရှိ "တင်ပယ်ဟော့" လေယာဉ်ကွင်းသို့ ရောက်ရှိလာသည်။

ပြင်သစ်သံရုံးမှလွှတ်လိုက်သော ဇိမ်ခံကားတစ်စီးက အဆင်သင့် ရပ်စောင့်နေသည်။ ကားရှေ့ဖုံးအစွန်း မှ နီကယ်စိမ်သံတိုင် ကလေးနှစ်ခုတွင် သုံးရောင်ခြယ် ပြင်သစ် အလံကလေးများ လွှင့်ထူထားသည်။

ယွန်ပေါ စီးနင်းလိုက်ပါလာသော ပြင်သစ် သံရုံးကားသည် အဖြူရောင်နောက်ခံတွင် အနီရင့် နာဇီ စကြာတံဆိပ်ပါသည့် အလံတိုင်များ စိုက်ထူထားသော လမ်းမကျယ်ကြီးအတိုင်း တရိပ်ရိပ်ပြေးလာသည်။

အစိုးရအဆောက်အအုံမှန်သမျှ၏ ဆင်ဝင်တံခါးတိုင်းတွင် ရွှေရောင်လင်းယုန်ငှက် တံဆိပ်ကို ချိတ်ဆွဲထားသည်။ သဘောကတော့ တစ်ချိန်သောအခါက ရောမမြို့တော်ကြီး ဘုန်းမီးနေလ ထွန်းတောက်ခဲ့သလို ဘာလင်မြို့တော်ကိုလည်း ခေတ်သစ်ရောမ မြို့တော်အဖြစ် ဖန်ဆင်းရန် ရည်ရွယ်ရင်း ရှိဟန်တူလေသည်။

အနက်ရောင်နှင့်အပြာရောင် အင်္ကျီများ ဝတ်ထားသည့် နာဇီစစ်ပုလိပ်များကို နေရာတကာတွင် တွေ့မြင်နေရသည်။ တစ်ချိန်တုန်းက မြူးနစ်မြို့မှ အိမ်ဆေးသုတ်သမားကလေး တစ်ယောက်ဖြစ်ခဲ့သော ဟစ်တလာက ပိုလန်နိုင်ငံကို ကျူးကျော်သိမ်းပိုက်လိုက်ခြင်းဖြင့် ဥရောပတိုက် တစ်တိုက်လုံးအား နယ်ချဲ့လာမည်ကို တွေး၍ တစ်ကမ္ဘာလုံးက စိုးရိမ်းမကင်း ဖြစ်နေကြရပြီ။

သို့သော် နာဇီဌာနချုပ်တည်ရှိရာ ဤဘာလင်မြို့တော်ကား ဘာထူးခြားချက်မှ မရှိသလို အေးအေးဆေးဆေး တည်ငြိမ်လျက်ပင် ရှိနေသည်။ အစားကောင်းကောင်းစားရ၍ ကျန်းမာဝဖြိုး နေကြသော ဘာလင်မြို့သားများသည် ဝတ်ကောင်းစားလှများဝတ်ဆင်ကာ ပုံမှန်အတိုင်းပင် သွားလာလှုပ်ရှားနေကြသည်။ အချို့က ဈေးဝယ်လျှက်၊ အချို့က အလုပ်လုပ်လျှက်၊ အချို့ က စားသောက်ဆိုင်များတွင် အမဲကြော်နှင့် ရှနက် အရက်မြည်းလျက်. . . ။

ထိုနေ့ညတွင် သံတမန်ဧည့်ခံပွဲတစ်ခု၌ ယွန်ပေါသည် ဟစ်တလာအား အနီးကပ် တွေ့ဆုံခွင့်ရခဲ့သည်။လက်ဆွဲနှုတ်ဆက်ရန် လက်ထဲတွင် ရှမ်ပိန်အရက်ခွက်ကိုင်ကာ တန်းစီရပ်နေရင်း ယွန်ပေါက နာဇီခေါင်းဆောင်ကြီး၏ ဥပဓိရုပ်ကို စိတ်ဝင်စားစွာဖြင့် အနီးကပ်လေ့လာနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ယွန်ပေါ် နောက်ဆုံးကောက်ချက်ချမိသည်မှာ ဟစ်တလာသည် ကာတွန်း ဆရာ ရေးဆွဲထားသလို လူပြောင် လူပြက် တစ်ယောက်လည်း မဟုတ်။ ဝါဒဖြန့် ရုပ်ရှင်သတင်း များတွင် မြင်ရသလို စိတ်ဖောက် ပြန်နေသူတစ်ယောက်လည်း မဟုတ်။ သူ့အမူအရာ ရုက်ရွံ့ဟန်သာ ပေါ်လွင်နေသည်။ ရယ်မောသောအခါ တွင်တောင်မှ အတွင်းက ထိန်းချုပ်ထား သလို ထင်ရသည်။ သူ၏ မျက်တွင်းနက်သော မျက်လုံးများက တစ်ချက် စောင်းကြည့်လိုက်ရုံမျှ အရာရာကို သိမ်းကျုံးမြင်နိုင်ဟန် ရှိသည်။ တစ်ခုခုကို ကြည့်လျှင် လိုအပ်သောအခါ အသုံးချ အောင် လေးလေးနက်နက် စွဲမှတ်တတ်ဟန်လည်း ရှိသည်။

ခြုံ၍ ပြောရလျှင် ဟစ်တလာ၏ ရုပ်သွင်သည် ဆွဲအားအပြည့်ရှိနေသည်ဟု ယွန်ပေါ် ယူဆသည်။ သူ့ ဉပဓိရုပ်သည် မာန်ရှိသည်။ လေးနက်မှု ရှိသည်။

သူသည် 'ဗာဆေးစာချုပ်'ကြောင့် ပြိုကွဲပြန့်ကျဲကာ သိက္ခာမဲ့ သွားခဲ့ရသော ဂျာမနီနိုင် အား ကမ္ဘာ့ အင်အားကြီးနိုင်ငံ တစ်နိုင်ငံအဖြစ် ပြန်လည်စုစည်း တည်ထောင်နိုင်ခဲ့ပြီး ပြည် တစ်ရပ်လုံးအား သူ့အလိုကျ အုပ်ချုပ်နိုင်ခဲ့သည်။ ဂျာမနီပြည်သူတွေက သူ့အား ဘုရားတစ် ဂူတစ်လုံးအသွင် ဂုဏ်တင်ကြည်ညိုကြသည်။ ကြည်ညိုလည်း ကြည်ညိုထိုက်သည်။ သူက သိက္ခာ နေသော သူ့နိုင်ငံအား သိက္ခာပြန်၍ ဆည်ပေးနိုင်ခဲ့သည် မဟုတ်ပါ လား။ ဤအချက်ကို သူ့ရန် တွေကပင် အလေးအနက် လက်ခံခဲ့ကြရသည်။

ယခုအခါ ဂျာမန်လူမျိုးများသည် မျက်နှာကိုမော့၊ ရင်ကိုကော့၍ မော်နိုင် ကြွားနိုင်ခဲ့ကြ

ဟစ်တလာသည် သူတို့၏ ခေါင်းဆောင်ကြီး၊ သူတို့၏ ကယ်တင်ရှင်ကြီး။ ပြီးတော့ သူဆန္ဒရှိလျှင်ဘယ်နိုင်ငံကိုမဆို အလွယ်တကူ သိမ်းယူနိုင်သော သေနင်္ဂဗျူဟာ ကြွယ်ဝသော စစ်ရေးပါရဂူကြီး။

သူ့တပ်များအား လမ်းတွင် ဆီးတိုက်နိုင်သည်ကို သိပါလျက် သူက ချက်ကိုစလော ဗေးကီးယားနိုင်ငံကို ဘာကြောင့် ဝင်တိုက်ခိုင်းခဲ့သနည်း။ တကယ်တော့ ဟစ်တလာကား အလေး ထားရမည့် စွမ်းအားကြီး တစ်ရပ်ပင် ဖြစ်သည်။ အီသီယိုပီးယားနိုင်ငံတွင် အီတလီဖက်ဆစ် အာဏာရှင် မူဆိုလီနီကို တားဆီးနိုင်ခဲ့လျှင် ဟစ်တလာအနေဖြင့် သက်သက်သာသာ သိမ်းယူနည်းကို ဘယ်တော့မှ သိနိုင်လိမ့်မည် မဟုတ်ဟု တချို့က ဝေဖန်ခဲ့ကြသည်။

သို့သော်. . ဟစ်တလာက မူဆိုလီနီထက် အများကြီး တော်သည်။ သူက တိုက်ယူခြင်း မဟုတ်။ သူလိုချင်တာကို သိမ်းယူခြင်းသာ ဖြစ်သည်။ အကျုံးကျော်ခံနိုင်ငံမှ ပြည်သူတွေက သူ့ အစိုးရကို မကျေနပ်ဖြစ်ကာ ဆူပူဆန္ဒပြ၍ တိုင်းပြည်ဖရိုဖရဲ ဖြစ်လာချိန်တွင်မှ လွယ်လွယ် ကလေးဖြင့် သိမ်းယူလိုက်ခြင်း ဖြစ်သည်။

---

(*Treaty of Versailles: ပထမကမ္ဘာစစ် (၁၉၁၄-၁၈) အပြီး ၁၉၁၉ ခုနှစ်တွင် စစ်အောင်မဟာမိတ် နိုင်ငံများနှင့် စစ်ရှုံး ဂျာမနီနိုင်ငံတို့ ချုပ်ဆိုသော စာချုပ်။ ဗာဆေးမြို့တွင် ချုပ်ဆို၍ "ဗာဆေးစာချုပ်" တွင်သည် ဗာဆေးမြို့မှာ ပြင်သစ်ပြည် မြောက်ပိုင်းတွင် တည်ရှိ ပါရီမြို့မှ အနောက်တောင် ဘက်သို့ ဆယ့်နှစ်မိုင်ခန့် ကွာဝေးသည်။ ရှေးဘုရင်များ စိုးစံခဲ့ သမိုင်းဝင် ဗာဆေးနန်းတော် တည်ရှိသည်။)



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့ညတွင် ယွန်ပေါသည် လဟာပြင် အထူးအခမ်းအနားတစ်ခုကို ကျက်မြင်ကိုယ်တွေ့ ကြုံရသည်။ ဂျာမာန်အမျိုးသား အမျိုးသမီးလူငယ်များက သူတို့၏ ခေါင်းဆောင်ကြီး အဒေါ့ဖ်ဟစ်တလာအား ချီတက်အလေးပြုပွဲ အခမ်းအနားဖြစ်သည်။ ဟစ်တလာကို မြင်ရသောအခါ သူတို့က လက်ကိုအပေါ်မြှောက်ပြီး "ဟိုင်း ဟစ်တလာ" ဟူ၍ သံပြိုင်အော်ဟစ် အလေးပြုကြသည်။

ယွန်ပေါသည် ဟစ်တလာ၏ တန်ခိုးအာဏာ ကြီးမားစူးရှလှကြောင်းကို မျက်ဝါးထင်ထင် မြင်တွေ့ ရသည်။ဟစ်တလာသည် မကြာမီ အနာဂတ်ကာလအတွင်း တစ်ကမ္ဘာလုံးကို လွှမ်းမိုး ချုပ်ကိုင်သွားလိမ့်မည် ဟုလည်း တကယ်ပင် ယုံကြည်မိသည်။ ဂျာမနီနိုင်ငံ၏ သက်ဦးဆံပိုင် အုပ်ချုပ်ရေး ယန္တရားဟောင်း ချုပ်ငြိမ်း၍ ဟစ်တလာ ဖော်ဆောင်သော နာဇီစနစ်သစ် ပေါ်ထွန်းလာခဲ့ပြီ. . . ။

"ကျွန်ုပ်၏ ကြိုးပမ်းချက်များ" အမည်ရှိ ဟစ်တလာ၏ ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိ စာအုပ်ကလေးပေါ် ထွက်လာစတွင် အဝတ်အစားပွတ်ပွရောင်းနှင့် လူဖလံကလေးအား လူများစုက လေးလေးနက်နက် မထားခဲ့ကြ။ အထင်မကြီးမိခဲ့ကြ။ ယခုတော့ လူပေါင်းများစွာက အလေးထား လာခဲ့ကြပြီ။ အထင်ကြီးလာခဲ့ကြပြီ။ နောင်ဆိုလျှင် သည့်ထက်သည် ပို၍ပို၍ များလာပေ လိမ့်ဦးမည်မှာ မြေကြီးလက်ခတ်မလွဲ။

ယွန်ပေါသည် ပါရီမြို့သို့ ပြန်ရောက်လာသောအခါ သူ၏ လေ့လာတွေ့ရှိချက်များကို ဝန်ကြီးဌာနသို့ တင်ပြရန် အစီရင်ခံစာရေးသည်။

တကယ်တော့ ဟစ်တလာသည် ငြိမ်းချမ်းရေးကို မြတ်နိုးသူတစ်ယောက်ဖြစ်သည်။ စစ်တိုက်ရခြင်းမှာ မလွှဲသာမရှောင်သာ၍တိုက်ရခြင်းသာ ဖြစ်သည်။ သူ၏ အဓိက ရည်ရွယ် ချက်မဟုတ်. . ဟူ၍ ယွန်ပေါက အစီရင်ခံစာတွင် ဖော်ပြလိုက်သည်။

၁၉၃၉ ခုနှစ်တွင် ဂျာမနီသည် ပြင်သစ်နှင့် စစ်ဖြစ်သည်။ ပြင်သစ်တို့က ဂျာမန်နယ်စပ်ရှိ သူတို့၏ မက်ဂျီနော့ခံတပ်ကို ဂျာမန်များ ဘယ်တော့မှ မထိုးဖောက်နိုင်ဟု ယူဆထားခဲ့ကြသည်။ သို့သော် ဟစ်တလာက မက်ဂျီနော့ခံတပ်ကို သစ်သားခြံစည်းရိုးပမာ ဖြိုဖျက်ပစ်လိုက်သည်။ မကြာမီတွင် ပြင်သစ်တို့ လက်နက်ချကြသည်။ ဟစ်တလာက ပြင်သစ်လူမျိုးတို့၏ ခေါင်းပေါ်တက်ကာ ကပြောင်းပြောင်းနှင့် ထခုန်နေတော့သည်။

ဟစ်တလာက ပါရီမြို့တော်ကို လွတ်လပ်သော မြို့တော်အဖြစ် သတ်မှတ်ကာ အဆောက်အအုံနှင့် သမိုင်းဝင်ပစ္စည်းလက်ရာများ လုံးဝ မဖျက်ဆီးရန် အမိန့်ထုတ်ပြန်လိုက်သည်။ သူက ပါရီမြို့တော်ကို နာဇီတို့၏ အပန်းဖြေစခန်းအဖြစ် အသုံးချရန် ရည်ရွယ်ခြင်း ဖြစ်သည်။ တစ်နည်းအားဖြင့် ကျူတန်အနွယ်ဝင် ဂျာမန်လူမျိုးတို့၏ မြင့်မြတ်သော စိတ်စေတနာကို ပြသခြင်းလည်း ဖြစ်သည်။ သို့သော် တကယ်တော့ နာဇီစစ်ဝါဒီတို့သည် ရက်စက်ကြမ်းကြုတ်သော လူရိုင်းများသာ ဖြစ်ကြသည်။

၁၉၄၀ ပြည့်နှစ်တွင် ဂျာမန်တို့က ဗီရှီဒေသမှတစ်ပါး ပြင်သစ် နိုင်ငံတစ်ဝှမ်းလုံးကို



www.burmeseclassic.com

www.burmeseclassic.com



သိမ်းပိုက်လိုက်သည်။ ဤတွင် ယွန်ပေါ၏ ကိုယ်ပိုင်ဆုံးဖြတ်ချက်မှာ မှန်နေသည်။ သူ
စစ်အောင်သူဘက်မှ အမြဲရပ်တည်သည်သည်။ ထို့ကြောင့် ဂျာမန်ဩဇာခံ မာရှယ်ပေတန်နှင့် သူ
ဗီရှီအစိုးရအဖွဲ့ကို ယွန်ပေါက သစ္စာခံသည်။ သူသည် ဗီရှီအစိုးရအဖွဲ့တွင် အရေးပါသော
အထက်တန်းအရာရှိတစ်ဦးဖြစ်လာသည်။

ဂျာမန်တွေ ရောက်လာပြီး မကြာမီတွင် ပါရီမြို့ရှိ ဂျူးလူမျိုးများအား စနစ်တကျ
စစ်ဆင်ရေးလုပ်ကာ ပိုက်စိတ်တိုက်၍ လိုက်ဖမ်းသည်။ အက်ရှန်မှာ ဇနီးသည် ဂျဲနက်အတွက်
အရှူးမီးဝိုင်းဖြစ်ကာ ဂျဲနက်၏ မှတ်ပုံတင်လက်မှတ်များ လိမ်လည်ပြောင်းလဲနိုင်ရေးအတွက်
သွေးရူးသွေးတန်း ကြိုးစားသည်။ သက်ဆိုင်ရာများအား ရက်ရက်ရောရော လာဘ်ထိုးသည်။
ဂျဲနက်သည် ဂျူးမျိုးနွယ်ဝင် တစ်ယောက်ဖြစ်ကြောင်း ဖုံးကွယ် ထားနိုင်ရေးအတွက် သူ
မွေးဖွားလက်မှတ်၊ လက်ထပ်စာချုပ်နှင့် နိုင်ငံသားမှတ်ပုံတင် လက်မှတ်အားလုံးကို ပြောင်း
ပစ်လိုက်သည်။ အက်ရှန်သည် ရိုမန်ကက်သလစ် သာသနာရေးအရာရှိ ဘုန်းတော်ကြီး
သွားရောက်လျက် ဂျဲနက်အား ရိုမန်ကက်သလစ် ဘာသာဝင်ဖြစ်ကြောင်း ထောက်ခံချက်
လာဘ်ထိုး၍ ဖျားယောင်း စည်းရုံးသည်။ သာသနာရေးအရာရှိက ရင်ဘတ်ပေါ်တွင် လက်
ကြက်ခြေခတ်၍ ဆုတောင်းပြီးနောက် အကယ်၍ သူ့အား အာဏာပိုင်များက စစ်မေးလာ
မှတ်တမ်းများ မှန်ကန်ပါကြောင်း ထွက်ဆို ပါမည်ဟု အခိုင်အမာ ကတိပေးသည်။

ဤသို့ဖြင့် အက်ရှန်မှာ ဂျဲနက်၏ အသက်အန္တရာယ်အတွက် တစ်နည်းတစ်
အကာအကွယ်ပေးနိုင်ခဲ့သဖြင့် ရင်ထဲတွင် တော်တော်ကလေး အေးသွားသည်။

စင်စစ် ဂျဲနက်အတွက် ရင်တထိတ်ထိတ်ဖြင့် စိုးရိမ်နေရသူမှာ အက်ရှန်တစ်ယော
သာမဟုတ်။ ဂျဲနက်၏ မိခင်အရင်းဖြစ်သူ မက်ဇီမော့မြို့စားကတော် မာဂဒါလည်း အက်ရှန်ကဲ့သို့
သူ့သမီးအတွက် အလွန်တွေးပူနေရသည်ပင် ဖြစ်သည်။

ထို့ကြောင့် ယနေ့ညတွင် မြို့စားကတော်က စိန့်လူဝီကျွန်းပေါ်မှ စံအိမ်ကြီး၌ အထူး
စာပွဲကြီး တစ်ရပ်ကျင်းပသည်။ ညစာစားပွဲသို့ ပါရီမြို့၊ နာဇီပါတီမှ အရေးကြီးသော ပုဂ္ဂိုလ်များ
ယွန်ပေါအပါအဝင် ဗီရှီအစိုးရ ဘက်တော်သား အရာရှိကြီးများကိုလည်း ဖိတ်ကြားထားသ
မာဂဒါက တံဆိပ်တပ် ယူနီဖောင်းများ သပ်သပ်ရပ်ရပ် ဝတ်ဆင်ထားကြသော နာဇီပါတီ
အာဏာသားများအား တစ်ချက်ဝေ့ကြည့်လိုက်ပြီး ကျေနပ်စွာ ပြုံးလိုက်သည်။ သူတို့ အားလုံး
သူ့ရည်ရွယ်ချက်အတွက် တကယ်အသုံးကျမည့် ပုဂ္ဂိုလ်များပင် မဟုတ်ပါလား။

ညစာ စားပွဲပြီးဆုံးသွားပြီးနောက် မာဂဒါသည် သူ့အလှပြင်ခန်းထဲ ဝင်လာခဲ့ပြီး သူ့
ကိုယ်လုံး ပေါ်မှန်ထဲတွင် ပြန်ကြည့်မိသည်။ ပြီးတော့ သရော်ရယ် တစ်ချက် ရယ်လိုက်သည်။

ယနေ့ ညစာစားပွဲသို့ မြို့စားကြီး အလက်ဇီမော့တော့ မတက်ရောက်နိုင်ခဲ့။

သို့သော် တစ်ချိန်တုန်းက သူ့အား ချစ်လင်မြို့စားကြီး ပြောခဲ့သော စကားကိုတော့
ကြား ယောင်လာမိသည်။

"မင်းက ဇာတ်လိုက်မင်းသမီး လုပ်သင့်တယ်။ မင်းမှာ ဘုရားသခင်ပေးတဲ့ အ
ရှိတယ်။ အဲဒါကို မင်းက တခြားလူတွေကို မျှဝေ ပေးသင့်တယ်"



www.burmeseclassic.com

www.burmeseclassic.com



သူက ပြန်ပြောခဲ့သော စကားကိုလည်း တစ်ချိန်တည်းပင် ကြားယောင်လာပြန်သည်။

**"ကျွန်မက ဇာတ်လိုက်မင်းသမီး မလုပ်ချင်ပါဘူး။ ကျွန်မ သမီးကလေး အထက်တန်းလွှာ အသိုင်းအဝိုင်းထဲမှာ ဝင်ဆံ့အောင် လုပ်ပေးနိုင်မယ့် လူမှုရေး ဧည့်ရိပ်သာကြီး တစ်ခုပဲ လိုချင်ပါတယ်။"**

မာဂဒါက သူ့သမီးလေး ဂျနက်အား ယင်းသို့ ရည်ရွယ်ချက်တွေ ကြီးမားစွာထားခဲ့သော်လည်း အကောင်အထည်ကား မဖော်နိုင်ခဲ့။ သို့သော် သူက စိတ်တော့ မလျှော့သေး။

**အင်း. . . လောကမှာ လူလုပ်တာ ဘာမဆို ဖြစ်နိုင်တယ် ဆိုပေမယ့် ကျွန်မတို့ အနေနဲ့ လက်လှမ်းမမီနိုင်တဲ့ အချို့အလုပ်တွေ ရှိပါသေးတယ်. . . အစ်ကိုကြီးရယ်။**

မာဂဒါသည် တွေးရင်း တွေးရင်းဖြင့် အတိတ်ကာလသို့ ပြန်ရောက်သွားသည်။

လွန်ခဲ့သော တစ်နှစ်ခွဲခန့်က ဖြစ်သည်။

သူသည် စာကြည့်ခန်းသို့ ဝင်လာသောအခါ ခင်ပွန်းသည် မြို့စားကြီးအား ကြမ်းပြင်ပေါ်တွင် မေ့မြောလဲကျနေသည်ကို အမှတ်မထင် တွေ့ရသည်။ မာဂဒါမှာ ဆောက်တည်ရာမရဖြစ်ကာ တစ်ကိုယ်လုံး အိုးထိန်း စက်ပမာ ချာချာလည်သွားသလို ထင်လိုက်ရသည်။

မြို့စားကြီးအား အိမ်စေများက အပေါ်ထပ်သို့ ပွေ့ချီယူလာခဲ့ကြပြီး ခုတင်ပေါ် တင်လိုက်ကြသည်။

မာဂဒါ ဆရာဝန်ကို ဖုန်းဆက်ခေါ်သည်။ ဆရာဝန်ကို ထိုင်စောင့်ရင်း ရူးမတတ်ခံစားနေရသည်။

ဆရာဝန်ရောက်လာသည်။ မာဂဒါအား အပြင်မှ စောင့်နေရန် ပြောပြီး အလက်ဇီအားချက်ချင်းပင် စမ်းသပ်စစ်ဆေးသည်။ စမ်းသပ်ပြီးသောအခါ ဆရာဝန်က အပြင်ထွက်လာပြီး မာဂဒါအား ပြောသည်။

"သူ့ အခြေအနေက တော်တော် စိုးရိမ်ရတယ်၊ တော်တော့်ကို ဆိုးဆိုးရွားရွား လေဖြတ်သွားတာ၊ တစ်ကိုယ်လုံး အကြောတွေ သေသွားပြီ. . . ."

"ဟင် တစ်ကိုယ်လုံး သေသွားပြီ"

"ဟုတ်ပါတယ်၊ ညာဘက်လက် တစ်ခုပဲ နည်းနည်း လှုပ်နိုင်တော့တယ်၊ ဒီလက်လည်း နောက်တော့ သေသွားနိုင်တယ်"

"သူ့ စိတ်အခြေအနေကရော ဆရာ"

"စိတ်အခြေအနေ ပျက်စီးတဲ့ လက္ခဏာတော့ ဘာမှ မတွေ့ရဘူး၊ မှတ်ဉာဏ်လည်း ရှိမြဲရှိနေဦးမှာပါ။ နားလည်း ကြားမယ်၊ မျက်စိလည်း မြင်မယ်၊ ဒါပေမယ့် စကားတော့ ပီပီသသ ပြောနိုင်မှာ မဟုတ်ဘူး၊ တဖြည်းဖြည်းမှပဲ သူ့စကားကို နားလည်လာနိုင်လိမ့်မယ်"

**ဘုရား. . . ဘုရား. . . ကုသိုလ်ဆိုးလှချည်လား . အစ်ကိုကြီးရယ်။ ကျွန်မ ဘယ်လိုနေရပါ့. . .။**

သို့သော် မာဂဒါ စိတ်ကို တင်းလိုက်သည်။ သည်အချိန်တွင်စိတ်ဓာတ်ကျနေ၍ မဖြစ်။ စိတ်ကို ထိန်းရမည်။ တည်ငြိမ်အောင် နေရမည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုဆို ကျွန်မ ဘာလုပ်ရမလဲ ဆရာ"

"သူ့ကို အမြဲ စောင့်ကြည့်နေရမယ်၊ အထူးသူနာပြု ဆရာမတွေ သူ့အနားမှာ အမြဲ ရှိနေရမယ်၊ ကျုပ်ကြည့်ပြီး စီစဉ်လိုက်ပါ့မယ်"

"အဲဒါတော့ ကျေးဇူးပြုပြီး သည်းခံပါဆရာ၊ ကျွန်မ အသက်ရှင်နေသမျှ ကျွန်မခင်ပွန်းကို ကျွန်မပဲ ပြုစုချင်ပါတယ်။ သူ့ကိုချစ်တဲ့ လူတွေက ပြုစုမှလဲ ပိုပြီး အကျိုးရှိပါလိမ့်မယ်၊ အဲဒီတော့ သူ့အနေနဲ့ တခြား ဘာတွေလိုအပ်သေးသလဲ. . . ဆရာ"

"အဓိက လိုအပ်တာကတော့ သူ့အနားမှာ ၂၄နာရီ မပြတ်လူတစ်ယောက် ရှိနေဖို့ပါပဲ"

"ဒါဆို ကျွန်မပဲ နေပါ့မယ် ဆရာ၊ နေပါရစေ ဆရာ"

မာဂဒါ သိပ်ပြီး ဆန္ဒပြင်းပြနေသဖြင့် ဆရာဝန်က သဘောတူလိုက်ရသည်။

ထို့နောက် သူက မာဂဒါအား ဆေးထိုးပိုက် သုံးပုံသုံးနည်း သင်ပေးသည်။

"တစ်ခါထိုးရင် နည်းနည်းပဲ ထိုးပေးပါ၊ စိတ်ငြိမ်ရုံကလေးပေါ့၊ စိတ်ဓာတ်အခြေအနေလည်း ပုံမှန်ရှိ နေတဲ့ လေဖြတ်ဝေဒနာရှင်တွေရဲ့ အဓိကပြဿနာဟာ စိုးရိမ်ပူပန်မှုပဲ၊ တစ်ကိုယ်လုံးသေပြီး ဘာမှမလုပ်နိုင်တော့ စိတ်ကတောင်တွေး မြောက်တွေးနဲ့ စိုးရိမ်စိတ်တွေ ဝင်လာရော၊ အဲဒီလို ဖြစ်လာရင် အိပ်မပျော်တဲ့ ရောဂါပါ ထပ်ဝင်လာရော၊ နောက်ပြီး သွေးမခဲအောင် ကာကွယ်ဆေး လည်း ထိုးပေးရမယ်။ သူ့ကို ဘယ်အချိန်ကျတော့ လက်တွန်းကုလားထိုင်ပေါ်တင်ပြီး ဟိုနား ဒီနား တွန်းရွှေ့ပေးရမယ်ဆိုတာ အချိန် တန်တော့ ကျုပ်ပြောပါ့မယ်၊ ဒါပေမယ့် ဒါက သုံးလေး ပတ်လောက်တော့ ကြာဦးမှာပါ၊ ဒီကြားထဲမှာ သူ့ကို ခဏခဏ တစောင်းလှည့်ပေးရမယ်။ နှိပ်ပေး ရမယ်။ အချိန်မှန် လေးနာရီတစ်ကြိမ်ကျစီ လှည့်ပေး နှိပ်ပေး ဖို့လိုတယ်၊ လှည့်ပေးတာကတော့ အမြဲတမ်း ပက်လက်ကြီး အိပ်နေတဲ့အတွက် ကျောပူမိမှာ စိုးလို့ပါ၊ ကဲ ဒီတော့ ဒီအလုပ်တွေ အားလုံး ခင်ဗျားလုပ်နိုင်ပါ့မလား"

"ဆရာ. . . ဆရာ့ စေတနာကို ကျွန်မ သဘောပေါက်ပါတယ်၊ ကျေးဇူးလည်း တင်ပါ တယ်။ ဒါပေမယ့် ဒီအချက်ကိုတော့ ကျွန်မ လုပ်ကို လုပ်ပါရစေ ဆရာ၊ ကျွန်မခင်ပွန်းကို ကျွန်မ ကိုယ်တိုင်ပဲ ပြုစုပါရစေ"

ဆရာဝန်က ခေါင်းကို ခါယမ်းရင်း အခန်းတွင်းမှ ပြန်ထွက်သွားသည်။

မာဂဒါသည် အလက်ဇီ၏ အခန်းသို့ ခပ်သုတ်သုတ်ကလေး လျှောက်လာခဲ့သည်။ ဤအခန်းမှာ သူတို့ နှစ်ယောက် နှစ်ပေါင်းများစွာ ပျော်ပျော်ရွှင်ရွှင်နှင့် အတူတကွ အိပ်ခဲ့ကြသော အခန်းဖြစ်သည်။ ယခုတော့ ဤအခန်းထဲက ဤခုတင်ပေါ်တွင် မာဂဒါ၏ ချစ်လင်မောင်ကြီးသည် လေငန်းရောဂါဖြင့် ကိုယ်လက်များ လုံးဝမလှုပ်နိုင်ဘဲ စန့်စန့်ကြီး လဲလျက် ရှိနေပြီ။ သူ့ ချစ်လင်ကြီး ဤသို့ဖြစ်လိမ့်မည်ဟု မာဂဒါက ဘယ်တော့မှ မတွေးမိခဲ့။ ထို့ကြောင့် ဤသို့ဖြစ်နေ ဆိုသည်ကိုလည်း လုံးဝမယုံနိုင်အောင် ခံစားမိရသည်။

မာဂဒါက ခုတင်အနားသို့ ကုလားထိုင်တစ်လုံးရွှေ့၍ ထိုင်သည်။ထို့နောက်ခင်ပွန်းသည်၏ လက်ကို ယုယစွာ ဆုပ်ကိုင်လိုက်သည်။

"အစ်ကိုကြီး. . . အစ်ကိုကြီး ဒီဘဝမျိုး ရောက်လိမ့်မယ်လို့ ကျွန်မဘယ်တုန်း



www.burmeseclassic.com

www.burmeseclassic.com



မထင်ခဲ့ဘူး၊ ရှာင် စစ်ထွက်နေတုန်းက ကျွန်မ စိတ်ဓာတ်မကျအောင်၊ ကျွန်မ ရူးမသွားအောင် ဖြေသိမ့်ခဲ့တာ အစ်ကိုကြီးပါပဲ၊ ကျွန်မဟာ သူ့အမေ မဟုတ်ဘူး၊ သူ့မှာ အမေသေသွားပြီလို့ ဂျဲနက် ပြောသွားတုန်းက ကျွန်မ သေမလောက် ခံစားခဲ့ရတာကိုလဲ အစ်ကိုကြီးပဲ ကယ်တင်ခဲ့ပါတယ်၊ ဒီတော့ အခု ကျွန်မအလှည့်ရောက်လာပြီ၊ အစ်ကိုကြီး ကို ကျွန်မ ကယ်တင်ပါ့မယ်၊ တစ်ချိန်က အစ်ကိုကြီးက ကျွန်မအသက်ပဲ ဖြစ်ခဲ့ပါတယ်။ အခုတော့ အစ်ကိုကြီး အသက်ကို ကျွန်မ ကယ်တင်ဖြစ်အောင် ကြိုးစားပါ့မယ်"

သတင်းမေး၊ အားပေးစာတွေ လနှင့်ချီပြီး တဖွဲဖွဲ ရောက်နေကြသည်။ ပန်းစည်းတွေ၊ လက်ဆောင်ပစ္စည်းတွေလည်း ပို့ကြသည်။ တယ်လီဖုန်းခေါ်သံကလည်း နေ့ညမစဲ။ သို့သော် မာဂဒါကတော့ ယင်းစာတွေကို လုံးဝမဖတ်။ တယ်လီဖုန်းနှင့် ပြန်ကြားမှုလည်း လုံးဝမပြု။

သည်လိုနှင့် သုံးလမျှ ကုန်လွန်သွားခဲ့သည်။

တစ်ညနေတွင် မာဂဒါက ခင်ပွန်းသည်အား ပြောသည်။

"အစ်ကိုကြီး ကျွန်မတို့ စာကြည့်တိုက်ခန်းကို ပြောင်းရင် ကောင်းမယ် ထင်တယ်၊ စာကြည့်တိုက်ခန်းကိုပဲ အိပ်ခန်း၊ ဧည့်ခန်း လုပ်ကြတာပေါ့၊ အဲဒီမှာ ရှုခင်းလဲ သာယာတယ်၊ အပြင်ကြည့်လိုက်ရင် စိမ်းစိမ်းစိုစို သစ်ပင် ပန်းမန်တွေလဲ မြင်ရတယ်၊ နောက်ပြီး စိန်းမြစ်ရေပြင်ကိုလဲ မြင်ရတယ်၊ ဒေါက်တာ ရောဘတ် က ပြောတယ်၊ အစ်ကိုကြီးကို မကြာခင် လက်တွန်းကုလားထိုင်နဲ့ တွန်းရွှေ့ပေးတော့မယ်. . တဲ့။ အဲဒါဆိုရင် အပြောင်းအလွဲလဲ ရတာပေါ့။ စာကြည့်တိုက်ခန်းမှာဆိုရင် သွားရတာလဲ လွယ်လွယ်ကူကူ ရှိတယ်၊ ဘယ့်နှယ် လဲ သဘောကျရဲ့လား၊ သဘောကျရင် မျက်လုံးကို မှိတ်ပြပါ"

မာဂဒါက စိတ်ရှည်စွာဖြင့် သုံးကြိမ်တိတိ မေးသည်။ နောက်တစ်ကြိမ် ထပ်မေးမလို့ လုပ်တော့မှ ခင်ပွန်းသည်က မျက်လုံးကို မှိတ်ပြသည်။

"အဲ ဒါမှပေါ့၊ ကျွန်မ ဝမ်းသာလိုက်တာ အစ်ကိုကြီးရယ်၊ အဲဒီမှာဆိုရင် နေရောင်ခြည်ရော၊ လေကောင်း လေသန့်ရော ကောင်းကောင်းရတယ်၊ အစ်ကိုကြီး ချောင်ချောင်သာသာ အိပ်နိုင်တဲ့ ခုတင်တစ်လုံးလဲ စာကြည့်ခန်းထဲ ပြောင်းပေးပါ့မယ်"

အလက်ဇီက ဇနီးသည်၏ မျက်နှာကို စိုက်ကြည့်နေသည်။ မာဂဒါက သူ့အကြည့်ကို ရှောင်းဖောက်၍ နားလည်လိုက်သည်။

အလက်ဇီအား အောက်ထပ်စာကြည့်ခန်းသို့ ပြောင်းရွှေ့ပေးသည်။ မကြာမီတွင်ပင် လက်တွန်း ကုလားထိုင်ပေါ် ထိုင်ပြီး အပြင်ထွက်၍ နေဆာလှုံခွင့်ရလာသည်။ ယခုအခါ သူသည် ယခင်က ထက်ပို၍ လန်းလန်း ဆန်းဆန်း ဖြစ်လာသည်။ ပျော်လည်း ပျော်လာသည်။ ခံနိုင်ရည်ရှိလာသည်။ သူ့မျက်နှာတွင် ကြေကွဲဝမ်းနည်းသော အရိပ်အယောင်များ လုံးဝမမြင်ရတော့။ မာဂဒါက အနားမှ တစ်ဖဝါးမခွာဘဲ နေ့ရော ညပါ အစွမ်းကုန်ပြုစုပေးနေသည်။ သည်လိုနှင့် သူတို့လင်မယားမှာ အဆိုးထဲမှ အကောင်းကိုရှာကာ ဘဝကို နေသာထိုင်သာ ရှိလာခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော်. . သို့သော် စစ်ကြီးဖြစ်တော့မည်. . ဟူသော ကောလာဟလ သတင်းကို ကြားရသောအခါ မာဂဒါမှာ အကြီးအကျယ် ထိတ်လန့်တုပ်လှုပ်သွားမိတော့သည်။ သူသည် သတင်းစာမဖတ်၊ ရေဒီယိုနားမထောင်ခဲ့သည်မှာ လပေါင်းအတော်ကြာခဲ့ပြီ။ ယင်းသို့ရှိနေခဲ့ရာမှ ယခုလို ကပ်ဆိုးကြီး ပေါ်ပေါက်လာတော့ မည်ဟူသော သတင်းကို ကြားလိုက်ရတော့ သူသည် အတိတ်တစ္ဆေခြောက်လန့်ခြင်းကို တုန်လှုပ်ချောက်ချားစွာ ခံစားလာရပြန်သည်။ သူ့ စိတ်အာရုံများသည် ဝေးလံသော ဇာတိမြေမှ မိဘနှစ်ပါးနှင့် အစ်ကိုဖြစ်သူ တို့ထံသို့ ရောက်သွားရပြန်သည်။

သည်လိုနှင့် တစ်နေ့သောအခါ ပီယာက မာဂဒါအား အရေးကြီးသော စကားတစ်ခွန်း ပြောလာသည်။ ပီယာမှာ ရူဘင်နှင့် မတွေ့ခင်ကပင် ပါရီမြို့တွင် တွေ့ဆုံရင်းနှီးခဲ့သော မာဂဒါ၏ မိတ်ဆွေရင်းချာဖြစ်သည်။ ယခုတော့ မာဂဒါ၏ အိမ်ကြီးတွင်ပင် အိမ်ဖော်မှူးအဖြစ် လုပ်ကိုင်နေသည်။

ပီယာက "အခြေအနေကတော့ တော်တော် ဆိုးနေပြီ မာဂဒါ၊ အခု ဂျာမန်နာဇီတွေက မင်းတို့ ဂျူးလူမျိုးတွေကို အစုလိုက် အပြုံလိုက် သတ်နေကြပြီ၊ အဲဒါ မျိုးချစ်ပုဂ္ဂိုလ်တွေက ဦးဆောင်ပြီး နာဇီဆန့်ကျင်ရေး လျှို့ဝှက် မြေအောက်အသင်းဖွဲ့ထားကြတယ်၊ ငါလဲ အဲဒီအသင်းကို ဝင်ထားတယ်၊ တခြားလျှို့ဝှက်အသင်းတွေက ဂျာမနီမှာလည်း ရှိတယ်၊ တခြားဥရောပနိုင်ငံတွေမှာလည်း ဖွဲ့စည်းထားတယ်။

"အဲဒီတော့ တို့ရဲ့ နာဇီဆန့်ကျင်ရေး လုပ်ငန်း အောင်မြင်ရေးအတွက် အကူအညီတွေ အများကြီး လိုအပ်နေတယ်။ အဲဒါ မင်းလဲ ကိုယ်တတ်နိုင်တဲ့ဘက်က အကူအညီပေးစေချင်တယ်"

မာဂဒါသည် ပါရီမြို့စွန်တစ်နေရာမှ အိမ်ခန်းကလေး တစ်ခုထဲသို့ ဝင်လာခဲ့သည်။

အခန်းထဲတွင် ပီယာ၏ မိတ်ဆွေနှစ်ယောက်က သူ့ကို စောင့်နေကြသည်။ သူတို့ကို ကြည့်ရသည်မှာ သာမန်လူများနှင့်ဘာမှမထူး။ သူတို့၏ မျက်နှာပေါ်တွင်လည်း မျက်ကလဲ ဆန်ပျာ စိုးရိမ်စိတ်များ လုံးဝမတွေ့ ရ။ အချင်းချင်း အပြန်အလှန် မိတ်ဆက်ကြပြီးနောက် တစ်ယောက် သောသူက နိဒါန်းချီမနေတော့ဘဲ လိုရင်း အချက်ကို မာဂဒါအား ပြောသည်။

"ခင်ဗျားတို့အိမ်မှာ စိန်းမြစ်အထိရောက်တဲ့ မြေအောက်ဥမင်လမ်းရှိတယ်လို့ သိရတယ်။ ပြီးတော့ အိမ်အောက်မှာ ဝက်ပါလမ်းကလေး ဖောက်ထားတယ်လို့သိရတယ်၊ အဲဒီလမ်းတွေဟာ ကျွန်တော်တို့အတွက် အင်မတန် အသုံးဝင်တဲ့ ထွက်ပေါက်ပဲ"

"ဒီလမ်းတွေဟာ ရှင်တို့အတွက် အသုံးဝင်မယ်လို့ တကယ်ပဲ ယုံကြည်သလား"

"ဟုတ်ပါတယ်၊ တကယ်ယုံကြည်လို့ ပြောတာပါ၊ ဒါနဲ့ မနက်ဖြန်ဆိုရင် ဂျာမနီက ပြင်သစ်ကို စစ်ကြေငြာတော့မယ်၊ ဒါခိုင်လုံတဲ့ သတင်းပါ၊ အဲဒီတော့ ကျွန်တော်တို့ အနေနဲ့ ခင်ဗျားအကူအညီကို အများကြီး လိုအပ်နေပါတယ်။ မြေအောက်ဥမင်လမ်းကို ကျွန်တော်တို့ သုံးခွင့်ပြုပါ"

မာဂဒါက ကြည်ကြည်ဖြူဖြူပင် သဘောတူသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် အိမ်သို့လာခဲ့ကြပြီး မြေအောက်တော်လှန်ရေးသမားနှစ်ယောက်တို့အား ဆော်ပါဥမင်းလမ်း သို့ လိုက်ပို့ရန် ပီယာကို ပြောလိုက်သည်။ သူတို့က မာဂဒါ၏ ကူညီမှုအတွက် အလွန်ကျေးဇူးတင်ကြသည်။

"ဒါနဲ့ ဂျူးတွေကို အစုလိုက် အပြုံလိုက် သတ်နေတယ်လို့ ပီယာက ပြောတယ်၊ အဲဒါ ဟုတ်လား" ဟု မာဂဒါက မေးလိုက်သည်။

"ဟုတ်တယ် သတ်နေတယ်၊ ဒါပေမယ့် ဂျာမနီကတော့ မဟုတ်ဘူးဆိုပြီး အကြောက်အကန် ငြင်းနေတယ်။ ဒီလုပ်ရပ်နဲ့ ပတ်သက်ပြီး အမေရိကန်အစိုးရနဲ့ ကျွန်တော်တို့ အစိုးရကလဲ အကြီးအကျယ် ဆန့်ကျင်ဝေဖန်တယ်။ ဒါပေမယ့် ဝေဖန်ချက်တွေက လုံးဝမထိ ရောက်ဘူး၊ ဟစ်တလာက ဂျူးတွေကို အမျိုးပြုတ်အောင် ကျူပင်ခုတ် ကျူငုတ်မကျန် ရှင်းပစ်မယ်လို့ ကြွေးကြော်နေတယ်"

မာဂဒါတစ်ကိုယ်လုံး ခိုက်ခိုက်တုန်သွားမိသည်။ အားလုံးပြောင်းလဲကုန်ပြီ။ သူ့ ဘဝ တစ်ခုလုံး အစိပ်စိပ်အမွှာမွှာ ပြိုကွဲလွင့်စဉ်သွားရတော့မည်။

"အဲဒီတော့ ကျွန်မ ဘာအကူအညီ ပေးရဦးမှာလဲ၊ ငွေအကူအညီ ပေးရဦးမှာလား၊ ရှင်တို့မှာ ငွေမလိုဘူးလား"

"အား. . . သိပ်လိုတာပေါ့၊ အများကြီး လိုတာပေါ့"

မာဂဒါက ချက်ချင်းပင် ချက်လက်မှတ်တစ်စောင် ကောက်ရေးပေးလိုက်သည်။

"အများကြီး ကျေးဇူးတင်ပါတယ် မဒမ်။ ဒါနဲ့ သိပ်ပြီးတော့လဲ မစိုးရိမ်ပါနဲ့၊ ကျွန်တော်တို့က အစစ အရာရာ ပိပိရိရိနဲ့ လုပ်နေကြပါတယ်။ အဖွဲ့ဝင်တွေကလွဲပြီး ဘယ်သူမှ မသိစေရပါဘူး၊ ကဲ. . အဲဒီတော့ ကျွန်တော်တို့ကို သွားခွင့်ပြုပါဦး" ဒါက လွန်ခဲ့သော တစ်နှစ်ခန့်က ပေါ်ပေါက် ခဲ့သော ဖြစ်ရပ်။

ယခုတော့ လမ်းလျှောက်နေသော ဤကြမ်းပြင်အောက်မှ လျှို့ဝှက်ဥမင်းလမ်းတွင် မြေအောက်တော် လှန်ရေးသမားတစ်စု သက်စွန့်ဆံဖျား တော်လှန်ရေးလုပ်ငန်းများကို ဆောင်ရွက် နေ အလုပ်ရှုပ်နေလိမ့်မည်ဟု မာဂဒါက တွေးနေမိသည်။ ယင်းအတွေးနှင့် အတူသူသည် အသက်ရှူ ဖို့၍ ကျပ်လာသလိုလည်း ထင်မိသည်။

သည်လုပ်ရပ်ကို သူ့ခင်ပွန်း အလက်ဇီ အလျှင်းမသိ။ အလက်ဇီသည် စာကြည့်ခန်း ရန်တာဆောင်တွင် ထိုင်၍ မကြာခဏ နေဆာလှုံလေ့ရှိသည်။ ယနေ့လည်း သူသည် ရန်တာဆောင်တွင် ထိုင်ကာ စိန်းမြစ်တစ်လျှောက် လူးလာ ခေါက်ပြန်ခုတ်မောင်းနေကြသော ရာမန် ကင်းလှည့်သင်္ဘောများကို ကြည့်နေလိမ့်မည်ဟု မာဂဒါ တွေးမိသည်။ မာဂဒါသည် အောက်ထပ်သို့ ဆင်းလာခဲ့ပြီး ဥရောပတွင် စစ်ကြီးဖြစ်နေပြီဟု အလက်ဇီအား ပြောပြသောအခါ သူက ဘာမျှ ပြန်မပြောနိုင်။ သူ ဘာတွေ တွေးနေလိမ့်မည်ဆိုတာကို မာဂဒါ စိတ်မှန်းဖြင့်သာ ခံစားမိတော့သည်။

မာဂဒါက သူ့အား ဆေးတိုက်သည်။ မကြာမီတွင် သူအိပ်ပျော်သွားသည်။ မာဂဒါ အပေါ်ထပ်မှ သူ့အခန်းသို့ ပြန်တက်လာခဲ့သည်။ ခဏအကြာတွင် ပီယာရောက်လာပြီး သူ့မိတ်ဆွေ



www.burmeseclassic.com

www.burmeseclassic.com



အန်ဂျီက မာဂဒါအား တွေ့လိုကြောင်း လာပြောသည်။

"သူက မင်းနဲ့ နှစ်ယောက်ချင်း တွေ့ချင်လို့တဲ့၊ အစ်ကိုကြီးကို ငါသွားပြီး စောင့်နေ လိုက်ပါ့မယ်"

မြေအောက် တော်လှန်ရေးသမား အန်ဂျီသည် ဧည့်ခန်းထဲမှ မီးလင်းဖို ဘေးတွင် ရပ်နေသည်။

"မင်္ဂလာနေ့ပါ မြို့စားကတော်"

"ဟုတ်ကဲ့ မင်္ဂလာနေ့ပါရှင်"

"ကျွန်တော်တို့ ဒီအခန်းထဲမှာ နောက်ဆုံးအကြိမ် ဆုံခဲ့တုန်းက ခင်ဗျားက နောက်ထပ် အကူအညီ လိုအပ်ရင်လဲ တောင်းပါလို့ ကတိပေးခဲ့ပါတယ်။ အဲဒါ အခု ကျွန်တော် နောက်ထပ် အကူအညီ လိုချင်လို့ လာခဲ့တာပါ"

"ဟုတ်ကဲ့ပြောပါရှင်၊ အားနာစရာ မလိုပါဘူး၊ ကျွန်မ အတတ်နိုင်ဆုံး ကူညီပါ့မယ်"

အန်ဂျီက မာဂဒါ၏ မျက်နှာကို အကဲခတ်သလို စိုက်ကြည့်နေသည်။ ပြီးတော့မှ သူက ပြောသည်။

"ဒီတစ်ကြိမ် ကူညီရမယ့် အကူအညီကတော့ တော်တော်ကြီးကျယ်တယ်၊ အများကြီး စွန့်စားရလိမ့်မယ်"

"ရှင့် စကားက လန့်စရာကြီးပါလား၊ ဘယ်လိုများ စွန့်စားရမှာ မို့လို့လဲ"

အန်ဂျီက ခေတ္တတုံ့ဆိုင်းနေပြီးတော့မှ ပြောသည်။

"ထိပ်ဆုံးက ပုဂ္ဂိုလ်တစ်ယောက်နဲ့ အဆက်အသွယ်လုပ်ဖို့ ကိစ္စပါ၊ ထိပ်ဆုံးက ပုဂ္ဂိုလ်ဆိုတာက ပါရီက နာဇီဂက်စတာပို အဖွဲ့ အကြီးအကဲကို ပြောတာ"

မာဂဒါက မည်သို့မျှပြန်မပြောဘဲ မလှုပ်မယှက် ထိုင်နေသည်။ အတန်ကြာတော့မှ သူက ခေါင်းကို ခါယမ်းရင်း မဲ့ပြုံးကလေး ပြုံးလိုက်သည်။

"ဟုတ်ပါတယ်၊ ဒီကိစ္စက ရှင်စောစောက ပြောသလို တော်တော့်ကို စွန့်စားရမယ့် ကိစ္စပဲ ဒါနဲ့ ကျွန်မတစ်ခုတော့ မေးပါရစေ၊ ဒီလုပ်ငန်းကို လုပ်ခိုင်းဖို့ တခြားလူတွေ မရှိတော့ဘူးလား ကျွန်မကိုပဲ ဘာလို့ အကူအညီတောင်းရတာလဲ"

"ဟုတ်ပါတယ်၊ တခြားလူ ဘယ်သူမှ မရှိလို့ပါ၊ အခုလုပ်ရမယ့် လုပ်ငန်းနဲ့ မြို့စားကတော် နဲ့က သိပ်ပြီး ဟပ်စပ်နေတယ်"

မာဂဒါက ဘာလုပ်ငန်းမျိုးဆိုတာကို ချက်ချင်း နားလည်လိုက်သည်။

"ရှင်ဆိုလိုတာက ကျွန်မက မြူဆွယ် ဖျားယောင်းပြီး လျှို့ဝှက်ချက် နှိုက်ယူဖို့ လုပ်ငန်းမျိုး လုပ်ရမယ် လို့ ပြောတာလား"

"ဟုတ်ပါတယ်၊ အဲဒီလုပ်ငန်းပါပဲ၊ ဒီလုပ်ငန်းက ခင်ဗျားလုပ်မှပဲ ဖြစ်မယ်၊ ခင်ဗျားမှာ

---

(*Gestapo - နာဇီခေတ် ဂျာမနီနိုင်ငံ၏ "လျှို့ဝှက် ရဲအဖွဲ့"၊ ဂျာမနီဘာသာဖြင့် Geheime Staats Polizei မှ Ge+Sta+Po တို့ကို ယူ၍ အတိုကောက် ပေါင်းစပ်ခေါ် ရေးသားထားခြင်း ဖြစ်သည်။)



www.burmeseclassic.com

www.burmeseclassic.com



အလှလဲ ရှိတယ်၊ ဂုဏ်လဲရှိတယ်၊ အရေးကြီးဆုံးကတော့ ခင်ဗျားရဲ့ အသိဉာဏ်နဲ့ မဖြစ်မနေ သုပ်တတ်တဲ့ အရည်အချင်းပါပဲ၊ ဒီအကြောင်းကို ပီယာ ပြောပြလို့ ကျွန်တော်သိရပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ ပထမဆုံးတွေ့တဲ့ နေ့ကပဲ ကျွန်တော်ထင်ထင်ရှားရှား မြင်ခဲ့ရပြီးပါပြီ"

"အင်း မြှောက်ပင့်ပြောပေမယ့် ကြားရတဲ့ စကားတွေကတော့ ဝမ်းသာစရာပါပဲရှင်၊ ဒါပေမယ့် ရှင်တို့ တွေးမိဖို့ ကောင်းတာက ကျွန်မမှာ အိပ်ရာထဲ ဗုန်းဗုန်းလဲနေတဲ့ ယောကျ်ား တစ်ယောက်ကို တဖဝါးမခွာ ပြုစုနေရပါတယ်၊ သူ့အနေနဲ့ ဒီလို လုပ်ငန်းမျိုးကို ဘယ်လိုမှ ခွင့်ပြုနိုင်မှာ မဟုတ်ပါဘူး၊ ပြီးတော့ ကျွန်မ ကလဲ နာဇီဆိုရင် အသံတောင် မကြားချင်လောက် အောင် မုန်းတာ"

"ဟုတ်ပါတယ်၊ အဲဒါကို ကျွန်တော်လဲ သိပါတယ်"

"ဒါနဲ့တောင်မှ အဲဒီ နာဇီတစ်ယောက်နဲ့ ကျွန်မကို အဆက်အသွယ်လုပ်ဖို့ လာပြော နေရသေးသလား၊ ဒီတစ်ကြိမ်တော့ ကျွန်မဆီ ရှင့်တို့ အကူအညီလာတောင်းတာ တကယ့်ကို များလွန်းနေပါတယ် မက်ရှာအန်ဂျို"

"ဩော် ဟုတ်လား၊ ဒါပေမယ့် ခင်ဗျားရဲ့ မြေအောက် ဥမင်လမ်းကို ကျွန်တော်တို့ အသုံးပြုခွင့်ရလို့ ဂျူးလူမျိုးတွေ ဘယ်နှစ်ယောက် အသက်ချမ်းသာရာ ရခဲ့ကြတယ်ဆိုတာကော ခင်ဗျား စဉ်းစားမိရဲ့လား၊ ဂျာမန်တွေက ကျွန်တော်တို့နောက်ကို အရိပ်လိုအမြဲတမ်း လိုက်နေ ကြတယ်၊ ဒီလုပ်ငန်းမျိုး လုပ်ဖို့ဆိုတာ ဘယ်လိုမှ မလွယ်နိုင်ပါဘူး၊ ဒါပေမယ့် ဒီကြားထဲကပဲ ကျွန်တော်တို့က စွန့်စွန့်စားစားနဲ့ ဂျူးအမျိုးသား ကလေးငယ်တွေကို ထောင်သောင်းချီပြီး ကယ်ဆယ် နိုင်ခဲ့တယ်၊ နို့မဟုတ်ရင် သူတို့လေးတွေ ဓာတ်ငွေ့ခန်းထဲ သေချင်းဆိုးနဲ့ သေသွားကြတာ ကြာပြီ"

မာဂဒါ ဘာမျှပြန်မပြော။ အခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန် လျှောက်ကာ အတွေးနက် နေမိသည်။

**ကလေးငယ်တွေ. . . ကလေးငယ်တွေ။ ဂျဲနက်က ငါ့သမီး။ ဟင်နရီလေးက ငါ့မြေး၊ တရားဝင်ဝင် မဝင်ဝင် ငါဟာ သမီးတစ်ယောက်ရှိတဲ့ မိခင်၊ မြေးတစ်ယောက်ရှိတဲ့ အဘွား။ အဲဒီတော့ ငါ့သမီး ငါ့မြေးလေး တွေ ငါ့ကလေးတွေရဲ့ အသက်ကို အတတ်နိုင်ဆုံးနည်းနဲ့ ကယ်ဆယ်ရမယ်။**

သူက ကုလားထိုင်တွင် ပြန်ထိုင်သည်။ စီးကရက်တစ်လိပ်ကို မီးညှိသည်။ ပြီးတော့ ပြန်မေး လိုက်သည်။

"ကဲ. . . ကျွန်မ သဘောတူတယ်ပဲ ဆိုပါတော့၊ အဲဒီလိုဆိုရင် ရှင်တို့မှာ စီမံကိန်း အသေးစိတ် ဆွဲပြီးသား ရှိသလား"

"ဟုတ်ကဲ့ ရှိပါတယ်"

"ဒါဖြင့် ကျွန်မကို ပြောပြပါ"

"ခင်ဗျား အဆက်အသွယ် လုပ်ရမယ့် လူနာမည်က ခရစ်ရှန်ရိတ်ချတ်လို့ ခေါ်တယ်၊ သူက ပါရီဂက်စတာပိုရဲအဖွဲ့ရဲ့ အကြီးအကဲပဲ၊ ဒီလူက ဥပဓိရုပ်လဲ သိပ်ကောင်းတယ်၊ ဘဝင်လဲ မြင့်တယ်၊ ရက်စက်တဲ့နေရာမှာလဲ နှစ်ယောက်မရှိဘူး၊ ထက်လည်း အလွန်ထက်တယ်၊ ချောတဲ့ လှတဲ့ မိန်းကလေးတွေဆိုရင်လဲ အငမ်းမရ လိုက်တတ်တယ်။ ဒါပေမယ့် သူ့ကို လွယ်လွယ်နဲ့



www.burmeseclassic.com

www.burmeseclassic.com



ကိုင်လို့တော့ မရနိုင်ဘူး၊ သိပ်လျှင်တဲ့လူ၊ အဲဒီတော့ ကိုယ်က သူ့ထက်လျှင်မှ ဖြစ်လိမ့်မယ်"

"အဲဒီတော့ ရှင်က ကျွန်မကို"

"ဟုတ်ပါတယ်၊ ဒီလုပ်ငန်းအတွက် ခင်ဗျားမှာပဲ အရည်အချင်း အပြည့်ရှိတယ်လို့ ကျွန်တော်တို့ ယုံကြည်တယ်၊ ပြီးတော့ တစ်ဘက်သား စကားကို ခင်ဗျားက စိတ်ရှည်ရှည် နားထောင်တတ်တဲ့ အရည်အချင်း လဲရှိတယ်"

မာဂဒါက ပြုံးလိုက်သည်။ ဟုတ်ပါသည်၊ သူသည် ပါရီတွင် အော်ဒါလိုက် ကချေသည် ဘဝနှင့် ကျင်လည်ခဲ့ရစဉ်က ဤပညာကို တတ်ခဲ့ခြင်း ဖြစ်သည်။ သူက နားထောင်တတ်သူသာ မဟုတ်၊ အပြောကောင်းသူလည်းဖြစ်သည်။ ထို့ကြောင့် ယခု အလုပ်ကို သူလုပ်လျှင် တတ အောင်မြင်နိုင် လိမ့်မည်ဟုလည်း ယုံကြည်သည်။

"ကျွန်မ ဂျူးလူမျိုး ဖြစ်တယ်ဆိုတာကို သူတို့ သိသွားရင် ဘယ်လိုလုပ်မလဲ"

"ဒါကတော့ သိဖို့မလွယ်ပါဘူး၊ သိဖို့မပြောနဲ့ ထင်ရုံထင်ဖို့တောင် မလွယ်ပါဘူး"

"ဒါပေမယ့် ကျွန်မက ပါရီမှာ အကြာကြီး နေလာခဲ့တာ"

"ဟုတ်ပါတယ်၊ ဒါကို ကျွန်တော်တို့လည်း သိပါတယ်၊ ခင်ဗျား သူငယ်ချင်း ပီယာဆိုတဲ့ ခင်ဗျားကို အစောကြီးကတည်းက သိခဲ့ဟာပဲ၊ အဲဒီအချိန်တုန်းက ပီယာကလွဲပြီး ခင်ဗျား မိတ်ဆွေဆိုလို့ တစ်ယောက်မှ မရှိခဲ့ပါဘူး၊ ပြီးတော့ ခင်ဗျားရဲ့ ခင်ပွန်းကလဲ ခင်ဗျားရဲ့ ဘဝဟောင်း မြေမြှုပ်ပစ်လိုက်ပြီး ဘဝသစ်ကို တခမ်းတနား ထူထောင်ပေးခဲ့တယ်၊ အဲဒီတော့ ခင်ဗျားရဲ့ မှတ်ပုံ အသစ်အရ ခင်ဗျားက ပိုလန်မင်းမျိုးမင်းနွယ် မိသားစုတစ်ခုက ဆင်းသက်လာတယ်လို့ ပြောင်း ထားရင် ကျန်တဲ့အပိုင်းကတော့ ခင်ဗျားသိတဲ့ အတိုင်းပါပဲ၊ တကယ်ဆိုရင် ဒီလုပ်ငန်း အသင့်တော်ဆုံးလူဟာ ခင်ဗျားပါပဲ၊ ခင်ဗျားက ပြဇာတ်မင်းသမီးလဲ လုပ်ဖူးတော့ အခုက အခန်းက အလွန်အရေးကြီးပါတယ်"

မာဂဒါက အန်ဂျို၏ မျက်နှာကို အကြာကြီး ကြည့်နေမိသည်။ နောက်ဆုံးမှ သူ မေးသည်။

"အဲဒီတော့ အဲဒီ ဂတ်စတာပိုအကြီးအကဲ ရိတ်ချတ်နဲ့ ကျွန်မ ဘယ်လိုလုပ်တွေ့ရမ

"လာမယ့် ကြာသပတေးနေ့မှာ ဂျာမန်သံရုံးမှာ ဧည့်ခံပွဲရှိတယ်၊ ခင်ဗျားကို ဖိတ်လိမ့်မယ်၊ ဒါကတော့ ကြည့်လုပ်ပါ့မယ်၊ နောက်ပိုင်းမှာက ခင်ဗျား တာဝန်ပဲ ကျန်တော့ ဘယ့်နှယ်လဲ လုပ်နိုင်ပါ့မလား"

"ဟုတ်ကဲ့ လုပ်နိုင်ပါတယ်၊ လုပ်ပါ့မယ်"

'အများကြီး ဝမ်းသာပါတယ် မြို့စားကတော်၊ ကျေးဇူးလည်း အထူးတင်ပါတ ကိုယ့်ကိုယ်ကိုယ်လဲ ယုံကြည်စွာနဲ့သာ အောင်မြင်အောင် လုပ်ပေတော့၊ ခင်ဗျားကို တစ်ယောက်ပဲ အဆက်အသွယ် လုပ်လိမ့်မယ်၊ ကျွန်တော်တို့က သူနဲ့တစ်ဆင့် ဆက်သွယ်

ထိုနေ့ညတွင် မာဂဒါက တမှေးကလေးမျှ အိပ်မပျော်။ သူ့ စိတ်မျက်စိထဲတွင် အလ မျက်နှာကိုသာ မြင်ယောင်နေမိသည်။

ရာသက်ပန်ရိုးမြေကျ သစ္စာရှိစွာ ပေါင်းသင်းပါ့မည်ဟု သူက အလက်ဇီအား က



www.burmeseclassic.com

www.burmeseclassic.com



ခဲ့သော စကားကိုသာ ကြားယောင်နေမိသည်။

တွေးရင်း တွေးရင်းဖြင့် မိုးလင်းသွားသည်ကိုပင် ကျေးဇူးတင်မိတော့သည်။

ရေမိုးချိုးအဝတ်အစား လဲပြီးနောက် အောက်ထပ် စာကြည့်ခန်းသို့ ဆင်းလာခဲ့သည်။

"မင်္ဂလာနံနက်ခင်းပါ အစ်ကိုကြီး၊ အမယ် မှတ်ဆိတ်ကျင်စွယ်တွေတောင် ရိတ်ထားပြီပဲ၊ ဒီလိုကျ တော့လည်း အစ်ကိုကြီးက သိပ်ချောတာပဲ. . . နော်"

မာဂဒါက ပြောရင်း ဆိုရင်း စောင်တွေ အိပ်ရာခင်းတွေ နေရာတကျ ပြန်ပြင်နေသည်။ အလက်ဇီက မာဂဒါ လုပ်သမျှကို လိုက်ကြည့်နေသည်။

ထို့နောက် နံနက်စာ ကျွေးသည်။ မာဂဒါက ရောက်တတ်ရာရာ ဟိုစကား သည်စကားတွေ လျှောက်ပြောနေသည်။ သူကပင် မေး၍ သူကပင် ပြန်ဖြေနေသည်။ ယခု အချိန်တွင်တော့ အလက်ဇီ၏ မျက်နှာရိပ် မျက်နှာကဲကို ကြည့်ကာ မာဂဒါက နားလည်တတ်နေပြီ။

"အစ်ကိုကြီး. . ဝရန်တာဆောင်မှာ သွားထိုင်ချင်သလား. . . ဟင်"

သူက ခုတင်ခြေရင်းမှ လက်ကိုင်ကို လှည့်ကာ အလက်ဇီအား ထိုင်လျက်အနေအထားသို့ ပြောင်းပေးသည်။ နောက်ပိုင်း ပီယာရောက်လာသောအခါ အလက်ဇီအား ဘီးတပ်ကုလားထိုင်ပေါ်သို့ ပွေ့ချီတင်ပေးကြသည်။

ယခုအချိန်တွင် အလက်ဇီမှာ စကားကို ဝူးဝူးဝါးဝါးနှင့် တစ်လုံးချင်း ပြောတတ်လာပြီ။ သူ့စကားကို တခြားလူများ နားမလည်နိုင်သေးသော်လည်း ဇနီးသည် မာဂဒါကတော့ စိတ်မှန်းဖြင့် အတော်ကလေး ဘာသာ ပြန်ဆိုတတ်နေပြီ။ တခါတရံ သူ့စကားကို ဘာမျှ နားမလည်သော်လည်း မာဂဒါက နားလည်ဟန်ဆောင်ကာ ပြန်ဖြေတတ်သည်။ သို့သော်လည်း သူ့အဖြေမှာ များသောအားဖြင့် မှန်နေတတ်သည်ကို တွေ့ရသည်။

ယခုလည်း အလက်ဇီက လျှာတွေလိပ်ပြီး ဝူးဝူးဝါးဝါးနှင့် ဗလုံးဗထွေး ပြောနေသည်။ မာဂဒါက ဂရုတစိုက် နားထောင်နေသည်။

"ဪ ဒါလား၊ ကျွန်မ သိပ်ပင်ပန်းနေတယ်လို့ အစ်ကိုကြီးက ပြောချင်တာလား"

အလက်ဇီက ကုလားထိုင် နောက်မှီရင်း ကိုယ်ကို ပစ်ထိုင်လိုက်ပြီး မျက်လုံးများကို မှိတ်လိုက်ဖွင့်လိုက် လုပ်ပြသည်။ သဘောကတော့ "ဟုတ်တယ်" ဟု ဆိုလိုခြင်းပင် ဖြစ်သည်။

"ကျွန်မ ပင်ပန်းတာ မဟုတ်ပါဘူး အစ်ကိုကြီးရယ်၊ တကယ်တော့ ကျွန်မဟာ ပင်ပန်းတာထက်တောင် ပိုဆိုးနေပါသေးတယ်၊ အရေးကြီးတဲ့ ကိစ္စတစ်ခု ပေါ်နေပြီ အစ်ကိုကြီး၊ ဒီကိစ္စနဲ့ပတ်သက်ပြီး ကျွန်မ တစ်ခုခုကို လုပ်ချင်တယ်၊ မလုပ်မဖြစ်တဲ့အခြေအနေမျိုး ရောက်နေပြီ၊ ကျွန်မ ဘယ်ကစပြောရမှန်းတောင် မသိတော့ပါဘူး၊ ဒီစကားပြောရတာ ကျွန်မ ပြောမထွက်နိုင်သလောက်ပါပဲ၊ ဒါပေမယ့် မပြောမဖြစ်တဲ့ စကားမို့ ကြိုးစားပြီး ပြောပါ့မယ်၊ အခုအချိန်မှာ သာမန် အချိန်မဟုတ်ပါဘူး၊ ပါရီတစ်မြို့လုံး နာဇီတွေ ခြေချင်းလိမ်နေတဲ့ စစ်ရာဇာလကြီးပါ အစ်ကိုကြီး၊ ကျွန်မမှာ ဂျူးသွေးပါတဲ့ သမီးလေးတစ်ယောက်ရှိနေတယ်၊ ပြီးတော့ မြေးကလေး တစ်ယောက်လဲ ရှိတယ်။ သူ့မှာလဲ ဂျူးသွေးပါတယ်၊ သူတို့က ကလေးကို ကက်သလိပ်ဘာသာ



www.burmeseclassic.com

www.burmeseclassic.com



သွတ်သွင်းပြီး မွေးလာပေမယ့် သူ့ခန္ဓာကိုယ်ထဲက ဂျူးသွေးက ပျောက်မသွားပါဘူး၊ ဂျူးဟာ ဂျူးပါပဲ ဒီ နာဇီ လူသတ်ကောင်ဆိုတာက ဂျူးသွေးတစ်စက်ကလေး ရတောင်မှ အလွန်ကျေနပ်နေကြပြီ ဒါကို အစ်ကိုကြီး လဲ သိပါတယ်၊ အဲဒီတော့ ဒီလုပ်ရပ်ကို ဆန့်ကျင့်ဖို့ ကျွန်မမှာလဲ တာဝန်ရှိတာပေါ့ အစ်ကိုကြီး၊ ကျွန်မပြောတာ မဟုတ်ဘူးလား. . . ဟင်။

"အဲဒီတော့ မာဂရေ့မက်ဇီမော့ခေါ် ကျွန်မ မာဂဒါကရာကျူဟာ မြေအောက်စပိုင် တစ်ယောက်အဖြစ် တာဝန်ယူရတော့မယ်၊ ဟုတ်ကဲ့. . ဟုတ်ကဲ့ ကျွန်မ သိပါတယ် အစ်ကိုကြီး ကျွန်မ နှုတ်လုံအောင် ကြိုးစားပါ့မယ်၊ တကယ်တော့ ဒီကိစ္စဟာ တော်တော်မလွယ်တဲ့ ကိစ္စပဲ ဒါပေမယ့် ကျွန်မ သင်တန်းတက်ခဲ့ပြီးပါပြီ၊ ပြီးတော့ ကျွန်မမှာ နားကြီး မျက်စိကြီး အပေါင်းအသင်း တွေလဲ အများကြီး ရှိပါတယ်။ ပီယာက တစ်နေ့တော့ သူ့မိတ်ဆွေကို ကျွန်မဆီ ခေါ်လာခဲ့တယ် မိတ်ဆွေတွေက မြေအောက် တော်လှန်ရေးသမားတွေပါ။ ပီယာကိုယ်တိုင်ကလည်း မြေအောက် လျှို့ဝှက်အသင်းဝင်တစ်ယောက်ပါပဲ၊ ဒါနဲ့ ကျွန်မတို့ စကားပြောကြတယ်၊ သူတို့က သူတို့လုပ်ငန်းမှာ ကျွန်မက အကူအညီပေးဖို့ မေတ္တာရပ်ခံတယ်၊ ကျွန်မအလုပ်ကတော့ ပါတီပွဲတွေသွား၊ ပါတီပွဲတွေ ကျင်းပပြီး၊ နာဇီတွေနဲ့ ရင်းနှီးအောင် လုပ်ရမယ့်အလုပ်ပါ"

မာဂဒါက သူ့အလုပ်ကို အသေးစိပ်မပြောပြ။ အကြမ်းသဘောသာ ပြောပြသည်။ အထူးသဖြင့် ဂက်စတာပိုခေါင်းဆောင် ရိတ်ချတ်အကြောင်းနှင့် သူထမ်းဆောင်ရမည့် "အထူး" တာဝန်အကြောင်းတို့ကို မပြောပြမိအောင် သူက အထူးသတိထားသည်။

မာဂဒါ စကားပြောနေစဉ် အလက်ဇီက မျက်နှာကို တစ်ဘက်သို့ လွှဲထားသည်။ ယခုတော့ စိန်းမြစ် ရေပြင်ဘက်သို့ လှမ်းကြည့်နေသည်။ ရေပြင်တွင် နာဇီကင်းလှည့် မော်တော်များ ဥဒဟို သွားလာလျက်ရှိသည်။ ယခင်ကဆိုလျှင် သည်နေရာတွင် အပျော်စီး သင်္ဘောလှလှကလေးတွေမြင် ပြည့်နှက်နေသည်။ ယခုတော့ တစ်စီးတစ်လေမျှပင် မမြင်ရတော့။ နာဇီမော်တော်များ ဦးပိုင်း ကြက်ခြေခတ် တံဆိပ်နှင့် နာဇီအလံကလေးများမှာ လေထဲတွင် တဖျပ်ဖျပ် လွင့်နေကြသည်။

အလက်ဇီက ဘာမှ ပြန်မပြောတတ်သော်လည်း မာဂဒါ ပြောသမျှ စကားတွေကို တစ်လုံးမကျန် နားလည်သည်၊ မပြောသော စကားများကိုလည်း စိတ်မှန်းဖြင့် နားလည်လိုက်သည်။ နာဇီတွေနှင့်ပေါင်း၍ မာဂဒါ ဘာတွေလုပ်ရမည်ကို သူက အလုံးစုံ ခန့်မှန်း သိရှိပြီး ဖြစ်သည်။ ဒါကို သိရတော့ သူ့ တစ်ကိုယ်လုံး အေးစက်သွားပြီး ကြောက်စိတ်တွေ ဝင်လာမိသည်။

သူက ဇနီးသည်၏ မျက်နှာကို လှည့်ကြည့်လိုက်သည်။ ကြည့်နေရင်း ကြည့်နေရင်းမှပင် မာဂဒါ မျက်နှာ မှုန်ဝါးပျောက်ကွယ်သွားပြီး ငါးနှစ်သမီး အရွယ် မိန်းကလေးတစ်ယောက်၏ မျက်နှာပေါ်လာသည်။ ထိုမျက်နှာကား. . . ဂျဲနက်၏ မျက်နှာ. . . ။

အလက်ဇီ၏ ကိုယ်ခန္ဓာမှာ မလှုပ်မယှက်နိုင်အောင် သေနေခဲ့ပြီဖြစ်သော်လည်း သူ့စိတ်ကတော့ ထူးထူးခြားခြား ရှင်သန်လျက်ပင် ရှိသေးသည်။ မှတ်ဉာဏ်တွေလည်း မူလအတိုင်း ကောင်းမြဲကောင်းလျက်ပင် ရှိသေးသည်။ ဂျဲနက်ကလေး ငါးနှစ်သမီးအရွယ်က ပြောခဲ့သော စကားများသည်လည်း အလက်ဇီနားထဲတွင် ပဲ့တင်ရိုက်ခတ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အန်ကယ် အလက်ဇီ၊ သမီးလေ အန်ကယ်ကို သိပ်ချစ်တာပဲ သိလား"

မာဂဒါ၏ သမီးကလေး ဂျဲနက်၏ စကား၊ ငါးနှစ်သမီး အရွယ်တဝင် သူ့ မေမေ ရှန်ပစ်ထားခဲ့သော ကလေးငယ်၏ စကား. . .။

ယခုတော့ မေမေက သူ့သမီးကို ပြန်တွေ့ခဲ့ပြီ။

မာဂဒါ သစ္စာဖောက်လျှင် အသေသတ်ပစ်မည်ဟု အလက်ဇီက တစ်ချိန်တုန်းက ပြောခဲ့ဖူးသည်။ သို့သော် သူ့အပေါ်တွင် မာဂဒါက သစ္စာမဖောက်။ စံတင်လောက်သော ဇနီးတစ်ယောက်အဖြစ် သစ္စာရှိစွာ ပြုစုလာခဲ့သည်။ ယခု သူက ရှင်လျက်နှင့် သေနေသူဖြစ်ချိန်တွင်လည်း မာဂဒါက သူ့ကို သစ္စာရှိစွာ ပြုစုလျက်ပင် ရှိသေးသည်။

အကယ်၍ မာဂဒါ၏ ဆန္ဒကို အလက်ဇီက ငြင်းဆန်လိုက်လျှင်၊ သူ့သမီးငယ်၏ အသက်ကို သူက ကယ်တင်နိုင်လောက်အောင် အလက်ဇီအနေဖြင့် ခွင့်မပြုခဲ့လျှင် မာဂဒါအား သေဒဏ်ပေးလိုက်တာနှင့် ခြားနားတော့မည် မဟုတ်။ ဂျဲနက်ဖြစ်စေ၊ ဟင်နရီကလေးဖြစ်စေ ကံမကောင်း အကြောင်းမလှဘဲ နာဇီတို့၏ လက်ချက်ဖြင့် အသက်ဆုံးရှုံးသွားခဲ့လျှင် မာဂဒါလည်း ဘယ်နည်းနှင့်မျှ သည်ဘဝတွင် အသက်ရှင်၍ နေနိုင် စရာ ရှိတော့မည်မဟုတ်။

မာဂဒါက လင်တော်မောင်ကြီး၏ မျက်နှာကို တစူးတစိုက် ကြည့်နေမိသည်။ သူက အသက်ပင် မရှူရဲအောင် ဖြစ်နေသည်။

အလက်ဇီက မာဂဒါ၏ မျက်နှာကို ကြည့်နေသော်လည်း မာဂဒါကို မမြင်ရ။ သူ့ အမြင်အာရုံတွင် အတိတ်ရုပ်ပုံလွှာများကိုသာ မြင်နေရသည်။

အတန်ကြာတော့မှ အလက်ဇီ သတိပြန်ဝင်လာသည်။

ထို့နောက် သူက မျက်စိကို မှိတ်လိုက် ဖွင့်လိုက်လုပ်၍ အချက်ပြသည်။ မာဂဒါ၏ လုပ်ရပ်ကို သဘောတူပါသည်ဟူ၍ ဆန္ဒပေးလိုက်ခြင်းပင် ဖြစ်သည်။

ကြာသပတေးနေ့တွင် ဂတ်စတာပို အကြီးအကဲ ခရစ်ရှန် ရိတ်ချတ်နှင့် တွေ့ဆုံရမည့် အရေးကို တွေးကာ မာဂဒါ ရင်တဖိုဖို ဖြစ်နေခဲ့ရသည်။

သည်လိုနှင့်ပင် ကြာသပတေးနေ့သို့ ရောက်လာခဲ့သည်။ သူက အမိကအခန်းမှ ဝါဝင်ကပြနိုင်ရန်အတွက် စိတ်ကို တည်ငြိမ်အောင် ထိန်းချုပ်ထားလိုက်သည်။

ဇာတ်ခုံက အဆင်သင့်ဖြစ်နေပြီ။ ပြဇာတ်ကို စတင်ကပြတော့မည်။ ကန့်လန့်ကာ ဆွဲတင်လိုက်သည်။

သူသည် ကိုယ့်ကိုယ်ကိုယ် ပြန်ကြည့်ရင်း လှေကားမှ ဖြည်းဖြည်းချင်း ဆင်းလာခဲ့သည်။ နူးညံ့ပါးလွှာသော ပန်းနုရောင်ဝတ်စုံကို ကြော့ရှင်းသပ်ရပ်စွာ ဝတ်ဆင်ထားသည်။ ပါးလွှာသော ပခုံးတင်ခြုံလွှာမှတပါး အပေါ်ပိုင်းတွင် ဘာမှမရှိသဖြင့် သူ၏ ချောမွတ်ကြည်စင်သော ကြွေရောင် အသားအရေမှာ ထင်ရှားစွာ ပေါ်လွင်နေသည်။ လည်ပင်းမှ စိန်ဆွဲကြိုးကလည်း တဖျပ်ဖျပ် တောက်နေသည်။ သူက သူ့ကိုယ်ကို ကြည့်လာရင်း လွန်ခဲ့သော နှစ်ပေါင်းများစွာက ရှုဘင်အား



www.burmeseclassic.com

www.burmeseclassic.com



မြို့စားကတော် အန်တီကြီး ပြောခဲ့သော စကားကိုသွား၍ သတိရမိသည်။

"ဒီသူငယ်မမက တကယ်လုပ်မှာ ရှုဘင်ရဲ့ တကယ်လုပ်မှာ"

မှန်သည်။ သူကလည်း သူ့ကိုယ်သူ တကယ်လုပ်လျှင် တကယ်ဖြစ်မည်ဟု ယုံကြည်မိသည်။

ညှော့ခံပွဲမှာ ခမ်းနားကြီးကျယ်လှသည်။ တစ်ခန်းလုံးတွင် ရှေးခေတ်အနုပညာ လက်ရာများဖြင့် ပြည့်နှက်နေသည်။ ခေတ်ဟောင်း ဂျာမန်ဂီတသံက ငြိမ့်ငြိမ့်ကလေး ပေါ်ထွက်နေသည်။

မာဂဒါက တစ်ခန်းလုံးကို ဝေ့ကြည့်လိုက်ပြီး မျက်နှာသိတွေ အများကြီး တွေ့ရသည်ကို ရင်ထဲက ထိတ်ခနဲ ဖြစ်သွားမိသည်။ ယနေ့ညတွင် သူတို့သည် ရန်သူနှင့် မိတ်ဆွေ ဖွဲ့ရန်သာ မဟုတ်။ သူတို့နိုင်ငံက ကျူးကျော် သိမ်းပိုက်ထားသူများအား အချိုသွင်း ပေါင်းသင်းရန် လာခဲ့ခြင်းလည်း ဖြစ်သည်။ တကယ်တော့ ထိုနည်းဇုင်းပင်။

အချင်းချင်း တီးတိုး ပြောနေကြသည့် အသံတွေကြားမှာ သူ့နာမည်ကို တစ်စုံတစ်ယောက် ခေါ်သံ ကြားလိုက်ရသည်။ သူက လှည့်ကြည့်လိုက်တော့ ယွန်ပေါ်ဒူပရေး ဖြစ်နေသည်။

ယွန်ပေါက မာဂဒါ၏ လက်ကိုကိုင်ကာ ရှုရှုကလေး နမ်းလိုက်သည်။

**ဒီလူဟာ ငါ့သမီးရဲ့ ခဲအို၊ သူလဲ ရန်သူပဲ။ သူလဲ ငါ့လို ရည်ရွယ်ချက်တစ်ခုနဲ့ ဒီနေရာတို ရောက်လာတာဖြစ်မယ်။ ငါဒီနေရာကို ဘာကြောင့် ရောက်လာတယ်ဆိုတာ သူလဲ ငါ့လိုပဲ တွေးမိမှာပဲ. . ။**

"အခုလို တွေ့ရတာ အများကြီး ဝမ်းသာပါတယ် မြို့စားကတော်"

"ကျွန်မကလည်း ဝမ်းသာပါတယ် ရှင်"

"အပြင်မထွက်တာ တော်တော်ကြာပြီနော်၊ ဒါနဲ့ အလက်ဇီ အခြေအနေက ဘယ်လို နေသေးသလဲ"

"အများကြီး တိုးတက်လာပါတယ်"

"ကြားရတာ ဝမ်းသာပါတယ်ဗျာ၊ ဒါနဲ့ ဒီညနေလာတာ တစ်ယောက်တည်းပါလား"

ယွန်ပေါ် စိတ်ထဲကတော့ တစ်မျိုးတွေးလိုက်မိသည်။

**ဟန်ကျတာပဲ သူ့ကိုလည်း တို့ဘက်ဆွဲယူရမယ်။ သူက တော်တော် ရမ္မက်ကြီးတဲ့ မိန်းမ၊ အခုလဲ သူ့လင်က လေဖြတ်ပြီး သေမလို ဖြစ်နေပြီ။ ဒါသိပ်ကောင်းတဲ့ အကွက်ပဲ. . ။**

ထို့နောက် ယွန်ပေါက မိတ်ဆွေတစ်ယောက်နဲ့ မိတ်ဆက်ပေးပါရစေဟု ပြောကာ မာဂဒါအား သူ၏ နောက်ဆုံး အမြှောင်မယားကလေးဆီသို့ ခေါ်လာခဲ့သည်။ မိန်းကလေးမှာ အနက်ရောင်ဝတ်စုံအိအိကို ဝတ်ဆင်ပြီး တစ်ကိုယ်လုံးတွင်လည်း ပုလဲတွေ မြတွေနှင့်ဖုံးနေသည်။ အရပ်သွယ်သွယ်နှင့် တော်တော်ကလေးချောသည်။ ဝတ်စုံအလှပြင်မယ်ဘဝမှ ဇာတ်လိုက် မင်းသမီး ဘဝရောက်လာသော ဂျာမန်အမျိုးသမီးကလေး တစ်ယောက်ဖြစ်သည်။ သူကလေးသည် လက်တစ်ဘက်တွင် စီးကရက်ကို ညှပ်ထားပြီး အခြားတစ်ဘက်တွင် ရှမ်ပိန်အရက်ခွက်ကိုင်ကာ ထိပ်ပြောင်ပြောင်နှင့် ဂျာမန်ဗိုလ်မှူးကြီးတစ်ဦး ပြက်လုံးထုတ်နေသည်ကို သဘောကျ



www.burmeseclassic.com

www.burmeseclassic.com



ခစ်ခစ်ရယ်နှင့်ရယ်နေသည်။

ယွန်ပေါက ဂျာမန်ဗိုလ်မှူးကြီး စကားဆုံးအောင် စောင့်နေပြီးနောက် မာဂဒါနှင့် ဂျာမန်မကလေးတို့ကို မိတ်ဆက်ပေးသည်။

"မြို့စားကတော်နဲ့ မက်ရှာဒူပရေးတို့ သိကျွမ်းတာ တော်တော်ကြာပြီလား" ဂျာမန်မကလေးက မေးသည်။ မာဂဒါက ယွန်ပေါဘက်သို့ လှည့်ကာ ပြုံးကြည့်ရင်း. . . .

"ဒါနဲ့ သူက အသက်ဘယ်လောက်ရှိပြီလဲ ဟင်၊ ဆယ့်ခုနစ်လား. . ."

"ဆယ့်ရှစ်နှစ်" ယွန်ပေါက ဆွဲဆောင်မှုရှိသော အပြုံးဖြင့် ပြန်ပြောသည်။

"ဆယ့်ရှစ်နှစ် ဟုတ်လား၊ တကယ်ပြောတာလားဟင်"

"တကယ်ပြောတာပါ၊ သူ့နာမည်က ဖရက်ဒရစ်ဗွန်ဘရင်နာတဲ့၊ သူက အရွယ်နဲ့ လိုက်အောင် တော်တယ်" ပြီးတော့ ဗိုလ်မှူးကြီးဘက်သို့ လှည့်လိုက်ပြီး "ဩော် ဒါနဲ့ အခုလိုပြန်တွေ့ရတာ အများကြီး ဝမ်းသာပါတယ် ဗိုလ်မှူးကြီး၊ ဟောဒါက မက်ဇီမော့ မြို့စားကတော်ပါ၊ ဒါက ဗိုလ်မှူးကြီး ခရစ်ရှန်ရိတ်ချတ်ပါ မြို့စားကတော်"

နှစ်ယောက်သား လက်ဆွဲ နှုတ်ဆက်ကြသည်။ ထို့နောက် ဗိုလ်မှူးကြီးက မာဂဒါ၏ လက်ကို နမ်းသည်။ သူက ယင်းသို့ နမ်းနေစဉ် မာဂဒါ၏ ရင်ထဲတွင် ထူးခြားသော ခံစားမှုတစ်ခု ဖြစ်ပေါ်သွားသည်။ **အင်း . . . ဒီအချိန်ကစပြီး ဇာတ်လမ်းတော့ စပြီ** ဟုလည်း တွေးလိုက်မိသည်။ ဗိုလ်မှူးကြီးမှာ တကယ်လည်း ခန့်ညားချောမောသူ တစ်ယောက်ဖြစ်သည်။ ဗိုလ်မှူးကြီးကား အမျိုးသမီးတစ်ယောက်အား တစ်ခန်းလုံးတွင် မိန်းမဆို၍ သူတစ်ယောက်တည်းသာရှိသည်ဟု ထင်ရလောက်အောင် ပြောဆိုဆက်ဆံနေတတ်သူဖြစ်သည်။ မာဂဒါလည်း ဗိုလ်မှူးကြီးအား မြင်လိုက်လျှင် မြင်လိုက်ချင်းပင် တစ်ခန်းလုံးတွင် ယောကျ်ားဆို၍ ဗိုလ်မှူးကြီးတစ်ယောက်တည်းသာ ရှိသည်ဟု ထင်မှတ်မိသည်။

သို့သော် သူသည် ရန်သူ။ ယခုရန်သူနှင့် မျက်နှာချင်းဆိုင် တွေ့နေကြပြီ။ မာဂဒါ ဝမ်းသာသွားသည်။ သူက သူ့တာဝန်ကို နားလည်သည်။ သူ့ ရန်သူမှာ ယောကျ်ားတစ်ယောက်။ ယောကျ်ားတစ်ယောက်ကို ကိုယ့်ဘက်ပါအောင် ဘယ်လို "ကိုင်" မရမည်ဆိုတာကို မာဂဒါ ကောင်းစွာ နားလည်ပါသည်။ ဗိုလ်မှူးကြီးအနေဖြင့် တစ်သက်လုံးတွင် နောင်တရ၍ မဆုံးနိုင်မည့် သင်ခန်းစာတစ်ခုကို ပေးရမည်ဟု မာဂဒါ ဆုံးဖြတ်ချက်ချ လိုက်သည်။

"ကျွန်တော်တို့ တွဲကကြရင် ကောင်းမယ်ထင်တယ် မြို့စားကတော်"

ဗိုလ်မှူးကြီးက စကားခေါ်သည်။

"က, ချင်ရင် က, တာပေါ့"

မာဂဒါ အသံက နည်းနည်း မာသလို ထင်ရသည်။ မျက်နှာအမူအရာကလည်း ထူးခြားမှု မပြ၊ သို့သော် ကိစ္စမရှိ။ သည်အချက်ကြောင့် ဗိုလ်မှူးကြီး အနေဖြင့် သိက္ခာကျစရာမရှိ။ **အလှဆုံးအမျိုးသမီးတစ်ယောက်နဲ့ တွဲကရတာ အရှုံးမရှိပါဘူး။ ပြီးတော့ ဒီအမျိုးသမီးက ဂုဏ်သရေရှိမြို့စားကတော်တစ်ယောက်၊ ဒီအမျိုးသမီးနဲ့ ခပ်စောစော မတွေ့ခဲ့ရတာ အချိန်တွေ နှမြောစရာပဲ. . .**။



www.burmeseclassic.com

www.burmeseclassic.com



ကပြီးသွားသောအခါ ဗိုလ်မှူးကြီးက စားပွဲတွေကြား လှည့်သွားနေသော စားပွဲထိုး တစ်ယောက်အား ရှမ်ပိန်အရက် လှမ်းမှာလိုက်သည်။

"ပျော်ရွှင်ကျန်းမာပါစေ မြို့စားကတော်"

ဗိုလ်မှူးကြီးက အရက်ခွက်မြှောက်၍ ဆုတောင်းလိုက်သည်။

"အောင်မြင်ပါစေ" မာဂဒါကလည်း ပြန်၍ ဆုတောင်းသည်။

ဗိုလ်မှူးကြီးက . . မာဂဒါ၏ မျက်နှာကို စေ့စေ့ကြည့်ကာ. .

"အခုလို ပြင်သစ်ကို ဂျာမန်တွေ လာပြီး အုပ်ချုပ်တာ လက်ခံနိုင်ပါရဲ့လား၊ အထူးသဖြင့် ပြင်သစ်အ မျိုးသမီးတစ်ယောက် အနေနဲ့ပေါ့၊ ဒါနဲ့ မြို့စားကတော်က ပြင်သစ်သူပဲနော်"

"မဟုတ်ပါဘူး၊ ကျွန်မခင်ပွန်းက ရုရှားမှာ မွေးတယ်၊ ဒါပေမယ့် ကျွန်မတို့က နေရာ အများကြီး ပြောင်းရွှေ့နေလာခဲ့ကြတာ၊ သူ့ ခံယူချက်ကတော့ ပြင်သစ်သူတွေအပေါ် ကောင်း ကောင်းအုပ်ချုပ်တဲ့ အစိုးရမှန်သမျှ သဘောကျတာပဲ"

"မြို့စားကတော်ရဲ့ ခံယူချက်ကရော"

"ကျွန်မက ပိုပြီး သဘောကျတာပေ့ါ၊ ကျွန်မ မေမေနဲ့ ကျွန်မ ဘွားဘွားတို့က ဂျာမန်တွေပါ"

"ဒါဆို ခင်ဗျားကို ဂျာမနီမှာ မွေးတာပေါ့"

"မဟုတ်ပါဘူး၊ ပိုလန်မှာ မွေးတာပါ၊ ကျွန်မဖေဖေလဲ ပိုလန်မှာပဲ မွေးတယ်"

"သြော် ဟုတ်ပါပြီ၊ သူတို့က အပန်းဖြေခရီးထွက်ရင်း တွေ့ကြ၊ တွေ့တော့ ချစ်မိကြ. . . ချစ်မိကြတော့ ညားမိကြတော့. . . ညားကြလေသတည်းဆိုပါတော့"

"ရှင်က ဗေဒင်ဆရာ ကျနေတာပဲ. . ဟုတ်ပါတယ်၊ ရှင်ပြောတဲ့ အတိုင်းပါပဲ၊ ဒါပေမယ့် ကျွန်မ မေမေကတော့ ဂျာမန်မှ ဂျာမန်ပဲ၊ ကျွန်မတို့ အိမ်စေတွေလည်း ဂျာမန်တွေပဲ၊ ကျွန်မရဲ့ ကလေးထိန်းဆရာမ လဲ ဂျာမန်ပဲ၊ ဟုတ်ပါတယ်. . . ကျွန်မလဲ ဂျာမန်ပါပဲ"

"ပိုလန်မှာမွေးပြီး ပိုလန်မှာ ကလေးဘဝက တော်တော်ကြာကြာ နေခဲ့တာတောင် ဂျာမန်ကို ဒီ လောက်တောင် သံယောဇဉ် ရှိရသလား"

"လူတစ်ယောက်ရဲ့ ခံစားချက်ဟာ ပထဝီနဲ့ မဆိုင်ပါဘူး၊ ရှင်လည်း ဂျာမန် တစ်ယောက် ဖြစ်ပေမယ့် လောလောဆယ်အချိန်မှာ ပြင်သစ်ကို ရောက်နေတာပဲ မဟုတ်လား"

ဗိုလ်မှူးကြီးက ပြုံးလိုက်ပြီး. . .

"ခင်ဗျားက အလှရော အသိဉာဏ်ပါရှိတဲ့ အမျိုးသမီးတစ်ယောက်ပဲ၊ ကျွန်တော်တို့ အစကတည်းက တွေ့ခဲ့ကြဖို့ကောင်းတာ"

"ကျွန်မ ခင်ပွန်းက အပြင်းအထန် လေဖြတ်ခံနေရလို့ပါ၊ ဒါကြောင့်မို့ ကျွန်မ အပြင်သိပ်မထွက်ဖြစ်ခဲ့ပါဘူး၊ ဒါပေမယ့် အခုတော့ သူ့အနားမှာ အမြဲတမ်းနေစရာမလိုတော့ဘူးလို့ ဆရာဝန်က ပြောပါတယ်။ ဒါ ကြောင့် ကျွန်မအခုလို အပြင်ထွက်နိုင်တာ ဖြစ်ပါတယ်။ ကျွန်မရဲ့ အမျိုးသားရေးအတွက် တတ်နိုင်တဲ့ဘက်က ပါဝင်ဆောင်ရွက်ခွင့် ရပြီဆိုပါတော့"

နှစ်ယောက်သား နောက်ထပ်သုံးကြိမ် ကကြပြီးသောအခါ သည်လောက်ဆို တော်သင့် ပြီးဟု မာဂဒါက ဆုံးဖြတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ဗိုလ်မှူးကြီးက မာဂဒါအား အိမ်သို့ လိုက်ပို့ပါရစေဟု ခွင့်တောင်းသည်။ မာဂဒါက တည်တည်ငြိမ်ငြိမ်နှင့်ပင် သဘောတူလိုက်သည်။

အိမ်သို့ ရောက်လာကြပြီးနောက်တွင်ကား မာဂဒါအကြောင်းကို ဗိုလ်မှူးကြီး သိသည်ထက် ဗိုလ်မှူးကြီးအကြောင်းကို မာဂဒါက ပို၍ သိခွင့်ရသည်။

ဗိုလ်မှူးကြီးမှာ မိန်းမရှိသည်။ မိန်းမမှာ အမွေးပစ္စည်းတွေ အများကြီး ပါလာသည်။ သားသမီး သုံးယောက်ရှိသည်။ ဗိုလ်မှူးကြီးက ကလေးတွေကို အလွန်ချစ်သည်။ သူက ကလေးငယ်များ၊ ခွေးများနှင့် မြင်းများကို အလွန်ချစ်တတ်သည်။ သူ့မိန်းမက ဘဏ်တစ်ခုပိုင်သည်။ ဗိုလ်မှူးကြီးကပင် အုပ်ချုပ်ကွပ်ကဲရသည်။ သူသည် ဂျာမနီတွင် ထိပ်တန်းလျှို့ဝှက်ထောက်လှမ်းရေး အကြီးအကဲ ဖြစ်လာရန် ရည်မှန်းထားသည်။ ဖြစ်နိုင်လျှင် ဟိန်းနရစ်ဟင်းမလားထက် မညံ့စေချင်။ သူ့မှာ အရွယ်ရှိသေးသည်။ စိတ်ရှည်သည်။ လုပ်ငန်းတစ်ခုကို အောင်မြင်သည်အထိ စိတ်ရှည်လက်ရှည် စောင့်တတ်သည်။ ပါရီသည် သူ့အရည်အချင်းကို ပြရမည့် ဇာတ်ခုံကောင်းပင် ဖြစ်သည်။ ထို့ကြောင့် သူ့ လုပ်ရပ်ကို ခေါင်းဆောင်ကြီး ဟစ်တလာက ကောင်းစွာမြင်နိုင်သည်။

မာဂဒါက ဗိုလ်မှူးကြီးအားကရဝေးအရက်ဖြင့် ဧည့်ခံသည်။ သူက ကျယ်ဝန်းခံ့နားလှသော ဧည့်ခန်း ဆောင်တွင်ထိုင်ရင်း အရက်ခွက်ကို ဖြည်းဖြည်းချင်း စုပ်သောက်နေသည်။ တခန်းလုံးတွင် တန်ဖိုးမဖြတ်နိုင်သော ရှေးဟောင်းပစ္စည်း အသုံးအဆောင်များနှင့် ပန်းချီကားများဖြင့် ပြည့်နှက်နေသည်။ သူက မာဂဒါကိုသာ မစွဲလမ်းမိလျှင် သည်ပစ္စည်းတွေကို မလွှဲမသွေ သိမ်းယူမိမည်မှာ သေချာသည်။ သို့သော် နောက်တော့ နှစ်ခုစလုံးကို ရရမှာပေါ့ဟု စိတ်ထဲက တေးထား လိုက်သည်။

သူ့ ဦးနှောက်ထဲတွင် ဘာတွေ စဉ်းစားနေပါလိမ့်ဟု မာဂဒါက အကဲခတ်နေသည်။ သူက ခြေင်မှု ရှိသော်လည်း ယဉ်ကျေးသိမ်မွေ့မှုတော့ နည်းသည်။

"ဒါနဲ့ ခင်ဗျား ယောက်ျားအကြောင်း ဆက်ပြောပါဦး" သူက မာဂဒါဘေးတွင် ဝင်ထိုင်လိုက်သည်။

မာဂဒါက အလက်ဇီ လေဖြတ်ခံထားရသည့်အကြောင်းကို အသေးစိပ် ပြန်လည်ပြောပြသည်။

"အဲဒီတော့ ခင်ဗျားက လောကကြီးကို ဘာဖြစ်လို့ အဆက်ဖြတ်ထားရတာလဲ၊ အရွယ်ရှိသေးတာပဲ၊ ပျော်ပျော်နေမှပေါ့"

"ကျွန်မ ပြောပြီးပြီပဲ၊ ကျွန်မမှာ တာဝန်တွေ ရှိသေးတယ်၊ ဒါဟာ ကျွန်မတို့ ဂျာမန်လူမျိုးတွေရဲ့ စိတ်ဓာတ်ပါပဲ၊ ရှင်သဘောပေါက်ပါတယ်၊ အခုစစ်ဖြစ်လာတဲ့ အခါကျတော့လဲ စောစောက ကျွန်မပြောခဲ့သလိုပဲ၊ ကျွန်မအနေနဲ့တစ်နည်းတစ်လမ်းကပါဝင်ဆောင်ရွက်ချင်ပါတယ်"

"ဒီတော့ ဒီညနေက သံရုံးပွဲတက်တာ ဒီရည်ရွယ်ချက်နဲ့ တက်လာတယ်ဆိုပါတော့"

"ဟုတ်ပါတယ်၊ ဒီရည်ရွယ်ချက်နဲ့ တက်တာပါ"

ဗိုလ်မှူးကြီး အလွန်ကျေနပ်သွားသည်။ သည်အမျိုးသမီးက ရည်ရွယ်ချက်ရှိသည်။ ဂုဏ်သိက္ခာရှိသည်။ ဂျာမန်အစိုးရကို လိုလားသည်။ သူနှင့် တွဲခဲ့သော အခြားအမျိုးသမီးတွေက ထိပ်တန်းအရာရှိတွေကို မြှူဆွယ်ဖြားယောင်း၍ အခွင့်အရေး ယူဖို့လောက်ပဲ စိတ်ကူးကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သည်အမျိုးသမီးကတော့ ဘာကိုမှ မယူလို၊ ပေးဖို့သာ ဆန္ဒရှိသည်။ အကယ်၍ နောင်အ တစ်မျိုးလုပ်လာလျှင်လည်း ကိစ္စမရှိ။ ဘယ်လို ကိုင်ရမည်ဆိုတာ သူကောင်းကောင်း ကျွမ်းကျင်သည် တကယ်တော့ လက်ရှိအခြေအနေက အဓိက။ လက်ရှိအခြေအနေတွင် သည်အမျိုးသမီး သားကောင်၊ သူက ဝါရင့်မုဆိုး။

"ဟဲ တစ်ခုတော့ မေးပါရစေဦး၊ စိတ်တော့မရှိပါနဲ့၊ အခုအချိန်မှာ ခင်ဗျား ခင်ဗျားယောကျ်ားကို ချစ်သေးရဲ့လား" သူက ပြောင်ပြောင်ပင် မေးသည်။

မာဂဒါ ပခုံးတွန့်သွားသည်။

"ကျွန်မက ငယ်ငယ်ရွယ်ရွယ်နဲ့ အိမ်ထောင်ကျခဲ့တယ်၊ အတွေ့အကြုံမရှိသေး ဒါပေမယ့် အိမ်ထောင်ရေး သာယာပါတယ်။ ကျွန်မက အလက်ဇီကို ချစ်လည်း ချစ်တ ရိုလည်းရိုသေတယ်၊ သူက ကျွန်မထက်အသက်ကြီးတယ်၊ ကျွန်မ သူ့ကို အခုအချိန်အထိ စိုးေ လေးစားနေတုန်းပါပဲ"

"ဒါပေမယ့် အခုအချိန်မှာ သူက ရောဂါသည် ဒုက္ခိတကြီး ဖြစ်နေပါပြီ၊ ခင်ဗျား ခင်ဗျားက အများကြီး အရွယ်ရှိသေးတယ်၊ အဲဒီတော့. . ."

"ရှင်က ကျွန်မဆီ ဖြောင့်ချက်တောင်းနေတာလား. . .၊ ဖြောင့်ချက်ဆိုတာ ဘုန်းကြ တွေဆီမှာ ဒါမှမဟုတ် မိတ်ဆွေရင်းတွေဆီမှာ ပေးရတာမျိုးပဲ"

"ကျွန်တော်က ပထမအမျိုးအစား လုံးဝမဟုတ်ဘူး၊ ဖြစ်ချင်းဖြစ်ရင် ဒုတိယအမျိုးအစ ဖြစ်ချင်ပါ တယ်၊ အဲဒီတော့ ထပ်မေးပါရစေ၊ ထပ်မေးပါရစေ၊ ခင်ဗျားအနေနဲ့ တခြားယောကျ် တွေကို မတပ်မက်မိဘူးလား"

"ဟင့်အင်း ဘယ်တော့မှ မတပ်မက်မိပါဘူး"

"မယုံနိုင်စရာပဲ"

"ယုံပါ၊ တကယ်ပြောတာပါ၊ ကျွန်မ ဘဝမှာ အလက်ဇီလို ယောကျ်ားမျိုး တစ်ယောက် မတွေ့ခဲ့ဖူးလို့ ပါ" သူက မာဂဒါနှင့် အသားချင်းထိအောင် ကပ်ထိုင်လိုက်သည်။ ပြီးတော့ မာဂဒါအ ဆွဲဖက်လိုက်ပြီး. . .

"ခင်ဗျား တကယ်ပြောတာလား"

"ဒါကတော့ အခြေအနေပေါ်မှာ တည်ပါတယ်"

မာဂဒါက မပြောချင်သော စကားကို ပြောလိုက်ရသည်။ သူ့အနေဖြင့် ကိုယ်ကျိုးထ အများအကျိုးကို ကြည့်ရမည် မဟုတ်လား။ ဂျူးလူမျိုးပေါင်းများစွာတို့၏ အသက်သည် သူ ကိုယ်ကျိုးစွန့်မှု၊ အနစ်နာခံမှုအပေါ်တွင် တည်နေသည် မဟုတ်ပါလား။

သုံးလတာမျှ အချိန်ကုန်လွန်သွားခဲ့သည်။

မာဂဒါနှင့် ဗိုလ်မှူးရိတ်ချတ်တို့၏ ဆက်ဆံရေးသည် ပုံမှန်ဖြစ်လာခဲ့သည်။ ဗိုလ်မှူးကြီး နေ့ဘက် တွင် အလုပ်များနေ၍ တော်ပါသေးသည်။ မာဂဒါ အနေဖြင့် ခင်ပွန်းသည် အလက်ဇီ ပြုစုရန် အချိန်ရသည်။ သို့သော် ညဘက်ကျတော့ ဗိုလ်မှူးကြီး၏ အပျော်မယားဖြစ်ရသည်



www.burmeseclassic.com

www.burmeseclassic.com



သို့သော် မာဂဒါ စိတ်မညစ်။ သူသည် သူ့ဆန္ဒအတွက် လုပ်နေခြင်း မဟုတ်။ သူ့ ရည်ရွယ်ချက်အတွက် လုပ်နေခြင်းသာဖြစ်သည်။

ထို့ကြောင့် ဗိုလ်မှူးကြီးအား သူတတ်နိုင်သမျှ အကောင်းဆုံးပြုစုသည်။ မယားဝတ္တရားကျေပွန်သော အိမ်ရှင်မကောင်းတစ်ယောက်လို ပြုစုသည်။ အကောင်းဆုံး ချက်ကျွေးသည်။ ဗိုလ်မှူးကြီး မိတ်ဆွေများကိုလည်း အကောင်းဆုံး ဧည့်ခံသည်။ ဗိုလ်မှူးကြီးအား နင်းနှိပ်ပေးသည်။ တချို့အပေါင်းအသင်းတွေက ဗိုလ်မှူးကြီးအား မနာလိုပင် ဖြစ်လာကြသည်။

သည်လိုနှင့် ဗိုလ်မှူးကြီးက မာဂဒါအား ခင်ရာမှ ချစ်လာသည်။ မြတ်နိုးလာသည်။ နောက်ဆုံး လူယုံဖြစ်လာသည်။ သူတို့နှစ်ယောက် ထွေထွေရာရာပြောရင်း ဗိုလ်မှူးကြီးက လျှို့ဝှက်သတင်းတွေ တိုစိတိုစိ ပြောလာသည်။

တစ်နေ့တွင် ရှုံ့မှုံ့ရှုံ့ရှုံ့နှင့် ဒေါသထွက်ပြီး ပြောသည်။

"ဒီဂျူးကောင်တွေ ဘယ်လိုလုပ်ပြီး ထွက်ပြေးနေကြသလဲမသိဘူး၊ ဒီအတိုင်းသာ ဆက်ဖြစ်နေမယ်ဆိုရင်တော့လား၊ ဒီလောက်တောင် ညံ့တဲ့ လျှို့ဝှက်ရဲတွေအားလုံး ဘာလင်ပြန်ပို့ပြီး တန်းစီသတ်ပစ်မယ်။ ငါ တကယ်ပြောတာ. . ."

"ဂျူးတွေ ထွက်ပြေးနေကြတယ် ဟုတ်လား၊ သူတို့ ဘယ်လိုလုပ် ထွက်ပြေးကြပါလိမ့်" မာဂဒါက အမှတ်တမဲ့ အမူအရာဖြင့် မေးလိုက်သည်။

"အဲဒါ မသိလို့ ပြောနေတာပေါ့၊ သိရင်တော့လား. . ."

"ကျွန်မတော့ တစ်ခုစဉ်းစားမိတယ် ခရစ်ရှန်၊ မဟုတ်မှလွဲရော၊ ပြင်သစ်တွေက ရှင့်လူတွေကို လာဘ်ထိုးထားတာများ ဖြစ်နေမလားပဲ"

ဗိုလ်မှူးကြီး ခရစ်ရှန် ရိတ်ချတ်က မာဂဒါ၏ မျက်နှာကို စိုက်ကြည့်သည်။

"ဒီကိစ္စက ထိပ်တန်း လျှို့ဝှက်ချက် လူတိုင်းပြောလို့ မဖြစ်ဘူး၊ ဒါပေမယ့် ဖြစ်နေတာကတော့ အဲဒီ အတိုင်းပဲ၊ ကိစ္စမရှိပါဘူး၊ တစ်နေ့တော့ ပေါ်လာပါလိမ့်မယ်. ."

"ရှင်လုပ်ရင် ဘာမဆို အောင်မြင်ပါတယ်"

သူတော်တော် ပင်ပန်းနေပြီ။ ရေမိုးချိုးလိုက်ချင်ပြီ။ မာဂဒါက သူ့အား ရေချိုးခန်းထဲခေါ်လာခဲ့သည်။ ပြီးတော့ ပိုက်ခေါင်းကို ဖွင့်ပေးလိုက်သည်။ ရေဇလားထဲ ရေဖြည့်နေချိန်တွင် မာဂဒါက သူ့အား အဝတ်ချွတ်ပေးသည်။ သည်လို အယုအယမျိုးကို သူက အလွန်သဘောကျသည်။

သူက ရေဇလားကြီးထဲ ဆင်းအိပ်ပြီး မျက်လုံးကို မှိတ်ထားလိုက်သည်။ ပြီးတော့ ဝဂ္ဂနားသီချင်း တစ်ပုဒ်ကို အော်ဆိုနေသည်။

မာဂဒါက အိပ်ခန်းထဲ ပြန်ဝင်လာသည်။ စားပွဲပေါ်မှ လက်ဆွဲသားရေအိတ်ကို ဆတ်ခနဲကောက်ယူပြီး ဖွင့်သည်။ အထဲသို့ လက်နှိုက်၍ ကမန်းကတန်း စမ်းသည်။ သည်အလုပ်မျိုးကို အကြိမ်ပေါင်းများစွာ လုပ်ခဲ့ပြီးပြီ။ သူ့ မှတ်ဉာဏ်က အလွန်ကောင်းသည်။ နေ့စွဲ၊ အချိန်၊ နေရာနှင့် နာမည်နာမတွေကို အထိအကျ မှတ်မိနေသည်။

စာရွက်စာတမ်းများကို ဆွဲယူပြီး အလျင်အမြန် ဖတ်ကြည့်သည်။ နှလုံးခုန်ရှတ်တရက်



www.burmeseclassic.com

www.burmeseclassic.com



ရပ်သွားမလား ထင်လိုက်ရသည်။

တွေ့ပြီ၊ သူလိုချင်တာကို တွေ့ပြီ။

ကမန်းကတန်း ဖတ်ကြည့်လိုက်သည်။

ဂျဲနက်ဟက်ဒူပရေး။ ဂျူးအမျိုးသမီး၊ သားတစ်ယောက်ရှိ၊ အမည် ဟင်နရီ။ ဖမ်းဆီးရန် အချိန်-နံနက် ၇း၀၀။ ဖမ်းရန်ရက်စွဲ - နိုဝင်ဘာ(၂)။ ပို့ရန် ဒေသ- ဒါခေါ။

စာရွက်စာတမ်းတွေကို သားရေအိတ်ထဲသို့ လက်ရာမပျက် ပြန်ထည့်ထားလိုက်သည်။

သူ့ရင်တွေ တဖျပ်ဖျပ် တုန်နေသည်။

**နိုဝင်ဘာလ(၂) ရက်၊ ဘုရားရေ မနက်ဖြန်ပဲ။ သူ့ကို တစ်ခါတည်း သတ်ပစ်လိုက်ရကောင်းမလား။ မဖြစ်ဘူး. . မဖြစ်ဘူး။ သူသေသွားလို့ ဂျဲနက်နဲ့ သားကလေးတို့ရဲ့ အသက်တိုကယ်ဆယ်နိုင်မှာ မဟုတ်ဘူး။ ဘာပဲလုပ်လုပ် စိတ်ကို ငြိမ်ငြိမ်ထားပြီး လုပ်မှ၊ အဲဒီတော့ ငါဘာလုပ်ရမှာလဲ။ ဟုတ်ပြီ၊ အကြံရပြီ။**

ညစာ စားပြီးသောအခါ မာဂဒါက ခရစ်ရှန်ရိတ်ချတ်၏ အလစ်တွင် ကော်ဖီခွက်ထဲသို့ အိပ်ဆေးတစ်လုံး အမှတ်မထင် ထည့်လိုက်သည်။

ကော်ဖီသောက်ပြီးမကြာခင်မှာပင် သူ ငိုက်မြည်းလာသည်။ ထို့နောက် အိပ်ရာဝင်ကြသည်။ မာဂဒါက သူ့ခေါင်းတွင် ကပ်ထိုင်ရင်း ပြောသည်။

"ရှင့်ကြည့်ရတာ တော်တော် အိပ်ချင်နေပြီထင်တယ်"

သူက အိပ်ချင်မူးတူးဖြင့် ပြုံးပြပြီး မာဂဒါ၏ လက်ကို ဆုပ်ညှစ်လိုက်သည်။ ခဏကြာတော့တဖြည်းဖြည်းနှင့် ဆုပ်အား လျော့လျော့လာပြီး အိပ်ပျော်သွားတော့သည်။ အနည်းဆုံး သုံးလေးနာရီလောက်တော့ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားလိမ့်မည်ဟု မာဂဒါက ခန့်မှန်းသည်။

ထို့နောက်တော့ မာဂဒါသည် အခန်းထဲမှ ပြန်ထွက်လာပြီး ကော်ဖီပန်းကန်ခွက်ကို စင်စင်ဆေးပစ်လိုက်သည်။ ပြီးတော့ ပီယာဆီသို့ လာခဲ့ပြီး သွေးလန့်စရာကောင်းသော သတင်းဆိုးကြီးကိုပြောပြသည်။

"အဲဒီတော့ ရှင်က သူတို့ကို အမြန်ဆုံး သတင်းသွားပို့လိုက်။ ရှင်ပြန်ရောက်တဲ့အထိအလက်ဇီနားမှာ ကျွန်မ စောင့်နေမယ်။ ကဲ မြန်မြန်လုပ်၊ မြန်မြန်လုပ်။ သူ နိုးလာလို့ သိသွားရင်မလွယ်ဘူး၊ ဒီလူက သိပ်လျင်တာ"

ထိုနေ့ည သန်းခေါင်အချိန်လောက်တွင် ဗစ်တာဟူးဂိုး လမ်းမကြီးရှိ ဒူပရေး မိသားစုကြီး၏ အိမ်ရှေ့တံခါးမှ လူခေါင်းခေါင်းလောင်းသံ ပေါ်ထွက်လာသည်။ ဝါယာကြိုးကိုင်း မျက်မှန်တပ်ထားသောလူသေးသေးလေးတစ်ယောက် ဝင်လာသည်။ သူသည် အဝတ်အစားကို သပ်ရပ်စွာ ဝတ်ဆင်ထားသည်။ ခေါင်းပေါ်မှ ဦးထုပ်ကို ချွတ်လိုက်သောအခါ ထိပ်ပြောင်ပြောင်ပေါ်တွင် ဆံပင်ပါးပါးသာရှိသည်ကို တွေ့ရသည်။

သူသည် အက်ရှန်နှင့် တွေ့ရန် စာကြည့်ခန်းထဲသို့ ဝင်လာခဲ့သည်။ သူ့ အခန်းထဲသို့



www.burmeseclassic.com

www.burmeseclassic.com



ရောက်သောအခါ အက်ရှန်မှာ ညအိပ်ဝတ်ရုံကြီးကို ဝတ်ပြီး ညှပ်ဖိနပ် စီးနေဆဲဖြစ်သည်။

သူ့ကိုမြင်တော့ အက်ရှန် အံ့အားသင့်သွားပြီး. . .

"ဟင် ဘယ့်နှယ် ချားလ်စ်၊ အချိန်မတော် ညကြီးမင်းကြီးပါလား၊ ဘာကိစ္စများပါလိမ့်၊ မင်းကြည့်ရတာ နေကောင်းပုံလည်း မရဘူး၊ ကဲ ထိုင်ပါဦး၊ ငါဘရန်ဒီတစ်ခွက် သွားယူလိုက်ဦးမယ်"

ချားလ်စ်က မဒမ်ဒူပရေး ပုံတူကားကြီးနှင့် မျက်နှာချင်းဆိုင် ကုလားထိုင်တွင် ဝင်ထိုင်သည်။ သူ့ နဖူးတွင်လည်း ချွေးသီးချွေးပေါက်တွေ တွဲလဲခိုနေကြသည်။ သူက အက်ရှန်ကမ်းပေးသော အရက်ခွက်ကို ကျေးဇူးတင်စွာဖြင့် လှမ်းယူလိုက်သည်။

"ကဲ ဆိုစမ်းပါဦး၊ ဘာတွေ ဖြစ်လာလို့လဲ"

"ငါ ဘယ်က စပြောရမှန်းတောင် မသိတော့ဘူး အက်ရှန်"

"ဖြည်းဖြည်းပြောတာပေါ့ကွာ၊ စိတ်ကို သိပ်ပြီး တင်းမထားပါနဲ့၊ ကဲ အမောပြေသွားအောင် အဲဒီအရက် မော့ချလိုက်စမ်း"

ချားလ်စ်မှာ အက်ရှန်၏ အလွန်ခင်မင်ရင်းနှီးသော ကျောင်းနေဘက်သူငယ်ချင်း ဖြစ်သည်။

သူသည် အရက်ခွက်ကို တစ်ကျိုက်တည်း မော့သောက်လိုက်သည်။ ပြီးတော့မှ လည်ချောင်းတစ်ချက် ရှင်းလိုက်ပြီး ပြောသည်။

"အက်ရှန် ငါ့မှာ တော်တော် အကျပ်အတည်းတွေနေပြီ၊ ငါက အခြေအနေအရ ဂျာမန် အုပ်ချုပ်ရေးကို ဟန်ဆောင်ထောက်ခံပြီး နေနေရတယ်။ တခြားရွေးစရာ လမ်းမရှိတော့ဘူး။ မင်းသိတဲ့အတိုင်း ငါက တစ်လျှောက်လုံး အစိုးရအဖွဲ့ထဲမှာ ဝင်လုပ်လာခဲ့တယ် မဟုတ်လား"

"ဟုတ်ပါတယ်. . . အဲဒါ ငါသိပါတယ်၊ ဒီတော့ အခုလောလောဆယ် ပြဿနာက ဘာလဲ"

"ငါက ပြင်သစ်လူမျိုးတစ်ယောက်ပါ၊ ဒါပေမယ့် မလွဲသာမရှောင်သာလို့ ဂျာမန်တွေနဲ့ ပေါင်းနေရပြီ၊ ခက်တာက တစ်ချိန်းတည်းမှာ ဂျာမန်ဆန့်ကျင်ရေး မြေအောက်အဖွဲ့ဝင်တစ်ယောက်လဲ ဖြစ်နေတယ်။ ဒီအကြောင်းသိသွားရင် ငါရော ငါ့သားကလေးတွေရော ဘယ်လိုဖြစ်သွားမယ်ဆိုတာ မင်းအသိပါပဲ"

"ဟုတ်ပါတယ် ချားလ်စ်၊ ငါလည်း မင်းအတွက် စိတ်မကောင်းပါဘူး၊ အဲဒီတော့ အခုလာတဲ့ ကိစ္စက ဘာလဲ၊ ငါ ဘာအကူအညီ ပေးရမှာလဲ"

ချားလ်စ်က အတန်ကြာမျှ တုံ့တုံ့ဆိုင်းဆိုင်း ဖြစ်နေပြီးတော့မှ တည်ငြိမ်သော အသံဖြင့် ဖြည်းဖြည်း ပြောသည်။

"ငါ့အတွက် အကူအညီ မလိုပါဘူး အက်ရှန်၊ ငါက မင်းအတွက် လာပြောတာပါ၊ မင်းအတွက် ငါသိပ်ပြီး စိုးရိမ်နေတယ်၊ ဂက်စတာပိုပုလိပ်တွေက မင်းမယားနဲ့ သားကလေးကို ဖမ်းဖို့ လုပ်နေကြပြီ"

အက်ရှန်မှာ သူ့နားကို သူမယုံသလို ဟန်ဖြင့် ချားလ်စ်ကို စိုက်ကြည့်နေမိသည်။ ဒီကောင် စိတ်မှ မှန်သေးရဲ့လားဟုလည်း တွေးမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းဘာတွေ ပြောနေတာလဲ ချားလ်းစ်၊ မင်းပြောတာ လုံးဝမဖြစ်နိုင်ဘူး၊ မင်းမှားနေပြီ ထင်တယ်"

"ငါမမှားဘူး အက်ရှန်၊ ငါတကယ်ပြောနေတာပါ၊ ငါပြောတာ ယုံစမ်းပါ၊ အချိန်မရှိ တော့ဘူး"

"မင်း ဘာပြောတာလဲ၊ ဘာအချိန်မရှိတာလဲ"

"ဟုတ်တယ်၊ အချိန်မရှိတော့ဘူး၊ မနက်ဖြန် မနက် ခုနစ်နာရီမှာ လာဖမ်းကြလိမ့်မယ်"

"ဘုရားရေ မင်းတကယ်ပြောနေတာလား"

"တကယ်ပြောနေတာပါ၊ ဘုရားစူးရပါစေရဲ့၊ ငါကမင်းကို အလကား ညာပြောနေမလား"

"မင်း ဒီအကြောင်း ဘယ်လိုလုပ်သိတာလဲ"

"အဲဒါ ငါ့မေးမနေပါနဲ့"

"ဒါပေမယ့် ငါကသိချင်တယ်၊ သိမှဖြစ်မယ်၊ ဂက်စတာပိုက ဘယ်လိုလုပ်သိသွားသလဲ တို့က မှတ်ပုံတင်တွေ အားလုံးပြောင်းထားတာ၊ ဘွန်းကြီးတစ်ပါးနဲ့ သေသေချာချာ ပြောင်းထားတာ သူက ဖော်ကောင်လုပ်မှပေါ့မှာ၊ ပြောစမ်းပါ၊ မင်းဘယ်လိုလုပ် သိတာလဲ"

ချားလ်စ်က ကုလားထိုင်ပေါ်တွင် ခြေပစ်လက်ပစ် ပြန်ထိုင်လိုက်သည်။ သူက ဘယ်လို ပြောရမှန်းမသိအောင် ဖြစ်နေမိသည်။ အက်ရှန်က သူ့အနားကပ်သွားပြီး လက်ကို ကိုင်လှုပ်ရင်း မေးလိုက်သည်။

"ပြောစမ်းပါကွ၊ ငါ့ကို ပြောစမ်းပါ"

အတန်ကြာမျှ ငြိမ်သက်နေသည်။ ပြီးတော့မှ ချားလ်စ်က တိုးတိုးကလေး ပြောသည်။

"တခြားလူ မဟုတ်ဘူး အက်ရှန်၊ မင်းအစ်ကို ယွန်ပေါပဲ၊ ယွန်ပေါ လက်ချက်ပဲ"

အက်ရှန် ချားလ်စ်အား မယုံကြည်နိုင်စွာဖြင့် စိုက်ကြည့်နေပြန်သည်။ ဘယ်နည်းနှင့်မျှ မဖြစ်နိုင်။ ဘယ်တော့မှ မဖြစ်နိုင်။ ယွန်ပေါက အက်ရှန်အား ညီလေးတစ်ယောက်အဖြစ် ပြည့်ပြည့်ဝဝ မချစ်တာကတော့ မှန်သည်။ ဂျဲနက်နှင့် ကတောက်ကဆဖြစ်၍ ဆက်ဆံရေး တင်းမာ နေတာလည်း မှန်သည်။ သို့သော် သည်လိုရက်စက်ယုတ်မာသော အလုပ်မျိုးကို သူ့အနေနှင့် လုပ်ဖို့ဆိုတာကတော့ ဘယ်နည်းနှင့်မျှ မဖြစ်နိုင်။

"ကဲ ပြောစမ်းပါဦး ချားလ်စ်၊ မင်းပြောတာ တကယ်ပဲလား၊ အစ်ကိုကြီးက သတင်းပေး တယ်ဆိုတာ တကယ်ပဲလား"

"ဟုတ်ပါတယ်အက်ရှန်၊ တကယ်ပါပဲ၊ တကယ်ပြောနေတာပါ၊ တို့မှာက ပါရီတစ်မြို့လုံး အနှံ့အပြား စုံထောက်တွေ လွှတ်ထားတယ်၊ အဲဒါ သူတို့က ငါ့ကိုလာပြောတာ၊ မင်းဆီ အမြန်ဆုံးသွားပြောဖို့ လာပြောတာ၊ မင်း မယုံရင် ငါကျိန်ပြောပါတယ်ကွာ၊ ဂျဲနက်တို့သားအမိတွေ မဟုတ်ဘူး၊ မင်းအတွက်လည်း အန္တရာယ်ရှိလာ နိုင်တယ်။ အဲဒီတော့ ဘာမှ မေးမနေနဲ့တော့ ငါပြောတာ သေသေချာချာ နားထောင်ပါ၊ မင်းဆွစ်ဇာလန်ကို အမြန်ဆုံး ထွက်ပြေးတော့ ဘယ်ဆယ်မြို့ကို ထွက်ပြေး၊ ဒါသိပ်အရေးကြီးတယ်၊ အဲဒီလမ်းက ဂျာမန်တွေရဲ့ မဟာဗျူဟာ အရေးကြီးတဲ့လမ်း၊ လမ်းဆုံဂိတ်တွေမှာ နယ်စပ်လုံခြုံရေးအစောင့် နည်းနည်းပါးပါး ချထား



www.burmeseclassic.com

www.burmeseclassic.com



အဒီတော့ မင်းအချိန်ဆွဲမနေနဲ့တော့၊ အခုချက်ချင်း အမြန်ဆုံး လစ်ပေတော့၊ တစ်မိနစ် နောက်ကျလို့ မဖြစ်ဘူး၊ အချိန်က သိပ်ပြီး ကပ်နေပြီ"

နောက်ဆုံးတော့ အက်ရှန်မှာ ခေါင်းညိတ် လက်ခံရတော့သည်။

"အေးကွာ. သူငယ်ချင်း၊ မင်းကို ငါဘယ်လို ကျေးဇူးတင်ရမှန်းတောင် မသိတော့ဘူး၊ မင်းအနေနဲ့ အခုလို ငါ့ကိုလာပြောတာ ဘယ်လောက်အခက်အခဲ ရှိမယ်ဆိုတာ ငါစဉ်းစားမိပါတယ်။ ထဲ . . ဒီတော့ မင်းလဲ မြန်မြန်သာပြန်တော့ သူငယ်ချင်း"

အိပ်ခန်းထဲသို့ အက်ရှန်ဝင်လာသောအခါ ဂျဲနက်က အိပ်ရာပေါ်တွင် ကမန်းကတန်း ထထိုင်လိုက်သည်။

"ဘာဖြစ်တာလဲ ကို၊ မျက်စိမျက်နှာလဲ မကောင်းပါလား"

အက်ရှန်က ခုတင်ပေါ်တွင် ဝင်ထိုင်ကာ ဂျဲနက်အား ဖက်ထားလိုက်သည်။

"အရေးကြီးတဲ့ စကားပြောစရာရှိတယ်"

"ဘာများ အရေးကြီးလို့လဲ. . ကို"

"ကိုယ်ပြောပါ့မယ်၊ သေသေချာချာ နားထောင်ပါ။ ကိုယ်ပြောတဲ့ အတိုင်းလုပ်ပါ၊ ယူမဖြစ်တဲ့ ပစ္စည်းတွေပဲ ယူပြီး ချက်ချင်းအထုပ်အပိုးသွားထုပ်ပါ၊ ပြီးတော့ သားလေးအခန်း ကိုသွား၊ လိုအပ်တာလောက်ပဲ ယူ၊ အဲဒါ ပြီးရင် ငါ့ဆီပြန်လာခဲ့၊ ကလေးကို အိပ်ရာပေါ် သိပ်ထား၊ မင်းက အနွေးထည်ဝတ်၊ ပြီးတော့ ကလေးကိုလဲ အိပ်ရာကနိုးပြီး နွေးနွေးထွေးထွေး ဝတ်ပေး၊ အဲဒါတွေ အားလုံးပြီးရင် တို့ချက်ချင်း ထွက်သွားတော့မယ်"

"ဟင် ထွက်သွားကြတော့မယ် ဟုတ်လား ကို၊ ကျွန်မသိပါပြီ၊ ကျွန်မကြောင့် ခုလို ထွက်သွားမှာ မဟုတ်လား၊ ဒီလို မလုပ်ပါနဲ့ ကို၊ ကိုနဲ့ သားလေးတို့ နေရစ်ကြပါ၊ ကျွန်မတစ်ယောက် တည်းပဲ ထွက်သွားပါ့မယ်၊ ကျွန်မအတွက် မပူပါနဲ့၊ ကျွန်မသွားမဲ့နေရာတွေ အများကြီး ရှိပါတယ်"

အက်ရှန်က ဂျဲနက်၏ မျက်နှာကို လက်နှစ်ဘက်နှင့် မကိုင်လိုက်ပြီး. . .

"အဓိပ္ပာယ် မရှိတော့တဲ့ စကားတွေ ပြောမနေပါနဲ့တော့"ကွယ်၊ အချိန်မရှိတော့ဘူး၊ တို့ ချက်ချင်း ဆွစ်ဇာလန်ကို ထွက်ပြေးကြတော့မယ်၊ ပြည်ဝင်လက်မှတ်တွေ ငါကြိုလုပ်ထားပြီးပါပြီ၊ ဘာမှ ပြဿနာမရှိနိုင်ပါဘူး"

"မလုပ်ပါနဲ့ ကိုရယ်၊ ကျွန်မတစ်ယောက်တည်းပဲ သွားပါရစေ၊ ကျွန်မ တောင်းပန်ပါတယ်" ဂျဲနက်က မျက်ရည်စက်လက်နှင့် တောင်းပန်သည်။

"ကဲ ငါပြောသလိုသာ မြန်မြန်လုပ်စမ်းပါကွယ်၊ ငိုနေဖို့ အချိန် မဟုတ်ဘူး၊ ဒီမျက်ရည်တွေ သုတ်ပစ်လိုက်စမ်းပါ၊ တို့ဘာမှ မဖြစ်ပါဘူး၊ ဘုရားသခင် စောင့်ရှောက်တော် မူပါလိမ့်မယ်"

သူက ဇနီးသည်အား မြန်မြန်လေး တစ်ချက်နမ်းလိုက်ပြီး အဝတ်လဲရန် လာခဲ့သည်။ ဂျဲနက်က သူ့ နောက်မှ လိုက်လာသည်။

"ကို ဘယ်သွားမလို့လဲ . . ဟင်"

"ကို ခုပြန်လာခဲ့ပါမယ်၊ သွားစမ်းပါ။ ကို ပြောတာတွေ မြန်မြန်သွားလုပ်စမ်းပါ၊ တို့ထွက် သွားမယ်ဆိုတာ ဘယ်သူ့မှ မပြောနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"မာဒလိန်းကိုလဲ မပြောရဘူးလား"

"ဘယ်သူ့ကိုမှ မပြောနဲ့၊ မေမေကိုလဲ မပြောနဲ့၊ ထွက်သွားခါနီးမှ ကိုယ် မေမေ့ ပြောပြမယ်"

ဂျဲနက်သည် စိတ်ကို အစွမ်းကုန်အားတင်းပြီး အထုပ်အပိုးတွေ ထုပ်ပိုးနေသည်။ ဤအိမ်ကြီးသို့ အမင်္ဂလာဖြစ်ရပ်တွေ ယူဆောင်လာသူမှာ မိမိပါကလားဟူ၍ တွေးမိပြီး အထူး ယူကျုံးမရ ဖြစ်မိသည်။ သူတို့ မိသားစု၏ အနာဂတ်ခရီးကို တွေးကြည့်ပြီးလည်း အထူး ထိတ်လန့်တုန်လှုပ်မိသည်။

ထို့နောက် သူသည် ကလေးဆောင်သို့ ဆင်းလာခဲ့ပြီးနောက် ကပ်လျက်အခန်းတွင် အိပ်ပျော်နေသော မာဒလိန်း မနိုးအောင် သားကလေးကို ညင်သာစွာ ကောက်ချီလိုက်သည်။

နံနက် ၂ နာရီ။

ယွန်ပေါ၏ အိမ်တံခါးကို အိမ်ဖော်မှူးက ဖွင့်ပေးသည်။

"မင်္ဂလာပါ မက်ရှာ၊ မက်ရှာရဲ့ ဒ. ဇ်ကိုကြီး အိပ်ပျော်နေတုန်း ရှိပါသေးတယ်၊ ကျွန်တော် သွားနှိုး . ."

အက်ရှန်က စကားဆုံးအောင် နားမထောင်တော့ဘဲ အိမ်ဖော်မှူးကို လက်ထဲမှ ကြိမ်တုတ် နှင့် တွန်းဖယ်လိုက်သည်။ ထို့နောက် အော်ကြီးဟစ်ကျယ်ဖြင့် ယွန်ပေါ၏ အခန်းသို့ လှေကား အတိုင်း ပြေးတက်လာခဲ့သည်။

ယွန်ပေါက အိပ်ရာဘေးမှ မီးခလုတ်ကို ကမန်းကတန်း လှမ်းဖွင့်လိုက်သည်။ အခန်းထဲ အက်ရှန်ဝင်လာသည်။ ယွန်ပေါ အသက်ရှူရပ်သွားသလို ထင်လိုက်ရသည်။ သူက ဒေါသမျက်ဝန်း ဖြင့် သွေးရူးသွေးတန်း စိုက်ကြည့်နေသည်။ အက်ရှန်ဘာကြောင့် ယခုလို အချိန်မတော်ကြီး ရောက်လာကြောင်းကို သူက ချက်ချင်း သိလိုက်သည်။ သူ့ရင်ထဲ ထိတ်ခနဲ ဖြစ်သွားသည်။ ဒီကောင် ဘယ်လိုလုပ်သိသွားတာလဲ။ ဘယ်သူ ပြောလိုက်တာလဲ။

အက်ရှန်က ခုတင်ဘေးတွင် ခြေစုံရပ်ပြီး လက်ထဲမှကြိမ်တုတ်ကို မြှောက်ကာ ယွန်ပေါ ရင်ဘတ်ကို တအားဖြတ်ရိုက်လိုက်သည်။

"ဟင် ခွေးတိရစ္ဆာန်၊ ဒါက ဘာလုပ်တာလဲ၊ ဟဲ့ကောင် ခြေကျိုး ထွက်သွားစမ်း၊ ခု ချက်ချင်း ထွက်သွားစမ်း"

ယွန်ပေါက သွေးရူးသွေးတန်းဖြင့် အော်ပြောသည်။

အက်ရှန်က သူ့အား ခုတင်ပေါ်မှ အတင်းဆွဲချသည်။ ယွန်ပေါက ရှန်းထွက်ပြီး အခန်းထောင့်သို့ ပြေးကပ်သည်။

အက်ရှန်က သူ့အနားသို့ လိုက်လာသည်

"ခင်ဗျားကြီး တော်တော် ယုတ်မာတဲ့လူ. . .။ ကျုပ်က ခွေးတိရစ္ဆာန်မဟုတ်ဘူး ခင်ဗျားသာ ခွေး တိရိစ္ဆာန်၊ ကျုပ်ကို ဘယ်လောက် မုန်းနေတယ်ဆိုတာ ကျုပ်သိပါတယ်။ ကျုပ်ကို ခင်ဗျား လုပ်ချင်သလို လုပ်နိုင်ပါတယ်၊ ဒါပေမယ့် ကျုပ်မိန်းမကို ခင်ဗျား ဘာကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ချက်စက်ချင်ရတာလဲ၊ ကိုယ့်သားလေးရဲ့ အမေရင်းတစ်ယောက်ကို ခင်ဗျားက ဒီလိုလုပ်တာ သူမှ ဟုတ်ရဲ့လား၊ ခင်ဗျား ခွေး. . . ခွေး"

"ဟင် ငါ့သားကလေး ဟုတ်လား၊ မင်း ဘယ်လို ပြောလိုက်တာလဲ၊ မင်း ရူးနေပြီလား"

"ကျုပ် မရူးဘူး၊ ကျုပ်မျက်စိလည်း မကန်းဘူး"

"မင်း ဘာပြောတာလဲ၊ မင်း ပြောတာ ငါဘာမှ နားမလည်ဘူး"

"ကျုပ်ပြောနေတာ အမှန်ကို ပြောနေတာ၊ ခင်ဗျားတို့အကြောင်း ကျုပ် အစကတည်းက သိခဲ့တာ၊ ဂျဲနက်ကိုယ်ဝန် စရှိပြီလို့ ပြောတဲ့နေ့ကစပြီး ကျုပ်သိခဲ့တာ. . သိရဲ့လား"

"ဟင် ဒါနဲ့ တောင်မှ မင်းက ဒီလို နေခဲ့တယ်ပေါ့လေ၊ မင်းကဒီအကြောင်း သိလျက်နဲ့ တောင် ဂျဲနက်ကို ပေါင်းခဲ့သေးတယ်ပေါ့. . ဟုတ်လား"

"ဟုတ်တယ်၊ ပေါင်းခဲ့သေးတယ်၊ ကျုပ် သိလျက်နဲ့ ပေါင်းခဲ့တယ်၊ ဒါကို ခင်ဗျား နားမလည်ဘူး၊ ကျုပ်က အမှန်တရားကို သိလို့ လက်ခံခဲ့တယ်၊ ခွင့်လွှတ်ခဲ့တယ်၊ ခင်ဗျား ဘယ်လောက် မိန်းမပွေတယ်ဆိုတာ ကျုပ်မသိဘူး မှတ်သလား၊ ခင်ဗျား မယားရင်း ကိုယ်တိုင်ကို တောင်မှ ဘယ်လောက်ထိ ရက်စက်ခဲ့တယ်ဆိုတာ ကျုပ်အစအဆုံး သိတယ်၊ သူ့ကို အမွေလိုချင်လို့ ခင်ဗျား ယူခဲ့တာ မဟုတ်လား၊ ဂျဲနက်ကို လိုချင်လို့ မယားကြီး ကိုတောင် ကွာရှင်းဖို့ လုပ်ခဲ့တယ် မဟုတ်လား၊ တကယ်တော့ ဂျဲနက်ဟာ အလွန်အပြစ်ကင်းစင်တဲ့ မိန်းကလေးတစ်ယောက်ပါ၊ သူ့ခမျာ ငယ်ရွယ်သူဖြစ်လို့ မလိမ်မိုး မလိမ္မာ လုပ်ခဲ့မိတာပါ၊ ခင်းဗျားက ခွေးကျင့်ခွေးကြံ အတင်းကြံလို့ ခင်ဗျား ထောက်ချောက်ထဲ ဝင်ခဲ့ရတဲ့လူပါ၊ ဒါကြောင့် သူ့ကို လုံးဝ အပြစ်မမြင်ဘူး၊ မယားမှတ်မှတ် သားမှတ်မှတ် ကျုပ်ပေါင်းခဲ့တယ်၊ တစ်သက်လုံးလဲ ပေါင်းသွားဦးမှာပဲ၊ အဲဒီတော့ ခင်ဗျားလို ဒုစရိုက်ကောင် တစ်ယောက်အနေနဲ့ ဂျဲနက်လို အပြစ်ကင်းစင်တဲ့ လူရဲ့ ခြေဖဝါးကို လျှာနဲ့လျက်ပြီး တောင်းပန်ဖို့ ကောင်းတယ်"

"မင်းနဲ့ညားပြီးတဲ့နောက်လဲ ငါ့ဆီလာပြီး တိတ်တိတ်ပုန်း မယားလုပ်နေတဲ့ ကောင်မကို မင်းက ဒီလောက်တောင် ချစ်နေရသလား၊ အံ့. . အံ့ပါရဲ့ကွာ၊ ဒီကမ္ဘာမှာ မင်းလောက်တုံးတဲ့ကောင် မင်းတစ်ယောက် ပဲ ရှိပါလိမ့်မယ်"

အက်ရှန်မျက်နှာတွင် သွေးဆုတ်သွားသည်။ သူ့ရင်ဘတ်ကို ဓားမြှောင်နှင့် ထိုးလိုက်သလို ခံစားလိုက်ရသည်။ သို့သော် သူက စိတ်ကို တင်း၍ ဆက်ပြောသည်။

"ကျုပ် အများကြီး စိတ်မကောင်းပါဘူး၊ ခင်ဗျားလို ယုတ်မာတဲ့လူ ဒီလောကမှာ မတွေ့ဖူး ဘူး၊ ဂျဲနက်က ခင်ဗျားကို ခွဲသွားလို့၊ ခင်ဗျားကို အရှက်ခွဲလို့ ခင်ဗျားက သူ့ကို လက်စားချေချင်တာကို ကျုပ်ဘာမှ မပြောလိုဘူး၊ ဒါပေမယ့် ခင်ဗျားရဲ့ သားအရင်းဖြစ်တဲ့ ဟင်နရီကလေးအပေါ်မှာတော့ အဖေတစ်ယောက်အနေနဲ့ ဒီ လောက်မရက်စက်သင့်ဘူး၊ ကိုယ့်သားအရင်းကို ကိုယ်ပြန်သတ်တဲ့ ခင်ဗျားလို လူမျိုးကို ဘယ်လိုခေါ်ရမှာလဲ၊ ခင်ဗျားကို ပေးဖို့ နာမည်တောင် မရှိတော့ဘူး၊ မိုက်တဲ့ နေရာမှာ ကမ်းကုန်အောင် မိုက်တဲ့ ခွေးတိရစ္ဆာန်လို့ပဲ ခေါ်ဖို့ကောင်းတော့တယ်"

"မင်းဒါတွေ ပြောနေစရာ မလိုပါဘူး၊ မင်းနဲ့လည်း ဘာမှမဆိုင်ပါဘူး၊ ငါ့သားလေးကို ငါကာကွယ်လို့ ရပါတယ်၊ သူ မသေရအောင် အစွမ်းကုန် ကာကွယ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ ခင်ဗျား သူ့ကို ကာကွယ်မယ် ဟုတ်လား၊ ဒီနာဇီတွေက ခင်ဗျားယောက်ဖ မို့လို့လား၊ ခင်ဗျား အပေါ်မှာ သူတို့က သစ္စာရှိမယ်လို့များ ခင်ဗျားထင်နေသလား၊ ခင်ဗျား သစ္စာဖောက်လောက်ကောင်တစ်ယောက်၊ သူခိုးဓားရိုးကမ်းတဲ့ လူတစ်ယောက်ကို သူတို့က ဒီအတိုင်း ကြည့်ထားမယ်များ ထင်လို့လား၊ ဘယ်တော့မှ မထားဘူး၊ ခင်ဗျားကိုလဲ အချိန်တန်ရင် သစ္စာဖော တွေလိုပဲ ဓာတ်ငွေ့ခန်းထဲသွင်းပြီး ပြာချပစ်လိမ့်မယ် သိရဲ့လား"

ယွန်ပေါ၏ နဖူးမှချွေးသီးချွေးပေါက်တွေ တစ်ပေါက်ပြီး တစ်ပေါက်ကျလာသည်။ အက် ဆက်ပြောသည်။

"ခင်ဗျားက သံတမန်တစ်ယောက်လုပ်နေပြီး စဉ်းစားဉာဏ်မရှိဘူး၊ အလကား ကိုယ့်သေတွင်း ကိုယ်တူးတဲ့လူ၊ အခု ခင်ဗျား လိမ်ညာတဲ့ လူတွေက မလိမ်မိုး မလိမ်မာ မိန်းက တစ်ယောက် မဟုတ်ဘူး၊ လင်သေ၊ သမီးသေလို့ ပူဆွေးဒုက္ခ ရောက်နေတဲ့ အဘွားကြီး တစ်ယော မဟုတ်ဘူး၊ အခု ခင်ဗျား လိမ်ညာနေတဲ့ လူတွေက နာဇီတွေ၊ ခင်ဗျား လည်ချောင်းသွေး ဖောက်သောက်မယ့် အမဲလိုက်ခွေးတွေ၊ ဒီလောက်တောင် မိုက်တဲ့လူ၊ ဟယ် ငါ အသေ သတ်လိုက်ချင်တော့တယ်"

အက်ရှန်က ဒေါသမွှန်သွားပြီး အစ်ကိုဖြစ်သူအား တအား တွန်းပစ်လိုက်သည်။ ပြီးေ မျက်နှာကို လက်သီးဖြင့် အားကုန်တချက် စွပ်ထိုးလိုက်သည်။ ယွန်ပေါမှာ လက်သီးဒဏ်ကြော ချာလပတ်လည်သွား ပြီး ကြမ်းပြင်ပေါ်သို့ မှောက်လျက်သား လဲကျသွားသည်။ သူ့ ပါးစပ်မှ သွေး စီးကျလာသည်။

အက်ရှန်က ကြမ်းပြင်ပေါ်မှာ မှောက်လျက်လဲနေသော ယွန်ပေါကို အပေါ်စီး စိုက် ကြည့်ရင်း တော်တော် ကျေနပ်သွားမိသည်။ တခါတည်း ကိစ္စတုံး ရှင်းပစ်လိုက်ရကောင်းမလား ဟူ၍ပင် စိတ်ကူးလိုက်မိသေးသည်။

သို့သော် ဆင်ခြင်တုံတရားက သူ့ခေါင်းထဲသို့ ရုတ်တရက် ဝင်ရောက်လာသည်။

**ဂျဲနက်အတွက် ငဲ့ရဦးမည်။ ဟင်နရီကလေးအတွက် ငဲ့ရဦးမည်။ ပြီးတော့ မိခင်အိုကြီး အတွက် ငဲ့ရဦးမည်။ ယွန်ပေါကို သူ မသတ်သော်လည်း တခြားလူတွေက သတ်ကြလိမ့်မည် သူ့ထိုက်နှင့် သူ့ကံ ဖြစ်ချင်သလို ဖြစ်ပါစေတော့။**

သူက ကြမ်းပြင်ပေါ် လဲနေသော ယွန်ပေါကို နောက်ဆုံးအကြိမ် လှည့်ကြည့်လို ပြီးနောက် ချာခနဲ လှည့်ကာ အခန်းထဲမှ ပြန်ထွက်လာခဲ့သည်။

အက်ရှန်က သူတို့ မိသားစု သုံးယောက် ဆွစ်ဇာလန်နိုင်ငံသို့ အခုချက်ချင်း ထွက်ပြေးရတော့ ဖြစ်ကြောင်းကို(ဂျဲနက်အား ထုတ်ဖော် သတင်းပေးသူ နာမည်ကို ချန်ထားပြီး) မိခင်ကြီးအာ ပြောပြသောအခါ ပထမတွင် မိခင်ကြီးက လုံးဝ မယုံနိုင် ဖြစ်မိသည်။

နောက်တော့မှ သူ့ဘဝတလျှောက် ကြုံခဲ့ ခံစားခဲ့ရသော ကြမ္မာဆိုးများကို ထိန်း ထားနိုင်ခဲ့သည့် နန်းဆန်သည့် ဣန္ဒြေနှင့် အားမာန်များ အားလုံး လျော့ကျသွားပြီး စိ မထိန်းနိုင်တော့ဘဲ ယူကျုံးမရစွာဖြင့် ရှိုက်ကြီးတငင ငိုနေမိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



အက်ရှန်က မိခင်ကြီး ပြန်ငြိမ်သက်သွားသည်အထိ ပွေ့ဖက်ထားရင် စောင့်နေလိုက်သည်။ ထို့နောက် သူကလေးဘဝက ငိုယိုနေသောအခါ သူ့မိခင်ကြီးက လုပ်လေ့ရှိသလို မိခင်ကြီး မျက်နှာကို လက်နှစ်ဘက်ဖြင့် အုပ်၍ မော့လိုက်သည်။

သူက တည်ငြိမ်စွာဖြင့် ဖြည်းဖြည်း ပြောသည်။

"ဒီကိစ္စ သိပ်ပြီး အရေးကြီးတယ် မေမေ၊ ကျွန်တော်တို့ ထွက်ပြေးသွားပြီဆိုတာနဲ့ ဘယ်ကိုထွက်သွား တယ်ဆိုတာကိုတော့ ဘယ်သူမှ သိလို့မဖြစ်ဘူး၊ မေမေ့ကို ပြောပြတာတောင် လွန်လှပြီ၊ ဒီလို ပြောပြရတာကလဲ ကျွန်တော်ဘယ်မှာ ရှိနေတယ်ဆိုတာ မသိတော့ မေမေက သိပ်ပြီး ပူနေမှာစိုးလို့ပါ၊ အဲဒီတော့ မေမေကို ဘယ်သူပဲ လာမေးမေး လုံးဝ မသိဘူးလို့သာ ပြောလိုက်ပါ၊ ဒါကိုတော့ အထူးသတိပြုစေချင်ပါတယ်၊ ကျွန်တော် တို့အသက်ဟာ ဒီအချက်ပေါ်မှာ လုံးဝတည်နေတယ် မေမေ"

မိခင်ကြီးမှာ စိတ်ထဲက တုန်လှုပ်နေသော်လည်း အပြင်ကတော့ တော်တော်ကြီးကို တည်ငြိမ်သွားပြီ ဖြစ်သည်။

"ကောင်းပါပြီ သားရယ်၊ မေမေ အစွမ်းကုန် ထိန်းသိမ်းပါ့မယ်၊ ဒါနဲ့ ယွန်ပေါက ဘာမှ မလုပ်ပေးနိုင်ဘူးလားကွယ်၊ သူက ဩဇာအာဏာရှိတဲ့ လူတစ်ယောက်ပဲ၊ အစိုးရအဖွဲ့ထဲမှာ လုပ်နေတဲ့ လူတစ်ယောက် မဟုတ်လား"

"အမယ်လေး သွားမလုပ်လိုက်ပါနဲ့ မေမေ၊ သူလဲ ဘာမှ မကူညီနိုင်ပါဘူး၊ ကျွန်တော် ပြောတာ ယုံပါ၊ ဒီကိစ္စ သူနဲ့ ပတ်သက်လို့ လုံးဝမဖြစ်ဘူး၊ သူ့အတွက် အများကြီး အန္တရာယ်ရှိတယ်၊ တဲ ဒီတော့ ကျွန်တော် ပြောတာကိုသာ အထူးသတိရပါ မေမေ"

အက်ရှန်က မိခင်ကြီးအား စကားကုန်အောင် ပြောမပြ။ အကယ်၍ ယခုကဲ့သို့ ရက်ရက် စက်စက် သစ္စာဖောက်သူမှာ တခြားလူမဟုတ်ဘဲ သူ၏ရင်သွေး သားကြီးခေါက်ခေါက်ပင် ဖြစ်ကြောင်းကို ပြောပြလိုက် လျှင် မိခင်ကြီးမှာ နေရာတွင်ပင် ပွဲချင်းပြီး အသက်ထွက်သွားမည်မှာ သေချာလှသည်။

နောက်ဆုံး သားအမိတွေ နှုတ်မဆက်ကြတော့ မိခင်ကြီးက ဘာစကားမှ မပြောတော့။ ပြော၍လည်း မထွက်တော့။ သူ့သား၊ သူ့ချွေးမနှင့် မြေးကလေးတို့ ကားပေါ်တက်ပြီး မောင်းထွက် သွားသည်ကိုသာ မမြင်မစမ်းနှင့် လှမ်းကြည့်ကျန်ရစ်တော့သည်။

**သွားပြီ. . သွားပြီ၊ အားလုံးသွားကြပြီ။ အချစ်ဆုံး သမီးကြီး ဒင်းနစ်။ အချစ်ဆုံး သားထွေး အက်ရှန်။ သမီးအရင်းလို ချစ်တဲ့ ဂျဲနက်။ သနားစရာကောင်းတဲ့ မာရီ. . . ပြီးတော့ ချစ်မဝနိုင်တဲ့ မြေးကလေး ဟင်နရီ။ ပြီးတော့ တစ်သက်မမေ့နိုင်တဲ့ ချစ်လင်ကြီး. . . ။ သူတို့ အားလုံး သွားကြပြီ။ ငါ့ကို စွန့်ပစ်သွားကြပြီ. . ။**

**ဘုရားသခင် ကျေးဇူးတော်ကြောင့် သားကြီး ယွန်ပေါတစ်ယောက် ကျန်နေသေးတာပဲ ဝမ်းသာရတော့မည်။ ဩော်. . . ဘုရား. . . ဘုရား. . . ဒုက္ခ. . . ဒုက္ခ။**

ယွန်ပေါသည် တစ်ကိုယ်လုံးကို ရေထဲတွင် စိမ်ထားသော်လည်း သူ့ရင်ဘတ်မှာ တဒိန်းဒိန်း



www.burmeseclassic.com

www.burmeseclassic.com



ခုန်လျက်ရှိသည်။ အက်ရှန်ထံ သတင်းပေါက်သွားပြီးကြောင်း တွေးမိသောအခါ စိုးရိမ်စိတ်က ပို၍ပင် ကြီးမားလာသည်။ ဘယ်သူဘယ်ဝါက သတင်းပေးလိုက်ကြောင်းလည်း လုံးဝစဉ်းစား၍မရ။

ပြီးတော့ မိခင်ကြီးအား အက်ရှန်ဘာတွေ ပြောသွားပါလိမ့်မလဲ ဟု ဆက်တွေးမိသည်။ သည်အချက်က ပို၍ပင် ကြောက်စရာကောင်းသေးသည်။ အကယ်၍ မိခင်ကြီးသာ အမှန်အတိုင်း သိသွားပြီးဖြစ်လျှင် သူ့အနေ နှင့် သေတာနှင့် ဘာမှမထူးတော့။

သူက ယင်းသို့တွေးရင်း စိုးရိမ်စိတ်နှင့် ဒေါသစိတ်ကို အပြင်းအထန် တစ်ပြိုင်တည်း ခံစားနေရသည်။ ဧကန္တတော့. . . သူ့ ရုံးမှ အမှုထမ်းတစ်ယောက်ယောက်က သတင်းပို့လိုက်တာ ဖြစ်မည်။ သည်အတွေးကြောင့် စိတ်ရောကိုယ်ပါ အရုပ်ကြိုးပြတ် ခွေကျသွားသည်။

လက်တွေ တုန်တုန်ယင်ယင်ဖြင့် သူ့မေးရိုးကို သူပြန်စမ်းကြည့်သည်။ မေးရိုးကျိုးများ ကျိုးသွားပြီလားဟု တွေးပူလိုက်မိသည်။ တချိန်တည်းတွင် အက်ရှန်၏ မျက်နှာကို မြင်ယောင် လာသည်။ သူ၏ မယုံကြည်နိုင်လောက်အောင် ပြောင်းလဲသွားမှုကိုလည်း တွေးမိသည်။ ဤအတွေးကို ဦးနှောက်ထဲမှ အတင်းမောင်းထုတ်သည်။ မျက်လုံးကို စုံမှိတ်ပြီး အိပ်ပျော်အောင် အတင်းကြိုး စားသည်။ တော်တော်ကြီးကြာတော့မှ သူ မှေးခနဲ အိပ်ပျော်သွားသည်။

"ကလင်. . . ကလင်. . . ကလင်"

တယ်လီဖုန်းမြည်သံကြောင့်ယွန်ပေါ ရုတ်တရက် လန့်နိုးလာသည်။ နိုးတဝက် အိပ်တဝက် ဖြင့် စားပွဲပေါ်မှ နာရီကို လှမ်းကြည့်လိုက်သည်။ ၅ နာရီ ၃၀။

ထို့နောက် တယ်လီဖုန်းကို ကောက်ကိုင်လိုက်သည်။

"ဟယ်လို"

တစ်ဘက်မှ မိခင်ကြီး အသံကြားရသည်။ မိခင်ကြီးက သူ့အား ခုချက်ချင်း အမြန်ဆုံး လာခဲ့ရန် ကမန်းကတန်း လှမ်းခေါ်နေသည်။

မိခင်ကြီး၏ အသံမှာ အက်ကွဲတုန်ယင်နေသည်။ ဒေါသစိတ်၊ ပူဆွေးစိတ်၊ သောကစိတ် များ ရောပြွန်းနေသော အသံဖြစ်သည်။ သမီးကြီး ဒင်းနစ် ဆုံးသွားသော ညကလည်း မိခင်ကြီးက ယွန်ပေါအား သည်အသံမျိုးဖြင့် ဖုန်းလှမ်းဆက်ခဲ့သည်။

**ဘုရားရေ ဟိုခွေးတိရစ္ဆာန်မလေးက မေမေ့ကို အားလုံး ဖွင့်ပြောလိုက်ပြီနဲ့တူတယ်၊ အင်း ဒီလိုလဲ မဖြစ်နိုင်ပါဘူး၊ အဲဒီလို လုပ်ရင် သူ့ပေါင် သူလှန်ထောင်တာနဲ့ အတူတူဖြစ်တော့မှာပေါ့ အေးလေ ဘာပဲဖြစ်ဖြစ်၊ အခြေအနေကတော့ သွားကြည့်လိုက်ဦးမှ. . ။ အရေးကြီးတာက ကိုယ့်ဘက်က ဟန်မပျက်ဖို့ပဲ။**

ချမ်းအေးသောအရုဏ်ဦးအချိန်ဖြစ်သော်လည်း မိခင်ကြီး အိမ်သို့ ယွန်ပေါ ရောက်သွား သောအခါ သူ့ တစ်ကိုယ်လုံး ချွေးတွေပြန်နေသည်။ သူက တံခါးဝတွင် ရပ်၍ သူ့စိတ်ကူးတွေကို တစ်ခုချင်း အစီအစဉ်ချနေသည်။

တကယ်တော့ လိုအပ်ရင် ဂက်စတာပိုအဖွဲ့က အကျပ်ကိုင်လို့ ဂျဲနက်အကြောင်း ဖွင့်ပြောလိုက်ရတယ် လို့ ညာမယ်။ ပြီးတော့ ငါက ဂျဲနက်ကို ကာကွယ်ချင်ပေမယ့် တခြားလမ်း



www.burmeseclassic.com

www.burmeseclassic.com



ငါ့ထက်စောပြီး အလျင်သတင်း ပေးထားကြပြီးပြီလို့လဲ ပြောမယ်။ ဒါပေမယ့် ဟင်နရီကလေးနဲ့ အက်ရှန်အတွက်တော့ ဘာမှစိုးရိမ်စရာမရှိဘူး။ ငါ့အနေနဲ့ တစ်နည်းနည်းနဲ့ ကာကွယ် ပေးနိုင်လိမ့်မယ်၊ ဂျဲနက်ကတော့ ဂက်စတာပိုအဖွဲ့က အလိုရှိနေတဲ့ တစ်တရားခံဖြစ်နေလို့ ဘယ်လိုမှ မတတ်နိုင်တော့ဘူးလို့ ပြောပြမယ်။ ဒါဆိုရင် မေမေက ယုံမှာ သေချာတယ်။

မိခင်ကြီး အခန်းထဲသို့ ရောက်သွားသောအခါ စောစောက တင်းလာခဲ့သော အားမာန်များမှာ သူ့ထံမှ လုံးဝ လျှော့ကျသွားသည်။

မိခင်ကြီးမှာ လွန်ခဲ့သော သုံးလေးရက်လောက်က ရုပ်ရည်မျိုး လုံးဝမရှိတော့။ အသက်နှစ်ဆယ်လောက်ပို၍ အိုစာသွားသလို ထင်မှတ်ရသည်။ သူ့မျက်နှာမှာ အရိုးပေါ်အရေတင်ကာ ဟောက်ပက်ကြီး ဖြစ်နေသည်။

အပြင်ပန်း ရုပ်ရည် အလွန်အမင်း ညှိုးကျနေတော့ အတွင်းစိတ်ကလည်း အကြီးအကျယ် တုန်လှုပ် ချောက်ချားနေပုံရသည်။

မိခင်ကြီးက ဖြည်းဖြည်းကလေး လှည့်၍ သားကိုကြည့်ပြီး သားကြီးမျက်နှာကို မြင်လျှင်မြင်ချင်း အက်ရှန်အား ပေးလိုက်သော ကတိစကားကို ရုတ်တရက် ဖောက်ဖျက်လိုက်မိတော့မလို ဖြစ်သွားသည်။

"သားရယ် မေမေတော့ ဘယ်လိုမှ မပြောတတ်တော့ပါဘူးကွယ်၊ ဒီလောက် ဆိုးဆိုးရွားရွား အဖြစ်မျိုး ကြုံရလိမ့်မယ်လို့ မေမေ ဘယ်တုန်းကမှ မထင်ခဲ့ပါဘူးကွယ်"

"ဘာဖြစ်တာလဲ မေမေ၊ ကျွန်တော့်ကို ပြောပြစမ်းပါ"

မိခင်ကြီး စိတ်ထဲတွင် ချီတုံချတုံ ဖြစ်နေသည်။ ယွန်ပေါ်နှင့် ဘယ်လိုမှ မပတ်သက်စေနဲ့ဟု အက်ရှန် ပြောသွားသော စကားကို သတိရနေမိသည်။

"မေမေ ဘာငိုင်နေတာလဲဟင် ပြောစမ်းပါ၊ ဘာဖြစ်နေတာလဲ၊ မေမေ ဘာဖြစ်လို့ စိတ်ညစ်နေတာလဲ ဟင်"

"ဂျဲနက်အကြောင်းကို သူတို့ သိသွားကြပြီ သားရယ်၊ ဂက်စတာပို့အဖွဲ့က လူတွေ သိသွားကြပြီ"

"ဘာ ဘယ်လို ဘာပြောတယ် မေမေ၊ ဒါလုံးဝ မဖြစ်နိုင်ပါဘူး"

သူက တကယ်ပင် စိတ်ပျက်သွားဟန်၊ မယုံကြည်နိုင်ဟန်ဖြင့် ပြန်ပြောလိုက်သည်။ သို့သော် သူ့ဝမ်းထဲကတော့ အကြီးအကျယ် ပျော်နေသည်။

"ဟုတ်တယ် သားရယ်၊ ဖြစ်နေပြီမို့ မေမေက ပြောတာပေါ့၊ သူတို့က ဂျဲနက်ကို ဖမ်းဆီးဖို့ လုပ်နေကြတယ်၊ အဲဒါ ညဦးတုန်းက အက်ရှန်ကို လူတစ်ယောက်လာပြီး ပြောသွားတယ်"

"ဩော် ဟုတ်လား၊ ဘယ်သူ လာပြောသွားတာလဲ မေမေ" ယွန်ပေါက အမှတ်မထင် လေသံမျိုးဖြင့် ပြန်မေးလိုက်သည်။

"အဲဒါတော့ မေမေလဲ မသိဘူး သားရယ်၊ အက်ရှန်ကလဲ ဘယ်သူ ဘယ်ဝါလို့ မပြောဘူး၊ အဲဒီလူ အတွက်ရော မေမေ့အတွက်ပါ အများကြီး အန္တရာယ်ရှိနိုင်တယ်လို့ ပြောတယ်"

"ဒါပေါ့ . . . ဒါပေါ့ မေမေ၊ အက်ရှန် ပြောတာ မှန်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် မေမေက သားကို ဒီအကြောင်းပြောပြပြီး အကူအညီတောင်းဖို့ ပြောပါသေး တယ်၊ ဒါပေမယ့် အက်ရှန်က မပြောပါနဲ့လို့ တားထားတယ်၊ သားသိတဲ့အတိုင်း မေမေဟာ ဒီနာဇီတွေကို သိပ်ပြီးမုန်းတယ်၊ သူတို့နဲ့ ပေါင်းပြီး သားအလုပ်လုပ်နေတာကိုလည်း မေမေ လုံးဝမကြိုက်ဘူး၊ သားဟာ သူတို့နဲ့ အတူ လုပ်လို့ နာဇီတစ်ယောက်ဖြစ်သွားမယ်လို့တော့ မေမေ မထင်ပါဘူး၊ သားအလုပ်က သိပ်ပြီး အရေးကြီး တယ်၊ ပြီးတော့ သားက ပြင်သစ်လူမျိုးတစ်ယောက် အဲဒီတော့ သားဟာ တတ်နိုင်တဲ့နည်းနဲ့ ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုးအတွက် အကောင်းဆုံး လုပ်ပါလို့ မေမေ တောင်းပန်ပါတယ် သားရယ်၊ မေမေပြောတဲ့အတိုင်း လုပ်မလား သား၊ ပြောစမ်းပါ.. မေမေ့ကို ကတိပေးစမ်းပါ"

"ဟုတ်ပါတယ် မေမေ၊ မေမေ ပြောတဲ့အတိုင်း ကျွန်တော် လုပ်ပါ့မယ်၊ ကျွန်တော် အတတ်နိုင်ဆုံးကြိုးစားပါ့မယ်"

"မေမေ ဝမ်းသာလိုက်တာ သားရယ်၊ တကယ်လို့ အက်ရှန်ကသာ သားဆီမှာ အကူအညီ တောင်းခဲ့ရင် သိပ်ကောင်းမှာပဲနော်"

"ဟုတ်ပါတယ် မေမေ၊ အဲဒီလိုသာဆိုရင် သားက အများကြီး ကူညီနိုင်တာပေါ့၊ ခုတော့ သူက ဘာစိတ်ကူးပေါက်လို့ ကျွန်တော့်ကို လုံးဝ မပြောခဲ့တာလဲ မသိပါဘူး"

"အဲဒီလိုပြောရင် သားအတွက် အများကြီး အန္တရာယ် ရှိနိုင်တယ်လို့ သူက ပြောတယ် သားရယ်၊ ဒါပေမယ့် အခုတော့ အချိန်နှောင်းခဲ့ပါပြီ"

ယွန်ပေါက သူ့အပေါ် အက်ရှန်က ဘာကြောင့်များ ယခုလို ထူးထူးခြားခြား ငဲ့ညှာ တာပါလိမ့်ဟု တွေးမိလိုက်သည်။

"ဒါတော့ ကျွန်တော်လည်း မပြောတတ်ဘူး မေမေ၊ ဒါနဲ့ အချိန်နှောင်းသွားပြီဆိုတာ ဘာကိုပြောတာလဲ မေမေ"

မိခင်ကြီးက မပြောရန် သတိရမိသော်လည်း စကားလုံးတွေက ပါးစပ်ဖျားတွင် အလိုလို ရွစိရွစိ ဖြစ်လာကြသည်။ တစ်ယောက်ယောက်ကိုတော့ ပြောကိုပြောရမည်။ သူ့သားကြီးကို ပြောလျှင် ပို၍ မကောင်းပါလား။

"အက်ရှန်ထွက်သွားပြီ သားရယ်၊ ဂျဲနက်နဲ့ သူ့သားကလေးကို ခေါ်ပြီး ထွက်သွားပြီ"

"ဟင် သူတို့ထွက်သွားပြီ၊ ဘယ်ကိုလဲ မေမေ၊ ဘယ်ကို ထွက်သွားတာလဲ"

"ဆွစ်. . . ဆွစ်ဇာလန်ကို"

"ဘယ်တုန်းကလဲ မေမေ"

"အဲဒါတော့ မေမေလဲ အတတ်မသိဘူး၊ မနက် ၂ နာရီလောက်က ထင်တာပဲ၊ အဲဒီထက် စောချင်လဲ စောမယ်"

"ဒါနဲ့တောင်မှ ကျွန်တော့်ကို ဘာဖြစ်လို့ စောစောက မပြောတာလဲ မေမေ"

"အက်ရှန်က ဘယ်သူ့ကိုမှ မပြောရဘူးလို့ ပြောသွားလို့ပါ သားရယ်"

"ဟင်. . . ဘယ်သူ့ကိုမှ မပြောရဘူးတဲ့လား၊ ကျွန်တော်က မေမေ့သားပဲဟာ ကျွန်တော့် ကိုတော့ ပြောကို ပြောရမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် သူက မေမေ့ဆီမှာ အလေးအနက် ကတိတောင်းနေလို့ပါကွယ်၊ သားအလုပ်က အရေးကြီးတဲ့ အလုပ်ဆိုတော့ သားအတွက် အန္တရာယ်ဖြစ်မှာကို စိုးရိမ်လို့တဲ့၊ သူက သားအကျိုး အတွက် မပြောခဲ့တာပါ၊ ခုမေမေ ပြောမိပြီ၊ သားကို အန္တရာယ်ဖြစ်အောင် လုပ်လိုက်ပြီ၊ မေမေက ဘယ်လိုမှ ပါးစပ်ပိတ်ထားလို့ မရလို့ပါကွယ်၊ ဒီကိစ္စ သားကိုပြောပြမှ မေမေစိတ်ချမ်းသာမှာမို့လို့ပါ၊ အဲဒီတော့ မေမေ နောက်ဆုံးပြောချင်တာကတော့ မေမေ့အဖြစ်ကြောင့် သားဒုက္ခ မရောက်ပါစေ နဲ့လို့ ဆုတောင်းပါတယ် သားရယ်"

ယွန်ပေါ်မှာ စိတ်မရှည်နိုင်တော့။ သို့သော် ဟန်မပျက်ထိန်းပြီး အရေးအကြီးဆုံး မေးခွန်းကို မေးလိုက်သည်။

"ဒါနဲ့ ဟင်နရီကလေးကို မေမေနဲ့ ထားခဲ့ဖို့ မေမေဘာဖြစ်လို့ မပြောလိုက်ရတာလဲ၊ ဒီမှာနေရင် ကလေးအတွက် ပိုစိတ်ချရပါတယ်"

"မေမေလဲ မွန်ထူပြီး ဘာပြောလို့ ဘာပြောရမှန်းတောင် မသိတော့ပါဘူး သားရယ်၊ ပြောလို့လဲ ရမှာ မဟုတ်ပါဘူး၊ သူတို့ ကလေးကိုပစ်ပြီး ဘယ်သွားပါ့မလဲ"

"အဲဒါလဲ ဟုတ်တော့ ဟုတ်ပါတယ် မေမေ"

"ဒီတော့ သားအနေနဲ့ ဘာမှမလုပ်နိုင်တော့ဘူးလား သားရယ်၊ သူတို့ကို ပြန်ခေါ်လို့ မရနိုင်တော့ဘူးလား ဟင်၊ တာဝန်ရှိတဲ့ လူတစ်ယောက်ယောက်ကို လာဘ်ထိုးသင့်လဲ ထိုးရတာပေါ့၊ ပိုက်ဆံဘယ်လောက် ကုန်ကုန် အရေးမကြီးပါဘူး သား"

ယွန်ပေါက သူ့အကြောင်းနှင့်သူ သက်မတစ်ချက်ချလိုက်ပြီးတော့မှ. .

"ကောင်းပါပြီ မေမေ၊ ကျွန်တော် အတတ်နိုင်ဆုံး ကြိုးစားကြည့်ပါ့မယ်"

ယွန်ပေါ်သည် သူ့အိမ်သို့ ကားမောင်းပြီး ပြန်လာခဲ့သည်။

သူ့ဦးနှောက်ထဲတွင် အတွေးတွေ ပွေလီမ် ရှုပ်ထွေးနေကြသည်။ နာဇီတွေနှင့် မပေါင်းမိဖို့ မိခင်ကြီးက သတိပေးသည်ကို ပြန်တွေးမိပြီး စိတ်မကောင်း ဖြစ်မိသည်။ ပြီးတော့ သူ့သားကလေးဆီ စိတ်ရောက်သွားပြန် သည်။ ညီဖြစ်သူနှင့် ဂျဲနက်အား လက်စားချေလိုသောကြောင့် အပြစ်မဲ့သော သားကလေးမှာ သက်သက်မဲ့ ဓားစာခံဖြစ်သွားခဲ့ရပြီ။ သို့သော် ကိစ္စမရှိ။ သားကလေး၏ အသက်အန္တရာယ်ကိုတော့ သူ့အနေဖြင့် ဖြစ်သည့် နည်းဖြင့် ကာကွယ်မည်။

ထို့နောက် သူ့အကြောင်း သူပြန်တွေး မိပြန်သည်။

အက်ရှန်က သားမိသားဖ သုံးယောက် ထွက်ပြေးသွားခြင်းနှင့် ပတ်သက်၍ ဂျာမန်တွေက သူ့အပေါ် သံသယ ဝင်လာနိုင်သည်။ သူက ပြင်သစ်လူမျိုး။ ပြီးတော့ အက်ရှန်၏ အစ်ကို။ သူ့ ညီနှင့် သူ့ခယ်မ၊ သူ့တူ ကလေးတို့ လွတ်မြောက်ရေးအတွက် သူက ထွက်သွားခိုင်းလိုက်ခြင်း ဖြစ်မည်ဟု ဂျာမန်တွေက မထင်နိုင်ဘူးလား။ သို့သော် ဖြစ်ချင်ရာ ဖြစ်စေတော့။ အခြေအနေအရ မီးစင်ကြည့်ကသွားရတော့မည်။ အရေးကြီးတာက သူ့သားကလေး၏ အသက်အန္တရာယ်ကို ကာကွယ်ဖို့ပင် ဖြစ်သည်။ သူ့အသက်ကိုပဲ ပေးရ ပေးရ၊ ဖြစ်တဲ့နည်း နဲ့ ကယ်တင်ရတော့မည်။

အိမ်သို့ရောက်တော့ သူက တယ်လီဖုန်း စားပွဲဆီသို့ တန်းလာခဲ့ပြီး ဟိန်းနရစ်



www.burmeseclassic.com

www.burmeseclassic.com



ကက်စတာထံသို့ ဖုန်းလှမ်းဆက်သည်။ သူက တတ်နိုင်သမျှ စိတ်ကို ငြိမ်ငြိမ်ထားလိုက်သည်။ သူ့အခြေအနေမပျက်မှ သားကလေးအသက်ရှင်နိုင်မည် မဟုတ်လား။

တစ်ဘက်မှ တယ်လီဖုန်း ကိုင်သည်။

"ကက်စလာပါ" အသံက အလွန်မာသည်။

"ကျွန်တော် ယွန်ပေါပါ ခင်ဗျာ"

"ဘာလဲ၊ ကျုပ်တို့ ဆွေးနွေးတဲ့ ကိစ္စနဲ့ ပတ်သက်ပြီး ပြောချင်လို့လား"

"ဟုတ်ပါတယ် ခင်ဗျာ၊ ဒါပေမယ့် အခြေအနေက နည်းနည်း ပြောင်းလဲသွားလို့ပါ၊ အဲဒါကြောင့် ဒီအချိန်ကြီးမှာ ဖုန်းလှမ်းဆက်ရတာပါ"

"ဘယ်လိုပြောင်းလဲသွားတာလဲ"

"သက်ဆိုင်တဲ့ ပုဂ္ဂိုလ်ဆီ သတင်းပေါက်သွားလို့ အခု သူထွက်ပြေးသွားပါပြီ"

"ဟင် သတင်းပေါက်သွားလို့ ဟုတ်လား၊ တော်တော်ဆန်းတာပဲ၊ ဒါနဲ့ သူက ဘယ်ကို ထွက်ပြေးတာလဲ"

"ဆွစ်ဇာလန်ကိုပါ၊ ကျွန်တော့်အထင်တော့ ဘာဆယ်မြို့ကို ပြေးတယ်ထင်တာပဲ၊ ကျွန်တော့်ညီက ဆွစ်ဇာလန်အကြောင်း အများကြီး နှံ့စပ်ပါတယ်၊ ဒါအများကြီး ဖြစ်နိုင်ပါတယ်"

"အများကြီး ဖြစ်နိုင်ပါတယ် ဟုတ်လား" သူက ခပ်မြန်မြန် မေးလိုက်သည်။ ထို့နောက် ကားအမျိုးအစားနှင့် ကားပေါ်ပါသွားသူတို့၏ ရုပ်ရည်သွင်ပြင်များကို မေးသည်။ "ကဲ ဒီလောက်ဆို အလုပ်ဖြစ်ပြီ၊ ကျန်တာ နောက်မှ ပြောကြစို့"

"ခဏနေပါဦးခင်ဗျာ၊ ပြောစရာတခု ကျန်သေးလို့ပါ"

"ပြောပါ"

"ဒီကိစ္စ ကျွန်တော်တို့ ဆွေးနွေးကြတုန်းက ဂျူးသွေးတစ်ဝက်ပါတဲ့ ကလေးကို သက်သက်ညှာညှာစဉ်းစားဖို့ လူကြီးမင်းက သဘောတူခဲ့ပါတယ်၊ အဲဒီတော့ ကျွန်တော်အခု မှန်တဲ့အတိုင်း ဝန်ခံပါတော့မယ်၊ အဲဒီကလေးရဲ့ အဖေအရင်းဟာ ကျွန်တော်ပါပဲ ခင်ဗျာ"

တစ်ဘက်က ဘာသံမှ ပေါ်မလာ။

"သူတို့ကို ပြန်မိရင် ကလေးကို ဘယ်လိုမှ မလုပ်ဘဲ ပြန်ခေါ်လာဖို့ ကျွန်တော် တောင်းပန်ပါရစေ ခင်ဗျာ"

"ဒါ ပြောနေစရာမလိုဘူး၊ ကဲ ကျုပ်ကို ခွင့်ပြုပါဦး ဒါပဲ"

တစ်ဘက်မှ ဖုန်းချသွားသည်။

ကက်စလာက ဗိုလ်မှူးကြီး ရိတ်ချတ်ထံ လှမ်းဆက်သည်။

တစ်ဘက်မှ ဖုန်းကိုင်သူက မာဂဒါ။

"ဗိုလ်မှူးကြီး ရိတ်ချတ်ကို ကျေးဇူးပြုပြီး ခေါ်ပေးပါခင်ဗျာ၊ အခုပြောနေတာ ကက်စလာပါ"

ကက်စလာက တစ်ဘက်မှဖုန်းကိုင်သူမှာ မည်သူမည်ဝါဖြစ်ကြောင်းအထူးမေးမနေတော့



www.burmeseclassic.com

www.burmeseclassic.com



ရိတ်ချတ်နှင့် မာဂဒါတို့ အမြတမ်း တွဲနေကြောင်း ဂျာမန် စစ်ဌာနချုပ်မှ အများစုပင် သိထားပြီး ဖြစ်သည်။

မာဂဒါက ဗိုလ်မှူးကြီး ရိတ်ချတ်အား လှုပ်နိုးသည်။ ဗိုလ်မှူးကြီးက အိပ်မှုန်စုံမွှားနှင့် ထလာပြီး. . .

"ဘယ်သူလဲ"

"မစ္စတာကက်စလာ"

ဗိုလ်မှူးကြီးက ဒီလောက် အစောကြီး အိပ်ရာမှနှိုးရမလားဆိုပြီး စိတ်ဆိုးဆိုးဖြင့် တယ်လီဖုန်းကို လှမ်းယူလိုက်သည်။

ဂျဲနက် ထွက်ပြေးသွားပြီဖြစ်ကြောင်း တစ်ဘက်မှစကားကို ကြားလိုက်ရသောအခါ ဗိုလ်မှူးကြီးမှာ ယမ်းပုံ မီးကျ ဒေါသအိုး ပေါက်ကွဲသွားတော့သည်။

"နင့်မေလွှား. . . အဲဒါမှဒုက္ခပဲ၊ မင်းတို့ သောက်သုံးမကျလို့ ဒီလိုဖြစ်ရတာ၊ အဲဒါ ခုချက်ချင်းမိအောင် လိုက်ဖမ်း၊ မဖမ်းမိရင်တော့ မင်းတို့အားလုံး အသိပဲ"

"ဟုတ်ကဲ့ ကျွန်တော်တို့ မိအောင် ဖမ်းပါ့မယ် ခင်ဗျာ၊ အခုချက်ချင်း အစီအစဉ်တွေ လုပ်. . ."

"သောက် အစီအစဉ်တွေ ထားလိုက်စမ်း၊ အဲဒါ ချက်ချင်းရအောင်ဖမ်း၊ ငါ့ကို မင်းဒီစကားမျိုးပြောတာ များလှပြီ၊ ဒါကြောင့် ခွေးမသား ဂျူးတွေ ခဏခဏ ထွက်ပြေးနေကြတာ၊ အဲဒီတော့ မင်းကိစ္စ မင်းအမြန်ဆုံးသာ သွားရှင်းတော့၊ ငါပြောတာ ကြားရဲ့လား ဒါပဲ"

တစ်ဘက်မှ "ဟုတ်ကဲ့ကြားပါတယ် ဗိုလ်မှူးကြီး" ဟူသော ပြန်ကြားချက်ကို နားမထောင်တော့ဘဲ ဗိုလ်မှူးကြီးက တယ်လီဖုန်းကို ဂွမ်ကနဲ ပြန်ချလိုက်သည်။

ဗိုလ်မှူးကြီး ဖုန်းဆက်နေစဉ်တွင် မာဂဒါသည် မှန်ရှေ့တွင် ထိုင်ကာ ဟန်မပျက်အောင် ခေါင်ဖြီးနေသည်။

သူဆောင်ရွက်သော လုပ်ငန်းအောင်မြင်သွား၍လည်း စိတ်ထဲက ကျိတ်ပြီးအလွန် ဝမ်းသာသွားမိသည်။ စောစောက တယ်လီဖုန်း ဆက်သည်မှာ ဂျဲနက်အကြောင်းပင် ဖြစ်သည်။ ယခုတော့ သူ့ကျေးဇူးကြောင့် သမီးလေးဂျဲနက်မှာ အသက်အန္တရာယ် လွတ်ကင်းရာသို့ ထွက်သွားနိုင်ခဲ့ပြီ။

"ငါ့လခွီး ဘာတွေဖြစ်နေမှန်းကို မသိဘူး" ဗိုလ်မှူးကြီးက သူ့ကိုယ်သူပဲ ပြောသလိုလို၊ မာဂဒါကိုပဲ ပြောသလိုလိုနှင့် ဆဲလိုက်သည်။ "တစ်ယောက်ပြီးတစ်ယောက် ထွက်ပြေးနေကြတာ လွန်ကို လွန်နေပြီ၊ ဘယ်ခွေးမသားက သတင်းပေးနေတယ် မသိဘူး၊ တို့က ဒီလောက်တောင် လုံခြုံရေး အစီအစဉ်တွေ တင်းတင်း ကျပ်ကျပ်လုပ်ထားလျက်နဲ့ ဒီလိုပေါက်ကြားရတာတော့ အံ့သြစရာပဲ. . တောက်၊ နေနှင့်ကြဦးပေါ့ကွာ၊ လက်သည်ပေါ်ရင်တော့ မလွယ်ဘူးသာ မှတ်ပေတော့"

ဗိုလ်မှူးကြီးက စကားပြောနေရင်းမှ မာဂဒါဘက်သို့ ခဏခဏ လှည့်ကြည့်သည်။ မာဂဒါ၏ ပြည့်ဖြိုးသွယ်လျသော လက်မောင်းသားနှင့် ဝင်းလက်နုနယ်သော ကျောပြင်တို့၏ အလှကို



www.burmeseclassic.com

www.burmeseclassic.com



ပေါ် လွင်စွာ မြင်နေရသည်။ ထို့နောက် မှန်တင်ခုံဘေးမှ စားပွဲပေါ် တွင် ပွင့်နေသော လက်ဆွဲသားရေအိတ်ဆီသို့ မျက်စိရောက်သွားသည်။ ယင်းအိတ်ထဲတွင် ဂျဲနက်ဟက်ဒူပရေးအပါအဝင် ဖမ်းဆီးရမည့် ပုဂ္ဂိုလ်များ စာရင်း အပြည့်အစုံ ရှိသည်။ ကက်စတာကလည်း ဤကိစ္စတွင် ဂျဲနက်၏ ခဲအိုကို သံသယဝင်မိကြောင်း စောစောက ပြောသွားသည်။ တကယ်တော့ သည်လူတွေ၏ တစ်ယောက်မှ မယုံနိုင်။ ကိုယ်ကျိုးအတွက် ဟန်ဆောင်ပေါင်းနေကြသူတွေချည်း ဖြစ်သည်။

သို့သော် ဗိုလ်မှူးကြီးက တစ်မျိုးတွေးမိပြန်သည်။ သူ့အတွေးကြောင့် သူကြက်သီးပင် ထသွားမိသည်။ ရှက်သလိုလိုလဲ ခံစားလိုက်မိသည်။ ယခုသူနှင့်တွဲနေသော ဝုဏ်ကြီးရှင် မြို့စား ကတော်မှာ သူ့သားရေအိတ်ကို အချိန်မရွေး မွှေနှောက်နိုင်သော အခွင့်အရေးရှိသည်။ သည်မိန်းမ၏ စိတ်နေသဘောထားကို သူက ယုံကြည်ပြီး အခွင့်အရေးတွေ အများကြီး ပေးထားသည်။ သည်မိန်းမ နှင့် ပတ်သက်၍ သံသယ ဖြစ်စရာအကြောင်းလည်း ဘာမှ မပေါ်ပေါက်ခဲ့စဖူး။ တချို့ကိစ္စများတွင် အရေးမကြီးသော်လည်း လေးစားလောက်သော အကြံဉာဏ်များ မကြာခဏ ပေးခဲ့ဖူးသူ ဖြစ်သည်။

သို့သော် စဉ်းစားစရာ တစ်ခုတော့ ရှိသည်။ ဤအချက်ကို ပေါ့ပေါ့တွေး၍ မဖြစ်။ သူနှင့် သည်မိန်းမ တွေ့ပြီးနောက်ပိုင်းတွင် ဂျူးလူမျိုးတွေ ခါတိုင်းထက်ပို၍ ထွက်ပြေးပေါက်ရလာခဲ့သည်မှာ တော်တော် ထူးဆန်းနေသည်။

BURMESE CLASSIC .com

ပြီးတော့ မနေ့ညတုန်းက အဖြစ်ကိုလည်း သံသယဝင်စရာ ကောင်းသည်။ သည်မိန်းမ သည် မနေ့ညက သူ့အပေါ် တော်တော်ကြီးကို အယုအယလွန်နေသည်။ ခါတိုင်းထက် ထူးခြားနေသည်။ သူသည် ညစာ စားပြီးနောက် မကြာမီမှာပင် အိပ်ပျော်သွားခဲ့သည်။ ဒါလည်း ထူးဆန်းသည့် အချက်ပင် ဖြစ်သည်။ ခါတိုင်း ဆိုလျှင် သူသည် ဘယ်လောက်ပင် မောပန်းလာ မောပန်းလာ သည်လောက် စောစော အိပ်ပျော်လေ့မရှိ။

မဟုတ်မှလွဲရော၊ စေတ္တတော့ သူ့ကိုအိပ်ဆေးခတ်တာ ဖြစ်နိုင်သည်။ ဟုတ်ပြီ၊ တစ်ခြား ဘယ်သူမှ မဖြစ်နိုင်။ သူယုံကြည်မိသော သည်မြို့စားကတော် အမျိုးသမီးပင် ဖြစ်မည်မှာ သေချာ သည်။

ဗိုလ်မှူးကြီးက သူ့ကို လှမ်းကြည့်နေကြောင်း စိတ်မှန်းဖြင့် မာဂဒါက သိနေသည်။ သို့ဖြင့် သူကနောက်သို့ဖြည်းဖြည်းလေး လှည့်ကြည့်လိုက်သည်။ ဗိုလ်မှူးကြီးက ထူးထူးခြားခြား ငြိမ်ချက်သားကောင်းနေသည်။

"ရှင်စိတ်ထိခိုက်နေတယ်ဆိုတာ ကျွန်မ သိပါတယ်၊ ကျွန်မလဲ ကိုယ်ချင်းစာပြီး စိတ် မကောင်းပါဘူး"

"မင်းကိုငါခုချက်ချင်း သတ်မပစ်ခိုင်းနိုင်တဲ့အတွက် ငါလဲ စိတ်မကောင်းပါဘူး"

"ဘာ ဘယ်လို၊ ရှင့်စကားက တော်တော် ဆန်းတာပဲ၊. . ရယ်စရာပြောတာ မဟုတ်ပါ ဘူးနော်"

"ဟော့ မင်းပါးစပ် ပိတ်လိုက်စမ်း၊ ငါ တော်တော်မိုက်ခဲ့တယ်၊ အမှန်ကတော့ လူဝါးမဝ နားလည်ပြီး ပါးရိုက်ခံရတာပဲ၊ ဘာပဲပြောပြော ဒီကိစ္စ ဘယ်သူ့မှာ တာဝန်ရှိတယ်ဆိုတာတော့ သေသေချာချာ သိရပြီ၊ဘယ့်နှယ်လဲ၊အချစ်ရဲ့ မြို့စားကတော်ကြီးရဲ့ မင်းက ပြောင်ပြောင်မြင်နေဦးမယ်သား



www.burmeseclassic.com

www.burmeseclassic.com



ပြောစမ်းပါဦး”

မာဂဒါက ဘာမှပြန်မပြော။ ဗိုလ်မှူးကြီး မျက်နှာကိုသာ မှင်သေသေနှင့် စိုက်ကြည့်နေသည်။ သို့သော် သူ့စိတ်ထဲမှာတော့ အကြီးအကျယ် ဝမ်းသာသွားမိသည်။ သူ့တာဝန်ကို သူကျေပြွန်စွာ ထမ်းဆောင်လိုက်ပြီးပြီ။ ထူးဆန်းသော သည်ပြဇာတ်တွင် သူ့အခန်းကို ပိုင်ပိုင်နိုင်နိုင် သရုပ်ဆောင်လိုက်ပြီ။ ကပြလိုက်ပြီ။

ဂျဲနက်ဆီသို့ တစ်နည်းနည်းဖြင့် သတင်းရောက်သွား၍ ဂျဲနက် ထွက်ပြေးလွတ်မြောက်သွားပြီ။ သူ့သမီးကလေး အသက်အန္တရာယ်မှ ကင်းလွတ်သွား၍ သူ့အနေဖြင့် ဝမ်းသာ၍ မဆုံးတော့။ ကြိုးစားရကျိုးနပ်ပြီ။ အနစ်နာခံရကျိုးနပ်ပြီ။ ယခုအချိန်မှစ၍ ပြဇာတ်မင်းသမီး မာဂဒါ၏ အခန်းကဏ္ဍ ပြီးဆုံး၍ ကန့်လန့်ကာ ပြန်ချလိုက်ပြီ။

နောက်ပိုင်း ဘာပဲဖြစ်လာဖြစ်လာ သူ ဂရုမစိုက်တော့။ ဗိုလ်မှူးကြီးက သူ့အား ခုချက်ချင်းပင် သတ်သတ်၊ နောက်မှပင် သတ်သတ် သူ သေရကျိုးနပ်ပြီ။

ဗိုလ်မှူးကြီးက ထိုင်ရာမှထကာ တယ်လီဖုန်း ကောက်ဆက်သည်။ မာဂဒါအတွက် လုံခြုံရေးအစောင့်များ ချက်ချင်း လွှတ်ရန် သက်ဆိုင်ရာသို့ အမိန့်ပေးလိုက်သည်။ ထို့နောက် မာဂဒါအား ထွက်ပြေးရန် ကြိုးစားလျှင် ပစ်သတ်မည်ဟု ပြောပြီး အခန်းထဲမှ ထွက်သွားသည်။

ဗိုလ်မှူးကြီးပြန်ထွက်သွားပြီးနောက် မာဂဒါသည် အလက်ဇီ၏ အခန်းသို့ ခပ်သုတ်သုတ် ကလေး လာခဲ့သည်။ သူသည် လင်တော်မောင်ကြီး၏ ခုတင်ဘေးတွင် ဒူးထောက်ထိုင်ချရင်း တိုးတိုးကလေး ပြောလိုက်သည်။

BURMESE CLASSIC .com

“အားလုံးပြီးသွားပြီ အစ်ကိုကြီး၊ အားလုံးပြီးသွားပြီ”

သို့သော် လင်တော်မောင်ကြီးကတော့ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေ၍ သူ့စကားကို မကြား။

ထို့နောက် မာဂဒါက ပီယာအား ခေါ်ကာ ဖြစ်ကြောင်း ကုန်စင်ကို အသေးစိပ်ပြောပြသည်။ ပြီးတော့. . .

“ကဲ ဒီတော့ အချိန်မရှိတော့ဘူး မြန်မြန်လုပ်၊ ရှင်က အန်ဂျီဆီ ခုချက်ချင်းသွားပြီး သူ့လူတွေနှင့် အမြန်ဆုံးဆက်သွယ်ဖို့ ပြောပြလိုက်တော့၊ ရှင်ပြောရမှာက ဂျဲနက်ထွက်ပြေးသွားပြီ၊ သူတို့က နယ်ခြား အစောင့်တပ်တွေကို လှမ်းပြီးသတင်းပို့လိုက်ပြီဆိုတာ ပြောပြ၊ ကဲ. . . မြန်မြန်လုပ်၊ အချိန်မီရင် ကျွန်မတို့လူတွေက ဂျဲနက်ကို ကူညီနိုင်စရာ ရှိတယ်၊ အလက်ဇီအတွက် ဘာမှမပူနဲ့၊ သူ့ကို ဘာမှမလုပ်ဖို့ ကျွန်မ ကြည့်ပြောပါ့မယ်”

မိတ်ဆွေဟောင်းနှစ်ယောက် ဝမ်းဆို့ ဝမ်းနည်းဖြင့် ဖက်ယမ်း နှုတ်ဆက်ကြသည်။ စကားတော့ တစ်ယောက်မှ မပြောကြ။

ပီယာထွက်သွားသောအခါ မာဂဒါက ဆေးထိုးအပ်ကို ကောက်ယူပြီး မော်ဖိန်း အဆိပ်ရည် ဖြည့်လိုက်သည်။ ပြီးတော့ ယခင်က သူလုပ်နေကျအတိုင်း အလက်ဇီ၏ အင်္ကျီလက်မောင်းကို ပင့်တင်ကာ လက်မောင်းကြောထဲသို့ ထိုးထည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မာဂဒါသည် ခုတင်ပေါ်တွင် စန့်စန့်ကြီး အိပ်ပျော်နေသော ခင်ပွန်းသည်၏ ဘေးတွင် ဝင်ထိုင်သည်။ ထို့နောက် ခင်ပွန်းသည်အား လက်နှစ်ဘက်နှင့် ချီမကာ နမ်းလိုက်သည်။ အလက်ဇီတစ်ကိုယ်လုံးသည် တဖြည်းဖြည်းနှင့် အေးစက်လာသည်။

"အိပ်ပါတော့ အစ်ကိုကြီးရယ်၊ မနိုးတဲ့ အိပ်ခြင်းနဲ့ တစ်သက်လုံး အိပ်ပါတော့"

မာဂဒါက ခင်ပွန်းသည်အား အိပ်ရာပေါ်တွင် ပြန်ချလိုက်ပြီး ခြေဆုံးခေါင်းဆုံး စောင်ခြုံပေးသည်။

ပြီးတော့ စားပွဲသို့ ပြန်လျှောက်လာပြီး စာနှစ်စောင် ထိုင်ရေးသည်။

တစ်စောင်က ပီယာဆီသို့ ပေးစာ။ ဂျာမန်တွေ ရောက်မလာခင် သူပြန်ရောက်လျှင် အလက်ဇီအား သင့်တော်သလို မြှုပ်နှံရန် မှာခဲ့သောစာဖြစ်သည်။

နောက်တစ်စောင်ကတော့ ဗိုလ်မှူးကြီး ခရစ်ရှန်ရိတ်ချတ် ထံသို့ ရေးခဲ့သော စာဖြစ်သည်။

ဗိုလ်မှူးကြီးရှင့် . .

ဘယ်လိုပဲဖြစ်ဖြစ် ကျွန်မရဲ့ ဘ၀ကို အဓိပ္ပာယ်ရှိရှိ အသုံးချနိုင်အောင် အခွင့်အရေး ပေးခဲ့တဲ့အတွက် ဗိုလ်မှူးကြီးကို ကျွန်မ အများကြီး ကျေးဇူးတင်ပါတယ်။ ဂျုန်က်ဟက်ဒူပရေးဟာ ကျွန်မရဲ့ သမီးအရင်းပါ။ ကျွန်မရတဲ့ သတင်းကို ကျွန်မ သမီးရဲ့ ယောက်ျားဆီ ပေးပို့ခဲ့သူကတော့ ဗိုလ်မှူးကြီးရဲ့ မိတ်ဆွေ ယွန်ပေါ်ဒူပရေး ဖြစ်ပါတယ်။ ကျွန်မကို ဗိုလ်မှူးကြီးနဲ့ ပထမဆုံး မိတ်ဆက်ပေးခဲ့တာလဲ သူပါပဲ။ နောက်ဆုံးတော့ သူဟာ မျိုးချစ်ပုဂ္ဂိုလ်တစ်ယောက် ဖြစ်လာခဲ့တယ်ဆိုပါတော့. .။

(ပုံ)

မာဂဒါ

ဘူခါရက်မြို့မှ ဂျူးအမျိုးသမီး

BURMESE CLASSIC .com

စာရေးသွားပြီးသောအခါ သေချာစွာ ခေါက်၍ သီးခြားအိတ် တစ်အိတ်စီတွင် ထည့်သည်။ ပြီးတော့ ပီယာအတွက်စာကို ငြိမ်သက်နေသော အလက်ဇီ၏ ရင်ဘတ်ပေါ်တွင် တင်ထားလိုက်သည်။ ဗိုလ်မှူးကြီးအတွက် စာကိုတော့ မှန်တင်ခုံပေါ်မှ ကိုယ်လုံးပေါ်မှန်ရှေ့တွင် ထောင်ထားလိုက်သည်။

ထို့နောက် စားပွဲအံဆွဲထဲမှ ခြောက်လုံးပြူးသေနတ်လေးကို ထုတ်ယူလိုက်ပြီး သူ့ကိုယ်သူ အလက်ဇီ၏ ဘေးတွင် လှဲအိပ်လိုက်သည်။ ထို့နောက်တွင်တော့ သေနတ်ပြောင်းဝကို နားထင်တွင် တေ့ကာ မောင်းကို ဆွဲဖြုတ်လိုက်တော့သည်။

မာဂဒါ၏ အလောင်းကို တွေ့ရသောအခါ ဗိုလ်မှူးကြီး ရိတ်ချတ်မှာ တော်တော်ပင် အံ့အားသင့်သွားမိသည်။

မာဂဒါအား သူက စွပ်စွဲပြောဆိုစဉ်က ဘာမျှမခံစားရသလို ထူးထူးခြားခြား တည်ငြိမ်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့သည်။ သို့သော် မာဂဒါသည် ကြောက်စိတ်ကို မျိုသိပ်ပြီး ကျိတ်မှိတ်ခဲ့နေခြင်း ဖြစ်ကြောင်းကိုတော့ သူက ခန့်မှန်းသိရှိခဲ့သည်။ မာဂဒါအနေဖြင့် ယခုလို ကိုယ့်ကိုယ်ကိုယ် သတ်သေသွားလိမ့်မည်ဟုတော့ သူက လုံးဝ မထင်မိခဲ့။ အလွန်ဆုံး လုပ်ရဲလျှင် ထွက်ပြေးပုံးလောက်သာ ရှိလိမ့်မည်ဟု ထင်ခဲ့သည်။ ယခုတော့ သူ့အထင် ပါစင်အောင် လွဲခဲ့ပြီ။

မာဂဒါသည် သူ့အား သေသည့်အထိ လိမ်လည် လှည့်စားသွားခဲ့ပါပကော။

ဗိုလ်မှူးကြီးက စာအိတ်ကို လှမ်းမြင်လိုက်သည်။ ကမန်းကတန်း ကောက်ယူပြီး ခပ်မြန်မြန် ဖတ်ကြည့်လိုက်သည်။

ပြီးတော့ . . . သူက စိတ်ပျက်လက်ပျက်ဖြင့် ခေါင်းကို ခါယမ်းလိုက်သည်။

လျှို့ဝှက်ထောက်လှမ်းရေး လုပ်ငန်းတွင် ထိပ်တန်းပုဂ္ဂိုလ်တစ်ယောက်ဖြစ်သော မိမိကဲ့သို့သောပုဂ္ဂိုလ် တစ်ယောက်ကို သည်အမျိုးသမီးက ပိပိရိရိ လိမ်ညာ လှည့်ဖြားသွားနိုင်ခဲ့ပါကလား။

ယင်းသို့တွေးမိပြီး သူ တော်တော့်ကို ရှက်သွားမိသည်။

ပို၍ ဆိုးသည်ကား. . ဂျာမန်ဆန့်ကျင်ရေး မြေအောက်တော်လှန်ရေးသမားများအား သူ့အနေဖြင့် အပြတ်အသတ် မဖော်ထုတ်နိုင်ခြင်းအတွက် အထက် လူကြီးများက အပြစ်မြင်မည့် အချက်ပင် ဖြစ်သည်။

သူသည် မြေအောက်တော်လှန်ရေးသမားများ၏ ဌာနချုပ်ကို ယခုအထိ လုံးဝထောက်လှမ်း၍ မရသေး။ သူတို့က သံသယမကင်းသော ပြင်သစ်အမျိုးသားများ၏ အိမ်များတွင် လျှို့ဝှက်ထောက်လှမ်းရေး လှိုင်းတို ရေဒီယိုများ အမြောက်အမြား တပ်ဆင်ထားသော်လည်း ယင်းတို့မှာ ဘာမှ အသုံးမကျသလို ဖြစ်နေသည်။

ထို့ပြင် ယွန်ပေါ်ဒူပရေးအား မာဂဒါက စွပ်စွဲသွားသော အချက်ကိုလည်း သူက လုံးလုံးလျားလျား မယုံချင်သလို ဖြစ်နေမိသည်။ တကယ်တော့ ဇာတ်လမ်းဆန်လှသော ဤဖြစ်ရပ်၏ ဇာတ်သိမ်းပိုင်းတွင် ယွန်ပေါ်အနေဖြင့် ပါဝင်ကပြသွားပုံမှာ မယုံကြည်နိုင်စရာ ဖြစ်နေသည်။ သို့သော် တစ်ခုတော့ရှိသည်။ ယွန်ပေါ်အား ကက်စလာကလည်း သံသယဝင်နေသည်။ အလားတူပင် တစ်ခြားလူ တော်တော်များများကလည်း ယွန်ပေါ်ကို မယုံချင်သလို ဖြစ်နေကြသည်။

မည်သို့ပင် ဖြစ်စေ၊ သူ့အနေဖြင့်တော့ မိမိဂုဏ်ကို ပြန်ဆယ်မည့် အလုပ်တစ်ခုကို လုပ်ကို လုပ်ရတော့မည်။

ထို့ကြောင့် သူက တယ်လီဖုန်းကို ကောက်ကိုင်ပြီး ဂက်စတာပိုဌာနချုပ်ကို လှမ်းဆက်လိုက်သည်။

"ဗိုလ်မှူးကြီးရိတ်ချတ် စကားပြောနေပါတယ်၊ ယွန်ပေါ် ဒူပရေးကို ခုချက်ချင်း သွားဖမ်းပါ၊ ဂျဲနက်ဟက် ထွက်ပြေးသွားတဲ့ ကိစ္စနဲ့ ပတ်သက်ပြီး သူ့ကို စစ်ဆေးစရာ ရှိတယ်"

◆◆◆

www.burmeseclassic.com

www.burmeseclassic.com

# [ ၂၆ ]

နေဝင်မီးငြိမ်း အမိန့်ထုတ်ပြန်ထားသော ကာလအတွင်း ပါရီမြို့ပြင်သို့ နံနက်အစောကြီး ထွက်ရသည်မှာ အလွန့်အလွန် ခက်ခဲလှသည်။

အက်ရှန်သည် ကင်းလှည့်ပုလိပ်များနှင့် မတိုးမိအောင် ချောင်ကြိုချောင်ကြား လမ်းကျဉ်းကလေးများအတိုင်း ကားကို ဖြည်းဖြည်း မောင်းလာခဲ့သည်။

နောက်ဆုံးတွင် "ကရီတယ်"သို့ သွားသော လမ်းကြီးပေါ်သို့ ရောက်လာခဲ့သည်။ ကရီတယ်မှာ သူတို့ ခရီးစဉ်တွင် ပထမဆုံးတွေ့ရမည့် ရွာကလေးဖြစ်သည်။ အက်ရှန်က လမ်းမကြီးများကို တတ်နိုင်သမျှ ရှောင်ပြီး ဖြစ်နိုင်လျှင် စားကျက်ကွင်းပြင်များကိုပင် ဖြတ်၍မောင်းသည်။

ဟင်နရီကလေးမှာ အရုဏ်တက်ချိန်အထိ အိပ်၍လိုက်ပါလာသည်။ အိပ်ရာမှ နိုးသောအခါ ဝမ်းဆာပြီး ဂနာမငြိမ်ဖြစ်လာသည်။ ဂျဲနက်က သူ့အား အသားညှပ်မုန့်တစ်ခုနှင့် နွားနို့တစ်ခွက် ထည့်ပေးသည်။ ဓာတ်ဗူးထဲမှ နွားနို့ကို ပန်းကန်ထဲသို့ ထည့်စဉ် လမ်းကြမ်းပေါ်သို့ ရောက်၍ ကားဆောင့်သဖြင့် နွားနို့များ ဖိတ်စဉ်ကုန်သည်။

ကားကို ဆက်မောင်းလာရင်း အက်ရှန်က ဖြည်းဖြည်းသာသာ ပြောသည်။

"ဟင်နရီ သားကို ဖေဖေ တစ်ခုပြောချင်တယ်"

"ဘာလဲ ဖေဖေ"

"ဖေဖေ ပြောတဲ့အတိုင်း သားလုပ်မလား"

"လုပ်ပါ့မယ် ဖေဖေ"

"အခု သားတို့ ဖေဖေတို့ ခရီးအဝေးကြီး သွားကြရမှာ သားရဲ့၊ ဒီခရီးဟာ သားအတွက်



www.burmeseclassic.com

www.burmeseclassic.com



တော်တော် ပျင်းစရာကောင်းမယ်ဆိုတာ ဖေဖေ သိပါတယ်။ ဒါပေမယ့် မပျင်းပါနဲ့သားရယ်၊ အဲဒီတော့သားက လမ်းမှာ ငြိမ်ငြိမ်ကလေး သည်းခံပြီး လိုက်စေချင်တယ် သား"

"သားတို့က ဘယ်သွားကြမလဲ ဟင်"

"အပန်းဖြေခရီး ထွက်ကြမယ်လေ၊ ပျော်စရာကောင်းမှာပါ သား"

"ဟင်. သားတော့ မသွားချင်ဘူး၊ သားအိမ်ကိုပဲ ပြန်ချင်တယ်၊ အိမ်ကို ပြန်ပို့ပါ၊ သားကို အိမ်ပြန်ပို့ပါ"

ဟင်နရီကလေးက ပြောရင်း ငိုပါလေတော့သည်။

ဂျဲနက်မှာ ရင်တွေ တဒိတ်ဒိတ် ခုန်လာမိသည်။ သူက သားငယ်ကို ချော့သည်။

"မငိုပါနဲ့ သားလေးရယ်၊ ဖေဖေ ပြောတာ မှန်ပါတယ်၊ သားတို့ မေမေတို့က ဟိုရောက်ရင် သိပ်ပြီး ပျော်ရမှာပါနော် သား၊ မငိုပါနဲ့နော်၊ သားလေးက လိမ္မာပါတယ်ကွယ်"

ဟင်နရီက မေမေ့ မျက်နှာပြန်ကြည့်သည်။ ပြီးတော့. . . မျက်ရည်များကို ပြန်သုတ်နေရင်းမှ. . .

"ဒါနဲ့ သားတို့က ဘယ်သွားကြမှာလဲ"

"ဆွစ်ဇာလန်လို့ ခေါ်တဲ့ နေရာကို သွားကြမယ်"

BURMESE CLASSIC .com

"အဲဒီနေရာ ဘယ်မှာ ရှိသလဲဟင်"

"အဲဒီ နေရာဟာ သိပ်ပြီးပျော်စရာကောင်းတယ် သား၊ တောတွေ၊ တောင်တွေ၊ ရေကန်ကြီးတွေနဲ့ သိပ်ပြီး လှတာပဲ၊ သားဟိုရောက်တော့ သိပ်သဘောကျသွားမှာပါ၊ ဖေဖေနဲ့ မေမေတို့က သားကို ခေါ်သွားချင်တာကြာပြီ၊ အဲဒီနေရာဟာ ဖေဖေအကြိုက်ဆုံးနေရာတခုပဲ၊ ဆီးနှင်းဖုံးနေတဲ့ တောင်မြင့်မြင့်ကြီးတွေ ရှိတယ်၊ အဲဒီမှာ သားကစားရမယ်၊ ဆီးနှင်းလူရုပ်ကြီး လုပ်ပြီး ကစားမယ်"

"အဲဒီလူရုပ်က ဖေဖေနဲ့တူမှာလား မေမေ"

"ဒါပေါ့သားရဲ့၊ ဖေဖေနဲ့ တူအောင်လုပ်မှာပေါ့"

"သားတို့ အိမ်ကို ဘယ်တော့ပြန်မလဲ မေမေ"

"နားရက်ကုန်တော့ ပြန်မှာပေါ့"

"ဘွားဘွား၊ လူစီယံ၊ နီကိုနဲ့ ဒီစရီတို့လဲ လိုက်လာမလားဟင်"

"ဟုတ်တယ်၊ သူတို့လဲ နောက်တော့လိုက်လာကြမယ်"

ဂျဲနက်သည် သားကလေးကို ရင်ခွင်ပေါ်သို့ ချီတင်ဖက်ထားလိုက်သည်။ သည်တော့မှ ဟင်နရီကလေးမှာ ငြိမ်သွားတော့သည်။ ဘုရား. . . ဘုရား. . ဒီဒုက္ခတွေ အားလုံး ငါကြောင့် ဖြစ်လာရတာပါကလား။

ဂျဲနက်က မုတ်ဆိတ်မွေးပရပျစ်နှင့် ခင်ပွန်းသည်၏ မျက်နှာကို လှည့်ကြည့်လိုက်သည်။ အက်ရှန်က ရှေ့တည့်တည့်ကိုသာ စိုက်ကြည့်နေသည်။ ငါ သူ့နဲ့ မတန်တော့ဘူး။ ယွန်ပေါ ရင်ခွင်ထဲရောက်နေသော သူ့ရုပ်ကို ပြန်မြင်ယောင်လာသည်။ တကယ်တော့ ငါ့ကို ဒီလိုဖြစ်အောင် လုပ်တာ သူပဲ ဖြစ်မှာပဲ။ သူက ငါ့ကို ဂလဲ့စားချေတာပဲ ဖြစ်မှာပဲ။ ငါ့ကို လုပ်တာတော့ လုပ်ပါတော့။



www.burmeseclassic.com

www.burmeseclassic.com



ဘာမှမဆိုင်တဲ့ သူညီနဲ့ သူသားကလေး တို့ကို လုပ်တာတော့ ရက်စက်လှတယ်။ ငါဆေးရုံတုံး တည်းက သေသွားခဲ့ရင် ဘယ်လောက်ကောင်းလိုက်မလဲ။ ငါ့ယောကျာ်းနဲ့ ငါ့သားကလေးတို့ ဒီ ဒုက္ခရောက်တော့မှာ မဟုတ်ဘူး။

ဂျဲနက် အတွေးကို ကြိုးစားပြီး မောင်းထုတ်ပစ်လိုက်သည်။ သူတို့ မိသားစု ဒီဒုက္ခ ကျော်လွှားလွတ်မြောက်နိုင်ပါစေဟု ဆုတောင်းနေမိသည်။

အက်ရှန်၏ မျက်လုံးများမှာ နီရဲနေကြသည်။ တစ်ကိုယ်လုံးမှာလည်း ညောင်း ကိုက်ခဲနေသည်။ တစ်ခါတစ်ခါ ကားလက်ကိုင်ဘီးပေါ်တွင် ငိုက်ခနဲ ငိုက်ခနဲ ဖြစ်သွားသည်။

ပါရီနှင့်ဘာဆယ်အကြား ခရီးတဝက်ခန့်အကွာရှိ "ဗစ်ထရီလီဖရန်ဆွာ" ရွာကလေး ရောက်လာသောအခါ ဂျဲနက်က အက်ရှန်အား ကားကို ခေတ္တရပ်ဖို့ တောင်းပန်သည်။ ထို ကလေးမှာ အဝေးပြေးလမ်းမကြီး နှင့် အတော်ဝေးပြီး ရှုခင်းလည်း သာယာလှသည်။

"ကျွန်မတို့ ခဏရပ်ကြရအောင်လား ကို၊ ကိုလည်း ပင်ပန်းနေပြီ၊ ခဏလော နားလိုက်ပါဦးနော်"

"မဖြစ်ဘူးကွယ်၊ တို့မှာ အားကိုးစရာဆိုလို့ အချိန်ပဲ ရှိတော့တယ်၊ အချိန်ကု မခံနိုင်တော့ဘူး"

"ခဏလေး ပြောတာပါ၊ ဒါမှမဟုတ် ကားကို ကျွန်မ တစ်လှည့်မောင်းပါရစေလား တင်

အက်ရှန်က ခေတ္တမျှ အင်တင်တင်လုပ်နေပြီးတော့မှ ကားကို ထိုးရပ်ကာ ဂျဲနက်နှ နေရာပြောင်း ထိုင်လိုက်သည်။

ကားပြန်ထွက်လာသောအခါ အက်ရှန်မှာ ထိုင်ရင်းမတ်တတ်မှ အိပ်ချင်လာသဖြ ခဏခဏ ငိုက်ခနဲ ငိုက်ခနဲ ဖြစ်သွားသည်။ သို့သော်လည်း တတ်နိုင်သမျှ စိတ်ကိုတင်း အိပ်မပျော်အောင် ကြိုးစားလာခဲ့သည်။

နယ်စပ်နှင့် မိုင် ၁၅၀ ကွာဝေးသော "နဖ်ရှာတိုး" ရွာကလေးသို့ ရောက်လာကြသည် အက်ရှန်က လက်ကိုင်ဘီးနောက်တွင် ပြန်၍ နေရာယူသည်။

သူတို့သည် ယခုချိန်ထိ လမ်းမကြီးနှင့် ခွာ၍ မောင်းလာနိုင်သေးသည်။ သို့သေ နယ်စပ်နှင့် နီးကပ် လာလေလေ ထွက်ပေါက်ပို၍ ကျဉ်းလာလေလေ ဖြစ်သည်ကို တွေ့ကြရသည် ပြင်သစ်နှင့် ဘာဆယ်အကြားရှိ စစ်ဆေးရေး စခန်းသို့မရောက်မီ နောက်ဆုံးနေရာမှာ "မာ တောက်စ်" ရွာကလေးဖြစ်သည်။ သည်နေရာသို့ ရောက်လာသောအခါ အက်ရှန်က တော်တော် စိုးရိမ်လာမိသည်။ သို့သော် ကံကောင်းချင်တော့ ဆန့်ကျင်ဘက်အရပ်သို့ သွားကြသော စစ်သားတွေအပြည့်နှင့် ထရပ်ကား သုံးလေးစီးလောက်သာ တွေ့ကြရသည်။

တစ်နေရာသို့ ရောက်သောအခါ မော်တော်ဆိုင်ကယ်စီး စစ်သားတစ်ယောက်နှ ပက်ပင်းဝင်တိုးတော့သည်။ စစ်သားက လက်ပြ၍ ရပ်ခိုင်းသဖြင့် အက်ရှန်က ကားကို လမ်းဘေး ထိုးရပ်လိုက်သည်။ စစ်သားသည် မော်တော်ဆိုင်ကယ်ပေါ်မှ ဆင်းကာ သူတို့ဆီသို့ လျှောက်လာ သည်။ သူတို့အားလုံး အသက်မရှူနိုင် အောင်ဖြစ်နေကြသည်။

"ဘာလို့ ကားရပ်လိုက်တာလဲ ဖေဖေ"



www.burmeseclassic.com

www.burmeseclassic.com



အရေးထဲ ဟင်နရီကလေးက မေးနေသေးသည်။

"ဘာမှ မဟုတ်ပါဘူး သား၊ ဟို ရဲဘော်က ဖေဖေ့ ကားမောင်းလိုင်စင်ကြည့်ချင်လို့ ရပ်ခိုင်းတာပါ။ ကဲ သား. . . အိပ်နေလိုက်ဦး. . . အိပ်နေလိုက်ဦး နော်"

သို့သော် သားကလေးက ဖခင်စကားကို နားမထောင်။ သူတို့ ကားကို ပတ်လျှောက်လာသော စစ်သားကိုသာ မျက်လုံးအဝိုင်းသားဖြင့် ကြည့်နေသည်။ စစ်သားက အက်ရှန်ဘေးတွင် လာရပ်သည်။ သူ့တစ်ကိုယ်လုံးတွင်လည်း ဖုန်းတွေနှင့် ပေကျံ ညစ်ပတ်နေသည်။ ခရီးဝေးမောင်းလာခဲ့ရကြောင်း ထင်ရှားသည်။ သူက နေကာမျက်မှန်ကို မချွတ်ဘဲနှင့် အက်ရှန်အား ဂျာမန်စကားဖြင့် စစ်ဆေးသည်။ သူ့အသံက မာသည်။ ပြတ်သည်။ "ဒီလမ်းပေါ် ဘာလာလုပ်တာလဲ၊ ဘယ်သွားကြမှာလဲ" ဟု သူက မေးသည်။

အက်ရှန်က မိမိသည် ဆွစ်လူမျိုးဖြစ်ကြောင်း၊ သူနှင့် သူ့မိသားစုတို့သည် ဂျီနီဗာမြို့ရှိ မိမိတို့အိမ်သို့ ပြန်လာခြင်းဖြစ်ကြောင်း ဂျာမန်စကားဖြင့်ပင် ပြန်ပြောသည်။

ထို့နောက် သူက စစ်သားအတောင်းကို စောင့်မနေတော့ဘဲ နိုင်ငံကူးလက်မှတ်ကို ထုတ်ပေးလိုက်သည်။ ယင်းလက်မှတ်မှာ အန်ဂျိုက အချိန်တိုအတွင်း ကျွမ်းကျွမ်းကျင်ကျင်ဖြင့် လုပ်ပေးလိုက်သော လက်မှတ်တုဖြစ်သည်။ အလားတူပင် ဂျဲနက်နှင့် ဟင်နရီတို့အတွက်လည်း နိုင်ငံကူးလက်မှတ်တုများ အသင့်ပါလာသည်။ စစ်သားက အက်ရှန်၏ နိုင်ငံကူးလက်မှတ်ကို တစ်ချက်မျှ ကြည့်ပြီးနောက် အက်ရှန်မျက်နှာကို တော်တော်ကြာကြာ စိုက်ကြည့်နေသည်။ ပြီးတော့မှ သွားနိုင်ပြီဟု လက်ကို ဝှေ့ယမ်းပြလိုက်သည်။

အက်ရှန်က အသက်ကို ဖြည်းဖြည်း ရှူထုတ်လိုက်သည်။ ဟင်နရီကလေးအား ကျစ်ကျစ်ပါအောင် ဖက်ထားသော ဂျဲနက်၏ လက်လည်း လျော့ပြေသွားသည်။

ကံကောင်းလျှင် သူတို့သည် နယ်စပ်သို့ နှစ်နာရီအတွင်း ရောက်သွားကြတော့မည်။

နယ်စပ် စစ်ဆေးရေးစခန်းသို့ မဝင်မီ အက်ရှန်က သူ့ကိုယ်သူ ဟန်မပျက်အောင် အားတင်းထားလိုက်သည်။

ကားကို ထိုးရပ်လိုက်သည်။ အက်ရှန်က ရှေ့သို့ လှမ်းကြည့်လိုက်သည်။ ဆွစ်ဇာလန်နိုင်ငံမှာ လက်တစ်ကမ်းသာ ဝေးတော့သည်။ ခရီးပန်းတိုင်သို့ ရောက်တော့မည်။ ဆွစ်ဇာလန်မြေကိုနင်းရတော့မည်။

နယ်စပ်လုံခြုံရေး စစ်သားက အက်ရှန်ဘေးသို့ ပတ်လာခဲ့သည်။ အက်ရှန်က နိုင်ငံကူးလက်မှတ်ကို ထုတ်ပေးလိုက်သည်။ သို့သော် စစ်သားက ယင်းလက်မှတ်ကို ကြည့်ပင်မကြည့်။ သူက ကားပေါ်မှ အားလုံး ဆင်း၍ သူ့နောက်သို့လိုက်ခဲ့ရန် အမိန့်ပေးသည်။

အက်ရှန်က မိမိတို့မှာ ဆွစ်ဇာလန်နိုင်ငံသားများဖြစ်ကြောင်း၊ ယခုကဲ့သို့ ရပ်တန့်ထားရန် မလိုကြောင်း ပြောသည်။ သို့သော် စစ်သားက ကားတံခါးကို ဆွဲဖွင့်ပြီး သေနတ်နှင့် ချိန်ထားလိုက်သည်။

အက်ရှန်က ဖြစ်နိုင်စရာရှိသော အခြေအနေတွေကို အလျင်အမြန် မှန်းကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မိခင်ကြီးက ယွန်ပေါကို ဖုန်းဆက်ပြီး ပြောလိုက်တာ ဖြစ်မည်။

ဘုရား. . . ဘုရား သည်တစ်ခါတော့ လှလှကြီး ကိုယ်ကျိုး နည်းကြပြီပေါ့။

သည်အတွေးနှင့်အတူ သူ့တစ်ကိုယ်လုံး သိမ့်သိမ့်တုန်သွားမိသည်။

သို့သော် ဆက်တွေးနေရန် အချိန်မရှိတော့။ သေမင်းက တံခါးလာခေါက်နေပြီ။

အစောင့်စစ်သားက အတင်း အော်ဟစ်ငေါက်ငမ်းနေပြီ။

သူတို့အား စစ်ဆင်ရေးခန်းရုံးသို့ ခေါ်လာခဲ့သည်။ ရှေ့ခန်းကလေးထဲမှ ခုံတန်းလျားတွင် ထိုင်ခိုင်းသည်။

တစ်ခန်းလုံး ပိတ်ပိတ်သား ငြိမ်သက်နေသည်။ ကားတံခါးဆောင့်ပိတ်လိုက်သံ နှင့်အပြင်ဘက်မှ လမ်းလျှောက်သွားသံများ အကြိမ်ကြိမ်ကြားလိုက်ရပြီးနောက်တွင် အသံဆို၍ ကိုယ့်အသက်ရှူသံကိုသာ ကိုယ်ကြားနေကြရသည်။

ဟင်နရီကလေးက ချမ်းတယ်၊ ဆာတယ်ဟု တစာစာပြောရင်း ငိုပါလေတော့သည်။

အက်ရှန်က သားငယ်ကို ကောက်ချီပြီ ချော့သည်။ အတန်ကြာမှ အငိုတိတ်သွားသည်။

ထိုင်စောင့်နေရသည်မှာ နာရီပိုင်းအထိ ကြာသွားသည်ဟု ထင်ရသည်။ နောက်ဆုံးတော့မှ အစောင့် စစ်သားနှစ်ယောက် ရောက်လာပြီး သူတို့ သားမိ သားဖ သုံးယောက်တို့အား ခန်းမဆောင်ကိုဖြတ်၍ ခပ်ကြမ်း ကြမ်းပြုပြင်ထားသော သီးသန့်ရုံးခန်းတစ်ခန်းသို့ခေါ်လာခဲ့ကြသည်။

စားပွဲနောက်တွင် ကက်စလာထိုင်နေသည်။ သူသည် နယ်စပ်သို့ လေယာဉ်ဖြင့် လိုက်လာခဲ့ပြီးယခုမှ ရောက်ခါစ ရှိသေးသည်။ အချမ်းဒဏ်ကို ကာကွယ်နိုင်ရန် အနက်ရောက်ကုတ်အင်္ကျီအရှည်ကြီးကို လည်ပင်းစေ့၍ ဝတ်ထားသည်။

အက်ရှန်တို့ ဝင်လာသောအခါ သူက မော့၍ပင် မကြည့်။ စားပွဲပေါ်မှ စာရွက်စာတမ်းများကိုသာ ငုံ့ဖတ်နေသည်။

ရုံးခန်းထဲတွင် ထိုင်စရာကုလားထိုင် အပိုတစ်လုံးမျှ မရှိ။

အက်ရှန်က သူ့ကိုယ်သူ ကြိမ်တုတ်ဖြင့် ထိန်းထားရင်း သားကလေးကို ညာဘက်လက်ဖြင့် ပွေ့ချီထားသည်။ ဂျဲနက်က သူ့ဘေးတွင် ရပ်နေသည်။

BURMESE CLASSIC .com

"မင်းနာမည် ဘယ်သူလဲ"

ကက်စလာက ဖြတ်ခနဲ မေးလိုက်သည်။

"ရောဘတ်ဘိုရှေ"

"မင်းမိန်းမ နာမည်"

"မာရီဘိုရှေ"

"အဲဒါ မင်းနာမည်လား" ဂျဲနက်ကို ကြည့်၍ မေးသည်။

"ဟုတ်ပါတယ်၊ မာရီဘိုရှေပါ"

"မင်းနာမည် ဘယ်သူလဲ" ဟင်နရီဘက်သို့ လှည့်၍ မေးသည်။

ကလေးက ပါးစပ်ဟရန် လုပ်သည်။ အက်ရှန်က အလျင်အမြန် ဖြတ်ပြောလိုက်သည်။

"သူ့နာမည် အွန်ဒရေဘိုရှေပါ၊ ကလေးက စကားထစ်လို့ပါ၊ ခွင့်လွှတ်ပါ ခင်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းကို ဘယ်မှာမွေးသလဲ"
"ဂျီနီဗာမှာပါ၊ ဆွစ်ဇာလန်နိုင်ငံ"
"မင်းမိန်းမကိုရော"
"ဂျီနီဗာမှာပါ"
"ကလေးကရော"
"ဂျီနီဗာမှာပါ"
"မင်းတို့ ဘယ်သွားကြတာလဲ"
"ကိုယ့်အိမ်ပြန်ကြတာပါ"
"အိမ်က ဘယ်မှာလဲ"
"ဂျီနီဗာမှာပါ"
"မင်းက ဒီဘာဆယ်လမ်းကမှ ဘာလို့ လာရတာလဲ"
"ပါရီက အနီးဆုံးလမ်းဖြစ်လို့ပါ"
"မင်းက ပါရီမှာ ဘာသွားလုပ်တာလဲ"
"အဲဒီမှာ အလုပ်လုပ်နေပါတယ်"
"ဘာအလုပ်လဲ"
"ဘဏ်တိုက်မှာ လုပ်ပါတယ်"
"ဘာဘဏ်တိုက်လဲ"
"ပါရီဘဏ်တိုက်ပါ"
"ဘယ်လမ်းမှာလဲ"
"ဒီလာပေ့စ်လမ်းမှာပါ"
"အခုလို ဖြုန်းစားကြီး ဘာလို့ထွက်လာကြတာလဲ"
"ကျွန်တော့် မိခင်အသည်းအသန် ဖြစ်နေလို့ပါ"

ကက်စလာက စားပွဲပေါ်မှာ စာရွက်စာတမ်းများကို ငုံ့ကြည့်နေသည်။ ထို့နောက် ခေါင်းပြန်မော့ကာ. . "ဒူပရေးဆိုတဲ့ နာမည်ကို သိသလား"

အက်ရှ်န် တွေသွားသည်။ ကမန်းကတန်း အကြံထုတ်သည်။

"ဟုတ်ကဲ့ သိမယ်ထင်ပါတယ်"
"ဒီနာမည်မျိုး ဟိုတုန်းက ကြားဖူးသလား"
"ကြားဖူးပါတယ်"
"ဘယ်တုန်းကလဲ"
"ဒီနာမည်မျိုးတွေက ပြင်သစ်မှာ အများကြီးပဲ"
"ဒီနာမည်မျိုးနဲ့ လူတစ်ယောက်ကို ရင်းရင်းနှီးနှီးသိသလား"
"မသိပါဘူး"

ကက်စလာ၏ မျက်နှာ ဒေါသကြောင့် နီရဲတင်းမာနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်း ဆက်ပြီး မညာရင်ကောင်းမယ်၊ မင်းဘယ်လိုမှ ဖြီးဖြန်းနေလို့ မရတော့ဘူး၊ ဒါ မင်းလဲ သိပါတယ်" သူက ဖိုင်ထူကြီးတစ်ခုကို ကိုင်မြှောက်ပြသည်။ ဖိုင်ထဲတွင် ဖမ်းဆီးရမည့် လူများ၏ ကိုယ်ရေးရာဇဝင် အပြည့်အစုံရှိသည်။ သူက ယင်းဖိုင်တွဲကြီးကို အက်ရှန်ရှေ့တွင် ဖြန့်ပြလိုက်သည်။ အက်ရှန် တစ်ကိုယ်လုံး ခွေနုံးကျသွားသည်။ စကားထာ ဝှက်နေ၍ မရတော့၊ သူတို့လက်ထဲ အားလုံးရောက် သွားကြပြီ။ ယွန်ပေါ လက်ချက်။

သူက ဟစ်၍သာ အော်ပစ်လိုက်ချင်သည်။ ဂျဲနက်က သူ့လက်ကို လာဆုပ်သည်။ သို့သော် မျက်လုံးတွေကတော့ ကက်စလာကိုသာ စိုက်ကြည့်နေကြသည်။

"ကောင်းပြီ၊ အဲဒီတော့ ဒီနာမည် မင်းသိလား"

"ဟုတ်ကဲ့"

"ဘယ်လိုလုပ်သိတာလဲ"

"ကျွန်တော်က အက်ရှန်ဒူပရေးပါ"

"မင်းမိန်းမ နာမည်ကရော"

"ဂျဲနက် ဒူပရေးပါ"

"ထပ်သရီး အပျိုတုန်းက နာမည်"

ဂျက်နက်က အက်ရှန်ဘက် ဆတ်ခနဲလှည့်ပြီး ပြောလိုက်သည်။ သူက အက်ရှန်ကို ဆက်ပြီး ဒုက္ခမပေးရက်တော့။ နောက်ဆုံး "ဟက်. . . ပါ"လို့ ဆက်ပြောလိုက်သည်။

"ဒီတော့ အဲဒီနာမည်ရဲ့ မူလပိုင်ရှင်က ဘယ်သူလဲ"

"ဂုဏ်သရေရှိ လူကြီးလူကောင်းတစ်ယောက်ပါ"

ကက်စလာက ခေါင်းညိတ်လိုက်ပြီး. .

"ဒီတော့ အဲဒီဂုဏ်သရေရှိလူကြီးလူကောင်းက ဘာလူမျိုးလဲ"

"ကျွန်တော် တောင်းပန်ပါရစေခင်ဗျာ၊ ကျေးဇူးပြုပြီး တော်ပါတော့. . . တော်ပါတော့ ဒီလောက်ဆို ကျေနပ်ပါတော့"

အက်ရှန်က သွေးရူးသွေးတန်း ဖြတ်ပြောလိုက်သည်။

"ငါ နားထောင်နေတယ်" ကက်စလာက ဂျဲနက်ဘက်လှည့်၍ ပြောသည်။

"ဂျူးလူမျိုးပါ" ဂျဲနက်က ကက်စလာ၏ မျက်နှာကို စေ့စေ့ကြည့်၍ ပြန်ပြောသည်။

ကက်စလာထိုင်ရာမှ ပြန်ထသည်။ စာရွက်စာတမ်းများကို သားရေအိတ်ထဲ ပြန်ထည့် သည်။ ထို့နောက် အစောင့်စစ်သားများအား အချက်ပြလိုက်သည်။

အက်ရှန်တို့ မိသားစု သုံးယောက်အား အခန်းထဲမှ ခေါ်ထုတ်လာကြသည်။ လှေကားသုံး ထစ်အရောက်တွင် အက်ရှန်က ဂျဲနက်၏ လက်ကို ဆုပ်ကိုင်ထားလိုက်သည်။

အပြင်ဘက်ရောက်သောအခါ သူတို့အား လူစုခွဲသည်။ အက်ရှန်လက်ပေါ်မှ ကလေး ဂျဲနက်လက်သို့ ပြောင်းပေးခိုင်းသည်။ ထို့နောက် ဂျဲနက်နှင့် သားငယ်တို့အား အသင့်စောင့်နေသော ကားတစီးဆီသို့ ခေါ်သွားသည်။ အက်ရှန်အား နောက်ကားတစီးဆီသို့ ဆွဲခေါ်သွားသည်။ ဂျဲနက်က



www.burmeseclassic.com

www.burmeseclassic.com



နေရာတွင် ရပ်ကာ ပဋ္ဌာမြေလူး သွေးရူးသွေးတန်း အော်ဟစ်ငိုကြွေးသည်။

အက်ရှန်က သူ့ကို ချုပ်ကိုင်ထားသော အစောင့်စစ်သားများ၏ လက်ထဲမှ အတင်းရုန်းတန်ထွက်ပြီး စစ်သားများအား သူ့လက်ထဲမှ ကြိမ်တုတ်နှင့် တယမ်းယမ်းလုပ်ရင်း. . .

"ခင်ဗျားတို့ ဒီလိုမလုပ်နဲ့၊ ဒီလိုမလုပ်ပါနဲ့၊ ကျုပ်မယားနဲ့ သားကလေးကို ခွဲမသွားနိုင်ဘူး၊ ခင်ဗျားတို့. . ."

အက်ရှန်က စကားဆုံးအောင်ပင် မပြောလိုက်ရ။ စစ်သားတစ်ယောက်က ရိုက်ဖယ်သေနတ်ဒင်ဖြင့် သူ့ခေါင်းကို လွှဲရိုက်လိုက်သည်။ တော်ပါသေးရဲ့၊ ခေါင်းကို တည့်တည့်မထိဘဲ ပွတ်၍သာ ထိသွားသဖြင့် ခေါင်းထဲတွင် တစ်ချက်မျှ မိုက်ခနဲ ဖြစ်သွားမိလိုက်သည်။ သူက ခေါင်းကို ခါယမ်းပြီး နောက်ထပ်ကျလာမည့် သေနတ်ဒင်ကို လက်ဖြင့် ဆီးကာထားလိုက်သည်။

ဤတွင် အော်ဟစ်သံများ၊ သေနတ်သံများဖြင့် ပွက်လော ညံသွားတော့သည်။ တစ်ချိန်တည်းတွင်ပင် စခန်းရုံးပတ်ပတ်လည် ခြံစည်းရိုးနောက်ဘက်မှ အဝတ်အစား စုတ်စုတ်ပြတ်ပြတ်နှင့် လူပေါင်း တစ်ဒါဇင်ခန့် ရုတ်ရုတ်သဲသဲ ပြေးထွက်လာကြသည်။ အစတွင် အက်ရှန်က နိုးရိုးအရပ်သားများဟု ထင်လိုက်မိသော်လည်း စက္ကန့်ပိုင်းအတွင်းတွင်ပင် မျိုးချစ်တော်လှန်ရေးရဲဘော်များ ဖြစ်ကြောင်း သိလိုက်ရတော့သည်။ ၎င်းတို့သည် မာဂဒါမှတစ်ဆင့် ပီယာ၊ ပီယာမှတစ်ဆင့် အန်ဂျီ၊ အန်ဂျီမှတစ်ဆင့် မြေအောက်တော်လှန်ရေး ဌာနချုပ်သို့ သတင်းရောက်သွားပြီး ဂျဲနက်တို့အား ကယ်တင်ရန် အလျင်အမြန် လိုက်လာကြခြင်း ဖြစ်သည်။ BURMESE CLASSIC .com

မိနစ်ပိုင်းအတွင်းတွင် သေနတ်သံများ စဲသွားသည်။

ကက်စလာသည် တစ်ကိုယ်လုံးတွင် ကျည်ဖောက်ရာများဖြင့် မြေကြီးပေါ်တွင် စန့်စန့်ကြီးလဲနေသည်။ သူ့နံဘေးမှ သားရေအိတ်ကြီးမှာလည်း သူ့သခင်လိုပင် ကျည်ဖောက်ရာတွေ စကာပေါက်နှင့်။ ကက်စလာ၏ ပတ်ဝန်းကျင်တွင် အစောင့်စစ်သား ခြောက်ယောက်မှာလည်း သွေးအိုင်ထဲ အတုံးအရုံးလဲလျက်. . .။

ထိုအခိုက် မျိုးချစ်ရဲဘော်တစ်ယောက်က အက်ရှန်နှင့် ဂျဲနက်တို့အား သူတို့ ကားပေါ်သို့ အမြန်တက်ရန် အော်ပြောလိုက်သည်။ ထို့နောက် ဆွစ်ဇာလန်နိုင်ငံနှင့် သူတို့အကြားရှိ တစ်ခုတည်းသော အတားအဆီး ဂိတ်တံခါးကြီးကို လျှပ်တစ်ပြက်အတွင်း ဖောက်ခွဲဖြိုဖျက်လိုက်ကြပြီးနောက် သူတို့အနောက်တွင် အလောင်းခုနစ် လောင်းကို ထားပစ်ခဲ့ပြီး ကြက်ပျောက်ငှက်ပျောက် ပျောက်သွားကြတော့သည်။

ဂျဲနက်က သားကလေးကို ခါးထစ်တင်ချီ၍ အက်ရှန်၏ လက်ကိုဆွဲကာ ကားဆီသို့ပြေးလာကြသည်။ အက်ရှန်မှာ ခေါင်းထဲက မူးနေဆဲဖြစ်၍ ဂျဲနက်ဆွဲရာသို့ ထော့နင်းထော့နင်းနှင့် ပါလာသည်။

ကားထဲရောက်တော့ ဂျဲနက်က ဟင်နရီကလေးအား သူတို့နှစ်ယောက်ကြားတွင် ချထားလိုက်ပြီး လက်ကိုင်ဘီးနောက်တွင် ဝင်ထိုင်လိုက်သည်။ ပြီးလျှင် ကားကိုစက်နှိုးပြီး ချက်ချင်းမောင်းထွက်လာခဲ့သည်။ ရှေ့တွင် ဆွစ်ဇာလန်နိုင်ငံ လက်တကမ်းမျှသာ ဝေးတော့သည်။

သူတို့ကားကလေး ဂိတ်ဝကို ဖြတ်ကျော်သော ခဏတွင် ဒဏ်ရာနှင့် လဲနေသော



www.burmeseclassic.com

www.burmeseclassic.com



စစ်သားတစ်ယောက်က ဆတ်ခနဲ ခေါင်းထောင်လာပြီး ရိုင်ဖယ်ကိုမကာ နောက်မှ လိုက်ပစ်သည်။

ကျည်ဆန်က ကားနောက်ပိုင်းတံခါးကို ထိမှန်ပြီး မှန်စတွေ ကွဲထွက် လွင့်စဉ်သွားသည်။ ဂျဲနက်က ဖြတ်ခနဲ ဘေးသို့ စောင်းကြည့်လိုက်သောအခါ အက်ရှန်က လေသံဖြင့် ညည်းလိုက်ပြီး ရှေ့သို့ အနည်းငယ် ငိုင်သွားသည်ကို အမှတ်မထင် သတိပြုလိုက်မိသည်။

သို့သော် သူက ကားကို မရပ်ဘဲ အမြန်မြင့်စွာ စွတ်မောင်းနေသည်။

နယ်စပ်ကိုဖြတ်၍ ဆွစ်ဇာလန် နယ်နိမိတ်ထဲ ရောက်လာသောအခါတွင်မှ ကားဘရိတ်ကို တအား နင်းပြီး ရုတ်တရက် ထိုးရပ်လိုက်သည်။ ဆွစ်နယ်ခြားစောင့် တပ်သားတွေ ပြေးလာကြသည်။

ဂျဲနက်က ကားပေါ်မှ ကမန်းကတန်းဆင်းကာ သူ့ယောက်ျားသေနတ်မှန်သွားကြောင်း သွေးရူးသွေးတန်း ပြောလိုက်သည်။

"အမယ်လေး ဘုရား. . ဘုရား၊ သူ အသက်မှ ရှိပါသေးရဲ့လားရှင်၊ လုပ်ကြပါဦး ကယ်ကြဦးရှင်၊ မြန်မြန်လုပ်ကြပါဦး"

အစောင့်စစ်သားတစ်ယောက်က အက်ရှန်၏ လက်ကို အလျင်အမြန် ဖမ်းဆုပ်ပြီး သွေးစမ်းကြည့်လိုက်သည်။

"ဘာမှမဖြစ်ဘူး၊ ဘာမှမဖြစ်ဘူး၊ အခြေအနေ ကောင်းတယ်၊ ဘာမှမပူနဲ့ မဒမ်"

တခြားစစ်သားများက သူနာပြုယာဉ် သွားယူကြသည်။ မိနစ်ပိုင်းအတွင်း ကားရောက်လာသည်။

သတိမေ့နေသော အက်ရှန်အား လူနာတင်ကားပေါ်သို့ ချီတင်ကြသည်။ လူနာတင်ကပ်ကို ကားပေါ်သို့ မ,တင်လိုက်ကြသည်။ အက်ရှန်အား ဆေးတစ်လုံး ထိုးပေးသည်။ ပြီးတော့ သွေးသွင်းပိုက် တပ်ပေးထားလိုက်သည်။

ထို့နောက်တွင် လင်သည်အတွက် မျက်ကလဲဆန်ပျာ ဂနာမငြိမ်ဖြစ်နေသော ဂျဲနက်နှင့် အကြောက်လွန်ပြီး တစ်ကိုယ်လုံး မာတောင့်နေသော ဟင်နရီကလေးတို့အား ကားရှေ့ပိုင်းသို့ တင်ပေးပြီးနောက် မောင်းထွက်လာခဲ့တော့သည်။

BURMESE CLASSIC .com

အက်ရှန်အား ချက်ချင်းပင် ခွဲစိပ်ခန်းထဲ တွန်းသွင်းသွားကြသည်။

ဂျဲနက်က အခန်းအပြင်ဘက်တွင် ရပ်ကာ ဘုရားတ နေမိသည်။ ဟင်နရီကလေးက မိခင်ဖြစ်သူ၏ လက်ကို တအားဆုပ်ညှစ်ထားသည်။ ဂျဲနက်က ကိုယ့်စိတ်ကို အားတင်းပြီး သားကလေးအား နှစ်သိမ့် စကား ပြောသည်။

"သားဖေဖေ ဘာမှမဖြစ်နိုင်ပါဘူး သားရယ်၊ ဆရာဝန်တွေက သူ့ကို ကောင်းကောင်း ကုသပေးကြမှာပါ၊ မေမေ နေမကောင်းတုန်းကလဲ ဆရာဝန်တွေက အစွမ်းကုန်ကြိုးစားပြီး ကုသပေးကြတယ် သားရဲ့၊ သားဖေဖေက မေမေ့အတွက် သူ့ကျောက်ကပ်ကို ပေးခဲ့လို့ မေမေ အသက်ရှင်လာခဲ့တာ၊ ဒီစေတနာကြောင့် သားဖေဖေ အသက်ရှင်မှာပါ၊ သူဘယ်နည်းနဲ့မှ မသေနိုင်ပါဘူး၊ စိတ်ချပါသား၊ မေမေပြောတာ ယုံပါသား"

ဟုတ်ပါတယ်၊ သူ မသေနိုင်ပါဘူး၊ သူ မသေရဘူး။ ဒီအခွင့်အရေးကို အားလုံးလိုက်



www.burmeseclassic.com

www.burmeseclassic.com



သူပဲ ရသင့်တယ်။ ငါ့အသက်ကို ကယ်ခဲ့တဲ့ လုပ်ရပ်တစ်ခုတည်းကြောင့်သာ မဟုတ်ဘူး၊ သူဟာ အကြင်နာတရားကြီးမားတဲ့ သူတော်ကောင်းကြီးတစ်ယောက်လည်း ဖြစ်တယ်။ ဒါကြောင့် သူ မသေထိုက်ဘူး၊ သူ မသေရဘူး။

ခွဲစိပ်ခန်းမှ ဆရာဝန် ပြန်ထွက်လာသည်။ သူ့ မျက်နှာပေါ် အုပ်ထားသော အဝတ်စကို ဆွဲခွာလိုက်သည်။ အဝတ်စကို သူ့လည်ပင်းတွင် တန်းလန်း စွပ်ထားဆဲပင်။

ဂျဲနက်က ဆရာဝန်ဆီ ပြေးကပ်သွားသည်။

BURMESE CLASSIC .com

"အတိအကျ ပြောဖို့တော့ မလွယ်သေးဘူး မဒမ်"

ဆရာဝန်က သည်စကား တစ်ခွန်းသာ ပြောပြီး ကမန်းကတန်း ပြန်လှည့်ထွက်သွားသည်။

မကြာခင်မှာပင် သူနာပြု ဆရာမတစ်ယောက် ရောက်လာသည်။

ဆရာမက ဂျဲနက်နှင့် သားငယ်တို့အား အောက်ထပ် တစ်နေရာသို့ ခေါ်လာခဲ့ပြီး အဆာပြေ အစားအသောက်များ ကျွေးသည်။ ဟင်နရီကလေးက ပလုတ်ပလောင်းနှင့် စားသည်။ ဂျဲနက်ကတော့ တစ်လုပ်မှကို မျိုလို့မကျ။ ကျောက်ရုပ်ကြီးလိုသာ မတုန်မလှုပ်နှင့် ငိုင်နေသည်။

နောက်နှစ်နာရီအကြာတွင် အက်ရှန်အား ခန်းမဆောင်ကြီးကိုဖြတ်ပြီး လက်တွန်းကုလားထိုင်ဖြင့် သူ့အခန်းသို့ တွန်းယူလာကြသည်။

တစ်ချက်လှမ်းကြည့်လိုက်ရုံဖြင့် သူ သည်တောင်က ကျော်နိုင်ခဲ့ပြီဆိုသည်ကို ဂျဲနက် ချက်ချင်း သိလိုက်မိသည်။ သို့သော် သူ့မျက်နှာကတော့ သူ့တစ်ကိုယ်လုံး ခြုံထားသော အဝတ်ဖြူကြီးနှင့် ခြားနားစွာ ပြာနှမ်းညို မှောင်နေသည်။

ဂျဲနက်တို့ သားအမိနှစ်ယောက်သည် လက်တွန်းကုလားထိုင်နောက်မှ လိုက်ပါလာကြသည်။

လက်တွန်းကုလားထိုင်ကို အခန်းထဲ တွန်းသွင်းသွားကြသည်။ ဂျဲနက်တို့ သားအမိအား အပြင်ဘက်မှ စောင့်နေရန် ပြောသည်။

ဂျဲနက်က ကုလားထိုင်တွက် မထိုင်ဘဲ အခန်းနံရံကို မှီရပ်နေလိုက်သည်။

"ကျုပ် ဒေါက်တာ အိန်ဂျယ်မန်းပါ"

အသံကြောင့် ဂျဲနက် ဖြတ်ကနဲ လန့်သွားသည်။ သူက မျက်လုံးများကို ခေတ္တမှိတ်ထားလိုက်ပြီး အသက်ကို မှန်မှန်ရှူနေမိသည်။ ပြီးတော့ မျက်လုံးပြန်ဖွင့်ကာ ဒေါက်တာကို ကြည့်လိုက်သည်။

"ကျွန်မခင်ပွန်း အခြေအနေ ဘယ်လိုရှိပါသလဲ ဆရာ"

"သူ့ ရင်ဘတ်က ဒဏ်ရာတော်တော်ပြင်းတယ်၊ ခွဲစိတ်ကုသရတာ အများကြီး လက်ဝင်တယ်"

"အဲဒီတော့ သူ. . . သူ အသက်ရှင်. . . ."

"ဒါကတော့ ကြိုပြောဖို့ ဘယ်လိုမှ မဖြစ်နိုင်ဘူး၊ နောက် ၄၈ နာရီစောင့်ကြည့်ပြီးမှ အတိအကျ ပြောနိုင်လိမ့်မယ်"

အက်ရှန်သည် နောက်ထပ် နှစ်ရက်လုံးလုံး သတိပြန်မရသေး။



www.burmeseclassic.com

www.burmeseclassic.com



ဂျဲနက်မှာ ဘယ်လိုမှ မတတ်နိုင်။ အနီးတွင် ထိုင်စောင့်မှုသာ တတ်နိုင်တော့သည်။

ယင်းကာလအတွင်း သူနာပြုဆရာမတွေက ဟင်နရီကလေးနှင့် အကျွမ်းဝင်ပြီး ချစ်ခင်လာကြသည်။ သူတို့က ဟင်နရီကလေးအား ကလေးဆောင်တွင် ကစားခွင့်ပြုကြသည်။ ကလေးဆောင်တွင် ခြေကျိုးလက်ကျိုး ကလေးများနှင့် ပြည့်ကျပ်နေသည်။ ရေခဲပြင်လျှောစီးခြင်း၏ အကျိုးကျေးဇူးပင် ဖြစ်သည်။

သူတို့ကို တွေ့မြင်ရတော့ ဟင်နရီကလေးက အလွန်စိတ်ဝင်စားမိသည်။ အထူးသဖြင့် သူက မိန်းကလေးတစ်ယောက်ကို ပို၍ ခင်မင်မိသည်။ မကြာမီမှာပင် ယင်းမိန်းလေးမှာ သူ၏ ပထမဆုံး မိတ်ဆွေးရင်း ဖြစ်သွားတော့သည်။

"ငါ့ ဖေဖေ နေကောင်းလာရင် အပန်းဖြေခရီး ထွက်ကြမယ်၊ ငါ့က ဖေဖေရုပ်နဲ့တူတဲ့ ဆီးနှင်းရုပ် လုပ်ကစားမယ်၊ နင်လဲ ငါတို့နဲ့ လိုက်ခဲ့ပါလား. . . ဟင်"

ဟင်နရီက သူ့မိတ်ဆွေ မိန်းကလေးကို ဖိတ်ခေါ်နေသည်။

"ငါ့မေမေက လိုက်ခွင့်ပြုရင် လိုက်ပါ့မယ်"

"တို့သိပ်ပျော်မှာပဲ သိလား၊ ငါ့မှာ ဝမ်းကွဲအစ်ကို တစ်ယောက်နဲ့ အစ်မနှစ်ယောက် ရှိသေးတယ်"

"ငါ့မှာလဲ ခြောက်ယောက်ရှိတယ်"

ဟင်နရီက သူ့ မိတ်ဆွေမကလေးအား ယခင်ကထက် ပို၍ ခင်မင်လာမိသည်။

တတိယမြောက် နံနက် အရုဏ်တက်တွက် ဂျဲနက်သည် မှေးခနဲ အိပ်ပျော်သွားရာမှ ပြန်နိုး လာခဲ့သည်။ တစ်ညလုံး မအိပ်ခဲ့ရသလောက်ပင် ဖြစ်သည်။

အိပ်ရာပေါ်တွင် လှဲနေရင်းမှ ပြတင်းပေါက်ကို ကျော်ကာ ဆီးနှင်းဖုံးထားသော တောင်တန်းများကို လှမ်းကြည့်နေမိသည်။

ယနေ့ဆိုလျှင် သူတို့အားလုံး အဖြူအမည်း ကွဲကွဲပြားပြား သိကြရတော့မည်။ အကယ်၍ အက်ရှန် တစ်ခုခု ဖြစ်သွားလျှင်. . . မဆိုကောင်း. . ဆိုကောင်း အက်ရှန် သေသွားခဲ့လျှင် သူက သားကလေးအတွက် အသက်ရှင်နေရဦးမည်။ သို့ပေမယ့်. . အက်ရှန်မရှိလျှင် သူ့ဘဝတစ်လျှောက် လုံးတွင် ယခုမြင်နေရသော ရွှင်းလိုပင် ဆီးနှင်းတွေ အမြဲတမ်း ဖုံးလွှမ်းနေတော့မည်။ သူ့ဘဝနေ့ရက် များသည် ဟေမန္တဆောင်းရက်များသာ အမြဲတမ်းဖြစ်နေတော့မည်ဟု သူ့ကိုယ်သူ ပြောမိသည်။

ထိုခဏ၌ တံခါးခေါက်သံ သဲ့သဲ့ ကြားလိုက်ရသည်။ လှုပ်လဲ မလှုပ်ရဲ၊ အသံလဲ မပြုရဲ သတင်းဆိုးကြီး ကြားရတော့မှာပါလားဟူသော အတွေးက သူ့တစ်ကိုယ်လုံး ချုပ်ကိုင် ဖိစီးထားသည်။

တံခါးပွင့်လာသည်။

ဆရာဝန်၏ အသံပေါ်လာသည်။

"မဒမ်က ဒီနေ့မနက် တော်တော် အပျင်းကြီးနေပါလား၊ ဟိုဆရာကြီးကတော့ မဒမ်ကို မျှော်နေတာ ကြာလှပြီ"

ဂျဲနက်သည် ခုတင်ပေါ်မှ ပျာပျာသလဲ ခုန်ဆင်းပြီး အဝတ်အစားပင် လဲမနေတော့ဘဲ



www.burmeseclassic.com

www.burmeseclassic.com



အက်ရှန် အခန်းသို့ တန်းပြေးလာခဲ့တော့သည်။

အက်ရှန်က မျက်လုံးတွေ ဖွင့်ထားသည်။ မျက်နှာပေါ်တွင် အပြုံးယဲ့ယဲ့ကလေး ဝေ့နေသည်။

သူက လက်ကို ဖြည်းဖြည်း ကမ်းပေးသည်။ ဂျဲနက်က လှမ်းကိုင်ပြီး လက်ကို ခပ်ဟင်းတင်းကလေး ဆုပ်ထားလိုက်သည်။ ပြီးတော့ အက်ရှန်က ကြားရရုံကလေးမျှ လေသံဖြင့် ပြောသည်။

"မင်္ဂလာ နံနက်ပါ ဒါလင်၊ ဘယ်လိုဖြစ်ဖြစ် နောက်ဆုံးတော့ ကိုယ်တို့တတွေ အသက်ရှင်ခဲ့ကြပြီနော်"

ဂျဲနက်က စကားဖြင့် မတုံ့ပြန်။ ကိုယ်ကို ကိုင်းပြီး ချစ်လင်ကြီးအား ကျစ်ကျစ်ပါအောင် ပွေ့ဖက်ရင်း ပြုံးကာရယ်ကာ ရွှင်မြူးကာဖြင့် အထပ်ထပ်အခါခါ နမ်းပြီးရင်းနမ်းရင်း နမ်းနေမိတော့သည်။ သူ့မျက်လုံး အစုံမှ သွန်ကျလာသော မျက်ရည်မိုးကြောင့် အက်ရှန်၏ မျက်နှာတစ်ပြင်လုံးမှာလည်း ရွှဲရွှဲစိုသွားလေတော့သည်။

မှန်ပါသည်။ သူတို့တတွေ အသက်ရှင်ခဲ့ကြပါပြီ။

မာဂဒါ၏ သမီးဖြစ်သူ ဂျဲနက်အဖို့ အနာဂတ်ခရီးကို ပျော်ရွှင်စွာ လျှောက်လှမ်းနိုင်ဖို့အတွက် အသက်ရှင် ရပ်တည်ရန်မှတစ်ပါး အခြားဘာများ လုပ်စရာ ရှိပါတော့မည်နည်း. . .။

မောင်ပေါ်ထွန်း
ဖေဖော်ဝါရီ ၂၁၊ ၁၉၈၃
ခေတ္တ-သစ်မာရုံးဝင်း၊ မုပ္ပနရပ်
မော်လမြိုင်မြို့။

www.burmeseclassic.com